ရန်ကုန်မြို့

• ထူးကြီးဆရာတော် •

ဟောကြားအပ်သော

မေဃိယသုတ္တန်

ပါဠိတော်ဟောစဉ်

ဝိပဿနာရှုနည်းကျမ်း



ရန်ကုန်မြို့

ထူးကြီးဆရာ့ဇေတဝန်

အရှင်ဝဏ္ဏိုသာရမ်ဗြာဆုရှိ

ဟောကြားအပ်သော

မေဃိယသုတ္တန်ပါဠိတော်ဟောစဉ်
ဝိပဿနာရှုနည်းကျမ်း

ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်

၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

၁၃၃၇-ခု (သာသနာ-၂၅၁၉) ၁၉၇၆-ခု

H 646—A [ဟံသာဝတီ]

ဓမ္မသိယသုတ္တန် ပါဠိတော်ဟောစဉ်
ဝိဿပနာရှုနည်းကျမ်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၇၆–ခု၊ ဇန္နဝါရီလ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၈၂၆၂)

စာအုပ်ရေ ၃၀၀၀

ဓမ္မဒါန

စာတည်းစာပြင် ဓမ္မာစရိယ ဦးခင်စိုး၊ ဦးသိန်းဟန်၊ ဦးမြင့်သောင်း။

ထုတ်ဝေသူ ဦးအောင်ကြည်၊ ကင်းလွတ်ခွင့် မှတ်ပုံတင်အမှတ် (၀၃၀၂၉) ၁၄၇၊ မြန်မာ့ ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးဇော်ဝင်း (၀၁၄၈၅) ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်၊ ၃၄၉– ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ဒေါ်ငွေတင်–သုံးသုံးလုံး၊ လွှစ္စလမ်း။

မျက်နှာဖုံး ကာလာမောင်ဝင်း၊ ရေကျော်။

ဒီဇိုင်း ဆရာဦးအေးတင်–၃၇၀၊ ၁၆–အနော်ရထာရန်ကင်း။



ရန်ကုန်မြို့ ထူးကြီးဆရာတော်

အရှင်ဝဏ္ဏိဿရမထေရ်

မေဃိယသုတ္တန်ပါဠိတော်ဟောစဉ်
ဝိပဿနာရှုနည်းကျမ်း

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
* မိတ်ဆက်သာရဏီယကထာ		
မေဃိယသုတ္တန်-ပဌမပိုင်း		
ဘုရားရှိခိုးခြင်း	....	၁
အရှင်မေဃိယမထေရ်ကိုတရားဟောတော်မူခြင်း	....	၃
မေဃိယသုတ္တန်ဖြစ်ပေါ်ပုံ	....	၄
မရဏာသဘောဘုရားသော်မှမလွန်ဆန်နိုင်	....	၄
သံဝေဂတကြိမ်မျှသာဖြစ်ဘူးသည့်အကျိုးတရား	....	၅
အလုပ်အကျွေးရဟန်းများ	....	၅
စာလိကာမြို့နှင့်စာလိကတောင်မည်ပုံ	....	၇
အရှင်မေဃိယဘုရားအားလျှောက်ထားခြင်း	....	၈
ကိမိကာဠာမြစ်ကမ်းသို့ရောက်သွားခြင်း	....	၁၀
သရက်ဥယျာဉ်၌တရားအားထုတ်ရန်အကြံဖြစ်ခြင်း	....	၁၁
ဘုရားက တားမြစ်တော်မူရသည့်အကြောင်း	....	၁၅
ဥပမာရှင်းလင်းချက်	....	၁၆
အရှင်မေဃိယနှစ်ကြိမ်မြောက်လျှောက်ထားပြန်ခြင်း	....	၁၈
အကြောင်းပြ၍လျှောက်ပုံ	....	၁၉
အဋ္ဌကထာဖွင့်နှင့်ရှင်းလင်းချက်	....	၂၀
သုံးကြိမ်မြောက်၌ဘုရားတားမြစ်တော်မမူ	....	၂၂
မေဃိယထေရ် သရက်ဥယျာဉ်သို့ကြွရောက်ခြင်း	....	၂၂
တရားအားထုတ်ရင်း အကုသလ ဝိတက်ဝင်ခြင်း	....	၂၃
လောဘကြောင့်ကာမဝိတက်ဖြစ်ခြင်း	....	၂၄
ဗျာပါဒဝိတက်ဖြစ်ပုံ	....	၂၅
တရားအားထုတ်ရင်းဝိတက်ဝင်လာတတ်ပုံ	....	၂၇
အကုသလဝိတက်တို့၏ အပြစ်ခြောက်ပါး	....	၂၈
ကာမဂုဏ်ကြံစည်ခြင်း၏အပြစ်ခြောက်ပါး	....	၃၀
သူတပါးပျက်စီးရန်ကြံစည်ခြင်း၏ အပြစ်ခြောက်ပါး	....	၃၀

အကြောင်းအရာ		စာမျက်နှာ
ညှဉ်းဆဲရန်ကြံခြင်း၏အပြစ်ခြောက်ပါး	....	၃၂
ပဌမပိုင်းနိဂုံးဆုတောင်း	....	၃၂
မေဃိယသုတ္တန်-ဒုတိယပိုင်း		
အတ္ထုပ္ပတ်အကျဉ်းပြန်လည်ဟောပြချက်	....	၃၄
အရှင်မေဃိယအံ့သြခြင်း	....	၃၆
အရှင်မေဃိယတရားမရ၍ ဘုရားထံပြန်ခြင်း	....	၃၇
ဝိတက်ဖြစ်ခြင်းအကြောင်းတရားများ	....	၃၉
ကာမဝိတက်ဖြစ်ခြင်းအကြောင်း	....	၄၀
ဗျာပါဒဝိတက်ဖြစ်ခြင်းအကြောင်း	....	၄၂
ဝိဟိံသာဝိတက်ဖြစ်ခြင်း အကြောင်း	....	၄၃
ဘုရားအလောင်း ဝိတက်ပယ်ဖျောက်ပုံ	....	၄၆
ဝိတက်သည် ပျက်စီးခြင်းအကြောင်းတရား	....	၄၇
ကုသလဝိတက် ၃-ပါးသည် ပျက်စီးကြောင်းမဟုတ်	....	၅၁
ဘေးမရှိသော ကုသလဝိတက်	....	၅၃
ကုသလဝိတက်ပေါ်လျှင် စိတ်တည်ငြိမ်အောင်ထား	....	၅၄
ဝဋ္ဋဆင်းရဲမှလွတ်မြောက်ရန် ရဟန်းဝတ်ခြင်း	....	၅၆
အကုသလဝိတက်ဖြင့် မကြံစည်သင့်	....	၅၇
သွားနေစဉ် စသည်၌ ဝိတက်ဖြစ်တတ်ခြင်း	....	၆၄
မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရထိုက်သူ	....	၆၇
ဝိတက် ၉-မျိုး	....	၆၇
သိတော်မူလျက်ဘုရားရှင်လွှတ်တော်မူခြင်းအကြောင်း	....	၇၀
မေဃိယသုတ္တန်-တတိယပိုင်း		
တတိယပိုင်းပဏာမ	....	၇၂
အကြောင်းဥပ္ပတ်အကျဉ်း ပြန်လည်ဟောပြချက်	....	၇၂
စေတောဝိမုတ္တိအကြောင်း	....	၇၃
ဝိမုတ္တိ ၅-မျိုး	....	၇၅
စေတောဝိမုတ္တိ ၄-မျိုး	....	၇၉
စေတောဝိမုတ္တိ ၄-မျိုး တူပုံနှင့်ထူးပုံ	....	၈၀
တရားငါးမျိုးပွားများလျှင် စေတောဝိမုတ္တိအကျိုးရခြင်း	....	၈၃
တနည်း-စေတောဝိမုတ္တိအကျိုး	....	၈၄

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ပဟာနသညာ ဝိရာဂသညာ	....	၈၅
ဝိမုတ္တိပရိပါစနီယတရားတဆယ့်ငါးပါး	....	၈၆
သဒ္ဓိန္ဒြေစင်ကြယ်ခြင်းအကြောင်းသုံးပါး	....	၈၇
ဝီရိယိန္ဒြေစင်ကြယ်ခြင်းအကြောင်းသုံးပါး	....	၈၉
သတိန္ဒြေစင်ကြယ်ခြင်းအကြောင်းသုံးပါး	....	၉၀
သမာဓိန္ဒြေစင်ကြယ်ခြင်းအကြောင်းသုံးပါး	....	၉၀
ပညိန္ဒြေစင်ကြယ်ခြင်းအကြောင်းသုံးပါး	....	၉၁
စေတောဝိမုတ္တိ ၅-မျိုး ဘုရားဟောတော်မူခြင်း	....	၉၂
မိတ်ဆွေကောင်း	....	၉၄
တတိယပိုင်းနိဂုံး	....	၉၅
မေဃိယသုတ္တန်-စတုတ္ထပိုင်း		
ဂုဏ်တော်ရွတ်၍ ဘုရားရှိခိုးခြင်း	....	၉၅
စေတောဝိမုတ္တိတရားငါးမျိုး	....	၉၆
ဝိမုတ္တိပရိပါစနီယတရားအကျယ်	....	၉၆
မိတ်ဆွေကောင်းရှိရခြင်း	....	၉၇
မိတ်ဆွေအတု ၄-မျိုး	....	၉၉
မိတ်ဆွေအစစ် ၄-မျိုး	....	၁၀၄
မဂ်ဉာဏ်ကိုမိတ်ဆွေကောင်းကြောင့်တဝက်ရသည် ဟုတ်ပါသလော	....	၁၀၈
မဂ်ဉာဏ်ကိုမိတ်ဆွေကောင်းကြောင့်သာအပြည့်အစုံရရှိပုံ	....	၁၁၀
ကလျာဏမိတ္တကြောင့်အကျိုးများပုံ	....	၁၁၁
ကလျာဏမိတ္တအင်္ဂါ ၇-ပါး	....	၁၁၂
မှီဝဲသင့်သောကမ္မဋ္ဌာန်းဆရာ၏အင်္ဂါ ၇-ပါး	....	၁၁၄
ကလျာဏမိတ္တထက်ကောင်းတဲ့အင်္ဂါမရှိ	....	၁၁၇
တမ္ဗဒါဌိကသူသတ်ယောကျ်ားဝတ္ထုသာဓက	....	၁၁၈
ပဋာစာရီသာဓကဝတ္ထု	....	၁၂၅
သတ္တဝါ၏ မျက်ရေနှင့် သမုဒ္ဒရာရေနှိုင်းယှဉ်ခြင်း	....	၁၂၆
ပဋာစာရီသောတာပန်ဖြစ်ခြင်း	....	၁၂၇
မေဃိယသုတ္တန်-ပဉ္စမပိုင်း		
ပါတိမောက္ခသံဝရသီလခဏ်း	....	၁၃၀
ဝိပဿနာဉာဏ်ကို ချီးမြှောက်ပေးရန် တရားငါးမျိုး	....	၁၃၁

အကြောင်းအရာ		စာမျက်နှာ
ဝိမုတ္တိပရိပါစနီယတရား	....	၁၃၂
စောင့်စည်းခြင်း ၅-မျိုးနှင့် ပါတိမောက္ခသံဝရ	....	၁၃၃
ပါတိမောက္ခမည်ပုံနှင့် သံဝရမည်ပုံ	....	၁၄၀
အပါယ်မှလွတ်မြောက်တတ်သော သီလ	....	၁၄၂
သံသရာမှလွတ်မြောက်တတ်သော သီလ	....	၁၄၃
တဏှာမာနဒိဋ္ဌိမှ လွတ်သောသီလ	....	၁၄၄
သီလကျင့်ရန်သိကြားမင်းလျှောက်ပုံ	....	၁၄၅
မှိဝဲအပ်သောတရား, မမှိဝဲအပ်သောတရား	....	၁၄၅

မေဃိယသုတ္တန်-ဆဋ္ဌမပိုင်း

အာစာရဂေါစရနှင့်ပြည့်စုံရန်အကျယ်ဟောခြင်း	....	၁၅၅
ဝါးပေးခြင်းစသော မိစ္ဆာအကျင့် တရားများ	....	၁၅၇
ကိုယ်ကြမ်းတမ်းခြင်းစသော မိစ္ဆာအကျင့်များ	....	၁၅၈
မကျက်စားအပ်သည့် အရပ် ၆-ပါး	....	၁၅၉
အာစာရဂေါစရအကျင့်တရားများ	....	၁၆၀
ဇာဂရိယာနုယောဂနှင့် အိပ်ခြင်း လေးမျိုး	....	၁၆၁
အပ္ပိစ္ဆစသည့် အကျင့်တရားများ	....	၁၆၃
ဥပနိဿယဂေါစရ	....	၁၆၄
ကလျာဏမိတ္တ၏အကျိုးတရား	..	၁၆၅
အာရက္ခဂေါစရနှင့် ဥပနိဗန္ဓဂေါစရ	....	၁၆၆
သံတုံး သံခဲ အသေးကလေးရေချသည့်ပမာ	....	၁၆၇
သီလရှိလျှင် အပေါင်းအသင်းကာချစ်ခင်	....	၁၆၉
သီလရှိလျှင် လာဘ်လာဘတွေဝင်, မဂ်ဖိုလ်ဝင်	....	၁၇၀
ကုသိုလ်တရားတို့၏အစ	....	၁၇၃
သီလစသည့်မြေကြီးနှင့် တူပုံ	....	၁၇၄
သီလအကျိုး ၅-မျိုး	....	၁၇၅
သီလဝမထေရ် ဝတ္ထု	....	၁၇၆
ကိုယ့်အကျိုးလိုလျှင် သီလ်ကိုကျင့်	....	၁၇၈
ကာမဂုဏ်ခံစားရင်း နတ်ပြည်ရောက်လိုလျှင်	....	၁၇၈
ကိုယ်ချင်းစာ တရားကိုကျင့်	....	၁၇၉
စာရိတ္တ, ဝါရိတ္တသီလသည် ကုသိုလ်တရားတို့၏အစ	....	၁၈၁

အကြောင်းအရာ		စာမျက်နှာ
သီလသည် ခွန်အား, လက်နက်, အဝတ်တန်ဆာနှင့်တူပုံ	....	၁၈၂
သီလကျိုး-ပေါက်-ပြောက်-ကျားခြင်း	....	၁၈၃
ဘုဇိဿနှင့် အပရာမဋ္ဌသီလ	....	၁၈၆
အင်္ဂါလို ဥစ္စာစွန့်, အသက်လို အင်္ဂါစွန့်, သီလလိုအကုန်စွန့်	....	၁၈၇

မေဃိယသုတ္တန်-သတ္တမပိုင်း

တတိယမြောက် ဝိမုတ္တိ ပရိပါစနီယတရားများ	....	၁၉၀
ကထာဆယ်မျိုး	....	၁၉၀
အပ္ပိစ္ဆကထာနှင့် အလိုရှိခြင်း ၄-မျိုး	....	၁၉၂
အပ္ပိစ္ဆဂုဏ်အကျိုးတရား ၂-ပါး	....	၁၉၄
အတြိစ္ဆပုဂ္ဂိုလ်၏သဘော	....	၁၉၅
ကိုယ်ရတဲ့ပစ္စည်း အညံ့ထင်	....	၁၉၆
ထပ်ကာထပ်ကာ လိုချင်ခြင်း	....	၁၉၇
မိတ္တဝိန္ဒကဇာတ် ဝတ္ထု	....	၁၉၈
အတြိစ္ဆပုဂ္ဂိုလ်များရဲ့အပြစ်	....	၂၀၆
အသိတာဘူဇာတ် ဝတ္ထု	....	၂၀၆
ပါပိစ္ဆပုဂ္ဂိုလ်၏သဘော	....	၂၀၉
သီလရှိဟန်ဆောင်ခြင်း, ဗဟုသုတရှိဟန်ဆောင်ခြင်း	....	၂၁၀
ဆိတ်ငြိမ်ရာ၌နေဟန်ဆောင်ခြင်း	....	၂၁၂
ကြိုးစားအားထုတ်သလို ဟန်ဆောင်ခြင်း	....	၂၁၂
သတိရှိဟန်, သမာဓိ-ပညာရှိလေ ဟန်ဆောင်ခြင်း	....	၂၁၃
သာသနာကို ပုတ်ခတ်ဖျက်ဆီးသူ	....	၂၁၅
ရဟန္တာယောင်ဆောင်ခြင်း	....	၂၁၆
ရဟန္တာမဟုတ်သူကိုရဟန္တာဟုထင်	....	၂၁၈
သမုဒ္ဒရာနှင့်မီးပုံဥပမာ	....	၂၁၈
အပ္ပိစ္ဆပုဂ္ဂိုလ်လေးမျိုး	....	၂၁၉
အပ္ပိစ္ဆအကျိုး ၃-ပါး	....	၂၂၂
ရဟန္တာပုဂ္ဂိုလ်၏အခြင်းအရာ ၂-မျိုး	....	၂၂၄
နိဂမဝါသီ တိဿမထေရ်ဝတ္ထု	....	၂၂၅
စူဠသုဝဇာတ်ဝတ္ထု	....	၂၂၈

အကြောင်းအရာ		စာမျက်နှာ
မေဃိယသုတ္တန်-အဋ္ဌမပိုင်း		
သန္တုဋ္ဌိကထာရောင့်ရဲခြင်းအကြောင်း	....	၂၃၂
သန္တုဋ္ဌိကြောင့် အကျိုး ၂-ပါးရခြင်း	....	၂၃၃
မိမိကိုယ်ကိုမချီးမြှောက်, သူတပါးကိုမရှုတ်ချ	....	၂၃၆
ပရိက္ခရာရှစ်ပါးဖြင့်သာခရီးသွားခြင်း	....	၂၄၀
ဖြစ်ဆဲခဏ၌သာမျှတရောင့်ရဲ	....	၂၄၃
အပြစ်ကင်းသောပစ္စည်းလေးမျိုး	....	၂၄၃
သန္တောသ ၁၂-ပါး	....	၂၄၇
ပဝိဝေက ကထာ၊ ဝိဝေက ၃-ပါး	....	၂၅၀
အသံသဂ္ဂကထာ၊ သန္ထဝ ၃-ပါး	....	၂၅၆
သံသဂ္ဂ ၅-မျိုး	....	၂၆၀
မိန်းမအနံ့မခံနိုင်သူအနိတ္ထိဂန္ဓမင်းသားဝတ္ထု	....	၂၆၂
သတိသံဝေဂဖြင့် ပစ္စေကဗောဓိဉာဏ်ရခြင်း	....	၂၆၆
ရဟန်းငယ်တပါးဝတ္ထု	....	၂၇၀
ရဟန်းငယ်လေး သောကရောက်သေဆုံးခြင်း	....	၂၇၅
မေဃိယသုတ္တန်-နဝမပိုင်း		
ဝီရိယာရမ္ဘကထာ, ဝီရိယအကျိုး ၂-ပါး	....	၂၇၇
ဝီရိယ ၂-မျိုး	....	၂၇၉
တနည်း-ဝီရိယ ၃-မျိုး	....	၂၈၁
ဝီရိယ ၄-မျိုး	....	၂၈၃
ရပြီးသားကုသိုလ်မပျောက်ပျက်အောင်သတိထားရန်	....	၂၈၆
ဈာန်သမာပတ်ပျက်စီးသွားသော သာမဏေဝတ္ထု	....	၂၈၇
ဆရာနှင့်တပည့်ဘုရားဖူးသွားပုံ	....	၂၈၈
လူ၌မကုန်သောပန်းရေစစ်တလုံး	....	၂၈၉
ဥပဇ္ဈာယ်ဆရာကသတိပေးခြင်း	....	၂၈၉
တန်ခိုးအဘိညာဉ်	....	၂၉၀
သတိပေးမှုဂရုမစားမကြိုးစား	....	၂၉၁
ထပ်ဆင့်၍ သတိပေးတားမြစ်ခြင်း	....	၂၉၂
အမျိုးသမီး၏ သီချင်းသံ	....	၂၉၃
အမျိုးသမီး၏ကာရုဏ်	....	၂၉၅

အကြောင်းအရာ		စာမျက်နှာ
မီးသွေးဖုတ်သော တကာကြီး တဦးဝတ္ထု	....	၃၀၂
အပ္ပမာဒတရား လက်ကိုင်ထား၍ ကြိုးစားအားထုတ်ရန်သတိ	....	၃၀၄
ကိလေသာပျက်စီးအောင်အားထုတ်ရခြင်း	....	၃၀၅
သီလကထာ	....	၃၀၇
စာရိတ္တသီလ, ဝါရိတ္တသီလ	....	၃၀၈
အာဘိသမာစာရိက သီလ, အာဒိဗြဟ္မစရိယကသီလ	....	၃၀၈
နိဿိတသီလ်စသည်	....	၃၀၈
ကာလပရိယန္တသီလစသည်	....	၃၀၉
ဥပုသ်သုံးမျိုး		၃၁၃
အရိယာ ဥပုသ်ခြောက်မျိုးနှင့် ကျင့်သုံးခြင်း	....	၃၁၄
အချိန်မရွေး သီလဆောက်တည်နိုင်ခြင်း	....	၃၁၅
ပကတိသီလ, အာစာရသီလ, ဓမ္မတာသီလ	....	၃၁၆
ပုဗ္ဗဟေတုကသီလ	....	၃၁၈
ပါတိမောက္ခ သံဝရသီလ	....	၃၁၈
ဣန္ဒြိယသံဝရသီလ	....	၃၁၉
ဣန္ဒြိယသံဝရသီလကို သတိတရားနှင့် ပြည့်စုံစေပုံ	....	၃၂၇
အာဇီဝပါရိသုဒ္ဓိသီလ	....	၃၃၆
အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေပုံ	....	၃၃၇
အာဇီဝပါရိသုဒ္ဓိသီလနှင့် အရှင်သာရိပုတ္တရာ၏ထုံး	....	၃၃၈
ပစ္စယသန္နိဿိတသီလကို သုတ်သင်နည်း	....	၃၄၃
အဝတ်သင်္ကန်း၌ ပဋိက္ကူလသညာအားဖြင့် ဆင်ခြင်ပုံ	....	၃၄၄
ဓာတုသညာအားဖြင့် ဆင်ခြင်ပုံ	....	၃၄၅
ဆွမ်းအာဟာရ၌ဆင်ခြင်ပုံ	....	၃၄၆
ဆွမ်း၌ဆင်ခြင်ပုံ	....	၃၄၈
ဆွမ်း၌ ဓာတုသညာဆင်ခြင်ပုံ	....	၃၄၉
ဘေးကြီးလေးပါး	....	၃၅၀
ဆွမ်းခံသွားရခြင်းအားဖြင့် ဆင်ခြင်ပုံ	....	၃၅၂
ရှာမှီးရခြင်းအားဖြင့် ဆင်ခြင်ပုံ	....	၃၅၂
ပရိဘောဂ, အာသယ, နိဓာန သုံးပါးတို့၌ဆင်ခြင်ပုံ	....	၃၅၃
အပရိပက္က, ပက္က, ဖလ သုံးပါးတို့ဖြင့်ဆင်ခြင်ပုံ	....	၃၅၃
ယိုထွက်တဲ့ နိဿန္ဒအားဖြင့်ဆင်ခြင်ပုံ	....	၃၅၃

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ပေကျံခြင်း—သမ္မက္ခနာအားဖြင့် ဆင်ခြင်ပုံ	....	၃၅၄
ကျောင်း, အိပ်ရာ, နေရာ, ထိုင်ရာ၌ဆင်ခြင်ပုံ	....	၃၅၇
ကျောင်း၌ပဋိကူလသညာ ဆင်ခြင်ပုံနှင့် ဆောင်ပုဒ်	....	၃၅၉
ဓာတုသညာအနေ ဆင်ခြင်ပုံနှင့် ဆောင်ပုဒ်	....	၃၆၀
ဆေးပစ္စည်း၌ ဆင်ခြင်ပုံနှင့်ဆောင်ပုဒ်	....	၃၆၀
ဆေးပစ္စည်း၌ ဓာတုသညာဆင်ခြင်ပုံနှင့်ဆောင်ပုဒ်	....	၃၆၁
သမာဓိကထာ	....	၃၆၂
ပညာကထာ	....	၃၆၉
ဝိမုတ္တိကထာ	....	၃၇၀
ဝိမုတ္တိဉာဏဒဿနကထာ	....	၃၇၀
ပစ္စဝေက္ခဏာဉာဏ်ငါးပါး	....	၃၇၀
ကထာဆယ်မျိုးကို သိက္ခာသုံးပါး၌သွင်းယူပုံ	....	၃၇၁

မေဃိယသုတ္တန်-ဒသမပိုင်း

အာရဒ္ဓဝီရိယအကြောင်း	....	၃၇၃
အာရဒ္ဓဝီရိယပုဂ္ဂိုလ်	....	၃၇၄
ဝီရိယကိုရပ်မထားနှင့်	....	၃၇၆
အာရဒ္ဓဝီရိယ အင်္ဂါလေးပါး	....	၃၇၇
ဝီရိယ ၂-မျိုး	....	၃၇၇
အဖော်မမှီးတကိုယ်တည်းအားထုတ်	....	၃၈၀
အာရမ္ဘဝတ္ထု ၈-မျိုး	....	၃၈၁
အလုပ်တခုမပေါ်မီ ကြိုးစားအားထုတ်	....	၃၈၁
အလုပ်ကိစ္စပြီးလျှင်ပြီးချင်း အားထုတ်ပါ	....	၃၈၂
ခရီးမသွားခင် အားထုတ်	....	၃၈၃
ခရီးသွားပြီးလျှင် ချက်ခြင်းအားထုတ်	....	၃၈၄
ဆွမ်းခံမရလျှင်လည်း အားထုတ်	....	၃၈၄
ဆွမ်းခံရလျှင်လည်း အားထုတ်	....	၃၈၅
အနာရောဂါ မကြီးခင် အားထုတ်	....	၃၈၅
ရောဂါပျောက်ပြီး အားထုတ်	....	၃၈၆
စေတသိက ဝီရိယအားထုတ်နည်း	....	၃၈၇
ဝီရိယ ၃-မျိုးနှင့် ဝီရိယ၏အကျိုး	....	၃၈၉

အကြောင်းအရာ		စာမျက်နှာ
မျက်မှောက်၌ဘုရားရှိသည် တရားအားထုတ်ပါ	....	၃၉၁
အားထုတ်သူသည် ဒွါရ ၆-ပါးလုံး လုံခြုံ၏	....	၃၉၂
မိထွေးတော်ဂေါတမီ၏ ဘုရားရှိခိုး	....	၃၉၄
ဘုရားရှိခိုးနည်း	....	၃၉၅
ဝီရိယဖြစ်ခြင်းအကြောင်း ၁၁-မျိုး	....	၃၉၇
ရဟန်းနှင့် ယောဂီများသတိပြုဘွယ်	....	၃၉၉
ပစ္စည်းလေးပါးကို ဘုရားခွင့်ပြုပုံ	....	၄၀၁
အယျမိတ္တမကထေရ်ဝတ္ထု	....	၄၀၁
မထေရ်၏ ဆင်ခြင်ပုံ	....	၄၀၃
ရဟန္တာအဖြစ်သို့ရောက်ခြင်း	....	၄၀၅
တရားအားထုတ်ကြပါ	....	၄၀၇

မေဃိယသုတ္တန်-ကောဒသမပိုင်း

ဝိပဿနာပညာဉာဏ်ခဏ်း	....	၄၀၈
ဝိပဿနာပညာ	....	၄၀၉
ဝိပဿနာပညာဖြစ်နိုင်တဲ့အချိန်ကာလ	....	၄၁၁
လောကီပညာဒုက္ခမကင်း	....	၄၁၃
ခန္ဓာကိုယ်၌ ဖြစ်ပျက်တရား ၂-ပါး	....	၄၁၃
သမထနှင့် ဝိပဿနာ	....	၄၁၈
အတွင်းပထဝီဓာတ်	....	၄၂၀
လူမဟုတ်ပထဝီဓာတ်သာ	....	၄၂၁
ဓာတ်တရား၌ မနှစ်သက်	....	၄၂၃
အာပေါဓာတ် တရားများ	....	၄၂၃
တေဇောဓာတ် တရားများ	....	၄၂၆
ဝါယောဓာတ်တရားများနှင့် ဝါယောဓာတ် ၆-မျိုး	....	၄၂၉
အာကာသဓာတ်	....	၄၃၁
ဝိညာဏဓာတ်	....	၄၃၂
ရုပ်တရားနာမ်တရားတို့၌ ဝိပဿနာရှုပုံ	....	၄၃၃
အဿာဒ, အာဒီနဝနှင့် အနုလောမိကဉာဏ်	....	၄၃၆
နိဂုံး		၄၃၉

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မေဃိယသုတ္တန်-ဒွါဒသမပိုင်း		
ဝိပဿနာဉာဏ် ၂-မျိုး	....	၄၃၉
တရုဏ ဝိပဿနာဉာဏ်ခဏ်း	....	၄၄၀
ဝဇီရ ဘိက္ခုနီမ	....	၄၄၁
သင်္ခါရ ပရိစ္ဆေဒဉာဏ်	....	၄၄၃
သမုတိပညတ်	....	၄၄၇
ယန္တရားရုပ်	....	၄၄၈
နာမ်နှင့်ရုပ်	....	၄၄၉
ကျိုးသူနှင့်ကန်းသူဥပမာ	....	၄၅၀
ကင်္ခါဝိတရဏဉာဏ်	....	၄၅၁
ကံနှင့် ဝိပါက်လည်ရှဲဖြစ်ပုံ	....	၄၅၃
ကံကိုသတ္တဝါက လုပ်တာမဟုတ်	....	၄၅၅
အစမထင်သော ကံနှင့်ဝိပါက်	....	၄၅၆
သမ္မသနဉာဏ်ခဏ်းနှင့် ပရိညာသုံးပါး	....	၄၅၇
ရုပ်တရားတို့၌ အနိစ္စဟုရှုပုံ	....	၄၅၉
မဂ္ဂါမဂ္ဂ ဝဝတ္ထာနဉာဏ်, ဥဒယဗ္ဗယဉာဏ်	....	၄၆၁
ဗလဝ ဝိပဿနာဉာဏ်ခဏ်းနှင့် ဗလဝဝိပဿနာဉာဏ်လေးမျိုး	....	၄၆၃
ဘယဉာဏ်	....	၄၆၃
အပျက်ကိုသာမြင်နေရပုံ	....	၄၆၆
အာဒီနဝဉာဏ်	....	၄၆၇
မုဉ္စိတုကမျတာဉာဏ်, သင်္ခါရုပေက္ခာဉာဏ်	....	၄၆၈
အရေးအကြီးဆုံး ကလျာဏမိတ္တ	....	၄၆၉
မိဘ်ကောင်းတွေ့လျှင် တရားအားလုံးရမည်	....	၄၇၁
မေဃိယသုတ္တန်-တေရသမပိုင်း		
အသုဘ ဘာဝနာခဏ်း	....	၄၇၃
သက်လက်ပွားရန်ပါးလေးမျိုး	....	၄၇၄
အသုဘ ၂-မျိုး	....	၄၇၅
အမည်သုံးမျိုးရ ဝိဇယ သုတ္တန်	....	၄၇၆
နာမည်ကြီး အလှမင်းသမီး သုံးယောက်	....	၄၇၇
ဘုရားအမိန့်တော်		၄၈၀
အဘိရူပ နန္ဒာတရားရပုံ		၄၈၁

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဇနပဒ ကလျာဏီချွတ်ခဏ်း	....	၄၈၃
ကြည်ညိုသော ပုဂ္ဂိုလ် ၄-မျိုး	....	၄၈၃
မြတ်စွာဘုရား၏ အသံတော် ၈-မျိုး	....	၄၈၅
အလှမာန်ကိုနှိမ်နင်း	....	၄၈၆
အနိစ္စသညာထင်ပုံ	....	၄၈၈
တဏှာ ဆန္ဒကင်းလျှင် အပူမီးငြိမ်းမည်	....	၄၉၀
ဝိဇယသုတ်၏ ဒုတိယ အတ္တုပ္ပတ်	....	၄၉၁
သိရိမာဝတ္ထု	....	၄၉၂
သိရိမာ၏ ဒါန	....	၄၉၃
ကြားရုံနှင့် တပ်မက်သောရဟန်း	...	၄၉၅
သိရိမာ ရောဂါဝေဒနာ	....	၄၉၆
သိရိမာနတ်ပြည်ရောက်	....	၄၉၉
သိရိမာ၏ အသုဘ	....	၅၀၀
ဘုရားရှင် တရားပြတော်မူခြင်း	....	၅၀၂
လက္ခဏာယာဉ်သုံးချက်	....	၅၀၆
စိတ်နှင့်ရုပ်	....	၅၀၈
ကိုယ်တွင်းရှိရွံစရာ အသုဘများ	....	၅၁၂
နိဗ္ဗိဝ အသုဘခန်း	....	၅၁၇
ချစ်ခင်သူတွေစွန့်သွား ကြီး, လင်းတစား	....	၅၁၇
တွင်းပြင်ကာယမဂ်လေးဝဖြင့် ပယ်ရန်	....	၅၁၉
ကောက်ရိတ်သမားဥပမာ	....	၅၂၁

မေဃိယသုတ္တန်-စုဒ္ဒသမပိုင်း

မေတ္တာဘာဝနာခဏ်း	....	၅၂၅
ခန္တီနှင့်မေတ္တာ	....	၅၂၆
မြတ်ဘုရားနှင့် အာဠဝက	....	၅၂၇
သတ္တဝါနှင့် သင်္ခါရတို့၌သည်းခံ	....	၅၂၉
ဒေါသ၏ အပြစ်တရားများ	....	၅၃၀
ပြန်လှန်ရှုစိတ်ဆိုးလျှင် ယုတ်မာသည်	....	၅၃၅
သည်းခံသူသည် ဗြဟ္မာ	....	၅၃၇
ခန္တီထက် မြတ်သောတရားမရှိ	....	၅၃၈

အကြောင်းအရာ		စာမျက်နှာ
စိတ်နှင့်သော်မှ မပြစ်မှားရ	....	၅၄၀
ရန်ငြိုးဖွဲ့ခြင်း ၉-မျိုး	....	၅၄၂
ရန်ငြိုးဖျောက်နည်းများ	....	၅၄၄
ရန်ငြိုးဖျောက်နည်း ၅-နည်း	....	၅၄၆
ဒုတိယ အာဃာတ ပဋိဝိနယသုတ်	....	၅၄၉
ရန်ငြိုးမပျောက်ခြင်း၏ အပြစ်များ	....	၅၅၂
မဟာသီလဝ ဝတ္ထုအကျဉ်း	....	၅၅၅
မေတ္တာ အကျိုး ၁၁-မျိုး	....	၅၅၈
ဓာတ်လေးပါးကို စိတ်မဆိုးသင့်	....	၅၅၉
မေတ္တသုတ် အတ္ထုပ္ပတ္တိ ဝတ္ထု	....	၅၆၁
နတ်များမနေနိုင်	....	၅၆၂
ဗုဒ္ဓ၏ မေတ္တာ မန္တန်တော်	....	၅၆၆
ပဓာနိယင် တရားငါးပါး	....	၅၆၉
အမှန်ကို ဝန်ခံ	....	၅၆၉
ရှေးဦးစွာ မေတ္တာမပို့သင့်သူများ	....	၅၇၂
လုံးဝမေတ္တာ မပွားအပ်သူ	....	၅၇၂
ဘူတနှင့် သမ္ဘဝေသီ သတ္တဝါအထူး	....	၅၇၄
၅၂၈-သွယ် မေတ္တာ	....	၅၇၇

မေဃိယသုတ္တန်-ပန္နရသမပိုင်း

အာနာပါနဿတိ ဘာဝနာခန်း	....	၅၈၀
ဝိတက်ပယ်ရန်	....	၅၈၀
အာနာပါနအားထုတ်ပုံ	....	၅၈၂
အဆင့်လေးဆင့်	....	၅၈၃
ဝင်လေထွက်လေ၌ သတိ	....	၅၈၃
အရှည်အတို၌သိ	....	၅၈၄
စလယ်ဆုံးကျင့်	....	၅၈၅
ငြိမ်းစေလျက်ကျင့်	....	၅၈၅
ကာယာနုပဿနာ	....	၅၈၆
မနသိကာရ ဝိဓိရှစ်မျိုး	....	၅၈၇
သိပုံဥပမာများ	....	၅၈၈

မာတိကာ

အကြောင်းအရာ
ဝိပဿနာ မနသိကာရဝိဓိ ၄-ပါး
ဒုတိယ စတုက္က
တတိယ စတုက္က
စတုတ္ထ စတုက္က
အာနာပါန အကျိုးတရားများ
တနည်း-အာနာပါန အကျိုး ၇-ပါး
စရိမက ၃-မျိုး

မေဃိယသုတ္တန်-သောဠသမ (နိဂုံး) ပိုင်း

အနိစ္စသညာခဏ်း
မာနကိုပယ်ရန်
ရုပ်တရား၌ အနိစ္စရှုပုံ
သုခ, ဒုက္ခသည် စိတ္တက္ခဏ တချက်သာ
ခန္ဓာငါးပါးသည် စိတ္တက္ခဏ တချက်
ဖြစ်ပြီးယင်ပျက်
အနိစ္စမြင်လျှင် အနတ္တထင်
အတ္တဝါဒ၏သဘောတရား
အတ္တနှင့် အနတ္တဝါဒ
အိမ်ဥပမာ ကိုယ်ခန္ဓာ
ရှာမရသည့်အတ္တ
မျက်မှောက်နိဗ္ဗာန်
ဝိတက် ၆-မျိုးကွာပုံ
ဒေသနာနိဂုံး ၂-ရပ် ထူးခြားချက်
မြတ်စွာဘုရား၏ ဩဝါဒတော်များ
မပျင်း၊မရိကြရန်
မငြင်းခုံကြရန်
မမေ့မလျော့ကြရန်
ဩဝါဒ ၃-ပါး အကျဉ်းချုပ်
တရားပွဲရုပ်သိမ်းကြောင်း နိဂုံးဂါထာရစနာ
ဆုတောင်းပတ္ထနာ ၂-ဂါထာပါ၌ အနက်

အရှင်စန္ဒောဘာသ၏

မိတ်ဆက်သာရဏီယကထာ

(သိဒ္ဓိ+ရတ္ထု)

လူအမျိုးမျိုး, နတ်အမျိုးမျိုးတို့၏ စုဝေးပေါင်းဆုံရာဖြစ်သော ကမ္ဘာလောက ခေတ်ကြီးအတွင်း၌ အတုမဲ့ထူးကဲတော်မူသော ဗုဒ္ဓမြတ်စွာ တဆူတဆူ အချိန်ယူပွင့် ပေါ်လာတော်မူရခြင်းသည် နတ်လူတို့၏ ပူဇော်မြတ်နိုးမှုကို ခံယူရန် မဟုတ်ပဲ ဘဝသံသရာရေစီးကြောင်း၌နစ်မျောနေကြသော ဒုက္ခသည်(သတ္တဝါ) တွေကို ထိုဘဝသံသရာ ရေစီးကြောင်းမှ ဆယ်တင်လျက် အမြိုက်ခွင်နိဗ္ဗာန်သို့ ပို့ဆောင်ရေးအတွက် သာ ဖြစ်သည်။

ဘုရားတိုင်း လက်မလွှတ်သောတရား

အကယ်၍သာ ကမ္ဘာပေါင်းများစွာပင် ဗုဒ္ဓမြတ်စွာ တဆူမျှပွင့်ပေါ်ခြင်းမရှိခဲ့ပါမူ ကယ်ဆယ်သူကင်းမဲ့နေသော ယင်းသတ္တဝါတို့၏ ဆင်းရဲလွတ်မြောက်ရေးသည်ကား ဝေးသည်ထက်ဝေး၍ နေရတော့သည်သာတည်း၊ ထို့ကြောင့် ပွင့်ပေါ်လာရသော ဘုရားတိုင်းသည်ပင် အချိန်ရှိသလောက် ဇောက်ချပြီး သတ္တဝါတို့၏ ဆင်းရဲလွတ်မြောက်ရေးကိုသာ ဆောင်ရွက်တော်မူကြရသည်။

သို့ရာတွင် သတ္တဝါတို့၏ ဆင်းရဲလွတ်မြောက်ရေးကို ဆောင်ရွက်ရာဝယ် မဂ်ဖိုလ်နိဗ္ဗာန်သို့ ထိရောက်စွာပို့ဆောင်နိုင်သော ဝိပဿနာကျင့်စဉ်နှင့် ကင်းကွာ၍ မဖြစ်နိုင်ရကား ပွင့်ပေါ်လာကြသော ဗုဒ္ဓမြတ်စွာ အဆူဆူတို့ သည်လည်း သမထ, ဝိပဿနာတရားကို မဟောကြားပဲ ပရိနိဗ္ဗာန်ဝင်စံရိုး မရှိခဲ့၊ ဝိပဿနာ အလုပ်ပေးတရားဖြင့် ဝေနေယျတို့၏ ဓမ္မာဘိသမယကို ဆောင်ရွက်ပြီး မှသာ နောက်ဆုံးပရိနိဗ္ဗာနစုတိဖြင့် လွန်တော်မူကြမြဲဖြစ်၏။

ဤအချက်ကိုပင် ရည်ညွှန်းလျက် အဋ္ဌကထာဆရာ အရှင်မြတ်တို့ သည်လည်း "ကောပိ ဟိ ဗုဒ္ဓေါ သမထဝိပဿနာဓမ္မံ အဒေသေတွာ ပရိနိဗ္ဗုတော နာမ နတ္ထိ"။ (မည်သည့်ဘုရားရှင်သော်မှလည်း သမထ, ဝိပဿနာတရား မဟောကြားပဲ ပရိနိဗ္ဗာန်ဝင်စံရိုး ထုံးစံမရှိ)ဟု ကောက်နုတ်ချက်ချမှတ်ကြရသည် မဟုတ်ပါလော၊ ထို့ကြောင့် ဘာဝနာကိစ္စဖြစ်သော သမထ, ဝိပဿနာ တရားကိုပင် ဘုရားတိုင်း လက်မလွှတ်သော တရားဖြစ်ကြောင်း သိအပ်သည်သာတည်း။

ကိုယ်တိုင်သိသော်လည်း မဟောပြနိုင်ခြင်း

ရုပ်ပိုင်း, နာမ်ပိုင်းဆိုင်ရာ ထိုဝိပဿနာတရားမျိုးကို သာသနာပခေတ်၌ ပွင့်ထွန်းကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သည်လည်း ဖောက်ထွင်း သိမြင်ကြ

သည်သာ ဖြစ်၏၊ တချိန်တည်း၌ပင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ့ ရာနှင့်ချီပြီး ပွင့်ပေါ်ကြသော်လည်း ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ထံမှ ရုပ်ခွဲ, နာမ်ခွဲတရားမျိုးကိုမူ အလျှင်းနာယူခွင့်မရှိသောကြောင့် ပန်းကလေးတပွင့် လှူဒါန်းရသူတို့သည်ပင်လျှင် ဤပန်းကလေးလို အဆင်းလှ၍ ဤပန်းကလေးလို မွှေးကြိုင်သောကိုယ်နံ့နှင့် ပြည့်စုံရပါလို၏-စသောစိတ်ကူးယဉ် ဝဋ္ဋနိဿိတဆုတောင်းမျိုးနှင့်သာ ကျေနပ်တင်းတိမ်ကြရလေသည်။

အကယ်၍ အသိဉာဏ်ရင့်ကျက်သူ တဦးတယောက်က စိတ်ကူးယဉ်ဆုတောင်းမျိုးကို မတောင့်တပဲ "အရှင်မြတ်တို့သိထားသော တရားထူးတရားမြတ်ကိုသာ ထိုးထွင်းသိမြင်ရလိုပါ၏" ဟု တောင့်တချက်ပြုလာသည့် တိုင်အောင် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် မိမိတို့သိထားသော ရုပ်, နာမ်ဆိုင်ရာ ဝိပဿနာတရားမျိုးကို ဟောပြခြင်းမရှိပဲ နောင်တချိန် သာသနာခေတ်ကိုသာ ရည်ညွှန်းလျက်—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

လိုလားတောင့်တချက် ပြည့်စေ—ဟူသော ဣစ္ဆာသယ မန္တန်တော်ကြီးဖြင့်သာ နှစ်သိမ့်မှုပေးကာ တုန့်ပြန်ရမြဲဖြစ်၏၊ ထို့ကြောင့် အဋ္ဌကထာဆရာအရှင်မြတ်တို့သည် အရှင်ပစ္စေက ဗုဒ္ဓါတို့၏ အကြောင်းအရာနှင့်စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာက အရှင် အာနန္ဒာအား ဟောပြတော်မူပုံကို ရည်ညွှန်းပြီးလျှင် "ပစ္စေကဗုဒ္ဓါ သယမေဝ ဗုဇ္ဈန္တိ၊ န ပရေ ဗောဓေန္တိ၊ အတ္ထရသမေဝ ပဋိဝိဇ္ဈန္တိ၊ န ဓမ္မရသံ။ န ဟိ တေ လောကုတ္တရဓမ္မံ ပညတ္တိံ အာရောပေတွာ ဒေသေတုံ သက္ကောန္တိ" (ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ကိုယ်တိုင်သာလျှင် သိကြ၏၊ သူတပါးကိုကား မသိစေနိုင်ကြ၊ ကိုယ်တိုင်သိထားသော တရားထူးတရားမြတ်၏ အနက်သဘာဝတွေကို နတ်လူတို့နားလည်နိုင်ရန် စကားဝါကျ အစီအစဉ်ဖွဲ့ကုံး၍ ဝေါဟာရတပ်ဆင် ဟောပြောခြင်းငှာကား မစွမ်းဆောင်နိုင်ကြပေ) ဟု သုတ္တနိပါတ် အဋ္ဌကထာ ပ-အုပ် နှာ-၄၆ ၌ ဖွင့်ပြတော်မူကြသည်။

သာသနာခေတ် တန်ဘိုးကြီးပုံ သာသနာပခေတ်၌ ရခဲသောလူ့ဘဝကို ရကြသည့်တိုင်အောင် ဓမ္မရေးရာနှင့်စပ်လျဉ်းသော လူ့အခွင့်အရေးမျိုး ဆိတ်သုဉ်းကြောင်းကား ထင်ရှားခဲ့ပြီ မဟုတ်ပါလော၊ သို့သော် သာသနာခေတ်အတွင်း၌ကား ဤသို့မဟုတ်ပါပေ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အကြောင်း အကျိုး ဆက်စပ်ဖွဲ့စည်းထားပုံကို ဟုတ်တိုင်းမှန်စွာ ဟောပြထားသော တရားဓမ္မသံတို့က လွှမ်းမိုးလျက်ရှိရကား ထိုကဲ့သို့သော တရားမျိုးကို နာယူမှတ်သားခွင့်ရကြသော ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ပြောရလျှင် သူတို့၏ ဣဿရနိမ္မိတဖြစ်သော ရုပ်ကိုယ်ထဲမှာ ဘုရားပေးသော အမတ-အတ္တ (အနှစ်

သာသရ တုံးလေးတွေ)ကိုယ်စီ ကိုယ်စီ ရှိနေကြသည်-ဟူသော သာသနာ့ပခေတ်ဟောင်းတုန်းက အစွဲမှားတွေကို သူတို့သန္တာန်မှ ဖယ်ရှားခွင့်ရကြသည်မှာ ကြုံတွေ့ဆဲသာသနာ့ခေတ်ကောင်းကြီး၏ ကျေးဇူးဥပကာရပင် ဖြစ်၏။

ထိုမှတဆင့်တက်၍ ရုပ်, နာမ် အစုအပေးဖြစ်သော ကိုယ်ကာယ၏ ခဏမစဲ အသစ်အသစ်ပြောင်းလဲနေသော ဖြစ်ပျက်မှု အမြန်နှုန်းကို နှလုံးသွင်းဆင်ခြင် အမှန်ထင်အောင် သုံးသပ်သွားများနိုင်ပြန်လျှင်လည်း မိမိတို့၏ဆင်ခြင်သုံးသပ်မှု စွမ်းအားအလျောက် ဝိပဿနာဉာဏ်အထွတ်အထိပ်သို့ ရောက်ရမည်မှာ မလွဲပေ၊ ဝိပဿနာအထွတ်အထိပ်သို့ ရောက်လျှင်လည်း အယုတ်ဆုံး သောတာပန် အရိယာအဖြစ်ဖြင့် ကြောက်မက်ဖွယ်အပါယ်ဘေးကြီးမှ လွတ်မြောက်ရတော့မည် သာတည်း၊ အမှန်မှာ သာသနာ့ပအခါ၌ကား ထိုအခွင့်အရေးမျိုး ရဘို့ရန်ဝေးစွ အိပ်မက်မျှ မမက်နိုင်ကြပေ။

မိထွေးတော်လျှောက်ထားပုံ

ယံ န ဒိဋ္ဌံ ပုရာဏေဟိ၊ တိတ္ထိကာစရိယေဟိ ပိ။
တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဘိ ဝေဒိတံ။

အရှင်ဘုရား အာနန္ဒာ....သာသနာ့ပ ခေတ်တုန်းက တကဲ့ လူရည်ချွန် လူမွန် လူမြတ်တွေဖြစ်ကြတဲ့ မဟောသဓသုခမိန်တို့လို ပညာရှိ ပုဂ္ဂိုလ်ကြီးတွေပင် ရုပ်နာမ်ဆိုင်ရာ ဝိပဿနာ အသိဉာဏ်မျိုးကို မရကြသော်လည်း ဤသာသနာခေတ်အတွင်း၌ကား အဟောအပြောကောင်းလျှင် ၇-နှစ်ရွယ် သူငယ်မကလေးများသော်မှ နားလည်ခွင့် သိခွင့်ရကြပါသည်ဘုရားဟု အရှင်အာနန္ဒာအား သာသနာခေတ်၏တန်ဘိုးကြီးပုံကို ဂုဏ်တင်လျှောက်ထားသော မိထွေးတော် ဂေါတမီ ရဟန္တာမကြီး၏ စကားတော်ကလည်း ဖော်ပြအပ်ပြီးဖြစ်သော အချက်အလက်တို့ကို သက်သေခံလေပြီ။ (ခုဒ္ဒက နိကာယ် မဟာပဇာပတိ ဂေါတမီထေရီ အပဒါန်)။

ဗုဒ္ဓဘာသာဝင်နှင့် ဝိပဿနာတရား

ဤဖော်ပြအပ်ပြီးသော အခန်းကဏ္ဍတို့ကပင် သာသနာခေတ်ကောင်းကြီးတခု ပေါ်လာရခြင်းသည် မဂ်ဖိုလ်သို့ ထိရောက်စွာ ပို့ဆောင်နိုင်သော ဝိပဿနာဉာဏ် အလင်းရောင် ဖြန့်ချိရေးအတွက်သာ အဓိကဖြစ်ကြောင်း လမ်းညွှန်လျက်ရှိ၏၊ ဤစာဖတ် ပရိသတ်တို့သည် သို့စင်မျှ ထူးကဲလှသော သာသနာခေတ်ကြီးနှင့် တွေ့ကြုံရသော အချိန်မျိုး၌ ပြုရိုးပြုစဉ်ဖြစ်သော ဒါနမှု, သီလမှုနှင့် ကျေနပ်အားရ နေရမည် ကား မဟုတ်ပေ၊ လှူဒါန်းစွန့်ကြဲခြင်း (ဒါနမှု) နှင့် ကိုယ်နှုတ်စောင့်ထိန်းခြင်း (သီလမှုတို့သည်လည်း– "ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော"ဟူသော သမ္မပ္ပဓာန်ကျင့်စဉ်အရ ထပ်ခါထပ်ခါ ကြိုးစားရမည့် ကုသိုလ်တရားတို့သာ ဖြစ်၏၊ ပစ်ပယ်ရမည့် ကုသိုလ်မျိုးကား မဟုတ်ခဲ့။

သို့ရာတွင် ငါဆည်းပူးထားသော ဒါနမှု, သီလမှုတို့သည် ငါ့အတွက် တသံသရာလုံး အားကိုးလောက်ပေပြီဟု အားရကျေနပ်ပြီး အထက်တန်း ဖြစ်သော ဝိပဿနာအသိမျိုးကို ထူထောင်ဘို့ရန် စိတ်မညွတ်ခဲ့ပါမူ ထိုကဲ့သို့သော ဗုဒ္ဓဘာသာဝင်တို့ အဖို့မှာကား လိုရာကို မ-စနိုင်သော ဝိဇ္ဇာဓိုရ်ကြီးနှင့် ပဟ်ပင်း တွေ့ကြုံရပါလျက် အဖိုးတန်အရာဝတ္ထုကို တောင်းဆိုခြင်းမပြုပဲအနောက်ဆောင်ကမိန်းမတွေ ချူချာလွန်းသဖြင့် မီးရပ်ဆေးတလက်ကိုသာ မ-စရန် တောင်းဆိုခဲ့သော အင်းဝခေတ်ရွှေပိုင်း ရာဇဝင်ပုံပြင်လာ ဆင်ဖြူရှင်တရဖျား၏ အမှားတော်ပုံကဲ့သို့သာ ဖြစ်ရမည်မှာ မလွဲပေ။

ထို့ကြောင့် မဂ်ဖိုလ်ပေါက်မြင့်တင်နိုင်သော သာသနာခေတ်ကြီးနှင့် တွေ့ကြုံနေကြရသည့် ဗုဒ္ဓဘာသာဝင်တိုင်းပင် မိမိတို့ဆည်းပူးထားသော ဒါနမှု, သီလမှု အဆောက်အအုံကြီးပေါ်မှာ ရုပ်,နာမ်ဆိုင်ရာ ဝိပဿနာအသိမျိုးတွေ အပြောက်အညွန့်တပ်ဆင်နိုင်မှသာလျှင် သာသနာတော်ကြီးနှင့်ကြုံတွေ့ရကျိုးနပ်ပြီဟု ယူဆထိုက်သည်သာတည်း။

မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းပိုင်းသုံးသပ်ရေး

ဗုဒ္ဓသာသနာ၏ အနှစ်သာရသည် အရဟတ္တဖိုလ် ဖြစ်၏၊ ထိုသာသနာ၏ နောက်ဆုံးပန်းတိုင်သည်လည်း အရဟတ္တဖိုလ် သာလျှင်တည်း၊ "ယာ စ ခေါ အယံ ဘိက္ခဝေ အကုပ္ပါ စေတောဝိမုတ္တိ၊ ဧတဒတ္ထံ မိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ။ ဧတံ သာရံ ဧတံ ပရိယောသာနံ" ဟူသော မဇ္ဈိမနိကာယ် မူလပဏ္ဏာသ(ဩပမ္မဝဂ်)မဟာသာရောပမသုတ္တန်, စူဠသာရောပမသုတ္တန်ပါဠိတော်လာ ညွှန်ကြားချက်အရဆိုလျှင် သာသနာတော်၌ ဓမ္မရေးရာနှင့် စပ်လျဉ်း၍ကျင့်သုံးမှုဟူသမျှသည်နောက်ဆုံးပန်းတိုင်ဖြစ်သော အရဟတ္တဖိုလ် မျက်မှောက်ပြုရေးအတွက်သာ ဖြစ်ရမည်။

သို့သော် အရဟတ္တဖိုလ် မျက်မှောက်ပြုရေးမှာ ဝိပဿနာဉာဏ် ရင့်ကျက်မှုနှင့် ကင်းကွာ၍မဖြစ်နိုင်ရကား ယင်း ဝိပဿနာ ရင့်ကျက်မှုသည်လည်း အရဟတ္တဖိုလ်တရားကဲ့သို့ပင် သာသနာ၏အနှစ်သာရဖြစ်နေရပြန်သည်၊ သို့ဖြစ်လျှင် မြန်မာပြည်သာသနာ့သမိုင်းအရ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ ဓမ္မရေးရာနှင့် စပ်လျဉ်းသော လုပ်ငန်းပိုင်းကိုလည်း သုံးသပ်ကြဦးစို့။

ပရိယတ္တိ ရေး ရာ၌ ပြောင်းမြောက်ပုံ

ရှေးခေတ် သထုံပြည်မှတဆင့် ပေါက္ကံပြည်ကို ဗဟိုပြု၍ အနော်ရထာမင်းစောနှင့် အရှင်အရဟံတို့၏ ကြိုးပမ်းမှုအရ မြန်မာတပြည်လုံးသို့ ကျယ်ပြန့်လာသော သာသနာသည် ခေတ်အဆက်ဆက်မှ သာသနာ့ဝန်ဆောင်ဖြစ်သော မဟာထေရ်တို့၏

ပဓာနလုပ်ငန်းပိုင်းအရပြောရလျှင် ပရိယတ္တိသာသနာပြန့်ချီရေးသာဖြစ်ကြောင်း ထင်ရှားခဲ့၏၊ တနည်းအားဖြင့်ပြောရလျှင် မြန်မာပြည်သာသနာဝင်၏ ပရိယတ္တိ ရေးရာ၌ ပြောင်မြောက်သည်ကား အံ့မခန်းပါပေတည်း။

မှန်၏-ပုဂံခေတ်တွင် သီဟိုဠ်ရဟန်းတော်များပင် လက်ဖျားခါရသော အရှင် အဂ္ဂပဏ္ဍိတ (အရှင်အဂ္ဂဝံသ)၏ သဒ္ဒနီတိခေါ် ပါဠိသဒ္ဒါကျမ်းကြီး ပေါ်ထွက် လာရခြင်း၊ ဆပ္ပဒမထေရ်၏ သုတ္တနိဒ္ဒေသ, သင်္ခေပဝဏ္ဏနာဋီကာစသော ပါဠိ ကျမ်းကြီးများ ပေါ်ထွက်လာရခြင်း၊ အရှင်သဒ္ဓမ္မသိရီ၏ သဒ္ဒတ္ထဘေဒ စိန္တာ ကျမ်းများ ပေါ်ပေါက်လာခဲ့ခြင်းစသော သာသနာ့အရေးအရာကို ထောက် ထားခဲ့လျှင် ပုဂံခေတ်က သာသနာ့ဝန်ဆောင်ကြီးများသည် ပရိယတ္တိသာသနာ စည်ပင်ပြန့်ပွားရေး၌ မည်မျှလောက် အာရုံစူးစိုက်ကြောင်းကိုလည်း ခန့်မှန်း နိုင်သည်။

ထို့ပြင် ကျစွာမင်းလက်လက်၌ ဘုရင်ကိုယ်တိုင် စာပေပို့ချ၍ ဘုရင့်သမီး တော်က ပါဠိကျမ်းစာတစောင် ရေးခဲ့သည်ဟူသော ရာဇဝင်ကြောင်းများ ကလည်း ပုဂံခေတ်က ပရိယတ္တိရေးရာ၌ ပြောင်မြောက်ခဲ့ပုံကို ပြန်ပြောင်း ပြောပြသကဲ့သို့ ရှိပြန်သည်၊ သို့သော် နတ်နဂါးကိုးကွယ်သောခေတ်မှ ဗုဒ္ဓကို ကိုးကွယ်သောခေတ်သို့ ဘုရင့်အာဏာဖြင့် တွန်းပို့ခဲ့ရသောကြောင့် နတ်ဝါဒ အစွဲအလမ်း မပျောက်နိုင်သော ပုဂံခေတ်က လူထုအဖို့မှာ ဘာသာရေးအသိ အားနည်းခဲ့သည်ဟု ခန့်မှန်းရပြန်၏။

မင်းတုန်းမင်းခေတ် သာသနာရေး

ထိုကဲ့သို့ ဝင့်ကြွားလာခဲ့သော မြန်မာပြည်မှ ဗုဒ္ဓသာသနာသည် တိုင်းရေးပြည်ရေး သာယာ၍ သာသနာကို ခြီးမြှောက်သော မင်းများကို အမှီပြုသောအခါ ထွန်းလင်းတောက်ပခဲ့သော်လည်း တိုင်းပြည်မသာယာသောအခါ၊ သို့မဟုတ် တိုင်းပြည် သာယာသော်လည်း မင်း၏အခြီးမြှောက်ကို မရသောအခါတို့၌ မူကား အရှိန်အဟော်နည်းကာ ညှိုးမှိန်ခဲ့ရပြန်သည်၊ ဤနည်းအားဖြင့်ပင် ညှိုးချည်တခါ သာချည်တလှည့်မီးစဉ်ကြည့်ကခဲ့ရသော သာသနာသည် အင်းဝခေတ်,တောင်ငူ ခေတ်စသည်ကို ကျော်လွန်ခဲ့ရပြီးနောက် မန္တလေးရတနာပုံ မင်းတုန်းမင်း ခေတ်သို့ ဆိုက်ရောက်ခဲ့၏။

မင်းတုန်းမင်းသည် သာသနာရေးကိစ္စ၌ သူမတူတန်အောင် စိတ်စေတနာ မှုသည့်အလျောက် ကျမ်းပန်တတ်စာတော်ချ တိပိဋကပါရဂူ ဆရာတော်ကြီး များကို ရာဇဂုရုတံဆိပ်ကပ်၍ ခြီးမြှောက်တော်မူခြင်း, နှစ်စဉ် သုဓမ္မာသဘင် စာပြန်ပွဲကြီးများကျင်းပ၍ ပရိယတ္တိသာသနာကို ခြီးမြှောက် အားပေးခြင်း,

ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်၍ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်း တရားကြီးကဲ့သို့ ခံယူတော်မူခြင်း၊ လှူဒါန်းပေးကမ်းမှု ရက်ရောတော်မူခြင်း– စသော ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ ၂–မျိုးဖြင့် ဗုဒ္ဓသာသနာကို မြှင့်တင်တော် မူခဲ့သည်။

တဘက်တွင် ခြီးမြှောက်မှုကိစ္စကို စိတ်ထားထက်သန်စွာ ပြုလုပ်သကဲ့သို့ အခြားတဖက်တွင်လည်း အလဇ္ဇီဒုဿီလရဟန်းတို့ကို နှိပ်နင်းလျက် သာသနာ သန့်ရှင်းရေး ကိစ္စများကို ဆရာတော်ကြီးများ၏ အကူအညီဖြင့် တွင်ကျယ် စွာ ဆောင်ရွက်ခဲ့ပြန်သည်၊ အကယ်၍ ခြီးမြှောက်မှုကိစ္စကို မပြုပဲ နှိပ်နင်း ခြင်း (နိဂ္ဂဟ)ကိစ္စကိုသာ တဖက်သတ်ပြုလုပ်ခဲ့ပါမူ မင်းတုန်းမင်း၏ သာသနာ သန့်ရှင်းရေးလုပ်ငန်းသည် အောင်မြင်မှုရမည် မဟုတ်ပေရာ၊ သို့သော်လည်း ခြီးမြှောက်မှုကိုသာ ရှေ့ထားပြီးဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှု ရသည် သာတည်း။

ဝိပဿနာ တရား မထွန်းကားခဲ့ မင်းတုန်းမင်း ခေတ်မှ တိုင်းသူပြည်သားတို့ သည်လည်း ဘုရင်ကဖူးဖူးမှုတ်ထား သဖြင့် အထွတ်အထိပ်သို့ ရောက် နေသော သာသနာကိုပင် ပစ္စည်းလေးပါးတို့ဖြင့် အားပါး တရ ဝိုင်းအုံခြီးမြှောက်လျက် မိမိတို့၏ ကိုယ်ကျင့်တရားကို အတတ်နိုင်ဆုံး မွေးမြူ ကြသည်၊ ပုဂံခေတ်, အင်းဝခေတ်ကလူများနှင့် စံထိုးပြောဆိုလျှင် မင်းတုန်း မင်းခေတ်လူထု၏ ဘာသာရေး အတွေးအခေါ်သည် အတော်ရင့်ကျက် လာ သည်ကို တွေ့ရပြန်၏။

သို့ရာတွင် ထိုကဲ့သို့သော အချိန်မျိုး၌ပင် ရုပ်သံ, နာမ်သံပေး၍ ဟောပြော ရသော ဝိပဿနာတရားမျိုး မထွန်းကားခဲ့သေးပါ၊ ကျမ်းဂန်တတ် ဆရာတော် ကြီး များသည် မိမိတို့ကိုယ်တိုင် ဝိပဿနာအသိဉာဏ် ရင့်ကျက်ကြသည် တိုင် အောင် လူဒကာ,ဒကာမတို့အားကား ဝိပဿနတရား ဟောပြောလေ့မရှိကြပေ၊ ဟောပြောရန်လည်း အခြေအနေက မပေးခဲ့သေး၊ ထို့ကြောင့်ပင် ထိုခေတ်ရှိ လူတို့က ဝိပဿနာတရားသည် ငါတို့နှင့်မဆိုင် ရဟန်းသံဃာများသာ ကျင့် ရမည့် သံဃိကပစ္စည်းမျိုးသာတည်းဟု ယူဆထားဟန်ရှိ၏၊ ဤဖြစ်ရပ်ကိုလည်း အောက်ပါအကြောင်းအရာကပင် သက်သေခံလေပြီ။

ရုပ် စကား နာမ် စကား ပြောကြားစအချိန် အချိန်သည် နေမင်းကြီး ကွယ်ပျောက်စကဲ့သို့ဖြစ်ရာ ထီးကျိုးစည်ပေါက် ဗြိတိသျှလက်အောက်သို့ ရောက် နေရသော သာသနာ သည်လည်း ခြီးမြှောက်သူ ဘုရင်များ မရှိခဲ့သဖြင့် အမိမဲ့သား ရေနည်းငါးကဲ့သို့ ဖြစ်နေရပြန်သည်၊

သို့ရာတွင် အကောင်းဘက်က နေကြည့်လျှင်ကား လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ခွဲ နာမ်ခွဲဆိုင်ရာ ဝိပဿနာတရားသံတို့က ဗုဒ္ဓဘာသာဝင် လူရှင်တို့၏ ဘာသာရေးအတွေးအခေါ်ကို ထိုအချိန်မှစ၍ မြင့်တင်လျက် ရှိရာ ဘာသာရေးအသိ မြင့်တက်လာသော လူပုဂ္ဂိုလ်တို့သည်လည်း အလှူမသာရှိလျှင် ဇာတ်ဝတ္ထုကြောင်း ပြောပြီး ဆွေးနွေးရာမှ ရုပ်စကား, နာမ်စကား ပြောကြားစပြုလာကြသည်။

ကင်း ဝန် မင်း ကြီး မျက်ရည်ကျရပုံ ထိုအချိန်တွင်ပင် ဘုရင့်ခေတ်က သက်တော်ရှည်အမတ်ကြီး ဖြစ်သူ ကင်းဝန်မင်းကြီးသည် သူ၏အိမ်ဦးခန်းသို့ လယ်တီဆရာတော်ဘုရားကြီးကို ပင့်ပြီးလျှင် ရုပ်နာမ်ဆိုင်ရာ ဝိပဿနာတရားများကို (၄)ညဉ့်တိုင်တိုင်နာကြားခဲ့သည်၊ ရှေးတုန်းက တိုင်းရေး ပြည်ရေးတို့ဖြင့် မအားလပ်သောကြောင့်၎င်း၊ ဝိပဿနာတရားနာယူရန် အခြေအနေက မပေးသေးသောကြောင့်၎င်း မနာယူခဲ့ရပဲရှိရာ ထိုအချိန်တွင်မှ နာကြားရသော ကင်းဝန်မင်းကြီးသည်ကား နားထဲမှ နှလုံးသားထဲသို့ ထိုးဖောက် စိမ့်ဝင်လာသော ဓမ္မသဘာဝအချက်အလက်တွေကို တွေးတောကြည်နူးရင်း၊ "ဪ—ငါ၏ကျေးဇူးရှင် ဘဝရှင်မင်းတရားကြီးသည် ပဋ္ဌမသံဂါယနာတင်၍ သာသနာကို ခြီးမြှောက်သွားသော်လဲ ယခုငါကြားရတဲ့ တရားမျိုးကိုတော့ မနာကြားရဘူး—နော်၊ ဪ—ဝမ်းနည်းလိုက်ပါဘိ" ဟု ညည်းညူပြီး မျက်ရည်ကျရှာသည်ဟု ပြောစမှတ်ရှိခဲ့၏။

ဒါနယုဂခေတ် မင်းတုန်းမင်းခေတ်က မင်းတုန်းမင်းလို သာသနာ့ပြု ဘုရင်ကြီးတပါးပင် ရုပ်သံ, နာမ်သံပေး၍ ဟောပြောသော ဝိပဿနာ တရားမျိုးကိုနာကြားခွင့် မရခဲ့ပါလျှင် တိုင်းသူပြည်သား တို့အဖို့မှာကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း၊ နာကြားဘို့ အခွင့်အရေး သာ၍ဝေးတော့သည်သာတည်း၊ ထို့ကြောင့်ပင် နောက်ခေတ်ပေါ် ပညာရှင်အချို့တို့က မင်းတုန်းမင်း၏ခေတ်ကို ဒါနယုဂခေတ်ဟု အောက်တန်းချ၍ သတ်မှတ်ကြသည်၊ သို့သော်လည်း ကျမ်းဂန်အရ သတ်မှတ်ခြင်းမဟုတ်ပါ၊ သူတို့၏ အယူအဆမျှသာတည်း။

အရိယာအဖြစ် လျှို့ဝှက်ကြပုံ သာသနာ့ထိပ်ခေါင်တင်ဖြစ်သော ရှေးခေတ်ဆရာတော်ကြီးများသည် သာသနာတော်၏ အနှစ်သာရဖြစ်သော ဝိပဿနာ လုပ်ငန်းတရားမျိုးကို သူတပါးအား ဟောပြောလေ့မရှိကြသော်လည်း၊ အရဟတ္တဖိုလ်ရရေးအတွက် ကိုယ်တိုင်အားထုတ်ကြမည်မှာ ယုံမှား သံသယမရှိထိုက်ပေ၊ ယိုတွင်လည်း အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အဖြစ် ထင်ရှားသော

နံမော်ဆရာတော်, သီးလုံးဆရာတော်တို့ကိုမူကား ရဟန်းကိစ္စပြီးစီးသော ရဟန္တာတွေဟုပင် ပြောစမှတ်ပြုခဲ့ကြ၏၊ သို့သော်လည်း ရဟန္တာဖြစ်ကြောင်း သူတပါး မသိစေရန် အဟတ်နိုင်ဆုံးလျှို့ဝှက်ထားသော "အဓိဂမအပ္ပိစ္ဆ" ပုဂ္ဂိုလ်များပေတည်း၊ ထို့ကြောင့် နောက်ခေတ် လူတို့ကလည်း ထိုဆရာတော် ကြီးများကို ရဟန္တာဟုပင် မသိကြရတော့ပေ။

ဝိပဿနာအစ တောင်လေးလုံးက သာသနာခေတ်ကောင်းကြီးတခု ပေါ်ပေါက်လာရခြင်းသည် မဂ်ဖိုလ်သို့ ထိရောက်စွာ ပို့ဆောင်နိုင်သော ဝိပဿနာဉာဏ် အလင်းရောင် ဖြန့်ချိရေး အတွက်သာ အဓိကဖြစ်ကြောင်း အောက်အပိုင်းကဏ္ဍတို့၌ ဖော်ပြခဲ့ပြီ၊ သို့ဖြစ်ရာ ရှေးခေတ်ကျမ်းဂန်တတ် ဆရာတော် ကြီးများသည် ဝိပဿနာတရားဟု သီးခြား နာမည်တပ်၍ မဟောပြောခဲ့သည့်တိုင်အောင် နောက်ခေတ်လူရှင်တို့၏ ဝိပဿနာမျိုးစေ့ ကြဲချခြင်းအလို့ငှာ ဝိပဿနာရှုနည်းကို ဖော်ပြရာဖြစ်သော အလုပ်ပေးကျမ်းများကိုကား ရေးသားခဲ့ကြ၏၊ ဝိပဿနာကျမ်းများ အဦးအစ ပေါ်လာအည့်အချိန်ကို လေ့လာလျှင် "ဝိပဿနာအစ တောင်လေးလုံးက" ဟု ဥဒါန်း တွင်လာသော စကားအရ စတုဂီရိခေါ် တောင်လေးလုံး ဝိပဿနာရှုနည်းကျမ်းကို ရှားရှားပါးပါး တွေ့ရပြန်သည်၊ အချိန်မှာ အမရပူရခေတ်ဆီကဟု ခန့်မှန်းရ၏။

ပရမတ္ထသရူပဘေဒနီနှင့် နိဗ္ဗာနမဂ္ဂဘေဒနီ ထို့ပြင် မန္တလေး ရတနာပုံ သီပေါမင်းခေတ်၌ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ စတင်ထွက်ပေါ်လာသည်၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို မှီငြမ်းပြုပြီး ရေးသားထားသောကြောင့် သီလဝိသုဒ္ဓိ ထူထောင်ပုံမှစ၍ သမထဝိပဿနာဘာဝနာအမျိုးမျိုး ပွားများနည်းများကို စုံလင်စွာဖော်ပြထား၏၊ ထိုပရမတ္ထသရူပဘေဒနီကျမ်းကို အကြိမ်ကြိမ် ရိုက်နှိပ်ဖြန့်ချိခဲ့ရာ ယခုနောက်ဆုံးအကြိမ်၌ကား ရန်ကုန်မြို့ အစိုးရဗုဒ္ဓသာသနာ့အဖွဲ့ပုံနှိပ်တိုက်မှ ရိုက်နှိပ်ပြီး ဖြန့်ချိလျက်ရှိသည်။

ထို့နောက် စစ်ကိုင်းတောင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂဘေဒနီကျမ်းလည်း ထွက်ပေါ်လာခဲ့သည်၊ ထိုကျမ်းသည်ကား ဆရာတော်ဘုရားကြီး ၃-နှစ်တိုင်ဂူအောင်းပြီး အလုပ်လုပ်ရာမှ မြစ်ဖျား ခံခဲ့သောကြောင့် ရုပ်, နာမ်ကိုရှုရာ၌ အလွန်တိကျသည်ဟု မှတ်တမ်းတင်ကြရုံမျှမက ထိုကျမ်းကို ရေးပြုစီရင်သော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကိုလည်း အနာဂါမိမဂ်ဖိုလ်အထိ ခရီးရောက်သွားသော ဆရာတော်ဟု လေးစားယုံကြည်လျက် ရှိကြပြန်သတည်း။

ယခုတိုင်အကျိုးပြုသော လယ်တီဒီပနီ

ဖော်ပြအပ်ပြီးသော ဝိပဿနာဘက်ဆိုင်ရာ ကျမ်းစာတို့သည် ထိုခေတ်က လက်ခံထားသော မူအရ ကျမ်းဆရာ၏ စာတတ် လက္ခဏာကိုပါ ဖော်ထုတ်သည့် အနေဖြင့် သမားဂုဏ်ပြု၍ ရေးသားသည့် ကျမ်းစာမျိုးဖြစ်ရကား လူတိုင်းနားလည်ရန် မလွယ်ကူလှ၊ သို့ဖြစ်ရာ လယ်တီဆရာတော် ဘုရားကြီးသည် ပါဠိပိဋကတ်တော်၌လာသမျှ နက်နဲသော တရားသဘာဝတွေကို မြန်မာလူမျိုးတိုင်း နားလည်ရမည်–ဟူသော ဆောင်ပုဒ်ဖြင့် ရေးရေးနည်းကို တော်လှန်ပြီးလျှင် လူပြိန်းနားနှင့် ချိန်ထားသော ဒီပနီ ကျမ်းပေါင်း တရာကျော်ကို မြန်မာစကား သက်သက်ဖြင့် ပေါ်လွင်အောင် ရေးသားခဲ့ပြန်သည်။

ရုပ်သံ, နာမ်သံပေး၍ ဟောပြောရသော ဝိပဿနာလမ်းညွှန် တရားမျိုးတွေကို ကိုယ်တော်တိုင်လည်း နိုင်ငံလှည့်၍ဟောပြောခဲ့ပြန်သည်၊ ထိုအချိန်မှစ၍ မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင် လူရှင်တို့သည်လည်း ပရမတ်စကား, ခေတ်စကားတွေပြောကာ ဝိပဿနာကုသိုလ်ဘက်သို့ ဦးလှည့်လာကြ၏၊ နောက်ခေတ်၌ ဝိပဿနာအလုပ်ပေးတရားတွေ ပေါ်ပေါက်နိုင်ရန် ရွှေလမ်း ငွေလမ်း ဖောက်ပေးသကဲ့သို့ ရှိသောကြောင့် ယခုခေတ်အထိ အကျိုးပြုတုန်းပါ ပေတည်း။

စစ်ကြို ခေတ်က မိုးညှင်းတရား

ထို့နောက် ဒုတိယကမ္ဘာစစ် မီးမတောက်မီ စစ်ကြိုခေတ်၌ မိုးညှင်းဆရာတော် သည်လည်း၊ နိုင်ငံလှည့်၍ ရုပ်, နာမ် ဘက် ဆိုင်ရာ အဘိဓမ္မာတရားကို ဟောကြားခဲ့သေး၏၊ သို့သော်လည်း လယ်တီဒီပနီတွေကို အခြေခံပြီး မိုးညှင်းဟောပြောစဉ် တခုတ်ထွင်ကာ ဟောပြောခြင်းမျှသာ ဖြစ်သည်၊ လယ်တီဆရာတော်နှင့် မိုးညှင်းဆရာတော် ၂-ပါးသည် ဝိပဿနာ နယ်လှည့်အဖြစ် တူညီကြသော်လည်း လယ်တီဆရာတော် အာဝါသပလိ ဗောဓနည်းသလောက် မိုးညှင်းဆရာတော်က မိမိ၏ အရိပ်အာဝါသကို ကမ္ဘာကျော် သမ္မုဒ္ဒေအသိုက်အအုံကြီး ဖြစ်လာရန် ဖန်တီး နိုင်သည်မှာ ထူးကဲသောဘုန်းကံတမျိုးပါ ပေတည်း။

ဝိပဿနာတရား ခေတ်စား လာခြင်း

ဗုဒ္ဓတရားရောင် ထိန်ဝေလျက်ရှိသော မြန်မာပြည်သို့ မြန်မာသက္ကရာဇ် ၁၃၀၄–ခု ၅–ခု ၆–ခုနှစ် များတွင် ဒုတိယကမ္ဘာစစ်မီး ကူးစက်လောင်ကျွမ်းခဲ့ရာ မြန်မာတပြည်လုံးမှာပင် တိုင်းပျက် ပြည်ပျက်ဖြစ်၍ အိုးမဲ့ အိမ်မဲ့ ဘဝဒုက္ခနေဖြင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်၊ ထိုအချိန်တွင် "ဆင်းရဲလေလေ-သံဝေရရ" ဆိုသကဲ့သို့ သတိသံဝေဂခေတ်ခံရှိသော ဗုဒ္ဓဘာသာဝင် သူတော်စင်

ပုဂ္ဂိုလ်တို့သည် စိတ်၏ငြိမ်းချမ်းမှုလမ်းစကို ရှာဖွေကြရာမှ သာသနာ့အနှစ်သာရ ဖြစ်သော ဝိပဿနာတရားဘက်သို့ စိတ်ညွှတ်လာကြသည်။

ထိုအချိန်မှစ၍ ပို့ပြီးအလုပ်သဘောပါသသော ဝိပဿနာ အလုပ်ပေး တရားနှင့် ဝိပဿနာအလုပ်ပေး ကျမ်းစာများ ခေတ်စားလာခဲ့ရာ စစ်ပြီးခေတ် (သို့မဟုတ်) လွတ်လပ်ပြီး ခေတ်၌ကား တရားကျင့်သုံးရာ ဌာနအနေဖြင့် မြို့တကာ နယ်တကာတွင်ပင် ကမ္မဋ္ဌာန်းရိပ်သာများလည်း ပေါ်ပေါက်ခဲ့ရပြန်သည်။

သို့ရာတွင် တရားရိပ်သာတွေ ခေတ်စား၍ အပေါ်စား ဖြစ်လာသောအခါ၌ကား လူတို့၏တရားကျင့်သုံးမှု ဓမ္မရေးရာ၌ ရိုးသားဖြူစင်မှု ရှိသကဲ့သို့ စေတနာမသန့်ရှင်းမှု၊ မရိုးသားမှုများလည်း "ဆွမ်းဆန်ထဲကြွက်ချေးရော" ဆိုသကဲ့သို့ ဖြစ်လာရတော့၏၊ မည်သို့ပင်ဖြစ်စေ သာသနာ့ခေတ်ကောင်းကြီးနှင့် ကြုံတွေ့နေရသော ဗုဒ္ဓဘာသာဝင်တို့အဖို့မှာ ရုပ်, နာမ်ဆိုင်ရာ ဝိပဿနာအသိဉာဏ်မျိုးကိုကား အယုတ်ဆုံး မျိုးစေ့ကျ၍ အမြစ်တွယ်သည်အထိ ထူထောင်ကြရမည်သာတည်း။

ဆန်းသစ်လာသော ထူးကြီးဝိပဿနာ ယခုအချိန်၌ ဝိပဿနာ ဓမ္မနယ်ထဲမှ ထိုးဖောက်ထွက်ပေါ်လာသော ကျမ်းစာများသည်ကား ရန်ကုန်မြို့ ထူးကြီးဆရာတော်၏ ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်းကျမ်းများဖြစ်၏၊အမှန်မှာ ဆရာတော်သည် ဝိပဿနာကျမ်းစာ အနေဖြင့် ရေးသားခြင်းမဟုတ်ပဲ နိကာယ်တခုခုထဲမှ ဆရာတော်ဟောပြောလိုသော သုတ္တန်တခုကို မူဘည်ပြီးလျှင် ယင်းသုတ္တန်ပြီးဆုံးသည်အထိ ဝိပဿနာရှုကွက်ပေါ်အောင် အနက်အဓိပ္ပါယ်ဝေဝေဆာဆာတန်းဆာဆင်ပြီး ဟောပြောလေ့ရှိသည်။

ဟောပြောရာ၌လည်း အဋ္ဌကထာ,ဋီကာနှင့်တကွသော နိကာယ်ကြီးငါးရပ်ကို အထပ်ထပ်မွှေနှောက်ပြီးမှသာ သက်ဆိုင်ရာဓမ္မသဘာဝတွေကို မိမိဟောပြောဆဲ သုတ္တန်ထဲသို့ ထည့်သွင်းကာ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောလေ့ ရှိပြန်သဖြင့် ထူးကြီးဆရာတော်၏ ဟောနည်း ဟောဟန်တို့မှာမူ တမူကဲ့သို့ဖြစ်ပြီး ဆန်းသစ်နေသည်သာတည်း။

ဓမ္မသဘင်မှ ကျမ်းစာဖြစ်လာရပုံ တချို့ပြောရလျှင် ထူးကြီးဆရာတော်သည် ရုပ်ကောင်း, အသံကောင်း ဓမ္မကထိကတပါးဖြစ်သည်ကို ဆရာတော်၏ တရားနာကြွား ဘူးသူတိုင်း သိကြသည်၊ သို့သော် တရားကို နှစ်ခြိုက်ကြခြင်းသည်ကား အသံကြောင့်လည်း မဟုတ်ပေ၊ ရုပ်ဥပမိ

ကြောင့်လည်းမဟုတ်ပေ၊အမှန်မှာ တရားသဘာဝ အကွက်ဆိုက်အောင် အဟော အပြောကောင်းသောကြောင့်သာတည်း။

သို့ဖြစ်ရာ ထူးကြီးဆရာတော်သည် ဘယ်မြို့ဘယ်ရွာ ဘယ်ဓမ္မာရုံ၌ တရားပွဲချပြီး ဟောပြောလိမ့်မတဲ့-ဆိုလျှင်ပင် ဝိပဿနာ တရားကို မြတ်နိုးကြသော အသင်းအဖွဲ့များနှင့် လူရှင် အသီးသီးတို့သည်လည်း ရီကော်ဒါသွင်းပြီး အသံဖမ်းယူရန် ဆရာတော်ဟောပြောရာ ဓမ္မာသနပလ္လင်အနီး၌ ဝိုင်းဝိုင်းအုံလျက်ရှိကြသည်၊ အသံဖမ်းထားသူတို့ကလည်း အခြား ဓမ္မမိတ်ဆွေများ နာယူနိုင်ရန် အခမ်းအနားတိုင်းမှာပင် ထိုတရား ရီကော်ဒါများ ဖွင့်ပေးကြပြန်သည်။

သို့ရာတွင် ဤမျှလောက်နှင့် တရားဓမ္မ ဖြန့်ချီရေး၌ အားရခြင်း မရှိသေးရကား ရီကော်ဒါတိတ်ခွေမှ တရားသံများကို တဆင့်ရေးကူးပြီး ထူးကြီးဆရာတော်၏ "ပါဠိတော်ဟောစဉ်- ဝိပဿနာရှုနည်းကျမ်း"များ အနေဖြင့် ခန့်ညားသော စာအုပ်ကြီးများကို တိုင်းပြည်သို့ ဖြန့်ချီကြပြန်သည်၊ဤနည်းအားဖြင့် ထူးကြီးဆရာတော်၏ ဝိပဿနာဓမ္မသဘင်အဖြစ်မှ ထူးကြီးဆရာတော်၏ပါဠိတော်ဟောစဉ်-ဝိပဿနာကျမ်းစာများအဖြစ်သို့ အသွင်ကူးပြောင်းလာရသည်မှာ ဆရာတော်၏ ဓမ္မဖြန့်ချီရေး အောင်မြင်မှုတရပ်ဟု မှတ်သားအပ်သည်သာတည်း။

ထူးကြီးဝိပဿနာကျမ်းစာများ

ထူးကြီးဝိပဿနာတရားမှ ဝိပဿနာအလုပ်ပေးကျမ်းစာအဖြစ်သို့ အသွင်ပြောင်းဖြန့်ချီအပ်ပြီး ကျမ်းစာတို့ကို အကျဉ်းချုပ်ဖော်ပြရလျှင်—

၁။	သီလဝန္တသုတ္တန်ပါဠိတော်ဟောစဉ်		စာအုပ်ငယ်
၂။	ထူးကြီးဝိပဿနာ ပါဠိတော်ဟောစဉ်	(ပ)	စာအုပ်လတ်
၃။	ထူးကြီးဝိပဿနာ ပါဠိတော်ဟောစဉ်	(ဒု)	စာအုပ်လတ်
၄။	ပါရာယနဝဂ် ပါဠိတော်ဟောစဉ်	(ပ)	စာအုပ်ကြီး
၅။	ပါရာယနဝဂ် ပါဠိတော်ဟောစဉ်	(ဒု)	စာအုပ်ကြီး
၆။	ဝိပဿနာ အလုပ်ပေးတရားတော်		စာအုပ်လတ်
၇။	ဝိပဿနာ အလုပ်ပေးတရားတော်မှ ကောက်နုတ်ချက်များ		စာအုပ်ငယ်
၈။	ဂိရိမာနန္ဒသုတ္တန်ပါဠိတော်ဟောစဉ်		စာအုပ်ကြီး

ဤ၌ ဖော်ပြအပ်သော ဝိပဿနာအလုပ်ပေး ကျမ်းစာများပင်ဖြစ်၏၊ထူးကြီးဆရာတော်၏ ယင်းဝိပဿနာအလုပ်ပေး ကျမ်းစာများ သည်ကား ဝိပဿနာ

ဓမ္မရေးရာ၌ ရှေးအခါက မပေါ်ဘူးသေးသော ကျမ်းစာများဖြစ်၍ ဖြန့်ချီ၍ မလောက်နိုင်အောင် တွင်ကျယ်လျက်ရှိသည်ဟု သိရပြန်၏။

သုတ္တန်ဟော၍ အလုပ်စခန်းဖွင့်ခြင်း အချို့ အချို့သော ဗုဒ္ဓဘာသာ ဝင်တို့သည် ရုပ်သံ၊ နာမ်သံပါသော ဝိပဿနာတရားကို အဘိဓမ္မာတရားဟု ထင်မှတ်ပြီးလျှင် ဝတ္ထုကြောင်းတွေ ဝေဝေဆာဆာနှင့် ဟောပြောသော တရားမျိုးကိုကား သုတ္တန်တရားတော်ဟု ထင်မှတ် နေသည်ကို အတော်များများတွေ့ရသည်၊ ဤကဲ့သို့ ထင်မှတ်နေရသည့်အထိမှာ "သုတ္တန်က မြောက်လွန်းသည်၊ အဘိဓမ္မာက ချောက်လွန်းသည်" ဟူသော ဥဒါန်းစကားကလည်း ထိုထင်မြင်ချက်ကို မဲတင်းပေးသကဲ့သို့ ရှိနေပြန်သည်။

သို့သော်လည်း အများထင်မြင်နေကြသည့်အတိုင်း မဟုတ်ခဲ့ပေ။ အမှန်အတိုင်း ပြောရလျှင် တကယ်အလုပ်လုပ်ရမည့် အလုပ်စခန်းသည် သုတ္တန်ပိဋကတ်တော်၌သာ ရှိသည်၊အဘိဓမ္မာပိဋကတ်တော်၌ မရှိပါ၊အဘိဓမ္မာပိဋကတ်က အစိတ်စိတ်အလီလီဝေဖန်လျက် ရွှေဉာဏ်တော်ကြီးသလောက် အကျယ်ချဲ့ ဟောထားသော တရားမျိုးဖြစ်သဖြင့် အဘိဓမ္မာနည်းအတိုင်း အလုပ်လုပ်၍မရ၊ ပဋ္ဌိသမ္ဘိဒါဉာဏ် မျိုးစေ့ဖြစ်ရုံမျှသာ လေ့လာရမည့်တရားဖြစ်ကြောင်း လယ်တီဆရာတော်ဘုရားကြီးကလည်း အမိန့်ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခုအချိန်၌မူ ထူးကြီးဆရာတော်က သုတ္တန် ပါဠိတော်ကြီးတွေကို အတော်များများ ဟောပြောကာ ဝိပဿနာအလုပ်စခန်း ဖွင့်ပေးလိုက်သဖြင့် သုတ္တန်ဒေသနာအပေါ်၌ အထင်သေးမှုများ ပပျောက်ရုံမျှမက ဝိပဿနာ အလုပ်စခန်းသည် သုတ္တန် ပိဋကတ်ထဲမှာ ရှိသည်ဟူသော သင်ခန်းစာကိုပါ ရကြမည်မှာ မလွဲပေ။

အဒိဋ္ဌ သဟာယမှ ဒိဋ္ဌသဟာယဖြစ်လာရပုံ ထူးကြီး ဆရာတော်နှင့် ဤနိဒါန်း ရေးသူတို့သည် ရှေးတချိန်တုန်းက တပါးနှင့်တပါး ပြောသံကြားဖြင့် ကြည်ညိုနေကြသော အဒိဋ္ဌသဟာယ (မမြင်ဘူးသေးသောမိတ်ဆွေ)များ ဖြစ်ခဲ့ရာ ထူးကြီးဆရာတော်က ဤစာရေးသူနှင့် တွေ့လိုမြင်လိုသကဲ့သို့ ဤစာရေးသူကလည်း ထူးကြီးဆရာတော်နှင့် တွေ့လိုမြင်လိုစိတ် ရှိနေပြန်သည်၊ သို့ဖြစ်ရာ ထူးကြီးဆရာတော်သည် မြို့မျက်နှာဖုံးဖြစ်သော လူကြီးမင်းတို့၏ ပင့်လျှောက်ချက်အရ မလှိုင်သို့ တတိယအကြိမ်ကြွရောက်လာသောအခါ၌ကား ကံကြီးသိရိသောမာရုံကျောင်းတိုက်သို့ တမင်ကြွလာပြီး ဤစာရေးသူနှင့် စတင်တွေ့ဆုံခဲ့၏၊ (နှစ်ပါးလုံးပင် မမြင်ဘူးသော မိတ်ဆွေအဖြစ်မှ မြင်ဘူးသောမိတ်ဆွေအဆင့်သို့ ဆိုက်ရောက်ကြလေပြီ)။

အဒိဋ္ဌသဟာယမှ ဒိဋ္ဌသဟာယဖြစ်လာရသည့် အလျောက် ဝမ်းမြောက်ဝမ်းသာနှင့် ရင်းရင်းနှီးနှီး ပြောဆိုကြရာမှ နောက်ဆုံး၌ ဤမေဃိယသုတ္တန် ပါဠိတော်ဟောစဉ် ဝိပဿနာ ရှုနည်းကျမ်းကြီး ရိုက်နှိပ်မည် ဖြစ်ကြောင်း၊ သို့သော် အစိုးရထံ စာမူမတင်ပြမီ အရှင်ဘုရားကြည့်ရှုသုံးသပ်ရန် တင်ပို့လိုကြောင်း ထူးကြီးဆရာတော်က အမိန့်ရှိပြန်ရာ ဒီလိုဆိုလျှင် ဒီကိုပို့မည့် အစား တပည့်တော် ရန်ကုန်ရောက်လာမှပင် တည်းခိုမည့်နေရာသို့ ပို့ပါဟု စကားလက်စသတ်ပြီး ရန်ကုန်ရောက်မည့်အချိန်နှင့် တည်းခိုရာဌာနကို ညွှန်ကြားလိုက်ပါသည်။ (ဤသည်ကား နိဒါန်းရေးသားရန် လမ်းစကလေး ပါပေတည်း)။

ထူးကြီးဆရာတော်၏ မိတ်ဆက်ဆွမ်းစားပွဲ

သို့နှင့်ပင် ဤစာရေးသူသည် ၁၃၃၅-ခု တပေါင်းလဆုတ် ၁၅-ရက်တွင် ရန်ကုန်သို့ရောက်၍ အရှေ့ပိန္နကုန်းကျောင်းတိုက်ဇမ္ဗူ့မိတ်ဆွေကျောင်း၌တည်းခိုခဲ့သည်၊ တာကူးလဆန်း ၂-ရက်နေ့တွင် ထူးကြီးဆရာတော်ကိုယ်တိုင် မိမိထံသို့ ရောက်လာပြီး ကမ္ဘာအေးမဂ္ဂဇာစရိယ ဦးတင့်အောင်က ပြင်ဆင်တည်းဖြတ်ထားသော လက်နှိပ်စက် စာမူချော မေဃိယသုတ္တန် ပါဠိတော်ဟောစဉ် စာအုပ်ကြီး ၄-တွဲကို ထင်မြင်ချက် နိဒါန်း ရေးသားရန် အပ်နှံပါသည်၊ နောက်တရက်တွင် သူ၏ကျောင်းသို့ဆွမ်းစားကြွရန်လည်း ပင့်လျှောက်သွား၏။

သို့ဖြစ်ရာ နောက်တနေ့ (တာကူးလဆန်း ၃-ရက်) နံနက် ၉-နာရီအချိန်တွင် ဤစာရေးသူသည် ဇမ္ဗူ့မိတ်ဆွေကျောင်းမှ ဆရာတော် ဦးဇောတိက၊ အောင်မြေသုခမှ ဦးတိလောကသာရ (ရဝေထွန်း) တို့နှင့်အတူ ဆရာတော်ထံမှလာပင့်သော မော်တော်ကားဖြင့်ပင် ဝေဘူရိပ်သာကျောင်းသို့ ဆွမ်းစားကြွကြရပြန်သည်၊ ဤနည်းဖြင့်လည်း ဤစာရေးသူအဘို့မှာ ထူးကြီးဆရာတော်နှင့် ပိုပြီးရင်းနှီးသော မဟာမိတ်ဆရာတော်တပါး ဖြစ်သွား ရပြန်တော့၏။

စာမူကိုကြည့်ရင်း စမ္မရတိဖြစ်ခြင်း

ဆွမ်းစားပြီးနောက်အသင့်စီမံထားသော မော်တော်ကား ဖြင့်ပင်ဆရာတော် ၃-ပါးကို မိမိတို့နေရာသို့ ပို့ပေးသဖြင့် စာရေးသူသည်လည်း ချမ်းသာစွာပင် တည်းခိုရာ ဇမ္ဗူ့မိတ်ဆွေ ကျောင်းသို့ ပြန်ရောက်ခဲ့သည်၊ ကျောင်းသို့ပြန်ရောက်လျှင် အလုပ်ခွင်ဝင်ရတော့မည်၊ သို့သော် မိမိဝင်ရမည့်အလုပ်ခွင်ကား အခြားမဟုတ်ပါ၊ ထူးကြီးဆရာတော် ပို့ထားသော မေဃိယသုတ္တန် ပါဠိတော်ဟောစဉ်စာမူ ၄-တွဲကို စေ့စေ့စပ်စပ် သုံးသပ်ကြည့်ရှုရန် ကိစ္စသာတည်း။

သို့ဖြစ်ရာ ဤစာရေးသူသည် အခိုက်အတန့်မျှ အနားယူပြီးနောက် ထို မေဃိယသုတ္တန် ပါဠိတော်ဟောစဉ် စာအုပ်ကြီးကို ဖတ်ရှုလျက် ဓမ္မရသကို ခံစား ရင်း ပီတိသောမနဿတွေလည်း ဖြစ်လာသည်၊ မေဃိယသုတ္တန်သည်ကား ခုဒ္ဒက နိကာယ် ဥဒါနပါဠိတော် (မေဃိယဝဂ်) ၌ အရှင်မေဃိယကို ဘုရားကိုယ်တော် မြတ် ဟောကြားသော အလုပ်ပေးတရားဖြစ်ပါသည်။

နိကာယ်ကြီး ငါးရပ်ကို ကြည့်ရှုရသကဲ့သို့ဖြစ်ခြင်း

မေဃိယသုတ္တန် မူရင်းပါဠိတော်စာသားမှာ စာမျက်နှာ ၅-မျက်နှာမျှသာ ရှိ၏၊ ကျယ်ကျယ်ဝန်း ဝန်းကြီး ဟောထားသော သုတ္တန်တခုမဟုတ်ပါ၊ သို့ရာတွင် ထူးကြီးဆရာတော်သည် ဤမေဃိယသုတ္တန်ကို ဝိပဿနာရှုနည်းကျမ်း ကြီး တကျမ်းတဖွဲ့ ဟောပြောရာ၌ အခြားနိကာယ်, အခြားအခြားသော သုတ္တန် တို့မှ သက်ဆိုင်ရာ တရားသဘာဝတွေကိုပါထည့်သွင်းဝေဖန်ကာ ရှင်းပြထားသည့် အပြင် ရံခါရံခါ၌ အဋ္ဌကထာ, ဋီကာဖွင့်တို့ဖြင့်လည်း တန်းဆာဆင်ယင် ဟော ထားသည်ကိုလည်း တွေ့ရသဖြင့် စာမူကို ကြည့်ရှုနေခိုက်မှာပင် အဋ္ဌကထာ, ဋီကာနှင့်တကွသော နိကာယ်ကြီးငါးရပ်ကိုပါ ကြည့်ရှုနေရသကဲ့သို့ဖြစ်ပေသည်၊ ထိုသို့ ဖြစ်ရသည်မှာ ထူးကြီး ဆရာတော်၏ ပါဠိ, အဋ္ဌကထာ ကျမ်းကျင်မှု, အဟောအပြော နိုင်နင်းမှုကြောင့်ပေတည်း။

မေဃိယသုတ္တန် ပါဠိတော်ဟောစဉ်၌ တွေ့ရပုံအနေအထား

(၁) အရှင်မေဃိယ ဝိတက် ၃-မျိုး ဝင်ပုံကို အဋ္ဌကထာဖွင့်အရ နည်း ၃-နည်းဖြင့် ရှင်းပြထားသည်၊ (ဤ အချက်နှင့်စပ်လျဉ်း၍ တရားအားထုတ်သောပုဂ္ဂိုလ်များ ဝိတက်ဝင်လာပုံများကို ရှင်းပြထားပုံကား စိတ်ဝင်စားဘွယ် ကောင်းလှသည်။

(၂) ဇာတိဝုတ်ပါဠိတော် စာမျက်နှာ ၂၅၁ တိကနိပါတ် စတုတ္ထဝဂ် အန္ဓကရဏသုတ်ကို ဖော်ထုတ်၍ အကုသလ ဝိတက်၏ အပြစ် ၆-ပါးကိုရှင်းပြပုံ ကလည်းတရားဗဟုသုတတွေ သင်တန်းပေးနေသကဲ့သို့ ဖြစ်သည်။

(၃) ဝိတက်ဖြစ်ခြင်းအကြောင်း တရားများကိုလည်း—သနိဒါနံ ဘိက္ခဝေ ကာမဝိတက္ကောနော အနိဒါနံ-စသောနိဒါနဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ ၃၆၅-ပါဠိတော်ကြီးကို အကိုးသာဓကပြုကာ အကျယ်ဟောပြထားသည်။

(၄) "နို့-ရှင်မေဃိယသာ ဒီလိုဝိတက်ဖြစ်သလား ဆိုတော့ ဘုန်းကြီးတို့ သဗ္ဗညု ဘုရားအလောင်းတော်ကြီးလဲ ဝိတက်တွေ ဖြစ်ပါသေးတယ်၊ အဲဒါကို ဘုန်းကြီးတို့ ဘယ်ကနေပြီးဘာဟောမလဲဆိုတော့ မူလပဏ္ဏာသပါဠိတော် ဒွေဓာ

ဝိတက္ကသုတ်မှ နှိုနိုယူပြီးဟော်မယ်” လို့ စကားပလ္လင်ခံပြီးနောက် အကျယ်ရှင်းပြသွားပုံမှာလည်း ကြည်နူးဘွယ်ဖြစ်၍ ထိရောက်လှပြန်သည်။

ထို့ပြင်လည်း ဝိမုတ္တိပရိပါစနီယတရား ၁၅-ပါးကို တခုစီရသင့်သလောက် ဝေဖန်ခွဲခြားပြပြီးနောက် ရှင်တော်မြတ်က အရှင်မေဃိယအား ဟောကြားအပ်သော—

(၁) ကလျာဏမိတ္တ၊
(၂) သီလ၊
(၃) အဘိသလ္လေခ၊
(၄) ဝီရိယာရမ္ဘ၊
(၅) နိဗ္ဗေဓိကပညာ—

ဟုဆိုအပ်သော ဝိမုတ္တိပရိပါစနီယတရား ၅-ပါးကိုလည်း တပါးစီအကျယ်ချဲ့ပြီး ရှင်းပြထားသည်ကိုလည်း တွေ့ရသည်၊ ထို ၅-ပါးတို့တွင်လည်း အဘိသလ္လေခအရ စိတ်ဝင်စားလာအောင် ဟောပြောရမှုပင် အပ္ပိစ္ဆကထာ, သန္တုဋ္ဌိကထာ, ပဝိဝေကကထာ-စသော ကထာဝတ္ထု ၁၀-မျိုးကို အကျယ်ဝေဖန်၍ ရှင်းပြထားရာ၌လည်း ထူးကြီးဆရာတော်၏ ဒေသနာဉာဏ် ထူးကဲပုံကို ခန့်မှန်းနိုင်သည်သာတည်း။

နိဒါန်းဟူသည်မှာ လမ်းညွှန်ရုံမျှသာဖြစ်၍ မေဃိယသုတ္တန်ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်းကျမ်းကြီးကို အစအဆုံး လေ့လာမှသာလျှင် ထိုကျမ်းကြီး၏ ထူးခြားပုံကို သိရမည်ဖြစ်သောကြောင့် အခန်းတိုင်း၌ ဝါဝင်သောအကြောင်းအရာများကိုကား ဤမျှဖြင့် နိဂုံးချုပ်ရတော့အံ့။

ထူးကြီးပညာရေးသမိုင်း　ဤမေဃိယသုတ္တန် ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်း ကျမ်းစာကို စီစဉ်ဟောပြတော် မူသော ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင် ဝဏ္ဏိတသရသည်ကား ဟောတတ်ကာမျှသာမည်လောက်ဖြင့် ဝိပဿနာနယ်ထဲရောက်လာသော ဓမ္မကထိက မဟုတ်ခဲ့ပေ၊ အဋ္ဌကထာ, ဋီကာနှင့်တကွသော နိကာယ်ကြီးငါးရပ်ကို အထပ်ထပ်မွှေနှောက်ပြီးမှသာ ဓမ္မကထိကအဖြစ် ခံယူခဲ့သော ဆရာတော်တပါးပေတည်း။

နိကာယ်ကြီးငါးရပ်ကို ချောက်ချားနိုင်ရန် ဆရာတော်၏ ပညာရေးသမိုင်းကို လေ့လာရလျှင် ထူးကြီးဆရာတော်သည် ထူးကြီးမြို့ တောင်ပေါ်တိုက်ကျောင်း ဆရာတော် အရှင် **ဝိမလဝံသ** မထေရ်မြတ်ထံတွင် ပရိယတ္တိဓမ္မကို အခြေခံပြီးလျှင် ထိုမှတဖန် ရန်ကုန်မြို့**အရှင်အာဒိစ္စဝံသ**ကျောင်းတိုက်၌ ပါဠိစာပေကို အဆင့်ဆင့်ခွဲခြားလျက် ခေတ်မီသော **နည်းစနစ်ဖြင့်** သင်ကြားခဲ့၏၊ ရှေးခေတ် အရှင်

အာဒိစ္စဝံသကျောင်းတိုက်သည် မြန်မာပြည်၌ ပထမဦးဖြစ်၏၊ ထို့ကြောင့်ပင် အရှင်အာဒိစ္စဝံသကျောင်းတိုက်မှ ပညာရေးမြစ်ဖျားခံလာသော ပုဂ္ဂိုလ်များမှာ တကယ်လူတော်တွေဖြစ်ကြောင်းကိုလည်း ရှေးခေတ် အရှင်အာဒိစ္စဝံသတိုက်သားများဖြစ်သော ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပဌမကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သေဋ္ဌိလ, အရှင်ဝါယာမနှင့် အရှင်ဉာဏိဿရိယကဲ့သို့သော မဟာထေရ်တို့ကပင် အပြည်အဝ သက်သေခံလျက်ရှိပြန်သည်။

ထူးကြီးဆရာတော်သည် ထိုအရှင် အာဒိစ္စဝံသကျောင်းတိုက်၌ ပါဠိအခြေပြု ကျမ်းဂန်များမှအစပြု၍ အထက်အထက်သော ပါဠိကျမ်းဂန်များ သင်ကြားခဲ့ရာ ပရိယတ္တိဝိသာရဒအဖြစ်သို့ရောက်၍ ဂဏဝါစကပုဂ္ဂိုလ်အဖြစ်ဖြင့်စာသင်သားများကိုလည်း စာပေပို့ချပေးခဲ့သည်၊ ထို့နောက် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်မှ "အဘိဓဇမဟာရဋ္ဌဂုရု" မစိုးရိမ် ဆရာတော်ကြီးထံတွင်ရင်း၊ ပခုက္ကူ မဟာဝိသုတာရာမ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒဝံသထံ၌ရင်း၊ အဂ္ဂမဟာပဏ္ဍိတ ပဌာန်းဆရာတော်များထံတွင်ရင်း လိုအပ်သော ဘာသာရပ်များကို လေ့လာခဲ့ကြောင်း သိရှိရ၏။

မြန်မာပြည် ပရိယတ္တိသာသနာဝင်၌ ပခုက္ကူစာသင်တိုက်ကြီးများသည် စာသင်သားလောက၏အမွန်းတင်တက္ကသိုလ်ကြီးများသဖွယ်ဖြစ်ခဲ့သည်၊ ထို့ကြောင့် နောက်ဆုံးအမွန်းတင်အနေဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်ကြီး) ၌လည်း နိကာယ်ကြီးတွေကို ထပ်မံ ဆည်းပူးပြန်သည်၊ ထိုအချိန်၌ ဆရာတော်ဦးနန္ဒဝံသ (ညောင်ဦး) ဆရာတော်ထံမှာ ဓုရင်္ဂါဟ ဆိုဝါရအဖြစ်ဖြင့် စာလိုက်ရသည်၊ ညောင်ဦးဆရာတော် ကွယ်ရာလိုက်ပါပြီး စာဆိုရသောကြောင့် ညောင်ဦးဆရာတော်၏အိမ်တော်ပါတပည့်ကဲ့သို့လည်းဖြစ်နေပြန်သည်။

ပဥ္စနိကာယပါရဂူ အဂ္ဂမဟာ ဓမ္မကထိက

ထိုကဲ့သို့ ဆည်းပူး လေ့လာခဲ့ပြီးနောက် မိမိဆည်းပူးထားသော ပါဠိနိကာယ်ကြီးတွေကို ကမ္မဋ္ဌာနာစရိယအဖြစ် ရှေ့ထားကာ မိမိကိုယ်တိုင်လည်း ယောဂါဝစရအဖြစ်ဖြင့် လက်တွေ့နည်း တရားအားထုတ်ရာတွင်မှ မိမိဉာဏ်၌ ပဋိဘာနအနေဖြင့် ထင်လာမြင်လာသော တရားသဘာဝမှ ရသာတွေကို ဗုဒ္ဓဘာသာဝင်ဒကာ, ဒကာမတို့အား ဖြန့်ချိလိုပြန်သဖြင့် "ပါဠိတော်ဟောစဉ် အလုပ်ပေးတရားတော်များ"ကို ဟောပြတော်မူခဲ့ပြန်သည်။

ထူးကြီးဆရာတော် ဟောပြောသမျှ ပါဠိတော်ဟောစဉ် အလုပ်ပေးတရားများကို ပရိယတ္တိနယ်ထဲမှ ရဟန်းသံဃာတော်များကလည်း မိမိတို့၏ ပရိယတ္တိသင်ကြားရေးကို အကျိုးပြုသည်ဟုယူဆကာ အားပါးတရ လက်ခံကြသည်၊

ပဋ္ဌိပတ္တိနယ်ထဲမှ သူတော်စင်တို့ကလည်း မိမိတို့၏ ပဋ္ဌိပတ္တိလုပ်ငန်းအတွက် အများဆုံး အကူအညီပေးသည်ဟု လက်ခံကြသည်သာတည်း။

သို့စင်မျှ ထူးကဲသော အရည်အသွေးများကို လေးစားသော အားဖြင့် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိအသင်းကြီးကလည်း ထူးကြီးဆရာတော်ကို "ပဋ္ဌနိကာယပါရဂူအဂ္ဂမဟာဓမ္မကထိက"ဘွဲ့ထူးကြီးဖြင့် ဂုဏ်ပြုချီးမြှောက်ခဲ့ကြသည်၊ မြန်မာပြည်၌ သက်တမ်းရင့်၍ အတွေ့အကြုံများသော ပရိယတ္တိအသင်းကြီးတသင်းက ချီးမြှောက်ပူဇော်ထားသော ယင်း "ပဋ္ဌနိကာယပါရဂူ အဂ္ဂမဟာဓမ္မကထိက"ဟူသောဘွဲ့သည်ကား မင်းစိုးရာဇာတို့က ချီးမြှောက်သောဘွဲ့ထက် အဓိပ္ပါယ်ရှိသည်ဟု ဆိုချင်သည်၊ ထို့ကြောင့်ပင် ဤနိဒါန်းရေး ဆရာကလည်း ဤဆိုမည့်ထုထိဝေဒလ္လဂါထာဖြင့် သာယာကြည်နူး ဥဒါန်းကျူးရပြန်သတည်း။

ဂုဏ်ပြုဂါထာ

ထေရော ယော ဂ္ဂမဟာဓမ္မ-
ကထိကော ပါဠိ မုတ္တမံ။
ဝိဒ္ဒါဘျ လတ္ထ သော ကောသိ၊
သော ဟိ ထူးကြီးထိရာသဘော။

ထေရော၊ မပြုံမလဲ ခိုင်မြဲလှစွာ ဂုဏ်သိက္ခာတည့်မတ်လျက် အသိဓာတ် ရင့်ကျက်တော်မူပေသော။ ယောထေရော၊ ဆိုရှယ်လစ်သမ္မတ ရာဇဓာနီ မက္ခာမှီသည့် မြန်မာပြည်ကျော်ကြား အကြင်ဆရာတော်ဘုရားသည်။ ဥတ္တရံ၊ လုပ်ငန်းစဉ်အရ သာဓကဟု ပဓာနအင်္ဂါ မယှဉ်သာအောင် မင်္ဂလာကျက်သရေ ထူးမြတ်လှပေသော။ အဂ္ဂမဟာဓမ္မကထိကောပါဠိံ၊နိကာယ ပါရဂူ ဆရာတဆူ ဝှဲ့ချီးလျက် အဂ္ဂမဟာ ဓမ္မကထိကဟူသော ဘွဲ့ထူးကြီးကို။ ဝိဒ္ဒါဘိ၊ "သာသနာအစ သထုံက"ဟု ဂုဏ်အရကြုံလာသည့် သထုံမှာရှိသမျှ ပရိယတ္တိ သာသနအသင်းဝင် ပညာရှင်တို့ထံမှ။ အလတ္ထ၊ ထင်ပေါ်လျှင် စင်တော်ကကောက် အမြင့်ရောက်အောင် မြှင့်မြှောက်ပူဇော် ဂုဏ်ပေါ်လောက်စေ လက်ခံရရှိတော်မူခဲ့လေပြီ။

သောထေရော၊ အဂ္ဂမဟာဓမ္မကထိက ဘွဲ့ထူးရကျော်ကြား ထိုဆရာတော်ဘုရားသည်။ ကောအသိ၊ ဘယ်မြို့ရွာနေရပ်က အဘယ်ဆရာတော် မြတ်ပင် ဖြစ်လေသနည်း။ဟိ၊ စင်စစ်ကေန် အမှန်အားဖြင့်။ သောထေရော၊ အဂ္ဂမဟာ ဓမ္မကထိက ဘွဲ့ထူးရကျော်ကြား ထိုဆရာတော်ဘုရားသည်ကား။ အာသဘော၊ မရှုံမကြောက် ခြင်္သေ့ဟောက်သို့ မျက်မှောက်ထင်လာ အကြင်ငါဟု ပညာရဲရင့် ပွဲတိုင်းဝင့်ပေသော။ ထူးကြီးထိရာသဘော၊ ဥက္ကလာဇေယျာ မြို့ရှေ့ကို

ဌာနမှ နိကာယပါရဂူ ဆရာတဆူဂုဏ်ဟိတ်ဆောင်သည့် ထိပ်ခေါင်အမြှုတေ ထူးကြီးဆရာတော်ဘုရားပါပေတည်း။

အတုမရှိ ထူးကဲတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် သားကြီး ရတနာဖြစ်သော သာဝကကြီးများကို ရွေးတုန်းကထုံခဲ့သော ဘုန်းကံပါရမီအလျောက် သူ့နေရာနှင့်သူ ရွေးကောက်၍ ဧတဒဂ်ဂုဏ်ထူးဖြင့် မြှောက်စားတော်မူလေ့ရှိခဲ့သည်၊ ထိုတွင် ဗုဒ္ဓရှင်တော်ဘုရားသည် လေးလေးနက်နက် အသက်ဝင်အောင် ဟောပြောရာ၌ မန္တာနီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏမထေရ်ကို အကောင်းဆုံး ဓမ္မကထိကအဖြစ်ဖြင့် ဧတဒဂ်ပေးကာ မြှောက်စားခဲ့၏၊ ဥပမာ, ဥပမေယျတို့ဖြင့် တန်းဆာဆင်လျက် ဆန်းဆန်းကြယ်ကြယ် ဟောပြောရာ၌ကား အရှင်ကုမာရကဿပကို အကောင်းဆုံး ဓမ္မကထိကအနေဖြင့် ဧတဒဂ်ပေးကာ မြှောက်စားတော်မူပြန်သည်။

ထိုနည်းအတူ နိကာယ်ငါးရပ် ပါဠိ, အဋ္ဌကထာများမှ ဆိုင်ရာဆိုင်ရာကို ပိုင်နိုင်စွာ ကောက်နုတ်ဟောကြားနိုင်စွမ်းရှိသော ထူးကြီးဆရာတော်သည်လည်း "ပဉ္စနိကာယပါရဂူ အဂ္ဂမဟာဓမ္မကထိကထေရ" ဟူသော ဘွဲ့တံဆိပ်တော်ကို ရသင့်ရထိုက်သော ဓမ္မကထိကတပါးဟု မှတ်တမ်းတင်ကြပါစို့။

မေဃိယသုတ္တန် ပါဠိတော်ဟောစဉ်မှ အမြတ်ထုတ်နိုင်ရေး — ဤမေဃိယ သုတ္တန် ပါဠိတော်ဟောစဉ် ဝိပဿနာ ရှုနည်းကျမ်းကြီးကို လေ့လာရခြင်းအားဖြင့်—

၁။ တရားဗဟုသုတ ကြွယ်ဝစေနိုင်ခြင်း၊
၂။ ရတနာသုံးပါးကို တန်ဘိုးထား၍ ကြည်ညိုတတ်ခြင်း၊
၃။ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးအပေါ်၌ သဘာဝဆိုက်အောင် ရှုမြင်သုံးသပ်နိုင်ခြင်း၊
၄။ ယောဂါဝစရသင်တန်း တက်နေသကဲ့သို့ဖြစ်ခြင်း၊
၅။ ဂန္ထကာရက ပုဂ္ဂိုလ်များ အနေဖြင့် ပရိယတ်, ပဋိပတ်အရာ၌ သုတေသနပြု မှီငြမ်းပြုနိုင်ခြင်း—

အစရှိသော ဓမ္မရေးရာနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်များကို ရရှိနိုင်မည် ဖြစ်ပါသောကြောင့် အာသာဝတီ နွယ်နီနတ်ပန်းပမာ မြော်ငံ့တုန်း ထွက်ပေါ်လာသော ဤမေဃိယသုတ္တန် ပါဠိတော်ဟောစဉ် ဝိပဿနာ ရှုနည်းကျမ်းစာကို ဝမ်းသာစွာကြိုဆိုလျက် အပြုသဘော အခြေခံသည့် ဝေဖန်ဆန်းစစ်မှုမျိုးဖြင့် ကြည့်ရှုလေ့လာကြပါရန် ဤနိဒါန်း ရေးဆရာတော်က ဖော်ပြလတ့် ဖြစ်သော နိဂုမ်းချုပ် အာသီသဂါထာဖြင့် အမှာလွှာ တင်ပြလိုက်ရပါကြောင်း။

မိတ်ဆက်သာရဏီယကထာ

အာသီသ

ဒိဝိ မေဃိယသုတ္တန္တ-
ကထာ ထူးကြီးဝိပဿနာ။
အာသာပုပ္ဖံ ယထုပ္ပဇ္ဇိ၊
တ ပဿန္တု ဝိပဿိနော။

နတ်ပန်းပမာ ပွင့်ပေါ်လာ

ဒိဝိ၊ ကုသိုလ်အမျိုး ဖွံ့ဖြိုးလာချိန် သမ္ဘာထိန်သည့် ဝတီ နတ်နန်း ဘုံစခန်း၌။ အာသာပုပ္ဖံ၊ အနှစ်တရာ အချိန်ကြာမှ တကြိမ်သာ ပွင့်ပေါ်သဖြင့် လင့်မြှော်ကြရာ အာသာဝတီ နွယ်နီပွင့်ဆိုင် နတ်ပန်းခိုင်သည်။ ဥပ္ပဇ္ဇိယထာ၊ ဝတီ နတ်များ တန်မနားပဲ ငံ့စားနေခိုက် အခါကြုံကိုက်၍ အလိုက်သိစွာ ဖြစ်ပေါ်လာသကဲ့သို့။ မေဃိယသုတ္တန္တကထာ၊ မေဃိယသုတ္တန်ကို တပုဒ်မကျန်စိတ်ခြယ်လျက် အဓိပ္ပါယ်မဟာရဘို့ သဘာဝအမှန် ဆိုက်အောင် ဉာဏ်၌သက်ဝင် ရှုကွက်တင်ဟောပြောရာဖြစ်ပေသော။ ထူးကြီး ဝိပဿနာ၊ ကိုယ်ပိုင်ဝါဒ အယူအဆသစ်မကြံပဲ အဖြစ်မှန်တွေစုစည်းသည့် ထူးကြီး ဝိပဿနာ၊ဤအလုပ်ပေးကျမ်းစာကြီးသည်လည်း။ ဥပ္ပဇ္ဇိ၊ လူရှင်အများ ငံ့စား နေခိုက် အခါကြုံကိုက်၍ အလိုက်သိစွာ ဖြစ်ပေါ်လာခဲ့လေပြီ။

ဉာဏ်၌ ထင်စေ ကြည့်ရှုလေ

တံ၊ ယခုထွက်လာ အသက်ပါသည့် လက်ယာမဆွဲ လက်ဝဲ မရောက် မှတ်လောက်စရာ လွန်စွာမြားမြောင် ဤဝိပဿနာ ရှုနည်းကျမ်း စာစောင်ကို။ ဝိပဿိနော၊ ခဏမစဲ အမြဲ ဖြစ်ပျက် အသက်ဆက်သည့် ဖြစ်ပျက်မှုအသင်္ချေ ရုပ်နာမ်တွေရှိသမျှကို အတိ အကျအမှန်ထင်အောင် ဉာဏ်တွင်စွဲထုံ ရှုမြင်လေ့ရှိကြပေကုန်သော။ ဝိပဿိနော၊ ဗုဒ္ဓဘာသာဝင် ဆိုင်းဘုတ်တင်အမည်ခံ ပြည်တန်သည့်ကျောက် ဆိုလောက် ပေငြား လူတန်းစား အသီးသီး အမျိုးကောင်းသား, အမျိုးကောင်းသမီး တို့သည်။ ပဿန္တု၊ အပြုသဘော အခြေခံလျက် ဝေဖန်ဆန်းစစ် အပြစ်မပြု သိမှုရှာဖွေ ကြည့်ရှုနိုင်ကြပါစေသတည်း။

အရှင် စန္ဒဇောတိမဟာထေရ်
ပိဋကတ္တယဝိသာရဒ ဓမ္မာစရိယ
မလှိုင်။

ထုတ်ဝေသူ၏ ပန်ကြားချက်

ဤမေဃိယသုတ္တန် ပါဠိတော်ပေါ်စဉ် ဝိပဿနာကျမ်းကြီးသည် နိဒါန်းပါ အချက်အလက်များအရ ဝါကျနှင့်စာသား ကောင်းမွန်လှပစေရန် အချိန်ယူကာ တွေးတောကြံဆ စီစဉ်ရေးသားရသော ကျမ်းစာမဟုတ်မူ၍ တရားနာ ပရိသတ်ဓမ္မယောဂီပုဂ္ဂိုလ်များ အထူးနားလည် သဘောပေါက်မိစေရန် ကျေးဇူးရှင် ထူးကြီးဆရာတော်ဘုရား၏ နှုတ်ဖြင့် အလွတ် ဟောကြားထားသည့် ပါဠိတော် ဟောစဉ် တိတ်ကြိုးခွေများမှ ကူးယူပုံနှိပ်ထားသော ကျမ်းစာဖြစ်ခြင်းကြောင့်—

၁။ ပါရှိပြီး ပါဠိမြန်မာ အဓိပ္ပါယ်စကားရပ်များ ထပ်တလဲလဲ ပါရှိခဲ့လျှင်သော်ရှင်း၊

၂။ အကြောင်းအရာ တခုခုကိုစွဲ၍ တိုတိုဟောရမည့်နေရာ၌ ရှည်ရှည် ဟောကြားချက်များ ပါရှိခဲ့လျှင်သော်ရှင်း၊

၃။ ဆိုလိုရင်းအဓိပ္ပါယ် မပျက်သော်လည်း သဒ္ဒါရေးအားဖြင့် ချွတ်ချော်မှုများ တွေ့ရှိခဲ့လျှင်သော်ရှင်း၊

၄။ သရုပ် (အရေအတွက်) အစဉ်များကို တခုစီရှင်းလင်း ဟောကြားရာ၌ မတော်တဆ ကြွင်းကျန်မှု, ရှေ့နောက် အစဉ်မကျမှုများ တွေ့ရှိခဲ့လျှင်သော်ရှင်း၊

၅။ တခါတရံ အနုသန္ဓေစကား အဆက်အစပ်မရှိပဲ ဟောကြားထားသည်ကို တွေ့ရှိခဲ့လျှင်သော်ရှင်း၊

၆။ တခါတရံ စကားစပ်မိ၍ ဝိပဿနာနှင့် မသက်ဆိုင်သော သဒ္ဒါရေး အားဖြင့် ရှင်းလင်းဟောကြားချက်, ကျမ်းဂန် တခုနှင့်တခု ညှိနှိုင်းဟောကြားချက်များကို တွေ့ရှိခဲ့လျှင်သော်ရှင်း—

ဤကျမ်းစာဖတ်ရှုသူ ဓမ္မယောဂီမိတ်ဆွေများက တညစီ တညစီ ဟောကြားသော ဝိပဿနာတရားတော်အသံကို နာခံမှတ်သား နေရဘိသကဲ့သို့ စိတ်တွင်စွဲမှတ်၍ အဆိုပါ ချို့ယွင်းချက်များကို ခွင့်ပြုကြပါရန် မေတ္တာဖြင့် ပန်ကြားအပ်ပါသည်။

ဤမေဃိယသုတ္တန် ပါဠိတော်ဟောစဉ်ကျမ်း၌ ကိုးကားသော ကျမ်းများ

၁	ပါရာဇိကဏ်	ပါဠိတော်	၁၃	အင်္ဂုတ္တိုရ်-ကေ-တိက-စတုက္က	။
၂	ပရိဝါ	။	၁၄	အင်္ဂုတ္တိုရ်-ပဉ္စက-ဆက္က-သတ္တက	။
၃	သီလက္ခန်	။	၁၅	အင်္ဂုတ္တိုရ်-အဋ္ဌက-နဝက-ဒသက	။
၄	သုတ်မဟာဝါ	။	၁၆	ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက,	
၅	သုတ်ပါထေယျ	။		သုတ္တနိပါတ	။
၆	ဝိဘင်း	။	၁၇	ထေရဂါထာ	။
၇	မူလပဏ္ဏာသ	။	၁၈	အပဒါန် (ဒုတိယ)	။
၈	မဇ္ဈိမပဏ္ဏာသ	။	၁၉	မဟာနိဒ္ဒေသ	။
၉	ဥပရိပဏ္ဏာသ	။	၂၀	စူဠနိဒ္ဒေသ	။
၁၀	သဂါထာနှင့် နိဒါနဝဂ္ဂ	။	၂၁	ဇာတက (ပဌမ)	။
၁၁	ခန္ဓဝဂ္ဂသံယုတ်	။	၂၂	ပဋိသမ္ဘိဒါမဂ္ဂ	။
၁၂	မဟာဝဂ္ဂသံယုတ်	။	၂၃	နေတ္တိ	။
				၂၃-ကျမ်း။ ၂၃-အုပ်	။

၁	သီလက္ခန်	အဋ္ဌကထာ	၁၅-၁၆	ဓမ္မပဒ အဋ္ဌကထာ	ပ-ဒု
၂	မဟာဝဂ္ဂ	။	၁၇	ဥဒါန ။	
၃	ပါထိကဝဂ္ဂ	။	၁၈	ဣတိဝုတ္တက ။	
၄	သမ္မောဟဝိနောဒနီ	။	၁၉	သုတ္တနိပါတ	ပဌမ
၅	ပဉ္စပကရဏ	။	၂၀	ဝိမာနဝတ္ထု အဋ္ဌကထာ	
၆	မူလပဏ္ဏာသ (ပဌမ)	။	၂၁	ပဋိသမ္ဘိဒါမဂ္ဂ ။	
၇	။ (ဒုတိယ)	။	၂၂-၂၃	ဝိသုဒ္ဓိမဂ်	ပ-ဒု
၈	ဥပရိပဏ္ဏာသ	။	၂၄	ထေရဂါထာ	။
၉	သဂါထာဝဂ္ဂသံယုတ္တ	။	၂၅-၂၇	ဇာတက	ပ-ဒု-တ
၁၀	နိဒါနဝဂ္ဂသံယုတ္တ	။	၂၈	စူဠနိဒ္ဒေသ	။
၁၁	မဟာဝဂ္ဂသံယုတ္တ	။		ပေါင်း ၂၈-အုပ်	
၁၂-၁၄	အင်္ဂုတ္တိုရ် ပ-ဒု-တ-				

၁	သာရတ္ထ ဒီပနီဋီကာ		၄	ဝိဘင်္ဂမူလဋီကာ	
၂	ဝဇိရဗုဒ္ဓိ	။	၅	အင်္ဂုတ္တရ ဋီကာ	တတိယ
၃	မဟာဝဂ္ဂ	။	၆	ဝိနယာ လင်္ကာရဋီကာ	။

၁	တိပိဋကပါဠိမြန်မာ-အဘိဓာန်အတွဲ (၇)	၃	ပါဠိအဘိဓာန်ကျမ်း	
၂	ဝဏ္ဏဗောဓနနယသတ်အင်း	၄	မဟာဗုဒ္ဓဝင်	စတုတ္ထတွဲ

မေဃိယသုတ္တန် ပါဠိတော်ဟောစဉ်

ဝိပဿနာရှုနည်းကျမ်း

ပထမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၅–ရက်၊ ရန်ကုန်မြို့ ကျိုက်ဒေးအတ် ဘိုတထောင် စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်းလုပ်သားများ စုပေါင်းဆောက်လုပ်ကြတဲ့ ဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် "ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်"၌ လာသော မေဃိယသုတ္တန် တရားဒေသနာ။

ဘုရားရှိခိုးခြင်း ၎င်းသုတ္တန် တရား ဒေသနာတော်ကို ရှင်မေဃိယ ကို အကြောင်းပြုပြီးတော့ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို တရားဟော တရားနာပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် တရားဟောကြရမှာ တရားနာကြရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ မေဃိယသုတ္တန် တရားဒေသနာတော်ကို ဟောကြားတော်မူခဲ့သည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကျေးဇူးတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အာရုံပြုပြီးတော့ တရားနာကြတဲ့

အမျိုးကောင်းသား အမျိုးကောင်းသမီးများ သဗ္ဗညုရှင်တော်မြတ်ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေ။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"။ (သုံးကြိမ်)

* အရ-ဟတော၊ တထောင့်ငါးရာ ကိလေသာရန်သူတို့မှကင်းတော်မူတတ်ပါပေထသော။
* အရ-ဟတော၊ တထောင့်ငါးရာ ကိလေသာရန်သူတို့ကို အောင်တော်မူနိုင်တော်မူ သတ်တော်မူတတ်ပါပေထသော။
* အရ-ဟတော၊ သံသရာစက်၏ အကန့်အကွက် အချက်အချာ အဝိဇ္ဇာ တဏှာ စသော တရားတို့ဦးစီးတဲ့ သံသရာစက်တို့ကိုဖျက်ဆီးတော်မူတတ်ပါပေထသော။
* အရဟတော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ယူဒါန်းဘွယ်ရာ ပစ္စည်းလေးဖြာနှင့်တကွ အရိုအသေပြုခြင်း, အလေးအမြတ်ပြုခြင်း, မှီဝဲခြင်း, ဆည်းကပ်ခြင်း, အားကိုးအားထားပြုခြင်းတို့ကို ခံယူခြင်းငှာ ထိုက်တော်မူပါပေထသော။
* အ-ရဟတော၊ ဆိတ်ကွယ်ရာအရပ်၌ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ဖြင့် မကောင်းမှုမှန်သမျှကို ပြုတော်မမူတတ်ပါပေထသော၊ ပြောတော်မမူတတ်ပါပေထသော၊ ကြံစည်တော်မမူတတ်ပါပေထသော။
* သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ-ဟု ဆိုအပ်သော သစ္စာလေးပါး တရားတော်မြတ်ကို ကိုယ်တော်တိုင် သာလျှင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူတတ်ပါပေထသော။
* ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-မည်ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူပါပေထသော။
* ဘဿ-တာဒိသဿ၊ လောကဓံမလေ့ မုန်တိုင်းဝှေ့လည်း မရွေ့မယိုင် မကျောက်စာတိုင်သို့ ခိုင်ခံ့သော တာဒိဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေတသော ထိုဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်အား။
* အမှာကံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ဖြစ်ကြကုန်သော ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။

* နမော၊ တရားဟော တရားနာ ဘေးရန်ကွာ၍ အန္တရာယ်ကင်းခြင်း, ဟောလိုသောတရားတော်၏, နာယူမှတ်သား၍ ပွားများအားထုတ်လတ္တံ့ဖြစ်သော တရားတော်မြတ်၏ အရဟတ္တဖိုလ်ပေါက် အပြီးအဆုံးသို့ရောက်ပါစေခြင်းငှာ ကိုယ် နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

* အတ္ထု၊ ကောင်းစွာမသေ့ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်ပါဠိတော်ဟောစဉ်

အရှင်မေဃိယမထေရ်ကို တရားဟောတော်မူခြင်း ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မေဃိယသုတ္တန်ကိုဟောမယ်လို့ဆိုတော့ ရှင်မေဃိယအတွက် ဘယ်လိုဂါထာကလေး စ–ထားသလဲလို့ဆိုတော့ ဓမ္မပဒပါဠိတော် စိတ္တဝဂ် မေဃိယတ္ထေရဝတ္ထုမှာ–

ဖန္ဒနံ စပလံ စိတ္တံ၊ ဒူရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။
ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတ ဥဗ္ဘတော။
ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။

လို့ **ဒီလို**ဟောထားတယ်။

ဣတိ– ဣမံ ဓမ္မဒေသနံ၊ ဤယခုရွတ်ခဲ့တဲ့ ဂါထာနှစ်ပုဒ်ဟု ဆိုအပ်သော **တရားဒေသနာတော်ကို**။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ စာလိကာယံ၊ စာလိကာပြည်၌။ စာလိကပဗ္ဗတေ၊ စာလိကတောင်၌။ **ဝိဟရန္တော**၊ သီတင်းသုံး နေတော်မူစဉ်။ အာယသ္မန္တံ မေဃိယံ၊ **အရှင်မေဃိယကို**။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောကြားတော်မူလေတော့၏။

အခု ဘုန်းကြီးရွတ်လိုက်တဲ့ "ဖန္ဒနံ စပလံ စိတ္တံ၊ ဒူရက္ခံ ဒုန္နိဝါရယံ" စတဲ့ ဂါထာနှစ်ပုဒ် ဒေသနာတော်ကို သဗ္ဗညုရှင်ဘုရားမြတ်ဘုရားသည် စာလိကာပြည် စာလိကတောင်၌ သီတင်းသုံးနေတော်မူစဉ် အခါမှာ မြတ်စွာဘုရားရဲ့ အလုပ်အကျွေး ဖြစ်တော်မူတဲ့ ရှင်မေဃိယမထေရ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

ဒီနေရာမှာ အဋ္ဌကထာဆရာက "သဗ္ဗံ မေဃိယ သုတ္တံ ဝိတ္ထာရေတဗ္ဗံ"လို့ ပြတယ်၊ သဗ္ဗံ၊ အလုံးစုံသော။ မေဃိယသုတ္တံ၊ မေဃိယသုတ်တော်ကြီးကို။ ဝိတ္ထာရေတဗ္ဗံ၊ အကျယ်ချဲ့၍ ဟောအပ်၏။ ဒီနေရာမှာ မေဃိယသုတ်ကို အကျယ်ချဲ့ပြီးတော့ ဟောတော့–တဲ့။

မေဃိယသုတ္တန်ဖြစ်ပေါ်ပုံ

ဒီတော့ ဖြေးဖြေးလေးပြန်ပြောမယ်–အကြောင်းကို၊ ဒီ–မေဃိယသုတ်ဆိုတာ ဘယ်ကလာခဲ့တဲ့သုတ္တန်လဲ၊ ရှင်မေဃိယဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ အဲဒါလေးကို ဘုန်းကြီးတို့ ပရိသတ် သိထားဘို့လိုတယ်၊ ဘယ်လောက်များ ဒီ ပညာပါရမီတွေကို ဖြည့်ကျင့်ဆည်းပူးခဲ့သလဲလို့ ဆိုတော့ မေဃိယရဲ့ ထေရာပဒါန်ကို၊ သို့မဟုတ် ထေရဂါထာကိုပြန်ပြီးတော့ကြည့်ယင်–

အဋ္ဌကထာက–ဒီ ရှင်မေဃိယအလောင်းဟာ ကိုးဆယ့်တကမ္ဘာ ထက်က အရှင်ဝိပဿီမြတ်စွာဘုရားရယ်လို့ ပွင့်တော်မူပါတယ်တဲ့၊ အဲဒီ ဝိပဿီမြတ်စွာ ဘုရား ပွင့်တော်မူပြီးလို့ ပရိနိဗ္ဗာန် စံလွန်တော်မူတဲ့အခါမှာ ဝိပဿီမြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့ အကြောင်းကို တသောင်းသော စကြဝဠာ တိုက်က နတ်ပြဟ္မာအပေါင်းတွေ အားလုံးကြွေးကြော်ကြတယ်၊ ဝိပဿီမြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ခန္ဓပရိနိဗ္ဗာန် စံတော်မူပြီလို့ ဆိုတဲ့အကြောင်းကို ကြွေးကြော်ကြတယ်၊ လူတွေကလဲ အုတ်အုတ်ကျက်ကျက်နဲ့ "မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီ"လို့ ဒီလိုဘဲ ကြွေးကြော်ပြီးတော့ နေကြတယ်၊ နတ်တွေကလဲ ကြွေးကြော်ကြတယ်။

မရဏာသဘော ဘုရားသော်မှ မလွန်ဆန်နိုင်

အဲဒီလို လူတွေ နတ်တွေ ကြွေးကြော်တဲ့အသံကို အမျိုးကောင်းသား တယောက်က ကြားတယ်၊ "ဩော်–ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားပြီတဲ့၊ အားတော်ဆယ်တန်, ဉာဏ်တော်ဆယ်ပါးနဲ့ ပြည့်စုံပြီးတော့ သီလဂုဏ်ကျေးဇူးတော်အားဖြင့်လည်း တစုံတယောက်သော ပုဂ္ဂိုလ်နဲ့တူတော်မမူ၊ သမာဓိဂုဏ်ကျေးဇူးအားဖြင့်လည်း တစုံတယောက်သော ပုဂ္ဂိုလ်နဲ့တူတော်မမူ၊ ပညာဂုဏ်ကျေးဇူးအားဖြင့်လည်း တစုံတယောက်သော ပုဂ္ဂိုလ်နဲ့တူတော်မမူ၊ ဘုန်းတန်ခိုးအာနုဘော်အားဖြင့်လည်း တစုံတယောက်သော ပုဂ္ဂိုလ်နှင့်တူတော်မမူ၊ပါရမီအင်အား အထူးအထယ်အားဖြင့်လည်းတစုံတယောက်သော ပုဂ္ဂိုလ်နဲ့ တူတော်မမူ၊ အလွန်အကြူး အထူးတလည် သာလွန်မြင့်မြတ်တော်မူလှတဲ့

အတုမရှိ အနုတ္တရ ဗုဒ္ဓမြတ်စွာသော်မှ ပရိနိဗ္ဗာန်ပြုရသေးတယ်ဆိုယင် သူရော ငါပါ သတ္တဝါမှန်သမျှ မရဏာသဘော မလွန်ဆန်နိုင်ဘဲနဲ့ သေကြေပျက် ပျောက်ရမှာပါကလား”လို့ ဆိုတဲ့ သံဝေဂကလေး တကြိမ်ရခဲ့ဘူးပါတယ်တဲ့။

ပီးတော့မှ မေဃိယထေရ်ရဲ့ အလောင်းတော်ဟာ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကို ကြားနာရ၍ ရှိသေလေးစားသော စိတ်ထားရှိပြီး နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို ခံစားခဲ့ရပါတယ်၊ဒီအကြောင်းကို အဋ္ဌကထာက-

တံ သုတွာ မဟာဇနော သံဝေဂပ္ပတ္တော အဟောသိ တတ္ထာယံ ကုလပုတ္တော ဗုဒ္ဓါနုဘာဝံ သုတွာ သတ္ထရိ သဥ္စာတဂါရဝ ဗဟုမာနော ဥဠာရံ ပီတိသောမနဿံ ပဋိသံဝေဒေသိ။

လို့ ဖော်ပြခဲ့ပါတယ်။ (ထေရဂါထာ အဋ္ဌကထာ၊ ပ–အုပ်၊ နှာ–၁၇၇)

သံဝေဂ တကြိမ်မျှသာ ဖြစ်ဘူးသည့် အကျိုးတရား ဒါ မေဃိယထေရဂါထာ ပါဠိတော်ကို ဖွင့်တဲ့ အဋ္ဌကထာက ပြောထားတယ်၊ အဲဒါလောက်ပဲ သူ့ရဲ့ကုသိုလ်ပါရမီရှိတယ်၊ ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတယ်ဆိုတဲ့ သတင်းကိုကြားလို့ “ဪ–ဒါလောက် ဘုန်းတန်ခိုး အာနုဘော်နဲ့ပြည့်စုံတဲ့ ဘုရားသော်မှ ပရိနိဗ္ဗာန် စံရပါသေးကလား၊ ဒို့လို သူတကာတွေဟာ အဘယ်မှာ ပြောဘွယ်ရှိတော့မလဲ၊ သေရအုံးမှာပါကလား”လို့ သံဝေဂတကြိမ် ဖြစ်ခဲ့ဘူးပါတယ်တဲ့၊ အဲဒီသံဝေဂကလေး ဖြစ်တဲ့ကုသိုလ်နဲ့ဘဲ ကြည့်စမ်း–သံသရာတလျှောက်လုံး အပါယ်လေးပါးကို မလားရ မရောက်ရဘဲနဲ့ ဘုန်းကြီးတို့ မြတ်စွာဘုရား ပွင့်ကော်မူတဲ့ အခါကာလကျတော့ သာကီဝင်မင်းမျိုး လာပြီးတော့ဖြစ်ပါတယ်တဲ့၊ သူ့နာမယ် မေဃိယတဲ့။

အလုပ်အကျွေး ရဟန်းဖြစ်ခြင်း ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကလဲ သာကီဝင်မင်းမျိုးမှ ဘုရားဖြစ်တော်မူတော့ သာကီဝင်မင်းတွေ ရဟန်းပြုကြတဲ့အခါမှာ မေဃိယလဲ ပါသွားတယ်၊ အဲဒီ မေဃိယပါသွားတော့ မေဃိယရဟန်းပေါ့၊ ရဟန်းဖြစ်သွားပြီ၊ ဟိုတုန်းကရခဲ့တဲ့ သံဝေဂအထောက်အပံ့ကလေးနဲ့။

အလုပ်အကျွေး ရဟန်းများ မြတ်စွာဘုရားမှာ ဝါနှစ်ဆယ်အတွင်းပေါ့လေ ပထမဗောဓိလို့ ခေါ်တယ်၊ အဲဒီ ဝါနှစ်ဆယ် မပြည့်သေးခင်မှာ အလုပ်အကျွေးရဟန်း အမြဲခန့်ထားတာ မရှိဘူး၊ ဘုန်းကြီးတို့ အရှင်အာနန္ဒာကို မြတ်စွာဘုရားက အလုပ်အကျွေးရာထူး ပေးတယ်လို့ဆိုတာ

ဝါတော်နှစ်ဆယ်ကျမှ အရှင်အာနန္ဒာဟာ မြတ်စွာဘုရားကို အမြဲတမ်းအလုပ်အကျွေး လုပ်ရတယ်၊ ဝါနှစ်ဆယ်မပြည့်ခင် အတောအတွင်းမှာ မြတ်စွာဘုရားကို အမြဲတမ်းလုပ်ကျွေးနေတဲ့ ပုဂ္ဂိုလ်ရယ်လို့မရှိဘူး။

> တခါတရံမှာ အရှင်နာဂသမာလမထေရ်က လုပ်ကျွေးတယ်၊ တခါတရံမှာ ရှင်နာဂိတမထေရ်က လုပ်ကျွေးတယ်၊ တခါတရံမှာတော့ အရှင်သာရိပုတ္တရာ၏ညီ စုန္ဒသာမဏေက လုပ်ကျွေးတယ်၊ တခါတရံမှာ အရှင်ဥပဝါဏမထေရ်၊ တခါတရံမှာ သုနက္ခတ္တရဟန်းက လုပ်ကျွေးတယ်၊ တခါတရံမှာတော့ ဟောဒီ အရှင်မေဃိယမထေရ်က အလုပ်အကျွေးရဟန်း ပြုလုပ်ရတယ်။

အဲ-ခုအချိန်ကတော့ အရှင်မေဃိယမထေရ် အလုပ်အကျွေးပြုနေတဲ့အခါ မြတ်စွာဘုရားနောက်က သပိတ်သင်္ကန်းကို ထမ်းပြီးတော့ အမြဲတမ်း ရှင်မေဃိယမထေရ်က မြတ်စွာဘုရားကို အလုပ်အကျွေးပြုတယ်၊ ဝတ်ကြီးဝတ်ငယ် ပြုနေရတယ်။

ဝတ်ကြီးဝတ်ငယ် ပြုတယ်ဆိုတာ မြတ်စွာဘုရားကို သင်္ကန်းတန် သင်္ကန်းယူပေးရတယ်၊ မြတ်စွာဘုရား နေတဲ့နေရာမှာ တံမြက်စည်းလှည်းပေးရတယ်၊ မြတ်စွာဘုရားကို နံနက်စောစောထပြီးတော့ မျက်နှာသစ်ဖို့ ရေကပ်ရတယ်၊ ဒန်ပူကပ်ရတယ်၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးဘို့ရန်အတွက် အစစအရာရာ အကုန်လုံး ပြုပြင်စီမံပြီးတော့ ပေးရတယ်။

မြတ်စွာဘုရား တဆယ့်သုံးဝါမြောက်တဲ့ အခါကာလကျတော့ အရှင်မေဃိယက လုပ်ကျွေးနေတယ်၊ လုပ်ကျွေးတော့ ဘယ်ရောက်နေကြသလဲဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နဲ့တကွ အဲဒီရှင်မေဃိယတို့ဟာ စာလိကာမြို့ စာလိကတောင်မှာ သီတင်းသုံးနေတဲ့အချိန် ဖြစ်ပါတယ်။

စာလိကတောင်မှာ သီတင်းသုံးနေတဲ့အခါဆိုတော့ ဟော....''သမ္ဗုံ မေဃိယ-သုတ္တံ ဝိတ္ထာရေတဗ္ဗံ''လို့ဆိုတဲ့ အဋ္ဌကထာစကားအရ မေဃိယသုတ်ကို အကျယ်ချဲ့ပြီးတော့ ဒီနေရာမှာ အကုန်လုံးဟောရမယ်၊ ဘုန်းကြီးထင်ပါတယ်-ဒီ မေဃိယသုတ်ကို ဘယ်လောက်ဟောရမလဲလို့ဆိုတော့ သီတင်းကျွတ်ထိအောင် ဟောရလိမ့်မယ်။

မေဃိယသုတ္တန်တခုထဲနဲ့ ဆယ့်သုံးပတ်လောက် ဟောရပါလိမ့်မယ်၊ ဒါကြောင့် ဒီကနေ့ည မေဃိယသုတ္တန်ကို စ-ပြီးတော့ ပထမပိုင်းအနေနဲ့ ဟောကြစို့၊

မေဃိယသုတ္တန်ရဲ့ အကြောင်းအတ္ထုပ္ပတ္တိကိုလဲ နည်းနည်းပါးပါး ပြောပြီးပြီ ဟုတ်လား၊ ဒါ–ဘုန်းကြီး သိပ်ပြီးတော့ မပြောဘူး၊ မေဃိယသုတ္တန်ကို မြန်မြန် ရောက်အောင် အကျဉ်းချုပ် ပြောလာခဲ့တာဖြစ်တယ်။

ဧကံ သမယံ ဘဂဝါ စာလိကာယံ ဝိဟရတိ စာလိကေ ပဗ္ဗတေ[၁]။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ စာလိကာယံ၊ စာလိကာမြို့၌။ စာလိကေ ပဗ္ဗတေ၊ စာလိကတောင်၌။ ဝိဟရတိ၊ မျှတစွာရှင်ပြုံး သီတင်းသုံးနေတော်မူပါပေ၏။

စာလိကာမြို့နှင့် စာလိကတောင်မည်ပုံ အဋ္ဌကထာဆရာတော်က စာလိကာမြို့မည်ပုံ[၂], စာလိကတောင်မည်ပုံ[၃] တွေကိုတော့ဖြင့် ဘာ့ကြောင့် စာလိကာမြို့လို့ ခေါ်တယ်၊ ဘာ့ကြောင့် စာလိကတောင်လို့ ခေါ်သလဲဆိုတာတော့ အဋ္ဌကထာက ပြောထားတယ်၊ အဓိပ္ပါယ်က ဒီတောင်ကို အဝေးကနေ ကြည့်လိုက်မယ်ဆိုယင် အလျှံတွေ တပြောင်ပြောင်တောက်ပြီးတော့ တခါထဲ လှုပ်လှုပ် လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်နေတယ်၊ ဒီလိုဖြစ်နေတယ်–ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့၊ အဲဒါကြောင့် ဒီတောင်ကို စာလိကတောင်လို့ ခေါ်ပါတယ်လို့ အဋ္ဌကထာဆရာတော်က ဒီလို ပြောတယ်၊ လပြည့်နေ့မှာလဲ ကြည့်လိုက်လို့ ရှိယင် တောင်က ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ တခါထဲလှုပ်ပြီးတော့ နေတယ်လို့ကို ထင်ရတယ်၊ (ဘုန်းကြီးတို့ ဟိုကျောက်ဆည်တို့ ဘာတို့ အနားမှာရှိတဲ့ တောင်တွေလို ထင်ပါရဲ့-ဟုတ်လား) လက်လက် လက်လက်နဲ့ ဒီလိုနေတဲ့ တောင်ကိုး–အဲဒါကြောင့် စာလိကတောင်လို့ဆိုတယ်။

အဲဒီ စာလိကတောင်မှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့အခါ–

တေန ခေါ ပန သမယေန အာယသ္မာ မေဃိယော
ဘဂဝတော ဥပဋ္ဌာကော ဟောတိ။

၁။ ဥဒါန်းပါဠိတော်၊ စာမျက်နှာ-၁၁၆။

၂။ တုန်လှုပ်သောလမ်း, တုန်လှုပ်သောရွှံ့ညွန်ကို အမှီပြုတည်ထားသည်ဖြစ်၍ တုန်လှုပ်သကဲ့သို့ ထင်ရသောကြောင့် စာလိကာမြို့ဟု တွင်သည်။

၃။ စာလိကာမြို့အနီး၌ တည်ရှိသောကြောင့်ရင်း, တတောင်လုံး ဖွေးဖွေး နေသည်ဖြစ်၍ တုန်လှုပ်သကဲ့သို့ ထင်ရသောကြောင့်ရင်း စာလိကတောင်ဟု တွင်သည်။ (တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ–၇၊ စာမျက်နှာ–၃၂၀)

တေန ခေါ ပန သမယေန၊ ထိုသို့ မြတ်စွာဘုရား **စာလိကာတောင်**မှာ သီတင်းသုံးနေတော်မူစဉ် အခါကာလ၌။ အာယသ္မာ မေဃိယော၊ **အရှင်မေဃိယသည်**။ ဘဂဝတော၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် **ကိုယ်တော်မြတ်၏**။ ဥပဋ္ဌာကော၊ အလုပ်အကျွေးဖြစ်သော ရဟန်းသည်။ **ဟောတိ**၊ ဖြစ်လေတော့၏။

ဒီအခါမှာ အရှင်မေဃိယမထေရ်က မြတ်စွာဘုရားရဲ့ အလုပ်အကျွေး ပါတဲ့။

အရှင်မေဃိယ ဘုရားအား လျှောက်ထားခြင်း အထ ခေါ အာယသ္မာ မေဃိယော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတော ခေါ အာယသ္မာ မေဃိယော ဘဂဝန္တံ ဧတ ဒဝေါစ။

အထခေါ၊ ထိုအခါ၌။ အာယသ္မာ မေဃိယော၊ **အရှင်မေဃိယသည်**။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အတ္ထိ၊ သီတင်းသုံးနေလျက် ရှိနေတော်မူ၏။ တေန၊ ထိုသဗ္ဗညုရှင်တော်မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်ရောက်၍ သွားလေတော့၏။

ဥပသင်္ကမိတွာ၊ မြတ်စွာဘုရား၏ အနီးအပါးသို့ ချဉ်းကပ်ပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ အဋ္ဌာသိ၊ ရပ်တည်နေတော့၏။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌ ။ဌိတောခေါ၊ ရပ်ပြီးသော။ အာယသ္မာမေဃိယော၊ အရှင်မေဃိယမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ဧတံ-ဝစနံ၊ ဤယခု ဟောကြားလတ္တံ့ဖြစ်သော စကားကို။ အဝေါစ၊ နားတော် လျှောက်လေတော့၏။

မြတ်စွာဘုရားထံမှာ ချဉ်းကပ်ပြီးတော့ အရှင်မေဃိယက သင့်တင့်လျောက်ပတ်တဲ့ အရပ်က မတ်ကတ်ရပ်ပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်၊ ဘာလျှောက်သလဲ အရှင်မေဃိယက -

ဣစ္ဆာမဟံ ဘန္တေ ဇန္တုဂါမံ ပိဏ္ဍာယ ပဝိသိတုန္တိ။

ဘန္တေ၊ ရှင်ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ဇန္တုဂါမံ၊ ဇန္တုရွာသို့။ ပဝိသိတုံ၊ ဝင်ခြင်းငှာ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ ဣတိ-ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ နားတော်လျှောက်လေတော့၏။

အရှင်မေဃိယက "အရှင်ဘုရား....ဘုရားတပည့်တော် ဇန္တုရွာကို ဆွမ်းခံသွားပါရစေ"တဲ့၊ မြတ်စွာဘုရားကို ဆွမ်းခံသွားဘို့ လျှောက်ထားတယ်၊ ဒီတော့ သဗ္ဗညုမြတ်စွာဘုရားက ဘာကို မိန့်တော်မူလိုက်သလဲလို့ ဆိုတော့—

ယဿ ဒါနိ တွံ မေဃိယ ကာလံ မညသိ။ (ဒါဘဲ ပြောလိုက်တယ်)

မေဃိယ၊ ချစ်သား မေဃိယ။ ယဿ ဂမနဿ၊ အကြင်သွားခြင်း၏။ ယံ ကာလံ၊ အကြင်အချိန်အခါကာလသည်။ အတ္ထိ ရှိ၏၊တဿ ဂမနဿ၊ ထိုသွားခြင်း၏။ တံ ကာလံ၊ ထိုအချိန်အခါကာလကို။ တွံ၊ သင်သည်။ မညသိ၊ သိလေလော့။

"မေဃိယ....သွားသင့် သွားထိုက်တဲ့ အချိန်ကို သင်သိတယ်၊ သွားသင့် သွားထိုက်တဲ့ အချိန်မှာ သွားတာပေါ့"လို့ ဒီလိုဘဲ မြတ်စွာဘုရားက ခွင့်ပြုလိုက်ပါတယ်၊ ဆွမ်းခံသွားဘို့ကို အရှင်မေဃိယလျှောက်တာက မြတ်စွာဘုရားကို ဆွမ်းခံသွားဘို့ လျှောက်တယ်၊ မြတ်စွာဘုရားကလဲဘဲ အရှင်မေဃိယကို ဆွမ်းခံသွားဘို့အတွက် အခွင့်ပြုလိုက်တယ်။

အရှင်မေဃိယထေရ် ဇန္တုရွာသို့ ဆွမ်းခံသွားခြင်း

"အထ ခေါ အာယသ္မာ မေဃိယော ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ မာဒါယ ဇန္တုဂါမံ ပိဏ္ဍာယ ပါဝိသိ"။ ။

အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ မေဃိယော၊ အရှင်မေဃိယသည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်သင်္ကန်းတို့ကို ကျကျနန ပရိမဏ္ဍလသိက္ခာပုဒ်နဲ့ အဝန်းညီစွာ ဝတ်ပြီး၍။ ပတ္တစီဝရံ၊ သပိတ်,သင်္ကန်းကို။ အာဒါယ၊ ယူပြီးတော့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ဇန္တုဂါမံ၊ ဇန္တုရွာသို့။ ပါဝိသိ၊ ဝင်တော်မူလေတော့၏။

အရှင်မေဃိယ ဇန္တုရွာထဲမှာ ဆွမ်းခံတယ်၊ အဲဒီ ဇန္တုရွာမှာ ဆွမ်းခံပြီးတော့ ဘယ်လိုလဲ ပါဠိတော်က—

ဇန္တုဂါမေ ပိဏ္ဍာယ စရိတွာ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော ယေန ကိမိကာဠာယ နဒိယာ တီရံ၊ တေနုပသင်္ကမိ။

ဇန္တုဂါမေ၊ ဇန္တုရွာ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ လှည့်လည် ဆွမ်းခံပြီး၍။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံတဲ့ ဇန္တုရွာမှ ဖဲခွာ၍ လာခဲ့သည် ရှိသော်။ (မြတ်စွာဘုရားထံ သူမပြန်ဘူး၊ ဘယ်သွားသလဲ) ယေန၊ အကြင် အရပ်၌။ ကိမိကာဠာယ နဒိယာ၊ ကိမိကာဠာ အမည်ရှိသောမြစ်၏။ တီရံ၊

ကမ်းနားသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကိမိကာဠ အမည်ရှိသော မြစ်ကမ်းနဖူးသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်မိလေတော့၏။

ကိမိကာဠမြစ်ကမ်းသို့ ရောက်သွားခြင်း

ရှင်မေဃိယ ဘယ်ရောက်သွားလဲ–ကိမိကာဠ အမည်ရှိတဲ့ မြစ်ကမ်းနဖူး ကလေးကို ရောက်သွားတယ်၊ ကိမိကာဠ အမည်ရှိတဲ့ မြစ်လို့ဆိုတာ အဋ္ဌကထာဆရာက ပြတယ်[၁]၊ ကိမိဆိုတာက ပိုး၊ ကာဠဆိုတာက မဲတာ၊ ပိုးကောင်မဲမဲကလေးတွေ ပေါတဲ့မြစ်မို့လို့ ဒီမြစ် သူ့ကို ကိမိကာဠမြစ်လို့ ဒီလိုခေါ်သတဲ့၊ အဲဒီ ကိမိကာဠမြစ်ကမ်းနဖူး ရောက်သွားတော့–

အဒ္ဒသာ ခေါ အာယသ္မာ မေဃိယော ကိမိကာဠာယ နဒိယာ တီရေ ဇင်္ဃာဝိဟာရံ အနုစင်္ကမမာနော အနုဝိစရမာနော အမ္ဗဝနံ ပါသာဒိကံ မနုညံ ရမဏီယံ[၂]။ (ဘာပြောသလဲ ဒီစကားက)

အာယသ္မာ မေဃိယော၊ အရှင်မေဃိယသည်။ ကိမိကာဠာယ နဒိယာ၊ ကိမိကာဠ အမည်ရှိသောမြစ်၏။ တီရေ၊ ကမ်းနား၌။ ဇင်္ဃာဝိဟာရံ၊ အညောင်းပြေခြင်းကို လှည့်လည်ခြင်းငှာ။ အနုစင်္ကမမာနော၊ အစဉ်လျှောက်၍ နေသည်ရှိသော်။ အနုဝိစရမာနော၊ အစဉ်လှည့်လည်၍ နေသည်ရှိသော်။ ပါသာဒိကံ၊ ကြည်နူးစရာကောင်းသော။ မနုညံ၊ စိတ်နှလုံးကို တိုးပွားရွှင်ပြုံးစေတတ်သော။ ရမဏီယံ၊ မွေ့လျော်ဘွယ်ရာကောင်းသော။ အမ္ဗဝနံ၊ သရက်ဥယျာဉ်တောကို။ အဒ္ဒသာ ခေါ၊ မြင်လေသည်သာလျှင်တည်း။

ကြည်နူးဖွယ် သရက်ဥယျာဉ်

မေဃိယမထေရ် ကိမိကာဠ အမည်ရှိတဲ့ မြစ်ကမ်းပါးက နေပြီးတော့ လမ်းရှောက်ရင်း စင်္ကြံရှောက်ရင်း ကြည်နူးစရာကောင်းတဲ့ စိတ်နှလုံးမွေ့လျော်ဘွယ်ရာကောင်းတဲ့ သရက်ဥယျာဉ်တောကြီးတခုကို မြင်တယ်၊ မြင်တော့ ဘယ်လိုလဲ–ဒိသွာနဿ ဧတ ဒဟောသိ။ ဒိသွာန၊ သရက်ဥယျာဉ်တောကို မြင်သောကြောင့်။ အဿ၊ ထိုရှင်မေဃိယအား။ ဧတံ–ဧသော ပရိဝိတက္ကော၊ ဤသို့သော အကြံအစည် စိတ်ကူးချက်သည်။ အဟောသိ၊ ဖြစ်လာတော့၏။

သရက်ဥယျာဉ်ကြီး ကြည့်ပြီးတော့ လှမ်းပြီးတော့ စိတ်ကူးလိုက်တယ်–ရှင်မေဃိယက၊ ဘယ့်နှယ်စိတ်ကူးသလဲ–

၁။ ဥဒါန်းအဋ္ဌကထာ၊ နှာ–၁၉၆။
၂။ ဥဒါန်းပါဠိတော်၊ နှာ–၁၁၇။

ပါသာဒိကံ ဝတိဒံ အမ္ဗဝနံ မနုညံ ရမဏီယံ၊ အလံ ဝတိဒံ **ကုလပုတ္တဿ** ပဓာနတ္ထိကဿ ပဓာနာယ။

ဣဒံ **အမ္ဗဝနံ**၊ ဤသရက်ဥယျာဉ်တောသည်။ ပါသာဒိကံ ဝတ၊ ကြည်နူးစရာကောင်းလှပေစွတကား။ မနုညံ ဝတ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားလှပေစွတကား။ ရမဏီယံ၊ မွေ့လျော် ပျော်ဘွယ်ကောင်းလှပါပေစွတကား။ ဣဒံ အမ္ဗဝနံ၊ ဤသရက်ဥယျာဉ်တောသည်။ ပဓာနတ္ထိကဿ၊ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လိုသော အမျိုးကောင်းသားအတွက်။ ပဓာနာယ၊ ဝိပဿနာကမ္မဋ္ဌာန်းကိုကြိုးစား၍ ပွားများအားထုတ်ခြင်းငှာ။ အလံ ဝတ၊ သင့်လျော်လျောက်ပတ်ပါပေစွတကား။

သရက်ဥယျာဉ်တောက သိပ်ပြီးတော့ နေဘို့ကောင်းတဲ့နေရာဘဲ၊ သိပ်ကြည်နူးစရာကောင်းတဲ့ သရက်ဥယျာဉ် ကလေးဘဲ၊ ဒီ သရက် ဥယျာဉ်လေးမှာ တရားအားထုတ် လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက် တရားအားထုတ်ဘို့ သိပ်ကောင်းတဲ့ နေရာကလေးပါကလားလို့ ရှင်မေဃိယအစီအစဉ် ဒီလိုရှိတယ်။

သစေ မံ ဘဂဝါ **အနုဇာနေယျ**၊ အာဂစ္ဆေယျာဟံ ဣမံ **အမ္ဗဝနံ** ပဓာနာယာတိ။

မံ၊ ငါ့ကို။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် **ကိုယ်တော်**မြတ်သည်။ သစေ အနုဇာနေယျ၊ အကယ်၍ အနူးအညွတ်ခွင့်လွှတ်သည်ဖြစ်အံ့။ အဟံ၊ ငါသည်။ ဣမံ အမ္ဗဝနံ၊ ဤသရက်ဥယျာဉ်တောသို့။ **ပဓာနာယ**၊ ကမ္မဋ္ဌာန်းအားထုတ်ရန်အတွက်။ အာဂစ္ဆေယျံ၊ လာရောက်လိုပါ၏။

သရက်ဥယျာဉ်၌ **တရားအားထုတ်ရန် အကြံဖြစ်ခြင်း**

အကယ်၍များ ငါ့ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အနူးအညွတ် ခွင့်ပြုမယ်ဆိုယင် ငါ ဒီသရက်ဥယျာဉ်တောထဲ လာပြီးတော့ တရားအားထုတ်ချင်လိုက်တာလို့ ရှင်မေဃိယက တရားအားထုတ်ချင်လို့၊ အဲဒီလို တရားအားထုတ်ချင်လိုက်တာလို့ ဆိုပြီးတော့ ဘယ်လိုစိတ်ကူးတွေဖြစ်သလဲ—

“အထ ခေါ အာယသ္မာ မေဃိယော ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊

ကေမန္တံ နိသိန္နော ခေါ အာယသ္မာ မေဃိယော ဘဂဝန္တံ ဧတ ဒဝေါစ။" (တရားသားကို မရောက်သေးဘူး၊ ဒါ သုတ္တန်နိဒါန်းဘဲ ရှိသေးတယ်)။

အထ ခေါ၊ ထိုသို့ အရှင်မေဃိယမထေရ် သရက်ဥယျာဉ် တောကို မြင်ပြီးတော့ တရားအားထုတ်ဘို့ ကောင်းလိုက်တဲ့ နေရာကလေးပါကလား၊ အကယ်၍ သဗ္ဗညုရှင်တော်မြတ်ဘုရားက ခွင့်ပြုမယ်ဆိုယင်ဖြင့် ဒီ သရက် ဥယျာဉ်တောကလေးထဲ ငါလာပြီးတော့ တရားအားထုတ် လိုပါတယ်လို့ စိတ်ကူးပေါ်ပေါက်ပြီးတဲ့ အခါကာလသမယ၌။ အာယသ္မာ မေဃိယော၊ အရှင်မေဃိယမထေရ်သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သဗ္ဗညုရှင် တော်မြတ်ဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။

တေနုပသင်္ကမိ၊ ထိုမြတ်စွာဘုရား ရှိတော်မူရာ စာလိကတောင်သို့ ပြန်၍ ချဉ်းကပ်လေ၏။ ဥပသင်္ကမိတွာ၊ မြတ်စွာဘုရားထံ ပြန်ပြီးချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ကေမန္တံ၊ ၌။ နိသီဒိ၊ ၏။ ကေမန္တံ၊ ၌။ နိသိန္နော၊ သော။ အာယသာသ္မာမေဃိယော၊ သည်။ ဘဂဝန္တံ၊ ဘုန်း တော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ဧတံ-ဝစနံ၊ ဤစကားကို။ အဝေါစ၊ နားတော်လျှောက်ပြန်လေတော့၏။

တရားအားထုတ်သွားရန် ဘုရားထံလျှောက်ထားခြင်း

ဘယ့်နှယ်ပြန်လျှောက်သလဲ—သူ့နောက်က ကြံခဲ့တဲ့ အကြောင်းတွေ၊ ဒါ ပါဠိတော်မှာ ရှိနေတာကိုတော့ ဘုန်းကြီးတို့ ထည့်မဟောလို့ မဖြစ်ဘူး၊ နောက်ကအကြောင်းတွေကိုဘဲ ပါဠိတော်က ထပ်ပြီး ပြောထားပြန်တယ်။

ဣစ္ဆာမဟံ ဘန္တေ ပဓာနာယ နိဝါသေတွာ ပတ္တစီဝရ မာဒါယ ဇန္တုဂါမံ ပိဏ္ဍာယ ပါဝိသိံ။

ဘန္တေ၊ အရှင်ဘုရား။ ဣဓ၊ ဤအရပ်၌။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်စောစော။ နိဝါသေတွာ၊ သင်းပိုင်နှင့် ကိုယ်ဝတ်သင်္ကန်း ကိုဝတ်၍။ ပတ္တစီဝရံ၊ သပိတ်နှင့်သင်္ကန်းကို။ အာဒါယ၊ ယူပြီးတော့။ ဇန္တုဂါမံ၊ ဇန္တုရွာသို့။ ပိဏ္ဍာယပါဝိသိံ၊ ဆွမ်းခံဝင်ရောက်ခဲ့ပါပြီ ဘုရား။

ဇန္တုဂါမေ ပိဏ္ဍာယ စရိတွာ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော ယေန ကိမိကာဠာယ နဒိယာ တီရံ၊ တေနုပသင်္ကမိံ။

ဇန္တုဂါမေ၊ ဇန္တုရွာ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ လှည့်လည်ပြီးသည် ဖြစ်၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးတဲ့နောက်။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံရွာဖြစ်တဲ့ ဇန္တုရွာမှ ဖဲခွာ၍လာခဲ့ပြီးသည်ရှိသော်။ ယေန၊ အကြင်အရပ်၌။ ကိမိကာဠာယ နဒိယာ တီရံ၊ ကိမိကာဠာမြစ်ကမ်းပါးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကိမိကာဠာအမည်ရှိတဲ့ မြစ်ကမ်းပါးသို့။ ဥပသင်္ကမိ၊ ဘုရားတပည့်တော် ချဉ်းကပ်သွားရောက်ခဲ့ပါသည်ဘုရား။

အရှင်ဘုရား....ဘုရားတပည့်တော် ဇန္တုရွာမှာ ဆွမ်းခံလို့ ဆွမ်းစားပြီးတဲ့အခါ ကိမိကာဠာအမည်ရှိတဲ့ မြစ်ကမ်းပါးကို သွားခဲ့မိပါတယ်–တဲ့။

> အဒ္ဒသံ ခေါ အဟံ ဘန္တေ ကိမိကာဠာယ နဒိယာ တီရေ ဇင်္ဃာဝိဟာရံ အနုစင်္ကမမာနော အနုဝိစရမာနော အမ္ဗဝနံ ပါသာဒိကံ မနုညံ ရမဏီယံ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ကိမိကာဠာယ နဒိယာ တီရေ၊ ကိမိကာဠာအမည်ရှိသော မြစ်ကမ်းပါး၌။ ဇင်္ဃာဝိဟာရံ၊ အညောင်းပြေ လှည့်လည်ခြင်းကို။ အနုစင်္ကမမာနော၊ အစဉ်လျှောက်၍သွားသည်ရှိသော်။ အနုဝိစရမာနော၊ ခေါက်တုန့်ခေါက်ပြန် လှည့်လည်၍သွားသည်ရှိသော်။ ပါသာဒိကံ၊ ကြည်နူးစရာကောင်းသော။ မနုညံ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေတတ်သော။ ရမဏီယံ၊ မွေ့လျော်ဘွယ်ရှိသော။ အမ္ဗဝနံ၊ သရက်ဥယျာဉ်တောကို။ အဒ္ဒသံ၊ မြင်ခဲ့ရပြန်ပါသည်ဘုရား။

အဲဒီ ကိမိကာဠာ အမည်ရှိတဲ့ မြစ်ကမ်းပါးကဘုရား....လမ်းလျှောက်နေရင်း ဘုရားတပည့်တော် ကြည်နူးစရာကောင်းတဲ့ သရက်ဥယျာဉ်တောကလေးတခုကို မြင်ခဲ့တယ်ဘုရား။

ဒိသွာန မေ ဧတ ဒဟောသိ။

အဲဒီ သရက်ဥယျာဉ်တောကို မြင်လိုက်တဲ့အခါကျတော့ ဘုရားတပည့်တော်ရဲ့ စိတ်ထဲမှာ ဒီလို အကြံဖြစ်လာခဲ့ပါတယ်ဘုရား။

> ပါသာဒိကံ ဝတိဒံ အမ္ဗဝနံ မနုညံ ရမဏီယံ၊ အလံ ဝတိဒံ ကုလပုတ္တဿ ပဓာနတ္ထိကဿ ပဓာနာယ။ သစေ မံ ဘဂဝါ အနု–ဇာနေယျ၊ အာဂစ္ဆေယျာဟံ ဣမံ အမ္ဗဝနံ ပဓာနာယာတိ။

အမ္ဗဝနံ၊ သရက်ဥယျာဉ်တောသည်။ ပါသာဒိကံ ဝတ၊ ကြည်နူးဘွယ်ကောင်းလှပါပေစွတကား။ မနုညံ ဝတ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေလှပေစွတကား။ ရမဏီယံ ဝတ၊ မွေ့လျော်ဘွယ်ကောင်းလှပေစွတကား။ ဣဒံ–အမ္ဗဝနံ၊

ဤသရက်ဥယျာဉ်ဟောသည်။ ပဓာနတ္ထိကဿ ကုလပုတ္တဿ၊ ကမ္မဋ္ဌာန်းကို အား ထုတ်လိုသောအမျိုးကောင်းသားများအတွက်။ ပဓာနာယ၊ ဝိပဿနာကမ္မဋ္ဌာန်း ကို အားထုတ်ခြင်းငှာ။ အလံ ဝတ၊ သင့်လျော်လှပေစွတကား။

ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ မံ၊ ငါ့ကို။ သစေ အနုဇာနေယျ၊ အကယ်၍ ခွင့်ပြုသည်ဖြစ်အံ့။ အဟံ၊ ငါသည်။ ဣမံ အမ္ဗဝနံ၊ ဤသရက်ဥယျာဉ်တောကို။ ပဓာနာယ၊ တရားအားထုတ်ခြင်းငှာ။အာဂစ္ဆေယျံ၊ လာလိုပါ၏။ ဣတိ–သော ပရိဝိတက္ကော၊ ဤသို့သော စိတ်ကူးစဉ်းစားသည့် အကြံအစည်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာခဲ့ပါသည်ဘုရား။

ဒီ သရက်ဥယျာဉ်တောကို မြင်တော့ဘုရား.... ဘုရားတပည့်တော် တရား အားထုတ်ချင်တဲ့စိတ်တွေလဲ ပေါ်လာတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကသာ ငါ့ကို အနုအညာတ ခွင့်လွှတ်မယ်ဆိုယင်ဖြင့် ဒီ သရက်ဥယျာဉ်တောထဲ လာပြီး တော့ တရားအားထုတ်ချင်လိုက်တာလို့ စိတ်ကူးတွေ ဖြစ်ခဲ့ပါတယ်ဘုရား– ဆိုပြီးတော့ သူက ငွတ်လျှောက်တယ်။

သစေ မံ ဘန္တေ ဘဂဝါ အနုဇာနာတိ၊ဂစ္ဆေယျာ ဟံ တံ အမ္ဗဝနံ ပဓာနာယာ တိ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မံ၊ ဘုရား တပည့်တော်ကို။ သစေ အနုဇာနာတိ၊ အကယ်၍ ခွင့်ပြုတော်မူသည် ဖြစ်အံ့။ အဟံ၊ ဘုရား တပည့်တော်သည်။ တံ အမ္ဗဝနံ၊ ထိုသရက်ဥယျာဉ်တောသို့။ ပဓာနာယ၊ ဝိပဿနာတရားကို အားထုတ်ဘို့ရန်အတွက်။ ဂစ္ဆေယျံ၊ သွား ရောက်လိုပါပေ၏–အရှင်ဘုရား။ ဣတိ–တော် ဝစနံ၊ ဤစကားကို။ အဝေါစ၊ နားတော်လျှောက်လေတော့၏။

ခွင့်ပြုတော်မူပါဘုရားတဲ့၊ ဘုရားတပည့်တော် တရားအားထုတ် ရအောင် သွားပါရစေတဲ့–ရှင်မေဃိယက၊ ဒီတော့ မြတ်စွာဘုရားက အရှင်မေဃိယကို ဘယ်လိုမိန့်တော်မူလိုက်သလဲ။

ဧဝံ ဝုတ္တေ ဘဂဝါ အာယသ္မန္တံ မေဃိယံ ဧတ ဒဝေါစ။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ အရှင်မေဃိယက သွားပါရစေဘုရားလို့ လျှောက် ထားသည်ရှိသော်။ ဘဂဝါ၊ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ မေဃိယံ၊ အရှင်မေဃိယကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူလေတော့၏။

ဘုရားရှင်က တားမြစ်တော်မူခြင်း မြတ်စွာဘုရား ပြောမယ့်စကားက ဘာကဲ့လဲ - ရှင်မေဃိယ "တရားအားထုတ်ရအောင် သွားပါရစေဘုရား" လို့ လျှောက်တော့ မြတ်စွာဘုရားက ရှင်မေဃိယကို ပြန်ပြီးတော့ မိန့်တော်မူလိုက်တယ်၊ ဘယ့်နှယ်မိန့်တော်မူသလဲ။

အာဂမေဟိ တာဝ မေဃိယ၊ ဧကကမှိ တာဝ၊
ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတီ တိ။

မေဃိယ၊ ချစ်သားမေဃိယ။ ဧကကမှိတာဝ၊ ငါတယောက်ထဲ ရှိပါသေးတယ်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အညောပိ၊ တပါးလည်း ဖြစ်သော။ ကောစိ ဘိက္ခု၊ တစုံတဦးသော ရဟန်းတော်သည်။ အာဂစ္ဆတိ၊ ရောက်လာ၏။ တာဝ၊ ထိုသို့ ရဟန်းတပါး နောက်ထပ် ရောက်လာသည့်တိုင်အောင်။ အာဂမေဟိ၊ ဆိုင်းငံ့ပါဦးလော့။

မြတ်စွာဘုရားက ရှင်မေဃိယကို "မေဃိယ.... ဘယ့်နှယ်ပြောတာလဲကွယ်၊ ငါ့ကိုတပါးထဲ စာလိကတောင်မှာ ထားပစ်ခဲ့မလို့လားတဲ့၊ ချစ်သားမေဃိယ.... ငါဘုရား တပါးထဲရှိသေးတယ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့အထံသို့ ရဟန်းတော်တပါး ရောက်၍မလာသေး၊ ထိုမျှလောက် ကာလပတ်လုံး တရားအားထုတ်ရအောင် မသွားသေးဘဲနဲ့ စောင့်ပါအုံး"တဲ့၊ အာဂမေဟိ–ငံ့လင့်ပါအုံး–စောင့်ပါအုံး–တဲ့။

ဘုရားက တားမြစ်တော်မူရသည့်အကြောင်း ဒီနေရာမှာ ဘာဖြစ်လို့တားသလဲ၊ အရှင်မေဃိယက တရားအားထုတ်ရအောင် သွားချင်ပါတယ်ဆိုတာကို မသွားပါနဲ့အုံးကွယ်၊ ငါ့မှာ တယောက်ထဲဖြစ်နေလို့ပါ၊ နောက်ရဟန်းတပါးလာအောင် မင်းစောင့်ပါအုံးကွယ်လို့ မြတ်စွာဘုရားက ဘာပြုလို့တားသလဲ၊ သူ့မှာ အလုပ်အကျွေးမရှိမှာ စိုးလို့လား–ဆိုတော့ ဒီနေရာမှာ အဋ္ဌကထာဆရာက ဘာပြောထားသလဲ–ဆိုတော့ အဋ္ဌကထာအဖွင့်ကို ဟောရမယ်။

အာဂမေဟိ တာဝါတိ သတ္ထာ ထေရဿ ဝစနံ သုတွာ ဥပဓာရေန္တော န တာဝဿ ဉာဏံ ပရိပါကံ ဂတန္တိ ဉတွာ ပဋိက္ခိပန္တော ဧဝ မာဟ။ (အဋ္ဌကထာဝါကျ။)

၁။ ဥဒါန်း အဋ္ဌကထာ နှာ–၁၉၆၊ ၁၉၇။

ဘုန်းကြီးတို့ ပါဠိတော်မှုနဲ့ ဟောနေတယ်လို့ဆိုတာ ဒီပါဠိတော်နဲ့ ဒီပါဠိတော်ကို ဖွင့်တဲ့အဋ္ဌကထာနဲ့ ဒီလိုဘဲတိုက်ပြီးတော့ ဟောသွားရမယ်၊ "အာဂမေဟိ တာဝ မေဃိယ၊ ဆိုင်းပါအုံး မေဃိယ"လို့ မြတ်စွာဘုရား ပြောတာ ဘာကြောင့် ပြောတာလဲလို့ ဆိုတော့—

သတ္ထာ၊ လူနတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ထေရဿ၊ မေဃိယမထေရ်၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြားရ၍။ ဥပဓာရေန္တော၊ အရှင်မေဃိယမထေရ်ရဲ့ အဇ္ဈာသယကို စူးစမ်းဆင်ခြင်သည်ရှိသော်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အဿ၊ ထိုမေဃိယမထေရ်၏။ ဉာဏံ၊ ဝိပဿနာတရား အားထုတ်ရမယ်ဆိုတဲ့ အသိဉာဏ်သည်။ ပရိပါကံ၊ ရင့်ခြင်းသို့။ နတာဝဂတံ၊ မရောက်သေး။ ဍတိ၊ ဤသို့။ ဉတွာ၊ သိတော်မူသည်ဖြစ်၍။ ပဋိက္ခိပန္တော၊ သွားဘို့ရန်ပယ်လိုသည့်အတွက်။ ဧဝ မာဟ၊ ဤသို့မသွားနဲ့အုံး၊ ငါတယောက်ထဲရှိသေးတယ်လို့ တားတော်မူတာပါ-တဲ့။

အမိပ္ပါယ်ဘာပြောလဲ အဋ္ဌကထာက၊ အရှင်မေဃိယမထေရ် တရားအားထုတ်ရန် သွားမယ်ဆိုတာကို မြတ်စွာဘုရားတားတာ ဘာကြောင့်တားသလဲဆိုတော့၊ ဩော်-သူတော့တရားအားထုတ်ရအောင် သွားတော့မယ်၊ သူတရားအားထုတ်ရအောင် ဒီတကြိမ်သွားရုံနဲ့ သူဟာ တရားရလာမလား, ရမလာဘူးလား-ဆိုတာ မြတ်စွာဘုရားက ချိန်တယ်၊ ဒီတော့ ရှင်မေဃိယမှာရှိတဲ့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတွေက မရင့်ကျက်သေးဘူးတဲ့- နုသေးတယ်၊ မရင့်ကျက်လေးဘဲနဲ့ နုနုကလေးသွားပြီးတော့ မအောင်မြင်သေးဘဲနဲ့ မျိုးစေ့ကလေးသွားစိုက်ယင် အပင်ပေါက်ပါ့မလား- (မပေါက်ပါဘူးဘုရား)။

ဥပမာရှင်းလင်းချက် ဘုန်းကြီးတို့ အမိပ္ပါယ် ဥပမာ ပြောကြပါစို့ရဲ့၊ သင်ပင်ကလေး တပင် စိုက်ထား၊ အသီးကလေးတော့ သီးနေပြီဟုတ်လား၊ ဟာ စားချင်လှနေပြီ၊ ခူးချင်လှနေပြီ၊ လက်ကိုယားနေပြီ၊ သို့သော် ဘယ်လိုတုံး၊ ဒီ နုနုကလေးခူးစားယင် အရသာထွက်မလား-မထွက်ဘူးလား၊ (မထွက်ပါဘူးဘုရား) ဒီတော့ မခူးနဲ့အုံး မခူးနဲ့အုံး စောင့်နေအုံး-နော် (မှန်ပါ)

အဲဒီလိုဘဲ အခုတော့ ဟရေးက အားထုတ်ချင်လှနေပြီ၊ ဒီတော့ အဲဒီ သစ်သီးကလေးတလုံးဟာ မရင့်သေးဘဲနဲ့ ခူးလိုက်ယင် သူဟာ ပျက်စီးသွားမယ် မဟုတ်လား၊ ဒါကြောင့် မခူးပါနဲ့အုံး စောင့်နေပါအုံးလို့ တားထားသလို

ဒီလို မသိတဲ့သူကတော့ဖြင့် ဟာ–သီးနေမှဘဲ ခူးတော့မယ် ခူးတော့မယ်ပေါ့ ဟုတ်လား၊ သိတဲ့ပုဂ္ဂိုလ်က မခူးနဲ့အုံး ခဏစောင့်နေအုံး ဟုတ်လား။

အဲဒီလိုဘဲ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သိတဲ့ ပုဂ္ဂိုလ်၊ ရှင်မေဃိယကလဲ တရားအားထုတ်ချင်တယ်ဆိုတဲ့ မင်္ဂသီးဖိုလ်သီးကို ခူးချင်လှပြီ၊ ဒီတော့ ချစ်သား မေဃိယ....မခူးနဲ့အုံး နုသေးတယ်၊ သစ်သီးနုနုကလေး ခူးပြီးတော့ မစားနဲ့အုံးလို့ တားထားသလို ဟုတ်လား၊အသိဉာဏ်နုနုကလေး ရှိသေးတယ်၊ သွားပြီးတော့ တရားအားမထုတ်နဲ့အုံး စောင့်ပါအုံးလို့ ဒီလို တားထားတယ်၊ ၊တရားမရစေချင်လို့ အလုပ်အကျွေး မရှိမှာစိုးလို့ တားထားတာ မဟုတ်ပါဘူး တဲ့။

အဋ္ဌကထာဖွင့်နှင့် ရှင်းပြချက် “ကေကမ္ပိတာဝါတိ”၊ နို့ ဒါဖြင့် ငါတယောက်ထဲရှိသေးတယ်လို့ ဘာကြောင့် ပြောတာလဲတဲ့–ဆိုတော့ ရှင်မေဃိယအပေါ်မှာ ဟိုမှာသွားပြီး တရားအားထုတ်လို့ တရားမရယင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ချစ်ခင်နှစ်သက်တဲ့စိတ်နဲ့ ပြန်လာပါစေတော့လို့ ပြောလိုက်တဲ့စကားလုံးပါ–တဲ့၊ဒါကြောင့် အဋ္ဌကထာဆရာတော်က–

ကေကမ္ပိတိ၊ ငါတယောက်ထဲရှိသေးတယ်လို့ ဆိုတဲ့စကားကတော့–

“ဧဝမယံ ဂန္တွာပိ ကမ္မေ အနိပ္ဖဇ္ဇမာနေ နိရာသင်္ကော ဟုတွာ ပေမဝသေန ပုန အာဂစ္ဆိဿတီတိ စိတ္တမဒ္ဒဝဇနနတ္ထံ အာဟ ။”

(အဋ္ဌကထာ ဆရာတော်က ဒီလိုပြောထားတယ်)

ကေကမ္ပိတာဝါတိ၊ ငါတယောက်ထဲ ရှိပါသေးတယ်လို့ ပြောလိုက်တဲ့စကားကတော့–အယံ ဘိက္ခု၊ ဤမေဃိယ ရဟန်းသည်။ ဧဝံ၊ ဤသို့သော ဉာဏ်ကလေးနုနုကလေးနဲ့။ ဂန္တွာပိ၊ သွား၍ တရားအားထုတ်ပါသော်လည်း။ ကမ္မေ၊ ထိုတရားအားထုတ်ခြင်းဆိုတဲ့ အမှုကိစ္စသည်။ အနိပ္ဖဇ္ဇမာနေ၊ မပြည့်စုံခဲ့သည်ရှိသော်။ နိရာသင်္ကော၊ ယုံမှားခြင်းကင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပေမဝသေန၊ ငါဘုရားကို ချစ်ခင်နှစ်သက်သောစိတ်ဖြင့်။ ပုန၊ တဖန်။ အာဂစ္ဆိဿတိ၊ ပြန်လာပေလိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ စိတ္တမဒ္ဒဝဇနနတ္ထံ၊ ရှင်မေဃိယမထေရ်ရဲ့ စိတ်ကို နူးညံ့စေခြင်းငှာ။ အာဟ၊ ကေကမ္ပိ–လို့ ပြောလိုက်ထာပါ တဲ့။

၁။ ဥဒါန်းအဋ္ဌကထာ၊ နှာ–၁၉၇။

ဘယ်လိုလဲ အဓိပ္ပါယ်၊ မေဃိယမထေရ်ဟာ သွားပြီးတော့ တရားအား ထုတ်မှာဆဲဆဲဘဲ၊ သွား တရားအားထုတ်ယင် သူတရားမရဘူး၊ တရားမရယင် တခြားကို ထွက်မသွားအောင် မေဃိယ....မင်းသွားတရားအားထုတ်ယင် ငါ တယောက်ထဲ ရှိနေတယ်ကွယ်လို့ ပြောလိုက်တဲ့ စကားကလေး ကြားပြီးတော့ မြတ်စွာဘုရားထံ ပြန်ပြီးတော့ ချစ်ခင်နှစ်သက်တဲ့စိတ်နဲ့ ပြန်လာအောင်လို့ ဒီစကားကို ပြောလိုက်ထာပါ တဲ့။

ဩြော်–မြတ်စွာဘုရားက တယောက်ထဲလို့ မှာလိုက်ထာဘဲ၊တရားအားထုတ် လို့ တရားမရယင် ပြန်တော့မယ်မဟုတ်လား–သူ၊ဒီတော့ အခြားကို ရောက် မသွားအောင် ဆိုပြီးတော့ စိတ်ကလေးနူးနူးညံ့ညံ့နဲ့ မြတ်စွာဘုရားထံ ပြန်လာ အောင်လို့ဆိုပြီးတော့ ငါတယောက်ထဲရှိသေးတယ်ကွယ်၊ မသွားပါနဲ့အုံးလို့ ပြောတာပါ တဲ့၊ ဒီစကားလေးတော့ ကြားသွားရမယ်မဟုတ်လား–သူ။

ဒီစကားကြားပြီးတော့ ရှင်မေဃိယသွားယင် ဟိုမှာ တရားအားထုတ်လို့ မဖြစ်ဘူး၊ မဖြစ်လို့ရှိယင် တခြားကို ထွက်မသွားဘဲနဲ့ ဩြော်–မြတ်စွာဘုရား တယောက်ထဲရှိနေလို့ ပြောလိုက်တဲ့စကားလေး ရှိသေးတယ် ဆိုပြီးတော့ ဒီစကားလေးထောက်ပြီးတော့ စိတ်နူးနူးညံ့ညံ့ဖြစ်ပြီး မြတ်စွာဘုရားထံ ပြန်လာ အောင်လို့ "ကေကမှိ တာဝ မေဃိယ" လို့ ပြောလိုက်ထာပါတဲ့၊ အဓိပ္ပါယ် အဋ္ဌကထာဆရာတော်က ပြောပေးတယ်။

ဒါ နားလယ်ပြီ–နော်၊ သဘောလဲပေါက်ပြီ–နော်၊ ဒီတော့ ရှင်မေဃိယက ဘယ်လိုလဲ၊

ဒုတိယမ္ပိ ခေါ အာယသ္မာ မေဃိယော ဘဂဝန္တံ
ဧတ ဒဝေါစ။

အာယသ္မာ မေဃိယော၊ အရှင်မေဃိယသည်။ ဒုတိယမ္ပိ ခေါ၊ နှစ်ကြိမ် မြောက် နောက်ထပ်တဖန်လည်း။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ် နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ ဧတံ–ဝစနံ ဤစကားကို။ အဝေါစ၊ နားတော်လျှောက်လေတော့၏။

အရှင်မေဃိယနှစ်ကြိမ်မြောက် လျှောက်ထားပြန်ခြင်း

နှစ်ကြိမ်မြောက် ပြန်ပြီးတော့လျှောက်တယ်၊ ရှင်မေဃိယက ဒီတခါတော့ သူက အကြောင်း ပြလေးနဲ့ လျှောက်တယ်။

"ဘဂဝတော ဘန္တေ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယံ၊ နတ္ထိ ကတဿ ဝါ ပတိစယော။ မယှံ ခေါ ပန ဘန္တေ အတ္ထိ ဥတ္တရိ ကရဏီယံ၊ အတ္ထိ ကတဿ ဝါ ပတိစယော။ သစေ မံ ဘဂဝါ အနုဇာနာတိ၊ ဂစ္ဆေယျာဟံ တံ အမ္ဗဝနံ ပဓာနာယာတိ။

(ဒုတိယအကြိမ်လျှောက်ထာကတော့ ဒီစကားလေးပါလာတယ်၊ ဘယ့်နှယ်လျှောက်သလဲ)။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဥတ္တရိ၊ အခုရထားတဲ့ သဗ္ဗညုတဉာဏ်တော်ထက် အလွန် ဖြစ်သော။ ကရဏီယံ၊ ကျင့်ဘွယ်ကြံဘွယ် အားထုတ်ဘွယ်ဆိုတဲ့ ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပါ။ ကတဿ ဝါ၊ အရှင်ဘုရားရပြီး, ရောက်ပြီး ဖြစ်သောတရားကိုလည်း။ ပတိစယော၊ တဖန်လေ့လာပွားစီးဘို့ရန် အတွက်။ နတ္ထိ၊ အကြောင်းမရှိတော့ပါ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ မယှံ၊ ဘုရားတပည့်တော်အတွက်။ ဥတ္တရိ၊ အခုရှိထားတဲ့ သီလ, သမာဓိ, ပညာမှတပါး အလွန်ဖြစ်သော။ ကရဏီယံ၊ ပြုဘွယ်ကိစ္စသည်။ အတ္ထိ၊ ရှိပါသေး၏ ဘုရား။ ကတဿ ဝါ၊ ဘုရားတပည့်တော် ရပြီးသား, ရောက်ပြီးသား ဖြစ်သောတရားကိုလည်း။ ပတိစယော၊ လေ့လာပွားများ ဆက်၍ အားထုတ်ဘို့ရန်အတွက်။ အတ္ထိ၊ ရှိပါသေးသည်ဘုရား။

ဘဂဝါ၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ မံ၊ ဘုရားတပည့်တော်ကို။ သစေအနုဇာနာတိ၊ အကယ်၍ ခွင့်ပြုတော်မူသည် ဖြစ်အံ့။ အဟံ၊ ဘုရားတပည့်တော်သည်။ တံ အမ္ဗဝနံ၊ ထိုသရက်ဥယျာဉ် တောကလေးသို့။ ပဓာနာယ၊ ဝိပဿနာတရားကို အားထုတ်ဘို့ရန်အတွက်။ ဂစ္ဆေယျံ၊ သွားလိုပါ၏–မြတ်စွာဘုရား။

အကြောင်းပြ၍လျှောက်ပုံ အရှင်ဘုရား .... တပည့်တော်ကို မတားပါနဲ့၊ အရှင်ဘုရားအတွက် ဆိုတာကတော့ဖြင့် သဗ္ဗညုတဉာဏ်တော်ကြီးကို ရပြီးသားဖြစ်ခြင်းကြောင့် သဗ္ဗညုတဉာဏ်ထက် တိုးပြီးတော့ ရှေ့မှာအားထုတ်စရာလဲ မရှိတော့ပါဘူး၊ ရပြီးသားသဗ္ဗညုတ ဉာဏ်တော်ကြီးကိုလဲ ပိုပြီးတော့ လေ့ကျက်စရာမရှိပါဘူး။ အရှင်ဘုရားက ကိစ္စပြီးပြီးသားပါ၊ ဘုရားတပည့်တော်မှာတော့ အခုရှိနေတဲ့ သီလ, သမာဓိ, ပညာလောက်နဲ့ မလုံလောက်သေးပါဘူး။

ဒီ သီလ, သမာဓိ, ပညာတို့ထက် တိုးပြီးတော့ တရားအားထုတ်စရာတွေ ရှိပါသေးတယ်၊ သောတာပန်တောင် မဖြစ်သေးဘူး၊ ဘုရားတပည့်တော် ကိလေသာကုန်ဘို့အတွက် အလုပ်လုပ်စရာတွေ ဘုရားတပည့်တော်မှာ ရှိပါသေးတယ်၊ လုပ်ပြီးသား ရှိပြီးသား ဖြစ်တဲ့တရားတွေကိုလဲ တိုးပွားသည်ထက် တိုးပွားအောင် ပွားများဘို့ အားထုတ်ဘို့ အချိန်ရှိပါသေးတယ်၊ ဘုရားတပည့်တော်ကို အရှင်ဘုရား ခွင့်ပြုမယ်ဆိုယင် ဒီသရက်တောကလေး ကိုသွားပါရစေ ဘုရားလို့ နှစ်ကြိမ်မြောက်လျှောက်တယ်။

အဋ္ဌကထာအဖွင့်နှင့် ရှင်းလင်းချက် ဒီနေရာမှာ "နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယံ"၊ မြတ်စွာဘုရားမှာ တိုးတက်ပြီးတော့ တရားအားထုတ်ဘို့ မရှိတော့ပါဘူး၊ဘုရားတဲ့၊ ဘာပြောတာလဲ–အဋ္ဌကထာက၊ ဒီနေရာမှာ ဖွင့်ထားတာလေး ရှိသေးတယ်။

နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ၊ "နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယံ"
လို့ဆိုတဲ့အမိန့်ပါယ်ကား။ "စတူသု သစ္စေသု စတူဟိ မဂ္ဂေဟိ
ပရိညာဒိနံ သောဠသန္နံ ကိစ္စာနံ ကတတ္တာ၊ အဘိသမ္ဗောဓိယာ ဝါ
အဓိဂတတ္တာ တတော အညံ ဥတ္တရိ ကရဏီယံ နာမ နတ္ထိ"။

စတူသု သစ္စေသု၊ သစ္စာလေးပါးတို့၌။ စတူဟိ မဂ္ဂေဟိ၊ လေးပါးသော မဂ်တို့ဖြင့်။ ပရိညာဒိနံ၊ ပရိညာအစ ရှိကုန်သော။ သောဠသန္နံ၊ တဆဲ့ခြောက်ပါးကုန်သော။ကိစ္စာနံ၊ ပြုဘွယ်ကိစ္စတို့၏၊ ဝါ–မဂ်ကိစ္စတဆယ့်ခြောက်ချက်တို့၏။ ကတတ္တာ၊ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်ငှင်း။ (မဂ်ကိစ္စတဆယ့်ခြောက်ချက်ကို [၁] မြတ်စွာဘုရားပြုပြီးသောကြောင့်ငှင်း–တဲ့၊ ထိုထက် အလွန်ပြုစရာမရှိတော့ဘူး၊ပြီးတော့) အဘိသမ္ဗောဓိယာ ဝါ အဓိဂတတ္တာ၊ သဗ္ဗညုတ

၁။ မဂ်ကိစ္စ တဆဲ့ခြောက်ချက်ဟူသည် မဂ်လေးပါးတို့တွင် တပါးတပါးလျှင် လေးကိစ္စစီမြင်သဖြင့် လေး+လေး-ယ်=တဆဲ့ခြောက်ချက်ဖြစ်၏။

လေးကိစ္စကား–သောတာပတ္တိမဂ်ကို ရသည်နှင့်တပြိုင်နက် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, သမုဒယ သစ္စာကို ပယ်ခြင်း, နိရောဓ သစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားခြင်းဟု ဆိုအပ်သော သစ္စာလေးပါး တရားတို့ကို တပြိုင်နက်သိခြင်းတည်း၊ သကဒါဂါမိ မဂ်စသည် တို့အတူပင် လေးကိစ္စစီဖြစ်၏။

တံသမင်္ဂီ ဟိ ပုဂ္ဂလော ဒုက္ခံ ပရိညာဘိသမယေန ပဋိဝိဇ္ဈတိ၊ သမုဒယံ ပဟာနာဘိသမယေန ပဋိဝိဇ္ဈတိ၊ နိရောဓံ သစ္ဆိကိရိယာဘိသမယေန ပဋိဝိဇ္ဈတိ၊ မဂ္ဂံ ဘာဝနာဘိသမယေန ပဋိဝိဇ္ဈတိ။ (အဋ္ဌသာလိနီ စာမျက်နှာ–၂၅၉)

ဣမေသု စတူသု မဂ္ဂေသု ပဌမမဂ္ဂေန စတ္တာရိ သစ္စာနိ ဒိဋ္ဌာနိ၊ ဥပရိ မဂ္ဂတ္တယံ ဒိဋ္ဌကမေဝ ပဿတိ။ (အဋ္ဌသာလိနီ စာမျက်နှာ–၂၀၄)

ဉာဏ်တော်ကြီးကို ရပြီးသည်၏အဖြစ်ကြောင့်ငှင်း။ တတော၊ ထိုသဗ္ဗညုတ ဉာဏ်ထက်။ ဥတ္တရိ၊ အလွန်။ ကရဏီယံနာမ၊ ပြုဘွယ်ကိစ္စအားထုတ်ဖွယ်တရား မည်သည်။ နတ္ထိ၊ မရှိ။ (မရှိတော့ဘူး)

"နတ္ထိ ကတဿ ဝါ ပတိစယော" ဘာလဲ"ကတဿဝါ ပတိစယော"လို့ ဆိုတာ၊ ဒီ ပါဠိတော်ရဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာက ပြောပေးတယ်၊ ဘယ့် နှယ်ပြောသလဲ—

"ကတဿဝါ ပုန ပတိစယောပိ နတ္ထိ"။ ကတဿဝါ၊ ပြုအပ်ပြီးသော မဂ် ကိစ္စကိုလည်း။ ပုန၊ တဖန်။ ပတိစယော၊ပွားများခြင်းဆိုတဲ့ လုပ်ငန်းကိစ္စသည်။ နတ္ထိ၊ မရှိ။

သောတာပတ္တိမဂ်ကို ရပြီးတဲ့ပုဂ္ဂိုလ် နောက်သောတာပတ္တိမဂ်ရအောင် လုပ် စရာမလိုဘူး၊ သကဒါဂါမိမဂ်ကိုသာ ရအောင်လုပ်ဖို့ လိုတော့တယ်၊ သကဒါ ဂါမိမဂ် ရပြီးသားပုဂ္ဂိုလ်, အနာဂါမိမဂ်ရပြီးသားပုဂ္ဂိုလ်, အရဟတ္တမဂ်ရပြီး သား ပုဂ္ဂိုလ် နောက်ကို အရဟတ္တမဂ်ရအောင် လုပ်စရာမလိုဘူး။

> န ဟိ ဘာဝိတမဂ္ဂေါ ပုန ဘာဝီယတိ၊ ပဟီနကိလေသာနံ ဝါ
> ပုန ပဟာနေန ကိစ္စံ အတ္ထိ။ (အဋ္ဌကထာက)

ဘာဝိတမဂ္ဂေါ၊ ပွားများအပ်ပြီးသောမဂ်ကို။ ပုန၊ တဖန်။ နဘာဝီယတိ၊ မပွားများအပ်။ ပဟီနကိလေသာနံဝါ၊ ပယ်ပြီးသော ကိလေသာတို့ကိုလည်း။ ပုန၊ တဖန်။ ပဟာနေန၊ ပယ်ခြင်းဖြင့်။ ကိစ္စံ၊ ကိစ္စသည်။ န အတ္ထိ၊ မရှိ။

ပယ်ပြီးသား ကိလေသာကို နောက်ထပ်တဖန် ပြန်ပယ်ဘို့မရှိဘူး– တဲ့။ ဒါကြောင့် "ကတဿ ဝါ ပတိစယော"လို့ ပြောတာပါ-တဲ့။ နှစ်ကြိမ်မြောက် ဒီအကြောင်းတွေကို ပြုပြီးတော့ အရှင်မေဃိယက လျှောက်တယ်၊ လျှောက် တော့ သဗ္ဗညုရှင်တော်မြတ်ဘုရားကလဲဘဲ နှစ်ကြိမ်မြောက်ပဲ ပယ်တော်မူပြန် တယ်။

မြတ်စွာဘုရားက နှစ်ကြိမ်မြောက်ပယ်တော်မူခြင်း

ဒုတိယမ္ပိ ခေါ ဘဂဝါ အာယသ္မန္တံ မေဃိယံ ဧတ ဒဝေါစ။

ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက် နောက်ထပ် တဖန်လည်း။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ မေဃိယံ၊ အရှင်မေဃိယကို။ ဧတံ–ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြန်တော့၏။ (ဘယ့်နှယ်မိန့်သလဲ)။

အာဂမေဟိ တာဝ၊ ဧကကမှိ တာဝ၊ ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတိ။

ဆိုင်းပါအုံး မေဃိယ....ငါ့တယောက်ထဲ ရှိသေးတယ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတပါး မလာသေး၊ ထိုမျှလောက်တော့ ဆိုင်းပါအုံး–မေဃိယလို့ နှစ်ကြိမ်မြောက် ဒီစကားဘဲ ပြောတယ်၊ ဒါကို ပဌမပိုင်းက အဓိပ္ပါယ်ပြောခဲ့ပြီးပြီ၊ ဒီအတိုင်းဘဲ သုံးကြိမ်မြောက်မှာလဲ အရှင်မေဃိယက ဒီလိုဘဲ လျှောက်တယ်၊ နောက်ကပြောခဲ့တဲ့အတိုင်းဘဲ အရှင်ဘုရားကတော့ ပြုဘွယ်ကိစ္စပြုပြီးပြီ၊ ပြုစရာကိစ္စမရှိတော့ဘူး၊ ဘုရားတပည့်တော်မှာ ပြုစရာကိစ္စတွေ ရှိပါသေးတယ်၊ တရားအားထုတ်ရအောင် ဒီ သရက်တောကလေးသို့ သွားပါရစေလို့ သုံးကြိမ်မြောက်လျှောက်တော့ မြတ်စွာဘုရားကမိန့်တော်မူရပြီ။

သုံးကြိမ်မြောက်၌ ဘုရားတားမြစ်တော်မမူ ပဓာနန္တိ ခေါ မေဃိယ ဝဒမာနံ ကိန္တိ ဝဒေယျာမ၊ ယဿဒါနိ တွံ မေဃိယ ကာလံ မညသီတိ။

မေဃိယ၊ ချစ်သားမေဃိယ။ ပဓာနန္တိ၊ ကမ္မဋ္ဌာန်းအားထုတ် ရအောင် ပါဟု။ ဝဒမာနံ၊ ပြောဆိုသော။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ ကိန္တိ၊ အဘယ်သို့လျှင်။ ဝဒေယျာမ၊ ပြောဆိုရပါကုန်အံ့နည်း။ (ချစ်သားမေဃိယ....ကမ္မဋ္ဌာန်းအားထုတ်ရအောင် သွားပါရစေလို့ တစာစာပူနေတာကို ငါဘုရားက ဘာပြောရအုံးမှာလဲ–တဲ့၊ ကုန်ပြီ–မြတ်စွာဘုရား ပြောထားတာ ဟုတ်လား၊ ကမ္မဋ္ဌာန်း အားထုတ် ချင်ပါတယ်လို့ တာလောက်ပူနေတာကို မထုတ်ပါနဲ့လို့ နှစ်ကြိမ်တောင်ပြောတယ်၊ ပြောလို့မရဘူး၊ သုံးကြိမ်မြောက်ကျတော့ မြတ်စွာဘုရားက တားသေးသလား–မေဃိယ၊ မေဃိယ။ ဒါနိ၊ ယခုအခါ၌။ ယဿကာလံ၊ အကြင်သွားဘို့သင့်တဲ့အချိန်ကို။ တွံ၊ သင်သည်။ မညသိ၊ သိ၏။ အဲဒီအချိန်မှာ သင်သွားပေတော့လို့ ဆိုတော့–

မေဃိယထေရ်သရက် ဥယျာဉ်သို့ကြွရောက်ခြင်း အထ ခေါ အာယသ္မာ မေဃိယော ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ယေန တံ အမ္ဗဝနံ၊ တေနုပသင်္ကမိ။

အထခေါ၊ ထိုအခါ၌။ အာယသ္မာ မေဃိယော၊ အရှင်မေဃိယသည်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးပြီး၍။ ပဒက္ခိဏံ၊ အရိုသေပြုခြင်းကို။ ကတွာ၊ ပြုပြီး၍။ ယေန၊ အကြင်အရပ်၌။ တံ အမ္ဗဝနံ၊ ထိုအခုပြောခဲ့တဲ့

သရက်ဥယျာဉ်တောသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုသရက်ဥယျာဉ်တောသို့။ ဥပသက်မိ ချဉ်းကပ်လေတော့၏။ (ရောက်ပြီမဟုတ်လား–သရက်ဥယျာဉ်ကို)။

ဥပသင်္ကမိတွာ တံ အမ္ဗဝနံ အဇ္ဈောဂါဟေတွာ အညတရသ္မိံ
ရုက္ခမူလေ ဒိဝါဝိဟာရံ နိသီဒိ။

ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးတော့။ တံ အမ္ဗဝနံ၊ ထိုသရက်ဥယျာဉ်တောသို့။ အဇ္ဈောဂါဟေတွာ၊ ဝင်ရောက်၍။ အညတရသ္မိံ၊ တခုသော။ ရုက္ခမူလေ၊ သစ်ပင်ရင်း၌။ ဒိဝါဝိဟာရံ၊ နေ့ခင်းအဘို့ယိုင်နေခြင်းဆိုတဲ့ နေ့သန့်စင်ခြင်းကို။ နိသီဒိ၊ ထိုင်၍တရားအားထုတ်လေတော့၏။

အဲဒီလို ထိုင်ပြီးတော့ အရှင်မေဃိယ တရားအားထုတ်နေလိုက်ပါ သစ်ပင်အောက်မှာ–

တရားအားထုတ်ရင်း အကုသလဝိတက်ဝင်ခြင်း

"အထခေါ အာယသ္မတော မေဃိယဿ တသ္မိံ အမ္ဗဝနေ ဝိဟရန္တဿ ယေဘုယျေန တယော ပါပကာ အကုသလာ ဝိတက္ကာ သမုဒါစရန္တိ"။ ။

အထခေါ၊ ထိုအခါ၌။ တသ္မိံ အမ္ဗဝနေ၊ ထိုသရက် ဥယျာဉ်တော၌။ ဝိဟရန္တဿ၊ တရားအားထုတ်နေစဉ်။ အာယသ္မတော မေဃိယဿ၊ အရှင်မေဃိယအား။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ စိတ်ကိုညစ်နွမ်းစေတတ်ကုန်သော။ တယော၊ သုံးပါးကုန်သော။ ဝိတက္ကာ၊ ဝိတက်တို့သည်။ သမုဒါစရန္တိ၊ ထန်းလျက်ခဲမှာ ယင်ကောင်တွေ ကပ်ဘိသကဲ့သို့ လွှမ်းမိုးကပ်ငြိ၍လာကြကုန်တော့၏။

သေယျထိဒံ၊ ဘာဝိတက်တွေလဲ။ ကာမဝိတက္ကော ဗျာပါဒဝိတက္ကော ဝိဟိံသာဝိတက္ကောတိ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်–ဝိတက်တွေဝင်လာတယ်၊ ဘာဖြစ်လို့ ဝိတက်တွေ ဝင်လာသလဲ၊ အဲဒီနေရာမှာ အဋ္ဌကထာဆရာတော်က ဘယ့်နှယ်ပြောသလဲ၊ ဒါလေးတော့ ဘုန်းကြီးက စကားပြေနဲ့ ပြောပါ့မယ်၊ အားလုံးလဲနားလယ်နေကြပြီ– ဒီအကြောင်းကို၊ အားလုံးနားလယ်နေတဲ့ အကြောင်းကို ရှေးဦးစွာ ဘုန်းကြီးက ပြောမယ်။

ဘဝငါးရာ တိုင်တိုင် မင်းဆက်တိုက် ဖြစ်ဘူးခြင်း

ရှင်မေဃိယဟာတဲ့ ဘဝငါးရာတိုင်တိုင် ဆက်ပြီးတော့ အဲဒီနေရာမှာ ရှင်ဘုရင် ဖြစ်ခဲ့ဘူးတယ်တဲ့၊ ရှင်ဘုရင်အဖြစ်နဲ့ ဒီနေရာမှာ ဘဝငါးရာတိုင်တိုင် သူကနေခဲ့ဘူးတယ်၊ ဘဝငါးရာတိုင်တိုင် ရှင်ဘုရင်အဖြစ်နဲ့ ဒီသရက်ဥယျာဉ် တောထဲမှာ မောင်းမမိဿံတွေနဲ့ သူကနေခဲ့ဘူးတယ်၊ အဲဒီလို

ဘဝငါးရာတိုင်တိုင် ရှင်ဘုရင်အဖြစ်နဲ့ မောင်းမမိဿံတွေနဲ့ ဒီနေရာကလေးမှာ နေခဲ့ဘူးသည် ဖြစ်သောကြောင့် ကာမဝိတက်တွေ ဝင်လာ၏၊ အဲဒီလို မောင်းမတွေနဲ့ ရှင်ဘုရင်အဖြစ်နဲ့ ဒီနေရာကလေးမှာ နေယင်ဘဲ တရားသူကြီးတွေက ရာဇဝတ်သား နှစ်ယောက်ကို ခေါ်လာတယ် တဲ့၊ တယောက်ကိုတော့ သေဒဏ်ပေးလိုက်၏၊ အဲဒါကြောင့် ဗျာပါဒ ဝိတက်ဝင်၏၊ တယောက်ကိုတော့ ထောင်ချလိုက်၏၊ အဲဒါကြောင့် ဝိဟိံသာဝိတက်ဝင်၏–လို့ ဒါ ပြောဒါ၊ ဟုတ်တယ်မဟုတ်လား–ဒါအားလုံးပြီးရော အဓိပ္ပါယ်–နော်။

အဋ္ဌကထာဆရာတော်က နောက်အဓိပ္ပါယ်ကလေးနှစ်မျိုး ပြောထားတာ ရှိသေးတယ်၊ ဒါလေး ပြောအုံးမယ်။

"တသ္မိံ သမယေ ပုပ္ဖဖလပလ္လဝါဒီသု လောဘဝသေန ကာမဝိတက္ကော"– (ဒါကိုတော့ ဘုန်းကြီးက ဘာဖြစ်လို့ ပါဠိရွတ်ရတာလဲလို့ဆိုတော့ ဘုန်းကြီးရဲ့ အာဘော်လို့ ထင်မှာစိုးလို့ ပါဠိ ရွတ်လိုက်တာ၊ ဟိုလက်ဦး ဥစ္စာတွေကဟော့ဖြင့် အားလုံးသိကြတဲ့ အဓိပ္ပါယ်တွေ ဖြစ်တယ်။)

တသ္မိံ သမယေ၊ ထိုအခါကာလသမယ၌။ တတ္ထ၊ ထိုတောအုပ်ကြီး အတွင်း၌။ ပုပ္ဖဖလပလ္လဝါဒီသု၊ အပွင့် အသီး အရွက်နုကလေးတွေ နုနေတဲ့ အခါကာလ စသည်တို့၌။ လောဘဝသေန၊ အသီးတွေ အပွင့်တွေ အရွက်နုကလေးတွေကို နှစ်သက်သည်၏ အစွမ်းအားဖြင့်။ ကာမဝိတက္ကော၊ ကာမဝိတက်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေတော့၏။

လောဘကြောင့်ကာမဝိတက်ဖြစ်ခြင်း ဘုန်းကြီးကတော့ အဲဒါကြိုက်တယ်၊ ခုနက ဟိုနောက်ဘဝက ဟာတွေ မဟုတ်လား၊ အခုဟာကတော့ ဘယ်လိုလဲလို့ဆိုတော့ ဒီသရက်ဥယျာဉ်တော ထဲမှာကဲ့ သစ်သီးတွေကလဲ သီးနေတယ်၊ သူက သရက်တောသာ ဆိုတာ သရက်ပင်ချည်းဘဲမှ မဟုတ်ပဲကိုး၊ ဒီအထဲမှာ သပြေပင်လဲ ရှိမယ်ဟုတ်လား၊ ဒီတော့ ဒီ သူသွားနေတဲ့အချိန်က ဘယ်လိုလဲလို့ဆိုတော့ အသီးတွေ သီးနေတဲ့အချိန်, အပွင့်တွေ ပွင့်နေတဲ့အချိန်, အရွက်ကလေးတွေ နုနေတဲ့အချိန်လို့ ဆိုတော့ အဲဒီ အသီးတွေ, အပွင့်တွေ, အရွက်တွေကို သာယာသည်၏အစွမ်းအားဖြင့် နှစ်သက်သည်ဖြစ်သောကြောင့် "ကာမဝိတက္ကော၊ ကာမဝိတက်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာပါလေတော့၏"။ အခုဖြစ်နေတာ၊ ဒါ–အဋ္ဌကထာစကား၊ သို့သော်လဲ အဋ္ဌကထာဆရာက ဒီစကားရပ်ကို ပြောတဲ့နေရာမှာ "အပရေ" လို့ စကားတလုံး ထိုးထားတာရှိတယ်၊ အပရေဆရာတို့ရဲ့ ဝါဒ ဟုတ်လား။

သရက်တောထဲ ရောက်သွားတယ်လို့ဆိုတော့ ဟာ—ကြည်နူးစရာကောင်း လိုက်တာ၊ အပွင့်ကလေးတွေနဲ့ အသီးကလေးတွေနဲ့ အရွက်ကလေးတွေနဲ့လို့ ဆိုတော့ အပွင့်ကလေးခူးချင်တဲ့စိတ်၊ အသီးကလေးတွေ ဘယ်လိုတုံး—ဘုန်းကြီး တို့ အမျိုးကောင်းသမီးတွေ ပိုဆိုးတယ်—နော်၊ ပန်းပင်ကလေးတွေ နိမ့်နိမ့် ကလေး ပွင့်နေတာမြင်ယင် ဘယ်လိုတုံး၊ ဟာ—သိပ်လိုချင်လာတယ် ဟုတ် လားပြောတော့ပြောပါသေးတယ်— ဘုရားတင်ဘို့ပါတဲ့၊ အဲဒီအရွယ်နုနုကလေး တွေ အသီးလေးတွေ ပန်းပွင့်လေးတွေကို လောဘဝသေန ကာမဝိတက္ကော၊ အဲဒါလိုချင်တဲ့ အစွမ်းအားဖြင့် ကာမဝိတက်ဖြစ်ထာပါတဲ့— ရှင်မေဃိယဟာ။

ဗျာပါဒဝိတက်ဖြစ်ပုံ နို့—ဗျာပါဒ ဝိတက်က ဘယ်လိုကြောင့် ဖြစ်သလဲ၊ ဗျာပါဒဝိတက်လို့ ဆိုတာက ဘာကြောင့်ဖြစ်သလဲလို့ ဆိုတော့—

ခရဿရာနံ ပက္ခီအာဒီနံ သဒ္ဒဿဝသေန ဗျာပါဒဝိတက္ကော။

ခရဿရာနံ၊ ကြမ်းသောအသံရှိကုန်။ ဝါ၊ စူးရှသောအသံ ရှိကုန်သော။ ပက္ခီအာဒီနံ၊ ငှက်စသောသတ္တဝါတို့၏။ သဒ္ဒဿဝသေန၊ အသံကိုကြားရသည် ၏အစွမ်းအားဖြင့်။ ဗျာပါဒဝိဟက္ကော၊ ဒေါသဖြစ်လာတယ်ဆိုတဲ့ ဗျာပါဒ ဝိတက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာလေတော့၏။

သူကထိုင်ပြီးတော့ တရားအားထုတ်နေတယ်၊ အဲဒီတောထဲမှာက အမျိုး မျိုးသောငှက်တွေ ရှိတယ်၊ အသံစူးဝါးတဲ့ငှက်တွေရှိတယ်၊ အသံချိုတဲ့ငှက် တွေရှိတယ်၊ ကျီးကန်းတို့ဘာတို့ဆိုယင် တရားအားထုတ်နေရင်း အသံကြားရ ယင် ဒီကျီးကန်းကို ဒေါသမဖြစ်ဘူးလား— ဟင် (ဖြစ်ပါတယ်ဘုရား) ခရဿ ရာနံ၊ ကြမ်းတမ်းသော အသံရှိကုန်သော။ ပက္ခီအာဒီနံ၊ ငှက်စသည်တို့၏။ သဒ္ဒဿဝသေ၊ အသံကိုကြားရသောအားဖြင့်။ ဗျာပါဒဝိတက္ကော၊ စိတ်ဆိုး တယ် စိတ်ညစ်သွားတယ် စိတ်ပျက်သွားတယ်ဆိုတဲ့ ဗျာပါဒဝိတက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

တောထဲမှာ ငှက်သံတွေ ဆူညံလွန်းလို့ ဒီငှက်တွေကို ဟုတ်လား—ဟင် ဒီငှက်တွေ ငါ့ကိုအနှောင့်အယှက်ပေးနေတယ်ဆိုပြီး ငှက်တွေကို ဒေါသဖြစ် တဲ့အတွက် ဗျာပါဒဝိတက်ဖြစ်ထာပါ—တဲ့၊ ဒီယုတ္တိကလေးက ပိုမကောင်းဘူး လားလို့၊ ဟင်—ဟိုပဋ္ဌမပြောတဲ့ ကာမဝိတက် ဗျာပါဒဝိတက် ဖြစ်တယ် ဆိုတာနဲ့ ဒီဝိတက်တွေ ဖြစ်တယ်ဆိုတာ ဒီအကြောင်းတွေက ပိုပြီးတော့ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား) ဟုတ်လား၊ ကိုင်း—နောက်တခု

သွားအုံး၊ ဝိဟိံသာဝိတက်ဘာပြုလို့ဖြစ်သလဲ၊ ညှဉ်းဆဲချင်တယ်၊ သူက ဘာပြုလို့ဖြစ်သလဲဆိုတော့–

ဝိဟိံသာ ဝိတက်ဖြစ်ပုံ လေဍ္ဍုအာဒီဟိ တေသံ ပဋိဗာဟနာ မိပ္ပါယေန ဝိဟိံသာ ဝိတက္ကော။

လေဍ္ဍုအာဒီဟိ၊ လောက်လေး ခဲ တုတ်စသည်တို့ဖြင့်။ တေသံ၊ ထိုငှက်တို့ကို။ ပဋိဗာဟနာမိပ္ပါယေန၊ ပုတ်ခတ်ခြိမ်းခြောက်လိုတယ်ဆိုတဲ့ သဘောအားဖြင့်။ ဝိဟိံသာဝိတက္ကော၊ သတ္တဝါကိုညှဉ်းဆဲလိုတဲ့ ဝိဟိံသာဝိတက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာလေတော့၏။ ဒါ–ဒုတိယတနည်း။

ရှင်မေဃိယမှာ ကာမဝိတက်တွေ့ ဗျာပါဒဝိတက်တွေ့ ဝိဟိံသာဝိတက်တွေ ဘာကြောင့်ဖြစ်သလဲဆိုတော့ ဟောသထဲ တောင်ထဲမှာ ပွင့်နေတဲ့ပန်း၊ တောထဲတောင်ထဲမှာ သီးနေတဲ့သစ်သီး၊ နုနေတဲ့သရက်ပင်လေးတွေကို မြင်ပြီးတော့ လိုချင်တဲ့လောဘတွေ ဖြစ်တဲ့အတွက် ကာမဝိတက်ဖြစ်တယ်၊ တောထဲတောင်ထဲက ငှက်ဆိုးငှက်ဝါးတို့ရဲ့ အသံတွေကို ကြားရတဲ့အတွက် ဗျာပါဒဝိတက်ဖြစ်တယ်၊ အဲဒီငှက်ဆိုးငှက်ဝါးတို့ရဲ့အသံကို ကာကွယ်ဘို့ရန်အတွက် ခဲ တုတ်စသည်တို့ဖြင့် ပစ်ခတ်နှိမ်နင်းချင်တဲ့စိတ်ဖြစ်သောကြောင့် ဝိဟိံသာဝိတက်ဖြစ်တယ်၊ ဒါ–တနည်း။

ဝိတက်ဖြစ်ပုံတနည်း နောက်တနည်း ပြောအုံးမယ်၊ နောက်တနည်းက ဘာတဲ့လဲ။

> ဣမေဝါဟံ ဝသေယျန္တိ တတ္ထ သာပေက္ခတာဝသေန ကာမဝိတက္ကော။

ဒီနေရာကလေးကိုမှ နေချင်တယ်လို့ဆိုတဲ့အတွက်–အဟံ၊ ငါသည်။ ဣမေဝ၊ ဤနေရာ ဤအရပ်၌သာလျှင်။ ဝသေယျံ၊ နေလိုပါ၏။ ဣတိ၊ ဤသို့။ တတ္ထ၊ ထိုနေရာ၌။ သာပေက္ခတာဝသေန၊ ငဲ့ကွက်တွယ်တာနေသည်၏ အစွမ်းအားဖြင့်။ ကာမဝိတက္ကော၊ ကာမဝိတက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေ၏။

ဘုန်းကြီးတို့ပရိသတ် ဒါကိုသတိထားရမယ်၊ တရားနာလို့ရှိယင်လဲ ဒီနေရာဆို ဒီနေရာကလေးမှ၊ တရားအားထုတ်ပြန်တော့လဲ ဒီနေရာကလေး နေချင်တယ်၊ အဲဒါ–ကာမဝိတက်ဖြစ်သတဲ့ဟုတ်လား။

> ဝနစရကေ တတ္ထ တတ္ထ ဒိသွာ တေသု စိတ္တဒုဗ္ဘနေန ဗျာပါဒဝိတက္ကော။

ဝနစရကော၊ ပျော်ပွဲစားထွက်လာကြတယ်ဆိုတဲ့ မြို့သူမြို့သား ရွာသူရွာသား တို့ကို။ (ဒီနေရာက အင်မတန်ပျော်ဘို့ကောင်းတဲ့ နေရာကလေးဆိုတော့ အားအားရှိယင် သွားကြတယ်မဟုတ်လား- တောထဲကို စားစရာကလေးတွေ သောက်စရာကလေးတွေနဲ့၊) ဝနစရကော၊ တောလည်တဲ့ပုဂ္ဂိုလ်တွေကို။ တတ္ထတတ္ထ၊ ထိုထိုထိုထိုအရပ်၌။ ဒိသွာ၊ မြင်ရသည်ဖြစ်၍။ တေသု၊ ထိုတောလည်လာတဲ့ ပုဂ္ဂိုလ်အပေါင်း၌။ ဒုဋ္ဌနစိတ္တေန၊ ဖျက်ဆီးလိုသောစိတ်ကြောင့်။ စိတ္တဒုဋ္ဌနေန၊ စိတ်ပျက်လိုခြင်းဟူသော အကြောင်းကြောင့်။ ဗျာပါဒဝိတက္ကော၊ ဗျာပါဒဝိတက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သူက တောထဲထိုင်ပြီးတော့ တရားအားထုတ်နေတယ်၊ ဟိုနေရာကလေးတွေ ဘာတွေနဲ့ဟာ တောလည်လာတဲ့ပုဂ္ဂိုလ်တွေနဲ့ ဒီလူတွေကို စိတ်ပျက်တယ်၊ အဲ-ဒါကြောင့် ဗျာပါဒဝိတက် ဖြစ်ပါတယ်တဲ့။

တေသံ ဝိဟေဌနာဓိပ္ပါယေန ဝိဟိံသာဝိတက္ကော တဿ ဥပ္ပဇ္ဇိ။

တေသံ၊ ထိုတောလည်လာတဲ့ ပုဂ္ဂိုလ်တို့အား။ ဝိဟေဌနာဓိပ္ပါယေန၊ ချုတ်ချယ်ထိပါးလိုသော သဘောအဓိပ္ပါယ်၏ အစွမ်းအားဖြင့်။ ဝိဟိံသာဝိတက္ကော၊ ဝိဟိံသာဝိတက်သည်။ တဿ၊ ထိုရှင်မေဃိယအား။ ဥပ္ပဇ္ဇိ၊ ဖြစ်ရလေပြီ။ ဒါ-တတိယနည်း။ သူလဲသင့်ပါတယ် နော်။

ဒီတော့ ရှင်မေဃိယမထေရ်မှာ ကာမဝိတက်တွေဖြစ်၊ ဗျာပါဒဝိတက်တွေဖြစ်၊ ဝိဟိံသာဝိတက်တွေဖြစ်ပြီ၊ ဝိတက်တွေဝင်လာပြီ မဟုတ်လား၊ ဘာဝိတက်တွေဝင်လာသလဲဆိုတော့ ကာမဝိတက်တွေ ဝင်လာပြီ၊ ကာမဂုဏ်ကို ကြံစည်တယ်၊ ဗျာပါဒဝိတက်တွေ ဝင်လာတယ်၊ ဝိဟိံသာဝိတက်တွေ ဝင်လာတယ်။

တရားအားထုတ်ရင်း ဝိတက် ဝင်လာတတ်ပုံ

ဒါ- တရားအားထုတ်တဲ့ ပုဂ္ဂိုလ်၊ ဟုတ်တယ် ဘုန်းကြီးတို့လေ တရားအားထုတ်ပြီဆိုယင် အဲဒီ ဝိတက်တွေဝင်ဝင်လာတတ်တယ်၊ ဘယ်လိုဝင်ဝင်လာတတ်သလဲဆိုတော့ ပြောအုံးမယ်-ဝင်လာတတ်ပုံကလေးကို တရားအားထုတ်တဲ့နေရာမှာဆိုတာ မနက်စောစော လေးနာရီခွဲ ငါးနာရီခွဲလောက်က ဆန်ပြုတ်ကလေးလောက်နဲ့ဘဲ သူကနေရတယ်။

အဲဒီဆန်ပြုတ်ကလေးလောက်နဲ့ဘဲ နေလာခဲ့ရတာ ဘယ်လောက်ကြာလာသလဲဆိုတော့ မနက်ငါးနာရီခွဲလောက်က နေပြီးတော့ ခြောက်နာရီခွဲ ခုနစ်နာရီခွဲ ရှစ်နာရီခွဲလောက် ရောက်လာတော့ ဘယ့်နှယ်ဖြစ်လာသလဲ ဆာလာပြီ၊

ဆာလာပြီဆိုယင် ဘာစိတ်တက်ဝင်လာသလဲ–ဆိုတော့ ရသာရုံကာမဂုဏ်တွေကို ခံစားလိုတယ်ဆိုတဲ့ စိတ်အကြံတွေဝင်လာပြီ၊ ကာမစိတ်တက်ဝင်လာပြီ၊ ဝင်လာပြီ မဟုတ်လား၊ ဒီအထဲ တရားဝင်ဘူးတဲ့ပုဂ္ဂိုလ်တွေ ပါတယ်မဟုတ်လား (ပါပါတယ်ဘုရား)။

ရသာရုံကာမဂုဏ်တွေကို ခံစားချင်တဲ့စိတ်တွေ၊ ဟိုကျတော့ နေရာကောင်းကောင်းကလေးမှာ နေချင်တဲ့စိတ်တွေ၊ အိပ်ရာကောင်းကောင်း ကလေးနဲ့ နေချင်တဲ့စိတ်တွေ ဟုတ်လား၊ အင်းကမ္ဘာ့ဥာန်းအားထုတ်တဲ့ နေရာဆိုတာ ကိုယ့်အိမ်ကိုယ့်ရာလိုတော့ ကျကျနန နေရာဘယ်ရှိလိမ့်မလဲ ဟုတ်လား၊ ဟိုမှာ ဖြစ်သလိုအိပ်ရလိမ့်မယ်၊ ဖြစ်သလိုနေရလိမ့်မယ်၊ ဖြစ်တဲ့သင်ဖြူးကလေးနဲ့ ဖြစ်တဲ့ ဖျာကလေးနဲ့၊ ဖြစ်တဲ့ခေါင်းအုံးကလေးနဲ့ ဒီလိုဘဲ သင့်သလိုနေရမှာ။

အဲ–ဒါကလေးတွေကို မြင်ရပြီဆိုယင် အင်း–ဖျာကလဲ ကြမ်းလိုက်ထာ၊ နေရာကလဲ မကောင်းဘူး၊ ခေါင်းအုံးလဲ မရှိဘူး၊ သစ်သားကြီး အုံးနေရတာဘဲလို့ ခေါင်းအုံးပျော့ပျော့ကလေး အုံးချင်တာတို့၊ အိပ်ပြန်တော့လဲ ဖျာကြမ်းပေါ်မှာ သင်ဖြူးကလေးနဲ့၊ ခေါင်းအုံးကလေးနဲ့၊ မွေ့ရာကလေးနဲ့ အိပ်ချင်လိုက်ထာတို့၊ ခြင်ထောင်လဲမရှိ စောင်လဲ မပါ၊ ဟော–ကာမစိတ်တက်တွေ ဝင်မလာဘူးလား (ဝင်လာပါတယ်ဘုရား)။

ကိုယ့်စိတ်ကတော့ ဝင်တယ်လို့ မထင်ဘူး၊ သွားတုန်းကထဲက ခြင်ထောင်တွေ၊ စောင်တွေ၊ ခေါင်းအုံးတွေနဲ့ သွားကြတာ မဟုတ်လား–ဟင်၊ အဲဒီ ကာမစိတ်တက်တွေဝင်လာတယ်၊ စားချင်တယ်၊ စားချင်တယ်နဲ့ ဆာလှပြီ။

အဲဒီလို ဆာလာတော့ ကာမစိတ်တက် နောက်ကို ဘယ်သူ ဝင်လိုက်လာသလဲ ဆိုတော့ ဩော်–အာဟာရ ဥာနက ပုဂ္ဂိုလ်တွေကလဲဘဲ အခုထက်ထိ ပြင်မပြီးသေးဘူးလား၊ ဆွမ်းစားဘို့ အချက်ပေးတဲ့ သံချောင်း ခုထက်ထိ မခေါက်သေးဘူးလားနဲ့ ဟို–အာဟာရရုံမှာ အာဟာရ စားဘို့အတွက် ရှက်ဆောင်နေတဲ့ လူတွေကို ဒီကနေ လှမ်းပြီးတော့ စိတ်ဆိုးနေတယ်။

ဘုန်းကြီးတို့ ပရိသတ်တော့ မသိဘူးလေ ဘုန်းကြီးကတော့ အဲဒီလို ဖြစ်ကို ဖြစ်ခဲ့တာ၊ ဒီလူတွေ ဘာလုပ်နေပါလိမ့်မလဲ၊ ခုထက်ထိကို မခေါက်သေးဘူးလား၊ ဆာလေ ဟို လူတွေကို လှမ်းပြီး စိတ်ဆိုးလေဘဲ၊ ဆွမ်းပြင်တဲ့လူတွေကို ဟုတ်လား၊ ဆာလာလေ ဆွမ်းပြင်တဲ့လူတွေကို စိတ်ဆိုးလေဘဲ။

ဒီလိုဖြစ်တော့ ဘာစိတ်တက်တွေ ဝင်လာသလဲ (ဗျာပါဒစိတ်တက်ပါဘုရား) ဒီလူတွေ လုပ်ကာ နေရာမကျပါဘူး၊ ဒီကပ္ပိယတွေတော့ဖြင့် ဟုတ်လား၊ ဒီ

ကပ္ပိယကို ဖျက်ပြီး ဒိပြင် ကပ္ပိယတယောက် လှည့်ထားအုံးမှာဘဲလို့ ဆိုတော့ ဟော—ဝိဟိံသာ ဝိတက်တွေ ဝင်မလာဘူးလား—သူ (ဝင်လာပါတယ်ဘုရား)။

ဘုန်းကြီးတို့ ဝင်တာပြောတာလေ၊ ဘုန်းကြီးတို့ ပရိသတ်တော့ ဒီလို မဝင်ပါဘူး ထင်ပါရဲ့၊ ဘယ့်နှယ်လဲ–ဟင်၊ သူတို့ မေးကြည့်ယင် မဝင်ပါဘူး ပြောမှာဘဲ ဟုတ်လား၊ ဘုန်းကြီးကတော့ မကွယ်ဘူး၊ ဝင်ကိုဝင်တယ်၊ ဆွမ်းစားကျောင်းက လူတွေကို စိတ်ကောက်လိုကောက်၊ အဲဒီလို ဖြစ်လာတယ်။

အဲဒီလို ကာမဝိတက်တွေ, ဗျာပါဒ ဝိတက်တွေ, ဝိဟိံသာဝိတက်တွေ ဝင်လာတော့ ကာမဝိတက်တွေဆိုတာ စားရေး သောက်ရေး ဝတ်ရေး နေရေး ထိုင်ရေး ကြည့်ရေး ရှုရေး နားထောင်ရေးနဲ့ ပတ်သက်ပြီးတော့ ကြံတဲ့ အကြံအစည်တွေ ကိုယ်နှစ်သက်တဲ့ ရူပါရုံ, ကိုယ်နှစ်သက်တဲ့ သဒ္ဒါရုံ, ကိုယ်နှစ်သက်တဲ့ဂန္ဓာရုံ, ကိုယ်နှစ်သက်တဲ့ ရသာရုံ, ကိုယ်နှစ်သက်တဲ့ ဖောဋ္ဌဗ္ဗာရုံ၊ အဲဒီ အာရုံတွေကို ရအောင် ကြံစည် စဉ်းစား၍ နေခြင်းသည် ကာမဝိတက် ကြံနေတာ၊ ဘယ်လို လုပ်ပြီး ရအောင် လုပ်ရပါ့မလဲလို့ ကြံနေတာ–ကာမဝိတက်။

ဗျာပါဒဝိတက်လို့ဆိုတာ သူတပါးကို ပျက်စီးအောင် ကြံနေတာ၊ စိတ်ဆိုး စိတ်ကောက် ဒေါသ ဖြစ်တယ်–ဗျာပါဒဝိတက်တွေ၊ ဝိဟိံသာ ဝိတက်ဆိုတာ အဲဒီလူတွေကို နှိပ်စက်ချင်တယ်, ညှဉ်းဆဲချင်တယ်, ဒဏ်ပေးချင်တယ် ဟုတ်လား၊ တရားသူကြီးတွေလဲ သတိထား၊ သူတို့လဲ ဒီဝိတက်တွေ ဝင်မှာဘဲနဲ့ တူတယ် ဟုတ်လား၊ အမှုထမ်းတွေ နေရာမကျဘူး ဆိုယင် မင်းတို့ ကြပ်ကြပ်သတိထား၊ ငါ့အလုပ်ဖြုတ်ပစ်မယ်လို့ ဒီလို ဝိဟိံသာဝိတက်တွေ ဖြစ်လာတယ်။

အဲဒီလို ကာမဝိတက်တွေ, ဗျာပါဒဝိတက်တွေ ရှင်မေဃိယမထေရ်တော့ ဖြင့် တောကြီးထဲမှာ တယောက်ထဲသွားပြီး တရား အားထုတ်နေတာ ဝိတက်တွေ ဝင်လာပြီ၊ အကုသိုလ်ဝိတက် သုံးမျိုးရှိတယ်၊ ဇာတိဝုတ် ပါဠိတော်မှာ ဝိတက် အခန်းတွေ ဖော်ရတော့မှာဆိုတော့ ဒီ ဝိတက်ခန်းက ဒီအပတ်တော့ ကုန်မှာ မဟုတ်ဘူး၊ မကုန်ပေမဲ့ ဟောတော့ပစ်ခဲ့အုံးမယ်။

အကုသလဝိတက်တို့၏ အပြစ် ခြောက်ပါး တယော မေ ဘိက္ခဝေ အကုသလဝိတက္ကာ အန္ဓ–ကရဏာ အစက္ခုကရဏာ အညာဏကရဏာ ပညာ–နိရောဓိကာ ဝိဃာတပက္ခိကာ အနိဗ္ဗာန သံဝတ္တ–နိကာ*။ (ဒီဝိတက်ရဲ့အပြစ် ခြောက်ချက်)။

---

* ဣတိဝုတ် ပါဠိတော် စာမျက်နှာ–၂၅၁၊ တိကနိပါတ် စတုတ္ထဝဂ် အန္ဓကရဏသုတ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အန္ဓကရဏာ၊ ပညာ မျက်စိ ကန်းသည်ကို ပြုတတ်ကုန်သော။ အစက္ခုကရဏာ၊ တရားစက္ခုကို ပြုလုပ် မပေးတတ်ကုန်သော။ ("ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ ဓမ္မစက္ခုံ ဥဒပါဒိ"လို့ ဓမ္မစက္က ပဝတ္တန သုတ္တန်မှာ ဟောထားတဲ့ ဖြစ်ခြင်း, ပျက်ခြင်း ဆိုတဲ့ သဘောတည်းဟူသော) တရားစက္ခုကို မပေးတတ် မပြုလုပ် တတ်ကုန်သော။အညာဏကရဏာ၊ အသိဉာဏ်ပညာကိုပြုလုပ်၍ မပေးတတ်ကုန် သော။ ပညာနိရောဓိကာ၊ လောကီပညာ, လောကုတ္တရာပညာတွေကို ဖျက်ဆီး ပစ်တတ်ကုန်သော။ ဝိဃာတပက္ခိကာ၊ ကိုယ်ပင်ပန်း, စိတ်ပင်ပန်းခြင်းအဖို့သို့ ကျရောက်တတ်ကုန်သော။ အနိဗ္ဗာနသံဝတ္တနိကာ၊ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ကုန်သော။ အကုသလဝိတက္ကာ၊ အဖြစ်ရှိကုန်သော (အကုသိုလ်ဝိတက်) အကြံအစည်တို့သည်။ ဣမေ တယော၊ဤသုံးပါးတို့ပါပေတည်း။

ပညာမျက်စိကန်းအောင် လုပ်တဲ့တရား၊ တရားစက္ခု မပေါ်အောင် လုပ်တဲ့ တရား၊အသိဉာဏ်မကောင်းအောင်လုပ်တဲ့တရား၊ ကျောင်းသားတွေ သတိထား၊ စာကျက်လို့မရတာ ဘာကြောင့်မှမဟုတ်ဘူး–ကာမဝိတက်ကြောင့်။

(ရဟန်းတော်တွေလဲ စာမေးပွဲမအောင်တာ ဘာအကြောင်းမှ မဟုတ်ဘူး ဟုတ်လား၊ ဒီနှစ် ပဌမပြန် စာမေးပွဲမအောင်တာ ဘာဖြစ်လို့မအောင်လဲ– အဲဒီ ပညာဉာဏ်တွေကို ဖျက်ဆီးပစ်တယ် ဆိုတဲ့ ကာမဝိတက်ကြောင့်။)

လောကီပညာတွေ, လောကုတ္တရာပညာဉာဏ်တွေကို ဖျက်ဆီးပစ်တတ် ကုန် သော။ပညာနိရောဓိကာ၊လောကီပညာ,လောကုတ္တရာပညာတွေကိုချုပ်ငြိမ်းကွယ် ပျောက် မေ့လျော့ခြင်းသို့ရောက်စေ တတ်ကုန်သော။ ဝိဃာတပက္ခိကာ၊ ကိုယ် ပင်ပန်းခြင်း, စိတ်ပင်ပန်းခြင်းအဖို့သို့ ကျရောက်ကုန်သော။ အနိဗ္ဗာနသံဝတ္တနိ ကာ၊ ကိလေသာမီး ငြိမ်းအေးခြင်းကို မဖြစ်စေကုန်သော။ အကုသလာ၊ အဖြစ်ရှိကုန်သော။ ဝိတက္ကာ၊ ကြံစည်ခြင်းတို့သည်။ ဣမေတယော၊ ဤသုံးပါး သို့ ပါပေတည်း။ ကတမေ တယော၊ ဤသုံးပါကဘာတွေလဲ။

ကာမဂုဏ်ကြံစည်ခြင်း၏ အပြစ်ခြောက်ပါး

(၁) ကာမဝိတက္ကော ဘိက္ခဝေ အန္ဓကရဏော အစက္ခုကရဏော အညာဏကရဏော ပညာ နိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာန သံဝတ္တနိကော။

ချစ်သားတို့...ကာမဝိတက်သည် အန္ဓကရဏော၊ ပညာမျက်စိကန်းအောင် ပြုတာ ဘယ်သူလဲ–ဒီကာမဝိတက်။ အစက္ခုကရဏော၊တရားစက္ခုကိုပြုလုပ်မပေး

တာဘယ်သူလဲ–ဒီ ကာမဝိတက်။ အညာဏကရဏော၊ ဉာဏ်မကောင်းအောင် လုပ်တာ ဘယ်သူလဲ–ဒီ ကာမဝိတက်။ ပညာနိရောဓိကော၊ရထားတဲ့ လောကီပညာ, လောကုတ္တရာပညာတွေကို ချုပ်ငြိမ်း ကွယ်ပျောက်အောင် လုပ်တာ ဘယ်သူလဲ-ဒီကာမဝိတက်။ ဝိဃာတပက္ခိကော၊ ကိုယ်ပင်ပန်းခြင်း, စိတ်ပင်ပန်းခြင်းဆိုတဲ့ အဘို့သို့ကျရောက်စေတာ ဘယ်သူလဲ- ဒီကာမဝိတက်။ အနိဗ္ဗာနသံဝတ္တနိကော၊ ကိလေသာမီးမငြိမ်းတာ ဘယ်သူကြောင့်လဲ- ဒီ ကာမ ဝိတက်ကြောင့်။

ဒီအပြစ်ခြောက်ခုကို ဘယ်သူပေးသလဲ၊အဲဒီ အပြစ်ခြောက်ခုကို ကာမဝိတက်က မိမိကိုပေးနေတာကို ဘုန်းကြီးတို့ပရိသတ် လက်ခံထားချင် သေးသလား၊ ဒီအပြစ်ကိုမြင်ယင် ကာမဝိတက်ဘယ်တော့မှ မကြံဘူး။

သူတပါးပျက်စီးရန် ကြံစည်ခြင်း၏ အပြစ်ခြောက်ပါး (၂) ဗျာပါဒဝိတက္ကော ဘိက္ခဝေ အန္ဓကရဏော အစက္ခုကရဏော အညာဏကရဏော ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော။

သူများကိုစိတ်ပျက်တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ်, စိတ်ညစ်တယ်, မကျေနပ်ဘူးလို့ဆိုတဲ့ ဗျာပါဒဝိတက်ဟာလဲဘဲ။ ။အန္ဓကရဏော၊ ပညာမျက်စိကန်းအောင်လုပ်တတ်၏။ အစက္ခုကရဏော၊ ဉာဏ်မျက်စိကိုပြုလုပ်၍ မပေးတတ်။ အညာဏကရဏော၊ အသိဉာဏ်ကိုပြုလုပ်၍မပေးတတ်။ ပညာနိရောဓိကော၊ လောကီအသိဉာဏ်ပညာ, လောကုတ္တရာအသိဉာဏ် ပညာတွေကို ချုပ်ငြိမ်းကွယ်ပျောက်ခြင်းသို့ ရောက်စေတတ်၏။ ဝိဃာတပက္ခိကော၊ ဒေါသဖြစ်စေခြင်းဖြင့် ကိုယ်ပင်ပန်းခြင်း, စိတ်ပင်ပန်းခြင်းအဘို့သို့ ရောက်စေတတ်၏။ အနိဗ္ဗာနသံဝတ္တနိကော၊နိဗ္ဗာန်ကို မရောက်စေတတ်၊ကိလေသာမီးမငြိမ်းစေတတ် ။

ဒေါသ–ဗျာပါဒဝိတက်ကို တရားကိုယ်ကောက်တော့– ဒေါသ၊ ဒေါသရဲ့ အပြစ်တွေကို တွေ့ပြီလား၊ ဒေါသကြီးတဲ့လူတွေလေ၊ ကြီးအုံးမလား–နောက်ကို ဒေါသ (မကြီးတော့ပါဘူးဘုရား)

ဒေါသကြီးလေ ဘယ်သူ့ကိုဖျက်ဆီးမလဲ ဘယ်အပြစ်တွေသင့်သလဲ- အန္ဓကရဏော၊ ကန်းတယ်ဆိုတဲ့အပြစ်သင့်တယ်။ အစက္ခုကရဏော၊ ပညာမျက်စိမရှိဘူးဆိုတဲ့ အပြစ်သင့်တယ်။ အညာဏကရဏော၊ ဉာဏ်မရှိဘူးဆိုတဲ့ အပြစ်သင့်တယ်။ ပညာနိရောဓိကော၊ ကိုယ်မှာရှိတဲ့ လောကီပညာ, လောကုတ္တရာပညာတွေကို ဖျက်ဆီးခြင်းခံရတယ်ဆိုတဲ့ အပြစ်သင့်တယ်။ ဝိဃာတပက္ခိကော၊

ကိုယ်ပင်ပန်းခြင်း, စိတ်ပင်ပန်းခြင်းဆိုတဲ့ အပြစ်သင့်တယ်။ အနိဗ္ဗာနသံဝတ္တနိကော၊ ကိလေသာအပူမီး မငြိမ်းနိုင်ဘူးဆိုတဲ့ အပြစ်သင့်တယ်။ လက်ခံစရာကောင်းသေးလား၊ (မကောင်းပါဘူးဘုရား) ဗျာပါဒဝိတက်။

ညှဉ်းဆဲရန်ကြံခြင်း၏ အပြစ်ခြောက်ပါး

(၃) ဝိဟိံသာဝိတက္ကော ဘိက္ခဝေ အန္ဓကရဏော အစက္ခုကရဏော အညာဏကရဏော ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော။ (ခြောက်ချက်)

အန္ဓ-ကန်းတယ်။ အစက္ခု-မျက်စိမပါဘူး။ အညာဏကရဏော၊ အသိဉာဏ်မပေးဘူး။ ပညာနိရောဓိကော၊ မိမိ၏လောကီပညာ, လောကုတ္တရာပညာတွေကို ပျက်စီးအောင်လုပ်ပစ်တယ်။ ဝိဃာတပက္ခိကော၊ ကိုယ်ပင်ပန်းခြင်း, စိတ်ပင်ပန်းခြင်း အဘို့သို့ကျရောက်တယ်။ အနိဗ္ဗာနသံဝတ္တနိကော၊ကိလေသာမီးငြိမ်းခွင့် မပေးဘူး။ ဒီအပြစ်ခြောက်မျိုးသင့်နေတဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်။

ဒီတော့ အရှင် မေဃိယမှာ ဒီ ကာမဝိတက်တွေ, ဗျာပါဒဝိတက်တွေ, ဝိဟိံသာဝိတက်တွေ ဖြစ်နေတော့ ဝိပဿနာ ပညာမျက်စိ ကန်းမနေဘူးလား၊ ဝိပဿနာပညာဉာဏ် ပေါ်သေးရဲ့လား (မပေါ်ပါဘူးဘုရား) အနိစ္စ, ဒုက္ခ, ဝိပရိဏာမ သိဘို့အချက်ပေါ်သေးရဲ့လား(မပေါ်ပါဘူးဘုရား) ပညာနိရောဓိကော၊ ဝိပဿနာပညာ, မဂ်ပညာတွေကို ဖျက်ဆီး၍ ပစ်နေတယ်၊ ကိုယ်လဲပင်ပန်းလာတယ်၊ စိတ်လဲ ပင်ပန်းလာတယ်၊ တရား အားထုတ်နေရင်း ကိလေသာမီးတွေ မငြိမ်းသေးဘူး-ရှင်မေဃိယမှာ။

ဒါဖြင့် အဲဒီ ဝိတက်တွေနဲ့ ပတ်သက် ပြီးတော့ ခုဒ္ဒကနိကာယ်က နေပြီး မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်ကို သွားကြည့်လိုက်အုံး- ဒီဝိတက်အကြောင်းတွေ၊ ဒွေဓာဝိတက္ကသုတ္တန်လို့ဆိုတာ ရှိတယ်၊ အဲ-ဘုန်းကြီးတို့အမျိုးကောင်းသား,အမျိုးကောင်းသမီးများ အဲဒီ ဒွေဓာဝိတက္ကသုတ္တန်ကို စ-ပြီးတော့ ဒီဝိတက်အကြောင်းကို နောက်တပတ် ပြောကြစို့နော် (မှန်ပါဘုရား) တော်ကြအုံးစို့ဟုတ်လား။

ပဌမပိုင်း နိဂုံးဆုတောင်း သာဓုဝေါ၊ နှလုံးပျော့ပျောင်း အို-အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံဓမ္မဒေသနံ၊ ထိုမေဃိယသုတ္တန်ဒေသနာတော်ကို။

သုတ္တာနှ၊ ယခု ရောက်သလောက် နာယူမှတ်သားကြကုန်သည်ဖြစ်၍။ ဓာရေထ၊ ဆောင်ထားကြပါကုန်လော့။ ဓာရေတွာ၊ မမေ့မပျောက်အောင် ဆောင်ထား နိုင်ကြကုန်သည်ဖြစ်၍။ ဘာဝေထ၊ အသိဉာဏ်ရောက်အောင် ပွားများ အား ထုတ်ကြပါကုန်လော့။

ဘာဝေတွာ၊ အသိဉာဏ်ရောက်အောင် ပွါးများအားထုတ် အလုပ်လုပ်နိုင် ကြကုန်သောကြောင့်။ နိဗ္ဗာနံ၊ ကာမဝိတက် တည်းဟူသော ရာဂ, ဗျာပါဒ ဝိတက် တည်းဟူသော ဒေါသ, ဝိဟိံသာဝိတက် တည်းဟူသော မောဟမီး အပေါင်းတို့၏ ငြိမ်းရာ ပညာမျက်စိကန်းအောင်, အသိဉာဏ်မရအောင်, ရပြီး သား အသိဉာဏ်ပညာတွေကို ဆုတ်ယုတ် ပျက်စီးအောင် လုပ်တတ်တယ်ဆိုတဲ့ ဒီမီး အပေါင်းတို့ရဲ့ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာ မသေ့ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါ စေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-ဒုတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၁၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂–ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင် စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်းလုပ်သား ဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် ဒုတိယပိုင်းတရားတော်။

ဘုရားရှိခိုးခြင်း ၎င်းတရား ဒေသနာတော်ကို တရားဟော တရားနာ ပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် တရားမဟောမီ တရားမနာမီ ရှေးဦးစွာ ၎င်းတရား ဒေသနာတော်ကို ဟောကြားတော်မူသည့် သဗ္ဗညုမြတ်စွာ ဘုရားရှင် ကိုတော်မြတ်ကို ရှိသေစွာ ရှိခိုးကြရအောင် ကိုင်း–အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကျေးဇူးတော် များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ ဒီကနေ့ တရားနာကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဗ္ဗညုရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆို၊ အနက်ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

အတ္ထုပ္ပတ်အကျဉ်း ပြန်လည် ဟောပြချက် ဆိုအပ်ခဲ့ပြီးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က စာလိကာမြို့အနီး စာလိကတောင်မှာ သီတင်းသုံးပါတယ်၊ အဲဒီအခါမှာ ရှင်မေဃိယမထေရ်က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဥပဋ္ဌာက–အလုပ်အကျွေး ရဟန်းတပါးဖြစ်ပါတယ်၊ တနေ့တော့ အဲဒီ မေဃိယမထေရ်က မြတ်စွာဘုရားကို လျှောက်တယ်– ဘုရားတပည့်တော် ဇန္တုရွာကို ဆွမ်းခံသွားပါရစေဘုရားလို့၊ မြတ်စွာဘုရားက သွား

ခွင့်ပေးလိုက်တယ်၊ မေဃိယမထေရ် ဇန္တုရွာမှာဆွမ်းခံပြီး–ဆွမ်းစားပြီးတဲ့နောက် ဇန္တုရွာကနေပြီးတော့ ကိမိကာဠ အမည်ရှိတဲ့ မြစ်ကမ်းပါးကို ရောက်သွားတယ်။

အဲဒီ ကိမိကာဠ မြစ်ကမ်းပါးမှာ အညောင်းပြေ စင်္ကြံရှောက်ရင်း ကြည်နူး ဘွယ်ရာ, မွေ့လျော်ဘွယ်ရာကောင်းတဲ့ သရက်ဥယျာဥ်တောတခုကို မြင်လို့ မေဃိယမထေရ်ရဲ့ စိတ်ထဲမှာ အကြံဖြစ်တယ်၊ "ဩော်–ဒီသရက်ဥယျာဥ်ကလေး ဟာ ဒီတောအုပ် တောင်တန်းကလေးဟာ ယရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ အတွက် ကြည်နူးဘွယ်ရာ မွေ့လျော်ဘွယ်ရာကောင်းတယ်၊ တရားအားထုတ်ဘို့ ကောင်းတဲ့ နေရာကလေးဘဲ၊ မြတ်စွာဘုရားကသာ ငါ့ကိုခွင့်ပြုမယ်ဆိုယင် ငါ ဒီသရက်ဥယျာဥ်တောကလေးထဲ လာပြီးတော့ တရားအားထုတ်ချင်တယ်–လို့ စိတ်ကူးဖြစ်ပြီးတော့ မြတ်စွာဘုရားထံပြန်ရောက်တယ်။

ပြန်ရောက်တော့ မြတ်စွာဘုရားကို သူ စိတ်ကူးဖြစ်တဲ့အတိုင်းဘဲ လျှောက်တယ်၊ အရှင်ဘုရား.... ဘုရားတပည့်တော် ဇန္တုရွာကို ဆွမ်းခံသွားပါတယ်၊ ဇန္တုရွာမှာ ဆွမ်းဘုဉ်းပေးပြီးတော့ ကိမိကာဠအမည်ရှိတဲ့ မြစ်ကမ်းပါးမှာ အညောင်းပြေ လမ်းလျှောက်ပါတယ်၊ အဲဒီ ကိမိကာဠ မြစ်ကမ်းပါးက နေပြီးတော့ ကြည့်လိုက်တော့ စိတ်နှလုံးမွေ့လျော် ပျော်ဘွယ်ရာကောင်းတဲ့ သာယာတဲ့ တောအုပ်တောင်တန်း သရက်ဥယျာဥ်တောကလေးတခုကို တွေ့ပါတယ်။

ဒီဥယျာဥ်တောကလေးဟာ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းနဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် ကောင်းတဲ့နေရာ ကလေးဘဲ၊ မြတ်စွာဘုရားကသာ အခွင့်ပြုမယ်ဆိုယင် အဲဒီသရက်ဥယျာဥ်တောကို လာပြီးတော့ တရားအားထုတ်လိုပါတယ်လို့ စိတ်ကူးအကြံဖြစ်ခဲ့ပါတယ်။

ဒါကြောင့် အရှင်ဘုရား....ခွင့်ပြုတော်မူပါ၊ ဘုရားတပည့်တော် သွားပြီးတော့ တရားအားထုတ်ပါရစေလို့ မေဃိယမထေရ်က မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားက ချစ်သားမေဃိယ.... ငါဘုရား တပါးတည်းဘဲ ရှိသေးတယ်ကွယ်–တဲ့၊ နောက်ပြုစုမဲ့ ရဟန်းတပါး မလာသေးသရွေ့ကာလ ပတ်လုံး မသွားပါနဲ့အုံး, ဆိုင်းပါအုံး–လို့ မြတ်စွာဘုရားက နှစ်ကြိမ်တားတယ်။

မနေနိုင်ဘူးကဲ့–သူ၊ တရားသွားအားထုတ်ပါရစေလို့ သုံးကြိမ်တိုင်တိုင် လျှောက်တော့ မြတ်စွာဘုရားက ချစ်သားမေဃိယ....တရားအားထုတ်ရအောင် သွားချင် ပါတယ်လို့ အကြိမ်ကြိမ် လျှောက်ထားနေတာကို ငါဘုရားက

ဘာအထူးပြောစရာ လိုတော့မှာလဲလို့ မိန့်တော်မူတော့– ရှင်မေဃိယမထေရ် တရားအားထုတ်ရအောင် သွားတယ်။

သရက်ဥယျာဉ်တောထဲသို့ ရောက်တာနဲ့ တပြိုင်နက်ထဲ ကာမဝိတက်တွေ ဝင်လာတယ်၊ ဗျာပါဒဝိတက်တွေ ဝင်လာတယ်၊ ဝိဟိံသာဝိတက်တွေ ဝင်လာတယ်၊ နောက်တပတ်က ဟောခဲ့တာ ဒီရောက်ပြီ–နော် (မှန်ပါဘုရား)။

အရှင်မေဃိယအံ့ဩခြင်း အဲဒီ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဝင်လာတော့ ရှင်မေဃိယ မထေရ် တရားအားထုတ်လို့ ဖြစ်သေးရဲ့လား၊ (မဖြစ်ပါဘူး ဘုရား) မဖြစ်တော့ မေဃိယမထေရ်ရဲ့ စိတ်ထဲမှာ အင်မတန်အံ့ဩတယ်– သူ့ကိုယ်သူ၊ ဘယ်လို အံ့ဩသလဲဆိုတော့ ပါဠိတော်က–

အထ ခေါ အာယသ္မတော မေဃိယဿ ဧတဒဟောသိ။

အထခေါ၊ ထိုသို့ ကမ္မဋ္ဌာန်းအားထုတ်မယ်လို့ တောထဲမှာ ဝင်ထိုင်လိုက်သည်နဲ့ တပြိုင်နက်ထဲ ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသာဝိတက်–ဟုဆိုအပ်သော ဝိတက်သုံးပါး အကုသိုလ်တရားတွေ လွှမ်းမိုးလာတဲ့ အခါကာလ၌။ အာယသ္မတော မေဃိယဿ၊ အရှင်မေဃိယအား။ ဧတံ–ဧသော ပရိဝိတက္ကော၊ ဤသို့သော စိတ်ကူးကြံစည်စဉ်းစားခြင်းသည်။ အဟောသိ၊ ဖြစ်ပေါ်လာလေတော့၏။

တရားအားထုတ်မယ်လို့ ထိုင်လိုက်သည်နဲ့ တပြိုင်နက်ထဲ အကုသိုလ်တွေ လွှမ်းမိုးပြီးတော့ ကာမဝိတက်တွေ, ဗျာပါဒဝိတက်တွေ, ဝိဟိံသာဝိတက်တွေ အကြံအစည်မျိုးစုံတွေ ဝင်လာတယ်။

> အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ သဒ္ဓါယစ ဝတမှာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ၊ အထ စ ပနိမေဟိ တီဟိ ပါပကေဟိ အကုသလေဟိ ဝိတက္ကေဟိ အန္ဝာသတ္တာ။ သေယျထိဒံ၊ ကာမဝိတက္ကေန ဗျာပါဒဝိတက္ကေန ဝိဟိံသာဝိတက္ကေန။
>
> (မေဃိယသုတ္တန်မှာ)

ဘော၊ အို–အချင်းတို့။ အစ္ဆရိယံ ဝတ၊ လက်ဖျစ်တီး၍ အံ့ဩချီးမွမ်းထိုက်ပါပေစွ။ ဝါ၊ အံ့ဩထိုက်ပါပေစွ။ ဘော၊ အို–အချင်းတို့။ အဗ္ဘုတံ ဝတ၊ မဖြစ်စဖူး ထူးထူးကဲကဲ ဖြင်ပေါ်လာပါပေစွ။ (အံ့ဩဘို့ ကောင်းလိုက်ထာတဲ့–ဖြစ်ရပုံ၊ ဘာပြုလို့လဲ–) မယံ၊ ငါတို့သည်။ ဝတ–ဧကန္တေန၊ စင်စစ်သဖြင့်။ သဒ္ဓါယ၊ သာသနာတော်ကို ယုံကြည်သက်ဝင်သော စိတ်ရှိသည်ဖြစ်၍။

အဂါရသ္မာ၊ အိမ်ရာ တည်တောင် လူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်၌။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်သည်။ အမှာ၊ ဖြစ်ခဲ့ပါကုန်၏။

အထ ၈ ပန၊ ထိုသို့ သဒ္ဓါတရား သက်သက်ဖြင့် သာသနာတော်ကို ဝင်လာသည် ဖြစ်ပါလျက်သားနဲ့။ ပါပကေဟိ၊ ယုတ်မာ လှစွာကုန်သော။အကုသလေဟိ၊ အပြစ်ရှိကုန်သော။ ဣမေဟိ တီဟိ ဝိတက္ကေဟိ၊ဤဝိတက်သုံးပါးတို့သည်။ အန္ဝာသတ္တာ၊ အစဉ်တစိုက် လွှမ်းမိုး ငြိကပ်၍ လာကြကုန်၏။ သေယျထိဒံ၊ အဲဒါ–ဘာတွေလဲ။ ကာမဝိတက္ကေန၊ ကာမဝိတက်ဖြင့်၎င်း။ ဗျာပါဒဝိတက္ကေန၊ ဗျာပါဒဝိတက်ဖြင့်၎င်း။ ဝိဟိံသာဝိတက္ကေန၊ ဝိဟိံသာဝိတက်ဖြင့်၎င်း။ ဣတိ၊ ဤသို့။ တီဟိ၊ သုံးပါးကုန်သော။ ပါပကေဟိ၊ယုတ်မာကုန်သော။အကုသလေဟိ ဝိတက္ကေဟိ၊ အကုသိုလ်ဝိတက်တို့သည်။ အန္ဝာသတ္တာ၊ စိတ်အစဉ်ကို အစဉ်လွှမ်းမိုးရစ်ပတ် ကပ်ငြိဖုံးလွှမ်း၍ လာကြပေကုန်၏တကား။

ဪ—အံ့ဩဘို့ ကောင်းလိုက်ထာ–တဲ့၊ သဒ္ဓါတရားနဲ့ သာသနာတော်ကို ဝင်ပြီး ရဟန်းပြုလာတာ ဖြစ်ပါလျက်နဲ့ လူ့အာရုံတွေ, လူ့ကာမဂုဏ်တွေကို ရှုံမုန်းပြီးတော့ တောထွက်လာတာ ဖြစ်ပါလျက်သားနဲ့ သူတပါးကို နှိပ်စက်ဘို့, သူတပါးကို သတ်ဖြတ်ဘို့, သူတပါးစိတ်ဆင်းရဲအောင်လုပ်ဘို့ ဘာမျှမကြံစည်ဘဲနဲ့ သဒ္ဓါတရားနဲ့ သာသနာကို ဝင်လာတာ ဖြစ်ပါလျက်သားနဲ့— အခုတရားအားထုတ်ပါတော့မယ်လို့ ထိုင်လိုက်သည်နှင့် တပြိုင်နက်ထဲ—

> ကာမဂုဏ်ကိုကြံစည်တဲ့ ကာမဝိတက်တွေ၊ သူတပါး သေအောင် ပျက်စီးအောင် သတ်ဖြတ်ဘို့ရန် ကြံစည်တဲ့ ဗျာပါဒဝိတက်တွေ၊သူတပါးကို စိတ်ဆင်းရဲအောင် နှိပ်စက် ညှဉ်းပန်းဘို့ရန် ဖြစ်တဲ့ ဝိဟိံသာဆိုတဲ့ ဝိတက်တွေ။

ဒီအကုသိုလ်တရားတွေ ငါရဲ့စိတ်အစဉ်ကို သကာခဲကလေးမှာ ယင်ကောင်တွေဝိုင်းပြီးတော့ အုံကပ်နေဘိသကဲ့သို့ အငမတန် စင်ကြယ်တဲ့ သကာခဲနှင့်တူတဲ့ စိတ်အစဉ်မှာ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် တည်းတူသော ယင်ကောင်ကြီးတွေ ဝိုင်းအုံ ကပ်ငြိနေခြင်းဖြင့် နေရပါပေတယ်၊ အံ့ဩဘွယ်ကောင်းလိုက်ထာလို့ အံ့ဩတယ်၊ ကြိုးစားပြီး အားထုတ်တယ်၊ အားထုတ်လေ ကာမဝိတက်က ဝင်လာလေ၊ အားထုတ်လေ ဗျာပါဒဝိတက်က ဝင်လာလေ၊ ဝိဟိံသာဝိတက်တွေက ဝင်လာလေဘဲ၊ အားယုတ်လို့ မရဘူး။

အရှင်မေဃိယတရားမရ၍ ဘုရားထံပြန်ခြင်း

အားထုတ်လို့မရတော့ ရှင်မေဃိယ ဘာလုပ်ရသလဲ။ အထခေါ အာယသ္မာ မေဃိယော သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဘဂဝါ၊ တေနုပသင်္ကမိ။

အထခေါ၊ ထိုသို့ ဝိတက်အမျိုးမျိုးတွေ ဝင်ရောက်နှိပ်စက် နှောင့်ယှက်နေတဲ့ အခါကာလ၌။ အာယသ္မာ မေဃိယော၊ တရားအားထုတ်နေတဲ့ အရှင်မေဃိယသည်။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ ဝုဋ္ဌိတော၊ တယောက်ထဲတရားအားထုတ်နေကဲ့ နေရာဌာနမှ ထ၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အတ္ထိ၊ သီတင်းသုံးလျက်ရှိတော်မူ၏။ တေန၊ ထိုသဗ္ဗညုရှင်တော်မြတ်ဘုရား ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ပြန်လည်ချဉ်းကပ်ရောက်ရှိပြန်လေတော့၏။

ရှင်မေဃိယမထေရ် ဘာဖြစ်လာသလဲ–ပြန်လာပြီ၊ ပြန်လာရုံလာရသေးတယ်၊ မလျှောက်ရသေးဘူး၊ ပြန်လာတယ်၊ တရားအားထုတ်လို့ မဖြစ်တော့ဘူး၊ ကာမဝိတက်တွေဝင်၊ ဗျာပါဒဝိတက်တွေဝင်၊ ဝိဟိံသာဝိတက်တွေဝင်လာလို့ မြတ်စွာဘုရားထံ ပြန်လာပြီးလျှောက်တယ်၊ ဘာလျှောတ်သလဲ၊ မြတ်စွာဘုရားက နဂိုက တားတယ်မဟုတ်လား၊ (တားပါတယ်ဘုရား) ဒီ အရည်တွေမြင်လို့ မြတ်စွာဘုရားတားတာ၊ သူ နားမထောင်ဘူး–နော် (မှန်ပါ) ပြန်လာပြီးတော့ မြတ်စွာဘုရားကို ဘယ့်နှယ်လျှောက်သလဲ။

ဘုရားထံပြန်၍လျှောက်ခြင်း

ဣဓ မယှံ ဘန္တေ တသ္မိံ အမ္ဗဝနေ ဝိဟရန္တဿ ယေဘုယျေန တယော ပါပကာ အကုသလာ ဝိတက္ကာ သမုဒါစရန္တိ။ သေယျထိဒံ၊ ကာမဝိတက္ကော ဗျာပါဒဝိတက္ကော ဝိဟိံသာဝိတက္ကော။

ဒီ ပါဠိရဲ့အနက်ကို နောက်ကပေးခဲ့ပြီးပြီ–နော်၊ (မှန်ပါ) ဒီနေရာမှာတော့ စကားပြေဘဲ ပြောကြပါစို့ရဲ့၊ အရှင်ဘုရား ...ဘုရားတပည့်တော် တရားအားထုတ်မယ်လို့ အရှင်ဘုရားကို လျှောက်ထားပြီးတော့ ဒီ သရက်ဥယျာဉ်ထဲကို ဝင်လိုက်သည်နှင့် တပြိုင်နက်ထဲ သရက်ဥယျာဉ်ထဲရောက်လို့ တရားလဲထိုင်ရော ကာမဝိတက်တွေ၊ ဗျာပါဒဝိတက်တွေ၊ ဝိဟိံသာဝိတက်တွေ ဝင်ရောက်ပြီး နှိပ်စက်လာပါတယ်ဘုရား၊ ဘုရားတပည့်တော်မှာ တရားအားထုတ်လို့ မဖြစ်တော့ပါဘူးဘုရား။

တဿ မယှံ ဘန္တေ ဧတ ဒဟောသိ။

ဘန္တေ၊ မြတ်စွာဘုရား။ တဿ မယှံ၊ ထိုဘုရားတပည့်တော်အား။ ဧတံ– ဧသော ပရိဝိတက္ကော၊ ဤသို့သောအကြံအစည်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီဘုရား။

ဝိတက်တွေ ဝင်လာတော့ ဘုရားတပည့်တော်ရဲ့ စိတ်ထဲမှာ ဒီလို အကြံအစည်တွေ ဖြစ်လာပါတယ်ဘုရား၊ ဘယ့်နှယ်ဖြစ်သတုံး။

> အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ သဒ္ဓါယ စ ဝတမှာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ။ အထ စ ပနိမေဟိ ဟိ ပါပ-ကေဟိ အကုသလေဟိ ဝိတက္ကေဟိ အန္ဝာသတ္တာ။ သေယျထိဒံ၊ ကာမဝိတက္ကေန ဗျာပါဒဝိတက္ကေန ဝိဟိံသာဝိတက္ကေန။

ဘုရားတပည့်တော် သဒ္ဓါတရားနဲ့ သာသနာတော် ဝင်ပြီးတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါလျက်သားနဲ့ အံ့သြစရာကောင်းလိုက်တာဘုရား–တဲ့၊ ထူးထူးကဲကဲ တရားအားထုတ်တဲ့ နေရာမှာ ကာမဝိတက်တွေ ဝင်လာပါတယ်၊ ဗျာပါဒဝိတက်တွေ ဝင်လာပါတယ်၊ ဝိဟိံသာဝိတက်တွေ ဝင်လာပါတယ်၊ ပယ်လို့ဖျောက်လို့ မရအောင်လို့ကို ဖြစ်နေပါတယ်ဘုရားလို့ ဒီလို လျှောက်တယ်။

ဟုတ်လဲ ဟုတ်တာဘဲလေ၊ ဝိတက်တွေဝင်လာပြီဆိုယင် ဘယ်လိုမှ တရားအားထုတ်လို့ မဖြစ်ဘူး၊ ကာမဝိတက်–ကာမဂုဏ်တွေကို ကြံစည်နေတယ်၊ ဗျာပါဒဝိတက်–စိတ်ပျက်တာတွေ, စိတ်ညစ်တာတွေ,စိတ်ကောက်တာတွေ, စိတ်ဆိုးတာတွေ, တဦးနဲ့တဦး မကျေနပ်တာတွေ, တနည်းတလမ်း ပင်ပန်းစေချင်တဲ့ သဘောတွေမိမိစိတ်ထဲမှာ ပေါ်နေယင် အဲဒါ ဘယ်နည်းနဲ့မှတရားအားထုတ်လို့ မဖြစ်တော့ဘူး။

ဝိတက်ဖြစ်ခြင်း အကြောင်းတရားများ

ဒီ ဝိတက်တွေနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ပါဠိတော်တွေ ဖွင့်ပြီးတော့ ဟောကြားရအောင်၊ ဒီဝိတက်တွေ ဝင်လာယင် တရားအားထုတ်လို့ မဖြစ်တော့ဘူးလို့ ဆိုတာ ဘာဖြစ်လို့လဲဆိုတော့၊ ကဲ–ဘုန်းကြီးတို့ ဝိတက်ဝင်တယ်လို့ ဆိုတာ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ သနိဒါနသုတ္တန်လို့ ဆိုပြီး ဟောထားတာရှိတယ်၊ ဘာဖြစ်လို့ ဒီကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်တွေ ဝင်သလဲ၊ အကြောင်းမရှိဘဲနဲ့ ကာမဝိတက် မပေါ်ဘူး၊ အကြောင်းမရှိဘဲနဲ့ ဗျာပါဒဝိတက်မပေါ်ဘူး၊ အကြောင်းမရှိဘဲနဲ့ ဝိဟိံသာ ဝိတက် မပေါ်ဘူး၊ အဲဒါကို ပါဠိတော်ကဘယ့်နှယ်ပြောထားသလဲ ဆိုတော့–

သန္နိဒါနံ ဘိက္ခဝေ ဥပ္ပဇ္ဇတိ ကာမဝိတက္ကော နော အနိဒါနံ။ သန္နိဒါနံ ဥပ္ပဇ္ဇတိ ဗျာပါဒဝိတက္ကော နော အနိဒါနံ။ သန္နိဒါနံ ဥပ္ပဇ္ဇတိ ဝိဟိံသာဝိတက္ကော နော အနိဒါနံ။ [၁]

ဘိက္ခဝေ၊ ရဟန်းတို့။ အနိဒါနံ၊ အကြောင်းမရှိဘဲ။ ကာမဝိတက္ကော၊ ကာမဝိတက်သည်ငှင်း။ ဗျာပါဒဝိတက္ကော၊ ဗျာပါဒဝိတက်သည်ငှင်း။ ဝိဟိံသာဝိတက္ကော၊ ဝိဟိံသာဝိတက်သည်ငှင်း။ နော ဥပ္ပဇ္ဇတိ၊ မဖြစ်။ သန္နိဒါနံ၊ အကြောင်းရှိမှသာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ကာမဝိတက် ဖြစ်ခြင်းအကြောင်း အကြောင်း မရှိဘဲ ဒီဝိတက်တွေ မပေါ်ဘူးတဲ့၊ ဒါဖြင့် အဲဒီ ဝိတက်တွေ ပေါ်လာခြင်းရဲ့ အကြောင်းက ဘာတွေလဲလို့ဆိုတော့—

"ကထဉ္စ ဘိက္ခဝေ သန္နိဒါနံ ဥပ္ပဇ္ဇတိ ကာမဝိတက္ကော"။ ဘာပြုလို့ ကာမဝိတက် ဖြစ်သလဲ-တဲ့၊ ဒီတော့ ပါဠိတော်က—

ကာမဓာတုံ ဘိက္ခဝေ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာမသညာ၊ ကာမသညံ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာမသင်္ကပ္ပေါ၊ ကာမသင်္ကပ္ပံ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒံ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာမပရိဠာဟော၊ ကာမပရိဠာဟံ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာမပရိယေသနာ ၊ကာမပရိယေသနံ ဘိက္ခဝေ ပရိယေသမာနော အဿုတဝါ ပုထုဇ္ဇနော တီဟိ ဌာနေဟိ မိစ္ဆာ ပဋိပဇ္ဇတိ ကာယေန ဝါစာယ မနသာ။ [၂]

ဘယ်နှယ်လုပ်ပြီး တရား အားထုတ်လို့ ဖြစ်တော့မလဲ-ဒီအကြောင်းတွေကြောင့်၊ ကဲ-ဒီတော့ ဒီ ပါဠိတော်ကို အနက်ပေးကြအုံးစို့။

ကာမဓာတ် အရင်းခံ ဖြစ်ပုံ ဘိက္ခဝေ၊ ရဟန်းတို့။ ကာမဓာတုံ၊ ကာမဓာတ်ကို။ (ကာမဓာတ်လို့ဆိုတော့-ဗျာပါဒရယ်, ဝိဟိံသာရယ် ချန်ထား၊ ကျန်တဲ့ ကာမာဝစရတရား ဟူသ၍ဟာ အကုန်လုံး ကာမဓာတ်ချည်းဘဲ) ကာမဓာတုံ၊ ကာမဓာတ်ကို။ ပဋိစ္စ၊ စွဲ၍-မှီ၍။ ကာမဓာတ်ဆိုတာ လိုချင်စရာကလေးတွေ ဟူသ၍ ကာမဓာတ်ဘဲ၊ ကြည့်ချင်စရာကလေးတွေ ဟူသ၍ ကာမဓာတ်ချည်းဘဲ၊ နားထောင်လို့ ကောင်းတဲ့ အသံဟူသ၍ ကာမဓာတ်၊ နမ်းလို့ ရှူလို့ ကိုယ်ကြိုက်တဲ့ အနံ့ကလေးတွေ ဟူသ၍ အကုန်လုံး ကာမဓာတ်၊ စားလို့ ကောင်းတယ် ဆိုတဲ့ အရသာတွေ, ဝတ်လို့

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ-၃၆၅။
၂။ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် စာမျက်နှာ-၃၆၅။

ကောင်းတယ်ဆိုတဲ့ အထည်ကလေးတွေ၊ အိပ်ရာ နေရာတွေ အကုန်လုံး ကာမ မာတ်ချည်းဘဲ၊ အဲဒီ ကာမဓာတ်ကို) ပဋိစ္စ၊ စွဲ၍။ ကာမသညာ၊ ကာမဂုဏ်၌ နှစ်သက်တယ် ဆိုတဲ့ သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာပေတော့၏။ (ကောင်းတယ် ကောင်းတယ် ကောင်းတယ်လို့ မှတ်ထားတဲ့ အမှတ်သညာ ကလေး ပေါ်လာတယ်တဲ့။)

ကာမသညံ၊ ကောင်းတယ်လို့ ခေါ်တဲ့ အမှတ် သညာကို။ ပဋိစ္စ၊ စွဲ၍။ ကာမသင်္ကပ္ပေါ၊ ကာမဂုဏ်ကို ကြံစည်တဲ့ အကြံအစည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ် ပေါ်၍ လာလေတော့၏။ ကာမသင်္ကပ္ပံ၊ ကောင်းတယ်လို့ဆိုတဲ့ အကြံအစည် ကို။ ပဋိစ္စ၊ စွဲ၍။ ကာမစ္ဆန္ဒော၊ ကာမဂုဏ်ကို လိုချင်တယ်ဆိုတဲ့ ဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာလေတော့၏။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒတရားကို။ ပဋိစ္စ၊ စွဲ၍။ ကာမပရိဠာဟော၊ အဲဒီ ကာမဂုဏ်ကြောင့် လိုချင်တာကလေးတွေကို မရတာကြောင့် ပူပန်ခြင်း၊ စိုးရိမ်ခြင်းဆိုတဲ့ ကာမပရိဠာဟ သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာလေတော့၏။

အာရုံကလေး တခုခု လိုချင်လာပြီဆိုယင် ဒီအာရုံကို မရမချင်း နေလို့ မဖြစ်ဘူး၊ စိတ်ထဲ ပူပြီးတော့ စိတ်ညစ်နေတာပေါ့၊ အဲဒါ ကာမပရိဠာဟလို့ ခေါ်တယ်။

ကာမပရိဠာဟံ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာမပရိယေသနာ။

ကာမပရိဠာဟံ၊ ကာမဂုဏ်ကို မရခြင်းကြောင့် ပူလောင်တယ်ဆိုတဲ့ သဘော ကို။ ပဋိစ္စ၊ စွဲ၍။ ကာမပရိယေသနာ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတွေကို မရရအောင် ရှာမှီးတယ်ဆိုတဲ့ ကာမပရိယေ သနသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာလေတော့၏။

တရားတွေ အဆက်အဆက်ဖြစ်လာတယ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာမ ပရိယေသနံ၊ ကာမဂုဏ်ရှာမှီးခြင်းကို။ ပရိယေသမာနော၊ ရှာမှီး၍ နေသော။ အဿုတဝါ ပုထုဇ္ဇနော၊ အကြားအမြင် တရားနာလေ့ မရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည်။ ကာယေန ဝါ၊ ကိုယ်ဖြင့်၎င်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်၎င်း။ မနသာ ဝါ၊ စိတ်ဖြင့်၎င်း။ ဣတိ၊ ဤသို့။ တီဟိ၊ သုံးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ မိစ္ဆာ၊ ချို့ယွင်းဖောက်ပြန် မမှန်သော အကျင့် တွေကို။ ပဋိပဇ္ဇတိ၊ ကျင့်မိလေတော့၏။

တရားအားထုတ်တာနဲ့ တခြားစီဖြစ်သွားတယ်၊ ဒီတော့ ရှင်မေဃိယမှာ အဲဒီ ကာမဝိတက်တွေ ပင်နေတယ်လို့ ဆိုတာဟာ အခုပြောခဲ့တဲ့အတိုင်း အစဉ်လိုက် အစဉ်လိုက် သူ့ဟာသူ ဖြစ်သွားတယ်၊ တားလို့မရဘူး၊ ပဋိစ္စ

သမုပ္ပါဒ်ဟာ ဒီအတိုင်းဘဲ၊ လည်ပြီဆိုယင် ရပ်လို့မရဘူး၊ ကာမဓာတ်ကို ကြံစည်မိတာနဲ့ တပြိုင်နက်ထဲ ကာမဓာတ်ကို အကြောင်းပြုပြီးတော့ ကာမ-သညာ ဖြစ်တယ်၊ ကာမသညာကို အကြောင်းပြုပြီးတော့ ကာမသင်္ကပ္ပ ဖြစ်တယ်၊ ကာမသင်္ကပ္ပဖြစ်ပြီးတော့ ဘာဖြစ်သလဲ-ကာမစ္ဆန္ဒ၊ ကာမဂုဏ်ကို လိုချင်တဲ့ သဘောတွေ ပေါ်လာတယ်။

ကာမစ္ဆန္ဒဖြစ်ပြီးတော့ ကာမပရိဠာဟလို့ ခေါ်တဲ့ ကာမဂုဏ်ကို မရခြင်းကြောင့် ပူလောင်ခြင်းဆိုတဲ့ သဘောတွေဖြစ်လာတယ်၊ မရယင် မနေနိုင်တဲ့ သဘောတွ၊ အဲဒီ မရမနေနိုင်တဲ့ ပူလောင်ခြင်းသဘောကြောင့် ဘာဖြစ်လာသလဲ-ကာမဂုဏ်ကိုရတဲ့နည်းနဲ့ ရှာမှီးတော့မယ်ဆိုတဲ့ ကာမပရိယေသနတွေ ဖြစ်လာတယ်၊ ကာမပရိယေသနဖြစ်ပြီဆိုယင် ကာယ, ဝါစာ, စိတ္တလို့ခေါ်တဲ့ ဒီသုံးမျိုးတို့ဖြင့် မဟုတ်တာတွေ ဖြစ်လာတာဘဲလို့ ဆိုယင် ဘယ်မှာ တရားအားထုတ်တော့မလဲ။

ဗျာပါဒဝိတက် ဖြစ်ခြင်းအကြောင်း

ကာမဝိတက်ဝင်ယင် တရားအားထုတ်လို့ မရခင်ကို ဒီ ဒေသနာတော်က ပြတယ်၊ ဗျာပါဒ ဘာဖြစ်လို့ ဖြစ်သလဲ၊ စိတ်ပျက်တယ်, စိတ်ကောက်တယ်, စိတ်ညစ်တယ်,စိတ်ဆိုးတယ်,မကျေနပ်ဘူး - တယောက်နဲ့ဟယောက်၊ ဒါ ဘာပြုလို့လဲ-

ဗျာပါဒဓာတုံ ဘိက္ခဝေ ပဋိစ္စ ဥပ္ပဇ္ဇတိ ဗျာပါဒသညာ၊ ဗျာပါဒသညံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဗျာပါဒသင်္ကပ္ပေါ။ပ။ဗျာပါဒစ္ဆန္ဒော၊ ဗျာပါဒပရိဠာဟော၊ ဗျာပါဒပရိယေသနာ။ ဗျာပါဒပရိယေသနံ ဘိက္ခဝေ ပရိယေသမာနော အဿုတဝါ ပုထုဇ္ဇနော တီဟိ ဌာနေဟိ မိစ္ဆာ ပဋိပဇ္ဇတိ ကာယေန ဝါစာယ မနသာ။

ဗျာပါဒဓာတ်

ဒီ အတိုင်းဘဲ ပါဠိတော်ကတော့၊ အနက်က အခုနက အတိုင်းဘဲ၊ ဗျာပါဒနဲ့ ကာမ-ဒါဘဲ လွဲတယ်၊ ဒီတော့ ဗျာပါဒဓာတ်ဆိုတာ ဘာလဲ-သတ္တဝါ, သင်္ခါရ၊ သတ္တဝါတွေကို အကြောင်းပြုပြီးတော့ ကိုယ်က မကျေနပ်တာတွေရှိတယ်၊ သင်္ခါရတရားတွေကို အကြောင်းပြုပြီးတော့ မကျေနပ်တာတွေရှိတယ်၊ ဥပမာ- လူတယောက်ကို ကိုယ်က မကျေနပ်နေယင် အဲဒီလူတယောက်သည် ဗျာပါဒဓာတ်၊ အဆောက်အဦကြီး တခုကို မကျေနပ်နေယင်, အဝတ်အထည်တခုခုကို မကျေနပ်နေယင်, အိုးခွက်

ပန်းကန် စားပွဲ ကုလားထိုင် စသည်တို့ကို ကိုယ်က မကျေနပ်နေယင် အဲဒါ သင်္ခါရ၊ အဲဒီသင်္ခါရသည် ဗျာပါဒဝတ္ထု၊ ဒီဗျာပါဒဝတ္ထုတွေကို အကြောင်း ပြုပြီးတော့ ဗျာပါဒသညာတွေ–မကျေနပ်ဘူးဆိုတဲ့ အမှတ်သညာတွေဖြစ်တယ်။

"ဗျာပါဒသညံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဗျာပါဒသင်္ကပ္ပေါ"။ အဲ–ဗျာပါဒဝိတက် တွေဖြစ်လာပြီတဲ့၊ ဗျာပါဒသင်္ကပ္ပံ ပဋိစ္စဥပ္ပဇ္ဇတိဗျာပါဒစ္ဆန္ဒော၊ ဗျာပါဒကိုသာ လိုလားနေတဲ့ သဘောတွေပေါ်လာတယ်၊ စိတ်ဆိုးရမှ ကျေနပ်တယ်၊ "ဗျာပါဒ စ္ဆန္ဒံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဗျာပါဒပရိဠာဟော"။ ဗျာပါဒစ္ဆန္ဒံ၊ ဗျာပါဒစ္ဆန္ဒကို ပဋိစ္စ၊ စွဲ၍။ ဗျာပါဒပရိဠာဟော၊ စိတ်ဆိုးကြည့်စမ်းပါလား– ပူလောင်ခြင်း ဆိုတဲ့ချွေးတွေ ကျလာပြီးတော့ ပင်ပန်းခြင်းဆိုတဲ့ ဗျာပါဒကြောင့်ဖြစ်တဲ့ ပူလောင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာလေတော့၏။ ဗျာပါဒပရိဠာဟံ၊ ပူလောင်ခြင်းဆိုတဲ့သဘောကို။ ပဋိစ္စ၊ စွဲပြီးတော့ ဘာဖြစ်လာသလဲ။ ဗျာပါဒ ပရိယေသနာ၊ ဗျာပါဒကို ရှာမှီးခြင်း ခေါ်တဲ့သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။

ဘိက္ခဝေ၊ ချဟန်းတို့။ ဗျာပါဒပရိယေသနံ၊ ဗျာပါဒကို ရှာမှီးခြင်းကို။ ပရိယေသမာနော၊ ရှာမှီးသော။ အဿုတဝါပုထုဇ္ဇနော၊ အကြားအမြင်မရှိ သော ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ကာယေနဝါ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယဝါ၊ နှုတ်ဖြင့်ရင်း။ မနသာဝါ၊ စိတ်ဖြင့်ရင်း။ ဣတိ၊ ဤသို့။ တီဟိ ဌာနေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်။ မိစ္ဆာ၊ ချွတ်ယွင်းဖောက်ပြန် မမှန်–မတရား တာတွေကို။ ပဋိပဇ္ဇတိ၊ ကျင့်မိပြန်လေတော့၏။

အဲဒီလို ဗျာပါဒဝိတက်တွေ အရှင်မေဃိယမှာဝင်နေပြန်တော့ ဒီအကြောင်း တွေပေါ်လာတဲ့အတွက် မိစ္ဆာပဋိပဒါတွေဖြစ်ပြီ–တဲ့၊ ကိုယ်နဲ့သော်ရင်း, စိတ်နဲ့ သော်ရင်း, နှုတ်နဲ့သော်ရင်း မှားယွင်းတာတွေ ကျင့်မိသည်ဖြစ်သောကြောင့် တရားအားထုတ်လို့ မဖြစ်ပြန်ဘူးတဲ့– ရှင်မေဃိယမှာ၊ ရှင်မေဃိယတင်မဟုတ် ဘူးနော်– ဒါ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တိုင်း ဒီအတိုင်းဘဲ သွားရမယ်။

ဝိဟိံသာဝိတက် ဖြစ်ခြင်းအကြောင်း ဝိဟိံသာ ကျတော့လဲ ဒီအတိုင်းဘဲ၊ ဝိဟိံသာဝိတက် ဘာကြောင့်ဖြစ်သလဲ–ဝိဟိံသာဓာတ်တွေကို အကြောင်း ပြုပြီးတော့ ဝိဟိံသာသညာတွေ ဖြစ်တယ်၊ ဝိဟိံသာ သညာကို အကြောင်းပြုပြီးတော့ ဝိဟိံသာသင်္ကပ္ပဖြစ်၊ ဝိဟိံသာသင်္ကပ္ပကို အကြောင်းပြုပြီးတော့ ဝိဟိံသာဆန္ဒတွေဖြစ်၊ နှိပ်စက်လိုတယ်, ညှဉ်းပန်းလို တယ်, သူတပါးစိတ်ပင်ပန်းအောင် လုပ်လိုတယ်ဆိုတဲ့ ဝိဟိံသာဆန္ဒတွေဖြစ်

တယ်၊ အဲဒီ ဝိဟိံသာဆန္ဒကြောင့် ဘာတွေဖြစ်လာသလဲ- "ဝိဟိံသာဆန္ဒ ပဋိစ္စ ဉပ္ပဇ္ဇတိ ဝိဟိံသာပရိဠာဟော"။ သူတပါးကို နှိပ်စက်ဘို့ရန်အတွက် အကြောင်းအမျိုးမျိုးတွေကို လိုက်ပြီးတော့ ရှာတယ်-ဘယ်လိုနည်းနဲ့ ဒီလူကို ငါနှိပ်စက်ရမလဲလို့။

ဒီတရားကွက်တွေဟာ ဘုန်းကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ သေသေချာချာ စဉ်းစားကြည့်မယ်ဆိုယင် သေသေချာချာကို မှန်နေတဲ့ အမှန်တွေ၊ နှိပ်စက်ဖို့ဘဲ ပရိယေသန လိုက်ရှာနေတာဘဲ၊ အဲဒီလို ရှာနေတဲ့ပုဂ္ဂိုလ်သည်-

ဝိဟိံသာပရိယေသနံ ဘိက္ခဝေ ပရိယေသမာနော အဿုတဝါ ပုထုဇ္ဇနော တီဟိ ဌာနေဟိ မိစ္ဆာ ပဋိပဇ္ဇတိ ကာယေန ဝါစာယ မနသာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိဟိံသာပရိယေသနံ၊ နှိပ်စက်ဖို့ရန် ရှာဖွေနေခြင်းကို။ ပရိယေသမာနော၊ ရှာမှီး၍နေသော။ အဿုတဝါ ပုထုဇ္ဇနော၊ အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ကာယေန၊ ကိုယ်ဖြင့်၎င်း။ ဝါစာယ၊ နှုတ်ဖြင့်၎င်း။ မနသာ၊ စိတ်ဖြင့်၎င်း။ တီဟိဌာနေဟိ၊ သုံးပါးသော အကြောင်းတို့ဖြင့်။ မိစ္ဆာ ပဋိပဇ္ဇတိ၊ မမှန်တာတွေကို ကျင့်၍နေပေတော့၏။

ဒီ ဝိတက်သုံးခုရဲ့ အကြောင်းတွေကို ပါဠိတော်က ထုတ်ပြထားတယ်၊ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာဟူသော ဒီအမူအရာသုံးခုနဲ့ ကျင့်နေတာဟာ ကာမဝိတက်ကြောင့်, ဗျာပါဒဝိတက်ကြောင့်, ဝိဟိံသာ ဝိတက်ကြောင့်လို့ဆိုတော့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် ဝင်နေယင် ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့နဲ့ ဘယ်နည်းနဲ့မှ ကောင်းတဲ့အလုပ်ကို မလုပ်နိုင်တော့ဘူး၊ လုပ်နိုင်ပါအုံးမလား၊ (မလုပ်နိုင်ပါဘူးဘုရား) အင်း-မလုပ်နိုင်တော့ဘူး၊ ဒါကြောင့် အရှင်မေဃိယ တရားအားထုတ်လို့ မဖြစ်ဘူး။

ဘုရားအလောင်းတော်မှ ဝိတက်ဖြစ်သေးပုံ

နို့- ရှင်မေဃိယသာ ဒီလိုဖြစ်သလားလို့ ဆိုတော့ ဘုန်းကြီးတို့ သဗ္ဗညုမြတ်စွာဘုရား အလောင်းတော်ကြီးလဲ ဖြစ်ပါသေးတယ်၊ အဲဒါကိုဘုန်းကြီးတို့ ဘယ်ကနေ ဟောမလဲဆိုတော့ မူလပဏ္ဏာသပါဠိတော် ဒွေဓာဝိတက္ကသုတ္တန်က နဲနဲယူပြီး **ဟောရမယ်- ဝိတက်ဆိုးရှားပုံတွေကို။**

တဿ မယှံ ဘိက္ခဝေ ဧဝံ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ
ဝိဟရတော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော။[၁]
(တောထဲသွားပြီး တရားအားထုတ် နေတယ် - ဘုရားအလောင်းတော်
သိဒ္ဓတ္ထမင်းသား ဥရုဝေလတော နေရဉ္စရာမြစ်နားမှာ။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ အပ္ပမတ္တဿ၊ လုံ့လမပေါ့ မမေ့ မလျော့သည်ဖြစ်၍။ အာတာပိနော၊ အာတာပလုံ့လဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တဿ၊ နိဗ္ဗာန်ဘက်ကို ကိုင်းသော ရှိုင်းသော ညွတ်သော စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရတော၊ တရားအားထုတ်နေလေ့ရှိသော။ မယှံ၊ ငါ့အား။ ကာမဝိတက္ကော၊ ကာမဝိတက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာပြန်လေတော့၏။

ဘုရားအလောင်းတော်ကြီးမှာ ကာမဝိတက်တွေဖြစ်တယ်၊ ဟော-ဒီနေရာမှာ စဉ်းစားကြည့်—သိဒ္ဓတ္ထမင်းသားမှာ ကာမဝိတက်တွေ ဖြစ်တယ်ဆိုတာဟာတဲ့- အဋ္ဌကထာဆရာတော်က၊ ဘယ်လိုကာမဝိတက်တွေဖြစ်တာလဲ-တိုင်းတော် ပြည်တော်ကို ပြန်ပြီးတော့ လိုလားတောင့်တတဲ့ ကာမဝိတက်တွေလား၊ သို့မဟုတ်- တိုင်းတော်ပြည်တော်မှာရှိတဲ့ ရမ္မ, သုဘ, သုရမ္မ တည်းဟူသော နန်းမသုံး ဆောင်ကြီးကို ပြန်ပြီးနှစ်သက်နေတာလား၊ ယသော်ဓရာအမှူးရှိတဲ့ မိဖုရား လေးသောင်းကို ပြန်ပြီးတော့ နှစ်သက်နေတာလား၊ သားတော်ကလေး ရာဟုလာကို ပြန်ပြီးတော့ သတိရနေတာလား၊ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးနဲ့ ဆွေတော်မျိုးတော်တွေကို ပြန်ပြီးတော့ သတိရပြီးတော့ ဖြစ်နေတဲ့ ဝိတက်လား ဆိုတော့--မဟုတ်ပါဘူးတဲ့။

ဘုရားအလောင်းတော်ကြီးဟာ တောထွက်သွားတဲ့ နေ့ကစပြီးတော့ ရွှေနန်း တော်ကြီးကိုလဲ သတိမရဘူး၊ မိဘလဲ သတိမရဘူး၊ တိုင်းပြည်လဲ သတိမရဘူး၊ နို-ဘာဝိတက်လဲဆိုတော့-အဲဒီ ဥရုဝေလတောထဲမှာ ဥဒေါင်း ငှက်ကလေးတွေ တွန်သံ၊ တောကြက်ကလေးတွေ တွန်သံ၊ နေပြီးတော့ ဥရုဝေလတောရဲ့ မြိုင် ကလေးဂနိုင်ကလေးပေါ့— တောရေးလေး၊ နောက်ပြီးတော့ နေရဉ္စရာမြစ်ရဲ့ ရေလေးတွေ စီးနေပုံတွေ, သန့်ရှင်းနေပုံလေးတွေ၊ အဲဒါလေးတွေကို အာရုံ ပြုပြီးတော့ ဒီနေရာလေးဟာ တရားအားထုတ်ဘို့ သိပ်ပျော်စရာကောင်းတဲ့ နေရာကလေးပါလားလို့ အဲဒါလောက်ဖြစ်တဲ့ ကာမဝိတက်ပါ-တဲ့။

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ-၁၆၂။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်ရမယ်၊ တရားအားထုတ်တယ် ဆိုတာ နေရာကလေး ကောင်းကောင်းမှာသွားပြီး အားထုတ် မိပြန်ယင်လဲ ကာမဝိတက်ဖြစ်သတဲ့၊ ဟုတ်ပါတယ်လေ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်း သမီးတွေ ပြောသံကြားဘူးပါတယ်၊ ဟာ–ရိပ်သာထဲ ရောက်သွားတာ စိတ်ချမ်းသာဘိုကောင်းလိုက်တာ၊ သိပ်ကောင်းတဲ့ နေရာကလေးဘဲ၊ ဩော်–ကာမဝိတက် ဖြစ်လာခဲ့ပြီ၊ ဘယ်ရိပ်သာကတော့ဖြင့် သာယာလိုက်တာ၊ ဘယ်ရိပ်သာကတော့ဖြင့် ညှော်ခံတာ ကောင်းလိုက်တာ၊ ဟင်–ဘာဖြစ်လာသလဲ- အဲဒါ ကာမဝိတက်ဖြစ်လာတယ်၊ အဲဒါ သူကတော့ သူ့ကိုယ်သူ တရားရလာတယ်လို့တော့ ထင်ချင်ထင်မှာဘဲ၊ ကာမဝိတက် ဖြစ်လာတာကိုတော့ သူသတိထားပုံ မပေါ်ဘူး–ဟုတ်လား (မှန်ပါ)။

ဘုရားလောင်း ဝိတက်ပယ်ဖျောက်ပုံ အဲ–အခု ဘုရားအလောင်းတော်ကတော့ဖြင့် ဥရုဝေလ တောကလေးက ကောင်းလိုက်တာ – ဟုတ်လား၊ ဒီနေရာကလေး သာယာတယ်၊ ကြည်နူးတယ် ဆိုကတည်းက သူ့မှာ ဘာဖြစ်သလဲ–ကာမဝိတက်တွေဖြစ်တယ်၊ အဲဒီ ကာမဝိတက်တွေ ဖြစ်လာတော့ ဘုန်းကြီးတို့ သိဒ္ဓတ္ထမင်းသားကတော့ ဘယ်လို လုပ်သလဲ၊ ဒီ ကာမဝိတက်ဖြစ်လာတော့ ရှင်မေဃိယ ကတော့ မြတ်စွာဘုရားထံ ပြန်သွားတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲ–သိဒ္ဓတ္ထမင်းသားကတော့ ဘယ်သူ့ဆီကိုမှ မပြန်ဘူး၊ ဘာလုပ်သလဲ–သူကတော့။

သော ဧဝံ ပဇာနာမိ "ဥပ္ပန္နော ခေါ မေ အယံ ကာမဝိတက္ကော၊ သော စ ခေါ အတ္တဗျာဗာဓာယပိ သံဝတ္တတိ၊ ပရဗျာဗာဓာယပိ သံဝတ္တတိ၊ ဥဘယဗျာဗာဓာယပိ သံဝတ္တတိ၊ ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော။ (သိဒ္ဓတ္ထမင်းသား–သိပုံ)

သော အဟံ၊ထို ငါသည်။ ဧဝံ၊ဤသို့။ ပဇာနာမိ၊ သိ၏။ (ဘယ်လို သိသလဲ) မေ၊ ငါ့အား။ အယံ ကာမဝိတက္ကော၊ ဤ ကာမဝိတက်သည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်၍ နေခဲ့ချေပြီ။

ဩော်–ငါတော့ ကာမဝိတက် ဖြစ်နေပြီ- ဒီ နေရာကလေးကို နှစ်သက်လို့၊ ကြက်ကလေးတွေ တွန်သံတို့၊ ဥဒေါင်းငှက်ကလေးတွေ တွန်သံတို့၊ သိပ်သာယာတဲ့ နေရာကလေးဘဲ၊ ကောင်းတဲ့ နေရာကလေးဘဲ၊ တောရိပ်ကလေးနဲ့ နားအေး ပါးအေးလေး၊ ဒီနေရာလေးရောက်လာရတာ စိတ်ချမ်းသာလိုက်တာ၊ တယ် ကောင်းတဲ့ နေရာကလေးဘဲလို့ သူက နှစ်သက်တယ်မဟုတ်လား၊ (မှန်ပါဘုရား)

အဲဒါ ဘာတုံး၊ (ကာမဝိတက်ပါဘုရား) ဘုန်းကြီးတို့ပရိသတ် ရိပ်သာထဲ ရောက် သွားယင် အဲဒီလို မဖြစ်ခဲ့ဘူးဘူးလား၊ သိဒ္ဓတ္ထမင်းသားကသာ ဖြစ်ထာပါ၊ ဒီ ပရိသတ်ကတော့ ဖြစ်မယ် မထင်ပါဘူး၊ ဒီတော့ သိဒ္ဓတ္ထမင်းသားက ဘယ်လိုလဲ-

သော စ ခေါ အတ္တဗျာဗာဓာယပိ သံဝတ္တတိ။

စ ခေါ၊ စင်စစ်သော်ကား။ သော ကာမဝိတက္ကော၊ ထိုကာမဝိတက်သည်။ အတ္တဗျာဗာဓာယ၊ မိမိ ပျက်စီးခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ (ကာမဝိတက် ဆိုတာ ကိုယ်ပျက်စီးဘို့ ဖြစ်လာတာတဲ့ ဟုတ်လား၊ (မှန်ပါ) ဒီတော့ ကြံဘို့ ကောင်းသေးလား – ဒီကာမဝိတက်၊ (မကောင်းပါဘုရား) မကောင်းဘူး၊ ပရဗျာဗာဓာယပိ သံဝတ္တတိ၊ သူတပါးပျက်စီးဘို့ ဖြစ်လာ၏။ ဥဘယဗျာဗာဓာ- ယပိ သံဝတ္တတိ၊ မိမိ သူတပါး နှစ်ဦးသား ပျက်စီးဘို့ ဖြစ်ပေါ်လာ၏။

ဝိတက်သည် ပျက်စီးခြင်းအကြောင်းတရား ကာမဝိတက် ကိုယ့်မှာ ဖြစ်လာတယ် ဆိုတာ ကိုယ်ပျက်စီးဘို့၊ ကိုယ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ ပျက်စီးဘို့၊ ကိုယ်ရော-ကိုယ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေရော နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားတွေ ပျက်စီးဘို့ ဖြစ်လာတဲ့ ကာမဝိတက်ပါတဲ့ မြတ်စွာဘုရားက—

သော၊ ထို ကာမဝိတက်သည်။ ပညာနိရောဓိကော၊ မိမိရဲ့ အသိ အလိမ္မာ ဉာဏ်ပညာတွေကို ဖျက်ဆီး ချုံးပွဲ၍ ပစ်တတ်၏။

ဟော- ကျောင်းသားလေးတွေ စာမေးပွဲချိန်မှာ စာမေးပွဲမအောင်တာ ဘာမှမဟုတ်ဘူး၊ အဲဒီ ကာမဝိတက်ကြောင့်၊ စာမေးပွဲကသင်ထားတဲ့ အသိ ဉာဏ်ကလေးတွေကို ဖြေခါနီးလဲကျရော ဖျက်ဆီးပစ်လိုက်တာဘယ်သူ့ကြောင့် လဲ၊ (ကာမဝိတက်ကြောင့်ပါဘုရား) လောကီပညာတွေကော လောကုတ္တရာ ပညာတွေကော မိမိရဲ့အသိအလိမ္မာ ဉာဏ်ပညာလေးတွေကို ဖျက်ဆီးပစ်တာ ဘယ်သူလဲ- (ကာမဝိတက်ပါဘုရား) ဒီ ကာမဝိတက်သည်—

ပညာနိရောဓိကော၊ မိမိရဲ့အသိအလိမ္မာဉာဏ်ပညာတွေကို၊ ဝိပဿနာပညာ ဉာဏ်တွေကို ဖျက်ဆီး၍ပစ်တတ်၏။ ဝိဃာတပက္ခိကော၊ ပင်ပန်းခြင်းအဘို့သို့ ကျရောက်တတ်၏။ (ကာမဝိတက်ဆိုတာ ပင်ပန်းတာဘဲရှိတယ်၊) အနိဗ္ဗာနသံဝတ္တ နိကော၊ ကိလေသာမီးကို ငြိမ်းစေတတ်သော တရားမဟုတ်။ (ဒီလိုဆင်ခြင် တယ် သိဒ္ဓတ္ထမင်းသားက၊ အဲဒီလို ဆင်ခြင်တော့ ဘာဖြစ်သွားသလဲ)

အတ္တဗျာဗာဓာယ သံဝတ္တတီတိပိ မေ ဘိက္ခဝေ ပဋိသဉ္စိက္ခတော
အဗ္ဘတ္ထံ ဂစ္ဆတိ။ [၁]

အတ္တဗျာဗာဓာယ၊ မိမိ၏ပျက်စီးခြင်းငှာ။ သံဝတ္တတီတိပိ၊ ဖြစ်၏ဟူ၍လည်း။ ပဋိသဉ္စိက္ခတော၊ ဆင်ခြင်သော။ မေ၊ ငါ့အား။ ကာမဝိတက္ကော၊ ကာမဝိတက်သည်။ အဗ္ဘတ္ထံ၊ ချုပ်ဆုံးကွယ်ပျောက်၍သွားခြင်းသို့။ ဂစ္ဆတိ၊ ရောက်၍သွားလေတော့၏။ (ကာမဝိတက်ပယ်ဖျောက်နည်းဘဲ)

ပရဗျာဗာဓာယ သံဝတ္တတီတိပိ မေ ဘိက္ခဝေ ပဋိသဉ္စိက္ခတော
အဗ္ဘတ္ထံ ဂစ္ဆတိ။

အဲ-ကိုယ်နဲ့ပတ်သက်တဲ့ လူတွေ ပျက်စီးကြောင်းဖြစ်တဲ့ ဝိတက်ကြီးပါကလား-လို့ ဆင်ခြင်လိုက်သည်နှင့် တပြိုင်နက်ထဲ အဲဒီ ဝိတက်ဟာ ချုပ်ငြိမ်းပျောက်ကွယ်ပြီးသွားပါတယ်-တဲ့၊ အဲဒီ ကိုယ်အကျိုးစီးပွားပျက်စီးမဲ့ ဥစ္စာကို ဘယ်သူကြံတော့မှာတုံး ဟုတ်လား။

ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာန သံဝတ္တနိကော
တိပိ မေ ဘိက္ခဝေ ပဋိသဉ္စိက္ခတော အဗ္ဘတ္ထံ ဂစ္ဆတိ။

ပင်ပန်းကြောင်းသာဖြစ်ပြီး ကိလေသာမီးငြိမ်းကြောင်း မဟုတ်ဘူးလို့ ဆင်ခြင်လိုက်သည်နှင့် တပြိုင်နက်ထဲ-“အဗ္ဘတ္ထံ၊ ဒီဝိတက်ချုပ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်သွား၏”။ သိဒ္ဓတ္ထမင်းသား ဒီ ကာမဝိတက်ဝင်တိုင်း ဝင်တိုင်း သိဒ္ဓတ္ထမင်းသားကတော့ အဲဒီလိုဘဲ ဪ-ဒီကာမဝိတက်သည် ငါပျက်စီးကြောင်း, သူတပါးပျက်စီးကြောင်း, မိမိသူတပါး နှစ်ဦးသားပျက်စီးကြောင်း, အသိအလိမ္မာ ဉာဏ်ပညာတွေ ချုပ်ငြိမ်းကြောင်းဖြစ်တဲ့တရား၊ အသိအလိမ္မာတွေကို ဖျက်ဆီးပစ်တတ်တဲ့တရား, ပင်ပန်းခြင်းအဘို့၌ ကျရောက်တဲ့တရား, ကိလေသာမီးတောက်ကြီးတွေ မငြိမ်းနိုင်တဲ့တရားပါလားလို့ ဆင်ခြင်လိုက်တာနဲ့ တပြိုင်နက်ထဲ ဒီဝိတက် ဘယ်ရောက်သွားသလဲ၊ ပျောက်သွားတယ် ဟုတ်လား၊ (မှန်ပါ) နို့-ဗျာပါဒဝိတက်ကော မဝင်ဘူးလား၊ (ဝင်ပါတယ်ဘုရား)။

ဗျာပါဒဝိတက် တဿ မယှံ ဘိက္ခဝေ ဧဝံ အပ္ပမတ္တဿ အာတာပိနော
ပဟိတတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ ဗျာပါဒဝိတက္ကော။

ဟော-ဘုရားအလောင်းတော်ကြီး ဗျာပါဒဝိတက်ဝင်ပြန်ပြီ၊ ဘယ်လိုလဲ-ဗျာပါဒဝိတက်ငင်တာ၊ သူတပါးကိုသတ်ဘို့ ဖြတ်ဘို့ နှိပ်စက်ဘို့ ညှဉ်းဆဲဘို့ မဟုတ်ပါဘူး၊ တခါတရံ တောထဲမှာ အင်မတန်ပူလွန်းတယ်၊ အင်မတန် အေး

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ-၁၆၂။

လွန်းတယ်၊ အဲဒီ အင်မတန်ပူလွန်း, အေးလွန်းတာတွေကို အကြောင်း ပြုပြီးတော့ တခါတလေမှာ စိတ်ပျက်မှုကလေးတွေ ဖြစ်လာတာကို ဗျာပါဒဝိတက်လို့ ခေါ်တာပါတဲ့၊ အဲဒီ ဗျာပါဒဝိတက်ဝင်ပြန်တော့ကော ဘုရားအလောင်းတော်က ဘယ်လို လုပ်သလဲ—

ဥပ္ပန္နော ခေါ မေ အယံ ဗျာပါဒဝိတက္ကော၊ သော စ ခေါ အတ္တဗျာဗာဓာယပိ သံဝတ္တတိ၊ ပရဗျာဗာဓာယ ပိ သံဝတ္တတိ၊ ဥဘယဗျာဗာဓာယပိ သံဝတ္တတိ၊ ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော။

ဩြော်—ဒီလို စိတ်ပျက်နေတယ် ဆိုတာဟာ ကိုယ်ပျက်စီးကြောင်း တရားဘဲ၊ သူတပါးပျက်စီးကြောင်းတရားဘဲ၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ဘာနဲ့တွေ့တွေ့ စိတ်မပျက်နဲ့၊ စိတ်ပျက်လိုက်ယင် ကိုယ်အကျိုးစီးပွားတွေ အကုန်ပျက်စီးကုန်တယ် ဟုတ်လား၊ (မှန်ပါ) ကိုယ်တင်လားဆိုတော့ ကိုယ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျိုးစီးပွားတွေလဲ ပျက်စီးကုန်တယ် ဟုတ်လား။

ဥပမာပုံဆို ကြပါစို့၊ လူတယောက် ကျောင်းဆရာ လုပ်တယ်ဆိုပါတော့၊ ကျောင်းဆရာလုပ်ငန်းကို လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒီလုပ်ငန်းပေါ်မှာ သူစိတ်ပျက်သွားပြီဆိုယင် ကိုယ့်အကျိုးမဆုတ်ယုတ်ဘူးလား၊ (ဆုတ်ယုတ်ပါတယ်ဘုရား) ကိုယ့်ကို မှီခိုနေတဲ့ ကိုယ့်သားကိုယ့်သမီးကလေးတွေ, ကိုယ့်ဆွေမျိုး ကိုယ့်မိဘ ကိုယ့်ဉာတိတွေကော အကျိုးစီးပွားတွေ ပျက်စီးမကုန်ဘူးလား၊ (ပျက်စီးပါတယ်ဘုရား) ဒါဖြင့် စိတ်ပျက်တယ်ဆိုတဲ့ လုပ်ငန်းကြီးကို ဘာကြောင့် လက်ခံထားရမလဲ-ဟုတ်လား။

အတ္တဗျာဗာဓာယ သံဝတ္တတီတိ ပိ မေ ဘိက္ခဝေ ပဋိသဉ္စိက္ခတော အဗ္ဘတ္ထံ ဂစ္ဆတိ။

ဩြော်—ဒီဗျာပါဒဟာ ငါပျက်စီးကြောင်းဘဲ၊ ငါနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ ပျက်စီးကြောင်းဘဲ၊ ကိုယ့်အသိ ဉာဏ်ပညာတွေကို ပိတ်ဆို့ ကာကွယ်ပြီးတော့ ဖျက်ဆီးပစ်တတ်တဲ့ တရားဘဲလို့ ဆင်ခြင်လိုက်ယင် ဗျာပါဒဝိတက် ကျန်သေးလား၊ (မကျန်တော့ပါဘူး ဘုရား) အဲဒီလိုဘဲ ငါတော့ ဗျာပါဒဝိတက်တွေကို ဖျောက်ခဲ့တယ်တဲ့၊ ဘုန်းကြီးတို့ ဘုရားအလောင်းတော် ဖြစ်ခဲ့တာတွေကို ဘုရားဖြစ်တော့ ပြန်ပြီးဟောတယ်။

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ—၁၆၂။

ဝိတက်သာဝိတက် ဥပ္ပန္နော ခေါ မေ အယံ ဝိဟိံသာဝိတက္ကော။[၁] ဝိဟိံသာဝိတက်လဲ ဖြစ်သေးတယ်— ဘုရားအလောင်းတော်မှာ၊ဝိဟိံသာဝိတက်တွေ ဖြစ်တယ်ဆိုတာ ဘယ်လိုလဲ-ဝိဟိံသာသညာတွေ ပေါ်လေ၊ တောထဲ တောင်ထဲမှာ ဆိုတာတွေ ခြင်္သေ့တွေ ကျားတွေက ပြီးတော့ ဒိပြင် သားသမင်ကလေးတွေကို ကိုက်သတ် စားတာ သောက်တာ တွေကို တခါတလေမြင်ရတယ်၊ ဒီလို မြင်တော့ သူက ဝိဟိံသာသညာတွေ ဖြစ်တယ်၊ သူ့ကို တားဆီးချင်တဲ့ သဘောကလေးတွေ ပေါ်လာတယ် မဟုတ်လား၊ ကြီးတဲ့ လူတွေကငယ်တဲ့လူတွေကို နှိပ်စက် ညှဉ်းဆဲနေတာကို မြင်တော့ ကြီးတဲ့လူအပေါ်မှာ မနှိပ်စက်နိုင်အောင်လို့ ချုတ်ချယ်ထားချင်တဲ့ သဘောတွေ ဖြစ်မလာဘူးလား၊ (ဖြစ်လာပါတယ်ဘုရား). အဲဒါ ဝိဟိံသာ ဝိတက်တွေ ဖြစ်ပါတယ်တဲ့၊ဒီဝိဟိံသာဝိတက် ဖြစ်ထာလဲ မိမိ ပျက်စီးကြောင်း ဘဲ တဲ့။

အတ္တဗျာဗာဓာယ ပိ သံဝတ္တတိ၊ ပရဗျာဗာဓာယ ပိ သံဝတ္တတိ၊ ဥဘယဗျာဗာဓာယ ပိ သံဝတ္တတိ။ ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော။

ခြော်--အဲဒီ ဝိဟိံသာဝိတက်ဟာလဲဘဲ မိမိ ပျက်စီးကြောင်း ဖြစ်တယ်၊ သူတပါးပျက်စီးကြောင်းလဲဖြစ်တယ်၊ မိမိ သူတပါး နှစ်ဦးသား ပျက်စီးကြောင်း လဲ ဖြစ်တယ်တဲ့။ ပညာနိရောဓိကော၊ အသိအလိမ္မာ ဉာဏ်ပညာတွေကို ဖျက်ဆီး တတ်တဲ့ တရားလဲ ဖြစ်တယ်။ ဝိဃာတပက္ခိကော၊ ပင်ပန်းတဲ့ သဘောသို့လဲ ကျ ရောက်တတ်တယ်။ အနိဗ္ဗာန သံဝတ္တနိကော၊ နိဗ္ဗာန်ရောက်ကြောင်း တရားလဲ မဟုတ်ဘူးလို့ ဒီလို ဆင်ခြင်ပြီးတော့-

အတ္တဗျာဗာဓာယ သံဝတ္တတီတိ ပိ မေ ဘိက္ခဝေ ပဋိသဉ္စိက္ခတော အဗ္ဘတ္ထံ ဂစ္ဆတိ။

ကိုယ်ပျက်စီးကြောင်း တရားဘဲလို့ ဆင်ခြင် လိုက်သည်နှင့် တပြိုင်နက်ထဲ ဒီဝိဟိံသာဝိတက်ဟာ ပျောက်သွားပါတယ်-တဲ့၊ ဘုရားအလောင်းတော်ကြီး ဟာ ဒါ ဝိဟိံသာဝိတက်၊ မကောင်းတဲ့ဝိတက်တွေ-နော်၊ အကုသိုလ်ဝိတက် တွေ။

၁။ မူလပဏ္ဏာသ ပါဠိတော် စာမျက်နှာ-၁၆၂။

ကုသိုလ်ဝိတက် ၃–မျိုး

ပြီးတော့ နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာ ဝိတက်တွေကော မဖြစ်ဘူးလား၊ နေက္ခမ္မ–ကာမဂုဏ်မှ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ချင်တဲ့ အကြံအစည်တွေ နေက္ခမ္မဝိတက်၊ သတ္တဝါတွေကို မေတ္တာစာတ် ကြီးပွားစေချင်တယ်ဆိုတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကြီးကို ငါက အရင် ရယင် သတ္တဝါတွေကို မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရအောင် ကယ်တင်ချင်တယ်ဆိုတဲ့ အဗျာပါဒ ဝိတက်တွေကော မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) သတ္တဝါတွေကို သက်သာရာ ရစေချင်တယ်ဆိုတဲ့ အဝိဟိံသာ ဝိတက်တွေကော ဘုရားအလောင်းတော်မှာ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) အဋ္ဌကထာ ဆရာတော်ကတော့ ဘယ်လောက် ပြောသလဲ ဆိုတော့—

ဗောဓိသတ္တဿ ဟိ ဆဗ္ဗဿာနိ ပဓာနံ ပဒဟန္တဿ နေက္ခမ္မဝိတက္ကာဒယော ပုဥ္စပုဥ္စ မဟာနဒိယံ ဩဃာဝိယ ပဝတ္တိံသု[၁]။—တဲ့၊ ခြောက်နှစ်တိုင်တိုင် တရားအားထုတ်နေတဲ့ ဘုရားလောင်းမှာ—

ပုဥ္စပုဥ္စ ဟုတ္တာ၊ အဆုပ်လိုက် အဆုပ်လိုက် အစုလိုက်အပုံလိုက် မြစ်ကြီးထဲက လှိုင်းလုံးကြီးတွေ လိမ့်လိမ့် လိမ့်လိမ့်နဲ့ တက်လာဘိသကဲ့သို့ ဘုရားအလောင်းတော်မှာ အခုပြောခဲ့တဲ့ ကောင်းတဲ့ဝိတက်ကြီး သုံးပါးဟာ နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်လို့ ဆိုတဲ့ ဝိတက်ကြီးသုံးပါးဟာ လိပ်လိပ် ပြီးတော့ကိုတက်လာတယ်။ နို့–အဲဒီ ဝိတက်တွေကိုကော မြတ်စွာဘုရားက လက်ခံပြီးထားရမလားလို့ ဆိုပြန်တော့—

ကုသလဝိတက် ၃–ပါးသည် ပျက်စီးကြောင်း မဟုတ်

ဥပ္ပန္နော ခေါ မေ အယံ နေက္ခမ္မဝိတက္ကော၊ သော စ ခေါ နေဝတ္တဗျာဗာဓာယ သံဝတ္တတိ၊ န ပရဗျာဗာဓာယ သံဝတ္တတိ၊ န ဥဘယဗျာဗာဓာယ သံဝတ္တတိ၊ ပညာဝုဒ္ဓိကော အဝိဃာတပက္ခိကော နိဗ္ဗာနသံဝတ္တနိကော။[၂]

မေ၊ ငါအား။ အယံ နေက္ခမ္မဝိတက္ကော၊ ဤနေက္ခမ္မဝိတက်သည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်၍လာ၏။ စခေါ၊ စင်စစ်သော်ကား။ သော၊ ထိုနေက္ခမ္မဝိတက်သည်။ အတ္တဗျာဗာဓာယ၊ မိမိပျက်စီးခြင်းငှာ။ နေဝသံဝတ္တတိ၊ မဖြစ်။ (ပျက်စီးကြောင်း တရားမဟုတ်ဘူးတဲ့၊ ဒါနကုသိုလ်လုပ်ချင်တယ်, သီလကုသိုလ်လုပ်ချင်တယ်ဆိုတာ

၁။ မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ-၃၇၃။
၂။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ-၁၆၃။

ကိုယ်ပျက်စီးကြောင်းတရား မဟုတ်ဘူးတဲ့၊ တရားနာချင်တယ်၊ တရားအားထုတ်ချင်တယ်ဆိုတာ နေက္ခမ္မဝိတက် ဟုတ်လား၊ ဒါ ကိုယ်ပျက်စီးကြောင်းတော့ မဟုတ်ဘူး၊တရားအားထုတ်ချင်တယ်ဆိုတာ ကိုယ်ပျက်စီးကြောင်းလား (မဟုတ်ပါဘူးဘုရား) မဟုတ်ဘူး။

န ပရဗျာဗာဓာယ သံဝတ္တတိ၊ သူတပါးပျက်စီးကြောင်းလဲ မဟုတ်။ န ဥဘယဗျာဗာဓာယ သံဝတ္တတိ၊ မိမိရော သူတပါးကော နှစ်ဦးသား ပျက်စီးကြောင်းတရားလဲ မဟုတ်။ ဒီ ကုသိုလ်ဝိတက်ကျတော့—ပညာဝုဒ္ဓိကော၊ အသိအလိမ္မာ ဉာဏ်ပညာတွေကိုတိုးပွားစေတတ်သောသဘောရှိ၏။ ကောင်းတဲ့ဝိတက်ကျတော့— အဝိဃာတပက္ခိကော၊ ပင်ပန်းခြင်းသဘောသို့ မသက်ရောက်ဘူး။ နိဗ္ဗာနသံဝတ္တနိကော၊ ကိလေသာမီး အားလုံး ငြိမ်းနိုင်တဲ့သဘောပေတည်း။

အဗျာပါဒဝိတက်ကလဲ ဒီလိုဘဲ၊ အဝိဟိံသာဝိတက်ကလဲ ဒီအတိုင်းဘဲ၊ ဒီတော့ ကောင်းပြီ၊ ဒီ ဝိတက်သုံးခု ဝင်နေတော့ စောစောပိုင်းကပြောတဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တွေကိုတော့ ကိုယ်ပျက်စီးကြောင်း၊ ပညာချုပ်ငြိမ်းကြောင်းဖြစ်လို့သူတို့ကိုဘာလုပ်ပစ်သလဲ-ပယ်ပစ်တယ်၊ အခုရှိနေတဲ့ မိမိလဲအကျိုးရှိတယ်၊ သူတပါးလဲအကျိုးရှိတယ်၊ မိမိသူတပါး နှစ်ဦးသားလဲ အကျိုးရှိတယ်၊ ပညာဉာဏ်တွေလဲ တိုးပွားတယ်၊ ပြီးတော့ ပင်လဲမပင်ပန်းဘူး၊ ကိလေသာမီးလဲ ငြိမ်းနိုင်တယ်ဆိုတဲ့ နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်တွေကျတော့ ဘာလုပ်ရမလဲ၊ သူတို့ကိုတော့ လက်ခံထားရမလား၊ ဟင်-ဘာလုပ်ထားသလဲ ဘုရားအလောင်းတော်ကြီးက—

ရတ္တိံစေပိ နံ ဘိက္ခဝေ အနုဝိတက္ကေယျံ အနုဝိစာရေယျံ၊ နေဝ တတောနိဒါနံ ဘယံ သမနုပဿာမိ။

(ဘုရားဖြစ်တော့ ပြန်ဟောတယ်) ဒီကောင်းတယ်ဆိုတဲ့ နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်လို့ခေါ်တဲ့ ဒီဝိတက်သုံးပါးကိုတော့ဖြင့်—

ဘိက္ခဝေ၊ ရဟန်းတို့။ ရတ္တိံပိ၊ တညဉ့်ပတ်လုံးလည်း။ နံ၊ ထိုကောင်းတယ်ဆိုတဲ့ ဝိတက်သုံးပါးကို။ စေအနုဝိတက္ကေယျံ၊ အကယ်၍ အစဉ် ကြံစည်စဉ်းစား၍နေသည်ဖြစ်အံ့။ စေအနုဝိစာရေယျံ၊ အကယ်၍ အဖန်ဖန်သုံးသပ်၍ နေသည်ဖြစ်အံ့။ တတောနိဒါနံ၊ တညဉ့်လုံးထိုဝိတက်တွေကို ကြံစည်၍နေခြင်းကြောင့်- စဉ်းစား၍နေခြင်းကြောင့်။ ဘယံ၊ ဘေးကို။ နေဝ သမနုပဿာမိ၊ ငါဘုရားကြည့်၍မြင်တော်မမူ။

ဘေးမရှိသောကုသလစိတက် [၁]တညဉ့်လုံးကြံတာတဲ့-ဒီစိတက်တွေကို၊ဘာဘေးမှ မရှိပါဘူးတဲ့၊ ဘေးရှိတယ်လို့မမြင်ဘူးတဲ့။

ဒိဝသံစေပိ နံ ဘိက္ခဝေ အနုဝိတက္ကေယျံ အနုဝိစာရေယျံ၊ နေဝ တတောနိဒါနံ ဘယံ သမနုပဿာမိ။[၁]

ဒိဝသံပိ၊ တနေ့ပတ်လုံးလည်း။ နံ၊ ထိုနေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်ကို။ စေဝိတက္ကေယျံ၊ အကယ်၍ ကြံစည်နေသည်ဖြစ်အံ့။ စေဝိစာရေယျံ၊ အကယ်၍ သုံးသပ်နေသည်ဖြစ်အံ့။ တတောနိဒါနံ၊ ထိုသို့ တနေ့လုံး ကောင်းတဲ့ဝိတက်ဖြင့် ကြံစည်နေခြင်းကြောင့်။ ဘယံ၊ ဘေးကို။ နေဝသမနုပဿာမိ၊ ငါဘုရားကြည့်၍ မြင်တော်မမူ။

(ဘာဘေးမှ မရှိဘူးတဲ့။)

ရတ္တိန္ဒိဝံစေပိ နံ ဘိက္ခဝေ အနုဝိတက္ကေယျံ အနုဝိစာရေယျံ။ နေဝ တတော နိဒါနံ ဘယံ သမနုပဿာမိ။[၂]

တနေ့လုံး တညဉ့်လုံး ကြံချင်သလိုကြံနေ ဘာဘေးမှမရှိဘူးတဲ့၊ ဒီတော့ ဒီလိုဘဲ အမြဲကြံနေရမလားဆိုတော့—

အပိ စ ခေါ မေ အတိစိရံ အနုဝိတက္ကယတော အနုဝိစာရယတော ကာယော ကိလမေယျ၊ ကာယေ ကိလန္တေ စိတ္တံ ဦဟညေယျ၊ ဦဟတေ စိတ္တေ အာရာ စိတ္တံ သမာဓိမှာတိ။

အဲဒါက ဘာပြောသလဲ–အပိ စ ခေါ၊ စင်စစ်သော်ကား။ (တကယ်ဆိုတော့ ယင်-လို့ ဆိုလိုတဲ့စကား) နံ၊ထိုကောင်းတယ်ဆိုတဲ့ ဝိတက်သုံးပါးကို။အတိစိရံ၊ အလွန်ကြာမြင့်စွာ၊တနေ့လုံး တညဉ့်လုံး အလွန်ကြာမြင့်စွာ။အနုဝိတက္ကယတော၊ အစဉ် ကြံစည်၍ နေသော။ အနုဝိစာရယတော၊ အစဉ် သုံးသပ်၍ နေသော။ မေ၊ ငါ၏။ ကာယော၊ ခန္ဓာကိုယ်သည်။ ကိလမေယျ၊ ပင်ပန်း၍ လာရာ၏။ (အပြစ်တော့ မရှိပါဘူးတဲ့၊အပြစ်မရှိပေမဲ့ ဒီနေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်တွေကိုသာ တနေ့လုံး တညဉ့်လုံး ကြံစည်နေမယ်ဆိုယင် ငါရဲ့ နာမကာယ, ရူပကာယ ခန္ဓာကိုယ် ပင်ပန်းလာလိမ့်မယ်)။

ကာယေ၊ နာမကာယ, ရူပကာယသည်။ ကိလန္တေ၊ ပင်ပန်းလာသည်ရှိသော်။ စိတ္တံ၊စိတ်ကို။ ဦဟညေယျ၊ ထိခိုက်၍လာရာ၏။ (စိတ်ထိခိုက်လာလိမ့်မယ်တဲ့ ဒါကြောင့် တရား အားထုတ်တဲ့နေရာမှာ ပင်ပန်းအောင် မလုပ်ရဘူးတဲ့၊ တရား

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ—၁၆၃။
၂။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ-၁၆၄။

အားထုတ်လို့ ကိုယ်ပင်ပန်းလာယင် စိတ်ထိခိုက်လာလိမ့်မယ်တဲ့—မြတ်စွာဘုရား က) စိတ္တေ ဉ်ပဟတေ၊ စိတ်ထိခိုက်လာပြီဆိုယင်။ စိတ္တံ၊ စိတ်သည်။ သမာဓိမှာ၊ တည်ကြည်တယ်ခေါ်တဲ့ သမာဓိမှ။ အာရာ၊ ဝေးကွာ၍ သွားလေတော့၏။

သော ခေါ အဟံ ဘိက္ခဝေ အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေမိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။သော ခေါ အဟံ၊ ထို ငါသည်။ အဇ္ဈတ္တမေဝ၊ ဝိပဿနာ အာရုံဟု ဆိုအပ်သော နိယ ကဇ္ဈတ္တ၌သာလျှင်။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ သဏ္ဌပေမိ၊ ကောင်းစွာ တည်ထောင်ထားလေတော့၏။

ကုသလဝိတက်ပေါ်လျှင် စိတ်တည်ငြိမ်အောင်ထား

ကာမဝိတက်လဲ မကြံဘူး၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့လဲ မကြံဘူး- အကုသိုလ်ဖြစ်လို့၊ ပြီးတော့ကော နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်လို့ခေါ်တဲ့ ဒီ ဝိတက်ကောင်း သုံးပါးကိုလဲဘဲ ပညာတိုးပွားတဲ့ ကိုယ်ပင်ပန်းကြောင်း မဟုတ်ဘူး ဆိုပေမဲ့ ကြံသေးလား-မကြံဘူး၊ အချိန်များစွာ ကြံနေယင် ကိုယ်ပင်ပန်းလာလိမ့်မယ်၊ ကိုယ်ပင်ပန်းလာလို့ရှိယင် စိတ်ကို ထိခိုက်လိမ့်မယ်၊ စိတ်ကို ထိခိုက်ယင် သမာဓိရမှာ မဟုတ်ဘူးလို့ ဆိုပြီးတော့ ဒီကောင်းတဲ့ဝိတက်ကိုပင် မကြံဘဲနဲ့ ဘာလုပ်သလဲ—

"အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေမိ"။ဝိပဿနာအာရုံပေါ်မှာသာ မိမိစိတ်ကို တည်ငြိမ်အောင် ထားပါတော့တယ်တဲ့၊ ဒါ-ဘုရားအလောင်း—ဟုတ်လား၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ တရားအားထုတ်သွားတဲ့အခါမှာ ဒီ ဝိတက်တွေဝင်လာယင် ထိန်းသိမ်းဘို့ စောင့်ရှောက်ဘို့ နည်းလမ်းကောင်းတွေကို မြတ်စွာဘုရားက ညွှန်ပြပေးနေတာ နော်၊ (မှန်ပါဘုရား)

ဒါ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်း လိုအပ်သလား—မလိုအပ်ဘူးလား (လိုအပ်ပါတယ်ဘုရား) အင်မတန်လိုအပ်တဲ့ တရားတွေ၊ ပြောအုံးမယ်—ဒီ ဝိတက်နဲ့ ပတ်သတ်လို့၊ ဘယ်လိုလဲ—အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘာဟောထားသလဲဆိုတော့—

> ဣဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ။[1]

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် အာသဝသုတ် စာမျက်နှာ—၃၄၂၊

ဖြစ်နေတဲ့ ကာမဝိတက်ကို ပညာနဲ့ ဆင်ခြင်ပြီးတော့ – နာဓိဝါသေတိ၊ လက်မခံ။ ပဇဟတိ၊ ပယ်စွန့်၍ပစ်၏။ ဝိနောဒေတိ၊ ပယ်ဖျောက်၍ပစ်၏။ ဗျန္တီကရောတိ၊ ကင်းအောင်ပြု၏။ အနဘာဝံ ဂမေတိ၊ နောက်ထပ်တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။

ယံ ဟိဿ ဘိက္ခဝေ အဝိနောဒယတော ဥပ္ပဇ္ဇေယျုံ အာသဝါ ဝိဃာတပရိဠာဟာ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ဥပ္ပန္နံ၊ အကြင်ဖြစ်ပေါ်၍နေသော။ (ကာမဝိတက္ကံ၊ ကာမဝိတက်ကို။) အဝိနောဒယတော၊ မပယ်ဖျောက်သော။ အဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ ဝိဃာတ ပရိဠာဟာ၊ ကိုယ်စိတ်ပင်ပန်းခြင်း ပူပန်ခြင်းဟု ဆိုအပ်ကုန်သော။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ပွား၍လာကုန်ရာ၏။

မဖျောက်ယင် ဘာတွေဖြစ်လာသလဲ – ပင်ပန်းပူပန်ခြင်းဖြစ်တယ်၊ အာသဝတွေတိုးပွားပြီးတော့ လာလိမ့်မယ်တဲ့၊ ဒါကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် အလုံးစုံ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်တရားတွေကို ပယ်ဖျောက်ပစ်ရမယ်တဲ့ ဟုတ်လား—အင်္ဂုတ္တိုရ် ပါဠိတော်မှာ။

ပြီးတော့ ရှိသေးတယ်၊ ဒီ ဝိတက်တွေက ဘယ်အချိန်မှာ ဖြစ်သလဲ-ဝိတက်ဆိုတာ သာသနာတော်ကိုဝင်လာတဲ့ ပုဂ္ဂိုလ်များအတွက် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်ကို မကြံစည်ရဘူး၊ သာသနာတော်ကို ဝင်လာတာ ဘာပြုလို့ဝင်လာတာလဲ၊ ဒီတော့ရဟန်းတော်က ဒီဆင်ခြင်ပုံကလေးကိုအင်္ဂုတ္တိုရ်ကပြောထားဒါသဘောကျစရာ ကောင်းလွန်းလို့—

နခေါ ပနာဟံ စီဝရဟေတု အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော[၂]။

အဟံ၊ ငါသည်။ စီဝရဟေတု၊ သင်္ကန်းတည်းဟူသောအကြောင်းကြောင့်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင်လူတို့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင်ရဟန်းဘောင်၌။ ပဗ္ဗဇိတော၊ ရဟန်းပြု၍လာခဲ့သည်။ နအမှို၊ မဖြစ်။ (ဝါ) ဖြစ်ခဲ့သည်မဟုတ်။

အဓိပ္ပါယ်ကတော့ သာသနာဘောင်သို့ ဝင်ရောက်ပြီးတော့ ရဟန်းပြုတာဟာ, ယောဂီပုဂ္ဂိုလ်ပြုလုပ်ပြီးတော့ တရားဝင်အားထုတ်တာဟာ သင်္ကန်းကောင်း

၁။ မူလပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ် စာမျက်နှာ—၁၄၊
၂။ အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ဒေဝဒူတဝဂ် အာဓိပတေယျသုတ် စာမျက်နှာ-၁၄၆။

ကောင်း, အဝတ်ကောင်းကောင်း ရရှိသုံးဆောင်ဘို့ များများရအောင်ရှာမှီး ဘို့ရန်အတွက် သာသနဘောင်သို့ ဝင်ရောက်လာသည်မဟုတ်ပါ၊ ပီးတော့—

န ပိဏ္ဍပါတဟေတု န သေနာသနဟေတု န ဘဝါဘဝဟေတု အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော—တဲ့။

ပိဏ္ဍပါတဟေတု၊ ဆွမ်းတည်းဟူသော အကြောင်းကြောင့်။ နပဗ္ဗဇိတော၊ ရဟန်းပြုလာသည်မဟုတ်။ သေနာသနဟေတု၊ ကျောင်းကောင်းကောင်းရဘို့ ရန်အတွက်။ နပဗ္ဗဇိတော၊ ရဟန်းပြု၍ သာသနာဘောင်သို့ ဝင်ရောက်လာ သည်မဟုတ်။ ဣတိဘဝါဘဝဟေတု၊ ပြည့်စုံမြင့်မြတ်သောဘဝ, ချို့ငဲ့ယုတ်နိမ့် သောဘဝ ဟူသောအကြောင်းကြောင့်။ (ဝါ) ဤဘဝမှာ လာဘ်လာဘတွေ ပေါများ အခြွေအရံတွေစည်ကား၍ ဘုန်းတန်ခိုးတောက်ပြောင်၍ ဩဇာအာဏာ တွေကြီးထွား၍ ဟိုဘဝဟိုစည်းစိမ်ကို မြိန်မြိန်ကြီးခံစား၍ ဝင့်ကြွားကာ နေဘို့ ရန်အတွက်။ အဂါရသ္မာ၊ လူတို့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ ရဟန်းဘောင်၌။ ပဗ္ဗဇိတော၊ ရဟန်းပြုခဲ့သည်။ နအမှို၊ မဟုတ်ခဲ့ပါ။

ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရဟန်းဝတ်ခြင်း

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ သာသနဘောင်ကိုဝင်ရောက် ပြီး ရဟန်းပြုကြတယ်, ယောဂီပုဂ္ဂိုလ်အဖြစ်နဲ့ တရားအားထုတ်ကြတယ်ဆိုတာ အစားကောင်းကောင်းစားဘို့, အဝတ်ကောင်း ကောင်းရဘို့, ကျောင်းကြီးတွေ ဖိတ်ဖိတ်တောက်အောင်ရလာဘို့, ဒီဘဝ ဟိုဘဝတွေမှာ အထက်တန်းကျ မျက်နှာပန်းလှပြီးတော့ ဘုန်းကံကြီးမား ပျော်ပါးမော်ကြွားဘို့ရန်အတွက် မဟုတ်ပါဘူးတဲ့၊ ဒါဖြင့် ဘာပြုလို့ သာသနာ တော်သို့ ဝင်ရောက်လာကြသလဲဆိုတော့- ပါဠိတော်က ပြောတယ်၊ ဘယ်လို ပြောသလဲဆိုတော့—

အပိ စ ခေါမှို ဩတိဏ္ဏော ဇာတိယာ ဇရာယ မရဏေန သော ကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ ဒုက္ခောတိဏ္ဏော ဒုက္ခပရေတော၊ အပ္ပေဝနာမ ဣမဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ အန္တကိရိယာ ပညာယေထာတိ။

အပိစခေါ၊ စင်စစ်အမှန်ကတော့။ ဇာတိယာ၊ ပဋိသန္ဓေနေရခြင်းသည်။ ဇရာယ၊ အိုမင်းရင့်ယော်ခြင်းသည်။ မရဏေန၊ စုတိပြတ်ကြွေ သေရခြင်းသည်။ သောကေဟိ၊ စိုးရိမ်ခြင်းတို့သည်။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့သည်။ ဒုက္ခေဟိ၊

ကိုယ်ဆင်းရဲခြင်းတို့သည်။ ဒေါမနဿေဟိ၊ စိတ်နှလုံးပူပန်ဆင်းရဲခြင်းတို့သည်။ ဥပါယာသေဟိ၊ ပြင်းစွာပင်ပန်းခြင်းတို့သည်။ ဩတိဏ္ဏော၊ သက်ဝင်အပ်၏။ ဒုက္ခောတိဏ္ဏော၊ ဆင်းရဲမျိုးစုံတို့သည် သက်ဝင်အပ်၏။ ဒုက္ခပရေတော၊ ဆင်းရဲအပေါင်းတို့သည် သက်ဝင်နှိပ်စက်အပ်၏။

ကေဝလဿ၊ အလုံးစုံဆင်းရဲသက်သက် ဖြစ်သော။ ဣမဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲအစု အပေါင်း၏။ အန္တကိရိယာ၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည်။ အပ္ပေဝနာမ ပညာယေထ၊ ထင်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ပဗ္ဗဇိတော၊ ရဟန်းပြုလာခဲ့သည်။ အမှို၊ ဖြစ်ချေ၏။

အမှန်ကတော့ သာသနာဘောင်သို့ ဝင်ရောက်ပြီး ရဟန်းပြုတယ် ဆိုတာ၊ ယောဂီပုဂ္ဂိုလ်ဆိုပြီး တရားဝင် အားထုတ်တယ်ဆိုတာ လူ့ဘောင်လောကမှာ တင့်တယ်ကောင်းမြတ်လှပါတယ်ဆိုတဲ့ အသုံးအဆောင်တွေ၊ အခြွေအရံတွေ၊ ထင်ပေါ် ကျော်ကြားမှုတွေ၊ မျက်နှာပန်းလှလှနဲ့ အထက်တန်းကျပါတယ် ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ငြီးငွေ့ရှိမှန်း နှလုံးနာလှတဲ့ အတွက် စွန့်ပစ်ပြီး—

ဒီ ကာမဂုဏ်တွေကို အရင်းခံပြီးတော့ ဖြစ်ပေါ်လာကြတဲ့ ဆင်းရဲအမျိုးစုံတွေ၊ ဘေးအမျိုးစုံတွေ၊ ရန်မျိုးစုံတွေ၊ အန္တရာယ်မျိုးစုံတွေ၊ စိုးရိမ်ပူဆွေး ငိုကြွေးရမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေမှ လွတ်ရာလွတ်ကြောင်း ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ဘို့ရန်အတွက်သာလျှင် ရဟန်းပြုလာတာ၊ ယောဂီပုဂ္ဂိုလ်ပြုလုပ်ပြီး တရားဝင်အားထုတ်တာဖြစ်ပါတယ်။

အဲဒီလို ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ကာမဂုဏ်တွေကို ရှိမှန်းလို့ စွန့်ခွာလာပြီးတော့ ရဟန်းပြုလာတာဖြစ်တဲ့အတွက် ကာမဂုဏ်ဝတ္ထုဖြစ်တဲ့ အခြွေအရံ အသိုင်းအဝိုင်းတွေ၊ ဘုန်းကံကြီးမား ထင်ရှားကျော်ကြားမှုတွေကိုသာ ရှာမှီးစုဆောင်းနေကြမယ်ဆိုယင် ရယ်ရွယ်ရင်းဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာနဲ့ ဝေးသထက်ဝေးကွာပြီးတော့ ဆင်းရဲတွင်းနက်လိမ့်မယ်လို့ ဆင်ခြင်ပြီးတော့—

ကာမဝတ္ထု အစုစုတွေကို ရှာမှီးခြင်း၊ ကာမဝတ္ထုတွေ တိုးပွားလာအောင် ကြံစည်စိတ်ကူးခြင်းဆိုတဲ့ ကာမဝိတက်တွေ မကြံစည်တော့ဘဲ တရားထူးကိုသာ မရရအောင် မိမိ၏ဝီရိယကို မတွန့်မဆုတ်စေဘဲ သတိကို ထင်အောင်ပြုပြီးတော့ သမာဓိ အားကောင်းလာအောင် ကြိုးစားပြီး တရားအားထုတ်ကြရမယ်၊ ဒါမှ ဝိပဿနာ ပညာဉာဏ်တွေ အဆင့်ဆင့်တက်လာပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေရပြီး နိဗ္ဗာန်ကိုအာရုံပြုနိုင်မှာ၊ ဒီ အချက်ကို ပါဠိတော်က ဘယ်လိုပြောထားသလဲဆိုတော့—

> အဟာဠေ့ဝ မေဃိယ ယာဒိသကေ ကာမေ ဩဟာယ အဂါရသ္မာ
> အနဂါရိယံ ပဗ္ဗဇိတော၊ တာဒိသကေဝါ ကာမေ ပရိယေသေယျ၊
> တတောဝါ ပါပိဋ္ဌတရေ၊ နမေတံ ပတိရူပန္တိ။

အဟာဠေ့ဝ၊ ငါသည်လည်း။ ယာဒိသကေ၊ အကြင်သို့ သဘောရှိကုန်သော။ ကာမေ၊ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို။ ဩဟာယ၊ ပယ်စွန့်ခဲ့၍။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ အနဂါရိယံ၊အိမ်ရာ မထောင် ရဟန်းဘောင်၌။ ပဗ္ဗဇိတော၊ ရဟန်းပြုခဲ့သည်၊ အမှို၊ ဖြစ်၏။

တာဒိသကေ၊ ထိုသို့သဘောရှိကုန်သော။ ကာမေဝါ၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကိုလည်း။ ပရိယေသေယျ၊ ရှာမှီးငြားအံ့။ တတော၊ ထို လူဖြစ်စဉ်အခါက စွန့်ပစ်အပ်သော ဝတ္ထုအာရုံ ကာမဂုဏ်ထက်။ ပါပိဋ္ဌတရေ၊ အထူးသဖြင့် သာလွန် ယုတ်ညံ့ကုန်သော။ ကာမေဝါ၊ ကာမဂုဏ်တို့ကိုလည်း။ ပရိယေသေယျ၊ ရှာမှီးငြားအံ့။ ဧတံ၊ ထိုသို့ ရှာမှီးခြင်းသည်။ မေ၊ ငါ့အား။ န ပတိရူပံ၊ မလျောက်ပတ်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင် စဉ်းစား နှလုံးထား၏။

အဲဒီလို မိမိရဲ့ဂုဏ်ကို မိမိအကြီးအမှူးထားပြီးတော့ ကာမဝိတက် မကြံစည်မိအောင် ဆင်ခြင်ရမယ်၊ ပြီးတော့လဲ လောကမှာ ရှိကြတဲ့ လူသူတော်ကောင်းတွေ, နတ်သူတော်ကောင်းတွေကို အမှူးထားပြီးတော့လဲ ကာမဝိတက် မဝင်အောင် ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ မဝင်အောင် နှလုံးသွင်း ဆင်ခြင်ပုံကို ပါဠိတော်က ပြပါသေးတယ်၊ ဘယ်လိုလဲဆိုတော့–

> အဟာဠေ့ဝ ခေါ ပန ဧဝံ ပဗ္ဗဇိတော သမာနော ကာမဝိတက္ကံ ဝါ
> ဝိတက္ကေယျ၊ ဗျာပါဒဝိတက္ကံ ဝါ ဝိတက္ကေယျ၊ ဝိဟိံသာဝိတက္ကံ ဝါ
> ဝိတက္ကေယျ။

ခေါ ပန၊ စင်စစ်သော်ကား။ အဟာဠေ့ဝ၊ ငါသည်လည်း။ ဧဝံ ပဗ္ဗဇိတော၊ ဤသို့ သံသရာက လွတ်အောင် ရဟန်းဝတ်သည် ဖြစ်ပါလျက်နှင့်။ ကာမဝိတက္ကံ ဝါ၊ ကာမဝိတက်ကိုမူလည်း။ ဝိတက္ကေယျ၊ ကြံစည်နေသည် ဖြစ်အံ့။ ဗျာပါဒ-ဝိတက္ကံ ဝါ၊ ဗျာပါဒဝိတက်ကိုမူလည်း။ ဝိတက္ကေယျ ကြံစည်နေသည်ဖြစ်အံ့။ ဝိဟိံသာဝိတက္ကံ ဝါ၊ ဝိဟိံသာဝိတက်ကိုမူလည်း။ ဝိတက္ကေယျ ကြံစည်နေသည် ဖြစ်အံ့။

အကုသလဝိတက်ဖြင့် မကြံစည်သင့်

ကြံနေတာကိုတော့ ဘယ်သူမှ မသိဘူး၊ နှုတ်က ထုတ်ပြောယင်တော့ သိချင် သိမယ် မဟုတ်လား၊ ကိုယ်မကောင်းတာတွေကို လုပ်ယင်ကော ကိုယ့်

ဖဘသာ ကိုယ့်တယောက်ထဲ တိတ်တိတ်ကလေး ကြံပြီးတော့ ဩြော်-မော်တော်ကား တစီးလောက်ရယင် ကောင်းမှာဘဲ၊ တိုက်တလုံးလောက်ရယင် ကောင်းမှာဘဲ၊ သက်န်းကလဲဘဲ ခုခေတ် ဘာတဲ့- (တက်တရွန် သက်န်းပါဘုရား) ဒီသက်န်းတောင် ပေါ်နေတယ် မဟုတ်လား၊ အင်း—အဲဒီ သက်န်းမျိုးရယင် ကောင်းမှာဘဲ၊ ကိုယ့်ဖဘသာကိုယ် တိတ်တိတ်ကလေး ကြံနေတာ ဘယ်သူသိလဲ၊ (မသိပါဘုရား) ကာမဝိတက်တွေ။

ဘယ်အကောင်တော့နေဉ်—ဘယ်တကာတော့ ဘယ်တကာမတော့ ငါမကျေနပ်ဘူး၊ အဲဒီဟာတွေ ကြံနေတာ ဘယ်သူသိသလဲ၊ (မသိပါဘူးဘုရား) တကာ, တကာမတွေကတော့ ဩြော်—ဘုန်းကြီးတွေဟာ အဟုတ်ကို ကျင့်နေတယ် အောက်မေ့ပြီးတော့ လှူလိုက်ကြတာ တခါတလေ အဲဒီလိုမျှားကြံနေယင် ဘယ့်နှယ်လုပ်ပ၊ ဟင်—သိပ်မလား၊ ဒီတော့ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်က "ငါသည်သံသရာဝဋ်ဆင်းရဲက လွတ်အောင် တရားအားထုတ်မယ်လို့ သာသနာတော်ကို ဝင်လာသည် ဖြစ်ပါလျက်သားနဲ့ ဒီ ကာမဝိတက်တွေ, ဗျာပါဒဝိတက်တွေ, ဝိဟိံသာဝိတက်တွေကြံနေယင် ဘယ်သူမှ မသိဘူး"လို့တော့ မအောက်မေ့နဲ့၊ဟုတ်လား။

မဟာ ခေါ ပနာယံ လောကသန္နိဝါသော။

အယံ လောကသန္နိဝါသော၊ ဤသတ္တဝါတွေ နေကြတယ်ဆိုတဲ့ စကြဝဠာကြီးသည်။ မဟာ ခေါ၊ ကျယ်ဝန်းလှပါပေ၏။ ကိုယ်တယောက်ထဲနေသလား၊ (မဟုတ်ပါဘုရား) ကိုယ့်တကျောင်းထည်းလား၊ (မဟုတ်ပါဘုရား) ကိုယ့်တယောက်ထဲ မဟုတ်ဘူး၊ ကိုယ့်တကျောင်းထဲ မဟုတ်ဘူး၊ ကိုယ့်ရပ်ကွက်တခုထည်းမဟုတ်ဘူး၊ ကိုယ့်ရွာ တရွာထည်း မဟုတ်ဘူး၊ ကိုယ့်မြို့တမြို့ထည်းမဟုတ်ဘူး၊ ကိုယ့်တနိုင်ငံထည်းနေတာမဟုတ်ဘူး ဟုတ်လား၊ သတ္တဝါတွေနေထိုင်တဲ့ စကြဝဠာကြီး အင်မတန်ကျယ်ဝန်းတယ်။

မဟန္တသ္မိံ ခေါ ပန လောကသန္နိဝါသေ။

ခေါ ပန၊ စင်စစ်သော်ကား။ မဟန္တသ္မိံ လောကသန္နိဝါသေ၊ သတ္တဝါတွေ နေထိုင်ကြတဲ့ ကျယ်ဝန်းလှစွာသော စကြဝဠာကြီးထဲ၌။ (ဘာတွေရှိသလဲ။)

သန္တိ သမဏဗြာဟ္မဏာ ဣဒ္ဓိမန္တော ဒိဗ္ဗစက္ခုကာ ပရစိတ္တဝိဒုနော။ (ဒီလောကကြီးထဲမှာ)

ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကြကုန်သော။ ဒိဗ္ဗစက္ခုကာ၊ အဝေးကြီးမှာရှိတဲ့ အာရုံတွေကို မြင်နိုင်သော ဒိဗ္ဗစက္ခုရှိကြကုန်သော။ ပရစိတ္တဝိဒုနော၊ သူတပါး ရဲ့စိတ်ကို သိတတ်ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်း,ပုဏ္ဏားတို့သည်။ သန္တိ၊ အများကြီးရှိကြပေကုန်၏။

ကိုယ့်ကျောင်းမှာ မရှိပေမဲ့ ဒိပြင်ကျောင်းမှာ မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ရှိနေမယ်–နော်၊ ကိုယ့်ရပ်ကွက်မှာ မရှိပေမဲ့ တခြားရပ်ကွက်မှာ ဒီလို ပုဂ္ဂိုလ်တွေ မရှိနိုင်ဘူးလား၊ (ရှိနိုင်ပါတယ်ဘုရား) ကိုယ့်မြို့ ကိုယ့်နိုင်ငံမှာ မရှိပေမဲ့ တခြားမြို့, တခြားနိုင်ငံမှာ ရှိတယ်၊ ရှိတော့ ဒီပုဂ္ဂိုလ်တွေက မသိ ဘူးလား။

တေ ဒူရတောပိ ပဿန္တိ၊ အာသန္နာပိ န ဒိဿန္တိ၊ စေတသာပိ စိတ္တံ ပဇာနန္တိ။

တေ၊ ထို ဒိဗ္ဗစက္ခု အဘိညာဉ်, ပရစိတ္တဝိဇာနနအဘိညာဉ် ရကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ ဒူရတောပိ၊ ဝေးသောအရပ်မှလည်း။ ပဿန္တိ၊ မြင်နိုင်ကြ ကုန်၏။ ကိုယ်က ရန်ကုန်ကနေ ကြံနေတာကို ဟိုအင်္ဂလန်ကနေပြီး သိချင် သိနိုင်တယ်–သူတို့က– ဟုတ်လား၊ လူ့ပြည်က ကြံနေတာ နတ်ပြည်က မသိ ဘူးလား၊ (သိပါတယ်ဘုရား) ဟုတ်လား၊ အာသန္နာပိ၊ နီးသောအရပ်မှလည်း။ န ဒိဿန္တိ၊ မထင်နိုင်ကြလေကုန်။ စေတသာပိ၊ မိမိစိတ်ဖြင့်လည်း။ စိတ္တံ၊ သူတပါးတို့၏ စိတ်ကို။ ပဇာနန္တိ၊ ပိုင်းခြား၍ သိနိုင်ကြကုန်၏။

အကုသိုလ်ဝိတက်ဖြင့် ကြံသူကို တန်ခိုးကြီးသူများသိရှိကြပုံ

တေပိ မံ ဧဝံ ဇာနေယျုံ”။ ။တေပိ၊ ထိုပရစိတ္တဇာနနဉာဏ်ရသူ အပေါင်းတို့ကလည်း။ မံ၊ ငါ့ကို။ ဧဝံ ဇာနေယျုံ၊ ဤသို့သိကုန်ရာ၏။ ဘယ်လိုလဲ–

ပဿထ ဘော ဣမံ ကုလပုတ္တံ သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော သမာနော ဝေါကိဏ္ဏော ဝိဟရတိ ပါပကေဟိ အကုသ လေဟိ ဓမ္မေဟီတိ။

ဘော၊ အိုအချင်းတို့။ ဣမံ ကုလပုတ္တံ၊ ဤအမျိုးကောင်းသားကို။ ပဿထ၊ ကြည့်ကြပါကုန်လော့။ အယံ ကုလပုတ္တော၊ ဤအမျိုးကောင်းသားသည်။ သဒ္ဓါ–သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူ၏ ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင် သို့။ ပဗ္ဗဇိတော၊ ရဟန်းပြု၍လာသည်။ သမာနော၊ ဖြစ်ပါလျက်။

ပါပကေဟိ၊ ယုတ်မာလှစွာ ကုန်သော။ အကုသလေဟိ ဓမ္မေဟိ၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ခေါ်တဲ့ အကုသိုလ်တရားတို့ဖြင့်။ ဝေါကိဏ္ဏော၊ ရောပြွမ်းလျက်။ ဝိဟရတိ၊ နေ၏။ နေလိမ့်မယ်တဲ့-ဟုတ်လား။

> ဒေဝတာပိ ခေါ် သန္တိ ဣဒ္ဓိမန္တိနိယော ဒိဗ္ဗစက္ခုကာ ပရစိတ္တဝိဒုနိယော၊ တာ ဒူရတောပိ ပဿန္တိ၊ အာသန္နာပိ န ဒိဿန္တိ၊ စေတသာပိ စိတ္တံ ပဇာနန္တိ၊ တာပိ မံ ဧဝံ ဇာနေယျုံ "ပဿထ ဘော ဣမံ ကုလပုတ္တံ သဒ္ဓါ အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇိတော သမာနော ဝေါကိဏ္ဏော ဝိဟရတိ ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ"။ ၁

တန်ခိုးကြီးတဲ့ နတ်တွေဆိုတာ ရှိတယ်တဲ့၊ ပါဠိတော်ရဲ့ အဓိပ္ပါယ်က—ဒိဗ္ဗစက္ခုဉာဏ်ရတဲ့နတ်တွေ၊ သူတပါးစိတ်ကိုသိတဲ့ နတ်တွေဆိုတာလဲ ရှိတယ်တဲ့၊ အဲဒီနတ်တွေက အဝေးကြီးက နေပြီးတော့ လှမ်းပြီးတော့ သိနိုင်တယ်၊ သူတို့စိတ်နဲ့ သူတပါးစိတ်ကိုလဲ သိနိုင်တယ်၊ ဒီတော့ သူတို့ကလဲ သိပြီးတော့ ငါ့ကို ဒီလိုပြောယင် ခြေဘ်–ဒီပုဂ္ဂိုလ်ဟာ ကြည့်စမ်း–သဒ္ဓါတရားနဲ့ သာသနာတော်ဝင်ပြီးတော့ ရဟန်းပြုလာသည် ဖြစ်ပါလျက်သားနဲ့ အကုသိုလ်တွေ ကြံစည်စဉ်းစားပြီး နေလိုက်တာလို့ သူတို့သိကြလိမ့်မယ်တဲ့၊ ဒီတော့ ဘာလုပ်ရမလဲ—

> အာရဒ္ဓံ ခေါ် ပန မေ ဝီရိယံ ဘဝိဿတိ အသလ္လီနံ။

ဒီဝိတက်တွေပျောက်အောင် ငါကြိုးစားပြီး တရားအားထုတ်မှ တော်မယ်လို့ ကိုယ်ကြံနေတဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တွေကို ကိုယ့်အနားက လူတွေကတော့ မသိဘူးပေါ့-ဟုတ်လား၊ အခုနင်က ပြောတဲ့ သူတော်ကောင်းနတ်တွေ၊ သူတော်ကောင်းဖြစ်ကြတဲ့ သမဏဗြာဟ္မဏတွေရှိမယ်၊ ဒီတော့ ခြေဘ်–ငါကြံနေတဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်တွေ၊ ဝိဟိံသာဝိတက်တွေ ဘယ့်နှယ်တုံး သူတော်ကောင်းတွေ သိမှာကိုမရှက်ဘူးလား၊ (ရှက်ပါတယ်ဘုရား)

ရှက်ယင် ကာမဝိတက်တွေ၊ မကြံကြနဲ့၊ ဗျာပါဒဝိတက်တွေ မကြံကြနဲ့၊ ဝိဟိံသာဝိတက်တွေ မကြံကြနဲ့၊ အခု မေဃိယမထေရ် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တွေ ကြံမိလို့ တရားအားထုတ်လို့ ဖြစ်သေးလား၊ (မဖြစ်ပါဘူးဘုရား) ဒါ အင်္ဂုတ္တိုရ်ပါဠိတော် ဟုတ်လား၊ (မှန်ပါ) ပြောအုံးမယ်–တခု။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် စာမျက်နှာ-၁၄၇။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် မှတ်သားလိုက်နာ နည်းယူစရာ ကောင်းလွန်းလို့၊ ဘယ်လိုလဲဆိုတော့ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် စရဝဂ်မှာ မြတ်စွာဘုရား ဘယ်လိုဟောထားသလဲဆိုယင်—

> စရတောစေပိ ဘိက္ခဝေ ဘိက္ခုနော ဥပ္ပဇ္ဇတိ ကာမဝိတက္ကောဝါ ဗျာပါဒဝိတက္ကောဝါ ဝိဟိံသာဝိတက္ကောဝါ၊ တံ စေ ဘိက္ခု နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ [1]။

ဘိက္ခဝေ၊ ရဟန်းတို့။ စရတောပိ၊ သွားနေစဉ်လည်းဖြစ်သော။ ဘိက္ခုနော၊ ရဟန်းအား။ ကာမဝိတက္ကောဝါ၊ ဝတ္ထုအာရုံ ကာမဂုဏ်ကို အာရုံပြု၍ ဖြစ်သော အကြံသည်ရင်း။ ဗျာပါဒဝိတက္ကောဝါ၊ သူတပါးပျက်စီးကြောင်း ဖြစ်သော ဒေါသနှင့်စပ်သော အကြံသည်ရင်း။ ဝိဟိံသာဝိတက္ကောဝါ၊ သူတပါးတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်စပ်သော အကြံသည်ရင်း။ စေဥပ္ပဇ္ဇတိ၊ အကယ်၍များဖြစ်ပေါ်ငြားအံ့။

ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုသို့သဘောရှိသော မိစ္ဆာဝိတက်ကို။ စေနာဓိဝါသေတိ၊ အကယ်၍သာယာနှစ်သက် စုံမက်လက်ခံခြင်း မပြုသည်ဖြစ်အံ့။ စေပဇဟတိ၊ အကယ်၍ ပယ်စွန့်သည်ဖြစ်အံ့။ စေဝိနောဒေတိ၊ အကယ်၍ ပယ်ဖျောက်သည်ဖြစ်အံ့။ စေ ဗျန္တီကရောတိ၊ အကယ်၍ ကင်းအောင်ပြုသည် ဖြစ်အံ့။ အနဘာဝံ၊ တဖန်မဖြစ်ခြင်းသို့။ စေဂမေတိ၊ အကယ်၍ ရောက်စေသည်ဖြစ်အံ့–တဲ့။

အဓိပ္ပါယ်ကတော့— သွားနေတုန်းမှာဖြစ်နေတဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေကို လက်ခံသိမ်းပိုက်သာယာခြင်းကို မပြုဘဲ ပယ်စွန့်နိုင်မယ်ဆိုယင် ဒီပုဂ္ဂိုလ်မျိုးကို ဝီရိယရှိသူ, နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသူလို့ ဆိုရပါတယ်တဲ့၊ ဒါ့ကြောင့် ပါဠိတော်က—

> စရမ္ပိ ဘိက္ခုဧဝံဘူတော အာတာပီ ဩတ္တာပီ သတတံ သမိတံ အာရဒ္ဓဝီရိယော ပဟိတတ္တောတိ ဝုစ္စတိ။

ဟုဟောတော်မူခဲ့ပါတယ်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အာတာပီ၊ ကိလေသာကိုခန်းခြောက်စေတတ်သော လုံ့လဝီရိယရှိသော။ ဩတ္တာပီ၊ မကောင်းမှု ဒုစရိုက်ကို လန့်တတ်သော သဘောရှိသော။ ဧဝံဘူတော၊ ဤသို့မိစ္ဆာဝိတက်ကို ပယ်ဖျက်တတ်သော သဘောရှိသော။ စရံ–စရန္တောပိ၊ သွားသည်လည်း ဖြစ်သော။ ဘိက္ခု၊ ရဟန်းတော်ကို။ သတတံ၊ အမြဲ။ သမိတံ၊ မပြတ်။

၁။ အင်္ဂုတ္တိုပါဠိတော် စတုက္ကနိပါတ် စာမျက်နှာ–၃၂၀။

အာရဒ္ဓဝီရိယောတိ၊ အားထုတ်အပ်သော ဝီရိယရှိသောရဟန်းဟူ၍။ ပဟိတတ္တောတိ၊ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ရှိသောရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဲဒီလို တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ သွားနေစဉ်မှာဖြစ်တဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ဆိုတဲ့ အကြံအစည်မျိုးတွေကို ရပ်တဲ့ဣရိယာပုထ်, ထိုင်တဲ့ဣရိယာပုထ်, အိပ်တဲ့ဣရိယာပုထ်တွေဆီ ရောက်အောင် ယူဆောင်မလာဘဲ သွားနေတုန်းမှာဘဲ ဒီအကြံအစည်အကုသိုလ်ဝိတက်တွေကို ကင်းကွာပယ်ပျောက်အောင် ဝီရိယစိုက်ပြီးတော့ နိုင်နင်းအောင် ဆောက်တည်၍ တရားအားထုတ်ကြရမယ်။

ပြီးတော့ ရပ်နေတဲ့အခါမှာလဲ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်လို့ ဆိုတဲ့ အကုသိုလ်အကြံအစည်မျိုးတွေ အကယ်၍များ ဝင်ရောက်လာတဲ့အခါမှာ ဘယ်လိုနှလုံးသွင်းရမလဲဆိုတော့ ပါဠိတော်က–

ဒီလို အကုသိုလ်ဝိတက်မျိုးတွေကို လက်မခံပါနဲ့၊ ပယ်ပစ်ပါ၊ ကင်းအောင် ပြုလုပ်ပါတဲ့၊ နောက်ထပ်တဖန် ဒီလိုအကုသိုလ်ဝိတက်မျိုးတွေ မဝင်ရအောင် နှလုံးသွင်းပါတဲ့၊ အဲဒီလို နှလုံးသွင်းပြီးတော့ လက်မခံယင် ပယ်ဖျောက်ကင် သတိရှိသူ တရားထုတ်သူလို့ ဆိုရပါတယ်၊ ဒါကြောင့် ပါဠိတော်က—

> **တံ** စေ ဘိက္ခု နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ၊ ဌိတောပိ ဘိက္ခဝေ ဘိက္ခု ဧဝံဘူတော အာတာပီ ဩတ္တာပီ သတတံ သမိတံ အာရဒ္ဓဝီရိယော ပဟိတတ္တောတိ ဝုစ္စတိ။

လို့ မိန့်တော်မူခဲ့ပါတယ်။ အဲဒီနည်းအတိုင်းဘဲ ထိုင်နေတဲ့အခါ, အိပ်နေတဲ့အခါ, အိပ်ရာမှနိုးနေတဲ့ အခါမျိုးမှာလဲ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဝင်ရောက်လာယင် ဣရိယာပုထ်တခုမှ ဣရိယာပုထ်တခုသို့ မရောက်စေပဲ ချက်ခြင်းပယ်ဖျောက်၍ နောက်ထပ်တဖန်ဒီအကုသိုလ် ဝိတက်မျိုး မဖြစ်စေရအောင် ဝီရိယသန်သန်ထားပြီးတော့ သတိကိုထင်ရှားစေလျက် ပညာဉာဏ် ရှေ့သွားပြုပြီးတော့ အားထုတ်မယ်ဆိုယင် အာရဒ္ဓဝီရိယ ပုဂ္ဂိုလ်, ပဟိတတ္တ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်လို့ မိန့်တော်မူခဲ့ပါတယ်၊ ဒါကြောင့် ပါဠိတော်မှာ နိဂုံးဂါထာဖြင့် ဒီလို မိန့်တော်မူခဲ့ပါတယ်။

ယောစ စရံ ဝါ တိဋ္ဌံ ဝါ၊ နိသိန္နော ဥဒ ဝါ သယံ။
ဝိတက္ကံ သမယိတွာန၊ ဝိတက္ကူပသမေ ရတော။
ဘဗ္ဗော သော တာဒိသော ဘိက္ခု၊ ဖုဋ္ဌုံ သမ္ဗောဓိ မုတ္တမံ။

စရံဝါ၊ သွားသည်လည်းဖြစ်သော။ တိဋ္ဌံဝါ၊ ရပ်သည်လည်း ဖြစ်သော။ နိသိန္နောဝါ၊ ထိုင်နေသည်လည်းဖြစ်သော။ ဥဒ၊ ထိုမှတပါး။ သယံဝါ၊ လျောင်းသည်လည်းဖြစ်သော။ ယောစ၊ အကြင်ရဟန်းသည်ကား။ ဝိတက္ကံ၊ ကာမ, ဗျာပါ, ဝိဟိံသာဟု သုံးဖြာသော ဝိတက်ကို။ သမယိတွာန၊ ဝိပဿနာ ဉာဏ်ပညာဖြင့် ကောင်းစွာငြိမ်းစေ၍။ ဝိတက္ကူပသမေ၊ မိစ္ဆာဝိတက်၏ ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်၌။ ရတော၊ မွေ့လျော်၏။ တာဒိသော၊ ထိုသို့သဘော ရှိသော။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္ဗောဓိံ၊ သစ္စာလေးပါးကို သိသောဉာဏ်သို့။ ဖုဋ္ဌုံ၊ တွေ့ထိခြင်းငှာ။ ဘဗ္ဗော၊ ထိုက်တန် ပေ၏။

ဝင်ရောက်လာတဲ့ ကာမဝိတက်စတဲ့ အကုသိုလ်ဝိတက်တွေကို မပယ်ဖျောက် နိုင်ယင် တရားဒဲ့အားထုတ်လို့ မဖြစ်နိုင်ဘူးတဲ့၊ ဒါကိုလဲ ပါဠိတော်က ဒီလို ပြပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

သွားနေစဉ်လည်း ဝိတက်ဖြစ်တတ်ခြင်း စရတော စေပိ ဘိက္ခုဝေ ဘိက္ခုနော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော ဝါ ဗျာပါဒဝိတက္ကော ဝါ ဝိဟိံသာ ဝိတက္ကော ဝါ။[၁]

ဘိက္ခုဝေ၊ ရဟန်းတို့။ စရတောပိ၊ သွားနေစဉ်လည်း။ ဘိက္ခုနော၊ ရဟန်း အား။ ကာမဝိတက္ကောဝါ၊ ကာမဝိတက်သည်၎င်း။ ဗျာပါဒဝိတက္ကောဝါ၊ ဗျာပါဒဝိတက်သည်၎င်း။ ဝိဟိံသာဝိတက္ကော ဝါ၊ ဝိဟိံသာဝိတက်သည်၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်တတ်၏။ ။သွားနေတုန်းများ ဘုန်းကြီးတို့ပရိသတ် ကာမ ဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသာဝိတက် မဖြစ်ကြဘူးလား၊ (ဖြစ်ကြပါတယ် ဘုရား) ဖြစ်ယင်—

တံ စေ ဘိက္ခု အဓိဝါသေတိ နပ္ပဇဟတိ န ဝိနောဒေတိ န ဗျန္တိကရောတိ န အနဘာဝံ ဂမေတိ။

ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုကာမဝိတက်ကို။ စေ အဓိဝါသေတိ၊ အကယ် ၍ လက်ခံသာယာ သိမ်းပိုက်၍ ထားသည်ဖြစ်အံ့။ ။သွားနေတုန်းဖြစ်တဲ့ ကာမ ဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို ကိုယ်က သာယာပြီးတော့

၁။ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် စရဝဂ် စာမျက်နှာ—၃၁၉။

လက်ခံထားမယ်ဆိုယင်။ နပ္ပဇဟတိ၊ န ဝိနောဒေတိ၊ န ဗျန္တီကရောတိ၊ န အနဘာဝံဂမေတိ၊ အကယ်၍ မပယ်ယင်, မစွန့်ယင်, ကိုယ်နဲ့ ကင်းကွာသွားအောင် ဒီဝိတက်ကို မလုပ်ယင်, အကြိမ်ကြိမ် အထပ်ထပ် ကိုယ်က ဒီဝိတက်တွေကို နှလုံးမသွင်းမိယင် အဲဒါ ဘာဖြစ်မလဲ။

သွားနေစဉ်လည်း ဝိတက်ဖြစ်တတ်ခြင်း စရမ္ပိ ဘိက္ခဝေ ဘိက္ခု ဧဝံဘူတော အနာတာပီ အနောတ္တာပီ "သတတံ သမိတံ ကုသီတော ဟီနဝီရိယော"တိဝုစ္စတိ"။ အင်္ဂုတ္တိုရ်ပါဠိတော်က အဲဒီလို သွားနေတုန်းဖြစ်တဲ့ ဝိတက်ကို ပျောက်အောင် မဖျောက်နိုင်ယင်တဲ့—

ဘိက္ခဝေ၊ ရဟန်းတို့။ စရမ္ပိ၊ သွားနေစဉ်လည်း။ဧဝံဘူတော၊ ဤသို့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဖြစ်၍ နေသော။ အနာတာပီ၊ လုံ့လ ဝီရိယ မရှိသော။ အနောတ္တာပီ၊ ဒုစရိုက်မှုကို မလန့်တတ်သော။ ဘိက္ခု၊ ရဟန်းကို။ သတတံ၊ အမြဲ။ သမိတံ၊ မပြတ်။ ကုသီတော၊ ပျင်းရိသောရဟန်း။ ဟီနဝီရိယောတိ၊ ယုတ်လျော့သော ဝီရိယရှိသော ရဟန်းမည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

သွားနေတုန်း ဖြစ်တဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ကို မပယ် မဖျောက်ယင် ဒီပုဂ္ဂိုလ် ဘာတဲ့လဲ၊ ကုသီတ ပုဂ္ဂိုလ်တဲ့–ပျင်းတဲ့ပုဂ္ဂိုလ်၊ ဟီနဝီရိယပုဂ္ဂိုလ်–ယုတ်လျော့သော ဝီရိယရှိတဲ့ ပုဂ္ဂိုလ်၊ဂင်းတို့ဟာ ဘယ်နည်းနဲ့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှာ မဟုတ်ဘူး။

ရပ်နေစဉ်လည်း ဝိတက်ဖြစ်တတ်ခြင်း ဌိတဿ စေ ပိ ဘိက္ခဝေ ဘိက္ခုနော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော ဝါ ဗျာပါဒဝိတက္ကော ဝါ ဝိဟိံသာဝိတက္ကော ဝါ။

ချစ်သားတို့....ရပ်နေတုန်းလဲ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ အကယ်၍ ဖြစ်လာတယ်ဆိုပါတော့ ဘာလုပ်ရမလဲ—

> တံ စေ ဘိက္ခု အဓိဝါသေတိ နပ္ပဇဟတိ န ဝိနောဒေတိ န ဗျန္တီကရောတိ န အနဘာဝံဂမေတိ။ ဌိတောပိ ဘိက္ခဝေ ဘိက္ခု ဧဝံဘူတော အနာတာပီ အနောတ္တာပီ "သတတံ သမိတံ ကုသီတော ဟီနဝီရိယော" တိ ဝုစ္စတိ။

ဒီ ပါဠိတွေရဲ့အနက်ကတော့ အခုန အနက် အတိုင်းဘဲ။)

ရုပ်နေတုန်းမှာဖြစ်တဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေကို မပယ်ဖျောက် နိုင်ယင်တဲ့ ဒီပုဂ္ဂိုလ်ဟာ— ကိလေသာ ကုန်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဒုစရိုက်မှုကို လန့်မဲ့ ပုဂ္ဂိုလ် မဟုတ်ဘူးတဲ့၊ အမြဲမပြတ် ပျင်းနေပြီးတော့ ဝီရိယယုတ်လျော့နေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ ဒီလို ပုဂ္ဂိုလ်မျိုး နိဗ္ဗာန် မရနိုင်ဘူးတဲ့၊ ဒါ ရုပ်နေတုန်း—ဝိတက်။

ထိုင်နေ–အိပ်နေစဉ်လည်း ဝိတက်ဖြစ်တတ်ခြင်း နိသိန္နဿ စေပိ ဘိက္ခဝေ ဘိက္ခုနော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော ဝါ ဗျာပါဒဝိတက္ကော ဝါ ဝိဟိံသာဝိတက္ကော ဝါ။

ထိုင်နေတုန်း ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် မဝင်ဘူးလား–(ဝင်ပါတယ်ဘုရား)

တံ စေ ဘိက္ခု အဓိဝါသေတိ နပ္ပဇဟတိ န ဝိနောဒေတိ န ဗျန္တီကရောတိ န အနဘာဝံ ဂမေတိ။

အဲဒီ ထိုင်နေတုန်း ဖြစ်တဲ့ ကာမဝိတက်တွေကို လက်ခံ သိမ်းပိုက်ပြီးတော့ မပယ်ဖျောက်ဘူးဆိုယင်–

နိသိန္နော ပိ ဘိက္ခဝေ ဘိက္ခု ဧဝံဘူတော အနာတာပီ အနောတ္တာပီ "သတတံ သမိတံ ကုသီတော ဟီနဝီရိယော"တိ ဝုစ္စတိ။

ကုသီတပုဂ္ဂိုလ်, ဟီန ဝီရိယပုဂ္ဂိုလ် ဖြစ်ပါတယ်တဲ့၊ တရားရပါအုံးမလား၊ (မရပါဘူးဘုရား)

သယာနဿ စေပိ ဘိက္ခဝေ ဘိက္ခုနော ဇာဂရဿ ဥပ္ပဇ္ဇတိ ကာမဝိတက္ကော ဝါ ဗျာပါဒဝိတက္ကော ဝါ ဝိဟိံသာဝိတက္ကော ဝါ။

အိပ်နေ လျောင်းနေတုန်း အိပ်ရာက နိုးလျှင် နိုးချင်း ကာမဝိတက် မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဖြစ်တယ်၊ ဒီနေ့ညအိမ်ကျတော့ အိပ်ကရော မဟုတ်လား၊ အိပ်လိုက်လို့ ခေါင်းအုံးပေါ် ကပ်လိုက်သည်နှင့် တပြိုင်နက်ထဲဘာ ဝိတက်ဝင်လာသလဲ–မဝင်ဘူးလား၊ (ဝင်ပါတယ်ဘုရား)

ဘယ်လိုဝင်ကြလဲ ပြောကြစမ်း—ဘယ်လိုချက်ကြမလဲ၊ ဘယ်လိုစားကြမလဲ ဘယ်လို နေကြ စားကြ မလဲ–ဟုတ်လား၊ နက်ဖြန်ခါ ဈေးဘယ်လိုသွားမလဲ၊ ပစ္စည်းရအောင် ဘယ်လိုရှာမလဲ၊ဒါ အိပ် အိပ်ချင်းဖြစ်တဲ့ တွေးတဲ့အကြံအစည်၊ ဖြစ်ဘူးသလား မဖြစ်ဘူးဘူးလား၊ (ဖြစ်ဘူးပါတယ်ဘုရား) မနက်မိုးလင်းတော့ အိပ်ရာနိုးပြီဆိုပါတော့–အိပ်ရာကတော့ မထရသေးဘူး။

ဇာဂရ—နိုးလာတယ်၊ နိုးနိုးချင်း ဘာကြံသလဲ–ကိုယ့်ကိုယ်ကိုလဲ ကိုယ်မေး ကြည့်ကြအုံးလေ၊ ငါအိပ်ရာကနိုးနိုးချင်း ဘာတွေကြံသလဲ စဉ်စားကြည့်ကြ- ဒီတရားနာပြီးတော့၊အဲဒီလို နိုးတဲ့အခါမှာ ကြံတဲ့ ကာမဝိတက်, ဗျာပါဒ- ဝိတက်, ဝိဟိံသာဝိတက်တွေကို လက်ခံထားယင်, သိမ်းပိုက်ထားယင်, မပယ် မစွန့်ယင် ကုသီတ, ဟီနဝီရိယပုဂ္ဂိုလ်မျိုးလို့ ခေါ်တယ်တဲ့၊ ဒီလိုပုဂ္ဂိုလ်မျိုး မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရပါ့မလား။ (မရပါဘူးဘုရား)

> စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
> ယော ဝိတက္ကံ ဝိတက္ကေတိ၊ ပါပကံ ဂေဟနိဿိတံ။
> ကုမ္မဂ္ဂပဋိပန္နော သော၊ မောဟနေယျေသု မုစ္ဆိတော။
> အဘဗ္ဗော တာဒိသော ဘိက္ခု၊ ဖုဋ္ဌုံ သမ္ဗောဓိ မုတ္တမံ [၁]–တဲ့

မြတ်စွာဘုရားက။

မဂ်ဉာဏ်ဖိုလ်ဉာဏ် မရထိုက်သူ

ဘယ်သူကလဲ— (မြတ်စွာဘုရားကပါ ဘုရား) ဒီတရားတွေများ ဘုန်းကြီးတို့ ပရိသတ်က ထူးကြီးဆရာတော်ကများ ဟောနေတယ်လို့ ထင်နေသလား၊ ထူးကြီး ဆရာတော်တရား မဟုတ်ရပါဘူး၊ ဒီ ဥစ္စာတွေဟာ မြတ်စွာဘုရားရဲ့ ပါဠိတော် ကြီးတွေကို ဘုန်းကြီးက ဟောပြနေတာ၊ တရားကောင်းလိုက်တာ, ကောင်းလိုက် တာလို့ ဆိုယင် ဘယ်သူ့တရားကောင်းတာလဲ၊ (မြတ်စွာဘုရားပါဘုရား) မကောင်းဘူးဆိုယင်ကော ထူးကြီးဆရာတော်ကိုတော့ ဒီအထဲထည့်ပြီး မသုံးသပ် ကြနဲ့–ဟုတ်လား၊ ဘယ်လိုလဲ မြတ်စွာဘုရားက—

ယော၊ အကြင်သူသည်။ စရံ ဝါ၊ သွားနေစဉ်ရှင်း။ ယဒိ၊ ထိုမှတပါး။ တိဋ္ဌံ ဝါ၊ ရပ်နေစဉ်ရှင်း။ နိသိန္နော ဝါ၊ ထိုင်နေစဉ်ရှင်း။ ဥဒ၊ ထိုမှတပါး။ သယံ ဝါ၊ လျောင်းစက်လို့အိပ်ရာမှ နိုးနေစဉ်ရှင်း။ ဂေဟနိဿိတံ၊ ကာမ ဂုဏ်ကို မှီ၍ထားသော။ ပါပကံ၊ ယုတ်မာလှစွာသော။ ဝိတက္ကံ၊ ဝိတက်ကို။ ဝိတက္ကေတိ၊ ကြံစည်၍နေ၏။ ကုမ္မဂ္ဂပဋိပန္နော၊ လမ်းမှား လမ်း ကောက်ကို သွား၍နေသော။ မောဟနေယျေသု၊ အသိဉာဏ်ပညာတွေကို ပိတ် ဖုံး ကာကွယ်တတ်တဲ့ မောဟအာရုံတို့၌။ မုစ္ဆိတော၊ တွေဝေ မိန်းမော၍ နေသော။ တာဒိသော၊ ထိုသို့သဘောရှိသော။ သော ဘိက္ခု၊ ထိုရဟန်းတော်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္ဗောဓိံ၊ သစ္စာလေးပါးကို သိတယ်ဆိုတဲ့ မဂ် ဉာဏ်, ဖိုလ်ဉာဏ်သို့။ ဖုဋ္ဌုံ၊ ဉာဏ်ဖြင့်တွေ့ယံ ရောက်ရှိခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်စရဝဂ်သီလသုတ် စာမျက်နှာ—၃၂၁။

မေဃိယမထေရ်မှာ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဖြစ်နေတော့ မဂ်ဖိုလ်ရထိုက်သေးရဲ့လား–သူ၊ (မရထိုက်ပါဘူးဘုရား) ဘုန်းကြီးတို့ပရိသတ်မှာ ဖြစ်ယင်ကော၊ (မရထိုက်ပါဘူးဘုရား) ဘုန်းကြီးတို့ပရိသတ်မှာကော မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဖြစ်ယင် ဘယ့်နှယ်လုပ်ရမလဲ၊ ဟို မေဃိယမထေရ်ကတော့ဖြင့် မြတ်စွာဘုရားထံသွားတယ်–နော်၊ (မှန်ပါဘုရား။)

အဲဒီလို ဝိတက်တွေဖြစ်လာတော့ ဘယ်နည်းနဲ့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်တော့ဘူး မဟုတ်လား။ "တာဒိသော၊ ထိုသို့ ဝိတက် အကြံအစည်တွေကိုကြံစည်နေခြင်းသဘောရှိသော။ သောဘိက္ခု၊ ထိုရဟန်းတော်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္ဗောဓိံ၊ သစ္စာလေးပါး တရားကို သိတယ်ဆိုတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားတော်သို့။ ဖုဋ္ဌုံ၊ အသိဉာဏ်ဖြင့် တွေ့ထိရောက်ရှိခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။" မေဃိယမထေရ် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်တွေဖြစ်တော့ မဂ်ဖိုလ်ရခဲ့သေးသလား၊ (မရခဲ့ပါဘူးဘုရား) အဲဒီလို မရခဲ့သည်ဖြစ်သောကြောင့် မြတ်စွာဘုရားထံ မေဃိယမထေရ် ရောက်သွားသည်၊ ဝိတက်တွေအကြောင်း ပြောကြဦးစို့။

ဝိတက် ၉–မျိုး အခု ဝိတက်ခြောက်မျိုး ပြောခဲ့တယ်၊ ကိုးမျိုးရှိသေးတယ်၊ **ဝိတက် ကိုးမျိုး**[၁] အဲဒါကတော့ စူဠနိဒ္ဒေသပါဠိတော်က ပြတယ်။ (၁) ကာမဝိတက်၊ (၂) ဗျာပါဒဝိတက်၊ (၃) ဝိဟိံသာဝိတက် အခုပြောခဲ့ပြီးပြီ–နော်၊ (မှန်ပါ)။

(၄) ဉာတိဝိတက်– ဆွေတွေမျိုးတွေထံ စိတ်ကူးပြီးတော့ ငါ့ဆွေတွေမျိုးတွေ ဘယ်လိုများနေကြပါလိမ့်မလဲ–တဲ့၊ ဩော်–ငါ့ဆွေတွေ မျိုးတွေဟာ ရာဘနာသုံးပါးကို မှီဝဲဆည်းကပ်နေကြတယ်၊ သူတော်ကောင်း တရားကို နှလုံးသွင်းနေကြတယ်လို့ ကြံစည်တာက တော့ဖြင့်ဒါ–အကုသိုလ် မဖြစ်ဘူးတဲ့ ဟုတ်လား–ဒါပြောပြီးသား၊ အဲ–ငါ့ဆွေတွေ မျိုးတွေ ဘယ်လိုများနေကြပါလိမ့်မလဲ– စားရေးဝတ်ရေးတွေနဲ့, ကာမဂုဏ်တွေနဲ့ ပတ်သက်ပြီးတော့ ကြံတာ၊ အဲဒါက ဉာတိဝိတက်။

(၅) ဇနပဒဝိတက်– ဟိုတုန်းက ကိုယ်နေထိုင်လာခဲ့တဲ့ရွာ၊ အခုတော့ ရန်ကုန်မြို့ကြီးမှာနေတယ်၊ ဟိုတုန်းက ဇနပုဒ်တွေရှိတယ်မဟုတ်လား၊ အဲ–

၁။ စူဠနိဒ္ဒေသ **ပါဠိတော်** စာမျက်နှာ-၁၆၀။

သူတို့ရွာ ဘယ်လိုများနေကြပါလိမ့်မလဲ၊ အေးမှအေးရဲ့လား၊ ရွာပြန်ပြီး သတိရတယ်၊ ရွာပြန်ပြီးတော့ စိတ်ကူးတယ်, ကြံစည်တယ်၊ ကိုယ့်ဆွေတွေ မျိုးတွေ, မိတ်ဆွေသင်္ဂဟတွေနေတဲ့ နိဂုံးဇနပုဒ်တွေကို အကြောင်းပြုပြီးတော့ ကြံစည်စဉ်းစားနေတဲ့ ဝိတက်ကို ဇနပဒဝိတက်-လို့ ခေါ်တယ်။

(၆) အမရာဝိတက်- မသေဘို့ရန်ကြံစည်တဲ့ဝိတက်၊ အမရာဝိတက်ဆိုတာ ကတော့ ရေထဲမှာ အမရာဆိုတဲ့ ငါးတကောင်ရှိတယ်၊ သူက ဘယ်လိုမှဖမ်းလို့ မရနိုင်တဲ့အကောင်၊ အမရာဝိတက်ဆိုတာ တောင်စဉ်ရေမရတာတွေ ရှောက်ပြီး တော့ ဘာရယ်လို့မဟုတ်ဘူး၊ မယ်မယ်ရရမဟုတ်ဘူး၊ တွေးချင်ရာတွေး ရောက်ချင်ရာရောက်၊ လေလွင့်နေတဲ့ ဝိတက်မျိုးကို အမရာဝိတက်လို့ ခေါ်တယ်တဲ့၊ ဟုတ်လား။

(၇) ပရာနုဒယတာပဋိသံယုတ္တဝိတက်–သူတပါးကိုသနားလို့ ဒီလူကိုဘယ်လို လုပ်ပြီးတော့ ကယ်တင်ရပါ့မလဲလို့ ဒီလိုကြံစည်နေတာ ပရာနုဒယတာပဋိသံယုတ္တ ဝိတက်၊သို့မဟုတ် သူတပါး ငါ့ကိုသနားလာအောင် ငါဘယ်လိုလုပ်ရပါ့မလဲ–လို့ ကြံစည်တဲ့ဝိတက်ကို ပရာနုဒယတာပဋိသံယုတ္တဝိတက်-လို့ ခေါ်တယ်။

(၈) လာဘသက္ကာရသိလောက ပဋိသံယုတ္တဝိတက်- လာဘ်လာဘရအောင် ကြံစည်တာ၊ စည်းပွားဥစ္စာရအောင် ကြံစည်တာ၊ အဲဒါကို လာဘသက္ကာရသိလောက ပဋိသံယုတ္တဝိတက်-လို့ ခေါ်တယ်။

(၉) အနဝညတ္တိဝိတက်- အနဝညတ္တိဝိတက်ဆိုတာက ငါ့ကို သူတပါး အထင်အမြင် မသေးအောင်, သူတပါးတွေငါ့ကို အထင်ကြီးလာအောင်, သူတပါး အထင်သေးရာကနေပြီး သူတပါးအထင်ကြီးတဲ့ နေရာမျိုးရောက် အောင် ငါဘယ်လိုလုပ်ရပါ့မလဲလို့ ကြံစည်နေတာကို ဒါ-အနဝညတ္တိဝိတက်- လို့ခေါ်ပါသတဲ့- စူဠနိဒ္ဒေသပါဠိတော်က၊ ကဲဒီတော့ ဘယ်လောက်ရှိသွား ပလဲ။ (၉—ပါးပါဘုရား)

အဲဒီ ဝိတက်ကြီး ၉—ပါးတို့ဟာလဲဘဲ အလုံးစုံသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ရဲ့နေရာ ဝင်သည်ဖြစ်သောကြောင့် ဒီ ဝိတက် ကိုကြံစည်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရိပ်သာထဲကနေပြီး အိမ်ကိုပြန်ပြန်ပြီး စဉ်းစား တယ်-အိမ်ကလူတွေ ဘယ်လိုနေပါလိမ့်မလဲလို့၊ မဟုတ်ဘူးလား- (ဟုတ်ပါ တယ်ဘုရား) ဘာဝိတက်တွေလဲ၊ (ဉာတိဝိတက်ပါဘုရား) အဲဒီဉာတိဝိတက် တွေဝင်နေတော့ တရားအားထုတ်လို့ ရပါ့အုံးမလား၊ (မရပါဘူးဘုရား)

မေဃိယမထေရ်မှာ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဖြစ်နေတော့ မဂ်ဖိုလ်ရထိုက်သေးရဲ့လား-သူ၊ (မရထိုက်ပါဘူးဘုရား) ဘုန်းကြီးတို့ ပရိသတ်မှာ ဖြစ်ယင်ကော၊ (မရထိုက်ပါဘူးဘုရား) ဘုန်းကြီးတို့ ပရိသတ်မှာကော မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဖြစ်ယင် ဘယ့်နှယ်လုပ်ရမလဲ၊ ဟို မေဃိယမထေရ်ကတော့ဖြင့် မြတ်စွာဘုရားထံသွားတယ်-နော်၊ (မှန်ပါဘုရား။)

အဲဒီလို ဝိတက်တွေဖြစ်လာတော့ ဘယ်နည်းနဲ့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်တော့ဘူး မဟုတ်လား။ "တာဒိသော၊ ထိုသို့ ဝိတက် အကြံအစည်တွေကိုကြံစည်နေခြင်းသဘောရှိသော။ သောဘိက္ခု၊ ထိုရဟန်းတော်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္ဗောဓိံ၊ သစ္စာလေးပါး တရားကို သိတယ်ဆိုတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားတော်သို့။ ဖုဋ္ဌုံ၊ အသိဉာဏ်ဖြင့် တွေ့ထိရောက်ရှိခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။" မေဃိယမထေရ် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်တွေဖြစ်တော့ မဂ်ဖိုလ်ရခဲ့သေးသလား၊ (မရခဲ့ပါဘူးဘုရား) အဲဒီလို မရခဲ့သည်ဖြစ်သောကြောင့် မြတ်စွာဘုရားထံ မေဃိယမထေရ် ရောက်သွားသည်၊ ဝိတက်တွေအကြောင်း ပြောကြဦးစို့။

ဝိတက် ၉-မျိုး အခု ဝိတက်ခြောက်မျိုး ပြောခဲ့တယ်၊ ကိုးမျိုးရှိသေးတယ်၊ **ဝိတက် ကိုးမျိုး**[၁] အဲဒါကတော့ စူဠနိဒ္ဒေသပါဠိတော်က ပြတယ်။ (၁) ကာမဝိတက်၊ (၂) ဗျာပါဒဝိတက်၊ (၃) ဝိဟိံသာဝိတက် အခုပြောခဲ့ပြီးပြီ—နော်၊ (မှန်ပါ)။

(၄) ဉာတိဝိတက်- ဆွေတွေမျိုးတွေထံ စိတ်ကူးပြီးတော့ ငါ့ဆွေတွေမျိုးတွေ ဘယ်လိုများနေကြပါလိမ့်မလဲ—တဲ့၊ သြော်-ငါ့ဆွေတွေ မျိုးတွေဟာ ရတနာသုံးပါးကို မှီဝဲဆည်းကပ်နေကြတယ်၊ သူတော်ကောင်း တရားကို နှလုံးသွင်းနေကြတယ်လို့ ကြံစည်တာက တော့ဖြင့်ဒါ-အကုသိုလ် မဖြစ်ဘူးတဲ့ ဟုတ်လား-ဒါပြောပြီးသား၊ အဲ-ငါ့ဆွေတွေ မျိုးတွေ ဘယ်လိုများနေကြပါလိမ့်မလဲ- စားရေးဝတ်ရေးတွေနဲ့, ကာမဂုဏ်တွေနဲ့ ပတ်သက်ပြီးတော့ ကြံတာ၊ အဲဒါက ဉာတိဝိတက်။

(၅) ဇနပဒဝိတက်- ဟိုတုန်းက ကိုယ်နေထိုင်လာခဲ့တဲ့ရွာ၊ အခုတော့ ရန်ကုန်မြို့ကြီးမှာနေဟယ်၊ ဟိုတုန်းက ဇနပုဒ်တွေရှိတယ်မဟုတ်လား၊ အဲ-

---

၁။ စူဠနိဒ္ဒေသ **ပါဠိတော်** စာမျက်နှာ-၁၆၀။

သူတို့ရှာ ဘယ်လိုများနေကြပါလိမ့်မလဲ၊ အေးမှအေးရဲ့လား၊ ရှာပြန်ပြီး သတိရတယ်၊ ရှာပြန်ပြီးတော့ စိတ်ကူးတယ်၊ ကြံစည်တယ်၊ ကိုယ့်ဆွေတွေ မျိုးတွေ၊ မိတ်ဆွေသင်္ဂဟတွေနေတဲ့ နိဂုံးဇနပုဒ်တွေကို အကြောင်းပြုပြီးတော့ ကြံစည်စဉ်းစားနေတဲ့ ဝိတက်ကို ဇနပဒဝိတက်–လို့ ခေါ်တယ်။

(၆) အမရာဝိတက်– မသေဘို့ရန်ကြံစည်တဲ့ဝိတက်၊ အမရာဝိတက်ဆိုတာ ကတော့ ရေထဲမှာ အမရာဆိုတဲ့ ငါးတကောင်ရှိတယ်၊ သူက ဘယ်လိုမှဖမ်းလို့ မရနိုင်တဲ့အကောင်၊ အမရာဝိတက်ဆိုတာ တောင်စဉ်ရေမရတာတွေ ရှောက်ပြီး တော့ ဘာရယ်လို့မဟုတ်ဘူး၊ မယ်မယ်ရရမဟုတ်ဘူး၊ တွေးချင်ရာတွေး ရောက် ချင်ရာရောက်၊ လေလွင့်နေတဲ့ ဝိတက်မျိုးကို အမရာဝိတက်လို့ ခေါ်တယ်တဲ့၊ ဟုတ်လား။

(၇) ပရာနုဒယတာပဋိသံယုတ္တဝိတက်–သူတပါးကိုသနားလို့ ဒီလူကိုဘယ်လို လုပ်ပြီးတော့ ကယ်တင်ရပါ့မလဲလို့ ဒီလိုကြံစည်နေတာ ပရာနုဒယတာပဋိသံယုတ္တ ဝိတက်၊သို့မဟုတ် သူတပါး ငါ့ကိုသနားလာအောင် ငါဘယ်လိုလုပ်ရပါ့မလဲ–လို့ ကြံစည်တဲ့ဝိတက်ကို ပရာနုဒယတာပဋိသံယုတ္တဝိတက်-လို့ ခေါ်တယ်။

(၈) လာဘသက္ကာရသိလောက ပဋိသံယုတ္တဝိတက်– လာဘ်လာဘရအောင် ကြံစည်တာ၊ စည်းပွားဥစ္စာရအောင် ကြံစည်တာ၊ အဲဒါကို လာဘသက္ကာ ရသိလောက ပဋိသံယုတ္တဝိတက်-လို့ခေါ်တယ်။

(၉) အနဝညတ္တိဝိတက်– အနဝညတ္တိဝိတက်ဆိုတာက ငါ့ကို သူတပါး အထင်အမြင် မသေးအောင်၊ သူတပါးတွေငါ့ကို အထင်ကြီးလာအောင်၊ သူတပါး အထင်သေးရာကနေပြီး သူတပါးအထင်ကြီးတဲ့ နေရာမျိုးရောက် အောင် ငါဘယ်လိုလုပ်ရပါ့မလဲလို့ ကြံစည်နေတာကို ဒါ–အနဝညတ္တိဝိတက်– လို့ခေါ်ပါသတဲ့– စူဠနိဒ္ဒေသပါဠိတော်က၊ ကဲဒီတော့ ဘယ်လောက်ရှိသွား ပလဲ။ (၉–ပါးပါဘုရား)

အဲဒီ ဝိတက်ကြီး ၉–ပါးတို့ဟာလဲဘဲ အလုံးစုံသော ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ရဲ့နေရာ ဝင်သည်ဖြစ်သောကြောင့် ဒီ ဝိတက် ကိုကြံစည်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရိပ်သာထဲကနေပြီး အိမ်ကိုပြန်ပြန်ပြီး စဉ်းစား တယ်–အိမ်ကလူတွေ ဘယ်လိုနေပါလိမ့်မလဲလို့၊ မဟုတ်ဘူးလား- (ဟုတ်ပါ တယ်ဘုရား) ဘာဝိတက်တွေလဲ၊ (ဉာတိဝိတက်ပါဘုရား) အဲဒီဉာတိဝိတက် တွေဝင်နေတော့ တရားအားထုတ်လို့ ရပါ့အုံးမလား၊ (မရပါဘူးဘုရား)

အခု မေဃိယမထေရ်မှာတော့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေဝင်ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ထံ လာပြီးတော့လျှောက်တယ်။

သိတော်မူလျက် ဘုရားရှင် လွှတ်တော်မူခြင်းအကြောင်း

လျှောက်တော့ — တပည့်တော် ဒီ သရက်ဥယျာဉ်တောကလေးထဲ ဝင်ပြီးတော့ တရားထိုင်လိုက်သည်နှင့် တပြိုင်နက်ထဲ ဝိတက်အမျိုးမျိုးတွေ ဝင်လာပါတော့သည်ဘုရား၊ ဒါကြောင့် ဘုရားတပည့်တော်အရှင်ဘုရား ခြေတော်ရင်းကို ပြန်ပြီး ရောက်ရှိလာပါတယ်-လို့ ဝိတက်ဝင်ပုံတွေကို လျှောက်တော့ မြတ်စွာဘုရားက—မေဃိယမထေရ် လျှောက်တာတွေကိုနားထောင်ပြီးတော့ နေတယ်၊ မေဃိယမထေရ် လျှောက်ပြီးသွားပြီ မဟုတ်လား၊ (မှန်ပါဘုရား)မေဃိယမထေရ်ကို ဘာဖြစ်လို့ လွှတ်လိုက်ရသလဲ-မြတ်စွာဘုရားက၊ ဒီလိုဖြစ်လာမယ်ဆိုတာ မြတ်စွာဘုရား မသိဘူးလား၊ (သိပါတယ်ဘုရား) နို့—ဘာလုပ်လွှတ်လိုက်ရသလဲ အဋ္ဌကထာဆရာက ဘယ့်နှယ်ပြောထားသလဲဆိုတော့—

အနနုညာတောပိ စာယံ မံ ဩဟာယ ဂစ္ဆိဿတေဝ။

အယံဘိက္ခု၊ ဤမေဃိယရဟန်းသည်။ အနနုညာတောပိ၊ ငါဘုရား ခွင့်မပြုသော်လည်းဘဲ။ မံ၊ ငါ့ကို။ ဩဟာယ၊ ထားပစ်ခဲ့ပြီးတော့။ ဂစ္ဆိဿတေဝ၊ သွားမှာပါဘဲ—တဲ့။ ငါခွင့်မပြုလဲ သူသွားမှာတဲ့၊ သွားရုံသွားမှာ မဟုတ်ဘူးတဲ့၊ သူ ငါ့အပေါ်မှာ အထင်မှားသွားလိမ့်အုံးမယ်တဲ့-မေဃိယက၊ ဘယ်လိုလဲ—

ပရိစာရကကာမတာယ မညေ ဘဂဝါ ဂန္တုံ န ဒေတိ။

ပရိစာရ ကကာမတာယ၊ သူ့ကိုလုပ်ကျွေး စေလိုသည် ဖြစ်သောကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မံ၊ ငါ့ကို။ ဂန္တုံ၊ တရားအားထုတ်ရန် သွားခြင်းငှာ။ န ဒေတိ၊ အခွင့်မပြု။ ဣတိ၊ ဤသို့။ မညေ၊ မှတ်ထင်အောက်မေ့ရာ၏။

သူ ငါ့အပေါ် အထင်မှားသွားလိမ့်မယ်တဲ့၊ သူ့ကို လုပ်ကျွေးမယ့် သူမရှိလို့ငါ့ကို မလွှတ်တာလို့ မြတ်စွာဘုရားအပေါ်မှာ မေဃိယ အထင်မှားနိုင်တယ်၊ ဒီလို အထင်မှားသွားယင်တဲ့—

တ ဒဿ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တေယျာတိ အနုဇာနိ။

ငါ့ကို အထင်မှားယင်ဖြင့် မေဃိယရဟန်းမှာ ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့တွေ ဖြစ်ရတော့မယ်၊ ဒီ အကျိုးမဲ့တွေ မဖြစ်ပါစေနဲ့၊ သွားချင်သွားပါစေဆိုပြီးတော့ အထင်မမှားအောင်လို့ မြတ်စွာဘုရားက လွှတ်လိုက်တာပါတဲ့၊ ပြန်လာမယ်ဆိုတာ သိတယ်၊ ကိုင်း—အခုတော့ ပြန်ရောက်လာပြီမဟုတ်လား၊ ပြန်ရောက်လာတော့ မြတ်စွာဘုရားကို ဘာလျှောက်သလဲ—

အာယသ္မာ မေဃိယော၊ အရှင်မေဃိယသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုး ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ဧတံ-ဝစနံ၊ ဤသို့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဝင်ရောက်နှိပ်စက် လွှမ်းမိုး၍ လာပါသည်ဘုရား—ဟူသောစကားကို။ အဝေါစ၊ နားတော်လျှောက်လေတော့သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-တတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၁၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄– ခုနှစ်၊ ဝါခေါင်လဆန်း ၄–ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေး အတ်စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဓမ္မာရုံတော် ကြီးတွင် ဟောအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယ ဝဂ်၌လာသော မေဃိယသုတ္တန် တတိယပိုင်း တရားဒေသနာတော်။

တတိယပိုင်း–ပဏာမ ၎င်းသုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာ ဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါ တယ်၊ မြတ်စွာဘုရား၏ တရားတော်ကို တရားဟော တရားနာပုဂ္ဂိုလ်တို့၏ အနေဖြင့် တရားဟောကြရမှာ တရားနာကြရမှာ ဖြစ်တဲ့အတွက် ရှေးဦးစွာ ၎င်းသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည့် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များက လက်အုပ်ချီပြီးတော့ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားကိုယ်တော် မြတ်၏ ဂုဏ်တော်ကျေးဇူးတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရား ရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုပြီး တော့ ဒီကနေ့ တရားနာကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များ သဗ္ဗညုရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို ကြည်ညို သဒ္ဓါပွားများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

အကြောင်းဖျူပွတ်အကျဉ်း ပြန်လည်ဟောပြချက် ဘုန်းတော် သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က စာလိကတောင်မှာ သီတင်း သုံးပါတယ်၊ အလုပ်အကျွေးဖြစ်တဲ့ မေဃိယ ရဟန်းက ဇန္တုဂ္ဂါမကို ဆွမ်းခံသွားဘို့လျှောက်တော့ မြတ်စွာဘုရားက ခွင့်ပြု လိုက်တယ်၊ ဇန္တုဂ္ဂါမက ဆွမ်းခံပြန်လာပြီးတော့ ကိမိကာဠာမြစ်ကမ်းပါးမှာ လမ်းလျှောက်ရင်း သရက်ဥယျာဉ်တောတခုကိုတွေ့လို့ တရားအားထုတ်ချင်တဲ့

စိတ်တွေ ပေါ်ပေါက်သဖြင့် မေဃိယမထေရ် မြတ်စွာဘုရားကို လျှောက်၍ သရက်ဥယျာဉ်တောသို့ သွားပြီးတော့ တရားအားထုတ်တယ်၊ ဥယျာဉ်တော ထဲဝင်တာနဲ့တပြိုင်နက် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဝင်လာခဲ့တယ်၊ ဒီတော့ အရှင်မေဃိယမထေရ်က—

အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ သဒ္ဓါယ စ ဝတမှာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ၊ အထ စ ပနိမေဟိ တီဟိ အကုသလေဟိ ဝိတက္ကေဟိ အန္ဝာသတ္တာ။ သေယျထိဒံ၊ ကာမဝိတက္ကေန ဗျာပါဒဝိတက္ကေန ဝိဟိံသာဝိတက္ကေန။

မြတ်စွာဘုရား....အံ့ဩဘွယ်အင်မတန်ကောင်းပါတယ်၊ သဒ္ဓါတရားသက်သက်နဲ့ သာသနာတော်ကို ဝင်ရောက်လာပြီးတော့ တရားအားထုတ်မယ်လို့ ဥယျာဉ် တောထဲဝင် ဆိတ်ငြိမ်ရာချဉ်းကပ်ပြီးတော့ တရားနှလုံးသွင်းကာမှ အံ့ဩဘွယ် ရာ မဖြစ်စဘူး ထူးထူးကဲကဲ ကာမဝိတက်တွေ, ဗျာပါဒဝိတက်တွေ, ဝိဟိံသာ ဝိတက်တွေ ဝင်ရောက်လာသည်ဖြစ်သောကြောင့် တရားအားထုတ်လို့ မဖြစ် နိုင်တဲ့အတွက် သဗ္ဗညုရှင်တော်မြတ်ဘုရားရဲ့ထံမှောက် တခေါက်ပြန်ပြီးတော့ ရောက်လာရပါတော့သည် ဘုရား-လို့ လျှောက်ပြီးပြီ မဟုတ်လား၊ (မှန်ပါ ဘုရား)

လျှောက်ပြီးတော့ မြတ်စွာဘုရားက သူလျှောက်တာတွေကို သေသေချာ ချာ နားတောင်နေတယ်၊ နဂိုကလဲ အသိသားဘဲ-ရွှေဉာဏ်တော်နဲ့၊ မေဃိယ မထေရ် လျှောက်ထားပြီးတဲ့အဆုံးမှာ မြတ်စွာဘုရားက ဘယ်လို မိန့်တော်မူ လိုက်သလဲ—

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စ ဓမ္မာ ပရိပါ ကာယ သံဝတ္တန္တိ။[၁]

စေတောဝိမုတ္တိ အကြောင်း တောထဲသွား တရားအားထုတ်စဉ်အခါကာလက သူ့စိတ်က သိပ်ပြီးတော့ မရင့်ကျက်သေးဘူး၊ စိတ်မရင့်ကျက်သေးတာကို ရင့်ကျက်အောင်လုပ်တဲ့ တရားတွေကို မြတ်စွာဘုရား က ဟောကြားတော်မူလိုသည် ဖြစ်သောကြောင့် ဒီဒေသနာတော်ကို အရှင် မေဃိယမထေရ်ကို စ-ပြီးတော့ ဟောလိုက်တယ်၊ ဘာတဲ့—

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စ ဓမ္မာ ပရိပါ ကာယ သံဝတ္တန္တိ။[၁]

၁။ ဥဒါန်းပါဠိတော် မေဃိယဝဂ် မေဃိယသုတ် စာမျက်နှာ-၁၁၉။

ဒီကနေ့ ဒီအပိုဒ်ကိုဘဲ ဘုန်းကြီးတို့ ပြီးအောင်မနဲ့ဟောရမယ်၊ ဘာပြုလို့လဲဆိုတော့ ဘုန်းကြီးကိုလဲ စောစောစီးစီးက သူတို့လက်တို့ပြီးတော့ လျှောက်ထားတာ—

မေဃိယ၊ ချစ်သားမေဃိယ။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှလွတ်ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းအကျိုးငှာ။ ပဉ္စ၊ ငါးပါးကုန်သော။ ဓမ္မာ၊ အကြောင်းတရားတို့သည်။ သံဝတ္တန္တိ၊ ရှိသည်ဖြစ်ကုန်၏။

ချစ်သားမေဃိယ တဲ့၊ မရင့်ကျက်သေးတဲ့ စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်းလို့ခေါ်တဲ့ စေတောဝိမုတ္တိတရားကို ရင့်ကျက်စေနိုင်တဲ့ တရားငါးမျိုးရှိတယ်–တဲ့၊ ဒါဘဲ ဟောလိုက်တယ်။

စေတောဝိမုတ္တိအဓိပ္ပါယ် ဒီတော့ အဲဒီမှာ အဓိပ္ပါယ်က— စေတောဝိမုတ္တိလို့ ဆိုတာ ဘာကို စေတောဝိမုတ္တိလို့ ခေါ်သလဲဆိုတော့ ဥဒါန်း အဋ္ဌကထာက– "စေတောဝိမုတ္တိယာတိ ကိလေသေဟိ စေတသော ဝိမုတ္တိယာ"–တဲ့၊ စေတောဝိမုတ္တိယာတိ၊ စေတောဝိမုတ္တိ ဆိုတာ။ စေတသော၊ စိတ်၏။ ကိလေသေဟိ၊ ကိလေသာတို့မှ။ ဝိမုတ္တိယာ၊ လွတ်မြောက်၍နေခြင်း။ မိမိစိတ် ကိလေသာတို့မှ လွတ်မြောက်၍ နေခြင်းကို "**စေတောဝိမုတ္တိ**"လို့ ခေါ်ပါတယ်တဲ့၊ ဒီနေရာမှာ—

> ပုဗ္ဗဘာဂေ ဟိ တဒင်္ဂဝသေန စေဝ ဝိက္ခမ္ဘနဝသေန စ ကိလေသေဟိ စေတသော ဝိမုတ္တိ ဟောတိ။

ဟိ၊ ထင်ရှားအောင်ပြအုံးမယ်တဲ့။ ပုဗ္ဗဘာဂေ၊ မဂ်၏ရှေ့အဘို့၌။ တဒင်္ဂဝသေနစေဝ၊ တဒင်္ဂ၏ အစွမ်းအားဖြင့်၎င်း။ ဝိက္ခမ္ဘနဝသေနစ၊ ဝိက္ခမ္ဘန၏အစွမ်းအားဖြင့်၎င်း။ စေတသော၊ စိတ်၏။ ကိလေသေဟိ၊ ကိလေသာတို့မှ။ ဝိမုတ္တိ၊ လွတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

မဂ်၏ရှေ့အဘို့မှာ စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အပိုင်းနှစ်ပိုင်းရှိတယ်တဲ့၊ တဒင်္ဂဝိမုတ္တိနဲ့ ဝိက္ခမ္ဘန ဝိမုတ္တိ။

> အပရဘာဂေ သမုစ္ဆေဒဝသေနစေဝ ပဋိပ္ပဿဒ္ဓိဝသေနစ။

အပရဘာဂေ၊ ဝိပဿနာရဲ့နောက်အဖို့၌။ သမုစ္ဆေဒ ဝသေနစေဝ၊ နောက်ထပ်တဖန် ဖြစ်ပေါ်လာခြင်း မရှိအောင် အကြွင်းမဲ့ ဖြတ်ခြင်း၏ အစွမ်းအား

ဖြင့် ၎င်း။ ပဋိပ္ပဿဒ္ဓိဝသေနစ၊ တဖန်ငြိမ်းခြင်းကို ပြုသည်၏ အစွမ်းအားဖြင့် ၎င်း။ စေတသော၊ စိတ်၏။ ကိလေသေဟိ၊ ကိလေသာတို့မှ။ ဝိမုတ္တိ၊ လွတ်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝိပဿနာရဲ့နောက်အဖို့မှာ သမုစ္ဆေဒဝိမုတ္တိ, ပဋိပ္ပဿဒ္ဓိဝိမုတ္တိ လို့-ဒီလို နှစ်မျိုးရှိတယ်၊ စေတော ဝိမုတ္တိ—စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်း အပိုင်း၊ ဒီနေရာမှာ သူက လေးပိုင်းပြတယ်။

ဝိမုတ္တိငါးမျိုး ဥဒါန်း အဋ္ဌကထာ တနေရာမှာ အဲဒီ ဝိမုတ္တိကို ငါးမျိုး ပြထားတယ်- တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပ္ပဿဒ္ဓိဝိမုတ္တိ, နိဿရဏဝိမုတ္တိ-လို့ ဝိမုတ္တိငါးမျိုး[၁] ပြထားတယ်၊ ဒီ ဝိမုတ္တိတို့ကို သိပြီးတော့မှ ဝိမုတ္တိပရိပါစနီယဓမ္မတို့ကို သိရမယ်၊ ဝိမုတ္တိ-စိတ်၏ ကိလေသာတို့မှ လွတ်မြောက်တဲ့အဆင့် ဘယ်နှစ်ဆင့်ရှိသလဲ ဆိုတော့ ငါးဆင့်ရှိတယ်၊ တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဋိပ္ပဿဒ္ဓိ, နိဿရဏလို့-ငါးဆင့်၊ အဲဒီငါးဆင့်မှာ—

တဒင်္ဂဝိမုတ္တိ တဒင်္ဂဝိမုတ္တိဆိုတာ ဘာကိုခေါ်သလဲ-ဆိုတော့ ဥဒါန်း အဋ္ဌကထာက ဖွင့်ပုံကို မပြောသေးခင် ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာက ဖွင့်တာကို ရှေးဦးစွာပြောကြဦးစို့၊ တဒင်္ဂဝိမုတ္တိဆိုတာ ဘာကို ခေါ်သလဲဆိုတော့ အဋ္ဌကထာက—

> အနိစ္စာနုပဿနာဒိကာ သတ္တာနုပဿနာ သယံ တဿတဿ ပစ္စနီကင်္ဂဝသေန ပရိစ္စတ္တာဟိ နိစ္စသညာဒီဟိ ဝိမုတ္တတ္တာ တဒင်္ဂဝိမုတ္တီတိ သင်္ချံ ဂစ္ဆန္တိ။ [၂]

သယံ၊ ကိုယ်တိုင်။ တဿတဿ အနိစ္စာနုပဿနာဒိကဿ၊ ထိုထိုအနိစ္စာနုပဿနာ အစရှိသည်၏။ ပစ္စနီကင်္ဂဝသေန၊ ဆန့်ကျင်ဘက်ပဟာတဗ္ဗအင်္ဂါ၏ အစွမ်းအားဖြင့်။ ပရိစ္စတ္တာဟိ၊ ပယ်စွန့်အပ်ကုန်ပြီးသော။ နိစ္စသညာဒီဟိ၊ နိစ္စသညာစသည်တို့မှ။ ဝိမုတ္တတ္တာ၊ လွတ်မြောက်သည်၏အဖြစ်ကြောင့်။ အနိစ္စာနုပဿနာဒိကာ၊ အနိစ္စာနုပဿနာအစရှိကုန်သော။ သတ္တာနုပဿနာ၊ ၇နစ်မျိုးသောအနုပဿနာတို့သည်။ တဒင်္ဂဝိမုတ္တီတိသင်္ချံ၊ တဒင်္ဂဝိမုတ္တိဟူ၍ ခေါ်ဆိုခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။

၁။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ-၂၉။
၂။ သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ—၁၉။

ဘာပြောသလဲ–ဒါ၊ ဒီ တဒင်္ဂဝိမုတ္တိလို့ဆိုတာ အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်၊ နိဗ္ဗိဒါနုပဿနာဉာဏ်၊ ဝိရာဂါနုပဿနာဉာဏ်၊ နိရောဓာနုပဿနာဉာဏ်၊ ပဋိနိဿဂ္ဂါနုပဿနာဉာဏ် လို့ခေါ်တဲ့ အဲဒီဝိပဿနာဉာဏ်ခုနစ်မျိုးကို တဒင်္ဂဝိမုတ္တိလို့ခေါ်တယ်တဲ့၊ ဘာပြုလို့လဲ–အနိစ္စာနုပဿနာကို ရှုနေတဲ့အခါမှာ နိစ္စသညာကလွတ်နေသည် ဖြစ်သောကြောင့်၊ ဒုက္ခသညာကို ပွားနေတဲ့အခါမှာ သုခသညာကလွတ်နေသည် ဖြစ်သောကြောင့်၊ ဆိုင်ရာဆိုင်ရာ ဝိပဿနာတို့သည် ဆိုင်ရာဆိုင်ရာကိလေသာတို့မှ ရှုဆဲပွားဆဲခဏမှ လွတ်မြောက်နေသည်ဖြစ်သောကြောင့် သူ့ကိုတဒင်္ဂဝိမုတ္တိလို့ ခေါ်ပါတယ်တဲ့၊ ဒါက သုတ်မဟာဝါ အဋ္ဌကထာအဖွင့်။

ဥဒါန်းအဋ္ဌကထာတနေရာက ဘာပြောထားသလဲလို့ဆိုတော့–တဒင်္ဂဝိမုတ္တိလို့ဆိုတာ ဒါနတဲ့၊ သီလတဲ့၊ ဝိပဿနာဉာဏ်တွေတဲ့၊ အဲဒါကို တဒင်္ဂဝိမုတ္တိလို့ခေါ်ပါတယ်တဲ့၊ ဘယ်လိုလဲ ဒါနက–

ဒါနေန မစ္ဆရိယလောဘာဒိတော ဝိမုစ္စနံ၊ အယံ တဒင်္ဂဝိမုတ္တိနာမ။[၁]

ဒါနေန၊ လှူဒါန်းခြင်းဖြင့်။ ဝါ-လှူဒါန်းခြင်းကြောင့်။ မစ္ဆရိယလောဘာဒိတော၊ မစ္ဆရိယကိလေသာ လောဘကိလေသာ စသည်တို့မှ။ ဝိမုစ္စနံ၊ လွတ်မြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤလွတ်မြောက်ခြင်းသည်။ တဒင်္ဂဝိမုတ္တိနာမ၊ တဒင်္ဂဝိမုတ္တိမည်၏။

ဒါနကုသိုလ်ပြုလုပ်နေတဲ့အခါမှာ လောဘ ကိလေသာ၊ မပေးလှူလိုဘူးဆိုတဲ့ မစ္ဆရိယကိလေသာ–ဒီနှစ်မျိုးမှ လွတ်မြောက်နေတယ်–တဲ့၊ အဲဒါကြောင့် ဒါနသည် တဒင်္ဂဝိမုတ္တိ–တဲ့၊ ဒါန–ပေးနေတဲ့အခါမှာ လောဘက လွတ်နေတယ်၊ သူ့ရှိတဲ့ ပစ္စည်းကို သူတပါးအား ပေးနေတဲ့အခါမှာ ပေးလိုက်တယ်ဆိုယင်ဘဲ အဲဒီပေးဆဲခဏ၌ သူ့မှာ လောဘမရှိဘူး၊ အဲဒီလို လောဘက လွတ်နေသည် ဖြစ်သောကြောင့် တဒင်္ဂဝိမုတ္တိ–လို့ ခေါ်ပါတယ် တဲ့-ဒါနကို။

သီလေန ပါဏာတိပါတာဒိတော ဝိမုစ္စနံ၊ အယံ တဒင်္ဂဝိမုတ္တိနာမ။

သီလကြောင့် ပါဏာတိပါတ အစရှိသော ကိလေသာတို့က လွတ်နေတယ်၊ အဲဒါကြောင့် သီလကိုလဲ တဒင်္ဂဝိမုတ္တိလို့ ခေါ်တယ်။

နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိတော ဝိမုစ္စနံ၊ အယံ တဒင်္ဂဝိမုတ္တိနာမ။

၁။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ–၃၀။

နာမရူပဝဝတ္ထာနေန၊ ရုပ်နာမ်တရားနှစ်ပါးကို ပိုင်းခြား၍ သိခြင်းဖြင့်။ ဝါ—သိခြင်းကြောင့်။ သက္ကာယဒိဋ္ဌိတော၊သက္ကာယဒိဋ္ဌိဆိုတဲ့ ကိလေသာမှ။ ဝိမုစ္စနံ၊ လွတ်မြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ လွတ်မြောက်ခြင်းသည်။ တဒင်္ဂ-ဝိမုတ္တိနာမ၊ တဒင်္ဂဝိမုတ္တိ မည်၏။ အဲဒါက ရုပ်တရားနဲ့နာမ်တရားနှစ်ပါးကို ခွဲခြားပြီးတော့သိတဲ့ နာမရူပ ဝဝတ္ထာနဉာဏ်၊ တနည်း—နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရနေယင် သက္ကာယဒိဋ္ဌိဆိုတဲ့ ကိလေသာမှ လွတ်မြောက်နေပါတယ်၊ ဒါ— တဒင်္ဂဝိမုတ္တိ၊ ရှေ့ကျော်သွားယင်—

> ကလာပသမ္မသနေန အဟံ မမာတိ ဂါဟတော ဝိမုစ္စနံ၊ အယံ တဒင်္ဂဝိမုတ္တိနာမ။

ကလာပသမ္မသနေန၊ ကလာပသမ္မသနဉာဏ်ဖြင့်။ အဟံ မမာတိ ဂါဟတော၊ ငါ—ငါ့ဥစ္စာလို့ စွဲထားတယ်ဆိုတဲ့ ဂါဟ ကိလေသာတရားမှ။ ဝိမုစ္စနံ၊ လွတ်မြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤလွတ်မြောက်ခြင်းသည်။ တဒင်္ဂဝိမုတ္တိနာမ၊ တဒင်္ဂဝိမုတ္တိမည်၏။ ကလာပသမ္မသနဉာဏ်လဲဘဲ သူ့ကို ရှုနေတဲ့အချိန်မှာ ငါဆိုတဲ့အစွဲ, ငါ့ဥစ္စာဆိုတဲ့အစွဲတွေ ကင်းနေသည် ဖြစ်သောကြောင့် သူလဲဘဲ ဒိဋ္ဌိတဏှာ ကိလေသာက လွတ်နေပါတယ်၊ ဒါကြောင့် သူ့ကို တဒင်္ဂဝိမုတ္တိ-လို့ ခေါ်ပါတယ်-တဲ့။

အဲဒီလိုချည်းဘဲ ဝိပဿနာဉာဏ်တွေကို အကုန်လုံး လျှောက်သွား၊ပေယျာလ-ပေါ့၊ ဂေါတြဘုဉာဏ်သွားရအောင်—

> ဂေါတြဘုနာ သင်္ခါရနိမိတ္တဘာဝတော ဝိမုစ္စနံ၊ အယံ တဒင်္ဂဝိမုတ္တိနာမ။

ဂေါတြဘုဉာဏ် ရောက်သွားပြီဆိုတော့ သင်္ခါရနိမိတ်က လွတ်သွားတယ်၊ အဲဒီလို သင်္ခါရနိမိတ်အဖြစ်မှ လွတ်သောကြောင့် ဂေါတြဘုဉာဏ်ကိုလဲ တဒင်္ဂဝိမုတ္တိလို့—ခေါ်ပါတယ်တဲ့၊ ဒါ—တဒင်္ဂဝိမုတ္တိဘဲ။

ဝိက္ခမ္ဘနဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိက ဘာတုံး-"အဋ္ဌသမာပတ္တိယော သယံ ဝိက္ခမ္ဘိတေဟိ နီဝရဏာဒီဟိ ဝိမုတ္တတ္တာ ဝိက္ခမ္ဘနဝိမုတ္တီတိ သင်္ချံ ဂစ္ဆန္တိ"။[၁]

အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသောသမာပတ်တို့သည်။ သယံ၊ ကိုယ်တိုင်။ ဝိက္ခမ္ဘိတေဟိ၊ ပယ်ခွာအပ်ကုန်သော။ နီဝရဏာဒီဟိ၊ နီဝရဏ စသည်တို့မှ။

၁။ သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ-၁၉။

ဝိမုတ္တတ္တာ၊ လွတ်သည်၏အဖြစ်ကြောင့်။ ဝိက္ခမ္ဘနဝိမုတ္တီတိ သဉ္ဉ်ံ၊ ဝိက္ခမ္ဘန ဝိမုတ္တိဟူသော ခေါ်ဝေါ်ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။

သမာပတ်ရှစ်ပါးကို နီဝရဏတို့မှ လွတ်နေသည်ဖြစ်သောကြောင့် ဝိက္ခမ္ဘန ဝိမုတ္တိ-လို့ ခေါ်ပါတယ်-တဲ့၊ အဲဒါ ဝိက္ခမ္ဘနဝိမုတ္တိ၊ ပြီးတော့ ဥဒါန်း အဋ္ဌကထာ က ဘယ်အချိန်မှာ လွတ်သလဲ—

> ယံ ပန ဥပစာရပ္ပနာဘေဒေန သမာဓိနာ ယာဝဿ အပရိဟာ-
> နီဝသေန ပဝတ္တိ၊ တာဝ ကာမစ္ဆန္ဒာဒီနံ နီဝရဏာနဉ္စေဝ ဝိတက္ကာဒီနဉ္စ
> ပစ္စနီကဓမ္မာနံ အနုပ္ပတ္တိသညိတံ ဝိမုစ္စနံ၊ အယံ ဝိက္ခမ္ဘနဝိမုတ္တိနာမ။ ၁

အဓိပ္ပါယ်ကဘာပြောသလဲ— သမာပတ်ရှစ်ပါးထဲက ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိသို့ ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒီ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ အခိုက် အတန့်မှာ နီဝရဏတရား ငါးပါးကလဲ လွတ်နေတယ်။ ဆန့်ကျင်ဘက် ဖြစ် သော ဝိတက်စသော အင်္ဂါအစိတ်အပိုင်းတို့ကလဲ သူ့နေရာနဲ့သူ လွတ်နေ သည်ဖြစ်သောကြောင့် သူ့ကို ဝိက္ခမ္ဘနဝိမုတ္တိ—လို့ ခေါ်ပါတယ်၊ အဲဒါ သမာပတ်ရှစ်ပါး၊ သမာဓိ၊ ဝိက္ခမ္ဘနဝိမုတ္တိ။

သမုစ္ဆေဒဝိမုတ္တိ သမုစ္ဆေဒဝိမုတ္တိကဘာလဲ– "စတ္တာရော အရိယမဂ္ဂါ သယံ သမုစ္ဆိန္နေဟိ ကိလေသေဟိ ဝိမုတ္တတ္တာ သမုစ္ဆေဒဝိမုတ္တီတိ သင်္ချံ ဂစ္ဆန္တိ။" ၂

လေးပါးသော မဂ်ဉာဏ်တို့သည် မိမိတို့၏ **အစွမ်းအားဖြင့်** ကိလေသာ တွေကို အကြွင်းမဲ့ ဖြတ်တောက်နိုင်သည်၏အဖြစ်ကြောင့် မဂ်ဉာဏ်လေးပါး ကို သမုစ္ဆေဒဝိမုတ္တိ-လို့ ခေါ်ပါတယ်-တဲ့၊ မဂ်ဉာဏ်လေးပါး။

ပဋိပ္ပဿဒ္ဓိဝိမုတ္တိ ဖိုလ်ဉာဏ်လေးပါးကို ပဋိပ္ပဿဒ္ဓိဝိမုတ္တိ-လို့ ခေါ်ပါတယ်၊ စတ္တာရိသာမညဖလာနိ မဂ္ဂါနုဘာဝေန ကိလေသနံ ပဋိပ္ပ ဿဒ္ဓန္တေ ဥပ္ပန္နတ္တာ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တီတိ သင်္ချံ ဂစ္ဆန္တိ။ ၂

လေးပါးသော ဖိုလ်ဉာဏ်တို့သည် မဂ်တို့၏အစွမ်းအားဖြင့် ကိလေသာတို့ ငြိမ်းအေးပြီးသည်၏အဆုံး၌ ဖြစ်ပေါ်လာရသောကြောင့် ဖိုလ်ဉာဏ်လေးပါး ကို ပဋိပ္ပဿဒ္ဓိဝိမုတ္တိလို့ ခေါ်ပါတယ်-တဲ့၊ ဖိုလ်ဉာဏ်လေးပါး။

၁။ ဥဒါန်း အဋ္ဌကထာ စာမျက်နှာ-၃၀။
၂။ သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ—၁၉။

နိဿရဏဝိမုတ္တိ နိဗ္ဗာန်ကိုတော့ နိဿရဏဝိမုတ္တိ-လို့ ခေါ်တယ်၊ "နိဗ္ဗာနံ သဗ္ဗကိလေသေဟိ နိဿဋတ္တာ အပဂတတ္တာ ဒူရေ ဌိတတ္တာ နိဿရဏဝိမုတ္တီတိ သဉ္ဉံ ဂစ္ဆတိ။"

နိဗ္ဗာန်သည် ကိလေသာတို့မှ ဝေးသည်ဖြစ်သောကြောင့်, အထူးထူးသော ကိလေသာတို့မှ ကင်းသည်ဖြစ်သောကြောင့် နိဗ္ဗာန်ကို နိဿရဏဝိမုတ္တိ-လို့ ခေါ်တယ်၊ ဒါ-ဝိမုတ္တိငါးမျိုး။

ဝိမုတ္တိ-လွတ်တယ်ဆိုတာ ဘာကလွတ်သလဲ၊ ဘာလွတ်တာလဲ၊ စိတ်သည် အခုပြောခဲ့တဲ့ ကိလေသာတို့က နေပြီးတော့ ငါးမျိုးသော အခြင်းအရာအားဖြင့် လွတ်မြောက်ရှုနေခြင်းကို စေတောဝိမုတ္တိ၊ စိတ်က ကိလေသာတို့မှ လွတ်မြောက်ပုံအဆင့် ငါးဆင့်ရှိတယ်။

အဲဒီငါးဆင့်မှာ ဘုန်းကြီးတို့ပရိသတ်က ဒါနကုသိုလ်ပြုနေနိုင်ယင်, သီလကုသိုလ်လောက်သာ ဆောက်တည်နေနိုင်ယင် တဒင်္ဂဝိမုတ္တိကိုတော့ဖြင့် ရနေကြမှာဘဲ၊ ဝိပဿနာနဲ့ ရှုပွားနေမယ်ဆိုယင်လဲ တဒင်္ဂဝိမုတ္တိလောက်တော့ ရနေမှာဘဲ၊ သမာပတ်ကိုမျှား ဝင်စားနေနိုင်မယ်ဆိုယင်တော့ ဝိက္ခမ္ဘနဝိမုတ္တိကို ရမှာဘဲ၊ မဂ်ဉာဏ်ကိုရမှ သမုစ္ဆေဒဝိမုတ္တိကို ရမယ်။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား,အမျိုးကောင်းသမီးများက ဘယ်လိုစဉ်းစားကြည့်ရမလဲ-အခုငါတို့သည် စိတ်၏ ကိလေသာတို့မှ လွတ်လပ်ရေးရတဲ့ အဆင့်ဘယ်နှစ်ဆင့်လောက်များရနေသလဲ၊ အဆင့်က ငါးဆင့်ရှိတယ်၊ ဘယ်နှစ်ဆင့်လောက်ရသလဲ၊ တဒင်္ဂဝိမုတ္တိအဆင့်က တိုးမတက်သေးဘူးထင်တယ်၊ မဂ်ဉာဏ်မရသေးသမျှ သမုစ္ဆေဒဝိမုတ္တိအဆင့်ကို မရောက်သေးဘူး၊ ဒီတော့ မဂ်ဉာဏ်ရအောင် ကိုယ်ကကြိုးစားပြီးတော့ အားထုတ်ပေးရမယ်။

အဲဒီလိုဝိမုတ္တိငါးမျိုးရှိရာမှာ ဝိမုတ္တိ-လွတ်တယ်ဆိုတာ ဘယ်သူလွတ်သလဲ၊ ကိုယ်လွတ်သလားဆိုတော့ မဟုတ်ဘူးတဲ့-စိတ်ကလွတ်တာ၊ ဘယ်ကလွတ်သလဲ-ကိလေသာက လွတ်တယ်၊ "စေတသော ကိလေသေဟိ ဝိမုတ္တိယာ"။ ကိလေသေဟိ၊ ကိလေသာတို့မှ။ စေတသော၊ စိတ်၏။ ဝိမုတ္တိယာ၊ လွတ်ခြင်း။ ကိလေသာတို့မှ စိတ်၏ လွတ်မြောက်ခြင်း။ ဒါ—စေတောဝိမုတ္တိ။

စေတောဝိမုတ္တိ ၄-မျိုး အဲဒီ စေတောဝိမုတ္တိကို ပဏ္ဏာသ ပါဠိတော်မှာ အရှင်သာရိပုတ္တရာ နှင့် အရှင်မဟာ ကောဋ္ဌိကတို့ အမေးအဖြေလုပ်ထားတာကြည့်တော့ တော်တော်ကို ခက်ခက်ခဲခဲ နက်နက်နဲနဲ မေးဖြေထားတာ ရှိသေးတယ်၊ ဒီ စေတောဝိမုတ္တိတွေက တော်တော်

ခပ်များများရှိတယ်၊ ဘယ်လိုလဲဆိုတော့ ပဌမ အကြမ်းစား မှတ်ထားရမှာက— (၁) အပ္ပမာဏာ စေတောဝိမုတ္တိ၊ (၂) အာကိဉ္စညာ စေတော ဝိမုတ္တိ၊ (၃) သုညတာစေတော ဝိမုတ္တိ၊ (၄) အနိမိတ္တာ စေတောဝိမုတ္တိ–လို့ လေးမျိုး ပြတယ်။

အခု မြတ်စွာဘုရားဟောနေတဲ့ မေဃိယသုတ္တန်မှာ ဟောမဲ့ စေတောဝိမုတ္တိက ဘယ်စေတောဝိမုတ္တိကို ပြောနေတာလဲ ဆိုတာကို ဒီစေတော ဝိမုတ္တိတွေ အထဲက ထုတ်ပေးရမယ်၊ ဒီတော့ယင် အရှင်ကောဋ္ဌိက–က အရှင်သာရိပုတ္တာရာကို ဘာ မေးသလဲလို့ ဆိုတော့—

> ယာ စာယံ အာဝုသော အပ္ပမာဏာ စေတောဝိမုတ္တိ ယာစ အာကိဉ္စညာ စေတောဝိမုတ္တိ ယာစ သုညတာစေတောဝိမုတ္တိ ယာစ အနိမိတ္တာစေတောဝိမုတ္တိ၊ဣမေ ဓမ္မာ နာနတ္ထာစေဝ နာနာဗျဉ္ဇနာစ၊ ဥဒါဟု ဧကတ္ထာ ဗျဉ္ဇနမေဝ နာနန္တိ။ [၁]

အဓိပ္ပါယ်က—ငါ့ရှင်သာရိပုတ္တရာ....အခုပြောခဲ့တဲ့ စေတော ဝိမုတ္တိလေးမျိုး ဟာ အနက် အဓိပ္ပါယ်၊ သဒ္ဒါအနေအားဖြင့် ထူးခြားသလား၊ သို့မဟုတ်– အနက်အဓိပ္ပါယ်တူပြီးတော့ သဒ္ဒါအနေအားဖြင့်သာ ထူးခြားသလား–လို့ ဒီလိုမေးတယ်၊ ဒီတော့ အရှင်သာရိပုတ္တာရာက ဒီအချက်ကို ဘယ့်နှယ်ပြန်ဖြေ သလဲဆိုတော့—

> ယာစာယံ အာဝုသော အပ္ပမာဏာ စေတောဝိမုတ္တိ ယာစ အာကိဉ္စညာစေတောဝိမုတ္တိ ယာစ သုညတာစေတောဝိမုတ္တိ ယာစ အနိမိတ္တာစေတောဝိမုတ္တိ၊ အတ္ထိ ခေါ အာဝုသော ပရိယာယော၊ ယံ ပရိယာယံအာဂမ္မ ဣမေ ဓမ္မာ နာနတ္ထာ စေဝ နာနာဗျဉ္ဇနာစ။ အတ္ထိ စ ခေါ အာဝုသော ပရိယာယော၊ ယံ ပရိယာယံ အာဂမ္မ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။ [၁]

စေတောဝိမုတ္တိလေးမျိုး တူပုံနှင့်ထူးပုံ

အကြောင်းနှစ်မျိုးရှိတယ်–တဲ့၊ သဒ္ဒါထူးခြားတယ်၊ အနက်ထူးခြားတယ်ဆိုတာအကြောင်းနှစ်ခုရှိတယ်၊ ဒီ အကြောင်းကိုအစွဲပြုပြီးတော့ ဒီ စေတောဝိမုတ္တိတရား လေးမျိုးဟာ အနက်လည်းထူးတယ်၊ သဒ္ဒါလည်းထူးတယ်၊ နောက်တခါ အကြောင်းတမျိုးကိုစွဲပြီးတော့ အနက်တူတယ်၊ သဒ္ဒါသာထူးတယ်လို့ ဆိုတဲ့

၁။ မူလပဏ္ဏာသပါဠိတော် မဟာဝေဒလ္လသုတ် စာမျက်နှာ–၃၇၁။

အကြောင်းလည်းရှိတယ်၊ နို-ဒါဖြင့် ဘာလဲ-အဲဒီ အကြောင်းက၊ ဒီ စေတော ဝိမုတ္တိတို့ရဲ့ ထူးခြားချက်၊ အနက်လည်းထူးတယ်, သဒ္ဒါလည်းထူးတယ် ဆိုတာ ဘယ်လိုလဲ—

ဣဓာဝုသော ဘိက္ခု မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓ မဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဈေန ဖရိတွာ ဝိဟရတိ။ (ကရုဏာ မုဒိတာ ဥပေက္ခာ ၎င်းနည်းဘဲ) အယံ ဝုစ္စတာဝုသော အပ္ပမာဏာ စေတောဝိမုတ္တိ။

အပ္ပမာဏာစေတောဝိမုတ္တိ အပ္ပမာဏာစေတောဝိမုတ္တိကို ပြောတာ၊ ဘာလဲ တဲ့—အပ္ပမာဏာစေတောဝိမုတ္တိလို့ ဆိုတာ—

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧကံ ဒိသံ၊ တခုသော အရပ်မျက်နှာအဖို့ကို။ ဖရိတွာ၊ ဖြန့်၍။ ဝိဟရတိ၊ နေ၏။ ဒုတိယံ၊ နှစ်ခုမြောက်သော အရပ်မျက်နှာအဖို့ကို။ တထာ၊ ထို့အတူ။ တတိယံ၊ သုံးခုမြောက်သောအရပ်မျက်နှာအဖို့ကို။ တထာ၊ ထို့အတူ။ စတုတ္ထံ၊ လေးခုမြောက်သော အရပ်မျက်နှာအဖို့ကို။ တထာ၊ ထို့အတူ။

ဣတိ၊ ဤသို့။ ဥဒ္ဓံ၊ အထက်အရပ်၌၎င်း။ အဓော၊ အောက်အရပ်၌၎င်း။ တိရိယံ၊ ဖီလာအရပ်၌၎င်း။ သဗ္ဗဓိ၊ အလုံးစုံသော အရပ်မျက်နှာတို့၌။ သဗ္ဗတ္တတာယ၊ အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်နှင့်ထပ်တူ သိသည်၏ အဖြစ်ဖြင့်။ သဗ္ဗာဝန္တံ၊ အလုံးစုံသော သတ္တဝါရှိသော။ လောကံ၊ သတ္တလောကကို။ ဝိပုလေန၊ ပြန့်ပြောသော။ မဟဂ္ဂတေန၊ မြတ်လှစွာသော။ အပ္ပမာဏေန၊ အတိုင်းအရှည်မရှိသော။ အဝေရေန၊ ရန်မရှိသော။ အဗျာ-ပဇ္ဈေန၊ ဆင်းရဲခြင်းမရှိသော။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ ဖြန့်၍နေ၏။ အာဝုသော၊ ငါ့ရှင် ကောဋ္ဌိက။ အယံ၊ ဤသည်ကို။ အပ္ပမာဏာစေတောဝိမုတ္တိ၊ အပ္ပမာဏာ-စေတောဝိမုတ္တိဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

အဲဒီလို အလုံးစုံသော အရပ်မျက်နှာအဖို့မှာ သတ္တဝါတွေကို အပိုင်းအခြား အကန့်အသတ်မရှိ မိမိနှင့်ထပ်တူထားပြီးတော့ မေတ္တာစိတ် ဖြန့်၍နေခြင်းကို

အပ္ပမာဏာစေတော ဝိမုတ္တိလို့ ခေါ်ပါတယ်-တဲ့၊ ဒါ သဒ္ဒါထူး၊ အနက်ထူး၊ အမိပ္ပါယ်ကတော့ မေတ္တာစျာန်ကို ဝင်စားနေခြင်းသည် အပ္ပမာဏာ စေတော ဝိမုတ္တိ ဘဲ-တဲ့။

ကတမာစာဝုသော အာကိဉ္စညာစေတော ဝိမုတ္တိ။ ဣဓာဝုသော ဘိက္ခု သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ "နတ္ထိ ကိဉ္စိ"တိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတာဝုသော အာကိဉ္စညာစေတောဝိမုတ္တိ။

အာကိဉ္စညာစေတောဝိမုတ္တိ သမထတရားတွေကို အားထုတ်ပြီးတော့ ရူပစျာန် လွန်ပြီး အရူပစျာန် ရောက်သွားတယ်၊ အဲဒါ စိတ်ပိုင်းထဲမှာ အာကိဉ္စညာယတနစျာန်စိတ်ဆိုတာ ရှိတယ်၊ အဲဒီ အာကိဉ္စညာယတနစျာန်စိတ်ရဲ့ အာရုံက ဘယ်လိုလဲ- "နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ" အာရုံ ဟူသရွေ့ စိုးစဉ်းမျှမရှိတော့ဘူးလို့ အဲဒီလို ရှုနေတဲ့ သမာပတ်ကို အာကိဉ္စညာယတနသမာပတ်-လို့ ခေါ်တယ်၊ အဲဒီ အာကိဉ္စညာယတနသမာပတ်ဟာလဲဘဲ အာရုံဟူသော ကြောင့်ကြခြင်းမှ လွတ်မြောက်နေသည် ဖြစ်သောကြောင့် သူ့ကို အာကိဉ္စညာစေတောဝိမုတ္တိ-လို့ ခေါ်တယ်။

သုညတာစေတောဝိမုတ္တိက ဘာလဲ—

ဣဓာဝုသော ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ "သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ" တိ။အယံ ဝုစ္စတာဝုသော သုညတာစေတောဝိမုတ္တိ။

သုညတာစေတောဝိမုတ္တိ အာဝုသော၊ ငါ့ရှင်။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ တော အရပ်သို့ ကပ်သည်ဖြစ်၍ငင်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်သည် ဖြစ်၍ငင်း။ သုညာဂါရဂတော ဝါ၊ ဆိပ်ငြိမ်ရာသို့ကပ်သည် ဖြစ်၍ငင်း။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်သုံးသပ်၏။ (ဘယ့်နှယ်ဆင်ခြင်သလဲ) ဣဒံ၊ ဤခန္ဓာ ငါးပါး ရုပ်နာမ်တရားသည်။ အတ္တေန ဝါ၊ ငါဆိုတဲ့ သဘောမှငင်း။ အတ္တေန ဝါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ ဆိုတဲ့သဘောမှငင်း။ အတ္တနိယေန ဝါ၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာဆိုတဲ့ အနေမှငင်း။ သုညတာ၊ ဆိတ်သုဉ်း၏။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ရှု၏။ အယံ၊ ဤသို့ရှုဆင်ခြင်ခြင်းကို။ သုညတာစေတော ဝိမုတ္တိ၊ သုညာတာစေတောဝိမုတ္တိဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဝိပဿနာရှုပြီး ထွက်လေ့ဝင်လေရှုတယ်၊ ထွက်လေ့ဝင်လေရှုနေတဲ့အခါမှာ ထွက်လေထဲလည်း ငါမပါဘူး၊ ဝင်လေထဲလည်း ငါမပါဘူး၊ ထွက်လေ့ဝင်လေကိုရှုယင် ငါနဲ့လည်းမတူဘူး၊ ငါနဲ့မတူသည်ဖြစ်သောကြောင့် ငါလည်းမဟုတ်ဘူး၊ အဲဒါ အတ္တဆိတ်သုဉ်းနေတာ၊ ငါမရှိယင် ငါ့ဥစ္စာဘယ်မှာရှိမလဲ၊ အဲဒါ အတ္တနိယဆိတ်သုဉ်းသွားတယ်၊ အဲဒီလို အတ္တ့အတ္တနိယဆိတ်သုဉ်းအောင် ဝိပဿနာရှုနေတာကို သုညတာစေတောဝိမုတ္တိ-လို့ခေါ်တယ်။

အခုပြောခဲ့တဲ့ ဝိမုတ္တိတွေဟာ ဝိမုတ္တိပရိပါစနီယတရားနဲ့ တွက်ကြည့်ယင် ဒီ ဝိမုတ္တိတွေသာ မဟုတ်သေးဘူး၊ ကျမ်းဂန်မှာ ဝိမုတ္တိအမျိုးမျိုးရှိနေလို့သာ ဘုန်းကြီးထုတ်ပြီးတော့ ဒါတွေဟောပေးနေရတာ။

အနိမိတ္တာစေတောဝိမုတ္တိ၊ ဘာတဲ့လဲ-အနိမိတ္တာစေတောဝိမုတ္တိဆိုတာ—

> ဣဓာဝုသော ဘိက္ခု သဗ္ဗနိမိတ္တာနံ အမနသိကာရာ အနိမိတ္တံ စေတောသမာဓိံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတာဝုသော အနိမိတ္တာစေတောဝိမုတ္တိ။

အနိမိတ္တာစေတောဝိမုတ္တိ အနိမိတ္တာစေတောဝိမုတ္တိ-ဆိုတာ သင်္ခါရနိမိတ်မရှိတာ၊ သင်္ခါရဟူသော အမှတ်အသား မရှိတာ၊ ရုပ်သင်္ခါရ့ နာမ်သင်္ခါရ အမှတ်အသားမရှိတာ၊ သဗ္ဗနိမိတ္တာနံ၊ အလုံးစုံသော နိမိတ်တို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ အနိမိတ္တံစေတောသမာဓိံ၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိသို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊နေ၏။ အယံ၊ ဤအရဟတ္တဖိုလ်နှင့်ယှဉ်သောသမာဓိသို့ ကပ်ရောက်၍ နေခြင်းကို။ အနိမိတ္တာစေတောဝိမုတ္တိ၊ အနိမိတ္တာစေတောဝိမုတ္တိဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဒါ အနိမိတ္တာစေတောဝိမုတ္တိ၊ အခု မြတ်စွာဘုရား ဥဒါန်းပါဠိတော်မှာ ဟောမဲ့ "အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ"ဆိုတဲ့ စေတောဝိမုတ္တိသည် အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိ-အနိမိတ္တသမာဓိကို စေတောဝိမုတ္တိ၊ အရဟတ္တဖိုလ်နှင့်ယှဉ်တဲ့ သမာဓိ၏ကိလေသာမှ လွတ်မြောက်ခြင်းသည် စေတောဝိမုတ္တိ။

တရားငါးမျိုးပွားများလျှင် စေတောဝိမုတ္တိအကျိုးရခြင်း ဒီ စေတောဝိမုတ္တိ မရင့်ကျက်သေး တာကို ရင့်ကျက်အောင် လုပ်ရမဲ့တရားကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတာရှိပါသေးတယ်-စေတောဝိမုတ္တိဖလသုတ္တန်ဆိုတာ၊ဒီ စေတောဝိမုတ္တိဖလကို လိုချင်ယင် ဘာတရားတွေပွားရမလဲဆိုတော့ အင်္ဂုတ္တိုရ်ပါဠိတော်က—

ပဥ္စမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ စေတောဝိမုတ္တိ ဖလာဝဟ ဟောန္တိ။[၁]

ချစ်သားတို့....ဤတရားငါးမျိုးကို ချစ်သားတို့က ပွားများယင် စေတော ဝိမုတ္တိအကျိုးကိုရမယ်တဲ့၊ ကတမေ ပဉ္စ၊ တရားငါးမျိုးက ဘာလဲ—

(၁) ဣဓ ဘိက္ခဝေ ဘိက္ခု အသုဘာနုပဿီ ကာယေဝိဟရတိ။ (အသုဘကို နှလုံးသွင်းရမယ်)

(၂) အာဟာရေ ပဋိကူလသညီ၊ စားသောက်ရသော အာဟာရ၌ ပဋိကူလစက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်သညာ ရှိရမယ်။

(၃) သဗ္ဗလောကေ အနဘိရတိသညီ၊ အလုံးစုံသော တေဘုမ္မိက သင်္ခါရ လောကကြီးထဲမှာ စွဲလမ်းခြင်း, နှစ်သက်ခြင်းဆိုတဲ့ သဘော တရားကို မကြည့်ဘဲနဲ့ သဗ္ဗလောကေ အနဘိရတိသညာ ရှိရမယ်၊ အဲဒီ သဗ္ဗလောကေ အနဘိရတိသညာကိုတော့ဖြင့် ဘုန်းကြီး ဂိရိမာနန္ဒသုတ္တန်မှာ အကျယ်ဟောထားတာရှိတယ်၊ ခန္ဓာငါးပါးကို စွဲလမ်းနှစ်သက်တတ်တဲ့ ဒိဋ္ဌိ, တဏှာခေါ်တဲ့ ဉပါဒါန် တရားတွေကို ပယ်နုတ်ပစ်ခြင်းကို ပွားများနေခြင်းကို သဗ္ဗလောကေအနဘိရတိ သညီ–လို့ ခေါ်ပါတယ်။

(၄) သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီ၊ အလုံးစုံသော သင်္ခါရတရားတို့ကို အနိစ္စလို့ ရှုပွားပြီးတော့ နေရတယ်။

(၅) မရဏသညာ ခေါ ပနဿ အဇ္ဈတ္တံ ဉပဋ္ဌိတံ ဟောတိ၊ မိမိအဇ္ဈတ္တ မှာ မရဏသညာ ရှိရမယ်၊ ဒီ တရားငါးမျိုးကို ပွားယင် စေတော ဝိမုတ္တိဖလဖြစ်မယ်၊ စေတောဝိမုတ္တိတရားကို ရမယ်၊ ဒါ အင်္ဂုတ္တိုရ် ပါဠိတော်။

တနည်း–စေတော ဝိမုတ္တိအကျိုး ဟာသုတ်ရှိသေးတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ စေတော ဝိမုတ္တိဖလသုတ်လို့ တသုတ်ရှိ သေး တယ်၊ သူက ဘာလဲ—

ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ စေတောဝိမုတ္တိ ဖလာဝဟဟောန္တိ စေတောဝိမုတ္တိ ဖလာနိသံသာဝ။ ကတမေ ပဉ္စ၊ အနိစ္စသညာ အနိစ္စေ ဒုက္ခသညာ ဒုက္ခေအနတ္တသညာ ပဟာနသညာ

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် ၈၁မျက်နှာ–၇၄။

ဝိရာဂသညာ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ ဘာဝိတာ ဗဟုလီ-
ကတာ စေတောဝိမုတ္တိဖလာ စ ဟောန္တိ စေတောဝိမုတ္တိ ဖလာ-
နိသံသာစ။[၁]

ချစ်သားတို့....စေတောဝိမုတ္တိဖြစ်ချင်ယင်တဲ့ အနိစ္စသညာကို ပွားပါ၊ ဒုက္ခသညာကို ပွားပါ၊ အနတ္တသညာကို ပွားပါ။

ပဟာနသညာ ပဟာနသညာဆိုတာ ဘာလဲ–“ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ”လို့ ငါ့မှာဖြစ်နေတဲ့ ကာမဝိတက်တွေကို လက်မခံဘူး ပယ်ထားတယ်ဆိုတာ ပဟာနသညာ၊ နောက်ကဟောခဲ့တဲ့ ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေကို ပယ်ပစ်တာ ပဟာနသညာ။

ဝိရာဂသညာ ဘာလဲ ဝိရာဂသညာဆိုတာ– “ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပ္ပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိဗ္ဗာနန္တိ”[၂] အစ္စန္တဝိရာဂတည်းဟူသော နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ပွားများနေတာကို ဝိရာဂသညာလို့ အကျဉ်းချုပ် အဲဒီလိုမှတ်ထား။

အဲဒီ တရားငါးမျိုးဟာလဲဘဲ စေတောဝိမုတ္တိဖလကို ဖြစ်စေနိုင်တဲ့ စေတောဝိမုတ္တိ–စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်း အဆင့်ငါးခုကို ရနိုင်တဲ့ တရားငါးမျိုးဘဲ၊ စေတောဝိမုတ္တိဖြစ်အောင် လုပ်တဲ့တရားငါးမျိုး၊ အဲဒီ စေတောဝိမုတ္တိတွေထဲမှာ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကြည့်—

တတ္ထ ဝိမုတ္တိပရိပါစနီယေဟိ ဓမ္မေဟိ အာသယေ ပရိပါစိတေ
ပဗောဓိတေ ဝိပဿနာယ မဂ္ဂဂတ္တံ ဂဏှန္တိယာ ပရိပါကံ ဂစ္ဆန္တိယာ
စေတောဝိမုတ္တိ ပရိပက္ကာနာမ ဟောတိ။[၃]

တတ္ထ၊ ထိုစေတောဝိမုတ္တိပရိပက္ကဆိုတဲ့တရား၌၊ စေတောဝိမုတ္တိရင့်ကျက်တယ်ဆိုတဲ့တရား၌။ ဝိမုတ္တိပရိပါစနီယေဟိ၊ စေတောဝိမုတ္တိတရားကို ရင့်ကျက်စေနိုင်ကုန်သော။ ဓမ္မေဟိ၊ တရားတို့သည်။ အာသယေ၊ ဝိပဿနာစိတ်ဟုဆိုအပ်သော နှလုံးအလိုကို။ ပရိပါစိတေ၊ ရင့်ကျက်စေအပ်သည် ရှိသော်။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် စာမျက်နှာ-၇၅။
၂။ အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် စာမျက်နှာ-၃၄၄။
၃။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ—၁၉၉။

ပဗောဓိတော၊ နိုးကြားစေအပ်သည် ရှိသော်။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်သည်။ မဂ္ဂဂတ္တံ၊ မဂ်တည်းဟူသော ကိုယ်ဝန်ကို။ ဂဏှန္တိယာ၊ ယူသည်ရှိသော်။ ပရိပါကံ၊ ရင့်ကျက်ခြင်းဆိုတဲ့ဝိပဿနာအထွဋ်အထိပ်သို့။ ဂစ္ဆန္တိယာ၊ ရောက်သည်ရှိသော်။အယံ၊ ဤသို့ရောက်ခြင်းသည်။ စေတောဝိမုတ္တိပရိပက္ကာနာမ၊ စေတောဝိမုတ္တိပရိပက္ကမည်သည်။ ဟောတိ၊ ဖြစ်၏။

စေတော ဝိမုတ္တိပရိပါကဆိုတာ ဝိမုတ္တိပရိပါစနီယတရားတို့ဖြင့် ဝိပဿနာရှုနေတဲ့စိတ်သည်ရင့်ကျက်ခြင်းသို့ရောက်သည်ဖြစ်သောကြောင့် မဂ်တည်းဟူသော ကိုယ်ဝန်ကို ယူလိုက်တဲ့အခါမှာ ဝိပဿနာဉာဏ်ရင့်ကျက်လို့ မဂ်ဉာဏ် အထွဋ်အထိပ်သို့ ရောက်တော့မယ်ဆိုယင် အဲဒါ–စေတောဝိမုတ္တိပရိပါက ဖြစ်ပါတယ်–တဲ့။

ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးပါး ဒါဖြင့် “ဝိမုတ္တိပရိပါစနီယေဟိ ဓမ္မေဟိ” လို့ ဆိုတော့ ဝိမုတ္တိပရိပါစနီယတရားတွေက ဘာတွေလဲ၊ ဝိပဿနာဉာဏ်ကို၊ မဂ်ဉာဏ်ကို၊ ဝိမုတ္တိကို ရင့်ကျက်အောင် လုပ်တဲ့တရားတွေက ဘယ်သူတွေလဲ–ဝိမုတ္တိပရိပါစနီယတရားတွေ။

ကတမေ ပန ဝိမုတ္တိပရိပါစနီယာ ဓမ္မာ။

ဝိမုတ္တိပရိပါစနီယာ၊ ဝိမုတ္တိကိုရင့်ကျက်စေတတ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ ပန၊ အဘယ်သည်တို့နည်း။ စာစောပိုင်းက ဟောခဲ့တဲ့ ဝိမုတ္တိတရားတွေကို ရင့်ကျက်အောင် လုပ်နိုင်တဲ့ တရားတွေဟာ ဘယ်တရားတွေလဲ၊ ဘယ်နှစ်မျိုးရှိသလဲ ဆိုတော့–

သဒ္ဓိန္ဒြိယာဒီနံ ဝိသုဒ္ဓိကရဏဝသေန ပန္နရသဓမ္မာ ဝေဒိတဗ္ဗာ။

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးကို ရင့်ကျက်အောင်လုပ်နိုင်တဲ့ စင်ကြယ်စေတတ်တဲ့ တရားတဆယ့်ငါးမျိုးကို သိရမယ်–တဲ့၊ အဲဒီ တရားတဆယ့်ငါးမျိုးသည် ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးမျိုးဖြစ်တယ်၊ ဒီတရားတဆယ့်ငါးမျိုးက ဘာလဲ–အဲဒါကို ဘုန်းကြီးတို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကယူပြီးတော့ ဟောပေးရမယ်၊ ဘာတဲ့လဲ–

သဒ္ဓိန္ဒြေစင်ကြယ်ခြင်းရဲ့ အကြောင်းသုံးပါး၊
ဝီရိယိန္ဒြေစင်ကြယ်ခြင်းရဲ့ အကြောင်းသုံးပါး၊
သတိန္ဒြေစင်ကြယ်ခြင်းရဲ့ အကြောင်းသုံးပါး၊

သမာဓိန္ဒြေစင်ကြယ်ခြင်းရဲ့ အကြောင်းသုံးပါး၊
ပညိန္ဒြေစင်ကြယ်ခြင်းရဲ့ အကြောင်းသုံးပါး၊
ပေါင်းတော့ ဘယ်နှစ်ပါးလဲ– (တဆယ့်ငါးပါးပါဘုရား) အဲဒီ– တဆယ့်ငါးပါးသည် ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးပါးဘဲ။

သဒ္ဓိန္ဒြေစင်ကြယ်ခြင်း အကြောင်းသုံးပါး ဒါဖြင့် သဒ္ဓိန္ဒြေစင်ကြယ်ခြင်းရဲ့ အကြောင်းသုံးပါးက ဘာတွေလဲဆိုတော့ ပါဠိတော်က–အဿဒ္ဓေ ပုဂ္ဂလေ ပရိဝဇ္ဇယတော သဒ္ဓေ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော ပသာဒနီယေ သုတ္တန္တေ ပစ္စဝေက္ခတော ဣမေဟိ တီဟာကာရေဟိ သဒ္ဓိန္ဒြိယံ ဝိသုဇ္ဈတိ။[၁]

သဒ္ဓါတရားမရှိသေးယင် သဒ္ဓါတရားရှိအောင် လုပ်တဲ့နည်း၊ သဒ္ဓါတရားရှိယင် ဒီ သဒ္ဓါတရားကို စင်ကြယ်သန့်ရှင်းအောင် လုပ်တဲ့နည်း၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများမှာ ဒါန ပြုဘို့ရန်, သီလ ဆောက်တည်ဘို့ရန်, ဘာဝနာပွားများဘို့ရန်, ကံ–ကံ၏ အကျိုးကို ယုံကြည်ဘို့ရန်အတွက် သဒ္ဓါတရားမရှိသေးယင် ရှိအောင်လုပ်တဲ့နည်း၊ ဘယ့်နှယ်ပြောပါလိမ့်ဘုရား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာလူမျိုးတွေ သဒ္ဓါတရားရှိပါတယ်၊ လှူဘို့ တန်းဘို့, သီလဆောက်တည်ဘို့, ဘာဝနာပွားဘို့ ကံ–ကံ၏အကျိုးကို ယုံကြည်ချက် တပည့်တော်တို့မှာ ရှိပါတယ်၊ အဲဒီယုံကြည်ချက်ဖြစ်တဲ့ သဒ္ဓါတရားကို စင်ကြယ်အောင်လုပ်တဲ့နည်း ဘယ်နှစ်နည်းရှိသလဲ၊ (သုံးနည်းပါဘုရား) အဲဒါက ဘာလဲ–

ကံ, ကံ၏အကျိုးကို မယုံသူသည် နတ္ထိကဒိဋ္ဌိ (၁) အဿဒ္ဓေ ပုဂ္ဂလေ၊ သဒ္ဓါတရား မရှိကုန်သော ပုဂ္ဂိုလ်တို့ကို။ ပရိဝဇ္ဇယတော၊ ရှောင်ကြဉ်ခြင်းဖြင့်။ ကံ, ကံ၏အကျိုးကို မယုံကြည်တဲ့လူ, ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကိုမယုံကြည်တဲ့လူ, ဒီဘဝနဲ့ တမလွန်လောကကို မယုံကြည်တဲ့လူ အဲဒါအသဒ္ဓယပုဂ္ဂိုလ်လို့ ခေါ်တယ်၊ အဲ–သူကဘာတွေကိုမယုံကြည်သလဲ ဆိုတော့အဲ-လူ့ပြည်တော့ရှိတာဟုတ်တယ်၊ငရဲရှိတယ်ဆိုတာကျတော့ယုံသလား၊ (မယုံပါဘူးဘုရား) ဘာဖြစ်လို့လဲဆိုတော့ မြင်မှ မမြင်ရဘဲကို ဟုတ်လား၊ နတ်ပြည်ရှိတယ်ဆိုတာကော ယုံသလား၊ (မယုံပါဘူးဘုရား) ဗြဟ္မာ့ပြည်ရှိတယ်ဆိုတာကော၊ (မယုံပါဘူးဘုရား) အဲဒီလို မယုံတာဘာလဲဆိုတော့– နတ္ထိကဒိဋ္ဌိအယူလို့ ခေါ်တယ်၊ "နတ္ထိ သတ္တာ ဩပပါတိကာ"။ ဩပပါတိကာ၊ ငရဲ, ပြိတ္တာ, နတ်ဗြဟ္မာခေါ်တဲ့ ဥပပတ်သတ္တဝါတို့သည်။ နတ္ထိ၊ မရှိကုန်။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ–၁၉၀။

အဲဒါကို အသဒ္ဓိယ ပုဂ္ဂိုလ်–လို့ ခေါ်တယ်၊ မယုံကြည်တဲ့ပုဂ္ဂိုလ်၊ ဒီလောက, တမလွန် လောကကို မယုံဘူး၊ "နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော"။ နတ္ထိ အယံ လောကောဆိုတာ တမလွန်လောကက သတ္တဝါတွေ စုတိစိတ်ကျပြီးတော့ ဒီလူ့ပြည်လောကမှာ လူတွေလာဖြစ်တယ်ဆိုတာကို မယုံဘူး၊ ဒီဘဝကလူတွေ စုတေပြီးတော့ ငရဲ–တိရစ္ဆာန်–ပြိတ္တာ–အသူရကာယ် အပါယ်လေးဘုံသို့ရင်း, အခြားလူ့ဘုံသို့ရင်း, နတ်ဘုံဗြဟ္မာ့ဘုံသို့ရင်း ရောက်တယ်ဆိုတာကို မယုံဘူး၊ အဲဒါ နတ္ထိပရောလောကော–လို့ခေါ်တယ်။

ယုံကြည်မှု–သဒ္ဓါတရား မရှိသူကိုရှောင် အဲဒီ "နတ္ထိ အယံ လောကော၊ နတ္ထိ ပရောလောကော၊ နတ္ထိ သတ္တာ ဩပပါတိကာ" ဆိုတဲ့ ဒီဘဝကို မယုံ, ဟိုဘဝကို မယုံ, ဥပပတ်သတ္တဝါတွေ ရှိတယ်ဆိုတာကို မယုံဘူး။ "နတ္ထိ လောကေ သမဏဗြာဟ္မဏာ။ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"။[၁]

လောကမှာ ရဟန္တာပုဂ္ဂိုလ်တွေ ရှိတယ်ဆိုတာကို မယုံဘူး၊ အဲဒါကို ဘာပုဂ္ဂိုလ်လို့ခေါ်သလဲ–အသဒ္ဓိယပုဂ္ဂိုလ်လို့ခေါ်တယ်၊ သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကို မမှီဝဲရဘူး၊ ရှောင်ကြဉ်ရမယ်တဲ့။

သဒ္ဓါတရားရှိသူကိုမှီဝဲ (၂) "သဒ္ဓေ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော"– သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ် ယုံကြည်ချက်ရှိတဲ့ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ပေါင်းသင်းရခြင်းငှာ၊ ကံ,ကံ၏အကျိုးနဲ့ ရတနာသုံးပါးရဲ့ဂုဏ်နဲ့ ဤလောက, တမလွန်လောက ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကို ယုံကြည်တဲ့ပုဂ္ဂိုလ်တွေကို မှီဝဲဆည်းကပ်ရမယ်တဲ့။

ကြည်ညိုဘွယ်သုတ္တန်ကို လေ့လာဆင်ခြင် (၃) "ပသာဒနီယေ သုတ္တန္တေ ပစ္စဝေက္ခတော"။[၂] ပသာဒနီယေ သုတ္တန္တေ၊ ကြည်ညိုဘွယ်ကောင်းသော သုတ္တန်တို့ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်၍ပေးခြင်းငှာ။ ဣမေဟိတီဟာကာရေဟိ၊ ဤသုံးပါးသောအခြင်းအရာတို့ဖြင့်။ သဒ္ဓိန္ဒြိယံ၊ မိမိမှာရှိနေတဲ့ သဒ္ဓိန္ဒြေသည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။ ဒါ–ဝိမုတ္တိ ပရိပါစနီယတရား၊ သဒ္ဓိန္ဒြေနဲ့ပတ်သက်လို့ သုံးပါးပြီးသွားပြီ။

၁။ သီလက္ခန်ပါဠိတော် စာမျက်နှာ–၅၁-၅၂။

၂။ ကြည်ညိုဘွယ်ကို ဖြစ်စေတတ်သော ရတနာသုံးပါးတို့၏ ဂုဏ်တော်များနှင့် သက်ဆိုင်သောသုတ္တန်၊ ပသာဒဇနကေ ရတနတ္တယဂုဏပဋိသံယုတ္တေ သုတ္တန္တေ၊ ပဋိသံ၊ ၄၊ ၂။ စာမျက်နှာ–၁၃၂။

(၁) မဖြစ်သေးတဲ့ သဒ္ဓါတရားဖြစ်ချင်ယင်, ဖြစ်ပြီးသားသဒ္ဓါတရားတွေ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ဖြစ်စေချင်ယင် သဒ္ဓါတရား မရှိတဲ့ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

(၂) သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ကိုမှီဝဲခြင်း၊

(၃) ကြည်ညိုဖွယ်ကောင်းတဲ့ သုတ္တန်တွေကို ဆင်ခြင်လေ့လာ၍ပေးခြင်း–

ဆိုတဲ့ ဒီအင်္ဂါအခြင်းအရာသုံးပါးဖြင့် ကိုယ့်မှာရှိနေတဲ့ သဒ္ဓါတရားတွေ စင်ကြယ်သန့်ရှင်းနိုင်တယ်တဲ့။

ဝီရိယိန္ဒြေစင်ကြယ်ခြင်း အကြောင်းသုံးပါး နောက်တခု ဝီရိယိန္ဒြေ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ အကုသိုလ်တွေ ကိုပယ်ဘို့, ကုသိုလ်ဖြစ်ဘို့ရန်အတွက် လုံ့လဥဿာဟ တွေမရှိဘူးလား။ (ရှိပါတယ်ဘုရား) မရှိသေးယင် ရှိအောင်လုပ်ဘို့၊ ဒီလုံ့လ ဥဿာဟတွေရှိနေယင် လုံ့လဥဿာဟကို စင်ကြယ်အောင်, သန့်ရှင်းအောင်, တိုးတက်ကြီးပွားလာအောင် လုပ်ဘို့အတွက် တရားသုံးပါးရှိတယ်၊ အဲဒါက ဘာလဲ–

> ကုသီတေ ပုဂ္ဂလေ ပရိဝဇ္ဇယတော အာရဒ္ဓဝီရိယေ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော သမ္မပ္ပဓာနေ ပစ္စဝေက္ခတော ဣမေဟိ တီဟာကာရေဟိ ဝီရိယိန္ဒြိယံ ဝိသုဇ္ဈတိ။

ကုသီတေ ပုဂ္ဂလေ၊ ပျင်းရိသော ပုဂ္ဂိုလ်တို့ကို၊ ပရိဝဇ္ဇယတော၊ ရှောင်ကြဉ်ခြင်းငှင်း။ အာရဒ္ဓဝီရိယေ ပုဂ္ဂလေ၊ အားထုတ်အပ်သော ဝီရိယ ရှိသော ပုဂ္ဂိုလ်တို့ကို။ သေဝတော ဘဇတော ပယိရုပါသတော၊ မှီဝဲဆည်းကပ်ခြင်းငှင်း။ သမ္မပ္ပဓာနေ ပစ္စဝေက္ခတော၊ သမ္မပ္ပဓာန် လုံ့လဝီရိယကြောင့် မင်္ဂဉာဏ်, ဖိုလ်ဉာဏ် ရရှိနိုင်သောသုတ္တန်ကို ဆင်ခြင်ခြင်းငှင်း။[၁] ဣမေဟိ တီဟာကာရေဟိ ဝီရိယိန္ဒြိယံ ဝိသုဇ္ဈတိ၊ ဒီ အကြောင်းသုံးပါးကြောင့် မဖြစ်သေးတဲ့ ဝီရိယတွေ ဖြစ်လာမယ်၊ ဖြစ်ပြီးသား ဝီရိယတွေလဲ စင်ကြယ်သန့်ရှင်းလာမယ်၊ သုံးနည်း၊ ပြီးတော့ဘာလဲ–

၁။ (သမ္မပ္ပဓာန်ဟူသော) လေးပါးသော ပြုဘွယ်ကိစ္စကို ပြီးစေတတ်သော ဝီရိယနှင့်ပတ်သက်သောသုတ္တန်၊ စတုကိစ္စသာဓကဝီရိယပဋိသံယုတ္တော သုတ္တန္တေ။ပဋိသံ၊ ၄၊ ၂။ ၁၃၂။

သတိန္ဒြေစင်ကြယ်ခြင်း အကြောင်းသုံးပါး သတိန္ဒြေ—သတိ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာဝိပဿနာနဲ့ ယှဉ်နေတဲ့သတိ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) မရှိသေးယင် ရှိအောင် လုပ်ဘို့, ရှိပြီးသား သတိကလေးကို စင်ကြယ်သန့်ရှင်းဘို့ ဘယ့်နှယ်လုပ်ရမလဲ ဆိုတော့ ဝိသုဒ္ဓိ ပရိပါစနီယတရားက—

> မုဋ္ဌဿတိ ပုဂ္ဂလေ ပရိဝဇ္ဇယတော ဥပဋ္ဌိတဿတိ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော သတိပဋ္ဌာနေ ပစ္စဝေက္ခတော တဒဓိမုတ္တတာယ ယောဂါဝစရဿ... ဤ ...

မုဋ္ဌဿတိ ပုဂ္ဂလေ၊ သတိလွတ်သော ပုဂ္ဂိုလ်တို့ကို။ ပရိဝဇ္ဇယတော၊ ရှောင်ကြဉ်ခြင်းရင်း။ (သတိမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ရမယ်) ဥပဋ္ဌိတဿတိ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော၊ ထင်သောသတိရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ပေါင်းသင်းခြင်းရင်း။ သတိပဋ္ဌာနေ ပစ္စဝေက္ခတော၊ သတိပဋ္ဌာန် လေးပါးတို့၌ ကျေးဇူးများသောသုတ္တန်တို့ကို ဆင်ခြင်ခြင်းရင်း။[2] ဣမေဟိ တီဟာကာရေဟိ၊ ဤသုံးပါးသောအကြောင်းတို့ကြောင့်။ သတိန္ဒြိယံ၊ သတိန္ဒြေသည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။

(၁) သတိမရှိတဲ့ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

(၂) ထင်သောသတိရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊

(၃) သတိပဋ္ဌာန်တရားလေးပါးတို့ကို ဆင်ခြင်ခြင်း၊

ဤသုံးပါးသော အကြောင်းအင်္ဂါတို့ကြောင့် သတိန္ဒြေ စင်ကြယ်သန့်ရှင်း နိုင်တယ်—တဲ့။

သမာဓိန္ဒြေစင်ကြယ်ခြင်း အကြောင်းသုံးပါး ဘာတွေလုပ်ရမလဲ သမာဓိန္ဒြေက- "အသမာဟိတေ ပုဂ္ဂလေ ပရိဝဇ္ဇယတော သမာဟိတေ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော ဈာန-ဝိမောက္ခေ ပစ္စဝေက္ခတော ဣမေဟိ တီဟာကာရေဟိ သမာဓိန္ဒြိယံ ဝိသုဇ္ဈတိ"။

အသမာဟိတေပုဂ္ဂလေ၊ မတည်ကြည်သောပုဂ္ဂိုလ်တို့ကို။ ပရိဝဇ္ဇယတော၊ ရှောင်ကြဉ်ခြင်းရင်း။ သမာဟိတေပုဂ္ဂလေ၊ တည်ကြည်သော ပုဂ္ဂိုလ်တို့ကို။ သေဝတော ဘဇတော ပယိရုပါသတော၊ မှီဝဲဆည်းကပ် ပေါင်းသင်းဆက်ဆံ

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ—၁၉၈။

၂။ သတိပဋ္ဌာနာဓိကာရကေ သုတ္တန္တေ။ ပဋိသံ၊ ၄၊ ၂။ ၁၃၂။

ရခြင်းငှင်း။ ဈာနဝိမောက္ခေ၊ ဈာန်ဝိမောက္ခတရား၌။[၁] ပစ္စဝေက္ခတော၊ ဆင်ခြင်ခြင်းငှင်း။ ဣမေဟိ တီဟာကာရေဟိ၊ ဤသုံးပါးသော အကြောင်း တို့ကြောင့်။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေသည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။

ဒါ သမာဓိန္ဒြေ စင်ကြယ်ခြင်းရဲ့ အကြောင်း၊ ရှိနေတဲ့ သမာဓိကလေး စင်ကြယ်ဘို့။

(၁) သမာဓိမရှိတဲ့ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၂) သမာဓိရှိတဲ့ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊
(၃) ဈာန်ဝိမောက္ခတရားတို့ရဲ့ ကိလေသာမှ လွတ်လပ်ပုံကို ဆင်ခြင် နှလုံးသွင်း၍ပေးခြင်း—

ဆိုတဲ့ ဒီ သုံးမျိုးသော အခြင်းအရာတို့ဖြင့် ကိုယ့်မှာရှိတဲ့ သမာဓိစင်ကြယ် နိုင်တယ်။

ပညိန္ဒြေစင်ကြယ်ခြင်း အကြောင်းသုံးပါး ဒုပ္ပညေ ပုဂ္ဂလေ ပရိဝဇ္ဇယတော ပညဝန္တေ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော ဂမ္ဘီရဉာဏ စရိယံ ပစ္စဝေက္ခတော ဣမေဟိ တီဟာကာရေဟိ ပညိန္ဒြိယံ ဝိသုဇ္ဈတိ။

ဒုပ္ပညေ ပုဂ္ဂလေ၊ ဝိပဿနာအသိဉာဏ်ပညာ နည်းပါးကုန်သော ပုဂ္ဂိုလ် တို့ကို။ ပရိဝဇ္ဇယတော၊ ရှောင်ကြဉ်ခြင်းငှင်း။ (ဝိပဿနာဉာဏ်ပညာနဲ့ပတ်သက် လို့ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ရမယ်၊) ပည ဝန္တေ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော၊ ရုပ်နာမ်နှစ်ပါးတို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကို ခွဲခြမ်းဝေဘန်ပြီးတော့ သိနိုင်တဲ့ ပညာနဲ့ပြည့်စုံသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ပေါင်းသင်းခြင်းငှင်း။ ဂမ္ဘီရဉာဏစရိယံ ပစ္စဝေက္ခ တော၊ နက်နက်နဲနဲ ခက်ခက်ခဲခဲဖြစ်တဲ့ သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသော တရား တို့ကို ဆင်ခြင်၍ပေးခြင်းငှင်း။[၂] ဣမေဟိ တီဟာကာရေဟိ၊ ဤသုံးပါးသော အခြင်းအရာတို့ကြောင့်။ ပညိန္ဒြိယံ၊ ပညိန္ဒြေသည်။ ဝိသုဇ္ဈတိ၊ စင်ကြယ် နိုင်၏။

၁။ စတုတ္ထဈာန်, ဝိမောက္ခနှစ်ပါး, ဝိမောက္ခသုံးပါးတို့၌ ကျေးဇူးပြုတတ် သောသုတ္တန်။ စတုတ္ထဈာနအဋ္ဌဝိမောက္ခ တိဝိဓဝိမောက္ခာဓိကာရကေ သုတ္တန္တေ။

၂။ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် ၁၂–ပါးစသည်တို့နှင့် စပ်လျဉ်းသော သုတ္တန်။ စတုသစ္စပဋိစ္စသမုပ္ပါဒါဒိပဋိသံယုတ္တေ သုတ္တန္တေ။ ပဋိသံ၊ ၄၊ ၂။ ၁၃၂။

သဒ္ဓိန္ဒြေက သုံးပါး၊
ဝီရိယိန္ဒြေက သုံးပါး၊
သတိန္ဒြေက သုံးပါး၊
သမာဓိန္ဒြေက သုံးပါး၊
ပညိန္ဒြေက သုံးပါး၊
ပေါင်းတော့ဘယ်လောက်လဲ(၁၅-ပါးပါဘုရား)။

ဣတိ ဣမေ ပဉ္စပုဂ္ဂလေ ပရိဝဇ္ဇယတော ပဉ္စ ပုဂ္ဂလေ သေဝတော ဘဇတော ပယိရုပါသတော ပဉ္စသုတ္တန္တက္ခန္ဓေ ပစ္စဝေက္ခတော ဣမေဟိ ပန္နရသဟိ အာကာရေဟိ ဣမာနိ ပဉ္စိန္ဒြိယာနိ ဝိသုဇ္ဈန္တိ။[၁]

ဤသို့ ပုဂ္ဂိုလ်ငါးမျိုးကိုရှောင်ကြဉ်ခြင်း,ပုဂ္ဂိုလ်ငါးမျိုးကို ပေါင်းသင်းခြင်း, သုတ္တန်ငါးမျိုးကိုဆင်ခြင်၍ ပေးခြင်း-ဆိုတဲ့ ဤတဆဲ့ငါးပါးသော အကြောင်းတို့ကြောင့် ဣန္ဒြေငါးပါး စင်ကြယ်နိုင်တယ်၊ဣန္ဒြေငါးပါးစင်ကြယ်ယင် ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးပါးဘဲ၊ ဒါ ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးပါး၊ အဲဒါတနည်းပေါ့လေ။

နောက်တနည်း ပြောထားတာ ရှိပါသေးတယ်-အင်္ဂုတ္တိုရ်မှာ(?)... နောက်တနည်း ဘာတွေလဲ

သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-လို့ခေါ်တဲ့ ဣန္ဒြေငါးပါး၊ အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာ, ပဟာနသညာ, ဝိရာဂသညာ-လို့ခေါ်တဲ့ နိဗ္ဗေဓိကသညာငါးပါး၊ ပေါင်းတော့ ဘယ်နှစ်ပါးတုံး၊ (၁၀-ပါးပါဘုရား)။

ကလျာဏမိတ္တ, သီလ, အဘိသလ္လေခ, ဝီရိယာရမ္ဘ, နိဗ္ဗေဓိကပညာ-ဘယ်နှစ်ပါးတုံး၊ (၅-ပါးပါဘုရား)။

ပေါင်းလိုက်တော့ ဘယ်လောက်လဲ (၁၅-ပါးပါဘုရား)

ပဌမတဆယ်ငါးပါး၊ အခုကော (၁၅-ပါးပါဘုရား)

စေတောဝိမုတ္တိ ၅-မျိုး ဘုရားဟောတော်မူခြင်း

ပဌမနည်းက တဆယ့်ငါးပါး၊ အခုလဲတဆယ့်ငါးပါး၊ အဲဒီတဆဲ့ငါးပါးထဲက မြတ်စွာဘုရားက အရှင်**မေဃိယ**ကို ဘယ်ဒင်းဟာ ဟောမှာလဲဆိုတော့ ဝိမုတ္တိပရိပါစနီယဖြစ်တဲ့- "အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တန္တိ"ဆိုတဲ့ ငါးမျိုးဘဲ ဟောမယ် ဟုတ်လား၊ (မှန်ပါဘုရား) အဲဒါ ဘယ်ငါးမျိုးဟောမှာလဲ- ဣန္ဒြေငါးပါးဟောမှာလား။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် **စာမျက်နှာ**-၁၉၀-၁၉၉။

အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာ, ပဟာနသညာ,ဝိရာဂသညာဆိုကဲ့ ဒီသညာငါးပါးကို ဟောမှာလား။

ဝိမုတ္တိပရိပါစနီယတရားက ဘယ်နှစ်ပါးရှိသလဲ၊ (၁၅–ပါးပါဘုရား) မြတ်စွာဘုရား ဟောမှာက ဘယ်နှစ်ပါးဟောမှာလဲ၊ (၅-ပါးပါဘုရား)

ငါးပါးထဲဟောမယ်၊ ဘယ်ငါးပါးဟောမှာလဲ ဆိုတာကိုတော့ နောက်တပတ်ကျမှ ဆက်ဟောကြစို့နော်၊ (မှန်ပါ)၊ ဒါကြောင့် ဒီနေရာမှာ အဋ္ဌကထာက—

တေသု ဝိမုတ္တိပရိပါစနီယေသု ဓမ္မေသု၊ ထို ဝိမုတ္တိပရိပါစနီယတရား တဆဲ့ငါးမျိုးတို့တွင်။ ဝိနေယျဒမနကုသလော၊ ဝေနေယျသတ္တဝါတို့ကို ဆုံးမခြင်း၌ လိမ္မာကျွမ်းကျင်တော်မူသော။ သတ္ထာ၊ လူနတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝိနေယျဿ၊ ဆုံးမအပ်,ဆုံးမသင့်,ဆုံးမထိုက်သော။ မေဃိယတ္ထေရဿ၊ မေဃိယမထေရ်၏။ အဇ္ဈာသယဝသေန၊ နှလုံးသွင်းအဇ္ဈာသယ၏ အစွမ်းအားဖြင့်။ ဣဓ၊ ဤနေရာ၌။ ကလျာဏမိတ္တတာဒယော၊ ကလျာဏမိတ္တအစရှိကုန်သော။ ဝိမုတ္တိပရိပါစနီယေ ဓမ္မေ၊ ဝိမုတ္တိပရိပါစနီယတရားတို့ကို။ ဒဿေန္တော၊ ဟောတော်မူလိုသည် ပြတော်မူလိုသည်ဖြစ်၍။ (နောက်ဆုံးကလျာဏမိတ္တတို့, သီလတို့, အဘိသလ္လေခတို့, ဝီရိယာရမ္ဘတို့, နိဗ္ဗေဓိကပညာတို့၊ ဒီငါးမျိုးသာ ဟောချင်သည် ဖြစ်သောကြောင့်။)

ပဉ္စဓမ္မာ ပရိပါကာယ သံဝတ္တန္တီတိ၊ ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တန္တိ–ဟူ၍။ ဝါ–တရားငါးမျိုးတို့သည် ဝိမုတ္တိကို ရင့်ကျက်စေကုန်၏ ဟူ၍။ ဝတွာ၊ ဟောတော်မူပြီး၍။ တေ၊ ထို ပဉ္စ ဓမ္မာ–ဟူသော ငါးမျိုးသော တရားတို့၏ သရုပ်တရားကိုယ်တို့ကို။ ဝိတ္ထာရေန္တော၊ အကျယ်ချဲ့ကာဟောကြားတော်မူလိုသည် ဖြစ်သောကြောင့်။ ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတီတိ အာဒိံ၊ ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတိ–ဤသို့ အစရှိသော။ ဒေသနံ၊ ဒေသနာတော်ကို။ အာဟ၊ ကောင်းစွာမသေ့ ဟောကြားတော်မူပါပေ၏။

ဒီနေရာမှာ ဥဒါန်းအဋ္ဌကထာက ကလျာဏမိတ္တဆိုတာ သီလအစရှိသော ဂုဏ်တွေနှင့် ပြည့်စုံပြီးတော့ မိမိရဲ့သင်းရဲဘေးရန် အစရှိသည်တို့ကို ပယ်ဖျောက်ပေးတတ်၍ မိမိရဲ့အကျိုးစီးပွားများကို ဆောင်ရွက်စီမံပြီး ပေးလေ့ရှိသော ပုဂ္ဂိုလ်ကို ကလျာဏမိတ္တလို့ ခေါ်ပါတယ်။

အဲဒီကလျာဏမိတ္တဆိုတဲ့ မိတ်ဆွေကောင်းရဲ့ သိကြောင်း မှတ်ကြောင်း တွေက ဘာတွေလဲဆိုတော့—

ဣမေ ကလျာဏမိတ္တော သဒ္ဓါသမ္ပန္နော ဟောတိ သီလသမ္ပန္နော သုတသမ္ပန္နော စာဂသမ္ပန္နော ဝီရိယသမ္ပန္နော သတိသမ္ပန္နော သမာဓိ-သမ္ပန္နော ပညာသမ္ပန္နော–လို့ အဋ္ဌကထာက အင်္ဂါရှစ်မျိုးပြပါတယ်၊ အဓိပ္ပါယ် အကျဉ်းချုပ်ကတော့—

မိတ်ဆွေကောင်း ကလျာဏမိတ္တ—မိတ်ဆွေကောင်းဆိုတာ—

(၁) ရတနာသုံးပါး၊ ကံ–ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်၊ ဒီလို သဒ္ဓါတရားနဲ့ပြည့်စုံမှလဲ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အကြောင်းဖြစ်သော အကျိုးစီးပွားကို လိုလားနိုင်မှာ။

(၂) သီလနဲ့လဲ ပြည့်စုံရမယ်၊ သီလနဲ့ ပြည့်စုံမှသာလျှင် ပိယ ဂုဏ်၊ ဂရုဘာဝနီယဂုဏ်၊ ဝတ္တာဂုဏ်၊ ဝစနက္ခမဂုဏ်–စသည်တို့နဲ့ ပြည့်စုံနိုင်တဲ့ မိတ်ဆွေကောင်းဖြစ်မှာ။

(၃) အကြားအမြင် ဗဟုသုတနဲ့လဲ ပြည့်စုံရမယ်၊ ဒီလို ဗဟုသုတ ရှိမှလဲ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားများနဲ့ ပတ်သက်၍ စကားများကို ညွှန်ပြ၍ပေးတတ်မှာ။

(၄) စွန့်ကြဲပေးကမ်းမှုနဲ့လဲ ပြည့်စုံရမယ်၊ ဒီလို ခွဲခြမ်းဝေဘန်နိုင်တဲ့ သဘောရှိမှလဲ အပ္ပိစ္ဆ၊ သန္တုဋ္ဌ–စတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်မှာ။

(၅) ပြီးတော့ မိတ်ဆွေကောင်းဆိုတာ လုံ့လဝီရိယနဲ့လဲ ပြည့်စုံရမယ်၊ ဒါမှ သတ္တဝါတို့ရဲ့ ကောင်းကျိုးကို ဆောင်ရွက်နိုင်မှာ။

(၆) ထင်သော သတိနဲ့လဲ ပြည့်စုံရမယ်။

(၇) တည်ကြည်သော သမာဓိနဲ့လဲ ပြည့်စုံရမယ်။

(၈) မဖောက်မပြန် မှန်ကန် စွာသိတတ်တဲ့ ပညာနဲ့လဲ ပြည့်စုံရမယ်။

အဲဒီလို သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယတို့နဲ့ ပြည့်စုံမှသာလျှင် သတ္တဝါတို့ အပေါ်၌ ကုသိုလ်တရားတိုးပွားအောင် ပြုလုပ်၍ပေးနိုင်ခြင်း၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ယထာဘူတကျအောင် သိနိုင်ခြင်း၊ တည်ကြည်ဖြောင့်မတ် ခြင်း–အစရှိတဲ့ ဒီအင်္ဂါ (၈) ပါးနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကိုသာ ကလျာဏမိတ္တ လို့ ခေါ်ဆိုရပါတယ်၊ အဲဒီလို ဂုဏ်အင်္ဂါတွေနဲ့ပြည့်စုံတဲ့ မိတ်ဆွေကောင်းကို

မှီဝဲဆည်းကပ်ရမှသာလျှင် မိမိတို့ လိုလားတောင့်တအပ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်—အစရှိတဲ့ ကောင်းကျိုးချမ်းသာတွေကို ရရှိနိုင်မယ်။

တတိယပိုင်း နိဂုံး ဒါကြောင့် ကလျာဏမိတ္တကောင်းကို မှီဝဲနိုင်ကြကုန်သည်ဖြစ်၍ သမ္မာပဋိပတ္တိဖြစ်သော လမ်းမှန်ကိုကျင့်ကြံကြိုးစား အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရကြကုန်ပြီးလျှင် ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်မြတ်ဖြင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-စတုတ္ထပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၀၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၁-ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအတ်စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဆိပ်ကမ်းလုပ်သားဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် စတုတ္ထပိုင်း တရားတော်။

ဂုဏ်တော်ရွတ်၍ ဘုရားရှိခိုးခြင်း ၎င်း သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရား တရားတော်ကို တရားဟော တရားနာပုဂ္ဂိုလ်တို့ အနေဖြင့် တရားဟောကြရမှာ တရားနာကြရမှာ ဖြစ်တဲ့အတွက် ရှေဦးစွာ ၎င်းသုတ္တန်တရား ဒေသနာတော်ကို ဟောကြားတော်မူခဲ့တဲ့ သဗ္ဗညုရှင်တော်မြတ်ဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များ

ကို အာရုံပြုပြီးတော့ ယနေ့တရားနာကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဗ္ဗညုရှင်တော်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားသည် အရှင်မေဃိယမထေရ်ကို ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးမျိုးတို့တွင် ငါးမျိုးသောတရားတို့ကို မြတ်စွာဘုရား ပြတော်မူတယ်။

စေတောဝိမုတ္တိ တရားငါးမျိုး "အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တန္တိ"။ မေဃိယ၊ချစ်သားမေဃိယ။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှလွတ်မြောက်ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ ပဉ္စဓမ္မာ၊ ငါးမျိုးသောတရားတို့သည်။ သံဝတ္တန္တိ၊ ရှိသည်ဖြစ်ကုန်၏။

မိမိတို့ရဲ့စိတ် ကိလေသာမှ လွတ်မြောက်ပြီးတော့ အရဟတ္တဖိုလ်ပေါက်ချမ်းသာကိုရဘို့အတွက် မှီဝဲရ ဆည်းကပ်ရ ပွားများအားထုတ်ရမယ့် တရားဟာ ငါးမျိုးရှိတယ်တဲ့၊ စိတ်ကိုရင့်ကျက်စေတတ်တဲ့ စေတောဝိမုတ္တိ–စိတ်၏ကိလေသာမှ လွတ်မြောက်ခြင်းကို ရင့်ကျက်စေတတ်တဲ့ တရားငါးမျိုး–တဲ့။

ဝိမုတ္တိပရိပါစနီယတရားတွေနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့အပတ်က ဟောခဲ့ပြီးပြီ၊ ဟောခဲ့ပြီးတဲ့တရားတွေထဲက ဝိမုတ္တိပရိပါစနီယတရားတွေရဲ့ ဝိမုတ္တိမည်ပုံကိုသာ ဘုန်းကြီးတို့ဟောခဲ့တယ်၊ အဲဒီ ဝိမုတ္တိပရိပါစနီယတရား တဆဲ့ငါးမျိုးထဲက မြတ်စွာဘုရားက ငါးမျိုးဟောတယ်၊ အဲဒီငါးမျိုးကဘာလဲ–ကလျာဏမိတ္တ, သီလ, အဘိသလ္လေခ, ဝီရိယာရမ္ဘ, နိဗ္ဗေဓိကပညာ လို့ အဲဒီငါးမျိုးကိုဘဲ မေဃိယသုတ္တန်မှာ ဝိမုတ္တိပရိပါစနီယတရားအဖြစ်ဖြင့် ဟောကြားတော်မူပါတယ်။

ဝိမုတ္တိပရိပါစနီယ တရားအကျယ် အဲဒီ ဝိမုတ္တိပရိပါစနီယတရားတွေကို အကျယ်ဟောဘို့လို့ အဋ္ဌကထာ ဆရာတော်က– ဝိမုတ္တိပရိပါစနီယေ ဓမ္မေ ဒဿေန္တော "ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တန္တိ" တိ

ဝတွာ တေ ဝိတ္ထာရေန္တော "ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတီ"တိ အာဒိ မာဟ။[၁]

ဝိမုတ္တိပရိပါစနီယေဓမ္မေ၊ ဝိမုတ္တိပရိပါစနီယ တရားတို့ကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တန္တီတိ၊ စိတ်ကိုရင့်ကျက် စေတတ်တဲ့ တရားငါးမျိုး ရှိကုန်၏ဟု။ ဝတွာ၊ ဟောတော်မူပြီးနောက်။ တေ၊ ထိုဝိမုတ္တိပရိပါစနီယတရားတို့ကို။ ဝိတ္ထာရေန္တော၊ အကျယ်ချဲ့ဟောတော် မူလိုသောကြောင့်။ ဣဓ မေဃိယ ဘိက္ခုကလျာဏမိတ္တော ဟောတီတိ အာဒိံ၊ ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတိ–အစရှိသော တရားဒေသနာ တော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောကြားတော်မူ၏။

ကလျာဏမိတ္တစတဲ့ ဝိမုတ္တိပရိပါစနီယတရားတွေကို ဆက်လက်ပြီးဟောကြား တော်မူလိုသောကြောင့် မြတ်စွာဘုရားက—

> ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတိ ကလျာဏ သဟာယော ကလျာဏသမ္ပဝင်္ကော၊ အပရိပက္ကာယ မေဃိယ စေတော ဝိမုတ္တိယာ အယံ ပဌမော ဓမ္မော ပရိပါကာယ သံဝတ္တတိ။[၂]

မေဃိယ၊ ချစ်သားမေဃိယ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ကလျာဏမိတ္တော၊ ကောင်းသောမိတ်ဆွေရှိသည်။ ကလျာဏသဟာယော၊ ကောင်းသောအဖော်အပေါင်းရှိသည်။ ကလျာဏသမ္ပဝင်္ကော၊ ကောင်းသော မိတ်ဆွေသို့ ညွတ်သော ကိုင်းသော ရှိုင်းသောစိတ် ရှိသည်။ ဟောတိ၊ ဖြစ်၏။ မေဃိယ၊ ချစ်သား မေဃိယ၊ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ ကိလေသာမှလွတ်မြောက် ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ အယံ၊ ဤမိတ်ကောင်းဆွေကောင်း ရှိခြင်းဟု ဆိုအပ်သော ကလျာဏမိတ္တအင်္ဂါသည်။ ပဌမော၊ ရှေးဦးစွာသော။ ဓမ္မော၊ ဝိမုတ္တိပရိပါစနီယ တရားသည်။ သံဝတ္တတိ၊ ဖြစ်ပေတော့၏။

မိတ်ဆွေကောင်းရှိရခြင်း ကလျာဏမိတ္တ–ဟုတ်ပါတယ် မိတ်ကောင်း ဆွေ ကောင်းဟာ အရာရာမှာ အင်မတန် အရေးကြီး တယ်၊ လောကရေးမှာဘဲဖြစ်ဖြစ်, ဓမ္မရေးမှာဘဲဖြစ်ဖြစ် မိတ်ဆွေကောင်းဟာ အင်မတန်အရေးကြီးတယ်၊ မိတ်ဆွေဆိုတာ သူကယုံကြည်တယ်၊ အဲဒီ မိတ်ဆွေ

၁။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ–၂၀၀။

၂။ ဥဒါန်းပါဠိတော် မေဃိယဝဂ် မေဃိယသုတ် စာမျက်နှာ– ၁၁၉။

ကောင်းလျှင် ကောင်းသလောက် ခရီးရောက်တယ်၊ မိတ်ဆွေမကောင်းယင် မကောင်းသလောက် ကိုယ့်မှာ စီးပွားဥစ္စာတို့ အတတ်ပညာတို့ ကုသိုလ်တို့ အကုန်ထိခိုက်တယ်၊ ဒီတော့ သာသနာတော်မှာ နေယင် မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရခြင်း၊ မိတ်ဆွေဆိုးနှင့်ပေါင်းသင်းရခြင်း ဆိုတော့ မိတ်ဆွေဆိုးကို မိတ်ဆွေကောင်းထင်ပြီး မပေါင်းသင်းမိဖို့ အရေးကြီးတယ်။

ဘုန်းကြီးတို့ အဇာတသတ္တုမင်းတရားကြီးကို ကြည့်မယ်ဆိုယင် ဒေဝဒတ်လို ခေါ်တဲ့ မိတ်ဆွေဆိုးနှင့် ပေါင်းသင်းဆက်ဆံမိသည်ဖြစ်သောကြောင့် မလုပ်သင့် မလုပ်ထိုက်တာတွေကို လုပ်တယ်၊ မကျူးလွန်သင့် မကျူးလွန်ထိုက်တာတွေကို ကျူးလွန်တယ်၊ အဲဒါကြောင့် အဇာတသတ်ဟာဆိုယင် ကမ္ဘာတသိန်းက ဖြည့်လာခဲ့တဲ့ ပါရမီမျိုးတွေ အကုန်ဆုံးပြီးတော့ သဗ္ဗညုရှင်တော်ဘုရားနဲ့ တွေ့ပေမဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုမရဘဲ အပါယ်လေးပါးသို့ ကျရောက်ခြင်းဆိုတဲ့ ပဋိသန္ဓေကို သွားရတယ်၊ အဲဒါ မိတ်ဆွေဆိုးကြောင့် ဖြစ်တယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ဝိပဿနာတရားကို ပွားများအားထုတ်ချင်ကြယင် ဘယ်ပုံ ဘယ်နည်း အားထုတ်ကြမယ် ဆိုတာကို မကျွမ်းကျင်ကြဘူး၊ ဒီတော့ ဘယ်လိုလုပ်ရမလဲဆိုတော့ ကျွမ်းကျင်တယ်ဆိုတဲ့ မိတ်ကောင်းဆွေကောင်း ဆရာကောင်း သမားကောင်းကို မှီဝဲကြရမယ်၊ ဆည်းကပ်ကြရမယ်၊ မိမိမှီဝဲဆည်းကပ်တဲ့ဆရာသမားသည် ကောင်းတဲ့ ဆရာသမားဖြစ်ပါမူကား မိမိအတွက် မှီဝဲဆည်းကပ်သလောက် အကျိုးစီးပွားတွေ ကပ်ရောက်ပြည့်စုံစေမယ်၊ မိမိမှီဝဲဆည်းကပ်တဲ့ ပုဂ္ဂိုလ်သည် မိတ်ဆွေဆိုး - မကောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်ပါမူကား မှီဝဲဆည်းကပ်နေသည်နှင့်အမျှ မိမိအတွက် လိုအပ်သောကောင်းကျိုးတွေ ဆုတ်ယုတ်နိုင်တယ်။

သောတာပန်ပုဂ္ဂိုလ်ဖြစ်ခြင်းရဲ့ အင်္ဂါလေးပါးကို ပြတဲ့ နေရာမှာ မိတ်ဆွေကောင်းသူတော်ကောင်းနဲ့ ပေါင်းသင်းဆက်ဆံမှုကို ပဌမရှေးဦးစွာ တင်ပြတယ်၊ အဲဒီတော့ အဲဒီမိတ်ဆွေတွေနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ဒီကနေ့ ကလျာဏမိတ္တကို ပါဠိတော်များမှာ ဟောထားတာတွေရှိတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ သိအောင် ခွဲခြားတတ်အောင် ဝေဘန်တတ်အောင် မှီဝဲတတ် ဆည်းကပ်တတ်အောင် ဟောပေးဘို့တာဝန် ဘုန်းကြီးတို့မှာ ဒီကနေ့ ရောက်လာပြီ။

အဲဒါကြောင့် ဒီကနေ့ "ကလျာဏမိတ္တ-မိတ်ကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်မလဲ၊ မိတ်ဆွေမကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်သလဲ

ဆိုတာ ခွဲခြားပြီး သိတတ်အောင်, မြင်ယင် ရွေးချယ်တတ်အောင် မိတ်ဆွေဆိုး, မိတ်ဆွေကောင်း–အဲဒီနှစ်မျိုးကို ပဌမခွဲခြားပြီးတော့ ဟောကြားထားတဲ့ မိတ်ဆွေကို မှီဝဲဆည်းကပ်မှုနဲ့ ပတ်သက်ပြီးတော့ ဟောကြား ထားတဲ့ ဒီဃနိကာယ် ပါထိကဝဂ်ကို ရှေးဦးစွာ ဟောကြစို့ – (သိင်္ဂါလသုတ် စာမျက်နှာ–၁၅၁)

မိတ်ဆွေအတု ၄–မျိုး စတ္တာရောမေ ဂဟပတိပုတ္တ အမိတ္တာ မိတ္တပဋိရူပကာ ဝေဒိတဗ္ဗာ"။ ။ဂဟပတိပုတ္တ၊ သူဌေးသား။အမိတ္တာ၊ မိတ်ဆွေမဟုတ် **ကုန်**သော။ မိတ္တပဋိရူပကာ၊ မိတ်ဆွေအတုအယောင် ဖြစ်ကုန်သော။ ဣမေ–စတ္တာရော၊ ဤလေးမျိုး**ကုန်**သော သူတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ လော ကမှာ လူတယောက်ရယ်လို့ ဖြစ်လာတော့ လူ့အဆက်အသွယ်, ပုဂ္ဂိုလ် အဆက်အသွယ်, ပေါင်းသင်းဆက်ဆံမှုဟာ မကင်းနိုင်ကြဘူး၊ လူတိုင်း လူတိုင်းဟာ မိတ်ဆွေ ဆိုတာရှိတယ်၊ ဒီတော့ ကိုယ်ပေါင်းသင်းဆက်ဆံနေတဲ့ ကိုယ်ချစ်ခင်နေတဲ့ မိတ်ဆွေကို ဘယ်လိုမိတ်ဆွေလဲ ဆိုတာကို ဒီဒေသနာတော် အရ အကဲခပ်ပြီးတော့ ကြည့်ကြစမ်းပါ။[1] မိတ္တပဋိရူပက–မိတ်ဆွေမဟုတ်ဘူးတဲ့၊ မိတ်ဆွေတုတဲ့၊ အဲဒီပုဂ္ဂိုလ်လေးမျိုးရှိတယ်တဲ့၊ ဒီလေးမျိုးက ဘာလဲဆိုတော့– (ပါထိကဝဂ်ပါဠိ စာမျက်နှာ–၁၅၁)

(၁) အညဒတ္ထုဟရ မိတ်၊
(၂) ဝစီပရမ မိတ်၊
(၃) အနုပ္ပိယဘာဏီ မိတ်၊
(၄) အပါယသဟာယမိတ်–တဲ့။

မိတ်ဆွေတုလေးမျိုး၊ အဲဒီမိတ်ဆွေတု လေးမျိုးဟာ ရှောင်ကြဉ်ရမဲ့ မိတ်ဆွေတုလေးမျိုး၊ အဲဒီမိတ်ဆွေအတုလေးမျိုးတို့တွင် အညဒတ္ထုဟရမိတ်ဆိုတာ ဘယ်လိုလုပ်သိရမလဲဘုရား၊ ဘယ်လိုမိတ်ဆွေမျိုးလဲဆိုတော့ ပါဠိတော်က–

ပစ္စည်းကို ယူတတ်သောမိတ် "စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အညဒတ္ထုဟရော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော"။ ။ဂဟပတိပုတ္တ၊ သူဌေးသား။ စတူဟိ ဌာနေဟိ၊

၁။ ပါထိကဝဂ္ဂပါဠိ စာမျက်နှာ–၁၅၁။

လေးပါးသော အကြောင်းတို့ကြောင့်။ အညဒတ္ထုဟာရော၊ ဥစ္စာပစ္စည်းကို သာလျှင် ဆောင်ယူတတ်သော။ အမိတ္တော၊ မိတ်ဆွေမဟုတ်သော။ မိတ္တပဋိရူပကော၊ မိတ်ဆွေတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အညဒတ္ထုဟာရမိတ် ဖြစ်ခြင်းရဲ့အကြောင်း လေးမျိုးရှိတယ်တဲ့၊ အဲဒီ လေးမျိုးက ဘာလဲ-ပါဠိတော်က ပြောတယ်။

အညဒတ္ထုဟာရော ဟောတိ၊ အပ္ပေန ဗဟု မိစ္ဆတိ။
ဘယဿ ကိစ္စံ ကရောတိ၊ သေဝတိ အတ္ထကာရဏာ။
ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အညဒတ္ထုဟာရော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။

နံပါတ် ၁-အညဒတ္ထုဟာရ မိတ်ဆွေဆိုတာဘယ်လိုလဲ-

အညဒတ္ထုဟာရော၊ ဥစ္စာပစ္စည်းကိုသာ ဆောင်ယူတတ်သည်။ ဟောတိ၊ ဖြစ်၏။ (ဒါက တပိုင်း) အပ္ပေန၊ အနည်းငယ်မျှသော ဥစ္စာကိုပေးသဖြင့်။ ဗဟုံ၊ များစွာသောဥစ္စာပစ္စည်းကို။ ဣစ္ဆတိ၊ အလိုရှိတတ်၏။ (ဟောဒါတပိုင်း) ဘယဿ၊ ထိုသူအား။ ဘယေ၊ ကြောက်ဖွယ်လန့်ဖွယ် ဘေးအသွယ်သွယ်သည်။ ဥပ္ပန္နေ၊ ဖြစ်ပေါ်လာခဲ့သည်ရှိသော်။ ကိစ္စံ၊ မိမိ၏ အမှုကြီးငယ်အသွယ်သွယ် ကို။ ကရောတိ၊ ပြုလုပ်၍ပေးတတ်၏။ (ဟောဒါ တပိုင်း) အတ္ထကာရဏာ၊ မိမိရဲ့အကျိုးစီးပွားဟူသောအကြောင်းကြောင့်။ သေဝတိ၊ ကိုယ့်ကို မှီဝဲပေါင်း သင်း ဆက်ဆံ တတ်၏။ (ဟောဒါ-တပိုင်း)

ဂဟပတိပုတ္တ၊ သူဌေးသား။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ဌာနေဟိ၊ ဤအကြောင်းတို့ကြောင့်။ အညဒတ္ထုဟာရော၊ အညဒတ္ထုဟာရ အမည်ရှိသော။ အမိတ္တော၊ မိတ်ဆွေမဟုတ်သော။ မိတ္တပဋိရူပကော၊ မိတ်ဆွေတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အညဒတ္ထုဟာရ ဆိုတာ ဘယ်လိုလဲဆိုတော့ မိမိရဲ့ကိစ္စကြီးငယ်အသွယ်သွယ် ကို ဘယ်တော့မှ ရွက်ဆောင်ပေးလေ့မရှိဘူး၊ ပစ္စည်းကိုသာ ယူလေ့ရှိတယ်တဲ့။ ကိုယ့်ဆီကဆိုယင် ရသရွေ့ယူတာဘဲ၊ ကိုယ့်အကျိုးစီးပွားကိုတော့ သူ ဘာမှ ဆောင်ရွက်မပေးဘူး၊ ပြီးတော့-ကိုယ့်ကိုပေးတော့ နည်းနည်းပေးတယ်-ကိုယ့် ဆီကယူတော့ များများယူတယ်၊ ပြီးတော့သူ့မှာ ကြောက်ဖွယ်လန့်ဘွယ်ဘေး တွေ ကြုံလာပြီဆိုယင် ကိုယ့်ကိစ္စကြီးငယ်တွေကို သူလာပြီးတော့ ပြုလုပ်ပေး တယ်၊ သူ့အကျိုးစီးပွားအတွက်သာ သူက ကိုယ့်ကိုမှီဝဲဆည်းကပ်နေတာယ်တဲ့။

ဒီ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့မိတ်ကို အညဒတ္ထုဟာရမိတ်လို့ ခေါ်တယ်၊ ယူရုံသက်သက်ယူတဲ့ မိတ်ဆွေ၊ သူ့ဆီက ဘာမှပြန်မရဘူး၊ အဲဒီမိတ်ဆွေမျိုးကို

ကိုယ်ပေါင်းသင်းဆက်ဆံနေတဲ့ မိတ်ဆွေတွေထဲမှ အခုပြောတဲ့ အင်္ဂါတွေနဲ့ ကိုယ်ကလဲ သူများမိတ်ဆွေဖြစ်တယ်၊ သူများကလဲ ကိုယ့်မိတ်ဆွေ ဖြစ်တယ်၊ ကိုယ်လဲ ဒီလိုပါလား, သူများကလဲကိုယ့်အပေါ် ဒီလိုပါလားလို့ဆိုတာ အဲဒါ တွက်ကြည့်ကြ၊ ဒါ အညဒတ္ထုဟာရမိတ်၊ မိတ်ဆွေတု၊ မိတ်ဆွေအစစ်မဟုတ်ဘူး၊ မပေါင်းသင်းရဘူး။

အပြောနှင့်ပေါင်းသောမိတ် နောက် ဝစီပရမမိတ်၊ အဲဒီ ဝစီပရမမိတ်ဆိုတာကိုတော့ ပါဠိတော်က လေးပါးဘဲပြတယ်။

"စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဝစီပရမော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော"။

ဂဟပတိပုတ္တ၊ သူဌေးသား။ စတူဟိ ဌာနေဟိ၊ လေးပါးသောအကြောင်းတို့ကြောင့်။ ဝစီပရမော၊ နှုတ်လျှင်အတိုင်းအတာရှိသော။ အမိတ္တော၊ မိတ်ဆွေ မဟုတ်သော။ မိတ္တပဋိရူပကော၊ မိတ်ဆွေတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ကိုယ် ပေါင်းသင်းဆက်ဆံနေတဲ့ မိတ်ဆွေတယောက်က ဝစီပရမ–နှုတ်မိတ်ဆွေ၊ ပါးစပ်ပြောဘဲရှိတတ်၊ လက်တော့မပါတဲ့မိတ်၊ သူကဘယ်လိုလဲ–

> အတီတေန ပဋိသန္ထရတိ၊ အနာဂတေန ပဋိသန္ထရတိ၊ နိရတ္ထကေန သင်္ဂဏှာတိ၊ ပစ္စုပ္ပန္နေသု ကိစ္စေသု ဗျသနံ ဒဿေတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ ဝစီပရမော အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။

ဂဟပတိပုတ္တ၊ သူဌေးသား။ (ကိုယ့်ကိုဘယ်သူလဲဆိုတာ) အတီတေန၊ လွန်ပြီးသော အတိတ်သဘောဖြင့်။ ပဋိသန္ထရတိ၊ ချီးမြှောက်စကား ပြောကြားတတ်၏။ အနာဂတေန၊ မရောက်လာသေးသော အကြောင်းဖြင့်လည်း။ ပဋိသန္ထရတိ၊ ချီးမြှောက်စကား ပြောကြားတတ်၏။ နိရတ္ထကေန၊ အကျိုးမရှိသော အနေအားဖြင့်လည်း။ သင်္ဂဏှာတိ၊ ချီးမြှောက်ပြောဆို တတ်၏။ ပစ္စုပ္ပန္နေသု၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ကိစ္စေသု၊ အမှုကိစ္စတို့၌။ ဗျသနံ၊ ပျက်စီး၍ နေသည်ကို။ ဒဿေတိ၊ ပြသပြောကြားတတ်၏။ ဂဟပတိပုတ္တ၊ သူဌေးသား။ ဣမေဟိ စတူဟိ ဌာနေဟိ၊ ဤလေးပါးသော အကြောင်းတို့ကြောင့်။ ဝစီပရမော၊ နှုတ်လျှင်အပိုင်းအခြားရှိသော မိတ်ဆွေကို။ အမိတ္တော၊မိတ်ဆွေ မဟုတ်သော။ မိတ္တပဋိရူပကော၊ မိတ်ဆွေတုကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဟော–ဒီ အကြောင်းလေးပါးဟာ ဝစီပရမမိတ်ပဲ၊ သူက ဘယ်လိုလဲ–

မိတ်ဆွေ....မနေ့က ဘာဖြစ်လို့မလာသလဲ၊ မနေ့က မိတ်ဆွေလာမလားလို့ မျှော်လိုက်ရတာ၊ လမ်းကို တမျှော်ထဲ မျှော်ကြည့်ရတာ မိတ်ဆွေမလာလို့၊ မိတ်ဆွေဘို့ ဟောဒီမှာ စားဘွယ်သောက်ဘွယ်တွေ ချန်ထားတာ အခု ဒီနေ့မှ လာတော့ ကုန်သွားပြီ၊ မနေ့က မိတ်ဆွေက မလာဘဲကိုး၊ အတီတေန ပဋိသန္ထရတိ-လွန်ပြီးသောအကြောင်းဖြင့် ချီးမြှောက်စကား ပြောကြားတယ်၊ အနာဂတေန ပဋိသန္ထရတိ—ဟော မိတ်ဆွေ....ငှက်ပျောသီးတွေ သီးနေတယ်၊ အုန်းသီးတွေ သီးနေတယ်၊ အဲဒါ မမှည့်သေးလို့ မရင့်သေးခင်၊ ရင့်ယင် မိတ်ဆွေအတွက်တော့ ပေးလို့ရမှာဘဲ၊ မိတ်ဆွေကို ပေးမှာဘဲ-အနာဂတ်ကို ချီးမြှောက်တယ်။

နိရတ္ထကေန သင်္ဂဏှာတိ—အကျိုးမရှိတဲ့စကား ပြောပြီး ချီးမြှောက်တယ်၊ ဘယ်လိုလဲ—ကိုယ်က ကုလားထိုင်တလုံးပေါ်မှာထိုင်နေတယ်၊ ကုလားထိုင်ပေါ် ကို မိတ်ဆွေလာထိုင်ပါတဲ့--သူက၊ ဟောကြည့်—ဆင်ပေါ်မှာနေနေ့ မြင်းပေါ် မှာ နေနေတဲ့-အဋ္ဌကထာက ဖွင့်ထားတယ်၊ ဆင်ပေါ်ကိုလာစီးပါ၊ မြင်းပေါ် လာစီးပါလို့ဆိုတာဟာ- ဒါ အကျိုးမရှိသောအားဖြင့် ချီးမြှောက်ထာ၊ ကိုယ် ဝတ်ထားတဲ့ အဝတ် နှုတ်ကတော့ ဘယ့်နှယ်ပြောသလဲ- မိတ်ဆွေ....ဟောဒီ အဝတ်ကလေးကို သိပ်ပေးချင်နေတာပဲ၊ သို့သော်လဲ ကိုယ့်မှာ ဒီ အဝတ်တထည် ဘဲ ရှိသည်ဖြစ်သောကြောင့် အဲဒါ မပေးနိုင်ဘူးဆိုပြီးတော့ အဲဒီလို အကျိုး မရှိတဲ့စကားတွေနဲ့ ချီးမြှောက်တတ်တယ်။

ပြီးတော့ "ပစ္စုပ္ပန္နေသု ကိစ္စေသု ဗျသနံ ဒဿေတိ" စတုတ္ထအင်္ဂါ၊ တကယ် ပစ္စုပ္ပန်မှာအလုပ်လုပ်ပေးရမယ့် ကိစ္စပေါ်လာပြီဆိုယင် သူက "ဗျသနံ ဒဿေတိ" ပျက်စီးတာတွေကိုပြတယ်၊ မိတ်ဆွေ....မိတ်ဆွေ ဖောင်တိန်ကလေး ခဏ ငှားပါ ဆိုယင် ဖောင်တိန်က မင်မတွေအန်နေတယ်၊ နစ်မကောင်းဘူးနဲ့ ဟော-အပျက် အစီးကိုပြတယ်၊ မိတ်ဆွေ....မော်တော်ကား ခဏငှားပါဆိုယင်—ဟာ ဘီးကွဲနေ တယ်၊ တာယာက မကောင်းဘူး -စသည်ဖြင့်မိမိပစ္စည်းကို ပျက်စီးတဲ့ အနေနဲ့ ဖော်ပြပြီး ပြောတတ်တယ်၊ ဘယ်တော့မှ ပေးလေ့မရှိဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးကို ဝစီပရမမိတ်လို့ ခေါ်တယ်၊ နှုတ်သာကောင်းတယ်၊ ဘာမှလက်မပါဘူး၊ အဲဒါ မိတ်ဆွေတု၊ ပြီးတော့

အနုပ္ပိယဘာဏီ-မိတ်၊ အဲဒီ မိတ်ဆွေတုက ဘယ်လိုမိတ်လဲဆိုတော့—

နှုတ်ချိုသောမိတ် "ပါပကမ္မံ ခေါ် ဂဟပတိပုတ္တ ဌာနေဟိ အနုပ္ပိယဘာဏီ အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော"။ သူဌေးသား....

အနုပ္ပိယဘာဏီဆိုတဲ့ မိတ်ဆွေအတုကိုလဲဘဲ သိဘို့အတွက် အင်္ဂါလေးပါး ရှိတယ် တဲ့၊ အဲဒါက ဘာလဲ—

ပါပကံပိဿ အနုဇာနာတိ၊ ကလျာဏံပိဿ အနုဇာနာတိ၊ သမ္မုခါဿ ဝဏ္ဏံ ဘာသတိ၊ ပရမ္မုခါဿ အဝဏ္ဏံ ဘာသတိ၊ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အနုပ္ပိယဘာဏီ အမိတ္တော မိတ္တပဋိရူပကော ဝေဒိတဗ္ဗော။ (ပါထိကဝဂ္ဂပါဠိ စာမျက်နှာ-၁၅၁)

သူကတော့ အပြောချိုတဲ့မိတ်။ ဂဟပတိပုတ္တ၊ ယူဒွေးသား။ အနုပ္ပိယဘာဏီ၊ နှုတ်ချိုသော။ အမိတ္တော၊ မိတ်ဆွေမဟုတ်သော။ မိတ္တပဋိရူပကော၊ မိတ်ဆွေ အတုကို။ ဣမေဟိ စတူဟိ ဌာနေဟိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဿ၊ ထိုသူ၏။ ပါပကံပိ၊ မကောင်းမှုကိုလည်း။ အနုဇာနာတိ၊ ခွင့်ပြု တတ်၏။ အဿ၊ ထိုသူ၏။ ကလျာဏံပိ၊ ကောင်းသောအမှုကိုလည်း။ အနု- ဇာနာတိ၊ ခွင့်ပြုတတ်၏။ အဿ၊ ထိုသူ၏။ သမ္မုခါ၊ မျက်မှောက်၌။ ဝဏ္ဏံ၊ ချီးမွမ်းစကားကို။ ဘာသတိ၊ ပြောကြားတတ်၏။ အဿ၊ ထိုသူ၏။ ပရမ္မုခါ၊ မျက်ကွယ်၌။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို။ ဘာသတိ၊ ပြော ကြားတတ်၏။ ဂဟပတိပုတ္တ၊ သူဌေးသား။ အနုပ္ပိယဘာဏီ၊ နှုတ်ချိုသော။ အမိတ္တော၊ မိတ်မဟုတ်သော။ မိတ္တပဋိရူပကော၊ မိတ်ဆွေတုကို။ ဣမေဟိ စတူဟိ ဌာနေဟိ၊ ဤလေးပါးသော အကြောင်းတို့ကြောင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

သူက ဘယ်လိုမိတ်ဆွေလဲ၊ ကိုယ့်မိတ်ဆွေက မကောင်းတာကို လုပ်ကိုင် လို့ရှိယင်လဲဘဲ —လုပ်သာလုပ် ခွင့်ပြုတယ်၊ ကိုယ့်မိတ်ဆွေက ကောင်းတာ လုပ်တယ်ဆိုယင်လဲဘဲ မိတ်ဆွေအလိုလိုက်ပြီးတော့ လုပ်ပါ ကောင်းပါတယ် ဆိုပြီး ခွင့်ပြုတယ်၊ ကိုယ့်မိတ်ဆွေရဲ့ ရှေ့မှာတော့ဖြင့် ပြောလိုက်တဲ့ ချီးမွမ်း စကားတွေ၊ မျက်ကွယ်လဲကျရော ဟာ-ဒီကောင် အလကားကောင်ပါကွာ၊ သူလုပ်တာတွေ ငါမသိတာမှတ်လို့ဘဲဆိုပြီး မကောင်းတာတွေ ရှောက်ပြော တတ်တယ်၊ အဲဒါ အနုပ္ပိယဘာဏီ မိတ်ဆွေဖြစ်ခြင်းအကြောင်း လေးပါးတဲ့။

ဥစ္စာပျက်ကြောင်း ဖြစ်သောမိတ် အပါယသဟာယမိတ်—ဥစ္စာပစ္စည်း ပျက်စီးကြောင်းဖြစ်တဲ့ မိတ်ဆွေ၊ အဲဒီ မိတ်ဆွေတုတွေလဲ လေးပါး၊ ဘာတွေလဲ—

(၁) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ သဟာယော ဟောတိ၊ အရက်သောက်တဲ့ မနေရာမှာ အပေါင်းဖြစ်တယ်။

(၂) ဝိကာလဝိသိခါစရိယာနုယောဂေ သဟာယော ဟောတိ၊ ညဉ့်နက် သန်းခေါင် လမ်းရှောက်လယ်ဘို့ရန်အတွက် အဖော်ဖြစ်တယ်။
(၃) ပြီးတော့-သမဇ္ဇာဘိစရဏေ သဟာယော ဟောတိ၊ပွဲကြည့်သွားဘို့၊ ဘိုင်စကုတ်ကြည့် သွားဘို့၊ ပျော်ပွဲ ရှင်ပွဲသွားဘို့ အဖော်သဟဲ ဖြစ်တယ်။
(၄) ဇုတပ္ပမာဒဋ္ဌာနာနုယောဂေ သဟာယော ဟောတိ၊ ကြွေအန် ကစားခြင်း၊ စစ်ဘုရင်ထိုးခြင်း-စသည်ဖြင့် အဲဒီလို နေရာမျိုးမှာ အဖော်သဟဲ ရတယ်။

ဒီ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် ပစ္စည်းဥစ္စာ ပျက်စီးကြောင်း ဖြစ်သော အပါယသဟာယ-မိတ်၊ မိတ္တပဋိရူပက-မိတ်ဆွေတု။

အဲဒီ မိတ်ဆွေမျိုးကို ဘုန်းကြီးအခုပြောခဲ့တဲ့ မိတ်ဆွေတု လေးမျိုးတို့ရဲ့ အင်္ဂါကမျိုးတမျိုးမှာ လေးပါးစီဖြစ်သောကြောင့် လေး × လေးလီ=တဆဲ့ ခြောက်ခု၊ အဲဒီ အင်္ဂါတွေနဲ့ စစ်ပြီးတော့ ကိုယ်ပေါင်းသင်းနေတဲ့ မိတ်ဆွေ တွေဟာ၊ သို့မဟုတ် ကိုယ်ဟာ ကိုယ့်အပေါ်မှာ ကိုယ့်မိတ်ဆွေက ဘယ်လိုလဲ၊ ကိုယ်က ကိုယ့်မိတ်ဆွေ အပေါ်မှာဘယ်လိုလဲ၊ ဒီ အင်္ဂါတွေနဲ့များ ညီညွတ် နေယင် ကိုယ်ကညီညွတ်ယင် ကိုယ်က မိတ်ဆွေဆိုး၊ သူတပါးက ညီညွတ် နေယင် သူတပါးက ကိုယ့်အပေါ်မိတ်ဆွေဆိုး၊ အဲဒီ မိတ်ဆွေမျိုးကို ရှောင် ကြဉ်ရမယ်။ အဲဒီ မိတ်ဆွေမျိုးကို ပေါင်းသင်းဆက်ဆံ နေယင် အကျိုး စီးပွားတွေ ဖြစ်နိုင်မှာ မဟုတ်ဘူး။

မိတ်ဆွေအစစ် ၄-မျိုး ဒါဖြင့် မိတ်ဆွေဆိုးကိုတော့ သိရပါပြီ၊ကလျာဏ မိတ္တ-မိတ်ဆွေကောင်းဆိုတာ ဘယ်လိုမိတ်ဆွေမျိုးလဲ ဆိုတော့-"စတ္တာရော မေ ဂဟပတိပုတ္တ မိတ္တာ သုဟဒါ ဝေဒိတဗ္ဗာ။" ကောင်းတဲ့မိတ်ဆွေဟာ လေးမျိုးရှိတယ်၊ အဲဒီ လေးမျိုးက ဘာတွေလဲ ဆိုတော့-

(၁) ဥပကာရမိတ်-ကျေးဇူးများစေခြင်း။
(၂) သမာနသုခဒုက္ခမိတ်- ချမ်းသာအတူ ဆင်းရဲအတူ ဆိုဘဲ့မိတ်။ ကိုယ်နဲ့ကိုယ်နှင့်အတူအမျှမိတ်။
(၃) အတ္ထက္ခာယီမိတ်-အကျိုးစီးပွားကိုသာ ပြောကြား ပေးတတ်တဲ့ မိတ်။
(၄) အနုကမ္ပကမိတ်-အစဉ်စောင့်ရှောက်တဲ့ မိတ်။

ဒါ ကောင်းတဲ့မိတ်ဆွေ လေးမျိုးရှိတယ်တဲ့၊ ဒီ မိတ်ဆွေတွေကို ဘယ်လို သိရမလဲဘုရား၊ ဒီ မိတ်ဆွေတွေဖြစ်ခြင်းရဲ့ အင်္ဂါမရှိဘူးလားဆိုတော့ပါဠိတော်က–

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဥပကာရော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

ဂဟပတိပုတ္တ၊ သူဌေးသား။ သုဟဒေါ၊ ကောင်းသော စိတ်နှလုံးရှိသော။ ဥပကာရော မိတ္တော၊ ကျေးဇူးများသော မိတ်ဆွေကောင်းကို။ စတူဟိ–ဌာနေဟိ၊ လေးပါးသောအကြောင်းတို့ဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဥပကာရ မိတ်ဖြစ်ခြင်း အကြောင်း ၄–ပါး အဲဒီ ဥပကာရ မိတ်ဆွေဖြစ်ဘို့ရန်အတွက် အကြောင်း လေးပါး ရှိတယ်တဲ့၊ သူကဘာလဲ–"ပမတ္တံ ရက္ခတိ၊ ပမတ္တဿ သာပတေယျံ ရက္ခတိ၊ ဘီတဿ သရဏံ ဟောတိ၊ ဥပ္ပန္နေသု ကိစ္စကရဏီယေသု တဒ္ဒိဂုဏံ ဘောဂံ အနုပ္ပဒေတိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ ဥပကာရော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော"။

ပမတ္တံ၊ မေ့လျော့နေသည်ကို။ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ (ကိုယ်က မေ့နေတဲ့အခါ ကိုယ့်ကို စောင့်ရှောက်တယ်။) ပမတ္တဿ၊ မေ့လျော့သူ၏။ သာပတေယျံ၊ ဥစ္စာရိက္ခာပစ္စည်းကို။ ရက္ခတိ၊ စောင့်ရှောက်၍ ပေးတတ်၏။ ဘီတဿ၊ ကြောက်ရွံ့ထိတ်လန့်နေသောသူအား။ သရဏံ၊ ကိုးကွယ်ရာအားထားရာသည်။ ဟောတိ၊ဖြစ်တတ်၏။ (မိတ်ဆွေဘာကြောက်စရာရှိလဲ၊ ငါတယောက်လုံးရှိသေးတယ်၊ မင်းဘာမှမကြောက်နဲ့)။ ကိစ္စကရဏီယေသု၊ ပြုဘွယ်ကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ပေါ်လာခဲ့ကုန်သည်ရှိသော်။တဒ္ဒိဂုဏံ၊နှစ်ဆတက်သော။ ဘောဂံ၊ ဥစ္စာပစ္စည်းကို။ အနုပ္ပဒေတိ၊ ချီးမြှောက်တတ်၏။

ဂဟပတိပုတ္တ၊ သူဌေးသား။ သုဟဒေါ၊ ကောင်းသောနှလုံးရှိသော။ ဥပကာရော၊ ကျေးဇူးများသော။ မိတ္တော၊ ကလျာဏမိတ်ဆွေကောင်းကို။ ဣမေဟိ စတူဟိ ဌာနေဟိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁) ကိုယ်မေ့လျော့နေတဲ့အခါ သတိပေးစောင့်ရှောက်ဖော်ရတယ်။
(၂) ကိုယ်မေ့လျော့နေတဲ့အခါ ကိုယ့်ပစ္စည်းဥစ္စာကို စောင့်ရှောက်ပေးဖော်ရတယ်။
(၃) မိမိ ကြောက်ရွံ့ထိတ်လန့် စိုးရိမ်နေတဲ့အခါမှာ အားပေးစကားပြောတယ်၊ မိတ်ဆွေ....မကြောက်နဲ့ ငါရှိတယ်၊ ဘာကြောက်စရာရှိသလဲ-လို့ အားပေးစကား ပြောကြားတယ်။

(၄) မိတ်ဆွေမှာ ကိစ္စတခုရှိလို့ မိတ်ဆွေ....ငွေတဆယ်လောက် ခဏလှည့်ပါ၊ ကိစ္စရှိနေလို့ဆိုတော့—

မိတ်ဆွေ....တဆယ်နဲ့ မဖြစ်ဘူး၊ လုံလောက်အောင် နှစ်ဆယ် ယူသွားလို့ အဲဒီလို နှစ်ဆတက်ပြီးတော့ ချီးမြှောက်တတ်တယ်၊ အဲဒီ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဥပကာရမိတ်တဲ့၊ မိတ်ကောင်းတဲ့၊ သူ့ကို မှီဝဲရမယ်၊ ဒါ မိတ်ကောင်းတခု ပြီးသွားရော။

အတူအမျှ မိတ်ဖြစ်ခြင်း အကြောင်း ၄-ပါး သမာနသုခဒုက္ခမိတ်တဲ့၊ မိတ်ဆွေကောင်း၊ အဲဒီ မိတ်ဆွေဖြစ်ခြင်းရဲ့ အကြောင်းက လေးမျိုးဘဲ ရှိတယ်၊ အဲဒီ လေးမျိုးကဘာလဲ — "ဂုယှမဿ အာစိက္ခတိ၊ ဂုယှမဿ ပရိဂူဟတိ၊ အာပဒါသု န ဝိဇဟတိ၊ ဇီဝိတံပိဿ အတ္ထာယ ပရိစ္စတ္တံ ဟောတိ၊ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ သမာနသုခဒုက္ခော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော"။

အဿ၊ ထိုသူ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သော ကိစ္စကြီးငယ်ကို။ အာစိက္ခတိ၊ ပြောကြားတတ်၏။ (အရေးကြီးတဲ့ ကိစ္စကို မိမိကိုယုံကြည်ပြီးတော့ ပြောကြားလေ့ရှိတယ်၊) အဿ၊ ထိုမိတ်ဆွေ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သောအကြောင်းကို။ ပရိဂူဟတိ၊ လျှို့ဝှက်၍ပေးတတ်၏။ (မိမိမှာရှိတဲ့ လျှို့ဝှက်အကြံကိုလဲ ကိုယ့်မိတ်ဆွေက ဘယ်တော့မှ ပေါက်ကြားပြီး မပြောဘူး၊ လျှို့ဝှက်ပေးတယ်၊ ပြီးတော့) အာပဒါသု၊ ဘေးရန်တို့ကြောင့်။ န ဝိဇဟတိ၊ စွန့်ခွာမသွားတတ်။ (ဘေးတွေ ရန်တွေနဲ့ တွေ့နေတဲ့အခါမှာ စွန့်ပစ်ပြီး ဘယ်တော့မှ သွားလေ့မရှိဘူး၊) အဿ၊ ထို မိတ်ဆွေ၏။ အတ္ထာယ၊ အကျိုးငှာ။ ဇီဝိတံ ပိ၊ မိမိအသက်ကိုသော်လည်း။ ပရိစ္စတ္တံ၊ စွန့်လွှတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့မိတ်ကို သမာနသုခဒုက္ခ မိတ်လို့ ခေါ်တယ်တဲ့၊ ကောင်းတဲ့မိတ် ကလျာဏမိတ္တ၊ ၂-ခု ပြီးသွားပြီ၊ နောက်တခုက—

အတ္ထက္ခာယီ မိတ်ဖြစ်ခြင်း အကြောင်း ၄-ပါး အတ္ထက္ခာယီ မိတ်ဆွေဖြစ်ခြင်းရဲ့ အကြောင်းကလဲ လေးပါး၊ အဲဒီ လေးပါးက ဘယ်လိုလဲဆိုတော့— "ပါပါ နိဝါရေတိ၊ ကလျာဏေ နိဝေသေတိ၊ အဿုတံ သာဝေတိ၊ သဂ္ဂဿ မဂ္ဂံ အာစိက္ခတိ၊ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အတ္ထက္ခာယီ မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော"။

ပါပါ၊ မကောင်းမှု။ နိဝါရေတိ၊ တားမြစ်တတ်၏။ (ကိုယ်ကမကောင်းတာလုပ်လို့ရှိယင် ကိုယ့်မိတ်ဆွေက– မိတ်ဆွေ....မကောင်းဘူး၊ ဒီ အလုပ်မလုပ်ပါနဲ့လို့ တားဆီးလေ့ရှိတယ်၊ မရ–ရအောင်တားတယ်၊) ကလျာဏေ၊ ကောင်းသောအရာ၌။ နိဝေသေတိ၊ သွတ်သွင်း၍ပေး၏။ (ဥပုသ်စောင့်ဘို့၊ တရားနာဘို့၊ တရားအားထုတ်ဘို့တိုက်တွန်းပေးတယ်၊) အဿုတံ၊ မကြားမနာဘူးသေးသည်ကို။ သာဝေတိ၊ ကြားနာစေ၏။ (မသိသေးတာကို သိအောင် ပြောပေးတယ်၊ မတတ်သေးတာကို တတ်အောင်သင်ကြားပေးတယ်၊) သဂ္ဂဿ၊ နတ်ပြည်၏။ မဂ္ဂံ၊ လမ်းကြောင်းကို။ အာစိက္ခတိ၊ ပြောကြားပေးတတ်၏။

ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံတဲ့မိတ်ဆွေကို အတ္ထက္ခာယီမိတ်ကောင်းလို့ခေါ်တယ်တဲ့၊ ပေါင်းရမယ့် ကလျာဏမိတ္တ။

အနုကမ္ပကမိတ်ဖြစ်ခြင်း အကြောင်း ၄–ပါး ပြီးတော့ အနုကမ္ပကမိတ် – အစဉ် စောင့်ရှောက်သနားတတ်တဲ့ မိတ်ဆွေဖြစ်ခြင်း အကြောင်းတရားလေးပါးက ဘာလဲ– "အဘဝေနဿ န နန္ဒတိ၊ ဘဝေနဿ နန္ဒတိ၊ အဝဏ္ဏံ ဘဏမာနံ နိဝါရေတိ၊ ဝဏ္ဏံ ဘဏမာနံ ပသံသတိ၊ ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အနုကမ္ပကော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော"။

အဿ၊ ထို ကိုယ့်မိတ်ဆွေအား။ အဘဝေန၊ ဥစ္စာပစ္စည်း ပညာဗဟုသုတ မတိုးတက်သဖြင့်။ န နန္ဒတိ၊ မနှစ်သက်။ အဿ၊ ထိုကိုယ့်မိတ်ဆွေ၏။ ဘဝေန၊ ကြီးပွားတိုးတက်လာသဖြင့်။ နန္ဒတိ၊ နှစ်သက်ဝမ်းမြောက်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို။ ဘဏမာနံ၊ ပြောကြားသည်ရှိသော်။ နိဝါရေတိ၊ တားမြစ်တတ်၏။ (ကိုယ့်မိတ်ဆွေကို သူတပါးတို့က မကောင်းကြောင်းကိုယ့်ရှေ့လာပြောယင် မိတ်ဆွေဒီလိုမပြောပါနဲ့၊ ဒီလူဟာလူကောင်းတယောက်ဖြစ်ပါတယ်၊ အဲဒီလို တားမြစ်တယ်၊) ဝဏ္ဏံ ဘဏမာနံ၊ ကိုယ့်မိတ်ဆွေကို ချီးမွမ်းစကား ပြောကြားသည်ရှိသော်။ ပသံသတိ၊ ချီးမွမ်းတတ်၏။

ဒီအင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့မိတ်ဆွေကို အနုကမ္ပကမိတ်– မိတ်ကောင်းတဲ့။

အခုပြောခဲ့ပြီးတဲ့ မိတ်ဆွေကောင်း၊ နောက်ကပြောခဲ့တဲ့ မိတ်ဆွေဆိုး အဲဒီနှစ်မျိုးကို ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများက ခွဲခြားနားလည်ထားကြပြီးတော့မှ ဘုန်းကြီးတို့ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော် မူလပရိယာယဝဂ် သလ္လေခသုတ် (စာမျက်နှာ–၅၂) မှာ ဘယ့်နှယ်ပြောထားသလဲ–

ပဝေ ပါပမိတ္တာ ဘဇိဿန္တိ၊ မယ မေတ္တ ကလျာဏမိတ္တာ ဘဇိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောသူတို့သည်။ ပါပမိတ္တာ၊ မကောင်းသော မိတ်ဆွေတို့ သည်။ ဘဇိဿန္တိ၊ ဖြစ်ကြပါစေကုန်မူ။ မယံ၊ ငါတို့သည်။ ဧတ္ထ၊ ဤနေရာ၌။ ကလျာဏမိတ္တာ၊ ကောင်းသောမိတ်ဆွေတို့သည်။ ဘဇိဿာမ၊ဖြစ်ကြပါကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ခေါင်းပါးခြင်းကို။ ကရဏီယော၊ ပြုအပ်၏။

ဟော—အခုနင်က မိတ်ဆွေကောင်း, မိတ်ဆွေဆိုး လေးမျိုး ခွဲထားတယ် မဟုတ်လား၊ သူတပါးတွေကို ဘယ်လောက်ဘဲ မိတ်ဆွေဆိုးနေနေ, ပေါင်း သင်းဆက်ဆံနေနေ ကိုယ့်အပြစ်တဲ့၊ မိမိတို့ကတော့ဖြင့် ကောင်းတဲ့မိတ်ဆွေကို သာလျှင် ရွေးချယ်ပြီးတော့ ပေါင်းသင်းဆက်ဆံတဲ့ ပုဂ္ဂိုလ်ဖြစ်ရလိမ့်မယ်— လို့ ဒီလိုကျင့်ပေးရမယ်တဲ့—မူလပဏ္ဏာသပါဠိတော်မှာ။

ဒါဖြင့် မိတ်ဆွေကောင်းကို ပေါင်းပြီ၊ ပေါင်းတော့ ဘာအကျိုးတွေရမလဲ ဆိုတော့-သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ်မှာလဲ ပါပါတယ်၊ နေပြီးတော့ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ကောသလသံယုတ် မှာလဲဘဲ ဒီ အကြောင်းပါ တယ်၊ သူက ဘာပြောသလဲဆိုယင် အရှင်အာနန္ဒာသည် ဆိတ်ငြိမ်ရာချဉ်းကပ်ပြီး တော့ နေရင်းအကြံတခုဖြစ်တယ်၊ ဘယ်လိုအကြံဖြစ်သလဲ ဆိုတော့—

မဂ်ဉာဏ်ကိုမိတ်ဆွေကောင်းကြောင့် တဝက် ရသည် ဟုတ်ပါသလော

အယံ သမဏဓမ္မောနာမ ဩဝါဒကေ အနုသာသကေ ကလျာဏမိတ္တေ သတိ ပစ္စတ္တပုရိသကာရေ ဌိတဿ သမ္ပဇ္ဇတိ၊ ဥပဍ္ဎံ ကလျာဏမိတ္တတော ဟောတိ၊ ဥပဍ္ဎံ ပစ္စတ္တပုရိသကာရတောတိ။[၁]

အယံ သမဏဓမ္မောနာမ၊ ဤရဟန်းတော်တို့ သိအပ်သော လောကုတ္တရာ တရားမည်သည်ကား။ ဩဝါဒကေ၊ ဆုံးမတတ်သော။ အနုသာသကေ၊ အကြိမ် ကြိမ်အထပ်ထပ်ဆုံးမတတ်သော။ ကလျာဏမိတ္တေ၊ ကောင်းသောမိတ်ဆွေသည်။ သတိ၊ ရှိသော်။ ပစ္စတ္တပုရိသကာရေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်မှု၌။ ဌိတဿ၊ တည်သောပုဂ္ဂိုလ်အား။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ ဥပဍ္ဎံ၊ ထက်ဝက်သည်။ ကလျာဏမိတ္တတော၊ မိတ်ဆွေကောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ ဥပဍ္ဎံ၊ ထက်ဝက်သည်။ ပစ္စတ္တပုရိသကာရတော၊ ကျင့်ကြံကြိုးကုတ်အားထုတ်မှုကြောင့်၊ ဝါ-ကျင့်ကြံကြိုးကုတ်အားထုတ်သောပုဂ္ဂိုလ်ကြောင့်။ ဟောတိ၊ ဖြစ်၏။

၁။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ စာမျက်နှာ—၁၄၃။

အရှင်အာနန္ဒာက သူစဉ်းစားတယ်၊ မြတ်စွာဘုရား သာသနာတော်မှာ သောတာပတ္တိမဂ်ဉာဏ်ကို ရတယ်ဆိုတာ ကလျာဏမိတ်ဆွေကြောင့် တဝက်၊ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်ကြောင့် တဝက်၊ ဒီလိုဘဲ သောတာပတ္တိမဂ်ဉာဏ်ကို ရတယ်၊ ဒီတော့ ဒီသာသနာတော်မှာ ရဟန်းတရားကို ရအောင်ကြိုးစား အားထုတ်တယ်ဆိုတာ မိတ်ဆွေကောင်းက တဝက်ပါတယ်။ တဝက်ကိစ္စ ပြီးယင် ကိုယ့်အတွက်က တဝက်ကိစ္စပြီးမယ်၊ ဒီလိုမဟုတ်လား၊ ဒါပေမဲ့ အရှင်အာနန္ဒာက ဘယ်လိုဆက် စဉ်းစားသလဲ—

အဟံ ပဒေသဉာဏေ ဌိတော နိပ္ပဒေသံ စိန္တေတုံ န သက္ကောမိ၊ သတ္ထာရံ ပုစ္ဆိတွာ နိက္ကင်္ခေါ ဘဝိဿာမီတိ။

အဟံ၊ ငါသည်။ ပဒေသဉာဏေ၊ တစိတ်တဒေသသောဉာဏ်၌။ ဌိတော၊ တည်လျက်။ နိပ္ပဒေသံ၊ အကြွင်းအကျန်မရှိသော အသိဉာဏ်ကို။ စိန္တေတုံ၊ ကြံစည်ခြင်းငှာ။ န သက္ကောမိ၊ မစွမ်းနိုင်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိတွာ၊ မေးလျှောက်၍။ နိက္ကင်္ခေါ၊ ယုံမှားကင်းခြင်းသည်။ ဘဝိဿာမိ၊ ဖြစ်ရပေတော့အံ့။

အခု ငါစဉ်းစားနေတာဟာတဲ့ ဒီ သာသနာတော်မှာ မိတ်ဆွေကောင်း ကြောင့် တဝက်၊ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်ကြောင့်တဝက် ကိစ္စပြီးတယ်၊ ငါဒီလို စဉ်းစားမိတယ်၊ ငါစဉ်းစားတာဟာ မှန်ချင်မှ မှန်မယ်၊ မြတ်စွာ ဘုရားကို လျှောက်ကြည့်အုံးမယ်ဆိုပြီးတော့ မြတ်စွာဘုရားထံ သွားလျှောက် တယ်၊ ဘယ့်နှယ်လျှောက်သလဲ ပါဠိတော်မှာ—

ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယဿ၊ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏ သဟာယတာ ကလျာဏသမ္ပဝင်္ကတာတိ။[၁]

ဘန္တေ၊ အရှင်မြတ်ဘုရား။ ယဒိဒံ ကလျာဏမိတ္တတာ၊ အကြင်ကောင်း သော အဆွေခင်ပွန်း ရှိသည်၏ အဖြစ်သည်။ ယဒိဒံ ကလျာဏ သဟာယတာ၊ အကြင်ကောင်းသော အပေါင်းအဖော်ရှိသည်၏အဖြစ်သည်။ ယဒိဒံ ကလျာဏ- သမ္ပဝင်္ကတာ၊ အကြင်ကောင်းသော မိတ်ဆွေကို ညွတ်ကိုင်းသော စိတ်ရှိသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤကောင်းသောမိတ်ဆွေ ခင်ပွန်းရှိသော ကလျာဏမိတ္တအဖြစ်သည်။ ဗြဟ္မစရိယဿ၊ သာသနာတော်တည်း ဟူသော မြတ်သောအကျင့်၏။ ဥပဍ္ဎံ၊ ထက်ဝက်ကိစ္စပြီးပါပေ၏။

၁။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော် စာမျက်နှာ-၈၈။

အရှင်ဘုရား .... သာသနာတော်မှာ မိတ်ကောင်း ဆွေကောင်း ဆိုတာ သာသနာတော်အတွက် တဝက်ကိစ္စပြီးပါတယ်လို့ ဒီလိုထင်ပါတယ် ဘုရားလို့- လျှောက်တယ်။

မဂ်ဉာဏ်ကို မိတ်ဆွေကောင်းကြောင့်သာ အပြည့်အစုံရရှိပုံ

ဒီတော့ မြတ်စွာဘုရားက ဘယ့်နှယ် ပြန်ပြီး မိန့်တော်မူလိုက်လဲဆိုတော့-

> မာ ဟေဝံ အာနန္ဒ၊ မာ ဟေဝံ အာနန္ဒ၊ သကလမေဝ ဟိဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဧဝံ၊ ဤသို့။ မာ အဝစ၊ မပြောနှင့်။ ယဒိဒံ ကလျာဏမိတ္တတာ၊ အကြင်ကောင်းသော အဆွေခင်ပွန်းရှိသည်၏အဖြစ်သည်။ ယဒိဒံ ကလျာဏသဟာယတာ၊ အကြင်ကောင်းသော အဖော်သဟဲရှိသည်၏အဖြစ်သည်။ ယဒိဒံ ကလျာဏသမ္ပဝင်္ကတာ၊ အကြင်ကောင်းသော မိတ်ဆွေကို ညွတ်ကိုင်းခြင်းသဘောရှိသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤမိတ်ဆွေကောင်း၏အဖြစ်သည်။ ဗြဟ္မစရိယံ-ဗြဟ္မစရိယဿ၊ မြတ်သော အကျင့်၏။ သကလမေဝ၊ အလုံးစုံသောအကျိုးကိစ္စကိုသာလျှင်ပြီးစေ၏။

ထက်ဝက် ကိစ္စပြီးတာ မဟုတ်ဘူးတဲ့၊ ကလျာဏမိတ္တ- မိတ်ကောင်း ဆွေကောင်းရှိတယ်ဆိုတာ တဝက်သာ ကိစ္စပြီးတာမဟုတ်ဘူး၊ သာသနာအတွက် အလုံးစုံကိစ္စတွေ ပြီးနိုင်တယ်-တဲ့။

> မမံ ဟိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ၊ ဇရာဓမ္မာ သတ္တာ ဇရာယ ပရိမုစ္စန္တိ၊ ဗျာဓိဓမ္မာ သတ္တာ ဗျာဓိတော ပရိမုစ္စန္တိ၊ မရဏဓမ္မာ သတ္တာ မရဏေန ပရိမုစ္စန္တိ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသဓမ္မာ သတ္တာ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသေဟိ ပရိမုစ္စန္တိ။[၁]

အာနန္ဒ၊ အာနန္ဒာ။ ကလျာဏမိတ္တံ၊ ကလျာဏမိတ်ဆွေဖြစ်သော။ မမံ ဟိ၊ ငါဘုရားကိုသာလျှင်။ အာဂမ္မ၊ အမှီပြုကြ၍။ ဇာတိဓမ္မာ၊ ပဋိသန္ဓေနေခြင်း သဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်း သဘောမှ။ ပရိမုစ္စန္တိ၊ လွတ်မြောက်ကြရလေကုန်၏။ ဇရာဓမ္မာ၊ အိုခြင်း သဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်၊ ဇရာယ၊ အိုခြင်းမှ။ ပရိမုစ္စန္တိ၊

၁။ သံ၊ သဂါထာဝဂ္ဂသံယုတ် ပါဠိတော် စာမျက်နှာ-၈၈။

လွတ်မြောက်ကြကုန်၏။ဗျာဓိဓမ္မာ၊ နာခြင်းသဘောရှိကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ ဗျာဓိတော၊ နာခြင်းသဘောမှ။ ပရိမုစ္စန္တိ၊ လွတ်မြောက်ကြကုန်၏။ မရဏဓမ္မာ၊ သေခြင်းသဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။မရဏေန၊ သေခြင်းမှ။ ပရိမုစ္စန္တိ၊ လွတ်မြောက်ကြရလေကုန်၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ ဓမ္မာ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပင်ပန်းခြင်းသဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသေဟိ၊စိုးရိမ်ပူဆွေးခြင်း,ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပင်ပန်းခြင်းတို့မှ။ပရိမုစ္စန္တိ၊ လွတ်မြောက်ကြရလေကုန်၏။

ချစ်သားအာနန္ဒာ–တဲ့၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့မှ လွတ်မြောက်ကြရတယ်တဲ့၊ ဒီလိုမြတ်စွာဘုရား ဟောထားတယ်။ အဲဒီလွတ်ပုံကို ဘုန်းကြီးနောက်ပိုင်းကျတော့ ဟောမယ်၊ ကလျာဏမိတ္တပိုင်းက မကုန်သေးဘူး။

ကလျာဏမိတ္တကြောင့် အကျိုးများပုံ

တခါ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကလျာဏမိတ္တကို မှီဝဲဆည်းကပ်ရတဲ့အတွက် အကျိုးများပုံကလေးကို ပြောထားတာ ရှိသေးတယ်၊ အင်မတန် မှတ်သားစရာကောင်းတယ်၊ အဲဒါကို ဘုန်းကြီးတို့ ပရိသတ် နာကြအုံး။

> နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ယေန၊ အကြင်သဘောတရားကြောင့်။ အနုပ္ပန္နာ မဖြစ်သေးကုန်သော။ကုသလာ ဓမ္မာဝါ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာတတ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ခဲ့ကုန်ပြီးသော။ အကုသလာဓမ္မာဝါ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ပျက်ပြားဆုတ်ယုတ်ကြလေကုန်၏။ တတော၊ ထိုသဘောတရားမှ။ အညံ၊ တပါးသော။ ဧက ဓမ္မမ္ပိ၊ တခုသော တရားကိုမျှလည်း။ န သမနုပဿာမိ၊ ကြည့်၍ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤမဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ခြင်း,

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပ-တွဲ စာမျက်နှာ-၁၂။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ ပျက်စီးခြင်းဟူသော အကြောင်းသည်။ ယထာ—ကတမေ၊ အဘယ်နည်း။ ကလျာဏမိတ္တတာ၊ ကောင်းသော အဆွေခင်ပွန်းရှိသော အဖြစ်ကြောင့်ပေတည်း။

တနည်း–ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ ကလျာဏမိတ္တတာ၊ အကြင်ကောင်းသော အဆွေခင်ပွန်းရှိသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကောင်းသော မိတ်ဆွေ ရှိသည်၏ အဖြစ်ကြောင့်။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ ကုသလာဓမ္မာ ဝါ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကြလေကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ အကုသလာ ဓမ္မာ ဝါ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကြလေကုန်၏။

ချစ်သားတို့....မိတ်ဆွေကောင်းရှိတဲ့ ပုဂ္ဂိုလ်သည် မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ပြီးတော့ နဂိုက ဖြစ်ပြီးသော အကုသိုလ်တွေ ပျက်စီးကုန်တယ်–မိတ်ဆွေကောင်းကြောင့်၊ အဲဒီမဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်ပြီးတော့ ဖြစ်ပြီးတဲ့ အကုသိုလ်တွေ ပျက်စီးတယ်ဆိုတဲ့ နေရာမှာ ကလျာဏမိတ်ဆွေလို့ ခေါ်တဲ့ မိတ်ဆွေကောင်းမှတပါး အခြားသောတရားကို ငါဘုရားကြည့်၍ မမြင်ဘူး—တဲ့။

> ကလျာဏမိတ္တဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကလျာဏမိတ္တဿ၊ ကောင်းသောမိတ်ဆွေရှိသော ပုဂ္ဂိုလ်အား။ အနုပ္ပန္နာ၊ မဖြစ်ပေါ်သေးကုန်သော။ ကုသလာဓမ္မာစေဝ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍လာကြကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်ပြီးသော။ အကုသလာဓမ္မာစ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ပျက်ပြားဆုတ်ယုတ်ကြလေကုန်၏။

ကလျာဏမိတ္တကို ပေါင်းသင်းဆက်ဆံရခြင်းကြောင့် ကိုယ့်မှာမဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်တယ်၊ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီးကုန်တယ်၊ ဘယ်လောက်နေရာကျသလဲ၊ ဒါ ကလျာဏမိတ္တတန်ခိုး၊ ဒါ အင်္ဂုတ္တိုရ်ပါဠိတော်။

ကလျာဏမိတ္တအင်္ဂါ ၇–ပါး ကောင်းပြီ၊ ဘဝအကျိုး များစေခြင်းငှာ ကလျာဏမိတ္တရဲ့ အင်္ဂါတွေဟာ ဘာတွေလဲ ဆိုတော့ ကလျာဏမိတ္တရဲ့ အင်္ဂါခုနစ်မျိုးရှိတယ်၊ အဲဒီ ကလျာဏမိတ္တအင်္ဂါ ခုနစ်မျိုးကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ

မှတ်သားတတ်အောင်, ရွေးချယ်တတ်အောင် ကမ္မဋ္ဌာန်းဆရာရွေးတယ်လို့ဆိုတာ တနည်းပြောယင် အဲဒါ ကမ္မဋ္ဌာန်းဆရာ၏ အင်္ဂါခုနစ်ပါးလို့ ဒီလိုခေါ်ပါတယ်။

"မိမိက ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းနေတယ်၊ ပွားများနေတယ်၊ အားထုတ်နေတယ်၊ ဘယ်လိုကမ္မဋ္ဌာန်းဆရာမျိုးကို မှီဝဲဆည်းကပ် အားထုတ်ရမလဲ၊ မိမိရဲ့ကမ္မဋ္ဌာန်းဆရာသည် ဘယ်လိုဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံရမလဲဆိုတာကို ရွေးချယ်တတ်ဘို့ရန်အတွက် အဲဒီ ကလျာဏမိတ္တ အင်္ဂါခုနစ်ပါးကိုပြောကြစို့၊ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ်မှာ ဘာပြောထားသလဲဆိုတော့—

သတ္တဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ မိတ္တော၊ မိတ်ဆွေကို။ သေဝိတဗ္ဗော၊ ပေါင်းသင်းဆက်ဆံမှီဝဲအပ်၏။

အင်္ဂါ ၇–ပါးရှိတယ်၊ ဘာတွေလဲ—

ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယှ မဿ အာဝိကရောတိ၊ ဂုယှ မဿ ပရိဂူဟတိ၊ အာပဒါသု န ဇဟာတိ၊ ခီဏေန နာတိမညတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ သတ္တဟိ အင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ မိတ္တော၊ မိတ်ဆွေကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။ ကတမေ ဟိ သတ္တဟိ၊ ခုနစ်ပါးသောအကြောင်းကဘာလဲ—

ဒုဒ္ဒဒံ၊ ပေးနိုင်ခဲသည်ကို။ ဒဒါတိ၊ ပေးတတ်၏။ ဒုက္ကရံ၊ ခဲယဉ်းသော အမှုကိစ္စကို။ ကရောတိ၊ ပြုလုပ်၍ပေးတတ်၏။ ဒုက္ခမံ၊ သည်းခံနိုင်ခဲသည်ကို။ ခမတိ၊ သည်းခံတတ်၏။ အဿ၊ ထိုသူ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သော အကြောင်းကို။ အာဝိကရောတိ၊ မိမိကိုထင်စွာပြောကြားတတ်၏။အဿ၊ ထိုမိတ်ဆွေအား။ ဝါ၊ ထိုမိတ်ဆွေ၏။ ဂုယှံ၊လျှို့ဝှက်အပ်သောအကြောင်းကို။ ပရိဂူဟတိ၊ လျှို့ဝှက်၍ပေးတတ်၏။ (၅–ခု)အာပဒါသု၊ ဘေးရန်တို့ကြောင့်။ န ဇဟာတိ၊ မစွန့်။ (ဘေးရန်အန္တရာယ်တွေ ဘယ်လောက်ဘဲဝိုင်းနေနေ သူကမစွန့်ဘူး၊) ခီဏေန၊ဥစ္စာပစ္စည်း,ရာထူးဂုဏ်သိမ်လျော့ကျကုန်ဆုံးသဖြင့်။နာတိမညတိ၊ မထီမဲ့မြင်မပြုတတ်။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် စာမျက်နှာ–၄၂၁။

H 646—15 [ဟံသာဝတီ]

မိတ်ဆွေဆိုတာ ရာထူးရှိတုန်း, ပစ္စည်းရှိတုန်းသာပေါင်းနေတာ၊ ပစ္စည်းလဲ မရှိ, ရာထူးလဲပြုတ်သွားရော၊ ဘယ်သူမှ ကယ်မဲ့လူမရှိတော့ဘူး။ ဒါ မိတ်တု၊ မပေါင်းရဘူးတဲ့-ဟုတ်လား၊ (မှန်ပါ) နို့-မိတ်ဆွေကောင်းကတော့ဘယ်လိုလဲ ပစ္စည်းရှိရှိ မရှိရှိ, ရာထူးရှိရှိ မရှိရှိ၊ အဲဒါ ချစ်ချစ်ခင်ခင်ပေါင်းသင်းဆက်ဆံနေတယ်၊ ဘယ်တော့မှ မစွန့်ဘူး။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ ဣမေဟိအင်္ဂေဟိ၊ ဤအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ မိတ္တော၊ မိတ်ဆွေကို။ သေဝိတဗ္ဗော၊ မှီဝဲဆည်းကပ်အပ်၏။

ဒီ အင်္ဂါခုနစ်ပါးနဲ့ ပြည့်စုံတဲ့မိတ်ဆွေကို ပေါင်း-တဲ့၊ ဒါ မိတ်ဆွေကောင်း လောကရေးအတွက်ဟောဒါ။

မှီဝဲသင့်သော ကမ္မဋ္ဌာန်း ဆရာ၏အင်္ဂါ ၇-ပါး

ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်မယ်ဆိုတော့ မိတ်ဆွေကောင်းစွာရတော့မယ်၊ အဲဒီ အင်္ဂါခုနစ်ပါးနဲ့ ပြည့်စုံတဲ့မိတ်ဆွေကောင်း ဆရာကောင်း ကမ္မဋ္ဌာန်းဆရာကို ရှာပါတဲ့- မြတ်စွာဘုရားက၊ ဘာလဲ-

သတ္တဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု မိတ္တော သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော အပိပနုဇ္ဇမာနေနပိ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခုမိတ္တော၊ အဆွေခင်ပွန်းရဟန်းကို။ အပိပနုဇ္ဇမာနေနပိ၊ မောင်းမဲနှင်ထုတ်ပါသော်လည်း။ သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော၊ မှီဝဲဆည်းကပ် အသိအမှတ်ပြုအပ်၏။

အဲဒီ အင်္ဂါ ၇-ပါးနဲ့ ပြည့်စုံတဲ့ မိတ်ဆွေဆိုယင်-တဲ့ မောင်းမဲကြိမ်းမောင်း လွှတ်တောင် မသွားရဘူး-တဲ့၊ မှီဝဲပြီးတော့ ဆည်းကပ်ပေတော့၊ ဘယ်လို အင်္ဂါတွေလဲ ဆိုတော့-

ပိယော စ ဟောတိ မနာပေါ စ ဂရု စ ဘာဝနီယော စ ဝတ္တာ စ ဝစနက္ခမော စ ဂမ္ဘီရဉ္စ ကထံ ကတ္တာ ဟောတိ၊ နော စ အဋ္ဌာနေ နိယောဇေတိ။ ဣမေဟိ ခေါ ဘိက္ခဝေ သတ္တဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု မိတ္တော သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော အပိပနုဇ္ဇမာနေန ပိ။[၂]

၁။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် စာမျက်နှာ-၄၂၂။
၂။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် စာမျက်နှာ-၄၂၂။

အဲဒီ အင်္ဂါ ၇–ပါးက ဘာတွေလဲ ဆိုတော့—

ပိယော၊ သီလဂုဏ်ကျေးဇူးကြောင့် ချစ်ခင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ မနာပေါ၊ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဂရု၊ အလေးပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘာဝနီယော၊ လောကုတ္တရာတရားကို မိမိသန္တာန်မှာ တိုးပွားအောင် ပြုလုပ်ပေးတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝတ္တာ၊ အကျိုးအကြောင်းကို နည်းလမ်းပြ၍ ဆိုဆုံးမတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝစနက္ခမော၊ သူတပါးတို့ဆုံးမသည်ကို သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရံ၊ နက်နဲ ခက်ခဲလှစွာသော သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားနှင့်စပ်သော။ ကထံ၊ စကားကို။ ကတ္တာ၊ ပြောပေး တတ်သည်။ ဟောတိ၊ ဖြစ်၏။ အဋ္ဌာနေ၊ မသင့်လျော်သော အရာဌာန၌။ နောစနိယောဇေတိ၊ မတိုက်တွန်းတတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ သတ္တဟိ ဓမ္မေဟိ၊ ဤခုနစ်ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခုမိတ္တော၊ အဆွေခင်ပွန်းရဟန်းကို။ အပိ ပနုဇ္ဇမာနေနပိ၊ မောင်းမဲ နှင်ထုတ်ပါသော်လည်း။ သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော၊ မှီဝဲဆည်းကပ်ပေါင်းသင်းဆက်ဆံအပ်၏။

အဲဒီ အင်္ဂါ ၇–ပါးနဲ့ ပြည့်စုံတဲ့ မိတ်ဆွေဆိုယင်, ဆရာသမားဆိုယင် ဘယ်လိုဘဲ မာန်မာန် ဘယ်လိုဘဲကြိမ်းကြိမ်း ဘယ်လိုဘဲကြိမ်းမောင်းလုပ်လုပ် ရိုက်ရိုက်နှက်နှက် ခြေသလုံးသာဖက်ထား–တဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဆရာသမားက ဘယ်လောက်ဘဲ သီလဂုဏ်,သမာဓိဂုဏ်နဲ့ပြည့်စုံနေနေ ဘယ်လောက်ဘဲ နည်းလမ်းမှန်တဲ့ တရားတွေပြထားထား၊ တချက်လောက် ငေါက်လိုက်ယင် သွားရော ဟုတ်လား ၊ (မှန်ပါဘုရား)

အဲဒီ အင်္ဂါနဲ့ ပြည့်စုံတဲ့မိတ်ဆွေမျိုးအတွက် မောင်းမဲမာန်ထုတ်ပေမဲ့ မသွားရဘူး။

(၁) သီလနှင့်ပြည့်စုံခြင်းကြောင့် ချစ်ခင်မြတ်နိုးအပ်တဲ့ ပိယမနာပဂုဏ်၊
(၂) သီလဂုဏ်ကြောင့် အလေးပြုထိုက်တဲ့ဂရုဂုဏ်၊
(၃) တရားတော်ကို တိုးပွားစေတတ်တဲ့ ဘာဝနီယဂုဏ်၊
(၄) နည်းလမ်းကောင်းပြပြီးတော့ ကျကျနန ဆုံးမဩဝါဒပေးတတ်တဲ့ ပါဠိတော်နှင့်အညီ အဋ္ဌကထာနှင့်အညီ နိကာယ်ငါးရပ်ပါဠိတော်တွေနှင့်အညီ နည်းလမ်းပြပေးတတ်ကယ်ဆိုတဲ့ ဝတ္တာဂုဏ်၊
(၅) သူတပါးက နည်းလမ်းပြပြီးတော့ ဆုံးမသည်ကို ခံယူခြင်းငှာစွမ်းနိုင်တယ်ဆိုတဲ့ ဝစနက္ခမဂုဏ်၊

(၆) ပဋိစ္စသမုပ္ပါဒ်နှင့်စပ်၍ သစ္စာလေးပါးနှင့်ပတ်သက်၍ ခက်ခက်ခဲခဲ သိမ်သိမ်မွေ့မွေ့ တရားအလုပ်ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား ဟောကြားဖော်ပြပေးနိုင်တဲ့ ဂမ္ဘီရဉ္စကထံကတ္တာဂုဏ်၊

(၇) မိမိရဲ့သတိကို မသင့်လျော်သောနေရာဌာနတို့၌ တိုက်တွန်းမပေးလိုသည့်သတိလို့ခေါ်တဲ့ နောစဋ္ဌာနေ နိယောဇကဆိုတဲ့ဂုဏ်၊

ဤ ဂုဏ်ခုနစ်ပါးနှင့် ပြည့်စုံတဲ့ တရားသမားဆိုယင် ရိုက်ချင်ရိုက်ပါစေ, မောန်ချင်မောန်ပါစေ, ကြိမ်းချင်ကြိမ်းပါစေ မစွန့်နိုင်တဲ့ဟာတ်လား၊ နောက်တနည်း ကလျာဏမိတ္တရဲ့အင်္ဂါဆိုပြီး ဂါထာကလေး ဟောဒီက အင်္ဂုတ္တိုရ်က သူက စီထားတယ်။

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စ ဋ္ဌာနေ နိယောဇကော။
ယမှိ ဧတာနိ ဌာနာနိ၊ သံဝိဇ္ဇန္တိဓ ပုဂ္ဂလေ။
သော မိတ္တော မိတ္တကာမေန၊ အတ္ထကာမာနုကမ္ပတော။
အပိ နာသိယမာနေန၊ ဘဇိတဗ္ဗော တထာဝိဓော။[၁]

ဒီဂါထာဖြင့်ဒီသုတ္တန်ကို ဒီလိုနိဂုံးချုပ်ထားတယ်။

ပိယော၊ သီလရှိသည်ဖြစ်၍ ချစ်အပ်သည့်ရင်း။ ဂရု၊ ကျောက်ထီးအတူ အလေးမူအပ်သည့်ရင်း။ ဘာဝနီယော၊ ချီးမွမ်းထိုက်သည့်ရင်း။ ဝတ္တာစ ကဲ့ရဲ့ပြစ်တင်ဆုံးမချင်တတ်သည့်ရင်း။ ဝစနက္ခမော စ၊ ပြစ်တင်ကဲ့ရဲ့သူဆုံးမခဲ့သော်လည်း မရှုံ့မစောင်း ကောင်းကောင်းသည်းခံနိုင်သည့်ရင်း။ ဂမ္ဘီရဉ္စကထံ၊ သုတပြည့်စုံသဖြင့် သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည်နှင့်စပ်သော နက်နဲသောတရားစကားကို။ ကတ္တာ၊ ဟောပြောတတ်သည့်ရင်း။ ဟောတိ၊ ဖြစ်၏။ အဋ္ဌာနေ၊ စီးပွားမရှိသည့်၌။ နောစနိယောဇကော၊ သဒ္ဓါ, စာဂ, ဝီရိယ, ဓိတိ, သတိ, ပညာတို့နှင့်ပြည့်စုံသည်ဖြစ်၍ မယှဉ်စေတတ်။ ဣဓ၊ ဤလောက၌။ ဧတာနိဋ္ဌာနာနိ၊ ထိုခုနစ်ပါးသောအကြောင်းတို့သည်။ ယမှိပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ သံဝိဇ္ဇန္တိ၊ ထင်ရှားမသေ့ရှိသည်ဖြစ်ပေကုန်အံ့။ တထာဝိဓော၊ ထိုသို့ သဘောသဘောရှိသော။ သောမိတ္တော၊ ထိုမိတ်ဆွေကောင်းကို။ နာသိယမာနေန အပိ၊ မောင်းမဲနှင်ထုတ်အပ်သော်လည်း။ အတ္ထကာမာနုကမ္ပတော၊ မိမိ၏ အကျိုးစီးပွားကို လိုလားစောင့်ရှောက်သောအားဖြင့်။ မိတ္တကာမေန၊ မိတ်ဆွေကောင်းကလျာဏမိတ္တကို အလိုရှိသောသူသည်။ ဘဇိတဗ္ဗော၊ အမြဲမပြတ် သတိချပ်၍ ဆည်းကပ်သောထွေနေအပ်ပေ၏။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် စာမျက်နှာ–၄၂၂။

"ကလျာဏမိတ္တထက်" ကောင်းတဲ့အင်္ဂါမရှိ

ဒီကလျာဏမိတ္တနဲ့ပတ်သက်ပြီးတော့ ဣတိဝုတ္တကပါဠိ တော်မှာ ဟောထားတာရှိပါသေးတယ်၊ ပြောအုံး မယ်- ဘယ်လိုဟောထားသလဲဆိုတော့ "သေခဿ ဘိက္ခဝေ ဘိက္ခုနော အပ္ပတ္တမာနသဿ အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနဿ ဝိဟရတော ဗာဟိရံ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဗဟူပကာရံ။ ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ"။ ၁

ဘိက္ခဝေ၊ ရဟန်းတို့။ သေခဿ၊ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သော။ အပ္ပတ္တမာနသဿ၊ မရောက်သေးသော အရဟတ္တဖိုလ်ရှိသော။ "အနုတ္တရံ၊ အတု မရှိမြတ်သော။ ယောဂက္ခေမံ၊ ယောဂကုန်ရာနိဗ္ဗာန်ချမ်းသာကို"။ ပတ္ထယမာနဿ၊ တောင့်တသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ယဒိဒံ-ကလျာဏမိတ္တတာ၊ ဤကောင်းသော အဆွေခင်ပွန်း ရှိသည်၏ အဖြစ် သည်။ ဗဟူပကာရံ၊ များသောကျေးဇူးရှိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သေခဿ၊ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သော။ အပတ္တမာနသဿ၊ မရောက်သေးသော အရဟတ္တဖိုလ်ရှိသော။ "အနုတ္တရံ၊ မြတ်သော။ ယောဂက္ခေမံ၊ ယောဂ၏ ကုန်ရာ နိဗ္ဗာန်ချမ်းသာကို"။ ပတ္ထယ- မာနဿ၊ တောင့်တသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ (ဝါ—အမျိုးကောင်းသား, အမျိုးကောင်းသမီးအတွက်။) ယံ ဗဟူပကာရံ၊ အကြင် ကျေးဇူးများခြင်းဟု ဆိုအပ်သော။ ဗာဟိရံ၊ အပဖြစ် သော။ အင်္ဂံ၊ အကြောင်းအင်္ဂါတည်း။ ဣတိ ကရိတွာ၊ ဤသို့နှလုံးပြု၍။ ယံ ဗဟူပကာရံ၊ အကြင်ကျေးဇူးများခြင်းဟု ဆိုအပ်သော။ အညံ၊ ကလျာဏ မိတ္တမှ တပါးသော။ ဧကင်္ဂမ္ပိ၊ တခုသော အင်္ဂါကိုမျှလည်း။ အဟံ၊ ငါဘုရား သည်။ န သမနုပဿာမိ၊ ကြည့်၍မြင်တော်မမူ။

ချစ်သားတို့....အရဟတ္တဖိုလ်ပေါက်တရားအားထုတ် တဲ့ပုဂ္ဂိုလ် ဗာဟိရအင်္ဂါ အဖြစ်ဖြင့် ကလျာဏမိတ္တထက် ကောင်းတဲ့အင်္ဂါကို ငါဘုရားကြည့်၍ မမြင် ဘူးတဲ့။

"ကလျာဏမိတ္တော ဘိက္ခဝေ အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ"

ဘိက္ခဝေ၊ ချစ်သားတို့။ ကလျာဏမိတ္တော၊ ကောင်းသော မိတ်ဆွေရှိသော ရဟန်း သည်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွားနိုင်၏။ အဲဒီလို ဟောတော်မူပြီးတဲ့နောက် ဟောဒီဂါထာပုဒ်ကို မြွက်ဆိုဟောကြားတော် မူခဲ့ပါတယ်၊ ဘယ်လိုလဲဆိုတော့—

၁။ ဣတိဝုတ္တကပါဠိတော် စာမျက်နှာ—၂၀၂။

ကလျာဏမိတ္တော ယော ဘိက္ခု၊ သပ္ပတိဿော သဂါရဝေါ။
ကရံ မိတ္တာနံ ဝစနံ၊ သမ္ပဇာနော ပတိဿတော။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ကလျာဏမိတ္တော၊ ကောင်းသောအဆွေခင်ပွန်းရှိ၏။ သပ္ပတိဿော၊ သူတော်ကောင်းတို့၏စကားကို ရိုသေစွာနာခံလေ့ရှိ၏။ သဂါရဝေါ၊ ရိုသေလေးစားခြင်းရှိ၏။ မိတ္တာနံ၊ မိတ်ကောင်း ဆွေကောင်းတို့၏။ ဝစနံ၊ စကားကို။ (ဝါ) ဆုံးမညွှန်ကြား ဩဝါဒစကားကို။ ကရံ၊ လိုက်နာကျင့်သုံးတတ်၏။ သမ္ပဇာနော၊ ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံ၏။ ပတိဿတော၊ ရုပ်နာမ် ဓမ္မသဘာဝ၌ ထင်သောသတိရှိ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ အနုပုဗ္ဗေန၊ သီလ– သမာဓိ– ဉာဏ်ပညာ အစဉ်အားဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ ခပ်သိမ်းသောသံယောဇဉ်တို့၏ ကုန်ခြင်းသို့။ ပါပုဏေ၊ ရောက်၏။

ဤသို့လဲ သဗ္ဗညုမြတ်စွာဘုရားသည် ကလျာဏမိတ္တနှင့် ပြည့်စုံသောကြောင့် ရရှိအပ်သော အရဟတ္တဖိုလ်အကျိုးရှိပုံကို ဟောကြားတော်မူခဲ့ပါတယ်။

တမ္ပဒါဠိက သူသတ် ယောကျ်ားဝတ္ထုသာဓက အဲဒီ ကလျာဏ မိတ္တတွေကြောင့် မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်ပြီးတော့ ဖြစ်ပြီးသားအကုသိုလ်တွေ ပျက်စီးကုန်တယ်ဆိုတာ ဘယ်သူလဲဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ ဘယ်ကြည့်ရမလဲဆိုတော့ ဘုန်းကြီးတို့မြတ်စွာဘုရားလက်ထက်က သူသတ်ယောကျ်ားကြီး တမ္ပဒါဠိကကို သက်သေပြုရမယ်၊ အဲဒီ တမ္ပဒါဠိက သူသတ်ယောကျ်ားကြီးဆိုတာ ခေါးပြဖိုလ်ကြီး၊ ခပ်တိုတိုပြောမယ်ဆိုယင် ရာဇဂြိုဟ်မြို့ လေးပြင်လေးရပ်မှာရှိတဲ့ ခိုးသားပေါင်း နှစ်ထောင်ကို တချိန်ထဲကို သူကသတ်တယ်၊ ဒီတော့ ရှင်ဘုရင်ကသူ့ကို သူသတ်ရာထူးကြီး ပေးပြီးတော့ထားတယ်။

အဲဒီနေ့က စပြီးတော့ တနေ့ကို တယောက်–နှစ်ယောက်, တယောက်–နှစ်ယောက်နဲ့ အမြဲတမ်းသတ်လာခဲ့တာ နှစ်ပေါင်းဘယ်လောက်ကြာသလဲဆိုတော့ ၅၅–နှစ် ကြာတယ်၊ ၅၅–နှစ်အတွင်းမှာ တကြိမ်မှ ကုသိုလ်ကောင်းမှုဆိုတာ မလုပ်ခဲ့ဘူးဘူး၊ သရဏဂုဏ် မဆောက်တည်ခဲ့ဘူးဘူး၊ ဘုရားမှန်း, တရားမှန်း, သံဃာမှန်းမသိခဲ့ဘူးဘူး။

၅၅-နှစ်လုံးလုံး ဘာကိုသာ လုပ်နေရသလဲ–နေ့ရှိသရွေ့ လူတွေကိုဘဲ သတ်နေရတယ်၊ သူတပါးလို ငါးလေးဖားလေးမဟုတ်ဘူး၊ လူတွေကိုချည်း သတ်နေရတယ်၊ တယောက်–နှစ်ယောက်, တယောက်–နှစ်ယောက် အမြဲတမ်းသတ်တယ်၊

၅၅–နှစ် တင်းတင်းပြည့်တော့ ရာထူးချလိုက်တယ်၊ အဲဒီရာထူးချတဲ့နေ့မှာ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တွေနဲ့ အနားယူတဲ့အနေနဲ့ စားသုံးတော့မယ်ဆိုပြီးတော့ ခဲဘွယ်တွေကို စားသုံးနေတဲ့အချိန်မှာ အရှင်သာရိပုတ္တရာမထေရ် ကြွလာတယ်။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကြွလာတော့— "ဩော်–ငါဟာ ၅၅–နှစ်လုံးလုံး မကောင်းတဲ့အလုပ်တွေကို လုပ်နေရတယ်၊ တခါမှလဲ လှူခြင်းတန်းခြင်းမရှိဘူး၊ အရှင်သာရိပုတ္တရာ အခုစားမဲ့သောက်မဲ့ကြုံတုံး ကြွလာတာ ငါလှူအုံးမှ တော်မယ်ဆိုပြီး သူစားမဲ့ ခဲဘွယ်ဘောဇဉ်တွေကို အရှင်သာရိပုတ္တရာ ပင့်ပြီးတော့ ဆွမ်းကပ်တယ်။

သူသတ်ယောကျ်ားကြီး တရား၌ မသက်ဝင်ပုံ ဆွမ်းကပ်ပြီးတော့ အရှင်သာရိပုတ္တရာက ဆွမ်း အနုမောဒနာ တရားဟောတော့ အဲဒီပုဂ္ဂိုလ်ကြီးဟာ တရားမနာနိုင်ဘူး၊ ခန္ဓာကိုယ် တကိုယ်လုံး ပူလောင်ပြီးတော့ အကုသိုလ်တွေက သူ့ကိုနှိပ်စက်လာတော့ ပူလောင်ပြီး တရားမနာနိုင်ဘူး၊ ဒီတော့ အရှင်သာရိပုတ္တရာကလဲ သူ့အကြောင်းသိတယ်– ကလျာဏမိတ္တကျေးဇူးများပုံ၊အရှင်သာရိပုတ္တရာဆိုတဲ့ ကလျာဏမိတ္တကို လှူခွင့်ရတဲ့အတွက် အကုသိုလ်တွေပျောက်ပြီးတော့ ကုသိုလ်ဖြစ်ပုံကို ဟောခဲ့တာ၊ ဒီတော့ အရှင်သာရိပုတ္တရာက ဆွမ်းတကာ တမ္ဗဒါဌိက သူသတ်ယောကျ်ားကြီး မတည်မငြိမ် ဖြစ်နေတာကို အရှင်သာရိပုတ္တရာက သိလို့မေးတယ်။

ဥပါသက ကသ္မာ စိတ္တံ ဒေသနာနုဂံ ကာတုံ န သက္ကောသိ။[၁]

ဥပါသက၊ ဒါယကာ။ တွံ၊ သင်သည်။ ကသ္မာ၊ အဘယ်ကြောင့်။ စိတ္တံ၊ စိတ်ကို။ ဒေသနာနုဂံ၊ တရားတော်၌ သက်ဝင်၍ နာကြားခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောသိ၊ မစွမ်းနိုင်သနည်း။

ဘယ့်နှယ်လဲ–ဥပါသကာ တကာကြီး....ဘုန်းကြီးတရားဟောနေတာ ကျကျနန တရားမနာနိုင်ဘဲနဲ့ တုန်လှုပ်ချောက်ချားပြီးတော့ ဖောက်ဖောက်ပြန်ပြန် ဒေသနာတော်ထဲစိတ်မဝင်စားဘဲ ဘယ်လိုဖြစ်နေတာလဲ–လို့ ရှင်သာရိပုတ္တရာက မေးလိုက်တော့–တကာကြီးက အသက် ၅၅–နှစ်ရှိပါပြီဘုရားတဲ့။

ရှေးကတော့ ၅၅–နှစ်ဆိုယင် အလုပ် လုပ်ကြသေးလား၊ (မလုပ်တော့ပါဘူးဘုရား)အခုလူတွေကတော့ အသက်ကိုလိမ်လိမ်ပြီးတော့ လုပ်ကြတယ်ထင်ပါရဲ့– အသက် ၅၅–နှစ်လဲ လုပ်၊ ၆၀–လဲလုပ်၊ ၇၀–လဲလုပ်၊တချို့များ အနားပေးလိုက်

၁။ ဓမ္မပဒအဋ္ဌကထာ ပထမအုပ် စာမျက်နှာ–၄၀၇။

တာတောင်မှ နေ့စားကလေး ဝင်လုပ်သေး—ဆို၊ ပြောသံကြားတာ ပြောတာနေ၁်၊ အဲဒီ ခေါ်ဖုပ်ကြီးကတော့ဖြင့် တုန်တုန်ရီရီနဲ့ အသက် ၅၅–နှစ်တိုင်အောင် ကုသိုလ်ကောင်းမှု မပြုလုပ်ဘဲနဲ့ ဘာပြုလို့ ဒီလိုဖြစ်နေသလဲလို့ဆိုတော့ တကာကြီးက ဘယ့်နှယ်ပြန်ပြောသလဲ—

ဘန္တေ မယာ ဒီဃရတ္တံ ကက္ခဠကမ္မံ ကတံ၊ ဗဟူ မနုဿာ မာရိတာ၊ တ မဟံ အတ္တနော ကမ္မံ အနုဿရန္တော စိတ္တံ အယျဿ ဒေသနာနုဂံ ကာတုံ နာသက္ခိံ။[၁]

ဘန္တေ၊ အရှင်ဘုရား။ မယာ၊ ဘုရားတပည့်တော်သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ကက္ခဠကမ္မံ၊ ကြမ်းတမ်းသောအမှုတွေကို။ ကတံ၊ ပြုအပ်ခဲ့ပါသည် ဘုရား။ ဗဟူ၊ များစွာကုန်သော။ မနုဿာ၊ လူအပေါင်းတို့ကို။ မာရိတာ၊ သတ်ဖြတ်မိခဲ့ပါကုန်သည်ဘုရား။ (၅၅–နှစ်လုံးလုံး လူတွေကိုသတ်နေခဲ့ရပါသည် ဘုရားတဲ့—ရှင်ဘုရင်က ခိုင်းလို့၊) အဟံ၊ ဘုရားတပည့်တော်သည်။ အတ္တနော၊ မိမိ၏။ တံ ကမ္မံ၊ ထိုအမှုကိစ္စကို။ အနုဿရန္တော၊ အစဉ်အောက်မေ့ သတိရလျက်။ အယျဿ၊ အရှင်ဘုရား၏။ ဒေသနာနုဂံ၊ ဒေသနာတော်သို့ အစဉ်လိုက်သော။ စိတ္တံ၊ စိတ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နာသက္ခိံ၊ မစွမ်းနိုင်ပါဘုရား။

မလိမ့်တပတ်လုပ်၍ အရှင်သာရိပုတ္တရာ တရားဟောခြင်း

အရှင်ဘုရား တရားတွေ နားထဲမဝင်ဘူး ဘုရားတဲ့၊ နောက်က ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံတွေကို တွေးပြီးတော့ စိတ်တွေ ချောက်ချားနေပါတယ်လို့ ဒီလိုလျှောက်တော့– အရှင်သာရိ ပုတ္တရာက မဖြစ်ဘူးဟဲ့ ဒီတကာကြီးတော့ဖြင့် လှည့်အုံးမှဖြစ်မယ်၊ မလိမ့်တပတ် လုပ်အုံးမှဖြစ်မယ်ဆိုပြီး အရှင်သာရိပုတ္တရာက မလိမ့်တပတ်လုပ်တယ် ဟုတ်လား–ဘယ့်နှယ်လုပ်သလဲ၊ "ထေရော ဝဉ္စေဿာမိ န" န္တိ စိန္တေတွာ။ ။ထေရော၊ အရှင်သာရိပုတ္တရာမထေရ်သည်။ နံ၊ ထိုဥပါသကာကြီးကို။ ဝဉ္စေဿာမိ၊ လှည့်ပတ်၍ မလိမ့်တပတ် လုပ်ပေတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံစည်ပြီးတော့–

"ကိံ ပန တွံ အတ္တနော ရုစိယာ အကာသိ၊ အညေဟိ ကာရိတောသိ" လို့ ဒီလိုမေးလိုက်တယ်။

ဥပါသက၊ ဒါယကာ။ တွံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ ရုစိယာ၊ အလို အားဖြင့်။ အကာသိ ကိံ ပန၊ ပြုသည် ဖြစ်သလား။ အညေဟိ၊

၁။ ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ–၄၀၇။

တပါးသောသူတို့သည်။ ကာရိတော၊ ပြုစေအပ်သည်။ ဝါ—စေခိုင်းအပ်သည်။ အသိ ကိံပန၊ ဖြစ်ပါသလား။

တကာကြီး....သူ့အသက်ကို နေ့တိုင်းသတ်နေတယ်ဆိုတာ တကာကြီးအလို နဲ့ တကာကြီးသတ်နေတာလား၊ သို့မဟုတ် သူတပါးက ခိုင်းလို့ သတ်နေတာ လားလို့ ဒီလိုအရှင်သာရိပုတ္တရာက မေးလိုက်တယ်၊ ဒီတော့ တကာကြီးက ဘယ့်နှယ်ပြန်ပြောသလဲ—

ရာဇာ မံ ကာရေသိ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ ရာဇာ၊ မင်းတရားသည်။ မံ၊ ဘုရားတပည့်တော်ကို။ ကာရေသိ၊ ပြုစေပါသည်ဘုရား။

ဘုရားတပည့်တော် အလိုအတိုင်း သတ်ထာမဟုတ်ပါဘူးဘုရား၊ မင်းအာ ဏာနဲ့ ရာဇဝတ်သင့်လာတဲ့ ပုဂ္ဂိုလ်တွေကို မင်းက သတ်ရမယ်ဆိုလို့ တပည့် တော်သတ်ထာပါ—တဲ့၊ ဒီတော့ အရှင်သာရိပုတ္တရာက ဘယ်လို မလိမ့်တပတ် လုပ်လိုက်သလဲလို့ ဆိုတော့—

ကိံ နု ခေါ တေ ဥပါသက ဧဝံ သန္တေ အကုသလံ ဟောတိ။

ဥပါသက၊ ဒါယကာကြီး။ ဧဝံသန္တေ၊ ဤသို့ဖြစ်ခဲ့သည်ရှိသော်။ တေ၊ သင့်အား။ အကုသလံ၊ အကုသိုလ်သည်။ ဟောတိကိံနုခေါ၊ ဖြစ်နိုင်ပါ့ မလား။ ဟောတိကိံနုခေါ၊ အဘယ်မှာဖြစ်နိုင်ပါ့မလဲ။

တကာကြီး.... သူများအသတ်ခိုင်းလို့ သတ်တယ်ဆိုယင် တကာကြီးမှာ ဘယ်လိုအကုသိုလ်ဖြစ်နိုင်မှာလဲ—လို့ မလိမ့်တပတ် ပြောလိုက်တယ်၊ အမှန်က တော့ သူများအသတ်ခိုင်းလို့ သတ်သတ် သတ်ယင်အပြစ်ရှိတာဘဲ၊ သို့သော် အရှင်သာရိပုတ္တရာက ဒီနေရာမှာ စကားကိုဝေ့လည်လည်လေး ပြောလိုက် တယ်၊ တကာကြီး.... သူများအသတ်ခိုင်းလို့ သတ်တယ်ဆိုယင် တကာကြီးမှာ အကုသိုလ် ဖြစ်နိုင်ပါ့မလားလို့ အဲဒီလို ပြောလိုက်ထာကို၊ အဋ္ဌကထာက ဘယ့်နှယ်ပြောထားသလဲ ဆိုတော့—

အကုသိုလ်မရှိ—ဟုထင်မှတ်ခြင်း မန္ဒဓာတုကော ဥပါသကော ထေရေနေဝံ ဝုတ္တေ "နတ္ထိ မယှံ အကုသလ"န္တိ သညီ ဟုတွာ တေန ဟိ ဘန္တေ ဓမ္မံ ကထေထ။[၁]

ဥပါသကော၊ တမ္ဗဒါဌိကဖြစ်တဲ့ သူသတ်ယောကျ်ား ဥပါသကာကြီး သည်။ မန္ဒဓာတုကော၊ နဂိုက အ—တဲ့ န—တဲ့ သဘောရှိသည် ဖြစ်သော

၁ ဓမ္မပဒအဋ္ဌကထာ ပထမအုပ် စာမျက်နှာ—၄၀၇။

ကြောင့်။ ထေရေန၊ အရှင်သာရိပုတ္တရာမထေရ်သည်။ စေ၊ ဤသို့။ ဝုတ္တေ၊ သူတပါးအသတ်ခိုင်းလို့ သတ်ယင် အကုသိုလ်ဖြစ်နိုင်ပါမလားလို့ မိန့်တော်မူလိုက်သည်ရှိသော်။ မယ့်၊ ငါ့အား။ အကုသလံ၊ အကုသိုလ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ သညီ၊ အမှတ်သညာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဘန္တေ၊ အရှင်ဘုရား။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ ဓမ္မံ၊ တရားကို။ ကထေထ၊ ဆက်၍ ဟောပါဘုရား။

ဒီလိုဆိုယင်တော့ဘုရား....အရှင်ဘုရား တရားဆက်ဟောစမ်းပါ၊တပည့်တော် နာချင်လို့ပါလို့ ဒီတော့မှ သူကတောင်းတယ်၊ အ-တာလဲ အကောင်းသား၊ ဟုတ်တယ်မဟုတ်လား၊ ဒီတော့ အရှင်သာရိပုတ္တရာက ဆက်ပြီးတော့ တရား ဟောတယ်။

ဝိပဿနာဉာဏ်ရခြင်း သော ထေရေ အနုမောဒန္တံ ကရောန္တေ ကေဂ္ဂစိတ္တော ဟုတွာ သုဏန္တော သောတာပတ္တိမဂ္ဂဿ ဩရတော အနုလောမိကံ ခန္တိံ နိဗ္ဗတ္တေသိ။

သော၊ ထိုတမ္ဗဒါဌိကသူသတ်ယောကျာ်းကြီးသည်။ ထေရေ၊ အရှင်သာရိပုတ္တရာမထေရ်သည်။ အနုမောဒန္တံ၊ အနုမောဒနာတရားတော်ကို။ ကရောန္တေ၊ ဟောကြားတော်မူသည်ရှိသော်။ ကေဂ္ဂစိတ္တော၊ တည်ကြည်သောစိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဓမ္မံ၊ တရားကို။ သုဏန္တော၊ နာကြား၍နေစဉ်။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ ဩရတော၊ အတွင်း ဘက်သို့ကျသော။ အနုလောမိကံ ခန္တိံ၊ အနုလောမိကခန္တိဉာဏ်ကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေလေတော့၏။

နှစ်ပေါင်း ၅၅-နှစ်လုံးလုံး သူသတ်ယောကျာ်းကြီး လုပ်နေခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဟာ အရှင်သာရိပုတ္တရာ ဆိုတဲ့ မိတ်ဆွေကောင်းကြီးနဲ့ တွေ့လို့ ရှိပြီးသား အကုသိုလ်တွေပျောက်ပြီးတော့ အနုလောမိကခန္တိဉာဏ်သို့ ရောက်သွားတယ်၊ သောတာပတ္တိမဂ်နား ရောက်သွားတယ်၊ ဘယ်သူ့ကြောင့်လဲ- ကလျာဏမိတ္တ ကြောင့် ဟုတ်လား-(မှန်ပါ)။

အဲဒီလို အနုလောမိကခန္တိဉာဏ် ရောက်သွားတော့ အရှင်သာရိပုတ္တရာက တရားပြပြီးတော့ ပြန်ကြွသွားတယ်၊ ဒီတော့ အရှင်သာရိပုတ္တရာကြီးကို သူက လိုက်ပို့တယ်၊ အရှင်သာရိပုတ္တရာကြီး ကျောခိုင်းလို့ သူလဲနောက်လှည့်လာရော၊ နွားငဲ့၍သေရော-တမ္ဗဒါဌိက။

သူသတ်ယောကျာ်းကြီး တုသိတာနတ်ပြည်ရောက်ခြင်း သေတာနဲ့ တပြိုင်နက်ထဲ တုသိတာ နတ်ပြည်သို့ တက်ပြီးတော့ နတ်သား ဖြစ် ဖြစ်တယ်၊ ကြည့်စမ်း- အကုသိုလ်တွေ

လုပ်လာလိုက်တာ နှစ်ပေါင်း ၅၅-နှစ်၊ကုသိုလ်ရေးလုပ်လို့ တရားနာတာ ဘယ်နှစ်ကြိမ်လဲ၊ (တကြိမ်ထည်းပါဘုရား) ကလျာဏမိတ္တကို မှီဝဲရတဲ့အတွက် တရားကလေး တကြိမ်နာလိုက်တာနဲ့ နှစ်ပေါင်း ၅၅-နှစ်လုပ်လာတဲ့ အကုသိုလ်တွေရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)။

ယေန ၊အကြင် ကလျာဏမိတ္တဟူသော အကြောင်းကြောင့်။ အနုပ္ပန္နာ၊ မဖြစ်သေးကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ခဲ့ကုန်သော။ အကုသလာ ဓမ္မာ၊ နှစ်ပေါင်း ၅၅-နှစ် တိုင်တိုင်သူ့အသက်ကို သတ်ခဲ့တယ်ဆိုတဲ့ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ပျက်စီး၍ သွားကုန်တော့၏။

တရားနာတာက ဘယ်လောက်များသလဲ၊ (တကြိမ်ထဲပါဘုရား) ဘယ့်နှယ်လဲဘုရား—အားကောင်းလှချည့်လား၊ ဒီလို တကြိမ်ထဲ တရားနာတာနဲ့ ဟုတ်နိုင်ပါ့မလားလို့ဆိုတော့—ဥပမာလေးမှတ်ထား၊ မှောင်ထုကြီးဘယ်လောက်ဘဲ အားကောင်းကောင်း ဖယောင်းတိုင်ကလေးတတိုင်လောက် ထွန်းလိုက်ယင်ဘယ့်နှယ်လဲ၊ (လင်းသွားပါတယ် ဘုရား) ။

အဲ-လင်းသွားတယ်၊ အကုသိုလ် မှောင်ထုကြီး ၅၅-နှစ်လောက် ကြီးချင်သလောက်ကြီးပစေ၊ တရားတကြိမ်နာလိုက်တယ်ဆိုတဲ့ ကုသိုလ်ကလေး တကြိမ်လင်းသွားတာနဲ့ တခါထဲ-ဟုတ်လား၊ အဲဒီလို သေလဲ သေသွားရော တမ္ဗ-ဒါဌိကကြီး ဘယ်သွားဖြစ်သလဲ ဆိုတော့ တုသိတာနတ်ပြေ ရောက်သွားတယ် မဟုတ်လား၊ (မှန်ပါ) ။

အဲဒီတော့ ရဟန်းတော်တွေက ဒီလို ဓမ္မာရုံကြီးထဲမှာ စည်းဝေးပြီးတော့ ဟာ-နှစ်ပေါင်း ၅၅-နှစ်လုံးလုံး သူ့အသက် သတ်လာခဲ့တဲ့ တမ္ဗဒါဌိက သူသတ် ယောကျ်ားကြီးတော့ နွားဝှေ့လို့သေသတဲ့၊ ဘယ်ဘဝများ ရောက်သွားသလဲ မသိဘူးလို့ စုပြီးတော့ ပြောနေကြတယ်၊ အဲဒီလို စုပြီးပြောဆိုနေကြတုန်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြွလာပြီးတော့—

ကာယ နုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ။

ချစ်သားတို့....ငါဘုရားကြွမလာခင် ချစ်သားတို့ ဘာတွေများ စုပြောနေကြသလဲ-လို့ မေးတော်မူတော့-တမ္ဗဒါဌိက သူသတ်ယောကျ်ားကြီး သေပြီဘုရား၊ ဘယ်ဘဝရောက်သွားတယ် မသိလို့ ပြောနေကြပါတယ် ဘုရားလို့လျှောက်တယ်။

မြတ်စွာဘုရားက ဟောတယ်၊ ချစ်သားတို့....တမ္ဗဒါဌိက သူသတ်ယောကျ်ားကြီး တုသိတာနတ်ပြည်ရောက်သွားပြီလို့-မြတ်စွာဘုရားက ဟောတယ်။

ဒီတော့ ရဟန်းတော်တွေက မယုံဘူး၊ အရှင်ဘုရား .... ဒါလောက်တောင် အကုသိုလ်တွေ အားကြီးပြီးတော့နေတဲ့ သူသတ်ယောကျ်ားကြီး တုသိတာ နတ်ပြည် ရောက်နိုင်ပါမလားလို့-ဆိုတော့ မြတ်စွာဘုရားက—

အာမ ဘိက္ခဝေ မဟန္တော တေန ကလျာဏမိတ္တော လဒ္ဓေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ဩော်-တမ္ဗဒါဌိက တုသိတာနတ်ပြည် ရောက်တယ်ဆိုတာ မှန်ပါပေ၏။ တေန၊ ထို တမ္ဗဒါဌိက သူသတ်ယောကျ်ားသည်။ မဟန္တော၊ မြတ်သော။ ကလျာဏမိတ္တော၊ ကောင်းသောမိတ်ဆွေကို။ လဒ္ဓေါ၊ ရအပ်ပြီ။

ကလျာဏမိတ်ဆွေကောင်းကို ရသွားတယ်တဲ့-သေခါနီးကလေးမှာ။

> သော သာရိပုတ္တဿ ဓမ္မဒေသနံ သုတွာ အနုလောမညာဏံ နိဗ္ဗတ္တေတွာ ဣတော စုတော တုသိတဝိမာနေ နိဗ္ဗတ္တောတိ ဝတွာ ဣမံ ဂါထ မာဟ။ (အဋ္ဌကထာ-က)

သော၊ ထို တမ္ဗဒါဌိက သူသတ်ယောကျ်ားသည်။ သာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာ၏။ ဓမ္မဒေသနံ၊ ဟောတော်မူတဲ့ တရားဒေသနာတော်ကို။ သုတွာ၊ ကြားနာရ၍။ ဝါ-ကြားနာရလေသောကြောင့်။ အနုလောမညာဏံ၊ အနုလောမညာဏ်ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ သော၊ ထို တမ္ဗဒါဌိက သူသတ်ယောကျ်ားသည်။ ဣတော၊ ဤလူ့ဘဝမှ။ စုတော၊ စုတေခဲ့သည် ရှိသော်။ တုသိတဝိမာနေ၊ တုသိတာနတ်ဘုံ၌။ နိဗ္ဗတ္တော၊ ဖြစ်စေခဲ့ပေပြီ။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်ကြားတော်မူလေတော့၏။

တရားတကြိမ်နာသဖြင့် ဟောဒီ ဂါထာကလေးကို မိန့်တော်မူတယ်- အကုသိုလ်တွေပျောက်နိုင်ပုံ မြတ်စွာဘုရားက၊ ဘယ့်နှယ်မိန့်သလဲ—

> သုဘာသိတံ သုဏိတွာန၊ နဂရေ စောရဃာတကော။
> အနုလောမခန္တိံ လဒ္ဓါန၊ မောဒတီ တိဒိဝံ ဂတော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ နဂရေ၊ ရာဇဂြိုဟ်မြို့၌။ စောရဃာတကော၊ ခိုးသူသတ်ယောကျ်ားဖြစ်သော တမ္ဗဒါဌိကသည်။ သုဘာသိတံ၊ ကောင်းစွာ ညွှန်ပြဟောကြားတော်မူသောတရားတော်ကို။ သုဏိတွာန၊ ကြားနာရသည် ဖြစ်သောကြောင့်။ အနုလောမခန္တိံ၊ အနုလောမညာဏ်ကို။ လဒ္ဓါန၊ ရသည် ဖြစ်၍။ တိဒိဝံ၊ တုသိတာ နည်ပြည်သို့။ ဂတော၊ ရောက်ရလေသောကြောင့်။ မောဒတိ၊ ချမ်းသာရွှင်လန်းဝမ်းမြောက်ရလေ၏။

၁။ ဓမ္မပဒအဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၀၇။

ဤသို့ မြတ်စွာဘုရားက ဟောကြားတယ်၊ ၅၅-နှစ်လုံးလုံး သူ့အသက်ကိုသတ်ပြီးလာခဲ့တဲ့ အကုသိုလ်တွေဟာ တရားကလေး တကြိမ်နာလိုက်ရတယ်ဆိုတဲ့ ကုသိုလ်ကြောင့် အကုန်လုံးပျောက်ပြီးတော့ အခု ဘယ်ရောက်သွားလဲ၊ (တုသိတာနတ်ပြည်ရောက်သွားပါတယ်ဘုရား)ဘယ်သူ့ကြောင့်လဲ၊ (ကလျာဏမိတ္တကြောင့်ပါဘုရား) ဒါကြောင့် ကလျာဏမိတ္တကို မှီဝဲယင် မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်ပြီးတော့ ဖြစ်ပြီးသား အကုသိုလ်တွေ ပျောက်ကွယ်သွားတယ်၊ ကြိုးစားပြီးတော့ တရားနာကြပါ-နော်၊ (မှန်ပါဘုရား)

ပဋာစာရီသာဓကဝတ္ထု - သောက, ပရိဒေဝတွေ ပျောက်တယ်- မိတ်ဆွေကောင်းကိုရလို့။ ဘုန်းကြီးတို့ အမျိုးကောင်းသမီးတွေဘက်ကကြည့်ယင် ဘယ်သူ့သက်သေပြမလဲ- (ပဋာစာရီပါဘုရား) အဲ-ဟုတ်တယ်- ပဋာစာရီ၊ ပဋာစာရီဘယ်လိုဖြစ်သလဲ, ဘယ်လောက်သောကတွေများနေသလဲလို့ ကြည့်စမ်း အဋ္ဌကထာမှာ-

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတီ မတော။
မာတာ ပိတာ စ ဘာတာ စ၊ ဍေစိတမှိ ဍယှရေ။[1]

ဥဘောပုတ္တာ၊ သားနှစ်ယောက်တို့သည်။ ကာလင်္ကတာ၊ မြစ်လယ်ထဲမှာပြိုင်တူသေကြကုန်၏။ (တယောက်က ငှက်ချီသွားတယ်၊ တယောက်ကရေထဲမှာနစ်တယ်၊ နှစ်ယောက်စလုံး) မယှံ၊ ငါ၏။ ပတိ၊ ခင်ပွန်းယောကျ်ားသည်။ ပန္ထေ၊ ခရီးခဲ၌။ မတော၊ သေခဲ့၏။ မာတာစ၊ မိခင်သည်၎င်း။ ပိတာစ၊ ဖခင်သည်၎င်း။ဘာတာစ၊မောင်သည်၎င်း။ ဍေစိတမှိ၊ ထင်းပုံတခုတည်း၌။ ဍယှရေ၊ မီးလောင်ကျွမ်းခြင်းခံရကုန်ပြီ။

အမေလဲသေ, အဖေလဲသေ, အကိုလဲသေ, ခင်ပွန်းလဲသေ, သားကလေးနှစ်ယောက်လဲသေ၊ ဒုက္ခတွေပြီးတော့ ရူးသွားတယ်၊ ကမ္ဘာတသိန်းထက်က ပါရမီဖြည့်လာတဲ့ ပါရမီရှင်ကြီး၊ ယခု ဘုန်းကြီးတို့ မြတ်စွာဘုရားလက်ထက်မှာ ဝိနည်းတော်မှာ တေဒဂ်ရမဲ့- ဝိနယဓရ တေဒဂ်ရမဲ့ ရဟန္တာမလောင်းကြီး၊ ရဟန္တာ ဖြစ်တော့မည့် ဘဝမှာဘဲ ဘယ်လောက် ကသိကအောက်ဖြစ်ပြီး သောကတွေရောက်သလဲ-ကြည့်စမ်း၊ ဘာနဲ့မတွေ့သေးလို့ ဒါလောက်တောင် သောကတွေရောက်သလဲ၊ (ကလျာဏမိတ္တနဲ့ မတွေ့သေးလို့ပါဘုရား) ရူးလိုက်ထာ တောင်ပြေးမြောက်ပြေးနဲ့၊ ပြေးရင်းလွှားရင်းနဲ့ မြတ်စွာဘုရားတရားဟောနေတဲ့နေရာ ရောက်သွားတယ်၊ မြတ်စွာဘုရားက ဆီးပြီးတော့ တရားဟောလိုက်တယ်။

၁။ ဓမ္မပဒ အဋ္ဌကထာ ပထမအုပ် စာမျက်နှာ-[illegible]၁။

ချစ်သမီး....လာခဲ့လာခဲ့၊ ငါ့သမီး....လာခဲ့–တဲ့၊ မြတ်စွာဘုရားက– သူဟာတဲ့ ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားထံမှာ သင်္ကန်းကိုလှူဒါန်းပြီးတော့ နောင် တဆူသောဘုရားထံမှာ ဝိနည်းဓိုရ်တေဒဂ်ရတဲ့ ဘိက္ခုနီမဖြစ်ပါရစေ–လို့ ဆုတောင်းလာခဲ့တယ်၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ခေါ်ပြီးတော့ တရားဟောလိုက်တယ်၊ ဘာဟောလိုက်သလဲ–

သတ္တဝါ၏မျက်ရေနှင့်
သမုဒ္ဒရာရေနှိုင်းယှဉ်ခြင်း

စတုသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။ [၁]

ပဋ္ဌာစာရီ၊ ချစ်သမီးပဋ္ဌာစာရီ။ ဒုက္ခေန၊ ဆင်းရဲဖြင့်။ ဖုဋ္ဌဿ၊ တွေ့ထိခြင်းရှိသော။ နရဿ၊ သတ္တဝါ၏။ သောစနာ၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုစိုးရိမ်ပူဆွေးငိုကြွေးရသောကြောင့်။ အဿုဇလံ၊ မျက်ရေသည်။ အနပ္ပကံ၊ အတိုင်းအတာမရှိအောင်။ ဗဟုံ၊ များလှပေ၏။ စတုသု၊ လေးပါးကုန်သော။ သမုဒ္ဒေသု၊ သမုဒ္ဒရာတို့၌။ ဇလံ၊ရေသည်။ ပရိတ္တကံ၊ နည်းလှပေသေး၏။ အမ္မ၊ ချစ်သမီး။ တုဝံ၊ သင်သည်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့၍နေဘိသနည်း။

(ချစ်သမီး–တဲ့ သတ္တဝါတယောက် သောကရောက်၍ ငိုကြွေးရတဲ့မျက်ရည်သည် စုထားမယ်ဆိုယင် သမုဒ္ဒရာလေးစင်းက ရေတွေက နည်းသေးတယ်–တဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတယောက်ရဲ့ မျက်ရေတွေဟာ သမုဒ္ဒရာလေးစင်းက ရေတွေထက်မကတတ်ဘူး၊ တွေ့ပလားမိတ်ဆွေ၊ ပဋ္ဌာစာရီရဟန္တာမလောင်း မျက်ရေတိတ်ပလား၊ (မတိတ်သေးပါဘူးဘုရား) ဘာပြုလို့လဲ–ကလျာဏမိတ္တနဲ့ မတွေ့သေးလို့၊ ဝိမုတ္တိပရိပါစနီယ မရင့်ကျက်သေးလို့ ။

ချစ်သမီး....သင် ဘာကြောင့် မေ့လျော့နေရသလဲ–တဲ့၊ အဲဒီ တရားဟောလိုက်တော့ ပဋ္ဌာစာရီ သတိတွေ့ရလာပြီ၊ အမျိုးသားတယောက်က အဝတ်ကလေးတခု ပစ်ပေးလိုက်တယ်၊ အဲဒီ အဝတ်ကလေးပတ်ပြီးတော့မှ မြတ်စွာဘုရား ခြေတော်အစုံမှာ ပြေးပြီးတော့ ဘုရားတပည့်တော်မကို ကယ်တော်မူပါဘုရား–လို့ဆိုတော့ မြတ်စွာဘုရားက တရားဟောပြီ၊ ဘယ့်နှယ်ဟောလိုက်သလဲ–

၁။ ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ–၄၄၁။

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
ဧတ မတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။
(ဒီ ဒေသနာလဲ ဆုံးရော ပဋာစာရီ သောတာပန်လဲဖြစ်ရော။)

အန္တကေန၊ သေမင်းသည်။ အဓိပန္နဿ၊ နှိပ်စက်အပ်သော သတ္တဝါအား။ တာဏာယ၊ မသေအောင်ကာကွယ်စောင့်ရှောက်ခြင်းငှာ။ ပုတ္တာ၊ သားသမီးတို့သည်။ န သန္တိ၊ မရှိကုန်။ ပိတာ၊ မိခင် ဖခင်တို့သည်။ န သန္တိ၊ မရှိကုန်။ ဗန္ဓဝါပိ၊ ချစ်ခင်ပေါင်းသင်း ဆွေမျိုးရင်းတို့သည်လည်း။ န သန္တိ၊ အားကိုးစရာမရှိကုန်။ (သေဘေးတွေ့လာပြီဆိုယင် မသေအောင်ကာကွယ် စောင့်ရှောက်တတ်တဲ့ သားလဲမရှိဘူး၊ သမီးလဲမရှိဘူး၊ အမေလဲမရှိဘူး၊ အဖေလဲ မရှိဘူး၊ သေဘေးနဲ့ တွေ့လာတယ်၊ သားကိုလဲ အားကိုးလို့မရဘူး၊ သမီးကိုလဲအားကိုးလို့မရဘူး၊ အမေကိုလဲအားကိုးလို့မရဘူး၊အဖေကိုလဲအားကိုးလို့ မရဘူး။)

ဉာတီသု၊ ဆွေမျိုးတို့တွင်။ တာဏတာ၊ စောင့်ရှောက်တတ်သူ တဦးတလေမျှ။ နတ္ထိ၊ မရှိ။ ပဏ္ဍိတော၊ ပညာနှင့်ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည်။ ဧတ မတ္ထဝသံ၊ ဤသို့သော အကြောင်း အဓိပ္ပါယ် အလိုကို။ ဉတွာ၊ သိသည်ဖြစ်၍။ သီလသံဝုတော၊ နောက်တပတ်မှာ ဟောကြားရန် ဖြစ်တဲ့ သီလကို လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းသည်ဖြစ်၍။ နိဗ္ဗာနဂမနံ မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကို။ ခိပ္ပမေဝ၊ မကြာမတင်ဆောလျင်စွာသာလျှင်။ ဝိသောဓယေ၊ သုတ်သင်ရာ၏။

ပဋာစာရီသောတာပန်ဖြစ်ခြင်း ဤဒေသနာတော်ကို ဟောလဲပြီးရော ပဋာစာရီ သောတာပန်ဖြစ်တယ်၊ ကလျာဏမိတ္တကို ရသည်ဖြစ်သောကြောင့် သဗ္ဗညုမြတ်စွာဘုရား, အရှင်သာရိပုတ္တရာလို့ – ဆိုတဲ့ ကလျာဏမိတ္တကို ရသောကြောင့် ပဋာစာရီမှာ သောကပရိဒေဝမှ လွတ်ရတယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်တယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေ ပျက်စီးတယ်။

ဒါကြောင့် မြတ်စွာဘုရားက မေဃိယ....မရင့်ကျက်သေးသော ဝိမုတ္တိပရိပါစနီယတရားကို ရင့်ကျက်စေရန် ကလျာဏမိတ္တကို ပေါင်းသင်းဆက်ဆံမှိုဲ ရမယ်။

ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတိ ကလျာဏ
သဟာယော ကလျာဏသမ္ပဝင်္ကော၊ အပရိပက္ကာယ မေဃိယ စေတော
ဝိမုတ္တိယာ အယံ ပဌမော ဓမ္မော ပရိပါကာယ သံဝတ္တတိ။[၁]

မေဃိယ၊ ချစ်သား မေဃိယ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ သောကပရိဒေဝ ကိလေသာ တမျိုးမျိုး လွတ်မြောက်ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ ကလျာဏမိတ္တော၊ ကောင်းသော မိတ်ဆွေရှိသည်။ ကလျာဏ သဟာယော၊ကောင်းသော အဖော်ရှိသည်။ ကလျာဏ သမ္ပဝင်္ကော၊ ကောင်းသော မိတ်ဆွေကို ကိုင်းညွတ်သောသဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ မေဃိယ၊ ချစ်သားမေဃိယ။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ လွတ်မြောက်ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ အယံ၊ ဤသည်ကား။ ပဌမော၊ ရှေးဦးစွာသော။ ဓမ္မော၊ တရားသည်။ သံဝတ္တတိ၊ ဖြစ်လေတော့၏။

တရားနိဂုံး ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ဆရာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေသေတိ၊ ကလျာဏမိတ္တကို ကျကျနန နည်းစုံပြ၍ ဟောကြားတော်မူခဲ့ပါပေ၏။ သာဓဝေါ၊ နှလုံးပျော့ပျောင်း အို-အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံ ဓမ္မဒေသနံ၊ ထို ဝိမုတ္တိပရိပါစနီယဓမ္မကို။ သုဏိတွာ၊ ရိုသေစွာ နာခံမှတ်သားကြရပြီးကုန်သည်ဖြစ်၍။ ဓာရေထ၊ မမေ့မပျောက်အောင် ဆောင်ထားကြပါကုန်လော့။

ဓာရေတွာ၊ မမေ့ မလျော့အောင် ဆောင်ထားကြ ကုန်သည် ဖြစ်၍။ ဘာဝေထ၊ ကလျာဏမိတ္တကို မှီဝဲမိအောင် မှီဝဲခြင်း ပွားများ အားထုတ်ခြင်းကို ပြုကြပါကုန်လော့။ ဘာဝေတွာ၊ ကလျာဏမိတ္တကိုမှီဝဲခြင်းကို ပွားများကြကုန်သည်ဖြစ်၍။ နိဗ္ဗာနံ၊ ကလျာဏမိတ္တကို ညွှန်ပြတဲ့လမ်းကြောင်းကိုရှောက်သဖြင့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသွေ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

၁။ ဥဒါန်းပါဠိတော် စာမျက်နှာ—၁၁၉။

မေဃိယသုတ္တန်-ပဌမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃-ရက်၊ ရန်ကုန်မြို့ ကျိုက်ဒေးအတ် ဗိုလ်တထောင်စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်း အပ်သော ဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် ပဌမပိုင်းတရားတော်။

ပဏာမဘုရားရှိခိုး ၎င်းတရားဒေသနာတော်ကို မဟောမီ တရားဟောပုဂ္ဂိုလ် တရားနာ ပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် တရားဟောကြရမှာ, တရားနာကြရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ မေဃိယသုတ္တန်တရားဒေသနာတော်ကို ဟောကြားတော်မူခဲ့သည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ ဒကာနဲ့ တရားနာကြရတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဗ္ဗညု မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွါးများ နိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

ဆိုအပ်ခဲ့ပြီးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရား စာလိကာပြည် စာလိကတောင်၌ သီတင်းသုံးစဉ်အခါမှာ တရား အားထုတ်လိုသော မေဃိယရဟန်းကို အကြောင်းပြု၍ ဒီ မေဃိယ သုတ္တန်ကို ဟောကြားလာခဲ့တာ ငါးပတ်မြောက်ဖြစ်သွားပြီ။

မရင့်ကျက်သေးသော စေတောဝိမုတ္တိတရားတွေကို ရင့်ကျက်ဘို့ရန် အတွက် ဝိမုတ္တိပရိပါစနီယ တရားကို ဘုန်းကြီးတို့ ပြီးခဲ့တဲ့ အပတ်က ဟောခဲ့ပြီးပြီ၊ ၎င်းဝိမုတ္တိပရိပါစနီယတရားတို့တွင် မရင့်ကျက်သေးသော ဝိမုတ္တိကို ရင့်ကျက် စေနိုင်သော တရားဖြစ်သည့် ကလျာဏမိတ္တ အကြောင်းကို ပြီးခဲ့တဲ့အပတ်က

ဟောပေးခဲ့ပြီးပြီ၊ ဒုတိယအကြောင်းရင်းဖြစ်တဲ့ မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်းကို ရင့်ကျက်စေနိုင်တဲ့ တရားတမျိုး ဒီကနေ့ ဟောပေးမယ်၊ အဲဒီ တရားက ဘာလဲ မေဃိယသုတ္တန်မှာ—

ပါတိမောက္ခသံဝရ သီလခဏ်း ပုန စ ပရံ မေဃိယ ဘိက္ခု သီလဝါ ဟောတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရ-သမ္ပန္နော၊အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အပရိပက္ကာယ မေဃိယ စေတော ဝိမုတ္တိယာ အယံ ဒုတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ[၁]။

မေဃိယ၊ ချစ်သား မေဃိယ။ ပုနစပရံ၊ ကလျာဏမိတ္တ အင်္ဂါမှတပါး ဝိမုတ္တိပရိပါစနီယတရားသည်ကား။ ဘိက္ခု၊ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းလို့ ပွားများလိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သီလဝါ၊ သီလရှိသည်။ ဟောတိ၊ ဖြစ်၏။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်သည်။ အာစာရဂေါစရသမ္ပန္နော၊ အကျင့် ကျက်စားရာ အာရုံနှင့်ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အနုမတ္တေသု၊ အနည်းငယ်မျှ ဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ ကြီးမားစွာသောဘေးတို့ကို ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာပဒေသု၊ ဆောက်တည်အပ်သော သိက္ခာပုဒ်တို့၌။ သမာဒါယ၊ မိမိစိတ်ကို ကောင်းစွာ ဆောက်တည်ထား၍။ သိက္ခတိ၊ကျင့်၏။မေဃိယ၊ ချစ်သား မေဃိယ။ဒုတိယော၊ နှစ်ခုမြောက်သော။ အယံဓမ္မော၊ ဤတရားသည်။ အပရိပက္ကာယ၊ မရင့်ကျက် သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှ လွတ်မြောက်ခြင်း၏။ ပရိပါကာယ၊ ရင့်ကျက်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

မရင့်ကျက်သေးသော စိတ်၏ကိလေသာမှ လွတ်မြောက်ခြင်းကို ရင့်ကျက် စေနိုင်တဲ့ တရားတမျိုးပါဘဲတဲ့၊ အဲဒီ တရားက ဘာတဲ့လဲ—သီလ၊ ဘာ သီလလဲ—

ပါတိမောက္ခသံဝရသီလနဲ့ ပြည့်စုံရမယ်၊ အကျင့်နဲ့ပြည့်စုံရမယ်၊ ကျက် စားရာအာရုံနဲ့ ပြည့်စုံရမယ်၊ အနည်းငယ်မျှသော အပြစ်ကိုပင်လျှင် မြင့်မိုရ် တောင်ကြီးကဲ့သို့ နှလုံးသွင်းပြီးတော့ မိမိစောင့်ရှောက်ဆောက်တည်အပ်သော သိက္ခာပုဒ်တို့၌ မိမိရဲ့စိတ်ကို မရွေ့အောင် တည်တံ့ခိုင်ခံ့အောင် ထားပြီးတော့ စောင့်ရှောက်ထိန်းသိမ်းရမယ်တဲ့။

၁။ ဥဒါန်းပါဠိတော် စာမျက်နှာ-၁၁၉။

ဤသို့ သီလ, ပါတိမောက္ခသံဝရ, အာစာရ, ဂေါစရနှင့် ပြည့်စုံခြင်းသည် မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှလွတ်မြောက်ခြင်းတရားကို ရင့်ကျက်စေနိုင်တဲ့ ဒုတိယမြောက် တရားတခုဘဲ၊ တနည်း—ပြောယင် ဝိမုတ္တိပရိပါစနီယ တရားဘဲတဲ့၊မြတ်စွာဘုရားရှင် ဒီလိုဟောပါတယ်၊အဲဒီ ပါတိမောက္ခသံဝရသီလနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အတွက် ဒီကနေ့ အကျယ်ဟောပေးဘို့ အခွင့် ရောက်လာတယ်၊ ဒါကြောင့် ဒီကနေ့တရားထဲမှာ သီလခဏ်းကို ဟောပေးရမယ်။

ဝိပဿနာဉာဏ်ကိုချီးမြှောက်ပေးရန် တရားငါးမျိုး သီလနဲ့ပတ်သက်လို့ ဟောကြားစရာတွေဟာ ဒေသနာတော်မှာ တော်တော်ကိုဘဲ များတယ်၊ ဒီတော့ ပါဠိတော်မှာပါတဲ့ အပိုင်းအချက်ကိုဘဲ ပြည့်စုံသင့်သလောက် ပြည့်စုံအောင် ဟောပေးကြစို့၊ ဝိပဿနာတရားကို အားထုတ်မဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိပဿနာဉာဏ်ကို ဘာနဲ့ချီးမြှောက်ရမလဲလို့ ဆိုတော့—

> သီလာနုဂ္ဂဟိတာ စ ဟောတိ၊ သုတာနုဂ္ဂဟိတာ စ ဟောတိ၊ သာကစ္ဆာနုဂ္ဂဟိတာ စ ဟောတိ၊ သမထာနုဂ္ဂဟိတာ စ ဟောတိ၊ ဝိပဿနာနုဂ္ဂဟိတာ စ ဟောတိ[၁]။

(၁) သီလ–အကျင့်သီလနဲ့ ချီးမြှောက်ပေးရမယ်။

(၂) သုတ-မကြာမကြာ တရားနာပေးခြင်းလို့ဆိုတဲ့ အကြားအမြင်နဲ့ ချီးမြှောက်ပေးရမယ်။

(၃) သာကစ္ဆာ- ဆွေးနွေးခြင်း, မေးမြန်းခြင်းဖြင့် မိမိရဲ့အသိဉာဏ် စင်ကြယ်ရေးကို ချီးမြှောက်ပေးရမယ်။

(၄) သမထ–ကာမစ္ဆန္ဒစတဲ့ နီဝရဏတွေ ကင်းငြိမ်းခြင်းဖြင့် မိမိရဲ့ ဝိပဿနာပညာဉာဏ် စင်ကြယ်သန့်ရှင်းအောင် ချီးမြှောက်ပေးရမယ်။

(၅) ဝိပဿနာ–ဖြစ်ခြင်းပျက်ခြင်းတို့ကို ရှုပွားနေတဲ့ ဝိပဿနာပညာဖြင့်လဲဘဲ ထပ်ကာထပ်ကာ အမှန်းတင်ပြီးတော့ ရှုပွားသောအားဖြင့် ချီးမြှောက်ပေးရမယ်။

ဒီတရားငါးမျိုးနဲ့ ချီးမြှောက်ပေးမယ်ဆိုယင် မိမိတို့မှာရှိတဲ့ ဝိပဿနာအသိဉာဏ်သည် စေတောဝိမုတ္တိ, ပညာဝိမုတ္တိတရား ၂–ပါးအကျိုးကို ပြီးစေနိုင်ပါတယ်တဲ့- ပဏ္ဏာသပါဠိတော်များမှာ ဟောတားတာရှိတယ်။

၁။ အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် စာမျက်နှာ—၁၇။

သီလနှင့်ချီးမြှောက် ဒါကြောင့် ဒီဂါနေ့ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပွားများ အားထုတ်ထားတဲ့ ဝိပဿနာပညာဉာဏ်ကို သီလနဲ့ ချီးမြှောက်ကြစို့။

ဝိမုတ္တိပရိပါစနီယတရား သီလနဲ့ချီးမြှောက်ရမယ်၊ သီလဆိုတာဘာလဲ၊ သီလ– သီလလို့ဆိုတာ ကိုယ်အမှုအရာနဲ့ နှုတ်အမှုအရာကို လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်း၍ ထားခြင်းသည် သီလ၊ ကိုယ်အမှုအရာနဲ့ မကောင်းမှုမဖြစ်အောင်, နှုတ်အမှုအရာနဲ့ မကောင်းမှုမဖြစ်အောင် စောင့်ရှောက်ထိန်းသိမ်း၍ ထားခြင်းသည် သီလ၊ ဒီသီလ ဘယ်နှစ်မျိုးရှိသလဲလို့ ဆိုတော့–

သီလ ၂–မျိုး စာရိတ္တသီလ, ဝါရိတ္တသီလလို့ အကျဉ်းချုပ်အားဖြင့် ဒီလိုနှစ်မျိုးရှိတယ်။

(၁) စာရိတ္တသီလလို့ဆိုတာ ဘယ်လိုသီလမျိုးလဲ–သမ္ဗုဒ္ဓမြတ်စွာဘုရားက ဒီအကျင့်ကို ကျင့်ရမယ်လို့ ပညတ်ထားသဖြင့် ဘုရားပညတ်တဲ့ သိက္ခာပုဒ်တော်အတိုင်း လိုက်နာကျင့်ဆောင်တာကို စာရိတ္တသီလလို့ ခေါ်တယ်။

(၂) ဝါရိတ္တသီလလို့ဆိုတာက ချစ်သားတို့....ဒီအမှုကို မပြုအပ်ဘူးလို့ မြတ်စွာဘုရားက တားမြစ်ထားတာကို မပြုလုပ်ဘဲနဲ့ ရှောင်ကြဉ်နေတာကို ဝါရိတ္တသီလလို့ ခေါ်တယ်။

ဒီစာရိတ္တသီလတွေ, ဝါရိတ္တသီလတွေဆိုတာ ဘာကိုသီလလို့ ခေါ်သလဲဆိုတော့–"ကိံ သီလန္တိ စေတနာ သီလံ,စေတသိကံသီလံ, သံဝရော သီလံ, အဝီတိက္ကမော သီလံ"–လေးမျိုးကျမ်းဂန်က ထုတ်ထားတယ်။

ကိံ၊ အဘယ်သို့သောသဘောတရားသည်။ သီလံ၊ သီလမည်သနည်း။ ဣတိ၊ ဤသို့။ စေပုစ္ဆေယျ၊ အကယ်၍ မေးငြားအံ့။ စေတနာ၊ စေတနာ စေတသိက်သည်။ သီလံ၊ သီလမည်၏။ စေတသိကံ၊ စေတသိက်တရားသည်။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်စည်းခြင်းသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ ကိုယ်အမှုအရာ, နှုတ်အမှုအရာတို့ဖြင့် မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။

ရှောင်ကြဉ်ခြင်းသည် ဝိရတီ စေတသိက် ဒါ သီလဘဲ၊ စေတနာသီလ–တဲ့၊ စေတနာ သီလဆိုတာ ဘာလဲ – ပါဏာတိပါတာ, အဒိန္နာဒါနာ, ကာမေသုမိစ္ဆာစာရာ, မုသာဝါဒါ, ပိသုဏာဝါစာ,

ဖရုသဝါစာ, သမ္ဖပ္ပလာပဆိုတဲ့ ကာယဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးကို မလွန်ကျူးကြောင်းဖြစ်တဲ့ သဘောသည် စေတနာသီလ၊ "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" ဝိရတီ စေတသိက်သီလ၊ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ ဘယ်သူကရှောင်ကြဉ်သလဲ-ဝိရတီစေတသိက်က ရှောင်ကြဉ်၏၊ လူကရှောင်ကြဉ်တာမဟုတ်ဘူး၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ဘယ့်နှယ်ထင်နေသလဲဆိုတော့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တာဟာ ငါကရှောင်ကြဉ်တယ်လို့ ထင်နေကြတယ်၊ သမုတိသစ္စာအားဖြင့်တော့ဟုတ်မယ်၊ ပရမတ္ထသစ္စာအားဖြင့်တော့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တာသည် သမ္မာကမ္မန္တဝိရတီစေတသိက်က ရှောင်ကြဉ်တာ၊ ဒါကြောင့် အဲဒီဝိရတီစေတသိက်ကို သီလ။

မုသာဝါဒါ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ– ရှောင်ကြဉ်တာဘယ်သူလဲ– သမုတိသစ္စာအားဖြင့်တော့ ပုဂ္ဂိုလ်သတ္တဝါက ရှောင်ကြဉ်တာပါဘဲ၊ ပရမတ္ထသစ္စာအနေနဲ့ အမှန်ကိုပြောပါဆိုယင် သမ္မာဝါစာဝိရတီက ရှောင်ကြဉ်တယ်၊ အသက်မွေးမှုနဲ့ ပတ်သက်ပြီးတော့ ဒုစရိုက်တရားတွေကိုရှောင်ကြဉ်တာဘယ်သူလဲ– သမ္မာအာဇီဝစေတသိက်က ရှောင်ကြဉ်တယ်။

ဒါကြောင့် စေတသိက်သည် သီလ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော စေတနာသည် သီလ၊ စေတသိက်သည် သီလ၊ "သံဝရောသီလံ" သံဝရော၊ စောင့်စည်းခြင်းသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ကိုယ်အမူအရာနဲ့လဲ မလွန်ကျူးဘူး၊ နှုတ်အမူအရာနဲ့လဲဘဲ ဘာကိုမှ မလွန်ကျူးဘူးဆိုယင် အဲဒါသီလ။

စောင့်စည်းခြင်း ၅–မျိုး သံဝရောလို့ဆိုတဲ့ နေရာမှာ သံဝရ (၅) မျိုးရှိတယ်၊ ဘုန်းကြီးတို့ ပါဠိတော်ဟောစဉ် ဆိုတဲ့အတိုင်း ပါဠိတော်ထဲမှာရှိနေတာတွေကို ဘုန်းကြီးကထုတ်ပြမယ်၊ စောင့်စည်းတယ်–**စောင့်စည်း**တယ်ဆိုတဲ့ သံဝရသီလ ဘယ်နှစ်မျိုးရှိသလဲ– (၅–မျိုးရှိပါတယ်ဘုရား)

ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တိသံဝရ, ဝီရိယသံဝရလို့ သံဝရငါးမျိုးရှိတယ်။

ပါတိမောက္ခသံဝရ အဲဒီ သံဝရငါးမျိုးထဲက ပါတိမောက္ခသံဝရဆိုတာ ဘာလဲ– သိက္ခာပုဒ် အသီးအသီးတွေကို မကျူးမလွန်ဘဲနဲ့ စောင့်ရှောက်ထိန်းသိမ်းတာသည် ပါတိမောက္ခသံဝရ၊ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာ

ခိုးခြင်း, မမြတ်သောအကျင့်ကိုကျင့်ခြင်း, လိမ်လည်လှည့်ဖျား ပြောဆိုခြင်း, သေရည်သေရက် သောက်စားခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, ကခြင်း, သီချင်းဆိုခြင်း, ကြည့်ရှုနားထောင်ခြင်း, မြင့်သောနေရာ-မြတ်သောနေရာတို့၌ နေခြင်းဆိုတဲ့ ဒီ သိက္ခာပုဒ်ရှစ်မျိုးကို မလွန်ကျူးမိအောင် စောင့်ရှောက် ထိန်းသိမ်း၍ထားခြင်းကို ပါတိမောက္ခသံဝရသီလလို့ ခေါ်ပါတယ်။

သတိသံဝရ ဘာလဲ သတိသံဝရဆိုတာ ပါဠိတော်က-သော စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏ မေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ[၁]။

သော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နိမိတ္တဂ္ဂါဟီ၊ ယောကျ်ား, မိန်းမ—လှ, မလှ ဟူသော အမှတ်နိမိတ်ကို စွဲယူထားသည်။ နဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော အသေးစိတ်အမှတ် အသားကို စွဲယူ၍ထားသည်။ နဟောတိ၊ မဖြစ်။

ယတွာဓိကရဏံ၊ အကြင်စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်း ကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်ရှောက်ဘဲ။ ဝိဟရန္တံ၊ နေသော။ ဧနံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဝါ၊ ထိုပုဂ္ဂိုလ်သန္တာန်သို့။ အဘိဇ္ဈာ ဒေါမနဿာ၊ အလိုရှိခြင်းဆိုတဲ့ လောဘ, အလိုရှိတိုင်း မရခြင်းကြောင့် စိတ် ပျက်တယ်ဆိုတဲ့ ဒေါမနဿဟု ဆိုအပ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားနှစ်ပါးတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်တစိုက်လိုက်၍ ဝင်လာကုန်ရာ၏။

တဿ၊ ထိုရူပါရုံကို မြင်တဲ့ နေရာဌာန၌။ သံဝရာယ၊ စောင့်စည်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ သတိဖြင့် စောင့်စည်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ (အယံ သတိသံဝရော၊ ဒါ သတိသံဝရ)

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ-၂၃၀။ သီလက္ခန်ပါဠိတော် စာမျက်နှာ-၆၆။ သဠာယတနသံယုတ် စာမျက်နှာ-၃၀၄။ အင်္ဂုတ္တိုရ် တိကနိပါတ် စာမျက်နှာ-၁၁၁ တို့၌ပါသည်။

အာရုံငါးပါးကို သတိဖြင့်စောင့်ရှောက်

ရူပါရုံတခုကို မြင်လိုက်တယ်ဆိုယင်ဘဲ ယောကျာ်းကို မြင်တယ်, မိန်းမကိုမြင်တယ်, လှတာကိုမြင်တယ်, အကျည်းတန်တာကိုမြင်တယ်လို့ ဒီလိုမရှိဘူး၊ မြင်တာဘဲ ရုပ်တရားလို့မှတ်ရမယ်၊ အဲဒီလို ရုပ်တရားလို့သာ မှတ်လိုက်ယင် အဘိဇ္ဈာလဲ မဝင်တော့ဘူး၊ ဒေါမနဿလဲ မဝင်တော့ဘူး၊ အဲဒီလို အကုသိုလ်ဖြစ်တဲ့ အဘိဇ္ဈာ, ဒေါမနဿ မိမိနှလုံးထဲကို ဝင်မလာအောင် သတိဖြင့် ရုပ်တရားလို့ ဉာဏ်ဒွထင်ရှားပေါ်လွင်အောင် ရှုလိုက်, ပွားလိုက်ခြင်းသည် သတိသံဝရသီလ၊ တနည်း—ပြောယင် ဣန္ဒြိယသံဝရသီလပေါ့၊ ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ မြင်တဲ့အာရုံပေါ်မှာ ဒီအတိုင်းသွားရမယ်။

“သောတေန သဒ္ဒံ သုတွာ ဃာနေန ဂန္ဓံ ဃာယိတွာ ဇိဝှါယ ရသံ သာယိတွာ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ မနသာ ဓမ္မံ ဝိညာယ” ဒီအတိုင်းဘဲသွားရမယ်၊ နားထဲအသံရောက်လာယင် ကောင်းတဲ့အသံဘဲ, မကောင်းတဲ့အသံဘဲလို့ ဒီလိုမယူရဘူး၊ ဘယ့်နှယ်ရှုရမလဲ-ရုပ်။

ကောင်းတဲ့အသံလို့ယူလိုက်ယင် လောဘဖြစ်မယ်၊ မကောင်းတဲ့အသံလို့ယူလိုက်ယင် ဒေါသဖြစ်မယ်၊ ဒီတော့ ကောင်းတဲ့အသံလို့လဲမယူနဲ့, မကောင်းတဲ့အသံလို့လဲမယူနဲ့၊ သယ်လိုယူမလဲ-ရုပ်၊ ဒီလို ရှုထားရမယ်၊ ဒီတော့ရုပ်လို့ ရှုထားတဲ့အတွက် အဘိဇ္ဈာနဲ့ဒေါမနဿဆိုတဲ့ အကုသိုလ်မဝင်ဘူး၊ အကုသိုလ်မဝင်အောင် မိမိရဲ့နားကို သတိထားပြီးတော့ စောင့်ရှောက်ထားကို သတိသံဝရလို့ခေါ်ပါတယ်။

အနံ့နံတဲ့အခါမှာလဲ ထို့အတူဘဲ၊ မွှေးတာလဲနံတယ်, ပုပ်တာလဲနံတယ်၊ မွှေးတာနံလာယင် လောဘဖြစ်လာမယ်၊ ပုပ်တာနံလာယင် ဒေါသဖြစ်လာမယ်၊ အဲဒီ မွှေးတာပုပ်တာတွေကို နံရခြင်းဟူသော အကြောင်းကြောင့် အဘိဇ္ဈာဆိုတဲ့လောဘနဲ့ ဒေါမနဿလို့ခေါ်တဲ့ ဒေါသမဖြစ်အောင် သတိဖြင့်ထင်ရှားအောင် စောင့်ရှောက် ထားခြင်းသည် သတိသံဝရ၊ အဲဒီ မွှေးတယ်ဆိုတာဘာလဲ၊ (ရုပ်ပါဘုရား) နံတယ်ဆိုတာကော၊ (ရုပ်ပါဘုရား) ဒီအတိုင်းရှုသွားရမယ်။

လျှာပေါ်မှာ အရသာရောက်လာယင် ချိုတယ်, ချဉ်တယ်, စပ်တယ်, ခါးတယ်, ငန်တယ်, ဖန်တယ်ဆိုတဲ့ အရသာခြောက်မျိုး၊ ကောင်းလိုက်ထာ၊ မကောင်းဘူးဆိုယင် အဲဒီလျှာပေါ် ဘာရောက်လာမလဲ-အဘိဇ္ဈာ, ဒေါမနဿလို့ခေါ်တဲ့ အကုသိုလ်ရောက်လာမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကိုယ့်အိမ်ကထမင်း ကိုယ်စားနေပေမဲ့ အကုသိုလ်မဖြစ်ဘူးမှတ်လို့လားဟင်– ထမင်းစားရင်း အကုသိုလ်ဖြစ်နိုင်တယ်။

စားလို့ ကောင်းရဲ့လားလို့ မေးကြည့်၊ မြိန်လိုက်ထာ ဘာနဲ့စားလို့မြိန်သလဲ၊ မြိန်လိုက်ထာဆိုယင် အဘိဇ္ဈာနဲ့စားလို့မြိန်တာ၊ အကုသိုလ်နဲ့စားလို့ မြိန်တာ၊ ဘုန်းကြီးတို့ပရိသတ်က ဘာနဲ့စားလို့မြိန်သလဲဆိုတော့ ကိုယ်ကြိုက်တဲ့ဟင်းကလေးနဲ့ စားရလို့မြိန်တယ်လို့ အဲဒီလိုထင်နေကြတယ်၊ ထမင်းစားလို့မြိန်တယ်ဆိုတာ ကိုယ်ကြိုက်တဲ့ဟင်းနဲ့ စားရလို့မြိန်တာ မဟုတ်ဘူး၊ အဘိဇ္ဈာနဲ့စားလို့မြိန်တာ၊ အကုသိုလ်နဲ့စားမှ ထမင်းမြိန်တာ၊အကုသိုလ်မပါယင် ထမင်းမမြိန်ဘူး။

ကဲ-စားမကောင်းဘူးဆိုပြန်တော့ ဘယ်လိုလဲ ဟော—ဒေါသ ဝင်လာ ပြန်တယ်၊ ဟာ—ဘယ့်နှယ်များလုပ်ပြီး ချက်တယ်မသိပါဘူး၊ ရေတ်သီးစပ်လိုက်ထာနဲ့ ဟော—အဲဒီလိုဟာတွေ ဖြစ်ပြီးတော့ ဟုတ်လား ဒေါမနဿတွေ ဝင်လာတယ်။

ဒီတော့ အဲဒီ အဘိဇ္ဈာနဲ့ ဒေါမနဿတွေ ဝင်မလာအောင် လျှာပေါ်မှာ အရသာရောက်တိုင်း ရောက်တိုင်း ရှုပ်တရားလို့ ရှုလိုက်၊ ချိုတယ်ဆိုတာ-ရုပ်၊ ချဉ်တယ်ဆိုတာ—ရုပ်၊ စပ်တယ်ဆိုတာ-ရုပ်၊ ခါးတယ်ဆိုတာ—ရုပ်၊ ငန်တယ် ဆိုတာ—ရုပ်၊ ဖန်တယ်ဆိုတာ—ရုပ်။

အဲဒီလို ရုပ်တရားတွေရှုပြီးတော့ ဆင်ခြင်နေယင် အဘိဇ္ဈာလဲ မဝင်တော့ဘူး၊ ဒေါမနဿလဲ မဝင်တော့ဘူး၊ အဲဒီလို လျှာပေါ်ကို အရသာ ရောက်တိုင်း, ရောက်တိုင်း မိမိလျှာပေါ်ကို အကုသိုလ်အဘိဇ္ဈာ, ဒေါမနဿတွေ ရောက်မလာအောင် ရုပ်တရားလို့ သတိဖြင့်ထင်ရှားပေါ်လွင်အောင် ရှုပွားၡ် စားခြင်း, သောက်ခြင်း, လျက်ခြင်းသည် သတိသံဝရ။

ဉာဏသံဝရ ဉာဏသံဝရဆိုတာကတော့ ဘုန်းကြီးတို့ ဟို— သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်မှာ—

ယာနိ သောတာနိ လောကသ္မိံ (အဇိတာတိဘဂဝါ)
သတိ တေသံ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူမိ၊
ပညာယေတေ ပိဓိယျရေ။[၁] လို့

ဒီလို ဟောကြားတော်မူတဲ့ ဒေသနာတော်အရ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန-ခြောက်ဌာနတို့၌ သောတလို့ခေါ်တဲ့ ရေအလျင်တွေ၊

၁။ သုတ္တနိပါတ် ပါဠိတော် စာမျက်နှာ-၄၃၄။

တဏှာသောတ, ဒိဋ္ဌိသောတ, အဝိဇ္ဇာသောတ, ဒုစ္စရိတသောတ-အဲဒီသောတတွေဝင်လာတယ်၊ ဘယ်ကဝင်သလဲ-စက္ခု, သောတ, ဃာန, ဇိဝှာ,ကာယ, မန-အဲဒီခြောက်ဌာနက ဝင်တယ်။

ဝင်လာတိုင်း, ဝင်လာတိုင်းသော တရားတွေကို ဝိပဿနာပညာဉာဏ်ဖြင့် အနိစ္စလက္ခဏာယာဉ်သို့တင်၍ရှင်း, ဒုက္ခလက္ခဏာယာဉ်သို့တင်၍ရှင်း,အနတ္တလက္ခဏာယာဉ်သို့ တင်၍ရှင်း ရှုပွား၍ ဝင်လာတိုင်း,ဝင်လာတိုင်းသော တရားတို့ရဲ့ အပေါ်မှာ ဆန္ဒနဲ့ရာဂကွာသွားပြီလို့ဆိုယင် ဉာဏသံဝရ၊ ဒါ ဉာဏသံဝရ။

ခန္တီသံဝရ ဘာလဲ-ခန္တီသံဝရဆိုတာ၊ ဝိပဿနာတရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ခန္တီသံဝရနဲ့ပြည့်စုံရမယ်၊ ခန္တီသံဝရနဲ့ မပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာတရားအားထုတ်လို့ မဖြစ်နိုင်ဘူး၊ခန္တီသံဝရဆိုတာဘာလဲ မူလပဏ္ဏာသပါဠိတော်မှာ—

ဣဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော ခမော ဟောတိ သီတဿ ဥဏှဿ ဇိဃစ္ဆာယ ပိပါသာယ ဍံသမကသဝါတာတပသရီသပ-သမ္ဖဿာနံ ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ တိဗ္ဗာနံ ခရာနံ ကဋုကာနံ အသာတာနံ အမနာပါနံ ပါဏဟရာနံ အဓိဝါသကဇာတိကော ဟောတိ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ သီတဿ၊ အအေးကို။ ခမော၊ သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဥဏှဿ၊ အပူကို။ ခမော၊ သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဇိဃစ္ဆာယ၊ ဆာလောင်မွတ်သိပ်ခြင်းကို။ ခမော၊ သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ပိပါသာယ၊ ရေငတ်ခြင်းကို။ ခမော၊ သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။

အပူ၊ အေးစသည် သည်းခံရပုံ — ပူတာကို သည်းခံနိုင်ရမယ်၊ အေးတာကို သည်းခံနိုင်ရမယ်၊ ဆာတာကို သည်းခံနိုင်ရမယ်၊ ရေငတ်တာကို သည်းခံနိုင်ရမယ်တဲ့—ဝိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်၊ အဲ-ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက တရားတော့ အားထုတ်ပါရဲ့၊ ဆာတာလဲ သည်းမခံနိုင်ဘူး၊ ရေငတ်တာလဲ သည်းမခံနိုင်

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ – ၁၃၊ အင်္ဂုတ္တိုရ် ဆက္ကနိပါတ် စာမျက်နှာ–၃၄၁။

ဘူး၊ ပူတာ အေးတာတွေကိုလဲ သည်းမခံနိုင်ဘူးဆိုယင် ခန္တီသံဝရမရှိဘူး၊ ဘယ်လိုလုပ် တရားအားထုတ်မလဲ၊ ဒီတော့ ကိုယ်တရား အားထုတ်တော့မယ်ဆိုယင် အကုန်လုံးသည်းခံရမယ်၊ ဒါက သည်းခံခြင်းတမျိုး။

ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ပျား, ကင်းသန်းတို့၏ ကိုက်ခဲခြင်းအတွေ့ကိုလည်း။ ခမော၊ သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဟောဒါ သည်းခံခြင်းတမျိုး၊ ခြင်ကိုက်တာ, ကြမ်းပိုးကိုက်တာ, မှက်ကိုက်တာ, လေပူနေပူတို့ ဒါတွေ အကုန်လုံး သည်းခံနိုင်ရမယ်၊ နိဗ္ဗာန်တော့လိုချင်၊ သဗ္ဗညုမြတ်စွာဘုရားက ဒါတွေသည်းခံရမယ်လို့ ဟောထားတယ်။ ဒို့က သည်းခံနိုင်ရဲ့လား၊ အဲဒါတွေ တွက်ကြည့်၊ ကိုယ်တရားရသလား–မရဘူးလား၊ ဘယ်မှာမှ စစ်တမ်းဝင်မနေနဲ့၊ ကိုယ့်ကိုယ်ကို အဲဒါဘဲစစ်ပြီးတော့ မေးကြည့်၊ ငါဟာ ဘယ်လောက်တရားတက်လာပြီလဲ၊ ငါဘယ်လောက်သည်းခံနိုင်သလဲ ဟုတ်လား၊ ခမောဟောတိ၊ နောက် ဘာတွေသည်းခံရအုံးမလဲ။

ဒုရုတ္တာနံ၊ သူတပါးတို့က ဆရာသမားတို့က ကြိမ်းမောင်း ပြီးတော့ မကောင်းသဖြင့် ပြောဆိုအပ်ကုန်သော။ ဒုရာဂတာနံ၊ မိမိအထံသို့ မကောင်းသောအနေအားဖြင့် ရောက်လာကြကုန်သော။ ဝစနပထာနံ၊ ကြိမ်းခြင်းမောင်းခြင်း ကဲ့ရဲ့ခြင်း ရှုတ်ချခြင်းဆိုတဲ့ စကားတို့ကိုလည်း။ ခမော၊ သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဘုန်းကြီးတို့ပရိသတ်စေ့စေ့ကြည့်မခံဘူး–တရားတော့ အားထုတ်တယ်၊တိုလိုက်တဲ့စိတ်ကတော့ မပြောနဲ့တော့၊ နောက်ပြီးတော့ ပြောသေးတယ်–အို တရားအားထုတ်တာက တခြားပါ၊ စိတ်တိုတာက တခြားပါ၊ မဟုတ်တာကျ ခံကိုမခံနိုင်ဘူး၊ ဟောဒီလို လုပ်သေးတယ် ဟုတ်လား။

ဆရာသမားကဖြစ်စေ, သမဂ္ဂသီတင်းသုံးဘော်ကဖြစ်စေ ဘယ့်နှယ်ဘဲပြောပြော ဘယ့်နှယ်ဘဲဆိုဆို မာန်မာန်ကြိမ်းကြိမ်း ဘာလုပ်ရမလဲ (သည်းခံရပါမယ်ဘုရား) သည်းခံရပါယ်၊ အစစအရာရာ သည်းခံရမယ်မဟုတ်လား၊ နိဗ္ဗာန်ကိုအလိုရှိတဲ့လူဆိုတာ ဒါတွေကို သည်းခံရမယ်၊ ပြီးတော့ ဘာကိုသည်းခံရအုံးပလဲဆိုတော့ သည်းခံခြင်းသုံးမျိုး ရှိသွားပြီ၊ နောက်တမျိုး သည်းခံရမှာ ရှိသေးတယ်၊ဘာသည်းခံရမလဲဆိုတော့–

ဉပ္ပန္နာနံ၊ ဖြစ်ပေါ်၍လာကုန်သော။ သာရီရိကာနံ၊ ကိုယ်၌ဖြစ်ဆဲ ဖြစ်ကုန်သော။ တိဗ္ဗာနံ၊ ထက်ကုန်သော။ ခရာနံ၊ ကြမ်းတမ်း ကုန်သော၊ ကဋုကာနံ၊

စပ်ရှားခံပြင်းကုန်သော။ အသာတာနံ၊ သာယာဘွယ် မဟုတ်ကုန်သော။ အမနာပါနံ၊ စိတ်နှလုံးကိုမတိုးပွါးစေကုန်သော။ ပါဏဟရာနံ၊ အသက်ကိုဆောင်ခြင်းငှာစွမ်းနိုင်ကုန်သော။ ဒုက္ခာနံ၊ ဆင်းရဲကုန်သော။ ဝေဒနာနံ၊ ဝေဒနာတို့ကို။ အဓိဝါသကဇာတိကော၊ သည်းခံနိုင်ခြင်း သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။

ခန္တီသံဝရဆိုတာ ပြင်းထန်တဲ့ရောဂါဝေဒနာ ဒဏ်ချက်ကြီး တွေပေါ်လာတယ်၊ ဟိုက ပါဠိတော်က–တိဗ္ဗာနံ၊ ထက်ကုန်သော။ ခရာနံ၊ ကြမ်းတမ်းကုန်သော။ ဒုက္ခာနံ၊ ပင်ပန်းကုန်သော။ ကဋုကာနံ၊ စပ်ရှားကုန်သော။ ပါဏဟရာနံ၊ အသက်ကို သေသွား လောက်အောင် ဆောင်ယူ သွားနိုင်သော ခန္ဓာကိုယ်၌ဖြစ်လာတဲ့ ရောဂါဝေဒနာတွေကို သည်းခံနိုင်ရမယ်တဲ့။

ဘုန်းကြီးတို့ ပရိသတ်က နိဗ္ဗာန်ကိုတော့ သိပ်ပြီးတော့လိုချင်တယ်၊ စေ့စေ့ကြည့်တော့ မခံနိုင်ဘူးလို့ဆိုယင် ဒီလိုချင်တဲ့နိဗ္ဗာန်ဟာ ဘာနိဗ္ဗာန်လဲ။ ထုံးစံအတိုင်း လိုချင်တဲ့နိဗ္ဗာန် ဖြစ်နေမှာပေါ့၊ ဒါ ခန္တီသံဝရ။

ဝီရိယသံဝရ နောက်တခါ ဝီရိယသံဝရ၊ ဘာတဲ့လဲ ဝီရိယသံဝရဆိုတာ "ဣဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ။ ဥပ္ပန္နံ ဗျာပါဒ ဝိတက္ကံ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ။ ဥပ္ပန္နံ ဝိဟိံသာဝိတက္ကံ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ။ အယံ ဝီရိယသံဝရော"[၁]။
ဟောဒါ ဝီရိယသံဝရ။

အဲဒီ "ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ" ဆိုတာ ဘုန်းကြီးတို့ ဟိုနောက်ပိုင်းက ဝိတက်ပိုင်းက ဟောခဲ့ပြီးပြီ၊ အဓိပ္ပါယ်ကဘာလဲ–မိမိသန္တာန်မှာ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေ ဝင်လာယင် လက်မခံဘဲနဲ့ ဝီရိယနဲ့တားပြီးတော့ ပယ်ထုတ်လိုက်တာကို ဝီရိယသံဝရလို့ခေါ်ပါတယ်၊ နောက်က ဟောခဲ့တဲ့ ဟောစဉ်မှာ အနက်ယောဇနာပြီးသား။

အဲဒီ သံဝရတရား ငါးမျိုးထဲက "ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ" မေဃိယသုတ္တန်မှာ၊ ပါတိမောက္ခသံဝရသံဝုတော၊ သိက္ခာပုဒ်သီလကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။ ဘာတဲ့လဲ ပါတိမောက္ခ။

၁။ မူလပဏ္ဏာသပါဠိတော် စာမျက်နှာ•၁၄။အင်္ဂုတ္တိုရ်၊ ဆက္ကနိပါတ် နှာ–၃၄၂။

"ပါတိမောက္ခသံဝရ သိက္ခာပဒသီလ"။ ပါတိမောက္ခံ၊ ပါတိမောက္ခ ဟူသော စကား၏ အဓိပ္ပါယ်ကား။ သိက္ခာပဒသီလံ၊ စောင့်ရှောက်ဆောက် တည်အပ်သော သိက္ခာပုဒ်သီလပါပေတည်း၊ အခု စောင့်ရှောက်ဆောက်တည် ထားတဲ့ ရှစ်ပါးသီလ သိက္ခာပုဒ် အသီးအသီးသည် ပါတိမောက္ခ။

ပါတိမောက္ခမည်ပုံ ဘာပြုလို့ ပါတိမောက္ခလို့ ဒီသိက္ခာပုဒ်တွေကို ဆိုရ သလဲလို့ ဆိုတော့–"တံ ဟိ ယော နံ ပါတိ ရက္ခတိ၊ တံ မောက္ခေတိ မောစေတိ အပါယိကာဒီဟိ ဒုက္ခေဟိတိ ပါတိမောက္ခံ"[၁]။

တံ၊ ထိုသိက္ခာပုဒ်တွေကို ပါတိမောက်ဟု ဆိုသောစကားသည်။ ဟိ–သစ္စံ၊ မှန်၏။ (မှန်ပါတယ်တဲ့–သိက္ခာပုဒ်တွေကို ပါတိမောက်လို့ ပြောတာ၊ ဘာ ပြုလို့ပြောတာ၊ ဘာပြုလို့မှန်သလဲ) ယော၊ အကြင်သူသည်။ နံ၊ ထိုသိက္ခာပုဒ် ရှစ်မျိုးကို့ ကိုယ်တတ်နိုင်သလောက်ငါးမျိုးကို့ ခြောက်မျိုးကို့ ကိုးမျိုးကို့ ဆယ်မျိုးကို့ ၂၂၇–သွယ်သောသိက္ခာပုဒ်တွေကို့ ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တော်တွေကို။ ပါတိရက္ခတိ၊ စောင့်ရှောက်တတ်၏။ တံ၊ ထိုသိက္ခာပုဒ် တွေကို မကျိုးမပေါက်ရအောင် စောင့်ရှောက်ထိန်းသိမ်းသောသူကို။ အပါယိ- ကာဒီဟိဒုက္ခေဟိ၊၊ အပါယ်အစရှိသော ဆင်းရဲဒုက္ခအပေါင်းတို့မှ။ မောက္ခေတိ မောစေတိ၊လွတ်မြောက်စေတတ်၏။ဣတိ–တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိမောက္ခ မည်၏။

ပါတိမောက္ခလို့ဆိုတာ သိက္ခာပုဒ်သီလတွေကို ပါတိမောက္ခလို့ ခေါ်ပါ တယ်တဲ့၊ ဘာပြုလို့ ဒီသိက္ခာပုဒ်တွေကို ပါတိမောက္ခလို့ ခေါ်သလဲ ဆိုတော့ ဒီသိက္ခာပုဒ်တွေကို မကျိုးမပေါက်ရအောင် စောင့်ရှောက်ထိန်းသိမ်းတဲ့ ပုဂ္ဂိုလ်ကို အပါယ်အစရှိသော ဆင်းရဲဒုက္ခမှ လွတ်မြောက်စေတတ်သော သဘောသတ္တိရှိသောကြောင့် ဒီသိက္ခာပုဒ်တွေကို ပါတိမောက္ခလို့ ခေါ်ပါ တယ်တဲ့။

သံဝရမည်ပုံ ကုန်ပလားအဓိပ္ပာယ်– မကုန်သေးဘူး၊ ပြောအုံးမယ်– သံဝရ၊ ပါတိမောက္ခပြီးသွားပြီ၊ သံဝရ–တဲ့၊ ဘာလဲ သံဝရဆိုတာ– "သံဝရဏံသံဝရော၊ ကာယဝါစာဟိ အဝီတိက္ကမော"[၁]။ ။သံဝရဏံ၊ စောင့် စည်းခြင်း။ သံဝရော၊ စောင့်စည်းခြင်း။ ဘာတွေစောင့်စည်းသလဲ– ကာယ ဝါစာဟိ၊ ကိုယ်အမူအရာ့ နှုတ်အမူအရာတို့ဖြင့်။ အဝီတိက္ကမော၊ မလွန်ကျူး ခြင်းတည်း။

၁။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ–၂၀၀။

ကိုယ်အမူအရာ, နှုတ်အမူအရာတို့ဖြင့် ဒုစရိုက်တွေကို မလွန်ကျူးတာ သည်–သံယမ၊ မလွန်ကျူးအောင် စောင့်ရှောက်ထားတာသည်–သံယမ၊ သံဝရ၊ "ပါတိမောက္ခမေဝ သံဝရော ပါတိမောက္ခသံဝရော"[၁]။ ။ပါတိမောက္ခမေဝ၊ သိက္ခာပုဒ်ကိုပင်လျှင်။ သံဝရော၊ စောင့်စည်းခြင်းသည်၊ ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရမည်၏။

တေန သံဝုတော ပိဟိတကာယဝါစောတိ ပါတိမောက္ခသံဝရ သံဝုတော[၁]။

အဲဒီ သိက္ခာပုဒ်သီလတို့ဖြင့် လုံခြုံအောင်စောင့်ရှောက် ထိန်းသိမ်းပြီးတော့ နေတာကိုဘဲ ပါတိမောက္ခသံဝရသီလလို့ ခေါ်ပါတယ်၊ ကုန်ပလားအဓိပ္ပာယ်၊ မကုန်သေးဘူး– ပါတိမောက်ရဲ့အဓိပ္ပာယ်။

တနည်း·ပါတိမောက္ခအဓိပ္ပာယ် ပ+အတိ+မောက္ခ၊ အတိ+ပမောက္ခ၊အလွန် မြတ်သောသီလ၊ ဒီလိုဆိုလိုတယ်၊ ပါတိ မောက္ခလို့ဆိုတာ အလွန်မြတ်သောသီလ၊ ကုန်ပလား (မကုန်သေးပါဘုရား) မကုန်သေးဘူး။

ပါတိမောက္ခသံဝရသီလန္တိ စာရိတ္တဝါရိတ္တဝသေန ဒုဝိဓံ ဝိနယပိဋ္ဌက ပရိယာပန္နံ သိက္ခာပဒသီလံ[၂]။

ပါတိမောက္ခသံဝရသီလလို့ဆိုတာတဲ့ စာရိတ္တသီလ, ဝါရိတ္တသီလ၏ အစွမ်း အားဖြင့် နှစ်ပါးရှိတယ်၊ ဝိနည်းပိဋ္ဌကတခုလုံး၌ အကျုံးဝင်တဲ့ သိက္ခာပုဒ် အားလုံးသည် ပါတိမောက္ခသံဝရသီလပါတဲ့။

ဘုန်းကြီးတို့ ဝိနည်း သာရတ္ထဒီပနီ ဋီကာမှာ ဆိုထားတယ်၊ ဒါ–ပါတိ မောက္ခသံဝရသီလ၊ ကုန်ပလား–တခုပြောအုံးမယ်၊ ပါတိ+မောက္ခ၊ အဲဒီ နှစ်လုံးရဲ့ အဓိပ္ပါယ်ကို ပြောအုံးမယ်၊ ပါတိ+မောက္ခ။ ပါတိ၊ ကျရောက်၍ နေခြင်းမှ။ မောက္ခ၊ လွတ်မြောက်ခြင်း၊ ဉပမာဆိုပါတော့ လူတယောက် ချောက်ထဲကျနေတယ်၊ အဲဒီချောက်ထဲကျတာကို ပါတိ–လို့ခေါ်တယ်၊ အဲဒီ ချောက်ထဲကျရာမှ လွတ်သွားတာကို မောက္ခလို့ခေါ်တယ်၊ ဒီတော့ ချောက် ထဲကိုကျနေခြင်းမှ လွတ်မြောက်ခြင်းသည် ပါတိမောက္ခ၊ ဒါက အပြင်ဘက် ကအဓိပ္ပါယ်ကို နားလည်အောင်ပြောတာ။

၁၊ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ–၂၀၁၊ ၂၀၂။
၂။ သာရတ္ထ ဒီပနီဋီကာ ဒုတိယ နှာ–၅၀။

ဥပမာ—လူတယောက် အချုပ်ထောင်ထဲကိုကျတယ်၊ အဲဒီ အချုပ်ထောင်ထဲကို ကျတာသည်—ပါတိ၊ အချုပ်ထောင်မှ လွတ်မြောက် သွားတာသည် မောက္ခလို့ ခေါ်တယ်၊ ကျတာ ကောင်းသလား၊ လွတ်တာ ကောင်းသလား (လွတ်တာကောင်းပါတယ်ဘုရား) ဒီလိုဘဲ ပြောကြတယ်၊ ဒါပေမဲ့ လုပ်တာ ကလွတ်အောင်မလုပ်ဘူး၊ ကျအောင်ချည်းလုပ်တယ်။

အပါယ်မှ လွတ်မြောက်တတ်သောသီလ ကဲ-ကောင်းပြီ၊ ဒီအဓိပ္ပါယ်နားသည် သွားတော့ယင် ကျမ်းဂန်ကလာတဲ့ အဓိပ္ပါယ်ပြောပြဦးစို့၊ "ကိလေသာနံ ဗလဝဘာဝတော ပါပကိရိယာယ သုကရဘာဝတော ပုညကိရိယာယစ ဒုက္ကရဘာဝတော ဗဟုက္ခတ္တုံ အပါယေသု ပတနသီလောတိ ပါတိ၊ ပုထုဇ္ဇနော"[၁]။ ပါတိ၏ အဓိပ္ပါယ်။ ကိလေသာနံ၊ ဒိဋ္ဌိ,တဏှာကိလေသာတို့၏။ ဗလဝ ဘာဝတော၊ အားကြီးထူထပ်သည်၏ အဖြစ်ကြောင့်ရင်း။ ပါပကိရိယာယ။ မကောင်းမှုကို။ သုကရဘာဝတော၊ ပြုလွယ်သည်၏ အဖြစ်ကြောင့်ရင်း။ ပုညကိရိယာယ၊ ကုသိုလ် ကောင်းမှုကို။ ဒုက္ကရဘာဝတော၊ ပြုနိုင်ခဲသည်၏ အဖြစ်ကြောင့်ရင်း။ ဗဟုက္ခတ္တုံ၊ အကြိမ်များစွာ။အပါယေသု၊ အပါယ်ဘုံတို့၌။ ပတန သီလော၊ ကျခြင်း အလေ့ ရှိ၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ ပါတိ၊ ပါတိမည်၏။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်ကို။ လဗ္ဘတိ၊ ရအပ်၏။

ပုထုဇဉ်ပုဂ္ဂိုလ်ကို ပါတိလို့ ခေါ်တယ်၊ ဘာပြုလို့ ပုထုဇဉ်ပုဂ္ဂိုလ်ကို ပါတိလို့ခေါ်ရသလဲဆိုတော့ အဲဒီ ပုထုဇဉ်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိရယ်, တဏှာရယ် ဆိုတဲ့ ကိလေသာတွေလဲ အားကြီးတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်လို့ဆိုတာ မကောင်းမှုပြုဘို့ သိပ်လွယ်တယ်၊ ဘိုင်စကုတ်သွားရအောင်ဆို လွယ်လွယ်နဲ့ဘဲ သွားတယ်၊ ပျော်ပွဲစားထွက်ရအောင်ဆို လွယ်လွယ်ကလေးဘဲ မကောင်းမှုပြုလုပ်ရမှာ သိပ်လွယ်တယ်။

ကုသိုလ်ကောင်းမှု ပြုဘို့ကျတော့ ပြုခဲတယ်၊ တရားနာသွားရအောင် ဆိုယင်မိုးတွေရွာတယ်ဟင်-မလိုက်ချင်နေလိုက်တာပေါ့၊ကုသိုလ်ကောင်းမှုပြုမယ် ကြံယင် တော်တော်နဲ့ အိမ်ကမထွက်နိုင်ဘူး၊ ဒီတော့ ကုသိုလ်ကောင်းမှုကို ပြုခဲသည်၏ အဖြစ်ကြောင့်ရင်း, အပါယ်လေးဘုံသို့ အကြိမ်ကြိမ် အထပ်ထပ် ကျရောက်တတ်သော သဘောသတ္တိ ရှိသောကြောင့်ရင်း ပုထုဇဉ် ပုဂ္ဂိုလ်ကို ပါတိလို့ ခေါ်ပါတယ်၊ ဒါဖြင့် အဲဒီပုထုဇဉ်ပုဂ္ဂိုလ်ဟာ အခုနင်က ရှစ်ပါးသီလသိက္ခာပုဒ်တွေကို ခံယူဆောက်တည်လိုက်တော့ ဘာဖြစ်သလဲ။

၁။ ဥဒါန်း အဋ္ဌကထာ စာမျက်နှာ–၂၀၂။ သာရတ္ထ၊ ဒု၊ နှာ–၅၉။

တံ မောက္ခေတိ မောစေတိ အပါယိကာဒီဟိ ဒုက္ခေဟိတိ ပါတိ မောက္ခံ[၁]။

တံ၊ ထိုသိက္ခာပုဒ် တွေကို ခံယူစောင့်ရှောက်သူကို။ အပါယိကာဒီဟိ၊ အပါယ် အစရှိကုန်သော။ ဒုက္ခေဟိ၊ ဆင်းရဲအပေါင်းတို့မှ။ မောက္ခေတိ မောစေတိ၊ လွတ်မြောက်စေတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိ မောက္ခမည်၏။

အပါယ်လေးပါးမှ လွတ်စေတတ်တဲ့သဘောကား သိက္ခာပုဒ် သီလပင်တည်း၊ ပါတိမောက္ခ—တဲ့။

သံသရာမှ လွတ်မြောက်တတ်သောသီလ

နောက်တမျိုး ဘယ်နှယ် ပြောထားပြန်သေး သလဲဆိုတော့ ဥဒါန်းအဋ္ဌကထာက—"မရဏဝသေန ဝါ တမှိ တမှိ သတ္တနိကာယေ အတ္တဘာဝဿ ပတနသီလောတိ ဝါ ပါတိ။ သတ္တသန္တာနော စိတ္တမေဝ ဝါ။ တံ ပါတိနံ သံသာရဒုက္ခတော မောက္ခေတီတိ ပါတိမောက္ခံ"[၂]ဒီလို ပြောထားတယ်။

မရဏဝသေန၊ သေခြင်း၏အစွမ်းအားဖြင့်။ တမှိတမှိသတ္တနိကာယေ၊ ထိုထို သတ္တဝါအပေါင်း၌။ အတ္တဘာဝဿ၊ အတ္တဘော၏။ ပတနသီလော၊ ကျခြင်း အလေ့သဘောရှိ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပါတိ၊ ပါတိမည်၏။ သတ္တ သန္တာနော၊ သတ္တဝါတို့၏သန္တာန်၌ဖြစ်သော။ စိတ္တမေဝ၊ စိတ်သည်သာလျှင် တည်း။ (ဒါကတော့ သတ္တဝါတို့၏သန္တာန်၌ဖြစ်သော စိတ်အစဉ်ကိုရတယ်) တံပါတိနံ၊ ထိုသေရခြင်းသဘောရှိကုန်သော သတ္တနိကာယအပေါင်း၏ကျခြင်း ဆိုတဲ့သဘောကို။ သံသာရဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ။ မောက္ခေတိ၊ လွတ်မြောက်စေတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပါတိ မောက္ခံ၊ ပါတိမောက္ခမည်၏။ အဲဒါကတော့သတ္တဝါကိုရတယ်။

ပုထုဇဉ်တင်မဟုတ်တော့ဘူး၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ထိအောင်ရတယ်၊ ဒီသတ္တဝါတွေဟာ ထိုထိုသတ္တဝါအပေါင်းတို့ လူအကျင့်, နွားအကျင့်, ဗြဟ္မာအကျင့်, တိရစ္ဆာန်-ပြိတ္တာ- အသူရကာယ်အကျင့်စသည်တို့

၁။ သာရတ္ထ ဒုတိယအုပ် နှာ—၅၈။ ဇာတိဝုတ်၊ ဋ္ဌ၊ နှာ-၂၉၀။ ဥဒါန်း၊ ဋ္ဌ နှာ-၂၀၁။

၂။ ဥဒါန်း အဋ္ဌကထာ နှာ-၂၀၂။ ဣတိဝုတ် အဋ္ဌကထာ၊ နှာ—၂၉၀။ သာရတ္ထ၊ ဒု၊ နှာ-၅၉။

ဖြင့် အဲဒီဘဝကို ရောက်ရောက်ပြီးတော့ အဖန်တလဲလဲ သေရခြင်းသဘောရှိတဲ့ သံသရာဝဋ်ဆင်းရဲကြီး၊ အဲဒီ သံသရာဝဋ်ဆင်းရဲကို ဘယ်သူတွေကျနေသလဲ- သတ္တဝါတွေ။

အဲဒီလို ကျနေတဲ့သတ္တဝါတွေဟာ ဒီ သိက္ခာပုဒ်သီလတွေကို ဆောက်တည်လိုက်မယ်ဆိုယင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော သဘောသတ္တိရှိသောကြောင့် မောက္ခ၊ပါတိ၊ သံသရာဝဋ်ဆင်းရဲသို့ကျခြင်းမှ။ မောက္ခော၊ လွတ်မြောက်ခြင်း။ ပါတိ မောက္ခော၊ သံသရာဝဋ်ဆင်းရဲသို့ ကျခြင်းမှ လွတ်မြောက်ခြင်း၊ ဒါ ပါတိမောက္ခတခု။

တဏှာမာနဒိဋ္ဌိမှ လွတ်သောသီလ

နောက်တနည်း ရှိပါသေးတယ်၊ ခန္ဓာငါးပါး, အာယတန တဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါးတို့ မပြတ်ဖြစ်ရာ သံသရာ၌ ဖြစ်တတ်သောကြောင့်၊ ဘာကြောင့် ဖြစ်သလဲ- အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့် ခန္ဓာငါးပါး, အာယတန တဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါးတို့ မပြတ်ဖြစ်ရာ သံသရာ၌ ဖြစ်တတ်သည့်အတွက် ပါတိ။

> တဿ ပါတိနော သတ္တဿ တဏှာဒိသံကိလေသတ္တယတော မောက္ခော ဧတေနာတိ ပါတိမောက္ခော[၁]။

ဧတေန၊ ဤသိက္ခာသီလဖြင့်။ တဿပါတိနော၊ ထိုသို့သံသရာဝဋ်ဆင်းရဲကို ကျရောက်၍နေသော သတ္တဝါအား။ တဏှာဒိသံကိလေသတ္တယတော၊ တဏှာ, မာန, ဒိဋ္ဌိခေါ်တဲ့ ညစ်နွမ်းကြောင်း တရား သုံးပါးမှ။ မောက္ခော၊ လွတ်မြောက်သည်တည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခော၊ တဏှာ,မာန, ဒိဋ္ဌိခေါ်တဲ့ တရားသုံးပါးမှ လွတ်မြောက်သည်မည်၏။

တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့, တရားသုံးပးါမှ လွတ်မြောက် တတ်သောကြောင့် ပါတိမောက္ခ၊ ဘယ်သူလဲ ပါတိမောက္ခဆိုတာ၊ သိက္ခာပုဒ်သီလတွေ၊ ဥဒါန်းအဋ္ဌကထာမှာ ပါတိမောက္ခရဲ့ အဓိပ္ပါယ်တွေကို အတော် ကျယ်ကျယ်ဝန်းဝန်း ပြောထားတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပါတိမောက္ခရဲ့ အဓိပ္ပါယ်ကို အဲဒါလောက်သိရယင် တော်ပြီ၊ ဒီတော့ ဒီပါတိ မောက္ခဆိုတာဘာလဲ-သိက္ခာပုဒ်သီလတွေ၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်စေတတ်သော သဘောသတ္တိရှိသောကြောင့် ဒီသိက္ခာပုဒ်သီလတည်းဟူသော တရားသည် အလွန်မြတ်တဲ့အတွက် အတိပမောက္ခ၊အလွန်မြတ်သောသီလ။

၁။ ဥဒါန်းအဋ္ဌကထာ၊ စာမျက်နှာ—၂၀၂။ ဇာတိဝုတ်၊ ဌ၊ နှာ—၂၉၁။ သာရတ္ထ၊ ဒု၊ နှာ—၅၉။

ပါတိ+မောက္ခ၊ ပ+အတိ+မောက္ခ၊ အတိပမောက္ခ အပါယ်လေးပါးက လွတ်မြောက်သော ကြောင့်ရင်း, သေရခြင်း ဆိုတဲ့ ဘေးဆိုး ကြီးတို့မှ လွတ်မြောက်ရသောကြောင့်ရင်း, သေရခြင်း ဆိုတဲ့ ဘေးဆိုးကြီးသို့ကျရောက်စေခြင်းမှ လွတ်မြောက်ခြင်းသဘောရှိသောကြောင့်ရင်း, ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သို့ ကျသွားတဲ့သတ္တဝါတွေကို တဏှာ-မာန-ဒိဋ္ဌိဆိုတဲ့ တရားသုံးပါးမှ လွတ်မြောက်စေတတ်သော သဘောသတ္တိ ရှိသောကြောင့်ရင်း အလွန်မြတ်၏၊ ဒါ ပါတိ မောက္ခသံဝရသီလ။

အဲဒီ ပါတိ မောက္ခ သံဝရသီလနဲ့ ပြည့်စုံရအောင်—ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။

သီလကျင့်ရန် သိကြားမင်းလျှောက်ပုံ

ကောင်းပြီ၊ ဒီပါတိ မောက္ခသံဝရသီလကို ကျင့်ချင်ပါတယ်၊ ဘယ်လိုကျင့်ရမလဲဆိုတော့ ဘုန်းကြီးတို့ ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် သက္ကပဉှာသုတ်မှာ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်တယ်၊ ဘယ့်နှယ်လျှောက်တုံး—

ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ပါတိမောက္ခသံဝရာယ ပဋိပန္နော ဟောတိ[၁]။

မာရိသ၊ အရှင်ဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ပဋိပန္နော၊ ကျင့်သော။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရာယ၊ ပါတိမောက္ခသံဝရသီလကို။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

အရှင်ဘုရား....အခုပြောတဲ့ ပါတိမောက္ခသံဝရသီလဟာ အင်မတန်ကောင်းတဲ့ သီလဖြစ်တယ်၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်စေတတ်တဲ့ သီလ၊ အပါယ်လေးပါးကလွတ်မြောက်စေတတ်တဲ့သီလ၊ အကြိမ်ကြိမ် သေရခြင်းမှ လွတ်မြောက်စေနိုင်တဲ့ သီလ၊ အင်မတန် မြတ်တဲ့သီလကို ကျင့်ချင်ပါတယ်၊ ဘယ့်နှယ်လုပ် ကျင့်ရပါမလဲ–ဘုရားလို့ ဆိုတော့မြတ်စွာဘုရားက—

မှီဝဲအပ်သောတရား မမှီဝဲအပ်သော တရား

ကာယသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ[၂]။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ကာယသမာစာရံပိ၊ ကိုယ်အကျင့်ကိုလည်း။ သေဝိတဗ္ဗံပိ၊ မှီဝဲအပ် မှီဝဲသင့် မှီဝဲထိုက်သောကိုယ်အကျင့်ကိုရင်း။ အသေဝိတဗ္ဗံပိ၊

၁။ သုတ်မဟာဝါပါဠိတော် နှာ-၂၂၃။
၂။ သုတ်မဟာဝါပါဠိတော် နှာ—၂၂၃။

မမှိဝဲအပ် မမှိဝဲသင့် မမှိဝဲထိုက်သော ကိုယ်အကျင့်ကိုရင်း။ ဣတိ၊ဤသို့၊ဒုဝိဓေန၊ နှစ်ပါးအပြားအားဖြင့်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

သိကြားမင်း....ပါတိမောက္ခသံဝရသီလကို ကျင့်ဘို့အတွက် ရှေးဦးစွာ ဒီလို မှတ်ပါတဲ့၊ ကိုယ်အမူအရာနဲ့ လုပ်တဲ့လုပ်ငန်းကို မှိဝဲသင့်တဲ့လုပ်ငန်း, မမှိဝဲသင့်တဲ့ လုပ်ငန်းလို့ ငါဘုရား ဒီလိုနှစ်မျိုးဟောထားပါတယ်၊ ကိုယ်အမူအရာနဲ့ ပတ်သက်လို့ လုပ်ရတဲ့ လုပ်ငန်းအတွက်-လုပ်သင့်တဲ့လုပ်ငန်း,မလုပ်သင့်တဲ့လုပ်ငန်းလို့ ရှေးဦးစွာဒီလို နှစ်မျိုးခွဲပြီးတော့ မှတ်ထားပါတဲ့။

ဝစီသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဝစီသမာစာရံပိ၊ နှုတ်ဖြင့်ပြောဆိုတဲ့ အကျင့်ကိုလည်း။ သေဝိတဗ္ဗံပိ၊ မှိဝဲအပ် မှိဝဲသင့် မှိဝဲထိုက်သော နှုတ်အမူအရာ အကျင့်ကိုရင်း။အသေဝိတဗ္ဗံပိ၊ မမှိဝဲအပ် မမှိဝဲသင့် မမှိဝဲထိုက်သော နှုတ်အမူအရာ အကျင့်ကိုရင်း။ ဣတိ၊ဤသို့။ ဒုဝိဓေန၊ နှစ်ပါးအပြားအားဖြင့်။ အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ ဟောထားတော်မူ၏။

သိကြားမင်း....နှုတ်ကပြောဆိုတယ်ဆိုတဲ့ နေရာမှာလဲဘဲ ပြောသင့်ပြောထိုက်တဲ့စကားနဲ့ မပြောသင့်မပြောထိုက်တဲ့စကား နှစ်မျိုးရယ်လို့ ငါဘုရားဟောထားတယ်၊ ဒါကြောင့် စကားပြောတဲ့နေရာမှာလဲ ပြောသင့်, မပြောသင့် နှစ်မျိုးခွဲပြီးတော့ မှတ်ထားပါအုံးတဲ့။

ပရိယေသနံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ပရိယေသနံပိ၊ ရှာဖွေခြင်းကိုလည်း။ သေဝိတဗ္ဗံပိ၊ မှိဝဲသင့်သောရှာဖွေခြင်းကိုရင်း။ အသေဝိတဗ္ဗံပိ၊ မမှိဝဲသင့်သောရှာဖွေခြင်းကိုရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓေန၊ နှစ်မျိုးအပြားအားဖြင့်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

သိကြားမင်း.... ရှာဖွေတယ်ဆိုတဲ့လုပ်ငန်း၊ အဲဒီရှာဖွေမှုကိုလဲဘဲ ရှာသင့်, မရှာသင့်လို့ ဒီလို ငါဘုရားနှစ်မျိုးခွဲပြီးတော့ ဟောထားပါတယ်တဲ့၊ ပါတိမောက္ခသံဝရသီလကို ကျင့်ချင်တယ်ဆိုယင် အဲဒီရှာဖွေတယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ရှာဖွေသင့်, မရှာဖွေသင့် နှစ်မျိုးခွဲပြီးတော့ မှတ်ထားပါအုံးတဲ့။

ပြီးတော့မှ မြတ်စွာဘုရားက ပဌမဟောပေးခဲ့တဲ့ ကိုယ်အမူအရာနဲ့ပတ်သက်တဲ့ တရားနှစ်မျိုး,နှုတ်အမူအရာနဲ့ပတ်သက်တဲ့တရားနှစ်မျိုး,ရှာဖွေမှုနဲ့ပတ်သက်တဲ့ တရားနှစ်မျိုးကိုကို အကျယ်ဟောကြားတော်မူပါတယ်၊ ဘယ်လိုဟောသလဲ-

ကိုယ်ဖြင့်မမှီဝဲသင့်ပုံ တတ္ထ ယံ ဇညာ ကာယသမာစာရံ "ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ"တိ၊ ဧဝရူပေါ ကာယသမာစာရော န သေဝိတဗ္ဗော။

ဖေဝါနုမိန္ဒ၊ သိကြားမင်း။ တတ္ထ၊ ထိုနှစ်မျိုးဟောခဲ့ကဲ့ ကိုယ်အမူအရာတို့တွင်။ ဣမံကာယသမာစာရံ၊ ဤကိုယ်အမူအရာအကျင့်ကို။ သေဝတော၊ မှီဝဲသော။ မေ၊ ငါ့အား။ **အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွား၍လာကြပေကုန်၏။** ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်ပြားသွားကြလေကုန်၏။ ဣတိ၊ ဤသို့။ ယံ ကာယသမာစာရံ၊ အကြင်ကိုယ်အမူအရာကို။ ဇညာ၊ သိသည်ဖြစ်ငြားအံ့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဝါ၊ အကုသိုလ်တိုးပွား၍ ကုသိုလ်ဆုတ်ယုတ်ခြင်းသဘောရှိသော။ ကာယသမာစာရော၊ ကိုယ်အမူအရာနဲ့လုပ်တဲ့ လုပ်ငန်းမျိုးကို။ နသေဝိတဗ္ဗော၊ မလုပ်ရ မမှီဝဲရ။

အလုပ်တခု လုပ်တယ်ဆိုယင် ကြည့်လိုက်ပါတဲ့၊ ဒီအလုပ်ကို လုပ်ယင် အကုသိုလ်တိုးပွားသလား၊ ကုသိုလ်တွေ ဆုတ်ယုတ်သလား– ကြည့်လိုက်၊ ဒီအလုပ်ကို လုပ်တယ်ဆိုယင် မိမိမှာ အကုသိုလ်တွေ တိုးပွားပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်ပြားကုန်တယ်ဆိုယင် ဘယ်လောက်ရတယ်ပြောပြော ဒီအလုပ်မျိုး မလုပ်ရဘူး၊ ရှောင်ကြဉ်ရမယ်တဲ့၊ ပါတိမောက္ခသံဝရသီလ။

အဲဒါ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ အမျိုးကောင်း သမီးများ စဉ်းစားကြည့်စမ်း၊ ဒီအလုပ်လိုလုပ်တဲ့အတွက် ငါ့မှာ ငွေတော့တသိန်းလောက် ရတယ်၊ သို့သော် အကုသိုလ်ဖြစ်တယ်၊ ကိုယ့်မှာရှိတဲ့ ကုသိုလ်တွေလဲ ပျက်စီးတယ်ဆိုယင် ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ လုပ်သလား၊ မလုပ်ဘူးလား။ (လုပ်ပါတယ်ဘုရား)

ဒအမှန်ကတော့ မလုပ်ရဘူး၊ စာကဟောထားတာကတော့ မလုပ်ရဘူးလို့ ဟောထားတယ်၊ ကိုယ်က ဘယ့်နှယ်လုပ်သလား၊ (လုပ်ပါတယ်ဘုရား) ငွေက တသိန်းတောင်ရမှာ၊ သိန်းပေါင်း မြောက်မြားစွာ ရမယ်ဆိုယင် ဒါ မိမိမှာ အကုသိုလ်တွေတိုးပွားပြီးတော့ ကုသိုလ်တရားတွေဆုတ်ယုတ်မယ်ဆိုတဲ့ လုပ်ငန်းမျိုးကို မလုပ်ဘဲနဲ့ ရှောင်ကြဉ်တာကို ပါတိမောက္ခသံဝရ သီလလို့ ခေါ်တယ်၊ အဲဒါ ပါတိမောက္ခသံဝရသီလ ကျင့်သုံးနည်း။

ကိုယ်ဖြင့်မှိုဝဲပြုလုပ်သင့်ပုံ တတ္ထ ယံ ဇညာ ကာယသမာစာရံ "ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီ"တိ၊ ဧဝရူပေါ ကာယသမာစာရော သေဝိတဗ္ဗော[၁]။

တတ္ထ၊ ထိုနှစ်မျိုးသော ကိုယ်အမူအရာ လုပ်ငန်းတို့တွင်။ ဣမံကာယသမာစာရံ၊ ဤကိုယ်အမူအရာနဲ့ လုပ်တဲ့လုပ်ငန်းကို။ သေဝတော၊ မှီဝဲလုပ်ကိုင်သော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်ပြားကြလေ ကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွားရှိလာကြပေကုန်တော့၏။ ဣတိ၊ ဤသို့။ ယံကာယသမာစာရံ၊ အကြင်ကိုယ်အမူအရာကို။ ဇညာ၊ သိသည်ဖြစ်ငြားအံ့။ ဧဝ ရူပေါ၊ ဤသို့သဘောရှိသော။ ကာယသမာစာရော၊ ကိုယ်အမူအရာ လုပ်ငန်းမျိုးကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။

ဘာပြောသလဲ–ဒီအဓိပ္ပါယ်က၊ ဒီလုပ်ငန်းတခု လုပ်သည့်အတွက် ငွေတော့ဖြင့် တသိန်းလောက်ရှုံးတယ်၊ သို့သော် ကိုယ့်မှာ ကုသိုလ်တရားတွေ တိုးပွားပြီးတော့ အကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်ပြားလိမ့်မယ်တဲ့၊ ဒီလုပ်ငန်းမျိုးကို ဘုန်းကြီးတို့ ပရိသတ် လုပ်သလား, မလုပ်ဘူးလား၊ (မလုပ်ပါဘူးဘုရား) စာကတော့လုပ်ရမှာ၊ ကိုယ်ကလုပ်ရမယ် ငွေတသိန်းလောက်ရှုံးတယ်၊ သို့သော် ကုသိုလ်တော့ တိုးပွားလာမယ်, အကုသိုလ်တွေလဲ ဆုတ်ယုတ်ကုန်မယ် ဆိုယင် ဘုန်းကြီးတို့ပရိသတ် လုပ်မလား, မလုပ်ဘူးလား။ (လုပ်ရမှာပါဘုရား)

အဲဒီလို ငွေတသိန်း ရှုံးပစေ၊ ကုသိုလ်ရမယ်, အကုသိုလ်တွေပျက်စီးမယ်ဆိုတဲ့ လုပ်ငန်းမျိုးကို လုပ်နိုင်အောင် လုပ်မယ်လို့ဆိုပြီးတော့ ပြုလုပ်ခြင်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သုံးခြင်းမည်၏၊ ကိုင်း–ကိုယ်အမူအရာနဲ့ လုပ်တဲ့ကိစ္စပြီးရော။ နှုတ်အမူအရာ ကြည့်လိုက်ရအုံးမယ် နောက်က–

နှုတ်ဖြင့်မှိုဝဲသင့်ပုံ တတ္ထ ယံ ဇညာ ဝစီသမာစာရံ "ဣမံ ခေါ မေ ဝစီသမာစာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ"တိ ဧဝရူပေါ ဝစီသမာစာရော န သေဝိတဗ္ဗော။

တတ္ထ၊ ထိုနှစ်မျိုးသောဝစီသမာစာရတို့တွင်။ ဣမံ ဝစီသမာစာရံ၊ ဤကဲ့သို့သောပြောဆိုခြင်းကို။ သေဝတော၊ မှီဝဲသော။ မေ၊ ငါ့အား။ အကုသလာ

၁။ သုတ်မဟာဝါ ပါဠိတော် နှာ–၂၂၃။

ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွား၍ လာကြပေကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်ပြား သွားကြလေကုန်၏။ ဣတိ၊ ဤသို့။ ယံဝစီသမာစာရံ၊ အကြင်နှုတ်အမှုအရာကို။ ဇညာ၊ သိသည်ဖြစ်ငြားအံ့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဝစီသမာစာရော၊ နှုတ်ကပြောရတယ်ဆိုတဲ့ လုပ်ငန်းမျိုးကို။ န သေဝိတဗ္ဗော၊ မမှီဝဲရ။

ဘာတဲ့လဲ– အဓိပ္ပာယ်က၊ ဒီစကားကို ပြောလိုက်ယင် ဈေးရောင်းတဲ့သူက ငွေငါးရာလောက်မြတ်မယ်၊ သို့သော် အကုသိုလ်ဖြစ်မယ်၊ ကုသိုလ်လဲ ပျက်စီး သွားမယ်ဆိုယင် ဒီစကားမျိုးပြောရမလား, မပြောရဘူးလား၊ (မပြောရပါ ဘူးဘုရား) စာက စာက၊ ဒါပေမဲ့ ဈေးရောင်းနေတဲ့သူတွေက ပြောသလား, မပြောဘူးလား၊ (ပြောပါတယ်ဘုရား) အကုသိုလ်ဖြစ်မယ်ဆိုတဲ့ စကားမျိုးကို မပြောဘဲနဲ့ ရှောင်ကြဉ်တာသည် ပါတိမောက္ခသံဝရသီလ။

နှုတ်ဖြင့်မှီဝဲသင့်ပုံ တတ္ထ ယံ ဇညာ ဝစီသမာစာရံ "ဣမံ ခေါ မေ ဝစီသမာစာရံ သေဝတော အကုသလာ ဓမ္မာပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီ"တိ ဧဝရူပေါ ဝစီသမာစာရော သေဝိတဗ္ဗော။

တတ္ထ၊ ထိုဝစီသမာစာရတို့တွင်။ ဣမံဝစီသမာစာရံ၊ ဤသို့သောပြောဆိုမှုကို။ သေဝတော၊ မှီဝဲပြောဆိုသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်ပြား သွားကြလေကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွား၍နေကုန်တော့၏။ ဣတိ၊ ဤသို့။ ယံ ဝစီသမာစာရံ၊ အကြင်နှုတ်အမှုအရာကို။ ဇညာ၊ သည်ဖြစ်ငြားအံ့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဝစီသမာစာရော၊ နှုတ်ကပြောဆိုမှုကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။

မှန်မှန်ပြောလိုက်ရယင်တော့ ငွေငါးရာလောက်တော့ ဆုံးမယ်၊ သို့သော် ကိုယ့်မှာကုသိုလ်တွေတိုးပွားမယ်၊ အကုသိုလ်တွေပျက်စီးကုန်မယ်၊ ပြောနိုင်ပါ့ မလား၊ (မပြောနိုင်ပါဘူးဘုရား) ဘယ်နှစ်ခါပြောဘူးသလဲ ဟင်–ဘယ်နှစ်ခါ ပြောဘူးသလဲ၊ အဲဒီလို ရှုံးချင်ရှုံးပစေ၊ ကုသိုလ်ရမယ်,အကုသိုလ်တွေဆုတ်ယုတ် မယ်ဆိုတဲ့ စကားမျိုးကို ပြောနိုင်အောင် အလေ့အကျင့်လုပ်ပြီးတော့ ပြောဆို ခြင်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သုံးတာပါဘဲ၊ ပါတိမောက္ခသံဝရ သီလ ကျင့်သုံးနည်း ပြီးသွားပြီ။

ကိုယ်အမှုအရာနဲ့ လုပ်တာ ပြီးသွားပြီ၊
နှုတ်အမှုအရာနဲ့ ပြောတာ ပြီးသွားပြီ။

ဘာကျန်သေးလဲ— ရှာဖွေတယ်၊ ဘာတွေရှာသလဲ- ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ တနေ့မှ အအားမနေဘူး၊ အမြဲတမ်းရှာနေကြတယ် ဘာတွေရှာနေကြသလဲ—

ရှာမှီးအပ်သောတရားနှင့် မရှာမှီးအပ်သောတရား

တတ္ထ ယံ ဇညာ ပရိယေသနံ "ဣမံ ခေါ မေ ပရိယေသနံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ" တိ၊ ဝေရူပါ ပရိယေသနာ န သေဝိတဗ္ဗာ[၁]

တတ္ထ၊ ထိုနှစ်မျိုးသော ရှာဖွေမှုကို ရှာဖွေခြင်းတို့တွင်။ ဣမံ ပရိယေသနံ၊ ဤသို့သောရှာမှီးခြင်းကို။ သေဝတော၊ မှီဝဲရှာဖွေနေသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွား၍ လာကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဣတိ၊ ဤသို့။ ယံပရိယေသနံ၊ အကြင်ရှာမှီးခြင်းကို။ ဇညာ၊ သိသည်ဖြစ်ငြားအံ့။ ဝေရူပါ၊ ဤသို့သဘောရှိသော။ ပရိယေသနာ၊ ရှာမှီးခြင်းကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်။

ဒီ ရှာဖွေမှုနဲ့ ပတ်သက်ပြီးတော့ ပစ္စည်းတော့ မြောက်မြားစွာ ရတယ်၊ သို့သော် ကိုယ့်မှာ အကုသိုလ်တွေ တိုးပွားပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်ပြားမယ်ဆိုတဲ့ ရှာမှီးမှုမျိုးကို ရှာရမလား, မရှာရဘူးလား၊ (မရှာရပါဘူးဘုရား) စာက ပြောတာ—နော်။

အဓိပ္ပါယ်က ဒီနေရာနဲ့ပတ်သက်လို့ ရှာကြဖွေကြတဲ့ နေရာမှာ ရှာယင်တော့ မရဘူးလား (ရမှာပါဘုရား) ရတော့ဘယ်လောက်ရသလဲ—ငွေတသိန်းရမယ်၊ ဒီငွေတသိန်းရခြင်းကြောင့် မင်းပြစ်မင်းဒဏ်လဲသင့်မယ်၊ ကိုယ့်မှာရှိတဲ့ နဂိုက တရားသဖြင့်ရထားတဲ့ ပစ္စည်းတွေလဲဘဲ ကုန်မယ်ဆိုယင် ရှာမလား,မရှာဘူးလား၊ (မရှာပါဘူးဘုရား) ရှာဖွေမှုကို အကြောင်းပြုပြီးတော့ အပါယ်လေးပါးရောက်အုံးမယ်၊ ကိုယ့်လူ့ဘဝလဲဆုံးရှုံးမယ်ဆိုယင် ရှာမလား,မရှာဘူးလား၊ (မရှာပါဘူးဘုရား) ဒါကျတော့ မျက်စိမှိတ်တာဘဲ ဟုတ်တယ် မဟုတ်လား— ဒါ ရှာမှုနဲ့ပတ်သက်လို့။

တတ္ထ ယံ ဇညာ ပရိယေသနံ "ဣမံ ခေါ မေ ပရိယေသနံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီ"တိ ဝေရူပါ ပရိယေသနာ သေဝိတဗ္ဗာ။

၁။ သုတ်မဟာဝါပါဠိတော် နှာ—၂၂၄။

ဒီ ရှာမှီးမှုကို အကြောင်းပြုပြီးတော့ ကုသိုလ်ရမယ်၊ အကုသိုလ်တွေ ပျက်စီးမယ်။ ဒီလိုသိနေယင် အဲဒီရှာမှုကို ရှာရမလား မရှာရဘူးလား၊ (ရှာရမှာပါဘုရား)ဒီရှာမှီးမှုနဲ့ ပတ်သက်လို့ အဌကထာကလဲ ဒီလို ကိုးကား ပြီးတော့ ဖွင့်ထားတယ်၊ ဘုန်းကြီးတို့ မူလပဏ္ဏာသပါဠိတော် ပါသရာသိ သုတ္တန် (စာမျက်နှာ–၂၁၇)မှာ ရှာခြင်းဆိုတာ နှစ်မျိုးရှိတယ်။

မြတ်သော ရှာမှီးခြင်း၊

မမြတ်သော ရှာမှီးခြင်း၊

ဒွေမာ ဘိက္ခဝေ ပရိယေသနာ အရိယာ စ ပရိယေသနာ အနရိယာ စ ပရိယေသနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပရိယေသနာ၊ ရှာမှီးခြင်းတို့သည်။ အရိယာစ ပရိယေသနာ၊ မြတ်သောရှာမှီးခြင်းဇင်း။ အနရိယာစ ပရိယေသနာ၊ မမြတ် သော ရှာမှီးခြင်းဇင်း။ ဣမာဒွေ၊ ဤနှစ်ပါးတို့တည်း။

မြတ်သောရှာမှီးခြင်း, မမြတ်သော ရှာမှီးခြင်းလို့ နှစ်ခု ရှိတယ်၊ အခု ပါတိမောက္ခသံဝရနဲ့ ပတ်သက်လို့ မြတ်သောရှာမှီးခြင်းကို ရှာဖွေရ မလား, မမြတ်သောရှာဖွေခြင်းကို ရှာဖွေရမလား၊ (မြတ်သောရှာမှီးခြင်းကို ရှာဖွေ ရမှာပါဘုရား)။

မမြတ်သောရှာမှီးခြင်း ဒါဖြင့် မမြတ်သော ရှာဖွေခြင်းက ဘာလဲ၊ မမြတ် သော ရှာဖွေခြင်းကို သိဘို့မလိုဘူးလား၊ (လိုပါတယ် ဘုရား) ဒီတော့ ပါဠိတော်က ဘယ့်နှယ်ပြောထားသလဲလို့ဆိုတော့–

ကတမာစ ဘိက္ခဝေ အနရိယာ ပရိယေသနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ အနရိယာ ပရိယေသနာ၊ မမြတ်သော ရှာမှီးခြင်း သည်။ ကတမာစ၊ အဘယ်နည်း။

မမြတ်သော ရှာမှီးခြင်းက ဘာလဲတဲ့။

ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိ ဓမ္မံ ယေဝ ပရိယေသတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိကိုယ်တိုင်က။ ဇာတိဓမ္မော၊ ဖြစ်ခြင်းသဘောရှိ သည်။ သမာနော၊ ဖြစ်ပါလျက်။ ဇာတိဓမ္မံယေဝ၊ ဖြစ်ခြင်းသဘောရှိသော တရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံ ယေဝ ပရိယေသတိ။

အတ္တနာ၊ မိမိကိုယ်တိုင်က။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇရာဓမ္မံယေဝ၊ အိုခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံ ယေဝ ပရိယေသတိ။

အတ္တနာ၊ မိမိကိုယ်တိုင်က။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဗျာဓိဓမ္မံယေဝ၊ နာတတ်သော သဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မံ ယေဝ ပရိယေသတိ။

အတ္တနာ၊ မိမိကိုယ်တိုင်က။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ မရဏဓမ္မံယေဝ၊ သေခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ သောကဓမ္မော သမာနော သောကဓမ္မံ ယေဝ ပရိယေသတိ။

အတ္တနာ၊ မိမိကိုယ်တိုင်က။ သောကဓမ္မော၊ စိုးရိမ်ပူဆွေးရခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ သောကဓမ္မံယေဝ၊ စိုးရိမ်ပူဆွေးရခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မံ ယေဝ ပရိယေသတိ။

အတ္တနာ၊ မိမိကိုယ်တိုင်က။ သံကိလေသဓမ္မော၊ ညစ်နွမ်းခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ သံကိလေသဓမ္မံယေဝ၊ ညစ်နွမ်းတဲ့သဘောတရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

မမြတ်သောရှာမှီးခြင်းဆိုတာ မိမိကိုယ်တိုင်က ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ခြင်း, ညစ်နွမ်းခြင်း သဘောရှိပါလျက်သားနဲ့ ရှာတော့ ဘာတွေရှာသလဲ- ပဋိသန္ဓေနေတတ်တဲ့တရား, အိုတတ်တဲ့ တရား, နာတတ်တဲ့တရား, သေတတ်တဲ့တရား, စိုးရိမ်တတ်တဲ့တရား, ပြီးတော့ ညစ်နွမ်းတတ်တဲ့တရားတွေကိုသာရှာတယ်၊ ဒါဖြင့် အဲဒီ ပဋိသန္ဓေနေတတ်, အိုတတ်, နာတတ်, သေတတ်,စိုးရိမ်တတ်,ညစ်နွမ်းတတ်တဲ့ တရားတွေက ဘာတွေလဲ-

ပုတ္တဘရိယံ ဘိက္ခဝေ ဇာတိဓမ္မံ ဇရာဓမ္မံ ဗျာဓိဓမ္မံ မရဏဓမ္မံ သောကဓမ္မံ သံကိလေသဓမ္မံ။

ချစ်သားတို့....သားတွေသမီးတွေလို့ ဆိုတာ ပဋိသန္ဓေနေတတ်, အိုတတ်, နာတတ်, သေတတ်, စိုးရိမ်တတ်, ညစ်နွမ်းတတ်တဲ့ တရားတွေ၊ အဲဒါ မင်းတို့ ရှာသလား, မရှာဘူးလား၊ (ရှာပါတယ်ဘုရား)။

ငွေ ရွှေ စိန်မြတဲ့ ပုလဲတဲ့ ပတ္တမြားတဲ့ ရတနာတဲ့ ပျက်စီးတတ်တဲ့တရား၊ ညစ်နွမ်းတတ်တဲ့တရား၊ ရှာမလား, မရှာဘူးလား၊ (ရှာပါတယ် ဘုရား) ဒါ မြတ်သောရှာမှီးခြင်းလား, မမြတ်သောရှာမှီးခြင်းလား၊ (မမြတ်သော ရှာမှီးခြင်းပါဘုရား) ရှာရမလား, မရှာရဘူးလား၊ (မရှာရပါဘူးဘုရား) ဘယ်သူကပြောလဲ–စာက၊ အဲဒါ မမြတ်သောရှာမှီးခြင်း။

ကျွန်ယောကျ်ားတို့, ကျွန်မိန်းမတို့, သား–ဇနီး–ဆင်တို့, မြင်းတို့, နွားတို့, ကျွဲတို့, ရွှေတို့, ငွေတို့ဆိုတာတွေဟာ ညစ်နွမ်းတတ်တဲ့တရားတွေဘဲ၊ ရှာတယ် မဟုတ်လား၊ (မှန်ပါဘုရား) မြတ်သောရှာမှီးခြင်းလား, မမြတ်သောရှာမှီးခြင်း လား၊ (မမြတ်သောရှာမှီးခြင်းပါဘုရား) ရှာရမလား မရှာရ ဘူးလား၊ (မရှာရပါဘူးဘုရား) မရှာရတဲ့တရားကို ရှာနေတာသည် မမြတ်သော ရှာမှီး ခြင်းကို ရှာနေတာဘဲ၊ ဒီ ရှာမှီးခြင်းမျိုးကို မရှာတော့ပါဘူးလို့ လေ့ကျင့်ထား တာသည် ဒါ ပါတိမောက္ခသံဝရသီလဘဲ၊ ဒါ မမြတ်သော ရှာမှီးခြင်း–နော်၊ (မှန်ပါ)

မြတ်သောရှာမှီးခြင်း မြတ်သောရှာမှီးခြင်းကတော့ ဘာတဲ့လဲ–"ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိ ဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇာတိံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေ သတိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိကိုယ်တိုင်။ ဇာတိဓမ္မော၊ ပဋိသန္ဓေနေခြင်း သဘော ရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇာတိဓမ္မေ၊ ပဋိသန္ဓေနေတဲ့ သဘော၌။ အာဒီနဝံ၊ အပြစ်ကို။ ဝိဒိတွာ၊ သိ၍။ အဇာတိံ၊ ပဋိသန္ဓေ နေခြင်းမရှိသော။ (အဇရံ၊ အိုခြင်းမရှိသော။ အမတံ၊ သေခြင်းကင်းသော။ အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ အသံကိလိဋ္ဌံ၊ ညစ်နွမ်းခြင်းမရှိသော။) အနုတ္တရံ၊ မြတ်သော။ ယောဂက္ခေမံ၊ ယောဂကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ ပရိယေသတိ၊ ရှာမှီး၏။

မြတ်သော ရှာမှီးခြင်းက မိမိကိုယ်တိုင် ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းသဘော ရှိသည်ဖြစ်သောကြောင့် ပဋိသန္ဓေမနေရာ, မအိုရာ, မနာရာ, မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ရှာမှီးရမယ်တဲ့၊ ဒါ မြတ်သော ရှာမှီးခြင်း။

အဲဒီလို မမြတ်သောရှာမှီးခြင်းကို ရှာမှီးခြင်းမပြုဘဲ မြတ်သော ရှာမှီးခြင်းကို ရှာမှီးတဲ့အလေ့ပြုခြင်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သုံးခြင်းမည်၏၊

ဒါ ပါတိမောက္ခသံဝရသီလ မပြီးသေးဘူး၊ နောက်တပတ်မှ ဆက်ကြစို့-ကိုး နာရီထိုးတော့မယ်။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို-အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံဓမ္မဒေသနံ၊ ထိုဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာတော်ကို။ သုတွာ၊ ကြားနာရသောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ မုချမသွေ မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-ဆဋ္ဌမပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၃၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀-ရက်၊ ရန်ကုန်မြို့ ကျိုက်ဒေးအတ် ဗိုလ်တထောင်စေတီတော်ကြီး၏ပရဝုဏ် အတွင်းရှိ ဆိပ်ကမ်းလုပ်သား ဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ္ဂ်ဩလာသော မေဃိယသုတ္တန် ဆဋ္ဌမပိုင်းတရားတော်။

တရားအစပဏာမ ငှင်းသုတ္တန် တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ တရားဒေသနာတော်ကို တရားဟော ပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ်တို့အနေဖြင့် တရားဟောကြရမှာ,တရားနာကြရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ ငှင်းသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည့် သဗ္ဗညု မြတ်စွာဘုရားကိုရှိသေစွာရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ ဒီကနေ့ တရားနာကြရတဲ့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ သဗ္ဗညု မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွါးများ နိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက်ပေး ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ဒုတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ ၁။

မေဃိယ၊ ချစ်သား မေဃိယ။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှ လွတ်မြောက်ခြင်း၏။ဒုတိယော၊ နှစ်ခုမြောက်သော။ အယံဓမ္မော၊ ဤသီလတရားသည်။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စေတောဝိမုတ္တိကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ သံဝတ္တတိ၊ဖြစ်ပါပေ၏။

ဤသို့သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူတဲ့ မေဃိယသုတ္တန် ဆဋ္ဌမပိုင်းကို သီလ–စေတော ဝိမုတ္တိပရိပါစနီယဓမ္မ ငါးမျိုးတို့တွင် ကလျာဏမိတ္တအင်္ဂါကို ပြည့်ပြည့်စုံစုံ သိခဲ့ပြီးပြီ၊ သီလ–ပါတိမောက္ခသံဝရသီလပိုင်းကို ပြီးခဲ့တဲ့ အပတ်က ဟောခဲ့ပြီးပြီ။

ဘာကျန်နေသလဲဆိုတော့ သီလနဲ့ပတ်သက်လို့ "အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု"။၂ ဒီအပိုင်းကျန်ရစ်ခဲ့တယ်။

ပြီးခဲ့တဲ့အပတ်က "ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ" အဲဒီစကားပိုဒ် တပိုဒ် ကုန်ခဲ့တယ်။

အာစာရဂေါစရနှင့်ပြည့်စုံရန် အကျယ်ဟောခြင်း အာစာရဂေါစရသမ္ပန္နော၊ အကျင့်, ကျက်စားရာ အာရုံနဲ့ ပြည့်စုံရမယ်။ အဏုမတ္တေသု၊ အနည်းငယ်မျှဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ မြင့်မိုရ်တောင်လောက်ကြီးတဲ့ ဘေးကြီးဟု ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာပဒေသု၊ မိမိစောင့်ရှောက်ဆောက်တည်အပ်သော သိက္ခာပုဒ်တော်တို့၌။ သမာဒါယ၊ စိတ်ကိုကောင်းစွာ ထားပြီးတော့။ သိက္ခတိ၊ ကျင့်ရ၏။ (ဒီ အပိုင်းကို ဟောပေးရမယ်။)

၁–၂။ ဥဒါန်းပါဠိတော် စာမျက်နှာ ၁၁၉။

အာစာရဂေါစရသမ္ပန္နော၊ အကျင့်၊ ကျက်စားရာအာရုံနဲ့ပြည့်စုံရမယ်ဆိုတာ ဘာလဲဆိုတော့–ဟိုဘုန်းကြီးတို့ ဝိဘင်းပါဠိတော်မှာ အာစာရ၊ အနာစာရလို့ ဒီလို နှစ်မျိုးရှိတယ်၊ ဂေါစရ၊ အဂေါစရလို့ အဲဒီလို နှစ်မျိုးခွဲတယ်။

အခု ဒီမှာ ပြည့်စုံရမှာက အာစာရနဲ့ပြည့်စုံရမယ်၊ ဂေါစရနဲ့ပြည့်စုံရမယ်၊ အာစာရဆိုတာအကျင့်၊ ဂေါစရဆိုတာအာရုံ ကျက်စားရာ၊ ဒီအပိုင်းတွေနဲ့ ပတ်သက်လို့တော့ဖြင့် အဋ္ဌကထာဆရာတော်ကလဲဘဲ ဥဒါန်းအဋ္ဌကထာက သာမန်လောက်ပဲ ခပ်ကျဉ်းကျဉ်း ဖွင့်တယ်၊ နို့ဘယ်လိုလဲ–အဋ္ဌကထာဖွင့်ပုံ ပြောကြစို့။

အာစာရ–အကျင့်
ဂေါစရ–ကျက်စားရာအာရုံ

အာစာရဂေါစရသမ္ပန္နောတိ ဝေဠုဒါနာဒိမိစ္ဆာဇီဝဿ ကာယပါဂဗ္ဘိယာဒီနဉ္စ အကရဏေန သဗ္ဗသော အနာစာရံ ဝဇ္ဇေတွာ "ကာယိကော အဝီတိက္ကမော ဝါစသိကော အဝီတိက္ကမော ကာယိကဝါစသိကော အဝီတိက္ကမော"တိ ဧဝံ ဝုတ္တဘိက္ခုသာရုပ္ပ အာစာရသမ္ပတ္တိယာ။[1] (အဲဒါဘာပြောလဲ)

အာစာရဂေါစရသမ္ပန္နောတိ၊ အာစာရဂေါစရသမ္ပန္နဟူသည်ကား။ ဝေဠုဒါနာဒိမိစ္ဆာဇီဝဿ၊ တကာတကာမတို့ရဲ့ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ဝါးပေး၍ အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်း အစရှိသော။

(တကာ တကာမတို့ကို ဝါးပေးပြီးတော့ တကာတကာမတွေဆီက ပစ္စည်းလာဘ်လာဘရအောင်၊ ကိုယ့်ကိုကြည်ညိုအောင် လုပ်တယ်၊ ကျောင်းမှာရှိနေတဲ့ သရက်သီးတို့၊ ပိန္နဲသီးတို့ကို လက်ဆောင်ပေးပြီးတော့ ကိုယ့်ကို ကြည်ညိုအောင် လုပ်တယ်၊ အဋ္ဌကထာဆရာတော်က အာဒိလို့ ပြောထားသည် ဖြစ်သောကြောင့် ရဟန်းတော်များ အသက်မွေးဝမ်းကျောင်း မလုပ်ကောင်းတဲ့ လုပ်ငန်းကြီးတွေ ၁၂–မျိုးလောက်ရှိပါတယ်၊ အဲဒါကို အနေသန တဆဲ့နှစ်ပါးလို့ ခေါ်ပါတယ်။

အဲဒီမှာ ဝါးပေးခြင်း၊ သစ်သီးပေးခြင်း၊ ပန်းပေးခြင်းတို့ကို လုပ်တယ်၊ ဥပမာ တခု–တကာမတွေဆိုယင် ပန်းသိပ်ကြိုက်တတ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ အနေနဲ့တော့ ဩော်–တကာမကြီးတွေဟာ ပန်းသိပ်ကြိုက်တတ်တယ်၊ ဘုန်းကြီးက ပန်းကလေးပေးယင် ဘုန်းကြီးကို ကျေးဇူးတင်ပြီးတော့ ဘုန်းကြီးကို ကြည်ညိုမှာဘဲ၊ လှူမှာတန်းမှာဘဲဆိုပြီး အဲဒီ ပန်းကလေးပေးလိုက်ယင် ဒီ တကာ တကာမရဲ့ သဒ္ဓါတရားကို ဖျက်ဆီးပစ်ရာရောက်တယ်။

၁။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ–၂၀၄။

တကာတွေ ကျတော့လဲ ငှက်ပျောသီးကလေးပေးမှု, အုန်းသီးကလေးပေးမှု, ပန်းကလေးပေးမှု သဘောကျတာ ဖြစ်နေတော့–အဲဒီတော့ သူ့သဒ္ဓါတရားကို ဖျက်ဆီးပစ်တယ်၊ အဲဒီလို ပန်းပေးလို့, သစ်သီးပေးလို့, ဝါးပေး လို့, ဆပ်ပြာပေးလို့ ဒီလိုရတယ်ဆိုတဲ့ ဥစ္စာပစ္စည်းတွေကို သံဃာတော်များ မသုံး ဆောင်ကောင်းဘူး၊ အဲဒါ မိစ္ဆာဇီဝလို့ ခေါ်တယ်။

ဘာနဲ့ အလားတူသလဲဆိုတော့ မစင်နဲ့ အပက်ခံရတာနဲ့ တူတယ်တဲ့၊ ပန်း ကလေးက ဘာနဲ့တူသလဲ–မစင်နဲ့တူတယ်၊ ဘုန်းကြီးက ပန်းကလေးပေးလိုက် ယင် ပန်းကိုကိုင်ပေးတဲ့ပုဂ္ဂိုလ်ဟာ ပန်းတည်းဟူသော မစင်ကို ကိုင်ပြီးတော့ တကာတကာမတွေရဲ့ စင်ကြယ်သန့်ရှင်းတဲ့ သဒ္ဓါတရားကို ဖျက်ဆီး ပစ် လိုက်တယ်၊ မစင်နဲ့ အပက်ခံရတာနဲ့ တူတယ်တဲ့၊ အဲဒါကြောင့် ဒီ သီလ ပိုင်းနဲ့ ပတ်သက်လို့ စင်စင်ကြယ်ကြယ် ရှိဘို့အတွက်ကတော့ဖြင့် ဒီ အချက် ဟာ ဘုန်းကြီးလောကဘက်ကလဲ အင်မတန်သတိထားစရာ,ဘုန်းကြီးတို့ တကာ တကာမများဘက်ကလဲ အင်မတန် သတိထားစရာကောင်းတယ်၊ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းကိုရှင်း။

ဝါးပေးခြင်းစသော မိစ္ဆာအကျင့်တရားများ — ဝေဠုဒါနာဒိမိစ္ဆာဇီဝဿ၊ ဝါးပေးခြင်း အစရှိကုန်သော ဘုရားရှင်စက်ဆုပ်ရွံရှာတော်မူသောမကောင်းသော အသက်မွေးခြင်းကိုရှင်း။

ဘာတွေလဲ–တကာ တကာမတွေရဲ့ အစေအပါးကို ခံတယ်, တကာ တကာမတွေကို ဆေးကုပေးတယ်, တကာတကာမတွေရဲ့ အကျိုးကို သယ်ပိုး ရွက်ဆောင်ပေးတယ်၊ ဒီတော့ တကာတကာမတွေကလဲ ဩော်–ဘုန်းကြီးတော့ တို့အကျိုးရွက်ဆောင် ပေးရှာတယ်ဆိုပြီး အဲဒီဘုန်းကြီးကို ကြည်ညိုကြတယ်၊ အဲဒါတွေဟာ ဒီသာသနာတော်မှာ မြတ်စွာဘုရား စက်ဆုပ်ရွံရှာတော်မူတဲ့ လုပ်ငန်းတွေတဲ့၊ ဝိပဿနာသမားက မလုပ်ရဘူး၊ အဲဒါတွေကိုလုပ်ယင် ဘုန်း ကြီးတို့ရဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ သီလပျက်တယ်၊ ဘာသီလ ပျက်သလဲ–အာဇီဝပါရိသုဒ္ဓိသီလပျက်တယ်၊ အဲဒီ သီလမရှိယင် သမာဓိလဲ မရှိဘူး၊ သမာဓိမရှိယင် ဝိပဿနာပညာဆိုတာ လာလို့မရတော့ဘူး။

အဲဒါကြောင့် ဝိမုတ္တိပရိပါစနီယတရားမှာ ပြီးခဲ့တဲ့ အပတ်က ဟောခဲ့တဲ့ ပါတိမောက္ခသံဝရသီလလဲ အရေးကြီးတယ်၊ အခု ဒီ အာဇာဝရဆိုတာလဲ အင်မ တန်အရေးကြီးတယ်။

ဝေဠုဒါနာဒိ–မှာ **ဆာဒိက** ဘာတွေပြောထားသလဲ–ဝါးလဲ မပေးရဘူး, ပန်းလဲမပေးရဘူး, သက်ကယ်လဲမပေးရဘူး, မြက်လဲမပေးရဘူး, ငှက်ပျောသီးတို့

ဘာတိုလဲမပေးရဘူး၊ တကာ–တကာမတွေကို ပျူပျူငှာငှာမလုပ်ရဘူး၊ တကာတကာမတွေရဲ့ ခလေးသူငယ်တွေကို ပွေ့လား ချီလား မလုပ်ရဘူး၊ ဟာ–ကိုယ့်သားလေးချစ်တဲ့ ဘုန်းကြီးဘဲဆိုပြီး အဲဒါဟာ မိစ္ဆာဇီဝထဲရောက်တယ်၊အဲဒီလို မိစ္ဆာဇီဝဖြင့်အသက်မွေးခြင်းကိုရှင်း။

ကိုယ်ကြမ်းတမ်းခြင်း စသောမိစ္ဆာအကျင့်များ ကာယပါဂဗ္ဘိယာဒီနဉ္စ၊ ကိုယ်အမူအရာ ကြမ်းတမ်းခြင်း၊ နှုတ်အမူအရာ ကြမ်းတမ်းခြင်း အစရှိသော ကြမ်းတမ်းခြင်း တို့ကိုရှင်း။ ဘာလဲ– ကာယပါဂဗ္ဘိယ ဆိုတာ၊ ကိုယ်အမူအရာ ကြမ်းတမ်းတယ်ဆိုတာ သံဃာတော်တွေထဲမှာ တိုးဝှေ့ပြီးတော့ ထိုင်တယ်၊ မတ်တတ်ရပ်ပြီးတော့ စကားပြောတယ်၊ လက်ဟန် ခြေဟန်တွေနဲ့ လက်သီးလက်မောင်းတန်းပြီးတော့ စကားပြောတာတွေကို ကိုယ်အမူအရာ ကြမ်းတမ်းတယ်လို့ ခေါ်တယ်။

ဝါစာပါဂဗ္ဘိယ–နှုတ်အမူအရာ ကြမ်းတမ်းတယ်ဆိုတာက မထေရ်ကြီးတွေကို မရိုသေဘူး၊ မထေရ်ကြီးက တရားဟောမခိုင်းဘဲနဲ့ ဟောတယ်၊ ပုစ္ဆာတွေကို မထေရ်ကြီးထံမှာ မပန်ကြားဘဲနဲ့ အမေးပုစ္ဆာ ပြဿနာတွေကို ဖြေလေ့ရှိတယ်၊ အဲဒါတွေဟာ ဝါစာပါဂဗ္ဘိယ၊ တနည်း–ပြောအုံးမယ်ဆိုယင် အမျိုးကောင်းသားများ၊အမျိုးကောင်းသမီးများနဲ့ပတ်သက်ယင် ဘယ့်နှယ်လဲ တကာမကြီး–ဘာတွေစားစရာရှိသလဲ၊ တကာ တကာမတွေရဲ့ အိမ်ကိုရောက်သွားယင် အခန်းထဲဝင် မီးဖိုထဲဝင်ပြီး တကာ(ကြီး ဘာတွေစားစရာရှိသလဲ၊ ဘုန်းကြီး ဘာစားရမှာလဲ၊ ဆန်ပြုတ်ကလေးများ ကောင်းကောင်းမရှိဘူးလား၊ အဲဒီလိုဟာမျိုးတွေ ပြောတာကို–ဝါစာပါဂဗ္ဘိယ၊ မပြောကောင်းဘူး။

"ကာယပါဂဗ္ဘိယာဒီနဉ္စ အကရဏေန"။ ။အဲဒီကာယပါဂဗ္ဘိယ အစရှိတဲ့ ကိုယ်အမူအရာ ကြမ်းတမ်းခြင်း၊ နှုတ်အမူအရာ ကြမ်းတမ်းခြင်း တို့ကို။ အကရဏေန၊ မပြုလုပ်ဘဲနဲ့။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အနာစာရံ၊ မကျင့်အပ် မကျင့်ထိုက်တာတွေကို။ ဝဇ္ဇေတွာ၊ရှောင်ကြဉ်၍။

ဟုတ်လား–သီလရှိတဲ့ပုဂ္ဂိုလ်များ၊ သံဃာတော်များ မပြုလုပ်အပ် မပြုလုပ်သင့်တာတွေကို ရှောင်ကြဉ်၍၊ ဘာပြုလို့ ရှောင်ကြဉ်ရမလဲ–

ကာယိကော အဝီတိက္ကမော၊ ကာယဒွါရဖြင့် မလွန်ကျူးခြင်း။ ဝါစသိကော အဝီတိက္ကမော၊ ဝစီဒွါရဖြင့် မလွန်ကျူးခြင်း။ ကာယိကဝါစသိကော အဝီတိက္ကမော၊ ကိုယ်အမူအရာ နှုတ်အမူအရာ– ကာယဒွါရ၊ ဝစီဒွါရတို့ဖြင့် မလွန်ကျူးခြင်း။ဣတိဧဝံ ဝုတ္တာ ဘိက္ခုသာရုပ္ပ အာစာရသမ္ပတ္တိယာ၊ဤသို့ဆိုအပ်

ခဲ့ပြီးသော ရဟန်းတော်များနှင့် သင့်လျော်လျောက်ပတ်သော အကျင့်နှင့် ပြည့်စုံသည်ဖြစ်၍။

အာစာရ-ဒါနဲ့ ပြည့်စုံရမယ်၊ အခုပြောခဲ့တာတွေကို ရှောင်ကြဉ်ပြီးတော့ အသက်မွေးတာနဲ့ ပြည့်စုံရမယ်၊ ကိုယ်အမူအရာလဲ ကြည်ညိုဘွယ်ရာ ရှိရမယ်၊ နှုတ်အမူအရာနဲ့လဲ ကြည်ညိုဘွယ်ရာ ရှိရမယ်၊ ဒါ အာစာရ။

မကျက်စားအပ်သည့် အရပ် ၆-ပါး ဂေါစရ-ကျက်စားရာအရပ်၊ အဂေါစရ-မကျက်စားကောင်းတဲ့အရပ်ရှိတယ်၊ အဲဒီ မကျက်စားကောင်းတဲ့ အရပ်က ဘာတွေလဲ- "ဝေသိယာဒိအဂေါစရံ ဝဇ္ဇေတွာ"။

ပြည့်တန်ဆာမ, သေတင်းကုပ်စတဲ့ မသွားသင့် မသွားထိုက်, မကျက်စားသင့် မကျက်စားထိုက်, မရှာမှီးသင့် မရှာမှီးထိုက်တဲ့ နေရာမျိုး[၁] သံဃာတော်များကို မကြည်ညိုဘူး, သဒ္ဓါတရားမရှိဘူး, ရှုတ်ချဆဲရေးစွပ်စွဲလေ့ ရှိတယ်ဆိုတဲ့ တကာတကာမမျိုးများထံကို သွားလာကျက်စားခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဂေါစရသမ္ပန္န-လို့ ဒီလိုခေါ်တယ်။

ပိဏ္ဍပါတာဒိအတ္ထံ ဥပသင်္ကမိတုံ ယုတ္တဋ္ဌာနသင်္ခါတေန ဂေါစရေန စ သမ္ပန္နတ္တာ အာစာရဂေါစရသမ္ပန္နော။[၂]

ဒါ အာစာရဂေါစရသမ္ပန္န၊ အကျယ်တော့ဖြင့် ဟိုဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့, ဥဒါန်း အဋ္ဌကထာတို့မှာ ရှိပါတယ်။

၁။ မကျက်စားအပ်သည့် ဌာန ၆-ပါး။
(၁) ပြည့်တန်ဆာအိမ်နှင့်ရပ်ကွက်၊ (၂) မုဆိုးမချည်းနေသောအိမ်။ (၃) အပျိုကြီးအိမ်၊ (၄) ပဏ္ဍုက်အိမ်၊ (၅) ဘိက္ခုနီမ၏အထံ၊ (၆) အရက်ဆိုင် (ဘုံဆိုင်)။

ဣဓေကစ္စော ဝေသိယာဂေါစရော ဝါ ဟောတိ၊ ဝိဓဝါဂေါစရော ဝါ ဟောတိ၊ ထုလ္လကုမာရိဂေါစရော ဝါ ဟောတိ၊ ပဏ္ဍကဂေါစရော ဝါ ဟောတိ၊ ဘိက္ခုနီဂေါစရော ဝါ ဟောတိ၊ ပါနာဂါရဂေါစရော ဝါ ဟောတိ။ (မဟာနိဒ္ဒေသ ပါဠိတော်၊ နှာ-၃၇၇ စသည်ဖြင့် ဂေါစရနှင့်အဂေါစရ အကျယ်ပါသည်။) ဝိဘင်းပါဠိတော် နှာ-၂၅၅ သမ္မောအဋ္ဌကထာ နှာ ၃၂၅-နှင့် ဝိသုဒ္ဓိမဂ် ပဌမအုပ် နှာ-၁၇ လည်းရှု။

၂။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ-၂၀၄။

အာစာရ-ဂေါစရ အကျင့်တရားများ

တနည်း-အာစာရ, ဂေါစရ အကျင့်-တဲ့၊ ဘာတွေ ကျင့်ရမလဲ။ "ယော ဘိက္ခု သတ္ထရိ သဂါရဝေါ သပ္ပတိဿော သဗြဟ္မစာရီသု သဂါရဝေါ သပ္ပတိဿော ဟိရောတ္တပ္ပသမ္ပန္နော"။[၁]

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သတ္ထရိ၊ မြတ်စွာဘုရား၌။ သဂါရဝေါ၊ ရိုသေခြင်းရှိသည်။ သပ္ပတိဿော၊ ကျိုးနွံခြင်းရှိသည်။ သဗြဟ္မစာရီသု၊ သီတင်းသုံးဘော်တို့၌။ သဂါရဝေါ၊ ရိုသေလေးစားခြင်းရှိသည်။ သပ္ပတိဿော၊ ကျိုးကျိုးနွံနွံရှိသည်။ ဟောတိ၊ ဖြစ်၏။ (ဒါ-အကျင့်၊) ဟိရောတ္တပ္ပသမ္ပန္နော၊ ဒုစရိုက်မှုတို့မှ ရှက်ခြင်းကြောက်ခြင်းနှင့် ပြည့်စုံ၏။

သုနိဝတ္ထော သုပါရုတော ပါသာဒိကေန အဘိက္ကန္တေန ပဋိက္ကန္တေန အာလောကိတေန ဝိလောကိတေန သမိဉ္ဇိတေန ပသာရိတေန ဩက္ခိတ္တစက္ခု ဣရိယာပထသမ္ပန္နော။[၁]

သုနိဝတ္ထော၊ သေခိယနှင့်အညီ သင်းပိုင်ကို ဝတ်၏။ သုပါရုတော၊ သေခိယနှင့်အညီ ကိုယ်ဝတ်သင်္ကန်းကို သပ်သပ်ပါယ်ပါယ်ရုံ၍ထား၏။ (ဒါ အကျင့်) ပါသာဒိကေန၊ ကြည်ညိုစရာကောင်းသော။ အဘိက္ကန္တေန၊ ရှေ့သို့တိုးခြင်းဖြင့်၎င်း။ ပဋိက္ကန္တေန၊ နောက်သို့ဆုတ်ခြင်းဖြင့်၎င်း။ အာလောကိတေန၊ တည့်တည့်ကြည့်ခြင်းဖြင့်၎င်း။ ဝိလောကိတေန၊ စောင်းငဲ့ကြည့်ခြင်းဖြင့်၎င်း။ သမိဉ္ဇိတေန၊ ကွေးခြင်းဖြင့်၎င်း။ ပသာရိတေန၊ ဆန့်ခြင်းဖြင့် ၎င်း။ ဣရိယာ ပထသမ္ပန္နော၊ ဣရိယာပုထ်နှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ (ကြည်ညိုရာဖြစ်တဲ့ အမူအရာတွေနဲ့ ပြည့်စုံရမယ်၊ ပြီးတော့ကော)—

ပြည့်စုံရမည့်တရား ၄-ပါး

ဣန္ဒြိယေသု ဂုတ္တဒွါရော ဘောဇနေ မတ္တညူ ဇာဂရိယ မနုယုတ္တော သတိသမ္ပဇညေန သမန္နာဂတော။[၁]

ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရော၊ လုံခြုံစွာ စောင့်ရှောက်အပ်သော သတိတည်းဟူသော တံခါးပေါက်ရှိသည်။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညူ၊ အတိုင်းအရှည် ပမာဏကိုသိသည်။ ဇာဂရိယံ၊ နိုးကြားခြင်း၌။ အနုယုတ္တော၊ ယှဉ်စပ်သည်။ သတိသမ္ပဇညေန၊ သတိပညာခေါ်တဲ့ တရားနှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဒါတွေဟာ အကျင့်တွေ၊ ဣန္ဒြိယသံဝရနှင့် ပြည့်စုံရမယ်၊ ဘောဇနမတ္တညုနဲ့ ပြည့်စုံရမယ်၊ ဇာဂရိယာနုယောဂနဲ့ ပြည့်စုံရမယ်၊ အဲဒီ ဇာဂရိယာနုယောဂ-ကို ဟောယင် သူနဲ့ဘဲ ဒီကနေ့ တပိုင်းပြီးသွားမယ်။

၁။ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ-၂၀၄။

ဇာဂရိယာနုယောဂ အစိပ္ပါယ်ခပ်ကျဉ်းကျဉ်းကတော့ ဇာဂရိယာနုယောဂလို့ဆိုတာ- "ဒိဝသံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။"[၁]

တနေ့လုံး စင်္ကြံသွားလိုက် ထိုင်လိုက်, စင်္ကြံသွားလိုက် ထိုင်လိုက်နဲ့ တရားအားထုတ်နေရတယ်၊ အိပ်တဲ့ဣရိယာပုထ် မရှိရဘူး။

ရတ္တိယာ ပဌမံ ယာမံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။

ညနေ ခြောက်နာရီကနေပြီးတော့ ည ဆယ်နာရီလောက်ထိအောင် စင်္ကြံသွားလိုက်ထိုင်လိုက်, စင်္ကြံသွားလိုက်ထိုင်လိုက်နဲ့ တရားအားထုတ်နေရတယ်။

ရတ္တိယာ မဇ္ဈိမံ ယာမံ ဒက္ခိဏေန ပဿေန သီဟသေယျံ ကပ္ပေတိ ပါဒေ ပါဒံ အစ္စာဓာယ သတော သမ္ပဇာနော ဥဋ္ဌာနသညံ မနသိကရိတွာ။

ညဥ့်၏ ဒုလယ်ယာမ်ဖြစ်တဲ့ ၁၀–နာရီလောက်က နေပြီးတော့ နံနက်လေးနာရီလောက်ထိအောင် အဲဒီ အတောအတွင်းမှာ လကျာနံတောင်းဖြင့် စောင်းပြီးတော့ နံနက်စောစော လေးနာရီလောက်ထမယ်ဆိုတဲ့ အမှတ်သညာထားပြီးတော့ ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ အိပ်ရမယ်။

အိပ်ခြင်းလေးမျိုး အဲဒီနေရာမှာ အိပ်ပုံအိပ်နည်းဟာ လေးမျိုးရှိပါတယ်။

(၁) ကာမဘောဂီသေယျ၊
(၂) ပေတသေယျ၊
(၃) သီဟသေယျ၊
(၄) တထာဂတသေယျ၊

လို့ အိပ်ခြင်းလေးမျိုးရှိတယ်။[၂]

ကာမဘောဂီသေယျ–ကာမဂုဏ်ခံစားတဲ့ ပုဂ္ဂိုလ်တွေအိပ်ထာ ဘယ်လိုအိပ်သလဲ–လက်ဝဲနံတောင်းနဲ့ စောင်းပြီးတော့ အိပ်တယ်-တဲ့။

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ–၁၈။ ဝိဘင်းပါဠိတော် နှာ–၂၅၀။
၂။ အိပ်ခြင်းလေးမျိုး။
သီဟသေယျန္တိ ဧတ္ထ ကာမဘောဂီသေယျာ ပေတသေယျာ သီဟသေယျာ တထာဂတသေယျာတိ စတဿော သေယျာ။ (သံယုတ် အဋ္ဌကထာပဌမအုပ် နှာ–၇၄။သမ္မောဟဝိနောဒနီအဋ္ဌကထာ နှာ–၃၃၀။ အကျယ်-ရှု)
(၁) ရဟန်းတို့....အများအားဖြင့် ကာမဂုဏ်ခံစားသော သတ္တဝါတို့သည် လက်ဝဲနံပါးဖြင့် အိပ်ကုန်၏။

ပေတသေယျ – ပြိတ္တာတွေ ဘယ်လိုအိပ်သလဲ ဆိုတော့ ပက်လက်လှန် အိပ်တယ်–တဲ့။

သီဟသေယျ–ခြင်္သေ့အိပ်တယ်ဆိုတာက လက်ျာနံတောင်းနဲ့ စောင်းပြီးတော့ အိပ်တယ်–တဲ့၊ သိပ်အိပ်တာမဟုတ်ဘူး၊ စဉ်းငယ်ကလေးဘဲ၊ နံနက်စောစော လေးနာရီလောက်ထမယ်ဆိုတဲ့ အမှတ်သညာဖြင့် ခြင်္သေ့မင်း၏ အိပ်ခြင်းနဲ့ တူသော အိပ်ခြင်းဖြင့် အနည်းငယ်အိပ်တယ်၊ နံနက်လေးနာရီလောက်ကျတော့ ဘာလုပ်ရမလဲ–

ရတ္တိယာ ပစ္ဆိမံ ယာမံ ပစ္စုဋ္ဌာယ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ စိတ္တံ ပရိသောဓေတိ။

နံနက်လေးနာရီလောက်မှာ ထပြီးတော့ စင်္ကြံသွားလိုက် ထိုင်လိုက်၊ စင်္ကြံသွားလိုက် ထိုင်လိုက်နဲ့ အဲဒီလို တရားအားထုတ် နေရမယ်၊ အဲဒီလို လုပ်နေတာကို ဇာဂရိယာနုယောဂ အကျင့်လို့ ခေါ်တယ်၊ အာစရနဲ့ ပြည့်စုံရမယ်လို့ဆိုတာ အဲဒီ ဇာဂရိယာနုယောဂအကျင့်နဲ့ ပြည့်စုံရမယ်–တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ။

သတိသမ္ပဇညေန သမန္နာဂတော၊ အချိန်တိုင်း အချိန်တိုင်းမှာ သတိပညာနှင့် ယှဉ်သည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

ဟော–အဲဒါလဲ အကျင့်ဘဲ၊ ပြီးတော့ ဘာလဲ–

---

(၂) ရဟန်းတို့....များသောအားဖြင့် ပြိတ္တာတို့သည် ပက်လက်အိပ်ကုန်၏။

(၃) ရဟန်းတို့....များသောအားဖြင့် သားတို့သေဋ္ဌနင်း ခြင်္သေ့မင်းသည် အမြီးကို ပေါင်ကြားသွင်းထား၍ တေဇောဓာတ် လွန်ကဲသဖြင့် ရှေ့ခြေနှစ်ချောင်းတို့ကိုလည်း, နောက်ခြေနှစ်ချောင်းတို့ကိုလည်း တနေရာတည်း ထားကာ တည်ရာအရပ်ကို မှတ်သားပြီး ရှေ့ခြေနှစ်ချောင်းပေါ်ကို ခေါင်းချလျက် အိပ်၏။

(၄) စတုတ္ထဈာန်ဝင်စားလျက် အိပ်ခြင်းသည် ဘုရားရှင်တို့ အိပ်ခြင်း မည်၏။

ထိုအိပ်ခြင်း လေးမျိုးတို့တွင် ဤဇာဂရိယာ နုယောဂ–နိုးကြားခြင်းနှင့်ယှဉ်သော လုံ့လအကျင့်တရား၌ သီဟသေယျ–ခြင်္သေ့မင်း၏ အိပ်ခြင်းဟု လာရှိပေသည်။ (အကျယ်ကို သမ္မောအဋ္ဌကထာနှင့် သံယုတ်အဋ္ဌကထာ ရှု)

အပ္ပိစ္ဆစသည် အကျင့်တရားများ အပ္ပိစ္ဆော သန္တုဋ္ဌော ပဝိဝိတ္တော အသံသဋ္ဌော အာတိ သမာစာရိမကသု သက္ကစ္စကာရီ ဂရုစိတ္တီကာရဗဟုလော ဝိဟရတိ၊ အယံ ဝုစ္စတိ အာစာရသမ္ပန္နော။[၁]

ဟောဒါ အကျင့်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ သာသနာတော်ကို ဝင်လာတဲ့ ရဟန်းတော်လို့ဆိုတာ အလိုနည်းရမယ်၊ ဘာမှသိပ်မလိုချင်ရဘူး၊ အဲဒါ အပ္ပိစ္ဆကထာကို နောက်တပတ်ဟောယင် ဘုန်းကြီး အကျယ်ဟောမယ်၊ အခုတော့ အပ္ပိစ္ဆကထာကို ဟောဘို့မဟုတ်သေးဘူး၊ အကျင့်ထဲမှာသူက အလိုနည်းရမယ်၊ ဘာမှသိပ်မလိုချင်ရဘူး၊ ဟိုဟာလိုချင် ဒီဟာလိုချင် တော်ကြာ ဘာလေးဝယ်ပေးပါအုံး၊ လက်ကိုင်ပုဝါလေး ဝယ်ပေးပါအုံးစသည် မလုပ်ရဘူး၊ ဘုန်းကြီးဆိုတာ ဘာမှမလိုချင်ရဘူးတဲ့– အပ္ပိစ္ဆ။

သန္တုဋ္ဌ– ရတာကလေးနဲ့ ရောင့်ရဲ တင်းတိမ်ရမယ်၊ ကောင်းတာရရ မကောင်းတာရရ၊ မကောင်းတာရယင် မကောင်းတာနဲ့ဘဲ တင်းတိမ်နေရမယ် ကောင်းတာလှမ်းပြီးတော့ မတောင့်တရဘူး၊ နောက်တခါ ဟာ–အရှင်ဘုရား ဥစ္စာ မကောင်းပါဘူး၊ ကောင်းတာနဲ့ လဲပါဆိုယင်လဲဘဲ အဲဒီ ကောင်းတာ ကိုမယူရဘူး– သန္တုဋ္ဌဆိုတာ၊ အဲဒါ ဘုန်းကြီးသန္တုဋ္ဌကထာကို ဟောတဲ့အခါ ကျတော့ အကျယ်ဟောပေးမယ်။

ပဝိဝိတ္တော – အပေါင်းအသင်း၌ မမွေ့မလျော်ရဘူး၊ အဖော်၌မခင်တွယ်ရဘူးတဲ့၊ ဟောဒါအကျင့်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အပေါင်းအသင်း ရဟ်, ဆရာရယ်, တပည့်ရယ်, မိတ်ဆွေရယ်၊ ပြီးတော့ ဓမ္မမိတ်ဆွေတဲ့– အခု ခေတ်သုံးကလေးက၊ ဓမ္မမိတ်ဆွေတဲ့ဟုတ်လား၊ အဲဒီ ဓမ္မမိတ်ဆွေတွေဘာတွေ မလိုဘူးတဲ့၊ ပဝိဝေကပုဂ္ဂိုလ်ဖြစ်ရမယ်။

ကာယဝိဝေက – သွားလဲ တယောက်ထည်း၊ ထိုင်လဲ တယောက်ထည်း၊ အိပ်လဲတယောက်ထည်း၊ စားလဲတယောက်ထည်း၊ ဆွမ်းခံသွားလဲ တယောက်ထည်း၊ ဆွမ်းခံကပြန်လာလဲ တယောက်ထည်း၊ တရားသွားထိုင်လဲ တယောက်ထည်း၊ အဲဒါ ပဝိဝေကပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဒီအပိုင်းတွေဟာ နောက်တပိုင်းစီ တပိုင်းစီ ဟောပေးရအုံးမယ်။

အသံသဋ္ဌော–မရောနှောရဘူး၊ ဘာတွေနဲ့ မရောနှောရသလဲ–လူနဲ့လဲ မရောနှောရဘူး၊ တူမနဲ့လဲ မရောနှောရဘူး၊ ဆိတ်ငြိမ်တဲ့နေရာမျိုးမှာသာလျှင် နေရမယ်၊ လူဆိုယင် လူ့အငွေ့အသက်ကလေးတောင်မရောနှောရဘူး။

၁။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၄။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမအုပ် နှာ–၁၉။

အာရဒ္ဓဝီရိယော–[၁] တရားအားထုတ်မှု၌ အမြဲတမ်းယှဉ်စပ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်–တဲ့၊ ဒါ–အာစာရ။

အာဘိသမာစာရိကေသု၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့၌။ ဝါ၊ခန္ဓက သိက္ခာပုဒ်တို့၌။ သက္ကစ္စကာရီ၊ အရိုအသေပြုလေ့ရှိသည်။ ဂရုစိတ္တီကာရဗဟုလော၊ အလေးပြုသင့်သော အရာဌာနတို့၌ အလေးပြုများခြင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိဟရတိ၊ .နေ၏။

အပြစ်သေးငယ်တဲ့ သိက္ခာပုဒ်ကလေးများကိုတောင်မှ လုံခြုံအောင် ရိုရိုသေသေ အလေးဂရုပြုပြီးတော့ စောင့်စည်းတဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်–တဲ့၊အလေးပြုသင့်တဲ့ ကျင့်ဝတ်သိက္ခာပုဒ်တို့၌ အလွန်များစွာ အလေးပြုရမယ်–တဲ့။

အယံ၊ ဤသုဂါရဝ သပ္ပတိဿ စသည်ရှိတဲ့ ရဟန်းကို။ အာစာရသမ္ပန္နော၊ မိမိအကျိုးကို လိုလားသူတို့ ကျင့်အပ်သော အာစာရနှင့်ပြည့်စုံသောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေတော့၏။

ဂေါစရသမ္ပန္နအခန်း ဂေါစရော– ဂေါစရော ကျတော့ သုံးမျိုး ရှိတယ်။ ဂေါစရော ပန ဥပနိဿယဂေါစရော အာရက္ခ– ဂေါစရော ဥပနိဗန္ဓဂေါစရောတိ တိဝိဓော[၂]။

ဂေါစရက– ဥပနိဿယ ဂေါစရ, အာရက္ခဂေါစရ, ဥပနိဗန္ဓ ဂေါစရလို့– ကျက်စားရာအာရုံ သုံးမျိုးရှိတယ်၊ အဲဒီ သုံးမျိုးကဘာလဲ၊ ဥပနိဿယဂေါစရ ဆိုတာ ဘာခေါ်သလဲဆိုတော့–

ဥပနိဿယဂေါစရ တတ္ထ ယော ဒသကထာဝတ္ထု ဂုဏသမန္နာဂတော ဝုတ္တလက္ခဏော ကလျာဏမိတ္တော[၂]။

တတ္ထ၊ထိုသုံးပါးသော ဂေါစရတို့တွင်။ ဒသကထာဝတ္ထုဂုဏသမန္နာဂတော၊ ဆယ်ပါးသော ကထာဝတ္ထုဂုဏ်နှင့်ပြည့်စုံသော။ ဝုတ္တလက္ခဏော၊ နောက်က ဟောခဲ့ပြီးသော အမှတ်အသားလက္ခဏာရှိသော။ ကလျာဏမိတ္တော၊ မိတ်ဆွေကောင်းသည်။ ဥပနိဿယဂေါစရော၊ ဥပနိဿယဂေါစရမည်၏။

ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးတို့ ကလျာဏမိတ္တခန်းတွေကို အကျယ်ဟောခဲ့တယ် မဟုတ်လား– (မှန်ပါဘုရား) အဲဒီ ကလျာဏမိတ္တသည် ဥပနိဿယ– ဂေါစရ။

၁။ ဥဒါန်းအဋ္ဌကထာ၌ ဤပုဒ်မပါပေ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပါသည်။
၂။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမအုပ် နှာ–၁၉။ ဥဒါန်းအဋ္ဌကထာ နှာ-၂၀၄။

> ယံ နိဿာယ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊
> ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တံ ပသာဒေတိ။[၁]

ကလျာဏမိတ္တ၏ အကျိုးတရား အဲဒီ ကလျာဏမိတ္တကို ဥပနိဿယ–မှီဝဲတယ် ဆိုတဲ့ ဂေါစရကြောင့် ကိုယ့်မှာ ဘာအကျိုးတွေရသလဲ ဆိုတော့–

ယံ၊ အကြင်ကလျာဏမိတ္တ ဆိုတဲ့ မိတ်ဆွေကောင်းကို။ နိဿာယ၊ အမှီပြုပြီးတော့။ အသုတံ၊ မကြားမနာဘူးသေးတဲ့တရား စကားကို။ သုဏာတိ၊ ကြားနာရ၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ စမ္မကထိက ပုဂ္ဂိုလ်တွေကို အမှီပြု ပြုပြီးတော့ မကြားနာရသေးတဲ့ တရားစကားလုံးတွေကို ကြားနာရတယ်။

သုတံ ပရိယောဒါပေတိ။ ။သုတံ၊ ကြားပြီးသားဖြစ်တဲ့ တရားစကားကိုလည်း။ ပရိယောဒါပေတိ၊ စင်ကြယ်သန့်ရှင်းစေ၏။

ကင်္ခံ ဝိတရတိ။ ။ကင်္ခံ၊ ဟုတ်မှဟုတ်ပါမလားလို့ ဆိုတဲ့ ယုံမှားသံသယကို။ ဝိတရတိ၊ လွန်မြောက်နိုင်၏။

ဒိဋ္ဌိံ ဥဇုံ ကရောတိ။ ။ဒိဋ္ဌိံ၊ မိမိအယူကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိ၊ ပြုနိုင်၏။

စိတ္တံ ပသာဒေတိ။ ။စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပသာဒေတိ၊ ကြည်လင်ရှင်လန်းစေ၏။

ကလျာဏမိတ္တလို့ခေါ်တဲ့ ဥပနိဿယ ဂေါစရကို မှီဝဲရတဲ့အတွက် မကြားဘူး သေးတဲ့ တရားစကားတွေ ကြားရခြင်း၊ ကြားဘူးပြီးသားဖြစ်တဲ့ တရားစကားတွေ စင်ကြယ်သန့်ရှင်း၍သွားခြင်း၊ မိမိယုံမှားသံသယတွေကို လွန်မြောက်နိုင်ခြင်း၊ အယူကို ဖြောင့်မှန်စေနိုင်ခြင်း၊ စိတ်ထဲ၌ ကြည်ညိုစရာများကို ကြည်ညိုတတ်ခြင်းလို့ ဆိုတဲ့ ဒီအကျိုးငါးပါးကို ရပါတယ်တဲ့။

ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။

> ယဥ္စ အနုသိက္ခန္တော သဒ္ဓါယ ဝဍ္ဎတိ၊ သီလေန၊ သုတေန၊
> စာဂေန၊ ပညာယ ဝဍ္ဎတိ၊ အယံ ဝုစ္စတိ ဥပနိဿယ ဂေါစရော။[၂]

ယဥ္စ၊ အကြင် ကလျာဏမိတ္တကိုလည်း။ အနုသိက္ခန္တော၊ အတုလိုက်၍ ကျင့်သည်ရှိသော်။ သဒ္ဓါယ ဝဍ္ဎတိ၊ သဒ္ဓါတရားလည်းတိုးပွား၏။ သီလေန ဝဍ္ဎတိ၊ သီလလည်းတိုးပွား၏။ သုတေန ဝဍ္ဎတိ၊ အကြားအမြင် ဗဟုသုတ

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမအုပ် နှာ–၁၉။ ဥဒါန်း အဋ္ဌကထာ နှာ–၂၀၄။
၂။ ဥဒါန်း အဋ္ဌကထာ နှာ–၂၀၄။

တွေလဲ တိုးပွား၏။ စာဂေနဝဍ္ဎတိ၊ စာဂလဲတိုးပွား၏။ ပညာယဝဍ္ဎတိ၊ အသိအလိမ္မာ ဉာဏ်ပညာတွေလဲ တိုးပွားနိုင်၏။ အယံ၊ ဤတရားကို။ ဥပနိဿယ ဂေါစရော၊ ဥပနိဿယ ဂေါစရဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

ဥပနိဿယဂေါစရဆိုတာ အကျဉ်းချုပ်မှတ်ထားဘို့က ကလျာဏမိတ္တကို ဥပနိဿယဂေါစရလို့ ခေါ်တယ်၊ ကိုယ့်ရဲ့မိတ်ဆွေ ကလျာဏမိတ္တကို အမြဲတမ်း မှီဝဲနေရမယ်၊ ဆည်းကပ်နေရမယ်၊ သွားလာနေရမယ်၊သူ့ဆီမှာချည့် မိမိက ကျက်စားနေရမယ်၊ အဲဒါကို ဥပနိဿယဂေါစရလို့ ခေါ်တယ်။

အာရက္ခဂေါစရ ဘာလဲ အာရက္ခဂေါစရဆိုတာ– “ယော ဘိက္ခု အန္တရဃရံ ပဝိဋ္ဌော ဝီထိံ ပဋိပန္နော ဩက္ခိတ္တစက္ခု ယုဂမတ္တဒဿာဝီ စက္ခုန္ဒြိယသံဝုတော ဂစ္ဆတိ၊ န ဟတ္ထိံ ဩလောကေန္တော၊ န အဿံ၊ န ရထံ၊ န ပတ္တိံ၊ န ဣတ္ထိံ၊ န ပုရိသံ ဩလောကေန္တော၊ န ဥဒ္ဓံ ဩလောကေန္တော၊ န အဓော ဩလောကေန္တော၊ န ဒိသာဝိဒိသံ ပေက္ခမာနော ဂစ္ဆတိ၊ အယံ အာရက္ခဂေါစရော”။[၁]

အာရက္ခဂေါစရဆိုတာ ဘာခေါ်သလဲ–

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အန္တရဃရံ၊ ရွာတွင်းသို့။ ပဝိဋ္ဌော၊ ဝင်သည်။ သတိ၊ ရှိသော်။ ဝီထိံ၊ ချမ်းသာအောင်ပြုရာ ဖြစ်တဲ့လမ်းကို။ ပဋိပန္နော၊ လျှည့်လည်သည်ရှိသော်။ ဩက္ခိတ္တစက္ခု၊ မျက်လွှာအောက်သို့ချသည် ဖြစ်၍။ ယုဂမတ္တဒဿာဝီ၊ လေးတောင်ခန့်ရှိသော ထမ်းပိုးတပြန်လောက်ကိုသာ ကြည့်လေ့ရှိသည်ဖြစ်၍။ စက္ခုန္ဒြိယံ၊ မိမိရဲ့စက္ခုန္ဒြေကို။ သံဝုတော၊ စောင့်ရှောက်သည်ဖြစ်၍သာလျှင်။ ဂစ္ဆတိ၊ အရပ်ထဲကြွတော်မူ၏။

ကြွလာတယ် – မျက်လုံးကလေးက အောက်ချပြီးတော့ ဒီလိုနေရမယ်၊ အာရက္ခဂေါစရ၊ ယုဂမတ္တဒဿာဝီ–လေးတောင်လောက်ရှိတဲ့ ထမ်းပိုးတပြန်စာလောက်ပဲ ကြည့်ရမယ်၊ သိပ်အဝေးကြီးကို မျှော်ပြီးတော့ မကြည့်ရဘူး၊ စက္ခုန္ဒြေကို စောင့်ရှောက်ပြီးတော့ သွားရမယ်၊ ဆင်ကိုမကြည့်ရဘူး၊ မြင်းကို မကြည့်ရဘူး။

ဟတ္ထိံ၊ ဆင်ကို။ န ဩလောကေန္တော၊ မကြည့်သည်ဖြစ်၍။ အဿံ၊ မြင်းကို။ ရထံ၊ ရထားကို–ရထားတပ်ကို။ ပတ္တိံ၊ ခြေလျင်တပ်ကို။ ဣတ္ထိံ၊ မိန်းမကို။ ပုရိသံ၊ ယောကျ်ားကို။ နဩလောကေန္တော၊ မကြည့်သည်ဖြစ်၍။ ဥဒ္ဓံ၊ အထက်အရပ်ကို။ န ဩလောကေန္တော၊ မကြည့်သည်ဖြစ်၍။ အဓော၊ အောက်အရပ်ကို။ န ဩလောကေန္တော၊ မကြည့်သည်ဖြစ်၍။ ဒိသာဝိဒိသံ၊

၁။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၄။

အရပ်လေးမျက်နှာ အထောင့်အရပ်တွေကို။ နု ပေက္ခမာနော၊ မကြည့်သည်ဖြစ်၍။ ဂစ္ဆတိ၊ ကြွတော်မူ၏။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။အာရက္ခဂေါစရော၊ အာရက္ခဂေါစရပေတည်း။

အဲဒါ အာရက္ခဂေါစရ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဒီ ဂေါစရနဲ့ပြည့်စုံရမယ် –တဲ့။

ဥပနိဗန္ဓဂေါစရ ဥပနိဗန္ဓဂေါစရ– ဆိုတာဘာလဲ– စတ္တာရော သတိပဋ္ဌာနာ၊ သတိပဋ္ဌာန် လေးပါးတို့ပေတည်း၊ သတိပဋ္ဌာန်လေးပါးသည် ဥပနိဗန္ဓဂေါစရဘဲ–တဲ့။

ယတ္ထ ဘိက္ခု အတ္တနော စိတ္တံ ဥပနိဗန္ဓတိ။

ဘိက္ခု၊ ရဟန်းသည်။ ယတ္ထ၊ အကြင် သတိပဋ္ဌာန် လေးပါး၌။ အတ္တနော၊ မိမိ၏။ စိတ္တံ၊ စိတ်ကို။ ဥပနိဗန္ဓတိ၊ ဖွဲ့တုပ် ချည်နှောင်၍ ထား၏။

ကာယာနုပဿနာမှာသော်၎င်း, ဝေဒနာနုပဿနာမှာသော်၎င်း, စိတ္တာနုပဿနာမှာသော်၎င်း, ဓမ္မာနုပဿနာမှာသော်၎င်း၊ ဒီ အနုပဿနာသတိပဋ္ဌာန်လေးမျိုးထဲမှာ တမျိုးမျိုးသော သတိပဋ္ဌာန်တွေ့ဖြင့် မိမိစိတ်က အဲဒီမှာ ချည်ထားရမယ်တဲ့၊ မိမိရဲ့ ကျက်စားရာ, ကိုယ့်စိတ်ရဲ့ ကျက်စားရာဟာ ဘယ်မှာ ကျက်စားမလဲ–ကာယာနုပဿနာ သတိပဋ္ဌာန်မှာ ကျက်စားမလား၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်မှာ ကျက်စားမလား၊ စိတ္တာနုပဿနာသတိပဋ္ဌာန်မှာ ကျက်စားမလား၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်မှာ ကျက်စားမလား။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့မှာ လှည့်လည်ပြီးတော့ ကျက်စားမနေရဘူးတဲ့၊ ဥပနိဗန္ဓဂေါစရ–သတိပဋ္ဌာန်လေးပါး။

ပါဠိတော်မှာလဲ ဟောထားတာ ရှိတယ်။

ကော စ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။[၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ဘိက္ခုနော၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်လိုကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး အတွက်။ သကောပေတ္တိကော၊ မိမိဘခင်၏ ဥစ္စာဖြစ်သော။ ဝိသယော၊ မှီရာတည်ရာ ဖြစ်သော။ ဂေါစရော၊ ကျက်စားရာသည်။ ကော စ၊ အဘယ်နည်း။

၁။ မဟာဝဂ္ဂသံယုတ် ပါဠိတော် နှာ–၁၂၀။ ဥဒါန်း အဋ္ဌကထာ နှာ–၂၀၅။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နှာ–၁၉။

ဘာလဲဝဲ့၊ မိမိ ဘခင်ကြီး ပေးထားတဲ့ အမွေအနှစ် ကျက်စားရာ အာရုံဟာ ဘာလဲလို့ ဆိုယင်–ယဒိဒံ–ယေ ဣမေ ဂေါစရာ၊ အကြင်ကျက်စားရာအာရုံတို့သည်။စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ပေတည်း။

ကာယာနုပဿနာ, စိတ္တာနုပဿနာ, ဝေဒနာ, ဓမ္မာလို့ ခေါ်တဲ့ ဒီ သတိပဋ္ဌာန်လေးပါးသည် မိမိဘခင်က မိမိကို ပေးထားတဲ့ ကျက်စားရာ အာရုံဘဲ–တဲ့၊ ဒါ ဥပနိဗန္ဓဂေါစရ။

နောက်က ဟောခဲ့တဲ့–အာစာရဂေါစရသမ္ပန္နော၊ အကျင့်, ကျက်စားရာ အာရုံနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

အပြစ်ငယ်ကိုပင်အပြစ်ကြီးကဲ့သို့ ရှောင်ကြဉ်ရပုံ အကျယ်ဟောခြင်း

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။[၁] အနည်းငယ်မျှသောအပြစ်တို့၌လဲဘဲ အင်မတန်ကြီးတဲ့ အပြစ်ကြီးတွေလိုရှောင်ကြဉ်ရမယ်–တဲ့၊ ဥပမာ–ဘုန်းကြီးတို့အတွက် ဆိုယင် အင်မတန်သေးငယ်တဲ့ဒုက္ကဋ်, ဒုဗ္ဘာသိအာပတ်ကို အင်မတန်ကြီးတဲ့ ပါရာဇိက အာပတ်ကြီးလိုသဘောထားပြီးတော့ အဲဒီ ဒုက္ကဋ်, ဒုဗ္ဘာသိအာပတ်ကို ရှောင်ကြဉ်ရမယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက်ဆိုယင် အင်မတန်သေးငယ်တဲ့ အပြစ်ကလေးကို ရှစ်သောင်း လေးထောင် နှစ်ပြန် ဆောင်တဲ့ မြင့်မိုရ်တောင်ထု တောင်ဘန်းကြီးလောက်ကြီးတဲ့ အပြစ်ကြီးဘဲလို့ သဘောထားပြီးတော့ သေးသေးလေးအပြစ်ကို ရှောင်ကြဉ်ရမယ်၊ ဒါ–အဏုမတ္တေသု ဘယဒဿာဝီ။

သံတုံးသံခဲအသေးကလေး ရေချသည့်ဥပမာ

အကုသိုလ်ဆိုတာ သေးသေးကလေးဘဲ ဖြစ်ဖြစ်, ကြီးကြီးဘဲဖြစ်ဖြစ် ဘယ်ကိုဆောင်သလဲ–သူက၊ (အပါယ်လေးပါးကို ဆောင်ပါတယ် ဘုရား) ဥပမာဆိုပါတော့ သံတုံးကလေးတခုဟာ ရေထဲကိုချမယ်ဆိုယင် မြုပ်တဲ့ သဘောရှိသလား၊ ပေါ်တဲ့သဘောရှိသလား၊ (မြုပ်တဲ့သဘော ရှိပါတယ် ဘုရား) သေးသေးကလေး သံမှုန့်ကလေး တရွေးသားလောက်ကလေး ချကြည့်။ (မြုပ်ပါတယ်ဘုရား)

၁။ ပရိဝါ ပါဠိတော် နှာ–၃၃၂–၃။ သီလက္ခန်ပါဠိတော် နှာ–၅၉။ မူလပဏ္ဏာသပါဠိတော် နှာ-၄၃။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဋ္ဌမအုပ်၊ နှာ–၆၅။

သေးသေးကလေးရယ်လို့ လမ်းတဝက်လောက်တင်နေလို့ ရပါ့မလား၊ (မရပါဘူးဘုရား) အကုသိုလ်ဆိုတာ သေးသေးကလေး အကုသိုလ်ပေတဲ့ မြုပ်တယ်ဆိုယင် ဘယ်ထိအောင်မြုပ်သလဲ၊ (အဝီစိထိအောင် မြုပ်ပါတယ် ဘုရား) အဝီစိထက်နက်တဲ့အပါယ်ရှိသေးလား၊ (မရှိပါဘူးဘုရား)

အဖေသတ်မှ အဝီစိကျတာမဟုတ်ဘူး၊ အနည်းငယ်မျှသော အကုသိုလ် သေးသေးကလေးကပေတဲ့ အပါယ်ငရဲကို တဆင့်တဆင့်–တဆင့်တဆင့်ကနေပြီး တော့ လမ်းတဝက်တင် တင်မနေသလို ဟုတ်လား၊ ဒီတော့–

အဏုမတ္တေသု၊ အနည်းငယ်မျှ ဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ ကြီးလှစွာသော အပါယ်ဘေးကြီးဟု ရှုမြင်သည်ဖြစ်၍။ သိက္ခာ-ပဒေသု၊ မိမိယခုစောင့်ရှောက်ထားတဲ့ သိက္ခာပုဒ်တော်တို့၌။ သမာဒါယ၊ စိတ်ကို မပျက်စီးအောင် တည်ထားပြီးတော့။ သိက္ခတိ၊ ကျင့်ရ၏။

အဲဒီလို ဒီသီလကို ကျင့်ပါလို့ သဗ္ဗညုမြတ်စွာဘုရားက ဒီဿနိကာယ်က ဒီလို ဟောထားပေးခဲ့တယ်၊ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ အဲဒီ သီလပြည့်စုံအောင် ထားရမယ်၊ ဒီ သီလနဲ့ ပြည့်စုံနေယင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဘာကိုလိုချင် သလဲ–မူလပဏ္ဏာသ ပါဠိတော်မှာ အာကင်္ခေယျသုတ်ဆိုတာ ရှိတယ်၊ သီလနဲ့ ပတ်သက်လို့ ဟောထားတယ်၊ ဘယ့်နှယ်ဟောထားတုံး–

သီလရှိလျှင် **အပေါင်းအသင်းကချစ်ခင်**	အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု "သဗြဟ္မ စာရီနံ ပိယောစ အဿံ မနာပေါစ ဂရုစ ဘာဝနီယော စာ"တိ သီလေသွေဝဿ ပရိ ပူရကာရီ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းတော်သည်။ အဟံ၊ ငါသည်။ သဗြဟ္မစာရီနံ၊ မိတ်ဆွေသင်္ဂဟ သီတင်းသုံးဘော်တို့၏။ ပိယော၊ ချစ်ခင်နှစ် သက်အပ်သောသူသည်။ မနာပေါ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေတတ်သော ခင်မင်စရာဖြစ်သောသူသည်။ ဂရု၊ အလေးဂရုပြုသင့်သောသူသည်။ ဘာဝနီ ယော၊ မိတ်ဆွေသင်္ဂဟတို့က ချီးမွမ်းခြင်းကို ခံရသောသူသည်။ အဿံ၊ ဖြစ်လို၏။ ဣတိ၊ ဤသို့။ စေအာကင်္ခေယျ၊ အကယ်၍အလိုရှိငြားအံ့။

ဝေါ၊ ဤသို့ သမဂ္ဂသီတင်းသုံးဘော် မိတ်ဆွေသင်္ဂဟတို့က ချစ်ခင်လေးစား ယုံကြည်ထိုက်သော ပုဂ္ဂိုလ်ဖြစ်လိုပါမူကား။ (ဘာလုပ်ရမလဲ) သီလေသုဝေ

၁။ မူလပဏ္ဏာသပါဠိတော် နှာ ၃၉။

အခုပြောခဲ့တဲ့ စာရိတ္တသီလ, ဝါရိတ္တသီလတို့ကိုသာလျှင်။ ပရိပူရကာရီ၊ ဖြည့်ကျင့်မှု အမျိုးမျိုး ဖြည့်ကျင့်လေ့ရှိသည်။ အဿ၊ ဖြစ်ရာ၏။

ကိုယ့်ကို ကိုယ့်မိတ်ဆွေ သင်္ဂဟတွေက လေးစားစေချင်ယင်, ကိုယ့်ကို ကိုယ့်မိတ်ဆွေသင်္ဂဟတွေက ချစ်ခင်စေချင်ယင်, ကိုယ့်ကို ကိုယ့်မိတ်ဆွေ သင်္ဂဟတွေက ချီးမွမ်းစေချင်ယင်, ကိုယ့်ကို ကိုယ့်မိတ်ဆွေသင်္ဂဟ တွေက အလေးဂရုပြု စေချင်ယင် ကိုယ်က ဘာတွေပြုပေးရမလဲ–

သီလ–သီလပြုပေးရမယ်၊ သီလမရှိတဲ့လူကို ဘယ်သူကမှ မလေးစားဘူး၊ သီလမရှိတဲ့လူကို ဘယ်သူကမှ မချစ်ခင်ဘူး၊ သီလမရှိတဲ့ပုဂ္ဂိုလ်ကို သည့်ပြင် လူမပြောနဲ့ မိတ်ဆွေမပြောနဲ့၊ သားသမီးသီလပျက်လို့ ကိုယ်ကျင့် ပျက် ယင် မိဘကတောင်မှ အမွေပြတ်လို့ကြေညာရတယ်။

မိမိသားသမီးကသာ ကိုယ်ကျင့်မပျက်ဘဲနဲ့ သီလလေးနဲ့သာ လုံလုံခြုံခြုံ ရှိနေစမ်းပါလား၊ အို-မိဘကလဲချစ်၊ ဆွေကလဲချစ်၊ မျိုးကလဲချစ်၊ တိုင်းပြည် ကလဲချစ်လို့ ဟုတ်လား၊ သမဂ္ဂသီတင်းသုံးဘော်တွေ ချစ်ခင် စေချင်ယင်

အခု ဟောခဲ့တဲ့ သီလနဲ့ပြည့်စုံရမယ်တဲ့၊ ဒါတင်လားဆိုတော့ မကသေးဘူး အာကင်္ခေယျသုတ္တန်မှာ ဟောထားလိုက်တာတွေ အများကြီးဘဲ၊ သို့သော် လဲဘဲ ဘုန်းကြီး အကုန်တော့မပြောဘူး၊ သုံးလေးခုလောက်ပဲ ပြောမယ်။

သီလရှိလျှင် လာဘ်လာဘတွေဝင် လာဘ်လာဘတွေ လိုချင်သလား၊ စီးပွါး ဥစ္စာတွေ လိုချင်သလား၊ "အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု "လာဘီ အဿံ စီဝရပိဏ္ဍပါတ သေနာသနဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရာနံ"န္တိ သီလေသွေဝဿ ပရိပူရကာရီ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အဟံ၊ ငါသည်။ စီဝရ-ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယဘေသဇ္ဇ ပရိက္ခာရာနံ၊ သင်္ကန်း, ဆွမ်း, ကျောင်း အိပ်ရာနေရာ, သူနာ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို။ လာဘီ၊ ရခြင်းသည်။ အဿံ၊ ဖြစ်လို၏။ ဣတိ၊ ဤသို့။ စေ အာကင်္ခေယျ၊ အကယ်၍ တောင့်တငြားအံ့။ လာဘ်လာဘ လိုချင်ယင် ဘာလုပ်ရမလဲ—သီလေ သွေဝဿ ပရိပူရကာ[illegible]၊ ဒီ စာရိတ္တသီလ, ဝါရိတ္တသီလတွေကို ဖြည့်ကျင့်ရမယ်-တဲ့။

မင်္ဂိုလ်ဝင် နောက်တခါ သောတာပန်ပုဂ္ဂိုလ် ဖြစ်ချင်တယ် ဆိုပါတော့၊ ကြားဖူးကဟာတွေ ပေယျာလ ထားလိုက်၊ သောတာပန်ပုဂ္ဂိုလ် ဖြစ်ချင်ယင် ကိုယ့်မှာ ဘာရှိရမလဲ–ပါဠိတော်က ပြောလိမ့်မယ်၊ ဘယ့်နှယ် ပြောမလဲ–

အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု "တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော အဿံ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော"တိ သီလေသွေဝဿ ပရိပူရကာရီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုပွါးများလို အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ (သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ) အဝိနိပါတဓမ္မော၊ အပါယ်လေးပါးကို မကျသော။နိယတော၊မဂ္ဂနိယာမ အနေအားဖြင့် မြဲသော။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာ ရှိသော။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်သည်။ အဿံ၊ ဖြစ်လို၏။ ဣတိ၊ ဤသို့။ စေ အာကင်္ခေယျ၊ အကယ်၍ တောင့်တခြငြားအံ့။ သီလေသွေဝ၊ သီလတို့ကို သာလျှင်။ ပရိပူရကာရီ၊ ပြည့်ကျင့်ခြင်းကို ပြုလေ့ရှိသည်။ အဿ၊ ဖြစ်ရာ၏။

ချစ်သားတဲ့–မြတ်စွာဘုရားကလေ၊ ချစ်သမီး–ဘယ်သူ့ကို ခေါ်နေတာလဲ၊ ဒီတရားနာနေတဲ့ ပုဂ္ဂိုလ်တွေကို ခေါ်နေတာ၊ ဒါ ထူးကြီးဆရာတော်စကား မဟုတ်ဘူး၊ ချစ်သား, ချစ်သမီး....သင်–သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသလို့ခေါ်တဲ့ သံယောဇဉ် သုံးပါး ယခုဘဝမှာ ကုန်ပြီးတော့ အပါယ်လေးပါးမကျတဲ့ အထက်မဂ် သုံးပါးသာလျှင် လည်းလျောင်းရာရှိတဲ့ သောတာပန် ပုဂ္ဂိုလ် ဖြစ်ချင်သလားတဲ့–မေးတယ်၊ မဖြစ်ချင်ဘူးလို့ ပြောမဲ့ ပုဂ္ဂိုလ် ဘယ်နှစ်ယောက်ပါသလဲ၊ (မပါပါဘူးဘုရား၊ ဖြစ်ချင်ပါတယ်ဘုရား) ဖြစ်ချင်ယင် ဘာလုပ်ရမလဲ–

သီလေသုဝေ ပရိပူရကာရီ ဟောတိ။

အခုဟောခဲ့တဲ့ စာရိတ္တသီလ, ဝါရိတ္တသီလ, ပါတိမောက္ခသံဝရသီလကို ပြည့်ကျင့်ပါတဲ့–မြတ်စွာဘုရားက။

သောတာပန်လောက်နဲ့ တပည့်တော်တို့ မကျေနပ်သေးဘူး ဘုရားလို့ ဆိုယင် ပြောအုံးမယ် မြတ်စွာဘုရားက- သကဒါဂါမ်။

အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု "တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒေါသမောဟာနံ တနုတ္တာ သကဒါဂါမီ အဿံ သကိဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရေယျ"န္တိ သီလေသွေဝဿ ပရိပူရကာရီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယော

ဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်ရှင်း။ ရာဂဒေါသမောဟာနံ၊ ရာဂ ဒေါသမောဟတို့၏။ တနုတ္တာ၊ ခေါင်းပါးခြင်းကြောင့်ရှင်း။ ဣမံလောကံ၊ ဤလူ့ပြည်လောကသို့။ သကိံဝေ၊ တကြိမ်သာလျှင်။ အာဂန္တွာ၊ လာရောက်၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရေယျ၊ ပြုလိုရာ၏။ သကဒါဂါမီ၊ သကဒါဂါမ်သည်။ အဿံ၊ ဖြစ်လို၏။ ဣတိ၊ ဤသို့။ စေအာကင်္ခေယျ၊ အကယ်၍တောင့်တငြားအံ့။ (ဘာလုပ်ရမလဲ) သီလေသွေဝဿ ပရိပူရကာရီ၊ သီလကိုသာလျှင် ကျင့်ပါတဲ့-သကဒါဂါမ်ပုဂ္ဂိုလ်။

အနာဂါမ်၊ ဘာလုပ်ရမလဲ—

> အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု "ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကော အဿံ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိ ဓမ္မော တသ္မာ လောကာ"တိ သီလေသွေဝဿ ပရိပူရကာရီ။

ချစ်သားတို့.... သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမရာမာသ, ကာမရာဂ, ဗျာပါဒလို့ခေါ်တဲ့ ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုး ကုန်ခန်းပြီးတော့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီးတော့ကို အဝိဟာဘုံတက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်ဖြစ်ချင်တယ်ဆိုယင် ဘာပြည့်စုံရမလဲ- သီလေသွေဝဿပရိပူရကာရီ၊ သီလနဲ့ပြည့်စုံအောင်ကျင့်ကြပါ၊ မြတ်စွာဘုရားက ဘယ်လောက်များ သီလကိုအရေးပြုပြီးတော့ ဟောထားသလဲလို့ ။

နောက်တခါ ရဟန္တာပုဂ္ဂိုလ် ဖြစ်ချင်တယ်ဆိုယင် ဘယ်လိုလဲ—

> အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု "အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရေယျ"န္တိ သီလေသွေဝဿ ပရိပူရကာရီ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းတော်သည်။ အာသဝါနံ၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝေါမရှိသော။ စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်သမာဓိ၏ ကိလေသာမှလွတ်မြောက်ခြင်း တည်းဟူသော စေတောဝိမုတ္တိကို။ ပညာဝိမုတ္တိံ၊ အရဟတ္တဖိုလ်ပညာ၏ အဝိဇ္ဇာမှ လွတ်မြောက်ခြင်းဟု ဆိုအပ်သော ပညာဝိမုတ္တိကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌သာလျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရေယျ၊ နေလို၏။ ဣတိ၊

၁၊ မူလပဏ္ဏာသပါဠိတော် နှာ—၄၂–၃။

ဤသို့၊ စေအာကာခေ်ယျ၊ အကယ်၍ တောင့်တငြားအံ့။ သီလေသု ဝေ၊ သီလတို့ကို သာလျှင်။ ပရိပူရကာရီ၊ ဖြည့်ကျင့်မှုပြုလေ့ရှိသည်။ အဿ၊ ဖြစ်ရာ၏။

ချစ်သား....သင်သည် ယခုမျက်မှောက်ဘဝမှာဘဲ ရဟန္တာပုဂ္ဂိုလ်ဖြစ်ချင်တယ် ဆိုယင် သီလပြည့်စုံအောင် လုပ်ပါတဲ့–မြတ်စွာဘုရားက၊ ဒါ မဇ္ဈိမနိကာယ်က ပြောတာ၊ သီလအရေးကြီးကြောင်းကို နိကာယ်ငါးရပ် ပါဠိတော်ကြီးတွေက ဒီလိုချည်း ပြောထားတယ်၊ နောက် ပြောအုံးမယ်တခု–သီလ၊ သံယုတ္တ နိကာယ်။

မြတ်စွာဘုရားလက်ထက်က ရဟန်းတော်တပါး မြတ်စွာဘုရားထံ သွား ပြီးတော့ လျှောက်တယ်၊ ဘယ်နှယ်လျှောက်သလဲ–

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။[၁]

ဘန္တေ၊ မြတ်စွာဘုရား။ သာဓု–အာယာစာမိ၊ တောင်းပန်လျှောက်ထား ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မေ–မမ၊ ဘုရားတပည့်တော်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောကြားတော် မူပါဘုရား။

တရားနာပြီးယင် တပည့်တော် တရားအားထုတ်ချင်လို့ပါ–ဆိုတော့ မြတ်စွာ ဘုရားက–

တေန ဟိ တွံ ဘိက္ခု အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု။[၁]

ဘိက္ခု၊ ရဟန်း။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ တွံ၊ သင်ချစ်သားရဟန်းတော် သည်။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အာဒိမေဝ၊ အစကသာလျှင်။ ဝိသောဓေဟိ၊ သုတ်သင်ရှင်းလင်းပါလော့။

ချစ်သား....သင်တရားအားထုတ်ချင်တယ်ဆိုယင် ကုသိုလ်တရားတို့ရဲ့ အစကို စင်ကြယ်အောင်လုပ်ပါတဲ့–တရားအားထုတ်ချင်တယ် ဆိုယင်၊ တရားအားထုတ် ရအောင် သွားတော့မယ်ဆိုကတည်းက ကုသိုလ်တရားတို့ရဲ့ အစကို ကိုယ်က စင်ကြယ်အောင် လုပ်ရမယ်။

ကုသိုလ်တရားတို့၏ အစ ကုသိုလ်တရားတို့၏ အစက ဘာလဲလို့ ဆိုတော့ ပါဠိတော်က – " သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိစ ဥဇုကာ"[၁]၊ သီလ စင်ကြယ်ရမယ်၊ အယူ ဖြောင့်မှန်ရမယ်။

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၂၄။

ဒါ ကုသိုလ် ကောင်းမှုတို့ရဲ့ အစကို စင်ကြယ်အောင် လုပ်ခြင်း၊ သီလဥ္စ သုဝိသုဒ္ဓံ၊ သီလ စင်ကြယ်ခြင်းငှာ၏။ ဒိဋ္ဌိစ ဥဇုကာ၊ အယူ၏ ဖြောင့်မတ်ခြင်းငှာ၏။

ယတော ခေါ တေ ဘိက္ခု သီလဉ္စ သုဝိသုဒ္ဓံ ဘဝိဿတိ ဒိဋ္ဌိ
စ ဥဇုကာ၊ တတော တွံ ဘိက္ခု သီလံ နိဿာယ သီလေ ပတိဋ္ဌာယ
စတ္တာရော သတိပဋ္ဌာနေ တိဝိဓေန ဘာဝေယျာသိ[၁]။

ဘိက္ခု၊ ချစ်သား ရဟန်း။ ယတော၊ အကြင် အခါ၌။ တေ၊ သင့်အား။ သီလဉ္စ သုဝိသုဒ္ဓံ၊ သီလကောင်းကောင်းစင်ကြယ်သည်။ ဒိဋ္ဌိ စ ဥဇုကာ၊ အယူ ကောင်းကောင်းဖြောင့်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တွံ၊ သင်သည်။ သီလံ၊ သီလကို။ နိဿာယ၊ အမှီပြု၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ စတ္တာရောသတိပဋ္ဌာနေ၊ ကိုယ်ကြိုက်တဲ့ သတိပဋ္ဌာန်လေးပါးတို့တွင် တပါးပါးသော သတိပဋ္ဌာန်ကို။ တိဝိဓေန၊ သုံးပါး အပြားအားဖြင့်။ ဘာဝေယျာသိ၊ ပွါးများပါလော့။

ဒါဘဲ ဟောလိုက်တယ်–မြတ်စွာဘုရား တရားတိုတို၊ ချစ်သား....သင်–တရား အားထုတ်ချင်တယ်ဆိုယင် ရှေးဦးစွာ သီလ စင်ကြယ်အောင်လုပ်၊ အယူဖြောင့် မှန်အောင်လုပ်၊ အဲဒီ စင်ကြယ်တဲ့ သီလမှာ တည်ပြီးတော့မှ သတိပဋ္ဌာန်လေးပါး တို့တွင် ကိုယ်ကြိုက်တဲ့ သတိပဋ္ဌာန် တခုခုကို ပွါးများတော့လို့ ဒီလို မိန့်တော် မူလိုက်ပါတယ်၊ ဒါ ဝိမုတ္တိပရိပါစနီယတရား သီလ အရေးကြီးပုံကို အခုဟော ကြားပေးနေတာဘဲ၊ နောက်တခု-မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဒီတခါတော့ ဥပမာကလေး ပြပြီးတော့ ဟောထားတယ်။

သေယျထာပိ ဘိက္ခဝေ ယေကေစိ ဗလကရဏီယာ ကမ္မန္တာ
ကယိရန္တိ၊ သဗ္ဗေ တေ ပထဝိံ နိဿာယ ပထဝိယံ ပတိဋ္ဌာယ၊ ဧဝ
မေတေ ဗလကရဏီယာ ကမ္မန္တာ ကယိရန္တိ[၂]။

သီလသည် မြေကြီးနှင့် တူပုံ အဲဒါကိုတော့ စကားပြေဘဲ ပြောကြစို့၊

ချစ်သားတဲ့ ဥပမာတခု ပြောမယ်တဲ့၊ ဒီ လောကတခွင် မြေပြင်ပေါ်မှာ ခွန်အားဗလစိုက်ထုတ်ပြီးတော့ အလုပ်လုပ်နေကြ တယ်ဆိုတဲ့ လူတွေဟာ ဘာကို အမှီပြုပြီးအလုပ်လုပ်နေရသလဲဆိုတော့–ပထဝိံ၊ မြေကို။ နိဿာယ၊ အမှီပြု၍။ ပထဝိယံ၊ မြေ၌။ ပတိဋ္ဌာယ၊ တည်၍။ ဗလ ကရဏီယာ ကမ္မန္တာ၊ အား ခွန်ဗလ စိုက်ထုတ်၍လုပ်ရတဲ့ လုပ်ငန်းမျိုးကို။ ကယိရန္တိ၊ ပြုလုပ်၍နေကြရပေကုန်၏။

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ–၁၂၄။
၂။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ–၂၁၅။

မြေတည်းဟူသော မှီရာတည်ရာ ကောင်းကောင်းမရှိယင် ဘာလုပ်လို့ဖြစ်မလဲ၊ ဘာမှစိုက်လို့မဖြစ်ဘူး၊ ဘာအလုပ်မှ လုပ်လို့မဖြစ်ဘူး-မြေအမှီမရှိယင်။

ဝေမေဝ ခေါ ဘိက္ခဝေ ဘိက္ခု သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သမ္မပ္ပဓာနေ ဘာဝေတိ၊ စတ္တာရော သမ္မပ္ပဓာနေ ဗဟုလီကရောတိ။

ချစ်သား....အဲဒီ ဥပမာအတူဘဲ သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန်လေးပါး မဂ္ဂင်ရှစ်ပါးတို့ကို ပွားများအားထုတ်တယ်ဆိုတာ သီလပေါ်မှာ တည်ပြီးတော့ ပွားရမယ်၊ သီလကို အမှီပြုပြီးတော့မှ ပွားရပါတယ်၊ အဲဒါကြောင့် သီလစင်ကြယ်အောင် သီလတည်းဟူသော အခြေခံအုတ်မြစ်ဖောင်ဒေးရှင်းကြီး ခိုင်ခိုင်ချပြီးတော့မှ အားထုတ်ပါ၊ ဒါ သံယုတ်ပါဠိတော်က ဟောတာ။

သီလအကျိုး ၅-မျိုး အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတဲ့ သီလကြောင်းတွေ အများကြီး ရှိသေးတယ်၊ ဘာတဲ့လဲ- သီလနဲ့ပြည့်စုံခြင်းကြောင့် ရတဲ့အကျိုးအာနိသံသ ငါးမျိုးရှိတယ်၊ ငါးမျိုးက ဘာတွေလဲ- "ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ သီလဝတော သီလသမ္ပဒါယ"။ ။သီလနဲ့ပြည့်စုံခြင်းကြောင့် ရတဲ့အကျိုး ငါးမျိုးရှိတယ်တဲ့။

(၁) သီလဝါ သီလသမ္ပန္နော အပ္ပမာဒါဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ။[၁]

သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အပ္ပမာဒါဓိကရဏံ၊ မမေ့လျော့ခြင်းအကြောင်းကြောင့်။ မဟန္တံ၊ ကြီးကျယ်လှသော။ ဘောဂက္ခန္ဓံ၊ စည်းစိမ်ဥစ္စာကို။ အဓိဂစ္ဆတိ၊ ရရှိနိုင်၏။

(၂) ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။[၁]

ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ဘဝဂ်မဆံ့ပျံ့နှံ့၍တက်၏။ ကောင်းတဲ့သတင်းတွေ ကြော်ကြားမယ်တဲ့။

(၃) ယညဒေဝ ပရိသံ ဥပသင်္ကမတိ ယဒိ ခတ္တိယပရိသံ ယဒိ ဗြာဟ္မဏပရိသံ ယဒိ ဂဟပတိပရိသံ ယဒိ သမဏပရိသံ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော။[၁]

ဘယ်ပရိသတ်ထဲကိုဘဲဝင်ဝင် တင့်တင့်တယ်တယ် ရဲရဲတင်းတင်း ပရိသတ်ထဲကို ချဉ်းကပ်ဝံ့မည်တဲ့။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် နှာ-၂၂၁-၃။

(၄) အသမ္ပုဋ္ဌော ကာလံ ကရောတိ။[၁]
မတွေ့မဝေသေရတယ်–သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်။

(၅) ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။[၂]

သီလနဲ့ ပြည့်စုံယင် သေသည်၏အခြားမဲ့၌ ကောင်းရာ သုဂတိကို ရောက်တယ်၊ မကောင်းတဲ့ဒုဂ္ဂတိကို မရောက်နိုင်ဘူးတဲ့၊ ဒါ သီလနဲ့ ပြည့်စုံခြင်းရဲ့အကျိုး၊ မကသေးပါဘူး၊ တော်တော်များများ ရှိပါသေးတယ်၊ အဲဒါ ဒါလောက်ပဲ ရှိပါစေတော့။

ဒီ သီလက ဆက်ပြီးတော့ ဘာများရနိုင်သလဲ ဆိုတော့–

သီလေ (ဘိက္ခဝေ)သတိ သီလသမ္ပန္နဿ ဥပနိသ သမ္ပန္နော ဟောတိ သမ္မာသမာဓိ။

(ဘိက္ခဝေ၊ ရဟန်းတို့။) သီလေ၊ သီလသည်။ သတိ၊ ပြည့်စုံသည်ရှိသော်။ သီလသမ္ပန္နဿ၊ သီလနှင့်ပြည့်စုံသော။ ကုလပုတ္တဿ၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ သမ္မာသမာဓိ၊ သမ္မာသမာဓိမဂ္ဂင်သည်။ ဥပနိသသမ္ပန္နော၊ ပြည့်စုံသောအကြောင်းကိုရသည်။ ဟောတိ၊ ဖြစ်၏။

သမာဓိရမယ်၊ သမာဓိရှိယင် ယထာဘူတဉာဏ်ကို ရမယ်၊ ယထာဘူတဉာဏ်ကိုရယင် နိဗ္ဗိဒါ, ဝိရာဂလို့ခေါ်တဲ့ ဗလဝဝိပဿနာဉာဏ်, မဂ်ဉာဏ်ကို ရမယ်၊ နိဗ္ဗိဒါဝိရာဂ– ဗလဝဝိပဿနာဉာဏ်, မဂ်ဉာဏ်ကိုရယင် ဘာရမလဲ– ဝိမုတ္တိဉာဏဒဿနလို့ ခေါ်တဲ့ အရဟတ္တဖိုလ်ပေါက် စည်းစိမ်ချမ်းသာတွေကို သီလမှတဆင့် အဆက်ဆက်ရရှိနိုင်၏–အင်္ဂုတ္တိုရ်မှာ။

သီလဝမထေရ်ဝတ္ထု ခုဒ္ဒကနိကာယ် သီလပိုင်း တခါသွားကြည့်၊ ထေရဂါထာပါဠိတော်မှာ ဘာရှိသလဲဆိုတော့ သီလဝမထေရ်ဆိုတာရှိတယ်၊ သီလခဏ်းကို မဟောခင် အဋ္ဌကထာက ဘာပြောထားသလဲ ဆိုတော့ အဲဒီ သီလဝမထေရ်လို့ဆိုတာ ဘယ်သူ့သားလဲ–ဗိမ္ဗိသာရမင်းကြီးရဲ့ သား၊ ဗိမ္ဗိသာရမင်းကြီးရဲ့သားကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သိနေတာက ဘယ်သူ့သားသိသလဲ၊ (အဇာတသတ်ကိုပါဘုရား) ဟင်–သူကတော့ နာမည်ကြီးကိုး ဟုတ်လား၊ အဲ သီလဝဆိုတာလဲ အဲဒီ ဗိမ္ဗိသာရမင်းကြီးရဲသားဘဲ။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် နှာ–၂၂၀-၃။
၂။ အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် နှာ-၃၁၆။

သီလဝမင်းသားကို အဇာတသတ်က ကြည့်လို့မရဘူး၊ အကြိမ်ကြိမ် အဖန်ဖန် သတ်ဘို့ကို သူကချောင်းပြီးတော့ အမြဲတမ်း အခွင့်သာအောင် သူက ကြည့်တယ်၊တနေ့တော့ အခွင့်မရနိုင်တဲ့အဆုံးကျတော့ သူဘာလုပ်သလဲဆိုတော့ အင်မတန် ကြမ်းတဲ့ ဆင်ကြီးကို အရက်မူးအောင် တိုက်ပြီးတော့ အဲဒီ သီလဝ မင်းသားကို အစီးခိုင်းတယ်၊ သီလဝမင်းသားကလဲ စီးတာဘဲ၊ ဆင်ပေါ်က ကျတာနဲ့ တပြိုင်နက်ထဲ သူ့ကို သတ်ဖို့လို့ဆိုပြီးတော့ အစီအစဉ်လုပ်တယ်၊ ဒါ ပေမဲ့ အဋ္ဌကထာက ဒီနေရာမှာ ဘာကလေး ပြောထားလဲဆိုတော့—

ပစ္ဆိမဘဝိကဿ အရဟတ္တံ အပ္ပတွာ အန္တရာ ဇီဝိတန္တရာယော ဘာဝတော[၁]။

သတ်လို့မသေသူ ပစ္ဆိမဘဝိကသားလို့ဆိုတာ အရဟတ္တဖိုလ်ကို မရောက် သေးသမျှ ကာလပတ်လုံး ဒီကြားထဲမှာ ဘယ်သူသတ် သတ် မသေဘူးတဲ့၊ ရှင်ဗာကုလတို ငါးဝမ်းဗိုက်ထဲ ရောက်ထာတောင် သေလား၊ (မသေပါဘူးဘုရား) ပစ္ဆိမဘဝိကသားဆိုတာ မသေဘူး—ဟုတ်လား။

ပြီးတော့ သံကိစ္စသာမဏေတို့ ဆိုခဲ့လို့ရှိလျှင် မိခင်က ကိုယ်ဝန်နဲ့ ကွယ်လွန် သွားတယ်၊ အဲဒီ ကိုယ်ဝန်နဲ့ ကွယ်လွန်တဲ့မိခင်ကို မီးသင်္ဂြိုဟ်ကြတယ်၊ သေဘို့ မကောင်းဘူးလား-ဗိုက်ထဲကသားဟာ၊ (ကောင်းပါတယ်ဘုရား) မသေဘူးဗျာ၊ မီးနဲ့ရှို့လဲ အဲဒီနေရာကျတော့ မီးမလောင်ဘူး၊ သည့်ပြင် နေရာတွေသာ မီး လောင်ကုန်တယ်၊ ပစ္ဆိမဘဝိကသားဆိုတာ မဂ်ဖိုလ်ကို မရသေးသမျှ အတော အတွင်းမှာ ဘယ်လိုနည်းနဲ့မှ မသေဘူး။

အဇာတသတ်က ဒီ သီလဝမင်းသားကို အကြိမ်ကြိမ် အမျိုးမျိုး သတ်ပေတဲ့ မသေဘူး၊ နောက်တော့ အဲဒီ ဆင်ကြီးကို အစီးခိုင်းတဲ့ အခါကျတော့ သဗ္ဗညု မြတ်စွာဘုရားက မြင်တော်မူတယ်-ရွှေဉာဏ်တော်နဲ့၊ ရှင်မောဂ္ဂလ္လာန်ကို လွှတ် လိုက်တယ်၊ ချစ်သားမောဂ္ဂလ္လာန်....သီလဝမင်းသားကို သွားခေါ်ချေဆိုတော့ အရှင်မဟာမောဂ္ဂလ္လာန်က တန်ခိုးတော်နဲ့ အဲဒီ ဆင်ကြီးရော ဘာရော တခါထဲ ခေါ်လာတယ်၊ကဲ တိုတိုပြောပါတော့လေ၊ အဲဒီ ဆင်ပေါ်ကလဲဆင်း၊ ဘုရား ရှင် ကိုယ်တော်မြတ်က တရားဟောတော်မူတော့ သီလဝမင်းသား ရဟန္တာဖြစ် တယ်-ဗိမ္ဗိသာရမင်းကြီးရဲ့သား။

သတ်ရန်လာသူများ တရားထူး ရကြခြင်း သီလဝမထေရ်လို့ အဲဒီလိုဘဲ အမည်တွင်ပါတယ်-ထေရ ဂါထာမှာ၊ အဲဒီ သီလဝမင်းသား ရဟန္တာ ဖြစ်ပြီးပြီလို့ ဆိုတော့ အဇာတသတ်က သူသတ်သမား တယောက်

---

[၁]။ ထေရဂါထာ အဋ္ဌကထာ ဒု-အုပ် နှာ—၂၁၀။

မဟုတ်ဘူး–ငါးရာလွှတ်လိုက်တယ်၊ သီလဝမင်းသားတော့ ရဟန္တာ ဖြစ်နေပြီ၊ အဲဒါ သွားသတ်ပေးကြပါဆိုတော့ သတ်ရအောင်သွားကြတယ်၊ ဟိုကျတော့ သီလဝမထေရ်က အဲဒီ သတ်ရအောင် လာတဲ့ ခိုးသားတွေကို ဆီးပြီးတော့ တရားဟောတာ အကုန်လုံး ဟိုလူတွေ အကျွတ်တရား ရကုန်ကြတယ်၊ မသတ်ဖြစ်ကြဘူး။

ဒီတော့ ဘာတရားကိုဟောလို့ အကျွတ်တရား ရကုန်ကြသလဲလို့ဆိုတော့ အဲဒီ သူဟောတဲ့ တရားကလေးကို ဟောကြရအောင်–သီလနဲ့ ပတ်သက်လို့။

ကိုယ့်အကျိုးလိုလျှင် သီလ မေဝိဓ သိက္ခေထ၊ အသ္မိံ လောကေ သုသိက္ခိတံ။

သီလကိုကျင့် သီလံ ဟိ သဗ္ဗသမ္ပတ္တိံ၊ ဥပနာမေတိ သေဝိတံ။[၁]

အသ္မိံ လောကေ၊ ဤလူ့ပြည်လောက၌။ အတ္ထကာမော၊ မိမိ၏အကျိုးစီးပွားကို အလိုရှိသော။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သီလမေဝ၊ စာရိတ္တသီလ, ဝါရိတ္တသီလကိုသာလျှင်။ သုသိက္ခိတံ၊ ကောင်းစွာစင်ကြယ် သန့်ရှင်းသည်ကိုပြု၍။ သိက္ခေထ၊ ကျင့်ကြံ ကြိုးကုတ်အားထုတ်ရာ၏။ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ဣဓ၊ ဤလောက၌။ သေဝိတံ၊ မှီဝဲဆည်းကပ်အပ်သော။ သီလံ၊ စာရိတ္တသီလ, ဝါရိတ္တသီလသည်။ သဗ္ဗ-သမ္ပတ္တိံ၊ အလုံးစုံသော စည်းစိမ်ချမ်းသာသို့။ ဥပနာမေတိ၊ ကပ်၍ပို့ဆောင်တတ်၏။

သီလစင်ကြယ်အောင်လုပ်ပါ–တဲ့၊ ဤလောကမှာ မိမိရဲ့အကျိုးစီးပွားကို မိမိရဲ့ကောင်းကျိုးကို အလိုရှိတယ်ဆိုတဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်း သမီးတိုင်း အဲဒီ စာရိတ္တသီလ, ဝါရိတ္တသီလကို ကျင့်ရမယ်၊ ဒီ စာရိတ္တသီလ, ဝါရိတ္တသီလကို အမှီပြုပြီးတော့ အလုံးစုံသော ပြည့်စုံခြင်း–စည်းစိမ်ချမ်းသာတွေကို– လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ, နိဗ္ဗာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, စျာန်ချမ်းသာ အကုန်လုံးရနိုင်တယ်တဲ့-သီလကို အမှီပြုပြီးတော့။

သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တိလာဘဉ္စ၊ ပေစ္စ သဂ္ဂေ ပမောဒနံ။[၁]

ဣဓ လောကေ၊ ဤလောက၌။ ပသံသဉ္စ၊ ချီးမွမ်းခြင်းကိုဎင်း။ ဝိတ္တိလာဘဉ္စ၊ စီးပွားဥစ္စာ, နှစ်သက်ဖွယ်ရှိသော လာဘ်လာဘအမျိုးမျိုးကိုဎင်း။ ပေစ္စ၊တမလွန်လောက၌။ သဂ္ဂေ၊ ကောင်းသောသူတို့၏ လားရာ ဖြစ်သော နတ်ပြည်၌။ ပမောဒနဉ္စ၊ ဝမ်းမြောက်ခြင်းကိုဎင်း။ ဣတိ၊ ဤသို့။

၁။ ထေရဂါထာပါဠိတော် နှာ- ၃၀၉။ဎင်းအဋ္ဌကထာ ဒု–အုပ် နှာ–၂၁၈။

တယော သုခေ၊ သုံးပါးသော ချမ်းသာတို့ကို။ ဝါ၊ လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို။ ပတ္ထယာနေ၁၊ လိုလား တောင့်တသော။ မေဓာဝီ၊ ပညာရှိသည်။ သီလံ၊ စာရိတ္တသီလ, ဝါရိတ္တသီလကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။

လူ့ချမ်းသာကို အလိုရှိယင် ဘာလုပ်ရမလဲ–သီလစောင့်ရမယ်၊နတ်ချမ်းသာ, ဗြဟ္မာချမ်းသာအလိုရှိယင် ဘာလုပ်ရမလဲ–သီလစောင့်ရမယ်၊ စျာန်ချမ်းသာ အလိုရှိယင် ဘာလုပ်ရမလဲ–သီလစောင့်ရမယ်၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ အလိုရှိယင် ဘာလုပ်ရမလဲ သီလစောင့်ရမယ်၊ နိဗ္ဗာန်ချမ်းသာ အလိုရှိယင် ဘာလုပ်ရမလဲ၊ (သီလစောင့်ရမှာပါဘုရား)

ဒီ ပစ္စုပ္ပန်လောကမှာ သူတပါးတို့ရဲ့ ချီးမွမ်းခြင်း–နှစ်သက်ဖွယ်ရာ ဖြစ်တဲ့ စည်းစိမ်ဥစ္စာ ရာထူးအစရှိသည်တို့ကို အလိုရှိယင်, တမလွန်လောကအတွက် ကောင်းရာသုဂတိသို့ ရောက်ပြီးတော့ ပျော်ပျော်ပါးပါးနဲ့ နေချင်ယင် သီလစောင့်ရမယ်။

ကာမဂုဏ်ခံစားရင်း နတ်ပြည်ရောက်လိုလျှင်–ကိုယ်ချင်းစာတရားကိုကျင့်

မြတ်စွာဘုရားလက်ထက်က ပုဏ္ဏားကြီးတယောက်က မြတ်စွာဘုရားကိုလျှောက်တာရှိတယ်၊ အရှင်ဘုရား... တပည့်တော်တို့လူသားလူလို့ဆိုတာ စီးပွါးဥစ္စာကိုလဲ များများလိုချင်ပါတယ်–တဲ့၊ နောက်ပြီးတော့ ကိုယ့်သားတွေ, ကိုယ့်သမီးတွေ, ကိုယ့်ဇနီးတွေ, ကိုယ့်ဆွေ–ကိုယ့်မျိုးတွေနဲ့လဲဘဲ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေချင်ပါတယ်-တဲ့၊ ပြီးတော့ ကောင်းပေ့ ဆိုတဲ့ အဝတ် အမျိုးမျိုးတွေကိုလဲ တပည့်တော်တို့ လိုချင်ပါတယ်–တဲ့၊ ကောင်းပေ့ဆိုတဲ့ အစားအသောက်အမျိုးမျိုးကိုလဲ တပည့်တော်တို့လိုချင်ပါတယ်–တဲ့၊

ပြီးတော့ ကောင်းပေ့ဆိုတဲ့ အမွှေးနံ့သာတို့ ဘာတို့ ဟုတ်လား–အော်ဒီကလုံးကောင်းကောင်းပေါ့လေ–စသည်ဖြင့် ကောင်းပေ့ဆိုတဲ့ အမွှေးအနံ့တွေကိုလဲ တပည့်တော်တို့ အလိုရှိပါတယ်၊ အဲဒီလိုဘဲ စားသောက်ဖွယ်တွေနဲ့ ပြည့်ပြည့်စုံစုံ အဝတ်အစားတွေ, သားတွေ, သမီးတွေနဲ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် အန္တရာယ်မရှိဘဲနဲ့ လူ့ပြည်မှာနေပြီးတော့ သေတော့ နတ်ပြည်ကို တပည့်တော်တို့ ကောင်းကောင်း ရောက်ချင်တယ်တဲ့၊ အဲဒါ ဘာလုပ်ရမလဲ တဲ့– ပုဏ္ဏားကြီးက ပုဏ္ဏားကြီးက၊ သူလျှောက်ပုံက မကောင်းဘူးလား။[1] (ကောင်းပါတယ်ဘုရား)

၁။ ဝေဠုဒွါရ ရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့က မြတ်စွာဘုရားထံ ထိုကဲ့သို့ မိမိတို့အလိုဆန္ဒ အတိုင်း ဖြစ်နိုင် ရောက်နိုင်လောက်သော တရားကို

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က–

သီလေသု စ ပါရိပူရကာရီ ဟောတိ။

အဲဒီလို ပုဏ္ဏားကြီးနေချင်ယင် သီလသာပြည့်စုံအောင် စောင့်ထိန်းအားထုတ်ပါတဲ့၊ ဘာလုပ်ရမတဲ့လဲ၊ (သီလစောင့်ရမှာပါဘုရား) သီလ၊ အဲဒါကြောင့်–

ဣဓ–လောကေ၊ ဤလောက၌။ ပသံသဥ္စ၊ ချီးမွမ်းခြင်းကိုငင်း။ ဝိတ္တိလာဘဥ္စ၊ နှစ်သက်ဖွယ်ရာဖြစ်သော စီးပွားဥစ္စာ ရတနာ ရွှေငွေ အထွေထွေ ရခြင်းကိုငင်း။ ပေစ္စ၊ တမလွန်လောက၌။ သဂ္ဂေ၊ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်၌။ ပမောဒနဥ္စ၊ နှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်းကိုငင်း။ ပတ္ထယမာနော၊ လိုလားတောင့်တသော။ မေဓာဝီ၊ ပညာရှိသည်။ သီလံ၊ သီလကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။

သီလစောင့်ရှောက်ရမယ် ဟုတ်လား၊ ဒါတင်လားဆိုတော့ မကသေးဘူး ဟောသေးတယ်– သီလဝမထေရ်က ထေရဂါထာပါဠိတော်မှာ၊ဘယ်လောက်ကောင်းသလဲဆိုတော့–

အာဒိ သီလံ ပတိဋ္ဌာစ၊ ကလျာဏာနဥ္စ မာတုကံ။
ပမုခံ သဗ္ဗဓမ္မာနံ၊ တသ္မာ သီလံ ဝိသောဓယေ။[1]

သီလံ၊ စာရိတ္တသီလ, ဝါရိတ္တသီလသည်။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရား အားလုံးတို့၏။ အာဒိ၊ အစအဦးမည်ပါပေ၏။ သီလံ၊ စာရိတ္တသီလ, ဝါရိတ္တသီလသည်။ ဥတ္တရိမနုဿာနံ ဓမ္မာနံ၊ လူတို့၏ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားတို့၏။ ပတိဋ္ဌာ၊တည်ရာ မှီရာ ဖြစ်ပါပေ၏။သီလံ၊ စာရိတ္တသီလ,ဝါရိတ္တသီလသည်။ သမထဝိပဿနာဒီနံ၊ သမထဝိပဿနာ အစရှိကုန်သော။ကလျာဏာနဥ္စ ဓမ္မာနံ၊ ကောင်းသော တရား တို့၏။ မာတုကံ၊ အမိသဖွယ်ဖြစ်ပါပေ၏။ သီလံ၊ စာရိတ္တသီလ, ဝါရိတ္တ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ကုသိုလ်တရားတို့၏။ ပမုခံ၊ အစအဦး,

---

ဟောကြားရန် လျှောက်ထားသဖြင့် မြတ်စွာဘုရားက–ပါဏာတိပါတ,အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ -ဟူသော သူတော်ကောင်းတရား ၇-ပါး (ကိုယ်ချင်းစာတရား ၇–ပါး) တို့နှင့် ပြည့်စုံအောင် စောင့်ရှောက် ထိန်းသိမ်းရန် ဟောကြား တော်မူသည်။(အကျယ်ကို မဟာဝဂ္ဂသံယုတ် ပါဠိတော် နှာ–၃၀၆၊ ဝေဠုဒွါရေယျသုတ်၌ငင်း၊ ယင်းမြန်မာပြန် နှာ–၃၀၇–၌ငင်း ရှုလေကုန်။)

၁။ ထေရဂါထာပါဠိတော် နှာ–၃၀၉။ ငင်း အဋ္ဌကထာ နှာ–၂၂၀။

အမှူးဖြစ်ပါပေ၏။ တသ္မာ၊ ထို့ကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ သန့်ရှင်းအောင်သုတ်သင်ရှင်းလင်းရာ၏။

စာရိတ္တ, ဝါရိတ္တသီလသည် ကုသိုလ်တရားတို့၏အစ

သန့်ရှင်းအောင် သုတ်သင်ပုံကို နောက် ပိုင်းကျတော့ ပြောပေးမယ်၊ သီလဆိုတာ ကုသိုလ်ကောင်းမှုအားလုံးတို့ရဲ့ အစအဦးဘဲ၊ ချမ်းသာတွေ မဂ်ချမ်းသာတွေဟာ သီလပေါ်မှာ အမှီပြုပြီးတော့ တည်ရမယ်၊ သီလမရှိတဲ့လူဟာ ချမ်းလဲမရဘူး၊မဂ်လဲမရဘူး၊ သီလဆိုတာ ဥတ္တရိမနုဿဓမ္မလို့ဆိုတဲ့ ရိုးရိုးကုသိုလ်တရားတွေထက်မြတ်တဲ့ သမာဓိတရား တွေ, ပြီးတော့ချမ်းတရားတွေ, အဘိညာဉ်တရားတွေ, ကောင်းကင်ပျံမြေလျှိုးနိုင်တယ်ဆိုတဲ့ တန်ခိုးအဘိညာဉ်တွေ, အဓိဋ္ဌာန်တွေ ပေါက်ပြီးတော့ အကုန်လုံးလိုချင်တဲ့ သိဒ္ဓိတွေပြီးမြောက်ပါတယ်ဆိုတဲ့ သဘောတရားတွေဟာ ဘယ်အပေါ်တည်ရမလဲ– သီလပေါ်မှာ အကုန်လုံးတည်ရတယ်၊ ဥတ္တရိမနုဿဓမ္မတို့ရဲ့တည်ရာ။

သမထတရား, ဝိပဿနာတရားထက် ကောင်းတဲ့တရားများ ရှိသေးလား၊ အဲဒီ သမထတရား, ဝိပဿနာတရားတို့ရဲ့ မိခင်ဟာ ဘယ်သူလဲဆိုတော့ သီလ–တဲ့၊ သီလတည်းဟူသော အမေက မွေးမပေးယင် သမထလဲမရှိဘူး၊ ဝိပဿနာလဲမရှိဘူး၊ ဒီလို ဆိုလိုတယ်–အဓိပ္ပာယ်။

အလုံးစုံသော ကုသိုလ်ကောင်းမှုတရားတွေရဲ့, မဂ်တရား–ဖိုလ်တရားတွေရဲ့ တည်ရာဟာဘယ်ဟာလဲ– သီလ၊ အဲဒါကြောင့်–ဒီ တရားတွေကို အလိုရှိတဲ့ ပုဂ္ဂိုလ်များ သီလစင်ကြယ်အောင် လုပ်ရပါမယ်တဲ့–ဟောဒီ ဒေသနာတော်က။

သီလသည်ဆိပ်ကမ်းသဖွယ်

ဝေလာစ သံဝရံ သီလံ၊ စိတ္တဿ အဘိဟာသနံ။
တိတ္ထဉ္စ သဗ္ဗဗုဒ္ဓါနံ၊ တသ္မာ သီလံ ဝိသောဓယေ။

သီလံ၊ သီလသည်။ ဝေလာစ၊ အကုသိုလ်မဝင်အောင်တားနိုင်တဲ့ ကမ်းနားကြီးသဖွယ်လည်း ဖြစ်၏။ ဝါ–ဒုစရိုက်မှုတွေကို ဖျက်ဆီးတတ်သော သဘောလည်းမည်၏။ သံဝရံ၊ အကုသိုလ်ဖြစ်ရာဌာန တံခါးပေါက်တွေကို ပိတ်ဆို့တတ်သောသဘောလည်း ဖြစ်ပါပေ၏။ စိတ္တဿ၊ သတ္တဝါတို့ရဲ့စိတ်ကို။ အဘိဟာသနံ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေတတ်ပါပေ၏။ (သီလရှိတဲ့လူဟာ စိတ်ချမ်းသာတယ်၊ သီလမရှိတဲ့လူဟာ စိတ်မချမ်းသာဘူး) သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသောဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့၏။ တိတ္ထဉ္စ၊ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကိုကူးခတ်ရာ ဆိပ်ကမ်းသဖွယ်လည်း ဖြစ်ပါပေ၏။

(မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နှင့် ပစ္စေကဗုဒ္ဓါတွေ, ရဟန္တာပုဂ္ဂိုလ်တွေ ဟိုဘက်ကမ်းတည်းဟူသော သံသရာသမုဒ္ဒရာကြီး ကူးသွားတယ်ဆိုတာ

ဘယ်ဆိပ်ကကူးကြသလဲ- သီလဆိပ်ကချည်း ကူးကြတယ်၊ ဘုရားလဲ သီလက စ-သွားရမယ်၊ ပစ္စေကဗုဒ္ဓါဆိုတာလဲ သီလက စ-သွားရတယ် ဟုတ်လား၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတွေဟာ သံသရာကိုကူးတဲ့ ဆိပ်ကမ်းကြီးဟာ သီလဘဲ၊ အဲဒါကြောင့် သီလစင်ကြယ်အောင် "တသ္မာ သီလံ ဝိသောဓယေ"။)

တသ္မာ၊ ထိုသို့ ဘုရား, ရဟန္တာတို့၏ ကူးခတ်ရာဆိပ်ကမ်းသဖွယ် ဖြစ်ပါသောကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ စင်ကြယ်အောင်သုတ်သင်ရာ၏။

သီလသည်ခွန်အား, လက်နက်, အဝတ်တန်ဆာနှင့်တူပုံ

ဒါတင်လားဆိုတော့ မကသေးဘူး။
သီလံ ဗလံ အပ္ပဋိမံ၊ သီလံ အာဝုဓ မုတ္တမံ။
သီလ မာဘရဏံ သေဋ္ဌံ၊ သီလံ ကဝစ မဗ္ဘုတံ[၁]။

သီလံ၊ ပါတိမောက္ခသံဝရ သီလသည်။ မာရသေနပ္ပမဒ္ဒနေ၊ မာရ်မင်း၏ ကိလေသာစစ်သည်တွေကို နှိပ်ချိုးတဲ့ နေရာ ဌာန၌။ အပ္ပဋိမံ၊ အတုမရှိသော။ ဗလံ၊ ခွန်အားဗလ မည်ပါပေ၏။ သီလံ၊ သီလသည်။ သံကိလေသမွှာန်၊ အလုံးစုံကုန်သော ကိလေသာ တရားတို့ကို။ ဆေဒနေ၊ ဖြတ်ခြင်း၌။ ဥတ္တမံ၊ မြတ်လှစွာသော။ အာဝုဓံ၊ လက်နက်ကောင်းသဖွယ် ဖြစ်ပါပေ၏။ (သီလထက် ကောင်းတဲ့ လက်နက်မရှိဘူး-ကိလေသာတွေကို သေအောင်သတ်တဲ့နေရာမှာ၊) သီလံ၊ သီလသည်။ သေဋ္ဌံ၊ မြတ်လှစွာသော။ အာဘရဏံ၊ အဆင်တန်ဆာလဲ မည်ပါပေ၏။

(စိန်တွေ-အဝတ်အသစ်တွေ ဘယ်လောက်ဝတ်ထားထား သီလ မစင်ကြယ်တဲ့ပုဂ္ဂိုလ်ဆိုယင် တင့်တယ်ပါ့မလား၊ (မတင့်တယ်ပါဘုရား) သီလရှိတဲ့ လူမှ သီလတည်းဟူသော အဝတ်က တင့်တယ်တယ်၊ စိန်တို့, ရွှေတို့ ဆိုတာ ငယ်ငယ် တုန်းကသာ ဝတ်လို့ တင့်တယ်တာ မဟုတ်လား၊ ကြီးတော့ စိန်တွေ, ရွှေတွေ ဝတ်လို့ တင့်တယ်သေးလား၊ (မတင့်တယ်ပါဘုရား)

သီလ ဆိုတာကတော့ ငယ်ငယ်ကဝတ်လဲ တော်တယ်၊ ကြီးမှ ဝတ်ယင်ကော (တော်ပါတယ်ဘုရား) သီလအဝတ်က တော်တယ်, မတော်တဲ့ အခါရယ်လို့ မရှိဘူး၊ ဒါကြောင့်- "သီလံ ယာဝဇရံ သာဓု"။ ။သီလံ၊ သီလသည်။ ယာဝဇရံ၊ ငယ်စဉ်က အိုစဉ်ကျအောင်။ သာဓု၊ ကိုယ်နဲ့တော်တဲ့အဝတ် မည်ပါပေ၏၊ ငယ်ငယ်ကစပြီးတော့ အသက်အရွယ် ကြီးသည့် တိုင်အောင် ကိုယ်နဲ့ တော်တဲ့ တန်ဆာဟာ ဘာတုံး၊ (သီလပါဘုရား) သီလ။

၁။ ထေရဂါထာ ပါဠိတော် နှာ-၃၀၉။ ရင်းအဋ္ဌကထာ ဒု-အုပ် နှာ-၂၁၈။

သီလံ၊ သီလသည်။ အဗ္ဘုတံ၊ ထူးကဲလှစွာသော။ ကဝစံ၊ ချပ်ဝတ်တန်ဆာလည်း မည်ပါပေ၏။ အဝတ်တန်ဆာနဲ့လဲ တူတယ်တဲ့-သီလက၊ ပြီးတော့ ဘာတဲ့လဲ-

ပဋိပတ္တိဓမ္မာနံ အာဒိကလျာဏံ ဝါ အဝိပ္ပဋိသာရ ဒိဂုဏာဝဟတ္တာ။

သီလဆိုတဲ့ သဘောတရားသည် ပဋိပတ္တိတရား၏ အစ၏ ကောင်းခြင်းဘဲတဲ့- ဝိပဿနာ လုပ်ငန်းအစမှာ၊ ဘာဖြစ်လို့လဲ-စိတ်နှလုံး မသာယာခြင်းကို ဖျက်ဆီးတတ်သော သဘောရှိသောကြောင့် သီလသည် ပဋိပတ္တိလုပ်ငန်း၏ အစကောင်းခြင်း၊ စိတ်နှလုံး မသာယာမှုဖြစ်နေယင် ဘယ်လိုနည်းနဲ့မှ သမာဓိမရဘူး၊အဲဒီတော့ စိတ်နှလုံး မသာမယာမှုကို ဖျက်ဆီးပစ်တာ ဘယ်သူလဲ-သီလ၊ အဲဒါကြောင့် သီလကို အာဒိကလျာဏဘဲတဲ့။

ကဲဒါဖြင့်-အဲဒီ သီလစင်ကြယ်အောင် ဘယ့်နှယ် လုပ်ရမလဲ- ဘုန်းကြီးတို့ သီလပေးတိုင်း သီလပေးတိုင်း ထည့်ထားဟာ-အခဏ္ဍ, အစ္ဆိဒ္ဒ, အသဗလ, အကမ္မာသ, ဝိညူပသတ္ထတို့နှင့် ပြည့်စုံတဲ့သီလ ဖြစ်ရမယ်၊ ကိုယ့်သီလ ပြည့်စုံ မပြည့်စုံ-ကြည့်။

သီလ ကျိုး-ပေါက် ပြောက်-ကျားခြင်း

အခဏ္ဍ-မကျိုးတဲ့ သီလ ဖြစ်ရမယ်။ သီလကျိုးတယ်ဆိုတာ ဘယ်လိုကျိုးသလဲ၊ ကျိုးတယ်ဆိုတာ ပြတ်တာ၊ ဘယ်လို ပြတ်သလဲ ဆိုတော့ အစသိက္ခာပုဒ်နဲ့ အဆုံးသိက္ခာပုဒ် ပျက်ဆီးသွားတာကို သီလကျိုးတယ်လို့ ခေါ်တယ်၊ အစသိက္ခာပုဒ်, အဆုံး သိက္ခာပုဒ် မပျက်စီးအောင် စောင့်ရှောက်တဲ့ သီလမျိုးကို မကျိုးတဲ့သီလလို့ခေါ်တယ်၊ ဥပမာ ဆိုပါတော့ အစသိက္ခာပုဒ် ပါဏာတိပါတ သိက္ခာပုဒ် ပျက်တယ်၊ အဆုံးသိက္ခာပုဒ် ဥစ္စာသယန မဟာသယနသိက္ခာပုဒ် ပျက်တယ်၊ အဲဒီသီလဟာ ကျိုးတဲ့ သီလလို့ ခေါ်တယ်။

ပေါက်တယ်-ပေါက်တဲ့သီလ ဘယ်လိုသီလမျိုးလဲ၊ပေါက်တယ်ဆိုတာ အဝတ်မှာ အလယ်ခေါင်ကပေါက်သလို ဒီ ရှစ်ပါးသီလမှာ အလယ်ခေါင်က သုရာမေရယသိက္ခာပုဒ် ပျက်စီးယင် အဲဒါ ပေါက်တဲ့သီလဘဲ၊ မပြည့်စုံတော့ဘူး-ဒီသီလ။

ကျားတယ်-နွားမှာ ကျောကုန်းက ကျားတာလဲရှိတယ်၊ ရင်ပတ်က ကျားတာလဲရှိတယ်၊ အရောင်အမျိုးမျိုးတွေကျားယင် ဒါ နွားကျားလို့ခေါ်တယ် မဟုတ်လား၊ (မှန်ပါ) အဲဒီလို ကျားသလိုတဲ့-နွားကျားမျှားကျားသလို ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ ဒီသုံးခုလုံးခြုံတယ်၊ မုသာဝါဒ

မလုံဘူး၊ သုရာမေရယ မလုံဘူး၊ ဝိကာလဘောဇန မလုံဘူး၊ အဲ-ဟိုဘက် ကျတော့ လုံသွားပြန်ရော၊ အဲဒီလို သိက္ခာပုဒ်နှစ်ခု၊ သုံးခုလုံလိုက် နှစ်ခုသုံးခု မလုံလိုက်၊ နှစ်ခု၊ သုံးခုက ပျက်စီးလိုက် နှစ်ခုသုံးခုက မပျက်စီးလိုက်ဆိုတဲ့ သီလမျိုးကို ဘာလို့ခေါ်သလဲ၊ (ကျားတဲ့သီလလို့ ခေါ်ပါတယ်ဘုရား) အဲဒီ သီလမျိုးမဖြစ်ရဘူး။

ပြောက်တယ်-အပြောက်ဆိုတာ ဘယ်လိုလဲဆိုတော့ နွားတို့ ဘာတို့မှာ အပြောက်ကလေးတွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီလို ပါဏာတိပါတတော့၊ အဒိန္နာဒါနတော့ မလုံဘူး၊ အဗြဟ္မစရိယတော့ လုံတယ်၊ မုသာဝါဒတော့ မလုံဘူး၊ အဲဒီလို သိက္ခာပုဒ် ကြိုကြားကြိုကြား ပျက်တာကို ပြောက်တဲ့သီလလို့ ခေါ်တယ်။

အဲဒီလို ကျိုးတယ်၊ ပေါက်တယ်၊ ပြောက်တယ်၊ ကျားတယ် ဆိုယင် ဒီသီလ အင်္ဂါမပြည့်စုံတော့ဘူး၊ သီလမပြည့်ယင် မဂ်ဖိုလ်နိဗ္ဗာန်ကို သွားလို့ မရတော့ဘူး၊ အဲဒီ မကျိုးတဲ့၊ မပေါက်တဲ့၊ မပြောက်တဲ့၊ မကျားတဲ့သီလကို သမ္ပန္နသီလ-ပြည့်စုံတဲ့ သီလလို့ ခေါ်တတ်။[၁]

တနည်းသီလကျိုးခြင်းစသည် တနည်း-အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ်မှာ သီလရဲ့ကျိုးပုံ၊ ပေါက်ပုံ၊ ပြောက်ပုံ၊ ကျားပုံ တွေကို ဇာဏုဿောဏိလို့ခေါ်တဲ့ ပုဏ္ဏားကြီးလျှောက်ထားလို့ မြတ်စွာဘုရား ဟောထားတာရှိတယ်၊ အဲဒါ အစိပ္ပါယ်ကလေး ပြောပေးအုံးမယ်၊ ပါဠိတော် ရွတ်ချိန် မရတော့ဘူး၊ အချိန်လဲ နီးသွားပြီ။

ဘုန်းကြီးတို့ ဒီဥစ္စာကို မေထုန်ငယ်ခုနစ်ပါးလို့လဲ ခေါ်ပါတယ်၊[၂] ဥပမာ-တခု ဥပုသ်စောင့်ထားတယ်၊ ဥပုသ်သယ်၊ ရှစ်ပါးသီလကိုစောင့်ထားတဲ့ပုဂ္ဂိုလ်။

၁။ ၎င်း-မကျိုး၊ မပေါက်၊ မပြောက်၊ မကျားတဲ့ သီလတရားတို့ကို သုတ်မဟာဝါ ပါဠိတော် နှာ-၆၀-၌ အပရိဟာနိယဓမ္မ အနေဖြင့် ဘုရားဟောတော်မူသည်။

ဝိနည်း-ပရိဝါ ပါဠိတော် နှာ-၁၆၀။ သုတ်ပါထေယျ ပါဠိတော် နှာ-၂၀၃။ မူလပဏ္ဏာသပါဠိတော် နှာ-၃၉၇။ အင်္ဂုတ္တိုရ် ဆက္ကနိပါတ် နှာ-၂၅၅ တို့၌ သာရဏီယဓမ္မ အနေဖြင့် ဟောတော်မူသည်။

၂။ ဇာဏုဿောဏိ ပုဏ္ဏားလျှောက်သဖြင့် သီလ ကျိုး ပေါက် ပြောက် ကျားပုံကို အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် မဟာဝဂ်၌ မေထုန သုတ်အမည်ဖြင့် ဘုရားဟောထားသည်၊ နှာ-၄၃၀။ ၎င်းမြန်မာပြန် ဒု-အုပ် နှာ-၅၅၂ ရှု။

(၁) ရှစ်ပါးသီလ စောင့်ထားတဲ့ အမျိုးသားဆိုယင် အမျိုးသမီးတွေရဲ့ ကိုင်ခြင်း, တွယ်ခြင်း, နင်းနှိပ်ပေးခြင်း, ပွတ်သပ်ပေးခြင်း, ရေချိုးပေးခြင်းကို သာယာယင် အဲဒါကို သီလကျိုးတယ်, ပေါက်တယ်,ပြောက်တယ်, ကျားတယ် လို့ခေါ်တယ်[၁]။

ဥပုသ်သည် အမျိုးကောင်းသားကို အမျိုးသမီးက နင်းမပေးကောင်းဘူး၊ နင်းပေးယင် အဲဒါဥပုသ်သည် ဘာဖြစ်သလဲ– သီလကျိုးတယ်, ပေါက်တယ်, ပြောက်တယ်, ကျားတယ်လို့ခေါ်တယ်၊ ဥပုသ်သည် အမျိုးသမီးကို အမျိုးသားက နင်းနှိပ်မပေးရဘူး၊ အနှိပ်မခံရဘူး၊ မသာယာရဘူး၊ အဲဒါတပါး။

(၂) နောက်တပါးက ဘာတဲ့လဲ– အမျိုးသမီးတွေနဲ့ တို့ကာ– လက်တို့ ခြေတို့ ပြောဆိုရယ်မောပြီးတော့နေတာကို မသာယာရဘူး၊ ဘယ်နှစ်ပါး ရှိသွားပလဲ၊ (နှစ်ပါးပါဘုရား)။

(၃) နောက်တခုက အမျိုးသမီးနဲ့ အမျိုးသား မျက်လုံးချင်းဆိုင်ပြီး တော့ တစိမ့်စိမ့်ကြည့်ရှုပြီးတော့ သာယာမနေရဘူး၊ အဲဒီလို သာယာနေယင် ဘာဖြစ်သလဲ–သီလပျက်တယ်။

(၄) ပြီးတော့–အမျိုးသမီးကသတ်သတ်,အမျိုးသားကသတ်သတ်လို့ဆိုပြီး တော့ ကြားထဲက ခြားမထားဘူးလား၊ (ခြားထားပါတယ်ဘုရား) အမျိုး သားတွေက အမျိုးသမီးတွေကို မြင်ရသေးလား၊ (မမြင်ရပါဘူးဘုရား) အမျိုးသားတွေကလဲ အမျိုးသမီးတွေကို မမြင်ရဘူး၊ အမျိုးသမီးတွေကလဲ အမျိုးသားတွေကို မမြင်ရတော့ဘူး။

ဒါပေမဲ့ ဒီဘက်က အမျိုးသားတွေ စကားပြောနေတဲ့အသံတွေကို ဟိုဘက် က အမျိုးသမီးတွေက ကြားတယ်၊ အမျိုးသမီးတွေ ရယ်လားမောလားနဲ့ စကားပြောရှင်ပျသီချင်းဆို စသည်ဖြင့်လုပ်နေတာကို ဒီဘက်က အမျိုးသား တွေကကြားတယ်၊ မြင်တော့ မမြင်ရဘူး၊ အဲဒါမမြင်ရတဲ့နဲ့ အသံကြားတာ ကိုမှန်းပြီးတော့ သာယာနေပြန်ယင်လဲ သီလပျက်တယ်တဲ့။

ဘယ်လိုအသံတွေလဲ–ရယ်သံ မောသံတဲ့–စာက၊ ပြီးတော့ ငိုတဲ့ အသံတောင် ပါတယ်၊ အဲဒီ အသံတွေကို လှမ်းပြီးတော့ သာယာတပ်မက်မောနေမယ် ဆိုယင် အဲဒီသီလ ပျက်ကရော၊ ဘယ်နှစ်ခုရှိသွားပလဲ၊ (လေးခုပါ ဘုရား)။

၁။ ဇာဏုဿောဏိ ပုဏ္ဏားလျှောက်သဖြင့် သီလ ကျိုး–ပေါက်–ပြောက်– ကျားပုံကို အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် မဟာယညဝဂ်၌ မေထုန သုတ်အမည်ဖြင့် ဘုရားဟောထားသည်၊ နှာ–၄၃၀။ ၎င်းမြန်မာပြန် ဒု•အုပ် နှာ–၅၅၃–၅။

(၅) ဥပုသ်မစောင့်ခင် ရှေးကသောင်းင့်၊ သာသနာ့ဘောင် မဝင်ရောက်ခင်က သောင်းင့် အမျိုးသားတွေ၊ အမျိုးသမီးတွေနဲ့ ရောရောနှောနှော နီးနီးကပ်ကပ် ချစ်ချစ်ခင်ခင် နေခဲ့တာတွေကို ပြန်လှန်တွေးတောပြီးတော့ သာယာနေပြန်ယင် လဲဘဲ သီလပျက်ပြန်ရော-တဲ့၊ ဒီ သီလ မစင်ကြယ်ဘူး၊ မပြည့်စုံတော့ဘူး၊ ဘယ် နှစ်ပါးလဲ၊ (ငါးပါးပါဘုရား)။

(၆) အဲ-နောက်တခုက သူတပါးတို့ ဇနီးမောင်နှံ အချင်းချင်း သွားလာ ပြီးတော့ ပျော်ရွှင်နေတာကို ကိုယ်ကဘေးကနေ ကြည့်ပြီးတော့ သာယာနေပြန် ယင်လဲဘဲ အဲဒါ သီလပျက်ပြန်ရောတဲ့၊ မပြည့်စုံဘူးတဲ့-ဒီသီလ၊ ခြောက်ပါး ရှိသွားပြီ။

(၇) နောက်တပါးက- "ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါတိ"[၁]။ ။ ဒီ သီလကြောင့် ဒီလို အကျင့်ကြောင့် ဒီလို ဥပုသ်စောင့်လို့ ဒီ ကျင့်ဝတ် ပဋိပတ်တွေကြောင့် (လူမင်း ဖြစ်ပါရစေ၊ လူမိဖုရား ဖြစ်ပါရစေ၊ နတ်မင်း ဖြစ်ပါရစေ၊ နတ်မိဖုရား ဖြစ်ပါရစေ)လို့ လှမ်းပြီးတော့ သာယာယင် သီလ ပျက်ပြန်တော့၏၊ မပြည့်စုံတော့ဘူး၊ ဘယ်နှစ်ပါးတုံး၊ (ခုနစ်ပါးပါဘုရား)။

အဲဒီ ခုနစ်ပါးမှာ-ခုနစ်ပါးလုံး ဖြစ်စေ, ငါးပါး ဖြစ်စေ, ခြောက်ပါး ဖြစ်စေ, လေးပါး သုံးပါး နှစ်ပါး တပါး ဖြစ်စေ ကိုယ့်သီလ ချို့တဲ့နေယင် ဘာဖြစ်မလဲ-သီလ ကျိုးတယ်, ပေါက်တယ်, ပြောက်တယ်, ကျားတယ်လို့ ခေါ်တယ်၊ မပြည့်စုံတဲ့ သီလ၊ အဲဒီ မပြည့်စုံတဲ့သီလနဲ့ ဘယ်နည်းနဲ့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မသွားဘူး။

ဘုဇိဿ နှင့် အပရာမဋ္ဌသီလ

ဒါဖြင့် အဲဒီ သီလတွေ စင်ကြယ်အောင်, မကျိုးအောင်, မပေါက်အောင်, မပြောက်အောင်, မကျားအောင် ထား ပြီးတော့ ပြည့်စုံတဲ့ သီလနဲ့ ဘာလုပ်ရမလဲ-တဏှာရဲ့ ကျွန် အဖြစ်မှ တော်လှန်တဲ့ "ဘုဇိဿ သီလ" ဖြစ်ရမယ်၊ အဲဒီ သီလကို ငါပိုင် ငါ့ ဥစ္စာ ငါ့ဟာ အနေမျိုးအားဖြင့် မစွဲယူရဘူး၊ မသုံးသပ်ရဘူး၊ "အပရာမဋ္ဌ သီလ" ဖြစ်ရမယ်၊ အဲဒီ သီလမျိုးကိုမှ အရိယာက ကြိုက်တဲ့ "အရိယကန္တ သီလ"တဲ့။

အရိယာက ဘာသီလ ကြိုက်သလဲ-ဒီ ကာမဂုဏ်ချမ်းသာခံစားမဲ့ သီလကို အရိယာက ကြိုက်ပါ့မလား၊ (မကြိုက်ပါဘူးဘုရား) နိဗ္ဗာန်နဲ့ဝေးတဲ့ သီလမျိုး ကို အရိယာက ကြိုက်ပါ့မလား၊ (မကြိုက်ပါဘူးဘုရား) အဲ အခုပြောခဲ့တဲ့

၁။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် နှာ-၄၃၉။

အင်္ဂါတွေနဲ့ပြည့်စုံတဲ့သီလမျိုးကို အရိယာပုဂ္ဂိုလ်တို့ ကြိုက်နှစ်သက်သည်ဖြစ်သော ကြောင့်– အရိယကန္တ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ, ဂေါတြဘုအနီးမှာရှိတဲ့ သမာဓိကို ဖြစ်စေနိုင်တဲ့ သမာဓိသံဝတ္တနိကသီလ။

အဲဒီ သီလပြည့်စုံအောင် စောင့်ရှောက်တဲ့ပုဂ္ဂိုလ် ဘယ်လိုလဲ, ဘယ်လိုလုပ် စောင့်ရှောက်ရမလဲ– ဒီသီလပြည့်စုံအောင် ပြောအုံးမယ်၊ ဝိသုဒ္ဓိမဂ်မှာလာတဲ့ စုဏ္ဏိယစကားပြေကို ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ဂါထာကလေး စီထားတာရှိတယ်၊ သီလစောင့်တဲ့ ပုဂ္ဂိုလ်များအတွက် သိပ်မှတ်သားစရာကောင်းတယ်၊ ဘယ့်နှယ်စီထားသလဲ–

ဓနံ စဇေ အင်္ဂ ရက္ခံ၊ အင်္ဂံ စဇေယျ ဇီဝိတံ။
သဒ္ဓမ္မံ ရက္ခမာနော တု၊ သဗ္ဗံ စဇေယျ ပဏ္ဍိတော။[၁]

အင်္ဂါလို့ဥစ္စာစွန့် အင်္ဂံ၊ ခြေလက်အင်္ဂါအဖြာဖြာကို။ ရက္ခံ၊ စောင့်ရှောက်သောပုဂ္ဂိုလ်သည်။ ဓနံ၊ ဥစ္စာပစ္စည်းကို။ စဇေယျ၊ စွန့်နိုင်ရာ၏။ကိုယ့်မျက်လုံးကလေးမပျက်စေချင်ယင် ဘာစွန့်ရမလဲ၊ (ဥစ္စာကိုစွန့်ရမှာပါဘုရား) စွန့်နိုင်ရမယ်။

အသက်လိုအင်္ဂါစွန့် ဇီဝိတံ၊ အသက်ကို။ ရက္ခံ–ရက္ခန္တော၊ စောင့်ရှောက်သောပုဂ္ဂိုလ်သည်။ အင်္ဂံ၊ မျက်စေ့နားနှာ အင်္ဂါခြေလက်ကို။ စဇေ၊ စွန့်နိုင်ရာ၏။ အသက်မသေချင်ဘူး၊ တခုခုတော့ စွန့်ရမယ်ဆိုယင် ဘာစွန့်မလဲ၊ (အင်္ဂါကိုစွန့်ရမှာပါဘုရား) လက်ခြေအင်္ဂါကို စွန့်ရမယ်၊ မစွန့်နိုင်ဘူးလား–သူ၊ (စွန့်နိုင်ပါတယ်ဘုရား) အသက်တော့ ချမ်းသာပေးမယ်၊ လက်တော့မဖြတ်ဘဲမနေနိုင်ပါဘူးဆိုယင် ဘယ့်နှယ်လဲ၊ (အဖြတ်ခံရမှာပါဘုရား) ဒါ အင်္ဂါကိုစွန့်တာ။

သီလကိုလို အကုန်စွန့် သဒ္ဓမ္မံ၊ သီလခေါ်တဲ့ သူတော်ကောင်း တရားကို။ ရက္ခမာနောတု၊ စောင့်ရှောက်သော ပုဂ္ဂိုလ်သည်ကား။ သဗ္ဗံ၊ အလုံးစုံသော ဥစ္စာပစ္စည်းနဲ့ အင်္ဂါခြေလက် မိမိရဲ့အသက်ကို။ စဇေယျ၊ စွန့်နိုင်ရာ၏။

စွန့်နိုင်ပါ့မလား၊ သီလကိုအပျက်မခံဘူး၊ ပစ္စည်းတွေ ကုန်ချင်ကုန်ပါစေ, လက်ခြေတွေ ကုန်ချင်ကုန်ပါစေ, ပြီးတော့ကော အသက်သေချင်သေပါစေ

၁။ ဓနံ စဇေ အင်္ဂဝရဿ ဟေတု၊ အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။ အင်္ဂံ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊ စဇေ နရော ဓမ္မ မနုဿရန္တော။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် နှာ–၄၄။ အဓိပ္ပာယ်တူ၏။)

ငါစောင့်ရှောက်ထားတဲ့သီလ အပျက်မခံဘူး၊စောင့်နိုင်ပါ့မလား–ဆဲဒီသီလမျိုး၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ဟိုအတက်တန်း ကြီးကိုသာ တက်လှမ်းနေတယ်၊ ဒီအင်္ဂါ ကိုယ့်မှာပြည့်စုံပြီလား၊ ဒါဘဲကြည့်၊ ဟုတ်လား–သီလ၊ ဒါကြောင့် အသက်နှင့်လဲပြီး စောင့်ရှောက်ဆောက်တည် တဲ့ သီလဖြစ်ပါစေ။

"ကိကီ အဏ္ဍံ ဝိယ"၊ ယစ်မသည် အသက်နှင့်လဲပြီး ဥကိုစောင့်ရှောက်သလို၊ စမရီသားသည် အသက်နှင့်လဲပြီးတော့ မြီးဆံကိုစောင့်ရှောက်သလို ပါတိမောက္ခ သံဝရသီလကို စင်ကြယ်စေလိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး သည် ဤသို့ အသက်နှင့်လဲပြီး စောင့်ရှောက်ရမယ်–လို့ မြတ်စွာဘုရား၏ နိဂုံးဂါထာကလေး ရွတ်ကြစို့။

ပဥ္စမပိုင်းနိဂုံး ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံတိ။ [၁]

ပါတိမောက္ခံ၊ ယခုဟောခဲ့တဲ့ ပါတိမောက္ခသံဝရသီလကို။ ဝိသောဓေန္တော၊ စင်ကြယ်အောင် သုတ်သင်ရှင်းလင်းလိုသော။ ကုလပုတ္တော၊ အမျိုးကောင်း သား၊ အမျိုးကောင်းသမီးသည်။ ဇီဝိတံ၊ လုန်စွာစုံမက် မိမိရဲ့အသက်ကို။ အပ္ပေဝဇဟေ၊ စွန့်သော်လည်း စွန့်လိုက်ရာ၏။ ဝါ၊ စွန့်လိုက်ရစေကာမူ။ လောက နာထေန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ စောင့်ရှောက်ထားအပ်သော သိက္ခာပုဒ်သီလကို။ န ဘိန္ဒေ၊ မဖျက်ဆီးရာ။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေသေတိ၊ ဟောကြားတော်မူ၏။ ဒါသီလ၊ သီလနဲ့ ပြည့်စုံနေယင်–

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ဒုတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

ချစ်သားမေဃိယ…မရင့်ကျက်သေးသော စေတောဝိမုတ္တိတရားကို ရင့်ကျက် စေခြင်းငှာ ဤသီလသည် နှစ်ခုမြောက်သော တရားဖြစ်ပါပေ၏၊ ဤသို့ ဟောကြားတော်မူ၏။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား၊ အမျိုးကောင်း သမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံ ဓမ္မဒေသနံ၊ ထိုတရားဒေသနာ

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမအုပ် နှာ–၃၅။

တော်ကို။ သုတ္တာ၊ ကြားနာကြကုန်ပြီးသည်ဖြစ်၍။ ခာရေထ၊ ဆောင်ထား ကြပါကုန်လော့။ ခာရေတွာ၊ ဆောင်ထားကြကုန်သည်ဖြစ်၍။ ဘာဝေထ၊ သီလပြည့်စုံအောင် ပွားများအားထုတ်ကြပါကုန်လော့။ ဘာဝေတွာ၊ ပွားများ အားထုတ်နိုင်ကုန်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသွေ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါ စေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-သတ္တမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၆–ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၃၄–ခုနှစ်၊ တော်သလင်းလဆန်း ၃–ရက်၊ ရန်ကုန်မြို့ ကျိုက်ဒေးအတ် ဗိုလ်တထောင် စေတီတော်ကြီး ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်းလုပ်သား ဝိပဿနာ ဓမ္မာရုံကြီးတွင် ဟောကြား အပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် သတ္တမပိုင်း တရားတော်။

ပဏာမ ၎င်းတရား ဒေသနာတော်ကို သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော် တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်၏ တရားဒေသနာတော်ကို တရားဟော တရားနာပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် တရားဟောကြရမှာ, တရားနာကြရမှာ ဖြစ်တဲ့အတွက် ဒီသုတ္တန်ဒေသနာ တော်ကို ဟောကြားတော်မူခဲ့သည့် ဘုရားရှင်ကိုယ်တော်မြတ်ကို ရှေးဦးစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ် ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ် တော် ကျေးဇူးတော်များကို ရုပ်ဖတ် သရဇ္ဈာယ် ပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အာရုံပြုပြီးတော့ ဘုန်း ကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက်ပေး ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

တတိယမြောက် ဝိမုတ္တိပရိပါစနီယတရားများ သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တရား အားထုတ်ရန် သွားကဲ့ ရှင်မေဃိယကို အကြောင်းပြုပြီးတော့ ဝိမုတ္တိပရိပါစနီယတရား ၁၅-ပါးတို့တွင် ၅-မျိုးသော ဝိမုတ္တိပရိပါစနီယတရားတို့ကို ဟောကြားတော်မူခဲ့ပါတယ်၊ ယနေ့ တတိယမြောက် ဖြစ်တဲ့ဝိမုတ္တိပရိပါစနီယတရားကို ဟောကြားပေးဘို့ရန်အတွက် အခွင့်အခါသိုက်ရောက်လာပါသည်၊ဒါကြောင့် တတိယမြောက် ဖြစ်တဲ့ ဝိမုတ္တိပရိပါစနီယတရားကိုဟောကြားတော်မူလိုသည် ဖြစ်သော ကြောင့် သဗ္ဗညုမြတ်စွာဘုရားက—

ကထာဆယ်မျိုး ပုန စ ပရံ မေဃိယ ဘိက္ခု ယာယံ ကထာ အဘိသလ္လေခိကာ စေတောဝိဝရဏသပ္ပါယာ **ဧကန္တနိဗ္ဗိဒါယ** ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ သေယျထိဒံ၊ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ ပဝိဝေကကထာ အသံသဂ္ဂကထာ ဝီရိယာရမ္ဘကထာ သီလကထာ သမာဓိကထာ ပညာကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏဒဿန ကထာ၊ ဧဝရူပါယ ကထာယ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီ၊အပရိပက္ကာယ မေဃိယ စေတော ဝိမုတ္တိယာ အယံ တတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ။[၁]

ဒီ ဒေသနာတော်ကို ဟောပါတယ်။ ပါဠိတော်ရွတ်ပြီးပြီ၊ ပါဠိတော်ကို အနက်မြန်မာ ပြန်ဆိုကြဦးစို့။

မေဃိယ၊ ချစ်သား မေဃိယ။ ပုန စ ပရံ၊ တပါးတို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ယာယံ ကထာ၊ အကြင်စကားသည်။ အဘိသလ္လေခိကာ၊ ကိလေသာတရားတို့ အလွန်ခေါင်းပါးခြင်းနှင့် စပ်ယှဉ်၏။ စေတောဝိဝရဏသပ္ပါယာ၊ သမထ ဝိပဿနာတရားနှင့် သင့်လျော်လျောက်ပတ်၏။ ဧကန္တ-နိဗ္ဗိဒါယ၊ စင်စစ်သံသရာ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းခေါ်တဲ့ ဗလဝဝိပဿနာဉာဏ် အကျိုးငှာ။ ဝိရာဂါယ၊ရာဂကင်းခြင်းငှာ။ဝါ-မဂ်ဉာဏ်အကျိုးငှာ။ နိရောဓာယ၊ ကိလေသာဟူသမျှတို့ ချုပ်ခြင်းငှာ။ ဥပသမာယ၊ ကိလေသာအားလုံးငြိမ်း

၁။ ဥဒါန်းပါဠိတော် နှာ-၁၁၉။

ခြင်းငှာ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သစ္စာလေးပါးကိုသိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာမီးအားလုံးတို့၏ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

ဣဒံ–အယံ၊ ဤတရားဆယ်မျိုး–စကားဆယ်မျိုးသည်။ သေယျထာ–ကတမာ၊ အဘယ်နည်း။ အပ္ပိစ္ဆကထာ၊ အလိုနည်းခြင်းနှင့် စပ်သောစကားရင်း။ သန္တုဋ္ဌိကထာ၊ ရောင့်ရဲလွယ်ခြင်းနှင့်စပ်သောစကားရင်း။ ပဝိဝေကကထာ၊ ဆိပ်ငြိမ်ခြင်းနှင့် စပ်သောစကားရင်း။ အသံသဂ္ဂကထာ ရောနှောခြင်း ဆက်ဆံခြင်းမရှိသောတရားနှင့် စပ်ယှဉ်သောစကားရင်း။ ဝီရိယာရမ္ဘကထာ၊ အားထုတ်ခြင်းနှင့် စပ်သောစကားရင်း။ သီလကထာ၊ သီလနှင့် စပ်သောစကားရင်း။ သမာဓိကထာ၊ သမာဓိနှင့် စပ်သောစကားရင်း။ ပညာကထာ၊ ပညာနှင့် စပ်သောစကားရင်း။ ဝိမုတ္တိကထာ၊ ကိလေသာတို့မှလွတ်မြောက်ခြင်းနှင့် စပ်ယှဉ်သောစကားရင်း။ ဝိမုတ္တိဉာဏဒဿနကထာ၊ ကိလေသာတို့မှ လွတ်မြောက်ခြင်းဟုဆိုအပ်သော ဝိမုတ္တိဂုဏ်ကိုဆင်ခြင်သောအသိဉာဏ်နှင့်စပ်သောစကားရင်း။ ဣတိ–ဣမာ၊ ဤတရားတို့ပေတည်း။

ဧဝရူပါယ၊ ဤသို့သဘောရှိသော။ ကထာယ၊ စကားဖြင့်။ နိကာမလာဘီ၊ အလိုရှိတိုင်းရသည်။ အကိစ္ဆလာဘီ၊ မငြိုမငြင်ဘဲနဲ့ရသည်။ အကသိရလာဘီ၊ မပင်မပန်းဘဲနဲ့ရသည်။ ဟောတိ၊ ဖြစ်၏။ မေဃိယ၊ ချစ်သားမေဃိယ။ တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ အယံ ဓမ္မော၊ ဤကထာ ဆယ်မျိုး တရားစကားသည်။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှ လွတ်မြောက်ခြင်းတည်းဟူသော အရဟတ္တဖိုလ်၏။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

ကောင်းကောင်းကြီးဖြစ်တဲ့တရား၊ စကားဆယ်မျိုး၊ မေဃိယ....ဝိမုတ္တိပရိပါစနီယတရား ငါးမျိုးတို့တွင် ကလျာဏမိတ္တအင်္ဂါနဲ့ ပြည့်စုံရမယ်၊ သီလနဲ့ ပြည့်စုံရမယ်၊ ဟောပေးခဲ့ပြီးပြီ။

တတိယအင်္ဂါက– ကထာဆယ်မျိုးနဲ့ ပြည့်စုံရမယ်၊ ဒီကထာဆယ်မျိုးရဲ့ ဂုဏ်အင်္ဂါက ဘယ်လိုလဲ–

အဘိသလ္လေခိက–ကိလေသာတရားတွေကို ခေါင်းပါးစေတတ်တယ်၊ တနည်းပြောယင် ကိလေသာအညစ်အကြေးတွေကို ခွာပစ်တတ်တယ်, ခြစ်ပစ်တတ်တယ်ဆိုတဲ့သဘော၊ သမထဝိပဿနာတရားကို အားထုတ်ခြင်းဖြင့် သင့်လျော်လျောက်ပတ်တဲ့ စကားမျိုးဖြစ်တယ်၊ ကထာဆယ်မျိုးဖြစ်သော စကားသည် စင်စစ်သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့စေတတ်သော သဘောရှိ၏၊ ဝိရာဂသဘော–တပ်နှစ်သက်ခြင်းမှ ကင်းခြင်းသဘောရှိကယ်။

နိဗ္ဗေဓ–ကိလေသာမီးတွေ ချုပ်ငြိမ်းခြင်းသဘော ရှိတယ်၊ သစ္စာလေးပါးကို ကောင်းစွာထိုးထွင်းပြီးတော့ သိခြင်းငှာစွမ်းနိုင်တဲ့ ကိလေသာမီးအားလုံး ငြိမ်းနိုင်တဲ့ နိဗ္ဗာန်ချမ်းသာနဲ့ စပ်ယှဉ်တဲ့စကားမျိုး ဖြစ်ရမယ်၊ ဒီစကားမျိုးတွေက ဆယ်မျိုးရှိကယ်တဲ့။

(၁) အပ္ပိစ္ဆကထာ -အလိုနည်းခြင်းနှင့် စပ်သောစကားမျိုး။
(၂) သန္တုဋ္ဌိကထာ–ရရသမျှနဲ့ ရောင့်ရဲတင်းတိမ်လွယ်နိုင်ခြင်း ဆိုတဲ့ စကားမျိုး။
(၃) ပဝိဝေကကထာ– ဆိတ်ငြိမ်ခြင်းနှင့်ပတ်သက်တဲ့ တရားစကားမျိုး။
(၄) အသံသဂ္ဂကထာ–ရောနှောခြင်းမရှိတဲ့ စကားမျိုး။
(၅) ဝီရိယာရမ္ဘကထာ– အားထုတ်ခြင်းနဲ့ စပ်ယှဉ်သောစကားမျိုး။
(၆) သီလကထာ–သီလနဲ့ စပ်တဲ့စကား။
(၇) သမာဓိကထာ–သမာဓိနဲ့ စပ်တဲ့စကား။
(၈) ပညာကထာ–ဝိပဿနာပညာနဲ့ စပ်တဲ့စကား။
(၉) ဝိမုတ္တိကထာ–ကိလေသာမှလွတ်မြောက်ခြင်း အရဟတ္တဖိုလ်နဲ့ စပ်တဲ့ စကား။
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ – ကိလေသာတို့မှ လွတ်မြောက်ခြင်းကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်တွေနဲ့ စပ်လျဉ်းတဲ့စကားမျိုး။

ဤစကားဆယ်မျိုးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင်, မပင်မပန်း ချမ်းချမ်းသာသာ လွယ်လွယ်ကူကူရ၏၊ ဤသို့စကားဆယ်မျိုးနဲ့ ပြည့်စုံခြင်းသည်, လွယ်လွယ်ကူကူ မိမိရရှိနေခြင်းသည် မရင့်ကျက်သေးသော စေတောဝိမုတ္တိခေါ်တဲ့ အရဟတ္တဖိုလ်ချမ်းသာကို ရင့်ကျက်စေတတ်တဲ့ တတိယမြောက်တရားတခုဖြစ်ပါတယ်–တဲ့။

အပ္ပိစ္ဆကထာ အဲဒီကထာဆယ်မျိုးထဲက ဒီကနေ့ ဘုန်းကြီးတို့ ဝိပဿနာ အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အတွက် တနည်းပြောယင် သာသနာတော်ကို သက်ဝင်ယုံကြည်ပြီးတော့ နေတဲ့ပုဂ္ဂိုလ်များအတွက် အပ္ပိစ္ဆ–အလိုနည်းရမယ်၊ အဋ္ဌကထာဆရာတော်က အပ္ပိစ္ဆကထာလို့ပြောတယ်၊ အလိုနည်းခြင်းနှင့် စပ်သောစကား။

အလိုရှိခြင်း–၄မျိုး အလိုရှိခြင်းလို့ဆိုတာ လေးမျိုးရှိတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေကာမဂုဏ်ငါးပါးကို အလိုရှိခြင်းဆိုတာ လေးမျိုးရှိတယ်၊ဘုန်းကြီးတို့ သာသနာ

တော်မှာ ရဟန်းတော် သံဃာတော်များ ပစ္စည်းလေးပါးကို အလိုရှိတယ်ဆိုတာ လေးမျိုးရှိတယ်၊ အဲဒီ လေးမျိုးက ဘယ်လိုလဲ-

အတြိစ္ဆ, ပါပိစ္ဆ, မဟိစ္ဆ, အပ္ပိစ္ဆ-လေးမျိုး၊ ဒီလေးမျိုးမှာ—

(၁) အတြိစ္ဆာ ဆိုတာ အတောမသတ်အောင် အလိုရှိခြင်း၊ အလွန့် အလွန်အလိုရှိခြင်း၊ ဘယ်တော့မှ မတင်းတိမ် မရောင့်ရဲ နိုင်အောင် အလိုရှိခြင်းကို အတြိစ္ဆာလို့ ခေါ်တယ်။

(၂) ပါပိစ္ဆာ-မတရားသဖြင့် အလိုရှိခြင်း။

(၃) မဟိစ္ဆာ-အလိုကြီးခြင်း၊ များများကြီး လိုချင်ခြင်း။

(၄) အပ္ပိစ္ဆာ-နည်းနည်း လိုချင်ခြင်း။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီလိုချင်မှု ကာမဂုဏ်ငါးပါးကို၊ ဘုန်းကြီးတို့ဘက်က ပစ္စည်းလေးပါးကို လိုချင်တယ်ဆိုတဲ့ လိုချင်မှုဟာ ဒီလေးမျိုးထဲမှာရှိတယ်၊ ဒီတော့ ဒီလေးမျိုးကို ဘယ်လိုလဲ—အတောမသတ်အောင် အလိုရှိခြင်း, မတရားသဖြင့် အလိုရှိခြင်း, အများကြီး, အလိုရှိခြင်း, နည်းနည်းအလိုရှိခြင်း-တဲ့၊ ဒီလေးမျိုး။

ဒီလေးမျိုးထဲမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဘယ်လို အလိုရှိတာမျိုးထဲမှာ ကိုယ်ပါနေသလဲ၊ နည်းနည်းအလိုရှိတဲ့ အထဲ ပါလား၊ (မပါပါဘူးဘုရား) နည်းနည်းတော့ ဘယ်သူမှ မလိုချင်ဘူး၊ ရယင်တော့ များများမှ၊ အဲဒါ–မဟိစ္ဆာ ဟုတ်လား၊ ပစ္စည်းသာရမယ်ဆိုယင် တရားတရား မတရားမတရား, ဟုတ်ဟုတ် မဟုတ်ဟုတ်, မှန်မှန် မမှန်မှန် ရမယ်ဆိုယင် ယူတာဘဲ၊ အဲဒါဘာတဲ့တုံး—ပါပိစ္ဆာ။

ဘယ်လောက်ရရမတင်းတိမ်နိုင်ဘူးဆိုတာက—အတြိစ္ဆာ၊ ဒီတော့ အဲဒီအလိုရှိခြင်းလေးမျိုး တို့တွင် အပ္ပိစ္ဆကထာနဲ့ ပတ်သက်ပြီးတော့ ဒီ အလိုရှိခြင်းလေးမျိုးကို အဋ္ဌကထာ ဆရာတော်က ဖွင့်ဆိုထားတာ၊ အဋ္ဌကထာ ဆရာ ဖွင့်ဆိုတဲ့ အတိုင်း ဘုန်းကြီးတို့က ပါဠိတော်ကိုးကားချက်တွေနဲ့ ဟောပေးရမယ်။

အဲဒီအလိုရှိခြင်း လေးမျိုးထဲမှာ အတြိစ္ဆ ဆိုတာ ဘယ်လိုအလိုရှိခြင်းမျိုးလဲ အလွန်အလိုရှိတယ်ဆိုတာ ဘယ်လိုလဲဆိုတော့—မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယတွဲ ရထဝိနီတသုတ်အဖွင့်မှာ ဘာဟောထားသလဲဆိုတော့—

အင်း—ဒါကိုမဟောခင် အပ္ပိစ္ဆ—အလိုနည်းခြင်း၏ ဂုဏ်ကျေးဇူးကို ဘုန်းကြီးတို့ ပထမရှေးဦးစွာ ဟောပါရစေအုံး—နော်၊ နည်းနည်းလိုချင်ခြင်းကြောင့် ဘာတွေရသလဲ၊ အဲဒါ ဟောပါရစေအုံး၊ အဲဒါက ဘာနဲ့ပတ်သက်ပြီး ဟောရမလဲဆိုတော့– အင်္ဂုတ္တိုရ်ပါဠိတော်က ဘာပြောလဲ—

အပ္ပိစ္ဆဂုဏ်အကျိုး တရား ၂-ပါး

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပိစ္ဆတာ၊ အပ္ပိစ္ဆဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေန၊ အကြင် တရားကြောင့်။ အနုပ္ပန္နာ၊ မဖြစ်ပေါ်သေးကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ခဲ့ပြီးကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ် ပျက်ပြား သွားကြလေကုန်တော့၏။ တေန၊ ထိုတရားမှ။ အညံ၊ တပါးသော။ ဧကဓမ္မမ္ပိ၊ တခုသော တရားကိုမျှလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ ကြည့်၍ မြင်တော်မမူ။ ဣဒံ၊ ဤမဖြစ်သေးသော ကုသိုလ်တရားတွေ ဖြစ်ပြီးတော့ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ဆုတ်ယုတ်တယ် ဆိုတဲ့ တရားသည်။ ယထာ-ကတမံ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယထာယိဒံ-ယာအယံ အပ္ပိစ္ဆတာ၊ အကြင် အလိုနည်းသော သူ၏ အဖြစ်ပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပိစ္ဆဿ၊ နည်းနည်းလိုချင်သောသူအား။ ဝါ-အလိုနည်းသောသူအား။ အနုပ္ပန္နာ၊ မဖြစ်သေးကုန်သော။ ကုသလာ ဓမ္မာ စေဝ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ခဲ့ပြီးကုန်သော။ အကုသလာ ဓမ္မာစ၊အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ် ပျက်ပြားသွားကြလေကုန်တော့၏။

ချစ်သားတို့....လောကမှာ အလိုနည်းခြင်းဟု ဆိုအပ်သော တရားမှတပါး မဖြစ်သေးသော ကုသိုလ်တွေ ဖြစ်ပြီးတော့ ဖြစ်ပြီးသား အကုသိုလ်တွေ ပျက်စီးနိုင်တယ်ဆိုတဲ့ တရားကို ငါဘုရားကြည့်၍ မြင်တော်မမူဘူး-တဲ့၊ ဒါကြောင့် နည်းနည်း လိုချင်တယ်--အလိုနည်းတယ် ဆိုတဲ့ အပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်တယ်၊ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီးကုန်တယ်။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဧကကနိပါတ် နှာ-၁၁။

ဒီတော့ အလိုနည်းတဲ့ ပုဂ္ဂိုလ်ဟာ အလိုနည်းခြင်းကြောင့် ကိုယ့်မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဘာဖြစ်မလဲ၊ (တိုးပွားပါမယ် ဘုရား) အလိုနည်းခြင်းကြောင့် ဖြစ်ပြီးသား အကုသိုလ်တွေ ဘာဖြစ်မလဲ၊ (ပျောက်ကုန်ပါတယ်ဘုရား) ပျောက်ကုန်တယ်ဟုတ်လား။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ပျောက်ကုန်ချင်ယင် ဘာလုပ်ရမလဲ—အလို နည်းရမယ်၊ နည်းနည်းလိုချင်ရမယ်၊ များများကို မလိုချင်ရဘူး၊ နည်းနည်းဘဲ လိုချင်ရမယ်၊ အဲဒီ နည်းနည်း လိုချင်ရမယ်ဆိုတာနဲ့ ကာမဂုဏ်သမားနဲ့တော့ မတဲ့ဆိုးဘဲ၊ နည်းနည်းယူပါ ဆိုတာနဲ့ ကာမဂုဏ် သမားနဲ့ မတဲ့ဆိုးဘဲ။

အဲ—သမထဝိပဿနာသမားနဲ့ နည်းနည်းယူပါဆိုတာနဲ့တော့ သိပ်တဲ့တယ်၊ ဒီတော့ ကိုယ်ဟာ သမထဝိပဿနာသမား လုပ်နေပြီးတော့ ကိုယ်က နည်းနည်းလိုချင်တဲ့သူလား,များများလိုချင်တဲ့သူလား၊ အဲဒါကိုတွက်ကြည့်၊များများကြီးလိုချင်နေသေးတယ် ဆိုယင်တော့ဖြင့် ငါဟာ ဘာသမားတုံး၊ (ကာမဂုဏ်သမားပါဘုရား) ဟုတ်လား။

ကဲဒီတော့ ဒီ အပ္ပိစ္ဆနဲ့ ပတ်သက်လို့ နည်းနည်းလိုချင်မှုသည် မိမိမှာ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်တယ်၊ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီး ကုန်တယ်၊ ဒါကြောင့် ချစ်သားတို့....အပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ဘက်ကိုသာ နီးနေပါတယ်၊ နိဗ္ဗာန်ဘက်ကိုသာလျှင် သွားတတ်ပါတယ်လို့—မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတော်တွေ ရှိတယ်။

အတြိစ္ဆပုဂ္ဂိုလ်၏သဘော ဒီတော့ ကောင်းပြီ အလွန့်အလွန်အလိုရှိခြင်းဆိုတာ ဘယ်လို အလိုရှိခြင်းမျိုးလဲလို့ ဆိုတော့— အခုနင်က ပြောတဲ့ ပဏ္ဏာသ အဋ္ဌကထာက— "သကလာဘေ အတိတ္တဿ ပရလာဘေ ပတ္ထနာ အတြိစ္ဆတာနာမ"။[၁]

သကလာဘေ၊ မိမိရသောလာဘ်၌။ အတိတ္တဿ၊ မရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်အား။ ပရလာဘေ၊ သူတပါးရသောလာဘ်၌။ ယာ ပတ္ထနာ၊ အကြင်တောင့်တ၍ နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤကိုယ်ရတဲ့လာဘ်လာဘ၌ မတင်းတိမ်ခြင်း, သူတပါးရတဲ့လာဘ်လာဘကိုလှမ်း၍ တောင့်တခြင်းသည်။ အတြိစ္ဆတာ နာမ၊ အလွန့်အလွန်အလိုရှိသော ပုဂ္ဂိုလ်၏ အဖြစ်မည်၏။

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒု—အုပ် နှာ—၄၅။

ကိုယ့်လက်ထဲရတာကို သူကတယ်ကောင်းတယ်မထင်ဘူး၊ သူများလက်ထဲက ဟာမှ သူ့စိတ်ထဲ တယ်ကောင်းတယ်ထင်တယ်–အတြိစ္ဆပုဂ္ဂိုလ်များရဲ့သဘော၊ ဥပမာဆိုကြပါစို့ရဲ့–သံဃာ ဆယ်ပါးလောက် ပင့်ထားတယ်၊ အဲဒီ သံဃာ ဆယ်ပါးပင့်ထားတဲ့ အနက်က တပါးကိုသင်္ကန်းတစုံစီ လှူတာဘဲ–ရိုးရိုး၊ ဒီတော့ အလှူတကာက တပါးတစုံစီ တစုံစီ ကပ်တယ်၊ ကိုယ့်လက်ထဲ လာကပ်တဲ့ သင်္ကန်းကျတော့ သင်္ကန်းတစုံကို ၄၀–ပေးရတာတော့ လေးဆယ့်တစ်ကျပ်တန် ချည်းဘဲ၊ ဒါပေတဲ့ ကိုယ့်လက်ထဲရောက်တဲ့ သင်္ကန်းကျတော့ အသားကဘဲ ညံ့သလိုလို၊ ဟို ကိုယ်တော်ရဲ့လက်ထဲက သင်္ကန်းကဘဲ အသားက ကောင်းသလိုလို၊ အဲဒီလိုထင်ယင် ဒီပုဂ္ဂိုလ် ဘယ်လိုတုံး၊ အတြိစ္ဆပုဂ္ဂိုလ် ဟုတ်လား။

အဲ–ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ဒီလို ဘဲ– တခါတရံ ခွဲတန်းလေးဘာလေး ချလာလို့ ဟိုကတော့ ညီညီမျှမျှခွဲပေး တာဘဲ၊ ဒါပေမဲ့ ကိုယ်ဥစ္စာကတော့ နည်းတယ်ထင်၊ သူများဥစ္စာကများတယ် ထင်ယင် အဲဒါဘာတုံး၊ (အတြိစ္ဆပါဘုရား) အင်း–အတြိစ္ဆပုဂ္ဂိုလ်၊ "သကလာ ဘေ အတိတ္တာသ" ကိုယ်ရတဲ့လာဘ်လာဘနဲ့ မရောင့်ရဲနိုင်ဘဲနဲ့ "ပရလာဘေ ပတ္ထနာ" သူတပါးရတဲ့ လာဘ်လာဘကိုလှမ်း၍ တောင့်တခြင်းသည် အတြိစ္ဆ တာပုဂ္ဂိုလ်မည်တယ်တဲ့၊ အဲဒါ ပဉ္စာသအဋ္ဌကထာက ပြောတာ။

ကိုယ်ရတဲ့ပစ္စည်းအညံ့ထင် ပြောအုံးမယ်–သမ္မောအဋ္ဌကထာက ပြောထားတဲ့ စကားလုံးတလုံးကို ပြောလိုက်အုံးမယ်၊ ဘာတဲ့လဲ

"အတြိစ္ဆပုဂ္ဂလဿ ဟိ အတ္တနာ လဒ္ဓံ ပဏီတမ္ပိ လာမကံ ဝိယ ခါယတိ၊ ပရေန လဒ္ဓံ လာမကမ္ပိ ပဏီတံ ဝိယ ခါယတိ"။[၁]

အတြိစ္ဆပုဂ္ဂလဿ၊ အတြိစ္ဆပုဂ္ဂိုလ်အား။ အတ္တနာ၊ မိမိသည်။ လဒ္ဓံ၊ ရအပ်သော ဥစ္စာပစ္စည်းကို။ ပဏီတမ္ပိ၊ ကောင်းမွန်ပါသော်လည်း။ လာမကံဝိယ မကောင်းသော အရာဝတ္ထုပစ္စည်းကဲ့သို့။ ခါယတိ၊ သူ့ဉာဏ်ထဲမှာထင်တတ် ၏။ ပရေန၊ တပါးသောသူသည်။ လဒ္ဓံ၊ ရအပ်သောဥစ္စာပစ္စည်းကို။ လာမ ကမ္ပိ၊ မကောင်းသော်လည်း။ ပဏီတံဝိယ၊ ကောင်းမွန်မြင့်မြတ်တဲ့ ပစ္စည်း ကဲ့သို့။ ခါယတိ၊ သူ့ဉာဏ်ထဲမှာထင်တတ်၏။

အတြိစ္ဆပုဂ္ဂိုလ်လို့ ဆိုတာ ကိုယ့်လက်ထဲမှာ ရတဲ့ပစ္စည်းကို အင်မတန် ကောင်းတဲ့ ပစ္စည်းကိုရတယ်၊ ကိုယ့်အနားကသူက မကောင်းတဲ့ပစ္စည်းကို ရတယ်၊ ကိုယ်ရတဲ့ပစ္စည်းကို စိတ်ထဲကမကောင်းဘူးလို့ထင်တယ်တဲ့၊ သူတပါး

၁။ သမ္မောအဋ္ဌကထာ နှာ–၄၅၂။

လက်ထဲ ရတဲ့ပစ္စည်းမှ ကောင်းတယ်လို့ထင်တယ်၊ ဒါ အတြိစ္ဆပုဂ္ဂိုလ်၊ အဋ္ဌကထာက ဆက်ပြီးတော့ ပြောသေးတယ်။

> ကောဘာဇနေ ပက္ကယာဂု ဝါ ဘတ္တံ ဝါ ပူဝေါ ဝါ အတ္တနော
> ပတ္တေ ပက္ခိတ္တေ လာမကော ဝိယ ပရဿ ပတ္တေ ပဏီတော ဝိယ
> ခါယတိ။[၁]

ကောဘာဇနေ၊ အိုးတလုံးထဲ၌။ ပက္ကယာဂုဝါ၊ ကျက်အောင်ချက်၍ကျို၍ ထားရသော ယာဂုကိုရင်း။ ပက္ကဘတ္တံဝါ၊ ကျက်အောင်ချက်ထားတဲ့ ထမင်းကို ဆွမ်းကိုရင်း။ ပက္ကပူဝေါဝါ၊ ကျက်အောင်ပြုလုပ်ထားတဲ့ မုန့်ကိုရင်း။ အတ္တနော၊ မိမိ၏။ ပတ္တေ၊ သပိတ်၌။ ပက္ခိတ္တေ၊ တည့်သည်ရှိသော်။ လာမကောဝိယ၊ မကောင်းသကဲ့သို့။ မနူးမနပ်သကဲ့သို့။ ပရဿပတ္တေ၊ သူတပါး၏သပိတ်၌။ ပက္ခိတ္တေ၊ ထည့်အပ်သည်ရှိသော်။ ပဏီတောဝိယ၊ ကောင်းတယ်, နူးညံ့တယ်, ပိုပြီးတော့ များတယ်, ကြီးတယ်ကဲ့သို့။ ခါယတိ၊ ထင်တတ်၏။

ဘယ်လိုလဲ အတြိစ္ဆပုဂ္ဂိုလ်–သမ္မောဟအဋ္ဌကထာက ပြောထားတာ၊အတြိစ္ဆပုဂ္ဂိုလ် များဟာ အိုးတလုံးထဲမှာဘဲ ထမင်းချက်တယ်၊ အဲဒီအိုးထဲကဘဲ ခူးပြီးတော့ တပါးလျှင် တဇွန်းစီ လောင်းတယ်၊ ကိုယ့်သပိတ်ထဲ ရတဲ့ဆွမ်းကို နပ်တယ်လို့မထင်ဘူး၊ သူတပါးရဲ့ သပိတ်ထဲကဆွမ်းမှ နပ်တယ်ထင်သတဲ့။

အဲဒီ အတြိစ္ဆဟာ ဘယ်သူများဖြစ်တတ်သလဲဆိုတော့—ရဟန်းတော်များ မှာလဲ ဖြစ်တတ်တယ်၊ အခုနက ကာမဂုဏ်ငါးပါးနဲ့ပတ်သက်လို့လဲ ဖြစ်တတ် တယ်၊ တိရစ္ဆာန်ထဲမှာလဲ ဖြစ်တာပါတယ်လို့ သမ္မောအဋ္ဌကထာက ဒီလိုပြော တယ်။

အခု ဘုန်းကြီးဟောနေတဲ့ ဥဒါန်းအဋ္ဌကထာက ဘာပြောထားသလဲဆို တော့—

ထပ်ကာထပ်ကာ လိုချင်ခြင်း

> အတ္တနာ ယထာလဒ္ဓေန လာဘေန အတိတ္တော ဥပရူပရိ လာဘံ ဣစ္ဆန္တော အတြိစ္ဆော နာမ။[၁]

အတ္တနာ၊ မိမိသည်၊ ယထာလဒ္ဓေန၊ ရရှိသမျှသော၊ လာဘေန၊ လာဘ်လာဘဖြင့်။ အတိတ္တော၊ မရောင့်ရဲသည်။ ဟုတွာ၊ ဖြစ်၍။ ဥပရူပရိ၊ အလွန်အလွန်။ လာဘံ၊ လာဘ်လာဘကို။ ဣစ္ဆန္တော၊ အလိုရှိသူသည်။ အတြိစ္ဆောနာမ၊ အတြိစ္ဆမည်၏။

၁။ ဥဒါန်းအဋ္ဌကထာ နှာ-၂၀၆။

ကိုယ်က လက်ကိုင်ပုဝါကလေး တထည်ရယင် တထည်နဲ့ဘဲ ကျေနပ်ပါ၊ နှစ်ထည် သုံးထည် မလိုချင်ပါနဲ့၊ နှစ်ထည်သုံးထည်လိုချင်ယင် အတြိစ္ဆပုဂ္ဂိုလ်ဖြစ်မယ်၊ ဆေးလိပ်တဘူးရယင် တဘူးဘဲယူ၊ နှစ်ဘူးသုံးဘူး မလိုချင်နဲ့၊ နှစ်ဘူးသုံးဘူးလိုချင်ယင် အတြိစ္ဆပုဂ္ဂိုလ်ဖြစ်မယ်၊ ဘုန်းကြီးတို့ အမျိုး ကောင်းသား, အမျိုးကောင်းသမီးတွေ ဆန်သုံးပြည်ရယင် သုံးပြည်နဲ့ဘဲ ကျေနပ်ပါ၊ ၄-၅-၆ ပြည် မလိုချင်ပါနဲ့၊ အတြိစ္ဆပုဂ္ဂိုလ်ဖြစ်မယ်။

ကောင်းပြီ–ဒီ အတြိစ္ဆပုဂ္ဂိုလ်ဟာ အလိုကြီးတဲ့ပုဂ္ဂိုလ်တဲ့၊ သူ့ထက်လောဘကြီးတဲ့ပုဂ္ဂိုလ် မရှိဘူး၊ ဒါတခုပြီးယင် ဟိုဒင်းတခု လိုချင်တယ်။

ဥပမာ–ဆိုပါတော့၊ အခု ဟောဒီ အင်း–အလှူခံတဲ့ ပုဂ္ဂိုလ်နဲ့တော့ သိပ်တည့်မှာမဟုတ်ဘူး၊ ဒီစကားက အင်း–ဆိုပါတော့ ဗိုလ်တထောင် ဘုရားမှာ အလှူခံတဲ့ပုဂ္ဂိုလ်တွေ ဒီမှာ ဓမ္မာရုံကြီး တခုဆောက်ပြီးပြီ၊ ဒီဓမ္မာရုံတခုပြီးတော့ နောက်တခါ ဓမ္မာရုံကြီးတခု လိုချင်သေးတယ်ဆိုယင် အဲဒါ ဘာလဲ-အတြိစ္ဆ၊ ဘယ်တော့မှ သူ့ဥစ္စာက ပြီးနိုင်တယ်, ပြည့်နိုင်တယ်မှ မရှိဘဲ ဟုတ်လား ဒီတခုပြီးယင် နောက်တခုလိုချင်သေးတယ်၊ သင်္ကန်းတစုံရယင် မကျေနပ်သေးဘူးဟုတ်လား၊ နောက်တခါ တစုံလိုချင်တယ်။

အဲဒီလို မိမိရတိုင်းသော ရသမျှ လာဘ်လာဘနဲ့ မတင်းတိမ် မရောင့်ရဲနိုင်ဘဲ ပိုပို ပိုပို ပိုပိုပြီးတော့ တခုပြီးတခု တခုပြီးတခု ထပ်ကာထပ်ကာ အလိုရှိနေတာကို ဘာလို့ခေါ်သလဲ၊ (အတြိစ္ဆလို့ခေါ်ပါတယ်ဘုရား) အဲဒီအတြိစ္ဆပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီးတော့ အဋ္ဌကထာက ဘယ်လိုဖွင့်ထားသလဲ–

အဋ္ဌကထာဖွင့်တဲ့အတိုင်း – ပြောမယ်၊ မိတ္တဝိန္ဒကဇာတ်၊[၁] ဘာဇာတ် တဲ့လဲ၊ (မိတ္တဝိန္ဒကဇာတ်ပါဘုရား) ပြောပါအုံး။

မိတ္တဝိန္ဒကဇာတ်ဝတ္ထု၊ ကဿပ မြတ်စွာဘုရား လက်ထက်က မိတ္တဝိန္ဒကလို့ ဆိုပြီးတော့ သူဌေးသားတယောက် ရှိတယ်၊ ဒီတော့ မိခင်ဖြစ်တဲ့ဂိုလ်က ဘာကိုနှယ်ပြောသလဲ–တာတ အဇ္ဇ ဥပေါသထိကော ဟုတွာ ဝိဟာရေ သဗ္ဗရတ္တိံ ဓမ္မဿဝနံ သုဏ၊ သဟဿံ တေ ဒဿာမိ”။[၁]

၁။ သမ္မောဒအဋ္ဌကထာ နှာ ၄၈၂။ (ရင်းမိတ္တဝိန္ဒကဇာတ်သည် ဇာတ်အဋ္ဌကထာ - သကနိပါတ်၌ စတုဒွါရ ဇာတ်ဟုအမည်ရှိသည်၊ ဇာတ်ပါဠိတော် ပဌမအုပ် နှာ–၂၀၊ ၂၄၊ ၁၃၂–တို့၌ မိတ္တဝိန္ဒကဇာတ်ဟု–အမည်ရှိသည်။)

တာတ၊ ချစ်သား။ အဇ္ဇ၊ ယနေ့။ ဥပေါသထိကော၊ ဥပုသ်နေ့သည်။ ဟုတ္ဘာ၊ ဖြစ်၍။ ဝိဟာရေ၊ ကျောင်း၌။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယာမ်ကာလ ပတ်လုံး။ ဓမ္မဿဝနံ၊ တရားနာကြားခြင်းကို။ သုတွာ၊ နာကြားပါလော့။ တေ၊ သင်အား။ သဟဿံ၊ တထောင်သော ငွေအသပြာကို။ အဟံ၊ ငါသည်။ ဒဿာမိ၊ ပေးပေအံ့။

ငွေတထောင်ပေးပြီး ဥပုသ်စောင့်ခိုင်းခြင်း ငါ့သား....ဒီကနေ့ ဥပုသ်နေ့ကွယ်၊ ငါ့သား ကလေး ဒီကနေ့ ကျောင်းသွားပြီးတော့ ဥပုသ်စောင့်ပါ၊ တညလုံး သွားပြီးတော့ တရားနာပါ၊ အမေက ငါ့သားကို ငွေတထောင်ပေးပါမယ်လို့ သားကလေး ကုသိုလ် လုပ်ချင်အောင်လို့ ကုသိုလ်ရပါစေတော့ ဥပုသ်စောင့်ပါစေတော့ဆိုပြီး ငွေတထောင် ပေးပြီး ဥပုသ်စောင့်ခိုင်းတယ်၊ ကို ဘသားချောက ငွေတထောင်ရမယ်ဆိုတော့ ငွေတထောင်ကို လိုချင်တာနဲ့ ကျောင်းသွားတယ်။

ကျောင်းသွားပြီးတော့ ဥပုသ်တော့ ကျကျနန စောင့်တာတော့ မဟုတ်ဘူး၊ ချောင်ကောင်းကောင်း ဟုတ်လား၊ "ဣဒံ ဌာနံ အကုတော ဘယန္တိ သလ္လက္ခေတွာ"တဲ့၊ ဒီနေရာတော့ ဘေးကင်းတဲ့ နေရာဘဲဆိုပြီး မြတ်စွာဘုရား တရားဟောတဲ့ တရားဟောပလ္လင်အောက်မှာ ဝင်ပြီးတညလုံးအိပ်တယ်။

တညလုံးအိပ်နေတယ်၊ တရားလဲ ကျကျနန မနာဘူး၊ ဥပုသ်လဲ သေသေချာချာ မစောင့်ဘူး၊ တရားမနာဘူးသာဆိုတယ်–သူ့နားမှာတော့ တရားသံတွေ ကြားမနေဘူးလား၊ (ကြားနေပါတယ်ဘုရား) – အိပ်မပျော် မချင်းတော့ ကြားနေဒါပေါ့၊ အိပ်ပျော်တော့ မကြားတော့ဘူးပေါ့။

အဲ–နံနက်မိုးလင်းတော့ သားကလေးက အိမ်ကိုထပြီးတော့ပြန်လာတယ်၊ ဒီတော့ မိခင်က ကြော်– ငါ့သား ကလေး ဥပုသ်စောင့် ပြန်လာတယ် ဆိုပြီးတော့ ယာဂုတို့ ဘာတို့ ကျကျနန ကျိုတ်ကျိုပြီးတော့မှ သားကလေးကို ကတိပြုတဲ့အတိုင်း ငွေတထောင်ပေးတယ်၊ ငွေတထောင်နဲ့ သားကမကျေနပ်နိုင်တော့–အဲဒီ ငွေတထောင်ယူပြီးတော့–"ဓနံ သံဟရိဿာမိ။ ဓနံ၊ ထိုငါရတဲ့ ဥစ္စာပစ္စည်းတိုးပွားသည်ထက် တိုးပွားအောင်။ သံဟရိဿာမိ၊ ရှက်ဆောင်ပေတော့အံ့"–လို့ဆိုပြီး ကုန်သည်တွေနဲ့ ကူးသန်း ရောင်းဝယ်ရေး လုပ်မယ် ဆိုပြီး သင်္ဘောပေါ် သူကလိုက်တယ်၊ လိုက်တော့ မိခင်ဖြစ်တဲ့ ပုဂ္ဂိုလ်မှာ သားကလေးက တယောက်တည်းရှိတော့ မသွားစေချင်ဘူး။

တာတ ဣမသ္မိံ ကုလေ စတ္တာလီသကောဋိဓနံ အတ္ထိ၊ အလံ ဂမနေနာတိ။[၁]

၁။ သမ္မောဒအဋ္ဌကထာ နှာ–၄၅၃။

တာတ၊ ချစ်သား။ ဣမဿ ကုလေ၊ ဤအိမ်၌။ စတ္တာလီသကောဠိဓနံ၊ ကုဋေလေးဆယ်သော ဥစ္စာပစ္စည်းသည်။ အတ္ထိ၊ ရှိပါ၏။ ဂမနေန၊ သွားခြင်းဖြင့်။ အလံ၊ မသင့်ပါ။

ကုန်ကူးသန်းရောင်းဝယ်ရအောင် သွားမယ်လို့ဆိုတော့ သဘော်နဲ့သူက သမုဒ္ဒရာထဲလိုက်ရမှာ—မိခင်က သားကလေးကို မသွားစေချင်ဘူး၊ ချစ်သား.... ဒီအိမ်မှာ ပစ္စည်းဥစ္စာတွေ ကုဋေလေးဆယ်တောင် ကြွယ်ဝချမ်းသာပြီးတော့ နေပါတယ်၊ ဒီပစ္စည်းတွေကို ချစ်သား တယောက်ထည်း သုံးစွဲလို့ ဘယ်မှာ ကုန်နိုင်ပါ့မလဲ၊ ကူးသန်းရောင်းဝယ်ရေး မလုပ်ပါနဲ့လို့–ပြောတယ်။

အဲဒီတော့ ဟိုအကောင်က အရောင်းအဝယ်လုပ်ချင်တဲ့လူ၊ အဲဒီတော့ မိခင်စကားကို သူနားမထောင်ဘူး၊ နားမထောင်တော့—သူက သွားမယ်လုပ်၊ မိခင်က ရှေ့က ကာဆီး ကာဆီးလုပ်၊ သူက သွားမယ်လုပ်၊ မိခင်က သွားမှာ စိုးလို့ ရှေးက ကာဆီးကာဆီးနဲ့လုပ်တော့ သူကဘယ့်နှယ်လဲ—

မိခင်ကိုခြေဖြင့်ကန်ခြင်း အယံ မယှံ ပုရတော တိဋ္ဌတီတိ ပါဒေန ပဟရိတွာ ပတိတံ မာတရံ အန္တရံ ကတွာ အဂမာသိ။

အယံ၊ ဒီအမယ်ကြီးသည်။ မယှံပုရတော၊ ငါ့ရှေ့က။ တိဋ္ဌတိ၊ ကာဆည်းကာဆည်းနဲ့ ရပ်တည်၍နေ၏။ ဣတိ၊ ဤသို့ပြောဆိုပြီးတော့။ ပါဒေန၊ ခြေထောက်ဖြင့်။ ပဟရိတွာ၊ ကန်ကျောက် ပုတ်ခတ်ပြီးတော့။ ပတိတံ၊ ခွေကနဲလဲကျသွားသော။ မာတရံ၊ အမိကို။ အန္တရံကတွာ၊ အမိဟု ဂရုမထားအခြားတပါးပြု၍။ အဂမာသိ၊ သွားလေတော့၏။

ဘာလုပ်သွားသလဲ-သူ၊ (ခြေနဲ့ကန်သွားပါတယ်ဘုရား) မိခင်ကိုဟုတ်လား တခါထဲ ဒီအမေကြီး ရှုပ်တယ်ဆိုပြီး တခါထဲခြေထောက်နဲ့ ကန်လှဲလိုက်တော့ မိခင်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ တခါထဲ ခွေကနဲ လဲကျသွားပြီး တုံးလုံးဖြစ်ကျန်ရစ်ခဲ့တာကို ကျော်လွှားပြီးတော့ လိုက်သွားတယ်။

ဒီတော့ မိခင်က တုံးလုံးလဲရာကနေထပြီး ဘယ့်နှယ်ပြောသလဲ ဆိုတော့—

မာဒိသာယ မာတရိ ဝေရူပံ ကမ္မံ ကတွာ ဂတဿ မေ ဂတဋ္ဌာနေ သုခံ ဘဝိဿတီတိ ဝေဿမိနာမ တွံ ပုတ္တာတိ အာဟ။

ပုတ္တ၊ ချစ်သား။ တွံ၊ သင်သည်။ မာဒိသာယ၊ ငါသို့သဘောရှိသော။ မာတရိ၊ မိခင်အပေါ်၌။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ကမ္မံ၊ ရက်ရက်စက်စက် ခြေထောက်နဲ့ကန်တဲ့အမှုကို။ ကတွာ၊ ပြုလုပ်၍။ ဂတဿ၊ သွားသော။ မေ၊ ငါ့အား။ ဂတဋ္ဌာနေ၊ ရောက်ရာအရပ်၌။ သုခံ၊ ချမ်းသာခြင်းသည်။ ဘဝိဿတိ၊

ဖြစ်ပေလိမ့်မည်။ ဣတိ၊ ဤသို့။ ဝေသညီနာမ၊ ဤအမှတ်သညာ မည်သည်။ အသိ၊ ဖြစ်သလား။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆို၏။

ချစ်သား....ငါကဲ့ သို့သော မေတ္တာ, ကရုဏာ ရှေ့ထားတဲ့ မိခင်ကို ဒီလို စော်ကားမော်ကား ပြုလုပ်ပြီးတော့ သွားတဲ့သင်ဟာ "ငါဟာ ရောက်ရာ အရပ်မှာ စိတ်ချမ်းချမ်းသာသာ ကြီးပွားတိုးတက်ခြင်း ဖြစ်လိမ့်မယ်လို့ များ ငါ့သားထင်သလား"လို့ ဒါဘဲ ညည်းပြီးတော့ ကျန်ရစ်ခဲ့ရတယ်၊ သူကတော့ သင်္ဘောပေါ်ပါသွားတယ်။

(ဒီတော့ ကိုယ်လဲပြောတယ်၊ ကြိုးစားပြီးတော့ သိပ်မလုပ်နဲ့နော်—စီးပွား ရေးတွေ ဘာတွေ၊ ကုသိုလ်ရေးတွေ ကြိုးစားလုပ်ဆိုတော့ မရှာလို့ မဖြစ်ဘူး တဲ့၊ ဒီလိုဘဲ ကိုယ့်ကိုလဲပြောကြတယ်-သူတို့၊ ဟုတ်လား-အင်း)။

အဲဒီတော့-အဲဒီလို လိုက်သွားတော့ ၇-ရက်လောက် သွားမိတော့ သင်္ဘော ဟာ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ရောက်သွားတယ်၊ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်လဲရောက်ရော လေတွေ ဘာတွေ မတိုက်ဘဲနဲ့ အဲဒီ ပင်လယ်ပြင်ထဲ မှာ သင်္ဘောသွားလို့ မရဘူး၊ ဒီတော့—

ကတဲသင်္ဘောသားတွေ ဘာလုပ်ကြသလဲဆိုတော့ ဒို့အထဲမှာ ယုတ်ညံ့တဲ့ ကာဠကဏ္ဏိ—သူယုတ်မာ ပါနေပြီ၊ မဲချကြစို့ဆိုတော့ မဲချတော့ ဘယ်သူ့ကျ လဲ၊ အဲဒီ မိတ္တဝိန္ဒကဟာ သုံးကြိမ်တိုင်တိုင် မဲကျတယ်၊ အဲဒီတော့ သူ့ကို ဖောင်ကလေး လုပ်ပြီးတော့ သင်္ဘောပေါ်ကနေ ချလဲချလိုက်ကရော သူလဲ ဖောင်ကလေးနဲ့ မျှောသွားရော၊ သင်္ဘောလဲ ချောချောမောမော ထွက်သွား ရော။

ပင်လယ်တွင်းဝယ်မိတ္တဝိန္ဒက ဖောင်လေးနှင့်မျှောခြင်း

ဒါနဲ့ ဒီဖောင်ကလေးနဲ့ သူ မျှောမျှော မျှော မျှောပြီးတော့ သွားလိုက်တာ ဘယ်ရောက်သွား သလဲဆိုတော့ ဝေမာနိက ပြိတ္တာမတွေ ညဘက် ကျတော့ ငရဲခံရတယ်၊ နေ့ခင်းကျတော့ နတ်သမီး တွေကဲ့သို့ ခံစား စံစားရ တယ်၊ ဘုံတွေ ဗိမာန်တွေ ပြာသာဒ်တွေ ဆိုတဲ့ အဲဒီ ကျွန်းတကျွန်းကို သူရောက်သွားတယ်၊ ရောက်သွားတော့ နေ့ခင်းကြီးမှာ ဖောင်ကလေးက အဲဒီ ကျွန်းသွားဆိုက်တော့ ဖောင်ကလေးကို ဆိပ်ကမ်းဘေးမှာဆိုက်ထားပြီး နတ် သမီးလေးယောက်နဲ့ ခံစားစံစားနေတယ်။

နတ်သမီးလေးယောက်နှင့် ပျော်

နတ်သမီးလေးယောက်နဲ့ ခံစား စံစား နေရာက သူ့စိတ်ထဲ ဘယ့်နှယ်ထင်သလဲ ဆိုတော့ လေးယောက်နဲ့ မတင်းတိမ်နိုင်ဘူး—တဲ့၊ ဒီထက်တိုးပြီးတော့ လိုချင်

သေးတယ်– အတြိစ္ဆ၊ လေးယောက်နဲ့တော်ပလား–(မတော်သေးပါဘူးဘုရား) လေးယောက်နဲ့ မတော်သေးသည်ဖြစ်သောကြောင့် ဖောင်ကလေးနဲ့ ရှေ့ကို ဆက်ပြီး မျှောသွားရယင် ဒီထက်ပေါတဲ့ နတ်မီးတွေကိုရလိမ့်အုံးမယ်လို့ သူ့စိတ်ထဲ ဒီလိုလဲထင်တယ်၊ အလိုလဲရှိတယ်။

အဲဒီလို ဖောင်ကလေးနဲ့ ရှေ့ဆက်မျှောမယ်ကြံတော့ နတ်သမီးလေးယောက်က ပြောတယ်၊ ရှေ့ဆက်ပြီးမသွားပါနဲ့၊ ဒီမှာဘဲ နတ်စည်းစိမ်ကို ပျော်ပျော်ပါးပါးခံစားပါလို့ဆိုပေမဲ့ သူမနေနိုင်ဘူး၊ ဖောင်ကလေးနဲ့ ရှေ့ဆက်ပြီး မျှောတယ်၊ ရှေ့ကျတော့ နတ်သမီးရှစ်ယောက်ရတယ်၊ ဘယ်လောက်ရသလဲ၊ (ရှစ်ယောက်ပါဘုရား) အား–နေရာကျသွားပြီ၊ ဟိုနတ်သမီးလေးယောက် ပြောသလို သာနေမိယင် ငါရှစ်ယောက်ရမှာ မဟုတ်ဘူး၊ အခု ဘယ်လောက်ရသလဲ၊ (ရှစ်ယောက်ပါဘုရား)

နတ်သမီး ၈–ယောက်မှ ၃၂–ယောက် အဲဒီ ရှစ်ယောက်သောနတ်သမီးတွေနဲ့ နတ်စည်းစိမ်ကို ခံစားခံစားနေရပေမဲ့ ကျေနပ် သလား၊ (မကျေနပ်ပါဘူးဘုရား) အတြိစ္ဆပုဂ္ဂိုလ် ဆိုတာ၊ ဒါလောက်နဲ့လဲ မကျေနပ်သေးဘူးဆိုပြီး ဖောင်ကလေးတခါ ရှေ့ဆက် မျှောတော့ နတ်သမီး တဆဲ့ခြောက်ယောက်ရတယ်၊ ဘယ်လောက်ရသလဲ၊ (တဆဲ့ခြောက်ယောက်ပါဘုရား)

ဒါလောက်နဲ့ဘဲ သူကျေနပ်သလားဆိုတော့ မကျေနပ်သေးဘူး၊ ရှေ့တခါ ဖောင်ကလေးနဲ့ဆက်မျှော၊ နတ်သမီးသုံးဆယ့်နှစ်ယောက်ထိအောင် သူရတယ်။

အမေက ငွေတထောင်ပေးပြီးလွှတ်လို့ ကျောင်းသွားပြီး ဥပုသ်မစောင့်ချင် စောင့်ချင်နဲ့ တရားနာခဲ့ရတဲ့ ကုသိုလ်ကလေးက အကျိုးပေးနေသေးတာကိုး၊ အဲဒီ ၃၂–ယောက်နဲ့လဲ မကျေနပ်သည် ဖြစ်သောကြောင့် ဖောင်ကလေးနဲ့ ရှေ့ဆက်ပြီးမျှောတော့ အမေကိုခြေထောက်နဲ့ကန်ပြီး နှိပ်စက်ညှဉ်းဆဲခဲ့တယ်ဆိုတဲ့ အကုသိုလ်ကံ အကျိုးပေးဘို့ အခွင့်သင့်လာသည်ဖြစ်သောကြောင့် ရှေ့မှာ အမျိုးသားတယောက် သင်တုန်းစက်ကြီးကို ခေါင်းပေါ်မှာ လည်ပြီးတော့ တကတဲ သွေးတွေတကိုယ်လုံးမှာ ပန်းပြီးတော့ ထွက်နေတာကို သူမြင်တယ်။

မိတ္တဝိန္ဒကသင်တုန်းစက်နှင့်တွေ့ပုံ သူ့စိတ်ထဲမှာ သင်တုန်းစက်ကြီး ခေါင်းပေါ်မှာ လည်နေတာကိုတော့ အင်မတန်လှတဲ့ ပဒုမ္မာကြာပန်းကြီးကို ပန်ထားတယ်လို့ သူ့စိတ်ထဲမှာ ထင်တယ်၊ အကုသိုလ်အကျိုး ပေးခါနီးကျတော့–

ကာမ္ဗုပ္ပရာဓပတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန၊ ဝုဒ္ဓိ မက္ကမျ တိဋ္ဌတိ။[၁]

ကမ္ဗုပ္ပရာဓပတ္တာနံ၊ ကုသိုလ်ကံပျက်စီးခွင့် ရောက်လာသောသတ္တဝါတို့အား။ **ဝိနာသေ**၊ ပျက်စီးကြောင်း တရားသည်။ ပစ္စုပဋ္ဌိတေ၊ ရှေးရှုတည်လာသည်ရှိသော်။ အနယော၊ ကြီးပွားရာ ကြီးပွားကြောင်း မဟုတ်တဲ့ နည်းလမ်းသည်။ **နယရူပေန**၊ ကြီးပွားရာ ကြီးပွားကြောင်း ဟူသောနည်းလမ်းဖြင့်။ ဝုဒ္ဓိံ၊ ကြီးပွားရာ **ကြီးပွား**ကြောင်းတွေကို။ အက္ကမျ၊ ချိုးဖဲ့ နှိမ်နင်းပြီးတော့။ တိဋ္ဌတိ၊ **တည်လေတော့၏**။

ကုသိုလ်ကံကုန်လို့ အကုသိုလ်ကံ နှိုက်စက်တဲ့လူဟာ ကြီးပွားရာ **ကြီးပွား**ကြောင်း မဟုတ်တဲ့လမ်းကို ကြီးပွားရာ ကြီးပွားကြောင်းလို့ ထင်တယ်ဟုတ်လား၊ အဲဒီတော့ ကြီးပွားကြောင်းမဟုတ်တဲ့ လမ်းတွေကို ကြီးပွားကြောင်းလို ထင်ပြီးတော့ ကြီးပွားကြောင်းတွေကို အကုန်လုံး ချိုးဖဲ့ဖျက်ဆီးပြီး ကြီးပွား**ကြောင်းမ**ဟုတ်တဲ့ လမ်းကို လိုက်တော့တာဘဲတဲ့။

အခုလဲဘဲ နတ်သမီးတွေနဲ့ ခံစားစံစားနေရတာ သူရဲ့ ကြီးပွားရာကြီးပွား**ကြောင်းမ**သိလို့ဘဲ ဟုတ်လား၊ ကမ္ဗုပ္ပရာဓ—ကံက ချိုးဖဲ့ပြီး နှိပ်စက်ညှဉ်း ဆဲလာပြီဆိုတော့ ဒီနတ်သမီးတွေနဲ့ နေရတာကို ကောင်းတယ်မထင်ဘူး၊ အခုန က ပြောတဲ့ သင်တုန်းဓားကြီး ခေါင်းပေါ်ပန်ထားရတဲ့ သွေးတွေပန်းထွက် နေတဲ့ ပုဂ္ဂိုလ်ကို သူ့စိတ်ထဲမှာ ကောင်းတယ်လို့ထင်တယ်။

ဒီတော့ သူက ဘယ့်နှယ်ပြောသလဲ—
အမ္ဘော ရူဒံ တယာ ပိဋ္ဌန္ဓပဒုမံ မယှံ ဒေဟိ။[၂]

၁။ ဝဇိရဗုဒ္ဓိဋီကာ နှာ-၆၉ တွင် ရှိသောဂါထာကို ဆရာတော် ကြီးများက ပြုပြင်၍ သီကုံးထားဟန်တူပါသည်၊ ဝဇိရဗုဒ္ဓိ၌ ရှိသည့်ဂါထာမှာ—

ယေဘုယျေန ဟိ သတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန၊ ဗုဒ္ဓိမာဂမ္မ တိဋ္ဌတိ။

ဟု—ရှိသည်၊ အနက်ကား—

ဟိ၊ မှန်ပါ၏။ ယေဘုယျေန၊ များသောအားဖြင့်။ **သတ္တာနံ**၊ **သတ္တဝါ**တို့အား။ ဝိနာသေ၊ ပျက်စီးခြင်းသည်။ ပစ္စုပဋ္ဌိတေ၊ ရှေးရှုတည်လာသည်ရှိသော်။ အနယော၊ နည်းမှန်လမ်းမှန်မဟုတ်သောသဘောသည်။ နယရူပေန၊ နည်းမှန်လမ်းမှန် သဘော အနေဖြင့်။ ဗုဒ္ဓိံ၊ မိမိအသိဉာဏ်သို့။ အာဂမ္မ၊ လာရောက်၍။ တိဋ္ဌတိ၊ တည်လေ၏။

၂။ **သမ္မော အဋ္ဌကထာ** နှာ-၄၅၃-၄။

အမ္ဗာဘပုရိသ၊ အို အမျိုးကောင်းသားမင်းယောကျ်ား။ တယာ၊ သင်သည်။ ဣဒံ ပိဋ္ဌန္ဓပဒုမံ၊ ဤပန်ဆင်ထားအပ်တဲ့ ပဒုမ္မာကြာပန်းကြီးကို။ မယှံ၊ ငါအား။ ဒေဟိ၊ ပေးပါလော့။

သွားတောင်းတယ်၊ ပေးပါတဲ့–ဒီပန်းကြီးကို၊ ဒီတော့ ဟိုလူကဘယ်နှယ် ပြောသလဲ။

နယိဒံ သာမိ ပဒုမံ၊ ခုရစက္ကံ တေန္တိ အာဟ။

သာမိ၊ အို အရှင်ယောကျ်ား။ ဣဒံ၊ ဤအကျွန်ုပ် ခေါင်းပေါ်က အရာသည်။ နပဒုမံ၊ ပဒုမ္မာကြာပန်းမဟုတ်ပါ။ တေ၊ ဤအကျွန်ုပ်ခေါင်းပေါ်မှာ ချာချာလည်နေခြင်းသည်။ ခုရစက္ကံ၊ သင်တုန်းစက်ကြီးပါပေတည်း။ ဣတိ အာဟ၊ ဤသို့ပြော၏။

မယုံဘူးတဲ့သူက၊ ဟုတ်လား--

"ဝဉ္စေသိ မံ တွံ"။ ။တွံ၊ သင်သည်။ မံ၊ ငါ့ကို။ ဝဉ္စေသိ၊ လှည့် ပတ်ဖြားယောင်းပြီးတော့ပြော၏။ "ကိံ မေ ပဒုမံ န ဒိဋ္ဌပုဗ္ဗံ"။ ။မေ၊ ငါသည်။ ပဒုမံ၊ ပဒုမ္မာကြာပန်းကို။ န ဒိဋ္ဌပုဗ္ဗံ ကိံ၊ မမြင်ဘူးသည် မဟုတ်ပါ-တဲ့။

ပဒုမ္မာကြာပန်းကို မမြင်ဘူးတာ မဟုတ်ပါဘူး၊ ခင်ဗျားပန်ထား တာဟာ ပဒုမ္မာကြာပန်းကြီးပါတဲ့၊ သွေးတွေအလိမ်းလိမ်း ကပ်နေတာကို လောဟိတ စန္ဒန–နီမြန်းသော စန္ဒကူးနီ အမွှေးရေတွေ လိမ်းထားတယ်လို့ သူ့စိတ်ထဲမှာ ထင်တယ်၊ ခင်ဗျားလိမ်းထားတဲ့ အမွှေးရေတွေ, ခင်ဗျားပန်ထားတဲ့ ပဒုမ္မာ ကြာပန်းကြီးတွေကိုမပေးချင်လို့ ခင်ဗျား ဒီလိုပြောတာလားဆိုတော့ ဟိုပုဂ္ဂိုလ် က စဉ်းစားတယ်၊ ဟိုကလဲ အကုသိုလ်ကံက ကုန်တော့မယ်။

အယမ္ပိ မယာ ကတသဒိသံ ကမ္မံ ကတွာ တဿ ဖလံ အနုဘဝိတု ကာမော တိ။[၁]

အယမ္ပိ၊ ဤသူသည်လည်း။ မယာ၊ ငါသည်။ ကတသဒိသံ၊ ပြုဘူးသော ကံနှင့် တူသော။ ကမ္မံ၊ ကံကို။ ကတွာ၊ ပြုမိခဲ့၍။ တဿ၊ ထိုကံ၏။ ဖလံ၊ အကျိုးကို။ အနုဘဝိတုကာမော၊ အစဉ်ခံစားလိုသည်။ ဟောတိ၊ ဖြစ်ပေ လိမ့်မည်။ ဣတိ၊ ဤသို့ကြံစည်ပြီးတော့–

ရော့ယူတော့ဗျာ–ဆိုပြီး ပစ်ပေးခဲ့ပြီးတော့ ဟိုလူကတော့ ပြေးရော၊ သူက တော့ အခုထိ သင်တုန်းစက်ကြီးလည်နေတုန်း ဟုတ်လား–

၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ နှာ–၄၅၄။

မြတ်စွာဘုရား ဟောကြားတော်မူခြင်း အဲဒီအချိန်မှာ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာဟောလိုက်လဲ-အတြိစ္ဆကြောင့် မိတ္တဝိန္ဒက ဇာတ်မှာ–

စတုဗ္ဘိ အဋ္ဌဇ္ဈဂမာ၊ အဋ္ဌာဟိ ပိစ သောဠသ။
သောဠသာဟိ စ ဗာတ္တိံသ၊ အတြိစ္ဆံ စက္က မာသဒေါ။
ဣစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေ။ [၁]

ဒီဒေသနာတော်ကို ဟောတော်မူပါတယ်။

မိတ္တဝိန္ဒက၊ မိတ္တဝိန္ဒက။ တံ၊ သင်သည်။ စတုဗ္ဘိ၊ လေးယောက်သော နတ်သမီးတို့မှ။ အဋ္ဌ၊ ရှစ်ယောက်သော နတ်သမီးတို့ကို။ အဇ္ဈဂမာ၊ ရခဲ့ပေပြီ။ အဋ္ဌာဟိ ပိ စ၊ ရှစ်ယောက်သော နတ်သမီးတို့မှလည်း သောဠသ၊ တဆဲ့ခြောက် ယောက်သောနတ်သမီးတို့ကို။ အဇ္ဈဂမာ၊ သင်ရခဲ့ပေပြီ။စ–ထိုမှတပါး။ သောဠသာဟိ၊ တဆဲ့ခြောက်ယောက်သော နတ်သမီးတို့မှ။ ဗာတ္တိံသံ၊ သုံးဆယ့်နှစ်ယောက်သော နတ်သမီးတို့ကို။ အဇ္ဈဂမာ၊ သင်ရခဲ့ပေပြီ။ အတြိစ္ဆံ၊ အလွန်အလိုကြီးသော သင်မိတ္တဝိန္ဒကသည်။ စက္ကံ၊ သင်တုန်းစက်သို့။ အာသဒေါ၊ သင်ရောက်ရလေပြီ။

လောဘကြီးတဲ့ပုဂ္ဂိုလ်၊ အသက်လေးဆယ် အလုပ် လုပ်ရလို့လဲ သူတို့မှာ မကျေနပ်သေးဘူး၊ အသက်ငါးဆယ် အလုပ်လုပ်လို့လဲ မကျေနပ်သေးဘူး၊ အသက်ခြောက်ဆယ်ပြည့်အောင် အလုပ်လုပ်လို့လဲ မကျေနပ်သေးဘူး၊ ခုနစ်ဆယ်ထိအောင် အလုပ်လုပ်လို့လဲ မကျေနပ်သေးဘူး၊ အိုဗာတိုင် ဆင်းသေးသတဲ့ဗျား၊ ဒီတော့ ဒီလူတွေ ဘယ်ရောက်မလဲ-သင်တုန်းစက် ရောက်မှာဘဲ ဟုတ်လား။

ဟိုက ခင်ဗျားနားတော့၊ ကုသိုလ်ကောင်းမှုလုပ်တော့၊ အသက်အရွယ်ကြီးပြီ၊ ဒီ ကာမဂုဏ်အလုပ်တွေကို မလုပ်နဲ့တော့၊ ကုသိုလ်ကောင်းမှုလုပ်ပါတော့လို့ ဟိုက အနားပေးလိုက်ပြီ မဟုတ်လား–ပင်စင်လစာနဲ့၊ အဲဒါ မကျေနပ်နိုင်ဘူး၊ အတြိစ္ဆဖြစ်ပြီးတော့ ကျွန်တော့်ကို အိုဗာတိုင်ကလေး တနေ့ သုံးကျပ်ဆယ့်ငါးပြားနဲ့ လုပ်ပါရစေအုံးခင်ဗျာလို့ဆိုပြီး ဆင်းတဲ့ပုဂ္ဂိုလ်ဟာ သင်တုန်းစက်ထဲရောက်မယ်၊ အတော်ကြာ လူစက်ထဲရောက်မယ်–ဒီလူ ဟုတ်လား၊ အဲဒါကြောင့်–

၁။ သမ္မောဒအဋ္ဌကထာ နှာ-၄၅၄။ ဇာတ်ပါဠိတော် ပဌမအုပ် နှာ–၂၄ နှင့် နှာ–၂၀၀။ ဇာတ်အဋ္ဌကထာ ဒသကနိပါတ် နှာ–၄။

အတြိစ္ဆိ၊ အလွန်အလိုကြီးသော သင် မိတ္တဝိန္ဒကသည်။ စက္ကံ၊ သင်တုန်း စက်သို့။ အာသဒေါ၊ ရောက်၍ နေသည်။ အသိ၊ ဖြစ်၏။ ဠုစ္ဆာဟတာဿ၊ အလိုရမက်အလွန်ကြီး၍ နေသော။ ပေါသဿ၊ သတ္တဝါ၏။ မတ္ထကေ ဦးခေါင်းထက်၌။ စက္ကံ၊ သင်တုန်း စက်ကြီးသည်။ ဘမတိ၊ ချာချာလည်၍ နေပေတော့၏၊ ခံရလေ၏။

အတြိစ္ဆပုဂ္ဂိုလ်များရဲ့အပြစ် အဲဒါကြောင့် အပ္ပိစ္ဆကထာနဲ့ အလိုနည်းကြစမ်းပါလို့ ဒါပြောတာ၊ ဥပဒေသလေး မှတ်ထားစမ်းပါ။

* အလိုရမ္မက်၊ ကြီးသည့်တွက်၊ အပျက်နောက်ဆုံးသာ။

ဘာတဲ့လဲ ဘုန်းကြီးတို့ ပရိသတ်။

* အလိုရမ္မက်၊ ကြီးသည့်တွက်၊ အပျက်နောက်ဆုံးသာ။

ငါတော့ အလိုရမ္မက်တွေ ဒါလောက်ကြီးနေယင်တော့ အပျက်ကိုနောက်ဆုံး တွေ့ရမှာဘဲလို့ ဒါကလေး ဥပဒေသကလေး မှတ်ထား၊ဒါ အတြိစ္ဆပုဂ္ဂိုလ်၊ အဋ္ဌကထာက ဒါလောက်တင်မကသေးဘူး၊ နောက်တနည်းပြသေးတယ်။

အသိတာဘူဇာတ်ဝတ္ထု[၁] ဗာရာဏသီပြည်မှာ မင်းသားတပါးရှိတယ်–တဲ့ အဲဒီ မင်းသားက အိမ်ရှေ့မင်းသား၊ သောင်းကျန်းလိုက်တဲ့ ကာမဂုဏ်ဆိုတာ မပြောနဲ့တော့၊ တိုတိုပြောတော့ သူ့မှာ အသိတာဘူ မင်းသမီးရယ်လို့ မိဖုရားရှိတယ်၊ ကာမဂုဏ်ကို သောင်းကျန်းအားကြီးတော့ ရှင်ဘုရင်က ဘယ်နှယ်လုပ်ရသလဲဆိုတော့ တိုင်းပြည်က နှင်ထုတ်ရတဲ့–အဖြစ်ကို ရောက်တယ်၊အတြိစ္ဆ–အလွန့် အလွန်အလိုရှိလို့ အလိုမပြည့်နိုင်လွန်းလို့ တခါထဲ သူ့ကို တိုင်းပြည်ကနှင်ထုတ်တယ်။

အဲဒီလို တိုင်းပြည်က နှင်ထုတ်လိုက်တဲ့ အခါကျတော့ သူ့နောက်ကို အသိတာဘူမင်းသမီး ပါသွားတယ်၊ ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးက တောထဲမှာ တရားအားထုတ်လို့ စျာန်သမာပတ်တွေရပြီးတော့ ရသေ့ရဟန်း ပြုလုပ်ပြီး နေပါတယ်၊အဲဒီနေရာကို အသိတာဘူမင်းသမီးနဲ့ ကာမဂုဏ် သောင်းကျန်းတဲ့မင်းသားရောက်သွားကြတော့ သခ်မ်းကျောင်းကလေး တခု ပြုလုပ်ပြီး နေကြတယ်။

တောထဲမှာ တောလယ်ပြီးနေရင်း အသားစားကျူးတဲ့ မင်းသားဖြစ်တဲ့ အတွက် တောထဲက သမင်တွေလိုက်ပစ် ဘာတွေလိုက်ပစ်နဲ့ အဲဒီလို နေရင်းက တနေ့တော့ တောထဲ ဘာတွေလဲဆိုတော့ ကိန္နရီမကို သွားတွေ့တယ်၊ သိပ်

၁။ ဇာတ်အဋ္ဌကထာ ဒုကနိပါတ်၌ အသိတာဘူဇာတ် ဟု အမည်ရှိသည်။

ကာမဂုဏ် သောင်းကျန်းတဲ့ မင်းသားဖြစ်တော့ ကိန္နရီမလဲ တွေ့ရော အဲဒီ ကိန္နရီမနောက် ကောက်ကောက်ပါအောင် လိုက်သွားရော၊ အသိတာဘူ မင်းသမီးကို ထားပစ်ခဲ့တယ်။

ဒီတော့ အသိတာဘူမင်းသမီးက ဩော်-သူတော့ ကိန္နရီမနောက် လိုက်သွားပြီ၊ သူ ငါ့ကိုပစ်ခဲ့ပြီ၊ ဒီတော့ ဘုရားလောင်းရသေ့ထံမှာ ချဉ်းကပ်ပြီးတော့ ငါတော့ တရားကြီးစားအားထုတ်မှဘဲလို့ ဆိုပြီး အဲဒီ အသိတာဘူ မင်းသမီးဟာ ဘုရားအလောင်းထံ ချဉ်းကပ်ပြီး သမထတွေနဲ့ တရားကြိုးစားအားထုတ်တော့ ဟော ဈာန်သမာပတ်တွေ ရပြီးတော့ ကာမဂုဏ်စိတ်တွေ ကုန်ခန်းပြီးတော့ ဈာန်ချမ်းသာတွေကို ရတယ်၊ ဈာန်ချမ်းသာဆိုတာ ကာမဂုဏ် ချမ်းသာထက် ကောင်းတာကိုး။

အဲဟိုမှာ ကိန္နရီမနောက်လိုက်သွားတဲ့ မင်းသားနဂိုကမှ ကာမဂုဏ် သောင်းကျန်းလွန်းလို့ မြို့ကနှင်ထုတ်လိုက်ရတယ်၊ အခု တောထဲကျပြန်တော့လဲ ဘယ်လိုတုံး၊ သောင်းကျန်းတုံးဘဲ၊ အဲဒီလို ကိန္နရီမနောက်လိုက်တော့ ကိန္နရီမကို ဘာရမလဲ-ဟုတ်လား။

ကိန္နရီမကို မရတော့-ပြန်လာပြီ၊ အသိတာဘူမင်းသမီးက ဩော်-ဘာသားချောတော့ ကိန္နရီမ မရတာနဲ့ ငါ့ဆီပြန်လာပြီ၊ ဒီတော့ ဒီတခါ ငါသူ့ကိုပြန်ပြီးတော့ အကပ်ခံယင် ငါ့ဈာန်ကလေးဟာ ပျက်စီးသွားလိမ့်မယ်ဆိုပြီးတော့ အဲဒီမင်းသားပြန်လာတာလဲမြင်ရော အသိတာဘူမင်းသမီးဟာ တခါထဲ ဈာန်အဘိညာဉ်နဲ့ ကောင်းကင်ပျံသွားတယ်။

ကောင်းကင်မှ အသိတာဘူ မင်းသမီးကပြောဆိုခြင်း

ကောင်းကင်ကနေပြီး သူ့ကိုဘာတွေပြောသလဲလို့ ဆိုတော့-အသိတာဘူမင်းသမီး ပြောတာကလေး ပြောရအုံးမယ်။

တွမေဝ ဒါနိ မကရ၊ ယံ ကာမော ဗျဂမာ တယိ။
သောယံ အပ္ပဋိသန္ဓိကော၊ ခရဆိန္နံဝ ရေနုကံ။[၁]

လို့ဆိုပြီး ကောင်းကင်ပျံတက်သွားတယ်၊ တကတဲ မင်းသား မော့ကျန်ခဲ့တယ်။ ပြောသွားတဲ့စကားက ဘာတဲ့-

အယျပုတ္တ၊ အရှင့်သား။ ဒါနိ၊ ယခုအခါ၌။ မယံ၊ အကျွန်ုပ်၏။ ကာဒံ၊ ဤ ဈာန်ချမ်းသာကို။ တွမေဝ၊ သင် မင်းသားသည်သာလျှင်။ အကရ၊ ပြုလုပ်၍ပေးခဲ့ပေ၏။ ဒါနိ၊ ယခု။ တယိ၊ သင်မင်းသား၏ အပေါ်၌။ မေ၊ အကျွန်ုပ်

၁။ ဇာတ်အဋ္ဌကထာ ဒုတိယအုပ် နှာ-၂၁၀။ ရှင်းပါဠိတော် ပဥ္စမအုပ် နှာ-၆၅။

၏။ ယံကာမော၊ အကြင်နှစ်သက်တယ်ဆိုတဲ့ ကာမဂုဏ်စိတ်သည်။ ဗျဂမာ၊ ကင်းကွာ၍ခဲ့လေပြီ။ (ဥပမာကလေးနဲ့ ပြောတယ်) ခရဆိန္နံ၊ လွှဖြင့် ဖြတ်အပ်သော။ ရေနုကံ ဣဝ၊ဆင်စွယ်ကဲ့သို့။ သောအယံကာမော၊ သင်မင်းသားအပေါ်မှာ ကြိုက်နှစ်သက်တယ် ဆိုတဲ့ ထို ကာမဂုဏ် စိတ်သည်။ အပ္ပဋိသန္ဓိကော၊ တဖန်ပြန်၍ ဆက်စပ်လို့ မရတော့ချေ။

ဆင်စွယ်ကို လွှနဲ့ဖြတ်လိုက်ယင် နောက်တခါ ပြန်ဆက်လို့ ရပါအုံးမလား၊ (မရပါဘူးဘုရား) အေး–အဲဒီလိုဘဲတဲ့၊ တဖန်ပြန်၍ ဆက်စပ်မှုမရှိတော့ဘူးလို့ ဆိုပြီး အသိတာဘူ မင်းသမီးက ကောင်းကင် ပျံသွားတယ်၊ ကိန္နရိမကော မဆုံးဘူလား၊ (ဆုံးပါတယ်ဘုရား) အသိတာဘူကော၊ (ဆုံးပါတယ်ဘုရား) ဘာဖြစ်လို့လဲ–အလွန့်အလွန်အလိုရှိတဲ့ အတြိစ္ဆကြောင့်။

အလိုကြီး၍ပျက်စီးဆုံးရှုံးခြင်း အဲဒီတော့–အဲဒီမင်းသားက ဘယ့်နှယ်ပြောသလဲ

အတြိစ္ဆံ အတိလောဘေန၊အတိလောဘမဒေန စ။
ဧဝံ ဟာယတိ အတ္ထမှာ၊အဟံဝ အသိတာဘုယာ။[၁]

အဟံ၊ ငါသည်။ အသိတာဘုယာ၊ အသိတာဘူမင်းသမီးမှ။ ဟာယတိ ဣဝ၊ ဆုံးရှုံးပျက်ပြား နစ်နာရလေသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အတြိစ္ဆံ၊ ထိုထိုအာရုံ ကာမဂုဏ်တွေကို အတောမသတ်အောင် တခုပြီးရင်းတခု အလိုရှိခြင်းကို။ အတိလောဘေန၊ အလွန့်အလွန် အလိုကြီးခြင်းကြောင့်ရင်း။ ဝါ၊ လောဘကြီးလွန်းခြင်းကြောင့်ရင်း။ အတိလောဘမဒေနစ၊ အလွန်အလိုကြီးခြင်းဟုဆိုအပ်သော လောဘမာန် ယစ်ခြင်း ကြောင့်ရင်း။ အတ္ထမှာ၊ မိမိရဲ့ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားမှ။ ဟာယတိ၊ ဆုတ်ယုတ် ပျက်ပြား ရလေတော့၏။

အလိုမကြီးတဲ့ အသိတာဘူ မင်းသမီး အတွက် အဘိုးမတန် ဘူးလား၊ (တန်ပါတယ်ဘုရား)

* ကိုယ်၏အကျိုး၊ ကိုယ်သယ်ပိုး၊ အဖိုးတန်လှသည်။

ဥပဒေသကလေးမှတ်ထားနော်၊ ဘာတဲ့လဲ—

* ကိုယ်၏အကျိုး၊ ကိုယ်သယ်ပိုး၊ အဖိုးတန်လှသည်။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ကိုယ့်အကျိုးစီးပွားကို ကိုယ်ရွက်ဆောင်ယင် အဖိုး မတန်ဘူးလား၊ အသိတာဘူ မင်းသမီးကဲ့သို့ ဟုတ်လား၊ အဖိုးတန်တယ်။

၁။ ဇာတ်ပါဠိတော် ပဌမအုပ် နှာ–၆၅။ ဝဏ္ဏနာ။ အဋ္ဌကထာ၊ ၃၊ နှာ–၂၁၁။

ထိုမင်းသားမှာ အတြိစ္စကြောင့် ဘာရသေးလဲ၊ (မရပါဘူးဘုရား) ဒါ အတြိစ္စပုဂ္ဂိုလ်–နော်၊ ကိုယ်ရတဲ့ လာဘ်လာဘကလေးနဲ့ မတင်းတိမ်မရောင့်ရဲနိုင်ဘဲ ရပြီးရင်း ရချင်ရင်း, ရပြီးရင်း ရချင်ရင်းသည် အတြိစ္စပုဂ္ဂိုလ်။

ပါပိစ္ဆပုဂ္ဂိုလ်၏သဘော ဘယ်လိုလဲ ပါပိစ္ဆပုဂ္ဂိုလ်ဆိုတာ အဋ္ဌကထာဆရာက ဘယ်နှယ် ပြောထားလဲ–"အသန္တဂုဏသမ္ဘာဝနတာ ပန ပဋိဂ္ဂဟဏေ စ အမတ္တညုတာ ပါပိစ္ဆတာ နာမ"။[၁] (ဒါ ပဏ္ဏာသအဋ္ဌကထာ)

အသန္တဂုဏသမ္ဘာဝနတာ၊ မိမိမှာ ထင်ရှားမရှိသောဂုဏ်ကို ချီးမွမ်းသည်၏အဖြစ်ဖြင့်။ ပဋိဂ္ဂဟဏေစ၊ အလှူခံခြင်း၌လည်း။ အမတ္တညုတာ၊ အတိုင်းအရှည်ကိုမသိခြင်းသည်။ ပါပိစ္ဆတာနာမ၊ ပါပိစ္ဆတာမည်၏။

ကိုယ့်မှာ မရှိတဲ့ ဂုဏ်ကို ရှိချင်ယောင်ဆောင်ပြီးတော့ အလှူခံတဲ့ နေရာမှာ အပိုင်းအခြားမရှိ အလှူခံနေတဲ့ ပုဂ္ဂိုလ်ကို ပါပိစ္ဆတာပုဂ္ဂိုလ်၊ ကိုယ့်မှာ သီလဂုဏ်လဲမရှိ, သမာဓိဂုဏ်လဲမရှိ၊ ဒါကို ပါဠိတော်က ပြောထားတာရှိတယ်၊ ဥဒါန်းအဋ္ဌကထာက ဘယ့်နှယ်ပြောထားသလဲဆိုတော့–

အသန္တဂုဏသမ္ဘာဝနာဓိပ္ပါယော ပါပိစ္ဆော။[၂]

အသန္တ ဂုဏသမ္ဘာ ဝနာဓိပ္ပါယော၊ မိမိမှာ ထင်ရှား မရှိသောဂုဏ်အင်ကို ဖော်ကြွားပြောဆိုခြင်းကို လိုလားသူသည်။ ပါပိစ္ဆော၊ ပါပိစ္ဆမည်၏။

အဲဒီ ပါပိစ္ဆပုဂ္ဂိုလ်ကို ပါဠိတော်က ဘယ့်နှယ်ပြောထားသလဲ–

> ဣဓေကစ္စော အဿဒ္ဓေါ သမာနော "သဒ္ဓေါတိ မံ ဇနော ဇာနာတူ" တိ ဣစ္ဆတိ။[၃]

ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ အဿဒ္ဓေါ သမာနော၊ သဒ္ဓါတရားမရှိပါဘဲ။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ သဒ္ဓေါတိ၊ သဒ္ဓါတရားရှိသောသူဟူ၍။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိလေ၏။

အဲဒါက ဘယ်လိုလဲ၊ သမ္မောဟအဋ္ဌကထာက ဒါပြောထားတယ်၊ ဥပုသ်နေ့ကျောင်းမှာ လူတွေများလာပြီ ဆိုယင်. အဲဒီကိုယ်တော် တံမြက်စည်းကိုင်ပြီး အဲဒါ ကျောင်းထဲ တံမြက်စည်းလှည်းတယ်၊ အမှိုက်ကျုံးတယ်၊ စေတီရင်ပြင်သွားပြီးတော့ တံမြက်လှည်းတယ်–လူရှေ့မှာ သဒ္ဓါတရားရှိတယ်လို့ သူများ

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယ နှာ–၄၅။ သမ္မောဟအဋ္ဌကထာ နှာ–၄၅၀။
၂။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၆။
၃။ ဝိဘင်းပါဠိတော် နှာ–၃၆၄။

ထင်အောင်၊ တကယ်ကတော့ သူဟာ သဒ္ဓါတရားရှိတာမဟုတ်ဘူး၊ ကိုယ့်မှာ နဂိုက သဒ္ဓါတရားမရှိဘဲနဲ့ လူရှေ့မှာ သဒ္ဓါတရားရှိဟန် ဆောင်ပြီးတော့ ပစ္စည်းဥစ္စာကိုရအောင် အလှူခံခြင်းသည် ပါပိစ္ဆပုဂ္ဂိုလ်တဲ့၊ ဒါတနည်း။

သီလရှိဟန်ဆောင်ခြင်း နောက်တနည်းပြောသေးတယ်–"ဒုဿီလော သမာ– နော သီလဝါတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ"[၁]။

အတ္တနာ၊ မိမိကိုယ်တိုင်။ ဒုဿီလော၊ သီလမရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ သီလဝါတိ၊ သီလရှိသော ပုဂ္ဂိုလ်ဟူ၍။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။

ဟော–သူကတော့တမျိုး၊ သူကကိုယ်ကျင့်တရားမရှိဘူး၊ သီလမရှိဘူး၊ မရှိဘဲနဲ့ လူထဲသူထဲမှာ သူများက သီလရှိတယ်လို့ အထင်ရောက်အောင် သူက ဘာလုပ် လေ့ရှိသလဲ- ပရိသတ်တွေများပြီဆိုယင် ဝိနည်းမိုရ်ပုဂ္ဂိုလ်ကြီးတွေထံ ချဉ်းကပ်ပြီးတော့ သူကပြောတယ်၊ အရှင်ဘုရား....ဘုရားတပည့်တော် ဆွမ်းခံသွားရင်း နွားတကောင်လန့်ပြီး ပြေးတယ်၊ အဲဒါ တပည့်တော်လဲ လန့်ပြေးလိုက်တော့ မြက်ပင်လေးတွေ ပြတ်ကုန်တယ်ဘုရား၊ အဲဒါ [illegible] အာပတ်များ သင့်သလားတဲ့၊ ဟော–သူလုပ်ပုံ။

နေပြီးတော့ တပည့်တော် တံမြက်စည်းလှည်းနေတဲ့အခါမှာ မြက်ပင်ကလေးတွေ ပြတ်ကုန်တယ်–တဲ့၊ အဲဒါ အာပတ်များသင့်သလားတဲ့၊ ဘုန်းကြီးဆိုတာ ဟို–ကြီးပွားဆဲကြီးပွားပြီးတဲ့ မြက်သစ်ပင်တွေကို မဖြတ်ရဘူးမဟုတ်လားလို့၊ အဲဒါ သူက တံမြက်စည်းလှည်းရင်း မြက်ပင်ကလေးတွေ ပြတ်ကုန်တာကိုဘဲ အာပတ်များသင့်သလားလို့ လျှောက်တယ်။

နေပြီးတော့ တခါတရံမှာ ဘုရားတပည့်တော် အမှတ်တမဲ့ တံတွေးထွေးလိုက်တဲ့အခါမှာ မြက်ပင်လေးတွေပေါ်ကို တံတွေးထွေးမိတယ်၊ အဲဒါ အာပတ်များသင့်သလား–ဝိနည်းမိုရ်တွေထံမှာ သူကမေးတယ်–လူရှေ့မှာ လူရှေ့မှာ၊ သီလမရှိဘဲနဲ့ သီလရှိချင်ယောင်ဆောင်လို့။

ဥပမာ–ရဟန်းတော်များဆိုတာ စိမ်းလန်းစိုပြေတဲ့ မြက်ပင်တို့ ဘာတို့ပေါ်မှာ တံတွေးမထွေးရဘူး၊ သေခိယမှာပါတယ်၊ မနာမဖျားဘဲနဲ့ စိမ်းစိုသော မြက်သစ်ပင် ရှိရာအရပ်မှာ ကျင်ကြီးကျင်ငယ်မစွန့်ရဘူး၊ တံတွေးမထွေးရဘူး၊ နှပ်မညှစ်ရဘူး၊ သုံးဆောင်ကောင်းတဲ့ ရေပေါ်မှာလဲ ဒီလိုဘဲ။

အဲဒါသူက တံတွေးထွေးမိလို့ မြက်ပင်ကလေးပေါ် တံတွေးကျသွားယင်ဘဲ အရှင်ဘုရား....တပည့်တော် အမှတ်တမဲ့ တံတွေးထွေးလိုက်တာ မြက်

၁။ ဝိဘင်းပါဠိတော် နှာ–၃၆၄။

ပင်ပေါ်ကျသွားတယ်၊တပည့်တော် အပြစ်များဖြစ်သလား-တဲ့၊ ဒီလို သူ့ဥစ္စာက ဟန်လုပ်တာ ဟန်လုပ်တာ၊ အမှန်ကတော့ ကိုယ်ကို တကာ တကာမတွေ အထင်ကြီးအောင်၊ ဝိနည်းလေးစားတယ်ထင်အောင်လို့။

ဒါက ပါပိစ္ဆပုဂ္ဂိုလ်အကြောင်း ပြောနေတာ၊ အဲဒီလို-ဒီတော့ တကာ တကာမတွေက ဒီကိုယ်တော်ဟာ ဒီလောက် အပြစ်ကလေး သေးသေးလေး တောင်မှ သူ အပြစ်ကြီးတယ်လို့ သံသယ ကုက္ကုစ္စ ဖြစ်နေယင် ဒီထက်ကြီးတဲ့ အပြစ်တွေဆိုယင် သိပ်ပြီးကြိုးစားပြီးတော့ ရှောင်မှာဘဲ၊ တယ် သီလလေးစား တဲ့ ပုဂ္ဂိုလ်ပါလားလို့ အထင်ရောက်ပြီးတော့ ပစ္စည်းလေးပါးတိုကို လှူအောင် တန်းအောင်လို့ ဆိုပြီးတော့ ဝါကြွားပလွှားပြီးတော့ ကိုယ့်မှာ ပကတိသီလ မရှိဘဲနဲ့ သီလရှိချင်ယောင်ဆောင်၊ သဒ္ဓါတရား မရှိဘဲနဲ့ သဒ္ဓါတရား ရှိချင် ယောင်ဆောင်၊လူထဲ သူထဲ အောင်ကာဟစ်ကာနဲ့ အဲဒီလိုပြောကြွားတဲ့ ပုဂ္ဂိုလ်ကို ပါပိစ္ဆပုဂ္ဂိုလ်လို့ခေါ်သတဲ့၊ ပါဠိတော်က ပြောတာ၊ ဒါ-ထူးကြီးဆရာတော် စကားမဟုတ်ဘူး။

ဗဟုသုတရှိဟန်ဆောင်ခြင်း ပြောသေးတယ်တခါ-"အပ္ပဿုတော သမာနော ဗဟုဿုတောတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ"။

အပ္ပဿုတော သမာနော၊ အကြားအမြင် ဗဟုသုတ နည်းပါးလျက်သားနဲ့။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ ဗဟုဿုတောတိ၊ များသောအကြား အမြင်ရှိသောသူဟူ၍။ ဇာနာတု၊ သိပါစေသတည်း။-လို့ဆိုပြီးတော့ သူက ဘာလုပ်လဲ။

ဟာ-ဘယ်ကိုယ်တော်တော့ တိပိဋကဓရ အောင်တယ်၊ ဟာ-အဲဒါ ငါ တပည့်၊ ငါဆီ စာသင်ဘူးတယ်-သူကဒီလို၊ အင်း-ဘယ်ကိုယ်တော်တော့ ဒီဿ ဘာဏက အောင်တယ်တဲ့၊ ဟာ-အဲဒီ ကိုယ်တော် ငါ့ဆီမှာ စာသင်ဘူးတယ်၊ ဒီတော့ တကာတွေက ဘယ့်နှယ်ထင်သလဲ-ဒီကိုယ်တော်ဟာ ဒါလောက် ဘွဲ့ကြီး စာတတ်တဲ့ကိုယ်တော်တွေတောင် သူ့ဆီမှာ စာသင်ဘူးတယ်ဆိုယင် ဒီ ကိုယ် တော်လဲသိပ်ပြီးတော့စာတတ်မှာဘဲလို့ အဲဒီလိုထင်မှတ်ပြီးတော့ ပစ္စည်းလေးပါး လှူအောင်လို့ ပလွှားဝါကြွား ပြီးတော့ ကိုယ့်မှာ အတတ်ပညာ မရှိဘဲနဲ့ အတတ်ပညာရှိချင်ဟန်ဆောင်ပြီးတော့ ပြောကြွားတဲ့ စကားမျိုး၊ ပြောကြွား ပြီးတော့ ပစ္စည်းလာဘ်လာဘကို ရအောင်အလှူခံတဲ့ ပုဂ္ဂိုလ်ဟာ ဘာပုဂ္ဂိုလ်လဲ (ပါပိစ္ဆပုဂ္ဂိုလ်ပါဘုရား)

ဒီလိုပုဂ္ဂိုလ်မျိုးတရားရပါ့မလား၊ (မရပါဘူးဘုရား) ဒါတင်မကသေးဘူး တဲ့၊ ဟော-ပြောသေးတယ် ပါဠိတော်က-မကုန်သေးဘူး၊ ပါဠိတော်မှာရှိတာ တော့ ကုန်အောင်ပြောရမယ်၊ ဘယ့်နှယ်ပြောလဲ-

ဆိတ်ငြိမ်ရာ၌နေဟန်ဆောင်ခြင်း သင်္ဂဏိကာရာမေ၀ သမာနော ပဝိဝိတ္တောတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။

သင်္ဂဏိကာရာမေ၀သမာနော၊ မိမိကိုယ်တိုင်က အပေါင်းတွေ့အသင်းတွေ့ မိတ်ဆွေသင်္ဂဟတွေ့ ဓမ္မမိတ်ဆွေတွေနဲ့ ပျော်ပါးလေ့ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ပါလျက်။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ ပဝိဝိတ္တောတိ၊ ဆိတ်ဆိတ်ငြိမ်ငြိမ် တယောက်ထဲနေတဲ့ ပုဂ္ဂိုလ်ဟူ၍။ ဇာနာတု၊ သိစေသတည်း။

ဆိုပြီးတော့ အင်း–ဘယ်လိုလဲ သူ့ဥစ္စာက၊ ဥပုသ်နေ့ ကျောင်းလူတွေ များများ ဥပုသ်စောင့်ရအောင် လာပြီဆိုယင် အဲဒါ သင်ဖြူးကလေးတချပ် ယူပြီးတော့ သွားရောတနေရာ၊ ညနေစောင်း ကျောင်းမှာလူတွေက ဘယ့်နှယ်လဲ ဆရာတော်ကြီးတပါး မမြင်ပါလားဆိုတော့ ဟာ–ဒီကိုယ်တော်က ဒီလိုဘဲ အဲဒီနေ့ကျယင် လူတွေနဲ့ ရောရောနှောနှော နေတာမဟုတ်ဘူး၊ လွတ်လွတ် သွားနေလေ့ရှိတယ်–ဟုတ်လား၊ ဒီလို။

ကျောင်းကလူတွေ ညနေစောင်းကျလို့ ပြန်ခါနီးယင် သူက ဘာလုပ်လာ သလဲ–ချုံထဲကတိုးပြီး ထွက်လာတဲ့ပုံလို ပင့်ကူမျှင်တွေ ဘာတွေ နဖူးကပ် လို့တဲ့–သူ့ဥစ္စာက၊ အဲဒါ ဒီလူတွေ လာတဲ့နေရာကို လာပြန်ထိုင်တယ်၊ အရှင်ဘုရား ဘယ်ကြွနေလဲ၊ ဟာ–ကျောင်းထဲလူတွေ ရှုပ်လွန်းလို့ ကိုရင်တွေ များလွန်းလို့ မနေချင်ဘူး၊ ဆိတ်ဆိတ်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ နေချင်တဲ့ ဟန်ပေါ့လေ၊ အဲဒီလို ကိုယ့်မှာ ပကတိမရှိတဲ့ ဂုဏ်ကို ရှိချင်ယောင်ဟန်ဆောင် ပြီးတော့ ပစ္စည်းလာဘ်လာဘကို အလှူခံတဲ့ ပုဂ္ဂိုလ်မျိုးဟာလဲ ဘာပုဂ္ဂိုလ်လဲ (ပါပိစ္ဆပုဂ္ဂိုလ်ပါဘုရား)။

ကုန်ပလား–ပါဠိတော်က၊ မကုန်သေးဘူး၊ ပြောအုံးမယ်။

ကြိုးစားအားထုတ်သလို ဟန်ဆောင်ခြင်း ကုသီတော သမာနော အာရဒ္ဓဝီရိယောတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။[၁]

ကုသီတော၊ တရားအားမထုတ်ချင်ဘဲနဲ့ ပျင်းရိတဲ့ပုဂ္ဂိုလ်သည်။ သမာနော၊ ဖြစ်ပါလျက်။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ အာရဒ္ဓဝီရိယောတိ၊ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟူ၍။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။

အင်း–သူကဘယ်လိုလဲ–ဒီအချိန်မှာ အလုပ်တွေ လုပ်ပြတယ်၊ တရားသိပ် အားထုတ်တဲ့ပုဂ္ဂိုလ်လို လုပ်ပြတယ်၊ ပြီးတော့ကော ကုန်ပလား ဆိုတော့ မကုန်သေးဘူး–ပါဠိတော်က။

သတိရှိဟန်ဆောင်ခြင်း မုဋ္ဌဿတိ သမာနော ဥပဋ္ဌိတဿတိတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။[၁]

မုဋ္ဌဿတိ၊ သတိလွတ်သော ပုဂ္ဂိုလ်သည်။ သမာနော၊ ဖြစ်ပါလျက်။ ဥပဋ္ဌိတဿတိတိ၊ ထင်သောသတိရှိသောသူဟူ၍။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့၊ ဣစ္ဆတိ၊ အလိုရှိ၏။

သူကဘာလုပ်လဲ-တကာကြီးတို့.... ညကတုန်းက ဥက္ကာပျံတာများ မတွေ့လိုက်ဘူးလား၊ ဟာ—မတွေ့လိုက်ဘူးဘုရား၊ ဘယ်အချိန်ကလဲ ဘုရား၊ ညက ညဉ့်ဦးယာမ်လောက်က စကြိန်ပေါ်သွားတော့ ဥက္ကာပျံတယ်၊ တကာကြီးတို့ မြေကြီးလှုပ်သံများမကြားလိုက်ဘူးလား-မကြားလိုက်ဘူးဘုရားဘယ်တုန်းကလဲ၊ ဟာ–ဘုန်းကြီးစကြိန်လျှောက်နေတုန်း မြေကြီးလှုပ်သံကြားလိုက်တယ်၊ တကာကြီးတို့ မကြားဘဲကိုး၊ သူက–ဒီလို၊ ဟုတ်တော့ ဟုတ်တာမဟုတ်ဘူး၊ သူ့ကို သူများအထင်ကြီးအောင်လို့။

ပြီးတော့ဘာလဲ-အခုနပြောတဲ့ အားမထုတ်တဲ့ပုဂ္ဂိုလ် အားထုတ်ချင်ယောင်ဆောင် ပြောနေတာ၊ ပြီးတော့ဘယ်လိုလဲ-တကာကြီးတို့... ဝင်းဝင်းကြီး ဥပဒ်ပျံတာများမတွေ့လိုက်ဘူးလား၊ မတွေ့လိုက်ဘူးဘုရား၊ အရှင်ဘုရားဘယ်အချိန်တုန်းကလဲ၊ဟာ–ဘုန်းကြီး မနက်မိုးလင်းခါနီး စကြိန်က ဆင်းလိုက်ပြီဆိုတော့ အဲဒါကြီး တွေ့လိုက်တယ်၊ တကာကြီးတို့မတွေ့ဘဲကိုး။

တကာတွေက ဟယ်—တို့ဆရာတော်ကြီးဟာ ညဉ့်သုံးယာမ်ပတ်လုံး တရားအားထုတ်နေတဲ့ ကိုယ်တော်ကြီး၊ သူကမအိပ်ဘူး၊ သူက တို့မသိတာတွေ သူသိနေတယ်၊ တယ်တရားအားထုတ်တဲ့ ကိုယ်တော်ကြီးပါလား၊ ဒိပစ္စည်းလာဘ်လာဘတွေ ကျောင်းတွေ ကန်တွေ ဆောက်ပြီးတော့ လှူချင်အောင်လို့၊ အဲဒီလို ကိုယ့်မရှိတဲ့ဂုဏ်ကို ရှိချင်ယောင်ဆောင်ပြီး ဒီလိုလုပ်တာ ဘာပုဂ္ဂိုလ်လဲ–(ပါပိစ္ဆပုဂ္ဂိုလ်ပါဘုရား) အခုနက မုဋ္ဌဿတိပုဂ္ဂိုလ်ကလဲ သူ့မှာ သတိမရှိဘဲနဲ့ သတိရှိချင်ယောင်ဆောင်ပြီးတော့ ငါက ဘယ်အချိန် ကျတော့ ဘယ်နိကာယ်ကိုဆောင်သကွဲ့၊ ဘယ်–ပါဠိတော်တွေကို ငါက ဘယ်လောက်ရအောင် ကျက်ထားတယ်ကွ၊ စာတွေ ငါဘယ်လောက်ရတာဘဲကွနဲ့ အဲဒီလို တကာ တကာမတွေကို ပလွှားဝါကြွားပြောတော့ ဩော်–ဒီကိုယ်တော် တယ်စာရတဲ့ကိုယ်တော်ပါလားလို့ ပစ္စည်းလာဘ်လာဘတွေ လှူချင်အောင်လုပ်တာဟာ သတိမရှိဘဲနဲ့ သတိရှိချင်ယောင်ဆောင်တာ။

၁။ ဝိဘင်းပါဠိတော် နှာ–၃၆၄။

အသမာဟိတော သမာနော သမာဟိတောတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။

သမာဓိရှိလေဟန် အသမာဟိတော၊ သမာဓိမရှိသော ပုဂ္ဂိုလ်သည်။ သမာနော၊ ဖြစ်ပါလျက်။ သမာဟိတောတိ၊ သမာဓိရှိသောသူဟူ၍။ ဇနော၊ လူအပေါင်းသည်။ မံ၊ ငါ့ကို။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။

သူကဘာလုပ်သလဲ–ဈာန်ဆိုတာ ဘယ်လိုပွားရတယ်ကွဲ့၊ ဈာန်က ထတော့ ဘယ်လိုကွဲ့၊ သူက ဒါတွေရှောက်ပြောနေတယ် – မဟုတ်ဘဲနဲ့ ကိုယ့်မှာလဲ မရှိဘဲနဲ့။

ပညာရှိလေဟန် ဒုပ္ပညော သမာနော ပညဝါတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။

ဒုပ္ပညော၊ ပညာနည်းသော ပုဂ္ဂိုလ်သည်။ သမာနော၊ ဖြစ်ပါလျက်။ မံ၊ ငါ့ကို။ ဇနော၊ လူအပေါင်းသည်။ ပညဝါတိ၊ ကြီးသောပညာရှိသောသူဟူ၍။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။

ကိုယ့်မှာ ပညာနည်းနည်းမှ မရှိဘဲနဲ့ ကိုယ့်ကိုပညာရှိကြီး တယောက်လို့ သူတပါးကထင်စေချင်တယ်၊ အဲဒီပုဂ္ဂိုလ်က ဘယ်လိုလဲဆိုတော့ သမ္မော အဋ္ဌကထာက ဒီအပိုင်းကျတော့ တော်တော်ကလေး ပြောထားတာရှိတယ်၊ ဘာပြောထားသလဲလို့ ဆိုတော့–

မဇ္ဈိမနိကာယေ မေ ပဋ္ဌတ္တယံ ဩလောကေန္တဿ သဟိဒ္ဓိယာ မဂ္ဂေါ အာဂတော၊ ပရိယတ္တိနာမ အမှာကံ ္နနှ ဒုက္ကရာ၊ ပရိယတ္တိဝါဝဋ္ဌော ပန ဒုက္ခတော နှ မုစ္စတီတိ ပရိယတ္တိ ဝိဿဇ္ဇယိမှာတိ အာဒိနို့ဝဒန္တော အတ္တနော မဟာပညတ္တံ ဒီပေတိ။[၁]

သူကဘယ်လိုပြောလဲ–မေ၊ ငါ့အား။ မဇ္ဈိမနိကာယေ၊ မဇ္ဈိမနိကာယ်၌လာသော။ ပဋ္ဌတ္တယံ၊ ပဋ္ဌတ္တယသုတ္တန်ကို။ ဩလောကေန္တဿ၊ ကြည့်စဉ်ပင်လျှင်။ သဟိဒ္ဓိယာ၊ တန်ခိုးနှင့်တကွ။ မဂ္ဂေါ၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်သည်။ အာဂတော၊ ရောက်ရှိ၍လာ၏။ (မဇ္ဈိမနိကာယ်မှာလာတဲ့ ပဋ္ဌတ္တယ[၂]သုတ္တန်လို့ဆိုတာ ရှိတယ်၊ အဲဒီသုတ္တန်လေးကို ငါ ကြည့်ရုံသာကြည့်ရတယ်ကွာ၊ တန်ခိုးတွေရော, အဘိညာဏ်တွေရော, မဂ်ဖိုလ်တွေရော အကုန်လုံးပြီးသွားတာဘဲတဲ့။

၁။ သမ္မောအဋ္ဌကထာ နှာ–၄၅၇။
၂။ ဥပရိပဏ္ဏာသပါဠိတော် နှာ ၁၀–၌ ပဋ္ဌတ္တယသုတ္တန်ရှိသည်။

ပရိယတ္တိနာမ၊ ပရိယတ္တိမည်သည်ကား။ အမှာကံ၊ ငါတို့အား။ နဒုက္ကရာ၊ သိပ်ခဲယဉ်းလှတာမဟုတ်။ (ပရိယတ္တိအပိုပါဘဲကွာ၊ ပရိယတ္တိဟာ တို့အတွက် မခဲယဉ်းပါဘူးတဲ့၊) ပရိယတ္တိ ဝါဝဋ္ဋောပန၊ ပရိယတ္တိကိုကြိုးစား အားထုတ်နေသူမည်သည်ကား။ ဒုက္ခတော၊ ဆင်းရဲဒုက္ခမှ။ နမုစ္စတိတိ၊ မလွတ်နိုင်ဟု–ပြောဆိုပြီးတော့။ မယံ၊ ငါတို့သည်။ ပရိယတ္တိံ၊ ပရိယတ္တိကို။ ဝိဿဇ္ဇယိမှာ၊ စွန့်ကုန်၏။

ပရိယတ္တိဘာလုပ်ဖို့လဲ၊ မင်းတို့ ပဋိပတ္တိသာ ကြိုးစား အားထုတ်ကြ၊ ပရိယတ္တိမလိုဘူး၊ အဲဒီလို ပြောလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာတဲ့၊ ဣတိအာဒီနိ၊ ဤသို့အစရှိသည်တို့ကို။ ဝဒန္တော၊ ပြောဆိုလျက်။ အတ္တနော၊ မိမိ၏။ မဟာပညတ္တံ၊ ကြီးသောပညာရှိသည်အဖြစ်ကို။ ဒီပေတိ၊ ပြ၏။

သာသနာကို ပုတ်ခတ်ဖျက်ဆီးသူ ဒီလိုပြောတဲ့ ပုဂ္ဂိုလ်မျိုး ဘယ်လိုလဲ၊ “ဧဝံ ဝဒန္တော ပနဿ သာသနေ ပဟာရံ ဒေတိ”။

ဧဝံ၊ ဤသို့ပရိယတ္တိ အလကားဘဲ ပဋိပတ္တိသာ အားထုတ်ပါလို့၊ ဝဒန္တော၊ ပြောတဲ့ပုဂ္ဂိုလ်သည်။ သာသနေ၊ သာသနာတော်၌။ ပဟာရံ၊ ပုတ်ခတ်ဖျက်ဆီးခြင်းကို။ ဒေတိ၊ ပေးတဲ့ပုဂ္ဂိုလ်မည်၏။

သူခိုးကြီး ဣမိနာ သဒိသော မဟာစောရောနာမ နတ္ထိ။

ဣမိနာ၊ ဤသို့သော ပရိယတ္တိအလကားဘဲ တရားသာကြိုးစား အားထုတ်ပါလို့ပြောတဲ့ ပုဂ္ဂိုလ်နှင့်။သဒိသော၊ တူသော။ မဟာ စောရောနာမ၊ ကြီးသောသူခိုးကြီးမည်သည်။ သာသနေ၊ သာသနာတော်၌။ နတ္ထိ၊ မရှိ။

သူခိုးအကြီးဆုံး ဘဲတဲ့၊ ဓားပြ အကြီးဆုံးဘဲတဲ့ ဟုတ်လား၊ ပရိယတ္တိအားထုတ်လို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်တာ မဟုတ်ဘူး၊ ပဋိပတ္တိ အားထုတ်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်တာပါ၊ ပရိယတ္တိက အလကားပါလို့ အဲဒီလိုပြောတဲ့ ပုဂ္ဂိုလ်ဟာ သာသနာတော်မှာ သူခိုးဓားပြ အကြီးဆုံးဘဲတဲ့– သမ္မောဟ အဋ္ဌကထာက ပြောတာ၊ ဒါ–သူပြောတဲ့အတိုင်း မဟုတ်ပါဘူးတဲ့–အဋ္ဌကထာက။

န ဟိ ပရိယတ္တိဓရော ဒုက္ခတော န မုစ္စတီတိ။[၁]

ပရိယတ္တိဓရော၊ ပရိယတ်ကို ဆောင်သောသူသည်။ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ န မုစ္စတီတိ၊ မလွတ်ဟုဆိုအပ်သော စကားသည်။ န ဟောတိ၊ မဟုတ်ပါ။

၁။ သမ္မောဟအဋ္ဌကထာ နှာ–၄၅၇။

မဟုတ်ပါဘူးတဲ့၊ ပရိယတ္တိကိုရှက်ဆောင်မှ ပရိယတ္တိစည်းကမ်းရှိမှ ပဋိပတ္တိလုပ်ငန်းတွေ စံနစ်တကျဖြစ်ပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်ပါတယ်လို့ ဒီလိုပြောထားတယ်၊ ဒါ ကိုယ့်မှာ ပညာမရှိဘဲနဲ့ ပညာရှိချင်ယောင်ဆောင်တဲ့ ပုဂ္ဂိုလ်။

ရဟန္တာယောင်ဆောင်ခြင်း အခီဏာသဝေါ သမာနော ခီဏာသဝေါတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။

အခီဏာသဝေါ၊ ရဟန္တာမဟုတ်ဘဲနဲ့။ ခီဏာသဝေါတိ၊ ရဟန္တာဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူအပေါင်းသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။

ကိုယ်က ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာယောင်ဆောင်တဲ့ ပုဂ္ဂိုလ် ရှိသေးတယ်တဲ့၊ အခုမဟုတ်ဘူး–ရှေးက ရှေးက၊ ဘုန်းကြီး ဟို သမ္မောအဋ္ဌကထာ ထဲမှာ ပါတာတွေကို ပြောနေတာ ဟုတ်လား၊ ပြီးတော့ ဟိုဝိဘင်း ပါဠိတော်မှာ ပါတာတွေပြောနေတာ၊ ဘယ်လိုလဲဆိုတော့ သူက မေးသတဲ့၊ ဒါ– သမ္မောအဋ္ဌကထာမှာပါတယ်၊ ခလေးတွေကို မေးသတဲ့။

အခီဏာသဝေါပိ ဂါမဒါရကေ ဒိသွာ တုမှာကံ မာတာပိတရော အမှေ ကိံ ဝဒန္တိ။

ဟေ့–ခလေးတွေ....မင်းတို့အိမ်က မိတွေဘတွေ လူကြီးတွေက ငါ့ကို ဘာပြောနေကြသလဲ၊ ဘယ်လိုများ သူတို့ ထင်နေကြသလဲ၊ ဒီတော့ ခလေးတွေကဟာ–အရှင်ဘုရား သိပ်တရားဟောကောင်းတာဘဲတဲ့၊ အရှင်ဘုရား သိပ်ပြီးတော့ အကျင့်ကောင်းတာဘဲတဲ့၊ အရှင်ဘုရားကို ရဟန္တာကြီးလို့ ကိုထင်တယ်၊ သိပ်တရားအားထုတ်တဲ့ပုဂ္ဂိုလ်လို့ ဘေးကလူတွေက ပြောနေကြတယ်လို့ဆိုတော့ သူကဘာပြောသလဲ–

အင်း–လူတွေဟာ အသိဉာဏ်ပညာနဲ့ ပြည့်စုံတယ်၊ သူတို့ကို လိမ်လို့မရဘူး၊ သူတို့ဟာ အမှန်ကို သိတတ်တယ်ဆိုပြီးတော့–သူ ရဟန္တာမဟုတ်ဘဲ ရဟန္တာဖြစ်ချင်ယောင်ဆောင်တယ်– ဒီစကားလုံးက ပစ္စည်း လာဘ်လာဘ ရအောင်။

အိုးစရည်းရဟန္တာ နေပြီးတော့ တခါသူကဘာလုပ်သလဲ–တချို့က ကျောင်းခန်းထဲမှာ စဉ့်အိုးကြီးကို မြှုပ်တယ်၊ ကျောင်းကို တကာတကာမတွေ လာသံကြားပြီဆိုယင် သူက အခန်းထဲဝင်သွားပြီးတော့ စဉ့်အိုးကြီးထဲ ဝင်သွားတယ်၊ဒီတော့ ဟဲ့–ကျောင်းသားလေးတွေ....ဆရာတော် ဘယ်ကြွသွားသလဲ၊ ,အခန်းထဲဝင်သွားတယ်ဆိုတော့ အခန်းထဲ သွားကြည့်တော့ ဆရာတော်တွေ့လား။ (မတွေ့ပါဘူးဘုရား)

ဘယ့်နှယ် ဟာ—ခလေးတွေ....ဆရာတော်လဲ မတွေ့ပါလား အခန်းထဲမှာ၊ အခုဘဲဝင်သွားတာ ကျုန်တော်တို့မြင်လိုက်ပါသေးတယ် ဆိုလို့-သွားပြီး လိုက်ကြည့်တော့ ဟောခုတင်ပေါ် သူကရောက်နေတယ်၊ ဒီတော့ တကာတွေက အရှင်ဘုရား အခုနဘယ်ကြွနေသလဲဘုရား၊ တပည့်တော်တို့ အခန်းထဲ ဝင်ကြည့်တာ မရှိပါလား။

တကာကြီး .... ရဟန်းတော်များဆိုတာ ကိုယ်အလိုရှိတဲ့နေရာ တခဏခြင်း သွားပြီး တခဏခြင်းပြန်လာနိုင်တယ်ဆိုတော့ ဟာ — တို့ဆရာတော်ကြီးဟာ ရဟန္တာကြီးဆိုပြီးတော့ ပစ္စည်းလာဘ်လာဘတွေလှူတယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ ရှေးတုန်းကရှိတယ်၊ဒါ အိုးစရည်းရဟန္တာ၊ဒါ—ရှေးက ရှေးက၊ အခုမဟုတ်ဘူး။

နှယ်လမ်းကြီးရဟန္တာ နေပြီးတော့ အဲဒီ သူနေတဲ့ ကျောင်းက နေပြီးတော့ ရွာကိုသွားတဲ့ နေရာမှာ ရိုးလေးတခုရှိတယ်၊ အဲဒီရိုး ကလေးမှာ တံတားလေးတခု ဆောက်ထားတာရှိတယ်၊ သူ့ကျောင်းနောက် ဖေး သစ်ပင်ကြီးတပင်က သစ်မြစ်ကြီးကနေပြီး ဟိုဘက်ကမ်း သွားထောက် နေတယ်၊ အဲဒါကို တကာတွေကမသိဘူး၊ ဆရာတော်ကြွဘို့ဆိုပြီး ကျောင်း ရှေ့မှာ တံတားလေးဆောက်ပေးထားတာ တကာတွေက ဆွမ်းစား လာပင့် တယ်။

အရှင်ဘုရား....ဘယ်သူ့အိမ်ကို ဆွမ်းစားကြွပါ၊ အေးအေး-မင်းတို့သွားနှင့် ဆိုပြီး တကာတွေကတော့ လမ်းရိုးအတိုင်းသွားတာပေါ့၊ ဆရာတော်ကတော့ မဟုတ်ဘူး၊ သင်္ကန်းရုံပြီးတော့ အခုနက ကျောင်းနောက်ဖေးပေါက် ဆင်းပြီး နှယ်ပေါ်ကနေဖြတ်ပြီးတော့ ဟိုဘက်ကမ်းကူးသွားတယ်၊တကာတွေမှ မရောက် သေးဘူး၊ သူက ရွာထိပ်ရောက်နေတယ်။

ဟာ—အရှင်ဘုရား ဘယ်လမ်းက ကြွလာသလဲ၊ မင်းတို့ကလဲကွာ-ဆရာတော် သံဃာတော်တွေ ကြွလာတဲ့လမ်းကို ဟိုမေး ဒီမေးနဲ့ မမေးရဘူး၊ ခြောဲ်- ဒီဆရာတော်ဟာ တို့နောက်မှလဲ လာတယ်၊ တို့အရင်ရောက်လာတယ်၊ ကေန္တ ရဟန္တာနဲ့ တူရဲ့၊ ဒါက နှယ်လမ်းကြီးရဟန္တာတဲ့-ရှေးက ရှေးက။

အဲဒီလို- "အဒိဏ္ဏာသဝေါ သမာနော ခိဏ္ဏာသဝေါတိ မံ ဇနော ဇာနာ တူတိ ဣစ္ဆတိ"။ ပြီးတော့ ရဟန္တာ မဟုတ်ဘဲနဲ့ ရဟန္တာလို့ အထင်ရောက် ပြီးတော့ နေတဲ့ပုဂ္ဂိုလ်ဟာ ဒီ ဝါဒကို မစွန့်သေးသမျှ ကာလပတ်လုံး—

ရဟန္တာမဟုတ်သူကို ရဟန္တာဟုထင် ဧဝံ ဝါဒိနံ ပန ဘိက္ခုနံ သတံ ဝါ ဟောတု သဟဿံ ဝါ၊ ယာဝ တံ သဒ္ဒ နုပ္ပဇ္ဇဟန္တိ၊ သဂ္ဂေါပိ မဂ္ဂေါပိ ဝါရိတော ယေဝ။[၁] (ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ သာမဂါမ သုတ်အဖွင့်မှာပြောထားတယ်။)

ဒီလို ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာယောင် ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ ရဟန္တာ မဟုတ်တဲ့ပုဂ္ဂိုလ်ကို ရဟန္တာပါလို့ ဆိုပြီးတော့ ကြည်ညိုနေတဲ့ ပုဂ္ဂိုလ်တွေ ဟာ ဒီအယူ မစွန့်သေးသမျှ ကာလပတ်လုံး နတ်ပြည်လဲ မရောက်တော့ဘူး၊ မဂ်လဲမရတော့ဘူးတဲ့—ဘုန်းကြီးတို့ပရိသတ် ကြပ်ကြပ် သတိထား၊ ကျမ်းဂန်က လာတာပြောတာ၊ မင်းတို့က စာစကားတွေ အပိုပါဆိုယင် ဘုန်းကြီးတို့ ဘာမှ မတတ်နိုင်ဘူး။

ဒါဟာ ပါပိစ္ဆပုဂ္ဂိုလ်လို့ ခေါ်တယ် ဟုတ်လား၊ အဲဒီတော့ ပါပိစ္ဆပုဂ္ဂိုလ် အကြောင်း တော်ကြရောပေါ့-ဒီလောက် ဆိုယင် ဟုတ်လား၊ နောက်တခါ ဘာပုဂ္ဂိုလ်လဲ-

မဟိစ္ဆပုဂ္ဂိုလ် မဟိစ္ဆပုဂ္ဂိုလ်ဆိုတာက ဘယ်လိုလဲ-သန္တဂုဏသမ္ဘာဝနာ ပန ပဋိဂ္ဂဟဏေစ အမတ္တညုတာ မဟိစ္ဆတာနာမ။[၂]

ကိုယ့်ရှိတဲ့ဂုဏ်တွေ သူများသိစေချင်တယ်၊ ကိုယ့်မှာသီလရှိတယ်၊ ငါ့ ရှိတဲ့သီလ သူများသိစေချင်တယ်၊ ကိုယ့်မှာ သမာဓိရှိတယ်၊ ကိုယ့်ရှိတဲ့သမာဓိ သူများသိစေချင်တယ်၊ ကိုယ့်မှာပညာရှိတယ်၊ ကိုယ့်ရှိတဲ့ ပညာတွေ သူများ သိစေချင်တယ်၊ အဲဒီလို သိစေချင်ပြီးတော့ အလှူခံတဲ့နေရာမှာ အတိုင်းအဆ မရှိ အလှူခံယင်-တဲ့ အဲဒါ မဟိစ္ဆပုဂ္ဂိုလ်တဲ့-ပမာဏမသိတာ၊ ဘာပုဂ္ဂိုလ်တဲ့လဲ မဟိစ္ဆပုဂ္ဂိုလ်၊ အလိုကြီးတဲ့ပုဂ္ဂိုလ်။

အဲဒီ မဟိစ္ဆပုဂ္ဂိုလ်များဟာ တကာတကာမမပြောနဲ့ အမေတောင်မတတ် နိုင်ဘူးတဲ့-သမ္မော အဋ္ဌကထာက ဟုတ်လား၊ "အမေတောင်မှ ဝမ်းကလွယ်ပြီး တော့ မွေးတဲ့မိခင်တောင်မှ မဟိစ္ဆ ပုဂ္ဂိုလ် အလိုပြည့်အောင်ဖြည့်မပေးနိုင်ဘူး၊ တကာတကာမတော့ မပြောနဲ့တော့။

သမုဒ္ဒရာနှင့်မီးပုံဥပမာ အဲဒီ မဟိစ္ဆပုဂ္ဂိုလ်ကို သမ္မော အဋ္ဌကထာကပြောတယ်၊ နေပြီးတော့ ပဏ္ဏာသ အဋ္ဌကထာကလဲ ဘယ့်နှယ် ပြောထားသလဲ—

၁။ ဥပရိပဏ္ဏာသ အဋ္ဌကထာ နှာ-၂၆။

၂။ မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယ နှာ-၄၅။ ဥဒါန်း အဋ္ဌကထာ နှာ ၂၀၆-လည်းရှု။

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါစ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော။
သကဋ္ဌေဟိ ပစ္စယေ ဒေန္တု၊ တယော ပေတေ အတပ္ပိယာ။[၁]

အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးရှင်း။ သမုဒ္ဒေါစ၊ သမုဒ္ဒရာရှင်း။ မဟိစ္ဆော စာပိ ပုဂ္ဂလော၊ မဟိစ္ဆပုဂ္ဂိုလ်ရှင်း။ ဧတေပိတယော၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့သည်။ သကဋ္ဌေဟိ၊ လှည်းပေါင်းရာထောင်သိန်းသန်း ကုဋေကုဋာတို့ဖြင့်။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ဒေန္တု၊ ပေးစေကာမူ။ အတပ္ပိယာ၊ မရောင့်ရဲမပြည့်စုံနိုင်ဘူးတဲ့။

မီးပုံကြီးထဲမှာ လှည်းပေါင်းကုဋေတသိန်းလောက်နဲ့ နေ့ရှိသရွေ့ အာယုကပ်ပတ်လုံး မီးဖိုကြီးထဲကို အမှိုက်တွေထည့်၊ မီးကမလောင်နိုင်တော့ ပါဘူး၊ တော်ပြီ ပြည့်ပြီလို့ ရှိသလား၊ (မရှိပါဘူးဘုရား) သမုဒ္ဒရာကြီးထဲ ရေတွေ ထည့်ချင်သရွေ့ ထည့်၊ ဘယ်တော့ပြည့်မလဲ၊ (မပြည့်ပါဘူး ဘုရား) မဟိစ္ဆ ပုဂ္ဂိုလ်ကို ပစ္စည်းလေးပါး လှူချင်သလောက်လှူ၊ ဘယ်တော့တော်ပါပြီလို့ ပြောမလဲ၊ ဘယ်တော့မှ မပြောဘူးတဲ့–မဟိစ္ဆပုဂ္ဂိုလ်။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ အခုပစ္စည်းရှာနေတာဟာ ဘယ်လောက်ရမှ လောက်မလဲ၊ မဟိစ္ဆဟုတ်လား၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ အဲဒီလို မဟိစ္ဆပုဂ္ဂိုလ်မျိုးလဲ မဖြစ်ရဘူး။

အပ္ပိစ္ဆပုဂ္ဂိုလ်လေးမျိုး အပ္ပိစ္ဆပုဂ္ဂိုလ် လေးမျိုးရှိတယ်၊ ကြည်ညိုစရာ အင်မတန် ကောင်းတယ်၊ ဒီအပ္ပိစ္ဆပုဂ္ဂိုလ်–နေ့ ၁၊ "ပစ္စယ အပ္ပိစ္ဆ, ဓုတင် အပ္ပိစ္ဆ, ပရိယတ္တိ အပ္ပိစ္ဆ, အဓိဂမ အပ္ပိစ္ဆ"လို့ အလိုနည်းခြင်း လေးမျိုး၊ အပ္ပိစ္ဆလေးမျိုး။[၁]

(၁) ပစ္စယ အပ္ပိစ္ဆ–ပစ္စည်းလေးပါးကို အလိုနည်းတယ်၊ ဘယ်လို အလိုနည်းသလဲ—

ပစ္စယအပ္ပိစ္ဆပုဂ္ဂိုလ်၏သဘော ဒါယကဿ ပစ္စယေသု အပ္ပိစ္ဆော ပစ္စယအပ္ပိစ္ဆော နာမ။[၂]

ဒါယကဿပစ္စယေသု၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့၌။ အပ္ပိစ္ဆော၊ နည်းနည်းလိုချင်ခြင်းသည်။ ပစ္စယ အပ္ပိစ္ဆော နာမ၊ ပစ္စယအပ္ပိစ္ဆ မည်၏။

၁။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၆။ မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယအုပ် နှာ–၄၅။ သမ္မောဟ အဋ္ဌကထာ နှာ–၄၅၅။
၂။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယ နှာ–၄၆။ သုတ်ပါထေယျ အဋ္ဌကထာ နှာ–၂၄၆–လည်း ရှုပါ။

အပ္ပိစ္ဆပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါက ဘယ်လိုလဲ–

သော ဒါယကဿ ဝသံ ဇာနာတိ၊ ဒေယျဓမ္မဿ ဝသံ ဇာနာတိ၊
အတ္တနော ထာမံ ဇာနာတိ။

အင်္ဂါသုံးပါးရှိတယ်–အပ္ပိစ္ဆပုဂ္ဂိုလ်မှာ။

သော၊ထို အပ္ပိစ္ဆပုဂ္ဂိုလ်သည်။ ဒါယကဿ၊ အလှူပေးဒါယကာ၏။ ဝသံ၊ အလိုကို။ ဇာနာတိ၊ သိ၏။ ဒေယျဓမ္မဿ၊ လှူဘွယ် ဝတ္ထုပစ္စည်း၏။ ဝသံ၊ ပမာဏအစွမ်းကို။ ဇာနာတိ၊သိ၏။ အတ္တနော၊မိမိ၏။ ထာမံ၊ အစွမ်းခွန်အားဗလကို။ ဇာနာတိ၊ သိ၏။

ဘယ်လိုသိသလဲ–တကာတကာမ အစွမ်းအားကိုလဲ သိရမယ်၊ လှူဘွယ်ဝတ္ထုပစ္စည်းစွမ်းအားကိုလဲသိရမယ်၊ မိမိရဲ့အင်အား အစွမ်းဗလကိုလဲသိရမယ်၊ အပ္ပိစ္ဆပုဂ္ဂိုလ်ရဲ့ အင်္ဂါသုံးပါး၊ ဘယ်လိုသိသလဲ အဋ္ဌကထာကပြောတယ်။

ဒေယျဓမ္မော ဗဟု ဟောတိ, ဒါယကော အပ္ပံ ဒါတုကာမော၊
ဒါယကဿ ဝသေန အပ္ပမေဝ ဂဏှာတိ။[၁]

(ယော၊ အကြင်အပ္ပိစ္ဆပုဂ္ဂိုလ်သည်)။ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုပစ္စည်းသည်။ ဗဟု၊များသည်။ ဟောတိ၊ ဖြစ်၏။ (ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ အိမ်မှာပစ္စည်းတွေ အများကြီးရှိတယ်။) ဒါယကော၊ အလှူပေးဒါယကာက။ အပ္ပံ၊ နည်းနည်းကလေးကို။ ဒါတုကာမော၊ ပေးလှူလိုသည်။ ဟောတိ၊ ဖြစ်၏။ ဒါယကဿ ဝသေန၊ ဒါယကာ၏အလိုအတိုင်း။ အပ္ပမေဝ၊ အနည်းငယ်ကိုသာလျှင်။ ဂဏှာတိ၊ အလှူခံရ၏။

ပစ္စည်းတွေ ဘယ်လောက်များများ–လှူဘွယ် ဝတ္ထုတွေ ဘယ်လောက်များများ တကာက နည်းနည်းလေး လှူချင်တယ်ဆိုယင် တကာ၏ အလိုအတိုင်းဘဲ နည်းနည်းဘဲအလှူခံပါတဲ့၊ များများအလှူမခံပါနဲ့–တဲ့။

ဥပမာ–တကာတယောက် ဆွမ်းကပ်တယ်၊ ဟင်းတွေတော့ အများကြီး အရှိသားဘဲ၊ ဟင်းတွေ မျိုးစုံအောင် ရှိတယ်၊ ဘာဟင်းလေး ထည့်ပါအုံး ဟိုဟင်းလေး ထည့်ပါအုံး–သွားမပြောနဲ့တဲ့၊ ဟုတ်လား–အလှူခံတဲ့ လူတွေ သတိထား–နော်၊ ဆရာတော်က ဘာလုပ်ချင်လို့ပါဆိုပြီး–မင်းတို့မလုပ်ရဘူး၊ ပြီးတော့ ပြောအုံးမယ်။

အနည်းငယ်သာယူ ဒေယျဓမ္မော စေ အပ္ပေါ, ဒါယကော ဗဟုံဒါတုကာမော၊ ဒေယျဓမ္မဿ ဝသေန အပ္ပမေဝ ဂဏှာတိ။[၁]

၁။ ဥဒါန်းအဋ္ဌကထာ ၃၃–၂၀၇။

ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထု ပစ္စည်းသည်။ စေအပေ၊ အကယ်၍နည်း၏၊ ဒါယကော၊အလှူတကာသည် (အလှူတကာကတော့ဖြင့် သဒ္ဓါတရားသိပ်ကောင်းတယ်)ဗဟုံ ဒါတုကာမော၊ များများကြီး လှူချင်၏။ (ဘယ်နှယ် လုပ်မလဲ) ဒေယျဓမ္မဿဝသေန၊ လှူဘွယ်ဝတ္ထုပစ္စည်းကြည့်ပြီးတော့။ အပ္ပမေဝ၊ နည်းနည်းကိုသာလျှင်။ ဂဏှာတိ၊ အလှူခံရ၏။

အပ္ပိစ္ဆပုဂ္ဂိုလ်ဟာ ပစ္စည်းကတော့နည်းတယ်၊ တကာက သိပ်သဒ္ဓါတရားကောင်းတယ်၊ အများကြီးလှူချင်တယ်၊ ဒါပေမဲ့ အများကြီးမလှူနဲ့၊ ပစ္စည်းက နည်းနည်းရှိတယ်၊ နည်းနည်းဘဲ အလှူခံပါတဲ့။ အပ္ပိစ္ဆပုဂ္ဂိုလ် ဘယ်လောက်ကြည်ညိုစရာကောင်းလဲလို့၊ ပုဂ္ဂိုလ်ကိုလား, ဂုဏ်ကိုလား၊ (ဂုဏ်ကိုပါဘုရား) ဘုန်းကြီးတို့ ပရိသတ် မှတ်စမ်းပါ၊ ကြည်ညိုတယ်ဆိုတာ ဒီလိုဂုဏ်မျိုးကို ရွေးပြီးတော့ ကြည်ညိုရတယ်၊ အခုတော့ မဟုတ်ပါဘူး၊ ကိုယ်နဲ့အလှမ်း သင့်တဲ့ ဘုန်းကြီးတွေကို သူတို့က ကြည်ညိုနေကြတာ ဟုတ်လား၊ ဒါကို ရွေးပြီးတော့ ကြည်ညိုစမ်းပါ၊ ပြီးတော့ နောက်တခု–

ဒေယျဓမ္မော ပိ စေ ဗဟု, ဒါယကောပိ ဗဟုံ ဒါတုကာမော[1]

(ဟောတိ)။

ဒေယျဓမ္မောပိ၊ လှူဘွယ်ဝတ္ထုတွေကလဲ။ ဗဟု၊ များများကြီး ရှိသည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဒါယကောပိ၊ အလှူတကာကလည်း။ ဗဟုံ၊ များစွာ။ ဒါတုကာမော၊ ပေးလှူလိုသည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။

ဘယ့်နှယ်လုပ်ရမလဲ-အများကြီး အလှူခံရမယ်။ တကာကလဲ ပစ္စည်းသိပ်ချမ်းသာတယ်၊ သဒ္ဓါကလဲ သိပ်ကောင်းတယ်၊ သူကလဲ ဒီလို တိုက်ကျောင်းကြီး ဆောက်လှူချင်နေတယ်-ရည်ရွယ်ချက်က၊ လှူလဲ လှူနိုင်တဲ့ အင်အားရှိတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ–ဘုန်းကြီးတို့က။

အတ္တနော ထာမံ ဥတွာ ပမာဏယုတ္တာမေဝ ဂဏှာတိ။[2]

အတ္တနော၊ မိမိ၏။ ထာမံ၊ ခွန်အားဗလကို။ ဥတွာ၊ သိ၍။ ပမာဏယုတ္တမေဝ၊ ကိုယ်နဲ့ တော်ရုံ တန်ရုံလောက်ကိုသာလျှင်။ ဂဏှာတိ၊ အလှူခံရ၏။

များများကြီး အလှူမခံနဲ့တဲ့ ဟုတ်လား၊ ကိုယ်နဲ့ တန်ရုံလောက်ကလေး နည်းနည်းဘဲ အလှူခံ၊ ဥပမာ—တကာက သက်နှင်းအစုံ ခြောက်ဆယ်လောက်

၁။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၇။
၂။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၇။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယ နှာ–၄၅–၆–လည်းရှုပါ။

လှူချင်တယ်ဆိုပါတော့၊သို့သော် တယောက်ထဲတော်လို့ သင်္ကန်းအစုံခြောက်ဆယ် ကုန်ပါ့မလား– (မကုန်ပါဘုရား) အစုံခြောက်ဆယ်လုံး အလှူခံရမလား–မခံရဘူး၊ ကိုယ်နဲ့တော်ရုံ တစုံဘဲအလှူခံ–တဲ့၊ အပ္ပိစ္ဆပုဂ္ဂိုလ် ဘယ်လောက်ကြည်ညိုစရာကောင်းလဲလို့၊ အခုတော့ မဟုတ်ဘူး၊ ရသရွေ့ နည်းတယ်ချည်း ထင်နေတာ–အကုန်လုံးယူနေတာဘဲဟုတ်လား၊ အပ္ပိစ္ဆဂုဏ် အပ္ပိစ္ဆဂုဏ်။

အပ္ပိစ္ဆအကျိုး ၃-ပါး အဲဒီလို အပ္ပိစ္ဆကထာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်များ ဘာအကျိုးရသလဲဆိုတော့–ပြောအံ့မယ်အဋ္ဌကထာက–

ဝေရူပေါ ဟိ ဘိက္ခု အနုပ္ပန္နံ လာဘံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ လာဘံ ထာဝရံ ကရောတိ၊ ဒါယကာနံ စိတ္တံ အာရာဓေတိ။[၁] (အကျိုးသုံးခုရတယ်)

ဟိ၊ ပြောအံ့မယ်တဲ့။ ဝေရူပေါ၊ ဤသို့ အပ္ပိစ္ဆဂုဏ်နှင့်ပြည့်စုံခြင်းသဘောရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အနုပ္ပန္နံ၊ မဖြစ်ပေါ်ဘူးသေးကုန်သော။ လာဘံ၊ လာဘ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ (အပ္ပိစ္ဆပုဂ္ဂိုလ်များ မရဘူးသော လာဘ်လာဘကို ရတတ်သတဲ့။) ဥပ္ပန္နံ၊ ရဘူးပြီးသော။ လာဘံ၊ လာဘ်လာဘကို။ ထာဝရံ၊ မြဲမြံသည်ကို။ ကရောတိ၊ ပြုတတ်၏။ ဒါယကာနံ၊ အလှူပေး ဒါယကာတို့၏။ စိတ္တံ၊ စိတ်ကို။ အာရာဓေတိ၊ နှစ်သက်ကျေနပ်စေနိုင်၏။

အကျိုးသုံးခုရတယ်–အပ္ပိစ္ဆပုဂ္ဂိုလ်၊ မရဘူးသေးတဲ့ လာဘ်လာဘ တွေကို ရတတ်တယ်၊ ရပြီးသားလာဘ်လာဘတွေ ခိုင်မြဲတယ်၊ ကိုယ်ရဲ့ ပစ္စည်းလေးပါး တကာ တကာမများရဲ့ စိတ်ကျေနပ်မှု နှစ်သက်မှုကို ဖြစ်စေတတ်တယ်၊ အခု ကထာ ဆယ်မျိုးထဲက အပ္ပိစ္ဆကထာကို ပြောနေပါတယ်။

ယထာ ယထာ ဟိ သော အတ္တနော အပ္ပိစ္ဆတာယ အပ္ပံ ဂဏှာတိ၊
တထာ တထာ တဿ ဝတ္တေ ပသန္နာ မနုဿာ ဗဟူ ဒေန္တိ။[၁]

ဟိ၊ မှန်၏။ သော၊ထို အပ္ပိစ္ဆပုဂ္ဂိုလ်သည်။ ယထာ ယထာ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ အတ္တနော၊ မိမိ၏။အပ္ပိစ္ဆတာယ၊ အလိုနည်းသည်၏ အဖြစ်ကြောင့်။ အပ္ပံ၊ အနည်းငယ်သော ဥစ္စာပစ္စည်းကို။ ဂဏှာတိ၊ အလှူခံတတ်၏။ တထာ တထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ တဿ၊ ထိုရဟန်းတော်၏။ ဝတ္တေ၊ အပ္ပိစ္ဆတာဆိုတဲ့ ကျင့်ဝတ်တရား၌။ပသန္နာ၊ ကြည်ညိုကြကုန်သော။ မနုဿာ၊ လူအပေါင်းတို့သည်။ ဗဟူ၊ များစွာကုန်သော။ (ပစ္စယေ၊ ပစ္စည်းတို့ကို။) ဒေန္တိ၊ ပေးလှူကြလေကုန်၏။

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် နှာ-၄၆။

ပစ္စည်းတွေအများကြီး လှူတတ်တယ်တဲ့–အပ္ပိစ္ဆဂုဏ်ကို ကြည်ညိုပြီးတော့။ အဲဒီ အပ္ပိစ္ဆဂုဏ်ကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မိမိကိုယ်တိုင်လဲ အပ္ပိစ္ဆဖြစ်အောင်လုပ်ပါ၊ သူတပါး ကိုလဲ အပ္ပိစ္ဆဖြစ်အောင် ဒီစကားကို ပြောပေးပါ၊ ကိုယ်ကြည်ညိုပြန်တော့လဲ အဲဒီ အပ္ပိစ္ဆပုဂ္ဂိုလ်ရဲ့ဂုဏ်ကို ကြည်ညိုပါ။

ဒီ အပ္ပိစ္ဆပုဂ္ဂိုလ်နဲ့ ပတ်သက်လို့ ဒါက ပစ္စယအပ္ပိစ္ဆဖြစ်တယ်။

ဓုတင်္ဂအပ္ပိစ္ဆပုဂ္ဂိုလ်၏သဘော ဓုတင် အပ္ပိစ္ဆလို့ဆိုတာ ဘာတုံး။

သုသာနေ သင်္ဂဝဿာနိ၊ အဗ္ဘောကိုဏ္ဍ ဝသာမ ဟံ။

ဒုတိယော မံ န ဇာနေယျ၊ အဟော သောသာနိကုတ္တမော။

အဟံ၊ ငါသည်။ သင်္ဂဝဿာနိ၊ အနှစ်ခြောက်ဆယ်ကာလပတ်လုံး။ အဗ္ဘောကိုဏ္ဍ၊ အခြားသောအာရုံတွေနှင့် မရောမပြွမ်းဘဲ။ သုသာနေ၊ သုသာန်၌။ ဝသာမိ၊ နေ၏။

နှစ်ပေါင်း ခြောက်ဆယ် လုံးလုံး သောသာနိကဓုတင် ဆောင်နေတယ်တဲ့။ ထိုကဲ့သို့ ဆောင်နေခြင်းကို ဘယ်သူမှမသိဘူးကဲ့။

ဘယ်လောက်များ မိမိဆောင်ထားတဲ့ကျင့်ဝတ်ကို သောသာနိက ဓုတင်ကို သူတပါးသိမှာ လျှို့ဝှက်ထားသလဲလို့၊ ဒါက ဓုတင်အပ္ပိစ္ဆ။

ပရိယတ္တိအပ္ပိစ္ဆ ပရိယတ္တိအပ္ပိစ္ဆဆိုတာကတော့ မိမိ ပရိယတ္တိတတ်ကျွမ်းလို့ ဗဟုသုတ ကြွယ်ဝချမ်းသာဟာကို သူတပါး မသိစေလိုတာ သည် ပရိယတ္တိအပ္ပိစ္ဆ၊ အပ္ပိစ္ဆလေးမျိုးမှာ သုံးမျိုးပြီးပြီဆိုကြပါစို့။

အဓိဂမအပ္ပိစ္ဆပုဂ္ဂိုလ်၏သဘော အဓိဂမအပ္ပိစ္ဆ–တဲ့၊ မိမိသောတာပတ္တိမဂ်ရတာကို သူတပါး မသိစေချင်ဘူး၊သကဒါဂါမိမဂ် ရတာကိုလဲ သူတပါးမသိ စေချင်ဘူး၊ အနာဂါမိမဂ် ရတာကိုလဲ သူတပါးမသိ စေချင်ဘူး၊ အရဟတ္တမဂ်ရတာကိုလဲ သူတပါး မသိစေချင်ဘူး၊ ကိုယ်ရဟန္တာ ဖြစ်တာကို သူတပါးမသိစေချင်ဘူး။

ဒီနေရာမှာ ဘုန်းကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီး များ ရဟန္တာပုဂ္ဂိုလ်ရဲ့ အလိုနှစ်မျိုးရှိတယ်လို့ သုတ်မဟာဝါ အဋ္ဌကထာ မဟာသမယသုတ် အဖွင့်မှာ ရှိတယ်၊ ဘာပြောသလဲ၊ ဘုန်းကြီးတို့ ဟိုမဟာ သမယသုတ်ကို ဟောမယ်ကြံတော့ ကောလိယမင်းသား ၂၅၀–နဲ့ သာကီဝင် မင်းသား ၂၅၀–တို့ဟာ ဘုရားနောက် ပါမသွားဘူးလား၊ (ပါသွားပါတယ် ဘုရား)။

ရဟန္တာဖြစ်ကြရောမဟုတ်လား—မဟာဝုန်တောကြီးထဲမှာ၊ ရဟန္တာဖြစ်ကြတော့ မိမိရဟန္တာဖြစ်တဲ့အကြောင်းကို မြတ်စွာဘုရား လျှောက်မယ်လို့ မြတ်စွာဘုရားရဲ့ ရှေ့ရောက်တော့ လျှောက်ခါနီးမှာ နောက်ပြန်လှည့်ကြည့်တယ်—ဘယ်သူများရှိသလဲလို့၊ သူ ရဟန္တာဖြစ်ကြောင်းကို မြတ်စွာဘုရား လျှောက်ချင်တာကို နောက်ပြန်လှည့်ကြည့်တယ်-သူတပါးမသိစေချင်ဘူး၊ နောက်ပြန်လှည့်ကြည့်တော့—နောက်ကလဲ လျှောက်မလို့ တပါးကရောက်နေတယ်၊

ရဟန္တာပုဂ္ဂိုလ်၏ အခြင်းအရာ ၂-မျိုး ဒဲဒီနေရာမှာ ရဟန္တာပုဂ္ဂိုလ်များရဲ့ အာသယအလိုနှစ်မျိုးရှိတယ်လို့ အဋ္ဌကထာက ပြောထားတယ်။ "ခီဏာသဝါနံ ကိရ ဒွေ အာကာရာ ဟောန္တိ"။[၁]

ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အား။ ဒွေ၊ နှစ်ပါးကုန်သော။ အာကာရာ၊ အခြင်းအရာတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။

ဘယ်လိုလဲ-ရဟန္တာပုဂ္ဂိုလ်မှာ—

(၁) အဟော ဝတ မယာ ပဋိလဒ္ဓဂုဏံ သဒေဝကော လောကော ခိပ္ပမေဝ ပဋိဝိဇ္ဈေယျာတိ စိတ္တံ ဥပ္ပဇ္ဇတိ။[၁]

မယာ၊ ငါသည်။ ပဋိလဒ္ဓဂုဏံ၊ ရအပ်ပြီးသော တရားထူးဟူသောဂုဏ်ကို။ သဒေဝကော၊ နတ်နှင့်တကွသော။ လောကော၊ လူအပေါင်းသည်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ပဋိဝိဇ္ဈေယျ၊ ထိုးထွင်း၍သိပါမူကား။ အဟောဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့သော။ စိတ္တံ၊ စိတ်အကြံအစည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေ၏။

လောကကြီးတခုလုံးမှာရှိတဲ့ လူတွေနတ်တွေဟာ ငါသိထားတဲ့ တရားကို လွယ်လွယ်ကလေးနဲ့များ သိသွားယင် သိပ်ကောင်းမှာဘဲလို့– အဲဒီ အလိုတမျိုးရှိတယ်။

(၂) ပဋိလဒ္ဓဘာဝံ ပန နိမိလဒ္ဓပုရိသော ဝိယ န အညဿ အာရောစေတုကာမော ဟောတိ။[၁]

ပဋိလဒ္ဓဘာဝံ ပန၊ မိမိ ရဟန္တာပုဂ္ဂိုလ်, သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်,အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ခြင်းကိုတော့ဖြင့်။ နိမိလဒ္ဓပုရိသော၊ ဝိယ၊ ရွှေအိုးကို ရသော ယောကျ်ားကဲ့သို့။ အညဿ၊ သူတပါးအား။ အာရောစေတုကာမော၊ ပြောကြားလိုသော သဘောရှိသည်။ န ဟောတိ၊ မဖြစ်။

၁။ သုတ်မဟာဝါအဋ္ဌကထာ နှာ-၂၇ဝ။

မပြောချင်ဘူးတဲ့–သူများကို၊ ရွှေအိုးရတဲ့သူဟာ ကျွန်တော် ရွှေအိုးရပါတယ်လို့ သူတပါးကို မပြောချင်သလိုဘဲတဲ့၊ ရဟန္တာပုဂ္ဂိုလ်များဟာ သောတာပန်,သကဒါဂါမိပုဂ္ဂိုလ်များဟာ မိမိရတဲ့ ဂုဏ်ကျေးဇူးကို သူတပါးမပြောချင်ဘူး၊ အခုတော့မဟုတ်ပါဘူး၊ သုံးရက်လောက်, လေးရက်လောက် သွားတရားအားထုတ်လို့ရှိယင် ပြန်လာပြီး သူက ရဟန္တာဖြစ်လာသလိုလို, သောတာပန်ဘဲဖြစ်လာသလိုလိုနဲ့ အရိပ်အရောင်ကလေးတွေ ပြောလို့ ဟုတ်လား၊ ဒါက အဓိဂမ အပ္ပိစ္ဆလို့ ခေါ်ပါတယ်–အပ္ပိစ္ဆ လေးမျိုးပြီးရော၊ အဲဒီလို အပ္ပိစ္ဆနဲ့ ပတ်သက်တဲ့ စကားမျိုးကို အပ္ပိစ္ဆကထာလို့ ခေါ်ပါတယ်။

ဒီ အပ္ပိစ္ဆကထာနဲ့ ပတ်သက်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ချီးမွမ်းတော်မူပုံကလေးကို ဘုန်းကြီးပြောအုံးမယ်–ဝတ္ထုကြောင်းကလေးတခုပါ ဒီအပိုင်းကိုတော့ ကုန်အောင်ဟောမှဖြစ်မယ်။

နိဂမဝါသီ တိဿမထေရ်ဝတ္ထု

မြတ်စွာဘုရားလက်ထက်က နိဂမဝါသီ တိဿမထေရ်လို့ အပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံတဲ့ ရဟန်းတော်တပါး ရှိတယ်၊ သိပ်ပြီးတော့ အလိုနည်းတဲ့ဂုဏ်နဲ့ ပြည့်စုံတယ်၊ ဒီတော့ နာမည်ကျော် ပုဂ္ဂိုလ်လေးတပါး ဖြစ်လာတယ်၊ ဘယ်လိုနာမည်ကျော်လာသလဲ ဆိုတော့–

နိဂမဝါသီတိဿတ္ထေရော နာမ အပ္ပိစ္ဆော သန္တုဋ္ဌော ပဝိဝိတ္တော အာရဒ္ဓဝီရိယောတိ ပညာယိ။ [၁]

နိဂမဝါသီတိဿတ္ထေရော နာမ၊ နိဂမဝါသီတိဿထေရ်မည်သည်။ အပ္ပိစ္ဆော၊ အလိုနည်း၏။ သန္တုဋ္ဌော၊ ရသမျှနှင့် ရောင့်ရဲ တင်းတိမ်၏။ ပဝိဝိတ္တော၊ ဆိတ်ငြိမ်ရာ၌ ချဉ်းကပ်နေတတ်ပါပေ၏။ အာရဒ္ဓဝီရိယော၊ တရားကြိုးစားပြီးတော့ အားထုတ်တဲ့ပုဂ္ဂိုလ်ဖြစ်ပါပေ၏။ ဣတိ၊ ဤသို့။ ပညာယိ၊ ထင်ရှားကျော်ကြား၍ လာလေတော့၏။

နိဂမဝါသီတိဿမထေရ် ဒီလို နာမည်ကျော်လာပါတယ်–အခုနင်က ဂုဏ်လေးမျိုးနဲ့၊ အပ္ပိစ္ဆဂုဏ်, သန္တုဋ္ဌိဂုဏ်, ပဝိဝေကဂုဏ်, အာရဒ္ဓဝီရိယ ဂုဏ်နဲ့ ပြည့်စုံပါပေတယ်၊ သိပ်တော်တဲ့ ကိုယ်တော်ကလေး–သိပ်တော်တဲ့ ကိုယ်တော်ကလေးနဲ့၊ အဲဒီလို လူတွေရဲ့နှုတ်ဖျားမှာ တော်တော်နာမည် ကြီးလာတော့ (ခက်တယ်–မြတ်စွာဘုရားလက်လက်က၊ အခုမဟုတ်ပါဘူး–မြတ်စွာဘုရားလက်ထက်က၊ အခုခက်တာ ပြောတာမဟုတ်ဘူး)။

၁။ ဓမ္မပဒ အဋ္ဌကထာ ပဌမအုပ် နှာ–၁၇၉။

မြတ်စွာဘုရား လက်ထက်က ဘယ်လောက် ခက်သလဲဆိုတော့ အဲဒီလို နာမည်ကြီးလာတာကို အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်တွေက မနာလိုကြဘူး၊ ဘယ်လိုပြောကြသလဲဆိုတော့ မြတ်စွာဘုရားထံသွားပြီးလျှောက်ကြတယ်--ကုန်းတိုက်ကြတယ်၊ ဘယ်လိုကုန်းတိုက်ကြသလဲ-

မထေရ်ကိုကုန်းတိုက်ကြခြင်း အယံ နိဂမဝါသိတိဿတ္ထေရော ဥဋ္ဌာယ သမုဋ္ဌာယ ဉာတိသံသဋ္ဌော ဝိဟရတိ၊ အနာထပိဏ္ဍိကာဒီသု မဟာဒါနာဒီနိ ကရောန္တေသု ပသေနဒိကောသလေ အသဒိသဒါနံ ကရောန္တေပိ နေဝအာဂစ္ဆတီတိ။[1] (ဒီစကားသွားပြီးမြတ်စွာဘုရားကို လျှောက်ကြတယ်)။

ဘန္တေ၊ မြတ်စွာဘုရား။ အယံနိဂမဝါသိတိဿတ္ထေရော၊ ဤ နိဂမဝါသိတိဿထေရ်သည်။ ဥဋ္ဌာယ၊လူ့ဘောင်ကထွက်ပြီးတော့။ သမုဋ္ဌာယ၊ သာသနာ့ဘောင်ဝင်လာသည်ဖြစ်ပါလျက်။ ဉာတိသံသဋ္ဌော၊ ဆွေတွေမျိုးတွေနဲ့ ရောရောနှောနှော။ ဝိဟရတိ၊ မခွဲနိုင်မခွာရက်အောင် ဖြစ်၍နေပါ၏၊ အနာထပိဏ္ဍိကာဒီသု၊ အနာထပိဏ်ဝိသာခါ အစရှိကုန်သောပုဂ္ဂိုလ်တို့သည်။ မဟာဒါနာဒီနိ၊ ကြီးစွာသော အလှူတို့ကို။ ကရောန္တေသု၊ ပြုကုန်သော်ငြား။ ပသေနဒိကောသလေ၊ပသေနဒိ ကောသလမင်းကြီးသည်။ အသဒိသဒါနံ၊သူတပါးတို့နှင့် မတူအောင် လှူဒါန်းတဲ့အလှူကို။ ကရောန္တေပိ၊ ပြုသော်ငြား။ နေဝအာဂစ္ဆတိ၊ ကြွလာတော်မမူ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

လာကိုမလာဘူးဘုရား၊ သူ့ဆွေတွေ မျိုးတွေနဲ့ သူနေတယ်၊ အနာထပိဏ်သူဌေးကြီး ကြီးကျယ်တဲ့အလှူကိုလဲ သူမလာဘူးဘုရား၊ သူ့ဆွေတွေမျိုးတွေ့ သူ့တကာတကာမတွေနဲ့ မခွာဘူး၊ ရောရောနှောနှောလုပ်နေပါတယ်တဲ့၊ ဉာတိသံသဋ္ဌ၊ ပြီးတော့ ပသေနဒီ ကောသလမင်းကြီး အသဒိသ အလှူလုပ်တာလဲ သူကြွမလာဘူးဘုရားတဲ့၊အဲဒီလို မြတ်စွာဘုရားထံသွားပြီးတော့ ကုန်းတိုက်တယ်၊ အဲဒီလိုလျှောက်တော့ မြတ်စွာဘုရားက သိတော့ အသိသားပေါ့လေ၊ သိပေတဲ့ လာလျှောက်ပြန်တော့ ခေါ်မေးရပြန်ရော ဟုတ်လား၊ ဘယ့်နှယ်မေးသလဲ—

သစ္စံ ကိရ တွံ ဘိက္ခု ဧဝံ ကရောသိ။[1]

ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊ သင်သည်။ ဧဝံ၊ ဤသို့။ ကရောသိ၊ ဆွေတွေမျိုးတွေနှင့် ရောရောနှောနှော နေတယ်ဆိုတာ။ သစ္စံ ကိရ၊ မှန်ပါသလား။

၁။ ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် နှာ-၁၈၀။

ဆိုတော့-နိဂမဝါသီတိဿ မထေရ်က မြတ်စွာဘုရားကို ရှိသေစွာ လက်အုပ်ချီမိုးပြီးတော့ လျှောက်ပါတယ်—

နတ္ထိ ဘန္တေ မယှံ ဉာတိသံသဂ္ဂေါ။

ဘန္တေ၊ မြတ်စွာဘုရား။ မယှံ၊ တပည့်တော်အား။ ဉာတိသံသဂ္ဂေါ၊ ဆွေမျိုးတွေနဲ့ ရောရောနှောနှော ဆက်စပ်၍နေခြင်းသည်။ နတ္ထိ၊ မရှိပါဘုရား။

အဟံ ဧတေ မနုဿေ နိဿာယ အဇ္ဈောဟာရဏီယမတ္တံ အာဟာရံ လဘာမိ။

ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဧတေမနုဿေ၊ ထို-လူအပေါင်းတို့ကို။ နိဿာယ၊ အမှီပြု၍။ အဇ္ဈောဟာရဏီယမတ္တံ၊ တထပ်စာ စားလောက်ရုံမျှသော။ အာဟာရံ၊ အာဟာရကို။ လဘာမိ၊ ရနေပါ၏။

လူခေ ဝါ ပဏီတေ ဝါ ယာပနမတ္တေ လဒ္ဓေ ပုန ကိံ အာဟာရပရိယေသနေနာတိ န ဂစ္ဆာမိ။[1]

လူခေဝါ၊ ကြမ်းတမ်းသည်လည်းဖြစ်သော။ ပဏီတေဝါ၊ မွန်မြတ် သည်လည်း ဖြစ်သော။ ယာပနမတ္တေ၊ တထပ်စာလေးဝလောက်မျှကို။ လဒ္ဓေ၊ ရသည်ရှိသော်။ ပုန၊ တဖန်။ အာဟာရပရိယေသနေန၊ အာဟာရတွေကို လိုက်ပြီးတော့ ရှာမှီးနေသဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့နှလုံးသွင်းပြီးတော့။ န ဂစ္ဆာမိ၊ ဘုရားတပည့်တော် မလာတာပါဘုရား။

ဒီလိုလျှောက်တယ်၊ မြတ်စွာဘုရား....ဘုရားတပည့်တော် ဆွေတွေမျိုးတွေနဲ့ ရင်းရင်းနှီးနှီးနေပြီးတော့ သံသဂ္ဂဖြစ်နေတာ မဟုတ်ပါဘူး၊ ဒီပုဂ္ဂိုလ်တွေကို အမှီပြုပြီးတော့ ဘုရားတပည့်တော် ကောင်းကောင်း မကောင်းကောင်း အဲဒီပုဂ္ဂိုလ်တွေထံမှ တထပ်စာ စားလောက်ရုံ ဆွမ်းကလေး ရနေပါတယ်၊ တပည့်တော် တထပ်စာ စားလောက်ရုံ ဆွမ်းကလေးရယင် နောက်ထပ်ဆွမ်းရှာလို့ ဘာအကျိုးရှိမှာလဲ ဆိုပြီးတော့ မလာတာပါတဲ့၊ အပ္ပိစ္ဆဂုဏ်။

ဘယ့်နှယ်လဲ—ဘုန်းကြီးတို့ပရိသတ်၊ ဒီ ကိုယ်တော်ကြည်ညိုဘို့မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား) ဂုဏ်ကို ဂုဏ်ကို-နော်(မှန်ပါ)ဒီတော့- မြတ်စွာဘုရားက ဘယ့်နှယ်လဲ၊ အသိသားဘဲ၊ နဂိုကတဲက လျှောက်လို့ မေးရတာ။

ဘုရားက သာဓုခေါ်သူ သတ္ထာ ပကတိယာပိ တဿ အဇ္ဈာသယံ ဝိဇာနန္တော သာဓု သာဓု ဘိက္ခူတိ တဿ သာဓုကာရံ ဒတွာ။

၁။ ဓမ္မပဒ အဋ္ဌကထာ ပဌမအုပ် နှာ-၁၇၀။

သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ပကာတိယာပိ၊ ပကတိသဘောအားဖြင့်လည်း။ တဿ၊ ထို နိဂမဝါသီတိဿမထေရ်၏။ အဇ္ဈာသယံ၊ အလိုကို။ ဝိဇာနန္တော၊ သိတော်မူသည် ဖြစ်၍။ သာဓု သာဓု ဘိက္ခုတိ၊ ချစ်သားရဟန်း သာဓု သာဓုဟူ၍။ တဿ၊ ထိုရဟန်းအား။ သာဓုကာရံ၊ ကောင်းချီးကို။ ဒတွာ၊ ပေးတော်မူ၍။ ဘယ်နှယ်ပြောလဲ—

အနစ္ဆရိယံ ခေါ ပနေတံ ဘိက္ခု၊ ယံ တွံ မာဒိသံ အာစရိယံ လဘိတွာ အပ္ပိစ္ဆော အဟောသိ။

ဘိက္ခု၊ ချစ်သားရဟန်း။ တေံ၊ ဤအပ္ပိစ္ဆအကျင့်သည်။ ခေါပန၊ စင်စစ်အားဖြင့်။ အနစ္ဆရိယံ၊ အံ့ဩဘွယ်မဟုတ်သေး။ ယံ တွံ၊ အကြင်သင်သည်။ မာဒိသံ၊ ငါကဲ့သို့သော။ အာစရိယံ၊ ဆရာကို။ လဘိတွာ၊ ရ၍။ ဝါ-ရသောကြောင့်။ အပ္ပိစ္ဆော၊ အလိုနည်းခြင်းသည်။ အဟောသိ၊ ဖြစ်၏။

အယဥှိ အပ္ပိစ္ဆတာနာမ မမ တန္တိ, မမ ပဝေဏီတိ ဝတွာ ဘိက္ခု ယာစိတော အတိတံ အာဟရိ။

စူဠသုဝဇာတ်ဝတ္ထု ဒီ အပ္ပိစ္ဆတာဆိုတာ ငါဘုရားရဲ့ ကျင့်ဝတ်ပဲတဲ့။ ဘယ်တုန်းက ကျင့်ခဲ့ပါသလဲ ဘုရား၊ ဟောတော်မူပါအုံးလို့ ရဟန်းတွေက လျှောက်တော့–ဟိုး,ဘုန်းကြီးတို့ ပါဠိဇာတ်မှာရှိတဲ့ စူဠသုဝဇာတ်ကို မြတ်စွာဘုရားက ဆက်ဟောပြန်ရော၊ ဒီတော့ ဒါကို ဘုန်းကြီးတို့က ချန်ထားခဲ့လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) အဲ–စူဠသုဝဇာတ်မှာ ဘယ့်နှယ်ဟောပြန်သလဲ ဆိုတော့—

ရေသဖန်းပင်ကြီးတပင်မှာ ကျေးငှက်ပေါင်းမြောက်မြားစွာရှိတယ်။ ဘုရားအလောင်းလဲပါတယ်–ရေသဖန်းသီးတွေ စားလို့၊ရေသဖန်းသီးတွေလဲ ကုန်ရော ဒီပြင်ကျေးငှက်တွေက အကုန်ပျံကုန်တယ်၊ ဘုရားအလောင်းက ဘယ်မှမသွားဘူး၊ ဒီသစ်ပင်မှာဘဲ အရွက်ကလေးတွေကို စားကျန်ခဲ့တယ်၊ အရွက်ကလေးတွေ ကုန်သွားပြန်တော့ အဲဒီသစ်ပင်ရဲ့ အခွံတွေ အခေါက်တွေကို ခွါစားတယ်။ ဂင်္ဂါမြစ်ထဲကရေကို ဆင်းပြီးတော့သောက်တယ်။

သိကြားမင်းက ဘယ်လိုပါလိမ့်မလဲ—တခြားကျေးသားတွေ ပျံကုန်သော်လဲ ဒီကျေးသား မပျံပါလားလို့ သူကြံစည်ပြီးတော့ ဘယ့်နှယ် လုပ်သလဲဆိုတော့—(သိကြားမင်းကလဲ အရှင်အနုရုဒ္ဓါအလောင်းကိုး–ဟုတ်လား၊ သိကြားမင်းက အရှင်အနုရုဒ္ဓါအလောင်းဖြစ်လို့ သက်သာတာ၊ ဒေဝဒတ်အလောင်းကသာ သိကြားမင်းဖြစ်ယင် သေမယ့်သာကြံရော ဟုတ်လား)။

ဒီတော့ သိကြားမင်းက ကျေးသားရဲ့သီလကို စမ်းကြည့်မယ်ဆိုပြီး အဲဒီ သစ်ပင်ကြီးကို ခြောက်အောင်လုပ်တယ်၊ ခြောက်အောင်လုပ်ပြီး သစ်ပင်ထဲမှာ အပေါက်တွေကို ဖြစ်ရော၊နောက် အမှုန့်တွေထွက်လာရော သစ်ပင်က လေတိုက်ပြီဆိုယင် တူရိယာသံတွေလို အသံမြည်နေတယ်–အဲဒီအပေါက်တွေက။

ဒီတော့လဲ အဲဒီကျေးသားလေးကမပျံဘူး၊အဲဒီ သစ်ငုတ်တိုပေါ်မှာဘဲ နေပြီးတော့ အဲဒီအပေါက်ကထွက်တဲ့ သစ်ပင်က အမှုန့်တွေကို စားပြီးတော့–ဂင်္ဂါမြစ်က ရေကို ဆင်းပြီးတော့ သောက်တယ်၊ အခြားသွားမသောက်ဘူး။

ဒီတော့မှ သိကြားမင်းက (သုဇာတာကလဲပါရသေးတယ်၊ သုဇာတာမပါယင် ဘယ်မှသွားလို့ဖြစ်တဲ့ သိကြားမင်းမဟုတ်ဘူး ဟုတ်လား၊) ကိုင်း–သုဇာတာရေ...ဟော–နင်က ဟင်္သာမယောင်ဆောင်၊ ငါက ဟင်္သာဖိုယောင်ဆောင်ကြစို့ရဲ့ဆိုပြီး ဟင်္သာယောင်ဆောင်တယ်၊ အဲဒီလိုနဲ့လာကြတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ လာခဲ့ကြသလဲ--

မိတ္တဝမ္မုဂ္ဂဏ္ဍံ ကာယာပေတွာ ပရ မသာ ဒတွာ ဥဒုမ္ဗရံ အမတဖလံ ဟာတွာ အာဂမိဿာမိ။[1]

မိတ္တဝမ္မုဂ္ဂဏ္ဍံ ကာယာပေတွာ၊ မိတ်ဆက်စကားပြောကြားပြီးတော့။ အဿ၊ ထိုကျေးမင်းအား။ ဝရံ၊ ဆုကို။ ဒတွာ၊ ပေးပြီးတော့။ ဥဒုမ္ဗရံ၊ ရေသဖန်းပင်ကို။ အမတဖလံ ကတွာ၊ အမြိုက်အရသာရှိသော အသီးပြုလုပ်ပြီးတော့။ အာဂမိဿာမိ၊ ပြန်လာအံ့။

ထိုကျေးသားနဲ့ မိတ်ဆက်ပြီး ဟရား၏ ဂုဏ်ကျေးဇူးများကို ပြောကြားမယ်၊ ဆုများပေးမယ်၊ ရေသဖန်းပင်မှာ အလွန်အရသာရှိတဲ့ အသီးတွေ ပြုလုပ်ထားခဲ့မယ်–ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာပြီး တခုသောသစ်ပင်မှာ နားပြီးတော့ ဟင်္သာမင်းက မေးတယ်–ကျေးသားကလေးကို၊ ဘယ့်နှယ်မေးသလဲ–

သန္တိ ရုက္ခာ ဟရိပတ္တာ၊ ဒုမာ နေကဖလာ ဗဟူ။
ကသ္မာနု သုက္ခေ ကောဠာပေ၊ သုဝဿ နိရတော မနော။[2]

ဟရိပတ္တာ၊ စိမ်းသောအရွက်ရှိကုန်သော။ အနေကဖလာ၊ များသောအသီးရှိကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဒုမာ ရုက္ခာ၊ သစ်ပင်တို့သည်။ သန္တိ၊

၁။ ဓမ္မပဒ အဋ္ဌကထာ ပဌမအုပ် နှာ-၁၈၀။ ဇာတကအဋ္ဌကထာ တတိယအုပ် နှာ-၄၆၇-၈။

၂။ ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် နှာ-၁၈၀။ ဇာတကအဋ္ဌကထာ တတိယ အုပ် နှာ-၄၇၁။ ဇာတကပါဠိတော် ပဌမအုပ် နှာ-၁၉၀။

ရှိကြပါကုန်လျက်။ သုက္ခေ၊ ခြောက်သွေ့သော။ ကောဋ္ဋာပေ၊ လေတိုက်ခတ်သောအခါ၌ တူရိယာသံကဲ့သို့မြည်သော။ ရုက္ခေ၊ ရေသဖန်းပင် ငုတ်တိုပေါ်၌။ သုပဿ၊ ကျေးမင်း၏။ မနော၊ စိတ်သည်။ ကသ္မာ၊ အဘယ်ကြောင့်။ နံ့ရတော့နု၊ အမြဲမွေ့လျော် ပျော်ပိုက်၍ နေပါသနည်း။

ကျေးဇူးသိတတ်သောကျေးသား ဒီသစ်ခြောက်ပင်ကြီး ပေါ်မှာ ဘာပြုလို့ ကျေးသားကလေး အမြဲမွေ့လျော် ပျော်ပိုက်၍ နေပါသလဲ- လို့မေးတော့ ကျေးသားကလေးက ပြန်ပြောတယ်၊ အဲဒါ ပါဠိဇာတ်ပါဠိတော်မှာ စူဠသုဝဇာတ်, မဟာသုဝဇာတ်လို့ ဇာတ်နှစ်ခုရှိတဲ့ အနက်က စူဠသုဝဇာတ်မှာ

ဖလဿ ဥပဘုဉ္ဇိမှာ၊ နေကဝဿဂဏေ ဗဟူ။
အဖလမ္ပိ ဝိဒိတွာန၊ သာဝ မေတ္တိ ယထာ ပုရေ။[1]

နေကဝဿဂဏေ၊ များစွာသော နှစ်အရေအတွက် ရှိကုန်သော။ ဗဟူ၊ များစွာသော နှစ်တို့ပတ်လုံး။ အဿရုက္ခဿ၊ ထိုရေသဖန်းပင်၏။ ဖလံ၊ အသီးကို။ မယံ၊ ငါတို့သည်။ ဥပဘုဉ္ဇိမှာ၊ ကပ်ရောက်ခဲစားခဲ့ကုန်ပြီ။ အဖလံ၊ အသီးမရှိသည်ကို။ ဝိဒိတွာန ပိ၊ သိပါသော်လည်း။ ပုရေယထာ၊ ရှေး၌ကဲ့သို့။ သာဝမေတ္တိ၊ ထိုသစ်ပင်နှင့် ချစ်ခြင်းကူမသောကျေးဇူး သဘောကို။ မယံ၊ ငါတို့သည်။ န ဘိန္ဒာမ၊ မဖြိုခွဲပါကုန်။

ဘယ်တော့မှတခြားမသွားဘူးတဲ့၊ သစ်သီးမရှိပေမဲ့ ဒီရေသဖန်းပင်ရဲ့ အသီးကို ရေးကမိုပြီးတော့ စားခဲ့သောက် ခဲ့ရတယ်၊ ဒီ ရေသဖန်းပင်ရဲ့ ကျေးဇူးကို ဟင်နေသလို သစ်သီးမရှိပေမဲ့ ရှေးကကဲ့သို့ ပဲ အပေါ်မှာ အဲဒီမေတ္တာဟာ မပျက်ဘူးတဲ့၊ ဒီသစ်ပင်နဲ့မေတ္တာကျေးဇူးကို မဖြိုခွဲမဖျက်သီးဘူးတဲ့၊ ဒါကြောင့် ဒီရေသဖန်းပင်မှာဘဲ နေတယ်၊ ရှိတာကလေးဘဲ စားနေတယ်တဲ့။

အဲဒီလို အပ္ပိစ္ဆပဟာဂုဏ်ကို ကျေးသားလေး ဖြစ်စဉ်အခါကပဲ ငါဘုရား ကျင့်ခဲ့ဘူးပါတယ်လို့ မြတ်စွာဘုရားက ရဟန်းတော်များအား အပ္ပိစ္ဆကထာနဲ့ ပတ်သက်တဲ့စကားကို ဒီနေရာမှာ ဘယ်နှယ်ဟောထားသလဲဆိုတော့-

ဘိက္ခဝေ အပ္ပိစ္ဆတာနာမေသာ မမ တန္တိ, မမ ပဝေဏိ။

ဒီအပ္ပိစ္ဆတာဂုဏ်ဆိုတာ ငါဘုရားရဲ့ ကျင့်ထုံးကျင့်စဉ်ပါ-တဲ့။

ဘိက္ခုနာမ နိဂမဂါမိတိ သတ္တေရေန ဝိယ အပ္ပိစ္ဆေနေဝ ဘဝိတဗ္ဗံ။

၁။ ဇာတကပါဠိတော် ပထမတွဲ နှာ-၁၉၀။ ရှင်းအဋ္ဌကထာ တတိယအုပ် နှာ-၄၇၁။

ဘိက္ခုနာမ၊ သာသနာတော်ဝင်၍ တရားအားထုတ်တဲ့ ရဟန်းတော်-အမျိုးကောင်းသား, အမျိုးကောင်းသမီး မည်သည်ကား။ နိဂမဝါသီတိဿတွေရှေနဝိယ၊ နိဂမဝါသီတိဿမထေရ်ကဲ့သို့။ အပ္ပိစ္ဆောနေဝ၊ အလိုနည်းသောအဖြစ်ဖြင့်သာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်ရမယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းကြီးကစပြီးတော့ သာသနာတော်မှာနေတဲ့ ရဟန်းတော်များဆိုတာ ဒီလို အပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံရမယ်၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် ပိုပြီးတော့ကျင့်ရမယ်၊ မပြည့်စုံသေးယင် အဲဒီ အပ္ပိစ္ဆဂုဏ်မျိုး ရောက်အောင်ကျင့် ရမယ်၊ ဘုန်းကြီးတို့ တရားအားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများလဲဘဲ ဒီအတိုင်းဘဲ၊ အပ္ပိစ္ဆဂုဏ်နဲ့ မပြည့်စုံသေးယင် ပြည့်စုံအောင်လုပ်ရမယ်။

ဧဝရူပေါ ဟိ ဘိက္ခု အဘဗ္ဗော သမထဝိပဿနာ ဓမ္မေဟိ ဝါ မဂ္ဂဖလေဟိ ဝါ ပရိဟာနာယ။[၁]

ဧဝရူပေါ၊ ဤသို့ အပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံသောသဘောရှိသော။ ဘိက္ခု၊ ရဟန်းတော်သည်။ သမထဝိပဿနာ ဓမ္မေဟိ ဝါ၊ သမထဝိပဿနာ တရားတို့မှရင်း။ မဂ္ဂဖလေဟိ ဝါ၊ မဂ်ဖိုလ်တရားတို့မှရင်း။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။

ဒီလို အပ္ပိစ္ဆဂုဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ သမထဝိပဿနာတရား, မဂ်တရား, ဖိုလ်တရားမှ မဆုတ်ယုတ်ဘူးတဲ့။

အညဒတ္ထု နိဗ္ဗာနဿေဝ သန္တိကေ ဟောတိ။[၁]

၁။ ဤဒေသနာတော်ကို မိန့်တော်မူပြီးနောက် မြတ်စွာဘုရားသည်-

"အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။"

ဟူသော ဂါထာကို မိန့်တော်မူပါသည်။

ဂါထာ၏ အနက်အဓိပ္ပါယ်မှာ-

"မမေ့မလျော့မှု၌ မွေ့လျော်၍ မေ့လျော့ခြင်း၌ ဘေးဟုရှုလေ့ရှိသော ရဟန်းသည် သမထ ဝိပဿနာတရား, မဂ်တရား, ဖိုလ်တရားတို့မှ ဆုတ်ယုတ်ခြင်းငှာ မထိုက်ပေ၊ ကိလေသ ပရိနိဗ္ဗာန်, တဏှာဒိဋ္ဌိငြိမ်းခြင်း ဟူသော အနုပါဒါ ပရိနိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်ပေ၏။

ဤဂါထာကို မိန့်တော်မူပြီးသည့် အဆုံး၌ နိဂမဝါသီ တိဿမထေရ်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားပါသည်၊ (ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ် နိဂမဝါသီ တိဿထေရဝတ္ထု။ ၎င်း အဋ္ဌကထာ ပဌမအုပ် နှာ-၁၀၁။)

အညဒတ္ထု၊ စင်စစ်သော်ကား။ နိဗ္ဗာနသ္သေဝ၊ နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ အနီး၌။ ဟောတိ၊ ဖြစ်လေတော့၏။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အပ္ပိစ္ဆကထံ၊ အပ္ပိစ္ဆဂုဏ်နဲ့ပြည့်စုံတဲ့ စကားတော်ကို။ ဒေသေတိ၊ကောင်းစွာမသွေဟောကြားတော် မူပါပေသတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-အဋ္ဌမပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၆-ခုနှစ်၊ကောဇာသက္ကရာဇ် ၁၃၃၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀-ရက်၊ ရန်ကုန်မြို့ ကျိုက်ဒေးအုတ် ဗိုလ်တထောင်စေတီတော်ပရဝုဏ်အတွင်းရှိ ဆိပ်ကမ်းလုပ်သား ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိ တော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန်အဋ္ဌမပိုင်းတရားဒေသနာ။

(စကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

သန္တုဋ္ဌိကထာ ရောင့်ရဲခြင်းအကြောင်း "အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာအယံ တတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ"။ မရင့်ကျက်သေးသော အရဟတ္တဖိုလ် စေတောဝိမုတ္တိကို ရင့်ကျက်ဖို့ရန်အတွက် တတိယမြောက်ဖြစ်တဲ့ တရားက ကထာ—၁၀ မျိုး—

ယာယံ ကထာ အဘိသလ္လေခိကာ စေတောဝိဝရဏသပ္ပါယာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ သေယျထိဒံ၊ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ ပဝိဝေကကထာ အသံသဂ္ဂကထာ ဝီရိယာရမ္ဘကထာ သီလကထာ သမာဓိကထာ ပညာကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏ—ဒဿနကထာ ဧဝရူပါယ ကထာယ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီတိ။

ဒီအပိုဒ်ကို ဘုန်းကြီးတို့ ပြီးခဲ့တဲ့ သတ္တမပိုင်းမှာ အနက် ယောဇနာပြီးတော့ ဟောခဲ့ပြီးပြီ၊ အဓိပ္ပါယ်အကျယ်ပြန်ပြောင်းပြီးတော့ ပြောတဲ့နေရာမှာ အပ္ပိစ္ဆကထာကို ဟောပေးခဲ့ပြီးပြီ။

ဒီကနေ့ ဘာကစ-ရမလဲဆိုတော့ သန္တုဋ္ဌိကထာ—ဒီကထာကိုစရမယ်၊ အဲဒီ သန္တုဋ္ဌိကထာကလဲဘဲ ကထာ ၁၀-မျိုးထဲမှာ သူက မရင့်ကျက်သေးသော စေတောဝိမုတ္တိ အရဟတ္တဖိုလ်တရားကို ရင့်ကျက်စေတတ်တဲ့ စွမ်းရည်သတ္တိ ရှိတဲ့ စကားတမျိုးဘဲတဲ့၊ အဲဒီစကားက သန္တုဋ္ဌိ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရသမျှသော ဥစ္စာပစ္စည်းဖြင့် တရားနှင့်အညီ တင်းတိမ်ရောင့်ရဲနိုင်တာကို သန္တုဋ္ဌိတရားလို့ ခေါ်ပါတယ်။

ဒီသန္တုဋ္ဌိဟာ – ပြီးခဲ့တဲ့အပတ်က ဟောပေးခဲ့တဲ့ အတြိစ္ဆာ, မဟိစ္ဆာ, ပါပိစ္ဆာလို့ ခေါ်တဲ့ အလွန်အလွန်အလိုရှိခြင်း,မတရားသဖြင့် အလိုရှိခြင်း, အလွန်အလိုကြီးခြင်းလို့ခေါ်တဲ့ အလိုကြီးမှုတွေကို ပယ်ဘို့ရန် ပြောကြားတဲ့ စကားသည် သန္တုဋ္ဌိစကားပါ၊ ဒီကနေ့ အပိုင်းမှာ သန္တုဋ္ဌိအကြောင်းကို ဟောဘို့လို့ ဆိုတော့ မရင့်ကျက်သေးသော စေတောဝိမုတ္တိတရားကို ရင့်ကျက်စေနိုင်တဲ့ စကားဆယ်မျိုးတို့တွင် အခုသန္တုဋ္ဌိကထာဟာလဲဘဲ စကားတမျိုးအဖြစ်နဲ့ ပါဝင်တဲ့အပိုင်းတခု ဖြစ်ပါတယ်။

သန္တုဋ္ဌိ—သန္တောသ အတူတူဘဲ၊ သန္တုဋ္ဌိ ဆိုတာရယ်, သန္တောသ ဆိုတာရယ် အတူတူဘဲ၊ ရသမျှသော ဥစ္စာပစ္စည်းဖြင့် တရားနဲ့အညီ တင်းတိမ်ရောင့်ရဲနိုင်ခြင်းကို သန္တုဋ္ဌိလို့လဲ ခေါ်တယ်, သန္တောသလို့လဲ ခေါ်တယ်၊ ဘယ်လိုလဲ ကျမ်းဂန်က—အင်္ဂုတ္တိုရ်ပါဠိတော်မှာ—

သန္တုဋ္ဌိကြောင့် အကျိုး ၂-ပါးရခြင်း

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊
ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ။
ယထယိဒံ ဘိက္ခဝေ သန္တုဋ္ဌိတာ။[၁]

သန္တုဋ္ဌိ–ရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုလဲ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးရမျှသော ဥစ္စာပစ္စည်းဖြင့် တရားနဲ့အညီ တင်းတိမ် ရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်ရဲ့ရသင့်တဲ့ အကျိုးက—

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယေန၊ အကြင်တရားကြောင့်။ အနုပ္ပန္နာ၊ မဖြစ်ပေါ်သေးကုန်သော။ ကုသလာ ဓမ္မာဝါ၊ ကုသိုလ်တရားတို့ သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ခဲ့ကုန်ပြီးသော။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဌမအုပ် နှာ-၁၁။

အကုသလာဓမ္မာ ဝါ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ် ပျက်ပြားသွားကြလေကုန်တော့၏။ တေန၊ ထိုတရားမှ။ အညံ၊ တပါးသော။ ကေဓမ္မံ၊ တခုသောတရားကိုမျှလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ ကြည့်ရှုမြင်တော်မမူ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤမဖြစ်သေးသော ကုသိုလ်တွေဖြစ်၍ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီးခြင်းဆိုတဲ့တရားသည်။ ယထာ၊ အဘယ်တရားနည်း။ သန္တုဋ္ဌိတာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး ရသမျှသော ဥစ္စာပစ္စည်းဖြင့် တရားနဲ့အညီ တင်းတိမ်ရောင့်ရဲနိုင်သော ပုဂ္ဂိုလ်၏ အဖြစ်ပင်လျှင်တည်း။

ရသမျှသော ဥစ္စာပစ္စည်းကလေးနဲ့ ကောင်းတာရရ ဆိုးတာရရ, ကိုယ်ကြိုက်တာရရ၊ ကိုယ်မကြိုက်တာဘဲရရ, နဲနဲရရ များများရရ ရသမျှကလေးနဲ့ တရားနဲ့အညီ တင်းတိမ်ရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်မှာ မဖြစ်သေးသော ကုသိုလ်တရားတွေ ဖြစ်ခွင့်ရ၏၊ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီးကုန်၏။

ဘယ်လောက်ကောင်းသလဲ—သန္တုဋ္ဌိတရားတလုံးရဲ့ တန်ဘိုးဟာ ကြည့်စမ်း၊ ကိုယ့်မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်မယ်၊ ဖြစ်ပြီးသား အပါယ်အကျိုးပေးမဲ့ အကုသိုလ်တွေ ပျက်စီးကုန်တယ်၊ ဒီတော့ ကိုယ့်မှာ သန္တုဋ္ဌိ ဂုဏ်ကလေးနဲ့ ပြည့်စုံအောင်နေဘို့ အင်မတန်ကောင်းပါတယ်တဲ့၊ သန္တုဋ္ဌိကထာကို ပြောတယ်ဆိုတာ ဒီလိုဘဲ ပြောရမယ်။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရသမျှကလေးနဲ့တရားနဲ့ အညီ ရောင့်ရဲကြစမ်းပါ၊ ဘုန်းကြီးတို့အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသည် ဤသို့ ရသမျှကလေးနဲ့ တင်းတိမ်ရောင့်ရဲနိုင်မယ်ဆိုယင် အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများရဲ့ သန္တာန်မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်လာမယ်၊ နဂိုက ဖြစ်ပြီးသား အကုသိုလ်တွေ ပျက်စီးကုန်ပါလိမ့်မယ်။

ဒါကြောင့် ဒီ သန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံအောင် နေကြပါလို့ ဒီလို တိုက်တွန်းရပါတယ်၊ ပါဠိတော်က ဘယ့်နှယ်ပြောထားသလဲဆိုတော့—

> သန္တုဋ္ဌဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စအကုသလာ ဓမ္မာ ပရိဟာယန္တိ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ သန္တုဋ္ဌဿ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရသမျှသော ဥစ္စာပစ္စည်းဖြင့်တရားနှင့်အညီ တင်းတိမ်ရောင့်ရဲနိုင်သောပုဂ္ဂိုလ်အား။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဌမအုပ် နှာ-၁၁။

အနုပ္ပန္နာ၊ မဖြစ်သေးကုန်သော။ ကုသလာဓမ္မာစေဝ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ခဲ့ကုန်ပြီးသော။ အကုသလာ ဓမ္မာစ၊ အကုသိုလ် တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ် ကုန်၏။ (အင်္ဂုတ္တိုရ်ပါဠိတော်မှာ ပြောထားတယ်—မြတ်စွာဘုရားက)

ချစ်သား, ချစ်သမီး....သင်သည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရသမျှသော ဥစ္စာပစ္စည်းဖြင့် တရားနှင့်အညီ တင်းတိမ်ရောင့်ရဲနိုင်ယင်၊ ဝါ–ကိုယ့်မှာ ရှိတာကလေးနဲ့သာ တင်းတိမ်ရောင့်ရဲနေနိုင်မယ်ဆိုယင် သင့်မှာ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်လာမယ်၊ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီးကုန်မယ်၊ ဒါကြောင့် သန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံအောင် နေပါတဲ့—မြတ်စွာဘုရားက။

နို့ ဒါဘဲလားလို့ဆိုတော့ ပါဠိတော်က လာလိမ့်အုံးမယ်–နောက်တချို့၊ **အခု** ပြောမယ့် ပါဠိတော်က ဘယ်မှာလဲဆိုတော့–ပါထိက ဝဂ်ပါဠိတော် သင်္ဂီတိသုတ်မှာလဲပါတယ်၊ ပြီးတော့ **အင်္ဂုတ္တိုရ်ပါဠိတော်** စတုက္ကနိပါတ် အရိယဝံသသုတ္တန်လို့ဆိုတာမှာလဲ ဒီစကားပါတယ်၊ အဲဒီစကားလေး ပြောကြအုံးစို့။

သင်္ကန်း(အဝတ်အထည်၌) ရောင့်ရဲပုံ ဣဓ ဘိက္ခဝေ ဘိက္ခု (ဒါက အင်္ဂုတ္တိုရ်ကပြောတာ၊ ဟို–သင်္ဂီတိသုတ်ကတော့–ဣဓာ ဝုသော ဘိက္ခု–လို့ ပြောတယ်၊ ဒါလောက်ကလေးဘဲ ကွာပါတယ်၊ မြတ်စွာဘုရားဟောဒါနဲ့ သာဝက ဟောတာ–ဒီလိုကွာသွားတာပါ)။

ဣဓ ဘိက္ခဝေ ဘိက္ခု သန္တုဋ္ဌော ဟောတိ ဣတရီတရေန **စီဝရေန**။[1]

ဘိက္ခဝေ၊ **ရဟန်းတို့**။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဣတရီတရေန၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး ရသမျှသော။ စီဝရေန၊ သင်္ကန်းဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်နိုင်သည်။ ဝါ–တရားနဲ့အညီ တင်းတိမ်ရောင့်ရဲနိုင်သည်။ ဟောတိ၊ **ဖြစ်၏**။

သင်္ကန်း ကောင်းကောင်းရရ, မကောင်းတာရရ ရတာကလေးနဲ့ဘဲ တင်းတိမ်ရောင့်ရဲရမယ်။

ဣတရီတရစီဝရ သန္တုဋ္ဌိယာစ ဝဏ္ဏဝါဒီ ဟောတိ။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပဌမအုပ် နှာ–၃၃၆။ ပါထိကဝဂ္ဂပါဠိတော် နှာ ၁၈၈။

ဣတရီတရစီဝရ သန္တုဋ္ဌိယာစ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးရသမျှသော သင်္ကန်းဖြင့် တင်းတိမ်ရောင့်ရဲ လွယ်နိုင်ခြင်း၏။ ဝဏ္ဏဝါဒီ၊ ကျေးဇူးဂုဏ်ကို ချီးမွမ်းစကား ပြောကြားလေ့ရှိသည်။ဟောတိ၊ ဖြစ်၏။

ကောင်းကောင်း, မကောင်းကောင်း ရသမျှကလေးနဲ့ တင်းတိမ်ရောင့်ရဲနိုင်တယ်ဆိုတာ သိပ်သက်သာတယ်တဲ့ ဟုတ်လား၊ ရသမျှကလေးနဲ့ တင်းတိမ်ရောင့်ရဲနေပါလို့-ဣတရီတရဂုဏ်နဲ့ ပြည့်စုံတဲ့ သန္တုဋ္ဌိကို ချီးမွမ်းစကား ပြောကြားလေ့ရှိပါတယ်တဲ့၊ ရှေ့စကားလုံးကိုကြည့်အုံး၊ ပါဠိတော်က---

န စ စီဝရဟေတု အနေသနံ အပ္ပဋိရူပံ အာပဇ္ဇတိ။

စီဝရဟေတု၊ သင်္ကန်းရလိုခြင်းဟူသောအကြောင်းကြောင့်။အနေသနံ၊ မရှာမှီးအပ်, မရှာမှီးသင့်သော သဘောသို့ရင်း။ အပ္ပဋိရူပံ၊ မသင့်မလျော်မလျောက်ပတ်သော လုပ်ငန်းကိစ္စတွေကို ပြုလုပ်ခြင်းသို့ရင်း။ နစအာပဇ္ဇတိ၊ ရောက်လည်းမရောက်။

သင်္ကန်းကလေးတထည်ရဘို့အတွက်, ကျောင်းကလေးတဆောင်ရဘို့အတွက်, ဆွမ်းကလေးတလုပ်စာရဘို့အတွက်, ဆေးကလေးတခွက်စာရဘို့အတွက် မအပ်သောရှာမှီးခြင်းဖြင့် ရှာမှီးခြင်း၊ မသင့်လျော်သော လုပ်ငန်းတွေဆိုတာ ဘာတွေလဲ—ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးရဘို့အတွက် ဗေဒင်ဟောပေးခြင်း, ဆေးကုပေးခြင်းစသည်ဖြင့် လုပ်ငန်းတွေကို လုပ်ပေးခြင်းဆိုတဲ့ သဘောတရားကို ဘယ်တော့မှ လုပ်လေ့မရှိဘူးတဲ့—သန္တုဋ္ဌိပုဂ္ဂိုလ်ဆိုတာ၊ဘယ်လောက်ကြည်ညို စရာကောင်းသလဲ။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ သန္တုဋ္ဌိဟူသောစကား၏ ကြည်ညိုဘွယ်တွေကို ထုတ်ဆောင်ပြီးတော့ ပါဠိတော်က ပြနေပါတယ်၊ နောက် ဘာပြပြန်သလဲဆိုတော့—

မရသော်လည်း မတောင့်တ “အလဒ္ဓါ စ စီဝရံ န ပရိတဿတိ”။ စီဝရံ၊ သင်္ကန်းကို။ (ပိဏ္ဍပါတံ၊ဆွမ်းကို။ သေနာသနံ၊ ကျောင်းကို။ ဂိလာနပ္ပစ္စယ ဘေသဇ္ဇပရိက္ခာရံ၊သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးပစ္စည်းကို။) အလဒ္ဓါစ၊ မရသော်လည်း။ န ပရိတဿတိ၊ မတောင့်တ။

ဆွမ်းရဘို့လဲ မတောင့်တဘူး၊ ကျောင်းရဘို့လဲ မတောင့်တဘူး၊ မမြှော်လင့်ဘူး ဟုတ်လား၊ ဆေးပစ္စည်းရဘို့လဲ မတောင့်တ မမြှော်လင့်ဘူးတဲ့၊ တရားထူး ရဘို့ကိုသာ တောင့်တ မြှော်လင့်တယ်၊ သီလကုသိုလ်နဲ့ ပြည့်စုံဘို့, သမာဓိ ကုသိုလ်နဲ့ပြည့်စုံဘို့, ပညာကုသိုလ်နဲ့ ပြည့်စုံဘို့, ဝိပဿနာ ဉာဏ်တွေ

အဆင့်ဆင့်တက်တို့, မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတို့၊ ဒါလောက်ဘဲ သူကတောင့်တတယ်၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းရဘို့ကို မတောင့်တဘူး၊ မမြော်လင့်ဘူး၊ သိပ်သက်သာတယ်။

အင်း-ငါကျောင်း ဘယ်တော့ရပါ့မလဲ၊ သင်္ကန်းဘယ်တော့ရပါ့မလဲ၊ ဆွမ်းကောင်းကောင်းကလေး ဘယ်တော့များရပါ့မလဲ၊ ဆေးကောင်းကောင်းကလဲ ရှာလို့ မရဘူးတဲ့၊ အဲဒီလိုတောင့်တတောင့်တနေရတာ သိပ်ပင်ပန်းတယ်၊ ရလဲ မရတဲ့ မဟုတ်ဘူးလား၊ အဲဒီတော့ ရဘို့ကို မတောင့်တတဲ့သူဟာ မသက်သာဘူးလား၊ (သက်သာပါတယ်ဘုရား) သန္တုဋ္ဌပုဂ္ဂိုလ်၊ အင်မတန်ကြည်ညိုစရာကောင်းတယ်၊ ဒါတင်လားဆိုတော့ မကသေးဘူး။

ရလာသော်လည်းမတပ်မက် လဒ္ဓါစ ဝီဝရံ အဂဓိတော အမုစ္ဆိတော အနဇ္ဈောပန္နော အာဒီနဝဒဿာဝီ နိဿရဏ ပညော ပရိဘုဉ္ဇတိ။[၁]

စီဝရံ၊ သင်္ကန်းကို။ လဒ္ဓါစ၊ ရပါသော်လည်း။ (ပိဏ္ဍပါတံ၊ ဆွမ်းကို။ လဒ္ဓါစ၊ ရပါသော်လည်း။ သေနာသနံ၊ ကိုယ်လိုချင်တယ်ဆိုတဲ့ကျောင်းကို။ ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ သူနာတို့ အတွက် ဆေး ပစ္စည်းကို။ လဒ္ဓါစ၊ ရပါသော်လည်း။)

အဂဓိတော၊ မနှစ်သက်သည်။ အမုစ္ဆိတော၊ မတပ်မက်သည် - မနှမြောသည်။ အနဇ္ဈောပန္နော၊ ပစ္စည်းဥစ္စာ၌ မက်မော၍ မနေသည်။ ဝါ၊ ရှင်ပြုံး၍ မနေသည်။ ဟုတ္တွာ၊ ဖြစ်၍။ အာဒီနဝဒဿာဝီ၊ ပကတိသောအပြစ်, တရားတော်နဲ့ ပတ်သက်သော အပြစ်ကို ရှုလေ့ရှိသည်။ ဟုတ္တွာ၊ ဖြစ်၍။ နိဿရဏပညော၊ ကာမတရားမှ ထွက်မြောက်ခြင်းဆိုတဲ့ ပညာရှိသည်။ ဟုတ္တွာ၊ ဖြစ်၍။ ပရိဘုဉ္ဇတိ၊ ရလာတဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း လေးပါးကို သုံးဆောင်တော်မူ၏။

သင်္ကန်းဘဲ ရလာလာ၊ ဆွမ်းဘဲရလာလာ၊ ဆေးပစ္စည်းဘဲ ရလာလာ၊ ကျောင်းဘဲရလာလာ တဲ့၊ အဲဒီ ရလာတဲ့ပစ္စည်းလေးပါးပေါ်မှာ ဘယ်အခါမှာ တပ်နှစ်သက်ခြင်း—နှမြောခြင်း, စုံမက်ခြင်း, မက်မောခြင်း၊ အဲဒီ ပစ္စည်းကို မခွာရက်အောင်, သူတပါးကို မစွန့်မလှူနိုင်အောင် ဒီလို နှိပ်စက်ခြင်း သဘော မရှိဘူးတဲ့၊ ဒီ ပစ္စည်းလေးပါးပေါ်မှာ လောကပြစ်, ဓမ္မပြစ်ကို ရှုပြီးတော့ သုံးဆောင်လေ့ရှိတယ်။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် နှာ-၃၃၆။

လောကပြစ်ကဘာလဲ-သင်္ကန်းများများရှိလေ ဒုက္ခရောက်လေ၊ ကျောင်းကောင်းကောင်းတွေ များများရှိလေ ပိုက်ရချွတ်ရတာ ဒုက္ခရောက်လေ၊ ဆေးပစ္စည်းတွေ ကောင်းကောင်းရလေ ဒါလေးက ရှားတယ် သိမ်းထားအုံးမှနဲ့ ဆိုပြီးတော့ ဒုက္ခတွေပိုလာတယ်- လောကပြစ်တွေ လောကပြစ်တွေ၊ အဲဒီလို ပစ္စည်းဥစ္စာ၌တပ်မက်မောတဲ့သဘော ရလာပြန်တော့လဲ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဓမ္မပြစ်ဆိုတာဘာလဲ--ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတွေဟာ လောကီဘုံသား လူအများတို့ရဲ့ နှစ်သက်ဖွယ်ရာဖြစ်တဲ့ ကာမဝတ္ထုပစ္စည်းတွေ၊ဒီကာမဝတ္ထုပစ္စည်းတွေဟာ နှစ်သက်ဘွယ်ရာ ဖြစ်တဲ့အတွက် သူတို့ဟာ ရုပ်တရား၊ ဘာတရားတွေလဲ၊ (ရုပ်တရားတွေပါဘုရား)။

ဒီရုပ်တရားတွေဟာ ဘယ်လောက်ကောင်းတဲ့ ကျောင်းဘဲဖြစ်ဖြစ်, ဘယ်လောက်ကောင်းတဲ့ ဆွမ်းဘဲဖြစ်ဖြစ်,ဘယ်လောက်ကောင်းတဲ့သင်္ကန်းဘဲ ဖြစ်ဖြစ်, ဘယ်လောက်ကောင်းတဲ့ ဆေးပစ္စည်းဘဲဖြစ်ဖြစ် တဖြေးဖြေးကုန်ခြင်း--ပျောက်ခြင်းသဘော, ဟောင်းခြင်း- ညစ်နွမ်းခြင်းသဘော ရှိတယ်၊ စွန့်ပစ်အပ်သောသဘောရှိတယ်၊ ရုပ်တရားတွေဟာဒီလိုပျက်စီးခြင်း သဘော ရှိတာပါဘဲလို့ ရုပ်တရားရဲ့အပြစ်ကိုမြင်အောင် မကြည့်တာသည်-ဓမ္မပြစ်။

အာဒီနဝဒဿာဝီ၊ ဤယခုဟောကြားခဲ့တဲ့ ဆွမ်း, သင်္ကန်း,ကျောင်း, ဆေးပစ္စည်းလေးပါးပေါ်၌ ‘လောကပြစ်, ဓမ္မပြစ်ကို မြင်အောင်ရှုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။နိဿရဏပညော၊ ပစ္စည်းဥစ္စာကို တပ်မက်မောတယ်, နှစ်သက်တယ် ငါ့ကျောင်း, ငါ့ကျောင်း တိုက်ထားလိုက်တာ လက်လက် လက်လက်နဲ့ ငါ့ကျောင်းပေါ် သူများတက်လို့ မဖြစ်ဘူး၊ ဒီလိုဟာလဲရှိသေးတယ်။

ငါ့ကျောင်းငါ့ကျောင်းနဲ့ အခမ်းအနားတွေက ကောင်းလိုက်တာ အိပ်ရာခမ်းနားတွေနဲ့ ရဟန်းတော်များဟာ အဲဒီ ခမ်းခမ်း နားနားကြီး တကာတဲ ကာမဂုဏ်ခံစားတဲ့လူတွေကဲ့သို့ ခမ်းခမ်းနားနားကြီး ကျကျနန ပြောင်ပြောင်လက်လက်ကြီးတွေနဲ့ ဘယ့်လောက်များလဲလို့၊ အဲဒီအပေါ်မှာ ဘယ့်နှယ်ဆင်ခြင်ရမလဲ-ဒီတဏှာလောဘက ထွက်မြောက်ပြီးတော့--

နိဿရဏပညော၊ အဲဒီအပေါ်မှာ တွယ်တာတယ်,နှစ်သက်တယ်ဆိုတဲ့တဏှာလောဘမှ လွတ်မြောက်သော ပညာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပရိဘုဉ္ဇတိ၊ ဘုဉ်းပေးသုံးဆောင်တော်မူ၏။

တကာတကာမများက သဒ္ဒါကရုဏာအလျောက် ဆွမ်းကောင်းကောင်းလေး, ကျောင်းကောင်းကောင်းလေး, သင်္ကန်းကောင်းကောင်းလေးတွေကို ကြည်ညိုလို့

လှူဒါန်းထားယင် ဒီအပေါ်မှာ ကိုယ်က ငါ့ကျောင်း, ငါ့ကျောင်းနဲ့ ဘယ်တော့မှ သာယာမှု, တွယ်တာမှုမရှိဘူး။

အဲဒီ ပစ္စည်းလေးပါးအပေါ်မှာအပြစ်တွေသာမြင်ပြီးတော့ဒီပစ္စည်းလေးပါးပေါ်မှာ နှစ်သက်တဲ့ တဏှာကို လွှတ်လပ်စေတတ်တဲ့ အသိဉာဏ်ပညာကို နှလုံးသွင်းပြီးတော့ ဆွမ်းကိုသုံးဆောင်တယ်၊ ကျောင်းကိုသုံးဆောင်တယ်၊ သင်္ကန်းကို ဝတ်ရုံ သုံးဆောင်တယ်၊ ဆေးပစ္စည်းကို ဒီလို သုံးဆောင်တယ်၊ သန္တုဋ္ဌိပုဂ္ဂိုလ်။

ကြည်ညိုစရာ မကောင်းဘူးလား၊ အဲဒီလို ဂုဏ်တွေကို ကြည့်ရမယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ကြည်ညိုတယ် ဆိုတာ ဒီလိုဂုဏ်တွေကိုကြည့်ပြီးတော့ ကြည်ညိုရတယ်။

ရှေ့ဘာပြောသေးလဲ ပါဠိတော်က—

မိမိကိုယ်ကို မချီးမြှောက် "တာယ စ ပန ဣတရီတရစီဝရသန္တုဋ္ဌိယာ နေဝတ္တာ
သူတပါးကို မရှုတ်ချ နုက္ကံသေတိ နော ပရံ ဝမ္ဘေတိ"။ တာယ စ ပန ဣတရီတရစီဝရသန္တုဋ္ဌိယာ၊ ထိုထိုရသမျှသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော သင်္ကန်း, (ဆွမ်း, ကျောင်း, ဆေး လေးပါးသော) ပစ္စည်းဖြင့် တရားနှင့်အညီ တင်းတိမ်ရောင့်ရဲနိုင်ခြင်းတည်း ဟူသော အကြောင်းကြောင့်လည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ နေဝဥက္ကံသေတိ၊ မချီးမြှောက် မထောင်လွှား မတက်ကြွ။ (ငါဟာ ဒီလိုသန္တုဋ္ဌိဂုဏ်နှင့် ပြည့်စုံတဲ့ လူတယောက်လို့ ဆိုပြီးတော့ ကိုယ့်ကိုယ်ကို ဘယ်တော့မှ မောက်မောက်မာမာ ထောင်ထောင်လွှားလွှား တက်တက်ကြွကြွ မရှိဘူးတဲ့)။ ပရံ၊ သူတပါးကို။ နော ဝမ္ဘေတိ၊ မနှိမ့်ချ။

အင်း—ဒီဂုဏ်မျိုးနဲ့ ငါသာပြည့်စုံတာ၊ ဒီ သီလဂုဏ်မျိုး, ဒီသမာဓိဂုဏ်မျိုး, ဒီပညာဂုဏ်မျိုးဟာ ငါ့မှာသာရှိတာ၊ ဒီ ဘွဲ့ထူး ဂုဏ်ထူးမျိုးဟာ ငါ့မှာသာရှိတာ၊ ဒီလို တရားမျိုးကို ငါလို ပုဂ္ဂိုလ်မှ ဟောတတ်တာ၊ တခြား ပုဂ္ဂိုလ်တွေ အလကားဘဲဆိုပြီး ဒီလို နှိမ့်ချတဲ့သဘောလဲ မရှိဘူးတဲ့- သန္တုဋ္ဌိပုဂ္ဂိုလ်ရဲ့သဘောက။

ပြီးတော့ ဘာပြောသေးလဲ—

သန္တုဋ္ဌိပုဂ္ဂိုလ်၏ဂုဏ် ယော ဟိ တတ္ထ ဒက္ခော အနလသော သမ္ပဇာနော **ပဋိဿတော**။

ယော၊ အကြင် သန္တုဋ္ဌိပုဂ္ဂိုလ်သည်။ တတ္ထ၊ ထိုဂုဏ်၌။ ဌတွာ၊ တည်၍။ ဒက္ခော၊ လိမ္မာကျွမ်းကျင်သည်။ အနလသော၊ သာသနာတော်၌ ပျင်းရိခြင်း မရှိသည်။ သမ္ပဇာနော၊ ဝိပဿနာမဂ်ပညာနှင့် ပြည့်စုံသည်။ ပဋိဿတော၊ ထင်သောသတိရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒါ သန္တုဋ္ဌိပုဂ္ဂိုလ်ရဲ့ဂုဏ်တွေ သာသနာတော်မှာ မပျင်းဘူးတဲ့၊ သာသနာတော်မှာ လိမ္မာတဲ့ ပုဂ္ဂိုလ်တယောက်လို့ ခေါ်ဆိုရ၏၊ ကိုယ့်သားတွေ သမီးတွေထဲမှာ လိမ္မာတဲ့ သားသမီးလဲရှိတယ်မဟုတ်လား – ဟင် (ရှိပါတယ် ဘုရား) အဲဒီလိုဘဲ မြတ်စွာဘုရားရဲ့ သားတွေ သမီးတွေထဲမှာလဲ လိမ္မာတဲ့သားသမီးလဲ ရှိတယ်၊ မလိမ္မာတဲ့သားသမီးလဲ ရှိတယ်။

ဘုန်းကြီးတို့ ပရိသတ်ကမြတ်စွာဘုရား သားသမီးတွေ ဖြစ်ပြီးတော့ လိမ္မာတဲ့ ပုဂ္ဂိုလ်ဖြစ်ချင်သလား၊ မလိမ္မာတဲ့ ပုဂ္ဂိုလ် ဖြစ်ချင်သလား၊ (လိမ္မာတဲ့ ပုဂ္ဂိုလ် ဖြစ်ချင်ပါတယ်ဘုရား)

သန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံရမယ် ဟုတ်လား၊ သန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံတယ်ဆိုတာ–ဒက္ခော၊ လိမ္မာ ကျွမ်းကျင်၏။ အနလသော၊ မပျင်းရိရဘူး။ သမ္ပဇာနော၊ ဝိပဿနာဉာဏ်နှင့် ပြည့်စုံရမယ်။ ပဋိဿတော၊ထင်သောသတိ ရှိရမယ်–တဲ့။ အဲဒီ လေးမျိုး ရှိပါတယ်။

အရိယာတို့အနွယ် အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု ပေါရာဏေ အဂ္ဂညေ အရိယဝံသေ ဋ္ဌိတော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဘိက္ခု၊ ဤသို့သော သန္တုဋ္ဌိဂုဏ်နှင့်ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးကို။ ပေါရာဏေ၊ရှေးသူတော်ကောင်းတို့ အကျင့် ဖြစ်သော။ အဂ္ဂညေ၊ အမြတ်ဟု သိအပ်သော။ အရိယဝံသေ၊ အရိယာတို့၏ အနွယ်၌။ ဋ္ဌိတော၊ တည်သောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သန္တုဋ္ဌိပုဂ္ဂိုလ်များ အရိယာအနွယ်၌ တည်တဲ့ပုဂ္ဂိုလ်ပါ-တဲ့၊ ရှေးသူတော်ကောင်းတွေ သွားတဲ့ လမ်းကြောင်းကြီး လိုက်တဲ့ ပုဂ္ဂိုလ်ဘဲ–တဲ့၊ ဒါကြောင့် သန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံရမယ်၊ ကုန်ပလား ဆိုတော့ မကုန်သေးဘူး၊ သီလက္ခန် ပါဠိတော် သာမညဖလသုတ္တန်အဇာတသတ်မင်းကြီးကို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းဖြစ်ခြင်းရဲ့ အကျိုး တရားတွေကို ဟောတဲ့နေရာမှာ ဒီသန္တုဋ္ဌိဂုဏ်ကို မြတ်စွာဘုရားက ထည့်ပြီးတော့ ဟောပေးပါတယ်၊ဘယ်လိုလဲ–

ပရိက္ခရာရှစ်ပါးဖြင့်သာ ခရီးသွားခြင်း ဣဓ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန၊ သော ယေန ယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ။[၂]

၁။ အင်္ဂုတ္တိုရ် ပါဠိတော် စတုက္က နှာ–၃၃၆။

၂။ သီလက္ခန်ပါဠိတော် နှာ–၆၇။ (သဠေ္ဌာသနှင့် ပက်သက်၍ သီလက္ခန် အဋ္ဌကထာ နှာ–၁၀၂–၃–၄ အကျယ် ဟောတော်မူသည်)။

မဟာရာဇ၊ မင်းမြတ်။ ဣဓ၊ ဤ ငါဘုရားသာသနာတော်၌။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ကာယပရိဟာရိကေန၊ ကိုယ်ကိုမျှတနိုင်ရုံမျှ ဖြစ်သော။ စီဝရေန၊ သင်္ကန်းဖြင့်၎င်း။ ကုစ္ဆိပရိဟာရိကေန၊ ဝမ်းပြည့်အောင် ဆောင်နိုင်ရုံမျှ အတိုင်းအရှည်ရှိသော။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်၎င်း။ သန္တုဋ္ဌော၊ တရားနှင့်အညီ ရောင့်ရဲနိုင်သည်။ ဝါ၊ ရှိသမျှကလေး, ရသမျှကလေးနှင့် တင်းတိမ်ရောင့်ရဲနိုင်သည်။ ဟောတိ၊ ဖြစ်၏။

သော ဘိက္ခု၊ ထိုရဟန်းသည်။ ယေန ယေနေဝ၊ အကြင်အကြင် အရပ်မျက်နှာသို့သာလျှင်။ ပက္ကမတိ၊ (ကိုယ်နှင့်ပါမြဲ ပရိက္ခရာမျှဖြင့်) ဖဲသွား၏။ တေန တေနေဝ၊ ထိုထိုသွားသော အရပ်သို့သာလျှင်။ သမာဒါယေဝ၊ ပရိက္ခရာရှစ်ပါးတည်းဟူသော ဝန်ကိုဆောင်၍သာလျှင်။ ပက္ကမတိ၊ ဖဲသွားလေ၏။

ဘယ်လောက် သက်သာသလဲဆိုတော့—ဘယ်နေရာ သွားသွား ဘာမှတာဝန် မရှိဘူးတဲ့၊ အထုပ်အပိုးကြီးတွေ ဘာမှ မပါဘူး၊ ဟော–ပရိက္ခရာလေး ရှစ်ပါး ပါသွားယင် ပြီးရော၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အခုအနေ ရန်ကုန်ကနေ မန္တလေး သွားကြည့်စမ်းပါလား၊ ဘာတွေ ပါသွားမလဲ၊ နည်းမှာတွေမဟုတ်ဘူး။

ရေဗူးတွေ, အိပ်ရာလိပ်တွေ, စောင်တွေ, ခြင်ထောင်တွေ, ခေါင်းအုံးတွေ ဟာ–ပြောင်းတာမဆိုထားပါနဲ့ တခါတရံ ကျောင်းတရား အားထုတ်ရအောင် လာတာတောင်မှ စုံလို့ အထုပ်အပိုးတွေကို ပါလာလိုက်တာ၊ စားစရာစားခွက်တွေ စုံလို့ စုံလို့၊ ကျောင်းတရားအားထုတ်ရအောင်လာတာတဲ့။

အိပ်ရာလိပ်တွေ, ခေါင်းအုံးတွေ, စောင်တွေ, ခြင်ကောင်တွေ, ပေါလိုက်တဲ့ အထုပ်ကြီးအထုပ်ငယ်တွေနဲ့ ဟုတ်လား၊ အင်း–အိမ်ထောင်တခု ပြောင်းကြည့်စမ်းပါ– ဘုန်းကြီးတို့ ပရိသတ်၊ ဘာတွေပါမလဲ နည်းတဲ့ ကာဝန်တွေလား— ကုလားထိုင်တွေ, စားပွဲတွေ, ဘီရိုတွေ, ရေဒီယိုတွေ၊ ဟာ–စုံလို့ ဟုတ်လား စန္ဒယားတွေ, မော်တော်ကားတွေ နဲ့သေးလား။

ဟော–သန္တုဋ္ဌိပုဂ္ဂိုလ်ကျတော့ ရဟန်းတော်များကျတော့ ဘယ်သွားသွား သင်္ကန်းသုံးထည်ပါယင် ပြီးရော၊ ဘုန်းကြီးတို့ ရန်ကုန်ကနေ မန္တလေးကို တရားတွေ သွားဟောတယ်၊ မန္တလေးမှာ ဘုန်းကြီးတို့ အတွက် ဘာမှ လိုလေသေးမရှိဘူး၊ သွားတော့ သင်္ကန်းတစုံတည်းနဲ့ သွားတာဘဲ–သင်္ကန်းသုံးထည်တည်းနဲ့ သွားတာဘဲ။

ဟိုကျ စားဘို့လဲ အဆင်သင့်၊ ဝတ်ဖို့လဲ အဆင်သင့်၊ နေဘို့လဲ အဆင်သင့်၊ အကုန်လုံး အဆင်သင့်ချည်းဘဲတဲ့၊ သာသနာတော်မှာရှိတဲ့အကျိုးတွေကို မြတ်စွာ

ဘုရား ဟောတယ်၊ မြတ်စွာဘုရားက ဘာ ဥပမာကလေး ပေးသွားသလဲဆို တော့-အာဇာတသတ်မင်းကြီးကို။

ငှက် ဥပမာ သေယျထာပိ မဟာရာဇ ပက္ခီ သကုဏော ယေန **ယေနေဝ** ဍေတိ၊ သပတ္တဘာရောဝ ဍေတိ။

မဟာရာဇ၊ မင်းမြတ်။ သေယျထာပိ၊ လောကူပမာ နှိုင်းဘွယ်ရကား။ ပက္ခီ၊ အတောင်ရှိသော။ သကုဏော၊ ငှက်သည်။ ယေနယေနေဝ၊ အကြင် အကြင် အရပ် မျက်နှာအဖို့ဖြင့်သာလျှင်။ ဍေတိ၊ ပျံသွား၏။ တေနတေ နေဝ၊ ထိုထိုသူပျံကဲ့ အရပ်သို့သာလျှင်။သပတ္တဘာရောဝ၊ မိမိ၏အတောင်ဟူသော ဝန်ရှိသည်ဖြစ်၍သာလျှင်။ ဍေတိယထာ၊ ပျံသွားသကဲ့သို့တည်း။

ငှက်ကလေးတွေ ကြည့်စမ်းတဲ့၊ ဒီ သစ်ပင်မှာလာနားတယ်၊ အဲဒီ သစ်ပင်က သစ်သီးတွေစားတယ်၊ သစ်ရွက်တွေစားတယ်၊ပြီးတော့ သွားပြန်ရော၊ သူ့ဘာ တွေပါလဲ၊ (ဘာမှမပါပါဘူးဘုရား) အတောင်ပံကလေးဘဲ ပါသွားတယ်၊ ဟို ကျတော့ ခြေထောက်ကလေးနဲ့နား၊ ခြေထောက်ရယ်, အတောင်ပံရယ်, နှုတ်သီးရယ် ပါယင် ဒီငှက်အတွက်အကုန် လုံလောက်ပြီမဟုတ်လား။

အသက်မွေးပင်းကျောင်းအတွက် ဟိုမှာသစ်ပင်ရှိယင် နေဘို့ရှိနေပြီ၊ စား ဘို့ကော ရှိနေပြီ၊ ဘာမှမလိုဘူး၊ ဒီသစ်ပင်က နေလို့ ထိုင်လို့ ကောင်း တယ် ဆိုပြီးတော့ ဒီသစ်ပင်က သစ်သီး သစ်ရွက်တွေကို ယူသွားရောလား- မယူဘူး။

သပတ္တဘာရောဝ၊ မိမိအတောင်ဟူသော ဝန်ရှိသည်ဖြစ်၍သာလျှင်။ ဍေတိ ယထာ၊ ပျံသွားသကဲ့သို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ ဤအတူသာလျှင်။ ဘိက္ခု၊ သာသနာ့ဝန်ကို ထမ်းတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။ ကာယ ပရိဟာရိကေန၊ ကိုယ်ကိုဆောင်နိုင်ရုံမျှလောက်သော။ စီဝရေန ဝါ၊ သင်္ကန်းဖြင့်၎င်း။ ကုစ္ဆိပရိဟာရိကေန၊ ဝမ်းကိုဆောင်နိုင်ရုံမျှ လောက်သော။ ပိဏ္ဍပါတေန ဝါ၊ ဆွမ်းဖြင့်၎င်း။ သန္တုဋ္ဌော၊ ရရသမျှဖြင့် တရားနှင့်အညီ ရောင့်ရဲနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ယေန ယေနေဝ၊ အကြင်အကြင် အရပ်သို့သာလျှင်။ ပက္ကမတိ၊ ဖဲသွား၏။ တေန တေနေဝ၊ ထိုထို အရပ် မျက်နှာအဖို့သို့သာလျှင်။ သမာဒါယေဝ၊ပရိက္ခရာရှစ်ပါးလောက်ကိုသာ ဆောင် ၍သာလျှင်။ ပက္ကမတိ၊ ဖဲသွားလေ၏။

ဒါဘဲ သူ့တာဝန်ရှိတယ်၊ ဘာမှယူသွားစရာမရှိဘူး၊ အဲဒါ သန္တုဋ္ဌိပုဂ္ဂိုလ်၊ ပြောအုံးမယ် နောက်တခုဘာလဲ လိုပုဂ္ဂိုလ်မျိုးကို သန္တုဋ္ဌိခေါ်သလဲ ဆိုတော့ ကေရဂါထာ အဋ္ဌကထာမှာ—

ဖြစ်ဆဲခဏ၌သာ မျှတရောင့်ရဲ

"အတီတံ နာနုသောစေယျ၊ နပ္ပဇပ္ပေယျနာဂတံ။
ပစ္စုပ္ပန္နေန ယာပေယျ၊သော သန္တုဋ္ဌော တိ ပဝုစ္စတိ"။[၁]

သန္တုဋ္ဌိပုဂ္ဂိုလ်ခေါ်ပုံက–အတီတံ၊ နောက်ကဖြစ်တဲ့ဟာတွေကို။ နာနုသောစေယျ၊ပြန်လှန်၍ မစိုးရိမ်ရ။ အနာဂတံ၊ နောင်ရေးအနာဂတ်ကာလအတွက်။နပ္ပဇပ္ပေယျ၊ တွေး၍ မတောင့်တ။ ပစ္စုပ္ပန္နေန၊ ဖြစ်နေဆဲယခုကာလဖြင့်။ယာပေယျ၊ မျှတရောင့်ရဲရာ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ သန္တုဋ္ဌောတိ၊ သန္တုဋ္ဌိပုဂ္ဂိုလ်ဟူ၍။ ပဝုစ္စတိ၊ မုချမသွေ ခေါ်ဆိုရပေတော့၏။

မနေ့ကဖြစ်ခဲ့တာက စပြီးတော့ အခုတရားနာ မလာခင်ကစပြီး နောက်ကဖြစ်ခဲ့တာတွေ ဘာမှပြန်တွေးပြီးတော့ စိုးရိမ်ခြင်းမရှိဘူး၊ နက်ဖြန် ဘာဖြစ်လိမ့်မလဲလို့ တွေးပြီးတော့ မစိုးရိမ်ဘူး၊ ဒီကနေ့ဖြစ်နေတာ ဒီကနေ့ရနေတာကလေး၊ အခုရဆဲလေး၊ အခုဖြစ်ဆဲလေးနဲ့ဘဲ သူက တင်းတိမ်နိုင်တယ်၊ ရောင့်ရဲနိုင်တယ်၊ မျှတနိုင်တယ်။

နက်ဖြန်ခါတို့ သဘက်ခါတို့ ဘာမှမစဉ်းစားဘူး၊ အဲဒီလို ပုဂ္ဂိုလ်မျိုး။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ သန္တုဋ္ဌောတိ၊ သန္တုဋ္ဌိပုဂ္ဂိုလ်ဟူ၍။ ပဝုစ္စတိ၊ ဆိုရ၏။

ဒါ သန္တုဋ္ဌိပုဂ္ဂိုလ်၊ အင်မတန်သက်သာတယ်၊ ဟော–နောက်တခု၊ ဇာတိဝတ် ပါဠိတော်မှာတော့ သုလဘ သုတ္တန်လို့ ဒီလိုဟောပါတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာတော့ဖြင့် သန္တုဋ္ဌိသုတ္တန်လို့ နာမည်ပေးပြီး ဟောထားတဲ့သုတ္တန်တခုရှိသေးတယ်၊ ဘာတဲ့လဲ–

အပြစ်ကင်းသောပစ္စည်း ၄–မျိုး စတ္တာရိမာနိ ဘိက္ခဝေ အပ္ပါနိစေဝ သုလဘာနိစ အနဝဇ္ဇာနိ။[၂]

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပါနိစေဝ၊ အဘိုးနည်းနည်း တန်သည်လည်း ဖြစ်ကုန်သော။ သုလဘာနိစ၊ ရလည်းရလွယ်ကုန်သော။ အနဝဇ္ဇာနိစ၊ အပြစ်လည်း မရှိကုန်သော။ တာနိ၊ ထိုပစ္စည်းတို့သည်။ ဣမာနိစတ္တာရိ၊ ဤလေးမျိုးတို့ပေတည်း။

အဘိုးလည်း နည်းနည်းတန်တယ်၊ ရလည်းရလွယ်တယ်၊ အပြစ်လည်းကင်းတယ်ဆိုတဲ့ ပစ္စည်းလေးမျိုးရှိတယ်တဲ့–မြတ်စွာဘုရားက၊ ဘာတဲ့လဲ–

၁။ ထေရဂါထာ အဋ္ဌကထာ ဒုတိယအုပ် နှာ–၂၀၅။ (ဥဒါန်းအဋ္ဌကထာ နှာ–၂၀၇–လည်း ကြည့်)။

၂။ ဇာတိဝတ်ပါဠိတော် နှာ–၂၆၄။ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်၊ နှာ–၃၃၅။

အလိုနည်း—ရလွယ်သောသက်န်း ပံသုကူလံ ဘိက္ခဝေ စီဝရာနံ အပ္ပဉ္စ သုလဘဉ္စ၊ တဉ္စ အနဝဇ္ဇံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပံသုကူလံ၊ ပံ့သကူသင်္ကန်းသည်။ ပံသုကူလံ၊ မြေမှုန့်ထက်လွှာ လွှမ်းကာထား၍ ရှိရှားဖက်ဆုပ်အပ်သော သင်္ကန်းသည်။ ပံသုကူလံ၊သင်္ချိုင်းအိမ်ဘေး လမ်းဆုံစျေးနှင့်မှိုက်တွေးစွန့်ရာ စသည်မှာ၌ ထင်ရှားရယူပံ့သကူသင်္ကန်းသည်။ စီဝရာနံ၊ တက်ထရွန်သင်္ကန်း, သကလပ်သင်္ကန်း, ပိုးသင်္ကန်း, ဖဲသင်္ကန်းတို့အောက်၊ အဘိုးလည်းနည်း၏။ သုလဘဉ္စ၊ ရလည်းရလွယ်၏။ တံ၊ ထိုပံ့သကူသင်္ကန်းသည်။ အနဝဇ္ဇဉ္စ၊ အပြစ်လည်းကင်းလှပါပေ၏။

ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်စမ်း၊ ပံ့သကူသင်္ကန်းဆိုတာ လူတွေသုံးမဖြစ်လို့ အမှိုက်ပုံထဲမှာ၊ သို့မဟုတ် သင်္ချိုင်းကုန်းမှာ၊ သို့မဟုတ် အိမ်ကြိုအိမ်ကြား, စျေးကြိုစျေးကြားမှာရတဲ့ တတောင်တထွာ မြေမှုန့်တွေ အလိမ်းလိမ်းကပ်နေတဲ့ အဝတ်ကလေးတွေကို ကောက်ယူပြီးချုပ်တဲ့ သင်္ကန်းကို ပံ့သကူသင်္ကန်းလို့ ခေါ်တယ်။

ဘယ်လောက်အဖိုးတန်သလဲ- အပ္ပဉ္စ၊ အဘိုးနည်းတယ်မဟုတ်လား၊(မှန်ပါ) ရခဲသလား, ရလွယ်သလား၊ (ရလွယ်ပါတယ်ဘုရား)၊ ရလည်းရလွယ်တယ်, အဘိုးလည်းနည်းတယ်လို့ဆိုတော့ ဒီသင်္ကန်းနဲ့ ပတ်သက်ပြီး အပြစ်ရှိသလား, မရှိဘူးလား၊ (မရှိပါဘူးဘုရား) အဲဒီ သင်္ကန်းမျိုးနဲ့ နေထိုင်ရခြင်းသည် သန္တုဋ္ဌိပုဂ္ဂိုလ်အတွက် သိပ်ချမ်းသာတယ်။

ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်လေ၊ တက်ထရွန်သင်္ကန်းဆိုတော့ မရခဲဘူးလား၊ (ရခဲပါတယ်ဘုရား) အဘိုးကော မတန်ဘူးလား၊ (တန်ပါတယ်ဘုရား) ကောင်းလည်း ကောင်းတယ်, ရလည်းရခဲတယ်, အဘိုးလဲ တန်တယ်ဆိုတော့ လူတိုင်းလူတိုင်းက မလိုချင်ဘူးလား၊ (လိုချင်ပါတယ်ဘုရား)အဲ—အပြစ်တွေရှိလာပြီ ဟုတ်လား၊ သဘောပေါက်ပြီမဟုတ်လား။

အဘိုးလဲနည်းတယ်, ရလဲ ရလွယ်တယ် ဆိုတဲ့အတွက် ဒီသင်္ကန်းကို ဘယ်သူမှ မနှစ်သက်တဲ့အတွက် အပြစ်လည်းကင်းတယ်၊ လူတိုင်း လူတိုင်းက သိပ်နှစ်သက်လာပြီဆိုယင် သိပ်အပြစ်မကင်းတော့ဘူး၊ အန္တရာယ်တွေ များလာတယ် ဟုတ်လား။

၁။ ဗုတိဝုတ်ပါဠိတော် နှာ—၂၆၄။

အဘိုးနည်း၍ရလွယ်သောဆွမ်း ဆွမ်းနဲ့ ပတ်သက်လို့လဲ ဒီအတိုင်းဘဲ—
"ပိဏ္ဍိယာလောပေါ ဘိက္ခဝေ ဘောဇနာနံ အပ္ပဉ္စ သုလဘဉ္စ၊ တဉ္စ အနဝဇ္ဇံ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ပိဏ္ဍိယာလောပေါ၊ အိမ်စဉ်ရှောက်၍ တလုပ်စာ တလုပ်စာ သလုံးမြင်းခေါင်းဖြင့် ရအပ်သောဆွမ်းသည်။ ဘောဇနာနံ၊ ကောင်းပေ့ဆိုတဲ့ ဘောဇဉ်တို့အောက်။ အပ္ပဉ္စ၊ အဘိုးလည်းနည်း၏။ သုလဘဉ္စ၊ ရလည်းရလွယ်၏။ တံ၊ ထို ပိဏ္ဍိယာလောပဆိုတဲ့ ဆွမ်းသည်။ အနဝဇ္ဇဉ္စ၊ အပြစ်လည်းမရှိ။

ကောင်းကောင်းဆိုးဆိုး အိမ်တိုင်းကလောင်းတဲ့ ပစ္စည်းဆိုတော့ ကောင်းတာလဲ ပါချင်ပါမယ်၊ မကောင်းတာလဲ ပါချင်ပါမယ်။ နူတာလဲပါမယ်၊ ကြမ်းတာလဲ ပါမယ်ပေါ့-ဒီအထဲမှာ ဟုတ်လား၊ ငစိန်ဆန်လဲပါချင်ပါမယ်၊ ပေါ်ဆန်းမွှေးတွေ ဘာတွေလဲ ပါချင်ပါမှာပေါ့၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးတွေ ရောနေတယ်။

ကောင်းတဲ့ ဒန်ပေါက်ဆွမ်းတို့ ဘာတို့လောက်တော့ ဒီဆွမ်းဟာ အဘိုး မတန်ဘူးပေါ့ ဟုတ်လား၊ ရလဲရလွယ်တယ်ပေါ့၊ အဲဒီဆွမ်းဟာ အပြစ် ကင်းတယ်-သန္တုဋ္ဌိပုဂ္ဂိုလ်များအတွက် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် ပြီးတော့ဘာတဲ့လဲ—

သစ်ပင်ရင်း-ကျောင်း ရုက္ခမူလံ ဘိက္ခဝေ သေနာသနာနံ အပ္ပဉ္စ သုလဘဉ္စ၊ တဉ္စ အနဝဇ္ဇံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရုက္ခမူလံ၊ ရွက်ဟောင်းကျကြွေ ရွက်သစ်ဝေ၍ အောင်မြေ ရေပေါက် သစ်ပင်အောက်ဟု မဂ်ပေါက်ဖိုလ်နန်း ကျောင်း သင်္ခမ်းသည်။ သေနာသနာနံ၊ စုလစ်မွန်ချွန် အထွဋ်တပ်သောကျောင်းတိုက်ကြီးတွေ လို့ခေါ်တဲ့ ကျောင်းကြီးတွေအောက်။ အပ္ပဉ္စ၊ အဘိုးလည်းနည်း၏။ (သစ်ပင် အောက်မှာဆိုတော့ ဟုတ်လား၊ ဘယ်လောက်ကုန်သလဲ-ဟင် (မကုန်ပါဘူး ဘုရား)။

သုလဘဉ္စ၊ ရလည်းရလွယ်၏။ (သစ်ပင်အောက်ကျောင်းဆိုတော့ မရလွယ် ဘူးလား၊ (ရလွယ်ပါတယ်ဘုရား) ဟယ်-တိုက်ကျောင်းကြီးတကျောင်းဆိုယင် တော်တော်နဲ့မရဘူး၊ သုံးနှစ်ရှိလဲမရ၊ လေးနှစ်နဲ့မရ၊ ငါးနှစ်နဲ့မရ၊ ဘယ် တော့လောက်ရမလဲ၊ အဘိုးတန်တဲ့ကျောင်းဆိုတော့ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ် နှစ်၊ ရှစ်နှစ်နဲ့မရ၊ သစ်ပင်အောက် ကျောင်းကလေးဆိုတော့ အခုလိုချင် အခု ရတယ်)။

တံ၊ ထိုသစ်ပင်အောက်ဆိုတဲ့ကျောင်းသည်။ အနဝဇ္ဇဉ္စ၊ အပြစ်လည်းကင်း၏။ (ဘာအပြစ်မှမရှိဘူး) ပြီးတော့ဘာတဲ့လဲ—

နွားကျင်ငယ်ပုပ်ဆေး ပူတိမုတ္တံ ဘိက္ခဝေ ဘေသဇ္ဇာနံ အပ္ပဉ္စ သုလဘဉ္စ၊ တဉ္စ အနဝဇ္ဇံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပူတိမုတ္တံ၊ အနံ့ပြင်းလှ နွားကျင်ငယ်ပုပ်တည်းဟူသော ဆေးသည်။ ဘေသဇ္ဇာနံ၊ ဆေးဟူသမျှတို့အောက်။ အပ္ပဉ္စ၊ အဘိုးလည်းနည်း၏။ သုလဘဉ္စ၊ ရလည်းရလွယ်၏။ တံ၊ ထိုနွားကျင်ပုပ်ဆေးသည်။ အနဝဇ္ဇဉ္စ၊ အပြစ်လည်းမရှိ။

အပြစ်မရှိတဲ့ဆေး ဘယ်လိုဆေးမျိုးလဲဆိုတော့ နွားကျင်ငယ်ရေကို နေလှန်းထား၊ ဘာတွေထည့်ရမလဲဆိုတော့ ကြစုသီး, ဖန်ခါးသီး၊ အဲဒီဆေးများ ဘုန်းကြီးတို့ပရိသတ် သောက်ဘူးကြလား၊ (မသောက်ဘူးပါဘုရား) အင်မတန် လေနာကောင်းတယ်တဲ့၊ ရင်ကျပ်ရောဂါတို့ လေနာရောဂါတို့ အဲဒီဆေးကို သာ သောက်ကြည့်၊ အင်မတန်ကောင်းတယ်။

ဒီဆေးဟာ အင်္ဂလန်ကိုလဲ မမှာရပါဘူး၊ ဘုန်းကြီးတို့ပရိသတ်က အင်္ဂလန် မှာရတဲ့ဆေးကိုမှ ကောင်းတယ်ထင်ကြတယ်၊ မြတ်စွာဘုရား အခုပေးထားတဲ့ ဆေးက ဘာတဲ့လဲ– နွားကျင်ငယ်ပုပ် တည်းဟူသော အဘိုးနည်း, ရလွယ်, အပြစ်ကင်းတဲ့ဆေးဘဲတဲ့၊ လေးမျိုးပြီးရော။

ယတော ခေါ ဘိက္ခဝေ ဘိက္ခု အပ္ပေန စ တုဋ္ဌော ဟောတိ သုလဘေန စ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အပ္ပေန စ၊ အဘိုးနည်းသည် လည်းဖြစ်သော။ သုလဘေန စ၊ ရလွယ်သည်လည်းဖြစ်သော။ တေန၊ ထိုဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းဖြင့်။ ယတော၊ အကြင် ကြောင့်။ တုဋ္ဌော၊ နှစ်သက်ရျှနေသည်။ ဟောတိ၊ ဖြစ်၏။

ဒါလေးနဲ့ဘဲ နှစ်သက်နေတယ်–သန္တုဋ္ဌိ။

ဣဒ မဿာဟံ အညတရံ သာမညင်္ဂန္တိ ဝဒါမိ။

အဿ၊ ထိုရဟန်းအား။ ဣဒံ၊ ဤသို့ရသမျှကလေးနဲ့ တင်းတိမ်ရောင့်ရဲခြင်းကို။ အညတရံ၊ တပါးအပါအဝင်ဖြစ်သော။ သာမညင်္ဂန္တိ၊ ရဟန်းဖြစ်ခြင်း၏ အင်္ဂါအစိတ်အပိုင်းတခုဟူ၍လည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၁။ ဇာတိဝတ်ပါဠိတော် နှာ–၂၆၅။ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္က နှာ–၃၃၅။

သန္တေ ၁၂–ပါး ယောဂါဝစရ ပုဂ္ဂိုလ်ဆိုတာ ဒီလိုသန္တုဋ္ဌိဂုဏ်နဲ့ ပြည့်စုံ ရပါတယ်လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်၊ ဒီလို သန္တုဋ္ဌိ–သန္တောသဆိုတာ အခုပြောခဲ့တဲ့ ဒေသနာတော်တွေအရ ဘုန်းကြီးတို့ ပရိသတ်လဲ ကြားဘူး နေပါတယ်–သန္တောသ တဆဲ့ နှစ်ပါးဆိုတာ၊ ဘယ်နှစ်ပါးတဲ့လဲ၊ (တဆဲ့နှစ်ပါးပါဘုရား)၊ ဘာတွေလဲ သန္တောသ တဆဲ့ နှစ်ပါးက–

စီဝရေ ယထာလာဘ သန္တောသော ယထာဗလ သန္တောသော ယထာသာရုပ္ပသန္တောသော။[၁]

ဝတ်စရာ သင်္ကန်းနဲ့ ပတ်သက်လို့ တကာ တကာမများအတွက် ဝတ်စရာ အဝတ်နဲ့ပတ်သက်လို့ သန္တောသ–သုံးပါးရှိတယ်။

"ဝေ ပိဏ္ဍပါတာဒိသု"။ ။ဝေ၊ဤအတူ။ပိဏ္ဍပါတာဒိသု၊ဆွမ်း၊ကျောင်း၊ ဆေး ပစ္စည်းတို့၌လည်း။ တိဝိဓော၊ သုံးပါးစီ သုံးပါးစီ အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

သင်္ကန်းမှာ ဘယ်နှစ်ပါးတုံး –(သုံးပါးပါဘုရား)။
ဆွမ်းမှာကော–(သုံးပါးပါဘုရား)။
ကျောင်းမှာကော–(သုံးပါးပါဘုရား)။
ဆေးမှာကော–(သုံးပါးပါဘုရား)။
သုံး × လေးလီဆိုတော့ ဘယ်လောက်ကုံး– (၁၂–ပါဘုရား) ဒါသန္တောသ တဆဲ့နှစ်ပါးတဲ့။

စီဝရယထာလာဘ စီဝရ သန္တောသက ဘယ်လိုလဲ–စီဝရ ယထာလာဘ သန္တောသ–တဲ့ ဘာပြောလဲ–"ဣဓ ဘိက္ခု စီဝရံ လဘတိ သုန္ဒရံ ဝါ အသုန္ဒရံ ဝါ၊ သော တေနေဝ ယာပေတိ၊ အညံ န ပတ္ထေတိ၊ လဘန္တောပိ န ဂဏှာတိ၊ အယံ မဿ စီဝရေ ယထာလာဘ သန္တောသော"။[၁]

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သုန္ဒရံ၊ ကောင်းသော။ စီဝရံဝါ၊ သင်္ကန်းကိုငင်း။ အသုန္ဒရံ၊ မကောင်းသော။ စီဝရံဝါ၊ သင်္ကန်းကို ငင်း။ လဘတိ၊ ရ၏။ (ကောင်းတဲ့သင်္ကန်းဘဲရရ မကောင်းတဲ့ သင်္ကန်းဘဲရရ) သောဘိက္ခု၊ ထိုရဟန်းသည်။ တေနေဝ၊ ကောင်းကောင်းဆိုးဆိုး ထိုရသမျှ သော သင်္ကန်းဖြင့်သာလျှင်။ ယာပေတိ၊ တရားနှင့်အညီ ရောင့်ရဲမျှတ၍နေ၏။

၁။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၀–၌ သန္တောသ ၁၂–ပါး အကျယ်ဖွင့်ဆိုထားသည်။

အညံ၊ တပါးသောသက်န်းကို။ န ပတ္တေတိ၊ မတောင့်တ။ (ကိုယ်ရတဲ့ သင်္ကန်းကအညံ့ကြီးအသားလဲမကောင်း, အရောင်လဲမကောင်းဘူး၊ ချုပ်ပုံလဲ မကောင်းဘူး၊ မကောင်းပေမဲ့တခြားသင်္ကန်းကို မတောင့်တဘူးတဲ့)။

လဒ္ဓါ စ ပန၊ ရပါသော်လည်း။ လဒ္ဓာ ပါ၊ သူ့ထက်ကောင်းတဲ့သင်္ကန်း ကို ရပြန်သော်လည်း။ န ဂဓိတော၊ လက်မခံ။ (အရှင်ဘုရား....အရှင်ဘုရား သင်္ကန်း ဟောင်းလှပါတယ်၊ မကောင်းပါဘူးလို့ တကာ တကာမတွေက လျှောက်ပြီး ဒီတက်ထရွန်သင်္ကန်းကို ဝတ်တော်မူပါဆိုပေမဲ့ မယူဘူးတဲ့- သန္တုဋ္ဌိပုဂ္ဂိုလ်၊ ဘယ်လောက်ကြည်ညိုစရာကောင်းသလဲ)။

အယံ၊ ဤကဲ့သို့ရသမျှနဲ့ တင်းတိမ်ရောင့်ရဲ၍နေခြင်းသည်။ အဿ ဘိက္ခုနော၊ ထိုရဟန်း၏။ စီဝရေ၊ သင်္ကန်း၌။ ယထာလာဘသန္တောသော၊ ရရ သမျှသောသင်္ကန်းဖြင့် ရောင့်ရဲနိုင်သော ယထာလာဘသန္တောသမည်၏။ ဒါက ယထာလာဘသန္တောသ။

စီဝရယထာဗလ ယထာဗလသန္တောသ ဆိုတာက ဘယ်လိုလဲ-"အထ ပန ပကတိဒုဗ္ဗလော ဝါ ဟောတိ အာဗာဓဇရာဘိဘူတော ဝါ၊ ဂရုံ စီဝရံ ပါရုပန္တော ကိလမတိ၊ သော သဘာဂေန ဘိက္ခုနာ သဒ္ဓိံ တံ ပရိဝတ္တေတွာ လဟုကေန ယာပေန္တောပိ သန္တုဋ္ဌောဝ ဟောတိ၊ အယမဿ စီဝရေ ယထာဗလသန္တောသော"။

အထပန၊ ထိုမှတပါး။ ပကတိဒုဗ္ဗလော ဝါ၊ ပကတိသဘောအားဖြင့် အားနည်းဗလနည်းသည်မူလည်း။ ဟောတိ၊ ဖြစ်၏။ အာဗာဓဇရာဘိဘူတော ဝါ၊ အနာရောဂါ,အိုမင်းမစွမ်းဖြစ်တဲ့ ရောဂါဖြင့်နှိပ်စက်ခံရခြင်းသည်မူလည်း။ ဟောတိ၊ ဖြစ်၏။ ဂရုံ၊ လေးလံသော။ စီဝရံ၊ သင်္ကန်းကို။ ပါရုပန္တော၊ ဝတ်ရုံသည်ရှိသော်။ ကိလမတိ၊ ပင်ပန်းရှာ၏။

သော၊ ထိုသန္တုဋ္ဌိနှင့် ပြည့်စုံသောရဟန်းသည်။ သဘာဂေန၊ သဘောတူ သော။ ဘိက္ခုနာ၊ ရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ တံ၊ ထိုလေးလံတဲ့သင်္ကန်းကို။ ပရိဝတ္တေတွာ၊ လဲလှယ်၍။ လဟုကေန၊ ပေါ့သော။ စီဝရေန၊ သင်္ကန်းဖြင့်။ ယာပေန္တောပိ၊ မျှတလျက်လည်း။ သန္တုဋ္ဌောဝ၊ တင်းတိမ်ရောင့်ရဲသည်သာ လျှင်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုရဟန်းတော်၏။ စီဝရေ၊ သင်္ကန်း၌။ ယထာဗလသန္တောသော၊ ယထာဗလသန္တောသမည်၏။

ယထာဗလသန္တောသဆိုတာ ဘာလဲ-ရဟန်းကပါးသည် ရောဂါဝေဒနာ စွဲကပ်နေတယ်၊ ပြီးတော့ အိုမင်းမစွမ်းလဲဖြစ်နေလို့ လေးလံတဲ့သင်္ကန်းကြီးကို မရုံနိုင်ဘူး၊ သူရတဲ့သင်္ကန်းက ကောင်းလဲကောင်းတယ်၊ လေးလဲလေးတယ်။

ခွန်အားနည်းလို့ ဒီလေးတဲ့သက်န်းကို ဘယ်လောက်ပဲ ကောင်းကောင်း မဝတ်မရုံနိုင်ဘူးဆိုယင် တခြားရဟန်းတပါးပါးထံမှ ပေါ့ပါးတဲ့ သက်န်းကို ကိုယ်ကယူပြီးတော့ ကိုယ့်ဆီက ကောင်းတဲ့သက်န်းကို သူ့ကိုပေးပြီးတော့မှ မကောင်းတဲ့ ပေါ့ပေါ့ပါးပါး သက်န်းကလေးနဲ့ ကိုယ်ကရှက်ဆောင်ပြီး နေနိုင်တာကို စီဝရယထာဗလသန္တောသလို့ ခေါ်ပါတယ်။

စီဝရယထာသာရုပ္ပ စီဝရ ယထာသာရုပ္ပသန္တောသ ဆိုတာက– "အပရော ပန္နစီဝရာဒိနံ အညတရံ မဟဂ္ဃစီဝရံ လဘိတွာ ဣဒံ ထေရာနံ စိရပဗ္ဗဇိတာနံ,ဣဒံ ဗဟုဿုတာနံ အနုရူပံ၊ ဣဒံ ဂိလာနာနံ ဒုဗ္ဗလာနံ, ဣဒံ အပ္ပလာဘီနံ ဟောတူတိ"။

အပရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ပန္နစီဝရာဒိနံ၊ သက်န်း လျှာပုဆိုး စသည်တို့တွင်။ အညတရံ၊ တပါးပါးသော။ မဟဂ္ဃစီဝရံ၊ အဘိုး တန် သက်န်းကို။[ ]လဘိတွာ၊ ရသည်ဖြစ်၍။ (အဘိုးတန် သက်န်းကို ရလာတဲ့ အခါကျတော့)ဣဒံစီဝရံ၊ ဤသက်န်းကောင်းသည်။ စိရပဗ္ဗဇိတာနံ၊ ကြာမြင့် စွာရဟန်းပြုကြကုန်သော။ ထေရာနံ၊ မထေရ်ကြီးတို့အား။ အနုရူပံ၊ လျောက် ပတ်၏။

ဣဒံ၊ ကောင်းတယ်ဆိုတဲ့သက်န်းသည်။ ဗဟုဿုတာနံ၊ ပရိယတ္တိ ဗဟုဿုတ ပဋိပတ္တိ ဗဟုဿုတနှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်တို့အတွက်။ အနုရူပံ၊ သင့် လျော်လျောက်ပတ်၏။ ဣဒံ၊ ဤကောင်းပေ့ဆိုတဲ့ သက်န်းသည်။ ဒုဗ္ဗလာနံ၊ အားခွန်ဗလ ကင်းကွာကုန်သော။ ဂိလာနာနံ၊ ဖျားနာသော ပုဂ္ဂိုလ်တို့အား။ အနုရူပံ၊ သင့်လျော်၏။ ဣဒံ၊ ဤသက်န်း[ ] ကောင်းသည်။ အပ္ပလာဘီနံ၊ ဘုန်းကံပါးရှားလာဘ်လာဘနည်းကုန်သော ပုဂ္ဂိုလ်တို့အား။ ဟောတု၊ ဖြစ်စေ သတည်း။ ဣတိ၊ ဤသို့နှလုံးသွင်းပြီးတော့ ဘယ်လိုလုပ်သလဲဆိုတော့–

တေသံ ဒတွာ အတ္တနာ သင်္ကာရကူဋာဒိတော နန္တကာနိ ဥစ္စိနိတွာ သံဃာဋိံ ကတွာ တေသံ ဝါ ပုရာဏစီဝရာနိ ဂဟေတွာ ဓာရေန္တောပိ သန္တုဋ္ဌောဝ ဟောတိ၊ အယမဿ စီဝရေ ယထာသာရုပ္ပသန္တောသော။

တေသံ၊ ထိုမထေရ်ကြီး စသောပုဂ္ဂိုလ်တို့အား။ တံစီဝရံ၊ ထိုကောင်းတယ် ဆိုတဲ့ သက်န်းကို။ ဒတွာ၊ ပေး၍ လှူ၍။ အတ္တနာ၊ မိမိ ကိုယ်တိုင်ကတော့။ သင်္ကာရကူဋာဒိတော၊ အမှိုက်ပုံ စသည်တို့မှ။ နန္တကာနိ၊ အစုတ် အပြတ်တွေ ဖြစ်၍နေကုန်သော အဝတ်တို့ကို။ ဥစ္စိနိတွာ၊ ရွေးချယ်၍။ သံဃာဋိံ ကတွာဝါ၊ ဒုကုဋ်သက်န်းကြီး ပြု၍ရင်း။ တေသံ၊ ထိုမထေရ်ကြီးစသော ပုဂ္ဂိုလ်တို့၏။ ပုရာ ဏစီဝရာနိ၊ သက်န်းအဟောင်းတို့ကို။ ဂဟေတွာဝါ၊ ယူ၍ရင်း။ ဓာရေန္တောပိ၊

ဝတ်ပြုသုံးဆောင်သောရဟန်းသည်လည်း။ သန္တုဋ္ဌော၀၊ ရောင့်ရဲသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ အသ၊ ထိုသန္တုဋ္ဌိ ပုဂ္ဂိုလ်၏။ စိဝရေ၊ သင်္ကန်း၌။ ယထာသာရုပ္ပ သန္တောသော၊ ယထာသာရုပ္ပ သန္တောသ မည်၏။

ဘယ်လိုလဲ-အဓိပ္ပါယ်က၊ ကိုယ့်မှာ သင်္ကန်း ကောင်းကောင်းတွေ ရတယ်၊ ဒီသင်္ကန်းကောင်းကောင်းတွေဟာ မထေရ်ကြီးတွေ, ဗဟုဿုတရှိတဲ့ပုဂ္ဂိုလ်ကြီးတွေ,အိုမင်းကဲ့ရဟန်းတွေ,ဂိလာန ရဟန်းများနဲ့ ဘုန်းကံနည်းပါးတဲ့ ရဟန်းများနဲ့သာ တော်တယ်လို့ဆိုပြီးတော့ အဲဒီ ကောင်းပေ့ဆိုတဲ့သင်္ကန်းကို အိုမင်းတဲ့ ရဟန်း, မထေရ်ကြီးဖြစ်တဲ့ ရဟန်း စသည်တို့ကို လှူဒါန်းပြီးတော့ ကိုယ်က အဲဒီ ပုဂ္ဂိုလ်တို့ရဲ့ သင်္ကန်း စုတ်ကလေးကိုယူ၊ မလုံလောက်သေးယင် တခါအမှိုက်ပုံတွေကြားမှာ ကောက်လို့ရတဲ့ အခုနက ပံ့သကူသင်္ကန်းမျိုးနဲ့ တင်းတိမ်ရောင့်ရဲနိုင်ခြင်းကို စီဝရယထာသာရုပ္ပသန္တောသ လို့ ဒီလိုခေါ်ပါတယ်။

သုံးခုပြီးပြီ မဟုတ်လား၊ ပိဏ္ဍပါတလဲ ဒီအတိုင်းဘဲ၊ ပါဠိတွေကတော့ ဒီအတိုင်း ချည်းဘဲ။

ဆွမ်း၌ရောင့်ရဲခြင်း**သုံး**ပါး ဣဓ ပန ဘိက္ခု ပိဏ္ဍပါတံ လဘတိ လူခံ ဝါ ပဏီတံ ဝါ၊ သော တေနေဝ ယာပေတိ၊ အညံ န ပတ္ထေတိ၊ လဘန္တောပိ န ဂဏှာတိ၊အယ မဿ ပိဏ္ဍပါတေ ယထာလာဘ-သန္တောသော။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ လူခံ ဝါ၊ မာကျောကြမ်းတမ်းသည်လည်းဖြစ်သော။ ပဏီတံ ဝါ၊ ပျော့ပျောင်း နူးညံ့မွန်မြတ်သည်လည်းဖြစ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ လဘတိ၊ ရလာ၏။ သော၊ ထိုရဟန်းသည်။ တေနေဝ၊ ထိုကောင်းကောင်းဆိုးဆိုး ရလာသော ဆွမ်းဖြင့်သာလျှင်။ ယာပေတိ၊ မျှတတင်းတိမ်ရောင့်ရဲ၏။

အညံ၊ ထိုထက်ကောင်းတဲ့ တပါးသောဆွမ်းကို။ န ပတ္ထေတိ၊ မတောင့်တ။ လဘန္တောပိ၊ နောက်ထပ် ရပြန်သော်လည်း။ န ဂဏှာတိ၊ မခံယူ။ အယံ၊ ဤသည်ကား။ အဿ၊ ထိုရဟန်း၏။ ပိဏ္ဍပါတေ၊ ဆွမ်း၌။ ယထာ လာဘ-သန္တောသော၊ ယထာလာဘသန္တောသမည်၏။

ဒီစကားက ဘာပြောလဲ- ကောင်းတဲ့ဆွမ်းကိုလဲ ရချင်ရတယ်, မကောင်းတဲ့ဆွမ်းကိုလဲ ရချင်ရတယ်၊အဲဒီလို မကောင်းတာရလဲဘဲ မကောင်းတဲ့ ဆွမ်းနဲ့ဘဲ တင်းတိမ်ရောင့်ရဲတယ်၊ တပါးသောဆွမ်းကို မတောင့်တဘူး၊ အရှင်ဘုရား ဆွမ်း မကောင်းပါဘူး၊ ကောင်းတဲ့ဆွမ်းနဲ့လဲပြီး ဘုဉ်းပေးပါဆိုလဲ မဟုတ်ဘူး၊ သူက

တော့ သူရသရွှေ့ဆွမ်းနဲ့ဘဲ သူတင်းတိမ်ရောင့်ရဲတယ်၊ အဲဒီလို ပုဂ္ဂိုလ်ကို ပိဏ္ဍပါတ ယာထာလာဘသန္တောသပုဂ္ဂိုလ်လို့ခေါ်ပါတယ်။

အထ ပန အာဗာဓိကော ဟောတိ၊ လူခံ ပကတိဝိရုဒ္ဓံ ဝါ ဗျာဓိဝိရုဒ္ဓံ ဝါ ပိဏ္ဍပါတံ ဘုဉ္ဇိတွာ ဂါဠ့် ရောဂါတင်္က ပါပုဏာတိ၊ သော သဘာဂဿ ဘိက္ခုနော ဒတွာ တဿ ဟတ္ထတော သပ္ပါယဘောဇနံ ဘုဉ္ဇိတွာ သမဏဓမ္မံ ကရောန္တောပိ သန္တုဋ္ဌော ဝ ဟောတိ၊ အယ မဿ ပိဏ္ဍပါတေ ယထာဗလသန္တောသော။

အထပန၊ ထိုမှတပါး။ ဘိက္ခု၊ ရဟန်းသည်။ အာဗာဓိကော၊ အနာရောဂါစွဲကပ်၍နေသည်။ ဟောတိ၊ ဖြစ်၏။ (သော၊ ထိုရဟန်းသည်။) လူခံ၊ ကြမ်းတမ်းသော။ ပကတိဝိရုဒ္ဓံဝါ၊ ပကတိအားဖြင့် ဆန့်ကျင်သည်လည်းဖြစ်သော။ ဗျာဓိဝိရုဒ္ဓံဝါ၊ အနာရောဂါနှင့်မတဲ့သဖြင့် ဆန့်ကျင်ဘက်ဖြစ်နေသည်လည်းဖြစ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိတွာ၊ သုံးဆောင်၍—

(ရလာတဲ့ဆွမ်းက ဒန်ပေါက်ဆွမ်းတွေ၊ ကိုယ့်မှာက အစာအိမ်ရောဂါဖြစ်နေတယ်ဆိုပါတော့–တဲ့ပါ့မလား၊ (မတဲ့ပါဘူးဘုရား) ဒီဆွမ်းစားယင် ဒုက္ခရောက်မယ်မဟုတ်လား၊ ဒီတော့) ဂါဠ့် ရောဂါတင်္က ပါပုဏာတိ၊ ပြင်းထန်သောအနာရောဂါဝေဒနာရတတ်၏, ရောက်တတ်၏။ (ဘယ်လိုလုပ်ရမလဲ)။

သော၊ ထိုရဟန်းသည်။ သဘာဂဿ၊ သဘောတူသော။ ဘိက္ခုနော၊ ရဟန်းအား။ ဒတွာ၊ ပေး၍။ တဿ၊ ထိုသဘောတူသောရဟန်း၏။ ဟတ္ထတော၊ လက်မှ။သပ္ပာယဘောဇနံ၊ လျောက်ပတ်သောဆွမ်းဘောဇဉ်ကို။ ဘုဉ္ဇိတွာ၊ စား၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တောပိ၊ အားထုတ်၍နေသောရဟန်းသည်လည်း။ သန္တုဋ္ဌော ဝ၊ ရောင့်ရဲတင်းတိမ် သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုရဟန်း၏။ ပိဏ္ဍပါတေ၊ ဆွမ်း၌။ ယထာဗလသန္တောသော၊ ယထာဗလသန္တောသမည်၏။

ဆွမ်း၌ ယထာသာရုပ္ပသန္တောသဆိုတာကတော့ဖြင့် ဘယ်လိုလဲ- အခုနက ပြောတဲ့ပါဠိတွေအတိုင်းပါဘဲ။

အပရော ဘိက္ခု ပဏီတံ ပိဏ္ဍပါတံ လဘတိ၊ သော “အယံ ပိဏ္ဍပါတော စိရပဗ္ဗဇိတာဒီနံ အနုရူပေါ”တိ စီဝရံဝိယ တေသံ ဒတွာ တေသံ ဝါ သန္တကံ ဂဟေတွာ အတ္တနာ ပိဏ္ဍာယ စရိတွာ မိဿကာ ဟာရံ ဝါ ပရိဘုဉ္ဇန္တောပိ သန္တုဋ္ဌော ဝ ဟောတိ၊ အယ မဿ ပိဏ္ဍပါတေ ယထာသာရုပ္ပသန္တောသော။

အဓိပ္ပာယ်ကတော့- ကိုယ်ကကောင်းတာတွေ ရလာတယ်၊ ဪ-ဒီဆွမ်းကောင်းကောင်းတွေဟာ မထေရ်ကြီးတွေနဲ့မှ တော်တယ်၊ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့မှ တော်တယ်၊ ဘုန်းကံပါးရှားတဲ့ ပုဂ္ဂိုလ်တွေနဲ့မှ တော်တယ်လို့ဆိုပြီး အခုနက သင်္ကန်းလဲဝတ်သလို ကိုယ်က အဲဒီဆွမ်းကောင်းကောင်းကိုပေးပြီး သူ့ဆီကဆွမ်းကို ယူ၍ဖြစ်စေ၊ သို့မဟုတ်-"အတ္တနာ ပိဏ္ဍာယစရိတွာ မိဿကာဟာရံ ဝါ ဘုဥ္ဇန္တောပိ"၊ ကိုယ်တိုင်ဆွမ်းခံ လှည့်လည်ပြီးတော့ အရောရောအနှောနှော ဆွမ်းကိုဖြစ်စေ ရသမျှနှင့်သုံးဆောင် ရောင့်ရဲနိုင်တာသည် ပိဏ္ဍပါတ ယထာသာရုပ္ပသန္တောသပါဘဲ၊ ဆွမ်းမှာသုံးမျိုး။

ကျောင်း၌ရောင့်ရဲခြင်းသုံးပါး

ကျောင်းကျတော့လဲ ဒီအတိုင်းဘဲ၊ ပါဠိတော် တွေက ဘယ်လိုလဲ-"**ဣဓ** ပန ဘိက္ခုနော သေနာသနံ ပါပုဏာတိ မနာပံ ဝါ အမနာပံ ဝါ အန္တမသော တိဏကုဋိကာပိ တိဏသန္ထာရကမ္ပိ၊ သော တေနေဝ သန္တုဿတိ၊ ပုန အညံ သုန္ဒရတရံ ပါ ပါပုဏာတိ၊ တံ န ဂဏှာတိ၊ အယမဿ သေနာသနေ ယထာလာဘသန္တောသော"။

ကောင်းတဲ့ကျောင်းရရ, မကောင်းတဲ့ကျောင်းဘဲရရ အယုတ်ဆုံးအားဖြင့် သစ်ရွက် မြက်မိုးသော ကျောင်းကလေးဘဲရရ သူနှစ်သက် တင်းတိမ်၍နေတယ်တဲ့၊ တပါးသော ကျောင်းကောင်းကောင်းကို မတောင့်တဘူး၊ ကျောင်းကောင်းကောင်းကို ဆောက်လုပ်၍ လှူဒါန်းလျှင်လဲ လက်မခံဘူးတဲ့၊ အဲဒါကို သေနာသန ယထာလာဘသန္တောသလို့ ခေါ်ပါတယ်။

ပြီးတော့ယင် သေနာသန ယထာဗလ သန္တောသ၊ ပါဠိတော်က ရှေးကနည်းအတိုင်းဘဲ၊ ဘယ်လိုလဲဆိုတော့-

> အထ ပန အာဗာဓိကော ဟောတိ ဒုဗ္ဗလော ဝါ၊ သော ဗျာဓိဝိရုဒ္ဓံ ဝါ ပကတိဝိရုဒ္ဓံ ဝါ သေနာသနံ လဘတိ၊ ယတ္ထဿ ဝသတော အဖာသု ဟောတိ၊ သော တံ သဘာဂဿ ဘိက္ခုနော ဒတွာ တဿ သန္တကေ သပ္ပါယသေနာသနေ ဝသိတွာ သမဏဓမ္မံ ကရောန္တောပိ သန္တုဋ္ဌောဝ ဟောတိ။ အယ မဿ သေနာသနေ ယထာဗလသန္တောသော။

ဘယ်လိုလဲ-အဓိပ္ပါယ်က၊ ရလာတဲ့ကျောင်းနဲ့ ရောဂါနဲ့ မတဲ့ဘူး၊ ဥပမာ-အုတ်တိုက်ကြီးဆိုယင် ဒူလာစွဲနေတဲ့ ကိုယ်တော်နဲ့ တဲ့ပါ့မလား၊ (မတဲ့ပါဘူး ဘုရား) ဒီတော့-အဲဒီ အုတ်တိုက်ကျောင်းကြီး ကိုယ်တော့ ဒူလာရောဂါနဲ့

မတွဲဘူး၊ တပည့်တော်ကိုပေး၊ တပည့်တော်ရဲ့ မြက်ကျောင်းကလေးကို အရှင်ဘုရားယူပါလို့လဲယင် လဲနိုင်ပါ့မလား၊ (မလဲနိုင်ပါဘူးဘုရား)။

အဲဒါ ဒီကိုယ်တော် သန္တုဋ္ဌိပုဂ္ဂိုလ်ကတော့ ကိုယ့်ခွန်အားကိုကြည့်ပြီးတော့ လဲလှယ်တယ်၊ လဲလှယ်ပြီးတော့ မိမိနဲ့ သင့်လျော်မျှတတဲ့ သစ်ရွက်ကျောင်း၊ မြက်ကျောင်းကလေးမှာဘဲ ရောင့်ရဲ တင်းတိမ်ပြီးတော့ ရဟန်းတရားကို အားထုတ်နေတယ်၊ အဲဒါကို သေနာသန ယထာဗလ သန္တောသလို့ ဒီလိုခေါ်ပါတယ်။

ကုသိုလ်ကောင်းမှု၌ မေ့လျော့တတ်သည့်ကျောင်း

ယထာ သာရုပ္ပသန္တောသ ကျတော့ “သုန္ဒရံ သေနာသနံ ပတ္တမ္ပိ န သမ္ပဋိစ္ဆတိ ပဏီတ သေနာသနံ ပမာဒဋ္ဌာနန္တိ၊ မဟာပုညတာယ ဝါ လေဏမဏ္ဍပကူဋာဂါရာဒီနိ ပဏီတသေနာသနာနိ လဘတိ၊ သော တာနိ စီဝရာဒီနိ ဝိယ စိရပဗ္ဗဇိတာဒီနံ ဒတွာ ယတ္ထ ကတ္ထစိ ဝသန္တောပိ သန္တုဋ္ဌောဝ ဟောတိ၊ အယ မဿ သေနာ သနေ ယထာသာရုပ္ပသန္တောသော။

ကျောင်းကောင်းကောင်းတွေ ရတယ်၊ ဒီလို ကျောင်းကောင်းကြီးတွေဟာ မထေရ်ကြီးတွေနဲ့မှ တော်တယ်၊ ဗဟုဿုတရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့မှ တော်တယ်၊ ငါနေထိုင်လို့မဖြစ်ဘူးဆိုပြီးတော့ မထေရ်ကြီးများကို လှူဒါန်းပြီး မိမိကိုယ်တိုင်ကတော့ သစ်ပင်အောက် ဝါးပင်အောက် သွားပြီးတော့ သီတင်းသုံးနိုင်တာကို သေနာသနယထာသာရုပ္ပသန္တောသ–လို့ ဒီလိုခေါ်ပါတယ်။

အဲဒီနေရာမှာ “ပဏီတသေနာသနံ ပမာဒဋ္ဌာနံ” ဆိုတာဟာ- ပဏီတ သေနာသနံ၊ အင်မတန်ကောင်းတဲ့ ကျောင်းမည်သည်ကား။ ပမာဒဋ္ဌာနံ၊ ကုသိုလ်ကောင်းမှုကို မေ့လျော့ခြင်းရဲ့ အကြောင်းဖြစ်တယ်တဲ့–ကျောင်းကောင်းကောင်းဆိုတာ။

လှူတာတော့လှူပေါ့လေ–ဟုတ်လား၊ ဒါပေမဲ့ အခုနင်ကတုန်းက သန္တုဋ္ဌိနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ ဒီကျောင်းကောင်းကောင်းမှာ ဘယ်တော့မှ ဇိမ်ခံပြီးတော့မနေဘူး၊ သန္တုဋ္ဌိပုဂ္ဂိုလ်ဟုတ်မဟုတ် အဲဒါကြည့်- ဟုတ်လား၊ အင်မတန်ကောင်းပေ့ဆိုတဲ့ ဖိတ်ဖိတ်တောက် လက်လက်တောက်ကျောင်းပေါ် လူတိုင်းမတက်ရတဲ့ ကျောင်းမျိုးရှိသေးတယ် မဟုတ်လား၊ အဲဒီလိုကျောင်းမျိုးလို့ဆိုတာတဲ့၊ ပမာဒဋ္ဌာနံ၊ ကုသိုလ်ကောင်းမှုကို မေ့လျော့ဘွယ်ဖြစ်တဲ့ ကျောင်းတဲ့။

တတ္ထ နိသိန္နော ထိနမိဒ္ဓံ ဩက္ကမတိ။[၁]

တတ္ထ၊ ထိုအင်မတန်ကောင်းတဲ့ကျောင်း၌။ နိသိန္နော၊ နေသောရဟန်းအား။ ထိနမိဒ္ဓံ၊ အိပ်ချင်ခြင်း, ငိုက်မျည်းခြင်းဆိုတဲ့ ထိနမိဒ္ဓသည်။ ဩက္ကမတိ၊ သက်ဝင်၍လာတတ်၏။

နိဒ္ဒါဘိဘူတဿ ပုန ပဋိဗုဒ္ဓေါ ပါပဝိတက္ကာ ပါတုဘဝန္တိ။[၁]

နိဒ္ဒါဘိဘူတဿ၊ အိပ်ခြင်းသို့ရောက်သော ရဟန်းသည်။ ပုန၊ တဖန်။ ပဋိဗုဒ္ဓေါ၊ နိုး၍လာသည်ရှိသော်။ ပါပဝိတက္ကာ၊ ယုတ်မာသောကာမဝိတက်အစရှိသည်တို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်လာကုန်၏။

ကျောင်းကလေး သာယာပြီးတော့ အင်း–သိပ်ကောင်းတဲ့ကျောင်းဘဲဆိုပြီး ကိုယ့်ကျောင်းကလေးကို သာယာနေတယ်၊ သန္တုဋ္ဌိပုဂ္ဂိုလ်က ဒီလိုကျောင်းမျိုး ဘယ်တော့မှ မနေဘူးတဲ့– ဒီစာက၊ စာကပြောတာကိုပြောနေတာ။

> သော ဣတိ ပဋိသဉ္စိက္ခိတွာ တာဒိသံ သေနာသနံ ပတ္တမ္ပိ န သမ္ပဋိစ္ဆတိ၊ သော တံ ပဋိက္ခိပိတွာ အဗ္ဘောကာသ ရုက္ခမူလာဒီသု ဝသန္တောပိ သန္တုဋ္ဌောဝ ဟောတိ၊ အယမ္ပိဿ သေနာသနေ ယထာ သာရုပ္ပသန္တောသော။[၁]

သော ဘိက္ခု၊ ထိုရဟန်းသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခိတွာ၊ ဤကောင်းတဲ့ကျောင်းသည် မေ့လျော့ခြင်း၏ အကြောင်းဖြစ်တယ်, ကိလေသာ တိုးပွားတယ်ဆိုတာ ဆင်ခြင်ပြီးတော့။ တာဒိသံ သေနာသနံ၊ ထိုကျောင်းမျိုးကို။ ပတ္တမ္ပိ၊ တကာတကာမများ,လှူလို့ ရောက်လာပါသော်လည်း။ နသမ္ပဋိစ္ဆတိ၊ လက်မခံ။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ သေနာသနံ၊ ထိုကျောင်းကို။ ပဋိက္ခိပိတွာ၊ ပယ်ပြီးတော့ စွန့်ပြီးတော့။ (တကာ တကာမ ကုသိုလ်ရရှိ အလှူခံပြီးတော့ စွန့်လိုက်တယ်၊ စွန့်ပြီးတော့ သူက ဘယ်သွားနေလဲ–)

အဗ္ဘောကာသ ရုက္ခမူလာဒီသု၊ လွင်တီးခေါင်အရပ်, သစ်ပင်ရင်း, တော, တောင်,ချောက်, ကောက်ရိုးစု–ကောက်ရိုးပုံစသည်တို့၌။ ဝသန္တောပိ၊ နေသောရဟန်းသည်လည်း။ သန္တုဋ္ဌောဝ၊ တင်းတိမ်ရောင့်ရဲ ကျေနပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အယမ္ပိ၊ ဤသည်လည်း။ အဿ၊ ထိုရဟန်းအား။ သေနာသနေ၊ ကျောင်းအိပ်ရာ နေရာ၌။ ယထာသာရုပ္ပသန္တောသော၊ ယထာသာရုပ္ပသန္တောသမည်၏။ဒါ ကျော[illegible]၌ ယထာသာရုပ္ပသန္တောသ။

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် နှာ–၄၈။

ဆေးပစ္စည်း၌ ရောင့်ရဲခြင်းသုံးပါး

ဆေးပစ္စည်း–ကောင်းတဲ့ဆေးရရ, မကောင်းတဲ့ဆေးရရ အဲဒါနဲ့ဘဲတင်းတိမ်ရောင့်ရဲနိုင်တယ်။ "ဣဓ ပန ဘိက္ခု ဘေသဇ္ဇံ လဘတိ လူခံ ဝါ ပဏီတံ ဝါ၊ သော တေ–နေဝ တုဿတိ၊ အညံ န ပတ္ထေတိ၊ လဘန္တောပိ န ဂဏှာတိ၊ အယမဿ ဂိလာနပ္ပစ္စယေ ယထာလာဘသန္တောသော"။

ဘာဆေးဘဲရရ ကိုယ့်ရောဂါနဲ့တဲ့ယင်ပြီးရော၊ အရသာရှိဘဲ့ စတုမဓုဘဲရရ, အခုနင်က ပြောတဲ့ နွားကျင်ငယ်ရေဘဲရရ အဲဒါကလေးနဲ့ဘဲ သူက တင်းတိမ်ရောင့်ရဲတယ်၊ တခြားဆေးကို မတောင့်တဘူး၊ ဒါ ဆေးပစ္စည်း၌ ယထာလာဘသန္တောသ။

ယထာဗလသန္တောသလဲ ဒီအတိုင်းဘဲ။

> တေလေန အတ္ထိကော ဖာဏိတံ လဘတိ၊ သော တံ သဘာဂဿ ဘိက္ခုနော ဒတွာ တဿ ဟတ္ထတော တေလံ ဂဟေတွာ ဘေသဇ္ဇံ ကတွာ သမဏဓမ္မံ ကရောန္တောပိ သန္တုဋ္ဌော ဝ ဟောတိ၊ အယ မဿ ဂိလာနပစ္စယေ ယထာဗလသန္တောသော။

ရဟန်းတပါးက ဘာအလိုရှိသလဲ–ဆီ အလိုရှိတယ်၊ သွားအယူခံတော့ တင်လဲရတယ်၊ ဒီတော့ ဒီတင်လဲကို သဘောတူသော ရဟန်းအား ပေးပြီးတော့ အဲဒီ ရဟန်းထံမှ ဆီကိုယူ၍ ဆေးစီရင်ပြီးတော့ တင်းတိမ်ရောင့်ရဲနိုင်ခြင်းသည် ဆေး၌ ယထာဗလသန္တောသ။

နောက် ယထာသာရုပ္ပသန္တောသက ဘယ်လိုလဲ–

ကောင်းပေ့ဆိုတဲ့ ဆေးပစ္စည်းတွေ ရတယ်၊ အဲဒါကို မထေရ်ကြီးတွေကို လှူတယ်၊ ဒီနေရာကလေးမှာ ဘာပြောထားသလဲဆိုတော့ "ပရမသန္တုဋ္ဌောနာမ" လို့ပြောထားတာကလေးရှိကယ်၊ အဲဒါက ဘယ်လိုလဲဆိုတော့–

ဘုရားချီးမွမ်းသည့်ဆေး

ယော ပန ဧကသ္မိံ ဘာဇနေ မုတ္တဟရီတကံ, ဧကသ္မိံ စတုမဓုရံ ဥပနေတွာ "ဂဏှထ ဘန္တေ ယဒိစ္ဆသီ" တိ ဝုစ္စမာနော သစဿ တေသုအညတရေနပိ ရောဂေါ ဝူပသမ္မတိ၊" မုတ္တဟရီတကံနာမ ဗုဒ္ဓါဒီဟိဝဏ္ဏိတံ၊ ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယောတိ ဝစနမနုဿရန္တော စတုမဓုရံ ပဋိက္ခိပိတွာ မုတ္တဟရီတကေန ဘေသဇ္ဇံ ကရောန္တော ပရမသန္တု–ဋ္ဌော ဝ ဟောတိ၊ အယမဿ ဂိလာနပစ္စယေ ယထာသာရုပ္ပ သန္တောသော။[၁]

၁။ သန္တောသ ၁၂–ပါး အကြောင်းကို မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယ အုပ် နှာ–၄၇–၄၉–တို့၌ရှုင်း၊ ဥဒါန်း အဋ္ဌကထာ နှာ–၂၀၀–၌ရှင်း၊ သုတ်သီလက္ခန် အဋ္ဌကထာ နှာ–၁၀၂–၁၀၄–၌ရှင်း ကြည့်ပါ။

ဘယ်လိုလဲ ဆိုဒါက -ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ကေသိ္မံ ဘာဇနေ၊ တခုသောခွက်၌။ မုတ္တဟရိပဏ်၊ အခုနက နွားကျင်ငယ်ရေဖြင့် စိမ်အပ်သော ဖန်ခါးသီးရေကို။ ဌပေတွာ၊ ထည့်ထား၍။ ကေသိ္မံ ဘာဇနေ၊ တခုသော ခွက်၌။ စတုမဓုရံ၊ ပျားရည်, တင်လဲ, သကာ, ဆီ ဆိုတဲ့ စတုမဓုကို။ ဌပေတွာ၊ ထည့်၍။ "ဘန္တေ၊ အရှင်ဘုရား။ တုမှ၊ အရှင်ဘုရားသည်။ ယံ၊ အကြင်ဆေးကို။ ဣစ္ဆသိ၊ အလိုရှိပါလျှင်။ တံ၊ ထိုဆေးကို။ ဂဏှထ၊ ခံယူတော်မူကြပါလော့"

ဣတိ၊ ဤသို့။ ဝုစ္စမာနော၊ ပြောဆိုသည်ရှိသော်။ အဿဘိက္ခုနော၊ ထို ရဟန်းအား။ တေသု၊ ထိုဆေးနှစ်မျိုးတို့တွင်။ အညတရေန၊ ဆေးတမျိုးမျိုး ဖြင့်။ ရောဂေါ၊ ရောဂါသည်။ သစေဝူပသမ္မတိ၊ အကယ်၍ငြိမ်းမယ်ပျောက် မယ်ဆိုယင်။ "မုတ္တဟရိတကံနာမ၊ နွားကျင်ငယ်ရေနှင့် စိမ်သောဆေးမည် သည်ကား။ ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။ ပူတိမုတ္တဘေသဇ္ဇံ၊ ပုပ်သောနွားကျင်ငယ်ရေနှင့် ဖော် စပ်သောဆေးကို။ နိဿာယ၊ အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊အကြင်ရဟန်းအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရဟန်းအဖြစ်၌။ တေ၊ သင်ရဟန်းသည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဥဿာဟော၊ လုံ့လစိုက်ထုတ် မှီဝဲခြင်းကို။ ကရဏီယော၊ ပြုကျင့်အပ်၏။"

ဣတိ-ဧတံ ဝစနံ၊ ဤသို့ ဘုရားရှင်ဆုံးမတော်မူသောစကားကို။ အနုဿရ န္တော၊ အစဉ်အောက်မေ့သည်ဖြစ်၍။ စတုမဓုရံ၊ စတုမဓုဆေးကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ မုတ္တဟရိတကေန၊ နွားကျင်ငယ်ရေဖြင့် စိမ်အပ်သော ဖန်ခါးသီးရေ ဖြင့်။ ဘေသဇ္ဇံ၊ ဆေးကို။ ကရောန္တော၊ မှီဝဲသုံးဆောင်မှု ပြုသောရဟန်းသည်။ ပရမသန္တုဋ္ဌောဝ၊ အလွန်မြတ်သော ရောင့်ရဲတင်းတိမ်မှု သန္တုဋ္ဌမည်သည်သာ လျှင်။ ဟောတိ၊ ဖြစ်ပေ၏။

အယံ၊ ဤသည်ကား။ အဿ၊ ထိုရဟန်း၏။ ဂိလာနပစ္စယေ၊ ဂိလာန ရဟန်းတို့မှီဝဲရသော ဆေးပစ္စည်း၌။ ယထာသာရုပ္ပသန္တောသော၊ ယထာ သာရုပ္ပသန္တောသမည်၏။

ဆေးပစ္စည်းနှစ်ခု၊ တခွက်ကနွားကျင်ငယ်ရေတွေနဲ့ ဖန်ခါးသီးနဲ့ဖော်ထား တဲ့ဆေး၊ တခွက်က စတုမဓုနဲ့ဖော်ထားတဲ့ဆေး၊ ဒီဆေးနှစ်မျိုးဟာ မိမိရဲ့ ရောဂါပျောက်မဲ့ ဆေးချည်းဘဲ၊ နွားကျင်ငယ်ရေသောက်လဲဘဲ မိမိရောဂါ ပျောက်မယ်၊ စတုမဓုဆေး သောက်ယင်လဲ မိမိရောဂါပျောက်မယ်၊ ဘယ်ဆေး သောက်ကြမလဲ- စတုမဓုသောက်မှာပေါ့၊ ရောဂါပျောက်တာချင်း အတူတူ ဟုတ်လား။

ဟိုသန္တုဋ္ဌိပုဂ္ဂိုလ်က ဒီလိုမဟုတ်ဘူး၊ နွားကျင်ငယ်ရေနဲ့ စိမ်ထားတဲ့ဆေးသည် မြတ်စွာဘုရားလဲ ချီးမွမ်းတယ်၊ ရောဂါးပျောက်တာချင်းလဲ အတူတူ၊ စတုမဓုကို ငါမသောက်ဘူး ဆိုပြီးတော့ ရောင့်ရဲတင်းတိမ်တယ်၊ မှီဝဲတယ်၊ အဲဒါ ပရမသန္တုဋ္ဌဘဲ၊ ဘုန်းကြီးတို့ပရိသတ်ကတော့ ဆေးလဲ ကောင်းတာကို ရွေးစားတာဘဲ ဟုတ်လား။

သန္တုဋ္ဌိကထာ–ဟုတ်လား၊ ဤသို့သော သန္တုဋ္ဌိဂုဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် ဟို–နောက်ကဟောခဲ့တဲ့ မဟိစ္ဆ, အတြိစ္ဆ, ပါပိစ္ဆ, ပုဂ္ဂိုလ်တို့နဲ့ဆန့်ကျင်ဘက်မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)

အဲဒီတော့ သန္တုဋ္ဌိကထာပြီးပြီလို့ ဆိုကြပါစို့–နော်၊ (မှန်ပါ) အဲဒီလိုတရားအားထုတ်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာ အခုပြောခဲ့တဲ့ သန္တောသဘရား–သန္တုဋ္ဌိတရား တဆဲ့နှစ်ပါးနဲ့ ပြည့်စုံရမယ် ဆိုတဲ့အကြောင်းကို မြတ်စွာဘုရားက ဟောပါတယ်၊ သူလဲဘဲ ကထာဆယ်မျိုးထဲက မရင့်ကျက်သေးသော စေတောဝိမုတ္တိကို ရင့်ကျက်ကြောင်းဖြစ်တဲ့ တရားမျိုး၊ သန္တုဋ္ဌိကထာပြီးပြီ။

* သန္တောသ မတတိဋ္ဌာနံ၊ ယံ သုခံ သန္တသီလိနံ။
ကုတောတ္ထိ မနုလုဒ္ဓါနံ၊ ဣတော စိတော စ ဓာဝတံ။

သန္တောသ မတတိဋ္ဌာနံ၊ လောကသိုက်မြုံ ကာမဂုဏ်၌ အာရုံမကြီး တရားမှီး၍ သိမ်းဆည်းခြိုးခြံ ကံပေးသမျှ ရတတ်သရွေ့ သူတော်လေ့ဖြင့် ချမ်းမြေ့စံပယ် ရောင့်ရဲလွယ်ခြင်းတည်းဟူသော အမြိုက်ရေစင်ကို သုံးရသဖြင့် နှလုံးတွင်တည်ငြိမ်၍ တင်းတိမ်ကြည်အေးတော် မူနိုင်ကြပေကုန်သော။ သန္တသီလိနံ၊ ရေပြည့်အိုးသွင် ဘောင်ဘင်မခတ် စိတ်တည်မတ်၍ ဇာတ်ဟောင်းကိုမြှော်မတော်လောဘ မတက်ကြွဘဲ သီလသမာဓိ ချွန်းအုပ်နှိမ်၍ ငြိမ်သက်သော အလေ့ ဝသီ ရှိတော်မူကြ ပေကုန်သော။ သန္တာနံ၊ ရွှေတောင် ပေါက်သော်လည်း မတက်ကြွ, မသေရုံစားရသော်လည်း သောကမထင့်ဖရိယာ နွယ်တော်ဝင်ကြတဲ့ သူတော်စင် ပုဂ္ဂိုလ်အပေါင်းတို့အား။ယံ သုခံ၊ ကောင်းတယ်ဆိုးတယ်ဘယ်ဝယ် ဘယ်လို့ ပြစ်မဖို့ရန်မရှာ သန္တုဋ္ဌိဆိုတဲ့ အကြင်ချမ်းသာမြတ်ကြီးသည်။ အတ္ထိ၊ လူမိုက်တွေသန္တာန်မှာ တကယ်ပင် မရှိကြငြားသော်လည်း သူတော်စင်သန္တာန်ထဲမှာ အမှန်ဘဲရှိတော့သည်သာတည်း။

---

*(မှတ်ချက်) သန္တောသ မတတိဋ္ဌာနံ–စသော ဂါထာ ပါဠိနှင့်အနက်သည် ရှေး ဆရာတော်များ သီကုံးဖွဲ့စီထားသော ဂါထာနှင့်အနက်ဖြစ်ပါသည်။ ဤအခဏ်း၌ သန္တောသနှင့်ဆီလျော်သဖြင့်၎င်း, ရွတ်ဖတ်မှတ်သားဘွယ် ကောင်းသဖြင့်၎င်း ထည့်သွင်းဖော်ပြပါသည်၊ ထိုးကြီး ဆရာတော်၏ ဟောစဉ်တိတ်ခွေတွင် မပါဝင်ပါ။

ဣလှတောစိတောစ၊ ဟိုမှာမကောင်း ဒီမှာကောင်းဟု ပြောင်းကာလွဲကာ ဝိပလ္လာကြောင့် ပမာမျောက်လို ဟိုရောက်ဒီရောက် ကတောက်ကတက် ယောက်ယက်ဆန်ကာ ကူးလူး၍သာလျှင်။ ဓာဝတံ–ဓာဝန္တော၊ သေလျှင်မြေကြီး မသေလျှင် ရွှေထီးနှင့် တငြီးငြီးစံမည်ဟု ကြံစည်ကာ စိတ်စောလျက် ကသောကမျော ပြေးလွှား၍ နေကြကုန်လျက်။ ဓနလုဒ္ဓါနံ၊ ဥစ္စာမက်သော ရမက်ဇောဖြင့် တသောသောဆူညံ၍ နေကြကုန်သော။ ဗာလာနံ၊ ချမ်းသာအဆီ သန္တိဋ္ဌိဟု သိသိကလေးမှ မသိကြတဲ့ အန္ဓလူစား ငမိုက်သားတို့အား။ တံသုခံ၊ ကောင်းတယ် ဆိုးတယ် ဘယ်ဝယ် ဘယ်သို့ ပြစ်မဖို့ ရန်မရှာ သန္တိဋ္ဌိ ခေါ်တဲ့ ထိုချမ်းသာမြတ်ကြီးသည်။ ကုတောအတ္ထိ၊ အဘယ်မှာလျှင် ရှိပါတော့ အံ့နည်း။ နတ္ထိ ယေဝ၊ စိန်တွေ ရွှေတွေ ကုဋေကုဋာ ဥစ္စာစီးပွား အမိုက်ခြား၌ လိုက်စားလို့ အသွယ်သွယ် အေးစေဘို့ ကြံရွယ်ငြားသော်လည်း မီးစာတွေ အဆွယ်ပွားသဖြင့် တကယ်သားမရတော့သည်သာလျှင်တည်း။

ပဝိဝေက ကထာ
ဝိဝေက ၃-ပါး

ပဝိဝေကကထာဆိုတာက ဘာပြောသလဲဆိုတော့ ကာယဝိဝေက, စိတ္တဝိဝေက,ဥပဓိဝိဝေကလို့ ဝိဝေကသုံးပါးရှိပါတယ်တဲ့၊ အဲ–သူ့တော့ သိပ်ကျယ်ကျယ်ဟောနေလို့ မဖြစ်ဘူး၊ ခပ်ကျဉ်းကျဉ်းဘဲ။

ကာယဝိဝေက ဆိုတာက—

ဧကော ဂစ္ဆတိ၊ ဧကော တိဋ္ဌတိ၊ ဧကော နိသီဒတိ၊ ဧကော သေယျံ ကပ္ပေတိ၊ ဧကော ဂါမံ ပိဏ္ဍာယ ပဝိသတိ၊ ဧကော ပဋိက္ကမတိ၊ ဧကော အဘိက္ကမတိ၊ ဧကော စင်္ကမံ အဓိဋ္ဌာတိ၊ ဧကော စရတိ၊ ဧကော ဝိဟရတီတိ ဧဝံ သဗ္ဗိရိယာပထေသု သဗ္ဗကိစ္စေသု ဂဏသင်္ဂဏိကံ ပဟာယ ဝိဝိတ္တဝါသော ကာယဝိဝေကော နာမ။[၁]

(၁) တယောက်ထဲ သွားတယ်။ တယောက်ထဲ ရပ်တယ်၊ တယောက်ထဲ ထိုင်တယ်၊ တယောက်ထဲအိပ်တယ်၊ တယောက်ထဲဆွမ်းခံသွားတယ်၊တယောက်ထဲ နောက်သို့ ဆုတ်တယ်၊ တယောက်ထဲ ရှေ့သို့တက်တယ်၊ တယောက်ထဲ စင်္ကြံသွားတယ်၊ တယောက်ထဲကျင့်တယ်၊ တယောက်ထဲနေတယ်။ ဣတိ ဧဝံ၊ ဤသို့။ သဗ္ဗိရိယာပထေသု၊ အလုံးစုံသော ဣရိယာပုထ်တို့၌။ သဗ္ဗကိစ္စေသု၊

၁။ ဥဒါန်းအဋ္ဌကထာ နှာ–၂၀၉–၁၀။ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဒု၊နှာ-၄၉။ ပါထိကဝဂ္ဂ အဋ္ဌကထာ နှာ–၂၄၇-ကိုလည်းရှု။

အလုံးစုံသော ကိစ္စတို့၌။ ဂဏာသင်္ဂဏိကံ၊ အပေါင်းအသင်းတို့နှင့် ရောယှက်တင်နေခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဝိတ္တဝါသော၊ ဆိတ်ငြိမ်စွာနေခြင်းသည်။ ကာယဝိဝေကောနာမ၊ ကာယဝိဝေကမည်၏။

တနည်း—ဝိနည်းအဋ္ဌကထာကတော့ဖြင့် ကာမဂုဏ်ငါးပါးက ဆိတ်သုဉ်းနေတာသည် ကာယဝိဝေက—တဲ့။

(၂) စိတ္တဝိဝေက—နီဝရဏတရားတွေမှ ကင်းနေတာသည် စိတ္တဝိဝေက၊[၁] တနည်း–အခုနင်က ဝိနည်း အဋ္ဌကထာများက ဘယ့်နှယ် ပြောသလဲ–အလုံးစုံသော အကုသိုလ်တရားတို့မှ မိမိစိတ်ထဲ ကင်းကွာပြီးတော့ နေခြင်းသည် စိတ္တဝိဝေက။

(၃) ဥပဓိ ဝိဝေကဆိုတာ သင်္ခါရုပဓိ,ကိလေသုပဓိလို့ ခေါ်တဲ့ ဥပဓိနှစ်ပါး ကင်းဆိတ်ပြီးတော့နေတဲ့ နိဗ္ဗာန်ချမ်းသာသည် ဥပဓိဝိဝေကလို့ ဒီလိုခေါ်ပါတယ်။

ဒါကို မဟာနိဒ္ဒေသပါဠိတော်ကြီးများမှာ ဘာပြောသလဲ—

> ကာယဝိဝေကော ဝိဝေကဋ္ဌကာယာနံ နေက္ခမ္မာဘိရတာနံ၊ စိတ္တဝိဝေကော စ ပရိသုဒ္ဓစိတ္တာနံ ပရမဝေါဒါနပ္ပတ္တာနံ၊ ဥပဓိဝိဝေကော စ နိရုပဓီနံ ပုဂ္ဂလာနံ ဝိသင်္ခါရဂတာနံ။[၂]

ဖလသမာပတ် ဝင်စားပြီးတော့ နေတဲ့ပုဂ္ဂိုလ်ကို ဥပဓိဝိဝေကလို့ ဒီလိုခေါ်တယ်၊ အဲဒီ ဝိဝေက ကထာနဲ့ ပတ်သက်တဲ့ တရားစကား မျိုးကိုလဲဘဲ မကြာမကြာ နာပေးရမယ်၊ မကြာမကြာ ပြောပေးရမယ်တဲ့၊ ဒါ ဝိဝေက ကထာ၊ ပြီးရော ဝိဝေက ကထာ။

အသံသဂ္ဂကထာ သူ့ကိုတော့ ခပ်ကျယ်ကျယ်လေး ဟောရလိမ့်မယ်၊အသံသဂ္ဂကထာဆိုတာ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတွေနဲ့ ရောရောနှောနှော မနေတာကို အသံသဂ္ဂကထာလို့ ခေါ်တယ်။

သန္ထဝ ၃–ပါး ဘုန်းကြီးတို့ပရိသတ်က အပေါင်းအသင်းနဲ့ ခွဲပြီးမနေနိုင်ဘူးလား၊ သံသဂ္ဂ=ရောနှောတယ်၊ တယောက်နဲ့ တယောက်၊ တဦးနဲ့တဦး ပေါင်းသင်းဆက်ဆံ ရောနှောတယ်လို့ဆိုတာ သုံးမျိုးရှိတယ်။

၁။ အဋ္ဌသမာပတ္တိယော ပန စိတ္တဝိဝေကောနာမ။ သမာပတ်ရှစ်ပါးတို့သည် စိတ္တဝိဝေကမည်၏၊ ဥဒါန်းအဋ္ဌကထာ နှာ–၂၁၀။

၂။ မဟာနိဒ္ဒေသပါဠိတော် နှာ–၁၂၂။ ဥဒါန်းအဋ္ဌကထာ နှာ–၂၁၀။ မူလပဏ္ဏာသအဋ္ဌကထာ၊ ဒု၊ နှာ–၄၉–စသည်ရှု။

(၁) တဏှာနဲ့ဆက်ဆံခြင်း–တဏှာသန္ထဝ၊ တဏှာနဲ့ ပေါင်းသင်းတဲ့–သံသဂ္ဂ။
(၂) ဒိဋ္ဌိအနေနဲ့ ပေါင်းသင်းဆက်ဆံခြင်း–ဒိဋ္ဌိသန္ထဝ။
(၃) မိတ်ဆွေကောင်းအနေနဲ့ ပေါင်းသင်းဆက်ဆံခြင်း–မိတ္တသန္ထဝ-လို့ သန္ထဝသုံးမျိုးရှိတယ်။[၁]

အဲဒီ သန္ထဝသုံးမျိုးနဲ့ပတ်သက်ပြီးတော့ သံသဂ္ဂ–ရောရောနှောနှောရှိတယ်၊ အသံသဂ္ဂကထာဆိုတာ မရောနှောရဘူး။

သံသဂ္ဂ ၅-မျိုး ရောနှောခြင်းက ဘယ်နှစ်မျိုးရှိသလဲ– သံသဂ္ဂ ပေါင်းသင်းဆက်ဆံခြင်းက ငါးမျိုးရှိတယ်။

(၁) သဝနသံသဂ္ဂ–သတင်းစကားကြားတာနဲ့ တဏှာလောဘဖြစ်တယ်၊ သာသနာတော်မှာ မနေနိုင်ဘူး၊ တရားအားထုတ်လို့ မဖြစ်ဘူး၊ ဒါ–သဝနသံသဂ္ဂ။
(၂) ဒဿနသံသဂ္ဂ– မြင်ရုံမြင်ရတာနဲ့ကိုဘဲ တဏှာသန္ထဝတွေဖြစ်ပြီးတော့ တရားအားမထုတ်နိုင်တော့ဘူးတဲ့၊ အဲဒါ ဒဿနသံသဂ္ဂ။
(၃) သမုလ္လပန သံသဂ္ဂ–တယောက်နဲ့တယောက် စိမ်းစိမ်းကြည့်ပြီးတော့ စကားပြောနေရတာကိုသာယာမက်မောနေတာ သမုလ္လပနသံသဂ္ဂ။
(၄) သမ္ဘောဇနသံသဂ္ဂ– သူ့ဆီကဟာ ကိုယ်ကယူစား၊ ကိုယ့်ဆီကဟာ သူကယူစား၊ အဲဒါနဲ့ဘဲ သံသဂ္ဂဖြစ်တယ်၊ ကိလေသာတိုးပွားတယ်၊ သမ္ဘောဇနသံသဂ္ဂ။[၂]
(၅) ကာယသံသဂ္ဂ လက်ကို ခြေကို ကိုင်မိ ထိမိ တို့မိလို့ဖြစ်တဲ့သံသဂ္ဂ။

သဝနသံသဂ္ဂအကြောင်း သံသဂ္ဂ ဘယ်နှစ်မျိုးလဲ၊ (ငါးမျိုးပါဘုရား) အဲဒီ ငါးမျိုးထဲမှာ သဝနသံသဂ္ဂအကြောင်း ပြောကြရအောင် ဘာလဲ–သဝနသံသဂ္ဂဆိုတာ။

ဣဓ ဘိက္ခု သုဏာတိ "အသုကသ္မိံ ဂါမေ ဝါ နိဂမေ ဝါ ဣတ္ထီ ဝါ ကုမာရိကာ ဝါ အဘိရူပါ ဒဿနီယာ ပါသာဒိကာ ပရမာ

၁။ သန္ထဝ–သုံးမျိုးကို သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ-၆၆-၌ ဖွင့်ဆိုသည်။
၂။ မူလပဏ္ဏာသ အဋ္ဌကထာ, ဥဒါန်း အဋ္ဌကထာ, သုတ္တနိပါတ် အဋ္ဌကထာတို့၌ သမ္ဘောဇနသံသဂ္ဂ–ဟု မဆိုမူ၍ သမ္ဘောဂသံသဂ္ဂဟု ဖွင့်ဆိုထားကြပါသည်၊ သဘောမှာ ထူးခြားမှုမရှိပါ။ ပစ္စယသမ္ဘောဂနှင့် သမ္ဘောဇနသံသဂ္ဂ အတူတူပင်။

ယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတာ”တိ။ ၂သော တံ သုတွာ သံသီဒတိ ဝိသီဒတိ၊ န သက္ကောတိ ဖြဟ္မစရိယံ သန္ဓာရေတုံ၊ သိက္ခံ ဒုဗ္ဗလျံ အနာဝိကတွာ ဟီနာယာဝတ္တတီတိ ဧဝံ 'ပရေဟိ ဝါ ကထိယမာနံ ရူပါဒိသမ္ပတ္တိံ အတ္တနာ ဝါ ဟသိတလပိတဂီတသဒ္ဒံ သုဏန္တဿ သောတဝိညာဏဝီထိ ဝသေန ဥပ္ပန္နော ရာဂေါ သဝနသံသဂ္ဂေါ နာမ။[၁]

ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ တရားအားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အသုကသ္မိံ ဂါမေဝါ၊ ဤမည်သော ရွာ၌ငှင်း။ အသုကသ္မိံ နိဂမေ ဝါ၊ ဤမည်သောနိဂုံးမြို့၌ငှင်း။ အဘိရူပါ၊ အလွန်အဆင်းလှသော။ ဒဿနီယာ၊ ကြည့်လို့ကောင်းသော။ ပါသာဒိကာ၊ တင့်တယ်လှပသော။ ပရမာယ ဝဏ္ဏ ပေါက္ခရတာယ၊ အလွန်လှသော အဆင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံသော။ ဣတ္ထိ ဝါ၊ အမျိုးသမီးသည်ငှင်း။ ကုမာရီ ဝါ၊ သူငယ်မသည်ငှင်း။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ သုဏာတိ၊ သတင်းစကားသန့်သန့် ကြားရ၏။ (မြင်ရတာ မဟုတ်ဘူး-နော်၊ ကြားတာ၊ အဲဒီ အသံကြားထဲက ဒီကိုယ်တော် တရားကို အားမထုတ်နိုင်တော့ဘူး။)

သော၊ ထိုရဟန်းသည်။ တံ၊ ထိုသတင်းစကားကို။ သုတွာ၊ ကြားသည်ရှိသော်။ သံသီဒတိ၊ ကာမဂုဏ်ဇော၌ နစ်မျောလေတော့၏။ ဝိသီဒတိ၊ ကာမဂုဏ်လှိုင်းပုတ်သဖြင့် ပင်ပန်းရလေတော့၏။ ဩြော်- ဒီ အမျိုးသမီး သွားကြည့်ခြင်လိုက်တာ၊ ကာမဂုဏ်လှိုင်းထဲမှာ မျောနေတယ် မဟုတ်လား၊ မကြည့်ယင် သူပင်ပန်းတယ်။

ဖြဟ္မစရိယံ၊ မိမိအားထုတ်နေတဲ့တရားကို။ သန္ဓာရေတုံ၊ ကောင်းစွာ တည်စိမ့်သောငှာ။ န သက္ကောတိ၊ မတတ်နိုင်။ (သာသနာမှာ တရားလဲ အားမထုတ်နိုင်တော့ဘူး၊ စာလဲ ကောင်းကောင်းမကျက်နိုင် တော့ဘူး၊ ဒီတော့ သူဘာလုပ်ရမလဲ) သိက္ခံ၊ သိက္ခာကို။ ဒုဗ္ဗလျံ၊ အားနည်းသည်ကို။ အနာဝိကတွာ၊ ထင်စွာ မပြုမူ၍။ ဟီနာယာဝတ္တတိ၊ ရဟန်းဖြစ်ယင်လဲ လူထွက်လေတော့၏။ (ဥပါသကာ တကာဖြစ်ယင်လဲ တရားအားထုတ်တဲ့ ရိပ်သာကနေ အိမ်ပြန်လေ တော့၏၊ ဟုတ်လား။)

ဧဝံ၊ ဤသို့။ ပရေဟိ၊ တပါးသောသူတို့သည်။ ကထိယမာနံ၊ ပြောဆိုအပ်သော။ ရူပါဒိသမ္ပတ္တိံ ဝါ၊ ရုပ်အဆင်းနှင့် ပြည့်စုံသည်ကိုငှင်း။ အတ္တနာ၊

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒု နှာ-၅၀။ ဥဒါန်းအဋ္ဌကထာ နှာ-၂၁၀။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ-၆၂-၆၃-စသည်ရှုပါ။

မိမိကိုယ်တိုင်။ ဟသိတ လပိတ ဂီတ သဒ္ဒံဝါ၊ ရယ်သံ၊ ခေါ်သံ၊ ပြောသံ၊ ဆိုသံ၊ သီချင်းဆိုသံကိုရင်း။ သုဏန္တဿ၊ နားထောင်သော ပုဂ္ဂိုလ်အား။ သောတ ဝိညာဏဝီထိ ဝသေန၊ သောတဝိညာဏဝီထိ၏ အစွမ်းအားဖြင့်။ ဥပ္ပန္နော ရာဂေါ၊ အခုလိုဖြစ်တဲ့ ရာဂသည်။ သဝနသံသဂ္ဂေါ နာမ၊ သဝန သံသဂ္ဂရာဂမည်၏။

မိန်းမအနံ့ မခံနိုင်သူ အနိတ္ထိဂန္ဓမင်းသားဝတ္ထု

ဘယ်လောက်ဆိုးတယ်ထင်သလဲ — ဒီ သဝနသံသဂ္ဂ ဟာ၊ မမြင်ရဘဲနဲ့ ဖြစ်တဲ့သောက၊ အဲဒါ သက်သေ ထုတ်ပြအုံးစို့၊ ဘယ်သူ့ကို သက်သေထုတ်ရ မလဲဆိုတော့ ဒီနေရာမှာ အဋ္ဌကထာ ဆရာတော်က အနိတ္ထိ ဂန္ဓမင်းသားရဲ့ ပစ္စေကဗုဒ္ဓါအလောင်းကို သက်သေထုတ်ပြပါတဲ့။

အဲဒီမင်းသားက ဘယ်လိုလဲ-မမြင်ရဘဲနဲ့ သူများပြောသံ ကြားတာနဲ့ သူ့မှာသောကတွေ ရောက်ပုံကလေးကို သဝနသံသဂ္ဂ ဖြစ်ပုံကလေးကို ပြော ရအောင်၊ သူက ဗြဟ္မာ့ပြည်က လာတဲ့လူ၊ ဒီ အနိတ္ထိဂန္ဓမင်းသားဟာ ဖွား ဖွားချင်း ဈာန်ပါလာတဲ့ပုဂ္ဂိုလ်၊ ဈာန်၊ သူက ဘယ်လိုလဲ—

အယံ ဣတ္ထီ အယံ ပုရိသောတိ ဝိသေသံ အညာသိ၊ တဒုပါဒါယ ဣတ္ထီနံ ဟတ္ထေ နရမတိ။[၁]

အယံ၊ ဤသူသည်။ ဣတ္ထီ၊ မိန်းမပေတည်း။ အယံ၊ ဤသူကား။ ပုရိ သော၊ ယောကျ်ားပေတည်း။ ဣတိ၊ ဤသို့။ ဝိသေသံ၊ ထူးခြားချက်ကို။ အညာသိ၊ သိ၏။ တတော၊ ထိုသို့ ယောကျ်ားမိန်းမကိုခွဲခြားသိတဲ့အရွယ်မှ။ ဥပါဒါယ၊ စ၍။ ဣတ္ထီနံ၊ အမျိုးသမီးတို့၏။ ဟတ္ထေ၊ လက်၌။ နရမတိ၊ မမွေ့လျော်။

ဒီ မင်းသားကလေးဟာ ယောကျ်ားရယ်၊ မိန်းမရယ်လို့ သိတတ်တဲ့အရွယ် ရောက်တာနဲ့ အမျိုးသမီးသာ ချီမယ်ဆိုယင် တက်မတတ်ငိုတယ်။ အမျိုးသမီး အချီမခံဘူး၊ အမျိုးသမီးတွေကိုင်ယင် မကိုင်ရဘူး၊ ဒီတော့ နို့ထိမ်းတွေ ဘာတွေက ယောကျ်ားလိုဝတ်ရတယ်၊ သူ့ဥစ္စာက မင်းသားကလေးကိုး-ဟုတ် လား၊ အဲဒီလို ဝတ်ပြီးတော့မှ နို့တိုက်ရတယ်၊ တော်တော်ကလေး ကြီးလာ တော့ ဘယ်လိုဖြစ်လာသလဲ—

၁။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ-၆၀-၌ ရင်းဝတ္ထုအကျဉ်း ပါရှိ သည်။ (အကျယ်ကို ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် နှာ-၁၀၃။ အနိတ္ထိဂန္ဓကုမာရဝတ္ထု-ကြည့်။)

မိန်းမအသံကြားလျှင်ငို သော ဣတ္ထိနံ ဂန္ဓံ ဃာယိတွာ သဒ္ဒံ ဝါ သုတွာ ရောဒတိ။

သော၊ ထိုမင်းသားသည်။ ဣတ္ထိနံ၊ မိန်းမတို့၏။ ဂန္ဓံ၊ အနံ့ကို။ ဃာယိ ကာဂါ၊ နံသည်ရှိသော်ငင်း။ ဣတ္ထိနံ၊ မိန်းမတို့၏။ သဒ္ဒံ၊ အသံကို။ သုတွာဝါ၊ ကြားသော်ငင်း။ ရောဒတိ၊ ကျူကျူတက်အောင် ငိုကြွေးလေတော့၏။

အမျိုးသမီးကို မြင်လိုက်တာနဲ့ တပြိုင်နက်ထဲ တက်အောင်ငိုတယ်– ဒီ မင်းသားကလေးက၊ ဒီတော့ အမျိုးသမီးတွေ မမြင်ရအောင် လွတ်လွတ်ကနေ ပြန်ယင်လဲ အနံ့ကလေးရ အဲဒီ အနံ့ကလေးရတာနဲ့ကို ငိုတယ်၊ အမျိုးသမီး အနံ့ကို မခံနိုင်ဘူး။

နောက်တော့ ဘယ့်နှယ် ဖြစ်သလဲဆိုတော့–သူ့မှာ ယောကျ်ား တွေနဲ့ချည်း ဒီ လိုဘဲထားရတယ်။

ဝိညုတံ ပတ္တောပိ ဣတ္ထိယော ပဿိတုံ န ဣစ္ဆတိ။

ဝိညုတံ၊ သိကြား လိမ္မာတဲ့ အရွယ်သို့။ ပတ္တောပိ၊ ရောက်ပါသော်လည်း။ ဣတ္ထိယော၊ မိန်းမတို့ကို။ ပဿိတုံ၊ မြင်ခြင်းငှာ။ နဣစ္ဆတိ၊ အလိုမရှိ။

သဝနသံသဂ္ဂအကြောင်းကို ပြောချင်လို့ ဒါ ချီနေတာပါ၊ အမျိုးသမီးဆို ယင် ကြည့်ကိုမကြည့်ချင်ဘူး– အရွယ်ရောက်လာပြန်တော့၊ ဒီတော့ ရှင်ဘုရင် သားလို့ ဆိုပြန်တော့ ထီးနန်းနန်းလျှာ လိုအပ်လာတာဖြစ်တော့ တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့ ဗာရာဏသီမင်းကြီးက—

ကုလဝံသံ သဏ္ဌပေဿာမီတိ နာနာကုလေဟိ တဿအနုရူပါ ကညာယော အာနေတွာ အညတရံ အမစ္စံ အာဏာပေသိ “ကုမာရံ ရမာပေဟိ”–တဲ့။

(ဘာပြောသလဲ- ဒါ ရှင်ဘုရင်က)

ကုလဝံသံ၊ ငါတို့ရဲ့ ရာဇဝင်အမျိုးအနွယ် မင်းစဉ်မင်းဆက်ကို။ သဏ္ဌပေ ဿာမိ၊ ကြေအောင်တည်စေအံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ နာနာကုလေဟိ၊ အထူးထူးသောအမျိုးတို့မှ။ တဿ၊ ထိုမင်းသားကလေးအား။ အနုရူပါ၊ သင့်လျော်လျောက်ပတ်သော။ ကညာယော၊ သတိုးသမီးတို့ကို။ အာနေတွာ၊ ဆောင်ခဲ့ပြီး၍။ အညတရံ၊ တယောက်သော။ အမစ္စံ၊ အမတ်ကို။ အာဏာ ပေသိ၊ အာဏာထား၏။ (ရာထူးခန့်ထားတယ်၊ ဘယ့်နှယ်ခန့်သလဲ- ကုမာရံ ရမာပေဟိ) ကုမာရံ၊ မင်းသားကို။ ရမာပေဟိ၊ အမျိုးသမီးတွေနဲ့ပျော် အောင် မင်းဖြေဖျော်ပေတော့။

အမတ်တယောက်ကို ရာထူးခန့်ထားတယ် ဟုတ်လား။ ဟာ–ဒီတော့အမတ်ကြီးကလဲ ကြံဖန်ပြီးတော့ ဒီမင်းသားကို အမျိုးသမီးတွေနဲ့ ရင်းနှီးအောင် ဘယ်လိုလုပ်ရပါမလဲလို့ အမတ်ကြီးက လျှောက်တယ်၊ တင်းတိမ်ကန့်လန့်ကာတွေကာ– မင်းသားမမြင်အောင် မင်းတို့လုပ်နေရမယ်၊ အဲ–မင်းသားက အမျိုးသမီးသံ သံ့သံ့ကြားယင် အဲဒ်အနားခစားတဲ့ မင်းညီမင်းသားတွေ လူပျိုတော်သားတွေဟာ သေမဲ့သာကြံရော့၊ လိုက်ရိုက်တာဘဲ၊ အမျိုးသမီးတွေဆိုတာတော့ အနားကိုဖြတ်မသွားဝံ့ဘူး။

တနေ့တော့ ဘယ်လိုလုပ်သလဲ–တင်းတိမ်တွေကာပြီးတော့ အခန်းအဆွယ်က နေပြီး အင်မတန် အသံကောင်းပေ့ဆိုတဲ့ အမျိုးသမီးအသံကောင်းကောင်းကို ရွေးပြီးတော့ သီချင်းဆိုကြစမ်းဟ–ဆိုပြီး သီချင်းအဆိုခိုင်းတယ်၊ စည်းကျူဆိုပြခိုင်းတယ်၊ ဒီအသံတွေကို မင်းသားက ကြားဘူးတာမှမဟုတ်ဘဲ၊ သန့်သန့်သန့်သန့်ကြားရတော့ အခုနက အမတ်ကြီးကိုမေးတယ်–

ကဿေသော သဒ္ဒေါ–တဲ့။

ဧသောသဒ္ဒေါ၊ ဤအသံသည်။ ကဿ၊ အဘယ်သူ၏။ သဒ္ဒေါ၊ အသံနည်း။

အဲ–မောင်မင်း....ဒီ အသံတွေဟာ ဘယ်သူ့အသံတွေလဲတဲ့ ဆိုတော့အမတ်ကြီးက ဘယ့်နှယ်ပြောလဲ–

တဝေသော ဒေဝ နာဋကိတ္ထီနံ သဒ္ဒေါ၊ ပုညဝန္တာနံ ဤဒိသာနိ နာဋကာနိ ဟောန္တိ၊ အဘိရမ ဒေဝ မဟာပုညောသိ တဲ့။

ဒေဝ၊ သမုတိနတ် အိုမင်းမြတ်။ ဧသောသဒ္ဒေါ၊ ဤအသံသည်။ တဝ၊ အသင်မင်းသား၏။ နာဋကိတ္ထီနံ၊ အပေါင်းအဖော် ကချေသည်ဖြစ်ကုန်သော အမျိုးသမီးတို့၏။ သဒ္ဒေါ၊ အသံပါတည်း။ ပုညဝန္တာနံ၊ ဘုန်းရှိသောပုဂ္ဂိုလ်တို့၏သာလျှင်။ ဤဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ နာဋကာနိ၊ ကချေသည်တို့သည်။ ဟောန္တိ၊ ဖျော်ဖြေခြင်းဖြစ်ကြပါ၏။ ဒေဝ၊ သမုတိနတ် အိုမင်းမြတ်။ တွံ၊ အသင်မင်းသားသည်။ မဟာပုညော၊ ဘုန်းကံကြီးမားလှသည်။ အသိ၊ ဖြစ်ပါပေ၏။ အဘိရမ၊ သဒ္ဒါရုံအသံအမျိုးမျိုး, ရူပါရုံအမျိုးမျိုးတို့၌ မွေ့လျော်ပါလော့။

အသင်မင်းသား–တဲ့၊ ဒီအသံသည် အခြားအသံမဟုတ်ပါဘူး၊ သင်မင်းသားရဲ့ ကချေသည် အမျိုးသမီးကလေးတွေရဲ့ အသံဖြစ်ပါတယ်–တဲ့၊ အမျိုးသမီးတွေကလဲ အင်မတန်လှပတယ်ဘုရား၊ ဒီလို ရုပ်အဆင်းလှလှပပနဲ့ အသံကောင်းကောင်းနဲ့ အဖြေဖျော်ခံရတယ်ဆိုတာ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်များမှ ဒီလို အဖြေအဖျော်ခံရတယ်။

အမျိုးသမီး ချောချောလှလှတွေနဲ့ အပြောအဆိုခံရတယ်ဆိုတာ ဘုန်းကံကြီးမားတဲ့ပုဂ္ဂိုလ်မှ အပြောအဆိုခံရပါတယ်၊ ဒီတော့ အသင်မင်းသားသည် ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ မေ့လျော့တော်မူပါလို့ သံတော်ဦးတင်လိုက်ကရော–အနားထားတဲ့ ကြိမ်လုံးဆွဲပြီး အတင်းလိုက်ရိုက်တာ အမတ်တွေ အကုန်ထွက်ပြေးကုန်ရတယ်။

ဒီတော့ ရှင်ဘုရင်ထံ သွားသံတော်ဦးတင်တယ်၊ အသင်မင်းကြီးရဲ့ သားတော်ကရိုက်လွှတ်လို့ ကျွန်တော်မျိုးတို့ အကုန်ပြေးလာခဲ့ကြရပါသည်–ဆိုတော့ ဟင်–ဒီလိုတော့ မဖြစ်သေးပါဘူးဆိုပြီး ကိုင်း–မယ်တော်ကြီး ခေါ်သွားပြီးတော့ အမျိုးမျိုးပြောကြတယ်၊ မဟုတ်သေးပါဘူး သားတော်ရယ်....ကြိုးစားပြီးတော့ နေပါအုံး ပြုပါအုံးနဲ့ အမျိုးမျိုးဖြားယောင်း သွေးဆောင်လိုက်ကြတာ ဟုတ်လား–အမျိုးသမီးကို မုန်းပါတယ်ဆိုတဲ့ မင်းသားဆီကို တကတဲ အမျိုးသမီးတွေကို အတင်းဝိုင်းပို့နေတယ်။

လှပသောရွှေရုပ် အဲဒီလို အတင်းလိုက်ပို့တော့ မတတ်နိုင်ဘူး– မင်းသားကလေး ဘယ့်နှယ်လုပ်ရသလဲဆိုတော့ ကိုင်း–မိဘစကားလဲ နားထောင်ရာရောက်, ငါ့အလိုလဲ ပြည့်စေတော့လို့ ဆိုပြီးတော့ ရွှေတိုက်စိုးကြီးကိုခေါ်လိုက်စမ်းဆိုတော့ ရွှေတိုက်စိုးကြီးခေါ်တယ်၊ ရွှေတိုက်စိုးကနေပြီး ရွှေတွေထုတ်ခဲ့၊ ဘာလုပ်ရမလဲ–

သုဝဏ္ဏံ ဣတ္ထိရူပံ ကရောထ။

ဘဏေ၊ အိုအချင်းတို့။ သုဝဏ္ဏံ၊ လှပချောမောသော။ ဣတ္ထိရူပံ၊ အမျိုးသမီးရုပ်ကို။ ကရောထ၊ ပြုကြကုန်လော့။

ဘာလုပ်ရမလဲ–ရွှေရုပ်ကလေးထုစမ်း လှပေ့ဆိုတဲ့ မိန်းမရုပ် ကလေးထု၊ ဟာ - ပန်းချီကျော်, ပန်းပုကျော်တွေ ရှင်ဘုရင်သားက အထူးခိုင်းတဲ့ ရွှေရုပ်လို့ ဆိုတော့–လက်စွမ်းကုန်ထုတယ်၊ လှလိုက်တဲ့ ရွှေမင်းသမီးလေး၊ ရွှေရုပ်ကလေး၊ မင်းသားက ကြည့်ပြီးတော့ "သိသံစာလေတာ"–တဲ့၊ ခေါင်းကလေး ညိတ်ညိတ် ညိတ်ညိတ်ပြီး သိပ်သဘောကျနေတာဘဲ၊ ဒီလို ရွှေရုပ်နဲ့တူတဲ့ အမျိုးသမီး ကမ္ဘာလောကမှာ မရှိဘူး၊ ဒီတော့–ငါက ဘယ့်နှယ်ပြောမလဲ–မိခင်ကို ခေါ်ပြီးတော့–

ယဒိ ဧဒိသိံ ဣတ္ထိံ လဘိဿာမိ၊ ဂဏှိဿာမိ။

ဧဒိသိံ၊ ဤသို့ သဘော ရှိသော။ ဣတ္ထိံ၊ အမျိုးသမီးကို။ ယဒိ လဘိဿာမိ၊ အကယ်၍ရသည်ဖြစ်အံ့။ ဝါ၊ ဤသို့ရသည်ရှိသော်။ ဂဏှိဿာမိ ကျွန်တော်လက်ခံသိမ်းပိုက်၍ ယူပါတော့မည်။

အဲဒီ သဝနာ်သင်္ဂကြီးနဲ့ မြန်မြန်ခေါ်ခဲ့ပါဆိုတော့ ဟိုကလဲ နှစ်ညလောက် အိပ်ရမဲ့ ခရီးကို တညထဲအိပ်ပြီးတော့ ခေါ်လာခဲ့ရတယ်၊ ပြီးတော့ ဒုတပရံ ပရာယ–တမန်တွေအဆင့်ဆင့်လွှတ်တယ်၊ တော်ကြာတယောက်လွှတ်လိုက်ပြန်ပြီ၊ မရောက်သေးဘူးလား၊ မြန်မြန်သွားခေါ်စမ်းပါ၊ နောက်တခါ တယောက် လွှတ်ပြန်ပြီ၊ ဟိုသွားတဲ့လူ လှေခါးရင်းမှ မရောက်သေးဘူး တယောက် ထပ် လွှတ် ပြန်ပြီ၊ ဘယ်လောက်ဖြစ်နေတဲ့ မင်းသားလဲဆိုတော့ အဲဒါကြည့်တော့။

ဒီလိုနဲ့ဘဲ ညနေ နေဝင်ခါနီးကျတော့ ဗာရာဏသီမြို့ တံခါးဝရောက်လာ တယ်၊ ရောက်တော့ ဟိုကဘယ့်နှယ်ပြောလဲ၊ ရောက်လာခဲ့ပြီ၊ အခုညတွင်း ချင်းဘဲ ဒီအမျိုးသမီးကို နန်းတော်ထဲ သွင်းခဲ့ရမှာလား၊ သို့မဟုတ် ဘယ်လို လုပ်ရမလဲလို့ ဒီလို အမိန့်ယူရသေးတယ်၊ ဒီတော့ ရှင်ဘုရင်က ဒီ အမျိုးသမီး ကလေးကို အမျိုးမြတ်တဲ့ ဘဝကနေပြီးတိုက ဆောင်ယူလာခဲ့ရတာတဲ့၊ ဒီတော့ သာမန်မထင်မရှား မြို့ထဲသွင်းလို့ မဖြစ်ဘူး၊ နက်ဖြန်ခါကျတော့မှ အခမ်း အနားနဲ့ မြို့ထဲကိုသွင်းမယ်၊ ဒီကနေ့ည အဖို့ပေါ့ဖြင့် ဒီအမျိုးသမီးကလေးကို ဥယျာဉ်တော်ထဲမှာ သိပ်ထားကြအုံးဆိုတော့–

ရွှေမင်းသမီးလေး သေဆုံးခြင်း ဥယျာဉ်ထဲမှာ အမျိုးသမီးကလေး သိပ်ထားကြတယ်။ ညကျတော့ အမျိုးသမီးကလေး ဘာဖြစ်သလဲ၊ ခရီးက သိပ်ပင်ပန်းလာတယ် အမျိုးသမီးက နဂိုက နုနုနယ်နယ်၊ နေ လှန်းထားတဲ့ ကြာပန်းကလေးလို ခရီးပန်းလို့နွမ်းနွမ်း နွမ်းနွမ်းပြီးတော့ နံနက် မိုးမလင်းခင် အမျိုးသမီးကလေး စုတေစိတ်ကျရော၊ ဘာဖြစ်သွားသလဲ (သေ သွား ပါတယ်ဘုရား) သေလဲ သေရော ရှင်ဘုရင်ထံကို သံတော်ဦးတင်လိုက် တယ်–အမျိုးသမီးကလေးသေပြီလို့၊ ဟိုမှာ မမြင်ရတဲ့ မင်းသားက ဘယ့်နှယ် ဖြစ်သလဲ–

မင်းသား၏သောက “**ကုမာရဿ** သုတမတ္တေယေဝ မဟာ သောကော ဥဒပါဒိ”။ ။**ကုမာရဿ**၊ မင်းသားအား။ သုတ- မတ္တေယေဝ၊ ကြားရုံကလေး ကြားရုံမျှဖြင့်သာလျှင်။ မဟာသောကော၊ ကြီးစွာ သော သောကသည်။ ဥဒပါဒိ၊ ဖြစ်လေတော့၏။

ငိုလိုက်တာ–တရှုံ့ရှုံ့နဲ့၊ မြင်လဲမမြင်ရသေးဘဲနဲ့ ဖြစ်နေလိုက်တာ၊ အဲဒါ ပစ္စေကဗုဒ္ဓါဖြစ်မဲ့ ပစ္စေကဗုဒ္ဓါဘုရားအလောင်း၊ သူလိုကိုယ်လိုလူ မဟုတ်ဘူး၊ အဲဒီလို သောက, ပရိဒေဝတွေ ဖြစ်နေတာသည် ဒါဟာ သဝနသံသဂ္ဂ–တဲ့၊ မဆိုးဘူးလား–သူ၊ (ဆိုးပါတယ်ဘုရား) နို့-ဒါဖြင့် ရှောင်မလား- ဟင် ဘယ်လောက်ဆိုးသလဲလို့။

ဟုတ်ကဲ့လား–ခင်ဗျားတို့သခင်မ၊ ဒီထက်တောင်မှ လှသေးတယ် ဆိုတော့ ရွှေရုပ်ကြီးထမ်းပြီးသွားကြရော၊ ဗာရာဏသီပြည်က မင်းသားကလေး ရွှေရုပ်လက်ဆောင် လာပေးတယ်ဆိုတော့–မဒ္ဒရာဇ်မင်းကလဲ အဲဒီ သမီးကလေး ပြဘို့ ဆိုပြီး အကြောင်းပြန်လိုက်တယ်၊ ဒီတော့ အမတ်တွေက သဘာပို့လိုက်တယ်။

လဒ္ဓါ ဒါရိကာ၊ သာမံ အာဂစ္ဆိဿတိ၊ ဥဒါဟု အမှေဝ အာနေမ။

သုဝဏ္ဏရူပါ၊ ရွှေအဆင်းနှင့် တူသော။ ဒါရိကာ၊ သူငယ်မကို။ လဒ္ဓါ၊ ရပြီ။ သာမံ၊ ကိုယ်တိုင်။ အာဂစ္ဆိဿတိ၊ လာခေါ်မလား။ ဥဒါဟု၊ ထိုသို့မဟုတ်။ အမှေ၀၊အကျွန်ုပ်တို့သည်သာလျှင်။ အာနေမ၊ဆောင်ယူခဲ့ကြရမလား။

ရွှေရုပ်နဲ့တူတဲ့ သတိုးသမီးတော့ ရပြီ၊ အဲဒီရွှေရုပ်နဲ့တူတဲ့ သတိုးသမီးကို အသင်မင်းကြီး ကိုယ်တိုင်လာပြီး ခေါ်ဆောင်မှာလား၊ သို့မဟုတ် အကျွန်ုပ်တို့ အမတ်ရှစ်ယောက်ကဘဲ ခေါ်ဆောင်ခဲ့ရမှာလားလို့ သဘာပို့လိုက်တယ်။

အသံကြားရုံနှင့် ရာဂနှိပ်စက်ခြင်း ဒီတော့ ရှင်ဘုရင်က စာပြန်ရေးလိုက်တယ်၊ ဘယ့်နှယ်ရေးလိုက်သလဲဆိုတော့–"မယိအာဂစ္ဆန္တေဇနပဒပ္ပဋ္ဌဘဝိဿတိ"။ ငါကိုယ်တိုင် လာမယ်ဆိုယင် ဇနပုဒ်ကြီးပင်ပန်းလိမ့်မယ်တဲ့၊ "တုမှေ၀ အာနေထ"၊ သင်တို့ဘဲ ခေါ်ခဲ့ကြပါ၊ ဒီလိုပြောလိုက်တယ်၊ ရွှေရုပ်နဲ့ တူတဲ့အကြောင်း သတင်းကောင်းရတော့ မယ်တော်ကြီးက သားတော်ထံ သွားပြီးတော့—

လဒ္ဓါ သုဝဏ္ဏရူပ–သဒိသီ ဒါရိကာတိ ကုမာရော သုတွာ၀ ရာဂေန အဘိဘူတော ပဋ္ဌမဇ္ဈာနာ ပရိဟာယိ။

ရွှေရုပ်နဲ့တူတဲ့ အမျိုးသမီးလေးကို ရပြီလို့ သတင်းကြားရုံရှိသေးတယ်–ကုမာရော၊ **မင်းသားသည်**။ ရာဂေန၊ ရာဂဖြင့်။ အဘိဘူတော၊ လွှမ်းမိုးနှိပ်စက်သည် ဖြစ်၍။ ပဋ္ဌမဇ္ဈာနာ၊ ပဋ္ဌမဈာန်မှ။ ပရိဟာယိ၊ ဆုတ်ယုတ်လျော့ပါးကျသွားလေတော့၏။

သဝနသံသဂ္ဂ **ဘယ်လောက်ဆိုးသလဲလို့ ကြည့်စမ်း၊** မြင်ရတာမဟုတ်သေးဘူး၊ ချစ်သား....ချစ်သား အရှာခိုင်းလိုက်တဲ့ ကိုယ့်ရွှေရုပ်နဲ့ တူတဲ့ အမျိုးသမီးကလေးကို မဒ္ဒရာဇ်တိုင်း သာဂလမြို့က ရလာခဲ့ပြီလို့ ဆိုကတဲကိုက မင်းသားကလေးဟာ ရာဂတွေ ကာမဂုဏ်တွေ လွှမ်းမိုးပြီးတော့ ဘာလုပ်သလဲ–'သီဃံ အာနေထ၊ သီဃံ အာနေထ"။ ခပ်မြန်မြန်ခေါ်ခဲ့ကြပါ၊ ခပ်မြန်မြန်ခေါ်ခဲ့ကြပါနဲ့–မကြည့်ချင်ဘူးဆိုတဲ့လူ ဖြစ်ပြီ၊ ပဋ္ဌမဈာန်လဲ လျော့သွားပြီ၊ အဲဒါ ဘာသံသဂ္ဂလဲ။ (သဝနသံသဂ္ဂပါဘုရား)

အဲဒီလို သဝနသံသဂ္ဂ အကြောင်းအတ္တုပ္ပတ်ကတော့ဖြင့် ဒီလိုလဲ သောက ဖြစ်လာရော ပဋိစ္စသမုပ္ပါဒ်ဖြစ်မဲ့ လူဆိုတော့–သူ့ကို ဘယ်သူမှ ကယ်တော့မှာ မဟုတ်ဘူး၊ ငါဟာ သောကတွေ ဘာကြောင့်ဖြစ်သလဲ- ဇာတိကြောင့်ဖြစ်၏၊ ဇာတိသည်ကမှ ဘာဝကြောင့်ဖြစ်၏၊ ဒီကမှဘာဝဘယ်သူကြောင့်ဖြစ်သလဲ–ဥပါဒါန် ကြောင့်ဖြစ်၏။

ဥပါဒါန် ဘယ်သူ့ကြောင့် ဖြစ်သလဲ- တဏှာကြောင့်၊ တဏှာ ဘယ်သူ့ ကြောင့်လဲ- ဝေဒနာကြောင့်၊ ဝေဒနာ ဘယ်သူ့ကြောင့်လဲ- ဖဿကြောင့်၊ ဖဿဘယ်သူ့ကြောင့်လဲ-အာယတနကြောင့်၊ နာမ်ရုပ်ကြောင့်, ဝိညာဉ်ကြောင့်, သင်္ခါရကြောင့်၊ သင်္ခါရဘယ်သူ့ကြောင့်လဲ- အဝိဇ္ဇာကြောင့်၊ ပဋိစ္စသမုပ္ပါဒ်ကို ဒီလိုတခေါက် နှစ်ခေါက်သာ ဆင်ခြင်လိုက်ရတယ်၊ ငိုနေတဲ့ မျက်ရေတွေ မခြောက်သေးဘူး ပဋိစ္စသမုပ္ပါဒ်ဖြစ်တယ်– သတိုးသားကလေး။

သတိသံဝေဂဖြင့်ပစ္စေက ဗောဓိဉာဏ်ရခြင်း "သံသဂ္ဂ ဇာတဿ ဘဝန္တိ သ္နေဟာ"[၁]။ ။ သံသဂ္ဂဇာတဿ၊ သံသဂ္ဂငါးမျိုး တရားဆိုးတို့ လွှမ်းမိုးနှိပ်စက် ဖိစီးလျက်ရှိသောသူ၏ သန္တာန်၌။ သ္နေဟော၊ တဏှာသိနေဟအားကြီးသော ဆန္ဒရာဂသည်။ ဘဝတိ၊ အမှန် ထင်ရှား ဖြစ်ပွား၍ လာလေတော့၏။

သ္နေဟန္ဓယံ ဒုက္ခမိဒံ ပဟောတိ။

သ္နေဟန္ဓယံ၊ ချစ်တယ်ခေါ်တဲ့ တဏှာအစေးကို အစဉ်လိုက်သဖြင့်။ ဣဒံ ဒုက္ခံ၊ ဤသို့သော ဆင်းရဲဒုက္ခသည်။ ပဟောတိ၊ ဖြစ်ပေါ်လာလေတော့၏။

အာဒီနဝံ သ္နေဟဇံ ပေက္ခမာနော။

သ္နေဟဇံ၊ တဏှာသိနေဟအားကြီးသော ရာဂကြောင့်ဖြစ်သော။ အာဒီ နဝံ၊ အပြစ်ကို။ ပေက္ခမာနော၊ ပညာသက်ဝင်ရှုဆင်ခြင်သည်ဖြစ်၍။ (ပစ္စေက ဗောဓိ၊ ပစ္စကဗောဓိဉာဏ်သို့။ ဂတော၊ ရောက်ရလေတော့၏။)

ပဋိစ္စသမုပ္ပါဒ် တခါထဲဖြစ်သွားတယ် ဟုတ်လား၊ အဲဒီလို ဖြစ်ချင်တဲ့ပုဂ္ဂိုလ် များ "ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ"။ ကြံ့ချိန့်တူစွာ တယောက်ထဲ ကျင့်ပါ၊ မရောနှောစေနဲ့၊ သံသဂ္ဂ၊ ဒါ-သဝနသံသဂ္ဂ။

ဒဿနသံသဂ္ဂအကြောင်း ဒဿနသံသဂ္ဂ–က ဘယ်လိုလဲ-"ဣဓ ဘိက္ခု န ဟောဝ ခေါ သုဏာတိ၊ အပိစ ခေါ သာမံ ပဿတိ

၁။ သုတ္တနိပါတ်ပါဠိတော် နှာ–၂၀၅။

ဣတ္ထိံ ဝါ ကုမာရိံ ဝါ အဘိရူပံ ဒဿနီယံ ပါသာဒိကံ ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတံ၊ သော တံ ဒိသွာ သံသီဒတိ ဝိသီဒတိ န သက္ကောတိ ဗြဟ္မစရိယံ သန္ဓာရေတုံ၊ သိက္ခာ ဒုဗ္ဗလျံ အနာဝိကတွာ ဟီနာယာဝတ္တတီတိ ဧဝံ ဝိသဘာဂရူပံ ဩလောကေန္တဿ ပန စက္ခုဝိညာဏဝီထိဝသေန ဥပ္ပန္နရာဂေါ ဒဿနသံသဂ္ဂေါ နာမ”။[၁]

ဣဓ၊ ဤသာသနာတော်၌။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ နဟေဝ သုဏာတိ၊ သတင်းတော့ သူက မကြားဘူး။ အပိစခေါ၊ စင်စစ်သော်ကား။ အဘိရူပံ၊ အလွန်အဆင်းလှသော။ ဒဿနီယံ၊ ရှုကြည့်ဘွယ်ကောင်းသော။ ပါသာဒိကံ၊ ကြည့်လို့ကောင်းသော။ ပရမာယ ဝဏ္ဏပေါက္ခရတာယ၊ အလွန်လှသောအဆင်းနှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ ဣတ္ထိံဝါ၊ အမျိုးသမီး ကိုရင်း။ ကုမာရိံဝါ၊ သူငယ်မကိုရင်း။ သာမံ၊ ကိုယ်တိုင်။ ပဿတိ၊ မြင်ရ၏။

သောဘိက္ခု၊ ထိုရဟန်းသည်။ တံ၊ ထိုအမျိုးသမီးကို။ ဒိသွာ၊ မြင်၍။ သံသီဒတိ၊ ကာမဂုဏ်၌နစ်မွန်းလေတော့၏။ ဝိသီဒတိ၊ ကာမဂုဏ်ကြော၌ ပင်ပန်း လေတော့၏။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ သန္ဓာရေတုံ၊ ခိုင်ခံ့အောင်တည်စိမ့်သောငှာ။ နသက္ကောတိ၊ မစွမ်းနိုင်။ သိက္ခာဒုဗ္ဗလျံအနာဝိကတွာ ဟီနာယာဝတ္တတိ၊ သိက္ခာချပြီးတော့ လူထွက်လေတော့၏။

ဣတိဧဝံ၊ ဤသို့။ ဝိသဘာဂရူပံ၊ ဝိသဘာဂအဆင်းအာရုံကို။ ဩ-လောကေန္တဿ၊ ကြည့်သောပုဂ္ဂိုလ်အား။ စက္ခုဝိညာဏဝီထိဝသေန၊ စက္ခုဝိညာဉ်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နရာဂေါ၊ ဖြစ်သောရာဂသည်။ ဒဿနသံသဂ္ဂေါနာမ၊ ဒဿနသံသဂ္ဂမည်၏။

သူက ဒဿနသံသဂ္ဂမြင်လို့ တဏှာရာဂစိတ်တွေနဲ့ ပေါင်းသင်းပြီးတော့ ပျက်စီးရတယ်။

ရဟန်းငယ်တပါးဝတ္ထု ဘယ်လိုလဲ-သက်သေလေး ဥဒါဟရုဏ်ကလေး တခု ထုတ်ကြဦးစို့ရဲ- ကိုယ်တော်ကလေးတပါး စာသင် ချင်လွန်းလို့ ဆရာတော်ဘုရားကြီးထံ သွားပြီးတော့လျှောက်တယ်၊ တပည့် တော်ကို စာသင်ပေးတော်မူပါဘုရားလို့ လျှောက်တယ်၊ ဒါပေမဲ့ ဆရာတော် ကြီးက သင်မပေးဘူး၊ ဘာဖြစ်လို့ သင်မပေးသလဲဆိုတော့- သူ့အန္တရာယ်ကို မြင်လို့ သင်မပေးဘူး။

အတန်တန်လျှောက်တော့ ဆရာဟော်ကြီးက ဘာပြောလဲ-

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် နှာ-၅၀။

> သစေ အန္တောဂါမေ န စရိဿသိ၊ ဒဿာမိ တေ ဥဒ္ဒေသန္တိ အာဟ။[၁]

အာဝုသော၊ ငါ့ရှင်ရဟန်းငယ်ကလေး။ တွံ၊ သင်သည်။ အန္တောဂါမေ၊ ရွာတွင်း၌။ သစေ န စရိဿသိ၊ အကယ်၍ မလှည့်လည်သည်ဖြစ်အံ့။ တေ၊ သင့်အား။ ဥဒ္ဒေသံ၊ စာသင်၍ပေးခြင်းကို။ အဟံ၊ ငါသည်။ ဒဿာမိ၊ ပေးပေအံ့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူလေတော့၏။

ဦးပဥ္စင်းကလေး–ရွာထဲကို မသွားဘူးဆိုယင် ဦးပဥ္စင်းလေးကို စာသင်ပေး မယ်–တဲ့။

ဒီတော့—ဦးပဥ္စင်းကလေးက စာသင်ချင်လွန်းလို့ မသွားပါဘူး ဘုရား၊ တပည့်တော်ကြိုးစားသင်ချင်လို့ပါ၊ သင်ပေးပါလို့ဆိုတော့ ဦးပဥ္စင်းကလေး ကလဲ ခပ်ချောချော ဦးပဥ္စင်းကလေး၊ အင်မတန်လှတဲ့ ဦးပဥ္စင်းကလေး၊ အဲဒီ ဆရာတော်ကြီးထံမှာ စာသင်တာ စာတတ်သွားရော–ဆိုကြပါစို့၊ စာတတ် တော့ ဦးပဥ္စင်းကလေးက ဘယ်နှယ်စဉ်းစားသလဲ–

> အာစရိယော မေ ဣမသ္မိံ ဂါမေ စရိတုံ န ဒေတိ၊ ကိံ နုခေါ
> ကာရဏန္တိ စီဝရံ ပါရုပိတွာ ဂါမံ ပါဝိသိ။

မေ၊ ငါ၏။ အာစရိယော၊ ဆရာသည်။ ဣမသ္မိံ ဂါမေ၊ ဤရွာ၌။ စရိတုံ၊ လှည့်လည်ခြင်းငှာ။ န ဒေတိ၊ ခွင့်မပေး။ ကိံ နု ခေါ ကာရဏံ၊ အကြောင်းဘယ်လိုရှိပါလိမ့်မလဲ။ ဣတိ၊ ဤသို့။ (စုံစမ်းလိုက်တဲ့အတွက်) စီဝရံ၊ သင်္ကန်းကို။ ပါရုပိတွာ၊ ရုံ၍။ ဂါမံ၊ ရွာတွင်းသို့။ ပါဝိသိ၊ ဝင်၏။

မြင်ရုံမျှဖြင့် မစားမအိပ်နိုင်သူ

ဦးပဥ္စင်းကလေး ရွာထဲ ဆွမ်းခံဝင်သွားတယ်။ "ကော ကုလဓီတာ ပီတကဝတ္ထံ နိဝါသေတွာ ဂေဟေ ဌိတာ ဒဟရံ ဒိသွာ သဉ္ဇာတရာဂါ ဥဋ္ဌကေန ယာဂုံ အာဟရိတွာ တဿ ပတ္တေ ပက္ခိပိတွာ နိဝတ္တိတွာ မဉ္စကေ နိပဇ္ဇိ"။

ကော၊ တယောက်သော။ ကုလဓီတာ၊ အမျိုးသမီးသည်။ ပီတကဝတ္ထံ၊ ရွှေရောင်အဆင်းရှိသော ဝါဝင်းသောအဝတ်ကို။ နိဝါသေတွာ၊ ဝတ်ပြီးတော့။ ဂေဟေ၊ အိမ်၌။ ဌိတာ၊ ရပ်တည်၍နေစဉ်။ ဒဟရံ၊ ဦးပဥ္စင်း ကလေးကို။ ဒိသွာ၊ မြင်သည်ရှိသော်။ သဉ္ဇာတရာဂါ၊ မြင်လျှင်မြင်ချင်း နှစ်သက်သော ရာဂ ဖြစ်ပေါ်လာသည်။ ဟုတွာ၊ ဖြစ်၍။ ဥဋ္ဌကေန၊ ဇွန်းဖြင့်။ ယာဂုံ၊ ယာဂုကို။ အာဟရိတွာ၊ ဆောင်ယူ၍။ တဿ၊ ထိုကိုယ်တော်ကလေး၏။

၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် နှာ–၅၀–၅၁–၌ ဝတ္ထုပါသည်။

ပတ္တေ၊ သပိတ်၌။ ပက္ခိပိတွာ၊ လောင်း၍။ နိဝတ္တိတွာ၊ ပြန်လှည့်ပြီးတော့။ မဥ္စေ၊ ညောင်စောင်းပေါ်၌။ နိပဇ္ဇိ၊ လှဲလိုက်ကာ အိပ်လေတော့၏။

ဦးပဥ္စင်းကလေးလဲ ဆွမ်းလောင်းပြီးရော ဒီ အမျိုးသမီးလေး ညောင်စောင်း ပေါ်က မထတော့ဘူး၊ အိပ်တယ်၊ ဒီတော့ သူ့အမေတွေက သွားမေး တယ်။

"ကိံ အမ္မာတိ ပုစ္ဆိံသု"။ အမ္မ၊ သမီး။ ကိံ၊ ဘယ်လိုဖြစ်လာသလဲ။ ဣတိ၊ ဤသို့။ ပုစ္ဆိံသု၊ မေးကြတယ်။ မေးတော့ အမျိုးသမီးကလေးက—

ဒွါရေန ဂတံ ဒဟရံ လဘမာနာ ဇီဝိဿာမိ၊ အလဘမာနာ မရိဿာမိ။

အမ္မ၊ မိခင်။ ဒွါရေနဂတံ၊ ကျွန်မတို့ အိမ်တံခါးဝကို ရောက်၍လာသော။ ဒဟရံ၊ ဦးပဥ္စင်းငယ်ကို။ လဘမာနာ၊ ရသည်ရှိသော်။ ဇီဝိဿာမိ၊ ကျွန်မအသက် ရှင်ပါလိမ့်မည်။ အလဘမာနာ၊ မရသည်ရှိသော်။ မရိဿာမိ၊ သေရပါလိမ့်မည်။

ဖြစ်ပြီမဟုတ်လား—ဘာသံသဂ္ဂလဲ (ဒဿန သံသဂ္ဂပါဘုရား) ဘယ်လောက် ဆိုးသလဲ၊ အင်မတန်ကြောက်စရာကောင်းတယ်၊ ဒီတော့ မိဘတွေက မနေနိုင် ဘူး၊ သမီးတော့ အသေမခံနိုင်ဘူး ဆိုပြီး ဦးပဥ္စင်းကလေး နောက်ကို အဖေနဲ့ အမေက လိုက်သွားတယ်၊ ဖားဖား ဖားဖား ဖားဖားနဲ့ လိုက်သွားကြတယ်။

နိဝတ္တထ ဘန္တေ ဘိက္ခံ ဂဏှာဟိ။

နောက်နေပြီး မမှီမကမ်းနဲ့ လှမ်းခေါ်တယ်။

ဘန္တေ၊ အိုအရှင်ဘုရား။ နိဝတ္တထ၊ ပြန်ခဲ့ပါဘုရား။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှာဟိ၊ အလှူခံတော်မူပါအုံးဘုရား-ကိုး။

ဒီတော့ ဦးပဥ္စင်းကလေးက အဟုတ်မှတ်လို့ ရပ်နေတယ်၊ ဦးပဥ္စင်းလေး နားရောက်တော့—"ဣဒံ နာမ ဘန္တေ ကာရဏန္တိ ယာစိတွာ"။ ဘန္တေ၊ အရှင် ဘုရား။ ဣဒံနာမကာရဏံ၊ ဤအကျိုး အကြောင်းသည်။ ဥပ္ပန္နံ၊ ဖြစ်နေပါပြီ ဘုရားလို့။ ယာစိတွာ၊ တောင်းပန်၍။ ဒီလိုတော့ဖြစ်နေပါပြီဘုရား....တပည့် တော်တို့သမီးလေး ဒီလိုဖြစ်နေပါတယ်လို့ လျှောက်တယ် ပြီးတော့—

လူမထွက်ချင်သော ရဟန်းငယ်

"အမှာကံ ဘန္တေ ဂေဟေ ဧတ္တကံနာမ ဓနံ အတ္ထိ"။ ဘန္တေ၊အရှင်ဘုရား။ အမှာကံ၊ ဘုရားတပည့်တော်တို့၏။ ဂေဟေ၊ အိမ်၌။ ဧတ္တကံ၊ ဤမျှအတိုင်းအရှည် ရှိသော၊ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိပါတယ် ဘုရား။

တပည့်တော်တို့ ပစ္စည်းချမ်းသာတဲ့ သူဌေးမျိုးတွေပါ၊ "ဧကာယေဝ နော ဓီတာ"။ နော၊ အကျွန်ုပ်တို့အား။ ဓီတာ၊ သမီးသည်။ ဧကာယေဝ၊ တယောက်ထဲ ရှိပါတယ်ဘုရား။ ပစ္စည်းလဲရှိပါတယ် ဘုရား၊ သမီး လေးကဲ တယောက်ထဲပါ။

"တံ့ နော ဗေဋ္ဌပုတ္တဋ္ဌာနေ ဌဿသိ"။ တံ့၊ အရှင်ဘုရားသည်။ နော၊ တပည့်တော်တို့၏။ ဗေဋ္ဌပုတ္တဋ္ဌာနေ၊ သားကြီးအရာ၌။ ဌဿသိ၊ တည်ပါ လိမ့်မယ်ဘုရား။ "သုခေန သက္ကာ ဇီဝိတုံ"။ သုခေန၊ ချမ်းချမ်းသာသာ။ ဇီဝိတုံ၊ အသက်မွေးခြင်းငှာ။ သက္ကာ၊ စွမ်းနိုင်ပါသည်ဘုရား။

တပည့်တော်တို့အိမ်မှာ ပစ္စည်းတွေ မြောက်မြားစွာ ရှိပါတယ်ဘုရား၊ သမီး ကလေး တယောက်ထဲရှိပါတယ်၊ လူထွက်တော်မူပါလို့ ဆိုတော့ ဦးပဥ္စင်း ကလေးက ဘယ့်နှယ်ပြောသွားလဲ—

န မယှံ ဠမိနာ ပလိဗောဓေန အတ္ထော။

မယှံ၊ ငါ့အား။ ဠမိနာ ပလိဗောဓေန၊ ဤသို့သောကိစ္စမျိုးဖြင့်။ န အတ္ထော၊ အလိုမရှိ။ ဒါမျိုးတွေ ငါအလိုမရှိဘူးတဲ့—ဦးပဥ္စင်းချောကလေးက၊ တကတဲ တွက်သွားလေရော၊ ဘယ့်နှယ်မှလုပ်လို့ မရဘူး၊ ဦးပဥ္စင်း ကလေးကို သာခုခေါ်တို့ မကောင်းဘူးလား၊ ဒီလို ပလိဗောဓမျိုးကို ဦးပဥ္စင်း အလိုမရှိ ဘူး ဆိုပြီးသွားရော၊ ဘယ်လိုမှ လိုက်လျှောက်လို့ မရဘူး၊ ဒီတော့ မိဘနှစ်ပါး လက်လျှော့ပြီးပြန်လာခဲ့ပြီးတော့ သူ့သမီးကလေးကို ပြောကြတယ်။

"အမ္မ နာသက္ခိမှ ဒဟရံ နိဝတ္တေတုံ"။ အမ္မ၊ သမီး။ ဒဟရံ၊ ဦးပဥ္စင်း ကလေးကို။ နိဝတ္တေတုံ၊ ပြန်လည်ရှုလာခြင်းငှာ။ နာသက္ခိမှ၊ ဘယ်နည်းနဲ့မှ မတတ်နိုင်ကြတော့ဘူး။ မတတ်နိုင်ဘူးတဲ့။

ယံ အညံ သာမိကံ ဣစ္ဆသိ၊ တံ လဘိဿသိ။

ဒီဦးပဥ္စင်းမှတပါး တခြားပုဂ္ဂိုလ်ကို သမီးအလိုရှိတယ်ဆိုယင် ပြောပါ၊ ရအောင်ပြုလုပ်ပေးပါ့မယ်– မိဘများကပြောတယ်၊ အမျိုးသမီးကလေးကတော့ ဒီဦးပဥ္စင်းကလေးမှ ဒီဦးပဥ္စင်းကလေးက ဘယ်နည်းနဲ့မှ မလှဲနိုင်ဘူး-တဲ့၊ ဟိုကလဲ ဘယ်လိုမှ လိုက်ပင့်ပြောလို့ မရဘူး၊ အမျိုးသမီးလေးကလဲ အိပ်ရာက မထဘူး၊ ဒီတော့ မိဘများက ဘာခပြောလဲ—

အချစ်စွဲပြီးသေဆုံးသူ အမျိုးသမီးလေး

"ဥဋ္ဌေဟိ ခါဒ စ ပိဝ စာတိ အာဟံသု"။ ဓီတာ၊ သမီး။ ဥဋ္ဌေဟိ၊ ထပါတဲ့။ ခါဒ စ၊ စားလည်း စားပါ။ ပိဝစ၊ သောက်လည်းသောက်ပါ-တဲ့၊ ဘယ် လိုဘဲပြောပြောမစားတော့ဘူး၊ မထလဲ မထတော့ဘူး၊ အဲဒီလိုနဲ့ ရာဂမီးတွေ

လောင်ပြီး လူးလွန့်ပြီးတော့ ဒီညောင်စောင်းမှာဘဲ စုတေစိတ်ကျ သေရှာ ရော၊ အမျိုးသမီးလေးဘာဖြစ်သွားလဲ-(သေသွားပါတယ်ဘုရား)ဒဿနသံသဂ္ဂ ဘယ်လောက်ဆိုးလဲလို့-ဟင်။

အဲဒီအမျိုးသမီးလေးလဲ သေရော ဘယ်လိုဖြစ်ကြသလဲဆိုတော့ မတကာဘတ် ဆိုပြီး ဒီအမျိုးသမီးလေးရဲ့ အဝတ်တွေအကုန်လုံးကို ဘုန်းကြီးတွေ ပင့်လှူ ကြတယ်၊ လှူတော့ သံဃာတော်တွေက ဒီအဝတ်တွေကို ဝေဝေပြီးယူကြတော့ မထေရ်ကြီးတပါးက ဘယ်လောက် သိသလဲဆိုတော့-သူက သင်းပိုင်လဲမချုပ် လောက်ဘူး၊ကေသီလဲမချုပ်လောက်ဘူး၊ နှစ်ထပ်သင်္ကန်းကြီးလဲ မချုပ်လောက် ဘူး၊လက်ကိုင်ပုဝါကလေးချုပ်ဘို့ကြည့်လိုက်ပြန်တော့လဲ ဒီလိုလက်ကိုင်ပုဝါလေး တထည်တောင်မှ မချုပ်လောက်ဘူး။

ရေစစ်ကလေး (၅-လက်မ ပတ်လည်လောက်ရှိ) ရေစစ်ကလေးတခုတော့ ချုပ်လို့ရတယ်၊ ဒီမထေရ်ကြီးရတဲ့ အဝတ်ကလေးက အဲဒါနဲ့ဘဲ ဒီမထေရ် ကြီး သူငယ်မလဲ ကျေးဇူးများပါစေတော့ဆိုပြီး ဒီအဝတ်ကလေးကို ရေစစ် ချုပ်တယ်၊ ရေစစ်ချုပ်တတ်တဲ့ ကိုယ်တော်ကလေး လိုက်ရှာတော့ အခုနင်က ဦးပဥ္စင်းကလေးသွားတွေ့တယ်၊ ဖြစ်ပုံနှယ် ကတ်သီးကတ်သတ်ဖြစ်ပုံက၊ အခုနက လူမထွက်ချင်ပါဘူးဆိုတဲ့ ကိုယ်တော်လေးတွေ့တော့ အဲဒီမထေရ်ကြီးက-

အာဝုသော ဣမိနာ မေ ပရိဿာဝနံ ဝိစာရေထ။

အာဝုသော၊ ငါ့ရှင်။ ဣမိနာ၊ ဤအဝတ်ပိုင်းကလေးဖြင့်။ မေ၊ ငါ့အား။ ပရိဿာဝနံ၊ ရေစစ်ကို။ ဝိစာရေထ၊ စီစဉ်ချုပ်လုပ်ပေးကြပါလော့။

ငါ့ရှင်....ငါ့ကို ဟောဒီအဝတ်ပိုင်းကလေးနဲ့ ရေစစ်ကလေး ချုပ်ပေးစမ်း ပါကွယ်လို့ဆိုတော့ ဦးပဥ္စင်းလေးဟာ ဒီအဝတ်ကလေး မြင်လိုက်ကတည်းက မျက်ရေတွေ ပေါက်ပေါက် ပေါက်ပေါက်ကျလာတယ်၊ ဖြစ်ပုံ-ဖြစ်ပုံ၊ ကာမဂုဏ် ဆိုတာခေါတ်လိုက်တယ်-နော်၊ ဒဿနသံသဂ္ဂ-ခေါတ်လိုက်တယ်။

ဥပမာဆိုယင် တကာ့တယောက်ကို ခေါတ်လိုက်နေယင် မောင်မောင်ပြော ပါတော့လေ၊ မောင်မောင်ခေါတ်လိုက်နေယင် မောင်မောင်ကို သွားကိုင်ယင် ဘာဖြစ်မလဲ- (ခေါတ်လိုက်ပါတယ်ဘုရား) ကာမဂုဏ်ဆိုတာ ခေါတ်လိုက်တာနဲ့ တယ်တူတယ်၊ ဟိုအမျိုးသမီးကလေး ခေါတ်လိုက်လို့ သေပြီမဟုတ်လား၊ (မှန်ပါဘုရား) ဘာခေါတ်လိုက်သလဲ၊ (ကာမဂုဏ်ခေါတ်ပါဘုရား) ဒဿန သံသဂ္ဂ-ကာမဂုဏ်ခေါတ်လိုက်တာ သေရော၊ ဟော-နောက်တခါ သွားကိုင်တဲ့ လူလို ဒီဦးပဥ္စင်းလေး ဒုက္ခရောက်အုံးမယ်။

ဒီတော့ ဒီအဝတ်ကလေးမြင်တော့- အဝတ်ကလေးကြည့်ပြီးတော့ မနေနိုင် ဘူး ဦးပဥ္စင်းကလေးမေးတယ်။

"**မဟာထေရ ကုဟိံ လဒ္ဓံ**"။ မဟာထေရ၊ အိုမထေရ်ကြီး။ ဣဒံ၊ ဤအဝတ်ကလေးကို။ ကုဟိံ၊ အဘယ်က။ လဒ္ဓံ၊ ရခဲ့ပါသနည်း။

ရဟန်းငယ်လေး သောကရောက်သေဆုံးပြန်ခြင်း အရှင်ဘုရား....ဒီအဝတ်ကလေးဘယ်ကရသလဲ ဘုရားလို့ မေးပြီ၊ မေးတော့ မပြောချင်လို့လဲ မဖြစ်ဘူး၊ ယောဒီရွာက အမျိုးသမီးကလေးတယောက်က ဆွမ်းခံသွားတဲ့ ဦးပဥ္စင်းကလေးတပါးကို မြင်လို့တဲ့ ဆိုတော့ ရင်ထဲက လှိုက်လှိုက် လှိုက်လှိုက် ဖြစ်နေပြီ– အဲဒီ ဦးပဥ္စင်းလေးက၊ အဲဒီလိုမြင်လို့ အဲဒီ အဝတ်ဝါကလေးတွေကို ဝတ်ပြီးတော့ အဲဒီကိုယ်တော်လေးကို ဆွမ်းထွက်ပြီးတော့ လောင်းတယ်။

ဆွမ်းလောင်းပြီးကတည်းက ကုတင်ပေါ်မှာ ပက်လက်လှန်ပြီးတော့ ဒီပဥ္စင်းလေးမရယင် မနေနိုင်ပါဘူးလို့ သူ့မိဘတွေကို ပြောတယ်၊ သူ့မိဘတွေက ဦးပဥ္စင်းကလေးကို လိုက်ပင့်တယ်၊ ဦးပဥ္စင်းကလေး....တပည့်တော်တို့မှာ သားသမီးက ဒီတယောက်တည်း ရှိပါတယ်၊ ပစ္စည်းတွေလဲ များများစားစား ရှိပါတယ်၊ အရှင်ဘုရား....တပည့်တော်တို့ရဲ့ သားကြီးအရာမှာ တည်ပြီးတော့ လူထွက်ပါလို့ သွားပြောတော့ ဦးပဥ္စင်းကလေးက ဒါမျိုးတွေ အလိုမရှိဘူးလို့ ပြောသွားတယ်။

အဲဒီ **ဦးပဥ္စင်းလေးကို** ပြောလို့မရဘူးလို့ ဆိုကတည်းက အမျိုးသမီးကလေး လူးပြီးတော့ ရာဂမီးတွေလောင်ပြီးတော့ သေရှာသတဲ့၊ အဲဒီ အသုဘက ရတဲ့ အဝတ်ကလေးဘဲ–ဦးပဥ္စင်းလေး၊ အဲဒါကို ရေစစ်ကလေး ချုပ်ပေးပါလို့ လဲဆိုရော–အဲဒါ တပည့်တော်ဘဲဘုရားလို့ ပြောပြီး ဦးပဥ္စင်းလေးဟာ–

ဝေဠုပါယ နာမ သဒ္ဓိံ သံဝါသံ နာလတ္ထန္တိ ရာဂဂ္ဂိနာ ဒဍ္ဎော တတ္ထေဝ **ကာလ** မကာသိ။

ဝေဠုပါယနာမ၊ ဤအမည်ရှိသော။ ကုမာရိယာ၊ အမျိုးသမီးနှင့်။ သဒ္ဓိံ၊ အတူတကွ။ သံဝါသံ၊ ပေါင်းသင်းဆက်ဆံခြင်းကို။ နာလတ္ထံ၊ မရလိုက်လေခြင်း။ ဣတိ၊ ဤသို့ ညည်းတွားပြီးတော့။ တတ္ထေဝ၊ ထိုအရပ်၌ သာလျှင်။ **ရာဂဂ္ဂိနာ**၊ ရာဂတည်း ဟူသောမီးဖြင့်။ ဒဍ္ဎော၊ လောင်မြိုက်သည်။ ဟုတွာ၊ ဖြစ်၍။ **ကာလံ**၊ ပျံတော်မူခြင်းကို။ အကာသိ၊ ပြုလေတော့၏။

ဒဿနသံသဂ္ဂ ဆိုးဝါးပုံ၊ ဦးပဥ္စင်းလေး ဘာဖြစ်သွားလဲ၊ (ပျံတော်မူသွားပါတယ်ဘုရား) ဒဿနသံသဂ္ဂ **ဟုတ်လား**၊ ဟဲ–ဒဿန သံသဂ္ဂ အကြောင်းတော်ကြစို့ရဲ့၊ **ကိုးနာရီကျော်နေပြီ** ဟုတ်လား။

သမုလ္လပနသံသဂ္ဂ သမုလ္လပနသံသဂ္ဂလို့ဆိုတာ– "အညမညံ အာလာပသလ္လာပ ဝသေန ဥပ္ပန္နရာဂေါ သမုလ္လပနသံသဂ္ဂေါနာမ"။

အချင်းချင်း တယောက်နဲ့တယောက် ကာမဂုဏ်စိတ်တွေ ငြိတွယ်ပြီးတော့ လူထွက်တာ၊ ကာမဂုဏ်စိတ်တွေ ပျံ့ပျံ့သွားတာကိုတော့ သမုလ္လပနသံသဂ္ဂ။

သမ္ဘောဂသံသဂ္ဂ ရဟန်းတော်ရဲ့ ပစ္စည်းကို အမျိုးသမီးတွေကယူသုံး၊ အမျိုးသမီးတွေရဲ့ပစ္စည်းကို ရဟန်းတော်တွေက ယူသုံး၊ဘိက္ခုနီမတွေ ပစ္စည်းကို ရဟန်းတွေကယူသုံး၊ ရဟန်းတွေရဲ့ပစ္စည်းကို ဘိက္ခုနီမတွေက ယူသုံး၊အဲဒါက အချင်းချင်းပစ္စည်းပေးပြီးတော့ ရာဂစိတ်တွေဝင်ဝင်ပြီး လူထွက်သွားကြတဲ့ သံသဂ္ဂ–(သမ္ဘောဂသံသဂ္ဂ)ဘောဇနသံသဂ္ဂ။

ကာယသံသဂ္ဂ ဟတ္ထဂ္ဂါဟာဒိဝသေန ဥပ္ပန္နရာဂေါ ကာယသံသဂ္ဂေါနာမ။ လက်ကိုကိုင်ခြင်း, ခြေထောက်ကိုကိုင်ခြင်း, ဆံထုံးကိုကိုင်ခြင်း စသည်တို့သည် ကာယသံသဂ္ဂ၊ အဲဒီ သံသဂ္ဂ–၄ါးမျိုးနဲ့ ပတ်သက်လို့ သမဂ္ဂ သီတင်းသုံးဘော် အချင်းချင်း တောင်မှ ကိလေသာ တိုးပွားကြောင်းဖြစ်တဲ့ ပေါင်းသင်းဆက်ဆံမှုမျိုးကို မပေါင်းသင်းမဆက်ဆံဘဲနဲ့ ရှောင်ကြဉ်ရမယ်တဲ့။

ဤသံသဂ္ဂမှ ကင်းလွတ်အောင်နေခြင်းသည်လည်း မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားတခုရယ်လို့ သံသဂ္ဂကထာကို ဟောကြားတော်မူခဲ့ပါတယ်။

ကထာဆယ်မျိုးမှာ–အပ္ပိစ္ဆ ကထာ, သန္တုဋ္ဌိ ကထာ, ပဝိဝေက ကထာ, အသံသဂ္ဂကထာ–တဲ့၊ အသံသဂ္ဂကထာနော်–မပေါင်း သင်းရတာ၊ ဒဿန သံသဂ္ဂ–ရှောင်ရမယ်၊ သဝန သံသဂ္ဂ–ရှောင်ရမယ်၊ သမုလ္လပနသံသဂ္ဂ– ရှောင်ရမယ်၊ ဘောဇနသံသဂ္ဂ–ကာယသံသဂ္ဂ–ဒီ ၄ါးမျိုး ရှောင်ကြဉ်သော အားဖြင့် သာသနာတော်မှာ အခွန့်ရှည်စွာ တည်နေနိုင်အောင် တရား ကြိုးစားပြီးတော့ အားထုတ်ရမယ်တဲ့၊ ဒါ အသံသဂ္ဂကထာ ပြီးပါပြီ။

အင္ဂမပိုင်းနိဂုံး ဝီရိယာရမ္ဘကထာ, သီလကထာ, သမာဓိကထာ, ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏဒဿနကထာလို့ ကထာ ခြောက်မျိုး ကျန်သေးတယ်၊ အဲဒီ ကထာခြောက်မျိုးကို အခုလာမဲ့လပြည့်နေ့ ဘုန်းကြီးတို့ ကျောင်းမှာဘဲ ဆက်ပြီးတော့ ဟောပေးလိုက်မယ်၊ ကထာဆယ်မျိုးမှာ လေးမျိုးပြီးသွားပြီ။

သာဓုဝေါ၊ နှလုံးပျော့ပျောင်း အို–အမျိုးကောင်း သား, အမျိုးကောင်း သမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံဓမ္မဒေသနံ၊ ထိုတရားဒေသနာ

တော်ကို။ သုတွာ၊ ကြားနာပြီး၍၊ ဓာရေထ၊ ဆောင်ထားကြကုန်လော့။ ဓာရေတွာ၊ ဆောင်ထားကြကုန်ပြီးသည်ဖြစ်၍။ ဘာဝေထ၊ အသံသဂ္ဂကထာနှင့် ပြည့်စုံအောင် ပွားများအားထုတ် ကြကုန်လော့။ ဘာဝေတွာ၊ ပွားများအားထုတ်ကြကုန်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသွေ မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-နဝမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၀၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄-ခုနှစ်၊ တော်သလင်းလဆန်း ၁၅-ရက်၊ ရန်ကုန်မြို့ သက်န်းကျွန်းလမ်း ဝေဘူရိပ်သာကျောင်းတိုက်၌ ဟောကြားအပ်သော မေဃိယသုတ္တန် နဝမပိုင်း တရားတော်။

(တရားဦးစကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးအတိုင်း)

ဝီရိယာရမ္ဘကထာ အသံသဂ္ဂကထာကို ဟောကြားပြီးတော့ မရင့်ကျက်သေးသောစိတ်၏ အရှုပာတ္တဖိုလ်ပေါက် စေတောဝိမုတ္တိတရားကို ရင့်ကျက်ဖို့ရန်အတွက် ပြည့်စုံရမည့်တရားတို့တွင် ဝီရိယာရမ္ဘကထာပိုင်းကို ဟောပေးရမယ်၊ အားထုတ်မှုဝီရိယနဲ့ ပတ်သက်တဲ့စကားမျိုး ဝီရိယာရမ္ဘကထာ၊ ဘယ်လိုလဲ ပါဠိတော်က—

ဝီရိယအကျိုး ၂-ပါး နှာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ဝီရိယာရမ္ဘော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ယေန၊ အကြင်တရားကြောင့်။ အနုပ္ပန္နာ၊ မဖြစ်ပေါ်သေးကုန်သော။ ကုသလာဓမ္မာဝါ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊

၁။ အင်္ဂုတ္တိုရ် ဧကကနိပါတ် နှာ-၁၁။

ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ၊ မိမိသန္တာန်မှာဖြစ်ပေါ်ပြီးကုန်သော။ အကုသလာဓမ္မာဝါ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ပျက်ပြား ဆုတ်ယုတ်ကြလေကုန်၏။ တေန၊ ထိုကဲ့သို့သော တရားတမျိုးမှ။ အညံ၊ တမျိုးတခြားတပါးသော။ ဧကဓမ္မမ္ပိ၊ တခုသောတရားကိုလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ ကြည့်၍မြင်တော်မမူ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ-အယံ၊ ဤမဖြစ်သေးသောကုသိုလ်တွေ ဖြစ်ပြီးတော့ ဖြစ်ပြီးသားအကုသိုလ်တွေ ပျက်စီးခြင်းဆိုတဲ့ တရားသည်။ ယထာ-ကတမော၊ အဘယ်တရားနည်း။ ဝီရိယာရမ္ဘော၊ ကြိုးစား အားထုတ်ခြင်း-ဝီရိယာရမ္ဘတရားပင်တည်း။

အဓိပ္ပါယ်က-ချစ်သားတို့...မိမိသန္တာန်မှာ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်ပြီး ဖြစ်ပြီးသော အကုသိုလ်တရားတွေ ဆုတ်ယုတ်ဖို့ရန် အတွက် တရားတမျိုး ရှိတယ်တဲ့၊ အဲဒီတရားက ကြိုးစားအားထုတ်မှုလို့ ခေါ်တဲ့ ဝီရိယတရားဘဲ၊ ဝီရိယတရားမှတပါး မိမိသန္တာန်မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ပြီးတော့ ဖြစ်ပြီးသား အကုသိုလ်တရားတွေ ပျက်စီးနိုင်တယ်ဆိုတဲ့တရားကို ငါဘုရား ကြည့်လို့ မမြင်ဘူးတဲ့။

ဝီရိယတရားသည်သာလျှင် မိမိသန္တာန်မှာ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်ပြီး ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပျက်စီးကုန်တယ်တဲ့၊ ဒါကြောင့် ဝီရိယရဲ့ တန်ဘိုးဟာ ကြီးကျယ်တယ်၊ ဝီရိယရှိနေတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ သီလ ကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်, ဝိပဿနာကုသိုလ်, မဂ်ကုသိုလ်တွေ ဖြစ်နိုင်တယ်။

မိမိသန္တာန်မှာ ဖြစ်ပြီးသား ဒုစရိုက်အကုသိုလ်တွေ ပျက်စီးသွားနိုင်တယ်၊ ဒါကြောင့် ဝီရိယစိုက်ပါ၊ ကြိုးစားပါ၊ အားထုတ်ပါလို့ ဝီရိယနဲ့ ပတ်သက်တဲ့ စကားကို ဒီနေ့ပြောရမယ်၊ ဒါ ဝီရိယကထာ။

အာရဒ္ဓဝီရိယဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ
ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ [၁]

ဘိက္ခဝေ၊ ရဟန်းတို့။ အာရဒ္ဓဝီရိယဿ၊ ယခုလို မိမိသန္တာန်၌ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင်, ဖြစ်ပြီးသား အကုသိုလ်တွေ ပျက်ပြီးအောင် ကြိုးစား၍ အားထုတ်ခြင်း ဝီရိယရှိသောပုဂ္ဂိုလ်အား။ အနုပ္ပန္နာ၊ မဖြစ်ပေါ်သေး ကုန်သော။ ကုသလာ ဓမ္မာစေဝ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ပြီးကုန်ပြီးသော။ အကုသလာဓမ္မာစ၊ အကုသိုလ် တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်ပြားသွားလေကုန်တော့၏။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် နှာ-၁၁။

ချစ်သားတို့....ဝီရိယတရား တလုံးထဲသာ ကြိုးစားအားထုတ်ပါ၊ ချစ်သား, ချစ်သမီးတို့သန္တာန်မှာ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်ပါစေမယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပျောက်ပါလိမ့်မယ်တဲ့၊ အကုသိုလ်တခု ဖြစ်ပြီးတဲ့အခါ ဒီအကုသိုလ်အကျိုး မပေးပါစေနဲ့လို့ တားဘို့ရန်အတွက် ဘာနဲ့တားတား မရဘူး၊ အဲဒီ ဝီရိယနဲ့ တားရမယ်။

ဝီရိယ ၂–မျိုး အဲဒီနေရာမှာ ဝီရိယကဘယ်နှစ်မျိုးလောက် ရှိသလဲဆိုတော့ ကာယိကဝီရိယ, စေတသိကဝီရိယလို့ ဝီရိယနှစ်မျိုးရှိပါတယ်။

ကာယိကဝီရိယ ကာယိကဝီရိယဆိုတာလဲ– "ဒိဝသံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။"[၁]

ဒိဝသံ၊ တနေ့ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်၎င်း။ နိသဇ္ဇာယ၊ ထိုင်ခြင်းဖြင့်၎င်း။ အာဝရဏီယေဟိ၊ ကာမစ္ဆန္ဒ နီဝရဏစသော အကုသိုလ်တရားတို့မှ။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ မဝင်အောင် သုတ်သင်ရှင်းလင်း အားထုတ်၍နေ၏။

ကာယိကဝီရိယနဲ့ အားထုတ်နေတဲ့ပုဂ္ဂိုလ်ဆိုတာ တနေ့လုံး အိပ်တဲ့ဣရိယာပုထ်မထားဘဲနဲ့ စင်္ကြံလျှောက်လိုက်ထိုင်လိုက်, စင်္ကြံလျှောက်လိုက်ထိုင်လိုက်နဲ့ ဒီလို မိမိသန္တာန်မှာ အကုသိုလ်စိတ်တွေမဝင်အောင် စောင့်ရှောက်ထိန်းသိမ်းပြီးတော့ အားထုတ်နေတာကို ကာယိကဝီရိယလို့ ဒီလိုခေါ်ပါတယ်။

ရတ္တိယာ ပဌမံ ယာမံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။

ရတ္တိယာ၊ ညဉ့်၏။ ပဌမံယာမံ၊ ပဌမယာမ်ကာလပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်၎င်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်၎င်း။ အာဝရဏီယေဟိ၊ ဝိပဿနာပညာဉာဏ်တွေ ပိတ်ဖုံးကာကွယ်တတ်ကုန်သော အကုသိုလ်တရားတို့မှ။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ရှင်းလင်း၍ အားထုတ်၏။

ကိုယ့်စိတ်ထဲကို အကုသိုလ်စိတ်တွေ မဝင်အောင် စင်္ကြံလျှောက်လိုက်ထိုင်လိုက်, စင်္ကြံလျှောက်လိုက်ထိုင်လိုက်နဲ့ ညခြောက်နာရီလောက်က နေပြီးတော့ ဆယ်နာရီလောက်အထိ ဤသို့အားထုတ်နေတာကို ကာယိကဝီရိယလို့ ခေါ်ပါတယ်။

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ–၁၈။ ဝိဘင်းပါဠိတော် နှာ–၂၅၈။ ဤဧာအုပ်ဆဋ္ဌမပိုင်းတရားတော် ဇာဂရိယာနုယောဂနှင့် ပတ်သက်၍ ဆရာတော်ဟောခဲ့ပြီးပြီ။

ရတ္တိယာ ပစ္ဆိမံ ယာမံ ပစ္စုဋ္ဌာယ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။

ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမံယာမံ၊ နောက်ဆုံးဖြစ်သော လေးနာရီကနေ နံနက်ခြောက်နာရီဟူသော နောက်ဆုံးယာမ်ကာလပတ်လုံး။ ပစ္စုဋ္ဌာယ၊ စောစောထပြီးတော့။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်၎င်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်၎င်း။ အာဝရဏီယေဟိ၊ ဝိပဿနာအသိဉာဏ်ကို ပိတ်ပင်တားဆီးတတ်ကုန်သော။ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ လူးလာတုံ့ခေါက် စင်္ကြံလျှောက်၍ အကုသိုလ်ပျောက်အောင် သုတ်သင် ရှင်းလင်း၍နေ၏။

ဒါကို ကာယိကဝီရိယလို့ ခေါ်တယ်၊ တနေ့လုံးလုံး သူဘာလုပ်နေသလဲ- သူ့စိတ်ထဲ အကုသိုလ်တွေ ဝင်မလာအောင်ဆိုပြီးတော့ နီဝရဏတရားတွေ မဝင်အောင် စင်္ကြံလျှောက်လိုက် ထိုင်လိုက်, စင်္ကြံလျှောက်လိုက် ထိုင်လိုက်နဲ့ ဒီလိုဘဲ အားထုတ်နေတယ်-တနေ့လုံး၊ ညဉ့်ဦးယာမ်ကာလပတ်လုံး ဒီအတိုင်းဘဲ အားထုတ်နေတယ်။

သန်းခေါင်ယာမ်လောက်ကျတော့ ခေတ္တသတိ ပညာရှေးရှုပြီးတော့ ခြင်္သေ့မင်း အိပ်ခြင်းကဲ့သို့[၁] ခေတ္တအိပ်တယ်၊ မအိပ်လို့တော့မဖြစ်ဘူး-ဣရိယာပုထ် မျှအောင် လုပ်ရတယ်၊ အဲ-ပြီးတော့ ဘာလုပ်ရသလဲ-နံနက်စောစော—လေးနာရီလောက်ကျတော့ ထတယ်၊ ထပြီးတော့ ကိုယ့်စိတ်ထဲ အကုသိုလ်တွေ ဝင်မလာအောင် ထိုင်လိုက် စင်္ကြံလျှောက်လိုက်, ထိုင်လိုက် စင်္ကြံလျှောက်လိုက်နဲ့ တခါထဲ တရားအားထုတ်ပြီး နှလုံးသွင်းနေရတယ်၊ ဒီ ဝီရိယမျိုးကို ကာယိကဝီရိယလို့ ဒီလိုခေါ်ပါတယ်။

စေတသိက ဝီရိယ စေတသိက ဝီရိယဆိုတာဘယ်လိုတုံး— "န တာဝါဟံ ဣတော လဏ္ဍာ နိက္ခမိဿာမိ၊ ယာဝ မေ န အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ"[၂]။

မေ၊ ငါ့အား။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အနုပါဒါယ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ စိတ္တံ၊ စိတ်သည်။ န ဝိမုစ္စတိ၊ မလွတ်သေး။ တာဝ၊ ထိုမျှလောက်

၁။ ဤစာအုပ်တွင် ဆဋ္ဌမပိုင်းတရားတော် ဇာဂရိယာနုယောဂ အခန်း၌ အိပ်ခြင်းလေးမျိုးကို ပြန်ကြည့်။

၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမ နှာ-၃၀။

သော ကာလပတ်လုံး။ အဟံ၊ ငါသည်။ ဣတောလေဏာ၊ ယခုအခါ ဝင်ပြီးတော့ တရားထုတ်နေတဲ့ လိုဏ်ဂူတွင်းမှ၊ နနိက္ခမိဿာမိ၊ မထွက်တော့အံ့။ (ဤသို့ ဆောက်တည် နေခြင်းကို စေတသိက ဝီရိယလို့ ခေါ်ပါတယ်)။

ဘယ်လိုလဲအဓိပ္ပါယ်က–ကမ္မဋ္ဌာန်းကျောင်းကလေးထဲ ဝင်ပြီးတော့ တရားထိုင်တယ်၊ စိတ်ကဘယ်လိုဆောက်တည်ထားရမလဲ–တရားထူးတရားမြတ်ကို မရသေးသမျှကာလပတ်လုံး အာသဝေါတရားတွေ မကုန်သေးသရွေ့ကာလပတ်လုံး ငါအခု ဝင်ထိုင်အားထုတ်နေတဲ့ ဒီတရား ကျောင်းထဲက ဒီလိုဏ်ဂူလေးထဲက ငါမထွက်တော့ဘူးလို့ စိတ်ကိုဒီလို ဆောက်တည်ထိန်းသိမ်းပြီးတော့ပွားများအားထုတ်တဲ့ ဝီရိယမျိုးကို စေတသိက ဝီရိယလို့ ဒီလိုခေါ်ပါတယ်။

န တာဝါဟံ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ [၁]၊ (ယာဝ မေ န အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ)။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ နမုစ္စတိ၊ မလွတ်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ အဟံ၊ ငါသည်။ ဣမံပလ္လင်္ကံ၊ ဤတင်ပလင်ခွေကို။ နဘိန္ဒိဿာမိ၊ မဖျက်တော့အံ့။

ဟောဒီလို မိမိစိတ် ဆောက်တည်ထားတယ်–တင်ပလင်ခွေပြီး တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်၊တရားထူး တရားမြတ် မရသေးသရွေ့ ကာလပတ်လုံး ငါရဲ့ စိတ်အစဉ် ကိလေသာကမလွတ်သေးသမျှ ကာလပတ်လုံးတော့ဖြင့် အခုထိုင်ထားတဲ့ တင်ပလင်ခွေကို ငါမဖျက်တော့ဘူးလို့ စိတ်ကိုဒီလို ဆောက်တည်ပြီးတော့ တရားထိုင်နေခြင်းကိုစေတသိက ဝီရိယလို့ ဒီလို ခေါ်ပါတယ်၊ ဒါ အင်္ဂုတ္တိုရ်အဋ္ဌကထာက ဒီလိုဘဲပြောထားတယ်။

ဝိပဿနာတရားကို ကြိုးစားတယ်၊ ပွားများ အားထုတ်တယ်ဆိုတဲ့ အမျိုးကောင်းသားတိုင်း၊ အမျိုးကောင်းသမီးတိုင်းမှာ အခုပြောခဲ့တဲ့ ကာယိက ဝီရိယမျိုး စေတသိက ဝီရိယမျိုး ရှိရမယ်၊ မရှိသေးယင် ရှိအောင်လုပ်ပါ၊ ရှိယင် ကြိုးစားပြီးတော့ အားထုတ်ပါ၊ ဒီ ဝီရိယမျိုးဟာ ကိုယ့်မှာလဲ ရှိရမယ်၊ သူများလဲရှိအောင် ပြောပေးရမယ်၊ အဲဒါကို ဝီရိယာရမ္ဘ ကထာလို့ ဒီလိုခေါ်ပါတယ်၊ အဲဒါ ဝီရိယနှစ်မျိုး။

တနည်း ဝီရိယ ၃–မျိုး တနည်း– အာရမ္ဘ ဝီရိယ, နိက္ကမဝီရိယ, ပရက္ကမ ဝီရိယလို့ ဝီရိယသုံးပါး ရှိပါသေးတယ်၊ ကျမ်းဂန်က ဒီလိုပြတယ်၊ ဟိုရှေးဝီရိယပိုင်းကို ဟောတဲ့အခါကျတော့ သူ့ကိုအကျယ်ဟောပါမယ်။

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုဂ် နှာ–၃၈။

(၁) အာရမ္ဘ ဝီရိယဆိုတာ ဘယ်လိုဝီရိယမျိုးလဲ–ဝိပဿနာ အလုပ်ကောင်း တခုကို စပြီးတော့ ကြိုးစားအားထုတ်တာသည် အာရမ္ဘဝီရိယလို့ ဒီလိုခေါ် တယ်။

(၂) နိက္ကမ ဝီရိယဆိုတာက အလုပ်ကောင်းတခု ဝိပဿနာ လုပ်ငန်းကို စမိယင် သောတာပတ္တိမဂ်မရောက်မချင်း ဒီ ဝီရိယက ပျင်းရိမှုသဘောမှ ထွက် မြောက်ပီးတော့ သောတာပတ္တိမဂ်ရောက်သည့်တိုင်အောင် ကြိုးစားအားထုတ် မှုကို နိက္ကမဝီရိယလို့ခေါ်တယ်၊ ပျင်းရိမှုမှထွက်မြောက်ပီးတော့ အားထုတ်တဲ့ ဝီရိယမျိုး။

“ကောသဇ္ဇတော နိက္ခန္တတ္တာ နိက္ကမော”–တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က တယ်ပျင်းတယ်၊ သူက တရားတော့ မရတော့မရသေးဘူး၊ တရားအားထုတ် ပေတဲ့ တရားမရသေးခင်က ဘယ်လိုဖြစ်သလဲ-ပျင်းတဲ့ခေတ်တွေဝင်လာတယ်၊ အဲဒီ အပျင်းခေတ်ကို ပယ်ပြီးတော့ မရ ရအောင် ကြိုးစားပြီး အားထုတ်တယ်၊ ဒါကိုနိက္ကမဝီရိယလို့ ခေါ်တယ်။

(၃) ဒီ နိက္ကမ ဝီရိယကိုအားထုတ်လို့ပြီးတဲ့အခါ သောတာပတ္တိမဂ်ရောက် လို့ သောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီဆိုပါတော့၊ ဒီအလုပ်တခုပြီးယင် နောက်တခါ သကဒါဂါမ်ထိအောင် ဆက်ကာဆက်ကာ ကြိုးစားအားထုတ်တာကို ပရက္ကမ ဝီရိယလို့ ခေါ်တယ်၊ “အပရာပရံ ပရက္ကမော တတော ဗလဝတရံ ဝီရိယံ” အဂုတ္တိုရ် အဋ္ဌကထာက၊ အဆင့်ဆင့် တက်တက် တက်တက်ပြီးတော့ အားထုတ်တာ။

ကိုယ့်မှာ သီလမရှိသေးယင် သီလရှိအောင် အားထုတ်တယ်၊ သီလရှိပြီး တော့ ဘာလုပ်သလဲ–သမာဓိရှိအောင် ဆက်အားထုတ်တယ်၊ သမာဓိရှိပြန် တော့ ဝိပဿနာပညာစခန်း တက်လှမ်းပြီးတော့ တခါအားထုတ်တယ်၊ ဝိပဿနာပညာစခန်းမှာလဲ ဉာဏ်တွေအဆင့်ဆင့်ရအောင် ကြိုးစားပြီးတော့ အားထုတ်တယ်၊ ပရက္ကမဝီရိယဟာ သောတာပန်ဖြစ်၊သောတာပန်ဖြစ်ပြီးတော့ လဲ သကဒါဂါမ်, အနာဂါမ်, ရဟန္တာထိအောင် အဆင့်ဆင့်တက်ပြီးတော့ အားထုတ်တယ်၊ အဲဒါကို ပရက္ကမဝီရိယ ခေတ်မျိုးလို့ ခေါ်ပါတယ်။

ဝိပဿနာကိုအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီး တိုင်းမှာ ဒီဝီရိယမျိုးရှိရမယ်၊ အာရမ္ဘဝီရိယခေတ်, နိက္ကမဝီရိယခေတ်, ပရက္ကမ ဝီရိယခေတ်သုံးမျိုး ရှိရမယ်။

ကာယိကဝီရိယ, စေတသိကဝီရိယ–လို့ နှစ်မျိုး။

အာရမ္ဘဝီရိယ, နိက္ကမဝီရိယ, ပရက္ကမဝီရိယ–လို့ သုံးမျိုး။

ဒီ ဝီရိယမျိုးမရှိသေးယင် ရှိအောင်လုပ်ပါ၊ ရှိပြီးသားဖြစ်ယင် တိုးပြီးတော့ ပွားများအောင်လုပ်ပါ၊ ဒါ ဝီရိယာရမ္ဘကထာ၊ ဒီလိုဘဲဟောရမယ်။

ဝီရိယ ၄-မျိုး ဝီရိယနဲ့ပတ်သက်လို့ လေးမျိုးတခါကြည့်အုံး၊ သံယုတ်ပါဠိတော် ကဿပသံယုတ်မှာ ဘာဟောထားလဲ ဝီရိယခေတ် လေးမျိုး-"အနုပ္ပန္နာ မေ ပါပကာ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ္ပံ ကရောတိ"။[၁] (အဲ-ဒါမျိုးနော်)။

မေ၊ ငါ၏သန္တာန်၌။အနုပ္ပန္နာ၊တခါတရံမှ မဖြစ်ပေါ်ဘူးကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ငါ့သန္တာန်၌ ဖြစ်ပေါ်လာကုန်သည်ရှိသော်။ အနတ္ထာယ၊ လောကီ လောကုတ္တရာ နှစ်ဖြာအကျိုးမဲ့ကို ဖြစ်စေခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာတပ္ပံ၊ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်အောင် လုံ့လကြိုးကုတ် အားထုတ်ခြင်းကို။ ကရောတိ၊ ပြုလုပ်၏။

အကုသိုလ်မဝင်အောင် အားထုတ်မှု ဒီ ဝီရိယအားထုတ်မှုတမျိုး ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များရဲ့ သန္တာန်မှာ အခုမဖြစ်သေးတဲ့ လောဘ, ဒေါသ, မောဟ အခုမဖြစ်ဘူး၊ အဲဒီ မဖြစ်သေးတဲ့ လောဘ, ဒေါသ, မောဟတွေ ငါ့သန္တာန်မှာ ဖြစ်လာယင် ငါ့အကျိုးစီးပွားလဲ ပျက်လိမ့်မယ်၊ သူတပါး အကျိုးစီးပွားလဲ ပျက်လိမ့်မယ်၊ ငါရော သူတပါးရော နှစ်ဦးသားအကျိုး စီးပွားလဲ ပျက်လိမ့်မယ်၊ ဘာအကျိုးစီးပွားတွေလဲ- လောကုတ္တရာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရလိမ့်မယ်ဆိုတဲ့ အကျိုးစီးပွားတွေ ကုသိုလ်အကျိုးစီးပွားတွေဟာ ဒီအကုသိုလ်တွေဖြစ်လာယင် ဖျက်ဆီးပစ်လိုက်မယ်။

ဒီတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေ ငါ့သန္တာန်၌ ဖြစ်ခွင့် မရအောင် ကြိုးစားပြီး အားထုတ်မယ်ဆိုပြီးတော့ ကြိုးစားအားထုတ်ခြင်းကို ပဌမ နံပါတ်တစ် ဝီရိယလို့ ဒီလိုခေါ်ပါတယ်။

အကုသိုလ်ပျက်စီးအောင်အားထုတ်မှု ဥပ္ပန္နာ မေ ပါပကာ အကုသလာ ဓမ္မာ အပ္ပဟီယမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ္ပံ ကရောတိ။

မေ၊ ငါ၏သန္တာန်၌။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ပြီး ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့ကို။ အပ္ပဟီယမာနာ၊ မပယ်

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကဿပသံယုတ် နှာ-၄၀၁

နိုင်သည် ရှိသော်။ အနုတ္တာသာ၊ မိမိ အကျိုးစီးပွား, သူတပါး အကျိုးစီးပွား, မိမိသူတပါး နှစ်ဦးသားလုံး၏ အကျိုးစီးပွား ပျက်စီးခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာဟာပံ့၊ ဖြစ်ပြီးသား အကုသိုလ်တွေ ပျက်စီးအောင် ကြိုးစားအားထုတ် လုံ့လပြုခြင်းကို။ ကရောတိ၊ ပြုလုပ်အားထုတ်၏။

ဒါ ဒုတိယဝီရိယကြိုးစားအားထုတ်နည်း ခေါ်တယ်၊ ငါ့သန္တာန်မှာ ပုထုဇဉ်ဖြစ်သည့်အလျောက် လောဘနဲ့ ပတ်သက်တဲ့ အကုသိုလ်,ဒေါသနဲ့ ပတ်သက်တဲ့အကုသိုလ်,မောဟနဲ့ ပတ်သက်တဲ့ အကုသိုလ်, မာနနဲ့ ပတ်သက်တဲ့ အကုသိုလ် ဣဿာမစ္ဆရိယနဲ့ ပတ်သက်တဲ့ အကုသိုလ်,လူကြီးပြောတဲ့ စကား နားမထောင်ဘဲနဲ့ ဖြစ်တဲ့အကုသိုလ်၊ဒီအကုသိုလ်တွေဟာ မဖြစ်ဘူးဘူးလား၊ (ဖြစ်ဘူးပါတယ်ဘုရား)

ဆရာသမားစကားကို နားမထောင်ယင် ကုသိုလ်ဖြစ်သလား, အကုသိုလ်ဖြစ်သလား၊ (အကုသိုလ်ဖြစ်ပါတယ်ဘုရား) ဆရာသမား ဆင်ခြေပြန်တက်ယင် ကုသိုလ်ဖြစ်သလား,အကုသိုလ်ဖြစ်သလား၊ (အကုသိုလ်ဖြစ်ပါတယ်ဘုရား) အေး–အဲဒါ သတိထားအောင်ကြည့်၊ မင်းကြပ်ကြပ်သတိထား–နော်။

ဒုတိယဝီရိယ အားထုတ်တယ်ဆိုတာ ဩော်–ပုထုဇဉ် ဖြစ်သည့်အလျောက် ငါ့သန္တာန်မှာ အကုသိုလ်ဟာ အထိုက် အလျောက်တော့ မရှိပေဘူးလားလို့ ကာမဂုဏ်တွေ စဉ်းစားမိတယ်၊ စိတ်ဆိုးတယ်၊ စိတ်ကောက်တယ်၊ စိတ်ညစ်တယ်၊ စိတ်ပျက်တယ်၊ ဒီကိုယ့်ရှိနေတဲ့ အကုသိုလ်တွေကို ငြိမ်အောင် တရားအားမထုတ်ဘဲ နေယင်တော့ဖြင့် ဒီအကုသိုလ်တွေကြောင့်ငါ့အကျိုးစီးပွားတွေ ပျက်စီးလိမ့်မယ်၊ သူတပါးအကျိုးစီးပွားလဲ ပျက်စီးလိမ့်မယ်၊ မိမိသူတပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားတွေလဲ ပျက်စီး လိမ့်မယ်။

ဒီတော့ ဖြစ်ပြီးသားအကုသိုလ်တွေ အကျိုးပေးခွင့်မရအောင် ဝိပဿနာကရားကို ငါတော့ကြိုးစားပြီး အားထုတ်မှဘဲလို့ ဒီလိုနှလုံး သွင်းပြီးတော့ အားထုတ်တဲ့ ဝီရိယမျိုးက ဒုတိယတန်းစား ဝီရိယ–တယ်ကောင်းတဲ့ ဝီရိယ။

ကုသိုလ်ဖြစ်အောင်အားထုတ်မှု "အနုပ္ပန္နာ မေ ကုသလာ ဓမ္မာ နုပ္ပဇ္ဇမာနာ အနုတ္တာသ သံဝတ္တေယျုန္တိ အာတပ္ပံ ကရောတိ။"

မေ၊ ငါ၏ သန္တာန်၌။ အနုပ္ပန္နာ၊ ရှေးကတခါမှ မဖြစ်ပေါ်ဘူးကုန်သော။ ကုသလာဓမ္မာ၊ သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်, ဝိပဿနာကုသိုလ်, ဈာန်ကုသိုလ်, မဂ်ကုသိုလ် တို့သည်။ နုပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်အောင်ကြိုးစား၍ အားမထုတ်ခဲ့သည်ရှိသော်။ ဝါ–မဖြစ်ပေါ်ကြကုန်သည်

ရှိသော်။ အနုတ္တာယ၊ မိမိသူတပါး နှစ်ဦးသားတို့၏အကျိုးမဲ့ စီးပွားကို ပျက်စီးစေခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာတပ္ပံ၊ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင် ကြိုးစား၍ ပွားများအားထုတ်ခြင်းဆိုတဲ့ လုံ့လဝီရိယကို။ ကရောတိ၊ ပြုလုပ်အားထုတ်၏။

တတိယ ဝီရိယက ဘယ်လိုလဲ–မိမိသန္တာန်မှာ သီလကုသိုလ်မဖြစ်ဘူးသေးဘူးဆိုယင် ဩော်–သီလကုသိုလ်မဖြစ်ဘူးသေးဘူး၊ ဒီမဖြစ်ဘူးသေးတဲ့ သီလကုသိုလ်မဖြစ်ယင် ငါ့အကျိုးစီးပွားလဲ ပျက်လိမ့်မယ်၊ သူတပါးအကျိုးစီးပွားလဲ ပျက်လိမ့်မယ်၊ မိမိသူတပါး နှစ်ဦးသားတို့ အကျိုးစီးပွားတွေလဲ ပျက်လိမ့်မယ်၊ သမာဓိကုသိုလ် မဖြစ်ဘူးသေးယင် မဖြစ်ဘူးသေးတဲ့ သမာဓိကုသိုလ် မဖြစ်ယင် ငါ့အကျိုးလဲ ပျက်မယ်၊ သူတပါးအကျိုးလဲ ပျက်လိမ့်မယ်။

ဝိပဿနာကုသိုလ်မဖြစ်ဘူးသေးယင်လဲ အဲဒီ မဖြစ်ဘူးသေးတဲ့ ဝိပဿနာကုသိုလ် ငါ့သန္တာန်မှာ မဖြစ်သေးယင် ဩော်–ငါ့အကျိုးစီးပွားတွေ ပျက်စီးလိမ့်မယ်၊ ဩော်–ငါ့သန္တာန်မှာ မဂ်ကုသိုလ်ဆိုတာ မဖြစ်ဘူးသေးဘူး၊ အဲဒီ မဂ်ကုသိုလ်မဖြစ်ဘူးသေးသမျှ ကာလပတ်လုံး ငါသည် စိတ်မချရသေးဘူး၊ အပါယ်လေးပါး လားနိုင်တဲ့အကြောင်းတွေ ရှိနေသေးတယ်၊ ပျက်စီးရာ ပျက်စီးကြောင်းတွေ ရှိနိုင်သေးတယ်၊ ဝိနိပါတ ဘေးကြီးတော့ တွေ့နိုင်သေးတယ်။

ဒီတော့ မဖြစ်ဘူးသေးတဲ့ ကုသိုလ်မျိုး ဖြစ်အောင် ကြိုးစားပြီးတော့ အားမထုတ်ခဲ့လို့ရှိယင်ဖြင့် ဒီလိုဘဲ အကျိုးစီးပွားမဲ့တွေ ဖြစ်ပြီးတော့ နေအုံးမယ်၊ ဒီတော့ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေ ငါ့မှာဖြစ်အောင် ကြိုးစားပြီး အားထုတ်အုံးမှဘဲလို့ ဆိုပြီးတော့ ကြိုးစားအားထုတ်ခြင်းသည် တတိယမြောက် ဝီရိယာလို့ ဒီလိုခေါ်ပါတယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ အထိုက်အလျောက် ကုသိုလ်တွေတော့ မရှိကြဘူးလားလို့၊ ရှိတဲ့ ကုသိုလ်ကောင်းမှုလောက်နဲ့ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတွေကို ခံစားပြီးလို့ ဒီကုသိုလ်အရှိန်ကုန်တော့ ဘယ်သွားကြမလဲ၊ မဂ်ကုသိုလ်သာ မရဘူးသေးဘူးဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ အပါယ်လေးပါးကို ပြန်သွားရလိမ့်အုံးမယ်။

ဩော်– ဒီတော့ ငါ့သန္တာန်မှာ မဖြစ်ဘူးသေးတဲ့ မဂ်ကုသိုလ်တွေဖြစ်အောင် ဒီဘဝကြိုးစားပြီးတော့ သူတော်ကောင်းတွေနဲ့ တွေ့တဲ့အခိုက် အချိန်အခါကာလကောင်းတုန်း, ကိုယ်လက်ကျန်းမာရေးကောင်းတုန်းမှာ ကြိုးစားပြီး ရအောင် အားထုတ်လိုက်မဟဲ့ဆိုပြီးတော့ ကြိုးစားအားထုတ်ခြင်းသည် တသိယမြောက်ဝီရိယ–မနော်။

ကုသိုလ်တရားတွေ စတုတ္ထမြောက် ဝီရိယက ဘာတဲ့လဲ ဆိုတော့- မပျက်စီးအောင်အားထုတ်မှု "ဥပ္ပန္နာ မေ ကုသလာ ဓမ္မာ နိရုဇ္ဈမာနာ အနတ္ထာ ယ သံဝတ္တေယျုန္တိ အာတပ္ပံ ကရောတိ"၁။

မေ၊ ငါ၏သန္တာန်၌။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်ပြီးသော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ နိရုဇ္ဈမာနာ၊ ချုပ်ငြိမ်းပျက်ပြား သွားကြကုန်သည် ရှိသော်။ အနတ္ထာယ၊ မိမိအကျိုး, သူတပါးအကျိုး, မိမိသူတပါး နှစ်ဦး သားတို့ရဲ့ အကျိုးစီးပွားမဲ့ကို ဖြစ်ခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာတပ္ပံ၊ ဖြစ်ပြီးသားကုသိုလ် မပျက်စီးအောင် ကြိုးစားအားထုတ်ခြင်းဆိုတဲ့ အာတပ္ပ လုံ့လဝီရိယကို။ ကရောတိ၊ ပြုလုပ် အားထုတ်၏။

စတုတ္ထမြောက် ဝီရိယပိုင်းက ကိုယ့်သန္တာန်မှာ ဖြစ်ပြီးသား ကုသိုလ်တရား တွေရှိတယ်၊ ဒါနကုသိုလ်ရှိတယ်၊ သီလကုသိုလ်ရှိတယ်၊ သမာဓိကုသိုလ်ရှိတယ်၊ ဝိပဿနာ ပညာကုသိုလ်ရှိတယ်၊ အဲဒီ ကုသိုလ်တွေများ ပျက်စီးသွားယင် အကျိုးစီးပွားမဲ့တွေ ဖြစ်ရတော့မယ်၊ ဒီတော့ ဒီကုသိုလ်တွေ မပျက်စီးအောင် ကြိုးစားပြီးတော့ အားထုတ်အုံးမှဘဲလို့ ဆိုပြီးတော့ ကြိုးစားအားထုတ်တဲ့ ဝီရိယမျိုးက စတုတ္ထမြောက် ဝီရိယလို့ ခေါ်ပါတယ်။

ရပြီးသားကုသိုလ် မပျောက်ပျက်အောင်သတိထားရန်

ဘုန်းကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ စဉ်းစားကြည့် စမ်းပါ၊ မရသေးတဲ့ပစ္စည်း ပျက်စီးတာ ထက် ရပြီးသားပစ္စည်း ပျက်စီးကုန်တာ ဘယ်သူ့နှမြောသလဲ- ပိုပြီးတော့ (ရပြီးသားကို နှမြောပါတယ်ဘုရား) ဒါဟာ ပစ္စည်းဥစ္စာနဲ့ပတ်သက်လို့-နော်၊ မရသေးတဲ့ကုသိုလ်တွေ မရတာနဲ့ ရပြီးသား ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ဝိပဿနာပညာကုသိုလ်တွေ ပျက်စီးတာနဲ့ ကုသိုလ်မရတာနဲ့ ဘယ်သူ့ပိုပြီးတော့ နှမြောသလဲ၊ ရပြီးသားကုသိုလ်တွေ ပျက်စီးတာ ပိုနှမြော ဘို့မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

ဒီတော့ ရပြီးသားကုသိုလ်တွေ မပျက်စီးအောင် ဘယ့်နှယ်လုပ်ရမလဲ-ရပြီး သားကုသိုလ်တွေ ပျက်စီးကုန်ယင် ကိုယ့်မှာအကျိုးစီးပွားတွေ မပျက်စီးဘူး လား၊ (ပျက်စီးပါတယ်ဘုရား) ဘာအကျိုးစီးပွားတွေလဲ- လောကီစီးပွား, တမလွန်လောကရဲ့အစီးအပွား, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တည်းဟူသော အစီးအပွား၊ ဒီအစီးအပွားတွေ အကုန်လုံးပျက်စီးကုန်တယ်၊ ရပြီးသားကုသိုလ်

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကဿပသံယုတ် အနောတ္တပ္ပသုတ်။

တွေ ပျက်စီးကုန်တယ်၊ ပြောအုံးမယ်–ဒါကျတော့ ဝတ္ထုကြောင်းမထုတ်လို့ မဖြစ်တော့ဘူး ဝတ္ထုကြောင်းတခုတော့ ထုတ်အုံးမှ ဟုတ်လား၊ (မှန်ပါ)။

ရပြီးသားကုသိုလ်တွေ ရပြီးသားဒါနကုသိုလ်တွေ, သီလကုသိုလ်တွေ, သမာဓိကုသိုလ်တွေ, ပညာကုသိုလ်တွေ ပျက်စီးသွားလို့ အကျိုးစီးပွားမဲ့တွေ ဖြစ်ပြီးတော့ ကသိကအောက်ဖြစ်ရတဲ့ အကြောင်းကလေး ဘုန်းကြီးတို့ပရိသတ်ကို ပြောရအုံးမယ်၊သမ္မောအဋ္ဌကထာက သမ္မပ္ပဓာနဝိဘင်း[၁]အဖွင့်မှာ ဒီအကြောင်း ပါတယ်။

ဈာန်သမာပတ် ပျက်စီးသွားသော သာမဏေဝတ္ထု

ကိုယ်ရင်ကလေး တပါး ဆရာကောင်း ဥပနိဿယအမှီကောင်း ရလိုက်တာ၊ အဲဒီကိုယ်ရင်ကလေးရဲ့ ဆရာတော်ဘုရားက ရဟန္တာပုဂ္ဂိုလ်၊ ပရိယတ္တိကိုလဲ ကျမ်းကျင်လိမ်မာ တတ်မြောက်တော်မူတယ်၊ ပဋိပတ္တိဘက်ကလဲဘဲ ကျင့်ကြံကြိုးကုတ် အားထုတ်ထားလိုက်တာ၊ ဒီတော့ ရဟန္တာပုဂ္ဂိုလ်တည်းဟူသော ကလျာဏမိတ္တကို အမှီကောင်းရတဲ့ ကိုရင်သာမဏေကလေး ဖြစ်တော့ ဆရာကောင်းသမားကောင်းတို့ရဲ့ ဥပနိဿယကို အမှီကောင်းရတဲ့အတွက် ကိုရင်ကလေးကလဲ ပညာသင်ကြားတတ်မြောက် ကမ္မဋ္ဌာန်းဘက်ကလဲဘဲ ပေါက်ပေါက်မြောက်မြောက် ဖြစ်အောင် အားထုတ်ထားလိုက်တာ၊ ဒီကိုရင်ကလေးက ဘယ်လိုလဲ–လောကီဈာန်တွေ, အဘိညာဉ်တွေ, သမာပတ်တွေ [၂] ဒီကိုရင်ကလေးက အကုန်လုံးရတယ်၊ လောကီဈာန်တွေရပြီ

၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ နှာ–၂၇၈–၂၈၃။

၂။ အဘိညာဉ်, ဈာန်သမာပတ်ဟူသော စကားရပ်၌–အဘိညာဉ် ဟူသည် ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယဟူ၍ ၆–ပါးရှိ၏၊ ရှေ့အဘိညာဉ် ၅–ပါးသည် လောကီအဘိညာဉ်ဖြစ်သည်၊ သာသနာပအခါမျိုး၌ပင် သမာဓိအားကောင်းစွာဖြင့် သမထအားထုတ်ပါက ရနိုင်သည်။ (အကျယ်ကို သီလက္ခန်ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ–သာမညဖလသုတ်–ရှု။)

ဈာန်ဟူသည် ပဉ္စကနည်းဖြင့် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ပဉ္စမဈာန်အားဖြင့် ငါးမျိုးရှိသည်၊ ၎င်းငါးမျိုးတို့တွင် ပဉ္စမဈာန်ကိုရမှသာ အဘိညာဉ်ကိုရနိုင်သည်။

သမာပတ်ဟူသည် စတုက္ကနည်းဖြင့်–ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နှင့် အရူပဈာန်လေးပါး ပေါင်း (၈) ပါးကို သမာပတ်ရှစ်ပါးဟု ခေါ်ဆိုသည်။ (ရူပနိဒ္ဒေသ အဋ္ဌကထာ နှာ–၃၀)။

ဈာန်ကိုရင်း, သမာပတ်ကိုရင်း ကျမ်းဂန်တို့၌ အကျယ် ဖွင့်ဆိုကြပါသည်။

ဆိုတော့ ဒီကိုရင်လေးမှာ ဘာတွေရှိနေသလဲ—သီလကုသိုလ်တွေရှိတယ်၊ အဋ္ဌသမာပတ္တိလို့ခေါ်တဲ့ သမာပတ္တိဉာဏ်ပညာလေးတွေရှိတယ်၊ အဘိညာဏ် တွေရနေပြီဆိုယင် ဟုတ်လား၊ ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုးတွေ ရနေပြီလို့ ဆိုယင် အဘိညာဉ်နဲ့ ပက်သက်တဲ့ ပညာတွေ ဉာဏ်တွေလဲ ဒီကိုရင်လေးမှာ ရှိတယ်–အားထုတ်ထားလိုက်တာ။

သဒ္ဓါရယ်, ဝီရိယရယ်, သတိရယ် ခေါ်တဲ့တရားသုံးပါးက အထောက်အပံ့ပေးလိုက်တာ သမာဓိနဲ့ ပညာခေါ်တဲ့ တရားနှစ်ပါးသည် သမာဓိက သမာပတ်ရှစ်ပါး ရောက်အောင် အဆုံးတိုင်အောင် ကိုရင်ကလေး ပို့ထားတယ်၊ပညာကလဲ လောကီနယ်မှာတော့ဖြင့် အဘိညာဉ်ထိအောင် ပို့ထားတယ်။

ဆရာနှင့် တပည့်ဘုရားဖူးသွားပုံ

တနေ့တော့ ရဟန္တာဖြစ်တဲ့ ဥပဇ္ဈာယ်ဆရာတော်ကြီးနဲ့ အတူတကွ မဟာစေတီကြီးကို ဘုရားဖူး သွားကြတယ်-ကိုရင်ကလေးနဲ့၊ တိုတိုပြောကြပါစို့၊ ဘုရားဖူးသွားကြတဲ့ အခါကျတော့ ရဟန္တာပုဂ္ဂိုလ် ဆိုတာ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို အလွန်ကြည်ညိုတဲ့ အတွက် ဆိတ်ဆိတ်ငြိမ်ငြိမ် လူသံသူသံကင်းရှင်းတဲ့ အချိန်ကျတော့မှ စေတီတော်ကြီးကို သွားပြီးကြည်ညိုတယ်။

ကိုရင်ကလေးက ဥပဇ္ဈာယ်ဆရာကြီး ဘယ်ရောက် သွားပါလိမ့်မလဲလို့ နောက်ကနေပြီး အသာလိုက်သွားတော့ ဝတ်ပြုနေတာကို တွေ့လို့ နောက်က နေပြီး အသာကိုရင်ကလေးက ရပ်နေတယ်၊ စေတီတော်ကြီးကို လက်အုပ်ချီပြီးတော့ မော့ပြီးတော့ ဖူးနေတုန်း ကိုရင်ကလေးက နောက်ကနေပြီးတော့ ချောင်းသံ ပေးလိုက်တယ်။

ဒီတော့ လှည့်ကြည့်ပြီး ကိုရင်ကလေး ဘယ်တုန်းက ရောက်လာသလဲလို့ ဥပဇ္ဈာယ်ဆရာတော်ကြီးက မေးတယ်၊ အရှင်ဘုရား စေတီတော်ကြီးကို ကြည်ညိုလေးစားနေတဲ့ အချိန်မှာ ဘုရားတပည့်တော် နောက်က ရောက်လာပါသည် ဘုရား၊ အရှင်ဘုရားသည် ဤစေတီတော်ကြီးကို ဝတ်ပြုနေတာ မြင်ရသောအားဖြင့် စေတီတော်ကြီးကို အရှင်ဘုရား သိပ်ကြည်ညိုပုံပေါ်ပါတယ်။

ဒီ စေတီတော်ကြီးကို အရှင်ဘုရား ပန်းများ မပူဇော်ချင် ဘူးလားလို့ ကိုရင်ကလေးက ဥပဇ္ဈာယ် ဆရာတော်ကြီးကို မေးတယ်၊ ဆရာတော်ကြီးက ကိုရင်....မြတ်စွာဘုရားရဲ့ ဓာတ်တော် မြောက်မြားစွာ ဌာပနာထားတဲ့ ဤသို့သောစေတီတော်ကြီးကို ပန်းများရယင် အဘယ်မှာ မပူဇော်ချင်ဘဲ ရှိပါ့မလဲ၊ ပူဇော်ချင်တာပေါ့။

လှူ၍ မကုန်သော ပန်းရေစစ်တလုံး အရှင်ဘုရား....ဒီလိုဆိုယင် ခဏဆိုင်းပါအုံး ဆိုပြီး ကိုရင်ကလေးကတကကထဲ သမာပတ်ဝင်စားပြီးတော့ အဘိညဉ်တန်ခိုးနဲ့ ဟိမဝန္တာသွားပြီးတော့ ဝဏ္ဏဂန္ဓသမ္ပန္န–အဆင်းအနံ့နဲ့ ပြည့်စုံတဲ့ ပန်းတွေ ယူလာတယ်၊ ဘယ်လောက်များသလဲဆိုတော့ ရေစစ်ကလေးနဲ့တလုံး၊ ဘုန်းကြီးတို့ပရိသတ် ရေစစ်ဆိုတာ မြင်ဘူးတယ်မဟုတ်လား၊ အခုရှင်ပြုတဲ့အခါ ရေစစ်ကလေး (မြင်ဘူးပါတယ်ဘုရား) မဟာစေတီကြီးဆိုတာ သီဟိုဠ်ကျွန်းရောက်ဘူးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါလိမ့်မယ်၊ အင်မတန်ကြီးကျယ်တဲ့ စေတီကြီး၊ ဒီကရွှေတိဂုံစေတီလောက်တောင် ကြမယ်မထင်ဘူး၊ သိပ်ကြီးတဲ့ စေတီတော်ကြီးပါ။

ပန်းကလေးက ရေစစ်ကလေးတခွက်ထဲနဲ့ ကိုရင်ကလေးယူလာတာ နည်းလှချည့်လား၊ ကိုရင်ကလေးကလဲ ဘယ်လောက်တန်ခိုးကြီးသလဲဆိုတော့ ဥပဇ္ဈာယ်ဆရာတော်ကြီး တောင်မျက်နှာအရပ်ကနေပြီးတော့ စေတီတော်ကို လကျ်ာရစ်လှည့်ကာ အနောက်ဘက်မျက်နှာ မရောက်သေးဘူး၊ ကိုရင်ကလေးက ချက်ချင်းပြန်ရောက်လာတယ်– ပန်းတွေနဲ့။

ကိုရင်ကလေး ...ပန်းတွေနည်းလှချည့်လား၊အရှင်ဘုရားအလိုရှိသလောက်သာ ပန်းနဲ့ပူဇော်ပါဘုရားလို့ဆိုတော့ ဆရာတော်ကြီးက ရေစစ်ထဲက ပန်းတွေ ထုတ်လိုက်ပြီး ပူဇော်တာ ဘယ်လိုပူဇော်ပူဇော် ရေစစ်ထဲမှာ ပန်းတွေမကုန်ဘူး– ကိုရင်ကလေးတန်ခိုးက၊ အဲဒါ သီလတန်ခိုး, သမာဓိတန်ခိုး, အဘိညာဉ်နဲ့ပတ်သက်တဲ့ ပညာတန်ခိုး ရနေတယ်မဟုတ်လား။

အဲဒီ မဟာစေတီကြီးတခုလုံး ပန်းတွေနဲ့ဖုံးမိသည့်တိုင်အောင် ကိုရင်လေး ရေစစ်ထဲက ပန်းမကုန်သေးဘူး၊ ဘယ်လောက်ကြီးတဲ့ တန်ခိုးလဲလို့၊ ဒီတော့ ရဟန္တာပုဂ္ဂိုလ်ကြီးက ကိုရင်လေး ကိုရင်လေး....ပန်းတွေ မကုန်နိုင်တော့ဘူး၊ ဘယ့်နှယ်လုပ်ရမလဲလို့ မေးတော့ အရှင်ဘုရား.... ပန်းတွေကုန်စေချင်ယင် ရေစစ်ကလေး မှောက်လိုက်ဘုရားလို့ဆိုတော့ ရေစစ်ကလေးလဲ မှောက်လိုက်ရော ပန်းတွေကုန်တယ်။

ရဟန္တာမထေရ်ကြီးက စဉ်းစားတယ်၊ ငါ့ကိုရင်လေး တန်ခိုးတော့သိပ်ကြီးတာဘဲ၊ ဒီတန်ခိုးတော်ဟာ ငါ့ရဲ့ကိုရင်သာမဏေမှာ ကြာကြာခံမလား, မခံဘူးလားလို့ ကြည့်တော့ ပုထုဇဉ်ရတဲ့တန်ခိုးဆိုတာ သိပ်ကြာကြာခံပုံမပေါ်ဘူးတဲ့၊ ဒီတော့ ကိုရင်လေးကို ပြောတယ်၊ ဘယ့်နှယ်ပြောသလဲ–

ဥပဇ္ဈာယ်ဆရာကသတိပေးခြင်း သာမဏေရ တုံ့ ဣဒါနိ မဟိဒ္ဓိကော၊ ဝေရှုပံ ပန ဣဒ္ဓိံ နာသေတွာ ပဋ္ဌိမကာလေ ကာဏ

ပေသကာရိယာ ဟတ္ထေန ၊ ဒွိတံ ကဋိယံ ပိဝိဿသိ။ (ဒီလိုပြောလိုက်တယ်- ရဟန္တာပုဂ္ဂိုလ်ကြီးက)။

သာမဏေရ၊ ငါ့ရှင်သာမဏေ၊ တို့၊ သင်သည်။ ဣဒါနိ၊ ယခုအခါ၌။ မဟိဒ္ဓိကော၊ ကြီးသောတန်ခိုးရှိသည်။ အပေါသိ၊ ဖြစ်၏။ ဝေရူပံနာမ၊ ဤသို့သဘောရှိသော။ ဣဒ္ဓိံ၊ တန်ခိုးကို။ နာသေတွာ၊ ပျက်စီးစေ၍။ ပစ္ဆိမေ ကာလေ၊ နောက်ကာလ၌။ ကာဏပေသကာရိယာ၊ မျက်လုံး ကန်းသော ယက်ကန်းသည်မ၏။ ဟတ္ထေန၊ လက်ဖြင့်။ မဒ္ဒိတံ၊ နယ်အပ်သော။ ကဋိယံ၊ ပအုံးရည်ကို။ ပိဝိဿသိ၊ သင်-သောက်ရလိမ့်လတံ့။

ရဟန္တာပုဂ္ဂိုလ်က ဒီလိုပြောတယ်၊ ကိုရင်လေး....သင်အခုတော့ဖြင့် သိပ်ပြီး တန်ခိုးကြီးတာဘဲ၊ သင့်မှာ သီလဂုဏ်တွေရှိတယ်၊ သမာဓိဂုဏ်တွေ ရှိတယ်၊ တန်ခိုးနဲ့ပြည့်စုံတဲ့ အဘိညာဉ်ဂုဏ်တွေ ရှိတယ်၊ ဣဒ္ဓိဝိဓအဘိညာဉ်ပေါ့၊ ဣဒ္ဓိဝိဓ အဘိညာဉ်ဆိုတာ မဂ်–ဖိုလ် မဟုတ်ဘူး အဘိညာဉ်–သူက။

တန်ခိုးအဘိညာဉ် ဣဒ္ဓိဝိဓ အဘိညာဉ်ဆိုတာဘယ်လိုလဲ- "ဧကောပိ ဟုတွာ ဗဟုဓာဟောတိ"တယောက်ထဲက နေပြီး အများကြီးလုပ်နိုင်တယ်၊ "ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ"အများကြီးကို တယောက်ထဲ ဖြစ်အောင် လုပ်နိုင်တယ်၊ ယောဂီပုဂ္ဂိုလ်များ ဒီလို ကျင့်ကြံကြိုးကုတ် အားထုတ်ယင် ဒီလို ဣဒ္ဓိဝိဓအဘိညာဉ်မျိုးရယင် ဘယ်သူမဆို လုပ်နိုင်တယ်၊ တယောက်ကနေပြီး အများကြီးဖြစ်အောင် လုပ်နိုင်တယ်၊ အများကြီးကနေ တယောက်ထဲဖြစ်အောင် လုပ်နိုင်တယ်။

အာကာသေပိ ပလ္လင်္ကေန ကမတိ သေယျထာပိ ပက္ခီ သကုဏော[၁]။

အတောင်ရှိသောငှက်ကဲ့သို့ ကောင်းကင်ကိုလဲ သူက ပျံနိုင်တယ်-ဣဒ္ဓိဝိဓ အဘိညာဉ်။

ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောတိ သေယျထာပိ ဥဒကေ[၁]။

ဥဒကေ၊ ရေ၌။ ဥမ္မုဇ္ဇနိမုဇ္ဇံ၊ ငုပ်ခြင်း, ပေါ်ခြင်းကို။ ကရောတိသေယျ ထာပိ၊ ပြုသကဲ့သို့။ ဧဝ မေဝ၊ ဤအတူသာလျှင်။ ပထဝိယာပိ၊ မြေကြီး ၌လည်း။ ဥမ္မုဇ္ဇနိမုဇ္ဇံ၊ ငုပ်ခြင်း, ပေါ်ခြင်းကို။ ကရောတိ၊ ပြုနိုင်၏။

ရေထဲမှာ ငုပ်လိုက်ပေါ်လိုက်လုပ်သလို ဟောဒီ မြေကြီးပေါ်မှာလဲ သူက ငုပ်လိုက် ပေါ်လိုက် လုပ်နိုင်တယ်--ဣဒ္ဓိဝိဓအဘိညာဉ်က။

ဥဒကေပိ အဘိဇ္ဇမာနေ ဂစ္ဆတိ သေယျထာပိ ပထဝိယံ။

ပထဝိယံ၊ မြေ၌။ ဂစ္ဆတိသေယျထာပိ၊ သွားသကဲ့သို့။ အဘိဇ္ဇမာနေ၊ မကွဲမပြိုသော။ ဥဒကေပိ၊ ရေ၌လည်း။ ဂစ္ဆတိ၊ သွားနိုင်၏။

၁။ သီလက္ခန်ပါဠိတော် နှာ-၇၃။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၃၇၅။

မြေပြင်ပေါ် စင်္ကြံသွားသလို ရေထဲမှာလဲ စင်္ကြံသွားနိုင်တယ်တဲ့–ဣဒ္ဓိဝိဓ အဘိညာဉ်၊ အဲဒါလောက်ကြီးတဲ့ တန်ခိုးအဘိညာဉ်ကို ကိုရင်ကလေးက ရနေတော့ ဒီလိုတန်ခိုးအဘိညာဉ်မျိုးတွေကို ကိုရင်လေး တချိန်ချိန်မှာ ဖျက်ဆီးပြီးတော့ နောက်အခါကာလမှာ မျက်လုံးကန်းတဲ့ယက်ကန်းသည်ပရဲ့လက်နဲ့မွှတဲ့ ပအုံးရည် [၁] ကို မင်းသောက်ရလိမ့်အုံးမယ် ကိုရင်လေး–သတိထား။

အပ္ပမတ္တာ ဝိဟရထ၊ မမေ့မလျော့ ကြိုးစားပြီးတော့ တရားအားထုတ်နေပါ၊ ဝီရိယစိုက်ပါလို့ ရဟန္တာ မထေရ်ကြီးက ဆုံးမတယ်၊ နားထောင်ဘို့ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား) ဆရာသမားစကားနားမထောင်တဲ့လူ ဒုက္ခရောက်ပုံ ပြောအုံးမယ်ကွ–အောင်ကြည်ရ–ကြားလား။

ဆရာသမားစကားနားမထောင်တဲ့ ပုဂ္ဂိုလ် ဒုက္ခရောက်ပုံ ပြောမလို့၊ ဒီလို ဆရာတော်က ဆုံးမစကား ပြောကြားတယ်ဆိုတဲ့အခါမှာ ကိုရင်ကလေးက ဘယ်လိုလုပ်ဖို့ကောင်းလဲ–

သတိပေးမှုဂရုမထားမကြိုးစား ကမ္မဋ္ဌာနံ မေ ဘန္တေ အာစိက္ခထာတိ နယာစိ။ (အဋ္ဌကထာကပြောတာ)

ဘန္တေ၊ အိုကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော်ဘုရား။ မေ၊ ဘုရားတပည့်တော်အား။ကမ္မဋ္ဌာနံ၊ဒီထက်တိုးပြီးတော့ အားထုတ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို။ အာစိက္ခထ၊ ညွှန်ပြတော်မူပါဘုရား။ ဣတိ၊ ဤသို့။ နယာစိ၊ ကမ္မဋ္ဌာန်းတောင်းဖော်မရ။

မပြောဘူး—ကိုရင်လေးက၊ ဒါဆရာ့စကား နားထောင်တာလား, မထောင်တာလား၊ (မထောင်တာပါဘုရား) မထောင်တဲ့အပြင် သူကဘယ့်နှယ်စိတ်ကူးလိုက်သေးသလဲဆိုတော့—

အမှာကံ ဥပဇ္ဈာယော ကိံ ဝဒတိ။

၁။ ပါဠိအခေါ် ကဉ္ဇိယ၊ မြန်မာတို့ ရှေးအခေါ် ပအုံးရည်၊ ယခုအခေါ် ပုန်းရည်၊ (အဘိဓာနတ္ထဝိသောဓနီ–၄၄၀။ ဝဏ္ဏဗောဓန)။

ပါဠိဘာသာအားဖြင့် သောဝီရတိုင်း၌ ဖြစ်သော ပအုံးရည်ကို–ကဉ္ဇိယ၊ ဖွဲရေဖြင့်ပြီးသော ပအုံးရည်ကို–အာရနာဠ၊ စပါးဖြင့် ပြုလုပ်သော ပအုံးရည်ကို–ဗိလင်္ဂဟု ခေါ်ဆိုသည်။ (ပါဠိအဘိဓာန်ဂါထာ–၄၆၀)။

ပအုံးရည်ဟူသည် ယက်ကန်းချည်ကို လိမ်းကျံသော ကော်ရည်နှင့်တူသော ပျစ်ချွဲသော ကစီရည်။ (ဝိနယာလင်္ကာရဋီကာ (ပ) ၃၉)။

ဘုရားလက်ထက်က ယာဂုကိုပင် ပအုံးရည်ဟု ခေါ်ဆိုသေးသည်။ (ဝိမာန၊ ဋ္ဌ၊ ၁၆၉)။ ယခုအခါ ဆန်ပုန်းရည်,ဝဲပုန်းရည်,ပုန်းရည်ကြီးဟု ခေါ်ဆိုကြသည်။

အမှာက်၊ ငါတို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကိံဝဒတိ၊ ဘာတွေရှောက်ပြောနေပါလိမ့်မလဲ။

အင်မတန်ဆူတယ်ပေါ့-[အဓိပ္ပာယ်က၊] ဘာတွေပြောနေ ပါလိမ့်မလဲလို့ ဒီလိုဘဲ ကိုရင်လေးက သူ့စိတ်ထဲထင်တယ်၊ အမှတ်တမဲ့ပဲနေတယ်၊ ကြိုးစား ပြီး အားမထုတ်ဘူးဟုတ်လား၊ အဲဒီအားမထုတ်ဘဲနဲ့ ဝီရိယလျော့ပြီးတော့ မေ့မေ့လျော့လျော့နဲ့ ကိုရင်လေးပြောပေတဲ့ အဲဒီကိုရင်လေးကလဲ ပြောစကား နားမထောင်ဘူး၊ တရားအားထုတ်ပါဆိုတာ မထုတ်ဘဲနေတာဟာ ပြောစကား နားထောင်တာလား, နားမထောင်တာလား၊ (မထောင်တာပါ ဘုရား) မထောင်ဟာ-နော်၊ အဲဒီလိုနားမထောင်ဘဲနဲ့ အင်း—

ဆရာတပည့်ဆွမ်းခံကြွပုံ အရှင်ဘုရား.... ဒီကနေ့ ဘယ်ရွာ ဆွမ်းခံကြွမလဲ- ကိုရင်ကလေးက၊ ဘယ်ရွာကိုငါကြွမယ်၊ [အဲဒါဆရာ တော်ဘုရား အရှင်သာကြွနှင့်၊ မြေပြင်ကကြွ၊ သူကမသွားသေးဘူး- ဆွမ်းခံ၊ အဲဒီ ဆရာတော်ဘုရားကြွလို့ ရွာတံခါးဝနား ရောက်ခါနီးပြီဆိုယင် [သပိတ် သက်န်းတွေယူပြီးတော့ အဲဒီတော့မှ သူက ကောင်းကင်ကနေပြီး ဈာန်နဲ့ လိုက်လာခဲ့တယ်၊ အဘိညာဉ်နဲ့လိုက်လာခဲ့တယ်၊ အဲဒီရွာနားကျ သူကလာ တယ် ဆင်းရော၊ ရဟန္တာပုဂ္ဂိုလ်က ပြောပြန်ပြီတကြိမ်၊ ဒီတကြိမ်တော့ ကိုရင်လေးကို သေသေချာချာ ဖွင့်ပြောတယ်။

သာမဏေရ မာ ဧဝံ မကာသိ။

သာမဏေရ၊ ငါ့ရှင်သာမဏေ။ ဧဝံ၊ ဤသို့။ မာ အကာသိ၊ မပြုလင့်။

ထပ်ဆင့်၍သတိပေးတားမြစ်ခြင်း ကိုရင်ကလေး....မင်းဒီလိုမလုပ်နဲ့၊ တရားကြိုး စားအားထုတ်၊ ရတဲ့ဈာန်ကလေးနဲ့ကောင်း ကင်ကနေ မင်းပျံပျံမနေနဲ့၊ တရားကြိုးစားပြီးတော့ အားထုတ်အုံး၊ ဘာပြုလို့ လဲဆိုတော့ "ပုထုဇ္ဇနိဒ္ဓိနာမ စလာ အနိဗဒ္ဓါ"။

ပုထုဇ္ဇနိဒ္ဓိနာမ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ တန်ခိုး မည်သည်ကား။ စလာ၊ တုန် လှုပ်တတ်၏၊ အနိဗဒ္ဓါ၊ မြဲတဲ့တန်ခိုးမျိုး မဟုတ်ဘူး။

ကိုရင်လေးကြိုးစားတရားအားထုတ်၊ ဝီရိယ ကြိုးစားစိုက်လိုက်၊ ဒီအချိန်မှာ မျှား ကိုရင်လေးက ဈာန်တွေကိုပါဒကလုပ်ပြီးတော့ ဝီရိယစိုက်လိုက်ယင် ဒီ ကိုရင်လေးဟာ ရဟန္တာ ပုဂ္ဂိုလ်မဖြစ်နိုင် ဘူးလား၊ (ဖြစ်နိုင်ပါတယ် ဘုရား) ဒီအရည်ကိုမြင်လို့ ရဟန္တာ ပုဂ္ဂိုလ်ကြီးက ဥပဇ္ဈာယ် ဆရာကြီးက ဆုံးမတယ်၊ နားထောင်သလား၊ (မထောင်ပါဘူးဘုရား) ပုထုဇဉ်တန်ခိုးဆိုတာ မြဲတဲ့တန်ခိုး မျိုးမဟုတ်ဘူး၊ ဘာကြောင့် မမြဲသလဲဆိုတော့—

အသပ္ပါယံ ရူပါဒိအာရမ္မဏံ လဘိတွာ အပ္ပမတ္တကေ နေဝ ဘိဇ္ဇတိ။

ကိုရင်လေး နားထောင်–အသပ္ပါယံ၊ မလျော် မလျောက်ပတ်သော။ ဝါ– ဈာန်တရားနဲ့ မတဲ့သော။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံ အစရှိသော အာရုံကို။ လဘိတွာ၊ ရသည်ရှိသော်။ အပ္ပမတ္တကေနေဝ၊ မဖြစ်စလောက် အနည်းငယ်မျှသော အာရုံကလေးဖြင့်သာလျှင်။ ဘိဇ္ဇတိ၊ ပျက်စီးတတ်၏။

ကိုရင်....ကိုရင်ရနေတဲ့ သီလတို့ သမာဓိတို့ ပညာတို့ဆိုတဲ့ ဒီဂုဏ်တွေဟာ မခိုင်မြဲသေးဘူး၊ မသင့်မလျော်မလျောက်ပတ်တဲ့ အနည်းငယ်မျှသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့တွေနှင့် လာထိလိုက်ယင် ကိုရင်လေးဈာန်တွေပျက်စီး ကုန်လိမ့်မယ်၊ ကြိုးစားပြီးအားထုတ်ပါလို့ တိုက်တွန်းတယ်၊ နားမထောင်ဘူး ဘယ်လိုမှပြောလို့မရဘူး။

ဟိုတုန်းက အားထုတ်ထားတဲ့တရားကတော့ဖြင့် ဘယ်လောက်ရောက်နေသလဲ ဆိုတော့ အခုလူတွေနဲ့ အများကြီးသာတယ်–နော်၊ မသာဘူးလား၊ (သာပါ တယ်ဘုရား) အများကြီးသာတယ်၊ သီလလဲသာတယ်၊ သမာဓိလဲ သာတယ်၊ အဘိညာဉ်လဲသာတယ်၊ ဝိပဿနာသာ အားထုတ်လိုက်မယ်ဆိုယင် ခဏလေးနဲ့ ရဟန္တာပုဂ္ဂိုလ် ဖြစ်နိုင်တယ်၊ ဒါတွေမြင်လို့ တိုက်တွန်းပေမဲ့ ကိုရင်ကလေးက ဆက်ပြီးအားမထုတ်ချင်ဘူး။

အမျိုးသမီး၏သီချင်းသံ ဒီတော့ အဲဒီလိုနဲ့ ဆွမ်းခံကပြန်လာရော၊ ပြန်လာ တော့လဲ ဥပဇ္ဈာယ်ဆရာတော်ကြီးကတော့ ဒီအတိုင်း ဘဲ ပြန်လာတယ်၊ သူကတော့မဟုတ်ဘူး၊ ကောင်းကင်ကဈာန်နဲ့ ပျံပြန်ပြီ ဟုတ်လား၊ အဲဒီလိုပြန်သွားတော့ ရွာထဲက အမျိုးသမီးကလေးတွေ ကြာပန်း ခူးရင်း ရေအိုင်ထဲက နေပြီးတော့ အမျိုးသမီးကလေးတယောက် ဆိုလိုက်တဲ့ သီချင်းက ကောင်းလိုက်တဲ့အသံဆိုတာ မပြောနဲ့တော့–

သောတံ သဒ္ဒေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သောစ၊ သံဝါသံ တေန ဝါရယေ။

ဒီစကားရှိတယ်–နော်၊အမျိုးသမီးရဲ့ အသံကောင်း အသံချိုနဲ့အမျိုးကောင်း သားတွေရဲ့ နားနဲ့တဲ့သလား၊ မတဲ့ဘူးလား၊ (မတဲ့ပါဘူးဘုရား) ဟိုကိုရင် သာမဏေကလေးရဲ့နားထဲ ဘယ်လိုဖြစ်သွားမလဲ ဟုတ်လား။

သောတံ၊ ကောင်းကင်က ဈာန် အဘိညာဉ်နဲ့ပျံနေတဲ့ ကိုရင်သာမဏေ ကလေးရဲ့နားသည်။ သဒ္ဒေန၊ အမျိုးသမီးကလေးဆိုလိုက်တဲ့ သီချင်းသံနှင့်။ သံဝါသာ၊ ပေါင်းသင်းဆက်ဆံ ပေါင်းဆုံမိခြင်းကြောင့်။ ရာဂပုတ္တံ၊ ရာဂတည်း

ဟူသောသားကို။ ဝိဇာယတိ၊ ဖွားမြင်လေတော့၏။ သောစ၊ ထိုသဒ္ဒါနှင့် သောတ ပေါင်းဆုံခြင်းသည်လည်း။ မဟာနုတ္တကရော၊ များစွာအကျိုးမဲ့ကို ပြုတတ်၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ အာရုံပသာဒပေါင်းဆုံခြင်းကို။ နိဝါရယေ၊ တားမြစ်ရာ၏။

ကိုရင်လေးနားထဲ ဝင်သွားတယ်၊ အဲဒီကိုရင်ကလေး နားထဲကနေပြီး သောတ ပသာဒရုပ်ကနေ ထွင်းဖောက်ပြီးတော့ အမျိုးကောင်းသမီးလေး အသံက ကိုရင်ကလေးရဲ့ နှလုံးသား နှလုံးအိမ် ဟဒယဝတ္ထုမှာ ကိန်းနေတဲ့ သီလဂုဏ်တွေ၊ သမာဓိဂုဏ်တွေ၊ ပညာဂုဏ်တွေကို အကုန်ချိုးဖဲ့ ဖျက်ဆီးပစ်တယ်– ဒီအသံက ဟုတ်လား၊ ဘယ်လိုလဲ ကိုရင်ကလေးက ဘယ့်နှယ် ဖြစ်သလဲ– အမယ်လေး ကောင်းလိုက်တဲ့ အသံကလေး၊ ဟိုကစျာန်နဲ့ သွားနေတယ်၊ ကောင်းလိုက်တဲ့ အသံကလေး ဆိုကတဲက တပ်နေပြီ၊ ကာမစ္ဆန္ဒဝင်သွားပြီ မဟုတ်လား–သူ၊ ဈာန်ဆိုဟာ ကာမဂုဏ်နဲ့ကဲ့သလား၊ (မတဲ့ပါဘူးဘုရား)။

အဲဒီလို ကာမစ္ဆန္ဒဝင်လာတော့ ကိုရင်ကလေးက ကောင်းကင်ကနေပြီးတော့ အသံကလေးတော့ကြားရပြီ၊ ရုပ်ကလေးက ဘယ်လောက်လှသလဲ–ကြည့်ချင်လိုက်တာ၊ ဟော–ဖြစ်နေတာ၊ စက္ခုက မြင်ရဲ့လား–စက္ခုက မမြင်သေးဘူး၊ တွေ့ချင်တယ်၊ မြင်ချင်တယ် ဖြစ်နေတာနဲ့ ကိုရင်ကလေးမှာရှိတဲ့ သီလဂုဏ်တွေ၊ သမာဓိဂုဏ်တွေ၊ ပညာဂုဏ်တွေ၊ အဘိညာဉ်တွေ၊ ဈာန်တွေ ဘယ်ရောက်ကုန်လဲ–ဒီအသံဝင်ပြီးတော့ မွှေလိုက်နှောက်လိုက်တာ။

အမျိုးသမီးရဲ့အသံဆိုတာ အဲဒါလောက်ဆိုးဝါးတယ်– ဘုန်းကြီးတို့အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ၊ ဒါကြောင့် ဝေးဝေးကရှောင်ပါ, တားဖြစ်အောင်တားပါ၊ ဒါတွေဟောနေရတာမဟုတ်သားလို့-ရှောင်ရဲ့လား၊ (မရှောင်ပါဘူးဘုရား) ဟင်–အဲမရှောင်ဘဲနဲ့ ငါ့ကိုနှင်းကန်ပြီး တဒုး ဟောခိုင်းနေတာကိုး–အင်း။

တပ်မက်မှုကြောင့်ဈာန်လျောကျခြင်း အဲဒီ အမျိုးသမီးကလေးရဲ့ အသံဟာ ကိုရင်ကလေးမှာရှိတဲ့ ဈာန်တန်ခိုးတွေကို မှုန့်မှုန့်ညက်ညက် ကြေအောင်တိုက်ဖျက်ပြီးတော့ နှင်းဖျစ်ချေမှုပြီးတော့ အကုန်ဖျက်ဆီးပစ်တယ်၊ ရှိသေးလား–ဈာန်တွေ၊ (မရှိတော့ပါဘူး ဘုရား) အဲဒီဈာန်တွေလဲ မရှိရော, ဒီသီလလဲမရှိ– သမာဓိလဲမရှိ– ပညာတွေလဲမရှိရော ကိုရင်လေး ကောင်းကင်သွားနိုင်သေးရဲ့လား၊ (မသွားနိုင်ပါဘူးဘုရား)

အဲ-စာက ဘယ့်နှယ်ပြောထားလဲလို့ဆိုတော့ အတောင်ပံတွေပျက်စီးကုန်တဲ့ ကျေးငှက်ကဲ့သို့ မြေပြင်သက်ဆင်း၍ ကျရောက်လာလေတော့၏၊ မသွား

နိုင်တော့ဘူး ဟုတ်လား၊ ပညာပျက်ပြီ၊ သမာဓိပျက်ပြီ၊ ဘာကျန်နေသေးသလဲ- သီလလေးတော့ ကျန်နေသေးတယ်၊ မကျန်ဘူးလား၊ (ကျန်ပါတယ်ဘုရား) ဒါပေမဲ့ ဒီသီလကလဲ စင်စင်ကြယ်ကြယ် ကျန်တဲ့သီလလား, ညစ်နွမ်းရိနွမ်းပြီး ကြေမွပြီးတော့ ကျန်ရစ်ခဲ့တဲ့သီလ။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးသမီးရဲ့အသံနဲ့ ဝေးဝေးက လွတ်အောင်ရှောင်၊ အမျိုးသမီးတွေကလဲ အမျိုးသားအသံနဲ့ လွတ်လွတ်သာရှောင်၊ အမျိုးသမီးတို့ရဲ့ဂုဏ်ကို ဖျက်ဆီးပစ်နေတာ ဘယ်သူတွေလဲ (အမျိုးသားတွေပါဘုရား) အမျိုးသားတွေရဲ့ဂုဏ်တွေကို ဖျက်ဆီးပစ်နေတာကော (အမျိုးသမီးတွေပါဘုရား) ဟုတ်လား၊ အဲဒါကို အညမညသဘောနဲ့ ယူလေ၊ ယူကြ။

အဲဒီလိုပြိုကွဲပျက်စီးပြီး ကျလာတဲ့အခါကျတော့ ကိုရင်ကလေးဆရာဥပဇ္ဈာယ်ထံ သပိတ်နဲ့ သင်္ကန်းတွေ ပြေးအပ်တယ်၊ သပိတ်နဲ့ သင်္ကန်းတွေကို ဆရာဥပဇ္ဈာယ်ထံ ပြေးအပ်တော့ ဆရာတော်ကြီးက အစက တဖွဖွ ငါမင်းကို မဆုံးမဘူးလား၊ အခုဘယ့်နှယ်ဖြစ်လာသလဲလို့ တလုံးမှ မာန်ဖော်မရတော့ဘူး၊ ဒီတော့ အဲဒီလိုမမာန်ဘဲနဲ့ ကိုရင်လေးသဘောအတိုင်းဘဲ ပြန်လာခဲ့တယ်။

သပိတ်, သင်္ကန်းတွေကို ဆရာဥပဇ္ဈာယ်ထံ အပ်နှံပြီးတော့ ဘယ်ပြန်လာသလဲ– အခုနကတုန်းက ကြာဖူးချိုးနေတဲ့ အမျိုးသမီးတွေဆီ ပြန်လာခဲ့တယ်၊ ကမ်းပါးထိပ်ပေါ်ကနေပြီးတော့ ကိုရင်ကလေးက မတ်တတ်ရပ်နေတယ်၊အခုနကတုန်းက ဈာန်နဲ့သွားတာကိုသိပြီးသား မဟုတ်လား– အမျိုးသမီးကလေးက၊ ဒီတော့ အမျိုးသမီးလေးက ဘယ့်နှယ်ပြောလဲ–

အမျိုးသမီး၏ကရုဏာ "အယံ မမ ကာရဏာ ဧဝရူပါယ ဣဒ္ဓိယာ ပရိဟီနော"။ အယံ၊ ဤကိုရင်သာမဏေကလေးသည်။ မမကာရဏာ၊ ငါဟူသောအကြောင်းကြောင့် ငါ၏အသံဟူသော အကြောင်းကြောင့်။ ဧဝရူပါယ၊ ဤသို့သဘောရှိသော။ ဣဒ္ဓိယာ၊ တန်ခိုးတွေမှ။ ပရိဟီနော၊ ခမျာဆုတ်ယုတ်ပျက်စီးရရှာလေ၏။

ဩော်–ကိုရင်ကလေး သနားပါတယ်တဲ့–အမျိုးသမီးကလေးက၊ အမျိုးသမီးကလေးက သူ့ခမျာမှာ ငါ့အသံကလေးကြားရလို့ ငါ့အတွက်ကြောင့် သူ့မှာရှိတဲ့ သီလဂုဏ်တွေ, သမာဓိဂုဏ်တွေ, ပညာဂုဏ်တွေ အကုန်လုံး ပျက်စီးရှာပြီ။

"န ဒါနိ ယုတ္တံ ပရိစ္စဇိတုံ"။ ဒါနိ၊ ယခုအခါ၌။ ပရိစ္စဇိတုံ၊ ဒီကိုရင် လူယုတ်ကလေးကို စွန့်၍နေခြင်းငှာ။ နယုတ္တံ၊ ငါ့အတွက်မသင့်ဘူး။

ဘယ်သူကလဲ–အမျိုးသမီးလေးက၊ ခြေဘ်–ငါ့အတွက် သီလ, သမာဓိ, ပညာတွေ ပျက်စီးရတဲ့ကိုရင်ကလေး၊ ငါ့စွန့်ပစ်လို့ မတော်ဘူးဆိုပြီး အိမ်ပြန် ပြီးတော့ လုံချည်ပြန်ယူတယ်–ကိုရင်ကလေးဝတ်ဖို့ ဟုတ်လား၊ အဲ–မိဘတွေကလဲ သမီး ဒီလိုဖြစ်လာတယ်ဆိုတော့ လုံချည်ပိုက်လို့မိဘတွေလိုက်လာကြတယ်၊ လိုက်လာကြပြီးတော့ ဒီကျတော့ အမျိုးသမီးလေးက ကိုရင်လေးကိုတရား ဟောတယ်။

အရှင်ဘုရား သာသနာ့ဘောင်ပြန်ပြီးတော့ ဝင်ပါ၊ လူ့ဘောင် လောက ဃရာဝါသအမှုနဲ့ နေတယ်ဆိုတာ အင်မတန်မှ ပင်ပန်းလှပါတယ်၊ အင်မတန် ဆင်းရဲလှပါတယ်၊ အင်မတန်ကျဉ်းမြောင်း ကျပ်တည်းလှပါတယ်၊ အင်မတန် ဒုက္ခတွေ များလှပါတယ်၊ ဒီတော့ ရဟန်းဘောင်မှာ နေတယ်ဆိုတာ လွတ်လွတ်လပ်လပ်နဲ့ တရားကြိုးစား အားထုတ်ယင် နိဗ္ဗာန်ရောက်နိုင်ပါတယ်။

လူ့ဘောင်လောကဆိုတာ ကုသိုလ်ပြုချင်လို့ ရဟန်းဘဝလို သိပ်ရတာ မဟုတ်ဘူး–ကိုရင်လေး၊ ဒီတော့ ပြန်ပြီးတော့ သင်္ကန်းဝတ်ပါလို့ အမျိုးသမီး လေးက တောင်းပန်ရှာတယ်၊ ကိုရင်လေးက လက်ခံသေးလား၊ (မခံပါဘူး ဘုရား) ဘုန်းကြီးစာချသလို ဖြစ်မနေဘူးလား၊ (မှန်ပါ) အဲဒီတော့ မိဘတွေကလဲ ဘယ့်နှယ် ပြောသလဲဆိုတော့–

သာမဏေကိုတရားချမရ တုံ့အမ္ဘေ့ ဥစ္စာကုလာတိ သလ္လက္ခေသိ၊ မယံ ပေသ
ကာရာ။

သာမဏေရ၊ သာမဏေ။ တွံ၊ သင်သည်။ အမ္ဘေ၊ ငါတို့ကို။ ဥစ္စာကုလာတိ၊ လူချမ်းသာကြီးတွေဟူ၍။ သလ္လက္ခေသိ၊ မှတ်ထင်၍နေဘိ၏။ မယံ၊ ငါတို့သည်။ ပေသကာရာ၊ ယက်ကန်းရက်စားရတဲ့ ပုဂ္ဂိုလ်တို့မည်ကုန်၏။

ကိုရင်ကလေး ကိုရင်ကလေးက တပည့်တော်တို့များ လူချမ်းသာကြီးတွေ အောက်မေ့နေသလား၊ တပည့်တော်တို့က လုပ်မှကိုင်မှ မနဲလမင်း တဝမ်းဝအောင် စားရတာ ယက်ကန်းရက်စားရတယ်။

သက္ခိဿသိ ပေသကာရကမ္မံ ကာတုံ၊

ပေသကာရကမ္မံ၊ ယက်ကန်းရက်ခြင်းအမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ခိဿသိ၊ ကိုရင်ကလေးစွမ်းဆောင်နိုင်ပါ့မလား။

ကိုရင်လေး....ယက်ကန်းရက်တဲ့လုပ်ငန်း လုပ်နိုင်ပါ့မလား၊ သူ့သမီးနဲ့ဃရာဝါသ ပြုနေကြမယ်ဆိုယင် ကိုရင်လေး ယက်ကန်း ရက်နိုင်ပါ့မလားလို့ မေးတယ်၊မေးတော့ ကိုရင်လေးက ဘယ့်နှယ်ပြောသလဲ–

ဥပါသက ဂိဟိဘူတောနာမ ပေသကာရကမ္မံ ဝါ ကရေယျ နဠကာရကမ္မံ ပါ၊ ကိံ ဣမိနာ။

ဥပါသက၊ ဒါယကာကြီး။ဂိဟိဘူတောနာမ၊ လူဖြစ်၍ ဖြစ်သောသူတို့မည်သည်ကား။ ပေသကာရကမ္မံဝါ၊ ရက်ကန်းသည်အမှုကိုလည်း။ ကရေယျ၊ ပြုရာ၏။ နဠကာရကမ္မံဝါ၊ ကျူထရံ ရက်ခြင်းအမှုကိုလည်း။ ကရေယျ၊ ပြုရာ၏။ ဣမိနာ၊ ဤသို့ ဝမ်းရေးခါးရေးလုပ်ကိုင်စားသောက်ရတဲ့ အကြောင်းဖြင့်။ ကိံ၊ အဘယ်ဆိုဘွယ်ရှိမလဲ။

သူက ဒီလိုပြောတယ်၊ တကာကြီး....လူဆိုတာယက်ကန်းရက်ရရက်ရ, ဝါးဘဲရက်ရရက်ရ, ကျူထရံဘဲရက်ရရက်ရ, ဘာဘဲလုပ်ရလုပ်ရ ဟုတ်လား၊ ဘာဘဲလုပ်ရလုပ်ရ တကာကြီးရယ်–လူဆိုတာ အလုပ် အကိုင်ကတော့ လုပ်ရတော့မှာပေါ့။

ကိုရင်လူထွက် "မာ သာဋကမတ္တေ လောဘံ ကရောထ"။ တုမ္ဟေ၊ သင်ဥပါသကာ တကာကြီးတို့သည်။ သာဋကမတ္တေ၊ လုံချည်ကလေးတထည်မျှလောက်၌။ လောဘံ၊ နှမြောစုံမက်တပ်နှစ်သက်ခြင်းကို။ မာကရောထ၊ မပြုလုပ်ကြပါနဲ့။ အဝတ်သာပေးပါ၊ အဲဒီလိုဖြစ်ရော၊ ကိုရင်ကလေးကို ဘယ့်နှယ်တရားဟောလို့မှ မရတော့ဘူး မဟုတ်လား၊ ဒီတော့ ဘာလုပ်ရသလဲ–ရင်ခွင်မှာပိုက်လာတဲ့အဝတ်ကလေးပေးပြီး ကဲ–ဝတ်ပေတော့ နောက်ပြီးတော့ လူထွက်လာခဲ့ပြီ၊ ပါသွားပြီ မဟုတ်လား။

အဲဒါ မိဘများကဘဲလဲ အမျိုးသမီးကလေးနဲ့ စုလျားရစ်ပတ် လက်ထပ်ပြီးတော့ ပေးတယ်၊ ပြီးတော့ ယက်ကန်းရက်တဲ့ အတတ်တွေကိုရင်ကလေးကို သင်ကြားပေးတော့ ကိုရင်လူထွက်ကလေး ယက်ကန်းရက်တတ်တဲ့ ပုဂ္ဂိုလ်ကလေးဖြစ်သွားရော၊ ဟိုတုန်းကတော့ သီလဂုဏ်နဲ့, သမာဓိဂုဏ်နဲ့ ရှိသေးလား—အခု၊ (မရှိတော့ပါဘူးဘုရား)

ဟိုတုန်းကတော့ ပညာဂုဏ်နဲ့ အခုဘာဂုဏ်ရှိသလဲ–ဟင်၊ ယက်ကန်းရက်တတ်တယ်– ဒါလေးဘဲ ဂုဏ်ယူသေးတယ်။ အဲဒီလို ယက်ကန်းရက်ပြီးတော့နေတော့ ဒီပြင်လူတွေရဲ့ဇနီးတွေက ထမင်းချိုင့်ကလေးတွေ အသီးသီးနဲ့ ရောက်ရောက်လာတယ်၊ ကိုရင်လေးရဲ့ ဇနီးသယ်က အခုထက်ထိ ထမင်းချိုင့်မရောက်သေး၊ ဒီတော့ စိတ်ဆိုးနေပြီမဟုတ်လား၊ သူများတွေရောက်လျက်သားနဲ့ သူ့ အခုအထိမရောက်သေးဘူး ဟုတ်လား။

ထမင်းချိုင့်ရောက်မလာသေးတဲ့ ကိုရင်ကလေးက ဒိပြင်လူတွေစားသောက်နေတာ မြင်ရပြီး၊ သူ့မှာ မစားမသောက်ရသေးတော့ ထမင်း ဆာတာက တမျိုး၊ စိတ်ထဲမကျေနပ်တာက တမျိုးပေါ့လေ၊ ဒီလိုနဲ့ သူများတွေ စား သောက်ပြီးလို့ ရက်ဖောက်တွေဘာတွေ ရောက်ပြီးတဲ့ အချိန်ကျတော့မှ အဲဒီ ကိုရင်လေးရဲ့ဇနီး အမျိုးသမီးလေးက ထမင်းချိုင့်ကလေးနဲ့ ပေါက်လာ တယ်၊ ဖြေးတော့ ခပ်ဖြေးဖြေးမဟုတ်လား၊ ဒီတော့ ဘယ့်နှယ်ပြောမလဲ–

"အတိစိရေန အာဂတာသိတိ တဇ္ဇေသိ"။ အတိစိရေန၊ အလွန်ကြာမြင့်မှ သာလျှင်။ အာဂတာသိ၊ လာခဲ့၏။ ဣတိ၊ ဤသို့။ တဇ္ဇေသိ၊ ခြိမ်းချောက် မောင်းမဲလိုက်လေတော့၏။

မယားကိုချစ်လွန်းလျှင် ကျွန်လိုမှတ်ထင် အမျိုးသမီးကို မာန်လိုက်တယ်၊ ဘယ့်နှယ် နင်နောက်ကျလှ ချည့်လား ဟုတ်လား၊ ဒါလောက်ပဲ သူက ပြောတယ်၊ အမျိုးသမီးတို့မည်သည်မှာ သမ္မောအဋ္ဌကထာဆရာကြီးက ဘာပြောထားလဲ–နဂိုတုန်းကတော့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ နေတဲ့ပုဂ္ဂိုလ်မဟုတ်လား၊ (မှန်ပါ) ဒီလိုပုဂ္ဂိုလ်မျိုးမပြောနဲ့– အမျိုးသမီး ဆိုတာ–

မာတုဂါမော စ နာမ အပိ စက္ကဝတ္တိရာဇာနံ အတ္တနိ ပဋိဗဒ္ဓ စိတ္တံ ဉတွာ ဒါသံ ဝိယ သလ္လက္ခေတိ။

မာတုဂါမောစ နာမ၊ မာတုဂါမမည်သည်ကား။ စက္ကဝတ္တိ ရာဇာနံ အပိ၊ စကြာမင်းကြီးကိုသော်လည်း။ အတ္တနိ၊ မိမိ၌။ ပဋိဗဒ္ဓစိတ္တံ၊ တပ်နှစ်သက်သောစိတ် ကို။ ဉတွာ၊ သိသည်ရှိသော်။ ဒါသံဝိယ၊ ကျွန်ကဲ့သို့။ သလ္လက္ခေတိ၊မှတ်၏-တဲ့။

အမျိုးသမီးတွေက အောင်ကြည်–မင်းတို့ကို သူတို့ကျွန်လို့ အောက်မေ့ နေတာတဲ့၊ စကြာမင်းကြီးကိုတောင် သူ့ကျွန်လို့အောက်မေ့တယ်၊ အမျိုးသမီး ရဲ့ သဘော ဟုတ်လား–ဟင်၊ ဒါ စာထဲက ပြောတာ–စာထဲက၊ သမ္မော အဋ္ဌကထာမှာ သမ္မပ္ပဓာနဝိဘင်းအဖွင့်မှာ–

ဒီတော့ စကြာမင်းကိုတောင်မှ သူ့ကိုတပ်နှစ်သက်မှန်းသိယင် သူ့ကျွန် လောက် အောက်မေ့တယ်ဆိုတော့ ဒီကိုရင်လူထွက်ကလေးကျတော့ ဘယ့်နှယ် နေမလဲ၊ ကိုရင်လူထွက်က နောက်ကျလှချည့်လားလို့ ဆီးပြီးမာန်လိုက်တော့ အမျိုးသမီးကလေးက ဘာပြန်ပြောလဲ- ကက်ကက် ကက်ကက်နဲ့၊ အင်မတန် နှုတ်သီးကောင်းတဲ့ သမျိုးသမီးလေး၊ ဒီအမျိုးသမီးလေးက၊ ဒီအမျိုးသမီးရဲ့ ပါးစပ်ကို ပလပ်စတာနဲ့ ပိတ်လို့တောင်ရမယ်မဟုတ်ဘူး၊ ရန်တွေ့ကအင်မတန် ကောင်းတယ်။

လင်ယောကျ်ားကိုရန်တွေ့ပုံ အညေသံ ဃရေ ဒါရုပဏ္ဏလောဏာဒိနိ သန္ဓိဟိတာနိ၊ ဗာဟိရတော အာဟရိတွာ ဒါယကာ ပေသကာရကာပိ အတ္ထိ၊ အဟံ ပန ဧကိကာ။ (အမျိုးသမီးပြန်ပြောတဲ့စကား)

အညေသံ၊ သင်မှတပါး တခြားသော ယက်ကန်းသည်တို့၏။ ဃရေ၊ အိမ်၌။ သန္ဓိဟိတာနိ၊ သိုမှီးသိမ်းဆည်း၍ ထားအပ်ကုန်သော။ ဒါရုပဏ္ဏလောဏာဒိနိ၊ ထင်း, ဟင်းသီး-ဟင်းရွက်, ဆား, ဆီ, ဆန်-အစရှိကုန်သော စားဖွယ်သောက်ဖွယ် ပစ္စည်းအသွယ်သွယ်တို့သည်။ အတ္ထိ၊ ရှိကြလေကုန်၏။ ဗာဟိရတော၊ အပြင်ဘက်မှ။ အာဟရိတွာ၊ ဆောင်ယူ၍။ ဒါယကာ၊ ပေးကြကုန်သော။ ပေသကာရကာပိ၊ အခိုင်းအစေတို့သည်လည်း။ အတ္ထိ၊ ရှိကြလေကုန်၏။ အဟံပန၊ ကျွန်မသည်ကား။ ဧကိကာ၊ တယောက်ထဲရယ်။

ရှင်ဘာသိလို့လဲ- ဒီလိုသူက၊ သူများတွေ စောစောရောက်တယ် ဆိုတာ သူများအိမ်မှာတော့ သူများယောကျ်ားတွေက ဒီလိုကိုး-သူ့ဥစ္စာက ဟုတ်လား၊ သူများယောကျ်ားတွေက စောစောစီးစီးက အိမ်မှာဆန်တို့, ဆီတို့, ထင်းတို့, ငါးခြောက်တို့, ငါးခြမ်းတို့, ဟင်းသီးဟင်းရွက်တို့ အစစအရာရာ အကုန်လုံး ရှာဖွေထားတာတွေ ရှိတယ်၊ ပြီးတော့ တောက်တိုမယ်ရ ခိုင်းစရာ စေစရာ ပုဂ္ဂိုလ်တွေလဲဘဲ အိမ်ဖော်တွေ အိမ်စေတွေဆိုတာလဲဘဲ သူများယောကျ်ားတွေက ရှာပေးထားတာရှိတယ်၊ ရှင့်အိမ်မှာ ဘာရှိသလဲ-ဒီလိုကိုး သူ့ဥစ္စာက။

တံ့ပိ မယှံ ဃရေ ဣဒံ အတ္ထိ ဣဒံ နတ္ထိတိ န ဇာနာသိ။

တံ့ပိ၊ သင်သည်လည်း။ မယှံ၊ ငါ၏။ ဃရေ၊ အိမ်၌။ ဣဒံ၊ ဤအရာဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအရာဝတ္ထုသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ နဇာနာသိ၊ မသိနားမလယ်။

ရှင်- ကိုရင်လူထွက်လုပ်နေပြီးတော့ ကိုယ့်အိမ်မှာ ဘာရှိတယ် ညာရှိတယ် ရှင်သိလား၊ နောက်ကျတာသာ ရှင်ပြောနေတယ်၊ ရှင့်အိမ်မှာဘာရှိတယ်ဆိုတာ ရှင်မသိဘူး၊တကတဲ အမျိုးသမီးကလေးက ကက်ကက်လံအောင် ရန်တွေ့တယ်- စာထဲမှာ စာထဲမှာပါတာ၊ ဒါ ဒီစကားတွေ ထူးကြီးဆရာတော် တတ်ထာ မဟုတ်ဘူး-နော်။

လွန်းနှင့်ပစ်၍ဇနီးမျက်လုံးကန်းခြင်း အဲဒီလိုလဲ ရန်တွေ့ရော၊ ယောကျ်ား ဆိုတာအခက်သားဘဲ ဟုတ်လား၊ နဂိုကလဲ ထမင်းကဆာနေတာဖြစ်တော့ သူ့ကိုစကားတော့ပြန် မပြောတော့ဘူး၊ ပြန်ပြီးရန်မတွေ့တတ်တော့ လက်ထဲမှာ လွန်းကြီးကိုင်ထားတာဖြစ်တော့ လွန်းနဲ့ ပေါက်လိုက်တာ အမျိုးသမီးလေး မျက်လုံးမှန်သွားရော၊ မျက်လုံးလဲမှန်ရော

မျက်လုံးပေါက်ပြီးတော့ မျက်လုံးထဲကနေပြီး သွေးတွေဖြန်းဖြန်းဖြန်းဖြန်းနဲ့ ကျလာလိုက်တာဟာ အမျိုးသမီးလေးကလဲ သူ့လက်နဲ့ပိတ်၊ ဟာ–ကိုရင်လူထွက်ကလေးကလဲ ငိုလိုက်တာ တကာထဲ ငိုကြတယ်။

ဒီတော့ မျက်လုံးပေါက်သွားလို့ မျက်လုံးလဲ ပျက်စီးသွားရော၊ ဟိုတုန်းက ဥပဇ္ဈာယ်ဆရာတော်ကြီး ဆုံးမတဲ့စကားတွေ တခါထဲ ပြေးဝင်လာတယ်၊ ဘယ့်နှယ်ဝင်လာသလဲ–

ဣဒံ သန္ဓာယ မံ ဥပဇ္ဈာယော "အနာဂတေ ကာလေ ကာဏပေသ ကာရိယာ ဟတ္ထေန မဒ္ဒိတံ ကဋ္ဌိယံ ပိဝိဿသိ" တိအာဟ။

ဣဒံ၊ ဤသို့သော အကြောင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ မံ၊ ငါ့ကို။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အနာဂတေကာလေ၊ နောင်အခါကာလ သမယ၌။ ကာဏပေသကာရိယာ၊ မျက်လုံး ကန်းသော ယက်ကန်း သည်မ၏။ ဟတ္ထေန၊ လက်ဖြင့်။ မဒ္ဒိတံ၊ နယ်အပ်သော။ ကဋ္ဌိယံ၊ ပအုံးရည်ကို။ ပိဝိဿသိ၊ မင်းသောက်ရလတံ့ဟူ၍။ အာဟ၊ ပြောကြားတာပါကလား။

နောင်တ တဖန်ပူပန် "ဣဒံ ထေရေန ဒိဋ္ဌံ ဘဝိဿတိ။" ဣဒံ၊ ဒီအကြောင်းကို။ ထေရေန၊ မထေရ်သည်။ ဒိဋ္ဌံ၊ သိမြင်သည်။ ဘဝိဿတိ၊ ဖြစ်ပေ လိမ့်မည်။

"အဟော ဒီဃဒဿီ အယျော"။ **အယျော**၊ ငါ့ဆရာဖြစ်တဲ့ ဥပဇ္ဈာယ်ဆရာ အရှင်သည်။ အဟော ဒီဃဒဿီ၊ **ဩော်–အရှည်ခန့်၍ မြင်တော်မူနိုင်လေစွ တကား**။

အဲဒီလိုဆိုပြီး ကိုရင် လူထွက် ကလေးက–မဟာသဒ္ဒေန ရောဒိ၊ ကြီးစွာသော အသံနှင့် ကိုရင်လူထွက်ကလေးက ငိုတယ်၊ ငိုလိုက်တာ အမျိုးသမီး မျက်လုံးကန်းလို့ ငိုတယ်လို့ ပရိသက်က ဒီလိုမထင်ဘူးလား၊ (ထင်ပါတယ်ဘုရား) ဘာပြုလို့ ကိုရင်လူထွက်လေး ငိုသလဲ။

ငါ့ဆရာပြောတဲ့စကား မှန်လိုက်တာ၊ ဟိုတုန်းက ဆရာသမားစကား နားထောင်ခဲ့ပြီးတော့ ကြိုးစားပြီး ငါတရားအားထုတ်ယင် ဤကဲ့သို့သော ဆင်းရဲဒုက္ခတွေ ငါရောက်မှာ မဟုတ်ဘူးဟဲ့လို့ ဒါတွေ တွေးပြီးတော့ ဆရာသမား ပြန်လွမ်းပြီးတော့ ငိုတာ။

ဒီအချိန်ကျမှ ငိုလို့ဘာလုပ်တော့မလဲ–ဟင်၊ အဲဒါကြောင့် စောစောစီးစီး က ဆရာသမားစကား နားထောင်ပါ၊ ဆရာသမားက အကျိုးအကြောင်း ပြောပြယင် ပြန်မပြောပါနဲ့၊ ဆရာသမားက အကျိုး အကြောင်း ပြောပြတဲ့

စကားကို ရှိသေစွာလိုက်နာပြီးတော့ တရားအားထုတ်ပါ ဟုတ်လား၊ဒီအချိန်ကျမှ ငိုလို့ဘာလုပ်တော့မလဲ။

ဒီတော့ မြင်ရသေးလား–သူငယ်ချင်းအပေါင်းအဖော်တွေက အမျိုးသမီးကလေး မျက်လုံးပေါက်သွားပြီလို့ဆိုတော့ ပြောကြတယ်။

အလံ အာဝုသော မာ ရောဒိ၊ အက္ခိနာမ ဘိန္နံ န သက္ကာ ရောဒနေန ပဋိပါကတိကံ ကာတုံ။

အာဝုသော၊ ငါ့ညီ။ မာရောဒိ၊ မငိုလင့်။ အလံ၊ မင်းငိုဘို့ရာမသင့်ဘူး။ ဘိန္နံ၊ ပျက်စီးနေသော။ အက္ခိနာမ၊ မျက်စိမည်သည်ကား။ ရောဒနေန၊ ငိုကြွေးနေသဖြင့်။ ပဋိပါကတိကံကာတုံ၊ တဖန်ပြန်၍ အကောင်းဖြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။

မင်းငိုနေလို့လဲ ဒီမျက်လုံးပြန်ကောင်းမှာ မဟုတ်ပါဘူးတဲ့၊ ကဲ-ငိုမနေပါနဲ့တော့၊ ဖြစ်တာဖြစ်ပါစေတော့လို့ ဝိုင်းပြီး သူငယ်ချင်းတွေက ပြောကြတယ်၊ ဒီတော့ သူက သူ့သူငယ်ချင်းတွေကို ဘာပြောသလဲလို့ဆိုတော့–

နာဟံ ဧတမတ္ထံ ရောဒါမိ၊ အပိ စ ခေါ ဣဒံ သန္ဓာယ ရောဒါမိ။

အပိစ ခေါ၊ စင်စစ်သော်ကား။ ဣဒံ၊ ဤငါ့ဆရာ ပြောကြားလိုက်တဲ့ စကားကို။ သန္ဓာယ၊ ရည်ရွယ်၍။ ရောဒါမိ၊ ငိုကြွေးပါ၏။ အဟံ၊ အကျွန်ုပ်သည်။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ နရောဒါမိ၊ ငိုသည် မဟုတ်ပါ။

ဆိုပြီးတော့ အကြောင်းတွေ ပြန်ပြီးတော့ အစက ဆရာသမားက ဒီလို ပြောတယ်၊ ဆရာသမားစကား နားထောင်ခဲ့ယင် ငါဒီလိုမဖြစ်ဘူးဆိုပြီးတော့ နားမထောင်ဘဲ ကြိုးစားအားမထုတ်ခဲ့တဲ့အတွက် ရှိပြီးသား သီလ, သမာဓိ, ပညာတွေ ပျက်စီးသွားပြီမဟုတ်လား-သူ။

ဧဝံ ဥပ္ပန္နာ သမထဝိပဿနာ နိရုဇ္ဈမာနာ အနတ္ထာယ သံဝတ္တန္တိ။

ဧဝံ၊ ဤသို့။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ သမထဝိပဿနာ၊ သမထ ဝိပဿနာတို့သည်။ နိရုဇ္ဈမာနာ၊ ချုပ်ငြိမ်းပျက်စီးကုန်လျက်။ အနတ္ထာယ၊ အကျိုးမဲ့ကို ဖြစ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်လေတော့၏။

အဲဒါ ကြည့်—ဖြစ်ပြီးသား သမထ ဝိပဿနာကုသိုလ်တွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒါ ကြိုးစားပြီး အားမထုတ်သည်ဖြစ်သောကြောင့် ကိုရင်ကလေးရဲ့အကျိုးစီးပွားပျက်စီးခြင်း,အမျိုးသမီးကလေးရဲ့ အကျိုးစီးပွားပျက်စီးခြင်းတွေအကုန်ပျက်စီးကုန်ကြတယ် မဟုတ်လား။

အဲဒါဘာဖြစ်လို့လဲ-ဝီရိယကြိုးစားအားမထုတ်လို့၊ ဟိုတုန်းကသာ ဝီရိယနဲ့ ကြိုးစားအားထုတ်လိုက်မယ်ဆိုယင် ဒီဒုက္ခမျိုး ကိုရင်ကလေး တွေ့မလား၊ မတွေ့ဘူးလား၊ (မတွေ့ပါဘူးဘုရား) မတွေ့ဘူး။

မိုးသွေးဖုတ်သော တကာကြီးတဦးဝတ္ထု

နောက်တခုရှိသေးတယ်- ရပြီးသားတရားတွေ ပျက်စီးကုန်တာ၊ အကြောင်းတခုရှိသေးတယ်၊ သမ္မောအင်္ဂကထာမှာဘဲ အဲဒီအခုနက မဟာ စေတီကြီးကိုဘဲ ရဟန်းတော်တွေ ဘုရားဖူးရအောင် သွားကြတယ်၊ ကိုရင်ကလေးတွေလဲ ပါတယ်၊ ဘုရားဖူးသွားကြတာ ရဟန်းတော်က သုံးဆယ်လောက်ရှိတယ်။

အဲဒီလို ဘုရားဖူးသွားကြတော့ တောလမ်းကြီးက သွားကြတယ်၊ သွားကြတော့ တောထဲကတကောကြီးတယောက် ထွက်လာတယ်၊ ထင်းစည်းကြီးရွက်လို့ လူတကိုယ်လုံးမှာလဲ မီးသွေးတုံးကြီးလို ဖြစ်နေတယ်၊ သူက မီးသွေးဖုတ်ရောင်းရတဲ့လူကိုး၊ ဆင်းရဲလိုက်တဲ့ဖြစ်ခြင်း ပြောစရာမရှိဘူး၊ ဆံပင်တွေကလဲ ဖိုးရိုးဖားရားနဲ့ တောထဲကလဲထွက်လာရ အပေါ်ကလဲ ထင်းစည်းတခုထမ်းလို့ ထွက်လာတော့ ရဟန်းတော်တွေနဲ့တွေ့တယ်၊ တွေ့တော့ ကိုရင်ကလေးတွေက အဲဒီလူကြီးမြင်တော့ ပြောင်ကြတယ်။

ပြောင်လှောင်ပျက်ရယ်ပြုကြခြင်း

"အာဝုသော တုယှံ ပိတာ"။ အာဝုသော၊ ငါ့ရှင်။ တုယှံ၊ သင်၏။ ပိတာ၊ ဖခင်။ ဟိုဒင်းဟာ သင့်အဖေမဟုတ်လား- ဒီလိုကိုး၊ ကိုရင်ကလေးတွေက ကစားတာပေါ့၊ ပြောင်လှောင်ပြီးတော့ "အာဝုသော တုယှံ မဟာပိတာ"။ အာဝုသော၊ ငါ့ရှင်။ တုယှံ၊ သင်၏။ မဟာပိတာ၊ ဘကြီးမဟုတ်လား။ ဟိုဒင်း ဒီလို "အာဝုသော တုယှံ မာတုလော"။ အာဝုသော၊ ငါ့ရှင်။ တုယှံ မာတုလော၊ ဟိုမှာမင်းဦးလေးကြီးမဟုတ်လားနဲ့ ဒီလို တယောက်နဲ့တယောက် ပြောနေကြတယ်။

ဒါကိုတကာကြီးက ကြားတယ်၊ ဒါတင်မကသေးဘူး၊ တကာကြီးအနားသွားပြီးတော့ "ကောနာမော ဘန္တေ ဥပါသကာတိ နာမံ ပုစ္ဆိံသု"။ အာဝုသော ဥပါသက၊ ငါ့ရှင်ဒါယကာ။ တွံ၊ သင်သည်။ ကောနာမော၊ အဘယ် အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ နာမံ၊ အမည်ကို။ ပုစ္ဆိံသု၊ မေးကြတယ်။

တကာကြီးလျှောက်ထားပုံ

မေးတော့ တကာကြီးက ထင်းစည်းကို ဖုတ်ခနဲချပြီး မထေရ်ကြီးတွေ အနီးသွားရှိခိုးပြီးတော့ တကာကြီးက ကိုရင်တွေကို လျှောက်တယ်၊ဘယ့်နှယ် လျှောက်တုံးလို့ဆိုတော့—

ဘန္တေ တုမှေ မံ ပဿိတ္ဝာ ပရိဟာသထ။

ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ မံ၊ ဘုရားတပည့်တော်ကို။ ပဿိတ္ဝာ၊ မြင်ကြကုန်သည်ရှိသော်။ ပရိဟာသထ၊ ပြက်ရယ်ပြောင်လှောင်ကြပါကုန်၏။

သက်န်းဝတ်ထားရုံနှင့်ရဟန်းကိစ္စမပြီး အရှင်ဘုရားတို့....တပည့် တော်ကိုဘာပြုလို့ပြောင်ကြသလဲ။ "တွေကေနေဝ မတ္တကံ ပတ္တမှာတိ သလ္လက္ခေထ"။ တွေကေနေဝ၊ ဤသင်္ကန်းကလေးဝတ်ထားရုံကာမျှဖြင့်ပင်။ မတ္တကံ၊ ရဟန်းကိစ္စပြီးခြင်းသို့။ပတ္တမှာတိ၊ ရောက်ကုန်ပြီဟူ၍။ သလ္လက္ခေထ၊ အရှင်ဘုရားတို့ မှတ်ကြသလား။ (တကာကြီးက ဦးပဉ္စင်းတွေကို ရန်တွေ့တယ်)။

တုမှာကံ ပန စိတ္တေကဂ္ဂတာမတ္တမ္ပိ နတ္ထိ။

တုမှာကံ၊ အရှင်ဘုရားတို့အား။ စိတ္တေကဂ္ဂတာမတ္တမ္ပိ၊ စိတ်တည်ကြည်ရုံကလေးမျှလည်း။နတ္ထိ၊ အရှင်ဘုရားတို့မှာ မရှိကြသေးဘူး။ (သီလလောက်သာရှိကြသေးတယ်၊ သမာဓိ အရှင်ဘုရားတို့မှာ နည်းနည်းမှ ရှိကြတာမဟုတ်ဘူး)။

အဟမ္ပိ ပုဗ္ဗေ တုမှာဒိသောဝ သမဏော အဟောသိံ။

အဟမ္ပိ၊ အကျွန်ုပ်သည်လည်း။ တုမှာဒိသောဝ၊အရှင်ဘုရားတို့ကဲ့သို့။ ပုဗ္ဗေ၊ ရှေးအခါ၌။ သမဏော၊ ရဟန်းသည်။ အဟောသိံ၊ ဖြစ်ခဲ့ဘူးပါတယ်။ (တပည့်တော်ကို သာမညလူမှတ်လို့လား၊ တပည့်တော်လဲ ရှေးတုန်းက အရှင်ဘုရားတို့လို ဘုန်းကြီးပါတဲ့)။

အဘိညာဉ်တန်ခိုးရဘူးခြင်း အဟံ ဣမသ္မိံ သာသနေ မဟိဒ္ဓိကော မဟာနုဘာဝေါ အဟောသိံ။

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမသ္မိံသာသနေ၊ ဤသာသနာတော်၌။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။ မဟာနုဘာဝေါ၊ အာနုဘော် ကြီးသောသူသည်။ အဟောသိံ၊ ဖြစ်ခဲ့ဘူးပါတယ်။ (ရဟန်းဝတ်နဲ့ နေစဉ်အခါတုန်းက ဒီသာသနာတော်မှာ အင်မတန် တန်ခိုးအာနုတော်ကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ဘူးပါတယ်တဲ့၊ ဘယ်လောက်တောင် တန်ခိုးကြီးသလဲ)။

"အာကာသံ ဂဟေတ္ဝာ ပထဝိံ ကရောမိ။" ကောင်းကင်ကို မြေကြီးဖြစ်အောင် လုပ်နိုင်တယ်—သူ့တန်ခိုးက၊ "ပထဝိံ အာကာသံ ကရောမိ" ပထဝိံ၊ မြေကို။ အာကာသံ၊ ကောင်းကင်ဖြစ်အောင်။ ကရောမိ၊ ပြုလုပ်နိုင်၏။ "ဒူရံ ဂဏှိတ္ဝာ သန္တိကံ ကရောမိ၊ သန္တိကံဒူရံ"။ အဝေးကို အနီး

ဖြစ်အောင် လုပ်နိုင်တယ်၊ အနီးကိုအဝေးဖြစ်အောင် တပည့်တော်လုပ်နိုင်တယ်၊ တပည့်တော်တန်ခိုး–ဟိုတုန်းက၊ ပြီးတော့ဘာတဲ့လဲ–

"စင်္ကမ္မဝါဠိသဟဿံ ခဏေန ဝိနိဝိဇ္ဈာမိ"။ စကြဝဠာတထောင်ကို တခဏချင်းဖြင့် ထုတ်ချင်းပေါက်အောင် တပည့်တော် သွားနိုင်ပါတယ်တဲ့ ဒါတင်မကသေးဘူးတဲ့၊ "ဟတ္ထေ မေ ပဿထ"။ မေ၊ ဘုရား တပည့် တော်၏။ ဟတ္ထေ၊ လက်တို့ကို။ ပဿထ၊ကြည့်ကြပါကုန်လော့။ သူက ပြတယ်–ကိုရင်လေးတွေကို၊ "ဣဒါနိ ပန မက္ကဋဟတ္ထသဒိသာ"။ ဣဒါနိပန၊ ဤယခုအခါ၌ကား၊ မက္ကဋဟတ္ထသဒိသာ၊ မျောက်ရဲ့လက်နဲ့တူနေပါတယ်၊ ယခုအခါမှာ၊ ဟိုတုန်းက ဒီလက်တွေဟာ ဘယ်လိုလက်တွေမှတ်လို့လဲ ဘုရား–တဲ့။

လနှင့်နေကိုကိုင်တွယ်ဘူးသူ အဟံ ဣမေဟေဝ ဟတ္ထေဟိ ဣဓ နိသိန္နော စန္ဒိမသူရိယေ ပရာမသိံ။

အဟံ၊ ဘုရားတပည့်တော်သည်။ဣမေဟေဝဟတ္ထေဟိ၊ ဤယခုအရှင်ဘုရားတို့ မြင်တဲ့ဟောဒီလက်တို့ဖြင့်သာလျှင်။။ ဣဓ၊ ဤမြေပြင်၌။ နိသိန္နော၊ နေလျက်သာလျှင် စန္ဒိမသူရိယေ၊ လနှင့်နေတို့ကို။ ပရာမသိံ၊ လှမ်း၍ကိုင်တွယ်သုံးသပ်ဘူးပါ၏။ တပည့်တော်ရဲ့လက်ဟာ သာမညလက်မဟုတ်ဘူး၊ အရှင်ဘုရားတို့လက်မျိုး မဟုတ်ဘူး။

ဣမေသံ ယေဝ ပါဒါနံ စန္ဒိမသူရိယေ ပါဒကထလိကံ ကတ္ဝာ နိသီဒိံ။

ဟောဒီခြေထောက်အပြင်တို့ဖြင့် လတွေ, နေတွေပေါ်မှာ အိုးခြမ်းကွဲတွေကဲ့သို့ တက်နင်းပြီးတော့ နေထိုင်ခဲ့ဘူးပါတယ်တဲ့–တန်ခိုးဒီလောက် ကြီးတယ်။

အပ္ပမာဒတရားလက်ကိုင်ထား၍ "ဝေရူပါ မေ ဣဒ္ဓိ ပမာဒေန အန္တရဟိတာ"။ ကြိုးစားအားထုတ်ရန်သတိ မေ၊ ဘုရားတပည့်တော်၏။ ဝေရူပါ၊ ဤသို့သဘောရှိသော။ ဣဒ္ဓိ၊ တန်ခိုးသည်။ ပမာဒေန၊ ဝီရိယမစိုက်ခြင်းတည်းဟူသော မေ့လျော့ခြင်းကြောင့်။ အန္တရဟိတာ၊ ကွယ်ပျောက်ခဲ့ရပါတယ်။ ဘုရားတပည့်တော်ဟာ ဝီရိယကြိုးစားအားမထုတ်ဘဲနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေခဲ့မိတဲ့အတွက် ဒီတန်ခိုးတွေ ကွယ်ပျောက်ကုန်ရတာပါ–တဲ့။

ဒီတန်ခိုးတွေလဲ ကွယ်ပျောက်ကုန်ရော မီးသွေး ဖုတ်စားနေရပါတယ်၊ အဲဒါဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဟုတ်လား၊ ဒီတော့–

"တုမှေ မာ ပမဇ္ဇိတ္ထ"။ တုမှေ၊ အရှင်ဘုရားတို့သည်။ မာပမဇ္ဇိတ္ထ၊ သူတပါးကိုလှောင်လား ပြောင်လားနဲ့ မေ့လျော့မနေကြနဲ့။ "ပမာဒေန ဟိ ဝေရူပံ ဗျသနံ ပါပုဏန္တိ"။ ပမာဒေန၊ မေ့လျော့ခြင်းကြောင့်။ ဝါ၊ ဝီရိယမစိုက်ခြင်းကြောင့်။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပါပုဏန္တိ၊ ရောက်တတ်ပါကုန်၏။

အပ္ပမတ္တာ ဝိဟရန္တာ ဇာတိဇရာမရဏဿ အန္တံ ကရောန္တိ။

အပ္ပမတ္တာ၊လို့လမပေါ့မမေ့မလျော့ပဲ။ဝါ၊ဝီရိယစိုက်ပြီးတော့။ ဝိဟရန္တာ၊ တရားအားထုတ်နေကြကုန်သည် ဖြစ်၍။ ဇာတိဇရာမရဏဿ အန္တံ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ၏အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရောန္တိ၊ မျက်မှောက်ပြုနိုင်လေကုန်၏။

တသ္မာ တုမှေ မညေဝ အာရမ္မဏံ ကရိတွာ အပ္ပမတ္တာ ဟောထ ဘန္တေ။

တသ္မာ၊ ထို့ကြောင့်။ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ မညေဝ၊ ဘုရားတပည့်တော်ကိုသာလျှင်။ အာရမ္မဏံကရိတွာ၊ ဥပမာသက်သေအာရုံထားပြီးတော့။ အပ္ပမတ္တာ၊ လို့လမပေါ့ မမေ့မလျော့ဘဲ ဝီရိယကိုကြိုးစားအားထုတ်ကြသည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။

ဒီ ရပြီးသားစျာန်တွေ ယုတ်လျော့ပြီး မီးသွေးဖုတ်စားရတဲ့ဘဝကို ဘာပြုလို့ရောက်သလဲ- ဝီရိယမရှိလို့၊ ဒါကြောင့်-

ဥပ္ပန္နာ မေ ကုသလာ ဓမ္မာ နိရုဇ္ဈမာနာ အနုတ္ထာယ သံဝတ္တေယျုန္တိ အာတပ္ပံ ကရောတိ။[၁]

မေ၊ ငါ၏သန္တာန်၌။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်ပြီးသော။ ကုသလာဓမ္မာ၊ သမထဘာဝနာ, ဝိပဿနာဘာဝနာ ကုသိုလ်တရားတို့သည်။ နိရုဇ္ဈမာနာ၊ ယခုလိုချုပ်ပျောက်ပျက်စီး၍ သွားကြကုန်သည်ရှိသော်။ အနုတ္ထာယ၊ ယခုလိုအကျိုးမဲ့ဖြစ်ခြင်းငှာ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့သက်သေသာဓကနှလုံးထား၍။ အာတပ္ပံ၊ လို့လကြိုးကုတ် အားထုတ်ခြင်းကို။ ကရောတိ၊ ပြုလုပ်ရ၏။

ကိလေသာပျက်စီးအောင် အားထုတ်ရခြင်း

ဒါ ဝီရိယာရမ္ဘကထာ-နော်၊ အဲဒီ ဝီရိယာရမ္ဘကထာက ဘယ်လောက်တောင် အားထုတ်ရမလဲ- စင်္ကြံသွားနေရင်းဖြစ်တဲ့ ကိလေသာ ထိုင်တဲ့အထိ

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နှာ—၄၀၁။

မပါအောင်အားထုတ်ရမယ်၊ ရပ်နေတုန်းဖြစ်တဲ့ကိလေသာ ထိုင်တဲ့အထိ မပါအောင် အားထုတ်ရမယ်၊ ထိုင်တုန်းဖြစ်နေတဲ့ကိလေသာ လှဲတဲ့အထိ မပါအောင် ကြိုးစားအားထုတ်ရမယ်၊ ဥဒါန်းအဋ္ဌကထာက ဘာပြောထားသလဲဆိုတော့—

ယော ဘိက္ခု ဂမနေ ဥပ္ပန္နံ ကိလေသံ ဌာနံ ပါပုဏိတုံ န ဒေတိ။[၁]

ယောဘိက္ခု၊ အကြင်ဝီရိယစိုက်ပြီး အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဂမနေ၊ သွားနေစဉ်သွားနေဆဲ၌။ ဥပ္ပန္နံကိလေသံ၊ ဖြစ်ပေါ်တဲ့ကိလေသာကို။ ဌာနံ၊ ရပ်သည်အထိ။ ပါပုဏိတုံ၊ ရောက်ခြင်းငှာ။ နဒေတိ၊ အခွင့်မပေး။

ဌာနေ ဥပ္ပန္နံ နိသဇ္ဇံ၊ နိသဇ္ဇာယ ဥပ္ပန္နံ သယနံ ပါပုဏိတုံ န ဒေတိ။

ဌာနေ၊ ရပ်နေစဉ်၌။ ဥပ္ပန္နံ၊ ဖြစ်သော။ ကိလေသံ၊ ကိလေသာကို။ နိသဇ္ဇံ၊ ထိုင်ခြင်းသို့။ ပါပုဏိတုံ၊ ရောက်ခြင်းငှာ။ နဒေတိ၊ အခွင့်မပေး။ (ရပ်နေတုန်းဖြစ်တဲ့ ကိလေသာ ထိုင်တာအထိ မပါစေနဲ့၊ တခါထဲ ဝီရိယစိုက်ပြီးတော့ အားထုတ်ပစ်ရမယ်)၊ နိသဇ္ဇာယ၊ ထိုင်နေစဉ်အခါ၌။ ဥပ္ပန္နံ၊ ဖြစ်လာသောကိလေသာကို။ သယနံ၊ အိပ်သောအခါအထိ။ ပါပုဏိတုံ၊ ရောက်ခြင်းငှာ။ နဒေတိ၊ မခွင့်မပေး။ ဘယ်လိုလဲဆိုတော့—

တတ္ထ တတ္ထေဝ အဇပဒေန ဒဏ္ဍေန ကဏှသပ္ပံ ဥပ္ပီဠေတွာ ဂဏှန္တော ဝိယ ဟိခိဏေန အသိနာ အမိတ္တံ ဂီဝါယ ပဟရန္တော ဝိယ စ သီသံ ဥက္ခိပိတုံ အဒတွာ ဝီရိယဗလေန နိဂ္ဂဏှာတိ။

တတ္ထတတ္ထေဝ၊ ထိုထိုဖြစ်ရာအရပ်၌ သာလျှင်။ အဇပဒေနဒဏ္ဍေန၊ ဆိတ်ခွာသဏ္ဌာန်ရှိသော တောင်ဝှေးဖြင့်။ ကဏှသပ္ပံ၊ မြွေဟောက်ကို။ ဥပ္ပီဠေတွာ၊ဖိနှိပ်၍။ ဂဏှန္တောဝိယစ၊ ဖမ်းယူသကဲ့သို့ရင်း။ တိခိဏေန၊ ထက်လှစွာသော။ အသိနာ၊ သန်လျက်ဖြင့်။ အမိတ္တံ-အမိတ္တဿ၊ ရန်သူ၏။ ဂီဝါယ၊ လည်ပင်း၌။ ပဟရန္တောဝိယစ၊ပုတ်ခတ်သတ်ဖြတ်သကဲ့သို့ရင်း။သီသံ၊ ဦးခေါင်းကို။ ဥက္ခိပိတုံ၊ ချီပင့် (မော့ကြည့်)ခြင်းငှာ။ အဒတွာ၊ အခွင့်မပေးပဲ။ ဝီရိယဗလေန၊ ဝီရိယ တည်းဟူသောအားဖြင့်။ ကိလေသံ၊ ကိလေသာကို။ နိဂ္ဂဏှာတိ၊ ဖျက်ဆီးပစ်ရာ၏။

၁။ ဥဒါန်းအဋ္ဌကထာ နှာ-၂၁၁။

ဥပမာအားဖြင့် ဆိတ်ခွာသဏ္ဍာန်ရှိသော တောင်ဝှေးဖြင့် မြွေပောက်ကို ဖိပြီးတော့ ဖမ်းယူသကဲ့သို့ရှင်းတဲ့၊ ထက်လှစွာသော သန်လျက်ဖြင့် မိမိရန်သူရဲ့ လည်ပင်းကို မော့ကြည့်ခွင့်မပေးမူ၍ တခါထဲ ဖြတ်ဘိသကဲ့သို့ရှင်း၊ ဟိုကရန်သူ ပြေးလာနေတဲ့ ဥစ္စာ—ကိုယ်က ဒီလိုကြည့်နေမှာလား၊ လက်နက်ကြီးကိုင်ပြီးတော့ ကိုယ်ကအရင်ဦးအောင် ဖြတ်ရမယ်မဟုတ်လား၊ အဲဒီလိုဘဲ ကိလေသာရန်သူတွေ ကိုယ့်သန္တာန် ဝင်လာမယ်ဆိုယင် ဝီရိယလက်နက်နဲ့ ကိုယ်က အရင်ဦးအောင် တိုက်ဖျက်ပစ်ရမယ်တဲ့ ဟုတ်လား၊ ဒါ ဝီရိယာရမ္ဘကထာ။

အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ ဝီရိယံ အာရမ္ဘ ထ။

အပ္ပတ္တဿ၊ မရောက်သေးသောအသိဉာဏ်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ အနဓိဂတဿ၊ မရအပ်သေးသော တရားကို။ အဓိဂမာယ၊ ရခြင်းငှာ။ ဝီရိယံ၊ ဝီရိယကို။ တုမှေ၊ သင်တို့သည်။ အာရမ္ဘထ၊ အားထုတ်ကြကုန်လော့။ ကြိုးစားအားထုတ်ကြပါတဲ့၊ ဒါ ဝီရိယာရမ္ဘကထာပြီးပြီ ဆုံကြပါစို့။

သီလကထာ ဘာတဲ့လဲ—သီလကထာဆိုတာ "သီလံ နာမေတံ အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ လေဏံ ဂတိ ပရာယဏံ။"[၁]

လောကမှာ သီလဆိုတာ လူတိုင်းလူတိုင်းရဲ့ မှီရာ, တည်ရာ, အားကိုးရာ, ပုန်းအောင်းရာ, လည်းလျောင်းရာ ဖြစ်ပါတယ်တဲ့။

ဣဓလောကပရလောကသမ္ပတ္တီနဉ္စ သီလသဒိသော အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ လေဏံ ဂတိ ပရာယဏံ နတ္ထိ[၂]။ (အင်္ဂုတ္တိုရ် အဋ္ဌကထာက)

ဤလောက, တမလွန်လောကအတွက် ပြည့်စုံခြင်းတို့ တည်ရာ, မှီရာ, အားကိုးရာ, ပုန်းအောင်းရာ, လည်းလျောင်းရာသည် သီလနှင့်တူတဲ့ အားထားမှီခိုရာ မရှိဘူးတဲ့၊ ဤလောက ကြီးပွားချင်ယင်, တမလွန်လောက ကြီးပွားချင်ယင် သီလနှင့် မှီပြီးတော့ အားထုတ်ပါ။

သီလာလင်္ကာရသဒိသော အလင်္ကာရော နတ္ထိ။

သီလာလင်္ကာရ သဒိသော၊ သီလတည်းဟူသော တန်ဆာနှင့် တူသော။ အလင်္ကာရော၊ တန်ဆာဆင်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

၁။ အင်္ဂုတ္တိုရ် အဋ္ဌကထာ တတိယ နှာ–၂၁၃။
၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယ နှာ–၂၁၄။

ရွှေတွေ ငွေတွေ စိန်တွေ ဝတ်သွားလို့ နိဗ္ဗာန်သွားလို့ ရပါ့မလား၊ (မရပါဘူးဘုရား) သီလဝတ်သွားရမယ်၊ သီလနှင့်ပြည့်စုံရမယ်လို့ ဒီလို အဂုတ္တိုရ်အဋ္ဌကထာကလဲ ပြောထားတာရှိတယ်။

ဒီတော့ ဒီသီလက ဘယ်လောက်ရှိသလဲဆိုတော့ လောကီသီလ, လောကုတ္တရာသီလလို့ နှစ်မျိုးရှိတယ်။

ပါတိ မောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလ ဆိုတဲ့ ဒီ စတုပါရိသုဒ္ဓိသီလသည် လောကီသီလ၊ မဂ်နှင့်ယှဉ်တဲ့သီလ, ဖိုလ်နှင့် ယှဉ်တဲ့သီလသည် လောကုတ္တရာသီလ၊ ပြီးတော့ စာရိတ္တသီလ, ဝါရိတ္တသီလ–လို့ နှစ်မျိုးရှိပါသေးတယ်။

စာရိတ္တသီလ စာရိတ္တ သီလဆိုတာ မြတ်စွာဘုရား ပညတ်ထားတော်မူတဲ့ ပြုအပ်ပြုသင့်, ကျင့်အပ် ကျင့်သင့်တဲ့ အာဘိသမာ စာရိက ကျင့်ဝတ်တွေကို လိုက်နာကျင့်သုံးခြင်းကို စာရိတ္တသီလလို့ ခေါ်ပါတယ်၊ အဲဒီ စာရိတ္တသီလမျိုးကိုတော့ သဒ္ဓါ,ဝီရိယ တရားနှစ်ပါးတို့ဖြင့် ပြည့်စုံအောင်ကျင့်ရပါမယ်။

ဝါရိတ္တသီလ သဒ္ဓါ,ဝီရိယ တရားနှစ်ပါးကို အခြေခံထားပြီးတော့ မပြုကျင့်အပ်, မပြုကျင့်ကောင်းသော ဒုစရိုက်မှုတို့ကို မပြုကျင့်ဘဲ ရှောင်ကြဉ်ခြင်းကို ဝါရိတ္တသီလလို့ ခေါ်ပါတယ်၊ ပြီးတော့ အာဘိသမာစာရိကသီလ, အာဒိဗြဟ္မစရိယကသီလလို့ နှစ်မျိုးပြားသေးတယ်။

အာဘိသမာစာရိကသီလ အာဇီဝဋ္ဌမကသီလမှ တပါးသော သေးငယ်သော သိက္ခာပုဒ်များ, အလွန်သေးငယ်သော သိက္ခာပုဒ်များနှင့် ဝိနည်းခန္ဓကဝင်ဖြစ်လာသော ကျင့်ဝတ်သိက္ခာပုဒ်များကို အလွန်ထူးမြတ်သောအကျင့်ဖြစ်တဲ့ မဂ်ဖိုလ်ဌရှိသော သီလကိုရည်မှန်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်အကျင့်သီလဖြစ်သောကြောင့် အာဘိသမာစာရိကသီလလို့ ခေါ်ပါတယ်။

အာဒိဗြဟ္မစရိယကသီလ မဂ်ဟူသောမြတ်သောအကျင့်၏ အစဖြစ်သော ပါတိမောက္ခစသော သီလသည် အာဒိဗြဟ္မစရိယကသီလမည်၏၊ မဂ်ကိုရအံ့သော အကျင့်၏ အစဉ်ပွားများအပ်သည်၏ အဖြစ်သို့ ရောက်တတ်သောကြောင့် အာဒိဗြဟ္မစရိယကသီလလို့ ခေါ်ပါတယ်၊ တနည်းအားဖြင့်လဲ နိဿိတသီလ, အနိဿိတသီလ–လို့ နှစ်မျိုးရှိပါသေးတယ်။

နိဿိတသီလ နိဿိတသီလဆိုတာ တဏှာ, ဒိဋ္ဌိနှစ်ပါးကိုမှီ၍ ဆောင်ယူကျင့်သုံးအပ်တဲ့သီလကို နိဿိတသီလလို့ ခေါ်ပါတယ်။

အနိဿိတသီလ အနိဿိတသီလဆိုတာကတော့ ဟာကျာ, ဒိဋ္ဌိနှစ်ပါးကို အမှီမပြုမူ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာကို မှီသော လောကုတ္တရာသီလမျိုးကို အနိဿိတသီလလို့ ခေါ်ပါတယ်၊ နောက်တခါ ကာလပရိယန္တသီလ, အာပါဏကောဋိကသီလလို့ ဆိုပြီးတော့ နှစ်မျိုးပြားသေးတယ်၊ အဲဒီ သီလနှစ်မျိုးထဲမှာ–

ကာလပရိယန္တသီလ ကာလပရိယန္တသီလဆိုတာ "ဣမဥ္စရတ္တိံ ဣမဥ္စဒိဝသန္တိ အာဒိနာဝိယ ကာလဝသေန ပရိစ္ဆေဒံ ကတွာ" တဲ့၊ ဣမဥ္စရတ္တိံ၊ ဤညဥ့်ပတ်လုံးရှင်း။ ဣမဥ္စဒိဝသံ၊ ဤနေ့ပတ်လုံးရှင်း။ ဣတိအာဒိနာဝိယ၊ ဤသို့စသည်ဖြင့်ကဲ့သို့။ ကာလဝသေန၊ ကာလ၏အစွမ်းအားဖြင့်။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို၊ ကတွာ၊ ပြု၍။ (ဆောက်တည်၏)၊ ဤသို့ဋီကာဆရာများ ပြဆိုအပ်သော ညဥ့်နေ့အပိုင်းအခြားဖြင့် ဆောက်တည် ကျင့်သုံးအပ်သော သီလမျိုးကိုခေါ်တယ်။

အာပါဏကောဋိကသီလ "ပါဏာတိပါတာဝေရမဏိ ယာဝဇီဝံ သမာဒိယာမိ" လို့နှုတ်ကမြွက်ဆို ဆောက်တည်သော သီလမျိုးကို ခေါ်ပါတယ်၊ ဒီနေရာမှာ နှုတ်ကမြွက်ဆိုဆောက်တည်ပြီးတော့ဆောက်တည်ထားတဲ့ အတိုင်း တသက်လုံး ကျင့်သုံးပါမှ အာပါဏကော ဋိကသီလလို့ ခေါ်ဆိုရတယ်။ ပြီးတော့လဲ ဟီနသီလ, မဇ္ဈိမသီလ, ပဏီတသီလလို့ သုံးမျိုး ပြားသေးတယ်၊ အဲဒီလို သီလ–သုံးမျိုးပြားတဲ့အထဲက–

ဟီနသီလ ဟီန–ယုတ်နိမ့်တဲ့သီလဆိုတာ ဘယ်လိုသီလမျိုးကိုခေါ်သလဲဆိုတော့ အခြွေအရံတွေနဲ့ နာမည်ကျော်ကြားမှု အကျော်အစော စသည်တို့ကို လိုချင်တောင့်တ၍ ကျင့်သောသီလမျိုး၊ ငါ့မှာသီလရှိသည်–စသည်ဖြင့် မိမိကိုယ်ကို ချီးမြှောက်ခြင်း (အတ္တုက္ကံသန) ရှိသောသီလမျိုး၊ ဂုဏ်ဖော်ပလွှား ဝါကြွားလို၍ ကျင့်သောသီလမျိုး၊ ငါမှတပါး အခြားသူများ ဒုဿီလ ဖြစ်သည် စသည်ဖြင့် (ပရဝမ္ဘန)သူတပါးကိုရှုံ့ချလို၍ ကျင့်သောသီလ၊ ကျိုး, ပေါက်ပြောက်ကျား သောသီလမျိုး၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ ကိုလိုချင်၍ ကျင့်သောသီလမျိုး၊ ဤသီလမျိုးကို ဟီနသီလ–ယုတ်သောသီလတဲ့။

မဇ္ဈိမသီလ လောကီကောင်းကျိုးကို ခံစားလို၍ ကျင့်သောသီလမျိုး၊ မညစ်နွမ်းသော သီလ၊ ကျိုး, ပေါက်, ပြောက်, ကျားခြင်း မရှိသော သီလ၊ သံသရာ ဝဋ်ဒုက္ခအနှောင်အဖွဲ့မှ မိမိလွတ်ရေးအတွက် ကျင့်သုံးသော သီလမျိုး–ဤကဲ့သို့သော သီလမျိုးကို မဇ္ဈိမသီလ–အလယ်အလတ် ဖြစ်သော သီလလို့ ခေါ်ရတယ်။

ပဏီတသီလ အရိယာပုဂ္ဂိုလ်ဖြစ်လိုသဖြင့် ကျင့်သောသီလမျိုး၊ လောကုတ္တရာ ဖြစ်သောသီလမျိုး၊ သတ္တဝါအားလုံးတို့ကို သံသရာဝဋ် ဒုက္ခဘေးမှ လွတ်မြောက်လိုရေးအတွက် ကျင့်သော သီလမျိုး–ဤသီလမျိုးသည် မြတ်သောသီလ–ပဏီတသီလလို့ ခေါ်ပါတယ်၊ အဲဒီလို ဟီန, မဇ္ဈိမ, ပဏီတလို့ သုံးမျိုးပြားတယ်၊ နောက်ပြီးတော့ ဟာနဘာဂိယ, ဌိတိဘာဂိယ, ဝိသေသဘာဂိယ, နိဗ္ဗေဓဘာဂိယ–လို့လဲ ပြားပါသေးတယ်။

ဟာနဘာဂိယသီလ ဤသာသနာတော်၌ ပညာမဲ့သူ အမြော်အမြင်နည်းသူတို့သည် သီလမရှိသောသူတို့ကို မှီဝဲပေါင်းသင်းပြီးတော့ သီလဂုဏ်စသည်တို့နှင့် ပြည့်စုံသူတို့ကို ပေါင်းသင်းဆက်ဆံမှု ကင်းဝေးနေတဲ့ အတွက် ဒုစရိုက်မှုများကို လွန်ကျူးသောကြောင့် တွေ့ကြုံရမည့် ဤပစ္စုပ္ပန်, သံသရာ နှစ်ဖြာသောဘေးရန်အန္တရာယ်တို့ကို မသိမမြင်ကြကုန်ဘဲ ကာမဂုဏ်ငါးပါးနှင့်စပ်သောကြံစည်မှု၊ ငါတို့အမျိုးသည် ,ပစ္စည်းချမ်းသာ ကြွယ်ဝ၏, ဩဇာအာဏာကြီးသဖြင့် ချမ်းချမ်းသာသာ အသက်မွေးကြရ၏– စသည်ဖြင့် ဆွေမျိုးနှင့်စပ်၍ ကာမဂုဏ်ကိုမှီတွယ်တဲ့ ငြိကပ်မှုဂေဟသိတပေမဖြင့် ဆွေမျိုးကိုစွဲ၍ကြံစည်မှု။

ဇနပဒဝိတက်ခေါ်သော ငါတို့ဇနပုဒ်သားတို့သည် အစားအစာပြည့်စုံပေါများ၏ဟု နှစ်သက်ဝမ်းမြောက်လျက် ကပ်ငြိတွယ်တာမှု ဂေဟသိတပေမဖြင့် ဇနပုဒ်နှင့်စပ်သည့်အကြံကို ကြံစည်မှု၊ အမရာဝိတက်ခေါ်သော မသေရန် ကြံစည်မှု၊ ဆောင့်ကြောင့်ထိုင်၍ ကျင့်ခြင်းစသည်ဖြင့် အတ္တသည်ချမ်းသာ၏, နောင်အခါမသေတော့ဟု ကြံစည်၍ ပင်ပန်းဆင်းရဲစွာ ကျင့်သောအကျင့်နှင့် စပ်၍ကြံစည်မှု။

သူတပါးက မိမိကိုမထိမဲ့မြင်မပြုရန် ကြံစည်မှုခေါ်သော အနုဒယတ္တဝိတက်၊ လာဘ်လာဘနှင့်စပ်သော များသော ကြံစည်မှုခေါ် လာဘဝိတက် ပူဇော်ခြင်း ရှိသေခြင်းနှင့် စပ်သော များသော ကြံစည်မှုခေါ် သက္ကာရဝိတက်၊ ကျော်ကြားခြင်းနာမည်ကြီးခြင်း စသည်ကို ကြံစည်သောသက္ကာယဝိတက်၊ သူတပါးအားသနားကြင်နာမှုနှင့် စပ်၍ကြံစည်သော ပရာနုဒ္ဒယတာဝိတက်။

အဲဒီဝိတက်တွေနှင့်ကာမဂုဏ်နှင့်စပ်တဲ့အကြံအစည်တွေ များပြီးတော့ စက္ခုစတဲ့ဣန္ဒြေကို လုံခြုံအောင်မစောင့်ရှောက်တဲ့ သီလမျိုးကို ဟာနဘာဂိယသီလ–ဆုတ်ခြင်းအဘို့ရှိသော သီလလို့ခေါ်တယ်၊ ဆောင်လွယ်မှတ်လွယ်ရန် ပောဒိဂါထာကလေးကို နုတ်တက်ဆောင်ထားဘို့ကောင်းပါတယ်၊ ဒီဂါထာကလေးကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ဒီလိုစီကုံးထားပါတယ်။

ယော စ သေဝတိ ဒုဿီလေ၊ သီလဝန္တေ န သေဝတိ။
ဝတ္ထုဝီတိက္ကမေ ဒေါသံ၊ န ပဿတိ အဝိဒ္ဒသု။
မိစ္ဆာသင်္ကပ္ပဗဟုလော၊ ဣန္ဒြိယာနိ န ရက္ခတိ။
ဧဝရူပဿ ဝေ သီလံ၊ ဇာယတေ ဟာနဘာဂိယံ။[၁]

ဣဓ၊ ဤမြတ်စွာဘုရား၏သာသနာတော်၌။ အဝိဒ္ဒသု၊ အသိအလိမ္မာဉာဏ်ပညာကင်းမဲ့သော။ ယော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဒုဿီလေ၊ ကိုယ်ကျင့်တရားလွန်ခေါင်းပါး၍ တရားဖခင် သီလမဲ့ပုထုဇဉ်တို့ကို။ သေဝတိ၊ ဆည်းကပ်ပေါင်းသင်း၏။ သီလဝန္တေ၊ သီလရှိသူတို့ကို။ နသေဝတိ၊ မမှီဝဲ။ ဝတ္ထုဝီတိက္ကမေ၊ အပြစ်၏အကြောင်းဝတ္ထုကို လွန်ကျူးခြင်း၌။ ဒေါသံ၊ ခုရောနောင်ပါ လာမည်စင်စစ် ဘေးအပြစ်ကို။ နပဿတိ၊ မမြင်။

မိစ္ဆာသင်္ကပ္ပ ဗဟုလော၊ ကာမသင်္ကပ္ပစသော ပျက်စီးစေသော အကြံများသည်ဖြစ်၍။ ဣန္ဒြိယာနိ၊ စက္ခုစသောဣန္ဒြေတို့ကို။ နရက္ခတိ၊ မစောင့်ရှောက်။ ဧဝရူပဿ၊ ဤသို့ သဘောရှိသော သူ၏။ သီလံ၊ သီလသည်။ ဝေ၊ စင်စစ်။ ဟာနဘာဂိယံ၊ ဆုတ်ယုတ်ခြင်းသို့ရောက်သည်။ ဝါ၊ ဆုတ်ယုတ်ခြင်း အဘို့ရှိသည်။ ဇာယတေ၊ ဖြစ်၏။

အဲဒီဂါထာလေးကို နှုတ်တက်ရအောင် ဆောင်ထားပါလျှင် ဟာနဘာဂိယသီလ ဆိုတာကို လွယ်လွယ်နှင့် သိနိုင်တော့တယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ဒီဂါထာလေးကို နှုတ်တက်ရအောင်ဆောင်ထားကြပါ။

ဌိတိဘာဂိယသီလ ပီးတော့ ဌိတိဘာဂိယသီလဆိုတာကတော့ မိမိမှာရှိတဲ့ သီလကုသိုလ်လောက်နဲ့ တင်းတိမ်ရောင့်ရဲနေတယ်၊ သီလကုသိုလ်မှ တဆင့်တက်ပြီးတော့ သမာဓိကုသိုလ်မျိုး၊ ပညာကုသိုလ်မျိုးကို အားမထုတ်လိုဘူး၊ ဒီလို သီလလောက်နဲ့ ရပ်တည်နေတဲ့ သီလမျိုးကို ဌိတိဘာဂိယသီလလို့ ခေါ်တယ်၊ ဒါကိုလဲ ဝိသုဒ္ဓိမဂ်ဟာ ဂါထာလေးစီထားပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

ယော ပနတ္တမနော ဟောတိ၊ သီလသမ္ပတ္တိယာ ဣဓ။
ကမ္မဋ္ဌာနာနုယောဂမှိ၊ န ဥပ္ပါဒေတိ မာနသံ။
တုဋ္ဌဿ သီလမတ္တေန၊ အဃဋန္တဿ ဥတ္တရိ။
တဿ တံ ဌိတိဘာဂိယံ၊ သီလံ ဘဝတိ ဘိက္ခုနော။

၁။ ဝိသုဒ္ဓိမဂ် ဋ္ဌ၊ ပ၊ နှာ–၁၄–၁၅။

ပန၊ ထိုဟာနဘာဂိယသီလမှတပါး။ ဣဓ၊ ဤမြတ်စွာဘုရား၏ သာသနာတော်၌။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သီလသမ္ပတ္တိယာ၊ စတုပါရိသုဒ္ဓိသီလ၏ ပြည့်စုံခြင်းမျှဖြင့်။ အတ္တမနော၊ နှစ်သက် အားရသော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မဋ္ဌာနနုယောဂမ္ပိ၊ ကမ္မဋ္ဌာန်းတရား၌ အမြဲတစေ ဝီရိယကို ယှဉ်စေခြင်း၌။ မာနသံ၊ စိတ်ကို။ နဉပ္ပါဒေတိ၊ မဖြစ်စေ။

သီလမတ္တေန၊ စတုပါရိသုဒ္ဓိသီလမျှဖြင့်။ တုဋ္ဌဿ၊နှစ်သက်ရောင့်ရဲသော။ ဥတ္တရိ၊ အထက်သမာဓိ, ပညာ။ တရားထူးကို။ အဃဋ္ဋေန္တဿ၊ အပတ်တကုတ် အားမထုတ်သော။ တဿဘိက္ခုနော၊ ထိုရဟန်း၏။ တံသီလံ၊ ထိုသီလသည်။ ဌိတိဘာဂိယံ၊ ရပ်တည်နေသောအဘို့ရှိသည်။ ဘဝတိ၊ ဖြစ်၏။

ဝိသေသဘာဂိယသီလ မိမိကိုယ်၌ စတုပါရိသုဒ္ဓိသီလ တည်ပြီးတော့ အဲဒီသီလမှ တဆင့်တက်ပြီးတော့ သမာဓိတရားတွေရရှိအောင် ဆက်လက်အားထုတ်ခြင်း ရှိသော သီလမျိုးသည် ဝိသေသ ဘာဂိယသီလ မည်ပါတယ်၊ ဒီနေရာမှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက—

သမ္ပန္နသီလော ဃဋတိ၊ သမာဓတ္ထာယ ယော ပန။
ဝိသေသဘာဂိယံ သီလံ၊ ဟောတိ တဿ ဘိက္ခုနော။ [၁]

သမ္ပန္နသီလော၊ ပြည့်စုံသောသီလရှိသော။ ယောပနဘိက္ခု၊ အကြင်ရဟန်းတော်သည်ကား။ သမာဓတ္ထာယ၊ လောကီစျာန်အလို့ငှာ။ ဃဋတိ၊အားထုတ်၏။ တဿဘိက္ခုနော၊ ထိုရဟန်းတော်၏။ သီလံ၊ သီလသည်။ ဝိသေသဘာဂိယံ၊ ထူးသောအဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

နိဗ္ဗေဓဘာဂိယသီလ ဟော–နောက်ထူးခြားတဲ့ သီလကတော့ မိမိမှာ သီလကိုသိုလ်ပြည့်စုံ နေကာမျှနဲ့ ရောင့်ရဲတင်းတိမ် မနေဘဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ရရှိအောင် ကြိုးစားအားထုတ်တဲ့ သီလမျိုးကို နိဗ္ဗေဓဘာဂိယသီလလို့ ခေါ်ပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ဒီဂါထာကလေးကို ထုတ်ပြပြန်တယ်၊ ဘယ်လိုလဲဆိုတော့ ဂါထာလေးက–

အတုဋ္ဌော သီလမတ္တေန၊ နိဗ္ဗိဒံ ယော နုယုဉ္ဇတိ။
ဟောတိ နိဗ္ဗေဓဘာဂိယံ၊ သီလ မေတဿ ဘိက္ခုနော။

သီလမတ္တေန၊ သီလမျှဖြင့်။ အတုဋ္ဌော၊ မရောင့်ရဲသည်ဖြစ်၍။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ နိဗ္ဗိဒံ၊ ဗလဝဝိပဿနာ–နိဗ္ဗိဒါဉာဏ်ကို။ အနုယုဉ္ဇတိ၊ အားထုတ်၏။ တဿဘိက္ခုနော၊ ထိုရဟန်းတော်၏။ သီလံ၊ သီလသည်။ နိဗ္ဗေဓ

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ–၁၅။

ဘာဂိယံ၊ ကိလေသာအသင်း ရန်ခပင်းကို ဖောက်ထွင်းဖြိုဖျက် မဂ်သို့ဝင်ရောက်သည်။ ဝါ၊ မဂ်ဉာဏ်သို့ ဝင်ရောက်သော အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီလို သီလအမျိုးမျိုးပြားပုံကို အဋ္ဌကထာက ညွှန်ပြခဲ့ပါတယ်၊ ဒီနေရာမှာ အလျဉ်းသင့်လို့ သီလကုသိုလ်နဲ့ စပ်လျဉ်း၍ ဥပုသ်စောင့်သုံးပုံကို နဲနဲထည့်ဟောကြအုံးစို့၊ ရှစ်ပါးသီလဥပုသ်၊ ဆယ်ပါးသီလစတဲ့ ဥပုသ်သီလ ကုသိုလ်များကို စောင့်ထိန်းလိုကြလျှင် ဥပုသ်နေ့လို့ သတ်မှတ်ထားတဲ့ ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့များမှာသာ ဥပုသ်စောင့်ကောင်းပါတယ်လို့ ဒီလိုမမှတ်ရဘူး။

မိမိဆောက်တည်စောင့်ရှောက်လိုသော ရက်ဟူသမျှ ဥပုသ်စောင့်ကောင်းပါတယ်လို့ နေမြင် လမြင် ပရိယတ္တိကျမ်းကျင်သော ဆရာတော်ကြီးများက အဆုံးအဖြတ်ပြုတော်မူထားပါတယ်၊ ဒါကြောင့် မိမိစောင့်သုံးလိုသော ရက်များမှာ ဥပုသ်စောင့်ကြပါ၊ [နေ့]စဉ်ဥပုသ်စောင့်သုံးနိုင်လျှင်တော့ သာ၍ကောင်းပါတယ်၊ ဒီလိုစောင့်သုံးအပ်တဲ့ ဥပုသ်သည်–

ဥပုသ်သုံးမျိုး နိဂဏ္ဌဥပုသ်၊ ဂေါပါလဥပုသ်၊ အရိယာဥပုသ်လို့ သုံးမျိုးရှိပါတယ်။

နိဂဏ္ဌဥပုသ် အကျိုးမရှိ ဒိဋ္ဌိတို့ဝါဒကို နိဂဏ္ဌတို့က အရှေ့အရပ်မျက်နှာ တယူဇနာအတွင်း သတ္တဝါတို့ကို ဒဏ်ကိုချ၍ သနားစောင့်ရှောက်လော့–စသည်ဖြင့် အချို့သတ္တဝါတို့ကို သနားငဲ့ညာ၍ အကျိုးပြုစေလျက် အချို့ကိုတော့ ကြင်နာကင်းပ အကျိုးမရစေသော ဆုံးမခြင်းမျိုး–စသည်ဖြင့် အင်္ဂုတ္တိုရ် တိကနိပါတ် ဥပေါသထသုတ်၌လာသော ဥပုသ်မျိုးသည်နိဂဏ္ဌဥပုသ်မည်တယ်။

ဂေါပါလဥပုသ် အဘိဇ္ဈာ၊ တဏှာ၊ လောဘနှင့်စပ်၍ မမြတ်သောစီးပွားရေး၊ ကြီးပွားရေးစသည်တို့ကို တွေးဆကြံစည်လျက် စောင့်သောအရိယာဥပုသ်သည်ပင်လျှင် မိစ္ဆာဝိတက်ဝင်သောကြောင့် ဂေါပါလဥပုသ်လို့ခေါ်ပါတယ်၊ ဒီနေရာမှာ– "အရိယုပေါသထော ဝ အယံ၊ အပရိသုဒ္ဓဝိတက္ကတာယ ပန ဂေါပါလကဥပေါသထဋ္ဌာနေ ဌိတော"။[၁] လို့ အဋ္ဌကထာပြဆိုထားပါတယ်။

အရိယာဥပုသ် အရိယာသူတော်ကောင်းတို့ကျင့်သုံးအပ်သောဥပုသ်ကို အရိယာဥပုသ်လို့ ခေါ်ပါတယ်၊ အဲဒီ အရိယာဥပုသ်ကလဲ ဗြဟ္မုပေါသထ၊ ဓမ္မုပေါသထ၊ သံဃုပေါသထ၊ သီလုပေါသထ၊ ဒေဝတုပေါသထ၊ အဋ္ဌင်္ဂုပေါသထလို့ ခြောက်မျိုးပြားသေးတယ်။

၁။ တိကင်္ဂုတ္တရအဋ္ဌကထာ နှာ–၁၉၄။

အရိယာဥပုသ်ခြောက်မျိုး အရိယာဥပုသ်သည် မြတ်စွာဘုရား၏ အရဟံစသော ဂုဏ်တော်များကို ပွားများ၍၊ ဝါ-ဗုဒ္ဓါနုဿတိဘာဝနာကိုပွားများ၍ စောင့်သုံးသောဥပုသ်ကို ဗြဟ္မုပေါသထ ဥပုသ်လို့ ခေါ်တယ်၊ ထို့အတူဘဲ တရားတော်၏ သွာက္ခာတဂုဏ်စသည်ကိုပွားများ၍၊ ဝါ-ဓမ္မာနုဿတိဘာဝနာကို ပွားများထူထောင်၍ စောင့်သုံးသောဥပုသ်ကို ဓမ္မုပေါသထဥပုသ်။

သံဃာတော်မြတ်၏ သုပ္ပဋိပန္နစသော ဂုဏ်တော်များကို ပွားများ၍၊ ဝါ-သံဃာနုဿတိဘာဝနာကို ထူထောင်၍ ကျင့်သုံးဆောက်တည်သော ဥပုသ်ကို သံဃုပေါသထဥပုသ်။

မိမိစောင့်ထိန်း ကျင့်သုံးနေသောသီလ၏ မကျိုး, မပေါက်, မပြောက်, မကျား-စင်ကြယ်သန့်ရှင်းမှုကို အာရုံပြုပွားများ၍၊ ဝါ-သီလာနုဿတိဘာဝနာကို ထူထောင်၍ ကျင့်သုံးဆောက်တည် စောင့်ရှောက်အပ်သောဥပုသ်ကို သီလုပေါသထဥပုသ်။

နတ်ပြဟ္မာတို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရား ဂုဏ်ကျေးဇူးများကို အောက်မေ့ဆင်ခြင်၍ စောင့်ရှောက်ဆောက်တည် အပ်သောဥပုသ်ကိုဒေဝတုပေါသထဥပုသ်။

ယခုကာလ စောင့်ရှောက်ဆောက်တည်ကြရိုးဖြစ်သော ရှစ်ပါးသီလဥပုသ်ကို အဋ္ဌင်္ဂုပေါသထဥပုသ်၊ အဲဒီဥပုသ်ခြောက်မျိုးကို အရိယာဥပုသ်လို့ ဒီလိုခေါ်ပါတယ်။

ဒီဥပုသ်ခြောက်မျိုးထဲက နောက်ဆုံးပြောတဲ့ ရှစ်ပါးသီလဥပုသ်ကို အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ သူတွေသာကျင့်သုံးရပြီးတော့ အထက်ကပြခဲ့တဲ့ ဥပုသ်ငါးမျိုးကိုတော့ ရဟန်းရှင်လူ မည်သူမဆို ကျင့်သုံးဆောက်တည်နိုင်ပါတယ်။

အရိယာဥပုသ်ကျင့်သုံးခြင်း အရိယာဥပုသ်ကျင့်သုံးပုံက ဘယ်လိုလဲ ဆိုတော့ ဤမျှလောက်သော နေ့ ရက် လ နှစ်ပတ်လုံး ငါးပါးသီလကိုဖြစ်စေ, ဆယ်ပါးသီလကိုဖြစ်စေ၊ သို့မဟုတ် စတုပါရိသုဒ္ဓိသီလကိုဖြစ်စေ သူတော်ကောင်း ဥစ္စာခုနစ်ပါးတို့ကို အောက်မေ့ဆင်ခြင်၍ နေထိုင်အံ့ဟု ဆောက်တည်ကျင့်သုံး၍နေသမျှသည် အရိယာဥပုသ်ကို ကျင့်သုံးနေသည်မည်တယ်လို့ မှတ်ရမယ်။

ဒီနေရာမှာ အဋ္ဌင်္ဂကဥပုသ် စောင့်နေကျဖြစ်တဲ့ ရှစ်ရက်, လပြည့်, လကွယ် စသော နေ့ရက်များမှာသာ ဥပုသ်စောင့်ကောင်းတယ်လို့ တထစ်ချမှတ်မထားသင့်ဘူး၊ ဘယ်နေ့ဘယ်ရက်မဆို ဥပုသ်စောင့်ကောင်းတယ်၊ ဥပုသ်စောင့်လျှင် ဘယ်နေ့ဘယ်ရက်မှာဘဲ ဖြစ်ဖြစ် စောင့်ကောင်းတယ်၊ အကျိုးရှိတယ်လို့ မှတ်ထားရမယ်။

> ဥပေါသထံ ဝုတ္တတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗသီလံ။[၁]

လို့ မဟာသုဒဿနသုတ်ဋီကာ ဆရာတော်က မိန့်ကြားထားတာဖြစ်တော့ နေ့ရက် ဟူသမျှ ဘယ်နေ့ဘယ်ရက်မဆို ဥပုသ်စောင့်ကောင်းတယ်, စောင့်သင့်တယ်လို့ မှတ်ကြရမယ်၊ ဘယ်နေ့ဘယ်ရက်မဆို ဥပုသ်စောင့်နိုင်သမျှ ကောင်းကျိုး ရရှိနိုင်ပါတယ်၊ ဥပုသ်စောင့်ရမှာပျင်းတဲ့ ပုဂ္ဂိုလ်များနဲ့တော့ ဒီစကားဟာ သဟဇာတ ဖြစ်မယ်မထင်ဘူး၊ ဥပုသ်စောင့်လိုတဲ့ ပုဂ္ဂိုလ်များအတွက်ကတော့ဖြင့် ရက်မရွေးရပါဘူး၊ နေ့လဲမရွေးရပါဘူး၊ နေ့တိုင်း ရက်တိုင်း ဥပုသ် စောင့်နိုင်ပါတယ်၊ ဒါဖြင့် အချိန်ကာလ ရွေးရအုံးမလားဆိုတော့—

အချိန်မရွေးသီလဆောက်တည်နိုင်ခြင်း အိမ်ရာ တည်ထောင် လူ့ဘောင်မှာ နေကြတဲ့ ပုဂ္ဂိုလ်များအတွက်ကတော့ တအောင့်, တခဏ, တည, တရက်, တလ, တနှစ်, တသတ်လုံးပင် သီလဆောက်တည်ကောင်းပါတယ်၊ ယခုလို အချိန်မရွေး သီလဆောက်တည်နိုင်ပုံကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာက ဘာပြောထားသလဲဆိုတော့—

> ကတမေ ကာလပရိယန္တော ဥပါသကောပါသိကာနံ ဒါနံ ဒဒမာနံ ပရိဝေသန သီလံ သမာဒိယန္တိ၊ ဝိဟာရဂတော ဝိဟာရပရိယန္တံ သီလံ သမာဒိယန္တိ၊ ဧကံ ဝါ ဒွေ ဝါ တယော ဝါ ဘိယျော ဝါ ရတ္တိံ ဒိဝါနိ ပရိစ္ဆေဒံ ကတွာ သီလံ သမာဒိယန္တိ၊ အယံ ကာလပရိယန္တော။[၂]

လို့ ဒီလိုပြောထားပါတယ်၊ ဒါကြောင့် အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အတွက် သီလကုသိုလ်ကို ဘယ်အချိန်မဆို ခေတ္တဖြစ်စေ, တမနက်ဖြစ်စေ, နေ့ခင်းပိုင်း ဖြစ်စေ, ညနေပိုင်းဖြစ်စေ, ညပိုင်းဘဲဖြစ်စေ အချိန်တိုင်းအချိန်တိုင်းမှာ သီလဆောက်တည် ကောင်းပါတယ်လို့ မှတ်ကြရမယ်။

၁။ သုတ်မဟာဝါဋီကာ နှာ-၁၉၃။
၂။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ပ၊ နှာ-၁၀၀။

ကဲ-ဥပုသ်စောင့်သုံးမှုနှင့် ပတ်သက်လို့ ဟော်ကြအုံးစို့၊ အကျယ်ကိုသိလိုတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ထိုထိုဆရာတော်ကြီးများ၏ ဥပုသ်စောင့်ပုံ အဆုံးအဖြတ် သီလဝိနိစ္ဆယစတဲ့ ကျမ်းစာများမှာ ကြည့်ရှုလေ့ လာကြပေတော့၊ ဒီနေရာမှာတော့ ဒီလောက်နဲ့ဘဲ တော်ကြစို့ရဲ့၊ နောက်ပိုင်းမှာ သီလကထာနဲ့ ပတ်သက်လို့ ဟောစရာတွေ တော်တော်များများ ကျန်ရှိနေသေးတယ်။

ကဲ—သီလခဏ်းကိုပြန်စကြဦးစို့၊ နောက်ကဟောခဲ့သလို သီလ အမျိုးမျိုးရှိတဲ့အထဲက ပကတိသီလ, အာစာရသီလ, ဓမ္မတာသီလ, ပုဗ္ဗဟေတုကသီလလို့ လေးမျိုးပြားပါသေးတယ်။

ပကတိသီလ အဲဒီ လေးမျိုးထဲက "ဥတ္တရကုရုကာနံ မနုဿာနံ အဝီတိက္ကမော ပကတိသီလံ" တဲ့၊ အဓိပ္ပါယ်ကတော့ ဟိုမြောက်ကျွန်းသူများရဲ့ သူတို့သဘာဝအတိုင်း သူ့အသက်ကိုမသက်ခြင်း, သူ့ဥစ္စာကိုမခိုးယူခြင်း, သူတပါး၏သားမယားအိမ်ရာကို မကျူးလွန်ခြင်း, မုသားမပြောခြင်း, သေရည်သေရက်မသောက်ခြင်း ဆိုတဲ့ သူတို့၏ ပင်ကို သဘောအားဖြင့် အဲဒီ တရားငါးမျိုးကို မပြုလုပ်ဘဲနေကြတဲ့ သဘာဝသိဒ္ဓိငါးပါးသီလကို ပကတိ သီလလို့ခေါ်ပါတယ်။

အာစာရသီလ ပြီးတော့ "ကုလဒေသပါသဏ္ဍာနံ အတ္တနော အတ္တနော မရိယာဒါစာရိတ္တံ အာစာရသီလံ"[၁] တဲ့၊ ကုလဒေသပါသဏ္ဍာနံ၊ အမျိုးအလိုက်ကျင့်သူ, အရပ်ဒေသအလိုက်ကျင့်သူ, တိတ္ထိအသင်းအဖွဲ့ ဂိုဏ်းဂဏတို့၏အယူအလိုက်ကျင့်သူတို့၏။ အတ္တနော အတ္တနော၊ မိမိ မိမိတို့၏။ မရိယာဒါစာရိတ္တံ၊အပိုင်းအခြား စည်းကမ်းဖြစ်သော အလေ့အကျင့်သည်။ ဝါ၊လူမျိုး, အရပ်ဒေသ, ပါသဏ္ဍခေါ် သာသနာပ—ရသေ့ ရဟန်းတို့ ရှေးရှေး ပုဂ္ဂိုလ်တို့က မပြုကျင့်ရန် သတ်မှတ်ပညတ်ထားခဲ့သော စည်းကမ်းအရ အလေ့အကျင့်ကိုလိုက်နာကျင့်ဆောင်ခြင်းသည်။ အာစာရသီလံ၊ အာစာရ သီလမည်၏။ အဓိပ္ပါယ်ထင်ရှားနေပါပြီ၊ ရှေ့ဆက်သွားကြဦးစို့။

ဓမ္မတာသီလ သဗ္ဗညု ဘုရားအလောင်းတော် များရဲ့ မယ်တော်များ ဘုရားလောင်း ပဋိသန္ဓေ တည်သည်က စပြီးတော့ ရာဂစိတ်ဖြစ်ပေါ်လာခြင်း မရှိတဲ့အတွက် ကာရဏနိယာမခေါ် အကြောင်းအားဖြင့် မလွန်ကျူးအပ်သောသီလသည် ဓမ္မတာသီလ။

၁။ ဝိသုဒ္ဓိမဂ်၊ ၄၊ ပ၊ ၁၃-၁၅။

နည်းနည်းချဲ့ပြီးဟောပေးပါအုံးမယ်၊ မြတ်စွာဘုရားမပွင့်မီက လူအများဟာ ရသေ့ပရိဗိုဇ်တို့၏ အထံမှာ ရှိခိုးပြီးဆောင့်ကြောင့် ထိုင်၍ သီလယူလေ့ရှိကြပါတယ်၊ ဘုရားအလောင်းတော်၏ မယ်တော်ဟာလဲ ကာလဒေဝိလ ရသေ့ကြီး ထံမှာ သီလယူရပါတယ်၊ဘုရားအလောင်း ပဋိသန္ဓေယူသည့်မှစ၍ တပါးသောသူ၏ ခြေရင်း၌ ထိုင်နေခြင်းငှာ မထိုက်တော့ဘူးတဲ့၊ မိမိ၏နေရာ၌သာ ယူအပ်သော သီလကို ဆင်ခြင်ပြီးတော့ နေရပါတော့တယ်၊ ဒီနေရာမှာပါဠိတော်က ဘယ်လို ပြောထားသလဲဆိုတော့—

ဓမ္မတာ သော ဘိက္ခဝေ ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ၊ ပကတိယာ သီလဝတီ ဗောဓိသတ္တမာတာ ဟောတိ၊ ဝိရတာ ပါဏာတိပါတာ၊ ဝိရတာအဒိန္နာဒါနာ၊ ဝိရတာ ကာမေသုမိစ္ဆာစာရာ၊ ဝိရတာ မုသာဝါဒါ၊ ဝိရတာ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ အယမေတ္ထဓမ္မတာ။ [၁]

လို့ပါဠိတော်က ပြဆိုပါတယ်၊ ဥပရိပဏ္ဏာသပါဠိတော်ကတော့ "ယဒါနန္ဒ ဗောဓိသတ္တော" စသည်ဖြင့်ပြပါတယ်၊ ပါဠိတော်ကို အနက်ပေးကြအုံးစို့။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သော၊ ဤဆိုလတ္တံ့သည် ကား။ ဓမ္မတာ၊ ဓမ္မတာပေတည်း။ ယဒါ၊ အကြင်အခါ၌။ ဗောဓိသတ္တော၊ ဘုရားအလောင်းတော်သည်။ မာတုကုစ္ဆိံ၊ မယ်တော်ဝမ်းသို့။ ဩက္ကန္တော၊ သက်ရောက်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပကတိယာ၊ ပကတိ သဘောအားဖြင့်။ ဗောဓိသတ္တမာတာ၊ ဘုရားအလောင်းတော်၏ မယ်တော် သည်။ သီလဝတီ၊ သီလရှိသည်။ ဟောတိ၊ ဖြစ်၏။

ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကိုခိုးယူခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ် သဖြင့်ကင်းသည်။ ဟောတိ၊ ဖြစ်၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်၌ မှားသောလွန်ကျူးခြင်းမှ။ ဝိရတာ၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒါ၊ မမှန်မုသားပြောကြားခြင်းမှ။ ဝိရတာ၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ သေရက်စသည်ကို သောက်စားမူးယစ် ခြင်းမှ။ ဝိရတာ၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသီလနှင့် ပြည့်စုံခြင်း သည်။ ဧတ္ထ၊ ဤသို့အမိဝမ်းသို့ဝင်ရာ၌။ဓမ္မတာ၊ ဓမ္မတာပင်တည်း။

အဲဒီလို ပါဠိတော်များမှာလာတဲ့ ဒေသနာတော်အရ ဘုရားအလောင်း တော်များ၏ မယ်တော်များမှာရှိနေတဲ့ သီလမျိုးကို ဓမ္မတာသီလလို့ ခေါ် ပါတယ်၊ ပြီးတော့ ပါဠိတော်ကပြောပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

၁။ ဒီ၊ ၂၊ ပါ၊ နှာ–၁၁။ မ၊ ၃၊ ပါ၊ နှာ–၁၆၂။

> ဓမ္မတာ ဧသာ ဘိက္ခဝေ ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ၊ န ဗောဓိသတ္တမာတု ပုရိသေသု မာနသံ ဥပ္ပဇ္ဇတိ ကာမဂုဏူပသံဟိတံ။

လို့ပြဆိုဟောကြားခဲ့ပါသေးတယ်၊ ဥပရိပဏ္ဏာသပါဠိတော်မှာလဲဘဲ "ယဒါ နန္ဒ ဗောဓိသတ္တော" စသည်ဖြင့် ဒီလိုဘဲဟောခဲ့ပါတယ်၊ အဓိပ္ပါယ်ကတော့ မြတ်စွာဘုရားအလောင်းတော် အမိဝမ်းမှာ ပဋိသန္ဓေ တည်နေသည်ကစပြီးတော့ ဘုရားအလောင်းတော်၏ မယ်တော်အား ယောကျ်ားတို့၌ ကာမဂုဏ်နှင့်စပ်လျဉ်းသောစိတ်မျိုး မဖြစ်တော့ဘူးကဲ့၊ ဖြစ်လဲမဖြစ်စကောင်းဘူး။

ဒါကြောင့် ဘုရားအလောင်းတော်များရဲ့ မယ်တော်များမှာ ကာမရာဂနိယာမအားဖြင့်တည်သော ငါးပါးသီလမျိုးကို ဓမ္မတာသီလလို့ခေါ်ရတယ်။

ပုဗ္ဗဟေတုကသီလ မဟာကဿပ, ဘဒ္ဒါ, ဘုရားအလောင်း သီလဝရာဇာစတဲ့ စင်ကြယ်သန့်ရှင်းသော သတ္တဝါတို့ရဲ့ သမ္ပတ္တဝိရတီ၌ ရေတွက်အပ်သော သီလကိုတော့ ပုဗ္ဗဟေတုက သီလလို့ ခေါ်တယ်။

တနည်း–သီလလေးမျိုး အဲဒီလို သီလလေးမျိုးပြားပြီးတဲ့နောက် ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယ သံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတ သီလ ဟူ၍ သီလလေးမျိုး ပြားပြန်ပါသေးတယ်၊ အဲဒီသီလအမျိုးမျိုးပြားတဲ့အထဲက ပါတိမောက္ခ သံဝရ သီလစတဲ့ အဲဒီသီလလေးမျိုးကတော့ တော်တော်အရေးကြီးတဲ့ အတွက် အနည်းငယ်အချိန်ယူပြီးတော့ ဟောကြစို့။

ပါတိမောက္ခသံဝရသီလ ခုပြောတဲ့ သီလလေးမျိုးထဲက ပါတိမောက္ခ သံဝရ သီလကို ပါဠိတော်က ဘယ်လိုပြသလဲဆိုတော့—

"ဣဓ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရ ဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု"။[1]

လို့ ဒီလိုဟောကြားတဲ့ အနက်အဓိပ္ပါယ်တွေကို ဟိုဘုန်းကြီးတို့ နောက်က ဟောကြား ပေးခဲ့တဲ့ ပါတိမောက္ခ သံဝရ သီလပိုင်းမှာ ပါတိမောက္ခ, အာစာရ, ဂေါစရစတဲ့ အဓိပ္ပါယ်များကို စုံသင့်သလောက် စုံအောင် ဟောကြားခဲ့ပြီးပြီ၊ အခု ဒီနေရာမှာတော့ ပါတိ မောက္ခသံဝရသီလကို သိပ်အကျယ် မဟောတော့ဘဲ ဣန္ဒြိယ သံဝရသီလပိုင်းကို နဲနဲအကျယ်ချဲ့ကြရအောင်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဣန္ဒြိယ သံဝရ သီလကို ဒီလိုမှတ်ကြရမယ်။

၁။ သီလက္ခန် ပါဠိတော် နှာ-၅၉ စသည်။

ဣန္ဒြိယသံဝရသီလ သော စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏ မေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ တဿ သံဝရာယ ပဋိပဇ္ဇတိ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ၊ သောတေန သဒ္ဒံ သုတွာ။ပ။ မနသာ ဓမ္မံ ဝိညာယ။ပ။ မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ။[1]

သော၊ ထိုပါတိ မောက္ခ သံဝရသီလ၌ တည်ပြီးသောရဟန်းသည်။ စက္ခုနာ၊ အကြောင်းစက္ခု တင်စားပြုသော စက္ခုဝိညာဏ်ဖြင့်။ ရူပံ၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ အဆင်းကို။ ဒိသွာ၊ မြင်၍။ နိမိတ္တဂ္ဂါဟီ၊ မိန်းမ, ယောကျ်ားဟု သိကြောင်းဖြစ်သော အပေါင်းသဏ္ဌာန် မူဟန်ရုပ်သွင် ဆံပင်ထုံးခြင်း, ဝတ်ခြင်း, စမွယ်တင့်တယ် ဘွယ်ရာ ဣဋ္ဌာ နိဋ္ဌ-ရာဂ, ဒေါသ, မောဟ အကြောင်း ကောင်း မကောင်းသော အခြင်းအရာဟူသော နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။

အနုဗျဉ္ဇနဂ္ဂါဟီ၊ ကိလေသာကို ခါခါဆင့်ပွား ထင်ရှားအောင်ပြု အနုဗျဉ္ဇန အမည်ရလေ လက်ခြေရယ်မော ပြောဟောကြည့်ရှု ဘူတုပါဒါ သန္နိဝေသာကာရကို ယူလေ့ရှိသည်။ နဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ- ယတော- အဓိကရဏံ၊ အကြင် မစောင့်စည်း မချုပ်တည်း အပ်လေ စက္ခုန္ဒြေ ဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်ရှောက်ဘဲ။ ဝိဟရန္တံ၊ နေလေ့ရှိသော။ နံဘိက္ခုံ၊ ထိုရဟန်းကို။ အဘိဇ္ဈာဒေါမနဿာ၊ ဒလာဘ, ဒေါသဟု ဆိုအပ် ကုန်သော။ ပါပကာ၊ ယုတ်မာ ညစ်ကျု မကောင်းမှုတရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်တစိုက် လိုက်ကုန်ရာ၏။

တဿ၊ ထိုဣန္ဒြေဟူသော တံခါးပေါက်ကို၊ သံဝရာယ၊ သတိဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့စောင့်ရှောက်ခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်စည်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။

"သောတေန သဒ္ဒံ သုတွာ" စသည်တို့မှာလဲ ဒီအတိုင်းဘဲ သိကြရမယ်၊ အဲဒီလို စက္ခုဒွါရ, သောတဒွါရစတဲ့ ပသာဒရုပ်များကိုမှီပြီးတော့ အဆင်းစတဲ့ အာရုံတွေကို စက္ခုဝိညာဉ်စသည်တို့ဖြင့် မြင်ကြ ကြားကြ နံကြ လျက်ကြ တွေ့ထိကြ သိကြတဲ့အခါမှာ ရာဂ, ဒေါသ, မောဟစတဲ့ အကုသိုလ်အညစ်

၁။ သီလက္ခန်ပါဠိတော် နှာ-၆၆ စသည်။

အကြေးတွေ မဖြစ်ရလေအောင် သတိဖြင့်အာရုံ၏သဘောမှန်တွေကို ထင်ရှားစေပြီးတော့ ပညာဖြင့်ဆင်ခြင်ပြီး ရာဂစသော အကုသိုလ်အညစ်အကြေးတွေ ဝင်မလာအောင် စောင့်စည်း ထိန်းသိမ်းခြင်းကို ဣန္ဒြိယသံဝရသီလလို့ ဒီလိုခေါ်ပါတယ်။

နောက်တနည်း- ဣန္ဒြိယသံဝရသီလကို သုတ်မဟာဝါပါဠိတော်မှာ မြတ်စွာဘုရားဟောကြားထားတာ ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်ထားတယ်—

> ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ဣန္ဒြိယသံဝရာယ ပဋိပန္နော ဟောတိ–တဲ့။[၁]

မာရိသ၊ ကျွန်ုပ်ကဲ့သို့သော မြတ်စွာဘုရား။ ကထံပဋိပန္နော၊ အဘယ်သို့ကျင့်သော။ ဘိက္ခု၊ ရဟန်းတော်သည်။ ဣန္ဒြိယသံဝရာယ၊ ဣန္ဒြေစောင့်စည်းခြင်းသီလကို။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

မြတ်စွာဘုရား....အဘယ်သို့ကျင့်သော ရဟန်းတော်သည် ဣန္ဒြေစောင့်စည်းခြင်း- ဣန္ဒြိယ သံဝရသီလကို ကျင့်သည် မည်ပါသနည်းဟု သိကြားမင်းက မေးလျှောက်တဲ့အခါ မြတ်စွာဘုရားရှင်က ဤသို့ဖြေကြားတော်မူပါတယ်။

> စက္ခုဝိညေယျံ ရူပံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ၊ သောတဝိညေယျံ သဒ္ဒံပါဟံ–ဃာနဝိညေယျံ ဂန္ဓံ ပါဟံ–ဇိဝှာဝိညေယျံ ရသံပါဟံ–ကာယဝိညေယျံ ဖောဋ္ဌဗ္ဗံပါဟံ–မနောဝိညေယျံ ဓမ္မံပါဟံ ဒေဝါနမိန္ဒဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ။[၂]

လို့ မြတ်စွာဘုရားက သိကြားမင်းရဲ့ အမေးကို ဖြေကြားတော်မူပါတယ်၊ အဓိပ္ပါယ်ကတော့ နတ်တို့သေဋ္ဌနင်း သိကြားမင်း.... မျက်စိဖြင့်မြင်သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကိုလည်း မှီဝဲအပ်သော ရူပါရုံ၊ မမှီဝဲအပ်သော ရူပါရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟောတော်မူ၏။

နတ်တို့သေဋ္ဌနင်းသိကြားမင်း....နားဖြင့်သိအပ်သော အသံမျိုးစုံ သဒ္ဒါရုံကိုလည်း၊ နှာခေါင်းဖြင့် သိအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံကိုလည်း၊ လျှာဖြင့်သိအပ်သောအရသာ မျိုးစုံ ရသာရုံကိုလည်း၊ ကိုယ်ဖြင့် သိအပ်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကိုလည်း၊ စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကိုလည်း မှီဝဲအပ်၊ မမှီဝဲအပ်သော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူ၍ နှစ်ပါးစီ

၁။ ဒီ၊ ၂၊ ပါ၊ နှာ–၂၂၄။
၂။ ဒီ၊ ၂၊ ပါ၊ နှာ–၂၂၅။

နှစ်ပါးစီ အပြားအားဖြင့် ငါဘုရား ဟောကြားတော်မူ၏လို့ မြတ်စွာဘုရားက အကျဉ်းအားဖြင့် ဖြေကြားတော်မူလိုက်တော့သိကြားမင်းက အကျယ်အားဖြင့် ဝေဘန်၍ အသိဉာဏ်ရောက်သွားပါတယ်၊ ဘယ်လိုရောက်သွားပါသလဲဆိုတော့—

> ယထာရူပံ ဘန္တေ စက္ခုဝိညေယျံ ရူပံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဍန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ဧဝရူပံ စက္ခုဝိညေယျံ ရူပံ န သေဝိတဗ္ဗံ၊ ယထာရူပဉ္စ ခေါ ဘန္တေ စက္ခုဝိညေယျံ ရူပံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဍန္တိ ဧဝရူပံ စက္ခုဝိညေယျံ ရူပံ သေဝိတဗ္ဗံ။[1]

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသောမြတ်စွာဘုရား။ ယထာရူပံ၊ အကြင်သို့သဘောရှိသော။ စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော။ ရူပံ၊ ရူပါရုံကို။ သေဝတော၊ မှီဝဲသောသူအား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဍန္တိ၊ တိုးပွားကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့်သိအပ်သော။ ရူပံ၊ ရူပါရုံကို။ နသေဝိတဗ္ဗံ၊ မမှီဝဲအပ်။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ စခေါ၊ စင်စစ်သော်ကား။ ယထာရူပံ၊ အကြင်သို့ သဘောရှိသော။စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော။ ရူပံ၊ ရူပါရုံကို။ သေဝတော၊ မှီဝဲသောသူအား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဍန္တိ၊ တိုးပွားကုန်၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ဝါ၊ ဤသို့အကုသိုလ်ပျက်ပြား ကုသိုလ်တိုးပွားခြင်း များသော။ စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့်သိအပ်သော။ရူပံ၊ ရူပါရုံကို။ သေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ ဤသို့စသည်ဖြင့် အာရုံခြောက်ပါး အစဉ်အတိုင်း ဟောကြားထားပါတယ်။

အဓိပ္ပာယ်ကတော့- စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ်တို့ဖြင့်သိအပ်သော အဆင်းမျိုးစုံရူပါရုံ, အသံမျိုးစုံ သဒ္ဒါရုံ, အနံ့မျိုးစုံ ဂန္ဓာရုံ, အရသာမျိုးစုံ ရသာရုံ, အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ, နာမ်ရုပ်မျိုးစုံ ဓမ္မာရုံတို့ကို တွေ့ကြုံမှီဝဲသောသူအား မိမိ၌ တွေ့ကြုံအပ်သော အာရုံများကိုမှီပြီးတော့ ရာဂစသော ကိလေသာတရားတို့ တိုးပွားဖြစ်ပေါ်လာမယ်ဆိုယင်—

အဲဒီ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံများကို ကြည့်ရှု-နားထောင်ခြင်း, နမ်းရှူ-စားသောက်ခြင်း, တွေ့ထိ-နှလုံးသွင်းခြင်း

[1] ဒီ၊ ၂၊ ၄၊ နှာ-၃၂၀။

များကို မမှိဝဲအပ် မမှိုပဲကောင်းဘူး၊ကြည့်လဲမကြည့်ကောင်းဘူး၊ နားလဲမထောင်ကောင်းဘူး၊ နမ်းလဲမနမ်းကောင်း, စားလဲမစားကောင်း, ထိလဲမထိကောင်း, နှလုံးလဲမသွင်းကောင်းဘူးလို့ ဒီလိုမှတ်ရမယ်၊ ဒီနေရာမှာ အဋ္ဌကထာဆရာက ဘယ်လိုဖွင့်ပြတော်မူသလဲဆိုတော့—

> ယံ ရူပံ ပဿတော ရာဂါဒယော ဥပ္ပဇ္ဇန္တိ၊ တံ န သေဝိတဗ္ဗံ န ဒဋ္ဌဗ္ဗံ န ဩလောကေတဗ္ဗန္တိအတ္ထော။[၁]

လို့ဖွင့်ပြတော်မူခဲ့ပါတယ်၊ သဒ္ဒါရုံစသည်ကိုနားထောင်ခြင်း စသည်တို့မှာ ဒီအတိုင်းဘဲ ဖွင့်ပြခဲ့ပါတယ်၊ ဓမ္မာရုံကျတော့ နဲနဲချဲ့ပြီးတော့ ပြပါတယ်၊ ဘယ်လိုလဲဆိုတော့—

> ယေ မနောဝိညေယျေ ဓမ္မေ သမန္နာဟရန္တဿ ရာဂါဒယော ဥပ္ပဇ္ဇန္တိ "အဟောဝတယံ ပရေသံ ပရိဝိတ္တူပကရဏံ တံ မမဿာ" တိအာဒိနာ နယေန ဝါ အဘိဇ္ဈာဒိနိ အာပါထမာဂစ္ဆန္တိ၊ ဧဝရူပါ ဓမ္မာ န သေဝိတဗ္ဗာ။[၂]

လို့ဖွင့်ဆိုပါတယ်၊ အဋ္ဌကထာအနက်က ဘယ်လိုလဲဆိုတော့– မနောဝိညေယျေ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ယေဓမ္မေ၊ အကြင်ရုပ်နာမ်တရားတို့ကို။ သမန္နာရဟန္တဿ၊ ကောင်းစွာဆောင်နှင်း နှလုံးသွင်းသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ရာဂါဒယော၊ ရာဂစသော အကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်အံ့။ ပရေသံ၊ တပါးသောပုဂ္ဂိုလ်တို့၏။ ယံပရိဝိတ္တူပကရဏံ၊ အကြင်တပါးသောပုဂ္ဂိုလ်တို့၏ နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော စည်းစိမ်ဥစ္စာ အဆောက်အဦသည်။ အတ္ထိ၊ ရှိ၏။ တံပရိဝိတ္တူပကရဏံ၊ ထိုသူတပါးတို့၏ နှစ်သက်ဖွယ်ဖြစ်သောစည်းစိမ်ဥစ္စာ အဆောက်အဦသည်။ မမ၊ ငါ၏။ သန္တကံ၊ စည်းစိမ်ဥစ္စာသည်။ အဿ၊ ဖြစ်ပါမူကား။ အဟောဝတ၊ ကောင်းလေစွ။ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန ဝါ၊ နည်းဖြင့်မူလည်း။ အဘိဇ္ဈာဒိနိ၊ မနောဝိညာဏ်ဖြင့်သိအပ်ကုန်သော အဘိဇ္ဈာအစရှိကုန်သော တရားတို့သည်။ အာပါထံ၊ ရှေ့ရှုကျရောက်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ ဓမ္မာ၊ ဓမ္မာရုံတို့ကို။ နသေဝိတဗ္ဗာ၊ မမှိဝဲအပ်ကုန်။

အဲဒီလိုသူတပါးတို့၏ အသုံးအဆောင်ပစ္စည်းများသည် ငါ့ဥစ္စာဖြစ်ပါမူကား ကောင်းလေစွ၊ ဤသို့စသည်ဖြင့် အဘိဇ္ဈာစသောအခြင်းအရာအားဖြင့် အကြင်

၁။ ဒီ၊ ၂၊ ဋ္ဌ၊ နှာ-၃၂၀။ ၂။ ဒီ၊ ၂၊ ဋ္ဌ၊ နှာ-၃၂၉

ဓမ္မာရုံတရားတွေ ထင်လာမယ်ဆိုလျှင် အဲဒီဓမ္မာရုံတရားတွေကို နှလုံးမသွင်း ကောင်းဘူးတဲ့။

ပြီးတော့ နောက်တပိုဒ် မှိုဝဲသင့်မှိုဝဲထိုက်တဲ့ အာရုံများကျတော့ ဘယ်လို မှတ်ကြရမလဲဆိုလျှင် စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနလို့ဆိုတဲ့ ဝိညာဉ်များနဲ့ သိအပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဓမ္မာရုံ-ဤတရားတွေကို မှိုဝဲတဲ့သူအား မပိမိတွေကြုံမှိုဝဲနေသော အာရုံများကို မှိုပြီးတော့ အသုဘသညာဖြစ်စေ, သဒ္ဓါတရားဖြစ်စေ, အနိစ္စသညာရသည်ဖြစ်စေ-ဤသို့စသည်ဖြင့် ကုသိုလ်တရား တိုးပွားငြားအံ့၊ ဒီလိုအာရုံမျိုး ကျတော့ မှိုဝဲကောင်းတယ်,ကြည့်ရှုကောင်းတယ်,နားထောင်ကောင်းတယ်လို့ မှတ်ရမယ်။ ဟောဒီနေရာမှာ အဋ္ဌကထာက ဘယ်လိုပြောထားသလဲလို့ဆိုတော့--

ယံ ပန ပဿတော အသုဘသညာ ဝါ သဏ္ဌာတိ၊ ပသာဒေါ ဝါ ဥပ္ပဇ္ဇတိ၊ အနိစ္စသညာ ပဋိလာဘော ဝါ ဟောတိ၊ တံ သေဝိတဗ္ဗံ။[၁]

လို့ ဒီလိုပြဆိုထားတယ်။

သဒ္ဒါရုံကို မှိုဝဲတဲ့အခါမှာလဲ ဒီလိုပါဘဲ၊ သဒ္ဓါတရားတွေ, သံသရာဝဋ်ဆင်း ငြိမ်းငွေ့ကြောင်းဖြစ်သော ဝဋ္ဋာနုဂါမိနီ့ဝိပဿနာဉာဏ်တွေ ဖြစ်နိုင်တဲ့ အသံမျိုး ဆိုလျှင် အိုးထိန်းသည် ကျွန်မရဲ့ သီဆိုအပ်တဲ့ သီချင်းသံပင် ဖြစ်ပါစေ အကြောင်းတရား, အကျိုးတရားနဲ့စပ်တဲ့ အသံမျိုးဆိုလျှင် ဝဋ်ဆင်းရဲကို ငြိမ်းငွေ့စေတတ်တဲ့ အသံမျိုးဆိုလျှင် နားထောင်ကောင်းပါတယ်လို့ အဋ္ဌကထာက ဆိုတယ်၊ ဘယ်လိုလဲဆိုတော့--

ယံ ပန အတ္ထနိဿိတံ ဓမ္မနိဿိတံ ကုမ္ဘဒါသိဂီတမ္ပိ သုဏန္တဿ ပသာဒေါ ဝါ ဥပ္ပဇ္ဇတိ၊ နိဗ္ဗိဒါ ဝါ သဏ္ဌာတိ၊ ဧဝရူပေါ သဒ္ဒေါ သေဝိတဗ္ဗော။

အတ္ထနိဿိတံ၊ အကျိုးတရားကိုမှီသော။ ဝါ၊ သမ္ပရာယိက အကျိုးကိုမှီသော။ ဓမ္မနိဿိတံ၊ အကြောင်းတရားကိုမှီသော။ ဝါ၊ ဝိဝဋ္ဋဓမ္မကိုမှီသော။ ဝါ၊ လောကုတ္တရာဓမ္မ, ရတနတ္တယဓမ္မကိုမှီသော။ ယံကုမ္ဘဒါသိဂီတမ္ပိ၊ အကြင် အိုးထိန်းသည် ကျွန်မရဲ့ သီချင်းသံကိုသော်လည်း။ သုဏန္တဿ၊ နားထောင် သော ပုဂ္ဂိုလ်အား။ ပသာဒေါ ဝါ၊ ရတနာသုံးပါး, ကံ-ကံ၏ အကျိုးတရားကို ကြည်ညိုမှုသည်လည်း။ ဝါ၊ ယုံကြည်မှုသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်အံ့။ နိဗ္ဗိဒါ ဝါ၊ သံသရာဝဋ်ကို ငြီးငွေ့ခြင်း ဝိပဿနာသည်လည်း။ သဏ္ဌာတိ၊ တည်အံ့။

၁။ ဒီ၊ ၂၊ ၄၊ နှာ-၃၂၀။

ဝေရူပေါ၊ ဤသို့သဘောရှိသော။ သဒ္ဒေါ၊ အသံမျိုးကို။ သေဝိတဗ္ဗော၊ နား ထောင်မှီဝဲကောင်း၏။

ဤသို့စသည်ဖြင့် အနုံ့ကိုနမ်းရှုရာမှာ အသုဘသညာစသည်ကို ရမယ်ဆိုယင် ထို့အတူပဲ အစာစားတဲ့အခါမှာလဲ အာဟာရေပဋိကူလသညာကို ရမယ် ဆိုယင်တဲ့ အစာစားခြင်းကြောင့် ခန္ဓာကိုယ်၊အင်အားရှိမှုကို မှီပြီးတော့၊အရိယာ ဘုမ်သို့ရောက်စေနိုင်တဲ့ စားသောက်ခြင်းမျိုးကို မှီဝဲသင့်တဲ့ စားသောက်ခြင်း မျိုးလို့ မှတ်ရမယ်၊ ဒီနေရာမှာ အဋ္ဌကထာဆရာတော်က–

မဟာသီဝတ္ထေရ ဘာဂိနေယျ သီဝသာမဏေရဿ ဝိယ ပရိ ဘုဥ္ဇန္တဿေဝ ကိလေသက္ခယော ဝါ ဟောတိ။

လို့ဖွင့်ဆိုထားချက်တခုရှိပါတယ်။

မဟာသီဝတ္ထေရဘာဂိနေယျ သီဝသာမဏေရဿ၊ မဟာသီဝထေရ်၏ တူတော် ဖြစ်သော သီဝသာမဏေအား။ ပရိဘုဥ္ဇန္တဿ၊ စားနေစဉ်။ကိလေသက္ခယောဝါ၊ ကိလေသာကုန်သည်လည်း။ဟောတိဝိယ၊ဖြစ်သကဲ့သို့–လို့ ဖွင့်ဆိုထားပါတယ်။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာကတော့ ပစ္စယသန္နိဿိတသီလခန်းမှာ ဘာဂိ နေယျသံဃရက္ခိတ သာမဏေဝတ္ထုကို ထုတ်ပြထားပါတယ်)

ဖောဋ္ဌဗ္ဗာရုံကို တွေ့ကြုံရရှိတဲ့အခါမှာလဲ ရဟန်းကိစ္စမပြီးသေးမီ တွေ့ထိသော ရဟန်း၏ သန္တာန်ဝယ် အရှင်သာရိပုတ္တရာစသော မထေရ်တို့၏ သန္တာန်မှာကဲ့သို့ အာသဝတရားတို့၏ ကုန်ခြင်းသည်၎င်း, ဝီရိယကို ကောင်းစွာ ချီးမြှောက်အပ် သည်၎င်း, နောင်လာနောင်သား ရဟန်းများကိုလည်း မြင်အပ်သည်ကို အတု လိုက်ခြင်း (ဒိဋ္ဌာနုဂတိကို) ဖြစ်စေခြင်းဖြင့် ချီးမြှောက်အပ်သည်၎င်း ဖြစ်ငြား အံ့၊ အဲဒီလို အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံမျိုးကို မှီဝဲအပ် မှီဝဲကောင်းတယ်လို့ မှတ်ကြရမယ်။

အခုပြဆိုခဲ့တဲ့ အရှင်သာရိပုတ္တရာ စသော မထေရ်များ ဘယ်လိုကျင့်ကြသ လဲလို့ဆိုတော့ အရှင်သာရိပုတ္တရာမထေရ်ကြီးဟာ နှစ်ပေါင်းသုံးဆယ်တိုင်ပတ်လုံး ညောင်စောင်းပေါ်မှာ ကျောမဆန့်ခဲ့ဖူးဘူး၊ ရှင်မောဂ္ဂလာန်မထေရ်လဲ ဒီလိုပါ ပဲ၊ ရှင်မဟာကဿပမထေရ်ကတော့ နှစ်ပေါင်း တရာ့နှစ်ဆယ်တဲ့၊ အရှင်အနု ရုဒ္ဓါကတော့ နှစ်ပေါင်းငါးဆယ်တဲ့၊ သောဏ မထေရ်ကတော့ အနှစ်တဆဲ့ရှစ် နှစ်တဲ့၊ ရဋ္ဌပါလမထေရ်ကတော့ တဆဲ့ နှစ်နှစ်တဲ့၊ ရှင်အာနန္ဒာက တဆဲ့ငါး နှစ်၊ ရှင်ရာဟုလာက တဆဲ့နှစ်နှစ်၊ ရှင်ဗာကုလက နှစ်ပေါင်းရှစ်ဆယ်တဲ့၊ မော နေယျအကျင့်ကို ကျင့်တဲ့ ရှင်နာဠက မထေရ်ကတော့ ပရိနိဗ္ဗာန် ပြုသည့်တိုင် အောင် ညောင်စောင်းပေါ်မှာ ကျောဆန့်တော်မမူဘူးတဲ့၊ဒီလိုဘဲ အဋ္ဌကထာက ညွှန်ပြပါတယ်။

ဓမ္မာရုံကျတော့လဲ အကြင် ဓမ္မာရုံကို နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အလုံးစုံသောသတ္တဝါတို့သည်ဘေးရန်ခပ်သိမ်းကင်းငြိမ်း ကြပါစေ–ဤသို့စသည် ဖြင့် မေတ္တာဗြဟ္မစိုရ်ဖြစ်သော ဗြဟ္မစိုရ် တရားတို့ကို ပွားများသည်၏အစွမ်းအား ဖြင့် မနောဒွါရဝယ် ထင်လာသော ဓမ္မာရုံတို့သည်၎င်း, ရှေ့မထေရ် မြတ်တို့၏ မနောဒွါရဝယ် ထင်လာသောဓမ္မာရုံတို့သည်၎င်း၊ အဲဒီဓမ္မာရုံများကို မှီဝဲသင့်တဲ့ ဓမ္မာရုံများလို့ မှတ်သားကြရမယ်။

ရှေးကမထေရ်သုံးပါး ကျောင်းတခုဝယ် ဝါဆိုကြရာ ဝါကပ်မည့်နေ့၌ အချင်းချင်းကတိကဝတ်တခု ပြုကြတယ်၊ ဘယ်လိုလဲဆိုတော့

ကာမဝိတက္ကာဒယော အကုသလဝိတက္ကာ န ဝိတက္ကေတဗ္ဗာ-တဲ့

အာဝုသော၊ ငါ့ရှင်တို့။ အမှေဟိ၊ ငါတို့သည်။ ကာမ ဝိတက္ကာဒယော၊ ကာမဝိတက်အစရှိကုန်သော။ အကုသလဝိတက္ကာ၊ အကုသိုလ် ဝိတက်တို့ကို။ နဝိတက္ကေတဗ္ဗာ၊ မကြံကုန်စတမ်းလို့ ကတိကဝတ် ပြုထားကြတယ်၊ သီတင်း ကျွတ်တော့ သံဃမထေရ်ကြီးကမထေရ်ငယ်ကိုမေးတယ်။

အာဝုသော ဣမသ္မိံ တေမာသေ ကိတ္တကေ ဌာနေ စိတ္တဿ ဓာဝိတုံဒိန္နန္တိ။

အဓိပ္ပါယ်ကတော့–ငါ့ရှင်....ဝါတွင်းသုံးလ ကာလအတွင်းဝယ် အဘယ်မျှ သောအရပ်၌ စိတ်အားပြေးသွားဖြစ်ပွားခွင့်ကို ပေးအပ်သနည်းလို့ မေးတော်မူတယ်၊ ဒီတော့ မထေရ်ငယ်က အရှင်ဘုရား....တပည့်တော်သည် ဤဝါတွင်း သုံးလပတ်လုံး ကျောင်းဝိုင်းအပြင်၌ စိတ်အား ပြေးသွားခွင့်ကို မပေးခဲ့ပါဟု ဖြေကြားလိုက်ပါတယ်။

အဲဒီစကားဖြင့် ကျောင်းတွင်းရောက်လာတဲ့ ရူပါရုံစသည်ကို အာရုံပြုမိ၍ ကမ္မဋ္ဌာန်းလွတ်သောစိတ် တခါတရံဖြစ်ခဲ့ဘူးပေမဲ့ ကျောင်းအတွင်း၌ ဝိသဘာဂ အာရုံမရှိပါ၊ ထို့ကြောင့် အာရုံပြန့်သောဝိတက်ဖြင့်မိမိစိတ်ကို အပြင်သို့ ထွက်ခွင့် မပေးပါဟု လျှောက်ထားတယ်။

ဒုတိယသံဃမထေရ်ကို မေးပြန်တော့ အရှင်ဘုရား .... တပည့် တော်သည် ကျောင်းခန်းအတွင်းမှ မိမိစိတ်ကို အပြင်ပကို ထွက်ခွင့်မပေးခဲ့ပါဟု လျှောက် တယ်။

မထေရ်ငယ်နှစ်ပါးက မထေရ်အကြီးကို ပြန်မေးလျှောက်တဲ့အခါကျတော့ မထေရ်ကြီးက ပြန်ပြောတယ်၊ ဘယ်လိုပြန်ပြောသလဲဆိုတော့ ငါ့ရှင်တို့တဲ့– ငါသည် ဝါတွင်းသုံးလပတ်လုံး မိမိ၏ခန္ဓာကိုယ်အတွင်းမှ မိမိရဲ့စိတ်ကို တခြား ပြင်ပသို့ ပြေးသွားခွင့်မပေးခဲ့ပါဟု ဖြေကြားတော်မူပါတယ်။

ဒီတော့ မထေရ်ငယ်များက အရှင်မြတ်တို့သည် ပြုနိုင်ခဲ့သောအမှုကို ပြုတော်မူနိုင်ကြပါပေတယ် ဘုရားလို့ လျှောက်ထားကြတယ်၊ အဲဒီမထေရ် များရဲ့ မနောဒွါရဝယ် ထင်လာသောဓမ္မာရုံမျိုးကို မှိဝဲအပ်မှိဝဲကောင်း, နှလုံးသွင်းအပ် နှလုံးသွင်းကောင်းတယ်လို့ မှတ်ကြရမယ်၊ ဒါကြောင့် အဋ္ဌကထာဆရာတော်က ဒီမထေရ်မြတ်တို့ကို အကြောင်းပြုပြီးတော့ ဒီဂါထာလေးကို စီကုံးထား ပါတယ်။

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ သော ဌိတော-ထေရော၊ အရဟတ္တံ အပါပုဏိ။[၁]

တဿာ၊ လင်နှင့်ရန်မင် တန်ဆာဆင်၍ မိခင်ထံလာ လမ်းမှာထေရ်ကို နှစ်လိုကြိုက်ချစ် အော်ဟစ်ရယ်ထ ထိုမိန်းမ၏။ ဒန္တဋ္ဌိကံ၊ သွားရိုးကို။ ဒိသွာ၊ မြင်၍။ ပုဗ္ဗသညံ၊ ရှေးက ပွားများလေ့လာရင်းရှိသော အဋ္ဌိကသညာကို။ အနုဿရိ၊ အစဉ်လျှောက်၍ အောက်မေ့ဆင်ခြင်ပြီ။ သော ထေရော၊ ထိုမဟာတိဿမထေရ်သည်။ တတ္ထေဝ၊ ထိုမြင်ရာအရပ်၌ပင်လျှင်။ ဌိတော၊ ရပ်တည်လျက်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ အပါပုဏိ၊ ရောက်တော်မူလေပြီ။

မဟာတိဿ မထေရ်ဟာ ရဟန္တာဖြစ်ပြီးလို့ မကြာခင်ပဲ အဲဒီအမျိုးသမီးရဲ့ ခင်ပွန်းသည် နောက်ကလိုက်လာတယ်၊ ယောကျ်ားက ဘာမေးသလဲဆိုတော့—

"ကိဉ္စိ ဘန္တေ ဣတ္ထိယံ ပဿထ"တဲ့၊ အရှင်မြတ်ဘုရား....ဒီလမ်းမှာ အမျိုးသမီးတယောက် မတွေ့မမြင်လိုက်ဘူးလားဘုရားတဲ့၊ ဒီတော့ မထေရ်မြတ်က ဘာပြန်မိန့်တော်မူလိုက်သလဲဆိုတော့—

နာဘိဇာနာမိ ဣတ္ထီ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိစ အဋ္ဌိသင်္ဃာဋော၊ ဂစ္ဆတေ သ မဟာပထေ။[၁]

လို့ ပြန်မိန့်တော်မူပါတယ်။ ဣတော၊ ဤအရပ်မှ။ ဂတော၊ နောက်သို့ သွားလေသော သူကား။ ဣတ္ထီ ဝါ၊ မိန်းမဟူ၍ရင်း။ ပုရိသော ဝါ၊ ယောကျ်ားဟူ၍ရင်း။ အဟံ၊ ငါသည်၊ နာဘိဇာနာမိ၊ မသိလိုက်ပါ။ အပိစ၊ သိလိုက်သည်ကား။ မဟာပထေ၊ လမ်းခရီး၌။ ဂစ္ဆတိ၊ သွားလေသော။ သော၊ ထိုသူကား။ အဋ္ဌိသင်္ဃာဋော၊ အရိုးစုသာတည်း။ ဝါ၊ တနည်းကား။ အဋ္ဌိသင်္ဃာဋော၊ အရိုးစုဖြစ်သော။ သော-သော၊ ဤအရိုးစုသည်။ မဟာပထေ၊ လမ်းခရီးမ၌။ ဂစ္ဆတိ၊ သွားလေ၏။

၁။ ဝိသုဒ္ဓိမဂ်၊ ၁၊ ပ၊ နှာ-၂၀-၂၁။

အဲဒီမထေရ်မြတ်လို မြှိုနှင့်တူသော ခန္ဓာငါးပါး၏ တံခါးအတူ ခြောက်ခု ဒွါရမှ ရူပ, သဒ္ဒ စသည်အာရုံ ကာမဂုဏ်ခိုးသား တွေကြုံမြင်ကြားပါလျှင် ယောကျ်ား, မိန်းမ လှပတင့်တယ် ရှုချင်ဘွယ်, နှစ်သက်ဘွယ်စသော နိမိတ် အတိတ်နှင့်တူသော ကိလေသာရာဂ စသည်တို့ အခါခါ မပွားရလေအောင် လက်ခြေ,ရယ်မောခြင်းစသော အသွင်သဏ္ဍာန်ကို မယူမစွဲဘဲ မြင်ကာမျှ ကြားကာမျှကို သတိကြီးစွာထား၍ တရားအလုပ်ကို ဖြစ်စေကြရမယ်။

ဣန္ဒြိယ သံဝရသီလကို သတိတရားဖြင့် ပြည့်စုံစေပုံ

ခုဟောခဲ့တဲ့ ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့် ပြည့်စုံအောင် ကျင့်သုံးတဲ့နေရာမှာ သဠာယတန ဝဂ္ဂသံယုတ် ပါဠိတော်မှာလာတဲ့ အာဒိတ္တ ပရိယာယသုတ်ကို ထည့်ဟောပေးရမယ်· အာဒိတ္တ ပရိယာယ သုတ်မှာ မြတ်စွာဘုရားက ဘယ်လိုဟောထားသလဲလို့ဆိုတော့—

ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဥ္ဇနသော နိမိတ္တဂ္ဂါဟော။[၁]

လို့ ဒီလိုဟောတော်မူခဲ့ပါတယ်၊ ကဲအနက်ပေးကြပါဦးစို့။

ဘိက္ခဝေ၊ ရဟန်းတို့။ တတ္တာယ၊ လောင်သော။ အာဒိတ္တာယ၊ ရဲရဲညီသော။သမ္ပဇ္ဇလိတာယ၊ အလျှံပြောင်ပြောင်တောက်သော။ သဇောတိဘူတာယ၊ အလျှံနှင့်တကွဖြစ်သော။ အယောသလာကာယ၊ သံချောင်းဖြင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ သမ္ပလိမဋ္ဌံ၊ ထက်ဝန်းကျင်မှ ထိုးမွှေခြင်းသည်။ ဝရံ၊ မြတ်လှသေး၏။ စက္ခုဝိညေယျေသု၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ အနုဗျဥ္ဇနသော၊ တင့်တယ်သော အင်္ဂါကြီးငယ်ကို မှတ်သောအားဖြင့်။ နိမိတ္တဂ္ဂါဟော၊ တင့်တယ်သောယောကျ်ား, မိန်းမဟူသော အမှတ်ကိုယူခြင်းသည်။ နတွေဝ ဝရံ၊ မမြတ်လှသည်သာလျှင်တည်း။

ချစ်သားတို့.... စက္ခုဝိညာဉ်ဖြင့် ရူပါရုံကိုမြင်တဲ့အခါမှာ တင့်တယ်လှပချောမောသော လက်သဏ္ဍာန်, ခြေသဏ္ဍာန်, မျက်လုံး, မျက်ခုံး စသည်ဖြင့်မှတ်သား၍ ယောကျ်ား, မိန်းမဟု မှတ်ကြောင်းဖြစ်သော နိမိတ်ကိုယူ၍ ကြည့်ခြင်းသည် အပါယ်လားကြောင်း မကောင်းသောသဘောဖြစ်၍ မမြတ်ဘူး၊ မသက်သာဘူး၊ ချစ်သားတို့ ... အလျှံပြောင်ပြောင်တောက်၍ ရဲရဲညီပူလောင်လှသော သံချောင်းဖြင့် မျက်လုံးကို ထိုးမွှေရခြင်းက မြတ်ပါသေးတယ်လို့ ဟောတော်မူတယ်၊ ဘယ်အတွက်ကြောင့် ဒီလိုဟောရသလဲလို့ဆိုလျှင်–

၁။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် နှာ-၃၇၇။

နိမိတ္တဿာဒဂထိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ အနုဗျဉ္ဇနဿာဒဂထိတံဝါ တသ္မိံစေ သမယေ ကာလံကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဂစ္ဆေယျ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ၊ ဣမံခွာဟံဘိက္ခဝေအာဒီနဝံ ဒိသွာ ဧဝံဝဒါမိ-တဲ့။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ နိမိတ္တဿာဒဂထိတံ၊ တင့်တယ်သော ယောကျ်ား, မိန်းမဟူသော အမှတ်ကိုသာယာခြင်း၌တပ်မက်သော။ ဝိညာဏံဝါ၊ ဝိညာဉ်သည်မူလည်း။ တိဋ္ဌမာနံ၊ တည်သည်ရှိသော်။ တိဋ္ဌေယျ၊ တည်ရာ၏။ အနုဗျဉ္ဇနဿာဒဂထိတံ၊ တင့်တယ်လှပသော လက်ခြေစသော အင်္ဂါကြီးငယ်ကို သာယာခြင်း၌ တပ်မက်သော။ ဝိညာဏံဝါ၊ ဝိညာဉ်သည်မူလည်း။ တိဋ္ဌမာနံ၊တည်သည်ရှိသော်။ တိဋ္ဌေယျ၊ တည်ရာ၏။ တသ္မိံသမယေ၊ ထိုအခါ၌။ သတ္တော၊ သတ္တဝါသည်။ စေ ကာလံကရေယျ၊ အကယ်၍သေငြားအံ့။ ဧဝံသတိ၊ ဤသို့ သေသည်ရှိသော်။ ယံ ဌာနေန၊ အကြင်သို့သောအကြောင်းဖြင့်။ နိရိယံဝါ၊ ငရဲသို့၎င်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်အမျိုးသို့၎င်း။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဂတီနံ၊ လားရာဂတိတို့တွင်။ အညတရံ၊ တပါးပါးသော လားရာဂတိသို့။ ဂစ္ဆေယျ၊ လားရောက်ရာ၏။ ဧတံဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဣမံခေါအာဒီနဝံ၊ ဤသို့သောအပြစ်ကို။ ဒိသွာ၊ မြင်တော်မူ၍။ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။

ဤကဲ့သို့မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်၊ သောတ, ဃာန, ဇိဝှာ စသည်တို့မှာလဲ ကြားကိုင်းကြားတိုင်းစသည်တို့မှာ သတိဖြင့်မစောင့်ရှောက်ပါလျှင် ဒီလိုဘဲ အပြစ်ရောက်ပုံတွေကို ဆက်လက်ပြီးဟောကြားတော်မူခဲ့ပါတယ်။

အကျဉ်းချုပ်အဓိပ္ပာယ်ကို လွယ်လွယ်နဲ့မှတ်သားနိုင်အောင် ၎င်းအာဒိတ္တပရိယာယသုတ် တခုလုံးကို မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက ဂါထာတပုဒ်စီကုံးထားတာရှိပါတယ်၊ ဆောင်လွယ်မှတ်လွယ် စီကုံးထားတဲ့ ဂါထာကလေးပါ၊ အင်မတန်မှတ်သားစရာ ကောင်းပါတယ်၊ ဘယ်လိုလဲဆိုတော့—

အာဒိတ္တာယ စက္ခာဒီနံ၊ ဝရံစသမ္ပလိမဋ္ဌနံ။
နစက္ခာဒိဝိညေယျေသု၊ နိမိတ္တဂ္ဂဟနံဝရံ။

အာဒိတ္တာယ၊ အစအဆုံး အားလုံးအရှိန် ရဲရဲညီးသောသံချောင်းဖြင့်။ စက္ခာဒီနံ၊ မျက်စိစသည်တို့ကို။ သမ္ပလိမဋ္ဌနံ၊ ပတ်ချာဝန်းကျင် ဆွဲငင်ထိုးဖေါက်ခြင်း

၁။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် နှာ-၃၇၇။

သည်။ ဝရံ၊ မြတ်လှသေး၏။ စက္ခာဒိဝိညေယျေသု၊ စက္ခုစသောဂိုညာဉ်တို့၌။ နိမိတ္တဂ္ဂဟန်၊သုဘနိမိတ်စသည်ကို ယူခြင်းသည်။ န ဝရံ၊ မမြတ်သည်သာတည်း။

အဒိတ္တသုတ်အဋ္ဌကထာနှင့် ဒေသနာတော်အတိုင်း နှလုံးသွင်း၍ ဝဂ်ိသမထေရ်စသော မထေရ်မြတ်တို့အတိုင်း ဣန္ဒြိယသံဝရသီလကို ပြည့်စုံ စေရမယ်တဲ့၊ ဟုတ်ပါတယ်—စက္ခုန္ဒြိယစသော ဣန္ဒြေတွေကို သတိဖြင့် လုံခြုံအောင် မစောင့်စည်းလို့ ရှိယင် ခြံစည်းရိုးမလုံခြုံတဲ့ ကောက်ခင်း ပဲခင်းတွေကို–နွားဆိုး လူဆိုး သူခိုးတွေက ဝင်ရောက်လုယက်ဖျက်ဆီးနိုင်သလို—

စက္ခုစတဲ့ ဣန္ဒြေတရားတွေကို လုံခြုံအောင် သတိဆိုတဲ့တရားတွေနဲ့ ဆီးတား၍ ခြံခတ်မထားလို့ရှိလျှင် ကိလေသာခိုးသား ဆိုးဝါးလှတဲ့ တရားတွေက အဘိဇ္ဈာဒေါမနဿဆိုတဲ့ တရားတွေက ပါတိမောက္ခသီလစတဲ့ တရားတွေကို ဖျက်ဆီးလုယက်နှောင့်ယှက်နိုင်တဲ့အတွက် သီလ သမာဓိ ပညာဆိုတဲ့တရားတွေမတည်တံ့နိုင်တော့ဘဲ လျင်မြန်စွာပျက်စီးခြင်းသို့ ရောက်တတ်ပါတယ်။

ဥပမာတနည်းကတော့—မိုးမလုံတဲ့ အိမ်ကို မိုးရေ မိုးပေါက်တွေ ယိုကျသလို စက္ခုစသော ဒွါရခြောက်ပါး မလုံခြုံတဲ့ပုဂ္ဂိုလ်များမှာ ရာဂစတဲ့အကုသိုလ်တရားများ ထိုးဖောက်ဝင်ရောက်လာနိုင်ပါတယ်၊ ဒီအကြောင်းကို မြတ်စွာဘုရားက—

> ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
> ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။[၁]

လို့ ဓမ္မပဒ ပါဠိတော်မှာ ဟောခဲ့တယ်၊ ဒုစ္ဆန္နံ၊ အမိုးမလုံသော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေမိုးပေါက်သည်။ သမတိဝိဇ္ဈတိယထာ၊ ထိုးဖောက်ဝင်နှီးကျင်စိမ့်ဝင်ယိုကျသကဲ့သို့။ ဧဝံ ကထာ၊ ထို့အတူ။ အဘာဝိတံ၊ လောကုတ္တရာဘာဝနာကင်းသော။ ဝါ၊ သမထဝိပဿနာတို့ဖြင့် မထုံအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂတရားသည်။ သမတိဝိဇ္ဈတိ၊ ထိုးဖောက် ဝင်ရောက် မွှေနှောက်လေတော့၏။

သတ္တဝါတို့၏စိတ်သည် အလွန်တရာမှ လျင်မြန်သော သဘောဖြစ်တယ်၊ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ ရာဂတရားကို အသုဘ ဘာဝနာကို နှလုံးသွင်းပေးခြင်းဖြင့် ပယ်ဖျောက်ပြီးတော့ ဣန္ဒြိယသံဝရသီလကို ပြည့်စုံအောင်ဖြည့်ကျင့်ရမယ်။

မြတ်စွာဘုရားလက်ထက်တော်က အရှင်အာနန္ဒာနှင့်အတူ သာဝတ္ထိပြည်တွင်းဆွမ်းခံကြွသော ရဟန်း ပြုသစ်စဖြစ်တဲ့ ရှင်ဝဂ်ိသဆိုတဲ့ ရဟန်းပျိုကလေးဟာ ဆွမ်းခံကြွရင်း အမျိုးသမီးတယောက်ကို မြင်ပြီးတော့ ရာဂစိတ်တွေကပ်ရောက်

[၁] ဓမ္မပဒ၊ နှာ–၁၄။

လာတဲ့အတွက် အရှင်အာနန္ဒာကိုလှမ်းပြီးတော့ အကူအညီတောင်းတဲ့ အနေနဲ့ ဟောဒီ ဂါထာလေးကို ရွတ်ဆိုပြီး လျှောက်ထားလိုက်ပါတယ်၊ ဘယ်လိုလဲဆို တော့—

ကာမရာဂေန ဍယှာမိ၊ စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမ။[၁]

လို့ ဒီလိုလှမ်းပြီးတော့ လျှောက်ထားလိုက်ပါတယ်။

ဂေါတမ၊ ဂေါတမနွယ်လာ အရှင်အာနန္ဒာ။ ကာမရာဂေန၊ ကာမဂုဏ်မှီး ရာဂမီးသည်။ အဟံ၊ အကျွန်ုပ်ကို။ ဍယှာမိ၊ လောင်မြိုက် အပ်ပါ၏။ မေ၊ အကျွန်ုပ်၏။ စိတ္တံ၊ စိတ်ကို။ ပရိဍယှတိ၊ လောင်မြိုက်အပ်ပါ၏။ ဝါ၊ တနည်း ကား။ မေ၊ အကျွန်ုပ်၏။ စိတ္တံ၊ စိတ်သည်။ ပရိဍယှတိ၊ ထက်ဝန်းကျင်ပူ လောင်အပ်ပါ၏။ သာဓု၊ တောင်းပန်ပါ၏။ အနုကမ္ပာယ၊ အစဉ်သနား သဖြင့်။ နိဗ္ဗာပနံ၊ ရာဂလိုက်ဆူ မီးပူငြိမ်းကြောင်းကို။ ဗြူဟိ၊ ဟောကြား၍ ပေးတော်မူပါဘုရား။

ဦးပဥ္ဇင်းကလေး ဆွမ်းခံသွားရင်း ငှက်သင့်ဆိုသလို ဝိသဘာဂအာရုံ ဖြစ်တဲ့ မာတုဂါမကလေးကို မြင်လိုက်ရတာနဲ့ စက္ခုဒွါရကနေပြီး ရာဂမီးပူတွေဝင်လာ တော့ မကြံတတ်တော့ဘဲ ရှေ့ကဆွမ်းခံကြွနေတဲ့ အရှင်အာနန္ဒာကိုလှမ်းပြီး အကူအညီတောင်းလိုက်တယ်။

ဒီလို အကူအညီတောင်းတဲ့အနေနဲ့ လှမ်းပြီးလျှောက်ထားလိုက်တော့ အရှင် အာနန္ဒာမထေရ်မြတ်က—

သညာယ ဝိပရိယေသာ၊ စိတ္တံ တေ ပရိဍယှတိ။
နိမိတ္တံ ပရိဝဇ္ဇေဟိ၊ သုဘံ ရာဂူပသဉ္ဟိတံ။
သင်္ခါရေ ပရတော ပဿ၊ ဒုက္ခတော မာစ အတ္တတော။
နိဗ္ဗာပေဟိ မဟာရာဂံ၊ မာ ဍယှိတ္ထော ပုနပ္ပုနံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါ ဗဟုလော ဘဝ။
အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿတိ။

လို့ ဂါထာလေးပုဒ်တို့ဖြင့် အကူအညီပေးကာ ဟောကြားလိုက်ပါတယ်။ (အာဝုသော၊ ငါ့ရှင်ဝင်္ဂီသ။) သညာယ၊ မတင့်တယ်သော အသုဘအာရုံ၌

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၈၉။

တင့်တယ်သော သုဘဟူသော အမှတ်သညာ၏။ ဝိပရိယေသာ၊ ဖောက်ပြန်ခြင်းကြောင့်။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ ပရိဍယှတိ၊ ထက်ဝန်းကျင်လောင်မြိုက်၏။ ရာဂူပသဉှိတံ၊ ရာဂကြောင့်ဖြစ်သော။ ဝါ၊ ကာမရာဂနှင့် စပ်ယှဉ်သော။ သုဘံ၊ တင့်တယ်၏ဟူ၍ဖြစ်သော။ နိမိတ္တံ၊ နိမိတ်အာရုံကို။ ပရိဝဇ္ဇေဟိ၊ နှလုံးမသွင်း ရှောင်ကွင်းလေလော့။

သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ပရတော၊ လိုတိုင်းမရ သူစိမ်းပြင်ပတို့ဟူ၍။ ပဿ၊ ရှုဆင်ခြင်ပါလော့။ ဒုက္ခတော၊ အတည်မမြဲ ဖြစ်ခြင်းပျက်ခြင်းဖြင့် ညှဉ်းဆဲရကား ဆင်းရဲကုန်၏ဟူ၍။ ပဿ၊ ရှုပါလော့။ ဝါ၊ ဆင်ခြင်ပါလော့။ အတ္တတော၊ အတ္တအားဖြင့်။ မာစ ပဿ၊ မရှုပါလေလင့်။ မဟာရာဂံ၊ ကြီးစွာသော ရာဂမီးကို။ နိဗ္ဗာပေဟိ၊ ငြိမ်းစေလော့။ ပုနပ္ပုနံ၊ အဖန်ဖန်။ မာဍယှိတ္ထော၊ မလောင်အပ်စေလင့်။

အသုဘာယ၊ အသုဘဘာဝနာဖြင့်။ စိတ္တံ၊ စိတ်ကို။ ဧကဂ္ဂံ၊ တခုတည်းသော အာရုံရှိအောင်။ သုသမာဟိတံ၊ ကောင်းစွာတည်ကြည်အောင်။ ဘာဝေဟိ၊ ပွားများလေလော့။ ကာယဂတာသတိ၊ ကာယဂတာသတိသည်။ တေ၊ သင်၏ သန္တာန်၌။ အတ္ထု၊ ဖြစ်ပါလေလော့။ နိဗ္ဗိဒါဗဟုလော၊ ငြီးငွေ့ခြင်းများသူသည်။ ဘဝ၊ ဖြစ်ပါစေလော့။ အနိမိတ္တဥ္စ၊ နိစ္စစသောနိမိတ်မရှိသော ဝိပဿနာကိုလည်း။ ဘာဝေဟိ၊ ပွားများပါလော့။ မာနာနုသယံ၊ မာနာနုသယကို။ ဥဇ္ဇဟ၊ စွန့်ပယ်လေလော့။ တတောမာနာဘိသမယာ၊ ထိုမာနကို စွန့်ပယ်ခြင်းကြောင့်။ ဥပသန္တော၊ ရာဂမီးငြိမ်းသည် ဖြစ်၍။ စရိဿတိ၊ ကျင့်ကြံ နေထိုင်လှည့်လည်ရလတံ့။

အဲဒီလို အရှင်အာနန္ဒာမထေရ် မိန့်ကြားတော်မူတဲ့အခါမှာ ရာဂကို ပယ်ဖျောက်၍ ဆွမ်းခံဆက်ပြီး သွားပါတော့တယ်။

အဲဒီနည်းအတိုင်း ဖြစ်ပေါ်လာသော ရာဂစသည်ကို ကြာရှည်စွာလက်ခံမထားဘဲ တဖန်ဒီလို ရာဂမဖြစ်စေတော့အံ့လို့ အဓိဋ္ဌာနသုဒ္ဓိ၊ အသုဘမနသိကာရစသည်တို့ဖြင့် ပယ်လှန်ဖြတ်တောက်ခြင်းသည်ပင်လျှင် ဣန္ဒြိယသံဝရသီလပြည့်စုံတော့တာပါဘဲ။

ပြီးတော့ ကုရုဏ္ဍကလိုဏ်ဂူမှာ သီတင်းသုံးနေတဲ့ စိတ္တဂုတ္တ မထေရ်ကိုလဲ နည်းယူစရာကောင်းပါတယ်၊ အဲဒီမထေရ်မြတ်ဟာ ကုရုဏ္ဍကလိုဏ်ဂူမှာ အနှစ်ခြောက်ဆယ် သီတင်းသုံးနေပေမဲ့ ၎င်းလိုဏ်ဂူမှာ ဘုရားခုနစ်ဆူ တို့ရဲ့ တောထွက်ခန်းကို အဆန်းတကြယ် ရေးသားထားတဲ့ ဆေးရေးပန်းချီရုပ်တွေကို တကြိမ်မှမတွေ့မမြင်ခဲ့ဘူးတဲ့၊ တနေ့တော့ အာဂန္တုကိုယ်တော်များက—

“မနောရမ္မံ ဘန္တေ စိတ္တကမ္မံ”တဲ့။ ဘန္တေ၊ အရှင်ဘုရား။ စိတ္တကမ္မံ၊ အဆန်းတကြယ် ရှုခြင်ဘွယ်ရေးသားထားသော ပန်းချီဆေးရုပ်သည်။ မနောရမ္မံ၊ မြင်သူတို့၏ နှလုံးမွေ့လျော်ရာဖြစ်၏။-လို့ လျှောက်ထားကြတယ်၊ ဒီတော့ စိတ္တဂုတ္တမထေရ်က ဘာပြန်ပြောသလဲဆိုတော့—

အတိရေကသဋ္ဌိ မေ အာဝုသော ဝဿာနိ လေဏေ ဝသန္တဿ
စိတ္တကမ္မံ အတ္ထိပိ နတ္ထိပိ နဇာနာမိ၊ အဇ္ဇ ဒါနိ စက္ခုမန္တေ နိဿာယ ဉာတံ။

လို့ပြန်ပြီးပြောလိုက်ပါတယ်။ အာဝုသော၊ ငါ့ရှင်တို့။ လေဏေ၊ ဤလိုဏ်ဂူ၌။ မေ၊ ငါသည်။ ဝသန္တဿ၊ နေထိုင်စဉ်။ အတိရေကသဋ္ဌိဝဿာနိ၊ အနှစ်ခြောက်ဆယ်လွန်ကုန်ပြီ။ စိတ္တကမ္မံ၊ ဆန်းကြယ်သော ပန်းချီဆေးရေးရုပ်သည်။ အတ္ထိပိ၊ ရှိ၏ဟူ၍လည်း။ နဇာနာမိ၊ မသိစဘူးပေ။ အဇ္ဇဒါနိ၊ ယခုမှကား။ စက္ခုမန္တေ၊ မျက်စိကောင်းသောငါ့ရှင်တို့ကို။ နိဿာယ၊ မှီ၍။ ဉာတံ၊ သိရပေ၏။-လို့ပြန်ပြောလိုက်ပါတယ်။

အဲဒီမထေရ်မြတ်ဟာ နှစ်ပေါင်းခြောက်ဆယ်လုံးလုံး ဒီလိုဏ်ဂူထဲမှာ နေပေမဲ့ လိုဏ်ဂူအတွင်းမှာရှိနေတဲ့ အရာဝတ္ထုမှန်သမျှတွေကို မျက်စိဖွင့်ပြီး တခါမှ မကြည့်ခဲ့ဘူးဘူးတဲ့၊ အဲဒီလိုအကျင့်သန့်တဲ့ မထေရ်မြတ် ဂုဏ်သတင်းတွေကို ဘုရင်မင်းကကြားတော့ ပူဇော်လိုတဲ့အတွက် သုံးကြိမ်တိုင်ပင့်တာကြွမလာဘူး၊ ဒီတော့ ရှင်ဘုရင်ကဘာလုပ်သလဲဆိုတော့ အမိန့်တခုထုတ်တယ်၊ ဘယ်လိုလဲဆိုတော့—

“တာဝ ဒါရကာ ထညံ မာလဘိံသု၊ ယာဝ ထေရော န အာဂစ္ဆတီတိ လဉ္ဆာပေသိ”တဲ့။ ယာဝ၊ အကြင်မျှလောက်သောကာလပတ်လုံး။ ထေရော၊ မထေရ်မြတ်သည်။ နအာဂစ္ဆတိ၊ မကြွလာ။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဒါရကာ၊ သူငယ်တို့သည်။ ထညံ၊ နို့ရည်ကို။ မာလဘိံသု၊ စို့ခွင့်မရကြစေကုန်သတည်း။ ဣတိ၊ ဤသို့။ လဉ္ဆာပေသိ၊ မင်း၏တံဆိပ်ခတ်နှိပ်စေ၏။

အမိပ္ပာယ်ကတော့ မထေရ်မြတ် မကြွလာသရွေ့ကာလပတ်လုံး ကလေးငယ်တွေကို မိခင်ရဲ့နို့ရည်ကို သောက်စို့ခွင့်မပေးရလို့ မိခင်တွေရဲ့သားမြတ်တွေကို ချိပ်ပိတ်ထားလိုက်ပါတယ်၊ ဒီတော့မှ မထေရ်မြတ်ဟာ ကလေးတွေကို သနားတဲ့အတွက် မဟာဂါမရွာကို ကြွလာပါတယ်၊ မြို့ကိုရောက်တော့ ရွှေနန်းတော်မှာ မင်းကြီးကရှိခိုးတဲ့အခါမှာဘဲဖြစ်ဖြစ်, မိဖုရားကြီးကရှိခိုးတဲ့အခါမှာဘဲဖြစ်ဖြစ် မထေရ်မြတ်က “သုခီဟောတု မဟာရာဇ” ဆိုတဲ့စကားကိုဘဲ ပြောပါတယ်၊ မင်းရယ်, မိဖုရားရယ်လို့ မခွဲခြားဘူး၊ ဒီတော့ရဟန်းတော်များက ဘယ်လိုပြောသလဲဆိုတော့—

ကိံ ဘန္တေ တုမှေ ရညောပိ ဝန္ဒမာနေ ဒေဝိယာပိ ဝန္ဒမာနာယ
သုခိဟောတု မဟာရာဇာတိစ္စေဝ ဝဒေထ။

လို့ ဒီလိုပြောကြပါတယ်။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ရညော ဝန္ဒမာနေပိ၊ မင်းကြီးကရှိခိုးသော်လည်းကောင်း။ ဒေဝိယာ ဝန္ဒမာနာယပိ၊ မိဖုရားကြီးက ရှိခိုးသော်ငြား။ သုခိဟောတုမဟာရာဇာတိစ္စေဝ၊ သုခိဟောတုမဟာရာဇာ ဟူသောစကားကိုသာလျှင်။ ကိံ ဝဒေထ၊ အဘယ့်ကြောင့်ဆိုတော်မူကုန်သနည်း။ ဒီလို လျှောက်ထားကြတော့ မထေရ်မြတ်က—

နာဟံ အာဝုသော ရာဇာတိ ဝါ ဒေဝီတိ ဝါ ဝဝတ္ထာနံ ကရောမိ—တဲ့။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ရာဇာတိဝါ၊ မင်းဟူ၍ငြင်း။ ဒေဝီတိဝါ၊ မိဖုရားဟူ၍ငြင်း။ ဝဝတ္ထာနံ၊ ခွဲခြားခြင်းကို။ နကရောမိ၊ မပြု—တဲ့။ အဲဒီလို ရှိခိုးလာတိုင်း သုခိဟောတုမဟာရာဇလို့ မေတ္တာပို့ဆုပေးပြီး ခုနစ်ရက်ကြာတော့ ကုရဏ္ဍကလိုဏ်ဂူသို့ ပြန်ပြီးလျှင်ညဉ့်အခါမှာ စင်္ကြံပေါ်သို့တက်ပြီး တရားအားထုတ်တော်မူတယ်၊ အဲဒီနေ့မှာဘဲ စင်ကြယ်သော ကမ္မဋ္ဌာန်းတရားကြောင့် သန်းခေါင်ယံ၏အလွန်မှာ အရဟတ္တဖိုလ်သို့ ရောက်တော်မူတယ်။

တသ္မာ အညောပိ အတ္ထကာမော ကုလပုတ္တော—

> မက္ကဋ္ဋောဝ အရညမှိ၊ ဝနေ ဘန္တ မိဂေါဝိယ။
> ဗာလောဝိယ စ ဥတြသ္တော၊ န ဘဝေ လောလ လောစနော။
>
> အဓော ခိပေယျ စက္ခုနိ၊ ယုဂမတ္တဒသော သိယာ။
> ဝနမက္ကဋ္ဋလောလဿ၊ န စိတ္တဿ ဝသံ ဝဇေ။[၁]

တသ္မာ၊ ထို့ကြောင့်။ အတ္ထကာမော၊ အကျိုးကိုလိုလားသော။ အညောပိကုလပုတ္တော၊ တပါးသောအမျိုးကောင်းသား သည်လည်း။

အရညမှိ၊ တောအရပ်၌။ မက္ကဋ္ဋောဣဝ၊ မျောက်ကဲ့သို့ငြင်း။ ဝနေ၊ တော၌။ ဘန္တ မိဂေါဝိယ၊ မတည်မရပ် လန့်ဖျပ်တုန်လှုပ်သော သမင်ကဲ့သို့ငြင်း။ ဥတြသ္တော၊ မျိုးဆွေနှင့်ကင်း ကြောက်ခြင်းပြင်းသော။ ဗာလော ဝိယစ၊ သူငယ်ကဲ့သို့ငြင်း။ လောလလောစနော၊ လျှပ်ပေါ်လော်လီ မတည်ကြည်သော မျက်စိရှိသည်။ န ဘဝေ၊ မဖြစ်ရာ။

စက္ခုနိ၊ မျက်စိတို့ကို။ အဓော၊ အောက်သို့။ ခိပေယျ၊ ချရာ၏။ ယုဂမတ္တဒသော၊ လေးတောင်ပိုင်းခြား ရထားထမ်းပိုးတပြန်မျှသာ ကြည့်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝနမက္ကဋ္ဋလောလဿ၊ တောမျောက်ပမာလော်လည်သော။ စိတ္တဿ၊ စိတ်၏။ ဝသံ၊ အလိုနိုင်ငံ သူ့အကြံသို့။ န ဝဇေ၊ မလိုက်ရာ။

၁။ ဝိသုဒ္ဓိမဂ်၊ ပ၊ ၃၁—၃၇။

အဲဒီလို စက္ခုစသောဣန္ဒြေတို့ကို သတိဖြင့် စောင့်ရှောက်ကြရမယ်၊ ပြီးတော့ ဣန္ဒြိယသံဝရကို သတိတရားဖြင့် စောင့်ရှောက်သွားတဲ့ မဟာမိတ္တမထေရ်လို့ ဆိုတာ ရှိပါသေးတယ်၊ အဲဒီမထေရ်မြတ်ရဲ့အကြောင်းကတော့ ဒီလိုပါ၊မထေရ်ရဲ့ မိခင်ဒါယိကာမကြီးမှာ သားမြတ်နာဖြစ်နေပါတယ်၊ ဒီတော့ ဒါယိကာမ ကြီးက သမီးဖြစ်တဲ့ဘိက္ခုနီမကို ပြောကြားပါတယ်၊ ဘယ်လိုပြောကြားသလဲ ဆိုတော့—

ဂစ္ဆ အယျေ ဘာတုသန္တိကံ ဂန္ဒွာ မမ အဖာသုက ဘာဝံ အာရောစေတွာ ဘေသဇ္ဇ မာဟရ-တဲ့။

အယျေ၊ အရှင်မ။ ဂစ္ဆ၊ သွားပါချေ။ ဘာတုသန္တိကံ၊ အရှင်မရဲ့ မောင်တော်ထံသို့။ ဂန္ဒွာ၊ သွား၍။ မမ၊ အကျွန်ုပ်၏။ အဖာသုကဘာဝံ၊ မကျန်းမာသည်၏အဖြစ်ကို။ အာရောစေတွာ၊ ပြောကြား၍။ ဘေသဇ္ဇံ၊ ဆေးကို။ အာဟရ၊ ဆောင်ယူခဲ့ပါလော့။-လို့ အဲဒီလို သားရဟန်းရဲ့ထံ သွား ပြီးတော့ ဆေးတောင်းချေပါလို့ သမီးဘိက္ခုနီမကို မိခင်ကြီးက စေလွှတ်လိုက် ပါတယ်၊ ဒီတော့ သမီးဖြစ်တဲ့ဘိက္ခုနီမက မောင်တော်ထံ သွားပြီးတော့ မိခင်ကြီးမမာတဲ့အကြောင်း, ဆေးရှာပေးဘို့အကြောင်းများကို လျှောက်ထား တယ်၊ ဒီတော့ မဟာမိတ္တမထေရ်က ဘယ်လိုပြန်ပြောလိုက်သလဲဆိုတော့—

နာဟံ မူလဘေသဇ္ဇာဒီနိ သံဟရိတွာ ဘေသဇ္ဇံ ပစိတုံ ဇာနာမိ၊ အပိစ တေ ဘေသဇ္ဇံ အာစိက္ခိဿံ—တဲ့။

အဟံ၊ ငါသည်။ မူလဘေသဇ္ဇာဒီနိ၊ ဆေးမြစ်စသည်တို့ကို။ သံဟရိတွာ၊ စုရုံး၍။ ဘေသဇ္ဇံ၊ ဆေးကို။ ပစိတုံ၊ ချက်ခြင်းငှာ။ နဇာနာမိ၊ မတတ် မသိပေ။ အပိစ၊ သို့သော်လည်း။ ဝါ၊ အပိစ-ပရံ၊ မြစ်ပေါင်းဖော်စုသမားကု ဆေးမှတပါးသော။ ဘေသဇ္ဇံ၊ဆေးကို။ ဝါ၊ မြစ်ခေါက်မပါ အနာတိုင်းလျော် သစ္စာဆေးကျော်ကို။ တေ၊ သင့်အား။ အာစိက္ခိဿံ၊ ပြောကြားလိုက်ပေအံ့။

ငါဆေးမြစ်တွေစုပြီးတော့ ဆေးမဖော်တတ်ဘူး၊ သို့သော်လည်း သစ်မြစ် သစ်ဥတွေကို စုပြီးဖော်တဲ့ ဆေးထက်သာလွန်ကောင်းမြတ်တဲ့ ဆေးတလက်ပေး လိုက်မယ်လို့ပြောပြီး သစ္စာထား၍ ဆေးမြတ်အကျော်ကို ဒီလိုပေးလိုက်ပါ တယ်။

အဟံ ယတော ပဗ္ဗဇိတော၊ တတော ပဋ္ဌာယ နာ မယာ လောဘ သဟဂတေန မိတ္တေန ဣန္ဒြိယာနိ ဘိန္ဒိတွာ ဝိသဘာဂရူပံ ဩလော ကိတပုဗ္ဗံ၊ ဣမိနာ သစ္စဝစနေန မာတုယာ မေ ဖာသု ဟောတု။

အဟံ၊ ငါသည်။ ယတော၊ အကြင်အခါ၌။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ တတောပဗ္ဗဇိတကာလတော၊ထိုသို့ရဟန်းပြုသော အခါကာလမှ။ ပဋ္ဌာယ၊ စ၍။ မယာ၊ ငါသည်။ လောဘသဟဂတေန၊ လောဘနှင့် တကွ ဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဣန္ဒြိယာနိ၊ စက္ခုစသောဣန္ဒြေတို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ဝိသဘာဂရူပံ၊ မာတုဂါမအဆင်းကို။ နဩလောကိတပုဗ္ဗံ၊ မကြည့်စဖူးပါ။ ဣမိနာသစ္စဝစနေန၊ ဤသို့သောသစ္စာစကားကြောင့်။ မေ မာတုယာ၊ငါ၏မိခင် မယ်တော်ကြီးအား။ ဖာသု၊ ချမ်းသာ ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။—ဟု သစ္စာစကားပြောကြား၍—

ဂစ္ဆ ဣဒံ ဝတွာ ဥပါသိကာယ သရီရံ ပရိမဇ္ဇ။

ဘဂိနိ၊ နှမ။ ဂစ္ဆ၊ သွားချေ။ ဣဒံသစ္စဝစနံ၊ ဤသစ္စာစကားကို။ ဝတွာ၊ ပြောဆို၍။ ဥပါသိကာယ၊ ဒါယိကာမကြီး၏။ သရီရံ၊ ကိုယ်ကို။ ပရိမဇ္ဇ၊ သုံးသပ်ပါလေ။

ဤသို့သစ္စာစကား ပြောကြား၍ ပေးလိုက်ပါတယ်၊ နှမဘိက္ခုနီမလဲ မောင်တော် ပြောကြားလိုက်တဲ့ သစ္စာစကားဖြင့် မိခင်ရဲ့ကိုယ်ကို သုံးသပ်လိုက်စဉ် တခဏအတွင်းမှာဘဲ မိခင်ရဲ့ အကြိတ်အဆိပ်နာဟာ ရေမြှုပ်ကဲ့သို့ဖြစ်၍ ကြေပျောက်လျက် ချမ်းသာသုခရရှိပါတယ်၊ မိခင်ကြီးက ဝမ်းသာလွန်းလို့ သူ့သားရဟန်းတော်ကို ဒီလိုချီးကျူးစကား ပြောကြား လိုက်ပါတယ်။

သစေ သမ္မာသမ္ဗုဒ္ဓေါ ဓရေယျ ကသ္မာ မမ ပုတ္တသဒိသဿ
ဘိက္ခုနော ဇာလဝိစိတြေန ဟတ္ထေန သီသံ န ပရာမသေယျ။

သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။သစေ ဓရေယျ၊ အကယ်၍များ သက်တော်ထင်ရှား ကိုယ်တော်တိုင်ရှိခဲ့ငြားအံ့။ ကသ္မာ၊ အဘယ့်ကြောင့်။ မမပုတ္တသဒိသဿဘိက္ခုနော၊ ငါ့သားနှင့် တူသော ရဟန်းကောင်း ရဟန်းမြတ်၏။ သီသံ၊ ဦးခေါင်းကို။ ဇာလဝိစိတြေန၊ တရာ့ရှစ်ကွက် ရွှေကွန်ရက်သဖွယ် စက်လက္ခဏာအသွယ်သွယ်တို့ဖြင့် ဆန်းကြယ်သော။ ဟတ္ထေန၊ ရွှေလက်တော်ဖြင့်။ န ပရာမသေယျ၊ မသုံးသပ်ဘဲရှိပါအံ့နည်း။

ဒီလို ဝမ်းသာစကား ပြောကြား လိုက်ပါတယ်တဲ့၊ ဣန္ဒြိယ သံဝရသီလတန်ခိုးကြီးမြတ်ပုံတွေကို အဋ္ဌကထာ ဆရာတော်ကြီးများ ထုတ်ဆောင်ခဲ့တဲ့ အတိုင်း ဟောကြားပြီးပြီ၊ ဒီနေရာမှာဘဲ ဣန္ဒြိယသံဝရသီလကို သတိဖြင့်ပြည့်စုံစေရပုံကို နည်းယူဘို့ရန်အတွက် အဋ္ဌကထာဟာ ဒီဂါထာ ပြဆိုထားပါတယ်။

ကုလပုတ္တမာနိ အညောပိ၊ ပဗ္ဗဇိတွာန သာသနေ။
မိတ္တတ္ထေရောဝ တိဋ္ဌေယျ၊ ဝရေ ဣန္ဒြိယသံဝရေ။

ကုလပုတ္တမာနိ၊ အမျိုးကောင်းသား ယောကျ်ား အာဇာနည်ဟု ထင်မှတ်သော။ အညောပိ၊ မဟာမိတ္တထေရ်မှတပါးသော အမျိုးကောင်းသား, သမီးသည်လည်း။ သာသနေ၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ မြတ်၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီး၍။ မိတ္တတ္ထေရောဝ၊ မဟာမိတ္တထေရ် ကဲ့သို့။ ဝရေ၊ မြတ်လှစွာသော။ ဣန္ဒြိယသံဝရေ၊ ဣန္ဒြိယသံဝရသီလ၌။ တိဋ္ဌေယျ၊ တည်ရာ၏။

အဲဒီဂါထာစကားဖြင့် ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြည့်စုံစေရပုံကို မှတ်သားနည်းယူ ကျင့်ဆောင် ကြရမယ်၊ ကဲ-ဣန္ဒြိယသံဝရ သီလပိုင်းကို ဒါလောက်နဲ့ဘဲ တော်ကြအုံးစို့၊ ဣန္ဒြိယသံဝရသီလပိုင်းပြီးတော့ အာဇီဝပါရိသုဒ္ဓိသီလပိုင်းကို ဆက်ပြီးဟောကြားပေးရမယ်။

အာဇီဝပါရိသုဒ္ဓိသီလ အသက် မွေးလိုခြင်း ဟူသော အကြောင်းကြောင့် လာဘ်လာဘရလိုမှု, ထင်ပေါ်ကျော်ကြားလိုမှု စသည်တို့ကို ရရှိလိုတဲ့အတွက် မိမိမှာထင်ရှားမရှိသော မိမိသန္တာန်၌မဖြစ်ဘူးမရဘူးသေးသော ဥတ္တရိမနုဿဓမ္မလို့ခေါ်တဲ့ ဈာန်,မဂ်,ဖိုလ်, သမာဓိ, သမာပတ်, ဝိမောက္ခတရားများကို ရရှိလေယောင် ဟန်ဆောင်ပလွှား၍ ပြောကြားခြင်းကြောင့် သင့်ရောက်နိုင်တဲ့ ပါရာဇိကအာပတ်။

ဘယ်ကျောင်းတိုက်မှာ နေတဲ့ဘယ်ကိုယ်တော်ဟာဖြင့် ရဟန္တာပုဂ္ဂိုလ်ဖြစ်တယ်လို့ တပါးသူက ပြောကြားတာကို မပယ်မလှန် ဝန်ခံလိုသောအားဖြင့် နေခြင်းကြောင့် သင့်ရောက်တဲ့ထုလ္လစ္စည်းအာပတ်။

လာဘ်ရ-ကျော်ကြား ထင်ရှားလိုသဖြင့် မိန်းမယောကျ်ား နှစ်ဦးသားရဲ့ အကြားမှာ အောင်သွယ်ခြင်းကြောင့် သင့်တဲ့သံဃာဒိသိသ်အာပတ်။

အသက်မွေးမှုဟူသော အကြောင်းကြောင့် ပဏီတဘောဇဉ်ကို ဂိလာနပုဂ္ဂိုလ်မဟုတ်ဘဲ ကျန်းမာပါလျက်နဲ့ မိမိအတွက် ကိုယ်တိုင်တောင်းယူစားသောက်ခြင်းကြောင့် သင့်တဲ့ပါစိတ်အာပတ်။

အသက်မွေးမှုဟူသော အကြောင်းကြောင့် ကျန်းမာရေးကောင်းပါလျက် ဘိက္ခုနီမထံမှ ပဏီတဘောဇဉ်ကို ကိုယ်တိုင်တောင်းယူ စားသောက်ခြင်းကြောင့် သင့်သောပါဋိဒေသနီယအာပတ်။

အသက်မွေးမှုနဲ့ ပတ်သက်၍ ဂိလာနပုဂ္ဂိုလ်မဟုတ်ဘဲ မိမိအတွက် ဟင်းကိုင်း, ဆွမ်းကိုင်း ကိုယ်တိုင်တောင်းယူ စားသောက်ခြင်းကြောင့် သင့်သောဒုက္ကဋ်အာပတ်- အဲဒီလို မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်ခြောက်ပါးကို ရှောင်ကြဉ်၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်ပါတယ်။

ပြီးသော့ သူတပါးတို့ရဲ့စိတ်ထဲမှာ တအံ့တသြဖြစ်လာအောင် ဟန်ဆောင်ပြုမူခြင်း-ကုဟနာ၊ မိမိရဲ့ဂုဏ်ကို ချီးမြှောက်ပလွှား ဝါကြွား၍ပြောဆိုခြင်း-လပနာ၊ မိမိကို ဒါယကာများ ပစ္စည်းဝတ္ထုလှူဒါန်းဘို့ရန်အတွက် သွယ်ဝိုက်၍ အရိပ်နိမိတ် ပြောကြားခြင်း-နေမိတ္တိကတာ။

မိမိမှာပစ္စည်းလာဘ်လာဘရရှိဘို့ရန်အတွက် ဒါယကာတို့အားစောင်းမြောင်း ဖိနှိပ်ပြီး နာလိုခံခက် ထေ့-တော့-တော့ စကားပြောကြားခြင်း-နိပ္ပေသိကတာ။

မိမိမှာ ရထားကဲ့ပစ္စည်းကို အရင်းတည်ပြီးတော့ လက်ရှိပစ္စည်းထက် ပိုမိုကောင်းမွန် အဖိုးတန်တဲ့ပစ္စည်းကိုရရှိအောင် ရှာဖွေပြုလုပ်ခြင်း (ဥပမာ-တဆယ်တန်ပစ္စည်းလာလှူလျှင် တရာတန်,တထောင်တန် စသည်တို့တိုးပွား ပိုမိုများများလှူလေအောင် သွယ်ဝိုက်စကား ပြောကြား၍ အဘိုးတန်ပစ္စည်းရအောင် ပြုလုပ်ပြောဆိုခြင်း) လာဘေနလာဘံနိဇိဂိသနတာ- ဤသို့စသည်ဖြင့် ယုတ်မာမည်းညစ်သော ပါပဓမ္မတို့၏အစွမ်းဖြင့် ဖြစ်ပေါ်လာသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကို **အာဇီဝပါရိသုဒ္ဓိသီလ**လို့ခေါ်ပါတယ်။

ဘုန်းကြီးတို့ **အမျိုးကောင်းသား**,**အမျိုးကောင်းသမီးများ** အတွက်ကတော့ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရဆိုတဲ့ ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဆိုတဲ့ ဝစီဒုစရိုက်လေးပါး၊ ဒီတရားခုနစ်ပါးကို ရှောင်ကြဉ်ပြီးတော့ **အသက်မွေးဝမ်းကျောင်း** ပြုလုပ်ခြင်းသည် လူကုန်, လက်နက်ကုန်, သေရည်သေရက်ကုန်များကို ရောင်းဝယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုဆိုးတံငါလုပ်ငန်းမျိုးကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်ပါတယ်။

အာဇီဝပါရိသုဒ္ဓိသီလကို အနေသနာယ စိတ္တမ္ပိ၊ အဇနေတွာ ဝိစက္ခဏော။
ဝိရိယဖြင့်ပြည့်စုံစေပုံ အာဇီဝံ ပရိသောဓေယျ၊ သဒ္ဓါပဗ္ဗဇိတော ယတိ။[၁]
ဝိစက္ခဏော၊ ပညာရှိသော။ သဒ္ဓါပဗ္ဗဇိတော၊

သဒ္ဓါတရားဖြင့် ရဟန်းပြုသော။ ယတိ၊ ရဟန်းတော်သည်။ အနေသနာယ၊ မသင့်မအပ် မလျောက်ပတ်သော ရှာမှီးခြင်း၌။ စိတ္တမ္ပိ၊ စိတ်ကိုမျှလည်း။ အဇနေတွာ၊ မဖြစ်စေမူ၍။ အာဇီဝံ၊ အသက်မွေးခြင်းကို။ ပရိသောဓေယျ၊ ထက်ဝန်းကျင်မှ သုတ်သင်ရှင်းလင်းလေရာ၏။

ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရဲ့ **အနုသာသနိဂါထာ**စကားကို နှလုံးသွင်းဆင်ခြင်လျက်ဓုတင်အကျင့်နှင့်မလျော်သော ဝိနည်းတော်နှင့်လဲ **မအပ် စပ်သော** ရှာမှီးခြင်းဖြင့်ရရှိအပ်သော ပစ္စည်းတို့ကို မြွေဆိပ်ပမာပယ်ခွာရှောင်ကြဉ်ပြီးတော့

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပ၊ နှာ-၄၁။

စင်စင်ကြယ်ကြယ် ပြုလုပ်အပ်သော တရားဟောခြင်း, များသောအကြား အမြင်ရှိခြင်း, ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို ဖြည့်ကျင့်ခြင်း, ဣရိယာပုထ်၌ ကမ္မဋ္ဌာန်းအာရုံပြည့်စုံစေခြင်း စသည်တို့ကြောင့် ရရှိသောပရိသုဒ္ဓပစ္စည်းမျိုး၊ ဆွမ်းခံခြင်း, မိတ္တသုဟဇ္ဇထံမှာ ရှာမှီးခြင်း, ပံသုကူရှာမှီးခြင်းစသည်တို့ဖြင့် ရအပ်သော အတိ ပရိသုဒ္ဓပစ္စည်းတို့ကို သုံးဆောင်မှီဝဲခြင်း၊ အရှင်သာရိပုတ္တရာမထေရ်, အမ္ဗခါဒက မဟာတိဿမထေရ်မြတ်တို့လို ဝီရိယတရားဖြင့် သည်းခံလျက် အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေကြရအောင် ဖြည့်ကျင့်ကြရမယ်။

အာဇီဝပါရိသုဒ္ဓိသီလနှင့် အရှင်သာရိပုတ္တရာ၏ထုံး

မိမိ၌ စွဲကပ်နေသော ရောဂါကို ပျောက်စေတတ်တဲ့ နွားကျင်ငယ်ရေနှင့် စိမ်ထားသော ဖန်ခါးသီးဆေးနှင့်စတုမဓုဆေး–ဒီနှစ်ပါးကိုရလာလျှင် စတုမဓုဆေးကို သိတင်းသုံးဖော်တို့အား လှူဒါန်း၍ မိမိအတွက် နွားကျင်ငယ်နှင့် စိမ်ထားသော ဖန်ခါးသီးဆေးကိုသာ သုံးဆောင်၍ မြတ်စွာဘုရား ပညတ်ထားတဲ့ ပစ္စည်းရကြောင်း နိမိတ်သြဘာစသည်တို့ကို ရှောင်ကြဉ်ပြီးတော့ အလိုနည်းခြင်း စတဲ့ ဂုဏ်ကျေးဇူးကိုမှီပြီး မိမိအသက်ပင်သေသေ နိမိတ်သြဘာ စသည်ကို မပြုဘဲ ရှောင်ကြဉ်ပြီးတော့ စင်စင်ကြယ်ကြယ်ရတဲ့ ပစ္စည်းကိုသာလျှင် သုံးဆောင်မှီဝဲတဲ့အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပမာ မြတ်သောအရိယာနွယ်ရှိသူ, အလွန်ခေါင်းပါးသောအကျင့်ရှိသူလို့မှတ်သားကြည်ညိုကြရမယ်။

တခါ်တုန်းက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ အရဟတ္တဖိုလ် ပဝိဝေကကို ပွားများပြီးတော့ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်နှင့်အတူ တောအုပ်တခုမှာ သီတင်းသုံးပြီးနေထိုင်တော်မူကြပါတယ်၊ တနေ့တော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးမှာ ဝမ်းပိုက် လေနာရောဂါထပြီးတော့ လျောင်း စက်တော်မူနေကဲ့အခါ အရှင်မောဂ္ဂလာန်မထေရ် ကြွလာပြီးတော့ မေးတဲ့အခါ လေနာရောဂါထနေတဲ့အကြောင်း ပြောပြလိုက်ပါတယ်။

ဒီတော့ အရှင်မောဂ္ဂလာန်မထေရ်မြတ်က– "ပုဗ္ဗေ တေ အာဝုသော ကေန ဖာသု ဟောတိ"။ အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ တေ၊ သင့်အား။ ပုဗ္ဗေ၊ ရှေးကာလ၌။ ကေန၊ အဘယ်သို့သောဆေးဖြင့်။ ဖာသု၊ လေနာရောဂါ သက်သာချမ်းသာဘူးသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

လို့မေးတဲ့အခါမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က– "ဂိဟိကာလေ မေ အာဝုသော မာတာ သပ္ပိမဓုသက္ကရာဒီဟိ ယောဇေတွာ အသမ္ဘိန္နခီရပါယာသံ အဒါသိ၊ တေန မေ ဖာသု အဟောသိ"။ အာဝုသော၊ ငါ့ရှင်မောဂ္ဂလာန်။ ဂိဟိကာလေ၊ လူဖြစ်စဉ်ကာလ၌။ မေ၊ ငါ၏။ မာတာ၊မယ်တော်သည်။ သပ္ပိ

မဓုသက္ကရာဒိဟိ၊ ထောပတ်, ပျား,သကာတို့နှင့်။ ယောဇေတွာ၊ ရောနှော၍။ အသမ္ဘိန္နခီရပါယာသံ၊ ရေမရောသော နို့ရည်ရှိသော ဃနာထမင်းကို။ အဒါသိ၊ ပေးဘူး၏။ တေန၊ ထိုရေမရောသော နို့ရေရှိသော ဃနာထမင်းဖြင့်။ မေ၊ ငါ့အား။ ဖာသု၊ လေနာရောဂါ ပျောက်ကင်းချမ်းသာသည်။ အဟောသိ၊ ဖြစ်ဘူးပြီ။

လို့ ဒီလို ပြန်ပြီးတော့ မိန့်တော်မူပါတယ်၊ ဒီတော့ အရှင်မောဂ္ဂလာန် မထေရ်မြတ်က–"ဟောတု အာဝုသော၊ သစေ မယှံ ဝါ တုယှံ ဝါ ပုညံ အတ္ထိ၊ အပေ္ပဝနာမ သေ္ဓ လဘိဿာမ"။ အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ ဟောတု၊ ရှိစေတော့။ မယှံဝါ၊ ငါ့အားရင်း။ တုယှံဝါ၊ သင့်အားရင်း။ ပုညံ၊ ဘုန်းကံသည်။ သစေအတ္ထိ၊အကယ်၍ရှိသည်ဖြစ်အံ့။ဧဝံသတိ၊ ဤသို့ဘုန်းကံရှိလတ်သော်။ သေ္ဓ၊ နက်ဖြန်ခါ၌။ အပေ္ပဝနာမလဘိဿာမ၊ ရကုန်ငြားအံ့လည်းမသိ။ ဝါ-ရတန်ကောင်းပါရဲ့။ အဲဒီလို မထေရ်မြတ်နှစ်ပါး ပြောကြားနေတာကို ဖကြံဦးဂ သစ်ပင်စောင့်နတ်က ကြားတယ်။

ဒီတော့ နတ်ကဘယ်လိုလဲ"သေ္ဓ အယျဿ ပါယာသံ ဥပ္ပါဒေဿာမိ"။သေ္ဓ၊ နက်ဖြန်ခါ၌။ အယျဿ၊ အရှင်ကောင်းအား။ ဝါ၊ အရှင်ကောင်းအရှင်မြတ်အတွက်။ ပါယာသံ၊ဃနာနို့ဆွမ်းကို။ ဥပ္ပါဒေဿာမိ၊ ဖြစ်စေရအံ့။ အဲဒီလို နတ်ကကြံစည်ပြီးတော့ ချက်ခြင်းဘဲ မထေရ်မြတ်ရဲ့ ဆွမ်းခံအိမ်သွားပြီး သားအကြီးကို ဝင်ပူးတော့တာဘဲ (နတ်ပူးတယ်ဆိုတာက ရှေးကလဲ ရှိတယ်နော်) ဒီတော့ အိမ်သားတွေက နတ်ပူးတယ်ဆိုတော့ ပယောဂဆရာတွေ ခေါ်မှတာပေါ့။

ပယောဂဆရာက သင်ဘယ်ကလဲ, ဘာလိုချင်လို့လဲ-စသည်ဖြင့် မေးတော့ နတ်ကဘာပြောသလဲဆိုတော့-"သစေ သေ္ဓ ထေရဿ ဧဝရူပံနာမ ပါယာသံ ပဋိယာဒေထ၊ တံ မုဉ္စိဿာမိ"။ သေ္ဓ၊ နက်ဖြန်ခါ၌။ ထေရဿ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်အား။ ဝါ၊ မထေရ်မြတ်အတွက်။ ဧဝရူပံနာမပါယာသံ၊ဤသို့သဘောရှိသော နို့ဃနာဆွမ်းကို။ သစေပဋိယာဒေထ၊ အကယ်၍စီရင်ကုန်ငြားအံ့။ တံ၊ ထိုသင်တို့သား၌ ပူးဝင်နေခြင်းကို။ ဝါ၊ စွဲကပ်နေခြင်းကို။ မုဉ္စိဿာမိ၊ ငါလွှတ်ပေအံ့။ နတ်ကနက်ဖြန်ခါ အရှင်သာရိပုတ္တရာ မထေရ်အတွက် နို့ဃနာဆွမ်းလောင်းလှူပါလျှင် လွှတ်မယ်လို့ ပြောလိုက်ပါတယ်။

ဒီတော့အိမ်သားတွေက ဘာပြောသလဲဆိုတော့–"တေ တယာ အဝုတ္တေပိ မယံ ထေရနံ နိဗဒ္ဓံ ဘိက္ခံ ဒေမ"တဲ့ သင်နတ်မင်းမပြောလဲ ကျွန်ုပ်တို့ဟာ အမြဲမပြတ် မထေရ်မြတ်တို့အား နို့ဃနာဆွမ်း လှူဒါန်းနေပါတယ် ဆိုတော့ နတ်ထွက်သွားရော။

နောက်တနေ့ အရှင်မောဂ္ဂလာန် မထေရ်မြတ် ဆွမ်းခံ သွားခါနီးတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဒီလိုမှာထားခဲ့ပါတယ်၊ ဘယ်လိုလဲဆိုတော့—

အာဝုသော ယာဝ အဟံ ပိဏ္ဍာယ စရိတွာ အာဂစ္ဆာမိ၊ တာဝ လူခေဝ ဟောဟိ။

အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ ယာဝ၊ အကြင်မျှလောက်။ အဟံ၊ ငါသည်။ ပိဏ္ဍာယစရိတွာ၊ ဆွမ်းခံသွား၍။ အာဂစ္ဆာမိ၊ ပြန်လာအံ့။ တာဝ၊ ထိုမျှလောက်။ လူခေဝဟောဟိ၊ ဤအရပ်၌ပင်လျှင် နေရစ်ပါလော့။

အဲဒီလို လျှောက်ထားပြီးတော့ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီး ဆွမ်းခံကြွသွားတော်မူပါတယ်၊ရွာထဲရောက်တော့ အလုပ်အကျွေးဒါယကာများက ခရီးဦးကြိုပြုကြပြီး အရှင်မောဂ္ဂလာန်ရဲ့ သပိတ်ထဲကို နို့ဃနာဆွမ်းတွေ လောင်းလှူကြတယ်၊ အရှင်မောဂ္ဂလာန် မထေရ်မြတ်ဟာ နို့ဃနာ ဆွမ်းတွေရလာတော့ အရှင်သာရိပုတ္တရာ ရှိရာသို့ ပြန်လာပြီး "ဟန္ဒာဝုသော သာရိပုတ္တ ပရိဘုဉ္ဇ" အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ ဟန္ဒ၊ ယူပါလော့။ ပရိဘုဉ္ဇ၊ ဘုဉ်းပေးသုံးဆောင်ပါလော့၊-လို့ အဲဒီလိုလျှောက်ထားပြီး နို့ဃနာဆွမ်းကိုဆက်ကပ်လိုက်ပါတယ်။

အရှင်သာရိ ပုတ္တရာမထေရ်မြတ်ကြီးက အင်မတန် ကောင်းမွန်ထူးခြားလှတဲ့ နို့ဃနာတွေမြင်တော့ စဉ်းစားကြည့်သတဲ့၊ ဘယ်လို စဉ်းစားကြည့်သလဲဆိုတော့ "အတိမနာပေါ ပါယာသော၊ ကထံ နုခေါ ဥပ္ပန္နော"။ ပါယာသော၊နို့ဃနာ ဆွမ်းသည်။ အတိမနာပေါ၊ အလွန်နှလုံးကိုပွားစေတတ်၏။ နု ကထံ၊ အဘယ်သို့သောအကြောင်းဖြင့်။ ဥပ္ပန္နောနုခေါ၊ ဖြစ်ပေါ်လာလေသနည်း။

နို့ဃနာဆွမ်းတွေ တယ်ထူးထူး ခြားခြား ကောင်းလှပါတကား၊ ဘယ်လို အကြောင်းနဲ့များ နို့ဃနာဆွမ်းတွေ ဖြစ်ပေါ်လာပါသလဲလို့ ဆင်ခြင်စဉ်းစားကြည့်လိုက်တော့—ဒီလို နို့ဃနာဆွမ်း ဖြစ်ပေါ်လာတာဟာ လူဖြစ်စဉ်က မိခင်ပေးတဲ့ နို့ဃနာဆွမ်းနဲ့ လေနာရောဂါပျောက်ဘူးတယ်လို့ ငါပြောကြားတဲ့စကားရက္ခစိုးနတ်ကြားလို့ ဆွမ်းခံရွာကို သွားပြီး ပူးပြောတဲ့ အတွက် ငါ့ရဲ့ စကားကြောင့် ဒီဆွမ်းဖြစ်ပေါ်လာတယ်လို့ သိလိုက်တာနဲ့ တပြိုင်နက်ထဲ—

"အာဝုသော မောဂ္ဂလာန အပရိဘောဂါရဟော ပိဏ္ဍပါတော"

အာဝုသောမောဂ္ဂလာန၊ ငါ့ရှင်မောဂ္ဂလာန်။ ပိဏ္ဍပါတော၊ ယခု ယူဆောင်လာတဲ့ ဆွမ်းသည်။ အပရိဘောဂါရဟော၊ သုံးဆောင်ခြင်းငှာမထိုက်ပေ။

ငါ့ရှင်မောဂ္ဂလာန်....သင်အခု ယူဆောင်လာတဲ့ ဆွမ်းကို သုံးဆောင်ခြင်းငှာမထိုက်ဘူးလို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က မိန့်တော်မူလိုက်တော့ အရှင်

မောဂ္ဂလာန် မထေရ်မြတ်က ငါကဲ့သို့သော ပုဂ္ဂိုလ် ယူဆောင်လာတဲ့ ဆွမ်းကို မစား ထိုက်ဘူးလို့ ပြောရမလား ဆိုပြီး စိတ်ထွက်ခြင်း စိတ်ပျက်ခြင်း မရှိဘဲ စကားတခွန်းထဲနဲ့ သပိတ် နှုတ်ခမ်းကိုင်ပြီးတော့ တနေရာမှာတခါထဲ သွားပြီး နိဿနာဆွမ်းတွေကို သွန်မှောက်ပစ်လိုက်ပါတယ်။

နိဿနာဆွမ်းတွေ မြေသို့ရောက်တာနဲ့ ဟပြိုင်နက်ထဲ အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါဟာလဲ တခါထဲ ပျောက်ကင်းပြီး သွားပါတယ်၊ အဲဒီနေ့ကစပြီး အရှင်သာရိပုတ္တရာမထေရ်မှာလေးဆဲ့ငါးဝါတိုင်ကာလပတ်လုံးအဲဒီ လေနာရောဂါ တခါထဲ ပြန်မပေါ်တော့ဘူးတဲ့၊ ပီးတော့မှ အရှင်မောဂ္ဂလာန်ကို အရှင်သာရိပုတ္တရာက မိန့်တော်မူပါတယ် ဘယ်လိုလဲဆိုတော့–

အာဝုသော ဝစီဝိညတ္တိံ နိဿာယ ဥပ္ပန္နော ပါယာသော အန္တေသု နိက္ခမိတွာ ဘူမိယံ စရန္တေသုပိ ပရိဘုဉ္ဇိတုံ အယုတ္တရူပေါ။

အာဝုသော၊ ငါ့ရှင်မောဂ္ဂလာန်။ ဝစီဝိညတ္တိံ၊ ဝစီဝိညတ်ကို။ နိဿာယ၊ မှီ၍။ ဥပ္ပန္နော၊ ဖြစ်သော။ ပါယာသော၊ နိဿနာဆွမ်းသည်။ အန္တေသု၊ အူမ ခွေတို့သည်။ နိက္ခမိတွာ၊ ထွက်၍။ ဘူမိယံ၊ မြေ၌။ စရန္တေသု၊ ဆာလှ၍အစာ ရှာသွားကုန်သော်လည်း။ ပရိဘုဉ္ဇိတုံ၊သုံးဆောင်ခြင်းငှာ။ အယုတ္တရူပေါ၊ မသင့် သောသဘောရှိ၏။

ငါ့ရှင်မောဂ္ဂလာန်....ဝစီဝိညတ်ကိုမှီ၍ ရသောဆွမ်းကို အူတွေ အခွေလိုက် ထွက်ပြီး အစာရှာသွားစေကာမူ မသုံးဆောင်ထိုက်ပေလို့ ဟောဒီဂါထာပုဒ် တို့ဖြင့် ဥဒါန်းကြူးလိုက်ပါတယ်။

ဝစီဝိညတ္တိဝိပ္ဖါရာ၊ ဥပ္ပန္နံ မဓုပါယသံ။
သစေ ဘုတ္တော ဘဝေယျာဟံ၊ သာဇီဝေါ ဂရဟိတော မမ။

ယဒိပိ မေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိ စရေ။
နေဝ ဘိန္ဒေယျံ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။

အာရာဓေမိ သကံ စိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။
နာဟံ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ ကာဟာမိ စ အနေသနံ။[၁]

အဟံ၊ ငါသည်။ ဝစီဝိညတ္တိဝိပ္ဖါရာ၊ နှုတ်မြွက်ခြင်းကြောင့်။ ဥပ္ပန္နံ၊ဖြစ်ပေါ် ရရှိလာသော။ မဓုပါယသံ၊ ချိုမြိန်လှစွာသော နိဿနာဆွမ်းကို။ ဘုတ္တော၊ စားမိသည်။ သစေဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ မမ၊ ငါ၏။ သာဇီဝေါ၊

၁။ ဝိသုဒ္ဓိမဂ်၊ ၁၊ ပ၊ ၃၁–၄၀။

အသက်မွေးခြင်းနှင့်တကွဖြစ်သော သိက္ခာသီလသာဇီဝသည်။ ဂရဟိတော၊ ကဲ့ရဲ့အပ်သည်။ အသာ၊ ဖြစ်ရာ၏။

မေ၊ ငါ၏။ အနုဂ္ဂဟံ၊ အချီးသည်။ နိက္ခမိတွာ၊ ထွက်၍။ ဗဟိ၊ ပြင်ပ၌။ ယဒိပိစရေ၊ ကျက်စားရအောင်သွားလာလှည့်ပတ်စေကာမူ။ ဇီဝိတံ၊ အသက်ကို။ စဇမာနော ပိ၊ စွန့်ရသော်လည်း။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ နေဝ ဘိန္ဒေယျံ၊ မဖျက်ဆီးအံ့သည်သာ။

အဟံ၊ ငါသည်။ သကံစိတ္တံ၊ မိမိစိတ်ကို။ အာရာဓေမိ၊ အရင်းမှစ၍ အလို၌ဖြစ်စေအံ့။ ဝါ၊ ငါ၏အလိုသို့လိုက်စေအံ့။ အနေသနံ၊ မသင့်သောရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ အထူးရှောင်ကြဉ်အံ့။ အဟံ၊ ငါသည်။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ ဘုရားရှင် စက်ဆုပ်တော်မူအပ်သော။ အနေသနံ၊ မသင့်သောရှာမှီးခြင်းကို။ နကာဟာမိစ၊ မပြုအံ့သည်သာတည်း။

နောက်နဲ့အာဇီဝပါရိသုဒ္ဓိသီလကို စောင့်ရှောက်တဲ့ အမ္ဗခါဒကမဟာတိဿ မထေရ်မြတ်ဟာလဲ ခရီးသွားရင်းဆွမ်းမစားရ၍ ပင်ပန်းနွမ်းနယ်ပြီးတော့ အသီးတွေရှိတဲ့ သရက်ပင်ရင်းမှာ လျောင်းလဲနေပါတယ်၊ စားစရာ သရက်သီးတွေ မိမိနားမှာ ရှိပါလျက်သားနဲ့ ကပ်မဲ့ ပုဂ္ဂိုလ်မရှိတော့ ပရိဂ္ဂဟက သိက္ခာပုဒ်ကို မဖျက်ဘဲ အသက်သာသေပစေ ကပ်မဲ့လူမရှိယင် ဒီသရက်သီးကို ယူပြီး မစားတော့ဟု ဆုံးဖြတ်ပြီးနေတဲ့အခါမှာ ဒါယကာတယောက်လာကပ်မှ သရက်သီးကိုစားပြီးတော့ ပင်ပန်းနေတာနဲ့ ဒါယကာက ကျောပိုးပြီးပို့တဲ့အခါ ဒါယကာရဲ့ ကျောက်ကုန်းပေါ်မှာနေရင်း ဘယ်လိုဆင်ခြင်သလဲဆိုတော့—

န ပိတာ နပိ တေ မာတာ၊ န ဉာတိ န ပိ ဗန္ဓဝေါ။
ကရောတေ တာဒိသံ ကိစ္စံ၊ သီလဝန္တဿ ကာရဏာ။[၁]

တိဿ၊ တိဿ။ အယံ၊ ဤကျောပိုး၍ပေးသော ဒါယကာကြီးသည်။ တေ၊ သင်တိဿ၏။ နပိတာ၊ အဘလည်းမဟုတ်ပါပဲလျက်။ နပိမာတာ၊ အမိလည်း မဟုတ်ပါဘဲလျက်။ နဉာတိ၊ ဆွေမျိုးလည်းမတော်ပါဘဲလျက်။ နပိဗန္ဓဝေါ။ မိမျိုးလည်းမစပ်ပဲလျက်။ သီလဝန္တဿ၊ သီလရှိသော။ ဝါ၊ သီလရှိသည်၏ အဖြစ်တည်းဟူသော။ ကာရဏာ၊ အကြောင်းကြောင့်။ သီလဝန္တဿ၊ သီလ ရှိသော။ တုယှံ၊ သင်၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ကိစ္စံ၊ ကျောပိုး၍ ဆောင်ယူခြင်းကိစ္စကို။ ကရောတော၊ ပြုပေသည်တကား။

လို့ အဲဒီလို ဆင်ခြင်စဉ်းစား နှလုံးထားပြီးတော့ မိမိကိုယ်ကို မိမိဆုံးမလျက် သံဝေဂဉာဏ်သက်ဝင် ယောနိသောမနသိကာရအစဉ်ဖြင့် လက္ခဏာယာဉ် ဆင်ခြင်

၁။ ဝိသုဒ္ဓိမဂ်၊ ၁၊ ပ၊ နှ၁-၄၄။

သုံးသပ် ဝိပဿနာအထွဋ်တပ်၍ ပွားများ အားထုတ်လိုက်တဲ့အခါ ဥပါသကာ ဒါယကာကြီး၏ ကျောပြင်ပေါ်မှာဘဲ အရဟတ္တဖိုလ်ပေါက်ပြီး ရဟန္တာ အဖြစ်သို့ရောက်ခဲ့ပါသည်၊ အဲဒီ ခုဟောခဲ့ဘဲ့ အမ္ဗခါဒကမဟာတိဿ မထေရ်မြတ် များကို နည်းယူပြီးတော့ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယတရားဖြင့် ကြိုးစား ပြီး ဆည်းပူး အားထုတ်ကြရမယ်၊ ကဲ–ဒီနေရာမှာ အာဇီဝပါရိသုဒ္ဓိသီလနှင့်စပ်၍ ဟောကြားခဲ့တာ တော်ကြဦးစို့။

ပစ္စယသန္နိဿိတ သီလပိုင်းဒေသနာ

အာဇီဝပါရိသုဒ္ဓိ သီလပိုင်းပြီးတော့ ပစ္စယသန္နိဿိတသီလ ပိုင်းကို ဆက်ပြီးဟောကြားပေးရမယ်၊ ပစ္စယသန္နိဿိတ သီလဆိုတာ ဘယ်လိုသီလမျိုးလဲဆိုတော့ ဘုန်းကြီးတို့ ငယ်ငယ်ကရှင်ပြုခါနီးမှာ ပုတီးစိပ်ဆိုပြီး ကျက်မှတ်ခဲ့ရဘဲ့ "ပဋိသင်္ခါ ယောနိသော" စသည်ဖြင့် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဒီပစ္စည်း လေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ စင်စင်ကြယ်ကြယ် သုံးဆောင်ခြင်းမျိုးကို ပစ္စယ သန္နိဿိတသီလလို့ခေါ်ပါတယ်။

ဒီနေရာမှာ ရဟန်းရှင်လူ မည်သူမဆို အမြဲမပြတ် သုံးဆောင်မှီဝဲပြီးနေရတဲ့ မမှီဝဲလျှင်မဖြစ်တဲ့ ပစ္စည်းလေးမျိုးရှိပါတယ်၊ အဲဒီပစ္စည်းတွေက ဘာတွေလဲ လို့ဆိုတော့ အဝတ်သင်္ကန်း,ဆွမ်းစသော အစားအစာ, နေထိုင်စရာ ကျောင်း ကန်အဆောက်အဦ, ကျန်းမာရေးအတွက် မှီဝဲဘို့ရန် ဆေးဝါးများဖြစ်ပါတယ်၊ ခုပြောခဲ့တဲ့ ပစ္စည်းလေးမျိုးကို သုံးဆောင်မှီဝဲတဲ့အခါမှာ–

တတ္ထ ဒုဝိဓံ ပစ္စဝေက္ခဏံ ပစ္စယာနံ ပဋိလာဘကာလေ, ပရိဘောဂ ကာလေစ။[၁]

လို့ အဋ္ဌကထာညွှန်ပြချက်ရှိသည့်အတိုင်း ပစ္စည်းရတဲ့အခါမှာဖြစ်စေ, ပစ္စည်း တွေကို ဆိုင်ရာဆိုင်ရာမှာ သုံးဆောင်မှီဝဲတဲ့အခါမှာဖြစ်စေ မိမိသုံးဆောင်တဲ့ ပစ္စည်းအပေါ်မှာ တပ်မက်မှုကင်းအောင် ဟုတ်တိုင်းမှန်စွာ သိနိုင်တဲ့ပညာ ဖြင့် ဆင်ခြင်ပြီးတော့ သုံးဆောင်မှီဝဲရမယ်၊ ပစ္စယသန္နိဿိတသီလ ဆိုတာကလဲ ပညာအရင်းခံပြီးတော့ ကျင့်သုံးရတဲ့သီလမျိုးလို့ဆိုတော့ အဋ္ဌကထာညွှန်ပြတဲ့ အတိုင်း ဓာတုမနသိကာရ၏ အစွမ်းအားဖြင့်၎င်း, ပဋိက္ကူလမနသိကာရ၏ အစွမ်းအားဖြင့်၎င်း ဆင်ခြင်မှုသာလျှင် ဒီသီလပြည့်စုံ စင်ကြယ်ခြင်းသို့ ရောက်နိုင်တယ်။

ပစ္စယသန္နိဿိတသီလကို သုတ်သင်နည်း

မိမိတို့ တရားသဖြင့်ရရှိလာတဲ့ ပစ္စည်းလေးပါးကို သုံးဆောင်မှီဝဲတဲ့အခါမှာ ပညာဖြင့်ဘယ်လိုဆင်ခြင် ရမလဲဆိုတော့ ရှေးဦးစွာ အဝတ်သင်္ကန်းကို ဝတ်ရုံ

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ–၄၁။

တဲ့အခါမှာ– "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ (ပ) ဟိရိကောပိန ပဋိစ္ဆာဒနတ္ထံ"လို့ ပါဠိဘာသာနှင့်ဖြစ်စေ, မြန်မာဘာသာနှင့်ဖြစ်စေ, ပါဠိမြန်မာနှစ်ဘာသာနှင့်ဖြစ်စေ မိမိတို့နားလည်သလို ဆင်ခြင်ပွားများ နှလုံးထားရမယ်။

ဒီနေရာမှာ မြန်မာဘာသာသက်သက်ဖြင့် ဆင်ခြင်ပွားများပုံမှာ– ငါသည် ကိုယ်တွင်းကိုယ်ပရန် ဓာတ်ဖောက်ပြန်ခြင်းကြောင့်ဖြစ်သော ချမ်းအေးခြင်းကိုငင်း, ဆီးနှင်းစသည်တို့ကြောင့် ချမ်းအေးခြင်းကိုငင်း, တောမီးစသောမီးပူကိုငင်း ထိုအအေးအပူကြောင့် ကျင်နာခြင်း ကင်းပျောက် စိတ်မနောက်ရုံ ပယ်ဖျောက်ရှင့်ငှာသာလျှင် ယင်ကောင် မှက်ကျား ခြင်ပုန်းစသော သတ္တဝါတို့၏ဘေးရန်ကို ကာကွယ်ရှင့်ငှာသာလျှင် လေပူ, နေပူ, မြွေ, ကင်း, ပင့်ကူ, တက်တူစသော သတ္တဝါတို့၏ ကိုက်ခဲခြင်းအတွေ့ကို ကာကွယ်ပယ်ဖျောက် နိုင်ရန်သာလျှင် ဒီအဝတ်သက်န်းကို ဝတ်ရုံထိုင်ခင်း မိုးခင်းရံကာ မှီဝဲသုံးဆောင်ပါ၏လို့ ဟုတ်မှန်သောအကြောင်းကို နှလုံးသွင်း၍ ပညာဖြင့် ဆင်ခြင်ပွားများရမယ်၊ ဒီနေရာမှာ ပညာဖြင်ဆင်ခြင်ပုံကို ဒီလိုမှတ်သားကြရမယ်။

အဝတ်သင်္ကန်း၌ ပဋိကူလသညာအားဖြင့်ဆင်ခြင်ပုံ

ပညာဖြင့် ဆင်ခြင်တဲ့အခါမှာ ရှေးဦးစွာ ပဋိကူလသညာအားဖြင့် အဝတ်သက်န်းကို ဆင်ခြင်ပုံကို ဆင်ခြင် တတ်အောင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးရဲ့ ဟောဒီဂါထာပုဒ်ကို နှုတ်တက်ရအောင် ဆောင်ထားကြရမယ်။

ယထာပက္ကံ မဟာဂဏ္ဍံ၊ ပိလောတိကေန ဆာဒယေ။
ပဂ္ဃရံ နဝဒ္ဒါရေဟိ၊ ကာယံ ဆာဒေမိ စီဝရာ။

ပက္ကံ၊ ပြည်မှည့်ပေါက်ပြဲသော။ မဟာဂဏ္ဍံ၊ အိုင်းအမာကြီးကို။ ပိလောတိကေန၊ အဝတ်စုတ်ဖြင့်။ ဆာဒယေယထာ၊ ဖုံးအုပ်ရသကဲ့သို့။ တထာ၊ ထို့အတူ။ နဝဒ္ဒါရေဟိ၊ ကိုးပေါက်ဒွါရအမာဝတို့ဖြင့်။ ပဂ္ဃရံ၊ တစီးစီးတစိုစို ယိုထွက်သောမစင်အညစ်အကြေးရှိသော။ ကာယံ၊ ကိုယ်ကို။ စီဝရာ–စီဝရေန၊ အဝတ်သက်န်းဖြင့်။ ဆာဒေမိ၊ မွမ်းမံဖုံးလွှမ်းပါ၏။

သွေးပြည်ယို ထွက်နေတဲ့ အနာကြီးကို ပတ်တီး စီးထားသလို အပုပ်ရည် အပုပ်ခဲအပုပ်ချွဲ အပုပ်ညှီတို့ဖြင့် တစီးစီးတစိုစို ယိုထွက် နေသော စက်ဆုပ်ဘွယ် ဒီကိုယ်ကောင်ကြီးကို အဝတ်ဖြင့်ဝတ်ရုံဖုံးလွှမ်းထားရပါတကားလို့ ကိုယ်ကောင်ကြီး၏ စက်ဆုပ်ရွံရှာဘွယ်ကိုဆင်ခြင်ပြီးတော့ အဝတ်သက်န်းကိုဝတ်ရုံသုံးဆောင်ရမယ်၊ ဟောဒီနေရာမှာ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးကပင် ဆောင်ပုဒ်လင်္ကာလေးတခု သီကုံးထားပါသေးတယ်၊ ဘယ်လိုလဲဆိုတော့–

ဆောင်ပုဒ်လင်္ကာ။ ။သွေးပြည်အိုင်းမန်း၊ တင်းကျမ်းယိုစီး၊ အနာကြီးကို၊ လွှမ်းမိုးသည့်တူ၊ အဏုမြူမျှ၊ သုံးယူမရ၊ ဒွတ္တိံသပေါင်း၊ အကောင်းကျောက်မျက်၊ ဘယ်မထွက်သည့်၊ ပေါက်ပျက်စီးယို၊ ဤကိုယ်တင်လွှမ်း၊ ဤသက်န်းသည်။ ။ရိုန္ဓမ်း ညှိုးမှိန် လေအုံ့သည် တကား။

ဒီလိုအဝတ်သင်္ကန်းကို မှီဝဲတဲ့အခါမှာ ပဋိကူလသညာနဲ့ ဆင်ခြင်ပြီးတော့ မှီဝဲသုံးဆောင်ရမယ်၊ ပြီးတော့—

ဓာတုသညာအားဖြင့်ဆင်ခြင်ပုံ ဓာတုသညာအားဖြင့် ဆင်ခြင်ရာမှာ သစ်သား ရုပ်, ပလပ်စတိပ် ရုပ်များကို အဝတ် **တန်ဆာ** ဆင်မြန်းထားတဲ့အခါမှာ သစ်သားရုပ်နှင့် အဝတ်တန်ဆာသည် ဥတုဇရုပ်ဓာတ် ဘုတ်ကလာပ်များဖြစ်ကြသည့်အတွက် အချင်းချင်း အမှီပြုသည်ကို မသိကြသလို ဤကိုယ်ကောင်နှင့် အဝတ်သင်္ကန်းတို့ဟာ ဓာတ်လေးပါးအစု ဖြစ်ကြသော ကြောင့် အချင်းချင်းမသိတတ်တဲ့အတွက် ပုဂ္ဂိုလ်သတ္တဝါမဟုတ် ဓာတ်မဟာဘုတ် များသာဖြစ်ကြတယ်လို့ ဆင်ခြင်ကြရမယ်၊ ဆောင်လွယ်မှတ်လွယ် ဂါထာ တပုဒ်က--

အညမညံ န ဇာနန္တိ၊ ဒါရုယန္တေ အလင်္ကတေ။
ဧဝံ ဝတ္ထသရီရာနိ၊ ဥဘောပိ ဓာတုမတ္တကာ—တဲ့။

ဒါရုယန္တေ၊ သစ်သားရုပ် ပလပ်စတိပ်ရုပ်ကို။ အလင်္ကတေ၊ တန်ဆာ ဆင်အပ်သည်ရှိသော်။ ဥဘော၊ အဝတ်တန်ဆာ, သစ်သားရုပ်– ပလပ်စတိပ် ရုပ် နှစ်ပါး တို့သည်။ အညမညံ၊ အချင်းချင်း။ နဇာနန္တိယထာ၊ မသိကြကုန် သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဝတ္ထသရီရာနိ၊ အဝတ် သင်္ကန်း နှင့် ကိုယ်ကောင်တို့သည်။ အညမညံ၊ အချင်းချင်း။ နဇာနန္တိ၊ မသိကြလေ ကုန်။ ဥဘောပိ၊ အဝတ်သင်္ကန်းနှင့် ကိုယ်ကောင်နှစ်ပါးလုံးတို့သည်လည်း။ ဓာတုမတ္တကာ၊ ငါသူတပါး ယောကျာ်းမိန်းမ ဇီဝမဟုတ် မဟာဘုတ် **အစု**တို့ သာတည်း။

အဲဒီလို ဓာတုသညာဖြင့်လဲ အဝတ်သင်္ကန်းကို ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း နှလုံး သွင်း ဆင်ခြင်ကြရမယ်၊ ဆောင်လွယ်မှတ်လွယ်အောင် **ဆောင်ပုဒ်လင်္ကာ**ကလေး အလိုရှိပါလျှင် မှတ်ထားကြအုံးပေါ့။

ဆောင်ပုဒ်လင်္ကာ။ ။ခြုံးအုံဇာဒ္ဒပြာကီ၊ လက်ကောက်ဆံကျင်၊ အလှဆင်လည်း၊ အထင်မပြု၊ ရုပ်သေးတုသို့၊ လေးခုသောဓာတ်၊ ပေါင်းဖွဲ့ လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိ တလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ကောင်းမြတ် လှစွာ၊

သက်နှိုး ဝါသည်၊ ငှါမှာဖိုးလွှမ်း၊ မသိဖွမ်းထ၊ သက်နှိုးကဝယ်၊ ဆိုဘွယ်မရှိ၊ ဘုတ်ချင်းထိသည်။ ။ချင်းချင်းမသိကြလေဘူး တကား။

ဤကဲ့သို့ အဝတ်သင်္ကန်း၌ ဓာတုသညာနှလုံးထား၍ ဆင်ခြင်ကြရမယ်၊ ကဲ-ဆွမ်းလို့ခေါ်တဲ့ သုံးဆောင်စားသောက်ဖွယ် အာဟာရကို ပစ္စဝေက္ခဏာ ဆင်ခြင်ပုံ ပညာနဲ့ဆင်ခြင်ပုံတို့ကို ဆက်ဟောကြအုံးစို့၊ မိမိတို့တရားသဖြင့် ရှာဖွေရရှိလာတဲ့ စားသောက်ဖွယ်ရာ ဆွမ်းစသော အာဟာရတွေကို သုံးဆောင်မှီဝဲတဲ့အခါမှာ တမှတ်တမဲ့ မစားသောက်ဘဲ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင် စားသောက်ကြရမယ်။

ဆွမ်းအာဟာရ၌ဆင်ခြင်ပုံ ဘယ်လိုပညာဖြင့် ဆင်ခြင်သုံးဆောင်ရမလဲဆိုတော့ ငါသည် ဤယခု သုံးဆောင်စားသောက်သော အာဟာရကို ရွာသူရွာသား သူငယ်များတို့ကဲ့သို့ မြူးရယ်ပျော်ပါး ကစားခြင်းငှာရင်း၊ လက်ဝှေ့လက်ပမ်းသည်တို့လို ဗလမာန်ပုရိသမာန်တို့ကို ခက်ထန်ယစ်မူးဘို့ရန်အတွက်ရင်း၊ မင်းမောင်းမပမာ ပြည့်တန်ဆာတို့လို အင်္ဂါကြီးငယ်တို့ တင့်တယ်ပြည့်ဖြိုးစေဘို့ရန် အတွက်ရင်း၊ ကချေသည်အလား ဂျမ်းသမားတို့လို ကိုယ်သားကိုယ်ရေကြည်လင်စေဘို့ရန်အတွက်ရင်း ဤအာဟာရကိုမှီဝဲသုံးဆောင် စားသောက်သည် မဟုတ်ပါ။

ခုဟောခဲ့တာကတော့ ဆွမ်းစသောအာဟာရ မှီဝဲတဲ့အခါမှာ ပယ်စွန့်ရမဲ့ ပဋိက္ခေပလေးပါးလို့ ခေါ်ပါတယ်၊ ပဌမစကားတပိုဒ်က မောဟတရား၏ မှီရာအကြောင်းကို ပယ်ဘို့ရန်အတွက် ဟောတော်မူခြင်းဖြစ်ပါတယ် (နေဝဒဝါယ)၊ ဒုတိယစကားတပိုဒ်က ဒေါသ၏မှီရာအကြောင်းကို ပယ်ဘို့ရန်အတွက် ဖြစ်ပါတယ် (နမဒါယ)၊ ကျန်တဲ့စကား နှစ်ပိုဒ်ကတော့ ရာဂ၏မှီရာအကြောင်းကို ပယ်ဘို့ရန်ဟောကြားတော်မူခြင်းဖြစ်ပါတယ် (န မဏ္ဍနာယ-န ဝိဘူသနာယ)။

တနည်းအားဖြင့်ဆိုယင် ရှေ့စကားနှစ်ပိုဒ်ဖြင့် မိမိအတွက် ရာဂ, မောဟစသော သံယောဇဉ်တို့၏ ဖြစ်ခွင့်ကို တားမြစ်ဘို့ရန်အတွက် ဖြစ်ပါတယ်၊ (နေဝဒဝါယ-နမဒါယ)၊ နောက်စကားနှစ်ပိုဒ်ဖြင့် သူတပါးတို့အား ရာဂ, မောဟစသော သံယောဇဉ်တို့ရဲ့ဖြစ်ခြင်းကို တားမြစ်ဘို့ရန်အတွက် ဟောတော်မူပါတယ် (နမဏ္ဍနာယ-နဝိဘူသနာယ)။

တနည်းအားဖြင့်လဲ နောက်ကဟောခဲ့တဲ့ စကားလေးပိုဒ်လုံးတို့ဖြင့် မသင့်လျော်သောအကျင့် (ကာမသုခလ္လိကာနုယောဂ) ခေါ်သော ကာမချမ်းသာ၌ တွယ်တာကပ်ငြိသော အကျင့်တွေကို ပယ်စွန့်ဘို့ရန်အတွက် ဒီပဋိက္ခေပအင်္ဂါ

ခေါ် စကားလေးပိုဒ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်၊ (နေဝဒ၀ါယ–နမဒါယ–နမဏ္ဍနာယ– နဝိဘူသနာယ)။

နောက် အာဟာရကို မှီဝဲသုံးဆောင်တဲ့အခါမှာ ဘယ်ပုံဆင်ခြင် ရအုံးမလဲ ဆိုတော့—

(၁) အိမ်အိုကြီးကို မပြိုလဲရန် ကျားကန်ထားသလို မဟာဘုတ်လေးပါးကိုမှီသော ဣစ္ဆတုသန္တတိရုပ်အပေါင်းရဲ့ ရှေ့နောက်ဆက်စပ်သော ကလာပ်အပေါင်းသည် တည်နေရုံမျှငှာသာလျှင်, လှည်းရထားများကို လှည်းစာစက်ဆီထည့်ပေးရသလို ဇီဝိတိန္ဒြေ အရှိန်မပြတ်ဖြစ်စေရုံငှာသာလျှင်, ရုပ်ဇီဝိတိန္ဒြေကို ဖြစ်စေရုံငှာသာလျှင်ငှင်း။

(၂) ကိုယ်တွင်းရောဂါ အိုင်းအနာကို ဆေးကုသလို အေးလျှင်အပူကို ပေး၍ ပူလျှင်အအေးကိုပေးသလို ဆာလောင်မွတ်သိပ်သောရောဂါကို ငြိမ်းအေးရုံငှာသာလျှင်၊ ကန္တာရခရီးခဲကို လွန်မြောက်နိုင်ရန် သားငယ်၏အသားကို စားသကဲ့သို့, မြစ်ပင်လယ်ကို ကူးမြောက်နိုင်ရန် လှေဘောင်သဘောကို စီးရသကဲ့သို့ သီလ–သမာဓိ–ပညာစသော သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ထောက်ပံ့ ထမ်းဆောင်နိုင်ဘို့ရန်အာ့ကူသာလျှင် ဆွမ်းစသော အာဟာရကို မှီဝဲပါ၏။

(၃) ဒီလိုမှီဝဲသုံးဆောင်ရသဖြင့် အာဟာရကိုမမှီဝဲရသေးခင် ဖြစ်ပေါ်နေတဲ့ ဆာလောင်မွတ်သိပ်မှုရောဂါဝေဒနာကို ပယ်ဖျောက်မယ်၊ စားပြီးတဲ့အခါမှာ အစားလွန်ခြင်းကြောင့်ဖြစ်တတ်တဲ့ စားပိုးနင့်ခြင်း, အော့အန်ခြင်းစတဲ့ အနာရောဂါလည်း မဖြစ်ပေါ်လာအောင် သုံးဆောင်မှီဝဲစားသောက်အံ့ဟု နှလုံးထား၍ မှီဝဲသုံးဆောင်ခြင်း။

(၄) အမြဲမပြတ် ဆေးစားနေရသော ရောဂါသယ်ပမာ ဤရူပကာယ ခန္ဓာ၏ ဣရိယာပထမျှတပြီးတော့ နေခြင်းငှာရင်း၊ မအပ်မရာ ဉာဏ်မပါသော ရှာဖွေခြင်း, ခံယူခြင်း, သုံးဆောင်ခြင်းကို ပယ်ဖျောက်ပြီးတော့ အပြစ်ကင်းခြင်းငှာရင်း၊ နှိုင်းချိန်ပြီးတော့ မျှမျှတတ သုံးဆောင်သဖြင့် ကိုယ်လက်ပေ့ါပါး ချမ်းသာစွာနေထိုင်ရန်ထိနမိဒ္ဓစသောဘေးရန်များမရှိတော့သဖြင့်ရဟန်းတရားကို ကြိုးစားအားထုတ်နိုင်ရန်ဖြစ်ပါစေဟု နှလုံးထားပြီးတော့ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်စားသောက်ပါ၏လို့ ဆင်ခြင်ကြရမယ်။

ခုပြောခဲ့တာကတော့ ဆွမ်းစတဲ့အာဟာရကို မှီဝဲသုံးဆောင်တဲ့ အခါမှာ လိုက်နာမှတ်သားယူထားအပ်တဲ့ ဂဟေတဗ္ဗ အင်္ဂါလေးပါးလို့ ခေါ်ပါတယ်၊ အဲဒီ ဂဟေတဗ္ဗအင်္ဂါလေးပါးစလုံးကတော့ အကျဉ်းအားဖြင့်—

(၁) ဣမဿ ကာယဿ ဋ္ဌိတိယာ ယာပနာယ–တပါး၊
(၂) ဝိဟိံသုပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ–တပါး၊
(၃) ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ နဥပ္ပါဒေဿာမိ–တပါး၊
(၄) ယတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ–တပါး၊

ပေါင်းတော့ ဂဟေတဗ္ဗတရား လေးပါးရှိပါတယ်၊ အဲဒီစကားရပ် လေးချက်ဖြင့် ဘယ်လိုအဓိပ္ပါယ်တွေပြသလဲဆိုတော့ (ယုတ္တဘောဂ) ခေါ် ရဟန်းတော်များနဲ့ သင့်လျော် လျောက်ပတ် ကောင်းမြတ်သော သုံးဆောင်ခြင်းကိုရင်း, သိမ်းဆည်းခြင်းကိုရင်း, (အတ္တကိလမထဇ္ဇဟ) လို့ ခေါ်တဲ့ ကိုယ်စိတ်ပင်ပန်းသော အကျင့်တရားတို့ကို စွန့်ခြင်းကိုရင်း, (ဓမ္မိကသုခအဇဟ) လို့ ခေါ်တဲ့ တရားနှင့်လျော်စွာ ကျင့်သဖြင့်ရရှိအပ်သော ဈာန်ချမ်းသာ, မဂ်ချမ်းသာ စသည်တို့ကို မစွန့်ပယ်ခြင်းကိုရင်း၊ အဲဒီအဓိပ္ပါယ် သုံးမျိုးကိုနည်းပေးညွှန်ပြ၍ ဟောတော်မူခြင်း ဖြစ်ပါတယ်။

ပြီးတော့ ဆွမ်းစတဲ့အာဟာရများကို သုံးဆောင်တဲ့အခါမှာ ပဋိသင်္ခါယ–ပညာဖြင့် ဆင်ခြင်၍လို့ ဒီလိုဆိုတဲ့နေရာမှာ ပဋိကူလအနေ, ဓာတုသညာအနေဖြင့် ဆင်ခြင်ပွားများရမယ်၊ ရှေးဦးစွာ ပဋိကူလအနေအားဖြင့် ဆင်ခြင်ပုံကို ဟောကြစို့။

ဆွမ်း၌ဆင်ခြင်ပုံ မိမိတို့နေ့တိုင်း သုံးဆောင်စားသောက်နေတဲ့ အာဟာရကို ခွေးစာကျင်းထဲက အန်ဖတ်တွေကဲ့သို့ တံတွေးစသည်တို့ဖြင့် ရောထွေးပြီးတော့ မစင်အဖြစ်သို့ တိုင်အောင် ရောက်လိမ့်မယ်လို့ ထင်မြင်အောင်ရှုပါတဲ့၊ ဘယ်လိုလဲဆိုတော့–

မဟာရဟ မိဒံ ဘောဇ္ဇံ၊ ခိတ္တံ ဝမထု ဒေါနိယံ။
ခေဠာဒိ မထိတံ ဧဝံ၊ ယာဝဝစ္စံ ဂမိဿတိ။

မဟာရဟံ၊ သူမြတ်တို့အားသော်လည်း လျော်ကန်ထိုက်တန်သော။ ဣဒံ ဘောဇ္ဇံ၊ ဤစားဘွယ်သည်။ ဒေါနိယံ၊ ခွေးစာခွက်စကျင်း၌။ ခိတ္တံ၊ စွန့်ပစ်အပ်သော။ ဝမထုဝိယ၊ အန်ဖတ်ကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ခေဠာဒိ မထိတံ၊ တံတွေးစသည်တို့ဖြင့် လုံးထွေးမွှေနှောက်အပ်သည်ဖြစ်၍။ ယာဝ ဝစ္စံ၊ မစင်ဖြစ်သည့်တိုင်အောင်။ ဂမိဿတိ၊ သွားလတံ့။

အဲဒီလိုစားသောက်ဖွယ်တွေကို ခွေးအန်ဖတ်အနေ တံတွေး စသည်တို့နှင့် ရောထွေးပြီး မစင်အဖြစ်သို့ ရောက်အောင် ဖြစ်သွားပုံတွေကို ဆင်ခြင်ပြီး

စက်ဆုပ်ရွံရှာဖွယ် တကျောက္ခာအောင် အစာ၌မမက်မော မတပ်မက်အောင် ဆင်ခြင်ပါတဲ့၊ ဒီနေရာမှာ ဆောင်ပုဒ်လင်္ကာတခု ရှိပါသေးတယ်၊ ဘယ်လိုလဲ ဆိုတော့—

ဆောင်ပုဒ်လင်္ကာ။ ။"ပွဲပြင်ဗွေလယ်၊တင့်တယ်လျောက်ပတ်၊သူမြတ်တို့သော်၊ ထိုက်တန်လျော်လည်း၊ စားသော်မကြာ၊ လျှာရည်တံတွေး၊ သွားမြေးညစ်မည်း၊ ထိုထိုချည်းကို၊ သိမ်းဆည်းပေါင်းစု၊ ထောင်းထုဝါးချေ၊ မျိုလေဆင်းသက်၊ ဓာတ်မီးချက်၍၊ ပရွက်ဦး၊ ကျိုက်ကျိုက်ဆူပွ၊ အမြှုပ်ထကာ၊ ပိုးစာ,လောင်မီး၊ ကျင်ကြီး, ကျင်ငယ်၊ တသွယ်သွေး–သား၊ ငါးပါးကွဲလျက်၊ ခွေးစာခွက်ထဲ၊ ကျီခြုံထပ်ထပ်၊ ခွေးအန်ဖတ်တူ၊ အူမထက်ဖျား၊ဆန်ထုပ်လားသို့၊ပ–ကားသန့်ရှင်း၊ တွင်းမိန္ဒဲ့၌၊ ရွံဘွယ်ဘိခြင်း၊ တံစီးတွင်းနှယ်၊ သုံးဆယ်နှစ်မျိုး၊ ပိုးတို့တည်ငြိမ်၊ စာသစ်အိမ်ဝယ်၊ စဥ်းငယ်နားဖျက်၊ အူခေါင်းသက်၍၊ ချက်မြစ်ကျောက်ကုန်း၊ အူအဆုံးဟု၊ ပိတုံးပိတ်ပယ်၊ ရွံဘွယ်စင်စစ်၊ စာဟောင်းဖြစ်သို့။ ။မနှစ်ရောက်လေအံ့သည့်တကား။ (ညှို့အခါသင်ခြင်မှ–မနှစ်ရောက်ခဲ့လေပြီတကားဟုဆိုပါ)

ခုပြောပေးခဲ့တဲ့ လင်္ကာစာသွားအတိုင်း ပဋိကူလအနေ ထင်မြင်အောင် ဆင်ခြင်ပြီးတော့ ဓာတုသညာအနေ ထင်မြင်အောင် ဆင်ခြင်ရမယ်၊ ဓာတုသညာအနေ ထင်မြင်အောင်ဆင်ခြင်ပုံကို သိဘို့နားလည်ဘို့ကတော့ ဟောဒီဂါထာပုဒ်ကို ဆောင်ထားရမယ်။

ဆွမ်း၌ဓာတုသညာ ဆင်ခြင်ပုံ

ဇိဏ္ဏံ ရထ မဘေဒါယ၊ ဒါတဗ္ဗံ သေနဟောဒကံ။
စတုစက္က မဘေဒါယ၊ ဘောဇ္ဇံ ဒတွာန ပေါသိတံ။
ဥဘောပေတေ န ဇာနန္တိ၊ အညောညံ ရထသေနဟာ။
ကာယော ဘောဇ္ဇံ န ဇာနန္တိ၊ ဥဘောပိ ဓာတုမတ္တကာ။

ဇိဏ္ဏံရထံ၊ ရထားလှည်းအိုကို။ အဘေဒါယ၊ မကျိုးမပဲ့ စေခြင်းငှာ။ သေနဟောဒကံ၊ လှည်းစာဆီရေကို။ ဒါတဗ္ဗံယထာ၊ ပေးအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ စတုစက္ကံ၊ ယာပိုထ်လေးရပ် စက်ဘီးတပ်ဆောင် ဤကိုယ်ကောင်ကို။ အဘေဒါယ၊ တိမ်းလည်းပြိုကွဲ မရှိစေခြင်းငှာ။ ဘောဇ္ဇံ၊ စားဘွယ်သောက်ရန် အတန်တန်ကို။ ဒတွာန၊ ပေး၍။ ပေါသိတံ၊ မွေးမြူအပ်သတည်း။

ဥဘောပိ၊ နှစ်ပါးစုံလည်းဖြစ်ကုန်သော။ ဧတေရထသေနဟာ၊ ထိုလှည်းနှင့် လှည်းစာတို့သည်။ အညောညံ၊ အချင်းချင်း။ နဇာနန္တိယထာ၊ မသိကြကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ကာယောစ၊ ကိုယ်သည်၎င်း။ ဘောဇ္ဇံစ၊ စားဘွယ်သောက်ဖွယ် အမယ်မယ်သည်၎င်း။ အညောညံ၊ အချင်းချင်း။ နဇာ

နန္တိ၊ မသိကြလေကုန်။ ဥဘောပိ၊ ကိုယ်နှင့်စားဘွယ် နှစ်ပါးစုံတို့သည်လည်း။ ဓာတုမတ္တကာ၊ ဓာတ်လေးပါးအစုတို့သာလျှင်တည်း။

အဲဒီလို စားဘွယ်သောက်ဘွယ်တွေဟာလဲ ဓာတ်လေးပါး၊ ကိုယ်ကာယကလဲ ဓာတ်လေးပါး၊ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိပါတကားလို့ ဆင်ခြင်ကြရမယ်၊ ပြီးတော့ဒီနေရာမှာ ဆောင်ပုဒ်လင်္ကာတခုရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

ဆောင်ပုဒ်လင်္ကာ။ ။မကျိုးစေလို၊ ရထားအိုကို၊ ထိုးလျှိုလှည်းစာ၊ ကဲ့ပမာသို့၊ ရိယာလေးလီ၊ အမြဲမှီသား၊ ဤအိမ်ခန္ဓာ၊ ဓာတ်လေးဖြာကို၊ မပျက်ပါစေ၊ ရေစာသုံးစွဲ၊ ငါမှီပဲ၏၊ လှည်းနှင့်လှည်းစာ၊ မသိပါသို့၊ လေးဖြာသောဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလာ့းမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ကောင်းမြတ်လှစွာ၊ ဤအစာသည်၊ ငါ့မှာဝင်နေ၊ မသိလေဘူး၊ စာရေကငယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ချင်းဘုတ်သို့၊ ဝင်တုံမြှသည်။ ။မည်သို့မသိကြလေဘူးတကား။

အင်မတန်မှတ်သားစရာလဲကောင်း, ကြည်ညိုစရာလဲကောင်းတဲ့ ဆောင်ပုဒ်လင်္ကာ ဖြစ်ပါတယ်၊အဓိပ္ပာယ်အစုံအလင် ပါသွားပြီဖြစ်တဲ့အတွက် ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဆင်ခြင် ပွားများတတ်လောက်ပါတယ်၊ ဒီဆောင်ပုဒ်လင်္ကာထဲမှာ ပါတဲ့အတိုင်း ဆွမ်းစသောအာဟာရကို မှီဝဲတဲ့အခါမှာ ဓာတုအနေ ထင်မြင်အောင် သတ္တဝါ, ပုဂ္ဂိုလ်, ငါ, သူတပါး, ယောကျ်ား, မိန်းမဆိုကဲ့ အယူအစွဲတွေ ကင်းပျောက်အောင် သေသေချာချာ စေ့စေ့စပ်စပ် အသိကပ်ပြီးတော့ ဆင်ခြင်ကြရမယ်၊ ပြီးတော့ ဟောဒီနေရာမှာ အာဟာရနှင့် ဆက်စပ်၍ အလျဉ်းသင့်တဲ့အတွက် အာဟာရေပဋိကူလသညာအကြောင်းကို နည်းနည်းထဲ့ဟောကြစို့။

အာဟာရေ ပဋိကူလသညာဆိုတာ ကမ္မဋ္ဌာန်း ပွားနည်းတမျိုး ဖြစ်ပါတယ်၊ ဒါကြောင့် စားသောက်မှုနဲ့ဆိုင်တဲ့ ပစ္စယသန္နိဿိတအကြောင်းကို ဟောကြားယင် ဒီအပိုင်းကို ထဲ့ဟောကြရအောင်၊ အာဟာရေပဋိကူလ သညာလို့ဆိုတဲ့ နေရာမှာ အာဟာရဆိုတာက ကဗဠီကာရ အာဟာရ,ဖဿာဟာရ, မနော သဉ္စေတနာဟာရ, ဝိညာဏာဟာရလို့ ဒီလို အာဟာရ လေးမျိုးရှိပါတယ်၊ အဲဒီ အာဟာရ လေးမျိုးမှာ အစဉ်အတိုင်း ဘေးကြီးလေးမျိုး ဆိုတာလဲရှိပါတယ်။

ဘေးကြီးလေးပါး **ဘေးကြီးလေးမျိုး** ဆိုတာက ဘာတွေလဲ—နိကန္တိ ဆိုတဲ့ အာဟာရ၌ တပ်မက်သောဘေး, ဥပဂမနဆိုတဲ့ အာရုံအမျိုးမျိုးသို့ ကပ်ရောက်နိုင်တဲ့ဘေး, ဥပပတ္တိဆိုတဲ့ ဘဝ၌ဖြစ်ကြောင်း ပဋိသန္ဓေ

ဝိညာဉ်ဘေး, ဘဝတပါးနှင့် စပ်ခြင်း ပဋိသန္ဓေ ဘေး-ရယ်လို့ အစဉ်အတိုင်း ဘေးကြီးလေးမျိုးရှိပါတယ်၊ ဒီဘေးကြီးလေးမျိုးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်မှာ ပေါ်လွင်ထင်ရှားအောင်လို့

ပုတ္တမံသူပမာ, နိစ္စမ္မဂါဝူပမာ, အင်္ဂါရကာသူပမာ, သတ္တိသူလူပမာ ဆိုတဲ့ သားငယ်၏အသားဥပမာ, အရေပြားမရှိသောနွား၏ဥပမာ, မီးကြီးတွင်းဥပမာ, လှံချက်ဥပမာတို့ဖြင့် ဟောကြားပြသအပ်သော ဩဇာဋ္ဌမကရုပ်- ဝေဒနာသုံးပါး, ပဋိသန္ဓေဝိညာဉ်, နာမ်ရုပ်တို့ကိုဆောင်တတ်သော ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရဆိုတဲ့ အာဟာရလေးပါးထဲမှာ စားအပ်,သောက်အပ်, ခဲအပ်,လျက်အပ်သော ကဗဠီကာရာဟာရကိုသာ ဒီနေရာမှာ ယူပြီးတော့ ဟောကြားပေးရမယ်။

အဲဒီ ကဗဠီကာရာဟာရဆိုတဲ့ စားသောက် မျိုဝါးအပ်သော အစာအာဟာရ ထဲမှာ စက်ဆုပ်ရွံရှာဘွယ်ဆိုတဲ့ အခြင်းအရာတွေ ယူသောအမှတ် သညာကို အာဟာရေ ပဋိကူလသညာလို့ ဆိုလိုပါတယ်၊ ဒီနေရာမှာ အဋ္ဌကထာဆရာတော်က-

> ကဗဠီကာရာဟာရေ ဒသဟာကာ ရေဟိ ပဋိက္ကူလတာ ပစ္စဝေက္ခိ တဗ္ဗာ။[၁] —

လို့ပြောထားပါတယ်။ ကဗဠီကာရာဟာရေ၊ အလုပ်အလွေ့ကဲ့သို့ပြုအပ်သော အစာအာဟာရ၌။ ဒသဟာကာရေဟိ၊ ဆယ်မျိုးသော အခြင်းအရာတို့ဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ရွံရှာဘွယ် ရှိသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်ပွားများအပ်၏- တဲ့။

အဲဒီကမ္မဋ္ဌာန်းကို ပွားများလိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး များဟာ ကမ္မဋ္ဌာန်းပြတတ်သော ပရိယတ်ကို ပါဠိအားဖြင့်၎င်း, အနက်အား ဖြင့်၎င်း ကျကျနနသင်ယူပြီးတော့ သင်ယူထားတဲ့အတိုင်း အနည်းငယ်မျှ ချွတ် ချော်တိမ်းပါးခြင်းမရှိအောင် ဂရုစိုက်ပြီး ဆိတ်ငြိမ်ရာ ကပ်ပြီးတော့ ဆယ်မျိုး သောအခြင်းအရာတို့ဖြင့်အာဟာရ၌ စက်ဆုပ်ဖွယ်ထင်လာအောင် ဆယ်မျိုးသော အခြင်းအရာတို့ဖြင့် ပွားပုံ ပွားနည်းကို အဋ္ဌကထာ လာတဲ့အတိုင်း မဟာ ဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက သင်္ဂဟ ဂါထာလေး စီကုံးထားတာရှိပါ တယ်၊ ဘယ်လိုလဲဆိုတော့—

၁။ ဝိသုဒ္ဓိမဂ် ၊ ၂၊ ပအုပ် နှာ-၃၃၆။

ဂမနာ သေနာ ဘောဂါ၊ အာဿယာ စ နိမာနတော။
အပက္ကာ စ ပက္ကာ ဖလာ၊ နိဿန္ဒတောစ မက္ခနာ။
ဧဝံ ဒသဟာကာရေဟိ၊ ပ္ဋိကူလတော ပစ္စဝေက္ခယေ။ [၁]

ဂမနာ၊ ဆွမ်းခံ သွားရ ခြင်းဖြင့်၎င်း။ သေနာ၊ ရှာဖွေရခြင်းဖြင့်၎င်း။ ဘောဂါ၊ သုံးဆောင်ရခြင်းဖြင့်၎င်း။ အာဿယာစ၊ အခြားစီ ဖြစ်တတ်သော သလိပ်, သည်းခြေ, သွေး, ပြည် အားဖြင့်၎င်း။ နိမာနတော၊ စု၍တည်နေရာ အစာသစ်အိမ်အားဖြင့်၎င်း။ အပက္ကာစ၊ မကျက်မကျေသေးသောအားဖြင့်၎င်း။ ပက္ကာစ၊ ကျေကျက်ပြီးသောအားဖြင့်၎င်း။ ဖလာစ၊ အကျိုးရင်းအားဖြင့်၎င်း။ နိဿန္ဒတောစ၊ ထိုမှ၎ျမှယိုစီးစိမ့်ထွက် အကျိုးဆက်အားဖြင့်၎င်း။ မက္ခနာစ၊ လူးလည်းခြင်းအားဖြင့်၎င်း။ ဧဝံ၊ ဤသို့။ ဒသဟိ အာကာရေဟိ၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ပဋိကူလတာ၊ စက်ဆုပ်ရွံရှာ ထို့ဘွယ်ရာအဖြစ်ကို။ ပစ္စဝေက္ခယေ၊ ရှုဆင်ခြင်ရာ၏။

ဆွမ်းခံသွားရခြင်းအားဖြင့်ဆင်ခြင်ပုံ (၁) ရဟန်းတော် များသည် ညဥ့်အခါ တရား အားထုတ်၍ မနက်စောစောထ၊ စေတီယင်္ဂဏစကဲ့ ဝတ်တရားများဆောင်ရွက်၊ အကြိမ် ၂၀-၃၀-ကမ္မဋ္ဌာန်းနှလုံး သွင်းပြီးတော့ သပိတ်ပိုက်ပြီး ဝိဝေကသုခရှိတဲ့ တောကျောင်းမှ ဆူညံလှသော ရွာစသည်သို့ မြေခွေး, တောခွေးများ အစာအတွက် သုသာန်သို့ ထွက်သလို သွားရတဲ့အခါ သတ္တဝါအမျိုးမျိုးတို့ရဲ့ မစင်ကျင်ကြီးများကို နင်းပြီးတော့ သစ်ငုတ်ဆူးငြောင့် ချောက်ခလုတ် ဆင်ကြမ်း ခွေးဆိုး ဘေးရန်မျိုး စသည်ကို ပမာမထားဘဲ ဆွမ်းခံသွားရတဲ့ ဘေးကြောင့် အာဟာရ၌ စက်ဆုတ်ဖွယ်ဟု ဆင်ခြင်ရမယ်။

ရှာမှီးရခြင်းအားဖြင့်ဆင်ခြင်ပုံ (၂) အိုးနှ တိုသပိတ်လက်စွဲလျက် မျက်နှာ အောက်ချ ဆွမ်းခံရပါသော်လည်း အချို့က ထမင်းကျန်ကိုလောင်း၊ အချို့က အပုပ်အသိုးကိုလောင်း၊ အချို့က ကန်တော့ပါသေး၊ အချို့ကမမြင်ချင်ယောင်ဆောင်၊ အချို့က ခေါင်းပြောင်တွေ အလုပ်မရှိဘဲ အပိုစားနေတယ်ဆိုလိုဆို၊ ဖုံတွေ, မြက်မှိုက်တွေ, ချွဲခန်း, သလိပ်တွေ, သတ္တဝါအမျိုးမျိုးတို့ရဲ့ မစင်ဘင်ဘုတ်တွေ စသော ရွံရှာဘွယ်တွေကို မျက်နှာလွှဲ၍ ဆွမ်းရအောင်ရှာရသောကြောင့်လဲ အာဟာရ၌ စက်ဆုပ် ရွံရှာဘွယ်ဟု ဆင်ခြင်ရမယ်။

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၃၆-လာ စုဏ္ဏိယကိုမှီ၍ ဂါထာ စီထားသည်။

ပရိဘောဂ၊ အာသယ၊ နိစာန သုံးပါးတို့၌ဆင်ခြင်ပုံ (၃) စား သောက်ရန် အတွက် လက်ဖြင့် ကိုင်တဲ့အခါမှာ မိမိလက်ကို အပူလောင်ခြင်း, လက်မှ ချွေးစသည့် အညစ်အကြေးများ ပေကျံခြင်း, ခံတွင်းမှ ညှိနံ့လှသည့် တံတွေးစသည်ဖြင့် ရောနှောမိခြင်း, ဝါးတဲ့အခါမှာ ခွေးအန်ဖတ်ကဲ့သို့ဖြစ်ခြင်း၊ (၄) မျိုချတဲ့အခါမှာ အစာအိမ်သို့ ရောက်သည့်အခါ ပြည်စသည်ဖြစ်ခြင်း၊ (၅) မွေးလာကတဲက တကြိမ်တခါမျှ မဆေးရတဲ့ အစာသစ်အိမ်မှာ ထည့်ထားရခြင်းစသည်ဖြင့် အာဟာရသည် စက်ဆုပ်ဘွယ်ရာဟု ဆင်ခြင်ရမယ်။

အာရိပက္က၊ ပက္က၊ ဖလ သုံးပါးတို့ဖြင့်ဆင်ခြင်ပုံ (၆) (၇) (၈)စားပြီးတဲ့ အခါမှာ အစာ မကျေသေးခင် ဝမ်းမီးက ချက်လိုက်တဲ့အခါ အမြှုပ်တွေထပြီးတော့ ကျင်ကြီးကျင်ငယ် အရေတွေဖြစ်ပြီးတော့ အစာကြေသွားတဲ့အခါမှာ ဆံပင်, မွေးညှင်းစတဲ့ အပုပ်အသိုးတွေဖြစ်၊ အစာမကျေတဲ့အခါမှာ နူနာ, ပွေး, ဝဲ,ညှင်း, တင်းတိပ်စတဲ့ ရောဂါတွေ ဖြစ်လာတဲ့အတွက် စက်ဆုပ်ဘွယ်ရာဟု အဖန်ဖန်ရှုရမယ်။

ယိုထွက်တဲ့ နိဿန္ဒအားဖြင့်ဆင်ခြင်ပုံ (၉) စားတုန်းကတော့ လူလယ်ခေါင်မှာ အခြွေအရံတွေနှင့် စားရတယ်၊ အစာဟောင်းတွေ ပြန်ထုတ်တဲ့အခါကျတော့ ပုန်းကွယ်ရာမှာ စက်ဆုပ်ရွံရှာ နှာခေါင်းပိတ်ပြီးတော့ ထုတ်ရတယ်၊ အဲဒါကြောင့် ဒွါရကိုးပေါက်ကထွက်ပြန်တော့လဲ စက်ဆုပ်ဘွယ်ပါတကားလို့ ဆင်ခြင်ရမယ်။

ဒီနေရာမှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက သင်္ဂဟဂါထာကလေး စီကုံးထားတာ ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဧကဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိ သန္ဒတိ။
အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတိ သပရိဝါရော၊ နိက္ခာမေန္တော နိလီယတိ။
အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတိ အဘိနန္ဒန္တော၊ နိက္ခာမေန္တော ဇိဂုစ္ဆတိ။
အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဧကရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။[၁]

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၃၄၁။

မဟာရယာ၊ သူမြတ်တို့နှင့်ထိုက်တန်သော။ အန္နဥ္စ၊ ထမင်းသည်၎င်း။ ပါနဥ္စ၊ အဖျော်သည်၎င်း။ ခါဒနီယဥ္စ၊ ခဲဘွယ်သည်၎င်း။ ဘောဇနဥ္စ၊ စားဘွယ်ဘောဇဉ်သည်၎င်း။ ကေဒ္ဒါရေန၊ တပေါက်သောဒွါရဖြင့်။ ပဝိသိတွာ၊ ဝင်၍။ နဝဒွါရေဟိ၊ ကိုးခုသောဒွါရတို့ဖြင့်။ သန္ဒတိ၊ ယိုစီး၏။

မဟာရယာ၊ သူမြတ်တို့နှင့်ထိုက်တန်သော။ အန္နဥ္စ၊ ထမင်းကို၎င်း။ ပါနဥ္စ၊ အဖျော်ကို၎င်း။ ခါဒနီယဥ္စ၊ ခဲဘွယ်ကို၎င်း။ ဘောဇနဥ္စ၊ စားဘွယ်ဘောဇဉ်ကို၎င်း။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ ဘုဥ္စတိ၊ စားသုံး၏။ နိက္ခာမေန္တော၊ စွန့်ထုတ်ထွက်စေသည်ရှိသော်။ နိလီယတိ၊ ပုန်းကွယ်လျှို့ဝှက်အပ်၏။

မဟာရယာ၊ သူမြတ်တို့နှင့်ထိုက်တန်သော။ အန္နဥ္စ၊ ထမင်းကို၎င်း။ ပါနဥ္စ၊ အဖျော်ကို၎င်း။ ခါဒနီယဥ္စ၊ ခဲဘွယ်ကို၎င်း။ ဘောဇနဥ္စ၊ စားဘွယ်ဘောဇဉ်ကို၎င်း။ အဘိနန္ဒန္တော၊ အလွန်နှစ်သက်သည်ဖြစ်၍။ ဘုဥ္စတိ၊ စား၏။ နိက္ခာမေန္တော၊ စွန့်ထုတ် ထွက်စေသည်ရှိသော်။ ဇိဂုစ္ဆတိ၊ စက်ဆုပ်၏။

မဟာရယာ၊ သူမြတ်တို့နှင့်ထိုက်တန်သော။ အန္နဥ္စ၊ ထမင်းသည်၎င်း။ ပါနဥ္စ၊ အဖျော်သည်၎င်း။ ခါဒနီယဥ္စ၊ ခဲဘွယ်သည်၎င်း။ ဘောဇနဥ္စ၊ စားဘွယ်ဘောဇဉ်သည်၎င်း။ သဗ္ဗံ၊ အလုံးစုံသော။ အစာသည်။ ဧကရတ္တိပရိဝါသာ၊ ဝမ်းတွင်းအစာအိမ်၌ တညဉ့်မျှသိပ်သဖြင့်။ ပူတိကံ၊ ပုပ်သိုးသည်။ ဘဝတိ၊ ဖြစ်၏။

အဲဒီလို နိဿန္ဒအားဖြင့်လဲ စက်ဆုပ်ရွံရှာဘွယ်ဖြစ်ပုံကို ဆင်ခြင် ပွားများရမယ်။

ပေကျံခြင်း–သမ္မက္ခနာအားဖြင့်ဆင်ခြင်ပုံ (၁၀) စားနေတုန်း ကတော့ ရွံရှာဘွယ်ကို မသိပေမဲ့ ထွက်လာတဲ့အခါမှာတော့ စက်ဆုပ်ဘွယ် ဖြစ်လာပါတယ်၊ ထမင်းချက်တဲ့အခါမှာ ရေနှင့်ဆန်မှ အညစ်အကြေးတွေ မီးပူကြောင့် အထက်သို့ တက်ပြီး အိုးနခမ်းမှာ ပေကျံနေသလို အစာအိမ်မှ ဝမ်းမီးချက်သဖြင့် အထက်သို့တက်ကာ မျက်ဝတ်, မျက်ချေး, နဖာချေး, နှပ်စသော အညစ်အကြေး အမျိုးမျိုးတို့ဖြင့် ပေကျံသောကြောင့် စက်ဆုပ်ဘွယ်ဖြစ်ပုံကို ဆင်ခြင်ရမယ်။

ဒီလိုဆယ်ပါးသော အခြင်းအရာထဲက တပါးပါးသော အခြင်းအရာကို ပွားများပါလျှင် စက်ဆုပ်ဘွယ် ဖြစ်သော အခြင်းအရာ အာဟာရ နိမိတ်ထင်လာတတ်ပါတယ်၊ အဲဒီနိမိတ်ကို အကြိမ်ကြိမ်ပွားများပါလျှင် နီဝရဏကင်းပြီးတော့ ဥပစာရစျာန်သမာဓိကို ရနိုင်ပါတယ်။

ဟောဒီနေရာမှာ ဘုန်းကြီး စောစောက ပြောခဲ့တဲ့ ကဗဠီကာရ အာဟာရနှင့် ပတ်သက်ပြီး အာဟာရ၌ တပ်မက်တဲ့ နိကန္တိဘေးကို စွန့်ပယ်ဘို့ရန် ပုတ္တမံသူပမာသုတ္တန်ကို ဟောပေးရမယ်၊ (နိစ္စမ္မဂါဝူပမာ, အင်္ဂါရကာသူပမာ, သတ္တိသူလူပမာ ဆိုတာတွေကတော့ နာမ်အာဟာရ များအတွက် ဖြစ်ပါတယ်၊ ပိဋကပါတ ပစ္စဝေက္ခဏာနှင့်တော့ အများအားဖြင့် သိပ်မသက်ဆိုင်တဲ့အတွက် ချန်ခဲ့ကြစို့.) အာဟာရပဋိကူလသညာပွားပုံနှင့် ပိဋကပါတပစ္စဝေက္ခဏာ ဆင်ခြင်ပုံကိုဆက်စပ်၍ မြတ်စွာဘုရားက ပုတ္တမံသူပမာသုတ္တန်မှာ ဘယ်လို ဟောတော်မူခဲ့ ပါသလဲ ဆိုတော့—

ကထဉ္စ ဘိက္ခဝေ ကဗဠီကာရော အာဟာရော ဒဋ္ဌဗ္ဗော။[၁]

ချစ်သားတို့....အလုပ်အလွေးကဲ့သို့ ပြုအပ်သော အာဟာရအပေါ်မှာ နိကန္တိ ခေါ်တဲ့ တပ်မက်မှုကွာအောင်ဘယ်လိုရှုပွားဆင်ခြင်ရမလဲ ဆိုတော့ချစ်သားတို့ ... ဥပမာအားဖြင့် ဇနီးမောင်နှံ နှစ်ယောက်တို့သည် ချစ်လှစွာသော ၊ တစ်ဦးတည်းသော သားကလေးကိုခေါ်၍ အနည်းငယ်သော စားနပ် ရိက္ခာနှင့် ယူဇနာ တရာဝေးကွာတဲ့ ခရီးကို သွားကြတဲ့ အခါ ယူဇနာ ငါးဆယ်ခရီးရောက်တော့ ယူလာတဲ့စားနပ်ရိက္ခာ ကုန်သွားသတဲ့၊ ဒီတော့ ဇနီးမောင်နှံ နှစ်ယောက် ဒီလို အကြံဖြစ်ကြတယ်၊ ဘယ်လိုလဲဆိုတော့ ပါဠိတော်မှာ—

အမှာကံ ခေါ ယာ ပရိတ္တာ သမ္ဗလမတ္တာ၊ သာ ပရိက္ခီဏာ ပရိယာဒိဏ္ဏာ၊ အတ္ထိစာယံ ကန္တာရာဝသေသော အနတိဏ္ဏော၊ ယံ နူန မယံ ဣမံ ဧကပုတ္တကံ ပိယံ မနာပံ ဝဓိတွာ ဝလ္လူရဉ္စ သောဏ္ဍိကဉ္စ ကရိတွာ ပုတ္တမံသာနိ ခါဒန္တာ ဧဝံ တံ ကန္တာရာဝသေသံ နိတ္ထရေယျာမ၊ မာ သဗ္ဗေဝ တယော ဝိနဿိမှာ။[၁]

အမှာကံ၊ ငါတို့၏။ ပရိတ္တာ၊ နည်းသော။ ယာသမ္ဗလမတ္တာ၊ အကြင်လမ်းရိက္ခာကလေးသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုအနည်းငယ်မျှသော လမ်းရိက္ခာကလေးသည်။ ပရိက္ခီဏာ ပရိယာဒိဏ္ဏာ၊ ကုန်းခန်းခဲ့လေပြီ။ အနတိဏ္ဏော၊ မလွန်မြောက်သေးသော။ အယံကန္တာရာဝသေသောစ၊ ဤခရီးခဲအကြွင်းသည်လည်း။ အတ္ထိ၊ ရှိသေး၏။

မယံ၊ ငါတို့သည်။ ပိယံ၊ ချစ်လှစွာသော။ မနာပံ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေတတ်သော။ ဣမံဧကပုတ္တကံ၊ ဤတဦးတည်းသော သားကလေးကို။ ဝဓိတွာ၊ သတ်၍။ ဝလ္လူရဉ္စ၊ အမဲခြောက်ကိုငင်း။ သောဏ္ဍိကဉ္စ၊ တံစို့ ထိုး၍လှန်း

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နှာ–၃၂၂။

အပ်သောအသားခြောက်ကိုရင်း။ကရိတွာ၊ ပြု၍။ ပုတ္တမံသာနိ၊သား၏အသားတို့ကို။ ခါဒန္တာ၊ခဲစားကြကုန်လျက်။ ဝေ၊ ဧကန်သို့ သဘောရှိသော။ တံ၊ကန္တာရာဝသေသံ၊ ထိုခရီး ကြွင်းခရီးကျန်ကို။ နိတ္ထရေယျာမ၊ ကူးမြောက် ကုန်ရာ၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တယော၊ သုံးယောက်ကုန်သောငါတို့သည်။ မာဝိနဿိမှာ၊ မပျက်စီးစေကုန်လင့်။

ငါတို့သုံးယောက်လုံး မပျက်စီးစေနှင့်တော့၊ ငါတို့ သားငယ်၏ အသားကို ရိက္ခာပြုလုပ် စားသောက်လျက် ကျန်တဲ့ ခရီးခဲကို ဆက်လက် သွားကြရပါမှ ကောင်းမှာဘဲဟု အကြံဖြစ်သတဲ့။

အဲဒီအခါမှာ ခင်ပွန်းသယ်ယောကျ်ားက ဇနီးသယ်ကို ဘယ်လိုပြောသလဲလို့ ဆိုတော့ အိုရှင်မဇနီးသယ်....ဤအရပ်မှ ယူဇနာငါးဆယ်ဝေးတဲ့အထိ လမ်းခရီးအကြားမှာ မြို့ရွာနိဂုံးရယ်လို့ မရှိဘူး၊ဒီတော့ ငါလဲ ယောကျ်ားတို့ပြုလုပ်အပ်တဲ့ လယ်ထွန်ခြင်းစတဲ့ လုပ်ငန်းကို မလုပ်နိုင်တဲ့အတူတူ ငါ့ကိုသတ်၍ အသားတချို့ကိုစား, တချို့ကိုလမ်းရိက္ခာပြုလုပ်၍ သင်တို့သားအမိနှစ်ယောက် ခရီးခဲကို လွန်မြောက်အောင် သွားကြပေတော့လို့ ပြောကြားလိုက်ပါတယ်။

ဒီတော့ ဇနီးဖြစ်သူကလဲ ယခုအခါမှာ ကျွန်တော်မလဲ အမျိုးသမီးများပြုလုပ်ရမဲ့ ယက်ကန်းရက်ခြင်း, ချည်ငင်ခြင်းစတဲ့ အလုပ်တွေကို မလုပ်ကိုင်နိုင်ပါ၊ ဒါ့ကြောင့် ကျွန်ုပ်ကိုသတ်၍ တချို့အသားကိုစား, တချို့အသားကို လမ်းရိက္ခာပြုလုပ်၍ ရှင်တို့သားအဖ ခရီးခဲကို လွန်မြောက်အောင် သွားကြပါလို့ ဒီလိုပြန်ပြီးတော့ ပြောလိုက်ပါတယ်။

ဒီတော့ ခင်ပွန်းသယ်ယောကျ်ားက ရှင်မ....မိခင်သေဆုံးလျှင် မိခင်ကိုမှီနေရတဲ့ သားကလေးဟာလဲ အသက်ရှင်ဘို့မလွယ်ဘူး၊ ငါတို့နှစ်ယောက် အသက်ရှင်နေလျှင် နောက်တကြိမ် သားရတနာရနိုင်ပါသေးတယ်၊ သားကလေးကိုသတ်ပြီး သား၏အသားကိုစား၍ ရိက္ခာထုပ်ပြုလုပ်ကာ ခရီးခဲကို သွားကြစို့၊ ငါတို့သုံးယောက်စလုံးတော့ မပျက်စီးစေသင့်ဘူးလို့ တိုင်ပင်ကြတယ်။

ကဲ-ဒီတော့ ဒီသားကလေးကို ဘယ်သူကသတ်ရမလဲ-မိခင်ကလဲမသတ်ရက်, ဖခင်ကလဲမသတ်ရက်နဲ့ မိခင်လက်မှဖခင်လက်ကူးလိုက်, ဖခင်လက်မှမိခင်လက်ကူးလိုက်နဲ့ဘဲ ဒီသားကလေး အသက်ဆုံးရှာရပါတယ်၊ ဒီတော့မှ ဇနီးမောင်နှံနှစ်ယောက်ဟာ သား၏အသားတွေကို တချို့စား, တချို့လမ်းရိက္ခာပြုလုပ်ပြီး ခရီးခဲကို ဆက်လက်၍သွားကြတယ်။

အဲဒီဇနီးမောင်နှံ နှစ်ယောက်တို့ဟာ မိမိတို့ရဲ့ရင်သွေးဖြစ်တဲ့ သားငယ်ရဲ့အသားကို အာဟာရအဖြစ် စားသုံးကြတဲ့အခါမှာအစာ၌ရသတဏှာ ကပ်ငြိမှု

အတွက် စားကြရတာမဟုတ်၊ စားသောက်နေဆဲအခါမှာပင် အသား၌စက်ဆုပ်ဘွယ်အမျိုးမျိုးကို ဆင်ခြင်အောက်မေ့ပြီး အခြေအနေအရ မစားလျှင်မဖြစ်နိုင်သောကြောင့် စားကြရရှာတယ်။

သားငယ်၏အသားဟာ ဇာတ်တူသားဖြစ်ခြင်း, ဆွေမျိုး၏အသားဖြစ်ခြင်း, သားအရင်း၏အသားဖြစ်ခြင်း, ချစ်လှစွာသောသား၏အသားဖြစ်ခြင်း, နုသောအသားဖြစ်ခြင်း, အသားစိမ်းဖြစ်ခြင်း, မသုံးဆောင်ထိုက်သောအသားဖြစ်ခြင်း, ဆားမပါသောအသားဖြစ်ခြင်း, အမွှေးအကြိုင်အနံ့ကင်းသောအသားဖြစ်ခြင်း။

အဲဒီလို ကိုးမျိုးသော အကြောင်းများကြောင့် စက်ဆုပ်ရွံရှာဘွယ်ဖြစ်တဲ့ သားငယ်၏အသားကို စားကြလျက် ငါတို့၏တဦးတည်းသော သားကလေး ဘယ်မှာလဲဘယ်မှာလဲနဲ့ ဝမ်းနည်းလိုက်ဖို ငိုရိုကြပြီးတော့ ကန္တာရခရီးခဲကို လွန်မြောက်အောင် သွားကြရတယ်၊ ဒီအကြောင်းကိုပါဠိတော်က–

> တံ ကိံမညထ ဘိက္ခဝေ အပိနု တေ ဒဝါယ ဝါ အာဟာရံ အာဟာရေယျုံ၊ မဒါယ ဝါ အာဟာရံ အာဟာရေယျုံ၊ မဏ္ဍနာယ ဝါ အာဟာရံ အာဟာရေယျုံ၊ ဝိဘူသနာယ ဝါ အာဟာရံ အာဟာရေယျုံ[၁]-တဲ့။

ချစ်သားတို့.... ဇနီးမောင်နှံ နှစ်ယောက်တို့သည် ချစ်လှစွာသော သားငယ်ကလေး၏အသားကို စားကြတဲ့အခါမှာ ရသတဏှာ၌ တပ်မက်ခြင်းကြောင့်လည်း စားကြသည်မဟုတ်၊မြူးတူးပျော်ပါး အသားအရေပြည့်ဖြိုးစေရန် စသည်တို့အတွက်လည်း စားကြသည်မဟုတ်၊ အဟုတ်အမှန်ကတော့–

> နနု တေ ဘိက္ခဝေ ယာဝဒေဝ ကန္တာရဿ နိတ္ထရဏတ္ထာယ အာဟာရံ အာဟာရေယျုန္တိ။

ကန္တာရခရီးခဲကို လွန်မြောက်နိုင်ရုံငှာသာလျှင် စားကြရရှာပေတယ်၊ အဲဒီအတိုင်းပါဘဲ မိမိတို့သုံးဆောင်သော အာဟာရမှာ ဆင်ခြင်ရမယ်၊ မိမိတို့သုံးဆောင် စားသောက်သော အာဟာရ၌ ဆွမ်းခံသွားရခြင်း, ရှာမှီးရခြင်း စသော နောက်ကပြောခဲ့တဲ့ ကိုးမျိုးသော အကြောင်းတို့ဖြင့် စက်ဆုပ်ဖွယ်ဖြစ်တဲ့ အာဟာရကို မြူးတူးပျော်ပါးခြင်း, တန်ဆာဆင်ယင်ခြင်း, အသားအရေစိုပြေပြည့်ဖြိုးအလှတိုးစေခြင်း, ရသတဏှာခံစားခြင်းစသည်အလို့ငှာ မှီဝဲသုံးဆောင်သည် မဟုတ်။

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၃၂၃။

ဣရိယာပုထ်မျှတ၍ သံသရာဝဋ်ဆင်းရဲ ခရီးခဲကို ကူးမြောက်နိုင်တဲ့ ဝိပဿနာ ဘာဝနာတရားပွားများနိုင်ရုံငှာ သာလျှင် မှီဝဲသုံးဆောင်သည်ဟု ဆင်ခြင်ကြ ရမယ်၊ အဲဒီလို ကဗဠီကာရာဟာရမှာ နိကန္တိဘေးလွတ်ရန် သားငယ်၏ အသားပမာ ရှုဆင်ခြင်၍ သုံးဆောင်မှီဝဲရမယ်။

ဒီနေရာမှာ ကဗဠီကာရာဟာရက ချစ်လှစွာသောသားငယ်၏ အသားနှင့် တူပါသည်၊ ဇနီးမောင်နှံနှစ်ဦးက ယောဂီပုဂ္ဂိုလ်နှင့် တူပါသည်၊ သားငယ်၏ ဇာတ်တူသား ဖြစ်ခြင်းစသော ကိုးပါးသောစက်ဆုပ်ဖွယ်က ကဗဠီကာရာဟာရ ၏ စက်ဆုပ်ဖွယ်ဖြစ်ခြင်းနှင့် တူပါသည်။

အဲဒီ ကဗဠီကာရာဟာရကို ပရိညာသုံးပါးဖြင့် ပိုင်းခြားသိပါလျှင် ကာမဂုဏ် ငါးပါးကို ပိုင်းခြားသိသည်မည်ပါသည်၊ ကာမဂုဏ်ငါးပါးကို ပိုင်းခြားသိပါ လျှင် ကာမဂုဏ်၌နှောင်ဖွဲ့သော ကာမရာဂသံယောဇဉ် ကင်းကွာ၍ အနာဂါမ် ပုဂ္ဂိုလ်အထိ ဖြစ်နိုင်ပါတယ်။

ဒီစကားတွေရဲ့ အကျယ်တော့ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်နှင့် ၎င်း အဋ္ဌကထာမှာ ကြည့်ရှုနိုင်ပါတယ်၊ ဒီမှာတော့ ဒါလောက်နဲ့ဘဲ တော်ကြစို့၊ ပစ္စယသန္နိဿိတသီလပိုင်းနဲ့ ပက်သက်ပြီး ဘုန်းကြီးတို့ ဟောပေးခဲ့တာ တော် တော်ကလေးများသွားပြီ၊ဒီနေရာမှာ ဟောပေးဘို့က ကျောင်းနှင့်ဆေးပစ္စည်းကို ဆင်ခြင်ပုံနှစ်မျိုး ကျန်နေပါသေးတယ်၊ အဲဒီနှစ်မျိုးကို ဆက်ဟောကြရ အောင်—

ကျောင်းအိပ်ရာနေရာ ထိုင်ရာ၌ဆင်ခြင်ပုံ "ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ (ပ) ဥတုပရိဿယဝိနောဒန ပဋိသလ္လာနာရာ မတ္ထံ" လို့ ဟောကြားထားတဲ့ ဒေသနာတော်အတိုင်း ကျောင်း အိပ်ရာနေရာ ထိုင်ရာတို့မှာ ဆင်ခြင်ရမယ်၊ မိမိနေထိုင်လျောင်းစက်ရာဖြစ်တဲ့ အိပ်ရာ, ကုတင်, ညောင်စောင်း, ဖျာသင်ဖြူး, ကျောင်း,တံဆောင်း, ဓမ္မာရုံ စသည်တို့ကို မှီဝဲသုံးဆောင်နေထိုင်တဲ့အခါမှာ အဇ္ဈတ္တဗဟိဒ္ဓကဖြစ်တဲ့ အပူ အအေးဒဏ်ကို ပယ်ဖျောက်ရန်နှင့် ဥတုဘေးရန်ကို ပယ်ဖျောက်နိုင်ရုံ၊ အပေါင်း အသင်းမှ ဖယ်ခွာ၍ တယောက်တည်း မွေ့လျော်နိုင်ရုံ၊ ထင်ရှားတဲ့ ခြင်္သေ့- သစ်-ကျား စသော ဘေးရန်,မထင်ရှားတဲ့ ရာဂစသောဘေးရန်ကို ကာကွယ် ပယ်ဖျောက်နိုင်ရန်နှင့် ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်နိုင်ရန်သာ ဤနေ ရာ ကျောင်းစသော အဆောက်အဦများကိုမှီဝဲ၏။

တင့်တင့်တယ်တယ်တန်ဆာဆင်ခြင်းငှာ မှီဝဲနေထိုင်သည် မဟုတ်ပါဟု ပညာ နှင့် ဟုတ်မှန်တဲ့အတိုင်း ဆင်ခြင်ကြရမယ်၊ ဒီလိုပညာနဲ့ဆင်ခြင်တဲ့ အခါမှာ

ပဋိကူလသညာ-ဓာတုသညာလို့ နှစ်မျိုးထဲက ပဋိကူလသညာဖြင့် ဆင်ခြင်နည်းကတော့—

ကျောင်း၌ပဋိကူလသညာ ဆင်ခြင်ပုံ
ယထာ ဂိလာနသာလာယံ၊ ဝသေယျ ကုဋ္ဌရောဂိနော။
ပဋ္ဌရံ နဝဒ္ဒါရေဟိ၊ သေနာသနေ ဝသာမ ဟံ။
ကုဋ္ဌရောဂိနော၊ နူနာစွဲသော ရောဂါသယ်သည်။

ဂိလာနသာလာယံ၊ သူနာတို့တည်းခိုရာဇရပ်စုတ်၌။ ဝသေယျယထာ၊မှီခိုရာကင်းပကုမရပါ နေရရှာသကဲ့သို့။ အဟံ၊ ငါသည်။ နဝဒ္ဒါရေဟိ၊ ကိုးပေါက်သောဒ္ဒါရ အမာဝတို့မှ။ ပဋ္ဌရံ-ပဋ္ဌရန္တော၊ တမီးမီးတစိုစို မစင်ယိုလျက်။ သေနာသနေ၊ ကျောင်းအိပ်ရာနေရာ၌။ ဝသာမိ၊ နေရချေ၏။

အဲဒီလို ကျောင်းအိပ်ရာနေရာ၌ နေတဲ့ထိုင်တဲ့အခါမှာ မိမိကိုယ်ကို ကုဋ္ဌရောဂါ နူနာရောဂါစွဲကပ်နေသော သူနာကြီးအသွင် ဒွါရကိုးပေါက်မှ စက်ဆုပ်ရွံရှာဘွယ် မစင်ပုပ်နံ့ အမြဲမပြတ် ယိုစီးထွက်ကျပုံနေရပုံ ကျောင်းအိပ်ရာနေရာကိုလဲ ဇရပ်စုတ်သဖွယ် ထင်ရှားအောင် ဆင်ခြင်ရမယ်၊ ဒီနေရာမှာ ဆောင်ပုဒ်လင်္ကာကလေးက ဘယ်လိုဆိုထားသလဲဆိုတော့—

ဆောင်ပုဒ်လင်္ကာ
သွေးပြည်အိုင်းမန်း၊ တင်းကျမ်းစီးယို၊ နူနာစိုနှင့်၊ အိမ်အိုချဉ်းကပ်၊ နေအပ်သည့်တူ၊ အဏှုမြူမျှ၊ သုံးယူမရ၊ ဒွတ္တိံသပေါင်း၊ အကောင်းကျောက်မျက်၊ ဘယ်မထွက်သည့်၊ ပေါက်ပျက်စီးယို၊ ဤကိုယ်ထိုင်လျောင်း၊ နေရာကျောင်းသည်။ ။ဆွေးဟောင်းပျက်ပြိုလေအံ့သည်တကား။ ဝါ- ဆွေးဟောင်း ပျက်ပြိုလေခဲ့ပြီတကား။

လို့ ဒီလိုစက်ဆုပ်ဘွယ်အနေထား၍ ကျောင်းအိပ်ရာနေရာမှာ နေတဲ့အခါ ဆင်ခြင်ရမယ်၊ ပြီးတော့ ဓာတုသညာအနေ ဆင်ခြင်ပုံကို ဆက်ပြီးဟောကြားပေးရမယ်၊ ကျောင်းအိပ်ရာနေရာကို ဓာတုသညာအနေ ဆင်ခြင်ပုံကတော့—

ဓာတုသညာအနေ ဆင်ခြင်ပုံ
ဃရဌ္ဌေ ဒါရုယန္တမှိ၊ န တေ ဇာနန္တိ အညော ညံ။
ဧဝံ သေယျာသရီရာနိ၊ ဥဘောပိ ဓာတုမတ္တကာ။
ဒါရုယန္တမှိ၊ သစ်သားရုပ်ယန္တရားသည်။ ဃရဌ္ဌေ၊ ရုပ်သေးဝင်မည့် အိမ်ထက်တည်လတ်သော်။ တေ၊ ထိုစင်နှင့်ရုပ်သေးတို့သည်။အညောညံ၊ အချင်းချင်း။ နဇာနန္တိယထာ၊ မသိကုန်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ သေယျာသရီရာနိ၊ ကျောင်းနှင့်ကိုယ်တို့သည်။ အညောညံ၊ အချင်းချင်း။ နဇာနန္တိ၊ မသိကုန်။ ဥဘောပိ၊ နှစ်ပါးစုံတို့သည်လည်း။ ဓာတုမတ္တကာ၊ ငါ့,သူ့ တပါး, ယောကျ်ား, မိန်းမ, သတ္တ, ဇီဝမဟုတ် ဓာတ်မဟာဘုတ်တို့ မျှသာတည်း။

သစ်သားရုပ် ပလပ်စတိပ်ရုပ်ကလေးများသည် ရုပ်သေးစင်ပေါ်စသည်တို့မှာ တည်ရှိနေကြပေမဲ့ အချင်းချင်း တခုကိုတခု အမှီပြုနေကြတယ်ဆိုတာကို မသိကြသလို ကျောင်းအိပ်ရာနေရာဆိုတဲ့ ခေတ်လေးပါး၊ ခန္ဓာကိုယ်ဆိုတဲ့ ခေတ်လေးပါးတို့ဟာလဲ အချင်းချင်း မသိကြဘဲ ခေတ်လေးပါးမျှသာဖြစ်ကြတယ်လို့ သတ္တဝါဇီဝ ဆိတ်သုဉ်းကြပုံကို အာရုံပြု၍ ပညာဉာဏ်သက်ဝင်အောင် ဆင်ခြင်ရမယ်၊ ဟောဒီဆောင်ပုဒ်လင်္ကာကလဲ မှတ်သားစရာ အင်မတန်ကောင်းပါတယ်၊ ဘယ်လိုလဲဆိုတော့—

ဆောင်ပုဒ်လင်္ကာ။ ။စင်အိမ်ထက်ဗွေ၊ရုပ်သေးနေသို့၊ ရွှေငွေဖလ်မှန်၊ခြယ်စီဖန်သည့်၊ ဝေယံဘုံဖျား၊နေလေငြားလည်း၊လေးပါးဘုတ်ခေတ်၊ ပေါင်းဖွဲ့လတ်၍၊သတ္တဇီဝါ၊ ငါသူတပါး၊လားလားမရှိ၊မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ဤကျောင်းထက်ဗွေ၊ ငါတည်နေဟု၊ မသိလေပါ၊ နေရာကဝယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ချင်းဘုတ်သို့ နေတုံမြဲသည်။ ။မည်သို့ မသိကြလေဘူး တကား။

လို့ခေတ်အနေအားဖြင့် ဆင်ခြင်ရမယ်၊ကိုး—ကျောင်းအိပ်ရာနေရာဆင်ခြင်ပုံဒါလောက်နဲ့ နားပြီးတော့ ဆေးပစ္စည်းဆင်ခြင်ပုံကို ဆက်ဟောကြရအောင်၊ ဆေးပစ္စည်းဆိုတာလဲ မသုံးဆောင်ယင် မဖြစ်သေးဘူး၊ မနေသာလို့ ဆေးပစ္စည်းသုံးဆောင်တဲ့အခါမှာလဲ ဆင်ခြင်ပြီးတော့ သုံးဆောင်ကြရမယ်။

ဆေးပစ္စည်း၌ဆင်ခြင်ပုံ ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ (ပ) အဗျာပဇ္ဇပရမတာယ”။ အဓိပ္ပါယ်က ဘယ်လိုဆင်ခြင်ရမလဲဆိုတော့ ဖြစ်ပြီးဖြစ်ဆဲသော ရောဂါဝေဒနာကို ကျင်နာခြင်း ကင်းပျောက်လျက် စိတ်မနှောက်အောင် ပယ်ဖျောက်ရှင့်ာ သာလျှင် ဆင်းရဲကင်းကွာချမ်းသာခြင်းရှိသော သူ၏အဖြစ်ငှာသာလျှင် သူနာ၏အထောက်အပံ့ အရံအတားဖြစ်သော အသုံးအဆောင်ဖြစ်သော ဆေးဝါးခေတ်စာ အဖြာဖြာကို မှီဝဲသုံးဆောင်ပါ၏လို့ အဲဒီလို နှလုံးသွင်းပြီးတော့ ပညာဖြင့် ဆင်ခြင်သုံးဆောင်ရမယ်။

ပညာဖြင့်ဆင်ခြင်သုံးဆောင်တဲ့နေရာမှာ နောက်ကဟောခဲ့သလိုဘဲ ပဋိကူလသညာ၊ ခေတုသညာနှစ်ပါးဖြင့် ဆေးအသုံးအဆောင် ပစ္စည်းများကို ဆင်ခြင်ပြီးသုံးဆောင်ပါ၊ ဘယ်လိုလဲဆိုတော့—

ယထာ ပက္ကံ မဟာဂဏ္ဍံ၊ ဘေသဇ္ဇေန ဝိလိမ္ပတေ။
ပက္ကဂဏ္ဍူသမံ ကာယံ၊ ပတ္ထာ မလံ ဘဝိဿတိ။

ပက္ကံ၊ ပြည်မှည့်ပေါက်ပြဲသော။ မဟာဂဏ္ဍံ၊ အိုင်းအမာကြီးကို။ ဘေသဇ္ဇေန၊ ဆေးဝါးဖြင့်။ ဝိလိမ္ပေတေယထာ၊ မှမ်းမံသုတ်လိမ်းရသကဲ့သို့။ တထာ၊ ထို့အတူ။ ဝိလိမ္ပိတံ၊ လိမ်းကျံသောက်မျိုအပ်သော ဆေးဝါးသည်။ ပက္ကဂဏ္ဍသမံ၊ ပြည်မှည့်သောအိုင်းအမာနှင့် တူသော။ ကာယံ၊ ကိုယ်သို့။ ပတွာ၊ ရောက်၍။ မလံ၊ အညစ်အကြေးသည်။ ဘဝိဿတိ၊ ဖြစ်လေအံ့သတည်း။

ဆောင်ပုဒ်လင်္ကာ။ ။သွေးပြည်အိုင်းမန်း၊ တင်းကျမ်းယိုထွက်၊ အနာပျက်ကို၊ ဆေးပက်သည့်နှယ်၊ အနည်းငယ်မျှ၊ သုံးဘွယ်မရ၊ ဒွတ္တိံသပေါင်း၊ အကောင်းကျောက်မျက်၊ ဘယ်မထွက်သည့်၊ ပေါက်ပျက်စီးယို၊ ဤကိုယ်ဆက်ဝေး၊ ဤသည့်ဆေးသည်။ ။ညစ်ကြေးဖြစ်လေအံ့သည်တကား။ ဝါ၊ညစ်ကြေးဖြစ်လေခဲ့သည်တကား။

ခုပြောခဲ့တဲ့ ဂါထာလင်္ကာတို့ဖြင့် ဆေးပစ္စည်းကို မှီဝဲတဲ့အခါမှာ ပဋိကူလဖြစ်ပုံကို ဆင်ခြင်နိုင်ရမယ်၊ အဲဒီ ပဋိကူလအနေနဲ့ ဆင်ခြင်ပြီးတော့ ဓာတုသညာအနေနဲ့ ဆင်ခြင်ပုံကိုလဲ ဟောဒီ ဂါထာပုဒ်တို့ဖြင့် ပြဆိုထားပါသေးတယ်။

ဇိဏ္ဏံ ဃရ မပါတာယ၊ ထူဏေန ဥပထမ္ဘိတံ။
ဇေဝံ ကာယ မပါတာယ၊ ဘေသဇ္ဇေနုပထမ္ဘိတံ။
ဥဘယာနိ နစာနန္တိ၊ အညမညံ ဃရံ ထူဏံ။
ဧဝံ ကာယောစ ဘေသဇ္ဇံ၊ ဥဘယံ ဓာတုမတ္တကံ။

ဆေးပစ္စည်း၌ ဓာတုသညာဆင်ခြင်ပုံ ဇိဏ္ဏံဃရံ၊ ဆွေးမြည့်ယိမ်းယို အိမ်ပျက်အိုကို။ အပါတာယ၊ မပြိုမလဲစေခြင်းငှာ။ ထူဏေန၊ ထောက်ကျားဖြင့်။ ဥပထမ္ဘိတံယထာ၊ ကပ်မြှောင်ထောက်ကူအပ်သကဲ့သို့။ ဇေဝံတထာ၊ ထို့အတူ။ ကာယံ၊ ကိုယ်ကို။ အပါတာယ၊ မပြိုမကွဲမတိမ်းလဲစေခြင်းငှာ။ ဘေသဇ္ဇေန၊ ဆေးဖြင့်။ ဥပထမ္ဘိတံ၊ ထောက်ပံ့အပ်၏။ ဃရံ၊ အိမ်သည်၎င်း။ ထူဏံ၊ ထောက်ကန့်၍ထားသောကျားသည်၎င်း။ ဥဘယာနိ၊ နှစ်ပါးစုံတို့သည်။ အညမညံ၊ အချင်းချင်း။ နစာနန္တိယထာ၊ မသိကုန်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ ကာယောစ၊ ကိုယ်သည်၎င်း။ ဘေသဇ္ဇံစ၊ ဆေးသည်၎င်း။ အညမညံ၊ အချင်းချင်း။ နစာနန္တိ၊ မသိကုန်။ ဥဘယံ၊ ဆေးဝါးနှင့်ကိုယ် နှစ်ပါးစုံသည်။ ဓာတုမတ္တကံ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, ဇီဝမဟုတ် မဟာဘုတ်လေးပါး ဓာတ်တရားမျှသာတည်း။

အဲဒီလို ဆေးနှင့်ကိုယ်ကာယ နှစ်ပါးစုံကို ဓာတ်လေးပါးအနေ ထင်မြင်အောင် ရှုဆင်ခြင်ရမယ်၊ ပြီးတော့ဟောဒီ ဆောင်ပုဒ်လင်္ကာကိုလဲ နှုတ်မှာ တက်အောင် အရကျက်ပြီးတော့ ဆင်ခြင်ပါ၊ ဆောင်ပုဒ်လင်္ကာက ဘယ်လိုလဲ ဆိုတော့—

ဆောင်ပုဒ်လင်္ကာ။ ။ဆွေးမြည့်ယိမ်းယို၊ အိမ်ပျက်အိုကို၊ မပြုစေသား၊ ထောက်သည့်ကျားသို၊ လေးပါးယာပိုထိ၊ စဉ်လိုက်မကွာ၊ အိမ်ခန္ဓာကို၊ ခိုင်မာစေသား၊ မတိမ်းပါးအောင်၊ ဆေးဝါးသင့်ရာ၊ မှီဝဲပါ၏၊ ဃရာထူဏာ၊ မသိကြသို့၊ လေးဝရုပ်ခေတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တ-ဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလက်၊ လျှပ်တပြက်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ အကြောင်းသင့်ရာ၊ ဩဿခာသည်၊' ငါမှာရောက်လတ်၊ မသိတဘ်ပါ၊ ဆေးကမှာမူ၊ ဆိုရာမဲ့ကင်း၊ ဝတ်ချင်းခေတ်သို့၊ ရောက်တုံမြှိုသည်။ ။ မည်သို့မသိကြလေဘူးတကား။

အဲဒီဆောင်ပုဒ်လင်္ကာဖြင့်လဲ ဆေးပစ္စည်းကို မှီဝဲတဲ့အခါမှာ ပညာသားပါပါနှင့် ဆင်ခြင်နိုင်ကြရမယ်၊ ကဲ-သီလကထာနဲ့ပတ်သက်ပြီး ဟောပေးခဲ့တာ အတော်ကလေးများသွားပြီ၊ ဒီတော့ ဒီနေရာမှာဘဲ နောက်ကဟောပေးခဲ့တဲ့ သီလလေးမျိုးကို စင်ကြယ်သန့်ရှင်းအောင် ထိန်းသိမ်းကြပါလို့ တိုက်တွန်းရင်း သီလကထာကို ရပ်နားပြီးတော့ သမာဓိကထာပိုင်းကို အကျဉ်းအားဖြင့် ဆက်ဟောကြစို့။

သမာဓိကထာ သမာဓိကထာဆိုတာဘာလဲ"ဝိပဿနာယ ပါဒကဘူတာ သဟ ဥပစာရေန အဋ္ဌသမာပတ္တိယော လောကိယော သမာဓိ။ မဂ္ဂသမ္ပယုတ္တော ပနေတ္ထ လောကုတ္တရော သမာဓိနာမ"။ ဝိပဿနာရဲ့အခြေခံဖြစ်သော ဥပစာရသမာဓိနှင့်တကွ သမာပတ်ရှစ်ပါးသည် လောကီသမာဓိ၊ မဂ်နှင့်ယှဉ်တဲ့ သမာဓိသည် လောကုတ္တရာသမာဓိ၊ အဲဒါ သမာဓိကထာ။ ဒီနေရာမှာ သမာဓိကထာနှင့် ပတ်သက်လို့ ဘုန်းကြီး နဲနဲပြောချင်ပါသေးတယ်၊ အဋ္ဌကထာဆရာတော်က သမာဓိကထာမှာ ဥပစာရသမာဓိ, အပ္ပနာသမာဓိလို့ နှစ်မျိုးခွဲပြီးတဲ့နောက် လောကီသမာဓိ, လောကုတ္တရာသမာဓိလို့လဲ နှစ်မျိုးခွဲပြီးပြပါတယ်၊ဥပစာရသမာဓိဆိုတာ အပ္ပနာခေါ် ဈာန်,မဂ်ဖိုလ်တို့၏ အနီးဥာဏ်ကပ်၍ တည်သောသမာဓိကို ခေါ်ပါတယ်၊ အပ္ပနာသမာဓိဆိုတာကတော့ ဈာန်တရား, မဂ်,ဖိုလ်တရားတို့မှာ တည်ရှိတဲ့ ခိုင်မြဲနေတဲ့ သမာဓိ၊ ဂေါ်တြဘူ၏ အခြားမဲ့၌ဖြစ်သော ဇောဂ္ဂတာကို အပ္ပနာသမာဓိလို့ ခေါ်ပါတယ်။

တနည်းပြောရယင် မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်တို့မှာ ရှိနေတဲ့သမာဓိကို အပ္ပနာသမာဓိလို့ ခေါ်ပါတယ်။

အဲဒီနေရာမှာ သမာဓိဆိုတာ ဘာလဲလို့ဆိုတော့ "ကုသလစိတ္တေကဂ္ဂတာ သမာဓိ [၁]"။ ကုသလစိတ္တေကဂ္ဂတာ၊ အပြစ်မရှိကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိသော ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာ စေတသိက်သည်။ သမာဓိ၊ သမာဓိမည်၏။

ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ကုသိုလ်စိတ်နှင့် ယှဉ်တွဲပြီး ဖြစ်တဲ့ ဧကဂ္ဂတာစေတသိက်ကို သမာဓိလို့ခေါ်ပါတယ်။

အဲဒီသမာဓိဟာ ဘယ်လိုသဘောရှိသလဲဆိုတော့ "ဧကာရမ္မဏေ စိတ္တစေတသိကာနံ သမံ သမ္မာ စ အာဓာနံ ဌပနန္တိ ဝုတ္တံ ဟောတိ [၂]"လို့ အဋ္ဌကထာက ညွှန်ပြပါတယ်။

ဧကာရမ္မဏေ၊ တခုတည်းသောအာရုံ၌။စိတ္တစေတသိကာနံ၊ စိတ်, စေတသိက်တို့ကို။ သမံ၊ အညီအညွတ်။ (အဝိသာရဏဝသေန၊ ဖရိုဖရဲ မကွဲမပြား မရွေ့ရှားသည်၏ အစွမ်းဖြင့်။ သမ္ပိဏ္ဍနတ္ထသဝိယ၊ ရေဖြင့်ရောစပ်လုံးစုအပ်သော ဆပ်ပြာမှုန့်ကဲ့သို့) အာဓာနံ၊ ထားတတ်သောတရားသည်။ သမာဓာနံနာမ၊ ကောင်းစွာ အာရုံ၌ထားခြင်းမည်၏။ စ၊ တနည်းကား။ သမ္မာ၊ ကောင်းစွာ။ (အဝိက္ခိပနဝသေန၊ အထူးထူးသောအာရုံ၌ မပစ်မလွင့်သည်၏ အစွမ်းဖြင့်) အာဓာနံ၊ ထားခြင်းသည်။ သမာဓာနံနာမ၊ သမာဓာန မည်၏။ ဌပနံ၊ ထားခြင်း။ ဣတိ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

သမာဓိဆိုတာ အာရုံတခုပေါ်၌ စိတ်, စေတသိက် တရားတို့ကို မပြန့်မလွင့်စေဘဲ ကောင်းစွာတည်ထားခြင်းကို သမာဓိလို့ ဒီလိုခေါ်ပါတယ်။

အဲဒီ သမာဓိ၏ အစွမ်းဖြင့်အာရုံတခု၌ စိတ်,စေတသိက် တရားတို့ဟာ အညီအညွတ် မကွဲမပြား တသားထဲဖြစ်ပြီး မပြန့်လွင့်မှု၍ တည်ငြိမ်နေမှုကို သမာဓိ၏ အစွမ်းလို့ ဒီလိုမှတ်ရပါမယ်။

ဥပမာဆိုယင် အာနာပါနခေါ်တဲ့ ဝင်လေထွက်လေ အာရုံသို့ မိမိရဲ့စိတ်ကို တင်ပေးခြင်းခေါ်သော ဝိတက်စေတသိက်၊ ဝင်လေ ထွက်လေကိုအရှည်အတို စသည်ဖြင့် သုံးသပ်ဆင်ခြင်ခြင်း ဝိစာရစေတသိက်။

အဲဒီဝင်လေထွက်လေကို အရှည်အားဖြင့် ဆင်ခြင်တဲ့ အခါမှာ အဆင့်ဆင့် အားဖြင့် နူးညံ့သိမ်မွေ့ပြီးတော့ ဖြစ်ပေါ်လာတဲ့အာရုံကို စူးစူးစိုက်စိုက် ရှုလိုမှု

၁–၂။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၁၊ နှာ–၈၁။

ခေါ် ဆန္ဒ၊ ထိုအာရုံကိုအစွဲပြု၍ ဝမ်းမြောက်ခြင်း ပါမောဇ္ဇများ အဆင့်ဆင့် ဖြစ်ပေါ်လာပြီးလျှင် နှစ်သက်ခြင်း အဆင့်ဆင့် ဖြစ်ပေါ်လာမှုခေါ် ပီတိစေတသိက်။

ပီတိ၏အစွမ်းအားဖြင့် ဖြစ်ပေါ်လာသော ထိုအာရုံပေါ် ချမ်းသာနေခြင်း ခေါ်သော ဝေဒနာစေတသိက်နှင့်ယှဉ်တွဲသောအာရုံကို သိသိနေသော စိတ်တရားနှင့် အထက်ပါစိတ်စေတသိက်တရားတို့သည် ဝင်လေထွက်လေအာရုံတခုထဲ၌ မပြို မကွဲ မပြန့်မလွင့် အညီအညွတ် ကောင်းမွန်စွာ တည်ငြိမ်၍နေခြင်း။

အဲဒီစိတ်, စေတသိက်တရားတို့ကို ဝင်လေ ထွက်လေ ဆိုတဲ့ အာရုံ တခုထဲမှာ ကောင်းစွာ ထားနိုင်ခြင်း မပြန့်လွင့်ခြင်းကိုပင် သမာဓိလို့ ခေါ်ဆိုရပါတယ်။

အဲဒီ သမာဓိကိုပင် အပ္ပနာခေါ်သော စျာန်, မင်အနီးမှာဖြစ်တဲ့ ဥပစာရ သမာဓိ,ဂေါတြဘူ၏အခြားမဲ့၌ဖြစ်သော ခိုင်မြဲတဲ့ အပ္ပနာသမာဓိလို့နှစ်မျိုးခွဲခြား ပြီး ဟောတော်မူပါတယ်၊ ပီးတော့—

အဿာသပဿာသာ ဝါတာနာမ ဣမသ္မိံသရီရေ ပါဠိယေကြော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော ဝိတ္ထမ္ဘနာကာရော ဝါယောဓာတူတိ ဧဝံ ဝါယောကောဋ္ဌာသေသု မနသိကာရော ပဝတ္တေတဗ္ဗော။ တဿေဝံ ပဝတ္တမနသိကာရဿ ဓာတု ယော ပါကဋာ ဟောန္တိ။ တာ ပုနပ္ပုနံ အာဝဇ္ဇတော မနသိက ရောတော ဝုတ္တာနယေနေဝ ဥပစာရသမာဓိ ဥပ္ပဇ္ဇတိ။[၁]

လို့ အဋ္ဌကထာ ဆရာတော်က ညွှန်ပြခဲ့ပါသေးတယ်။ အဿာသ ပဿာသာ ဝါတာနာမ၊ ဝင်လေထွက်လေတို့မည်သည်။ ဣမသ္မိံသရီရေ၊ ဤကိုယ်၌။ ပါဠိယေကြော၊ အသီးအခြားဟုဖြစ်သော။ ကောဋ္ဌာသော၊ အဖို့တည်း။ အစေတနော၊ စိတ်စေတနာမဟုတ်။ ဝါ၊ စိတ်စေတနာကင်းသောတရားတည်း။ အဗျာကတော၊ အဗျာကတအစု၌ အကျုံးဝင်၏။ သုညော၊ ပုဂ္ဂလ,သတ္တ,အတ္တမှ ဆိတ်သုဉ်း၏။ ဝါ၊ ပုဂ္ဂိုလ်နှင့်လူနတ်ဗြဟ္မာ တိရစ္ဆာန်စသော သတ္တဝါမဟုတ်။

တတောဧဝ၊ ထို့ကြောင့်သာလျှင်။ နိဿတ္တော၊ လူနတ်ဗြဟ္မာ တိရစ္ဆာန် စသော သတ္တဝါမဟုတ်။ ဝိတ္ထမ္ဘနာကာရော၊ ထောက်ပံ့ ခိုင်စေတတ်သော လက္ခဏာရှိသော။ ဝါယောဓာတု၊ ဝါယောဓာတ်တည်း။ ဧဝံ၊ ဤသို့။ ကောဋ္ဌာသေသု၊ ကောဋ္ဌာသတို့၌။ ဝါယောမနသိကာရော၊ ဝါယောဓာတ်ကို နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၁၊ နှာ—၃၅၉။

ဝေဝံ-ဣမိနာ ဝုတ္တနယေန၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ ပဝတ္တမနသိကာရဿ၊ ဖြစ်စေအပ်သော ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းရှိသော။ တဿ၊ ထိုအမျိုးကောင်းသား,အမျိုးကောင်းသမီးအား။ ဓာတုယော၊ ဓာတ်တို့သည်။ ပါကဋ္ဌာ၊ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာ၊ထိုဓာတ်တို့ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ ထပ်ခါထပ်ခါ။ အာဝဇ္ဇတော၊ ဆင်ခြင်သော။ မနသိကရောတော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်အား။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဥပစာရသမာဓိ၊ အပ္ပနာ၏အနီး၌ဖြစ်သော ဥပစာရသမာဓိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဲဒီလိုဝင်လေထွက်လေ၌ရှိသော ဓာတ်လေးပါးတို့တွင် ဝါယောလေဓာတ်ရုပ်ပရမတ်၏ ပုဂ္ဂလ,သတ္တမှ ကင်းဆိတ်ပုံကို တပ်အပ်ထင်ထင် ညဏ်၌မြင်အောင် အဖန်တလဲလဲ နှလုံးသွင်းရှုပွားနေသော ပုဂ္ဂိုလ်၏သန္တာန်မှာ ဓာတ်လေးပါးကွဲ၍နေလျှင် ဥပစာရသမာဓိသို့ ရောက်ရှိနေ၏၊ ဥပစာရသမာဓိကို ရနေ၏ဟု မှတ်ရပါမယ်။

ဒီနေရာမှာ ဓာတ်လေးပါးတို့တွင် တပါးပါးသော ဓာတ်တရားကို ညဏ်နဲ့တင်ပြီး ပွားများနေသောသူမှာလဲ ဥပစာရသမာဓိကို ရနေပါတယ်လို့ အဋ္ဌကထာက—

ကေကေန မုခေန ဓာတုယော ပါကဋ္ဌာဟောန္တိ။ တာ ပုနပ္ပုနံအာဝဇ္ဇတော မနသိကရောတော ဝုတ္တနယေနေဝ ဥပစာရသမာဓိ ဥပ္ပဇ္ဇတိ။[၁]

လို့ မိန့်ဆိုခဲ့ပါတယ်၊ အဓိပ္ပာယ်ကတော့– ဓာတ်ကြီးလေးပါးတို့တွင် တခုခုသောဓာတ်ကို အကြိမ်များစွာ ဆင်ခြင်သောသူမှာလဲ အဲဒီ မိမိထင်သော ဓာတ်၌ပင် လုံ့လပြု၍ အကြိမ်ကြိမ်နှလုံးသွင်း၍ ဆင်ခြင်ပွားများပါလျှင် ဥပစာရသမာဓိကို ရနိုင်လေတော့၏၊ အကယ်၍များ ၎င်းတရားကို ပွားများ၍ မဂ်တရား, ဖိုလ်တရားများကို ပါရမီနုန့်နှေး ရှေးဘဝကအလေ့အလာနည်းပါးသဖြင့် ဟရားထူးကို မရစေကာမူ ဒီဥပစာရသမာဓိတန်ခိုးကြောင့် အပါယ်လေးပါးမှ လွတ်နိုင်လွတ်မြောက်နိုင်ပါတယ်လို့ အဋ္ဌကထာက ညွှန်ပြပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

ဥပစာရသမာဓိဘာဝနာပိ ပန ကာမာဝစရသုဂတိ ဘဝဝိသေသံ အာဝဟတိယေဝ။ [၂]

ဟု ညွှန်ပြခဲ့ပါတယ်၊ အဲဒီလိုညွှန်ပြခဲ့တိုင်း ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သာသနာတော် အချိန်အခါကောင်းကြီးနှင့်

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၁၊ နှာ–၃၆၇။

၂။ ၎င်း အဋ္ဌကထာ၊ ၁၊ နှာ–၃၆၉။

တွေ့ကြုံခိုက်မှာ အနဲဆုံး ဥပစာရသမာဓိမျှကို ရရှိနိုင်အောင် ကြိုးစား၍အားထုတ်သင့်ကြတယ်၊ ဥပစာရသမာဓိမှတဆင့် အပ္ပနာသမာဓိခေါ်သော ဈာန်, မဂ်, ဖိုလ်တို့မှာရှိတဲ့ သမာဓိဘာဝနာကို ရရှိအောင်ကြိုးစား၍ အားထုတ်ကြရမယ်။

ရှေ့ကိုနဲနဲတိုးဟောရမယ်ဆိုယင် သမာဓိရဲ့ အကျိုးအာနိသံသတွေကို အဋ္ဌကထာဆရာတော် ညွှန်ပြခဲ့တာ ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

အာသဝက္ခယကုန်ခန်း ရဟန္တာပုဂ္ဂိုလ်တို့၏ အပ္ပနာဟုဆိုအပ်သော သမာဓိဘာဝနာ ပွားများမှုသည် မျက်မှောက်သော ကိုယ်အဖြစ်၌ ချမ်းသာစွာနေရခြင်းအကျိုးရှိသော သမာဓိဘာဝနာ ပွားများမှုဖြစ်ပါတယ်၊ ဒါကြောင့် ပါဠိတော်က—

> န ခေါပနေတေ စုန္ဒ အရိယဿ ဝိနယေ သလ္လေခါ ဝုစ္စန္တိ၊ ဒိဋ္ဌဓမ္မသုခဝိဟာရာ ဧတေ အရိယဿ ဝိနယေ ဝုစ္စန္တိ။[၁]

လို့မိန့်တော်မူခဲ့ပါတယ်။စုန္ဒ၊ ချစ်သားစုန္ဒ။ ခေါပန၊စင်စစ်။ ဧတေ၊သာသနာပရသေ့တို့သည် ပွားစေအပ်သော ဈာန်တရားတို့ကို။ အရိယဿ၊ ငါဘုရား၏။ ဝိနယေ၊ သာသနာတော်၌။ သလ္လေခါ၊ ကိလေသာတို့ကို ခါင်းပါးစေတတ်သော အကျင့်တို့ဟူ၍။ နဝုစ္စန္တိ၊ မဆိုအပ်ကုန်။ ဧတေ၊ ထိုဈာန်နှင့် ယှဉ်သော သမာဓိတရားတို့ကို။ အရိယဿ၊ ငါဘုရား၏။ ဝိနယေ၊ ဆုံးမရာသာသနာတော်၌။ ဒိဋ္ဌဓမ္မသုခဝိဟာရာ၊မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေကြောင်းဖြစ်သောတရားတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

လို့ မြတ်စွာဘုရားက မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ်မှာ အဲဒီလိုဟောကြားတော်မူခဲ့ပါတယ်။

ပြီးတော့ သေက္ခ,ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဝိပဿနာဉာဏ်၏ နီးလှစွာသောအကြောင်းဖြစ်သော အပ္ပနာသမာ ဥပစာရသမာဓိတို့ကို ဝိပဿနာဉာဏ်၏အကြောင်းဖြစ်၏ဟု နှလုံးသွင်း၍ ပွားများခြင်းသည် ဝိပဿနာဉာဏ်၏အကျိုးအာနိသံသဖြစ်ပါတယ်လို့ ပါဠိတော်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်၊ ဘယ်လိုလဲဆိုတော့—

> သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။[၂]

လို့ ဟောတော်မူခဲ့ပါတယ်။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိံ၊ မပြန့်မလွင့်တည်ကြည်သောသမာဓိကို။ ဘာဝေထ၊ ပွားကြကုန်လော့။ ဘိက္ခဝေ၊ ရဟန်း

၁။ မ၊ ၁၊ ပါ၊ ၄၉–ဝိဋ္ဌေ သလ္လေခသုတ်။
၂။ သံ၊ ၂၊ ပါ၊ ၁၂–ဝိဋ္ဌေ။

တို့။ သမာဟိတော၊ တည်ကြည်သော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊ ရုပ်တရား—နာမ်တရား, ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း, ရုပ်နာမ်တရားတို့၏ ချုပ်ပျက်ခြင်းကို ဟုတ်မှန်သည့်အတိုင်း။ပဇာနာတိ၊ခွဲခြား၍သိ၏။–လို့ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ ဟောကြားညွှန်ပြတော်မူခဲ့ပါတယ်။

ပြီးတော့ သမာဓိဘာဝနာဟာ ဣဒ္ဓိဝိဓစသော အဘိညာဉ်တန်ခိုးတို့ရဲ့ အခြေခံပါဒကဖြစ်လို့ အဘိညာဉ်တန်ခိုးဆိုတဲ့ အာနိသံသကို ဖြစ်စေနိုင်ပါတယ်၊အဲဒါကို ပါဠိတော်က—

> သော ယဿ ယဿ အဘိညာသစ္ဆိကရဏီယဿ ဓမ္မဿ စိတ္တံ အဘိနိန္နာမေတိ အဘိညာသစ္ဆိကိရိယာယ၊ တတြတတြေဝ သက္ခိဘဗ္ဗတံ ပါပုဏာတိ သတိ သတိအာယတနေ။[၁]

လို့ ဟောခဲ့ပါတယ်။

သော၊ ထိုပုဂ္ဂိုလ်သည်။ အဘိညာသစ္ဆိကရဏီယဿ၊ ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုအပ်သော။ ယဿယဿဓမ္မဿ၊ အကြင်အကြင် တရားကို။ အဘိညာသစ္ဆိကိရိယာယ၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းငှာ။ စိတ္တံ၊ အမိဋ္ဌာန်စိတ်ကို။ အဘိနိန္နာမေတိ၊ ရှေးရှုညွတ်စေ၏။ သတိအာယတနေ၊ အဘိညာဏ်ရခြင်းဟူသော အကြောင်းသည်။ သတိ၊ ရှိသော်။ တတြတတြေဝ၊ ထိုထိုတရား၌သာလျှင်။ သက္ခိဘဗ္ဗတံ၊ သက်သေထိုက်သူ၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။

အဲဒီလိုလဲ သမာဓိရဲ့ အကျိုးအာနိသံသသည် အဘိညာဉ်တည်းဟူသော ဉာဏ်အထူးကို ရရှိနိုင်ခြင်းကို ဖြစ်စေနိုင်ပါတယ်။

နောက်တနည်းကတော့ ဈာန်တရားမှ မဆုတ်ယုတ်သော ပုဂ္ဂိုလ်တို့သည် ဗြဟ္မာပြည်၌ ဖြစ်အံ့ဟုနှလုံးသွင်း၍ ဗြဟ္မာဘဝ၌ဖြစ်ခြင်းကို တောင့်တသည်ဖြစ်စေ, မတောင့်တသည်ဖြစ်စေ ပုထုဇဉ်ပုဂ္ဂိုလ်ဆိုတာ ဈာန်သမာဓိမှ မဆုတ်ယုတ်သောကြောင့် ဗြဟ္မာဘဝ၌ ဖြစ်ခြင်းဟူသော အကျိုးကို အပ္ပနာသမာဓိကြောင့် ရရှိနိုင်ပါတယ်၊ အဲဒါကိုပါဠိတော်က "ပဌမံ ဈာနံ ပရိတ္တံ ဘာဝေတွာ ကတ္ထ ဥပပဇ္ဇန္တိ၊ ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ[၂]"လို့ ဟောတော်မူခဲ့ပါတယ်။

ပဌမံဈာနံ၊ ပဌမဈာန်ကို။ ပရိတ္တံ၊ နည်းသောအာနုဘော် ရှိသည်ကို။ (ကတွာ၊ ပြု၍။) ဘာဝေတွာ၊ ပွား၍။ ကတ္ထ၊ အဘယ်ဘုံ၌။ ဥပပဇ္ဇန္တိ၊

၁။ ငုံ။ ၃၊ ပါ၊ ၁၃၀–ဝိဋ္ဌေ။
၂။ အဘိ၊ ၂၊ ပါ၊ ၄၃၉–ဝိဋ္ဌေ။

ဖြစ်ကုန်သနည်း။ ဖြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ၊ ပါရိသဇ္ဇာဖြဟ္မာတို့၏။ သဟဗျတံ၊ အပေါင်း၏အဖြစ်သို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကုန်၏။- လို့ ဝိဘင်းပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

တနည်းအားဖြင့်လဲ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့ဟာ သမာပတ်ရှစ်ပါးကိုဝင်စားပြီးတော့မှ နိရောဓသမာပတ်ကို ဝင်စား၍ ခုနစ်ရက်ပတ်လုံး နိဗ္ဗာန်သုခကို ခံစားဘို့ရန်လဲ သမာဓိတန်ခိုးကို ပွားများရပြန်ပါတယ်၊ အဲဒီအကြောင်းကို ပါဠိတော်ကညွှန်ပြခဲ့ပါသေးတယ်၊ဘယ်လိုညွှန်ပြခဲ့သလဲဆိုတော့—

"သောဠသဟိ ဉာဏစရိယာဟိ နဝဟိ သမာဓိစရိယာဟိ ဝသီဘာဝတာ ပညာ နိရောဓသမာပတ္တိယာ ဉာဏံ"[၁] ဒီလိုညွှန်ပြခဲ့ပါတယ်။

သောဠသဟိ၊ တဆဲ့ခြောက်ပါးကုန်သော။ ဉာဏစရိယာဟိ၊ ဉာဏ်၏ဖြစ်ခြင်းတို့ဖြင့်ရှင်း။ နဝဟိ၊ ကိုးပါးကုန်သော။ သမာဓိစရိယာဟိ၊ သမာဓိ၏ဖြစ်ခြင်းတို့ဖြင့်ရှင်း။ ဝသီဘာဝတာ၊ လေ့လာသည်၏အဖြစ်ဟူသော။ ပညာ၊ ပညာသည်။ နိရောဓသမာပတ္တိယာ၊ သညာ, ဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်၌။ ဉာဏံ၊ ဉာဏ်ပေတည်း။-လို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် နောက်ကဟောကြားခဲ့တဲ့အတိုင်း သမာဓိဘာဝနာကို ပွားများအားထုတ် ခြင်းကြောင့် ဆိုခဲ့ပြီးသော အကျိုး အာနိသင် ငါးပါးတို့ကို ကောင်းကောင်းကြီး ရရှိနိုင်ပါတယ်လို့ ယုံကြည်စွာနှင့် သမာဓိဘာဝနာကို ဆရာသမားရဲ့ နည်းညွှန်မှုကို တိကျစွာလိုက်နာ၍ ကြိုးစားပွားများအားထုတ်နိုင်ကြပါစေ။

ဒီနေရာမှာ သမာဓိကထာပိုင်းကို နိဂုံးမချုပ်မီ အဋ္ဌကထာဆရာတော်ရဲ့ ဥယျောဇဉ်ဂါထာကို ရွတ်ဆိုဟောကြားပြီး နိဂုံးချုပ်ကြရအောင်၊ ဘာတဲ့လဲ—

တသ္မာ မနေကာနိသံသမ္ဘိ၊ ကိလေသမလသောဓနေ။
သမာဓိဘာဝနာယောဂေ၊ နပ္ပမဇ္ဇေယျ ပဏ္ဍိတော။

တသ္မာ၊ ထို့ကြောင့်။ အနေကာနိသံသမ္ဘိ၊ များစွာသောအာနိသင်ရှိသော။ ကိလေသမလသောဓနေ၊ ကိလေသာအညစ်အကြေးကို ဆေးသုတ်သင်တတ်သော။ သမာဓိဘာဝနာယောဂေ၊ သမာဓိဘာဝနာကို မပြတ်လုံ့လပြုခြင်း၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နပ္ပမဇ္ဇေယျ၊ မမေ့လျော့ရာ။

ဤသို့သော စကားအစဉ်ဖြင့် သမာဓိကထာ ဒေသနာတော်ကို နိဂုံးချုပ်ချုပ်ကြပြီး ပညာကထာကို ဆက်ဟောကြရအောင်။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၃။

ပညာကထာ အဲဒီ ပညာကထာက နောက်ပိုင်းဟောပေးရမည့် ပညာကထာ ရှိတယ်၊ ဒီနေရာမှာတော့ ပညာကထာ ခပ်ကျဉ်းကျဉ်းဘဲ၊ ပညာဆိုတာ လောကီပညာ, လောကုတ္တရာပညာလို့ ဒီလိုနှစ်မျိုးရှိတယ်၊ လောကီပညာဆိုတာ ဘာတွေလဲ–သုတမယပညာ, စိန္တာမယပညာ, ဝိပဿနာ ဉာဏ်ပညာ–ဒါတွေဟာ လောကီပညာတွေ၊ ဒီနေရာမှာ "ဝိသေသတော ပနေတ္ထ ဝိပဿနာပညာ ဂဟေတဗ္ဗာ"။ ဒီလို အဋ္ဌကထာက ပြောတယ်၊ ဝိပဿနာ ပညာသာ လောကီပညာအရာမှာ ပညာ ဟုတ်လား–ဒီမေဃိယသုတ်မှာ ဟော တာ၊ ဒါ ဥဒါန်းအဋ္ဌကထာက ပြောထားတာ၊ မဂ်ပညာ,ဖိုလ်ပညာက တော့ဖြင့် လောကုတ္တရာပညာလို့ နှစ်မျိုးပြားတယ်။

လောကီပညာဆိုတဲ့နေရာမှာ စိန္တာမယပညာဆိုတာ လက်သမားအတတ်, ပန်းချီအတတ်, ပန်းရန်အတတ်, ဖျာရက်တောင်းကွပ်စသော အတတ်ပညာ, ဂဏန်းသင်္ချာအတတ်, သိပ္ပံပညာအတတ်စတဲ့ အသက်မွေးဝမ်းကျောင်းအတတ် ဆိုတဲ့ ကမ္မာယတန, သိပ္ပါယတနအတတ်ပညာမျိုးနဲ့ မြေဆိပ်မန်းသောအတတ်, ဂါထာကို ဥုံခံ၍မန်းမှုတ်သောအတတ်စသော ဝိဇ္ဇာဌာနအသက်မွေးကြောင်း ပညာ၊ ကုသိုလ်ကံ, ကုသိုလ်ကံသည် ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟုသိသော ကမ္မဿ ကတာ ဉာဏ်ပညာ၊ သစ္စာနုလောမိကဆိုတဲ့ ဝိပဿနာဉာဏ်ဆိုတာ အလိုလို ကြံ၍ပြုလုပ်လျှင် စိန္တာမယပညာလို့ ဒီလိုခေါ်ပါတယ်။

သုတမယပညာဆိုတာကတော့ မြင်လို့သိသော–တတ်သောပညာ, ကြား ရလို့ သိသော–တတ်သောပညာကို သုတမယပညာခေါ်တယ်။

ဘာဝနာမယပညာ ကတော့ သူတပါးက သွန်သင်ပြသညွှန်ကြားခြင်းကို ကြားသည်ဖြစ်စေ, မကြားသည်ဖြစ်စေ မိမိကိုယ်တိုင် စီးဖြန်းပွားများ၍ ဖြစ် သော ဝိပဿနာပညာ, မဂ်ပညာမျိုးကို ဘာဝနာမယပညာလို့ ခေါ်တယ်။

ခပ်တိုတိုပြောရယင် လောကီအသက်မွေးကြောင်းဖြစ်တဲ့ ပညာ အမျိုးမျိုး နှင့် ကမ္မဿကတာပညာ, ဈာန်တရားတွေနဲ့ ယှဉ်တဲ့ပညာ, အဘိညာဉ်တရားတွေ နဲ့ ယှဉ်တဲ့ပညာ, ဝိပဿနာဉာဏ်ပညာတွေကတော့ လောကီပညာခေါ်တယ်၊ မဂ်နှင့်ယှဉ်တဲ့ပညာ, ဖိုလ်နှင့်ယှဉ်တဲ့ပညာ, အချို့ မဂ်ဖိုလ်ရပြီး ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ,ပညာ စသည်တို့ကတော့ လောကုတ္တရာပညာလို့ ခေါ်ပါတယ်။

ကဲ–ဒီနေရာမှာ ပညာကထာပိုင်းကို ဒီလိုဘဲခပ်ကျဉ်းကျဉ်း မှတ်ထားကြ၊ နောက်ပညာပိုင်းကို ဟောနေတဲ့နေရာမှာ ခပ်ကျယ်ကျယ်ကလေး ဟောပေး ပါ့မယ်။

ပညာကထာပြီးတော့ ဘာတဲ့လဲ–ဝိမုတ္တိကထာကို ဟောပေးရမယ်။

ဝိမုတ္တိကထာ ဝိမုတ္တိ၊ ဘာတဲ့လဲ-ဝိမုတ္တိဆိုတာ ကိလေသာမှ လွတ်မြောက်ခြင်းသည် ဝိမုတ္တိ၊ သို့မဟုတ် နိဗ္ဗာန်၊ အဲဒါ ဝိမုတ္တိတရားတွေ၊ ဥဒါန်းအဋ္ဌကထာက ပြောထား တာကတော့ဖြင့် တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘန ဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိလို့ အဲဒီလို အပရေဆရာတို့ ဖွင့်ဆိုထားတယ်ဆိုတဲ့ အကြောင်း ပြောထားတယ်၊ ဒီ ဝိမုတ္တိတွေကိုလဲ ဘုန်းကြီး ဟောခဲ့ပြီးပြီ မဟုတ်လား၊ (မှန်ပါဘုရား)။

ဝိမုတ္တိဉာဏဒဿနကထာ ဝိမုတ္တိဉာဏဒဿနကထာဆိုတာက ပစ္စဝေက္ခဏာဉာဏ် တဆဲ့ကိုးပါးကို ဝိမုတ္တိဉာဏဒဿနကထာလို့ ခေါ်ပါတယ်၊ပစ္စဝေက္ခဏာဉာဏ် တဆဲ့ကိုးပါးလို့ဆိုတာက သောတာပန်ပုဂ္ဂိုလ်မှာ ငါးပါး၊ သကဒါဂါမ်ပုဂ္ဂိုလ်မှာ ငါးပါး၊ အနာဂါမ်ပုဂ္ဂိုလ်မှာ ငါးပါး၊ ရဟန္တာပုဂ္ဂိုလ်ကျတော့ ပစ္စဝေက္ခဏာဉာဏ် ဘယ်နှစ်ပါးရှိသလဲ၊ (လေးပါးပါဘုရား) လေးပါး၊ ပေါင်းတော့ ဘယ်လောက်တုံး၊ (တဆဲ့ကိုးပါးပါဘုရား) အဲဒီ တဆဲ့ကိုးပါးသော ပစ္စဝေက္ခဏာဉာဏ်တွေသည် ဝိမုတ္တိဉာဏဒဿနကထာ တွေပါတဲ့။

ပစ္စဝေက္ခဏာဉာဏ်ငါးပါး သောတာပန်ပုဂ္ဂိုလ်ရဲ့ ပစ္စဝေက္ခဏာဉာဏ် ငါးပါး ဆိုတာက မဂ်ကိုဆင်ခြင်ခြင်း, ဖိုလ်ကိုဆင်ခြင်ခြင်း, နိဗ္ဗာန်ကို ဆင်ခြင်ခြင်း, ပယ်ပြီးသားကိလေသာကို ဆင်ခြင်ခြင်း, မပယ်ရသေးတဲ့ ကိလေသာကို ဆင်ခြင်ခြင်း–ပစ္စဝေက္ခဏာငါးခု။

သကဒါဂါမ်မှာလဲ ဒီလိုဘဲ ပစ္စဝေက္ခဏာ ငါးခု၊ အနာဂါမ် မှာလဲ ငါးခု၊ ရဟန္တာပုဂ္ဂိုလ်ကျတော့ မပယ်ရသေးတဲ့ ကိလေသာ ဆင်ခြင်ဘို့ ရှိသေးလား၊ (မရှိပါဘူးဘုရား) အဲဒါကြောင့် ရဟန္တာ ပုဂ္ဂိုလ်ကျတော့ လေးခု၊ ပေါင်းတော့ တဆဲ့ကိုးခု၊ အဲဒီ ပစ္စဝေက္ခဏာဉာဏ် တဆဲ့ကိုးခုသည် ဝိမုတ္တိဉာဏဒဿန ကထာဘဲတဲ့။

အဲဒီလိုဟောခဲ့ပြီးတဲ့ ကထာ ဆယ်ပါးဟာ အပ္ပိစ္ဆ ကထာ, သန္တုဋ္ဌိကထာ, ပဝိဝေကကထာ, အသံသဂ္ဂကထာ, ဝီရိယာရမ္ဘကထာ, သီလကထာ, သမာဓိကထာ, ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏဒဿန ကထာလို့ ကထာ ဆယ်မျိုးနော်၊ (မှန်ပါ)။ ဒီကထာဆယ်မျိုးဟာ–

အတ္တနာ စ အပ္ပိစ္ဆော ဟောတိ၊ အပ္ပိစ္ဆကထဉ္စ ပရေသံ ကတ္တာ။[၁]

၁။ ဥဒါန်းအဋ္ဌကထာ နှာ-၂၁၂။ မူလပဏ္ဏာသပါဠိတော် နှာ-၁၉၉။ အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယအုပ် နှာ-၃၅၉။

မိမိကိုယ်တိုင်လဲ အပ္ပိစ္ဆဖြစ်ရမယ်၊ သူတပါးလဲ အပ္ပိစ္ဆဖြစ်အောင် ကိုယ်က ပြောရမယ်၊ မိမိကိုယ်တိုင်လဲသန္တုဋ္ဌိ ဖြစ်ရမယ်၊ သူတပါးလဲ သန္တုဋ္ဌိဖြစ်အောင် ဟောရမယ်၊ မိမိကိုယ်တိုင်လဲ အသံသဂ္ဂဖြစ်ရမယ်၊ သူတပါးလဲ အသံသဂ္ဂဖြစ်အောင် ဟောပြောပြီးတော့ ပေးရမယ်၊ ဒီအတိုင်းဘဲမိမိကိုယ်တိုင်သီလရှိရမယ်၊ သမာဓိရှိရမယ်၊ ဝီရိယရှိရမယ်၊ သူတပါးလဲ သီလရှိအောင်, သမာဓိရှိအောင်, ဝီရိယရှိအောင် ဟောပြောပေးရမယ်။

ကထာဆယ်မျိုးကို သိက္ခာ သုံးပါး၌ သွင်းယူပုံ ။ အဲဒီကထာဆယ်မျိုးကို သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ထဲသွင်းလိုက်ကြစို့– ဟုတ်လား၊

"ဧတေသု ဟိ အပ္ပိစ္ဆကထာ သန္တောသကထာ အသံသဂ္ဂကထာ သီလကထာတိ ဣမာ စတဿော ကထာ အဓိသီလသိက္ခာ သင်္ဂဟိတာယေဝ"[၁] ။

ဧတေသု, ဒသသုကထာသု၊ ထိုဆယ်မျိုးသောကထာတို့တွင်။ အပ္ပိစ္ဆကထာ၊ အပ္ပိစ္ဆကထာဝင်း။ **သန္တောသကထာ**၊ သန္တောသကထာဝင်း။ အသံသဂ္ဂကထာ၊ အသံသဂ္ဂကထာဝင်း။ သီလကထာ၊ သီလကထာဝင်း။ ဣမာစတဿောကထာ၊ ဤလေးပါးသော ကထာတို့ကို။ အဓိသီလသိက္ခာသင်္ဂဟိတာယေဝ၊ အဓိသီလ သိက္ခာ၌ **ရေတွက်အပ်ကုန်**သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အပ္ပိစ္ဆကထာ, သန္တုဋ္ဌိကထာ, အသံသဂ္ဂကထာ, သီလကထာဆိုတဲ့ ကထာ လေးမျိုးက **သီလ—အဓိသီလသိက္ခာ**၊ ဘာသိက္ခာတဲ့လဲ၊ (အဓိသီလသိက္ခာပါ ဘုရား)။

ပဝိဝေကကထာ ဝီရိယာရမ္ဘကထာ သမာဓိကထာတိ ဣမာတိဿော **အဓိစိတ္တသိက္ခာ** သင်္ဂဟိတာ။

ပဝိဝေကကထာ, ဝီရိယာရမ္ဘကထာ, သမာဓိကထာဆိုတဲ့ ဒီကထာသုံးမျိုး က သမာဓိသိက္ခာ၌ **ရေတွက်အပ်**၏။

ပညာကထာ ဝိမုတ္တိကထာ **ဝိမုတ္တိဉာဏဒဿန**ကထာတိ ဣမာ တိဿော အဓိပညာသိက္ခာ သင်္ဂဟိတာ။

ပညာကထာရယ်, ဝိမုတ္တိကထာရယ်, ဝိမုတ္တိဉာဏဒဿနကထာရယ် ဒီကထာ သုံးမျိုးက အဓိပညာသိက္ခာ၌ **ရေတွက်**ရမယ်။

ဧဝံ ဒသ ကထာဝတ္ထူနိ ပရိပူရာနိ တိဿော သိက္ခာ ပရိပူရေဿန္တိ။

၁။ မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ် နှာ-၁၀၁။

ဝေ၊ ဤသို့။ ဒသကထာဝတ္ထုနို၊ ဆယ်ပါးသော ကထာဝတ္ထုတို့ကို။ ပရိ ပူရာနို၊ ပြည့်စုံကုန်သည်ရှိသော်။ တိဿော၊ သုံးပါးကုန်သော။ သိက္ခာ၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကျင့်တရားတို့သည်။ ပရိပူရေဿန္တိ၊ ပြည့်စုံစေကြကုန် လတ္တံ့။ မေဃိယသုတ္တန်မှာ မြတ်စွာဘုရားက ဘယ်လို ဟောထားလဲ—

ဝေဠုပါယ ကထာယ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီ၊ အပရိပါကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ တတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

ဝေဠုပါယ၊ ဤသို့သဘောရှိသော။ ကထာယ၊ ကထာဆယ်ပါးစကား ဆယ်မျိုးဖြင့်။ နိကာမလာဘီ၊ အလိုရှိတိုင်းရသည်။ အကိစ္ဆလာဘီ၊ မပင် မပန်းရသည်။ အကသိရလာဘီ၊ မငြိုမငြင်ရသည်။ ဟောတိ၊ ဖြစ်၏။ မေဃိယ၊ ချစ်သား မေဃိယ။ တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ အယံ ဓမ္မော၊ ဤကထာဆယ်ပါး, သီလ–သမာဓိ–ပညာသိက္ခာသုံးပါး အကျင့်တရား သည်။ အပရိပါကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်းဟူသော အရဟတ္တဖိုလ်၏။ ပရိပါကာယ၊ ရင့်ကျက်ခြင်းငှာ၊ သံဝတ္တတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

သာဓု **သာဓု** သာဓု

မေဃိယသုတ္တန်-ဒသမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄– ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂–ရက်၊ ရန်ကုန်မြို့ကျိုက်ဒေးအတ် ဗိုလ်တထောင်စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်းလုပ်သား ဝိပဿနာဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒက နိကာယ် ဥဒါန်းပါဠိတော် **မေဃိယဝဂ္ဂ်လာသော** မေဃိယသုတ္တန် **ဒသမပိုင်း** တရားဒေသနာ။

(စကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အရှင်မေဃိယ **အား** ဝိပဿနာတရား **အားထုတ်ပုံကို** ဟောကြားပေးတော်မူနေတာ **အခု**

ဒသမပိုင်း ရောက်လာပြီ၊ ဝိမုတ္တိပရိပါစနီယတရား ငါးမျိုးတို့တွင် သုံးမျိုး ဟောပြီးသွားပြီ။

အာရဒ္ဓဝီရိယ အကြောင်း ဒီကနေ့ လေးခုမြောက်ဖြစ်တဲ့ ဝီရိယ တရားကို ဟောပေးရမယ်၊ မေဃိယသုတ္တန် ပါဠိတော်က—

> ပုန စ ပရံ မေဃိယ ဘိက္ခု အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု၊ အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ စတုတ္ထော ဓမ္မော ပရိပါကာယ သံဝတ္တတိ။ ၁

မေဃိယ၊ ချစ်သားမေဃိယ။ ပုန စ ပရံ၊ တပါးလည်း။ ဘိက္ခု၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလို ပွားများလို အားထုတ်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ဖျက်နိုင်ခြင်းငှာ။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှာ။ ထာမဝါ၊ အားအစွမ်းရှိသည် ဖြစ်၍။ ဒဠှပရက္ကမော၊ မြဲမြံသော လုံ့လဝီရိယရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အနိက္ခိတ္တဓုရော၊ မချအပ်သော ဝန်ရှိသည်ဖြစ်၍။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

မေဃိယ၊ ချစ်သားမေဃိယ။ စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ အယံ ဓမ္မော၊ ဤ အာရဒ္ဓဝီရိယတရားသည်။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ ကိလေသာမှလွတ်မြောက်ခြင်းဟူသော အရဟတ္တဖိုလ်၏။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ သံဝတ္တတိ၊ ကောင်းစွာ မသေ့ ဖြစ်ပါပေ၏။

ဒီလိုဟောတယ်၊ ချစ်သားမေဃိယ....မရင့်ကျက်သေးသော အရဟတ္တဖိုလ် စိတ်၏ ကိလေသာမှလွတ်မြောက်ခြင်း အရဟတ္တဖိုလ်ကို ရင့်ကျက်စေနိုင်တဲ့ စတုတ္ထမြောက် ဝိမုတ္တိပရိပါစနီယတရားဆိုတာ အားထုတ်လိုသောအမျိုးကောင်း သားများ, အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာ အကုသိုလ်ကင်းဘို့ ကုသိုလ် တရားတွေ ပြည့်စုံဘို့အတွက် အားအစွမ်းနှင့်တကွ လုံ့လဝီရိယကို အကြားမရှိ မြဲမြံခိုင်ခံ့အောင် ထားပြီးတော့—

ကုသိုလ်ကောင်းမှု ပြုဘုယ်ကိစ္စတို့၌ တာဝန်ကြီးတခုရယ်လို့ နှလုံးမသွင်းဘဲ ကုသိုလ်ကောင်းမှုပြုရမဲ့ တာဝန်ကိစ္စ၌ ဒီတာဝန်ကို ချမထားဘဲ ကြိုးစားအား

၁။ ဥဒါန်းပါဠိတော် နှာ-၁၁၉။

ထုတ်တဲ့ အာရဒ္ဓဝီရိယဆိုတဲ့ တရားသည် အရဟတ္တဖိုလ်ပေါက် မရောက်သေးသော သဘောကိုရောက်အောင် ပြုပြင်ပေးနိုင်တဲ့ ဝိမုတ္တိပရိပါစနီယတရား တမျိုး ပါဘဲတဲ့၊ တရားကိုယ်ကောက်တော့—ဝီရိယ။

အဲဒီ ဝီရိယကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအတွက် ဒီကနေ့ အကျယ်ဟောပေးရမယ်၊ အကျယ်ဆိုပေမဲ့ ပြည့်ပြည့်စုံစုံ ရှိသရွေ့ကုန်အောင်ကျယ်တဲ့ ဒီလိုအကျယ်မျိုးကြီးတော့ မဟုတ်ဘူး၊ တတ်နိုင်သရွေ့ ချင့်ချိန်ပြီးတော့ ဟောပေးရမယ်၊ ပါဠိတော်များမှာ ဘယ်လိုမိန့်တော်မူထားသလဲ–အာရဒ္ဓဝီရိယ–အားထုတ်အပ်သော ဝီရိယ၊နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဘိက္ခုသံယုတ်မှာ အရှင်မဟာ မောဂ္ဂလ္လာန်က မြတ်စွာဘုရားကို လျှောက်တယ်၊ ဘယ့်နှယ်လျှောက်တုံးလို့ ဆိုတော့—

အာရဒ္ဓဝီရိယပုဂ္ဂိုလ် အာရဒ္ဓဝီရိယော အာရဒ္ဓဝီရိယောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ အာရဒ္ဓဝီရိယော ဟောတိ။[၁]

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အာရဒ္ဓဝီရိယော အာရဒ္ဓဝီရိယောတိ၊ အာရဒ္ဓဝီရိယပုဂ္ဂိုလ် အာရဒ္ဓဝီရိယပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကိတ္တာဝတာ–ကေနကာရဏေန၊ အဘယ်သို့သော အကြောင်းကြောင့်။ အာရဒ္ဓဝီရိယော၊ အာရဒ္ဓဝီရိယပုဂ္ဂိုလ်သည်။ ဟောတိ နုခေါ၊ ဖြစ်ရပါသနည်း။

မြတ်စွာဘုရား....ဝိမုတ္တိပရိပါစနီယတရားတို့တွင် အကျုံးဝင်တဲ့ အာရဒ္ဓဝီရိယဆိုတာ ဘယ်လိုတရားမျိုး ခေါ်တာပါလဲ ဘုရား၊ ဘယ်လိုအားထုတ်တာမျိုးကို ခေါ်တာပါလဲဘုရားလို့ ဒီလိုလျှောက်တယ်၊ ဒီတော့ မြတ်စွာဘုရားက—

ဣဓ မောဂ္ဂလ္လာန ဘိက္ခု အာရဒ္ဓဝီရိယော ဝိဟရတိ။ ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသိဿတု သရီရေ ဥပသုဿတု မံသလောဟိတံ၊ ယံ တံ ပုရိသထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ အပါပုဏိတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတီတိ။ ဧဝံ ခေါ မောဂ္ဂလာန အာရဒ္ဓဝီရိယော ဟောတီတိ။

မောဂ္ဂလ္လာန၊ ချစ်သားမောဂ္ဂလ္လာန်။ ဣဓ၊ ဤသာသနာတော်၌၊ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသော။ ဘိက္ခု၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလို ပွားများလို အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်း

၁။ နိဒါန ဝဂ္ဂသံယုတ်ပါဠိတော် နှာ–၄၆၄။

သမီးသည်။ သရီရေ၊ ခန္ဓာကိုယ်၌။ တစော၊ အရေသည်ငင်း။ နှာရုစ၊ အကြောသည်ငင်း။ အဋ္ဌိစ၊ အရိုးသည်ငင်း။ ကာမံ အဝသိဿတု၊ ကြွင်းချင်ကြွင်းပါစေတော့။ သရီရေ၊ ခန္ဓာကိုယ်၌။ မံသလောဟိတံ၊ အသားနှင့်အသွေးသည်။ ကာမံ ဥပသုဿတု၊ ခန်းခြောက်မူသည်းခန်းခြောက်ပါစေတော့။

ပုရိသထာမေန၊ ယောကျ်ားကောင်းတို့၏ အစွမ်းဖြင့်။ ပုရိသဝီရိယေန၊ ယောကျ်ားကောင်းတို့၏ လုံ့လဝီရိယဖြင့်။ ပုရိသပရက္ကမေန၊ ယောကျ်ားကောင်းတို့၏ကြိုးစားအားထုတ်မှုဖြင့်။ ပတ္တဗ္ဗံ၊ ရောက်သင့်ရောက်ထိုက်သော။ ယံတံဌာနံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏၊ တံနိဗ္ဗာနံ၊ ထိုယောကျ်ားတို့အားအစွမ်းဖြင့်အားထုတ်လို့ ရောက်သင့်ရောက်ထိုက်သော နိဗ္ဗာန်သို့။ အပါပုဏိတွာ၊ မရောက် မချင်း၊ ဝါ-မရောက်မူ၍။ ဝီရိယဿ၊ ငါအားထုတ် နေသော ဝီရိယ၏။ သဏ္ဌာနံ၊ နောက်သို့တွန့်ဆုတ် ရပ်တည်၍နေခြင်းသည်။ နဘဝိဿတိ၊ မဖြစ်သင့်မဖြစ်ပေလတံ့။

ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဝီရိယံ၊ သမ္မပ္ပဓာနလုံ့လဝီရိယကို။ အာရဗ္ဘတိ၊ အားထုတ်၏။ မောဃလ္လာန၊ ချစ်သား မောဂ္ဂလ္လာန်။ ဧဝံခေါ၊ ဤသို့လျှင်။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ သောတာပတ္တိမဂ်ဉာဏ်ကို ရည်ရွယ်ပြီးတော့ တရားမရောက်ရောက်အောင် အားထုတ်တယ်၊ သောတာပတ္တိမဂ်ဉာဏ်ကို မရောက်မချင်း မိမိအားထုတ်တဲ့ဝီရိယကို ဘယ်အခါမှ လက်လွှတ်မထားရဘူး၊ လျှော့မထားရဘူး၊ ယံတံပုရိသထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန–ကိုယ်လိုချင်ရောက်ချင်တဲ့ မဂ်ဉာဏ်ကို မရောက်သေးသမျှကာလပတ်လုံး ဝီရိယကို လျှော့မထားရဘူး။

အခုတော့ ကြိုးစားအားထုတ်လိုက် မဂ်ဉာဏ်မရောက်သေးဘူး ဝီရိယက လျှော့ထားလိုက်၊ ကြိုးစားအားထုတ်လိုက် မဂ်ဉာဏ်မရသေးဘူး ဝီရိယကလျှော့ထားလိုက်နဲ့ တော်တော်နဲ့မရောက်နိုင်ဘူး၊ ဒီတော့ ခရီးသွားတဲ့ပုဂ္ဂိုလ်ကဲ့သို့ မိမိသွားနေသောရောက်လိုတဲ့အရပ်ကို မရောက်မချင်း သွားနေရမယ်။

လမ်းမှာနားမနေရဘူး၊ အဲဒီလို ဝိပဿနာတရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဒီလို အာရဒ္ဓဝီရိယမျိုး ရှိရတယ်တဲ့၊ ဒီ အာရဒ္ဓဝီရိယဟာ ဝိမုတ္တိပရိပါစနီယ တရားဘဲ၊ ဒါ အာရဒ္ဓဝီရိယရှိပုံ- အာရဒ္ဓဝီရိယထူထောင်ပုံကို ဒီပါဠိတော်က ဒီလိုပြတယ်။

ဝီရိယကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး **ရပ်မထားနှင့်** များက ဒီပါဠိတော်ဒေသနာကို နာယူမှတ်သားပြီးတော့ ငါတို့သည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို အလိုရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်၊ ဒီမဂ်ဉာဏ်,ဖိုလ်ဉာဏ်ဆိုတာ ဒီလို ဝီရိယမျိုးနဲ့မှ ရသင့်ရထိုက်တယ်၊ ဒီမဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရသေးသရွေ့ ကာလပတ်လုံး ငါအားထုတ်နေတဲ့ ဝီရိယက ရပ်မထားဘူး၊ "ဝီရိယဿ ဌာနံ န ဘဝိဿတိ"။ ဝီရိယဿ၊ ဝီရိယ၏။ ဌာနံ၊ ရပ်တည်၍နေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်ရလတံ့။ ဝီရိယကို ရပ်မထားရဘူး၊ဘယ်လောက်တောင် ရပ်မထားရမှာလဲဆိုတော့—

ကုက္ကုစ္စဿ ပါနီယပိဝနကာလမတ္တမ္ပိ နေသံ ပမာဒကိရိယာ နတ္ထိ။[၁]

ကုက္ကုစ္စဿ၊ ကြက်၏။ ပါနီယပိဝနကာလမတ္တမ္ပိ၊ သောက်ရေတပေါက် သောက်ရုံအချိန်ကာလမျှ၌ သော်လည်း။ နေသံ၊ ထိုယောဂီပုဂ္ဂိုလ်တို့အား။ ပမာဒကိရိယာ၊ မေ့လျော့မှုပြုခြင်းသည်။ နတ္ထိ၊ မရှိ- တဲ့။

ရေကလေးတပေါက်သောက်ရုံမျှ ဝီရိယကို **ရပ်မထားရဘူး**၊ ဒါ အာရဒ္ဓ-ဝီရိယမည်ပုံကို, အာရဒ္ဓဝီရိယ ထူထောင်ပုံကို ဤသို့ ပါဠိတော်ကပြတယ်၊ ပါဠိတော်က ပြထားတဲ့ အနက်အဓိပ္ပါယ်တွေကို အခုဘုန်းကြီးတို့ ပရိသတ် နာပြီးပြီ၊ နားလယ်ပြီးပြီ၊ ဒီ ဝီရိယမျိုး အလုပ်လုပ်ရမှာပါလားလို့ နှလုံးသွင်းပြီးတော့ ဒီ ဝီရိယမျိုး မဖြစ်သေးယင် ဖြစ်အောင် လုပ်မယ်လို့ ဆုံးဖြတ်ချက်လဲချပါ၊ လုပ်ဖြစ်အောင်, ထူထောင်ဖြစ်အောင်လဲ ထူထောင်ပါ။

အဲဒီ အာရဒ္ဓဝီရိယ နေရာမှာ အင်္ဂုတ္တိုရ် အဋ္ဌကထာက ဘယ်လိုပြောထားပြန်သလဲ ဆိုတော့ -အာရဒ္ဓဝီရိယရဲ့ အင်္ဂါလက္ခဏာကို သူကပြောတယ်-အားထုတ်တဲ့ နေရာမှာ။

အာရဒ္ဓဝီရိယဿာတိ ပရိပုဏ္ဏဝီရိယဿ စေဝ ပဂ္ဂဟိတဝီရိယဿ စ။[၁]

အာရဒ္ဓဝီရိယဿာတိ၊ အာရဒ္ဓဝီရိယဿ-ဟူသည်ကား။ ဝါ၊ အာရဒ္ဓဝီရိယ ရှိသောပုဂ္ဂိုလ် မည်သည်ကား။ ပရိပုဏ္ဏဝီရိယဿစေဝ၊ ပြည့်စုံလုံလောက်သော ဝီရိယရှိသော ပုဂ္ဂိုလ်အားရင်း။ ပဂ္ဂဟိတ ဝီရိယဿ စ၊ ချီးမြှောက်ထောက်ပင့်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်အားရင်း။ ဟောတိ၊ ဖြစ်၏။

ပြည့်စုံတဲ့ ဝီရိယရှိရမယ်၊ ဘာပြည့်စုံတဲ့ ဝီရိယလဲ-အင်္ဂါလက္ခဏာ ပြည့်စုံတဲ့ ဝီရိယဖြစ်ရမယ်-တဲ့၊ အဲဒီ အာရဒ္ဓဝီရိယ အင်္ဂါလက္ခဏာက ဘယ်လိုလဲ-

---

၁။ ဥပရိပဏ္ဏာသအဋ္ဌကထာ နှာ-၅၀။

တတ္ထ စတုဒေါသာပဂတံ ဝီရိယံ အာရဒ္ဓန္တိ ဝေဒိတဗ္ဗံ။ န စ အတိလီနံ ဟောတိ၊ န စ အတိပဂ္ဂဟိတံ၊ န စ အဇ္ဈတ္တံ သံခိတ္တံ၊ န စ ဗဟိဒ္ဓါ ဝိက္ခိတ္တံ။[၁]

အာရဒ္ဓဝီရိယ အင်္ဂါလေးပါး တတ္ထ၊ ထိုအာရဒ္ဓဝီရိယသာ—ဟူသောစကား၌။ အတိလီနံ၊ အလွန်လုံ့လဝီရိယလျော့၍ တွန့်တိုဆုတ်နစ်ခြင်းသည်လည်း။ နဟောတိ၊ မဖြစ်။ အတိပဂ္ဂဟိတံစ၊ အလွန် ပြင်းပြင်း ထန်ထန် လွန်လွန်ကဲကဲ ကြိုးစားအားထုတ်သည်လည်း။ နဟောတိ၊ မဖြစ်ရ။ အဇ္ဈတ္တံ၊ မိမိ အဇ္ဈတ္တသန္တာန်၌။ သံခိတ္တံစ၊ တွန့်တို ဆုတ်နစ်ခြင်းသည်လည်း။ နဟောတိ၊ မဖြစ်။ ဗဟိဒ္ဓါ၊ အပြင်အာရုံ၌။ ဝိက္ခိတ္တံစ၊ ပျံ့လွင့်ခြင်း သည်လည်း။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ စတုဒေါသာ ပဂတံ၊ အပြစ်လေးပါးမှကင်းသော။ ဝီရိယံ၊ ဝီရိယကို။ အာရဒ္ဓန္တိ၊ အာရဒ္ဓဝီရိယဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အာရဒ္ဓဝီရိယလို့ဆိုတာ အင်္ဂါလေးပါးနဲ့ ပြည့်စုံရမယ်၊ ဘယ်လို အင်္ဂါလေးပါလဲ—

(၁) ကြိုးစားပြီး တရားအားထုတ်တယ်ဆိုတဲ့ ဝီရိယဟာ သိပ်လျော့တဲ့ ဝီရိယလဲ မဟုတ်ရဘူး။

(၂) သိပ်ပြီးတော့ လွန်လွန်မင်းမင်းပြင်းပြင်းထန်ထန်အားထုတ်တဲ့ ဝီရိယမျိုးလဲ မဟုတ်ရဘူး၊ ဒီအပြစ်နှစ်ပါးက ကင်းရမယ်။

၃။ မိမိအဇ္ဈတ္တသန္တာန်ထဲမှာ စိုက်ပြီးတော့ ပျံ့လွင့်နေတဲ့ ဝီရိယမျိုးလဲ မဖြစ်ရဘူး။

၄။ ဗဟိဒ္ဓသန္တာန်မှာ စိုက်ပြီးတော့ ပျံ့လွင့်နေတဲ့ ဝီရိယမျိုးလဲ မဖြစ်ရဘူး။

ဒီအင်္ဂါလေးပါး-အပြစ်လေးပါးက လွတ်တဲ့ကြိုးစားခြင်း အားထုတ်ခြင်းဆိုတဲ့ ဝီရိယကို အာရဒ္ဓ ဝီရိယလို့ ခေါ်ပါတယ်ကဲ့-အင်္ဂုတ္တိုရ် အဋ္ဌကထာကပြောတယ်။

ဝီရိယ ၂-မျိုး ၎င်းပြင် "သောစ ကာယိကဝီရိယဥ္စ စေတသိကဝီရိယဥ္စ" — အဲဒီဝီရိယက ဘယ်နှစ်မျိုး ရှိသလဲလို့ဆိုတော့—ကာယိကဝီရိယ၊ စေတသိကဝီရိယလို့ ဒီလိုနှစ်မျိုးရှိတယ်၊ ကာယိကဝီရိယဆိုတာ ဘယ်လိုဝီရိယမျိုးလဲဆိုတော့—ကာယိယ ဝီရိယ ထူထောင်ပုံကို အဋ္ဌကထာဆရာတော်က—

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဉ္စမအုပ် နှာ—၃၀။

“ဣဓ ဘိက္ခု ဒိဝသံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ”တိ ဧဝံ ရတ္တိဒိဝသံ ပဉ္စကောဋ္ဌာသေ ကာယေန ဃဋ္ဋေန္တဿ ဝါယမန္တဿ ကာယိကဝီရိယံ ဝေဒိတဗ္ဗံ။[၁]

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။ ဒိဝသံ၊ တနေ့ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်ရင်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်ရင်း။ အာဝရဏီယေဟိ၊ ဝိပဿနာပညာဉာဏ်ကို အားသေးအောင် ပိတ်ဖုံးကာကွယ်တတ်ကုန်သော။ ဓမ္မေဟိ၊ အကုသိုလ်တရား တို့မှ။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ မဝင်အောင်သန့်ရှင်းအောင်သုတ်သင်ရှင်းလင်း၍ထား၏။

ဣတိ ဧဝံ၊ ဤသို့။ ရတ္တိဒိဝသံ၊ နေ့ရောညဉ့်ရော–နေ့နှင့်ညဉ့်၌။ ပဉ္စကောဋ္ဌာသေ၊ ငါးဘိုငါးစုတို့ ကာလပတ်လုံး။ ကာယေန၊ ကိုယ်ဖြင့်။ ဃဋ္ဋေန္တဿ ဝါယမန္တဿ၊ ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်အား။ ကာယိက ဝီရိယံ ကာယိကဝီရိယကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဘယ်လိုလဲ–အဓိပ္ပါယ်၊ ကာယိကဝီရိယလုပ်တဲ့ ပုဂ္ဂိုလ်၊ မနက်ပိုင်း, နေ့လည်ပိုင်း, ညနေပိုင်း, ညဦးပိုင်း, မိုးလင်းခါနီးအပိုင်း–ဘယ်နှစ်ပိုင်းလဲ၊ (ငါးပိုင်းပါဘုရား)သန်းခေါင်လောက်ကျတော့ အိပ်အုံးမလား၊ ဒီလို တနေ့နဲ့တညဉ့်ကို ငါးကြိမ် ငါးပိုင်းတို့ကာလပတ်လုံး မပြတ်မလပ် ဒလစပ် တရားအားထုတ်ပြီးတော့ ခန္ဓာကိုယ်နဲ့ မိမိရဲ့စိတ်အစဉ်မှာ ကိလေသာ မဝင်အောင် ကြိုးစားပြီးတော့ အားထုတ်နေခြင်းကို ကာယိက ဝီရိယလို့ ခေါ်ပါတယ်–တဲ့၊ ဒါ ကာယိက ဝီရိယ။

စေတသိကဝီရိယက ဘယ်လိုလဲ- အဋ္ဌကထာက–

“န တာဝါဟံ ဣတော လေဏာ နိက္ခမိဿာမိ၊ ယာဝ မေ န အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတီ”တိ ဧဝံ ဩကာသပရိစ္ဆေဒေန ဝါ “န တာဝါဟံ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမီ”တိ ဧဝံ နိသဇ္ဇာဒိ ပရိစ္ဆေဒေနဝါ မာနသံ ဗန္ဓိတွာ ဃဋ္ဋေန္တဿ ဝါယမန္တဿ စေတသိက ဝီရိယံ ဝေဒိတဗ္ဗံ။

(ဒါ စေတသိကဝီရိယ၊ ဘယ်လိုအားထုတ်တာလဲ- အနက်ယောဇနာကြည့်ဦးစို့။)

၁။ အင်္ဂုတ္တိုအဋ္ဌကထာ ၊ပ၊ နှာ-၃၇၈။

အဟံ၊ ငါသည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ **မေ၊** ငါ၏။ **စိတ္တံ၊** စိတ်သည်။ **အနုပါဒါယ၊** တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ **အာသဝေဟိ၊** အာသဝေါတရားတို့မှ။ **နဝိမုစ္စတိ၊** မလွတ်သေး။ **တာဝ၊** ထိုမျှလောက်သော ကာလပတ်လုံး။ **အဟံ၊** ငါသည်။ **ဣတော လေဏာ၊** ဤလိုဏ်ဂူမှ။ **ဝါ၊** ဟောဒီဓမ္မာရုံကြီးအတွင်းမှ။ **န နိက္ခမိဿာမိ၊** အပြင်ဘက်ကို မထွက်တော့အံ့။ **ဣတိ ဧဝံ၊** ဤသို့။ **ဩကာသပရိစ္ဆေဒေန ဝါ၊** အရပ်အပိုင်းအခြားအားဖြင့်ရင်း။

အဟံ၊ ငါသည်။ **ယာဝ၊** အကြင်မျှလောက်သောကာလပတ်လုံး။ (ဝိသေသံ၊ တရားထူးတရားမြတ်ကို။ **နာဓိဂစ္ဆာမိ၊** မရသေးမရောက်သေး။) **တာဝ၊** ထိုမျှလောက်သောကာလပတ်လုံး။ **ဣမံ ပလ္လင်္ကံ၊** ယခုခွေထားတဲ့ တင်ပလင်ခွေကို။ **န ဘိန္ဒိဿာမိ၊** မဖျက်တော့အံ့။ **ဣတိ၊** ဤသို့။ **နိသဇ္ဇာဒိ ပရိစ္ဆေဒေန ဝါ၊** ထိုင်ခြင်း, ရပ်ခြင်းအစရှိသော ဣရိယာပုထ်၏ အပိုင်းအခြားအားဖြင့်ရင်း။ **မာနသံ၊** မိမိရဲ့စိတ်ကို။ **ဗန္ဓိတွာ၊** ဖွဲ့၍။ နှောင်၍ ချည်၍ တုပ်ထား၍။ **ဃဋေန္တဿ ဝါယမန္တဿ၊** လုံ့လမယုတ် ကြိုးစားအားထုတ်သောပုဂ္ဂိုလ်အား။ **စေတသိက ဝီရိယံ၊** စေတသိကဝီရိယကို။ **ဝေဒိတဗ္ဗံ၊** သိအပ်၏။

စေတသိကဝီရိယဆိုတာ ဘယ်လိုလဲ— ငါသည် တရားထူး **တရားမြတ်ကို** **မရသေးသရွေ့** ကာလပတ်လုံး **ဒီဓမ္မာရုံကြီးထဲက** ဒီလိုဏ်ဂူကြီးထဲက ဒီကမ္မဋ္ဌာန်း**ကျောင်းလေးထဲက** မထွက်တော့ဘူးလို့ ဒီလို မိမိနေထိုင်ရာ **အရပ်ကို** **ပိုင်းခြားထားခြင်းဖြင့်ရင်း။**

တရားထူးတရားမြတ် **မရ**သေးသရွေ့ ကာလပတ်လုံး ဒီလိုထိုင်နေတဲ့ တင်ပလင်**ခွေ**ကို ငါမဖျက်ဘူး၊ **သို့**မဟုတ် မတ်တတ်ရပ်နေတဲ့ဟာကို ငါမဖျက်ဘူး၊ **သို့**မဟုတ် သွားနေတဲ့ဣရိယာပုထ်ကို ငါမဖျက်ဘူး၊ **သို့မဟုတ်** အိပ်ရင်းတရား **အား**ထုတ်နေယင်လဲ တရားထူးတရားမြတ်ကို မရသေးသရွေ့ ကာလပတ်**လုံး** **ဒီအိပ်**တဲ့ဣရိယာပုထ်ကို ငါမဖျက်ဘူးလို့ ဒီလိုဣရိယာပုထ် အပိုင်း**အခြားအား**ဖြင့်ရင်း။

မိမိစိတ်ကို မိမိလိုလားတဲ့ **ဣရိယာပုထ်တခုမှာ** **တုပ်**ချည်နှောင်ဖွဲ့ပြီးတော့ တရားမ**ရ**မချင်း အားထုတ်တဲ့ လုံ့လဝီရိယမျိုးကို **စေတသိက**လုံ့လဝီရိယ–အာရဒ္ဓဝီရိယလို့ခေါ်ပါတယ်၊ ဒါတနည်း– အင်္ဂုတ္တိုရ်အဋ္ဌကထာက ပြောတဲ့ ဝီရိယထူ**ထောင်နည်း**။

သုတ်**မဟာဝါ** **အဋ္ဌကထာက** ပြောပေးထားတဲ့နည်းရှိသေးတယ်၊ ကာယိက ဝီရိယနဲ့ **စေတသိက**ဝီရိယကို ဘယ်လိုပြောပေးထားလဲ—

အာရဒ္ဓဝီရိယာတိ ယေသံ ကာယိကဥ္စ စေတသိကဥ္စ ဝီရိယံ အာရဒ္ဓံ ဟောတိ။ ၁

အာရဒ္ဓဝီရိယာတိ၊ အာရဒ္ဓဝီရိယဟူသည်ကား။ ယေသံ၊ အကြင်တရားအားထုတ်သူ ရှင်လူရဟန်းအပေါင်းတို့သည်။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ဝီရိယဉ္စ၊ ဝီရိယကိုရင်း။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ဝီရိယဉ္စ၊ ဝီရိယကိုရင်း။ အာရဒ္ဓံ၊ မပြတ်မလပ် ကြိုးစား၍ အာထုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

ကာယိကဝီရိယကိုလဲ အားထုတ်တယ်၊ စေတသိက ဝီရိယကိုလဲ အားထုတ်တယ်-မပြတ်မလပ်၊ ကြိုးစားပြီးတော့ စင်္ကြံလျှောက်ခြင်းဖြင့်ရင်း, ထိုင်ခြင်းဖြင့်ရင်း, မတ်တတ်ရပ်ခြင်းဖြင့်ရင်း-ဒီလို ဣရိယာပုထ်လေးပါးမှာ တပါးနှမ်းနယ်လျှင် တပါးကိုလဲလှယ်ပြီးတော့ မပြတ်မလပ် အားထုတ်တယ်။

စေတသိက ဝီရိယအနေအားဖြင့်လည်း စောစောပိုင်းကပြောခဲ့သလို ဒီတရားအာရုံထဲက တရားမရမချင်း ဒီနေရာကငါမထဘူး၊တရားမရမချင်း ဒီမဏ္ဍပ်ထဲကမထွက်ဘူး၊ ဒီကျောင်းထဲက မထွက်ဘူး ဆိုပြီးတော့ စိတ်ကို နေရာဌာနတခုမှာ နှောင်ဖွဲ့ပြီးတော့ အားထုတ်တယ်။

တတ္ထ ယေ ကာယသင်္ဂဏိကံ ဝိနောဒေတွာ စတူသု ဣရိယာပထေသု အဋ္ဌအာရဗ္ဘဝတ္ထုဝသေန ဧကကာ ဟောန္တိ၊ တေသံ ကာယိက ဝီရိယံ အာရဒ္ဓံ နာမ ဟောတိ။ ၁

အဖော်အမှီး တကိုယ်တည်းအားထုတ် ကာယိက ဝီရိယ အားထုတ်ပုံကို သုတ်မဟာဝါ အဋ္ဌကထာက ဒီလိုပြတယ်။ တတ္ထ၊ ထိုနှစ်မျိုးသော ကာယိကဝီရိယ, စေတသိက ဝီရိယတို့တွင်။ ယေ၊ အကြင်အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်။ ကာယသင်္ဂဏိကံ၊ ခန္ဓာကိုယ်ဖြင့် ဓမ္မမိတ်ဆွေအဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံ၍ နေခြင်းကို။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။ စတူသု ဣရိယာပထေသု၊ လျောင်း, ထိုင်, ရပ်, သွား လေးပါးသော ဣရိယာပုထ်တို့၌။ အဋ္ဌအာရဗ္ဘဝတ္ထုဝသေန၊ ရှစ်ပါးသော ဝီရိယကို အားထုတ်ခြင်းတို့၏ တည်ရာဝတ္ထု၏ အစွမ်းအားဖြင့်။ ဧကကာ၊ အဖော်မမှီး တယောက်တည်းဖြစ်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့သည်။ ကာယိက ဝီရိယံ၊ ကာယိက ဝီရိယကို။ အာရဒ္ဓံ နာမ၊ ကြိုးစား၍အားထုတ်အပ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ကာယိကဝီရိယ အားထုတ်တာ ဘယ်လိုအားထုတ်သလဲ — တယောက်နဲ့ တယောက် မိတ်ဆွေသင်္ဂဟ ဓမ္မမိတ်ဆွေတောင်မှ မပါဘူးတဲ့၊ အပေါင်းအဖော်

၁။ သုတ်မဟာဝါ အဋ္ဌကထာ နှာ-၁၂၀။

တွေနဲ့ ပေါင်းသင်း ဆက်ဆံခြင်းတွေကို ရှောင်ကြဉ်ပြီးတော့–ထိုင်လိုက်၊ သွားလိုက်၊ အိပ်လိုက်၊ ရပ်လိုက်၊ ဒီ ဣရိယာပုထ် လေးပါးတို့၏ အစွမ်းအားဖြင့် ဝီရိယကြိုးစား အားထုတ်ခြင်း အကြောင်းရှစ်မျိုးလို့ ခေါ်တဲ့ အာရဗ္ဘဝတ္ထုရှစ်မျိုး၌ တည်ပြီးတော့ တယောက်ထဲ ကြိုးစား၍ အားထုတ်နေခြင်းကို ကာယိက ဝီရိယလို့ ဒီလိုခေါ်ပါတယ်။

အာရမ္ဘဝတ္ထု ၈–မျိုး ဟောဒီနေရာမှာ အာရဗ္ဘဝတ္ထု ရှစ်မျိုးလို့ ပါလာပြန်ပါတယ်၊ ဝီရိယအားထုတ်ခြင်းရဲ့ အကြောင်းရှစ်မျိုး၊ ဘယ်လိုလဲ–အင်္ဂုတ္တိုရ် ပါဠိတော်နဲ့ သုတ်ပါထေယျ ပါဠိတော် သင်္ဂီတိသုတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာတော့ ကုသီတာရမ္ဘဝတ္ထုသုတ်ဆိုပြီး အဲဒီလို သုတ္တန်တွေမှာ အာရမ္ဘဝတ္ထု-ဝီရိယ ကြိုးစားပြီးတော့ အားထုတ်ခြင်းရဲ့ အကြောင်းရှစ်မျိုးဟောထားတယ်၊ အဲဒီရှစ်မျိုးက ဘာတွေလဲ ကာယိက ဝီရိယပိုင်းမှာ–

(၁) ကမ္မံ ခေါ မေ ကာတဗ္ဗံ ဘဝိဿတိ၊ ကမ္မံ ခေါ ပန မေ ကရောန္တေန န သုကရာ ဗုဒ္ဓါနံ သာသနံ မနသိကာတုံ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယာတိ။[၁]

(ဟောဒါ ပဌမအာရမ္ဘဝတ္ထု တရားတပါးလို့ ခေါ်တယ်။)

အလုပ်တခုမပေါ်မီ ကြိုးစားအားထုတ် "မေ၊ ငါအား။ ကာတဗ္ဗံ၊ ပြုလုပ်အပ်သော။ ကမ္မံ၊ အမှုကိစ္စသည်။ ဘဝိဿတိ၊ ဖြစ်ပေါ် လာလိမ့်မည်။ (ဘုန်းကြီးများ အနေနှင့် သင်္ကန်း ချုပ်ခြင်း၊ သပိတ်ဖုတ်ခြင်းကိစ္စ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက်ကျတော့လဲဘာကိစ္စတခုခုတော့ ပေါ်လိမ့်မယ်တဲ့)ခေါပန၊ စင်စစ်သော်ကား။ ကမ္မံ၊ အမှုကိစ္စကို။ ကရောန္တေန၊ ပြုလုပ်နေသော။ မေ၊ ငါအား။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်တို့၏။ သာသနံ၊ အဆုံးအမ သာသနာတော်ကို။ မနသိကာတုံ၊ တရားအားထုတ်နှလုံးသွင်းခြင်းငှာ။ နသုကရာ၊ မလွယ်။

အဟံ၊ ငါသည်။ ဟန္ဒ၊ ယခု အလုပ် မပေါ်သေးခင်။ အပ္ပတ္တဿ၊ မရောက်သေးသောတရားတော်ကို။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ အနဓိဂတဿ၊ မရသေးသော တရားထူးကို။ အဓိဂမာယ၊ ရခြင်းငှာ။ အသစ္ဆိကတဿ၊

၁။ သုတ်ပါထေယျပါဠိတော် နှာ–၂၁၂၊ အင်္ဂုတ္တိုရ်အဋ္ဌကနိပါတ် နှာ–၁၄၇ လည်းကြည့်။

မျက်မှောက်မပြုရသေးတဲ့ တရားထူးကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ဝီရိယံ၊ အာရဒ္ဓဝီရိယကို။ အာရဘာမိ၊ ကြိုးစား၍အားထုတ်ပေတော့အံ့။

လို့ ဆိုပြီးတော့ ကာယိကဝီရိယကို အားထုတ်တယ်၊ ဒါ အာရမ္ဘဝတ္ထု တမျိုး၊ ဘာပြောသလဲ အဓိပ္ပါယ်က–

လောကနေသူ ဗိုလ်လူများစွာ သတ္တဝါတို့မှာ အလုပ်ကိစ္စဆိုတာ တမျိုးပြီး တမျိုး တမျိုးပြီးထမျိုး ပေါ်တတ်တယ်၊ ဒီတော့ အလုပ်ကိစ္စတခုပေါ်လာလို့ ဒီအလုပ်ကို ငါလုပ်နေရယင် မြတ်စွာဘုရားရဲ့ သာသနာတော်ကို ကြိုးစားပြီးတော့ ချီးမြှောက်အားထုတ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဒီအလုပ်ကိစ္စ မပေါ်ခင် ကြိုတင်ပြီးတော့ ငါမရသေးတဲ့ တရားရအောင်၊ မရောက်သေးတဲ့ တရားရောက်အောင်၊ မသိသေးတဲ့တရား သိအောင် ကြိုးစားပြီး အားထုတ်မှဘဲလို့ အလုပ်ကိစ္စတခုကို မှတည်ပြီးတော့ လုံ့လကြိုးကုတ်အားထုတ်ခြင်းကို ပဌမ အာရမ္ဘဝတ္ထုတရားတမျိုးလို့ ခေါ်ပါတယ်။

ဒုတိယ အာရမ္ဘဝတ္ထုက ဘာလဲ–

(၂) အဟံ ခေါ ကမ္မံ အကာသိံ၊ ကမ္မံ ခေါ ပနာဟံ ကရောန္တော နာသက္ခိံ ဗုဒ္ဓါနံ သာသနံ မနသိ ကာတုံ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယာတိ။[၁]

ဟောဒါ ဒုတိယအာရမ္ဘဝတ္ထု တရားပါ။

အလုပ်ကိစ္စပြီးလျှင် ပြီးချင်းအားထုတ်ပါ

အဟံ၊ ငါသည်။ ခေါ၊ စင်စစ်။ ကမ္မံ၊ အမှုကိစ္စကို။ အကာသိံ၊ ပြုလုပ်ပြီးပြီ။ ကမ္မံ၊ အမှုကိစ္စကို။ ကရောန္တော၊ ပြုလုပ်နေသော။ အဟံ၊ ငါသည်။ ဗုဒ္ဓါနံ၊ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်တို့၏။ သာသနံ၊ အဆုံးအမဖြစ်တဲ့ သာသနာကို။ မနသိကာတုံ၊ နှလုံးသွင်း၍အားထုတ်ခြင်းငှာ။ နာသက္ခိံ၊ မစွမ်းနိုင်။ အဟံ၊ ငါသည်။ ဟန္ဒ၊ ယခု။ အပ္ပတ္တဿ၊ မရောက်သေးသော တရားထူးကို။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ အနဓိဂတဿ၊ မရသေးသော တရားထူးကို။ အဓိဂမာယ၊ ရခြင်းငှာ။ အသစ္ဆိကတဿ၊ မျက်မှောက်မပြုရ သေးသော တရားထူးကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ဝီရိယံ၊ အာရဒ္ဓဝီရိယကို။ အာရဘာမိ၊ အားထုတ်ပေတော့အံ့။

အမှုကိစ္စကို ငါလုပ်လို့ပြီးသွားပြီ၊ စာကျက်ခြင်းကိစ္စ, စားရေး သောက်ရေးကိစ္စ ပြီးသွားပြီ၊ ဒီကိစ္စတခုကို လုပ်နေတုန်းမှာ မိမိဘယ်နည်းနဲ့မှ တရား

၁။ သုတ်ပါထေယျပါဠိတော် နှာ–၂၁၂။

အားမထုတ်နိုင်ဘူး၊ နောင် ဒီကိစ္စမျိုး ပေါ်လာယင်, ဒီကိစ္စမျိုးလုပ်နေရယင် ငါတရားအားထုတ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ အလုပ်ကိစ္စပြီးပြီ ဆိုပြီးတော့ မောတယ်ဆိုပြီး နားမနေနဲ့၊ တရားအားထုတ်ပါအုံးတဲ့။ ဟောဒါ ဒုတိယ-အာရမ္ဘဝတ္ထု။

ဘုန်းကြီးတို့ ဒီနေရာ တရားတပွဲပြီးပြီဆိုပြီးတော့ နားမနေနဲ့၊ နောက်တခါ တရားတပွဲဟောအုံး ဟုတ်လား၊ (မှန်ပါ) အဲဒီအတိုင်းဘဲ မောတယ်လို့ နားမနေနဲ့တဲ့၊ တရားဟောပြီးပြီးချင်း တရားအားထုတ်ရမယ်၊ တရားနာပြီးလို့ မောတယ်လို့ နားမနေနဲ့ ဆက်လက်ပြီး တရားအားထုတ်ရမယ်၊ ဒါ–ဒုတိယ အာရမ္ဘဝတ္ထုနော်၊ (မှန်ပါ)။

(၃) မဂ္ဂေါ ခေါ မေ ဂန္တဗ္ဗော ဘဝိဿတိ။

မေ၊ ငါ့အား။ ဝါ၊ မေ–မယာ၊ ငါသည်။ မဂ္ဂေါ၊ လမ်းခရီးကို။ ဂန္တဗ္ဗော၊ သွားအပ်သည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

ခရီးသွားစရာ ကိစ္စတခုတော့ ပေါ်နေပြီ–တဲ့။

မဂ္ဂံ ခေါ ပန မေ ဂစ္ဆန္တေန န သုကရံ ဗုဒ္ဓါနံ သာသနံ မနသိကာတုံ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ။

ခရီးမသွားခင်အားထုတ် ခေါပန၊ စင်စစ်သော်ကား။ မဂ္ဂံ၊ လမ်းခရီးကို။ ဂစ္ဆန္တေန၊ သွားသော။ မေ–မယာ၊ ငါသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့၏။ သာသနံ၊ သာသနာတော်မြတ်ကို။ မနသိကာတုံ၊ တရားအားထုတ် နှလုံးသွင်းခြင်းငှာ။ နသုကရံ၊ ခရီးသွားနေရင်းဆိုတော့ မဖြစ်နိုင်။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဝီရိယံ၊ ကာယိကဝီရိယလို့ခေါ်တဲ့ အာရဒ္ဓဝီရိယကို။ အာရဘာမိ၊ ကြိုးစားအားထုတ်ပေတော့အံ့။

ခရီးသွားစရာကိစ္စတော့ ပေါ်လိမ့်မယ်၊ ခရီးသွားနေရင်း ငါတရားအားထုတ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ခရီးမသွားခင်က ကြိုတင်ပြီးတော့ ငါတရားကြိုးစားအားထုတ်မယ်လို့ဆိုပြီး ခရီးသွားမှု အကြောင်းပြုပြီးတော့ တရားအားထုတ် ဝီရိယစိုက်ရမယ်၊ ဒါ တတိယနော်။

စတုတ္ထ အာရမ္ဘဝတ္ထုက ဘာတဲ့လဲ—

(၄) အဟံ ခေါ မဂ္ဂံ အဂမာသိံ၊ မဂ္ဂံ ခေါ ပနာဟံ ဂစ္ဆန္တော နာသက္ခိံ ဗုဒ္ဓါနံ သာသနံ မနသိကာတုံ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ။

ခရီးသွားပြီးလျှင် ချက်ခြင်းအားထုတ် အဟံ၊ ငါသည်။ မဂ္ဂံ၊ လမ်းကို။ အဂမာသိံ၊ သွားခဲ့လေပြီ။ မဂ္ဂံ၊ လမ်းကို။ ဂစ္ဆန္တေဿ၊ သွား၍နေသော။ အဟံ၊ ငါသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်တို့၏။ သာသနံ၊ အဆုံးအမကို။ မနသိကာတုံ၊ ဆင်ခြင်ပွားများအားထုတ်ခြင်းငှာ။ နာသက္ခိံ၊ မစွမ်းနိုင်။ (နောင်ဒီလို ခရီးသွားစရာကိစ္စ ပေါ်လာယင် ခက်တော့မယ်) ဟန္ဒ၊ ယခု။ ဝီရိယံ၊ ကာယိကဝီရိယကို။ အာရဘာမိ၊ အားထုတ်ပေတော့အံ့။

ခရီးသွားပြီးလို့ ပြန်လာတော့ မောတယ်၊ တရားအားမထုတ်ဘဲနေအုံးမယ်လို့ မလုပ်နဲ့၊ ဒီလိုခရီးသွားနေစဉ်မှာ အားထုတ်ခွင့်မရခဲ့ဘူး၊ နောင်ဒီလိုခရီးသွားစရာရှိယင် အားထုတ်ခွင့်မရဘဲ နေတော့မယ်၊ ဒီတော့ ခရီးသွားကပြန်လာလို့ နားတာနဲ့တပြိုင်နက်ထဲ ကြိုးစားပြီး တရားအားထုတ်မှဘဲ ဆိုပြီးတော့ ဝီရိယစိုက်အားထုတ်တာက စတုတ္ထမြောက် ဝီရိယာရမ္ဘဝတ္ထုတမျိုး။

ပဉ္စမမြောက်ဖြစ်တဲ့ ဝီရိယာရမ္ဘဝတ္ထုက ဘာလဲ—

(၅) အဟံ ခေါ ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ စရန္တော နာလတ္ထံ လူခဿ ဝါ ပဏီတဿ ဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ၊ တဿ မေ ကာယော လဟုကော ကမ္မညော၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ။

ဆွမ်းခံမရလျှင်လည်း အားထုတ် အဟံ၊ ငါသည်။ ဂါမံဝါ၊ ရွာသို့ရင်း။ နိဂမံဝါ၊ နိဂုံးသို့ရင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တော၊ လှည့်လည်သည်ရှိသော်။ လူခဿဝါ၊ ကြမ်းတမ်းသည်လည်းဖြစ်သော။ ပဏီတဿဝါ နူးညံ့သည်လည်းဖြစ်သော။ ဘောဇနဿ၊ ဘောဇဉ်ကို။ ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ပါရိပူရိံ၊ ဝမ်းပြည့်ရုံမျှ။ နာလတ္ထံ၊ မရခဲ့။ တဿမေ၊ ထိုငါ၏။ ကာယော၊ ခန္ဓာကိုယ်သည်။ လဟုကော၊ ပေါ့ပါးသည်။ ကမ္မညော၊ ကမ္မဋ္ဌာန်းအားထုတ်မှု၌ ခန့်ညားသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့နှလုံးသွင်းပြီးတော့။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဝီရိယံ၊ ကာယိကဝီရိယကို။ အာရဘာမိ၊ အားထုတ်ပေတော့အံ့။

ဒီလို နှလုံးသွင်းပြီးတော့—ဆွမ်းခံလို့မရဘူး၊ ဆွမ်းခံလို့မရပေမဲ့ ခန္ဓာကိုယ်ပေါ့ပေါ့ပါးပါးနဲ့ တရားအားထုတ်မှု၌ ခံ့ကျန်းသေးတယ်၊ ဒီထက် ဆွမ်းခံမရယင် နောင်ဒုက္ခရောက်တော့မှာဘဲ ဆိုပြီးတော့ အဲဒီ ဆွမ်းခံမရယင် ဆွမ်းမဝယင်လဲဘဲ ဆွမ်းမဝမှု အကြောင်းပြုပြီးတော့ ကြိုးစားတရား အားထုတ်ပါတဲ့၊ ဒါပဉ္စမမြောက်ဖြစ်တဲ့ အာရမ္ဘဝတ္ထု။

ဆဋ္ဌမမြောက်ဖြစ်တဲ့ အာရမ္ဘဝတ္ထု ပြောကြဦးစို့။

(၆) အဟံ ခေါ ဂါမံ ဝါ နိဂမံဝါ ပိဏ္ဍာယ စရန္တော အလတ္ထံ လူခဿ ဝါ ပဏီတဿဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ၊ တဿမေ ကာယော ဗလဝါကမ္မညော၊ ဟန္ဒာဟံဝီရိယံ အာရဘာမိ။

ဆွမ်းခံရလျှင်လည်း အားထုတ် အနက်ကတော့–အခုနင်ကအတိုင်းဘဲဟုတ်လား မြို့ရွာနိဂုံးကို လှည့်လည်ပြီးဆွမ်းခံတယ်၊ ဆွမ်းတွေသိပ်ရတယ်၊ပြည့်ပြည့်ဖြိုးဖြိုးဘဲရတယ်၊ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ပါရိပူရိံ၊ ဝမ်းပြည့်အောင်။ အလတ္ထံ၊ ရခဲ့ပေ၏။

အဲဒီလို ဆွမ်းရတဲ့အခါမှာလဲဘဲ ဒီဆွမ်းကို အာရုံပြုပြီးတော့ ဒီဆွမ်းကိုဘဲ ပေးသုံးဆောင်ရတဲ့အတွက် ကိုယ့်မှာ ခွန်အားဗလတွေ ပြည့်လာတယ်၊ တရားအားထုတ်ဖို့ရန်အတွက်လဲ ခန္ဓာကိုယ် အရှိန်အဝါရလာတယ်၊ ခန္ဓာကိုယ် ဖြစ်လာတယ်၊ မရသေးတဲ့တရားထူး ရဘို့ရန်အတွက်, မရောက်သေးတဲ့ တရားထူး ရောက်ဘို့ရန်အတွက် ကြိုးစားပြီး အားထုတ်မယ်လို့ ဆွမ်းရပြန်တော့လဲကြိုးစား အားထုတ်ရမယ်–ဆဋ္ဌမမြောက်က။

သတ္တမမြောက် အာရမ္ဘဝတ္ထုက ဘာတုံး၊ ပါဠိတော်မှာ–

(၇) ဥပ္ပန္နော ခေါ မေ အယံ အပ္ပမတ္တကော အာဗာဓော၊ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ မေ အာဗာဓော ပဝဍ္ဎေယျ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ။

အနာရောဂါမကြီးခင် အားထုတ် မေ၊ ငါအား။ အပ္ပမတ္တကော၊ အနည်းငယ်မျှ ဖြစ်သော။ အာဗာဓော၊ ရောဂါဝေဒနာသည်။ ဥပ္ပန္နော၊ ဖြစ်လေပြီ။ မေ၊ ငါ၏။ အာဗာဓော၊ အနာသည်။ ယံ–ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ပဝဍ္ဎေယျ၊ တိုးပွားရာ၍လာနိုင်၏။ ဝါ၊ ကြီးထွားရာ၍လာနိုင်၏။ ဧတံ ဌာနံ၊ ဤသို့သောအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ အဟံ၊ ငါသည်။ ဟန္ဒ၊ ယခု။ ဝီရိယံ၊ ဝီရိယကို။ အာရဘာမိ၊ အားထုတ်ပေတော့အံ့။

ငါတော့ ရောဂါဝေဒနာ စလာပြီ၊ ရောဂါဖြစ်စ၊ ဒီရောဂါဟာတဲ့ ကြီးပွား တိုးတက်ပြီးတော့ အသက်ကိုတောင်မှ သေဘို့ရန်ဖြစ်လာနိုင်တယ်၊ ဒီတော့ ဒီရောဂါ မတိုးပွားခင်, မကြီးပွားခင် အနည်းငယ်မျှရှိနေစဉ် အတောအတွင်းမှာ ကြိုးစားပြီးတော့ တရားအားထုတ်မှဘဲလို့ဆိုပြီး မရောက်သေးတဲ့ တရား ရောက်အောင်, မရသေးတဲ့တရား ရအောင်, မျက်မှောက်မပြုရသေးတဲ့တရား မျက်မှောက်ပြုရအောင် ရောဂါဖြစ်စမှာ၊ကြီးပွားလာယင် ခက်တော့မယ်ဆိုပြီး

တော့ ကြိုးစားအားထုတ်ခြင်းကို သတ္တမမြောက် ဖြစ်တဲ့ အာရမ္ဘဝတ္ထုလို့ ခေါ်ပါတယ်။

အဋ္ဌမမြောက်ဖြစ်တဲ့ အာရမ္ဘဝတ္ထုက ဘာလဲ—

(၈) အဟံ ခေါ ဂိလာနာ ဝုဋ္ဌိတော အစိရဝုဋ္ဌိတော ဂေလညာ၊ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ မေ အာဗာဓော ပစ္စုဒါဝတ္တေယျ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယာတိ။

ရောဂါပျောက်အားထုတ် အဟံ၊ ငါသည်။ ဂိလာနာ ဝုဋ္ဌိတော၊ ရောဂါဝေဒနာက ပျောက်ကင်းလာသည်။ ဟောတိ၊ ဖြစ်၏။ ဂေလညာ၊ အနာမှ။ အစိရဝုဋ္ဌိတော၊ ပျောက်၍မကြာသေးသည်။ ဟောတိ၊ ဖြစ်၏။ မေ၊ ငါအား။ အာဗာဓော၊ ရောဂါဝေဒနာမျိုးသည်။ ယံ-ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ပုန၊ တဖန်။ ပစ္စုဒါဝတ္တေယျ၊ နောက်ထပ်တဖန် ဒီရောဂါမျိုး ပေါ်ချင် ပေါ်နိုင်ရာ၏။ ဧတံ ဌာနံ၊ ဤသို့သောအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိနိုင်၏။

အဟံ၊ ငါသည်။ (ပဋိကစ္စေဝ၊ ဒီရောဂါမျိုး ပြန်၍မပေါ်သေးမီ ရှေးဦးစွာ ကြိုတင်၍သာလျှင်။) အပ္ပတ္တဿ၊ မရောက်သေးသော တရားထူးကို။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ အနဓိဂတဿ၊ မရသေးသော တရားထူးကို။ အဓိဂမာယ၊ ရခြင်းငှာ။ အသစ္ဆိကတဿ၊ မျက်မှောက်မပြုရသေးတဲ့ တရားထူးကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ အဟံ၊ ငါသည်။ ဟန္ဒ၊ ယခု။ ဝီရိယံ၊ ကာယိက ဝီရိယလို့ခေါ်တဲ့ အာရဒ္ဓဝီရိယမျိုးကို။ အာရဘာမိ၊ ကြိုးစား၍ အားထုတ်ပေတော့အံ့။

ဤသို့ အဋ္ဌမမြောက် အာရမ္ဘဝတ္ထုက–ငါတော့ ရောဂါပျောက်လာပြီ၊ ဆေးရုံကဆင်းလာပြီ၊ ရောဂါပျောက်စ ဘုန်းကြီးတို့ ပရိသတ်ဘာလုပ်သလဲ— ဘာမှမလုပ်ဘူး၊ အားမွေးနေအုံးမယ် ဆိုပြီး ဘာမှ မလုပ်ကြဘူး၊ ဟော– မြတ်စွာဘုရားရဲ့ အာရမ္ဘဝတ္ထုက ရောဂါပျောက်စ ဆေးရုံက ပြန်ဆင်းလာပြီ ဆိုလို့ရှိယင်၊ ဩော်–ငါရောဂါဖြစ်နေတုန်းက တရားအားမထုတ်နိုင်ဘူး၊ နောင် ဒီရောဂါမျိုးပေါ်လာယင် ခက်ချေရဲ့၊ အခုက ကြိုတင်ပြီး အားထုတ်မှဘဲလို့ ဆိုပြီး ရောဂါပျောက်စမှာလဲ ကြိုးစားပြီး တရားအားထုတ်ရမယ်တဲ့၊ ဒါ အဋ္ဌမမြောက်ဖြစ်တဲ့ အာရမ္ဘဝတ္ထု။

အဲဒီလို ဣရိယာပုထ်တိုင်း ဣရိယာပုထ်တိုင်းမှာ ဒီအာရမ္ဘဝတ္ထု၏ အစွမ်းအအဲ့ကြောင့် ရောက်သေးတဲ့တရား ရောက်အောင်, မရသေးတဲ့တရား ရအောင်,

မျက်မှောက်မပြုရသေးတဲ့တရား မျက်မှောက်ပြုရအောင် ကြိုးစားအားထုတ်ခြင်းကို ကာယိကဝီရိယအားထုတ်နည်းလို့ ဒီလိုခေါ်ပါတယ်။

စေတသိကဝီရိယ အားထုတ်နည်း

နောက် အဋ္ဌကထာက ဘာပြောလဲ- စေတသိက ဝီရိယ အားထုတ်နည်းကို သုတ်မဟာဝါ အဋ္ဌကထာ (နှာ-၁၂၀) က-"ယေ စိတ္တသင်္ကိလေသ ဝိနောဒေတွာ အဋ္ဌသမာပတ္တိဝသေန ဧကကာ ဟောန္တိ၊ ဂမနေ ဥပ္ပန္နကိလေသဿ ဌာနံ ပါပုဏိတုံ န ဒေန္တိ၊ ဌာနေ ဥပ္ပန္နကိလေသဿ နိသဇ္ဇံ၊ နိသဇ္ဇာယ ဥပ္ပန္နကိလေသဿ သယနံ ပါပုဏိတုံ န ဒေန္တိ၊ ဥပ္ပန္နုပ္ပန္နဋ္ဌာနေ ယေဝ ကိလေသေ နိဂ္ဂဏှန္တိ၊ တေသံ စေတသိကဝီရိယံ အာရဒ္ဓံနာမ ဟောတိ"။

သိပ်နေရာကျတယ်၊ ဘုန်းကြီးတော့လေ ဒီပါဠိတော်တွေ ဒီအဋ္ဌကထာတွေ ကြည့်ပြီးတော့ သိပ်အားရတယ်၊ သြော်-ပြည့်ပြည့်စုံစုံ တရားအားထုတ်နည်း, ဝီရိယထူထောင်နည်း ပြည့်စုံအောင် ဟောထားတဲ့ ဒေသနာတော်တွေဘဲ-လို့ တရားအားထုတ်ပုံ အားထုတ်နည်း ဘယ်လောက်ကောင်းသလဲ-လို့၊ ဘာပြောသလဲ အခုနက ပါဠိက—

ယေ၊ အကြင်သူတို့သည်။ ဝါ၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်။ စိတ္တသင်္ကိလေသံ၊ စိတ်ဖြင့်ကိလေသာတို့နဲ့ ပေါင်းဖော်၍နေခြင်းကို။ (စိတ်ကတော့ ဘယ်သူတွေနဲ့ ပေါင်းနေသလဲ, ခန္ဓာကိုယ်ကတော့ မိတ်ဆွေတွေနဲ့ ပေါင်းနေတယ်၊ စိတ်ကတော့ဘယ်သူတွေနဲ့ပေါင်းနေသလဲ-(ကိလေသာတွေနဲ့ပါဘုရား)။ ကိလေသာဆိုတော့ လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိလေသာ, မာနကိလေသာ, ဣဿာကိလေသာ, မစ္ဆရိယကိလေသာ, ဒိဋ္ဌိကိလေသာဟုတ်လား၊ ကာမစ္ဆန္ဒနီဝရဏ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ- ဒါတွေနဲ့မပေါင်းဘူးလား-သူ၊ (ပေါင်းပါတယ်ဘုရား)

စိတ္တသင်္ကိလေသံ၊ စိတ်ဖြင့် ကိလေသာတို့နဲ့ ပေါင်းသင်းဆက်ဆံခြင်းကို။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။ (ဘာနဲ့ပယ်ဖျောက်မလဲ) အဋ္ဌသမာပတ္တိဝသေန၊ ရှစ်ပါးသောသမာပတ်၏ အစွမ်းအားဖြင့်။ (ပဌမဈာန်သမာပတ်, ဒုတိယဈာန်သမာပတ်, တတိယဈာန်သမာပတ်, စတုတ္ထဈာန်သမာပတ်, အာကာသာနဉ္စ, ဝိညာဏဉ္စ, အာကိဉ္စညာ, နေဝသညာလို့- ဤရှစ်ပါးသော သမာပတ်၏ အစွမ်းအားဖြင့်။) ဧကကာ၊ အဖော်မမှီး တယောက်ထည်း ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တော်ကြူ၊ ထိုဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသော စေတသိကဝီရိယသမားတို့သည်။ ဝါ၊ ရဟန်းတော်အရှင်ကောင်း, အရှင်မြတ်တို့သည်။ ဂမနေ၊

သွားနေစဉ် သွားနေဆဲ သွားနေတုန်း သွားနေခိုက်၌။ ဥပ္ပန္နကိလေသာ၊ ဖြစ်သောကိလေသာအား။ ဌာနံ၊ ရပ်တဲ့ဣရိယာပုထ်သို့။ ပါပုဏိတုံ၊ ရောက်ခြင်းငှာ။ နဒေန္တိ၊ အခွင့်မပေးကုန်။

ဌာနေ၊ ရပ်နေသောဣရိယာပုထ်၌။ ဥပ္ပန္နကိလေသာ၊ ဖြစ်ပေါ်နေသော ကိလေသာအား။ နိသဇ္ဇံ၊ ထိုင်ခြင်းဆိုတဲ့ ဣရိယာပုထ်သို့။ပါပုဏိတုံ၊ ရောက်ခြင်း ငှာ။ နဒေန္တိ၊ အခွင့်မပေးကုန်။ နိသဇ္ဇာယ၊ ထိုင်သော ဣရိယာပုထ်၌။ ဥပ္ပန္န ကိလေသာ၊ဖြစ်သောကိလေသာအား။ သယနံ၊အိပ်ခြင်းဆိုတဲ့ ဣရိယာပုထ်သို့။ ပါပုဏိတုံ၊ပါအောင်ယူ၍လာခြင်းငှာ။ နဒေန္တိ၊ အခွင့်မပေးကုန်။

ဥပ္ပန္နုပ္ပန္နဋ္ဌာနေယေဝ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဣရိယာပုထ်၌ သာလျှင်။ ကိလေသေ၊ ကိလေသာတို့ကို။ နိဂ္ဂဏှန္တိ၊ စေတသိက ဝီရိယ အားဖြင့်တိုက်ဖျက် ၍လာခဲ့ကုန်၏။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့သည်။ ဝါ၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်။ စေတသိက ဝီရိယံနာမ၊ စေတသိက ဝီရိယမည် သည်ကို။ အာရဒ္ဓံ၊ အားထုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ်ထဲမှာ ကိလေသာအပေါင်းအဖော်တွေနဲ့ ခွဲထားခဲ့ပြီးတော့ ဖြစ်တိုင်းဖြစ် တိုင်း ရပ်နေတုန်းဖြစ်တဲ့ ကိလေသာ, သွားနေတုန်းဖြစ်တဲ့ကိလေသာတွေ ထိုင် တဲ့အထဲ မပါစေရဘူး၊ ထိုင်တုန်းဖြစ်တဲ့ ကိလေသာ ရပ်တဲ့အထိ မပါစေရဘူး၊ မတ်တတ်ရပ်နေတုန်းဖြစ်တဲ့ ကိလေသာကို မတ်တတ်ရပ်နေတုန်းဘဲ သေအောင် သတ်ခဲ့၊ ထိုင်တဲ့ဣရိယာပုထ်ထိအောင် ပါမလာစေနဲ့၊ ထိုင်တုန်းဖြစ်တဲ့ ကိလေ သာ ထိုင်နေတုန်းမှာဘဲ သေအောင်သတ်ခဲ့၊ အိပ်တဲ့ဣရိယာပုထ်ထိအောင် ပါမ လာစေနဲ့၊ ဤသို့ အားထုတ်ခြင်းကို စေတသိက ဝီရိယအားထုတ်ခြင်းလို့ ခေါ် ပါတယ်။

ဥပမာပုံဆိုပါတော့-ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး များ ထိုင်နေတုန်း ဒေါသဖြစ်တယ်ဆိုပါတော့၊ ဒီ ဒေါသ ဘယ်ရောက်အောင် ယူသွားသလဲ၊ နောက်တခါကတော့ကော စိတ်မကျေမချင်းကိုဘဲ ဒေါသကြီး တဲ့လူက ပိုဆိုးသေးတယ်၊ ထိုင်တုန်းဖြစ်တဲ့ဒေါသဟာ မတ်တတ်ရပ်လဲ ဒီဒေါသ မကျေဘူး၊ အာရဒ္ဓ ဝီရိယသမားဆိုတာ ဒီလိုမဟုတ်ဘူး၊ ထိုင်နေတုန်းဖြစ်တဲ့ ဒေါသကို အိပ်တဲ့ဣရိယာပုထ်ထိအောင် မပါရဘူး၊ ထိုင်နေတုန်းမှာဘဲ ဒီဒေါသ ကို သေအောင်သတ်တယ်။

သိပ်ဟောဘို့ ကောင်းတာဘဲ-ဒီဒေါသ သေအောင် ဘယ်လိုလုပ် သတ်မလဲ၊ ဒီနည်းမျိုးမလိုချင်ဘူးလား၊ (လိုချင်ပါတယ်ဘုရား) ဘာဖြစ်လို့ ဒီဒေါသဖြစ် သလဲ၊ တစုံတခုသော အာရုံဝတ္ထု ရုပ်ကိုမှီပြီးတော့ ဖြစ်တဲ့ ဒေါသ မဟုတ်လား၊

ဝတ္ထုရုပ်ကမြဲရဲ့လား၊ (မမြဲပါဘူးဘုရား) ဝတ္ထုရုပ်ကမှ မမြဲယင် ဒီဝတ္ထုရုပ်ကို မှီပြီးတော့ ဖြစ်တဲ့ဒေါသကော မြဲမလား၊ (မမြဲပါဘူးဘုရား) အဲဒီလို ဝိပဿနာ ရှုပစ်လိုက်ယင် ဒီဒေါသ ဘယ်လိုကုံး၊ (ဆုံးသွားပါတယ်ဘုရား)။

ဝီရိယ ၃–မျိုး အဲဒီလို ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စေတသိက ဝီရိယကို ဒီလိုအားထုတ်ရမယ်၊ ကျန်သေးတယ်၊ ပြောအုံးမယ်၊ အာရမ္ဘ ဝီရိယ, နိက္ကမ ဝီရိယ, ပရက္ကမ ဝီရိယ[၁]လို့ ဝီရိယ သုံးမျိုးကျန်သေးတယ်။

အာရမ္ဘ ဝီရိယဆိုတာ—သံယုတ်အဋ္ဌကထာက ဘယ့်နှယ်ပြောထားသလဲ–

(၁) "အာရမ္ဘဓာတူတိ ပဌမာရမ္ဘဝီရိယံ"။ အာရမ္ဘဓာတ်ဆိုတာ ရှေးဦးစွာ ဝိပဿနာလုပ်ငန်း စပြီးတော့ အားထုတ်တာကို အာရမ္ဘဝီရိယ။

(၂) "နိက္ကမဓာတူတိ ကောသဇ္ဇတော နိက္ခန္တတာ တတော ဗလဝတရံ"။ နိက္ကမဓာတူတိ၊ နိက္ကမဓာတ် ဝီရိယဟူသည်ကား။ ကောသဇ္ဇတော၊ ပျင်းရိခြင်းမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ တတော၊ ထိုအာရမ္ဘဝီရိယထက်။ ဗလဝတရံ၊ အားကြီးတဲ့ ဝီရိယကိုဆို၏။

သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင် စ–ပြီးတော့ အားထုတ်တာ အာရမ္ဘဝီရိယ၊ သောတာပန်ပုဂ္ဂိုလ်မဖြစ်မချင်း ကြိုးစားပြီးတော့ အားထုတ်နေတာကို နိက္ကမ ဝီရိယ။

(၃) ပရက္ကမ ဝီရိယဆိုတာ "ပရက္ကမဓာတူတိ ပရံ ပရံ ဌာနံ အက္ကမနတာယ တတောပိ ဗလဝတရံ။" သံယုတ်အဋ္ဌကထာမှာ–ပရက္ကမဓာတု ဆိုတာ အဆင့်ဆင့် အဆင့်ဆင့် တခုပြီးတခု တခုပြီးတခု ပျင်းရိခြင်းဆိုတဲ့ ဌာနတွေကို နင်း–ချေဖျက်ပြီးတော့ တခုပြီးတခု ဆက်ဆက်ပြီးတော့ အားထုတ်နေတာကို ပရက္ကမ ဝီရိယလို့ ဒီလိုခေါ်ပါတယ်။

ဝီရိယ၏အကျိုး ကိုင်း–အဲဒီ ဝီရိယတွေပြီးတော့ ဒီဝီရိယနဲ့ ပတ်သက်ပြီးတော့ ဝီရိယထူထောင်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အကျိုးစီးပွားကို သဗ္ဗညုရှင်တော်ဘုရားက ဒီလို ဟောပါသေးတယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဒသဗလသုတ္တန်မှာ—

---

[၁]။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ နှာ–၁၇၉၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ–၂၅၉–၂၆၀၊ မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ် နှာ–၂၀၀။ အံ၊ ဋ္ဌ ၁–၃၇။

ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ ဝေါကိဏ္ဏော ပါပကေဟိ
အကုသလေဟိ ဓမ္မေဟိ၊ မဟန္တဉ္စ သဒတ္ထံ ပရိဟာပေတိ။[1]

ဘိက္ခဝေ၊ **ရဟန်းတို့**။ ကုသီတော၊ ပျင်းရိသော ပုဂ္ဂိုလ်သည်။ ပါပ-ကေဟိ၊ ယုတ်မာကုန်သော။ အကုသလေဟိ မမ္မေဟိ၊ အကုသိုလ်တရားတို့နှင့်။ ဝေါကိဏ္ဏော၊ ရောပြွမ်း၍နေသည်ဖြစ်၍။ ဒုက္ခံ၊ ဆင်းဆင်းရဲရဲ။ ဝိဟရတိ၊ နေရ၏။ မဟန္တံ၊ ကြီးကျယ်လှစွာသော။ သဒတ္ထဉ္စ၊ မိမိရဲ့ အရဟတ္တဖိုလ် အကျိုးစီးပွားကိုလည်း။ ပရိဟာပေတိ၊ ဆုတ်ယုတ်ပျက်ပြားစေ၏။

ချစ်သားတို့....**ဝီရိယမစိုက်လို့** ပျင်းရိတဲ့ပုဂ္ဂိုလ်ဟာ အကုသိုလ်တွေနဲ့ လုံးထွေးပြီးတော့ နေရသည်ဖြစ်သောကြောင့် ဆင်းဆင်းရဲရဲ နေရတယ်တဲ့၊ ဆင်းဆင်းရဲရဲ နေရရုံမဟုတ်ဘူးတဲ့၊ မိမိရဲ့ အရဟတ္တဖိုလ်အကျိုး စီးပွားကိုလဲဘဲ **ဆုတ်ယုတ်**စေတယ်တဲ့-ပျင်းတဲ့ပုဂ္ဂိုလ်။

အာရဒ္ဓဝီရိယော စ ခေါ ဘိက္ခဝေ သုခံ ဝိဟရတိ ပဝိဝိတ္တော
ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ၊ မဟန္တဉ္စ သဒတ္ထံ ပရိပူရေတိ။[1]

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ အထခေါ၊ စင်စစ်သော်ကား။ **အာရဒ္ဓဝီရိယော**၊ အားထုတ်အပ်သော ဝီရိယရှိသော အာရဒ္ဓဝီရိယပုဂ္ဂိုလ်သည်။ ပါပကေဟိ၊ ယုတ်မာကုန်သော။ အကုသလေဟိ ဓမ္မေဟိ၊ **အကုသိုလ်တရား**တို့မှ။ ပဝိဝိတ္တော၊ ကင်းဆိတ်၍နေသည်ဖြစ်၍။ သုခံ၊ ချမ်းချမ်းသာသာ။ ဝိဟရတိ၊ နေရ၏။ မဟန္တဉ္စ၊ ကြီးကျယ်များမြတ်သည်လည်း ဖြစ်သော။ သဒတ္ထဉ္စ၊ မိမိရဲ့ လောကီ အစီးအပွား, လောကုတ္တရာအကျိုးစီးပွားကိုလည်း။ **ပရိပူရေတိ၊ ပြည့်စုံစေ၏**။

အာရဒ္ဓဝီရိယပုဂ္ဂိုလ်များ အကုသိုလ်တရားတွေ ကင်းဆိတ်၍နေသည်ဖြစ်သောကြောင့် ချမ်းချမ်းသာသာ နေရသတဲ့၊ မိမိရဲ့ လောကီအစီးအပွား, လောကုတ္တရာအကျိုးစီးပွားတွေနဲ့ ပြည့်စုံသတဲ့၊ ပြီးတော့-

န ဘိက္ခဝေ ဟီနေန အဂ္ဂဿ ပတ္တိ ဟောတိ၊ အဂ္ဂေန စ ခေါ
ဘိက္ခဝေ အဂ္ဂဿ ပတ္တိ ဟောတိ။[1]

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ဟီနေန၊ ယုတ်လျော့သော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဖြင့်။ အဂ္ဂဿ၊ မြတ်သောအရဟတ္တဖိုလ်သို့။ ပတ္တိ၊ ရောက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ (ဝီရိယယုတ်လျော့နေတဲ့ပုဂ္ဂိုလ်ဟာ မဂ်, ဖိုလ်, နိဗ္ဗာန် မရောက်နိုင်ဘူးတဲ့။) ဘိက္ခဝေ၊ ရဟန်းတို့။

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နှာ-၂၆၇။

အင်္ဂေန စ ခေါ၊ မှန်မြတ်လှစွာသော လုံ့လဝီရိယဖြင့်သာလျှင်။ အဂ္ဂဿ-အဂ္ဂ၊ မြတ်သောအရဟတ္တဖိုလ်ကို။ ပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏-

မျက်မှောက်၌ဘုရားရှိသည် တရားအားထုတ်ပါ

"မဏ္ဍပေယျံ မိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ၊ သတ္ထာ သမ္မုခီဘူတော"။[၁] ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဒံ ဗြဟ္မစရိယံ၊ ဤသီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကျင့်တရားတည်းဟူသော သာသနာတော် မြတ်သည်။ မဏ္ဍပေယျံ၊ ကြည်လည်းကြည်လင် လှပါ၏။ သောက်လည်း သောက်ထိုက်ပါပေ၏။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရား သည်။ (တုမှာကံ၊ သင်ချစ်သား, ချစ်သမီးတို့၏။) သမ္မုခီဘူတော၊ မျက်မှောက် ရှိ၍နေပါ၏။

အာရဒ္ဓဝီရိယ—တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့အနားမှာ မြတ်စွာဘုရား ထင်ထင်ရှားရှားကြီး ရှိနေပါတယ်တဲ့- မြတ်စွာဘုရားက—

> တသ္မာ တိဟ ဘိက္ခဝေ ဝီရိယံ အာရဘထ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ။[၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ အပ္ပတ္တဿ၊ မရောက်သေးတဲ့ တရားထူးကို။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ အနဓိဂတဿ၊ မရသေးတဲ့ တရားထူးကို။ အဓိဂမာယ၊ ရခြင်းငှာ။ အသစ္ဆိကတဿ၊ မျက်မှောက်မပြုရသေးတဲ့ တရားထူးကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ဝီရိယံ၊ အာရဒ္ဓဝီရိယကို။ တုမှေ၊ သင်တို့သည်။ အာရဘထ၊ အားထုတ်ကြပါကုန်လော့။

မြတ်စွာဘုရားက အာရဒ္ဓဝီရိယကို ကြိုးစားအားထုတ်ကြပါတဲ့၊ မရသေးတဲ့ တရားရအောင်လို့၊ ဘယ်လိုလဲ—

> ဧဝံ နော အယံ အမှာကံ ပဗ္ဗဇ္ဇာ အဝဉ္ဈာ ဘဝိဿတိ သဖလာ သဥဒြယာ။ ယေသဉ္စ မယံ ပရိဘုဉ္ဇာမ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ။ တေသံ တေကာရာ အမှေသု မဟပ္ဖလာ ဘဝိဿန္တိ မဟာနိသံသာတိ။[၁]

ဧဝံ၊ ဤသို့။ အယံ၊ ဤအားထုတ်မှု ဝီရိယသည်။ အမှာကံ၊ ငါတို့၏။ (နောကနိပါတပုဒ်) ပဗ္ဗဇ္ဇာ၊ သာသနာတောင်ကိုဝင်ပြီးတော့ ရဟန်းပြုရခြင်း သည်။ သဖလာ၊ အကျိုးရှိ၏။ သဥဒြယာ၊ တိုးတက်ခြင်းများ၏။ (တိုးတတ်

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နှာ-၂၆၇။

သည်၊ ကြီးပွားသည်၊) အဝဍ္ဎျာ၊ မမြဲသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ (တရားသာ ကြိုးစားအားထုတ်ပါတဲ့၊ သီလ, သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရား အားထုတ်ယင် ဘယ်တော့မှ မြုံမသွားပါဘူး၊ အကျိုးရှိပါတယ်တဲ့၊ ပြီးတော့)။

မယံ၊ ငါတို့သည်။ ယေသံ၊ အကြင်အမျိုးကောင်းသား, အမျိုးကောင်းသမီး အလှူရှင် တကာတကာမတို့၏။ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းကို။ ပရိဘုဉ္ဇာမ၊ ဘုဉ်းပေးသုံးဆောင်၍ နေကြရပါကုန်၏။ အမှေသု၊ ငါတို့၌။ တေသံ၊ ထိုဒါယကာ ဒါယိကာမတို့၏။ တေကာရာ၊ ထိုကုသိုလ်ကောင်းမှု ပြုခြင်းတို့သည်။ မဟပ္ဖလာ၊ များသောအကျိုးရှိကုန်သည်။ မဟာနိသံသာ၊ များသော အာနိသင်ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြပေကုန်လိမ့်မည်။

ငါတို့တတွေက ကြိုးစားတရားအားထုတ်လေလေ ဘုန်းကြီးတို့အမျိုးကောင်းသား, အမျိုးကောင်း သမီးတွေက အာရဒ္ဓဝီရိယ ထူထောင်ပြီး တရားအားထုတ်လေလေ ပစ္စည်းလေးပါးလှူဒါန်းတဲ့ တကာ တကာမတွေ အကျိုးများလေလေဘဲလို့ နှလုံးသွင်းပြီးတော့ ကြိုးစားအားထုတ်ပါတဲ့– “ဧဝံ ဟိ ဘိက္ခဝေ သိက္ခိတဗ္ဗံ”။ ချစ်သားတို့ ဒီအတိုင်းကျင့်ရမယ်တဲ့။

အဲဒီနေရာမှာ အဋ္ဌကထာဆရာတော်က–နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ (နှာ ၄၇) မှာ–

အားထုတ်သူသည် ဒွါရ ၆-ပါးလုံး လုံခြုံ၏

“အာရဒ္ဓဝီရိယဿ ဟိ ဆဒွါရာနိ သုဂုတ္တာနိ ဟောန္တိ”။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်အား။ ဆဒွါရာနိ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ခြောက်ဒွါရတို့သည်။ သုဂုတ္တာနိ၊ ကိလေသာမဝင်နိုင်သည်ဖြစ်၍ လုံခြုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝီရိယလေးတလုံးသာ ပရိသတ်မှာ ရှိပစေ၊ ဟော–ဒွါရခြောက်ပါး အကုန်လုံရောတဲ့၊ စက္ခုမှာလဲ ကိလေသာမဝင်ဘူး၊ သောတမှာလဲ ကိလေသာမဝင်ဘူး၊ ဃာနတို့ ဇိဝှါတို့ ကာယတို့ မနတို့မှာလဲ ကိလေသာမဝင်ဘူး၊ ဒွါရခြောက်ပါး အကုန်လုံပါတယ်–တဲ့။

“တီဏိ ကမ္မာနိ ပရိသုဒ္ဓါနိ”။ တီဏိ၊ သုံးပါးကုန်သော။ ကမ္မာနိ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်။ ပရိသုဒ္ဓါနိ၊ စင်ကြယ်ကြကုန်၏။

ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ကာယကံ အမှုအရာ, ဝစီကံအမှုအမှုအရာ, မနောကံ အမှုအရာတွေ အကုန်စင်ကြယ် ကြကုန်ရော၊ အာဇီဝဋ္ဌမက

သီသံ ပရိယောဒါပေတိ”။ အာဇီဝ ဋ္ဌမကသီလံ၊ အာဇီဝ ဋ္ဌမကသီလသည်။ ပရိယော-ဒါပေတိ၊ ပွင့်သစ်စခရုသင်းကဲ့သို့ ပြိုးပြိုးပြက်ပြက် တလက်လက် ဖြူစင်တောက်ပစေ၍ နေလေတော့၏။

အာရဒ္ဓဝီရိယရှိတဲ့ ပုဂ္ဂိုလ်များရဲ့ သီလဟာ သိပ်စင်ကြယ်တာဘဲ-တဲ့၊ သီလစင်ကြယ်ချင်ယင် အာရဒ္ဓဝီရိယ ကြိုးစားအားထုတ်ကြ။

သပြေဟ္မစာရိနံ့ အက္ခိမှိ သုသီတလဋ္ဌနံ ဝိယ ခေတုဂတစန္ဒနံ ဝိယ စ မနာပေါ ဟုတွာ သုခံ ဝိဟရတိ။[၁]

သပြေဟ္မစာရိနံ၊ သီတင်းသုံးဘော်ဖြစ်ကုန်သော မိတ်ကောင်း ဆွေကောင်းတို့၏။ အက္ခိမှိ၊ မျက်လုံးထဲ၌။ သုသီတလဋ္ဌနံဝိယစ၊ ကြည်လင်အေးမြသော မျက်စဉ်းရည်ကဲ့သို့ရင်း။ ခေတုဂတစန္ဒနံ ဝိယစ၊ ခေတ်ပေါင်းစုံသော စန္ဒကူးကဲ့သို့ရင်း။ မနာပေါ၊ နှလုံးကိုတိုးပွားစေသည်။ ဟုတွာ၊ ဖြစ်၍။ သုခံ၊ ချမ်းသာစွာ။ ဝိရတိ၊ နေရ၏-တဲ့။

ဒါတင်လားဆိုတော့ မကသေးဘူး။

သတ္ထု၊ အဇ္ဈာသယံ ဂဟေတုံ သက္ကောတိ။[၁]

သတ္ထု၊ မြတ်စွာဘုရား၏။ အဇ္ဈာသယံ၊ စိတ်နှလုံးအလိုကို။ ဂဟေတုံ၊ သိမ်းကျုံး၍ယူခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။

အာရဒ္ဓဝီရိယ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာ ဘုရား သဘောအကျဆုံးပုဂ္ဂိုလ်ဘဲ-တဲ့၊ မြတ်စွာဘုရားရဲ့ စိတ်နှလုံးအလိုကို တိုးပွားအောင်ဖြည့်ချင်ပါတယ်ဆိုယင် အာရဒ္ဓဝီရိယအားထုတ်ပါတဲ့၊ဒီ နေရာမှာ-အဋ္ဌကထာကပါဠိတော်လုမ်းပြီးတော့ကိုးထားတာရှိတယ်၊အပဒါန်ပါဠိတော်မှာ-မိထွေးတော်ဂေါတမီရဲ့ ထေရီအပဒါန်ဆိုတာရှိတယ်။

အဲဒီ အပဒါန်ဟာ မြတ်စွာဘုရား စိတ်နှလုံးအလိုကို ပြည့်စေတယ်ဆိုတဲ့နေရာမှာ-မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် တရားဟောနေပြီဆိုယင် မိထွေးတော် ဂေါတမီက-မြတ်စွာဘုရားက တခါတလေ တရားဟောရင်း ခေါ်တယ်ဟပ်ချိုး-လို့။

မြတ်စွာဘုရားက နေမကောင်းလဲ တရားဟောတာဘဲ။ ခါးနာနေတုန်းကော၊ (ဟောပါတယ်ဘုရား) ခေါင်းကိုက်နေတုန်းကော၊ (ဟောပါတယ်ဘုရား) ဒေဝဒတ်က ကျောက်ခဲကြီးနဲ့ ပေါက်ချလို့ ခြေမကြီးကွဲနေတုန်းကော (ဟောပါတယ်ဘုရား) ဟောတယ်၊ ဘယ်သူလဲ ဟောဒါ၊ (မြတ်စွာဘုရားပါဘုရား)။

၁။ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ နှာ-၄၇။

မိထွေးတော်ဂေါတမီ၏ ဘုရားရှိခိုး

ဘုန်းကြီးတို့ ကျတော့ ဗိုက်နဲ့နဲ့နာလာပြီ ဆိုယင် ကျောင်းကိုတရားနာ မသွားနိုင်သလိုလို။ အဲ-မြတ်စွာ ဘုရား မကျန်းမာဘဲ တခါတလေ တရား ဟော တော့-မိထွေးတော် ဂေါတမီက သူ့သားမဟုတ်လား၊ ဘယ်လိုဖြစ်သလဲ-မိထွေး တော်က၊ မြတ်စွာဘုရားက ဟပ်ချီးလို့ ချေလိုက်ယင် မိထွေး တော်က အောက်ကနေပြီး လက်အုပ်ချီပြီးတော့ ရှိခိုးလိုက်တယ်၊ ဘယ့်နှယ်ရှိခိုးသလဲဆို တော့-

စိရံ ဇီဝ မဟာဝီရ၊ ကပ္ပံ တိဋ္ဌ မဟာမုနေ။
သဗ္ဗလောကဿ အတ္ထာယ၊ ဘဝဿု အဇရာမရော။[၁]
(မိထွေးတော် ဂေါတမီ ထေရီအပဒါန်မှာ-)

မဟာဝီရ၊ ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူပါပေသော။ ဗုဒ္ဓ၊အို-သား တော်မြတ်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ စိရံ၊ ကြာမြင့်စွာ။ဇီဝ၊ အသက် ရှည်ပါစေဘုရား။ မဟာမုနေ၊ မုနိဖြစ်တော်မူသော။ ဗုဒ္ဓ၊ အို-သားတော်မြတ် ဘုရား။ တွံ၊ အရှင်ဘုရားသည်။ ကပ္ပံ၊ သက်တော်ကပ်လုံး ကြာကုန်ဆုံးအောင်။ တိဋ္ဌတု၊ တည်ပါစေဘုရား။ သဗ္ဗလောကဿ အတ္ထာယ၊ အလုံးစုံသောလူနတ် တို့ရဲ့ အကျိုးစီးပွားအလို့ငှာ။ အဇရာမရော၊ မအိုသည်, မသေသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း မြတ်စွာဘုရားလို့-

ဒီလိုဆိုပြီး ဘုရားရှိခိုးတယ်-မိထွေးတော်က၊ ဒီအခါမှာ-မြတ်စွာ ဘုရားက မိထွေးတော်ကို ဘယ့်နှယ်ပြန်ပြောသလဲ-

တံ တထာဝါဒိနိံ ဗုဒ္ဓေါ၊ မမံ သော တေ ဒပြဝိ။
န ဟေဝံ ဝန္ဒိယာ ဗုဒ္ဓါ၊ ယထာ ဝန္ဒသိ ဂေါတမီ။[၁]
(မြတ်စွာဘုရားက ငါ့ကို ဒီလို ပြန်ပြောတယ်တဲ့ မိထွေးတော်က)

ကထာဝါဒိနိံ၊ ထိုသို့ မြတ်စွာဘုရား ချေတဲ့အခါ အရှင်ဘုရား အသက်ရာ ကျော် ရှည်ပါစေသတည်းလို့ ဆိုလိုက်တဲ့ အခါကာလ၌။ တံမမံ၊ ထို ငါ့ကို။ သောဗုဒ္ဓေါ၊ ထိုသားတော်ဖြစ်တဲ့ မြတ်စွာဘုရားသည်။ တေ ဝစနံ၊ ဤစကား တော်ကို။ အဗြဝိ၊ မိန့်ဆိုတော်မူလေတော့၏။ ဂေါတမီ၊ မိထွေးတော်ဂေါတမီ။ တွံ၊ သင်သည်။ ဧဝံ၊ ဤသို့။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒသိယထာ၊ ရှိခိုးသ ကဲ့သို့။ နဝန္ဒိယာ၊ ရှိမခိုးသင့်ကုန်။

၁။ အပဒါန်ပါဠိတော် ဒုတိယအုပ် နှာ-၂၁၂။

ဘုရားရှိခိုးနည်း မိထွေးတော်တဲ့–အခုဟပ်ချီးလို့ ချေလိုက်တဲ့အခါမှာ "စိရံ ဇီဝ မဟာဝီရ" စသော ဂါထာဖြင့် ဘုရားရှိခိုးတာ–မြတ်စွာဘုရားကို ဒီလို ရှိမခိုးရဘူးတဲ့၊ ဘုရားရှိခိုးနည်း၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဘုရားရှိခိုးမနေဘူးလား၊ ဣတိပိသော–ရွတ်ပြီး ဘုရား ရှိခိုး နေရုံမျှနှင့် မြတ်စွာ ဘုရားရဲ့ စိတ်နှလုံး အလို တယ် မတွေ့ဘူးတဲ့၊ ကုသိုလ်တော့ရပါတယ်၊ ဒီတော့ မြတ်စွာဘုရား စိတ်နှလုံးအလို ပြည့်တဲ့ ဘုရား ရှိခိုး ယူကြမလား၊ (ယူပါ့မယ် ဘုရား) ဒီတော့ မိထွေးတော် ဂေါတမီက မြတ်စွာဘုရားကို ပြန်လျှောက်တယ်။

ကထံ စရဟိ သဗ္ဗညူ၊ ဝန္ဒိတဗ္ဗာ တထာဂတာ။
ကထံ အဝန္ဒိယာ ဗုဒ္ဓါ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။[၁]

သဗ္ဗညူ၊ **တရားတော်အားလုံးကို** သိတော်မူသော မြတ်စွာဘုရား။ ကထံ စရဟိ၊ အဘယ်သို့သော အကြောင်းကြောင့်။ တထာဂတာ၊ ဘုရားရှင်ကိုယ်တော်မြတ်တို့ကို။ **ဝန္ဒိတဗ္ဗာ၊** ရှိခိုးသင့်ပါကုန်သနည်း။ ကထံ၊ အဘယ်သို့သော **အကြောင်းကြောင့်။** ဗုဒ္ဓါ၊ ဘုရားရှင်ကိုယ်တော်မြတ်တို့ကို။ အဝန္ဒိယာ၊ ရှိမခိုးသင့်ပါကုန်သနည်း။ ပုစ္ဆိတော၊ မေးအပ်သောအရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ **တံ၊** ထိုရှိခိုးသင့်, မရှိခိုးသင့် အကြောင်းကို။ အက္ခာဟိ၊ ဖြေကြားဟောတော်မူပါဘုရား။

အရှင်ဘုရား....ဘုရား ရှိခိုးတာ ဘယ်လို ခိုးရမလဲလို့ ဘယ်သူကမေး သလဲ (မိထွေးတော်ကပါဘုရား) ဒီတော့ မြတ်စွာဘုရားက ဘယ်လို ပြန်ဖြေသလဲ ဆိုတော့ **ဘုရားရှိခိုးနည်း**–

အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှပရက္ကမေ။
သမဂ္ဂေ သာဝကေ ပဿ၊ ဧတံ ဗုဒ္ဓါန ဝန္ဒနံ။[၁]

(မြတ်စွာဘုရားက မိထွေးတော်ကို ဒီ ဒေသနာကို မိန့်တော်မူလိုက်ပါတယ်။)

အာရဒ္ဓဝီရိယေ၊ အားထုတ်အပ်သော ဝီရိယရှိကြကုန်သော။ ပဟိတတ္တေ၊ နိဗ္ဗာန်သို့ စေလွှတ်သော ကမ္မဋ္ဌာန်းအားထုတ်နေကြကုန်သော။ နိစ္စံ ဒဠှပရက္ကမေ၊ အမြဲမပြတ် ပြင်းထန်သော လုံ့လဝီရိယရှိကြကုန်သော။ သမဂ္ဂေ၊ ညီညွတ်ကြကုန်သော။ သာဝကေ၊ သာဝကတို့ကို။ ပဿ၊ ကြည့်ရှုပါလော့။ ဧတံ၊ ဤသို့ လိုက်နာကျင့်သုံးခြင်းသည်။ ဝါ၊ ဝီရိယစိုက်၍ တရားအားထုတ်နေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင် ကိုယ်တော်မြတ်တို့အား။ ဝန္ဒနံ၊ ရှိခိုးခြင်းပါ ပေတည်း။

၁။ အပဒါန်ပါဠိတော် ဒုတိယအုပ် နှာ–၂၁၂။

မိထွေးတော်ဂေါတမီကို 'မြတ်စွာဘုရား' ဟောတယ်၊ တရားအားထုတ်တာ ဘာလုပ်တာလဲ-မြတ်စွာဘုရား စိတ်နှလုံးအလိုကို ပြည့်အောင် ဘုရားရှိခိုးနေတာတဲ့၊ ဒီ အတိုင်း လိုက်နာကျင့်သုံးပါ။

ဧဝံ အာရဒ္ဓဝီရိယော သတ္ထု အဇ္ဈာသယံ ဂဟေတ္ဝာ သက္ကောတိ။[၁]

အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤယခုပြောခဲ့တဲ့ ပါဠိတော်ကိုးကားချက်အတူ။ သတ္ထု၊ မြတ်စွာဘုရား၏။ အဇ္ဈာသယံ၊ စိတ်နှလုံးအလိုကို။ ဂဟေတ္ဝာ၊ သိမ်းကျုံး၍ယူခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်ပါ၏။

မြတ်စွာဘုရား သဘောအကျဆုံး တရားအားထုတ်တဲ့ပုဂ္ဂိုလ်၊ ဒါ အာရဒ္ဓဝီရိယအကြောင်း ဟောနေတာနော်၊ ဒီ အာရဒ္ဓဝီရိယပုဂ္ဂိုလ်ဟာ—

ရဋ္ဌပိဏ္ဍောပိ တေန ဘုတ္တော မဟပ္ဖလော ဟောတိ။[၁]

တေန၊ ထိုအာရဒ္ဓဝီရိယပုဂ္ဂိုလ်သည်။ ဘုတ္တော၊ ဘုဉ်းပေးသုံးဆောင်အပ်သော။ ရဋ္ဌပိဏ္ဍောပိ၊ တိုင်းသူပြည်သား လူအများတို့က လှူဒါန်းတဲ့ ဆွမ်းသည်လည်း။ မဟပ္ဖလော၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်ပါပေ၏။

အဋ္ဌကထာက အာရဒ္ဓဝီရိယပုဂ္ဂိုလ်ကို ဒီလိုချီးကျူးစကား ပြောထားတယ်၊ နောက်တနည်း စူဠနိဒ္ဒေသအဋ္ဌကထာက ဖွင့်ထားတာ ရှိသေးတယ်၊ ဘယ့်နှယ်ဖွင့်သလဲဆိုတော့—

သမ္မသနပညာယ လက္ခဏာနိ ပဋိဝိဇ္ဈိတ္ဝာ ဥဒယဗ္ဗယာနုပဿနံ နာမ ပဌမံ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ၊ ယဿာဓိဂမာ အာရဒ္ဓ ဝိပဿကောတိ သင်္ချံ ဂစ္ဆတိ။[၂]

အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ စူဠနိဒ္ဒေသအဋ္ဌကထာ ပြောတဲ့စကားက သမ္မသနဉာဏ်ဖြင့် ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့ရဲ့ ဖြစ်ပျက်ခြင်းကို မြင်အောင် ရှုပွားနိုင်တဲ့ပုဂ္ဂိုလ်ကို အာရဒ္ဓဝီရိယပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်တဲ့။

ကဲ-ဒါဖြင့် ဘုန်းကြီးတို့ပရိသတ် အဲဒီ ဝီရိယမျိုး ထူထောင်ချင်သလား, မထူထောင်ချင်ဘူးလား၊ (ထူထောင်ချင်ပါတယ်ဘုရား) ဒီတော့ ဒီ ဝီရိယဖြစ်ခြင်းရဲ့ အကြောင်းကို မဟာဝဂ္ဂသံယုတ်ပါဠိတော် အာဟာရဝဂ်မှာ ဘာပြောထားသလဲဆိုတော့—

၁။ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ နှာ-၄၇။

၂။ စူဠနိဒ္ဒေသ အဋ္ဌကထာ နှာ-၉၇။

အတ္ထိ ဘိက္ခဝေ အာရမ္ဘဓာတု နိက္ကမဓာတု ပရက္ကမဓာတု၊ တတ္ထ ယောနိသောမနသိကာရဗဟုလီကာရော၊ အယ မာဟာရော အနုပ္ပန္နဿ ဝါ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိယာ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ အာရမ္ဘဓာတု၊ အလုပ်ကောင်းတခု အစပြုအားထုတ်ခြင်းဆိုတဲ့ အာရမ္ဘဓာတ်သည်ရင်း။ နိက္ကမဓာတု၊ မပျင်းမရိ ဆက်ကာဆက်ကာ အားထုတ်ခြင်းဆိုတဲ့ နိက္ကမဓာတ်သည်ရင်း။ ပရက္ကမဓာတု၊ တခုပြီးတခု တခုပြီးတခု ဆင့်ကာဆင့်ကာ အားထုတ်ခြင်းဆိုတဲ့ ပရက္ကမဝီရိယဓာတ်မျိုးသည်ရင်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဝီရိယဓာတ်သုံးမျိုး၌။ ယောနိသောမနသိကာရဗဟုလီကာရော၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ အလေ့အလာပြုခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယဝါ၊ ဖြစ်ခြင်းငှာရင်း။ ဥပ္ပန္နဿ၊ ကိုယ့်မှာဖြစ်ပေါ်ပြီးသော။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်၏။ ဘာဝနာယပါရိပူရိယာဝါ၊ ဘာဝနာ၏အထွဋ်အထိပ်နှင့် ပြည့်စုံခြင်းငှာရင်း။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ အာဟာရော၊ အကြောင်းအထောက်အပံ့ပါပေတည်း။

ဒီအာရမ္ဘဓာတ်, နိက္ကမဓာတ်, ပရက္ကမဓာတ်လို့ခေါ်တဲ့ ဝီရိယဓာတ်သုံးမျိုးကို ယောနိသောမနသိကာရဖြင့် အကြိမ်များစွာ အလေ့အလာပြုလုပ်အားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ မဖြစ်သေးတဲ့ ဝီရိယတွေဖြစ်မယ်၊ ဖြစ်ပြီးသားဝီရိယလဲဘဲ ဘာဝနာပါရိပူရိဖြစ်ပြီးတော့ အထွဋ်အထိပ်ကို ရောက်သွားမယ်တဲ့၊ ဒါပါဠိတော်က ပြောတာ။

ဝီရိယဖြစ်ခြင်းအကြောင်း ၁၁-မျိုး

ဝီရိယ ဖြစ်ခြင်းအကြောင်း တဆဲ့တမျိုး * လို့ အဋ္ဌကထာက ပြောသေးတယ်၊ ကိုင်းဒါပြောကြဦးစို့။

၁။ အပါယဘယပစ္စဝေက္ခဏတာ၊ အပါယ်လေးပါးဘေးကြီး ဆင်ခြင်ပြီးတော့၊ သြော်–ငါတော့ အပါယ်ကျမယ်၊ တရားအားမထုတ်ယင် အပါယ်ကျလိမ့်မယ်ဆိုပြီး အပါယ်ဘေးဆင်ခြင်တယ်။

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ–၆၀။

* ဝီရိယဖြစ်ခြင်းအကြောင်း ၁၁-မျိုးကို သုတ်မဟာဝါအဋ္ဌကထာ၊ နှာ–၃၇၀၊ မူလပဏ္ဏာသ၊ ဋ္ဌ၊ ပဌမအုပ် ၂၉၇။ မဟာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၁၉၅။ အင်္ဂုတ္တိုရ်၊ ဋ္ဌ၊ ပ၊ ၃၉၂။ သမ္မော၊ ဋ္ဌ၊ ၂၆၅–စသည်တို့၌ ဖွင့်ဆိုကြပါသည်။

၂။ အာနိသံသဒဿာဝိတာ၊ ဝီရိယရဲ့ အကျိုးအာနိသံသတွေကို ဆင်ခြင်ပြီးတော့ တရားအားထုတ်တယ်။

၃။ ဂမနဝီထိ ပစ္စဝေက္ခဏတာ၊ ဘုရားရှင် ကိုယ်တော်မြတ်, ပစ္စေကဗုဒ္ဓါ, အရိယာများ ဒီ ဝီရိယ လမ်းကြောင်းကြီးက နေပြီးတော့ မဂ်, ဖိုလ်, နိဗ္ဗာန် သွားကြတာဘဲလို့ ဆင်ခြင်ပြီးတော့ ဝီရိယအားထုတ်တယ်။

၄။ ပိဏ္ဍပါတ ပဓာယနတာ၊ ပြည်သူတို့ လှူဒါန်းတဲ့ ဆွမ်းသည် ပူဇော်တုန့် ပူဇော်လှည့်ပေးခြင်းကို ဆင်ခြင်သောအားဖြင့်လဲဘဲ ဝီရိယဖြစ်တယ်။

၅။ ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏတာ၊ အမွေခံအဖြစ်ဖြင့်ဆင်ခြင်ခြင်း၊ ဩဘော် ငါဟာ သဗ္ဗညု မြတ်စွာဘုရားရဲ့ သီလ, သမာဓိ, ပညာစတဲ့ ဒီလို-အမွေတွေကို ခံယူတဲ့ပုဂ္ဂိုလ်-အမွေခံမြတ်ဘဲ၊ တရားကြိုးစား အားမထုတ်ယင် သားသမီးက မလိမ္မာယင် မိဘက တယ်လိုတုံး-အမွေပြတ် မကြေငြာ ဘူးလား၊ ဟော သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်က လဲဘဲ တရား အားမထုတ်တဲ့ သူ့တပည့် သားမြေးတွေကို အမွေပြတ်တဲ့-ဟုတ်လား၊ (မှန်ပါဘုရား)။

မြတ်စွာဘုရားရဲ့အမွေက ဘာတဲ့လဲ-သီလအမွေ, သမာဓိအမွေ, ပညာအမွေ, မဂ်အမွေ, ဖိုလ်အမွေ, မဂ်ဉာဏ်, ဖိုဉာဏ်, နိဗ္ဗာန်-ဒါ မြတ်စွာဘုရား ပေးရတဲ့ အမွေမဟုတ်လား၊ (မှန်ပါ) တရားအားမထုတ်တဲ့ ပုဂ္ဂိုလ် ဒီအမွေရအုံးမလား (မရပါဘူးဘုရား) အဲဒါ ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏတာ၊ အမွေခံအဖြစ်ဖြင့် မြတ်တယ်ဆိုပြီးတော့ တရားကြိုးစားအားထုတ်တယ်-ဟုတ်လား၊ ပြီးတော့-

၆။ သတ္ထုမဟတ္တပစ္စဝေက္ခဏတာ၊ မြတ်စွာဘုရား သိပ်မြင့်မြတ်တယ်၊ ဒါဟာ မြတ်စွာဘုရားရဲ့ မြင့်မြတ်မှုကို ဆင်ခြင်ပြီးတော့ တရားအားထုတ်တယ်။

၇။ ဇာတိမဟတ္တပစ္စဝေက္ခဏတာ၊ ငါဟာ သာမညမဟုတ်ဘူး၊ သာကီဝင်မင်းသား မြတ်စွာဘုရားရဲ့ အမျိုးဇာတ် သမဏဇာတ် လူလိမ္မာထဲဝင်နေတဲ့ ဇာတ်၊ အားမထုတ်ဘဲနေလို့ မဖြစ်ဘူးဆိုပြီး ဆင်ခြင်အားထုတ်တယ်။

၈။ သဗြဟ္မစာရိ မဟတ္တပစ္စဝေက္ခဏတာ။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန် အစရှိတဲ့ ပုဂ္ဂိုလ်တွေ-ငါနဲ့ သီတင်းသုံးဘော်တွေ ဒီပုဂ္ဂိုလ်ကြီးတွေ သိပ်မွန်မြတ်တယ်၊ သူတို့တောင် တရား အားတုတ် သေးတာ ငါလဲ အားထုတ်မယ် ဆိုပြီးတော့ ဆင်ခြင်အားထုတ်တယ်၊ ဘယ်နှစ်ပါးရှိသွားပလဲ (ရှစ်ပါးပါဘုရား)

၉။ ကုသိတ ပုဂ္ဂလ ပရိဝဇ္ဇနတာ၊ ပျင်းတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်၍ပေး-ဝီရိယဖြစ်တယ်၊ ပျင်းတဲ့ပုဂ္ဂိုလ်ကိုပေါင်းရမလား, မပေါင်းရဘူးလား၊ (မပေါင်းရပါဘူး ဘုရား) ပျင်းပျင်း မပျင်းပျင်း ကိုယ်နဲ့ တဲ့ယင် ပေါင်းတာဘဲ တို့ပရိသက်က-

၁၀။ အာရဒ္ဓဝီရိယ ပုဂ္ဂလ သေဝနတာ၊ တရားကြိုးစားအားထုတ်တဲ့ ဝီရိယ သမားကိုပေါင်း။

၁၁။ တဒဓိမုတ္တတာ၊ သွားရေး, ရပ်ရေး, ထိုင်ရေး, အိပ်ရေး ဣရိယာပုထ် လေးပါးမှာ ဝီရိယဘက်ကိုချည်း စိတ်ကဦးတည်ထားရမယ်တဲ့၊ ဘယ်နှစ်ပါးလဲ၊ (တဆယ့်တပါးပါဘုရား)

ရဟန်းနှင့်ယောဂီများ သတိပြုဘွယ်

အဲဒီအထဲက ဘုန်းကြီးအကျယ် ပြောချင်တာ တခု ရှိတယ်၊ အကျယ်ပြောစရာကတော့ အများကြီးဘဲ၊ သို့သော် ရှိပစေ၊ ဒီအထဲက တခုဘုန်းကြီးအကျယ် ပြောမယ်၊ ဘာပြောချင်သလဲဆိုတော့– “ပိဏ္ဍပါတပစာယနတာ” ဆိုတဲ့ လေးခု မြောက်အင်္ဂါကို ဘုန်းကြီးအကျယ်ပြောချင်တယ်၊ ဘုန်းကြီးတို့ဘက်က တရား အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဘက်က စဉ်းစား ကြည့်၊ အဋ္ဌကထာက ဘယ့်နှယ်ပြောထားသလဲ -

ယေ တံ ပိဏ္ဍပါတာဒီဟိ ဥပဋ္ဌဟန္တိ။[၁]

ယေ၊ အကြင်အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့သည်။ တံ၊ သင့်ကို။ ပိဏ္ဍပါတာဒီဟိ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းတို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ ပူဇော် လှူဒါန်း၍ နေကြကုန်၏။

ဘုန်းကြီးတို့ကို အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေက ဆွမ်းလဲပေးရတယ်၊ သင်္ကန်းလဲပေးရတယ်၊ ကျောင်းလဲပေးရတယ်၊ နေထိုင် မကောင်းယင် ဆေးလဲဝယ်ပေးရသေးတယ် မဟုတ်လား၊ ဒီတော့ – ကိုယ်က စဉ်းစားရမယ်၊ ဩော်–ဒီတကာ တကာမတွေဟာ ငါ့ကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတွေနဲ့, စားရေး, နေရေး, ဝတ်ရေး, သွား ရေး, လာရေး, လူမှုရေးဟူသရွေ့ အကုန်တာဝန်ယူပြီးတော့ ငါ့ကို ပူဇော် နေကြတယ်။

ဣမေ တေ မနုဿာ နေဝဉာတကာ, န ဒါသကမ္မကရာ။[၂]

ဣမေမနုဿာ၊ ဤပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်နေကြ ကုန်သော လူအပေါင်းတို့သည်။ တေ၊ သင်၏။ နေဝဉာတကာ၊ ဆွေမျိုးလဲ မဟုတ်

၁။ ညွှန်းခဲ့ပြီးသည့် သုတ်မဟာဝါစသော အဋ္ဌကထာ ၅–ကျမ်းတို့တွင် ဖွင့်ဆိုသည်။

၂။ သုတ်မဟာဝါ။ ဋ္ဌ၊ ၃၇၉။ မူလပဏ္ဏာသ၊ ဋ္ဌ၊ ပဌမအုပ်၊ ၂၉၇။ မဟာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၁၉၆။ အင်္ဂုတ္တိုရ်၊ ဋ္ဌ၊ ပ၊ ၃၉၃။ သမ္မော၊ ဋ္ဌ၊ ၂၆၆။

ကြပါတကား။ န ဒါသကမ္မကရာ၊ သင့်ရဲ့ကျေးတွေ ကျွန်တွေ အမှုလုပ် သမားတွေ မဟုတ်ပါတကား။

ဘုန်းကြီးတို့ဆင်ခြင်ရမှာ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဆင်ခြင် ရမှာက ဒြေ၁်–လူပုဂ္ဂိုလ်တွေကတော့ဖြင့် ဓမ္မာရုံကြီးတွေ ဆောက်လှူနေတယ်၊ ဒီပြင် ကျောင်းတိုက်တွေ သွားကြည့်စမ်း – ဓမ္မာရုံကြီးတွေဟာ သိန်းကုန် ကြီးတွေ မဟုတ်လား၊ ဘာပြုလို့လှူထားသလဲ၊ လှူထားတဲ့ပုဂ္ဂိုလ်တွေက ကိုယ်နဲ့ဆွေမျိုးလဲ မတော် ကိုယ့်အခိုင်းအစေအမှုလုပ်ကျေးတွေကျွန်တွေလဲမဟုတ်ပါလား၊ ပျင်းတဲ့ ပုဂ္ဂိုလ်ဆင်ခြင်ဘို့က—

နာပိ တံ နိဿာယ ဇီဝိဿာမာတိ တေ ပဏီတာနိ စီဝရာဒီနိ ဒေန္တိ။

မယံ၊ ငါတို့သည်။ တံဘိက္ခုံ၊ ထိုရဟန်းကို။ နိဿာယ၊ အမှီပြုပြီးတော့။ ဇီဝိဿာမာတိ၊ အသက်မွေးကြပါကုန်အံ့ဟူ၍။ တေ၊ သင့်အား။ ပဏီတာနိ၊ မွန်မြတ်လှစွာကုန်သော။ စီဝရာဒီနိ၊ သင်္ကန်းစသည်တို့ကို။ နာပိဒေန္တိ၊ ပေးလှူ နေကြကုန်သည်လည်းမဟုတ်ကုန်။

ပျင်းတဲ့ကမ္မဋ္ဌာန်းသမား ဆင်ခြင်ဘို့ပြောနေတာ ဒြေ၁်–ဒီလှူဒါန်းထားကြ တဲ့ ပုဂ္ဂိုလ်တွေဟာ သင့်ကိုအမှီပြုပြီးတော့ အသက်မွေးဝမ်းကျောင်း လုပ်ကြ မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လဲဘဲ သင့်ကိုဒီဆွမ်း, သင်္ကန်း, ကျောင်း, ဆေး မွန်မွန်မြတ်မြတ်တွေကို လှူဒါန်းနေတာမဟုတ်ပါတကား၊ မင်းဘာလုပ် ပျင်းနေ သလဲ– တရားအားထုတ်ပါ ဟုတ်လား၊ ပြီးတော့ ဒါတင်လား—

သတ္ထာရာပိ "အယံ ဣမေ ပစ္စယေ ပရိဘုဉ္ဇိတွာ ကာယဒဠှိဗဟုလော သုခံ ဝိဟရိဿတီ"တိ န ဧဝံ သမ္ပဿတာ တုယှံ ပစ္စယာ အနုညာတာ။

သတ္ထာရာပိ၊ မြတ်စွာဘုရားသည်လည်း။ အယံ၊ ဤရဟန်းသည်။ ဣမေ ပစ္စယေ၊ ဤပစ္စည်းလေးပါးတို့ကို။ ပရိဘုဉ္ဇိတွာ၊ ဘုဉ်းပေးသုံးဆောင်၍။ ကာယဒဠှိဗဟုလော၊ ခန္ဓာကိုယ်ဝဖြိုးကျန်းမာလျက်။ သုခံ၊ ချမ်းချမ်းသာသာ။ ဝိဟရိဿတိ၊ နေရလတံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဧဝံ၊ ဤသို့။ တုယှံ၊ သင့်အတွက်။ သမ္ပဿတာ၊ ရှုမြင်ရသောကြောင့်။ ပစ္စယာ၊ ပစ္စည်းလေးပါး တို့ကို။ နအနုညာတာ၊ ခွင့်ပြုခဲ့တာမဟုတ်။

မြတ်စွာဘုရားက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးခွင့်ပြု ခဲ့တယ်မဟုတ်လား၊ (မှန်ပါ) ဘာလုပ်ဖို့ခွင့်ပြုခဲ့သလဲ– လူတကာတကာမတွေက လှူဒါန်းတဲ့ဆွမ်းတွေကို စားသောက်ပြီးတော့ အေးအေးဆေးဆေး ဒီကျောင်း

ကြီးပေါ် အိပ်နေဘို့ ဇိမ်ခံဘို့အတွက် ပစ္စည်းလေးပါးကို ခွင့်ပြုခဲ့တာ မဟုတ်ဘူး၊ မင်းဘာပြုလို့ပျင်းနေသလဲလို့ ဒီလိုကိုယ့်ကိုယ်ကို ဆုံးမရမယ်– ရဟန်းတော်ဆိုတာ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ။

ပစ္စည်းလေးပါးကို ဘုရားခွင့်ပြုပုံ မြတ်စွာဘုရားက ဘာပြုလို့ ဒီဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးကို လှူဒါန်းဘို့ ပညတ်ခဲ့သလဲဆိုတော့–“အထ ခေါ အယံ ဣမေ ပစ္စယေ ပရိဘုဥ္ဇမာနော သမဏဓမ္မံ ကတွာ ဝဋ္ဋဒုက္ခတော မုစ္စိဿတီ”တိ တေ ပစ္စယာ အနုညာတာ”။

အထခေါ၊ အဟုတ်သော်ကား။ အယံဘိက္ခု၊ ဤရဟန်းသည်။ ဣမေပစ္စယေ၊ ဤတကာတကာမတို့ကလှူဒါန်းတဲ့ပစ္စည်းလေးပါးတို့ကို။ ပရိဘုဥ္ဇမာနော၊ သုံးဆောင်ရသည်ဖြစ်၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာ၊ ပြု၍။ ဝဋ္ဋဒုက္ခတော၊ဝဋ်ဆင်းရဲမှ။ မုစ္စိဿတိ၊လွတ်မြောက်လတံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ တေ၊ သင့်အား။ ပစ္စယာ၊ ပစ္စည်းလေးပါးတို့ကို။ အနုညာတာ၊ ဘုရားခွင့်ပြုခဲ့ပါပေ၏။

မြတ်စွာဘုရားက ဒီ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို မင်း အလှူခံစားတော့လို့ ပြောခဲ့တာ ခွင့်ပြုခဲ့တာဟာ တရားကြိုးစားအားထုတ်နိုင်ပြီးတော့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ရဘို့ရန်အတွက်သာ ခွင့်ပြုခဲ့တာ ပါတဲ့။

အခုတော့ တကာ တကာမတွေ လှူဒါန်းတဲ့ဆွမ်းကို စားပြီးတော့ မင်း တရားအား မထုတ်ဘဲနဲ့ အလကား ပျင်းဆွဲကြီးဆွဲနေလို့ မင်းတော်ပါ့မလား၊ ပြည်သူတို့ရဲ့ဆွမ်းကို ပူဇော်တုန့် ပူဇော်လှဲ့ ပေးနိုင်မှသာလျှင်–

အာရဒ္ဓဝီရိယဿေဝ ဟိ ပိဏ္ဍပါတာပစာယနံ နာမ ဟောတိ။

ကြိုးစား၍ တရားအားထုတ်သော ရဟန်းတော်အားသာလျှင် ပြည်သူတို့ရဲ့ ဆွမ်းကို ပူဇော်တုန့် ပူဇော်လှဲ့ပေးတာမည်ပါပေ၏၊ အဲဒီလိုနှလုံးသွင်းဆင်ခြင်ပြီးတော့ တရားအားထုတ်ရမယ်။

အယျမိတ္တမထေရ်ဝတ္ထု ဘယ်ပုဂ္ဂိုလ်ကို သက်သေထုတ်မှမလဲဆိုတော့ အယျမိတ္တမထေရ်ကို သက်သေထုတ်ကြဦးစို့၊ အယျမိတ္တမထေရ်ကို အဋ္ဌကထာက ဒီလိုဘဲ သက်သေထုတ်ထားပါတယ်၊ အယျမိတ္တမထေရ်ဆိုတဲ့ ဦးပဥ္ဇင်းကလေးတပါး ရှိပါတယ်၊ တကာ တကာမ လှူဒါန်းတဲ့ ဆွမ်းကို အချည်းနှီးမစားပုံကလေးကို ပြောမလို့၊ အဲဒီ အယျမိတ္တဆိုတဲ့ ကိုယ်တော်ကလေးတပါး ကဿကလိုဏ်ဂူမှာ တရားအားထုတ်ပြီးတော့ နေပါတယ်။

ဒီကိုယ်တော်ကလေးရဲ့ ဆွမ်းခံရွာမှာ ဥပါသိကာမကြီးတယောက် ရှိတယ်၊ ခင်ပွန်းယောကျ်ား မရှိရှာဘူး၊ သမီးကလေးတယောက် ရှိတယ်၊ လိမ်ကလိမ္မာ ပါဘိသနဲ့၊ အဲဒီ ဥပါသိကာမကြီးဟာ ရတနာသုံးပါးဂုဏ်ကို အင်မတန် ယုံကြည်ပြီးတော့ အိမ်မှာနေ့တိုင်း ဆွမ်းခံနေတဲ့ အယျမိတ္တကိုယ်တော်ကလေးကို သားအရင်းကဲ့သို့ ကြည်ညိုပြီးတော့ အမြဲတမ်း ဆွမ်းဝတ် ကွမ်းဝတ်ပြုပြီးတော့ ဆွမ်းလောင်းတယ်။

ဒီ ဥပါသိကာမကြီးဟာ ဘာတွေများ လုပ်ကိုင်စားသလဲ၊ ဘာတွေ ရောင်းဝယ်စားသလဲဆိုတော့ မရောင်းနိုင် မဝယ်နိုင်ရှာပါဘူး၊ တောထဲသွားပြီးတော့ ဟင်းရွက်ကလေးခူး၊ ပန်းကလေးခူး၊ အဲဒီဟင်းရွက်ကလေး, ပန်းကလေးကို ဈေးသွားရောင်းပြီးတော့ အသက်မွေးဝမ်းကျောင်းပြုလုပ်ရတဲ့ အမျိုးကောင်း သမီးကြီးပါ၊ ချမ်းချမ်းသာသာ မဟုတ်ရပါဘူး။

တနေ့တော့ အယျမိတ္တမထေရ်ကလဲ သင်္ကန်းကလေးရုံပြီးတော့ ဆွမ်းခံထွက်တယ်၊ ဆွမ်းခံအိမ်ရှေ့ တံခါးဝရောက်တယ်ဆိုယင်ဘဲ သားအမိနှစ်ယောက် အိမ်ထဲကပြောနေတဲ့ စကားကိုကြားတယ်၊ တောထဲကို ဟင်းရွက်ရှာသွားခါနီးမှာ အမေက သမီးကလေးကို မှာကြားနေတယ်၊ ဘယ်လိုမှာသလဲ-

> အမ္မ အသုကသ္မိံ ဌာနေ ပုရာဏတဏ္ဍုလာနိ၊ အသုကသ္မိံ သပ္ပိ၊ အသုကသ္မိံ ခီရံ၊ အသုကသ္မိံ ဖာဏိတံ၊ တဝ ဘာတိကဿ အယျမိတ္တဿ အာဂတကာလေ ဘတ္တံ ပစိတွာ ခီရသပ္ပိ ဖာဏိတေဟိ သဒ္ဓိံ ဒေဟိ၊ တွဉ္စ ဘုဉ္ဇေယျာသိ။ (ဒီလို အမေက ပြောတယ်။)

အမ္မ၊ ချစ်သမီး။ အသုကသ္မိံ ဌာနေ၊ ဤမည်သောနေရာဌာန၌။ ပုရာဏ-တဏ္ဍုလာနိ၊ ဂျုံဆန် ကောင်းကောင်းတို့သည်။ အတ္ထိ-သန္တိ၊ ရှိကြပေကုန်၏။ အသုကသ္မိံ ဌာနေ၊ ဤမည်သောနေရာဌာန၌။ သပ္ပိ၊ ထောပတ်သည်။ အတ္ထိ၊ ရှိ၏။ အသုကသ္မိံ ဌာနေ၊ ဤမည်သောနေရာဌာန၌။ ခီရံ၊ နို့ရည်သည်။ အတ္ထိ၊ ရှိ၏။ အသုကသ္မိံ ဌာနေ၊ ဤမည်သောနေရာဌာန၌။ ဖာဏိတံ၊ တင်လဲသည်။ အတ္ထိ၊ ရှိ၏။

တဝ ဘာတိကဿ အယျမိတ္တဿ၊ သင့်မောင်ဇတော် ဖြစ်သော အယျမိတ္တမထေရ်အား။ အာဂတကာလေ၊ ဆွမ်းခံကြွလာတဲ့အခါကာလ၌။ ဘတ္တံ၊ ထမင်းကို။ ပစိတွာ၊ ချက်၍။ ခီရသပ္ပိဖာဏိတေဟိ၊ နို့, ထောပတ်, တင်လဲတွေနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဒေဟိ၊ လှူလိုက်ပါလော့။ တွဉ္စ၊ သင်ချစ်သမီးသည်လည်း။ ဘုဉ္ဇေယျာသိ၊ စားနှင့်ပါလော့။

အမေကြီးက ဘာပြောနေသလဲ၊သမီး....ဒီနေရာမှာ ဆန်ရှိတယ်၊ ဒီနေရာမှာ ထောပတ်ရှိတယ်၊ ဒီနေရာမှာနို့ရည်ရှိတယ်။ ဒီနေရာမှာ တင်လဲရှိတယ်၊ သင့်မောင်တော်ဖြစ်တဲ့ အယျမိတ္တမထေရ်ဆွမ်းခံကြွလာယင် ဆန်ကောင်းကောင်းကို ချက်ပြီးတော့ ထောပတ်တွေ, တင်လဲတွေ, နို့တွေနဲ့ လှူလိုက်ပါတဲ့၊ သမီးလဲ စားနှင့်တဲ့၊ သူတော့—

အဟံ ပန ဟိယျော ပက္ကပါရိဝါသိကဘတ္တံ ကဉ္စိယေန ဘုတ္တာဝမှိ။

အဟံပန၊ ငါမှာတော့။ ဟိယျော၊ ယမန်နေ့က။ ပက္ကပါရိဝါသိကဘတ္တံ၊ ကျက်ပြီးသားဖြစ်သော တညဉ့်လွန်ပြီးသော ထမင်းကြမ်းကို။ ကဉ္စိယေန၊ ပအုံးရည်ဖြင့်။ ဘုတ္တာ၊ စား၍ပြီးသည်။ အမှိ၊ ဖြစ်ချေ၏။

သမီး....ငါ့အတွက်တော့ စားပြီးပြီ၊ မနေ့က ကျန်တဲ့ ထမင်းကြမ်းနဲ့ ပအုံးရည်နဲ့ ငါစားပြီးပြီတဲ့၊ ဒီတော့ သမီးကလေးက သူ့အမေကိုမေးတယ်—

“ဒိဝါ ကိံ ဘုဉ္ဇိဿသိ အမ္မ”။ အမ္မ၊ အမေ။ ဒိဝါ၊ နေ့အခါ၌။ ကိံ၊ အဘယ်သို့သော အစာကို။ ဘုဉ္ဇိဿသိ၊ စားမည်နည်း။ ဣတိ၊ ဤသို့။ အာဟ၊ မေး၏။

အမေရယ်....အမေပြန်လာတော့ နေ့လည်ကျယင် ဘာနဲ့စားမလဲ–ဘာချက်ထားရမလဲဆိုတော့—သူတို့ချက်ရန်ပြောပုံကြည့်အုံး။

သာကပဏ္ဏံ ပက္ခိပိတွာ ကဏတဏ္ဍုလေဟိ အမ္ဗိလယာဂုံ ပစိတွာ ဌပေဟိ အမ္မ။

အမ္မ၊ ချစ်သမီး။ သာကပဏ္ဏံ၊ ကန်စွန်းရွက်ကို။ ပက္ခိပိတွာ၊ ထည့်၍။ ကဏတဏ္ဍုလေဟိ၊ ဆန်ကွဲတို့ဖြင့်။ အမ္ဗိလယာဂုံ၊ ချဉ်ပတ်ယာဂုကို။ ပစိတွာ၊ ကျိုချက်၍။ ဌပေဟိ၊ ထားလိုက်ပါ။

သူ့အတွက်ကျတော့ ကန်စွန်းရွက်နဲ့ ဆန်ကွဲနဲ့ပြုတ်တဲ့ ဆန်ပြုတ်ကိုပြုတ်ထားလိုက်ပါတဲ့၊ ဟိုဦးပဥ္စင်းကလေးကျတော့ ဆန်ကောင်းကောင်းချက်ပါတဲ့။

မထေရ်၏ဆင်ခြင်ပုံ ဒီတော့ ဒီစကားတွေကို အိမ်ရှေ့မှာ ဆွမ်းခံရပ်နေတဲ့ ကိုယ်တော်ကလေးကကြားတယ်၊ ကြားတော့ကိုယ်တော်ကလေးက စဉ်းစားတယ်– “မဟာဥပါသိကာ ကိရ ကဉ္စိယေန ပါရိဝါသိကဘတ္တံ ဘုဉ္ဇိ၊ ဒိဝါပိ ကဏပဏ္ဏမ္ဗိလယာဂုံ ဘုဉ္ဇိဿတိ။

ဟိုတကာမကြီးကတော့ဖြင့် ညကကျန်တဲ့ ထမင်းကြမ်းနဲ့ ပအုံးရည်နဲ့ စားပြီးပြီ၊ နေ့ခင်းသူစားဘို့ကျတော့လဲဘဲ ကန်စွန်းရွက်နဲ့ ဆန်ကွဲနဲ့ပြုတ်တဲ့ ဆန်ပြုတ်ကိုထားလိုက်ပါလို့ မှာနေတယ်၊ မင်းကြားတယ် မဟုတ်လား— ကြားတယ်ပေါ့လေ၊ သူ့ဟာသူပြောနေတာ၊ ကြားတယ်။

တုယှံ အတ္ထာယ ပန ပုရာဏတဏ္ဍုလာဒီနိ အာစိက္ခတိ။

တုယှံ၊ သင်၏။ အတ္ထာယ ပန၊ အတွက်ကျတော့။ ပုရာဏတဏ္ဍုလာဒီနိ၊ ဆန်ဟောင်းဆန်ကောင်းစသည်တို့ကို။ အာစိက္ခတိ၊ ပြောဆိုမှာကြား၍နေ၏။

ဩြဘ်–တကာမကြီးက သူ့အတွက်ကျတော့ ဆန်ကျိုးစိလေးတွေနဲ့ ဆန်ကွဲနဲ့ ကန်စွန်းရွက်နဲ့ ပြုတ်တဲ့ဆန်ပြုတ်ကို ချက်ပါလို့ပြောတယ်၊ အခုကြည့်စမ်း–မင်းအတွက်ကျတော့ ဆန်ကောင်းကောင်းနဲ့ ထောပတ်တွေ, နို့ရည်တွေ, တင်လဲတွေနဲ့ လှူပါလို့ပြောနေတယ်။

တံ နိဿာယ ခေါ ပနေသာ နေဝ ခေတ္တံ န ဝတ္ထုံ န ဘတ္တံ န ဝတ္ထံ ပစ္စာသီသတိ၊ တီဿော ပန သမ္ပတ္တိယော ပတ္ထယမာနာ ဒေတိ။

ဧသာ၊ ဤဥပါသိကာမကြီးသည်။ တံ၊ သင့်ကို။ နိဿာယ၊ အမှီပြု၍။ ခေတ္တံ၊ လယ်ကို။ နေဝ ပစ္စာသီသတိ၊ တောင့်တသည်မဟုတ်။ ဝတ္ထုံ၊ ယာကို။ နပစ္စာသီသတိ၊ တောင့်တသည်မဟုတ်။ ဘတ္တံ၊ ထမင်းကို။ နပစ္စာသီသတိ၊ တောင့်တသည်မဟုတ်။ ဝတ္ထံ၊ အဝတ်ကို။ နပစ္စာသီသတိ၊ တောင့်တသည်မဟုတ်။ ခေါပန၊ အဟုတ်သော်ကား။ တီဿောသမ္ပတ္တိယော၊ လူ,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာတို့ကို။ ပတ္ထယမာနာ၊ တောင့်တသည်ဖြစ်၍။ တံ၊ သင့်ကို။ ဒေတိ၊ လှူဒါန်း၍နေ၏။

ဒီတကာမကြီးဟာ သူကိုယ်တိုင်က မကောင်းတာတွေ စားပြီးတော့ မင်းကို ကောင်းပေ့ဆိုတာတွေ လှူဒါန်းနေတာဟာ မင်းဆီက တစုံတရာမြော်လင့်ချက်နဲ့ လှူနေတာမဟုတ်ဘူး၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို လိုချင်လို့ တကာမကြီးလှူနေတာ၊ အဲဒီ လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို မင်းမှာပေးနိုင်တဲ့ အစွမ်းရှိသလား–အယျမိတ္တမထေရ်က။

တံ့ ဧတာဿ တာ သမ္ပတ္တိယော ဒါတုံ သက္ခိဿသိ, န သက္ခိဿသီတိ။

တံ၊ သင်သည်။ ဧတိဿာ၊ ထို ဥပါသိကာမကြီးအား။ တာ သမ္ပတ္တိယော၊ ထိုသူလိုလား တောင်းတတဲ့ လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာတွေကို။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ခိဿသိ၊ စွမ်းနိုင်တဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် ရှိရဲ့လား၊ န သက္ခိဿသိ၊ မစွမ်းနိုင်ဘူးလား-တဲ့။

သူက ပုထုဇဉ်ပုဂ္ဂိုလ်သာရှိသေးတယ်၊ ဒီတော့ အယျမိတ္တက ဘယ့်နှယ်ပြောသလဲ သူ့ကိုယ်သူ။

အယံ ခေါ ပန ပိဏ္ဍပါတော တယာ သရာဂေန သဒေါသေန သမောဟေန န သက္ကာ ဂဏှိတုံ။

ခေါပန၊ စင်စစ်သော်ကား။ အယံ ပိဏ္ဍပါတော၊ ဒါလောက် မွန်မြတ်တဲ့ ဆွမ်းကို။ သရာဂေန၊ ရာဂနှင့်တကွဖြစ်သော။ သဒေါသေန၊ ဒေါသနှင့်တကွ ဖြစ်သော။ သမောဟေန၊ မောဟနှင့်တကွဖြစ်သော။ တယာ၊ သင်သည်။ ဂဏှိတုံ၊ ခံယူခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။

ဒါလောက်တောင် သဒ္ဓါတရားကောင်းပြီးတော့ လှူဒါန်းတဲ့ဆွမ်းကို သင့်မှာ ရာဂတွေအပြည့်ကြီးနဲ့, ဒေါသတွေ အပြည့်ကြီးနဲ့, မောဟတွေ အပြည့်ကြီးနဲ့, ကိလေသာအပြည့်ကြီးနဲ့ - ဒီဆွမ်းကို မင်းခံလို့တော်ပါ့မလား ဆိုပြီးတော့ အယျမိတ္တ ဦးပဉ္ဇင်းကလေး ဒီလို သူ့ကိုယ်သူဆုံးမပြီးတော့ တခါထဲ ဆွမ်းမခံတော့ဘူး၊လိုဏ်ဂူကိုပြန်လာခဲ့တယ်၊ လိုဏ်ဂူရောက်တော့ ဆွမ်းခံတဲ့သပိတ်ကို ကုတင်အောက်ထိုး၊ဏ်ကန်းကို တန်းပေါ်တင်၊ လိုဏ်ဂူထဲဝင်ပြီးတော့ တရားအားထုတ်တယ်။

ရဟန္တာအဖြစ်သို့ ရောက်ခြင်း

"အရဟတ္တံ အပါပုဏိတွာ န နိက္ခမိဿာမိ"။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိတွာ၊ မရောက်ခဲ့သည်ရှိသော်။ န နိက္ခမိဿာမိ၊ ဒီ လိုဏ်ဂူထဲက ငါ မထွက်တော့ဘူး၊ အဲဒီလို တရားအားထုတ်တယ်၊ တရားအားထုတ်လို့ မွန်းမတည့် သေးခင် အတောအတွင်းမှာ ဒီ အာရဒ္ဓဝီရိယကြောင့် ပြည်သူတို့ဆွမ်းကို တုန့်ပြန်ပြီးတော့ ချီးမြှောက်ချင်တာနဲ့ ဒီလိုတရားအားထုတ်လိုက်ထာ မွန်းမတည့်ခင်ဘဲ ရဟန္တာပုဂ္ဂိုလ်ဖြစ်လာတယ်။

မွန်းမတည့်ခင် ရဟန္တာပုဂ္ဂိုလ်ဖြစ်တော့ လိုဏ်ဂူကိုစောင့်တဲ့ ရုက္ခစိုးနတ်က ပြောတယ်တဲ့၊ ဒါ စာထဲပါတာ ပြောရတာ၊ ကတ်သီးကတ်သတ်မေးယင် အခက်သား၊ သူများရဟန္တာဖြစ်တာ ဒီ ရုက္ခစိုးက ဘယ်လိုလုပ်သိသလဲဆိုယင် မခက်ဘူးလား၊ သို့သော်လဲ စာထဲပါတဲ့အတိုင်းတော့ ဟောရမယ်၊ ရဟန္တာလဲ ဖြစ်ရော ရုက္ခစိုးကြီးက အပြင်ဘက်ကနေပြီးတော့ လက်အုပ်ချီပြီးတော့—

> **နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။**
> **ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျာသိ မာရိသ။**[၁]
> **(လို့ ဒီလိုရှိခိုးတယ်)**

ပုရိသာဇည၊ ယောကျ်ားတို့ အာဇာနည် ဖြစ်တော်မူပါပေသော အရှင်ဘုရား။ ယဿတေ၊ အကြင်အရှင်ဘုရား၏။ အာသဝါ၊ အာသဝေါတရားတို့သည်။

၁။ သုတ်မဟာဝါ၊ ဌ၊ ၃၇၀။ မူလပဏ္ဏာသ၊ ဋ၊ ပ၊ ၂၉၇။ မဟာဝဂ္ဂ သံယုတ်၊ ဋ၊ ၁၉၇။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပ၊ ၃၉၄။ သမ္မော၊ ဋ၊ ၂၆၇။

ဒိဏ္ဏာ၊ ကုန်ခန်းပါကုန်ပြီ။ တဿတော၊ ထိုအာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူသော အရှင်ဘုရားအား။ အဟံ၊ ဘုရား တပည့်တော်သည်။ နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ပုရိသုတ္တမ၊ ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်ဘုရား။ ယဿတော၊ အကြင် အရှင်ဘုရား၏။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဝါ၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည်။ ခီဏာ၊ ကုန်ခန်းပါကုန်ပြီ။

တဿတော၊ ထိုအာသဝေါကုန်ခန်း ရဟန္တာဖြစ်သော အရှင် ဘုရားအား။ အဟံ၊ ဘုရားတပည့်တော်သည်။ နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ မာရိသ၊ ငါကဲ့သို့ရှုအပ်သော အို–အရှင်မြတ်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ ဒက္ခိဏေယျော၊ မွန်မြတ်သောအလှူကို ခံထိုက်တဲ့ အဂ္ဂဒက္ခိဏေယျ ပုဂ္ဂိုလ်သည်။ အသိ၊ ဖြစ်တော်မူပါပေ၏ ဘုရား။

လို့ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်ပြီးတော့–အရှင်ဘုရားကဲ့သို့သော ရဟန္တာ ပုဂ္ဂိုလ်ကို ဆွမ်းလှူရတဲ့အတွက် အမေကြီးများ ဝဠ်ဆင်းရဲမှ လွတ်မြောက်ကြပါ လိမ့်မယ်ဘုရားလို့ လျှောက်တယ်။

ပါတောယေဝါတိ ဥတ္တာ ပတ္တစီဝရ မာဒါယ ဂါမံ ပါဝိသိ။

ပါတောယေဝါတိ၊ စောသေးတယ်ဟု။ ဥတ္တာ၊ သိသဖြင့်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ဂါမံ၊ ရွာသို့။ ပါဝိသိ၊ ဆွမ်းခံဝင်တော်မူလေ၏။

ဟိုကျတော့ အမျိုးသမီးလေးကလဲ ဘယ်လိုလဲ–

ဣဒါနိ မေ ဘာတာ အာဂမိဿတိ၊ ဣဒါနိ အာဂမိဿတီတိ ဒွါရံ ဩလောကယမာနာ နိသီဒိ။

မေ၊ ငါ၏။ ဘာတာ၊ မောင်တော်ဖြစ်သော အဿုမိတ္တ မထေရ်သည်။ ဣဒါနိ၊ ယခုအခါ၌။ အာဂမိဿတိ၊ ကြွလာတော်မူလတံ့။ ဣဒါနိ၊ ယခု။ အာဂမိဿတိ၊ ကြွလာတော့မယ်။ ဣတိ၊ ဤသို့တွေးတောပြီး။ ဒွါရံ၊ တံခါးဝကို။ ဩလောကယမာနာ၊ ကြည့်လျက်။ နိသီဒိ၊ ဆွမ်းချိုင့် ကလေးနဲ့ရပ် တည်နေလေ၏။

အဿုမိတ္တ မထေရ်လဲ ကြွလာရော ကြည့်လိုက်တာ ဟို ခပ်လှပ်းလှမ်းမှာ အို–ဘယ်နှယ်ဖြစ်လာသလဲ၊ မနေ့ကနဲ့ မတူဘူး၊ အသားအရေတွေ သိပ်ပြီးတော့ ဝင်းဝင်းတောက်လာတယ်၊ ဣန္ဒြေလဲသိပ်ပြီး ကြည်လင်လာတယ်၊ ဆွမ်းကလေး လောင်းလိုက်ပြီးတော့–"သုခံ ဟောတု"လို့ ဆုပေးပြီးတော့ ကိုယ်တော်ကလေး ပြန်ကြွသွားတယ်။

အမေကြီးပြန်လာတဲ့အခါကျတော့ သမီး....သင့်မောင်တော် ဆွမ်းခံကြွလာရဲ့လား၊ လာတယ် အမေရေ့–မနေ့ကနဲ့ မတူဘူး၊ ဒီကနေ့ ဣန္ဒြေကလဲ သိပ်ကောင်းလာတယ်၊ ရုပ်အဆင်းလဲ သိပ်ပြီးကြည်လင်လာတယ် ဆိုတော့ အမေကြီးက ဘာပြောသလဲ–

ဟ–သမီး....ဒီလိုဆိုယင် နင့်မောင်ကလေး သာသနာ့ဘောင်မှာ ပျော်မွေ့ပြီးတော့ ရဟန်းကိစ္စပြီးတဲ့နေ့ဘဲ၊ ဒီကနေ့ ရဟန္တာဖြစ်ပြီလို့ အမေကြီးက ပြောတယ်၊ ချက်ချင်းအကျိုးပေးကြတယ်၊ ဆင်းရဲဒုက္ခက လွတ်ကြတယ်၊ဒါဟာ ပြည်သူတို့ရဲ့ဆွမ်းကို ဆွမ်းတုန့် အပူဇော်ပေးခြင်းဖြင့် တရားကြိုးစား အားထုတ်ခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ်ဖြစ်တဲ့ သက်သေ၊ အာရဒ္ဓဝီရိယပိုင်း။

တရားအားထုတ်ကြပါ ဒါကြောင့် မြတ်စွာဘုရားက နိဂုံးမှာ–သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် အရုဏဝတီသုတ် (နှာ–၁၅၉) မှာ နိဂုံးလေးဘာဟောခဲ့လဲဆိုတော့–နှစ်ဂါထာ ဟောကြအုံးစို့၊ ဒီဂါထာပြီးယင် ပြီးပါပြီ။

> အာရမ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
> ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
> ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
> ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

လို့ ဒီဒေသနာတော်ကို ဟောပါတယ်။

ဗုဒ္ဓသာသနေ၊ ကိလေသာမှူမှောင်လင်း၍ အကုသိုသိုလ်အညစ်အကြေးတွေ အကုန်ကင်းနိုင်တယ်ဆိုတဲ့ မြတ်စွာဘုရား၏ သာသနာတော်မြတ် အတွင်း၌။ အာရမ္ဘထ၊ အလုပ်ကောင်းတခု အစပြုပြီး ကြိုးစားပွားများ အာထုတ်ကြပါကုန်လော့။ နိက္ခမထ၊ ပျင်းရိခြင်းမှထွက်ကာ မပြတ်မလပ် အားထုတ်ကြပါကုန်လော့။ ယုဉ္ဇထ၊ တခုပြီးတခု တခုပြီးတခု ဆက်ကာဆက်ကာ ထပ်ကာထပ်ကာ ပွားများအားထုတ်ကြပါကုန်လော့။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူထရံဖြင့်ရက်ကာ ကျူထရံဖြင့်မိုးကာထားသော အိမ်ကို။ ဓုနာတိ ဣဝ၊ မှုန်မှုန်ညက်ညက်အင်အားဗလဖြင့် တိုက်ဖျက်ဘိသကဲ့သို့။ တုမှေ၊ သင်အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်။ (ဝီရိယဗလေန၊ ဝီရိယတည်းဟူသော အားအစွမ်းဖြင့်။) မစ္စုနော၊ သေမင်း၏။ သေနံ၊ စစ်သည်ကို။ ဓုနာထ၊ မှုန်မှုန်ညက်ညက် ဝီရိယတည်းဟူသောတရားဖြင့် တိုက်ဖျက်ကြပါ ကုန်လော့။

ယော၊ အာရဒ္ဓဝီရိယပုဂ္ဂိုလ်ဖြစ်သော အကြင်ပုဂ္ဂိုလ်သည်။ ဣမသ္မိံ ဓမ္မ-ဝိနယေ-ဣမသ္မိံ သာသနေ၊ဤမြတ်စွာဘုရား သာသနာတော်မြတ်၌။ အပ္ပမတ္တော၊ လုံ့လမပေါ့ မမေ့မလျော့သည်ဖြစ်၍။ ဝိဟာသတိ၊ ကြိုးစားအားထုတ် ဝီရိယနှင့် နေသည်ဖြစ်အံ့။ သော ဘိက္ခု၊ ကြိုးစားပွားများ အားထုတ်သော ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဇာတိ သံသာရံ၊ ခန္ဓာငါးပါး, အာယတနကဆဲ့နှစ်ပါးတို့၏ မပြတ်ဖြစ်နေတဲ့ သံသရာကြီးကို။ ပဟာယ၊ ပယ်စွန့်နိုင်သည်ဖြစ်၍။ ဒုက္ခဿ၊ ခန္ဓာငါးပါး ဒုက္ခ သစ္စာတရား၏။ အန္တံ၊ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ ကရိဿတိ၊ မုချမသွေ မျက်မှောက်ပြုနိုင်ပေလတံ့သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-ဒေသနာပိုင်း

သာသနာသက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄-ခုနှစ် တော်သလင်းလပြည့်ကျော် ၉-ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအတ်စေတီတော်ကြီးအတွင်းရှိ ဆိပ်ကမ်းလုပ်သား ဝိပဿနာဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ; ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌ လာသော မေဃိယသုတ္တန် ဒေသနာပိုင်း တရားဒေသနာ။

(စကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ရှင်မေဃိယမထေရ်ကို ဝိမုတ္တိပရိပါစနီယတရား ၅-မျိုးတို့ကိုဟောကြားခဲ့တဲ့အနက် လေးခုမြောက်ဖြစ်တဲ့ ဝိမုတ္တိပရိပါစနီယတရားကို လွန်ခဲ့တဲ့တနင်္ဂနွေနေ့က ဒီဓမ္မာရုံကြီးမှာ ဘုန်းကြီးတို့ ဟောကြားပြီးခဲ့ပါပြီ၊ ဒီကနေ့ ငါးခုမြောက်ဖြစ်တဲ့ ဝိမုတ္တိပရိပါစနီယတရားကို ဟောကြားဘို့အခွင့် ဆိုက်ရောက်လာပါတယ်။

ဝိပဿနာပညာဉာဏ်ခေါင်း ၎င်းငါးခုမြောက်ဖြစ်တဲ့ ဝိမုတ္တိပရိပါစနီယ တရားတော်ကို မြတ်စွာဘုရား ဘယ်လိုဟောကြားထားပါသလဲဆိုတော့—

> ပုန စ ပရံ မေဃိယ ဘိက္ခု ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ၊ အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ပဉ္စမော ဓမ္မော ပရိပါကာယ သံဝတ္တတိ။[၁]

မေဃိယ၊ ချစ်သားမေဃိယ။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးသော။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို ရှုပွားလိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ပညဝါ၊ ပညာနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ရ၏။ ဥဒယတ္ထဂါမိနိယာ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို ထိုးထွင်း၍သိနိုင်သော။ အရိယာယ၊ နီဝရဏအညစ်အကြေး အပြစ်ဘေးတို့မှ ကင်းလွတ်သောကြောင့် ဖြူစင်သော။ နိဗ္ဗေဓိကာယ၊ ကိလေသာအထုအခဲကို ဖောက်ခွဲဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော။ သမ္မာဒုက္ခက္ခယဂါမိနိယာ၊ ကောင်းစွာ ခန္ဓာဒုက္ခ, ကိလေသာဒုက္ခတွေကုန်ရာ နိဗ္ဗာန်သို့ရောက်စေတတ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

မေဃိယ၊ ချစ်သားမေဃိယ။ ပဉ္စမော၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ အယံဓမ္မော၊ ဤပညာတရားသည်။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှလွတ်ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ သံဝတ္တတိ၊ ကောင်းစွာမသွေဖြစ်ပါပေ၏။

မြတ်စွာဘုရားက ဝိမုတ္တိ ပရိပါစနီယတရားကို ဒီလို ပါဠိတော်မှာ ဟောပါတယ်၊ပဉ္စမမြောက် ဝိမုတ္တိပရိပါစနီယတရား၊ ဘာလဲ–ပညာ၊ ဝိပဿနာ လုပ်ငန်းကို အားထုတ်မဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက အဲဒီ ပညာ ရှိရမယ်၊ ပညဝါ ဟောတိ–ပညာရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်၊ ဘယ်လို ပညာမျိုးလဲ ဆိုတော့ အဋ္ဌကထာဆရာတော်က–

ဝိပဿနာ ပညာ "ပညဝါတိ ဝိပဿနာ ပညာယ ပညဝါ"။ ဝိပဿနာ ပညာရှိရမယ်တဲ့၊ လောကမှာ အသိ အတတ် အမျိုးမျိုးတွေ ရှိတယ်၊ အသက်မွေး ဝမ်းကျောင်းနဲ့ ပတ်သက်ပြီးတော့ ပြုလုပ်တဲ့ အတတ်ပညာမျိုး၊ နေမှု ထိုင်မှု သွားမှု လာမှု စားမှု သောက်မှုနဲ့ ပတ်သက်တဲ့အတတ်မျိုး၊ နေမှု ထိုင်မှု စားမှု သောက်မှုတွေကို ပြုလုပ်ဖန်တည်းတတ်တဲ့ အတတ်မျိုးဟာ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးက ပညာ မဟုတ်ပါဘူးတဲ့၊ သညာ–တဲ့၊ ဒါသညာ။

၁။ ဥဒါန်းပါဠိတော် နှာ-၁၁၉။

ပညာနဲ့ ပြည့်စုံရမယ်ဆိုတော့ ဒီပညာရဲ့ အင်္ဂါလက္ခဏာတွေကို ပါဠိတော်က ဘယ့်နှယ်ပြထားသလဲ–

“ဥဒယတ္ထဂါမိနိယာ အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ” လို့ ဝိပဿနာတရားအားထုတ်တဲ့ အမျိုးကောင်း သား, အမျိုးကောင်းသမီးများ ပြည့်စုံရမဲ့ပညာရဲ့ အင်္ဂါလက္ခဏာကို ဤသို့ လေးမျိုး ခွဲပြီးတော့ ပြထားပါတယ်၊ ဘယ်လိုပညာမျိုးနဲ့ ပြည့်စုံရမှာလဲ ဆိုတော့–

ဥဒယတ္ထဂါမိနိယာ၊ ရုပ်နာမ်ခန္ဓ သင်္ခါရတရားတို့၏ ဝိညာဉ်, နာမ်, ရုပ်၊ တနည်းပြောယင် စိတ်, စေတသိက်, ရုပ် လို့ခေါ်တဲ့ ဒိခန္ဓာတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ခွဲခြမ်းပြီးတော့ သိတဲ့ ပညာမျိုး၊ အဲဒီ ပညာမျိုးကလဲ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာလို့ ခေါ်တဲ့ ကိလေသာ အညစ်အကြေးတွေက ကင်းဝေးစင်ကြယ်ပြီးတော့ နေတဲ့ပညာမျိုး၊ ဖြူဖြူစင်စင် ကြည်ကြည်လင်လင်ပညာမျိုး။

နိဗ္ဗေဓိက–လောဘအထုအခဲ, ဒေါသအထုအခဲ, မောဟ အထုအခဲဖြစ်တဲ့ သက္ကာယဒိဋ္ဌိတည်းဟူသော အထုအခဲကြီးတွေကို ဖြိုခွဲဖျက်ဆီးခြင်းငှာ စွမ်းနိုင်တဲ့ ပညာမျိုး၊ ကိလေသာတရားအားလုံး ခန္ဓာတရားအားလုံးတို့ရဲ့ မရှိရာဖြစ်သော အသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာကို ဖြူဖြူဖြောင့်ဖြောင့် ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် လွယ်လွယ်ကူကူ ရောက်စေနိုင်တဲ့ ပညာမျိုးတဲ့။

ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံတဲ့ ပညာဟာ ဘာပညာမျိုးလဲ လို့ဆိုတော့ လောကီပညာမျိုးမဟုတ်ဘူး၊ ဈာန်နှင့်ယှဉ်တဲ့ ပညာမျိုးမဟုတ်ဘူး၊ အဘိညာဉ်တွေနဲ့ ကောင်းကင်ကိုပျံတယ်, မြေကြီးထဲခွဲဝင်သွားနိုင်တယ်, ရေပေါ်မှာအိပ်နိုင်တယ်, အသက်မရှူဘဲ အောင့်ထားနိုင်တယ် ဆိုတဲ့ ဈာန်တွေ,သမာပတ်တွေ, အဘိညာဉ်တွေနဲ့ ယှဉ်တွဲတဲ့ ပညာမျိုးမဟုတ်ဘူး၊ ဘာပညာမျိုးလဲ ဆိုတော့ ဝိပဿနာ ပညာတဲ့၊ ၎င်းဝိပဿနာပညာနဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ပြည့်စုံရမယ်။

ဝိပဿနာပညာဆိုတာ ဘယ်လိုအင်္ဂါတွေနဲ့ ပြည့်စုံရမလဲ–ရုပ်နာမ်ခန္ဓ သင်္ခါရတရားရဲ့ – ဖြစ်ခြင်းပျက်ခြင်းကို ခွဲခြားသိရမယ်၊ ကိလေသာ အညစ်အကြေး အပြစ်ဘေးတို့မှ ကင်းဝေးစင်ကြယ်ရမယ်၊ ဒိဋ္ဌိ,တဏှာ,အဝိဇ္ဇာ စတဲ့ ကိလေသာ အထုအခဲကြီးတွေကို ဖြိုခွဲဖျက်ဆီးနိုင်တဲ့ပညာမျိုးဖြစ်ရမယ်၊ကိလေသာ ခန္ဓာတွေ ကုန်ပြီးတော့ သန္တိသုခဖြစ်တဲ့နိဗ္ဗာန်ကို ဖြူဖြူဖြောင့်ဖြောင့်ရောက်နိုင်တဲ့ပညာမျိုး ဖြစ်ရမယ်၊ အဲဒီပညာဟာ ဝိပဿနာပညာပါဘဲတဲ့၊ ဝိပဿနာပညာမှာ ဒီအင်္ဂါလေးပါး ခြံရံပြီးနေပါတယ်။

ဝိပဿနာပညာဖြစ် နိုင်တဲ့ အချိန်ကာလ

ဒါဖြင့် ဒီဝိပဿနာပညာကို ဘုန်းကြီးတို့ ပရိသတ်သိဘို့အတွက် မြတ်စွာဘုရား ဟောပေး ထားတဲ့ ပါဠိတော်များမှ ထုတ်နုတ်ပြီးတော့ ဝိပဿနာပညာကို ဒီတရားပွဲမှာ ဟောပေးရမယ်၊ ဝိပဿနာပညာဆိုတာ ဒီ ဝိပဿနာပညာဟာ ဘယ်အချိန်မှာ ရှိသလဲဆိုတော့—ဥပရိပဏ္ဏာသအဋ္ဌကထာမှာ ဘာပြောထားသလဲလို့ဆိုတော့—

သဒ္ဓါဒယော ဟိ ပဉ္စဓမ္မာ ဗဟိရသမယသ္မိမ္ပိ ဟောန္တိ၊ ဝိပဿနာဉာဏံ သာသနသ္မိံယေဝ။[၁]

သဒ္ဓါဒယော၊ သဒ္ဓါအစရှိကုန်သော။ ပဉ္စဓမ္မာ၊ ငါးမျိုးသောတရားတို့သည်။ ဗဟိရသမယသ္မိမ္ပိ၊ သာသနာမရှိတဲ့ ဗာဟိရကာလ သမယ၌လည်း။ ဟောန္တိ၊ ရှိနိုင်ကုန်၏။ ဝိပဿနာဉာဏံ၊ ဝိပဿနာ ပညာဉာဏ်သည်။ သာသနသ္မိံယေဝ၊ သာသနာတော်တွင်း၌သာလျှင်။ အတ္ထိ၊ ရှိနိုင်၏။

ဝိပဿနာ ပညာမျိုးလို့ဆိုတာ သာသနာတော်တွင်းမှာမှ ရှိနိုင်တဲ့ ပညာမျိုး သာသနာတော်ရဲ့ပစ္စည်း၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက သာသနာ့အမွေကို ခံယူလိုတယ်ဆိုယင် ကိုယ်က ဝိပဿနာပညာကို ရအောင်ယူထားမှသာသနာတော်ရဲ့ အမွေပစ္စည်းကိုရမယ်။

ဝိပဿနာပညာဉာဏ် ဆိုတာဟာလဲဘဲ ဘယ်တော့ ထူထောင်ခွင့်ရသလဲ—သာသနာတော်နဲ့တွေ့မှ ထူထောင်ခွင့်ရတယ်၊ သာသနာပ အခါကာလမှာလေ ဘုန်းတော်ကြီးတို့ ဘုရားအလောင်းတော်ကြီးများ, ပစ္စေကဗုဒ္ဓါ အလောင်းတော်ကြီးများ, အဂ္ဂသာဝက-မဟာသာဝက အလောင်းတော် ကြီးများသည် သာသနာပအခါမှာလဲဘဲ သဒ္ဓါတွေ, ဝီရိယတွေ, သတိတွေ, သမာဓိတွေ, ပညာတွေနဲ့ ပြည့်စုံရတယ်။

အဲဒီ သာသနာပမှာပြည့်စုံတဲ့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာမျိုးကတော့ ရုပ်နာမ်တရားနှစ်ပါးတို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကိုလဲ ခွဲခြမ်းပြီးတော့ မသိနိုင်ဘူး၊ သက္ကာယဒိဋ္ဌိဟူသော ကိလေသာအထုအခဲကြီးတွေကိုလဲ ဖောက်ခွဲခြင်းငှာ မစွမ်းနိုင်ဘူး၊ ကိလေသာ အထုအခဲကြီးတွေကို ဖောက်ခွဲနိုင်တယ်ဆိုတဲ့ ပညာမျိုးဟာ ဝိပဿနာမျိုးဟာ ဒီလို သာသနာတွင်းမှာမှ ဖြစ်နိုင်ပါတယ်တဲ့။

ဟုတ်လဲ ဟုတ်ပါတယ်လေ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်ပါ၊ ဟို ဘုရားမပွင့်ခင်က အာဠာရ ရသေ့တို့, ဥဒက

၁။ ဥပရိပဏ္ဏာသ အဋ္ဌကထာ နှာ-၁၆။

ရသေ့တို့, ကာဠဒေဝီလ ရသေ့ကြီးတို့ဆိုတာ သမာဓိတန်ခိုး, ပညာတန်ခိုးတွေ ဘယ်လောက်ထက်သလဲ၊ သမာပတ် ရှစ်ပါးရောက်အောင် သမာဓိတန်ခိုးကထက်တယ်၊ ပညာတွေကလဲဘဲ အဘိညာဉ် တွေနဲ့ ပြည့်စုံအောင် တန်ခိုး ထက်တယ်၊ ရှေ့ကို ကမ္ဘာလေးဆယ် ပြန်ပြီးတော့မြင်တယ်၊ နောက်ကိုလဲ ကမ္ဘာလေးဆယ် မြင်တယ်။

ကာဠဒေဝီလ ရသေ့ကြီးများဆိုယင် သိဒ္ဓတ္ထမင်းသားကို ဘုရားဖြစ်လိမ့်မယ် သိတဲ့အသိဉာဏ်တောင် ရတယ်မဟုတ်လား၊ ဒီ အသိဉာဏ်မျိုးရပေမဲ့ ကိလေသာကို ဖောက်ခွဲခြင်းငှာ စွမ်းနိုင်တဲ့ ဝိပဿနာပညာမျိုး မဟုတ်တော့ သံသရာဝဋ်ဆင်းရဲက ခမျာမျာ မလွတ်ကြဘူး ဟုတ်လား၊ (မှန်ပါဘုရား) ဒီတော့ လောကီ တန်ခိုးတွေ အင်မတန် ကြီးမြင့်ပါတယ် ဆိုတဲ့ ရှေ့ကမ္ဘာ လေးဆယ်, နောက်ကမ္ဘာ လေးဆယ် ပြန်ပြီးတော့ မြင်နိုင်တယ်ဆိုတဲ့ အသိဉာဏ် ပညာမျိုး သည်ပင်လျှင် သာသနာတော်တွင်း ပစ္စည်းမျိုးမဟုတ်သေးဘူး။

ဒီတော့ သာသနာတော်တွင်း ပစ္စည်းကို ရအောင် ယူချင်ပါတယ် ဆိုယင် ဘာကိုရအောင်ယူမလဲ–(ဝိပဿနာပညာဉာဏ်ကိုပါဘုရား)ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက ဒီသုတ္တန်ဒေသနာတော်တွေကို နာပြီးတော့ ဒီ ဝိပဿနာ ပညာဉာဏ်ကို ရအောင် ယူကြပါ၊ ပွားများကြပါ၊ အားထုတ်ကြပါ၊ ရိပ်သာ အသီးသီး သွားပြီးတော့ အရေး အားထုတ်ကြပါလို့ တိုက်တွန်းပါတယ်။

သာသနာတော်တွင်းမှာမှ ရနိုင်တဲ့ပစ္စည်းမျိုး၊ ကိုယ်က သာသနာတော်တွင်းမှာ ဘယ်လောက်ကြာကြာ နေရမလဲ- ကိုယ့်တသက်ဘဲ နေရမယ်၊ သာသနာတော်နှစ်ပေါင်း ငါးထောင်လို့ဆိုပေမဲ့ ကိုယ်က နှစ်ပေါင်း ငါးထောင်ထိအောင် မနေရဘူး၊ ဘယ်လောက်နေရမလဲ–အသက်တရာ နေရတဲ့လူဟာ သာသနာတွင်းမှာ နှစ်ပေါင်းတရာဘဲ နေရမယ်–နော်၊ (မှန်ပါ)

ဒီတော့ သာသနာတော်တွင်းနဲ့ ကြုံမှရနိုင်တယ်ဆိုတဲ့ ပစ္စည်းမျိုးကို သာသနာတော်နဲ့ ကြုံတဲ့အခါကလေးမှာ ရအောင်ယူထားဘို့ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား) ယူကော ယူကြမှာလား၊ (ယူကြမှာပါဘုရား) ယူကြရမယ်၊ အဲဒီ ဝိပဿနာ ပညာ ဉာဏ်တွေ အသိဉာဏ် တွေကိုရအောင် ယူထားကြရမယ်၊ အဲဒီ ဝိပဿနာပညာဉာဏ်တွေ အသိဉာဏ်တွေ ရသွားတဲ့ပုဂ္ဂိုလ်ဟာ သာသနာတွင်းမှာမှ ရနိုင်တဲ့ သာသနာ့အမွေ ပစ္စည်းတွေ ရသွားတာဘဲ–တဲ့။

ဒါနမှု, သီလမှု, ဘာဝနာမှုဆိုတာ သာသနာပမှာလဲ လုပ်ရတယ်၊ သမထမှု သမာဓိမှုတွေကော ဘယ်လောက်ထိလုပ်နိုင်သလဲ–အခုနင်က ဘုန်းကြီးတို့ပြောခဲ့

တဲ့ သမာပတ်ရှစ်ပါးထိအောင် လုပ်နိုင်တယ်၊ အဘိညာဏ်တွေထိအောင်လုပ်နိုင်တယ်၊ ဒါပေမဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ကို ခွဲခြမ်းပြီးသိနိုင်တဲ့ အသိဉာဏ်ပညာမျိုးကတော့ဖြင့် အဲဒီ သာသနာပ ပညာမျိုးနဲ့ သာသနာပ သမာဓိနဲ့ မရနိုင်ဘူးတဲ့။

သာသနာတော်တွင်းမှာသာဖြစ်တဲ့ ဝိပဿနာပညာမျိုးနဲ့သာ ကိလေသာကို ဖောက်ခွဲပစ်နိုင်တဲ့ ဝိပဿနာပညာဉာဏ်မျိုးကို ရနိုင်ပါတယ်၊ ဒါကြောင့် သာသနာတော်တွင်းမှာမှ ရနိုင်တဲ့ပစ္စည်းမျိုး ဖြစ်တဲ့အတွက် သာသနာတော်နဲ့ ကြုံကြိုက်နေကဲ့အခါမှာ ဒီပစ္စည်း ဒီပညာမျိုးကို ရအောင်ယူကြပါ။

လောကီပညာ ဒုက္ခမကင်း လောကအတတ်ပညာတွေထက် သူကပိုပြီးတော့ အရေးကြီးတယ်၊ ယခုသင်ကြားနေကြတဲ့လောကအတတ်ပညာတွေဟာ သိပ္ပံတွေဆိုပါတော့၊ ဟို-လပေါ်သွားနိုင်တယ်, နေပေါ်သွားနိုင်တယ်ဆိုတဲ့ ဒီပညာရပ်တွေက သာသနာမရှိတဲ့ အခါမှာလဲ အရသားဘဲ၊ ဟို-အရင်အပတ်တုန်းက ဟောခဲ့ပြီးတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုလဲ- အဘိညာဉ်တွေနဲ့ သမာပတ်တွေနဲ့ နေတွေကိုကိုင်နိုင်တယ်, လတွေကို ကိုင်နိုင်တယ်လို့ မပြောဘူးလား-သူ၊ (ပြောပါတယ်ဘုရား)

နေပေါ်သွားနိုင်တယ်, လပေါ်သွားနိုင်တယ်လို့ မပြောဘူးလား၊ (ပြောပါတယ်ဘုရား) အဲဒီလိုပြောပေမဲ့ ဒီပုဂ္ဂိုလ်ဟာ ဝိပဿနာပညာနဲ့ မပြည့်စုံတော့ သိပ်ကြာကြာမခံဘူး၊ တော်တော်ကြာတော့ ပျက်စီးပြီးတော့ ခန္ဓာဝန်ကိုပြန်ပြီး ထမ်းဆောင်ရပြီး ဒုက္ခရောက်ပြန်တာဘဲ။

ဝိပဿနာ ပညာမျိုးကတော့ သံသရာဝဋ်ဆင်းရဲက အဟုတ်ကို လွတ်နိုင်တဲ့ ပညာမျိုးဖြစ်တဲ့အတွက် ဒီ ဝိပဿနာပညာမျိုးရအောင် တို့ကြိုးစားထူထောင်မှဘဲလို့ နှလုံးသွင်းပြီးတော့ ကြိုးစားအားထုတ်ကြစမ်းပါ။

ခန္ဓာကိုယ်၌ ဖြစ်ပျက်တရား ၂-ပါး ဘာလဲ-ဝိပဿနာဉာဏ်ဆိုတာ ဒီဃနိကာယ်သီလက္ခန္ဓဝဂ် သာမညဖလသုတ္တန်မှာ ဝိပဿနာဉာဏ်ကို မြတ်စွာဘုရား ဘယ်လိုဟောသလဲဆိုတော့—

အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒန ပရိမဒ္ဒနဘေဒန ဝိဒ္ဓံသနဓမ္မော၊ ဣဒဉ္စ ပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓန္တိ။[၁]

၁။ သီလက္ခန်ပါဠိတော် နှာ—၇၂။

ဒီလိုဟောပါတယ်။ မေ၊ ငါ၏။ အယံကာယော၊ အလျားတလံ အနံ တထွာရှိသော ဤခန္ဓာကိုယ်သည်။ ရူပီ၊ ရုပ်ရှိ၏။ စာတုမဟာဘူတိကော၊ ဓာတ်ကြီးလေးပါးဖြင့်ပြီး၏။ မာတာပေတ္တိကသမ္ဘဝေါ၊ အမိအဖနှစ်ပါးတို့ရဲ့ ဥတုတည်းဟူသော သွေးကြောင့်ဖြစ်၏။ဩဒနကုမ္မာသူပစယော၊ ထမင်း, မယောမုံ့တို့ဖြင့် စည်ကားကြီးပွားရှုလာခဲ့၏။ ဝါ၊ တနည်းကား။ မေ၊ ငါ၏။ ရူပီ၊ ရုပ်ရှိသော။ စာတုမဟာဘူတိကော၊ ဓာတ်ကြီးလေးပါးဖြင့် ပြီးသော။ မာတာပေတ္တိကသမ္ဘဝေါ၊ အမိအဖတို့ရဲ့ ဥတုတည်းဟူသော သွေးကြောင့်ဖြစ်သော။ ဩဒနကုမ္မာသူပစယော၊ ထမင်းမုံ့တို့ဖြင့် စည်ကားကြီးပွားရှုလာသော။ အယံကာယော၊အလျားတလံ အနံတထွာရှိသော ဤခန္ဓာကိုယ်ရုပ်သည်။

အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသနဓမ္မော၊ မမြဲခြင်းသဘော, နံ့သာ- အဝတ်အစားတို့ဖြင့် ဖုံးလွှမ်းပွတ်တိုက်ခြယ်လှယ်၍ ပေးရခြင်းသဘော, ညောင်းညာ နာကျင်ကိုက်ခဲသည် ဖြစ်သောကြောင့် နင်းနှိပ်ပြုပြင်ပေးရခြင်းသဘော, ပျက်စီးခြင်းသဘော, ပြိုကွဲခြင်းသဘောရှိ၏။ မေ၊ ငါ၏။ ဣဒဉ္စ ပန ဝိညာဏံ၊ ဤသိမှုခေါ်တဲ့ ဝိညာဉ်သည်လည်း။ ဧတ္ထ၊ ဤရုပ်တရား ၌။ သိတံ၊မှီ၍နေ၏။ ဧတ္ထ၊ ဤရုပ်တရား၌။ ပဋိဗဒ္ဓံ၊ စပ်ယှဉ်၍နေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သင်္ခါရတရားတို့၏ အချက်ကို သိ၏။

ဟောဒါ ဝိပဿနာဉာဏ်ပါတဲ့၊ ဘယ်လိုလဲ-အလျားတလံ အနံတထွာရှိတဲ့ မိမိရဲ့ ခန္ဓာကိုယ်ရုပ်တခုလုံးကို ပြန်ပြီးတော့ သုံးသပ်လိုက် ခြုံကြည့်လိုက်၊ အလျားကိုတိုင်းကြည့်ယင် တလံလောက်ရှိတယ်၊ အနံကိုကြည့်မယ်ဆိုယင် ဘယ်လောက်ရှိသလဲ-(တထွာပါဘုရား)တထွာရှိတယ်၊ ပြောရိုးပြောစဉ်က အလျားတလံ,အနံတထွာလို့-ဒီလိုရှိတယ်မဟုတ်လား၊ ဒါ ပြောရိုးပြောစဉ် အရ ပြောလိုက်တဲ့စကားပါ။

ဒီတော့ ဘယ်လိုဘဲဖြစ်ဖြစ် ခေါင်းကခြေဆုံး ဒီခန္ဓာတကိုယ်လုံးကို အလျားရော, အနံရော ကြည့်ပြီးတော့ သုံးသပ်ထားလိုက်ပါတဲ့ -- ဝိပဿနာဉာဏ်က၊ သုံးသပ်လိုက်တော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပဌမ ဘယ့်နှယ်တွေ့ထားသလဲဆိုတော့ သတ္တဝါတယောက်, လူတယောက်လို့ ဒီလိုဘဲတွေ့လိုက်တယ်မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)

အဲဒီလို သတ္တဝါတယောက် လူတယောက်လို့ တွေ့ထားတဲ့ အလျားတလံ, အနံတထွာရှိတဲ့ ဒီတရားကြီးထဲမှာ ဘာတွေရှိသလဲလို့ ကြည့်လိုက်တော့-

(၁) ရူပီ-ရုပ်တရားတွေရှိတယ်၊ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)

(၂) စာတုမဟာဘူတိကော—ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ရှိပီ, စာတုမဟာဘူတိကော-ဘယ်နှစ်ပါးရပလဲ၊ (နှစ်ပါးရပါပြီဘုရား) လက်ကလေးတွေချိုးထားကြ၊ ဒါဖြင့် အဲဒီရုပ်ကြီးဘယ်ကလာတာ လဲလို့ ဆိုတော့—

(၃) မာတာပေတ္တိကသမ္ဘဝေါ-အမိအဖနှစ်ပါးတို့ရဲ့ ဥတုလို့ခေါ်တဲ့ သွေး နှစ်ခုပေါင်းစပ်လို့ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးတဲ့၊ ဟုတ်မဟုတ် ဘုန်း ကြီးတို့ ပရိသတ်ဘယ်နှယ်ပြောမလဲ၊ (ဟုတ်တယ်လို့ ပြောပါတယ် ဘုရား) ဒါဟာ မငြင်းနိုင်ဘူး–နေ၁်၊ (မှန်ပါဘုရား)ဘယ် နှစ်ချက် ရသွားပလဲ၊ (သုံးချက်ပါဘုရား) အဲဒီ အမိအဖနှစ်ပါးတို့ရဲ့ ဥတု တည်းဟူသော သွေးနှစ်ခုပေါင်းစပ်လိုက်တာက ဘယ်လောက်များ သလဲ-ယင်ယယ်တကောင် သောက်လောက်ရုံမျှတောင်မရှိဘူး။

ဧကီမည်သောသားကောင်ရဲ့ အမြီးဖျားကို အကြိမ်တရာ ချက် ထားတဲ့ ဆီထဲထည့်ပြီးတော့ အကြိမ်တတောင်ခါမှ အဖျားမှာ စုနေတာလေးလောက် ရှိတယ်ဆိုတော့ သေးသေးလေးဘဲမဟုတ် လား၊ (မှန်ပါ) အဲဒီသေးသေးလေးက နေပြီးတော့ အခုနင်က အလျားတလံ, အနံတထွာဆိုတဲ့ လူတကောင်လုံးကြီးဖြစ်လာအောင် ဒီခန္ဓာကိုယ်ကြီး ဘာဖြစ်လို့ကြီးပွားလာသလဲ။

(၄) ဩဒနကုမ္မာသူပစယော၊ ထမင်းမုံ့စသည်တို့ကို စားသောက်မျိုဝါး လို့ ကြီးပွားလာခဲ့၏၊ ဘယ်နှစ်ချက်တုံး၊ (လေးချက်ပါဘုရား)

(၅) ပြီးတော့ ဒီခန္ဓာကိုယ်က ကောင်းတဲ့အနံ့တွေ ထွက်သလား, မကောင်းတဲ့အနံ့တွေ ထွက်သလား၊ (မကောင်းတဲ့အနံ့တွေ ထွက် ပါတယ်ဘုရား) ဘယ်သူ့ခန္ဓာကိုယ်ကဘဲဖြစ်ဖြစ် မကောင်းတဲ့အနံ့ တွေ ထွက်တယ်- ချွေးနံ့၊ အဲဒီမကောင်းတဲ့အနံ့တွေကို ဖုံးလွှမ်း ဘို့အတွက် ဘာလုပ်ပေးရသလဲ-နံ့သာတို့ဖြင့် လိမ်းကျံခြယ်လှယ် ပွတ်တိုက်ပြီးတော့ ရေမိုးချိုး ဆပ်ပြာနဲ့တိုက်ပြီးတော့ ပေးရတဲ့ သဘောမရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

(၆) ပြီးတော့ ဒီခန္ဓာကိုယ် ဘယ့်နှယ်နေသေးသလဲ- နှင်းပါအုံးဟဲ့— ကြိတ်ပါအုံးဟဲ့-ကျောကအောင့်လို့, ရင်ကတောင့်လို့, ခြေသလုံး ကိုက်လို့နဲ့, ပေါင်ကိုက်လို့နဲ့ ဒီလို နှင်းနှိပ်ပေးရတဲ့ ပြုပြင်ပေး ရတဲ့ သဘောကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဘယ်နှစ်ခု ရသွားပလဲ၊ (ခြောက်ခုပါဘုရား)။

အဲဒီ ခြောက်ခုသည့် ဒီရုပ်တရားကြီးရဲ့ ဖြစ်တာကို ပြတဲ့အဖြစ် မြင်အောင် ကြည့်၊ ထမင်း, မုန့်တို့ဖြင့် စည်ကားကြီးပွားအောင် နေ့စဉ်ကျွေးပေမဲ့, အမြဲ တမ်း ရေချိုးပွတ်တိုက်ပေးနေပေမဲ့, အမြဲတမ်းပြုပြင်ပေးနေပေမဲ့, အမြဲတမ်း ဆေးသောက်နေပေမဲ့, ဒီခန္ဓာကိုယ်ဟာ တရွေ့တရွေ့ တရွေ့တရွေ့ တရွေ့ တရွေ့နဲ့ ပျက်စီးပြီးလာခဲ့သည် ဖြစ်သောကြောင့် ဟိုမနေ့က ခန္ဓာကိုယ်ရုပ် တရားတွေ ရှိသေးရဲ့လား၊ (မရှိတော့ပါဘူးဘုရား) နောက်လက ရုပ်တရား တွေ ရှိသေးရဲ့လား၊ (မရှိတော့ပါဘူးဘုရား) နောက်နှစ်က ရုပ်တရားတွေ ရှိသေးရဲ့လား၊ (မရှိတော့ပါဘူးဘုရား)။

ဖွားစကရုပ်တရားတွေ ဘယ်ရောက်ကုန်သလဲ၊ (ပျောက်ပျက်ကုန်ပါပြီဘုရား) အနိစ္စဟုတ်လား၊ ရှိနေတဲ့ခန္ဓာကိုယ်ကြီးကော ပြိုကွဲပျက်စီးခြင်းသို့ ရောက်မ လား, မရောက်ဘူးလား၊ (ရောက်မှာပါဘုရား) ဘေဒနဝိဒ္ဓံသန- ပြိုကွဲပျက်စီး မယ်-လို့ ဒီနှစ်ပုဒ်မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီ နှစ်ပုဒ်က ဘာကို ပြသလဲ- ခန္ဓာကိုယ်ကြီးရဲ့ အပျက်ကိုပြတယ်၊ အနိစ္စရယ်, ဘေဒနဝိဒ္ဓံသနရယ် ဆိုတဲ့ နှစ်ပုဒ်က ဘာပြသလဲ၊ (အပျက်ကိုပြပါတယ်ဘုရား)။

ရူပီ, စာတုမဟာဘူတိကော, မာတာပေတ္တိကသမ္ဘဝေါ, ဩဒနကုမ္မာသူပစ ယော, ဥစ္ဆာဒန, ပရိမဒ္ဒန-ဆိုတဲ့ ဒီခြောက်ပုဒ်က ဘာပြသလဲ၊ (အဖြစ်ကို ပြပါတယ်ဘုရား) ဒီတော့ ဒီရုပ်တရားကြီးကို ကြည့်လိုက်မယ်ဆိုယင် ဖြစ်တာ ရယ်, ပျက်တာရယ် ဒီနှစ်ခုဘဲရှိတယ်၊ အဲဒီနှစ်ပါးကိုမြင်အောင်ကြည့်ရင် ဒါ ဝိပဿနာဉာဏ်တဲ့-နော်။

ဒီလို အခုပြောခဲ့တဲ့အတိုင်း ဖြစ်တဲ့အခြင်းအရာက ဘယ်နှစ်ပါးလဲ၊ (ခြောက် ပါးပါဘုရား) ပျက်တဲ့ အခြင်းအရာက ဘယ်နှစ်ပါးလဲ၊ (နှစ်ပါးပါ ဘုရား) အဲဒီလို ဖြစ်တဲ့အခြင်းအရာ ခြောက်ပါး, ပျက်တဲ့ အခြင်းအရာ နှစ်ပါးတို့ဖြင့် ဒီ ရုပ်တရားကို မြင်အောင်ကြည့်ပြီးတော့ နေယင် ဘာတုံး၊ (ဝိပဿနာပါဘုရား) ဝိပဿနာဉာဏ်-နော်၊ (မှန်ပါ)

ပထဝီရုပ်ခေတ်တရားများ ကောင်းပြီ-ဒီ ခန္ဓာကိုယ်မှာ ရူပီ-ရုပ်ရှိတယ်လို့ ပြောခဲ့ပြီးပြီ၊ ဘာရုပ်တွေရှိသလဲ ဆိုတော့ စာတု မဟာဘူတိကော-ပထဝီ, အာပေါ, တေဇော, ဝါယောလို့ ဒီခန္ဓာကိုယ်ကြီးထဲ မှာ ဒီ လေးမျိုးရှိသလား, မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ကိုင်း-ခွဲထုတ်ကြ ရအောင်၊ပဌမရှေးဦးစွာ ဘယ်သူ့ဆွဲထုတ်ရမလဲဆိုတော့ ပထဝီဆိုတဲ့ ရုပ်တရားကို ဆွဲထုတ်ကြရအောင်။

ဘယ်ပါဠိတော်ကနေပြီး ဆွဲထုတ်ရမလဲ ဆိုတော့- မူလပဏ္ဏာသပါဠိတော် မဟာဟတ္ထိပဒေါပမသုတ္တန် မှာလဲပါတယ်၊ ပြီးတော့-မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာရာဟုလောဝါဒ သုတ္တန်မှာလဲ ပါတယ်၊ ပြီးတော့-ဥပရိပဏ္ဏာသပါဠိတော် ဓာတုဝိဘင်္ဂသုတ္တန်မှာလဲပါတယ်၊ အခုဆွဲထုတ်မဲ့ ပထဝီဓာတ်ကို ဒီခန္ဓာကိုယ်ထဲက ဆွဲထုတ်ပုံ၊ ဘယ်လို ဆွဲထုတ်ထားသလဲ-ဆိုကြပါစို့၊ မဟာရာဟုလောဝါဒ သုတ္တန် ဘိက္ခုဝဂ်မှာ—

ယံကိဉ္စိ ရာဟုလ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ။

ရာဟုလ၊ ချစ်သားရာဟုလာ။ ယံကိဉ္စိ၊ အကြင်အမှတ်မရှိကစုံတခုသောရုပ် တရားသည်။ အဇ္ဈတ္တံ၊ မိမိရဲ့ အဇ္ဈတ္တသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ဖြစ်၏။ ကက္ခဠံ၊ ကြမ်းတမ်း၏။ ခရိဂတံ၊ ရှန့်ရှင်း၏။ ဥပါဒိန္နံ၊ တဏှာ ဒိဋ္ဌိတို့ဖြင့် စွဲ၍ ယူအပ်၏။

ဒီအပိုင်းကလေး အစိပ္ပါယ်ပြောမယ်၊ ချစ်သားရာဟုလာတဲ့-သင့်ရဲ့ အလျား တလံ အနံတထွာရှိတဲ့ ဒီခန္ဓာကိုယ် အစိတ်အပိုင်းကြီးထဲမှာ-တဲ့ ခက်မာကြမ်း တမ်းတဲ့ သဘောစုတွေကို ငါ, ငါ့ဥစ္စာလို့ စွဲယူထားတဲ့ သဘောသည် ရှိတယ်တဲ့-ခန္ဓာ ကိုယ်ကြီးထဲမှာ၊ မာတဲ့ သဘောလဲရှိတယ်၊ ငါ့ဥစ္စာ, ငါလို့ စွဲယူထားတဲ့ သဘောတွေ ဒီခန္ဓာကိုယ်ထဲမှာ ရှိတယ်၊ အဲဒါ ဘယ်သူတွေလဲဆို တော့-

သေယျထိဒံ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ။[၁]

ဘယ်နှစ်မျိုးထုတ်ပြလိုက်သလဲ-တဆဲ့ကိုးမျိုးထုတ်ပြလိုက်တယ်။

ဣဒံ၊ ဤ ငါ, ငါ့ဥစ္စာဟုစွဲယူအပ်သော ခက်မာတယ်ဆိုတဲ့ သဘောသည်။ သေယျထာ—ကတမံ၊ အဘယ် တရားနည်း။ (ခန္ဓာ ကိုယ်ထဲက ထုတ်ပြတယ်) ကေသာ၊ ဆံပင်ရင်း။ လောမာ၊ မွေးညှင်းရင်း။ နခါ၊ ခြေသဲလက်သဲရင်း။ ဒန္တာ၊ သွားရင်း။ တစော၊ အရေထူ အရေပါးရင်း။ မံသံ၊ အသားရင်း။ နှာရု၊ အကြောရင်း။ အဋ္ဌိ၊ အရိုးရင်း။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီရင်း။ ဝက္ကံ၊ အညှိရင်း။ ဟဒယံ၊ နှလုံးရင်း။ ယကနံ၊ အသည်းရင်း။ ကိလောမကံ၊ အမြှေးရင်း။ ပိဟကံ၊ အဖျဉ်းရင်း။ ပပ္ဖါသံ၊ အဆုတ်ရင်း။ အန္တံ၊ အူမရင်း။ အန္တဂုဏံ၊ အူသိမ်ရင်း။ ဥဒရိယံ၊ အစာသစ်ရင်း။ ကရီသံ၊ အစာဟောင်း ရင်းတည်း။

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ—၀၄။

ဘယ်နှစ်မျိုးလဲ၊ (တဆယ့်ကိုးမျိုးပါဘုရား) ဘာတွေလဲ–ဆံပင်, မွေးညှင်း, ခြေသဲလက်သဲ, သွား, အရေထူအရေပါး, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ အူသိမ်, အစာသစ်, အစာဟောင်း။

မတ္ထလုင်နှင့်အဋ္ဌိမိဉ္ဇဆိုဒါ ရှိသလား, မရှိဘူးလား– ဒီခန္ဓာကိုယ်ကြီးထဲမှာ၊ (ရှိပါတယ်ဘုရား) နောက်မှာ– "မတ္ထလုင်" ဆိုတဲ့ ဦးနှောက်ဆိုတာ ပါသေးတယ်မဟုတ်လား၊ ဒီပါဠိတော်မှာ ဦးနှောက်ဆိုတာ မပါဘူး၊ အခု ဘုန်းကြီးဟောခဲ့တဲ့ မဟာဟတ္ထိပဒေါပမသုတ်, နေပြီးတော့ အခုဟောနေတဲ့ ရာဟုလောပါဒသုတ်, ဓာတုဝိဘင်္ဂသုတ်မှာ "မတ္ထလုင်"မပါဘူး၊ "မတ္ထလုင်" က ဘယ်မှာသွားပါသလဲဆိုတော့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကျတော့"မတ္ထလုင်" ပါတယ်၊နောက်ပြီး ခုဒ္ဒကပါဌပါဠိတော်ကျတော့လဲ"မတ္ထလုင်"ဆိုတဲ့ ပါဠိပုဒ် ပါတယ်။

ဘာပြုလို့ ဒီ"မတ္ထလုင်"ပုဒ်ကို မထည့်သလဲဆိုတော့ ဟို–ဘုန်းကြီးတို့ မူလဋီကာမှာ ဘာရှင်းပြထားသလဲဆိုတော့–မတ္ထလုင်[1] ဆိုတဲ့ ဦးနှောက်ကို မထည့်ခြင်းဟာတဲ့ အဋ္ဌိမိဉ္ဇံ– ရိုးတွင်းခြင်ဆီကို ယူလိုက်သဖြင့် ဦးနှောက်လဲဘဲ ဦးခေါင်းအရိုးထဲမှာနေတဲ့ ခြင်ဆီသဘောမျိုးဖြစ်ခြင်းကြောင့် "အဋ္ဌိမိဉ္ဇံ"ဆိုတဲ့ ပုဒ်ထဲမှာ ဦးနှောက်လဲပါသွားပါတယ်–တဲ့၊ ဒါကြောင့် "မတ္ထလုင်"ဆိုတဲ့ ပုဒ်ကို သတ်သတ်သီးခြား မယူတော့ဘူးတဲ့– ဒီလိုပြောတယ်။

ခုဒ္ဒကပါဌ အဋ္ဌကထာတို့, အခုနင်က ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့ကတော့ဖြင့် ဒီအစဉ်အတိုင်းဘဲ မတ္ထလုင်ပုဒ်ကို ထည့်ပြီးတော့ဖွင့်သွားတယ်၊ ကဲဒါ ရှိပါစေ။

သမထနှင့်ဝိပဿနာ အခု တဆဲ့ကိုးမျိုး ထုတ်ပြလိုက်ပြီမဟုတ်လား၊ (မှန်ပါဘုရား) အဲဒီ တဆဲ့ကိုးမျိုးသောတရားသည် မိမိရဲ့ ခန္ဓာကိုယ်တွင်းမှာ ရှိနေသလား, ရှိမနေဘူလား၊(ရှိနေပါတယ်ဘုရား) ဒီရှိနေတယ်ဆိုတဲ့ တရားတွေကို သူ့အမည်အတိုင်း ရှုသွားမယ်ဆိုယင်–တဲ့ ဟို–သမ္မောအဋ္ဌကထာက ပြောထားတယ် သမထဖြစ်တယ်၊ "ဆံပင်, မွေးညှင်း, လက်သဲခြေသဲ, သွား, အရေထူအရေပါး" ဒီအတိုင်းရှောက်ရှုမယ်ဆိုယင် ဘာဖြစ်မလဲ (သမထဖြစ်ပါတယ်ဘုရား) ဒီတော့ ဝိပဿနာ· ဒီအတိုင်းရှောက်ရှုယင် ပဋိကူလဖြစ်တယ်၊ ပဋိကူလ–စက်ဆုပ်ရွံရှာဘွယ်။

၁။ မတ္ထလုင်ံ အဋ္ဌိမိဉ္ဇဂ္ဂဟဏေန ဂဟိတန္တိ ဇုမ ဝိသုံ နဝုတ္တန္တိ ဝေဒိတဗ္ဗံ။ မူလဋီကာ၊ ၂၊ ၄၂–ကိုရှု။

အဲ—မြတ်စွာဘုရားကိုယ်တော်မြတ်က အဲဒီ"ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု"စတဲ့ ဒီ–သုံးဆယ့်နှစ်မျိုးသော (မတ္ထလုင်္ဂဖြုတ်ပစ်ယင် သုံးဆယ့်တမျိုးသော)တရားတွေကို မြတ်စွာဘုရားဟာ ပဋိကူလ၏အစွမ်းအားဖြင့်လည်း ဟောတယ်၊ ဝိပဿနာ အစွမ်းအားဖြင့်လည်း ဟောတယ်၊ ပဋိကူလ၏အစွမ်းအားဖြင့် မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာလာတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသက ပဋိကူလ အစွမ်းအားဖြင့် ဟောတာ–သုတ်မဟာဝါ ပါဠိတော်မှာ။

အခုဟောတဲ့ မဟာဟတ္ထိပဒေါပမသုတ်, မဟာရာဟုလောဝါဒသုတ်, ဓာတုဝိဘင်္ဂသုတ်တို့ကျတော့ အဲဒီ သုံးဆယ့်နှစ်မျိုးသော (သို့မဟုတ် – သုံးဆယ့်တမျိုးသော) တရားစုတွေကို ဓာတ်၏အစွမ်းအားဖြင့် ဟောတယ်။

ပဋိကူလ၏ **အစွမ်းအားဖြင့်** ဟောတာသည် သမထ။
ဓာတ်၏အစွမ်း**အား**ဖြင့် ဟောတာသည် ဝိပဿနာ။

ဒါကြောင့် **အခု မဟာဟတ္ထိပဒေါပမသုတ်၊** သို့မဟုတ်–မဟာရာဟုလောဝါဒသုတ်မှာ—"ကေသာ **လောမာ** နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ"။ ဆံပင်, မွေးညှင်း, လက်သဲ ခြေသဲ, သွား, အရေထူ အရေပါး, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့, နှလုံး, အသဲ, အမြှေး, အဖျဉ်း,အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်းလို့ဆိုတဲ့ ဤတဆယ့်ကိုးမျိုးသော တရားတို့ကို ပထဝီဓာတ်အနေနဲ့ မြတ်စွာဘုရား ဟောတော်မူတယ်၊ ပထဝီဓာတ်-ရှိသလား, မရှိဘူးလား၊ (ရှိပါတယ်ဘုရား)

ဒါဖြင့် အခုပြောခဲ့တဲ့ တရားအားလုံးတို့ကို—ဆံပင်, မွေးညှင်း, လက်သဲ ခြေသဲ–စတဲ့ တရားအားလုံးတို့ကို ပဋိကူလအနေနဲ့ ရှုရမလား, ဓာတ်အနေနဲ့ ရှုရမလား၊ (ဓာတ်အနေနဲ့ ရှုရမှာပါဘုရား)ဓာတ်အနေနဲ့ ရှုဟော့ ဘာဓာတ်တဲ့လဲ၊ (ပထဝီဓာတ်ပါဘုရား) တွေ့ပြီမဟုတ်လား–ပထဝီဓာတ်တွေ အလျားဟာလံ, အနံတထွာရှိတဲ့ ခန္ဓာကိုယ်ထဲကနေပြီး ဒီ ပထဝီဓာတ်ကို ခွဲပြီးတော့ ထုတ်လိုက်။

ဒီသနိုကာယ်က "စာတုမဟာဘူတိကော"လို့ ဟောထားတယ်မဟုတ်လား၊ ဒီကိုယ်မှာ ဓာတ်ကြီးလေးပါးရှိတယ်လို့ ပြောထားတာ၊ ဒီ သုတ္တန်ဒေသနာတော်က ဓာတ်ကြီးလေးပါးကို ခွဲပြီးတော့ထုတ်တယ်၊ ပထဝီဓာတ်၊ ဘာဓာတ်တဲ့လဲ၊ (ပထဝီဓာတ်ပါဘုရား) ဘယ်လောက်ရှိသလဲ၊ (တခုရှိပါတယ်ဘုရား) တခုသာ၊ ဆံပင်ဆိုတာ ဘာတုံး၊ (ပထဝီဓာတ်ပါဘုရား) မွေးညှင်း ဆိုတာ၊

(ပထဝီဓာတ်) ခြေသဲ လက်သဲဆိုတာ၊ (ပထဝီဓာတ်) သွားဆိုတာ၊ (ပထဝီဓာတ်) အရေထူအရေပါးဆိုတာ၊ (ပထဝီဓာတ်ပါဘုရား) အကုန်လုံး တဆဲ့ကိုးပါး စလုံးဟာ ဘာတဲ့လဲ၊ (ပထဝီဓာတ်ပါဘုရား)။

အရေအတွက်ကတော့ဖြင့် တဆဲ့ကိုးခုရှိတယ်၊ ဝိပဿနာရှုဘို့ ဓာတ်အနေနဲ့ ဖော်လိုက်မယ်ဆိုယင် ဘယ်နှစ်ခုရှိသလဲ (တခုထဲပါဘုရား) ဘာဓာတ်တဲ့လဲ၊ (ပထဝီဓာတ်ပါဘုရား) ပထဝီဓာတ်–တွေ့ပလား၊ (တွေ့ပါပြီဘုရား) ဒီတော့ ဘုန်းကြီးတို့အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီ ခန္ဓာကိုယ်ထဲက နေပြီးတော့ ဆွဲထုတ်လိုက်တဲ့အခါမှာ အခုပြောခဲ့တဲ့ တဆဲ့ကိုးမျိုးသော တရားတွေကို ဆံပင်ကိုဆံပင်အတိုင်းဘဲ မြင်ရမလား၊ သို့မဟုတ် ဘယ့်နှယ်မြင်ရမလဲ၊ (ပထဝီဓာတ်သို့ပါဘုရား) ပထဝီဓာတ်ဆိုတာရုပ်တရား၊ ဘာတရားလဲ (ရုပ်တရားပါဘုရား)။

အတွင်းပထဝီဓာတ် အဋ္ဌကထာက အဲဒါလောက်ဘဲ ဟောလိုက်ပေမဲ့ ပါဠိတော်ကဘယ်လို သိမ်းကျုံး ပြောထားသလဲဆိုတော့–

"ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ။ အယံ ဝုစ္စတိ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတု"။[၁]

အညမ္ပိ၊ ပြဆိုအပ်ခဲ့ပြီးသောတဆဲ့ကိုးမျိုးသော ပထဝီဓာတ်မှ တပါးသော။ ကိဉ္စိ၊ တစုံတခုသော။ ယံဝါပန၊ အကြင်ရုပ်သည်ကား။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ဖြစ်၏။ ကက္ခဠံ၊ ကြမ်းတမ်း၏။ ခရိဂတံ၊ ရှန့်ရင်း၏။ ဥပါဒိန္နံ၊ ငါ, ငါ့ဥစ္စာဟု စွဲယူအပ်၏။ ရာဟုလ၊ ချစ်သားရာဟုလာ။ အယံ၊ ဤရုပ်တရားအားလုံးကို။ အဇ္ဈတ္တိကာ၊ မိမိ၏အဇ္ဈတ္တ သန္တာန်၌ဖြစ်သော။ ပထဝီဓာတု၊ ပထဝီဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

ဘုန်းကြီးတို့ပရိသတ် အခုနပြောခဲ့တဲ့ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ–စတဲ့ ဒီ သုံးဆယ့်တမျိုးက တဆဲ့ကိုးပါးသော ဆံပင်, မွေးညှင်း, ခြေသဲ လက်သဲ, သွား, အရေထူ အရေပါး–စသည်တို့ကို ဒါ ဘယ်သူလဲလို့ မေးယင် ငါလို့မပြောဘူးလား၊ (ပြောပါတယ်ဘုရား) ဒါ ဘယ်သူ့ ဆံပင်လဲဆိုတော့– (ငါ့ဆံပင်လို့ ပြောပါတယ် ဘုရား) ဟော–အဲဒါကြည့်၊ ငါလို့ ဆိုတာက ဒိဋ္ဌိ၊ ငါ့ဥစ္စာလို့ ပြောတာက တဏှာလို့ဆိုတော့ ဥပါဒိန္နရုပ်တွေ ဖြစ်ကရော။

ဥပါဒိန္နရုပ်လို့ဆိုတာ ယခု ဒီခန္ဓာကိုယ်မှာ ရှိနေတဲ့ရုပ်တွေကို ငါလို့ စွဲယင်, ငါ့ဥစ္စာလို့ဆိုယင် ဘာဖြစ်သွားလဲ၊ (ဥပါဒိန္နရုပ်ဖြစ်သွားပါတယ်ဘုရား) ငါ့ဥစ္စာ

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ–၈၄။

လို့ စွဲလိုက်ကတည်းက ငါပါ မနေဘူးလား၊ (ပါနေပါတယ် ဘုရား) ဒိဋ္ဌိစွဲ– တဏှာစွဲ၊ တနည်းပြောယင် ငါလို့စွဲတာက အတ္တ၊ ငါ့ဥစ္စာလို့ စွဲတာက အတ္တနိယ၊ အဲဒီ အတ္တ, အတ္တနိယကို စွဲထားပြီမဟုတ်လား၊ (မှန်ပါ)

ပထဝီဖြစ်တဲ့ ဓာတ်တရားအပေါ်မှာ တဏှာစွဲ, ဒိဋ္ဌိစွဲ စွဲထားပြီ၊ အသားဆိုင်လေးတွေ, အရေပြားတွေ, အကြောတွေ, အရိုးတွေ ကိုင်ကြည့် ပြီးတော့ ဒါဘယ်သူလဲ မေးယင်–ငါ၊ ဒါဘယ်သူ့ပစ္စည်းတွေလဲ–ငါ့ပစ္စည်း၊ ဘယ်သူ့ခြေထောက်လဲ–ငါ့ခြေထောက် စသည်ဖြင့် အဲဒီလို အကုန်လုံး ငါ့ဥစ္စာဘဲ ပြောတယ်၊ အကုန်လုံးစွဲတယ်။

အဲဒီလိုစွဲတာကို–ဥပါဒိန္န၊ တဏှာ, ဒိဋ္ဌိတို့ဖြင့်စွဲယူအပ်သော။ အညမ္ပိ၊ ပြဆိုခဲ့ပြီးသောတရားမှတပါးလည်းဖြစ်သော။ယံ ဝါ ပန ရူပံ၊အကြင်ရုပ်တရားသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ဖြစ်၏။ ကက္ခဠံ၊ ကြမ်းတမ်း၏။ ခရိဂတံ၊ ရှန့်ရင်း၏။ ရာဟုလ၊ ချစ်သားရာဟုလာ။ အယံ၊ ဤရုပ်တရားကို။ အဇ္ဈတ္တိကာ၊ မိမိသန္တာန်၌ဖြစ်သော။ ပထဝီဓာတု၊ ပထဝီဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

ဘာဓာတ်တဲ့လဲ၊ (ပထဝီဓာတ်ပါဘုရား) လူလား,ပထဝီဓာတ်လား၊(ပထဝီဓာတ်ပါဘုရား) သတ္တဝါလား, ပထဝီဓာတ်လား၊ (ပထဝီဓာတ်ပါဘုရား) ငါလား, ပထဝီဓာတ်လား၊ (ပထဝီဓာတ်ပါဘုရား) ဟော– ဒီတရားတွေကို ရှုနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ဖြစ်သလဲ– ဒီတရားအပေါင်းပေါ်မှာ ငါနဲ့ပထဝီဓာတ်နဲ့၊ကွဲမသွားဘူးလား၊(ကွဲသွားပါတယ်ဘုရား) လူနဲ့ ပထဝီဓာတ်နဲ့ ကော– (ကွဲသွားပါတယ်ဘုရား) သတ္တဝါနဲ့ ပထဝီဓာတ်မကွဲဘူးလား၊ (ကွဲသွားပါတယ်ဘုရား)အေး–သတ္တဝါနဲ့ ပထဝီဓာတ်နဲ့ ကွဲသွားယင်, ငါနဲ့ ပထဝီဓာတ်နဲ့ ကွဲသွားယင် ဝိပဿနာဉာဏ်၊ ဘာဉာဏ်လဲ၊ (ဝိပဿနာဉာဏ်ပါဘုရား)။

လူမဟုတ် ဒါဖြင့် ဒီပထဝီဓာတ်ကို ဘာလုပ်ရအုံးမလဲ– "ယာ စေဝ **ပထဝီဓာတ်သာ** ခေါ ပန အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာ စ ဗာဟိရာ ပထဝီ ဓာတု၊ ပထဝီဓာတုရေဝေသာ"။[၁]

ခေါပန၊ စင်စစ်သော်ကား။ အဇ္ဈတ္တိကာ၊ မိမိသန္တာန်၌ဖြစ်သော။ ယာစေဝ ပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်၎င်း။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်၎င်း။ အတ္ထိ၊ရှိ၏။ (ကိုယ့်သန္တာန်မှ ပထဝီဓာတ်တွေမရှိဘူးလား၊ (ရှိပါတယ်ဘုရား) အပြင်ဘက်က ပထဝီဓာတ်တွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီ ပထဝီဓာတ်နှစ်ခုကို သေသေချာချာ

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ–၈၄၊

ယှဉ်ပြီးတော့ကြည့်၊)“ပထဝီဓာတုရေဝေသာ” သော၊ ဤပထဝီဓာတ်အားလုံးသည်။ ပထဝီဓာတုရေဝ၊ ပထဝီဓာတ်မည်သည်သာလျှင်တည်း။

ဘာဓာတ်တဲ့လဲ၊ (ပထဝီဓာတ်ပါဘုရား) အဲဒီ ပထဝီဓာတ်ပေါ်ပြီမဟုတ်လား၊ လူလား, ပထဝီဓာတ်လား၊ (ပထဝီဓာတ်ပါဘုရား) ဟော-ပထဝီဓာတ်တွေပေါ်လာပြီ-ဟုတ်လား၊ လူပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား)သတ္တဝါပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား)အဲ-လူလဲပျောက်သွားပြီ၊ သတ္တဝါလဲပျောက်သွားပြီ၊ ဘာတွေကျန်နေတုံး၊ (ပထဝီဓာတ်ကျန်နေပါတယ်ဘုရား) ဒါဖြင့် ဒီပထဝီဓာတ်ကို ဘာလုပ်ရမလဲ—

တံ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။[၁]

တံ၊ ထိုပထဝီဓာတ်ကို။ ဧတံ၊ ဤပထဝီဓာတ်သည်။ မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာမဟုတ်။

ပထဝီဓာတ်ဟာ ကိုယ့်ဥစ္စာလား၊ (မဟုတ်ပါဘုရား) ကိုယ့်ဥစ္စာသာဆိုယင် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ခေါင်းပေါ်က ဆံပင် ရိတ်ပစ်လိုက်ယင် ဘယ်ထားလဲ၊ (လွှင့်ပစ်လိုက်ပါတယ်ဘုရား) အင်း—ကိုယ့်ဥစ္စာ ကိုယ်သိမ်းထားပါလား၊ ဘာပြုလို့ လွှင့်ပစ်သလဲ၊ (ကိုယ့်ဟာမဟုတ်လို့ပါဘုရား) သွားကျိုးတော့၊ (လွှင့်ပစ်ပါတယ်ဘုရား) လက်သဲလှီးပြီးတော့၊ (လွှင့်ပစ်လိုက်ပါတယ်ဘုရား)။

မုတ်ဆိတ်မွေးတို့, နှုတ်ခမ်းမွေးတို့, ဘာတို့ နှုတ်ပြီးတော့ကော၊ (လွှင့်ပစ်ပါတယ် ဘုရား)ဆံပင်လဲလွှင့်ပစ်တယ်၊ လက်သဲခြေသဲလှီးပြီးတော့လဲ လွှင့်ပစ်တယ်၊ သွားကျိုးတော့လဲ လွှင့်ပစ်တယ်၊ အရေပြားကလေး စုတ်သွားတော့လဲ ဒီအရေပြားကလေး ဘာလုပ်သလဲ၊ (လွှင့်ပစ်ပါတယ်ဘုရား) ဘာပြုလို့ စွန့်လွှတ်ပစ်လိုက်သလဲ၊ (ကိုယ့်ဟာ မဟုတ်လို့ပါ ဘုရား)။

ဧတံ၊ ဤပထဝီဓာတ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ ဧသော၊ ဤပထဝီဓာတ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်။ ဧသော၊ ဤပထဝီဓာတ်သည်။ မေ၊ ငါ၏။ အတ္တာ၊ သတ္တဝါကောင်, ဝိညာဉ်ကောင်, အသက်ကောင်, လိပ်ပြာကောင်သည်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဒဖောက်မပြန်ဟုတ်မှန်တိုင်း။ သမ္မပ္ပညာယ၊ ကောင်းသောဝိပဿနာ ပညာဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ-၈၄၊

ခတ်တရား၌ မနှစ်သက်

ဒါ ဘာတဲ့တုံး-ဝိပဿနာဉာဏ်၊ ဒီအတိုင်းဘဲရှုတယ်၊ "ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသ္ဝာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီဓာတုယာ စိတ္တံ ဝိရာဇေတိ"။

ဧဝံ၊ ဤသို့။ ဧတံ၊ ထိုပထဝီဓာတ်ကို။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်တိုင်း။ သမ္မပ္ပညာယ၊ ကောင်းစွာဝိပဿနာဉာဏ်ဖြင့်။ ဒိသွာ၊ ရှုလို့မြင်သည်ရှိသော်။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။နိဗ္ဗိန္ဒတိ၊ ငြီးငွေ့ရှုမုန်းဘွယ်ရာ နိဗ္ဗိန္ဒာဉာဏ်ပေါ်၏။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ စိတ္တံ၊ စိတ်ကို။ ဝိရာဇေတိ၊ တပ်နှစ်သက်ခြင်း ကင်းစေ၏။

ဒါမဂ်ဉာဏ်၊ "ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ"က ဝိပဿနာဉာဏ်၊ "ပထဝီဓာတုယာ စိတ္တံ ဝိရာဇေတိ"၊ တပ်နှစ်သက်ခြင်း ကင်းသွားယင် ဘာဉာဏ်တဲ့လဲ၊ (မဂ်ဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်-မဂ်ဉာဏ်၊ ပါဠိတော်မှာ ဒါဘဲဟောတယ်၊ ဒါပထဝီဓာတ်ပေါ်ပြီနော်၊ (မှန်ပါ) ကိုင်း–ပထဝီဓာတ်သာရှိသလား–ဒီပြင် ဘာဓာတ်ရှိသေးတုံး၊ (အာပေါဓာတ်ပါဘုရား)

ကတမာ စ ရာဟုလ အဇ္ဈတ္တိကာ အာပေါဓာတု။

ရာဟုလ၊ ချစ်သား ရာဟုလာ။ အဇ္ဈတ္တိကာ၊ မိမိသန္တာန်၌ ဖြစ်သော။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ကတမာစ၊ အဘယ်နည်း။

အာပေါဓာတ် တရားများ

အလျားတလံ့ အနံတထွာရှိတဲ့ ခန္ဓာကိုယ်ထဲက အာပေါဓာတ်ကို ဆွဲထုတ်ပါဦးတဲ့၊ ဒါဝိပဿနာဉာဏ်ခန်းကို ဟောနေတာနော်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီ ဝိပဿနာ ဉာဏ်ခန်း ကျတော့ ဟိုနေ့က ကိုရင်ကလေးလောက် စိတ်မဝင်စားတော့ဘူးမဟုတ်လား၊ (ဝင်စားပါတယ်ဘုရား) အင်း–အဇ္ဈတ္တိက-အာပေါဓာတ်ဆိုတာ ဘာလဲ–တဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သန္တာန်မှာ အာပေါဓာတ်တွေမရှိဘူးလား၊ (ရှိပါတယ်ဘုရား)ဘယ်မှာလဲ–ဒီ အာပေါဓာတ်၊ ကိုယ်ထဲကဆွဲထုတ်ပါအုံးတဲ့–ဝိပဿနာရှုဘို့၊ဘာလုပ်ဘို့လဲ (ဝိပဿနာရှုဘို့ပါ ဘုရား) ဆွဲထုတ်လိုက်တော့ ဘာတွေပေါ်လာသလဲ–

ယံ အဇ္ဈတ္တံ ပစ္စတ္တံ အာပေါ အာပေါဂတံ ဥပါဒိန္နံ။

ယံ၊ အကြင်ရုပ်တရားသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကို စွဲ၍ဖြစ်၏။အာပေါ၊ ဖွဲ့စည်းယိုစီး၏။အာပေါဂတံ၊ဖွဲ့စည်းယိုစီးခြင်းသို့ရောက်၏။ ဥပါဒိန္နံ၊ ငါ့, ငါ့ဉစ္စာဟု တဏှာ,ဒိဋ္ဌိတို့ဖြင့် စွဲ၍ယူအပ်၏။

ဟော-ဖွဲ့စည်းတဲ့ သဘောတရားတွေဟာ ဒီခန္ဓာကိုယ်မှာ ရှိပါတယ်တဲ့၊အဲဒီ ဖွဲ့စည်းယိုစီးတဲ့သဘောတရားတွေဟာ မိမိမှာမှီပြီးတော့ ဖြစ်တယ်၊မိမိခန္ဓာကိုယ် တွင်းက ထွက်လာတယ်၊ အဲဒါတွေကို ငါလို့လဲ စွဲထားတယ်၊ ငါ့ဥစ္စာလို့လဲ စွဲထားတယ်ဆိုတဲ့ ရုပ်တရားတွေ ရှိပါတယ်တဲ့—ဥပါဒိန္နရုပ်တွေ။

"သေယျထိဒံ"။ ဣဒံအယံ၊ဤ ငါ့,ငါ့ဥစ္စာလို့စွဲလမ်းတဲ့ ခန္ဓာကိုယ်တွင်းမှာ ဖြစ်လာတဲ့ အာပေါဓာတ်သည်။ သေယျထာ-ကတမာ၊ အဘယ်နည်း။ ဘာတဲ့လဲ—

> ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ
> ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

ပိတ္တံ၊ သည်းခြေရှင်း။ သေမှံ၊ သလိပ်ရှင်း။ ပုဗ္ဗော၊ ပြည်ရှင်း။ လောဟိတံ၊ သွေးရှင်း။ သေဒေါ၊ ချွေးရှင်း။ မေဒေါ၊ အဆီခဲရှင်း။ အဿု၊ မျက်ရည်ရှင်း။ ဝသာ၊ ဆီကြည်ရှင်း။ ခေဠော၊ တံတွေးရှင်း။ သိင်္ဃာဏိကာ၊ နှပ်ရှင်း။ လသိကာ၊ အစေးရှင်း။ မုတ္တံ၊ ကျင်ငယ်ရှင်းတည်း။

အဲဒါ အရေတွေ၊ ဒီခန္ဓာကိုယ်ထဲမှာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အခုပြောခဲ့တဲ့-သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်-ဒါတွေ ကိုယ်တွင်းမှာမရှိဘူးလား၊ (ရှိပါတယ်ဘုရား)အဲဒါ ဘယ်သူ့ပစ္စည်းတွေလဲ-ငါ့ဥစ္စာလို့ဘဲပြောတယ်၊ ငါ-ငါ့ဥစ္စာ ဟောဒီလိုစွဲထားတယ်၊ အဲဒီ-တဆယ့်နှစ်ပါးသော ဓာတ်တရားတွေက ဘာတွေလဲဆိုတော့—ဖွဲ့လဲ ဖွဲ့စည်းတယ်၊ ယိုလဲ ယိုစီးတယ်၊ အောက်ကို ယိုစီးကျသည် ဖြစ်သောကြောင့် သူတို့ကိုဘာလို့ခေါ်သလဲ—အာပေါဓာတ်။

အခုနက ပြောခဲ့တဲ့ "ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ"သူ့နာမယ်အတိုင်း ဖော်ပြီးတော့ ရှုနေမယ်ဆိုယင်-ပဋိကူလ ရှုပွားနည်း၊ ဓာတ်အနေအားဖြင့် ရှုမယ်ဆိုယင် ဝိပဿနာရှုပွားနည်း၊ ဘာဓာတ်တုံး-အာပေါဓာတ်၊ တဆဲ့နှစ်မျိုး ပြားနေပေမဲ့ အာပေါဓာတ်က တမျိုးထဲ၊ ပထဝီဓာတ် တမျိုး၊ အာပေါဓာတ် တမျိုး။

> ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ပစ္စတ္တံ အာပေါ အာပေါဂတံ
> ဥပါဒိန္နံ။ အယံ ဝုစ္စတိ ရာဟုလ အဇ္ဈတ္တိကာ အာပေါဓာတု။

အညမ္ပိ၊ တပါးလည်းဖြစ်သော။ အညမ္ပိ၊ ဆိုအပ်ခဲ့ပြီးသော တဆယ့်နှစ်မျိုးသောတရားမှ တပါးလည်းဖြစ်သော။ ကိဉ္စိ၊ တစုံတခုသော။ ယံပန၊ အကြင်ရုပ်တရားသည်လည်း။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ ဖြစ်၏။ အာပေါ၊ ဖွဲ့စည်း၏,ယိုစီး၏။ အာပေါဂတံ၊ ဖွဲ့စည်းခြင်း,ယိုစီးခြင်းသို့

ရောက်၏။ ဥပါဒိန္နံ၊ ငါ, ငါ့ဥစ္စာဟု ၊တဏှာ, ဒိဋ္ဌိတို့ဖြင့် ကပ်၍ယူအပ်၏။ ရာဟုလ၊ ချစ်သားရာဟုလာ။အဇ္ဈတ္တိကာ၊ အဇ္ဈတ္တိကသန္တာန်၌ဖြစ်သော။ အယံ၊ ဤတရားကို။ အာပေါဓာတု၊ အဇ္ဈတ္တိကအာပေါဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေ တော့၏။

ဒါ အဇ္ဈတ္တိကအာပေါရုပ်၊ ဒီခန္ဓာကိုယ်ထဲမှာ မရှိဘူးလား၊ (ရှိပါတယ် ဘုရား) အဲဒီအာပေါရုပ်ကို ဘယ့်နှယ်လုပ်ရမတုံး—

ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ အာပေါဓာတု၊ယာ စ ဗာဟိရာ အာပေါဓာတု၊ အာပေါဓာတု ရေဝေသာ။

ခေါ ပန၊ စင်စစ်သော်ကား။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာစေဝ အာပေါဓာတု၊ အကြင်အာပေါဓာတ်သည်ရှင်း။ ဗာဟိရာ၊ အပ သန္တာန်၌ဖြစ်သော။ ယာစ အာပေါဓာတု၊ အကြင်တွင်းရေ, အိုင်ထဲကရေ, မြစ်ထဲကရေသည်ရှင်း။ ဧသာ၊ ဤအာပေါဓာတ် နှစ်ပါးသည်။ အာပေါဓာတု ရေဝ၊ အာပေါဓာတ် မည်သည်သာလျှင်တည်း။

ဒီအဇ္ဈတ္တမှာရှိတဲ့ အာပေါဓာတ်, ဗဟိဒ္ဓမှာရှိတဲ့ အာပေါဓာတ်တွေကို ပေါင်းပြီးတော့ ဘာလုပ်ရမလဲ၊ (ရှုရမှာပါဘုရား) ဘယ့်နှယ်ရှုမလဲ—

"နေတံ မမ"။ ဧတံ၊ ထိုအာပေါဓာတ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ ချွေးထွက်လာတော့ ဘာလုပ်မလဲ၊ (စွန့်ပစ်ပါတယ်ဘုရား) သွေးထွက်လာတော့ကော (စွန့်ပစ်ပါတယ်ဘုရား) တံခွေးခွေ ထွက်လာတော့ ကော (စွန့်ပစ်ပါတယ်ဘုရား) နှပ်ထွက်တော့လဲ စွန့်ပစ်တယ်၊ မျက်ရေထွက် လဲ စွန့်ပစ်တယ်၊ ဘယ်သူမှသိမ်းမထားကြဘူး၊ အဲဒါ ကိုယ့်ဟာမို့လို့ စွန့်တာ လား, ကိုယ်ဟာမဟုတ်လို့ စွန့်တာလား၊ (ကိုယ့်ဟာမဟုတ်လို့ပါဘုရား)။

"နေ သော ဟမသ္မိ"။ ဧသော၊ ဤရုပ်တရားသည်။ အဟံ၊ ငါသည်။ န အသ္မိ၊ မဟုတ်။ ။"န မေသော အတ္တာ"။ ဧသော၊ ဤအာပေါရုပ်ဆိုတဲ့ သဘောသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တသဘောသည်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ သမ္မပ္ပညာယ၊ ကောင်း သောဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဒါ ဝိပဿနာပညာ- အာပေါဓာတ်၊ အဲ-ဒီလို အာပေါဓာတ်ကို ရှုတော့ ဘာဖြစ်မလဲ—

ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာပေါဓာတုယာ နိဗ္ဗိန္ဒတိ၊ အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

ဒီလိုရှုသွားယင်တဲ့ အာပေါဓာတ်ပေါ်မှာ ငြိမ်းငွေ့တဲ့ နိဗ္ဗိန္ဒဝိပဿနာဉာဏ် ပေါ်မယ်–ရှုယင်၊ မရှုယင်ကော၊ (မပေါ်ပါဘူးဘုရား) ရှုယင်– (ပေါ်မှာပါဘုရား) ဘယ်သူရှုရှုပေါ်တယ်–နော်၊ အမျိုးသားတွေရှုလဲ ပေါ်တယ်၊ အမျိုးသမီးတွေရှုလဲ ပေါ်တယ်၊ ရဟန်းတော်တွေရှုလဲ ပေါ်တယ်၊ သီလရှင်တွေရှုလဲ ပေါ်တယ်၊ ဘယ်သူရှုရှု ပေါ်တယ်။

ဒီလို နိဗ္ဗိန္ဒဉာဏ်ပေါ်လာယင် ဘယ်လိုဖြစ်မလဲ–

အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

အာပေါဓာတုယာ၊ အာပေါဓာတ်၌။ စိတ္တံ၊ မိမိရဲ့စိတ်သည်။ ဝိရာဇေတိ၊ ငါ့, ငါ့ဥစ္စာဟူသော စွဲလမ်းခြင်း, တပ်နှစ်သက်ခြင်းကင်းလေတော့၏။

ဒီ အာပေါဓာတ်ပေါ်မှာ ဘာပေါ်သလဲ၊ (မဂ်ဉာဏ်ပါဘုရား) အာပေါဓာတ်ပေါ်မှာ ရှုလိုက်တော့ ဝိပဿနာဉာဏ်လဲ ပေါ်လာတယ်၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ပေါ်လာတယ်၊ မဂ်ဉာဏ်ရယင် နိဗ္ဗာန်ကို အာရုံပြုလို့ရတယ်၊ ဒီ မဂ်ဉာဏ်ကိုမရသေးသရွေ့ကာလပတ်လုံးနိဗ္ဗာန်အာရုံပြုလို့ မရဘူး၊ဒါကြောင့် အဲဒီ အာပေါဓာတ်ကို ဝိပဿနာရှုပါတဲ့၊ ပြီးတော့ဘာဓာတ်လဲ–တေဇောဓာတ်။

တေဇောဓာတ်တရားများ "ကတမာ စ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓာတု" ချစ်သားရာဟုလာ....အဇ္ဈတ္တိက တေဇောဓာတ်ဆိုတာ ဘာလဲ–"ယံ အဇ္ဈတ္တံ ပစ္စတ္တံ တေဇော တေဇောဂတံ ဥပါဒိန္နံ"။

ယံ၊ အကြင်ရုပ်တရားသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကို စွဲ၍ဖြစ်၏။ တေဇော၊ လောင်မြိုက်၏, လောင်ကျွမ်း၏။ တေဇောဂတံ၊ လောင်မြိုက်ခြင်း, လောင်ကျွမ်းခြင်းသို့ ရောက်၏။ ဥပါဒိန္နံ၊ ငါ, ငါ့ဥစ္စာဟူ၍ တဏှာ ဒိဋ္ဌိတို့ဖြင့်ကပ်၍ ယူအပ်၏။

ဟော–အကြင် ရုပ်တရား ဒီခန္ဓာကိုယ်ထဲမှာရှိတယ်၊ အဲဒီ ရုပ်တရားက လောင်ကျွမ်းစေတတ်တဲ့ သဘောရှိတယ်၊ လောင်ကျွမ်းခြင်းသို့လဲ ရောက်တယ်၊ အဲဒီလို လောင်ကျွမ်းစေတတ်တဲ့သဘောရှိတဲ့ ရုပ်တရားကို ငါလို့လဲစွဲထားတယ်၊ ငါ့ဥစ္စာလို့လဲ စွဲထားတယ်၊ ဒါဖြင့် အဲဒီတရားက ဘာလဲ ဆိုတော့– "သေယျထိဒံ"။ ဣဒံ၊ ဤတရားသည်။ သေယျထာ–ကတမံ၊ အဘယ်နည်း။

ယေန စ သန္တပ္ပတိ၊ ယေန စ ဇီရိယတိ၊ ယေန စ ပရိဍယှတိ၊ ယေန စ အသိတပီတခါယိတသာယိတံ သမ္မာပရိဏာမံ ဂစ္ဆတိ။

ယေန စ၊ အကြင်ဓာတ်သဘောဖြင့်လည်း။ သန္တပ္ပတိ၊ ပူလောင်တတ်၏။ တော်ကြာ ပူလာလိုက်–တော်ကြာအေးလာလိုက်နဲ့ (အဲဒါသန္တပ္ပနတေဇော)

ယေနစ၊ အကြောင်ဓာတ်သဘောသည်လည်း။ အယံ ကာယော၊ ဤရှုပကာယကို။ ဇီရိယတိ၊ ရင့်ယော်စေအပ်၏။ (အဲဒါက ဇိရဏ တေဇော) ယေနစ၊ အကြောင်းဓာတ်သဘောလည်း။ အယံကာယော၊ ဤရှုပကာယကို။ ပရိဍယှတိ၊ လောင်ကျွမ်းအပ်၏။ ငယ်ငယ်က ရုပ်ကလေးတွေ မရှိအောင် လောင်ကျွမ်းပစ်တာ ဘယ်သူတုံး– (ဍာဟတေဇော) ယေန စ၊ အကြောင်းဓာတ်သဘောဖြင့်လည်း။ အသိတ ပီတခါယိတသာယိတံ၊ စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာသည်။ သမ္မာ၊ ကောင်းစွာ။ ပရိဏာမံ၊ ကြေညက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ (အဲဒါပါစကတေဇော)

ဟောဒီလေးမျိုး၊ အဲဒီလေးမျိုးသော တေဇောဓာတ်တွေကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်း သမီးတွေက ငါ့၊ ငါ့ဥစ္စာ၊ ဒီလိုဘဲ သိမ်းပိုက်ထားတယ်–တေဇော ဓာတ်ကို၊ ပူတာ ဘယ်သူ ပူသလဲ–ငါက ပူတယ်၊ အေးတာ ဘယ်သူ အေးသလဲ–ငါက အေးတယ်၊ ရင့်လာတာ ဘယ်သူလဲ–ငါဘဲ၊ ပျက်စီးသွားတော့လဲ–ငါပျက်စီးသွားတယ်၊ ဟော–ငါ့၊ ငါ့ဥစ္စာလို့စွဲထားတယ်။

ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ပစ္စတ္တံ တေဇော တေဇောဂတံ ဥပါဒိန္နံ။ အယံ ဝုစ္စတိ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓာတု။

အညမ္ပိ၊ အခုပြောခဲ့တဲ့ လေးမျိုးမှ တပါးသော။ ကိဉ္စိ၊ တစုံ တခုသော။ ယံဝါပန၊ အကြောင်ရုပ်တရားသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ဖြစ်၏။ တေဇော၊ လောင်မြိုက်တတ်၏။ တေဇောဂတံ၊ လောင်မြိုက်ခြင်းသို့ရောက်တတ်၏။ ဥပါဒိန္နံ၊ တဏှာဒိဋ္ဌိတို့ဖြင့်ကပ်၍ ယူအပ်၏။ ရာဟုလ၊ ချစ်သားရာဟုလာ။ အယံ၊ ဤတရားအားလုံးကို။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ တေဇောဓာတု၊ တေဇောဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ပေါ်ပြီမဟုတ်လား–တေဇောဓာတ်၊ ဒီ ခန္ဓာကိုယ်မှာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အေးတဲ့သဘော၊ (ရှိပါတယ်ဘုရား) ပူတဲ့သဘော၊ (ရှိပါတယ်ဘုရား) လောင်မြိုက်တဲ့သဘော၊ (ရှိပါတယ်ဘုရား) ရင့်ကျက်စေတဲ့ သဘော၊ (ရှိပါတယ်ဘုရား) စားသောက်လိုက်တဲ့ အစားအသောက်တွေကို ကြေညက်စေတဲ့သဘော၊ (ရှိပါတယ်ဘုရား) အဲဒါ တေဇောဓာတ်လေးမျိုး။

အဲဒီ တေဇောဓာတ်လေးမျိုးမှတပါး တခြားသောကြွင်းကျန်နေတဲ့ တရား တွေရှိယင် မိမိသန္တာန်မှာ လောင်မြိုက်စေတဲ့သဘော ကျန်နေသေးယင် သူလဲ အဇ္ဈတ္တိကတေဇောဘဲ၊ အဲဒီ တေဇောဟာ ဗဟိဒ္ဓမှာလဲ ရှိတယ်၊ ဗဟိဒ္ဓက ဘယ်လိုလဲ–

ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ တေဇောဓာတု၊ ယာ စ ဗာဟိရာ တေဇောဓာတု၊ တေဇောဓာတုရေဝေသာ။

ခေါ ပန၊ စင်စစ်သော်ကား။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာ စေဝတေဇောဓာတု၊ အကြင်တေဇောဓာတ်သည်၎င်း။ ဗာဟိရာ၊ အပသန္တာန်၌ ဖြစ်သော။ယာစတေဇောဓာတု၊ အကြင်တေဇောဓာတ်သည်၎င်း။ ဧသာ၊ ဤ တေဇောဓာတ်နှစ်ပါးသည်။ တေဇော ဓာတုရေဝ၊ တေဇောဓာတ် မည်သည် သာလျှင်တည်း။

ရေခဲက အေးမပြ ဘူးလား၊ (အေးပြပါတယ် ဘုရား) နေက မပူ ဘူးလား၊ (ပူပါတယ်ဘုရား) အဲဒီ အေးတာ, ပူတာတွေဟာ ဗာဟိရတေဇောဓာတ်တွေ၊ အဲဒီ ဗာဟိရတေဇောဓာတ်ရော–အဇ္ဈတ္တိက တေဇောဓာတ်ရော နှစ်ခုစလုံးပေါင်း လိုက်တော့ တေဇောဓာတ်တလုံးထဲရယ်၊ အဲဒီ တေဇောဓာတ်တလုံးကို ဘာလုပ် ရမလဲ။

တံ "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာတိ" ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

တံ၊ ထိုတေဇော ဓာတ်ကို။ ဧတံ၊ ဤတေဇော ဓာတ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ ဧသော၊ ဤတေဇောဓာတ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်။ ပူတဲ့သဘောနဲ့ ငါနဲ့တူရဲ့လား၊ (မတူပါဘူးဘုရား) အေး တဲ့သဘောနဲ့ ငါနဲ့ တူရဲ့လား၊ (မတူပါဘူး ဘုရား) အစာကြေတယ် ဆိုတဲ့ သဘောနဲ့ ငါနဲ့တူရဲ့လား၊ (မတူပါဘူးဘုရား) မတူတော့ ငါဟုတ်သေးရဲ့ လား၊ (မဟုတ်ပါဘူးဘုရား) ဧသော၊ ဤတေဇောရုပ်တရားသည်။ မေ၊ငါ၏။ အတ္တာ၊ အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်,သတ္တဝါကောင်သည်။ န၊ မဟုတ်။(နို–ဒီလို အသက်ကောင်,ဝိညာဉ်ကောင်, လိပ်ပြာကောင်, သတ္တဝါ ကောင်မဟုတ်ယင် ဘာတုံး၊ (တေဇောဓာတ်ပါဘုရား)

ဘယ်သူ့အတွက် ဒီတေဇောဓာတ်ရှိနေသလဲ–ဘယ်သူ့အတွက်မှ မဟုတ်ဘူး နော်၊ သူ့သဘောနဲ့သူဖြစ်၊ သူ့သဘော သူဆောင်နေတာ၊ ဘယ်သူ့အတွက် မှ ပူပေးနေတာ မဟုတ်ဘူး၊ ဘယ်သူ့ အတွက်မှ အေးပေးနေတာ မဟုတ်ဘူး၊ ဘယ်သူ့အတွက်မှ အစာတွေကြေချက်ပေးနေတာမဟုတ်ဘူး၊ဘုန်းကြီးတို့ပရိသတ် က အစာတွေ ကြေချက် ပေးနေတာကို ကိုယ့်အတွက် အောက်မေ့ နေကြတယ်၊ ဘယ်သူ့အတွက်မှ မဟုတ်ဘူး။

ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ တေဇောဓာတုယာ နိဗ္ဗိန္ဒတိ၊ တေဇောဓာတုယာ စိတ္တံ ဝိရာဇေတိ။

အဲဒီလို ယထာဘူတ ဟုတ်မှန်တဲ့ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးယင် တေဇော ဓာတ်ပေါ်မှာ ငြိးငွေ့တဲ့ ဝိပဿနာဉာဏ်ပေါ်မယ်၊ မတေဇောဓာတ်ပေါ်မှာ ငါ့၊ ငါ့ဥစ္စာလို့ စွဲလမ်းတဲ့အပြစ်ကင်းတဲ့ မဂ်ဉာဏ်ပေါ်လာမယ်၊ ဒါ ဝိပဿနာဉာဏ်။

ဝါယောဓာတ်တရားများ ကဲ-ဘာဓာတ် ကျန်သေးတုံး၊ (ဝါယောဓာတ်ပါ ဘုရား) ဝါယောဓာတ်ဆွဲထုတ် **ရှုအုံးမယ်**—ဒီ ခန္ဓာ ကိုယ်ထဲက ရှိ-မရှိကြည့်နော်၊ "ကတမာ စ ရာဟုလ အဇ္ဈတ္တိကာ ဝါယောဓာတု"။ ချစ်သားရာဟုလာ....အဇ္ဈတ္တိက ဝါယောဓာတ်ကဘာလဲ—

ယံ **အဇ္ဈတ္တံ** ပစ္စတ္တံ ဝါယော ဝါယောဂတံ ဥပါဒိန္နံ။

ယံ၊ အကြင်ရုပ်တရားသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကို စွဲ၍ဖြစ်၏။ ဝါယော၊ ထောက်ကန်ခြင်း၊ တွန်းကန် လှုပ်ရှားခြင်း သဘောရှိ၏။ ဝါယောဂတံ၊ ထောက်ကန်ခြင်း၊ တွန်းခြင်း လှုပ်ရှားခြင်း သဘောသို့ ရောက်၏။ ဥပါဒိန္နံ၊ တဏှာ၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်း၍ယူအပ်၏။

ဝါယောဓာတ်မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီတရားက ဘယ်နှစ်မျိုးလဲ—

ဝါယောဓာတ် ၆-မျိုး "သေယျထိဒံ"။ ဣဒံ၊ ဤထောက်ကန်ခြင်း တွန်းကန်ခြင်း ဆိုတဲ့ သဘောရှိသော ရုပ်တရားသည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။ "ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊ ကုစ္ဆိသယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အဿာသော ပဿာသော ဣတိ"။

ဘယ်နှစ်မျိုးလဲ၊ (ခြောက်မျိုးပါဘုရား)

ဥဒ္ဓင်္ဂမာ၊ အထက်သို့ဆန်တက်ကုန်သော။ ဝါတာ၊ လေတို့ရင်း။ အဓောဂမာ၊ အောက်သို့စုန်ဆင်းကုန်သော။ ဝါတာ၊ လေတို့ရင်း။ ကုစ္ဆိသယာ၊ ဝမ်းတွင်း၌တည်ကုန်သော။ ဝါတာ၊ လေတို့ရင်း။ ကောဋ္ဌာသယာ၊ အူ၌တည်ကုန်သော။ ဝါတာ၊ လေတို့ရင်း။ အင်္ဂမင်္ဂါနုသာရိနော၊ အင်္ဂါကြီးငယ်ကို လျှောက်၍သွားနေကြကုန်သော။ ဝါတာ၊ လေတို့ရင်း။ အဿာသောပဿာသောဣတိ၊ ဝင်လေထွက်လေတို့ရင်းတည်း။

ဘယ်နှစ်ခုလဲ၊ (ခြောက်ခုပါဘုရား)

အဲဒီ ခြောက်ခုကို ဓာတ်အနေနဲ့ ကြည့်လိုက်ယင် တွန်းကန်လှုပ်ရှားခြင်း ဆိုတဲ့ သဘောရှိသောကြောင့် ဝါယောဓာတ်-ဝါယောရုပ်၊ ဘယ်နှစ်မျိုးရသလဲ၊ (တမျိုးတည်းပါဘုရား) ပြီးတော့ အဿာသပဿာသကိုဘဲရှုရှု၊ အင်္ဂမင်္ဂါနုသာရိလေဘဲရှုရှု၊ အထက်ကိုလေတက်လာလို့ အေ့-လို့ လေတတ်လာတာ

ဘဲရှုရှု၊ အောက်ကိုသက်ဆင်းတဲ့လေဘဲရှုရှု၊ ရှုလို့မရဘူးလား၊ (ရပါတယ် ဘုရား) ရှုတော့ ဘယ့်နှယ်ရှုရမလဲ- ဝါယောဓာတ် ဝါယောရုပ် ဟုတ်လား၊ (မှန်ပါ)။

ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ပစ္စတ္တံ ဝါယော ဝါယောဂတံ ဥပါဒိန္နံ။

အညမ္ပိ၊ ယခုပြဆိုအပ်ခဲ့ပြီးသော ခြောက်မျိုးသော ဝါယောရုပ်မှတပါး သော။ ကိဉ္စိ၊ တစုံတခုသော။ ယံ ဝါ ပန၊ အကြင်ရုပ်တရား သည်လည်း။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်၏။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ဖြစ်၏။ ဝါယော ဝါယောဂတံ၊ တွန်းကန်လှုပ်ရှားတဲ့သဘောရှိ၏၊ တွန်းကန်လှုပ်ရှားတဲ့သဘောသို့ရောက်စေ၏။ ဥပါဒိန္နံ၊ ငါ့ ငါ့ဥစ္စာဟု စွဲလမ်းသိမ်းပိုက်၍ ယူထား၏။

ရာဟုလ၊ ချစ်သားရာဟုလာ။ အယံ၊ ဤတရားအားလုံးကို။ အဇ္ဈတ္တိကာ ဝါယောဓာတု၊ အဇ္ဈတ္တိကဝါယောဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

မရှိဘူးလား-ဝါယောရုပ်၊ အဇ္ဈတ္တိကဝါယောရုပ်။

ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ ဝါယောဓာတု၊ ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုရေဝေသာ။

အဇ္ဈတ္တိကာ၊ မိမိသန္တာန်၌ဖြစ်သော။ ယာစေဝ ဝါယောဓာတု၊ အကြင် ဝါယောဓာတ်သည်ရင်း။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစ ဝါယော ဓာတု၊ အကြင်ဝါယောဓာတ်သည်ရင်း။ (ပန်ကာက လေ, ယပ်တောင်ခပ်တဲ့ လေ, အရှေ့အနောက်တောင်မြောက်က တိုက်လာတဲ့လေ- ဒါ ဗဟိဒ္ဓဝါယော တွေမဟုတ်လား၊ (မှန်ပါ) အဲဒီ အဇ္ဈတ္တဝါယော, ဗဟိဒ္ဓဝါယော နှစ်ခုစလုံးကို ပေါင်းပြီးတော့-) သော၊ ဤအဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ခု၌ရှိသော ဝါယောရုပ် သည်။ ဝါယောဓာတုရေဝ၊ ဝါယောဓာတ်မည်သည်သာလျှင်တည်း။

ဝါယောဓာတ်ဘဲမဟုတ်လား-ဝါယောရုပ်၊ ပေါင်ပြီမဟုတ်လား၊ (ပေါင်ပါ တယ် ဘုရား) ဘာလုပ်ရမလဲ ဒီရုပ်ကို၊ လူလား, ဝါယောလား၊ (ဝါယောပါ ဘုရား) သတ္တဝါလား, ဝါယောဓာတ်လား၊ (ဝါယောဓာတ်ပါဘုရား) အဲဒီ ခန္ဓာကိုယ်ကို ဒီလိုလေးပိုင်းပိုင်းလိုက်တော့ သတ္တဝါရယ်လို့ ရှာလို့တွေ့ကြ သေးရဲ့လား၊ (မတွေ့ပါဘူးဘုရား) ပထဝီဓာတ်, အာပေါဓာတ်, တေဇော ဓာတ်, ဝါယောဓာတ်–ဒါဘဲတွေ့တယ်၊ ဒါဖြင့် ဒီ ဝါယောဓာတ်ကို ဘာလုပ်ရ မတုံး–

တံ "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ"တိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

တံ၊ ထို ဝါယောရုပ်ကို။ တော၊ ထိုဝါယောရုပ်သည်။ မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ ဧသော၊ ဤဝါယောရုပ်သည်။ အဟံ၊ ငါသည်။ န အသ္မိ၊ မဟုတ်။ ဧသော၊ ဤဝါယောရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်သည်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ တော၊ ထို ဝါယောရုပ်ကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တဲ့အတိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဒါ–ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်ကို မြတ်စွာဘုရားက ပါဠိတော်မှာ ဒီလိုဘဲဟောတယ်၊ ဒီဉာဏ်ရယင် ဘုန်းကြီးတို့ ပရိသတ် မဂ်ဉာဏ်မရပေဘူးလား (ရပါတယ်ဘုရား) ဒီတော့ ဒီဉာဏ်ကို ဘုန်းကြီးတို့ပရိသတ် ရအောင်လုပ်ကြ၊ အားထုတ်ကြ၊ ဝါယောရုပ်ပြီးသွားပြီ–နော်၊ (မှန်ပါ)

အာကာသဓာတ် ဒါ မဟာရာဟု လောဝါဒသုတ်က စာတုမဟာဘူတိ ကောအရ ပေါ့လေ။ ဟို–သုတ္တန်ရင်းတွေအတိုင်းက တော့ဖြင့် ဘယ်သူထည့်ထားသလဲ ဆိုတော့ အာကာသဓာတ်ဆိုပြီး ဓာတ်တခု ထည့်ထားတယ်၊ ဘာတွေလဲ–အာကာသဓာတ်ဆိုတာ၊ ကဲ–ပါဠိတော်တွေကိုတော့ ထားလိုက်ပါတော့လေ၊ အာကာသရုပ်ဆိုတာ ဒီခန္ဓာကိုယ်မှာ နားပေါက် မရှိဘူးလား၊ (ရှိပါတယ်ဘုရား) နှာခေါင်းပေါက်၊ (ရှိပါတယ်ဘုရား) ပါးစပ်ပေါက်၊ (ရှိပါတယ်ဘုရား) ပြီးတော့ စားသောက်ချလိုက်တဲ့ အစာအာဟာရတွေကို မျိုတဲ့အပေါက်ကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) စားသောက်ချလိုက်တဲ့ အစာတွေတည်နေတဲ့ အခေါင်းပေါက်ကော မရှိဘူးလား၊(ရှိပါတယ်ဘုရား) စားတဲ့သောက်တဲ့ အစာတွေ ထွက်တဲ့အပေါက်ကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒါ အာကာသ။

အဲဒီလို အာကာသဓာတ်ကိုလဲ ဟောပါသေးတယ်၊ဓာတုဝိဘင်္ဂသုတ်ကျတော့ လဲ အာကာသဓာတ်လို့ ဟောတယ်၊ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်လို့ ဓာတ်ငါးပါး၊ နောက်ဘာဟောသလဲ—

“ဣဒဥ္စ ပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓန္တိ”လို့ ဟို–အခုနင်က ပဉ္စမမူတည်ပြီးတော့ ရွတ်လိုက်တဲ့ ပါဠိတော်က မပြောခဲ့ဘူးလား သီလက္ခန်ပါဠိတော်က။

မေ၊ ငါ၏။ ဣဒဥ္စ ပန ဝိညာဏံ၊ ဤဝိညာဉ်သည်လည်း။ ဧတ္ထ၊ ဤရုပ်တရား၌။ သိတံ၊ မှီ၍နေ၏။ ဧတ္ထ၊ ဤရုပ်တရား၌။ ပဋိဗဒ္ဓံ၊ စပ်ယှဉ်၍နေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍ သိလေတော့၏။

ဝိညာဏဓာတ် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော က ဘာလဲ-ရုပ်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောကို သိနေတာက ဘယ်သူတုံး၊ ဝိညာဏ်၊ အဲဒီ ဝိညာဏဓာတ်ကိုတော့ ဘယ်လိုတုံး ဝိညာဏဓာတ်က၊ ဟို ဥပရိ-ပဏ္ဏာသပါဠိတော် ဓာတုဝိဘင်္ဂသုတ်မှာ—

အထာပရံ ဝိညာဏံ ယေဝ အဝသိဿတိ ပရိသုဒ္ဓံ ပရိယောဒါတံ။[၁]

အထာပရံ၊ ထိုဓာတ်လေးပါးမှတပါး (အာကာသဓာတ်ပါထည့်ယင် ဓာတ်ငါးပါးမှတပါး) ပရိသုဒ္ဓံ၊ ဖြူစင်သော။ ပရိယောဒါတံ၊ ပြိုးပြိုးပြက်ပြက်အရောင်ထွက်၍တောက်ပနေသော။ ဝိညာဏံယေဝ၊ ဝိညာဏဓာတ်သည်သာလျှင်။ အဝသိဿတိ၊ ကြွင်းကျန်လေတော့၏။

ဘယ်သူကျန်နေတုံး (ဝိညာဏဓာတ်ပါဘုရား)

တေန စ ဝိညာဏေန ကိံ ဝိဇာနာတိ။

တေန ဝိညာဏေန၊ ထိုဝိညာဉ်ဖြင့်။ ကိံ၊ အဘယ်တရားကို။ ဝိဇာနာတိ၊ သိသနည်း။ ဝိညာဉ်ဆိုတာ ဘာတုံး-သိတာ၊ ဘာတွေသိသလဲ—

သုခန္တိပိ ဝိဇာနာတိ၊ ဒုက္ခန္တိပိ ဝိဇာနာတိ၊ အဒုက္ခ မသုခန္တိပိ ဝိဇာနာတိ။

သုခကိုလည်းသိတယ်၊ဒုက္ခကိုလည်းသိတယ်၊အဒုက္ခမသုခကိုလည်းသိတယ်တဲ့-ဝိညာဉ်က၊ ဒါဖြင့် ဒီ ဝိညာဉ် ဘယ်ကပေါ်လာသလဲ-သူဖြစ်ခြင်းရဲ့ အကြောင်းကို ကြည့်မယ်ဆိုယင် "နာမရူပသမုဒယာ ဝိညာဏသမုဒယော"။ ဘယ်သူလုပ်ပေးလို့မှ ပေါ်လာတာမဟုတ်ဘူးတဲ့- နာမ်ရုပ်ကျတော့၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ စောစောက ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊ ဝါယောရုပ်ဆိုတာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)

အဲဒီ ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊ ဝါယောရုပ်တွေကို ရှု ရှု နေတဲ့ အခါမှာ ဒီ ရုပ်တွေ ဉာဏ်ထဲမှာ ထင်ရှားသလား၊ မထင်ရှား ဘူးလား၊ (ထင်ရှားပါတယ်ဘုရား) ဘယ်သူလုပ် ပေးလို့ ထင်ရှားသလဲ၊ (သတိကပါဘုရား) "ဥပဋ္ဌာနံ သတိ"။ သတိ၊ သတိသည်။ ဥပဋ္ဌာနံ၊ ရုပ်တရား တွေကို ထင်ရှားအောင်ပြုလုပ်ပေးတတ်၏။ ဘယ်သူ့ကြောင့် ထင်ရှားသလဲ၊ (သတိကြောင့်ပါဘုရား) အဲဒီသတိက ဘာလဲ-နာမ်။)

သတိကြောင့် ထင်ရှားလာတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောက-ဘာတုံး၊ (ရုပ်ပါဘုရား) အဲဒီ နာမ်၊ ရုပ်နှစ်ပါးသည်- နာမရူပသမုဒယာ၊ ဒီ

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၂၀၅။

နာမ်, ရုပ်နှစ်ပါးဖြစ်ခြင်းကြောင့်။ ဝိညာဏသမုဒယော၊ ဝိညာဉ်တရား၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝိညာဏခံတတ်ထင်ရှားတယ်၊ ဝိညာဉ်၊ အဲဒီ ဝိညာဉ်ကကော သူ့ကို ဘယ့်နှယ်ရှုရမလဲ–

> တံ "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ" တိ
> ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

တံ၊ ထိုဝိညာဉ်ကို။ တော၊ဤဝိညာဉ်သည်။မမ၊ ငါ၏၊ န သန္တကံ၊ဉစ္စာမဟုတ်။ သော၊ဤဝိညာဉ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်။ သော၊ ဤဝိညာဉ်သည်။ မေ၊ ငါ၏။ အတ္တာ၊ သတ္တဝါကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်,အသက်ကောင်သည်။ န၊ မဟုတ်။ ဣတိဧဝံ၊ဤသို့။ တော၊ ထိုဝိညာဉ်ကို။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်တဲ့အတိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ရုပ်တရားနာမ်တရားတို့၌ ဝိပဿနာရှုပုံ

ဝိညာဏခံတတ်၊ ရုပ်တရားနာမ်တရား နှစ်မျိုးကွဲသွားပြီမဟုတ်လား၊ (ကွဲသွားပါပြီဘုရား) "ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော"။ ဥဒယတ္ထဂါမိနိယာ၊ အခုလို ရုပ်နာမ်တရားနှစ်ပါးတို့ကို ခွဲခြမ်းရှုသိခြင်းငှာ စွမ်းနိုင်သောပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဟော–ဒီ ပညာရတယ်၊ ဒါဖြင့် ဒီဝိပဿနာဉာဏ်တွေ ကုန်ပလားဆိုတော့–ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကြီးတခုလုံး ဝိပဿနာဉာဏ်တွေ ဟောထားတယ်၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်ကြီးတခုလုံး ဝိပဿနာဉာဏ်တွေ ဟောထားတယ်၊ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်ကြီးတခုလုံး ဝိပဿနာဉာဏ်တွေ ဟုတ်လား၊ ဒီတော့ ဒီဝိပဿနာဉာဏ်တွေနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကို အခု သံယုတ္တနိကာယ်က ဝိပဿနာဉာဏ်ကို ပြောကြဦးစို့။

ရုပ်နဲ့နာမ်နဲ့ တွေ့ပြီမဟုတ်လား–အခု၊ (တွေ့ပါပြီဘုရား) ဒီခန္ဓာကိုယ်ထဲမှာ ဆွဲထုတ်လိုက်တော့ ရုပ်ခံတတ်တွေ, နာမ်ခံတတ်တွေ ပေါ်လာပြီမဟုတ်လား၊ (ပေါ်လာပါပြီဘုရား)အဲဒီ ရုပ်ခံတတ်, နာမ်ခံတတ်တွေကို ငါ့ငါ့ဉစ္စာလို့စွဲထားယင် ဘာတဲ့လဲ–(ဉပါဒါနက္ခန္ဓာပါဘုရား) အဲဒီ ဉပါဒါနက္ခန္ဓာတွေက ဘယ်လိုတုံး– ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ–

> ရူပံ ဘိက္ခဝေ အနိစ္စံ အတီတာနာဂတံ၊ ကော ပန ဝါဒေါ
> ပစ္စုပ္ပန္နဿ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော အတီ

တသ္မိံ ရူပသ္မိံ အနပေက္ခော ဟောတိ၊ အနာဂတံ ရူပံ နာဘိနန္ဒတိ။ ပစ္စုပ္ပန္နဿ ရူပဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ အတီတာနာဂတံ၊ အတိတ်, အနာဂတ်၌ဖြစ်သော။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ ကုန်ခြင်း, ပျက်စီးခြင်းသဘောရှိ၏။ (ရုပ်တရား ပျက်စီးယင် ရုပ်တရားကိုမှီဖြစ်တဲ့ ဝိညာဉ်ကကော ပျက်စီးခြင်းသဘောရှိတယ် လို့ ဒီလိုသိရမယ်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး စလုံး အတိတ်, အနာဂတ်ဖြစ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားသည် ပျက်စီးတဲ့ သဘောရှိတယ်။)

ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်၌ဖြစ်သော ရုပ်တရား၏။ အနိစ္စတာ၊ ကုန်ခြင်း,ပျက်စီး ခြင်းသဘောရှိသည်၏အဖြစ်သည်။ ကောပနဝါဒေါ၊ အဘယ်ဆိုဘွယ်ရာရှိတော့ အံ့နည်း။ အတိတ်, အနာဂတ်မှာဖြစ်တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး ပျက်စီးယင် ဒီပစ္စုပ္ပန်မှာဖြစ်တဲ့ ခန္ဓာငါးပါးကော မြဲသလား, မမြဲဘူးလား၊ (မမြဲပါဘူးဘုရား)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ဤသို့။ ပဿံ-ပဿန္တော၊မြင်အောင်ရှုနိုင်သော။ သုတဝါ၊အကြားအမြင်ရှိသော။ အရိယသာဝကော၊ ငါဘုရား၏တပည့်သားဖြစ် သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အတီတသ္မိံ ရူပသ္မိံ၊ အတိတ်ဖြစ်သောရုပ်တရား၌။ အနပေက္ခော၊ ငဲ့ကွက်ခြင်း ကင်းသည်။ ဟောတိ၊ ဖြစ်၏။အတိတ်ကဖြစ်ခဲ့တဲ့ ရုပ်တရားတွေပေါ်မှာ ငါ, ငါ့ဥစ္စာလို့ ငဲ့ကွက်ခြင်း ကင်းတယ်တဲ့။

အနာဂတံ ရူပံ၊ အနာဂတ်၌ဖြစ်သော ရုပ်တရားကို။ နာဘိနန္ဒတိ၊ မနှစ်သက် တော့။ ပစ္စုပ္ပန္နဿ ရူပဿ၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်တရား၏။ နိဗ္ဗိဒါယ၊ ငြီးငွေ့ ခြင်းငှာ။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှာ။ နိရောဓာယ၊ ကိလေသာအားလုံး ကုန်ချုပ်ခြင်းငှာ။ ပဋိပန္နော၊ ကျင့်သောပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဟောဒါ ဝိပဿနာဉာဏ်တမျိုး၊ ဒါတင်လားဆိုတော့-မကသေးဘူး။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ၊ ကုတော နိစ္စံ ဘဝိဿတိ။[၂]

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၇။

၂။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နှာ-၂၀။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ ကုန်ခြင်း, ပျောက်ခြင်းသဘောရှိ၏။ ရူပဿ၊ ရုပ်တရား၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ယောပိ ဟေတု၊ အကြင်အကြောင်းသည်ငှင်း။ ယောပိပစ္စယော၊ အကြင်အထောက်အပံ့သည်ငှင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုရုပ်တရားဖြစ်ခြင်းအကြောင်း, ရုပ်တရားရဲ့ အထောက်အပံ့သည်။ အနိစ္စော၊ ကုန်ခြင်း, ပျောက်ခြင်းသဘောရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အနိစ္စသမ္ဘူတံ၊ အနိစ္စကြောင့် ဖြစ်သော။ ရူပံ၊ ရုပ်တရားသည်။ နိစ္စံ၊ မြဲသည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာ ဖြစ်နိုင်ပါလတံ့နည်း။

ရုပ်တရားမြဲသလား, မမြဲဘူးလား၊ (မမြဲပါဘူးဘုရား) အဲဒီ ရုပ်တရားဖြစ်ခြင်း အကြောင်းက–ဟေတု=အကြောင်း၊ ပစ္စယ=အကြောင်း၊ ဟေတုအကြောင်းက ဘယ်သူလဲ–အဝိဇ္ဇာ,တဏှာ, ကံ၊ ပစ္စယအကြောင်းက ဘယ်သူလဲ အာဟာရ၊ အဲဒီ အကြောင်းတွေကော မြဲသလား, မမြဲဘူးလား ဆိုတော့-မမြဲဘူး၊ မမြဲတဲ့အကြောင်း၊ တရားတွေကြောင့် ဖြစ်လာတဲ့ ဒီရုပ်တရားသည် မြဲသလား, မမြဲဘူးလားဆိုတော့မမြဲဘူးလို့ ဒီလိုရှုရမယ်တဲ့-ဝိပဿနာဉာဏ်၊ ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဉ်မှာလဲဘဲ ဒီအတိုင်းဘဲ ရှုသွားရမယ်၊ ဝေဒနာ အနိစ္စံ၊ သညာအနိစ္စံ၊ သင်္ခါရာအနိစ္စံ၊ ဝိညာဏံ အနိစ္စံ။

ဝေဒနာဖြစ်ခြင်းအကြောင်း, သညာဖြစ်ခြင်းအကြောင်း, သင်္ခါရဖြစ်ခြင်းရဲ့ အကြောင်း,ဝိညာဉ်ဖြစ်ခြင်းရဲ့အကြောင်းတွေလဲ မမြဲဘူးလို့ဒီဟာတိုင်းဘဲ ရှုသွားရမယ်တဲ့-ဝိပဿနာဉာဏ်က၊ ဒါတင်လားဆိုတော့-

> ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။အနိစ္စံ၊ ကုန်ခြင်း, ပျောက်ခြင်းသဘော ရှိသောကြောင့် မမြဲဘူး။ ယံ၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ မမြဲဘူး၊ တံ၊ ထိုမမြဲသောရုပ်တရားသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ယံ၊ အကြင်ရုပ်တရားသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တံ၊ ထိုဆင်းရဲတယ်ခေါ်တဲ့ ရုပ်တရားသည်။ အနတ္တာ၊ အနှစ်သာရအတ္တ–အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်မဟုတ်။

ယံ၊ အကြင်ရုပ်တရားသည်။ အနတ္တာ၊ အနှစ်သာရအတ္တ-အသက်ကောင်, ဝိညာဉ်ကောင်,လိပ်ပြာကောင်မဟုတ်။ တံ၊ ထိုရုပ်တရားကို။ တော၊ထိုအနိစ္စ,ဒုက္ခ,

---

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၉။

အနတ္တဖြစ်တဲ့ရုပ်တရားသည်။ မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ သော၊ ထိုရုပ်တရားသည်။ အဟံ၊ငါသည်။ န အသ္မိ၊မဟုတ်။ သော၊ထိုရုပ်တရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တ ကောင်သည်။ န၊ မဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ တံ၊ ထိုရုပ်တရားကို။ ယထာဘူတံ၊ မဖောက်မပြန်။ သမ္မပ္ပညာယ၊ ကောင်းသော ဝိပဿနာဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဟောဒါ ဝိပဿနာဉာဏ်၊ ဟောသေးတယ်--ပါဠိတော်က အဲဒီရုပ်တရားမှာ, ဝေဒနာမှာ, သညာမှာ, သင်္ခါရမှာ, ဝိညာဏ်မှာ သိစရာအချက်တွေရှိတယ်၊ အဿာဒ, အာဒီနဝ, နိဿရဏလို့ ဒီလို အချက်တွေ။

အဿာဒ အဿာဒအချက်က ဘာတွေလဲ--"ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ ဝါ သောမနဿံ ဝါ၊ အယံ ရူပဿ အဿာဒေါ"။

ယံ ရူပံ၊ အကြင်ရုပ်တရားကို။ ပဋိစ္စ၊ စွဲ၍။ သုခံ ဝါ၊ ချမ်းသာခြင်းသည် ငင်း။ သောမနဿံဝါ၊ ဝမ်းမြောက်ခြင်းသည်ငင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ ရူပဿ၊ ရုပ်တရား၏။ အဿာဒေါ၊ သာယာဘွယ်ပေတည်း။

ရုပ်တရားအာရုံပြုပြီးတော့ နှစ်သက်လာယင်, ဝမ်းမြောက်လာယင် ဒါရုပ်တရားရဲ့ အဿာဒ အချက်ဘဲလို့ သိအောင်ရှုတာ ဝိပဿနာဉာဏ်။ အဿာဒသာ ရှိသလား--ဒီရုပ်တရားမှာ၊ ရုပ်တရားကို ရှုကြည့် အဿာဒ တွေ့ပြီမဟုတ်လား၊ ဘာရှုလို့တွေ့သလဲ၊ (ရုပ်တရားကိုရှုလို့) အဲဒီ ရုပ်တရားကို ရှုနေ တာ သည်ပင်လျှင် ဝိပဿနာဉာဏ်၊ **အဿာဒတွေ့ပြီ**။

အာဒီနဝ အဿာဒတွေ့ပြီး ဘာတွေ့အုံးမလဲ--အာဒီနဝ၊ အာဒီနဝတွေ့တော့ ဘယ်လိုတွေ့သလဲ--

ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ။

ယံ ရူပံ၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ ကုန်ခြင်း, ပျောက်ခြင်းသဘော ရှိ၏။ ဒုက္ခံ၊ ကုန်ခြင်း ပျောက်ခြင်းတို့ဖြင့် နှိပ်စက်၍နေသည် ဖြစ်သောကြောင့် ဆင်းရဲခြင်း သဘောရှိ၏။ ဝိပရိဏာမ၊ ဓမ္မံ၊ ပြောင်းလဲ ဖောက်ပြန်ခြင်းသဘော ရှိ၏။ အယံ၊ ဤသည်ကား။ ရူပဿ၊ရုပ်တရား၏။ အာဒီနဝေါ၊ အပြစ်မည်၏။

အနုလောမိကဉာဏ် ဒီလိုမြင်တာ ဝိပဿနာဉာဏ်၊ ရုပ်တရားပေါ်မှာ အနိစ္စကို မြင်တယ်၊ ဒုက္ခကိုမြင်တယ်၊ ဝိပရိဏာမ - ဖောက်ပြန်နေတဲ့ သဘောတွေကိုမြင်တယ်ဆိုယင် ဘာဉာဏ်တုံး၊(ဝိပဿနာဉာဏ်ပါဘုရား) ဒါ အဿာဒ, အာဒီနဝ, နိဿရဏ၊ ရှိသလား, မရှိဘူးလားဆိုတော့ မြတ်စွာဘုရားက--

ဝိပဿနာရှုနည်းကျမ်း ကောဒသမပိုင်း

> ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ၊

ယော၊ အကြင်သူသည်။ ရူပသ္မိံ၊ ရုပ်တရား၌။ ဆန္ဒရာဂဝိနယော၊ ဖြစ်လိုတဲ့ဆန္ဒနှင့် ငါ့ ငါ့ဥစ္စာလို့စွဲလမ်းတဲ့ရာဂကို ပယ်ဖျောက်နိုင်သည်။ ဆန္ဒရာဂပဟာနံ၊ဖြစ်လိုတဲ့ဆန္ဒနှင့် ငါ့ငါ့ဥစ္စာလို့ စွဲလမ်းသောရာဂကို ပယ်နိုင်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣဒံ၊ ဤသို့ပယ်နိုင်ခြင်းသည်။ ရူပဿ၊ ရုပ်တရားမှ။ နိဿရဏံ၊ ထွက်မြောက်ခြင်းပေတည်း။

အဲဒါ ရုပ်တရားနာမ်တရားတို့၏ နိဿရဏ မာတ်သဘောကို ညွှန်ပြခြင်းဖြစ်ပါတယ်၊ ဒီအချက်ဟာ အင်မတန်မှန်ပါတယ်၊ အာဒီနဝဉာဏ်မှာ ပျက်စီးခြင်း ပျက်စီးတဲ့ဘေးသင့်ခြင်းကြောင့် ဆင်းရဲခြင်း, အနှစ်သာရအတ္တ ရှာမရခြင်း သဘောရှိသော ရုပ်နာမ်ပေါ်၌ ငါ့ ငါ့ဥစ္စာလို့ စွဲလမ်းစရာမရှိဟု ထင်လာခြင်းသည် နိဿရဏမာတ်မည်၏၊ ပီးတော့– အင်္ဂုတ္တိုရ်မှာ မြတ်စွာဘုရားက–

> ယောပတ ဘိက္ခဝေ ဘိက္ခု ကဍ္ဍိ သင်္ခါရံ နိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဝတ–ဧကန္တေန၊ စင်စစ်သဖြင့်။ သောဘိက္ခု၊ ထိုဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလို ပွါးများလို အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ကဍ္ဍိသင်္ခါရံ၊ တစုံတခုသော သင်္ခါရတရားကို။ နိစ္စတော၊ မြဲသော အားဖြင့်။ သမနုပဿန္တော၊ ရှုဆင်ခြင် ပွါးများနေသည် ရှိသော်။ အနုလောမိကာယ ခန္တိယာ၊ မဂ်ဉာဏ်နှင့်လျော်တဲ့ အနုလောမိကခန္တိဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ ဣတိ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ရုပ်တရားတွေ, နာမ်တရားတွေကို မြဲတယ်–အချို့ရုပ်တရားတွေက မြဲတယ် အချို့ရုပ်တရားတွေကာ မမြဲဘူး၊ အချို့နာမ်တရားတွေက မြဲတယ်လို့ ဒီလိုရှုနေယင် အနုလောမဉာဏ်လို့ခေါ်တဲ့ သစ္စာနုလောမိကဉာဏ်ကို မရောက်နိုင်ဘူးတဲ့။

> အနုလောမိကာယ ခန္တိယာ အသမန္နာဂတော သမ္မတ္တနိယာမံ ဩက္ကမိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။[၁]

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယအုပ် နှာ–၃၀၄။

အနုလောမိကာယခန္တိယာ၊ သစ္စာနုလောမိကဉာဏ်နှင့်။ အသမန္နာဂတော၊ မပြည့်စုံသည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန် ဟုတ်မှန်စွာသိခြင်းဆိုတဲ့ မဂ်ဉာဏ်သို့။ ဩက္ကမိဿတိ၊ သက်ရောက်လတံ့။ နေတံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

ဘယ်လိုလဲ အဓိပ္ပါယ်က-ဝိပဿနာ ဉာဏ်နဲ့ မပြည့်စုံယင်တဲ့ သစ္စာနုလောမိကဉာဏ်ကို မရောက်နိုင်ဘူးတဲ့၊ သစ္စာနုလောမိက ဉာဏ်သို့ မရောက်ယင် ဘာဉာဏ်ရောက်မလဲ-

> သမ္မတ္တနိယာမံ အနောက္ကမမာနော သောတာပတ္တိဖလံ ဝါ သကဒါဂါမိဖလံ ဝါ အနာဂါမိဖလံ ဝါ အရဟတ္တံ ဝါ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

မဖောက်မပြန် မှန်သော သစ္စာနုလောမိကဉာဏ်သို့ မရောက်ယင် သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သို့ မရောက်တော့ဘူးတဲ့ ဟုတ်လား၊ ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ဒီ ဝိပဿနာဉာဏ်ခန်းမှာ အလုံးစုံသော တေဘူမက သင်္ခါရ တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ရှုယင်,တစုံတခုသော တရားမှ နိစ္စ, သုခ, သုဘ, အတ္တ အနေအားဖြင့် မကြံယင်-

> သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗသင်္ခါရေ အနိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ ဌာန မေတံ ဝိဇ္ဇတိ။ အနုလောမိကာယ ခန္တိယာ သမန္နာဂတော သမ္မတ္တနိယာမံ ဩက္ကမိဿတီတိ ဌာန မေတံ ဝိဇ္ဇတိ။ သမ္မတ္တနိယာမံ ဩက္ကမမာနော သောတာပတ္တိဖလံ ဝါ သကဒါဂါမိဖလံ ဝါ အနာဂါမိဖလံ ဝါ အရဟတ္တံ ဝါ သစ္ဆိကရိဿတီတိ ဌာန မေတံ ဝိဇ္ဇတိ။[၁]

ဘာပြောသလဲ- ဒီဒေသနာတော်က အလုံးစုံသော တေဘူမက သင်္ခါရ တရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တလို့ ဝိပဿနာရှုယင် သစ္စာနုလောမိက ဉာဏ်ကိုရမယ်၊ သစ္စာနုလောမိကဉာဏ်ကိုရယင် မဂ်ဉာဏ်ကိုရမယ်၊ မဂ်ဉာဏ်ကို ရယင် သောတာပတ္တိဖိုလ်ကိုဎင်း, သကဒါဂါမိဖိုလ်ကိုဎင်း, အနာဂါမိဖိုလ်ကို ဎင်း, အရဟတ္တဖိုလ်ကိုဎင်း မျက်မှောက်ပြုနိုင်လိမ့်မယ်လို့ ဝိပဿနာဉာဏ်ခဏ်း ဤသို့ဟောပါတယ်။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယအုပ် နှာ-၃၈၄-၅။

နိဂုံး သာဓဝေါ၊ နှလုံးပျော့ပျောင်း အို–အမျိုးကောင်းသား, အမျိုးကောင်း သမီးအပေါင်းတို့။ တုမ္ဟေ၊ သင်အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့သည်။ တံဓမ္မဒေသနံ၊ ထိုဝိမုတ္တိပရိပါစနီယ တရားဒေသနာတော်ကို။ သုတွာ၊ ကျကျနန နာခံမှတ်သားကြကုန်သည်ဖြစ်၍။ ဓာရေထ၊ ဆောင်ထား ကြပါကုန်လော့။ ဓာရေတွာ၊ ဆောင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဘာဝေထ၊ ပွားများအားထုတ် အလုပ်လုပ်ကြပါကုန်လော့။ ဘာဝေတွာ၊ ပွားများ အားထုတ် အလုပ်လုပ်နိုင်ကြကုန်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာတရား တော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသေ့ မျက်မှောက်ပြုနိုင်လွယ်ကြ သည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-ဒွါဒသမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၀၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅–ရက်၊ ရန်ကုန်မြို့ သင်္ကန်းကျွန်းလမ်း ဝေဘူ ရိပ်သာကျောင်းတိုက်၌ ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် ဒွါဒသမပိုင်း တရားဒေသနာ။

(စကားပလ္လင်နှင့်ဘုရားရှိခိုး ရှေးနည်းအတိုင်း)

ဝိပဿနာဉာဏ် ၂–မျိုး ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ် ဟောကြားတော်မူခဲ့တဲ့ မေဃိယသုတ္တန်မှာ ဝိမုတ္တိပရိပါစနီယတရား ငါးမျိုးတို့တွင် ပဉ္စမမြောက်ဖြစ်တဲ့ပညာပိုင်းကို ပြီးခဲ့ တဲ့အပတ် တနင်္ဂနွေနေ့က တပိုင်းဟောပေးခဲ့ပြီးပြီ၊ ၎င်းပညာနဲ့ပတ်သက်လို့ ဝိပဿနာပညာဉာဏ်ကို ဟောပေးရမယ်လို့ အဋ္ဌကထာဆရာ ဖွင့်ဆိုချက်ရှိသည့် အားလျော်စွာ ပါဠိတော်များမှာလာတဲ့ဝိပဿနာဉာဏ်တွေကို ပြီးခဲ့တဲ့တနင်္ဂနွေ နေ့က ဟောပေးခဲ့ပြီးပြီ။

အဲဒီ ဝိပဿနာဉာဏ်မှာ နှစ်မျိုးရှိပါတယ်လို့ ဘုန်းကြီးတို့ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာက ပြောထားတယ်။

ကရုဏာဝိပဿနာဉာဏ်ခဏ်း

တရုဏဝိပဿနာဉာဏ်၊ဗလဝဝိပဿနာဉာဏ်လို့ ဝိပဿနာဉာဏ် နှစ်မျိုးရှိတယ်၊ တရုဏဝိပဿနာဉာဏ်ဆိုတာ ဘာလဲဆိုတော့ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာက—

တရုဏဝိပဿနာတိ သင်္ခါရပရိစ္ဆေဒေ ဉာဏံ ကင်္ခါဝိတရဏေ ဉာဏံ သမ္မသနေ ဉာဏံ မဂ္ဂါမဂ္ဂေ ဉာဏန္တိ စတုန္နံ ဉာဏာနံ အဓိဝစနံ။[၁]

တရုဏဝိပဿနာဉာဏ်ဆိုတာတဲ့ သင်္ခါရပရိစ္ဆေဒဉာဏ်, ကင်္ခါဝိတရဏဉာဏ်, သမ္မသနဉာဏ်, မဂ္ဂါမဂ္ဂဝဝတ္ထာနဉာဏ်လို့ခေါ်တဲ့ အဲဒီ ဉာဏ်လေးပါးကို တရုဏဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်။[၂]

အဲဒီ တရုဏဝိပဿနာဉာဏ်ခဏ်းမှာ- သင်္ခါရပရိစ္ဆေဒဉာဏ်ဆိုတာ ဘယ်လို ဉာဏ်မျိုးလဲ- သင်္ခါရနဲ့ သတ္တဝါနဲ့ ပိုင်းခြားခွဲခြားပြီးတော့ သိတဲ့ဉာဏ်ကို သင်္ခါရပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်၊ ဒီသင်္ခါရပရိစ္ဆေဒဉာဏ်ကို တနည်းပြောမယ်ဆိုယင် ဓမ္မဝဝတ္ထာနဉာဏ်လို့လဲ ခေါ်တယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်လို့လဲ ခေါ်တယ်၊ ယထာဘူတဉာဏ်လို့လဲ ခေါ်တယ်။

ပြီးတော့ သင်္ခါရပရိစ္ဆေဒလို့ ဆိုတာ- သင်္ခါရ+ပရိစ္ဆေဒ+ဉာဏ်၊ သင်္ခါရ ဆိုတာက–သင်္ခါရ၊ ပရိစ္ဆေဒဆိုတာက–ပိုင်းခြားတာ၊ ဉာဏ်ဆိုတာက—သိတာ။ သင်္ခါရတရားတွေကို ဘာနဲ့ခွဲခြားပြီး သိသလဲဆိုတော့ ပဌမရှေးဦးစွာ သတ္တဝါနဲ့ ခွဲခြားသိရမယ်၊ သင်္ခါရနဲ့ သတ္တဝါနဲ့ ခွဲခြားပြီးသိရမယ်။

ဥပမာဆိုယင် ဘုန်းကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ဝိပဿနာတရား ရှုပွားအားထုတ်တဲ့ အခါမှာ နှာခေါင်း ထဲကို ဝင်တဲ့လေ, နှာခေါင်းထဲက ထွက်တဲ့လေ၊ သူ့ကို ရုပ်တရားလို့ ဒီလိုရှုတယ်၊ ပူတဲ့သဘော, အေးတဲ့သဘော, လှုပ်တဲ့သဘော, တောင့်တင်း တဲ့သဘော, ပေါင်းစည်းဟဲ့သဘောတွေ ပေါ်လာယင်လဲ ရုပ်တရားလို့ ဒီလိုရှုတယ်။

သွားတာ, မတ်တတ်ရပ်တာ, ထိုင်တာ, လျောင်းတာကိုလဲဘဲ ရုပ်တရားလို့ ရှုတယ်၊ ကွေးတာ, ဆန့်တာ, ရှေ့ကိုတိုးတာ, နောက်ကိုဆုတ်တာ ရုပ်တရားလို့ ဒီလိုရှုတယ်၊ အဲဒီ-ထွက်လေဝင်လေကစပြီး ကွေးမှု, ဆန့်မှု, သွားမှု, လာမှု, စားမှု, သောက်မှု အမှုအရာအားလုံးရဲ့ လှုပ်ရှားမှုတွေကို ဝါယောလေဓာတ် ရုပ်ပရမတ္ထ လို့ သင်္ခါရတရားကို ဒီလိုရှုတယ်။

၁။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ နှာ–၅၀။

၂။ အင်္ဂုတ္တိုရ်ဋီကာ တတိယအုပ် နှာ–၁၁၆ အလိုအားဖြင့် နာမရူပပရိဂ္ဂဟ ဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ် ၄-ပါးကို တရုဏဝိပဿနာဉာဏ်ခေါ်သည်။

နှာခေါင်းမှ အတွင်းသို့ဝင်တဲ့လေသည်ဝါယောရုပ်၊ နှာခေါင်းမှအပြင်သို့ ထွက်သောလေသည် ဝါယောရုပ်၊ ရုပ်တရား၊ အဲဒီ ရုပ်တရားနဲ့ သတ္တဝါနဲ့ မတူဘူးလို့ ခွဲခြားပိုင်းခြားသိတဲ့အသိဉာဏ်ကို သင်္ခါရနဲ့ သတ္တဝါခွဲခြားပြီးသိတဲ့ အသိဉာဏ်လို့ ခေါ်ပါတယ်၊ သင်္ခါရသည် ပုံသဏ္ဌာန်မရှိဘူး၊ သတ္တဝါမှာ ပုံသဏ္ဌာန်နဲ့လို့ ဒီလို ခွဲခြားပြီးတော့ သိတဲ့အသိဉာဏ်ကို သင်္ခါရပရိစ္ဆေဒဉာဏ် လို့ ခေါ်တယ်။

ဒီ သင်္ခါရ ပရိစ္ဆေဒဉာဏ်ခဏ်းနဲ့ ပတ်သက်ပြီးတော့ ပါဠိတော်များမှာ ဟောကြားထားတဲ့ ဒေသနာ အချက်အလက်တွေရှိတယ်၊ အမျိုးကောင်းသား များ၊ အမျိုးကောင်းသမီးများ ရုပ်တရားတွေ စုပေါင်းထားတဲ့ အရိုးတို့၊ အကြောတို့၊ အသားတို့ စသည်တို့ဖြင့် စုပေါင်းပြီးထားတဲ့ သင်္ခါရသဘော တရားတွေကို ရုပ်တရားကို သတ္တဝါလို့ ဒီလို အထင်မှားတယ်၊ ဒီလို အယူ အစွဲ ရှိနေကြတယ်၊ အမျိုးသား၊ အမျိုးသမီးလို့လဲဘဲ အယူအစွဲရှိနေကြတယ်၊ သင်္ခါရမှာ သတ္တဝါ မပါကြောင်းကို ဘုန်းကြီးတို့ ဟို—ဝဇိရာထေရီ ဆိုတဲ့ အမျိုးသမီးလေးရဲ့ အဋ္ဌုပ္ပတ္တိကို ကြည့်ရမယ်၊ အဋ္ဌကထာကလဲ ဒါဘဲ ပြော ထားတယ်။

ဝဇိရာ ဘိက္ခုနီမ အမျိုးကောင်းသမီးလေး ဝဇိရာထေရီ ဘိက္ခုနီမကို မာရ် နတ်က ဘာမေးသလဲဆိုတော့—

ကေနာယံ ပကတော သတ္တော၊ ကုဝံ သတ္တဿ ကာရကော။
ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ။[၁]

ကေန၊ အဘယ်သူသည်။ အယံသတ္တော၊ ဤသတ္တဝါကို။ ပကတော၊ ပြုလုပ်၍ထားအပ်သနည်း။ ကုဝံ၊ အဘယ်သူသည်။ သတ္တဿ၊ သတ္တဝါကို။ ကာရကော၊ ပြုလုပ်ထားပါသနည်း။ ကုဝံ၊ အဘယ်တရားကြောင့်။ သတ္တော၊ သတ္တဝါသည်။ သမုပ္ပန္နော၊ ဖြစ်ပေါ်၍လာသနည်း။ ကုဝံ၊ အဘယ်တရား ကြောင့်။ သတ္တော၊ သတ္တဝါသည်။ နိရုဇ္ဈတိ၊ ပျက်စီးကုန်ပျောက်၍ သွားသ နည်း။

သတ္တဝါ ဘယ်သူလုပ်ထားသလဲ၊ သတ္တဝါ ဘယ်ကလာသလဲလို့ သူက ဒီလို မေးတယ်၊ ဘာကြောင့် သတ္တဝါဖြစ်သလဲ—ဘာကြောင့် ဒီသတ္တဝါတွေ ပျက်စီး ကုန်ကြသလဲလို့ ဒီလိုမေးတော့—ဝဇိရာထေရီက ဘာပြန်ပြောသလဲ—

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ—၁၃၆။

ကိန္နုသတ္တောဘတိ ပစ္စေသိ၊ မာဝ ဒိဋ္ဌဂတံ နု တေ။
သုဒ္ဓသခိရ ပုဋ္ဌောယံ၊ န ယိဓ သတ္တုပလဗ္ဘတိ။[၁]

(သိပ်ကောင်းတဲ့ ဒေသနာတော်၊ သတ္တဝါနဲ့ သင်္ခါရကို ခွဲပြီးတော့ သိနေတယ်-ဒီ အမျိုးသမီးလေး။)

မာရ၊ ဟဲ့-မာရ်နတ်။ တွံ၊ သင်သည်။ ကိံနု၊ အဘယ်သို့သော တရားကို။ သတ္တောဘတိ၊ သတ္တဝါဟူ၍။ ပစ္စေသိနု၊ လက်ခံပြီးယူ၍ထားသနည်း။ တေ၊ သင်၏။ ဒိဋ္ဌဂတံ၊ မှားသောအယူသည်။ ဟောတိနု၊ ဖြစ်၍နေသည်မဟုတ်တုံလော။

အယံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားသည်။ သုဒ္ဓသခိရပုဋ္ဌော၊ သက်သက်သောသင်္ခါရ တရားအစုမျှသာလျှင်တည်း။ ဣဓ၊ ဤခန္ဓာငါးပါး၌။ သတ္တော၊ သတ္တဝါကို။ နဥပလဗ္ဘတိ၊ မရအပ်။

(ကြည့်စမ်း ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ခန္ဓာငါးပါးမှာ မရဘူးတဲ့ သတ္တဝါ။)

သတ္တဝါပါ-မပါကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေ နှာခေါင်းထဲကို ဝင်သွားတဲ့လေ, နှာခေါင်းထဲမှ ထွက်လာသောလေကိုကြည့်ယင် ရုပ်တရားရဲ့ လှုပ်ရှားမှုကလေး ပူမှုသဘော, အေးမှု သဘော, တောင့်တင်းမှုသဘောတွေ ပေါ်လာပြန်ယင်လဲ ပူမှု၊ အေးမှု, တောင့်တင်းမှု ပေါင်းစည်းမှုသဘောရှိတဲ့ ရုပ်တရားမျှရှိတယ်။

၎င်းရုပ်တရားတွေရဲ့ ပူတဲ့ အမူအရာ, အေးတဲ့ အမူအရာ, လှုပ်တဲ့ အမူအရာ, တောင့်တင်းတဲ့အမူအရာ, ပေါင်းစည်းတဲ့ အမူအရာတွေဟာ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြင်ဘူးနေတဲ့ သတ္တဝါတွေထဲမှာ ဘယ်သတ္တဝါနဲ့ တူသလဲလို့ကြည့်ယင် ဘယ်သတ္တဝါနဲ့မှ မတူဘူး။

အဲဒီလို ပူမှု, အေးမှု, တောင့်တင်းမှု, လှုပ်ရှားမှုစတဲ့ ရုပ်တရားတွေသည် သတ္တဝါအမျိုးမျိုး, ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ မတူသည် ဖြစ်သောကြောင့် ပူမှု, အေးမှု, တောင့်တင်းမှု, လှုပ်ရှားမှု သဘောတရားသည် ရုပ်တရားသာ ဖြစ်တယ်၊ သတ္တဝါမဟုတ်ဘူး၊ အဲဒီမှာ သတ္တဝါမရှိဘူး၊ လှုပ်ရှားတဲ့ အမူအရာ ကလေးကိုကြည့်နေယင် ဝါယောရုပ်—ရုပ်တရား၊ ကွေးတဲ့ အမူအရာ ဝါယောရုပ်၊ ဆန့်တဲ့အမူအရာ- ဝါယောရုပ်၊ သွားတဲ့အမူအရာ, ထိုင်တဲ့အမူအရာ, အိပ်တဲ့အမူအရာ, လှုပ်တဲ့အမူအရာ ဝါယောရုပ်၊ အဲဒီ ဝါယောရုပ်တရားတွေမှာ သတ္တဝါဆိုတဲ့ အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်, သတ္တဝါကောင်ကို ရှာလို့မတွေ့ဘူးတဲ့။

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ—၁၃၇။

သင်္ခါရပရိစ္ဆေဒဉာဏ် အဲဒါကြောင့် ဒီခန္ဓာငါးပါးထဲမှာ သတ္တဝါမရှိဘူး၊ ပြီးတော့ ဒီဝါယောရုပ် မိမိအသိဉာဏ်ထဲမှာ ထင်ရှား နေတာကတော့ ကိုယ်လုပ်လို့, သတ္တဝါကလုပ်လို့ မဟုတ်လားလို့ မေးစရာ ရှိတယ်၊ မဟုတ်ပါဘူးတဲ့–ဝါယောရုပ်၊ မိမိအသိဉာဏ်ထဲမှာ ထင်ရှားပေါ်လွင် နေတယ် ဆိုတာလဲဘဲ သတိတရားက ထင်ရှားဖော်ပြပေးသည်ဖြစ်သောကြောင့် ထင်ရှားနေတာပါတဲ့–နာမ်တရားက။

ရုပ်သင်္ခါရနဲ့ သတ္တဝါနဲ့ ပိုင်းခြားပြီးတဲ့နောက် ဒီရုပ်သင်္ခါရတွေ မိမိဉာဏ် ထဲမှာ ထင်ရှားနေတာဟာ သတ္တဝါကလုပ်လို့ မဟုတ်လားလို့ မေးစရာရှိ တယ်၊ သတ္တဝါကလုပ်လို့ မဟုတ်ဘူး၊ ဘယ်သူ့ကြောင့်လဲ– သတိကြောင့်၊ သတိဆိုတာ နာမ်တရား၊ ဘာတရားတဲ့လဲ၊ (နာမ်တရားပါဘုရား) သတိဟူသော နာမ်တရားကြောင့် ရုပ်တရားထင်ရှားတယ်၊ ရုပ်တရားထင်ရှားတော့ ပူတဲ့အနေ, အေးတဲ့အနေ, တောင့်တင်းတဲ့အနေ, ပေါင်းစည်းတဲ့အနေ, လှုပ်ရှားတဲ့အနေနဲ့ ထင်ရှားတယ်၊ ထင်ရှားစေမှုက– နာမ်တရား၊ ပူမှု, အေးမှု, တောင့်တင်းမှုက– ရုပ်တရား။

အဲဒီရုပ်တရားကို ပူတဲ့သဘောကို ပူတယ်လို့သိတာ, အေးတဲ့သဘောကို အေးတယ်လို့သိတာက သတ္တဝါက သိတာမဟုတ်လားဆိုတော့ မဟုတ်ပါဘူး တဲ့– ဝိညာဉ်ကသိတာပါ တဲ့၊ ဘယ်သူကသိသလဲ၊ (ဝိညာဉ်ကပါဘုရား) ဒီတော့ ပူတယ်, အေးတယ်, တောင့်တင်းတယ်, ပေါင်းစည်းတယ်ဆိုတဲ့ ရုပ်တရား သဘောတွေကို သတိခေါ် နာမ်ဓာတ်က ထင်ရှားအောင်ဖော်ပြပေးလိုက်တယ်၊ ဝိညာဉ်ခေါ် နာမ်တရားကသိတယ်။

ဒီ ပူမှု, အေးမှုကို သိလိုက်တဲ့အသိကလေးက ဩော်–တို့ရှေ့တုန်းက သိနေ တာက သတ္တဝါအနေနဲ့ သိနေတယ်၊ ယောကျ်ားတယောက်အနေနဲ့ သိနေတယ်၊ မိန်းမတယောက်အနေနဲ့ သိနေတယ်၊အခု သတိထင်ရှား ဖော်ပြပေးတဲ့ရုပ်တရား ရဲ့ ပူမှု, အေးမှု, လှုပ်ရှားမှု, တောင့်တင်းမှု သဘောတရားကို ကြည့်လိုက်တော့ ရုပ်တရားနဲ့ သတ္တဝါနဲ့ မတူဘူးလို့ ခွဲပြီးသိတဲ့ အသိကလေး ပေါ်မလာဘူး လား၊ (ပေါ်လာပါတယ်ဘုရား)

အဲဒါကို သတ္တဝါမဟုတ်ဘူးလားလို့ဆိုတော့ သူလဲသတ္တဝါမဟုတ်ပါဘူးတဲ့ ပညာပါတဲ့၊ ခွဲသိတာက ဘယ်သူတုန်း၊ (ပညာပါဘုရား) ခွဲသိတာက ပညာ၊ ရုပ်တရားကို ထင်ရှားဖော်ပြပေးတာက သတိ၊ ရုပ်တရားပူတဲ့ သဘောကို ပူတယ်လို့သိတာက ဘယ်သူလဲ၊ (ဝိညာဉ်ပါဘုရား) ပူတဲ့သဘောက ဘာတဲ့လဲ၊ (ရုပ်တရားပါဘုရား) ဒီတော့ ရုပ်တရား, နာမ်တရား၊ ဘယ်မှာလဲ သတ္တဝါ (မပါပါဘူးဘုရား)။

ဣမ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရား၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရအပ်။ လို့—

ဤသို့ သတ္တဝါနဲ့ ဒီ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားနဲ့ ခွဲခြားပြီးသိတဲ့ အသိဉာဏ်ကို ဘာဉာဏ်လို့ ခေါ်သလဲ–သင်္ခါရ ပရိစ္ဆေဒဉာဏ်၊ ရအောင် လုပ်ရမဲ့ဉာဏ်–ဒီဉာဏ်က သိပ်အရေးကြီးတယ်၊ ဒါ သင်္ခါရ ပရိစ္ဆေဒဉာဏ်၊ ဒါ သတ္တဝါနဲ့ သင်္ခါရနဲ့ ကွဲတာ–နော်၊ (မှန်ပါ) ကိုင်း–သင်္ခါရတရားတွေကို တခါ ကြည့်လိုက်အုံး။

သင်္ခါရတရားချင်းခွဲပုံ သင်္ခါရတရားချင်း တခါခွဲရ အုံးမယ်၊ ရုပ်တရားကလဲ သင်္ခါရ၊ ပူတဲ့ သဘော၊ အေးတဲ့ သဘော၊ လှုပ်ရှားတဲ့ သဘော၊တောင့်တင်းတဲ့သဘောက ဘာတရားလဲ–သင်္ခါရတရား၊ ပူတဲ့အလုပ်ကို ဘယ်သူက လုပ်သလဲ၊ ရုပ်တရားကလုပ်တယ်၊ အေးတဲ့အလုပ်ကို ဘယ်သူက လုပ်သလဲ (ရုပ်တရားကပါ ဘုရား) လှုပ်တဲ့အလုပ်ဘယ်သူကလုပ်သလဲ (ရုပ်တရားကပါဘုရား)အဲဒီလို ပူတဲ့၊ အေးတဲ့၊ လှုပ်တဲ့ လုပ်ငန်းတွေကို လုပ်သည် ဖြစ်သောကြောင့် ဖောက်ပြန်ခြင်း လက္ခဏာ ရှိတဲ့ သဘောကို ဘာလို့ ခေါ်သလဲ–ရုပ်တရားလို့ ခေါ်တယ်။

အဲဒီလို ပူတဲ့အလုပ်ကို ရုပ်တရားကလုပ်တယ်၊ အေးတဲ့အလုပ်ကို ရုပ်တရားက လုပ်တယ်၊ တောင့်တင်းတဲ့ အလုပ်ကို ရုပ်တရားက လုပ်တယ်၊ ပေါင်းစည်းတဲ့ အလုပ်တွေကို လုပ်သည်ဖြစ်သောကြောင့် ဒီရုပ်တရားကို သင်္ခါရလို့ခေါ်တယ်၊ အလုပ်လုပ်တဲ့ အတွက် သူ့ကို သင်္ခါရ။

ပူတဲ့အလုပ်ကို ဘယ်သူကလုပ်ပေးသလဲ၊ (ရုပ်တရားကပါဘုရား) ဒါကြောင့် ဒီ ရုပ်တရား ဘာနာမည်ရသွားသလဲ–သင်္ခါရ၊ အေးတဲ့အလုပ် ဘယ်သူကလုပ်သလဲ (ရုပ်တရားကပါဘုရား) လှုပ်တဲ့အလုပ်၊ တောင့်တင်းတဲ့အလုပ်တွေကို ဘယ်သူက လုပ်ပေး သလဲ၊ (ရုပ်တရားကပါ ဘုရား) ဒါကြောင့် ဒီရုပ် တရားသည် သင်္ခါရ၊ သတ္တဝါမဟုတ်ဘူး၊ ရုပ်သင်္ခါရ။

ဒါဖြင့်ကောင်းပြီ–အဲဒီ ရုပ်သင်္ခါရရဲ့ ပူမှု၊ အေးမှု၊ လှုပ်ရှားမှုတွေကို လုပ်လိုက်တော့ ပူတဲ့၊ အေးတဲ့သဘောတွေဖြစ်လာတယ်၊ အဲဒီပူတဲ့၊ အေးတဲ့ရုပ်သင်္ခါရတွေကို ဉာဏ်ထဲမှာ ထင်ရှားအောင် ဖော်ပြပေးတာက ဘယ်သူလဲ၊ အဲ–သတိ၊ သတိခေါ် နာမ်သင်္ခါရ၊ ဟုတ်လား၊ (မှန်ပါ)

ဒီတော့ ပူတယ်ဆိုတဲ့သဘောနဲ့ ထင်ရှားစေတယ်ဆိုတဲ့ သတိနဲ့ သဘောချင်း တူရဲ့လား၊ (မတူပါဘုရား) ဟိုက ရုပ်သင်္ခါရ၊ ဒီဘက်က ထင်ရှားအောင် ဖော်ပြပေးတဲ့ လုပ်ငန်းကို ဘယ်သူက လုပ်သလဲ–သတိက၊ အဲဒီသတိကို သင်္ခါရ

လို့ ခေါ်တယ်၊ အဲ-ရုပ်သင်္ခါရ,နာမ်သင်္ခါရ ကွဲမသွား ဘူးလား၊ (ကွဲပါတယ် ဘုရား)ရုပ်သင်္ခါရ, နာမ်သင်္ခါရ။

ဒါတင်လားဆိုတော့ ပူတဲ့သဘောကို ပူတယ်လို့ သိတာကျတော့ သတိခေါ် နာမ်ဓာတ်ကသိသလား၊ ဝိညာဉ်ကသိသလား (ဝိညာဉ်က သိတာပါဘုရား) အဲဒီလိုသိတဲ့ အလုပ်ကို ဘယ်သူကလုပ်သလဲ၊ (ဝိညာဉ်ကပါဘုရား) ဝိညာဉ်က လုပ်သည်ဖြစ်သောကြောင့် ဝိညာဉ်သည်သင်္ခါရတရား၊ ဒီတော့ ဝိညာဉ်ခေါ်တဲ့ နာမ်သင်္ခါရနဲ့ ပူတယ်, အေးတယ်ဆိုတဲ့ ရုပ်သင်္ခါရနဲ့ တူရဲ့လား၊ (မတူပါဘူး ဘုရား)

ဝိညာဉ်ခေါ်နာမ်သင်္ခါရနဲ့ ထင်ရှားအောင်လုပ်တဲ့ သတိခေါ် နာမ်သင်္ခါရနဲ့ ကော တူရဲ့လား၊ (မတူပါဘူးဘုရား) မတူဘူး၊ သင်္ခါရတွေ အစိတ်စိတ်ကွဲ သွားတယ်၊ တခြားစီ၊ အဲဒီလို သင်္ခါရတွေ အစိတ်စိတ် အစိတ်အစိတ် ပိုင်း ပိုင်း ပိုင်းပိုင်း ပြီးတော့ကို ဒီလို ကြည့်လိုက်ရတယ်၊ သင်္ခါရ ပရိစ္ဆေဒဉာဏ်မှာ။

သတ္တဝါနဲ့ ရုပ်နဲ့ မတူဘူးလို့ခွဲပေးတာက ပညာ၊ အဲဒီပညာနဲ့ ဝိညာဉ်နဲ့ ကော တူရဲ့လား၊ (မတူပါဘုရား)သူတို့ လုပ်ငန်းကိစ္စချင်း မတူဘူး၊ အဲဒီလို လုပ်ငန်းကိစ္စတွေ အသီးအသီး ကွဲကွဲ ကွဲကွဲပြီးတော့ သင်္ခါရ လုပ်ငန်းတွေမှာ လဲဘဲ ရုပ်ရဲ့လုပ်ငန်း, သတိရဲ့လုပ်ငန်း, ဝိညာဉ်ရဲ့လုပ်ငန်း, ပညာရဲ့လုပ်ငန်းလို့ ခေါ်တဲ့ ဒီလုပ်ငန်းလေးမျိုးဟာ တခါထဲ ကွဲကွဲ ပြားပြား ဖြစ်သွားရမယ်၊ အဲဒါကျတော့ ဘာသင်္ခါရလဲ-သင်္ခါရပရိစ္ဆေဒဉာဏ် သက်သက်၊ သင်္ခါရတရား တွေကို အချင်းချင်း ခွဲခြားပေးလိုက်တာ။

ဝင်လေဆိုပြန်တော့ အဲဒီသင်္ခါရမှာ ရုပ်တရား, နာမ်တရားလို့ နှစ်မျိုး ကွဲမသွားဘူးလား၊ (ကွဲပါတယ်ဘုရား) ဘယ်လို ကွဲသွားတုံး-ပူတဲ့သဘော, အေးတဲ့သဘော, လှုပ်တဲ့သဘော, တောင့်တင်းတဲ့သဘောက ရုပ္ပနလက္ခဏာ ရှိသောကြောင့် ရုပ်တရား၊ ဘာတရားတဲ့လဲ၊ (ရုပ်တရားပါဘုရား)။

ဟော-သိတဲ့သဘော, ထင်ရှားတဲ့သဘော, သတ္တဝါနဲ့ရုပ်နဲ့ မတူဘူးလို့ ခွဲခြားပေးတဲ့ သဘောတရားတွေက ထင်ရှားအောင်, သိအောင်, ကွဲပြားအောင် ပြုလုပ်ပေးတဲ့ အဘိသင်္ခရဏ သဘောသတ္တိရှိသောကြောင့် နာမ်တရား၊ ဝိညာဏ ဝိဇာနန–လက္ခဏာရှိတယ်၊ သတိရယ်, ပညာရယ်က အဘိသင်္ခရဏ လက္ခဏာ ရှိတယ်၊ အဲဒီလို လက္ခဏာ အသီးအသီး ကွဲပြီးသွားတာကို သင်္ခါရပရိစ္ဆေဒ ဉာဏ်။

အဲဒီလို ရုပ်နဲ့ နာမ်ကို ခွဲပြီးတဲ့နောက် သတ္တဝါနဲ့ သင်္ခါရနဲ့ပဌမကွဲအောင်ခွဲရ တယ်၊နောက် ရုပ်တရားနဲ့ နာမ်တရားနဲ့အခုကွဲအောင်ခွဲ၊ခွဲပြီးပြီဟုတ်လား၊(မှန်ပါ

ဘုရား)ရုပ်တရားနဲ့ နာမ်တရား ကွဲအောင်ခွဲပြီးတော့ ရုပ်တရား သင်္ခါရတရားတွေကို သတ်သတ်ခွဲလိုက်အုံး။

ဝင်တဲ့လေရဲ့ လှုပ်ရှားမှု၊ ဝင်တဲ့လေရဲ့အေးမှု၊ ဝင်တဲ့လေရဲ့ တောင့်တင်းမှု၊ ဝင်တဲ့လေးရဲ့ ပေါင်းစည်းမှု-လေးခုကွဲမသွားဘူးလား၊ (ကွဲပါတယ်ဘုရား)ရုပ်သင်္ခါရမှာ ဝင်တာမှာ ဘယ်နှစ်ခုရှိသလဲ-လေးခုရှိတယ်၊ အနည်းဆုံးရုပ်က လေးခုလောက်တော့ဖြင့် ကွဲမှ ဟုတ်လား၊ သို့မဟုတ် ဝင်လေကို တခုတည်း သိနေယင် ဟိုကိစ္စဃန၊ အာရမ္မဏ ဃန၊ သမူဟဃန-ဒါကြီးတွေ ဝင်လာမယ်။

ဒီဃနတွေဝင်လာယင် သဏ္ဌာန်ပေါ်လာတတ်တယ်၊ သဏ္ဌာန်ပေါ်လာယင် ဒြပ်ခံတတ်တယ်၊ ဒြပ်ခံယင် ပညတ်ဝင်လာရော၊ ပညတ်ဝင်ယင် ပရမတ်တရားတွေငုပ်သွားရော၊ ဒီတော့-ဝင်လေမှာ ကိစ္စလေးမျိုးပါသွားတယ်။ ကွဲအောင်ရှု၊ အေးတဲ့ကိစ္စ၊ လှုပ်ရှားတဲ့ကိစ္စ၊ တောင့်တင်းတဲ့ကိစ္စ၊ ပေါင်းစည်းတဲ့ ကိစ္စလို့ ကိစ္စလေးမျိုးပါသွားတယ်။

ကြည့်လေ-ဝင်လေ ဝင်သွားတဲ့အခါ တိုးပြီးတော့ ဝင်သွားတယ်-တိုးမှု၊ တွန်းကန်မှုကလေး၊ ပြီးတော့ အေးတဲ့သဘောလေးလဲ ပါသွားတယ်-အေးမှု၊ အဲဒီ တွန်းကန်မှု၊ အေးမှု နှစ်ခုပေါင်းလိုက်ယင် ဘာဖြစ်လာသလဲ တောင့်တင်းမှုဆိုတဲ့ သဘောပါသွားတယ်။ ဒီတရားသုံးလုံးတို့ရဲ့ ပေါင်းစည်းမှုလို့ ခေါ်တဲ့ သူ့လက္ခဏာလေးတွေ အသီးအသီးပါသွားတယ်။

အဲဒီလို လက္ခဏာအသီးအသီးကို လေးမျိုးစီ လေးမျိုးစီ ဝင်လေ ထင်ရှားတိုင်း ထင်ရှားတိုင်း ကွဲအောင်ရှု ထွက်လေ ထင်ရှားတိုင်း ထင်ရှား တိုင်းလဲ လှုပ်ရှားမှု၊ ပူမှု၊ တောင့်တင်းမှု၊ ပေါင်းစည်းမှု လေးမျိုးကွဲအောင်ရှု၊ အဲဒီလို ရုပ်သင်္ခါရတွေကိုချည်း ကွဲအောင်ရှုသွား—ခွဲသွား။

ရုပ်သင်္ခါရတွေ ကွဲသွားပြီဆိုတဲ့ အခါကျတော့ တခါ နာမ်သင်္ခါရတွေကို ခွဲလိုက်အုံး၊ နာမ်သင်္ခါရတွေမှာလဲဘဲ ဘယ်သူနဲ့ ဘယ်သူနဲ့မတူတုံး၊ သတိရယ်၊ ပညာရယ် တူရဲ့လား၊ (မတူပါဘုရား)သတိက ထင်ရှားစေတဲ့ကိစ္စ၊ ပညာက ရုပ်တရားတွေကို တခုနဲ့တခုမတူဘူးလို့ ပိုင်းခြားပေးတယ်ဆိုတဲ့ကိစ္စ၊ ဝိညာဏ်က သိပေးတဲ့ကိစ္စ၊ ဝီရိယဆိုတဲ့စေတသိက်က မဆွေ့အောင် ထိန်းတဲ့ကိစ္စ။

ဧကဂ္ဂတာခေါ်တဲ့ **သမာဓိက** မရွေ့တဲ့ကိစ္စ- အဝိက္ခေပကိစ္စလို့ ဆိုတော့ ဒီနာမ်တရားတွေကလဲ တခုနဲ့တခု သူ့ကိစ္စနဲ့သူ တူရဲ့လား၊ (မတူပါဘူးဘုရား) အဲဒီလို နာမ်သင်္ခါရတရားတွေကိုလဲ ကိစ္စတွေအသီးသီး ကွဲအောင်ခွဲပြီးတော့ သိတဲ့အသိဉာဏ်မျိုးကို "သင်္ခါရပရိစ္ဆေဒဉာဏ်" လို့ ခေါ်တယ်၊ ဒါကြောင့် အခုနင်က ဝဇီရာထေရီက—

“န ယိဓ သတ္တုပလဗ္ဘတိ”။ ဣဓ၊ ဤခန္ဓာငါးပါး၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရအပ်။ ဒါဖြင့် ဘာတွေရှိသလဲ-သတ္တဝါမရှိယင်။

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။[၁]

သမ္မုတိသတ္တဝါပညတ်ကြီး ဘယ်ကပေါ်လာသလဲ- ဒီလိုဆိုယင် ဆိုတော့—

အင်္ဂသမ္ဘာရာ၊ လှည်းသန့်, လှည်းဝင်ရိုး, လှည်းဘီး, လှည်းထမ်းပိုးစသော အင်္ဂါအစိတ်အပိုင်းတွေ ပေါင်းစုနေသောကြောင့်။ ရထောဣတိ၊ ရထားဟူသော။ သဒ္ဒေါ၊ ဝေါဟာရပညတ်ခေါ်တဲ့ အသံသည်။ ဟောတိယထာ၊ ဖြစ်ပေါ်လာသကဲ့သို့။ ဧဝံတထာ၊ ပုံစံနှိုင်းယှဉ် ဤအတူသာလျှင်။ ခန္ဓေသု၊ ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ယခုလိုထင်ရှားဖြစ်ပေါ်၍ လာခဲ့ကုန်သည် ရှိသော်။ (ပထဝီရုပ်တွေ, အာပေါရုပ်တွေ, တေဇောရုပ်တွေ, ဝါယောရုပ်တွေ၊ ပြီးတော့- သတိတွေ, ဝိညာဉ်တွေ, ပညာတွေ-ဒီတရားတွေ) သန္တေသု၊ ယခုလိုထင်ရှားဖြစ်ပေါ်လာခဲ့သည်ရှိသော်။ သတ္တောတိ၊ သတ္တဝါဟူသော။ သမ္မုတိ၊ သမုတိပညတ်သည်။ ဟောတိ၊ ထင်ရှားဖြစ်ပေါ်၍ လာလေတော့၏။

သမုတိပညတ် ဥပမာတဲ့- လှည်းသန့်ရယ်, လှည်းဝင်ရိုးရယ်, လှည်းဘီးရယ်, ထမ်းပိုးရယ် စသည်ဖြင့် ဒီလိုအင်္ဂါအစိတ်အပိုင်းတွေ စုပေါင်းပြီးတော့ ဖြစ်နေတဲ့အခါ ဘာပေါ်လာသလဲ၊ (လှည်းပါဘုရား) လှည်းဆိုတဲ့ သမုတိပညတ်ကြီး ပေါ်လာတယ်၊ အဲ-တခုစီတခုစီ ဖြုတ်ကြည့်လိုက်မယ်ဆိုယင် ဘယ်မလဲ-လှည်း၊ (မရှိတော့ပါဘုရား) အဲဒီအတိုင်းဘဲတဲ့—

ခန္ဓသု၊ ပထဝီ-အာပေါ-တေဇော-ဝါယော ဟုဆိုအပ်သော ရုပ်ခန္ဓာ, သတိ-ပညာ-ဝိညာဏ်ခေါ်တဲ့ နာမ်ခန္ဓာတို့သည်။ သန္တေသု၊ ထင်ရှားဖြစ်ပေါ်လာခဲ့ကုန်သည်ရှိသော်။

ဒီတရားတွေ စုပေါင်းနေယင် ဘာပေါ်လာသလဲ-သတ္တဝါဆိုတဲ့ သမုတိပညတ်ကြီး ပေါ်လာတယ်၊ အဲဒီပညတ်ကြီးကို ခွဲခြမ်းစိတ်ဖျာပြီးတော့ ကြည့်လိုက်မယ်ဆိုယင် ဘာလာတွေ့သလဲ-ရုပ်တရားနဲ့ နာမ်တရားသာလျှင် တွေ့တယ်လို့ ရှေးက ပေါရာဏအဋ္ဌကထာဆရာကြီးတွေက ဘယ်နှယ်ပြောထားသလဲ—

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော။
န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ-၂၂၀။

သုညံ ဃရံ ယန္တ မိဝါဘိသမ္ဘဝတံ။
ဒုက္ခာယ ပုဗ္ဗော တိဏကဋ္ဌသာဒိသော။[၁]

ဃရံ၊ ဤခန္ဓာငါးပါးတည်းဟူသော သင်္ခါရတရား၌။ သစ္စတော၊ အမှန်အားဖြင့်။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။

အခုဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ရနေတဲ့ အလျားတလံ အနံအထွာရှိကဲ့ ခန္ဓာကိုယ်ကြီးကို သေသေချာချာ ကြည့်မယ်ဆိုယင် အမှန်အားဖြင့် ဘာသာတွေ့မလဲဆိုတော့—နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း အတ္ထိ၊ ရှိ၏။

ယန္တရားရုပ် ဟိ၊ မှန်၏။ ဧတ္ထ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရား၌။ သတ္တောစ၊ သတ္တဝါဟူ၍၎င်း။ မနုဇောစ၊ လူဟူ၍၎င်း။ နဝိဇ္ဇတိ၊ မရှိ။
(ရှာပြစမ်းပါတဲ့—လူရယ်, သတ္တဝါရယ် ရှာလို့ မရဘူး၊ အမှန်အားဖြင့်တော့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ—ဒီနှစ်မျိုးဘဲရှာလို့ရတယ်တဲ့)

ဃရံ၊ ဤရုပ်, နာမ်တရား နှစ်ပါးအပေါင်းသည်။ သုညံ၊ သတ္တဝါသဘော, ဇီဝသဘောမှ ဆိတ်သုဉ်း၏။ အဘိသင်္ခတံ၊ ကြိုးတပ်ပြီး ပြုစီမံထားသော။ ယန္တမိဝ၊ ကဟန်, ခုန်ဟန်, သွားဟန်, လာဟန်ရှိတဲ့ ယန္တရားရုပ်ကဲ့သို့။ (ပစ္စယေ၊ အကြောင်းတရားတို့သည်။ ပဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ သတ္တော၊ သတ္တဝါသည်။ ဟောတိ၊ ဖြစ်ပေါ်၍ လာလေတော့၏။ နိစ္စာတုရတာယ၊ အမြဲတမ်းကျင်နာကိုက်ခဲ ၍နေသည်ဖြစ်သောကြောင့်) ဒုက္ခာယပုဗ္ဗော၊ ဆင်းရဲအစုကြီးသာလျှင်တည်း။

ခန္ဓာငါးပါးကို ရလာတဲ့ နေ့ကစပြီး ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ အဘယ်မှာ သက်သက်သာသာရှိလို့လဲ၊ ဒုက္ခအစုအဝေးချည်းဘဲ၊ အမြဲတမ်း နာကျင်ကိုက်ခဲတောင့်တင်းနေတဲ့ ခန္ဓာကိုယ်ကြီးတဲ့—ရုပ်တရားတွေ။

(အတ္တဝိရဟိ သုညတာစ၊ အတ္တသဘော, ဇီဝသဘော, အတ္တနိယသဘောမှ ဆိတ်သုဉ်းသည်ဖြစ်သောကြောင့်။) တိဏကဋ္ဌသဒိသော၊ မြက်တွေ ထင်းတွေနဲ့ တူတဲ့ ခန္ဓာကိုယ်ကြီးမည်ပါပေ၏။

မြက်တွေ, ထင်းတွေလိုဘဲတဲ့—ဒီခန္ဓာ ကိုယ်ကြီးက ခေါင်းပေါ် ပေါက်နေတဲ့ ဆံပင်တွေဟာ၊ ပြီးတော့ ခန္ဓာကိုယ်က အရိုးတို့, ဘာတို့ဆိုတာက သစ်သားတုံးကြီးတွေနဲ့ တူတယ်၊ အဲဒီ ခန္ဓာငါးပါးမှာ ဒီရုပ်တရားနဲ့ နာမ်တရားမှတပါး

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ် နှာ—၂၃၀။

အခြားရှာလို့ မရဘူးလို့ ဤသို့ ခန္ဓာငါးပါးပေါ်မှာ ရုပ်တရားနဲ့နာမ်တရားတွေကို ပိုင်းခြားခွဲခြမ်းဝေဖန်ပြီးတော့ သတ္တဝါနဲ့ သင်္ခါရ၊ သင်္ခါရနဲ့ သတ္တဝါ အပြန်ပြန်အလှန်လှန် ခွဲခြားသိတဲ့ အသိဉာဏ်မျိုးကို သင်္ခါရပရိစ္ဆေဒ ဉာဏ်လို့ ခေါ်ပါတယ်။

> ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
> ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။[၁]

နာမဉ္စ၊ နာမ်တရားသည်၎င်း။ ရူပဉ္စ၊ ရုပ်တရားသည်၎င်း။ ယမကံ၊ အစုံဖြစ်သော သဘောတရားသည်။ ဟောတိ၊ ထင်ရှားဖြစ်ပေါ်၍နေလေတော့၏၊ ဥဘော၊ နှစ်ပါးကုန်သော။ တေ၊ ထိုရုပ်တရား, နာမ်တရားတို့သည်။ အညောညနိဿိတာ၊ တခုကို တခုက အမှီပြု၍ နေကြကုန်၏။ (နာမ်တရားက ရုပ်တရားကို မှီနေရတယ်၊ ရုပ်တရားက နာမ်တရားကို မှီနေရတယ်၊) တသ္မာ၊ ထို့ကြောင့်။ ဧကသ္မိံ၊ တခုသောတရားသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်စီးသွားသည်ရှိသော်။ ဥဘော၊ နှစ်ပါးကုန်သော။ ပစ္စယာ၊ အကြောင်းတရားတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်စီး၍သွားကြလေကုန်တော့၏။

နာမ်နှင့်ရုပ် ရုပ်တရားပျက်စီးယင် နာမ်တရားလဲ ပျက်စီးသွားတယ်၊ နာမ်တရား ပျက်စီးယင်ကော၊ (ရုပ်တရားလဲ ပျက်စီးပါတယ်ဘုရား) ဘာဖြစ်လို့လဲဆိုဘော့ တခုကို တခု အမှီပြုနေရလို့တဲ့ ဟုတ်လား၊ ဟို အဋ္ဌကထာဆရာကြီးက ဥပမာလေးပြထားတယ်–ကျူစည်း, ထင်းစည်းလေးနှစ်ခုကို တခုနဲ့တခု မှီပြီးတော့ ထောင်ထားပါ။

ထောင်မနေဘူးလား – (ထောင်ပါတယ်ဘုရား) ကျူစည်းတခုလဲသွားယင် ဟိုကျန်တဲ့တခုလဲ လဲတယ်၊ ရုပ်တရားက ဘာမှ အစွမ်းသတ္တိရှိတဲ့ တရားမဟုတ်ဘူးတဲ့၊ သူဘာမှမလုပ်နိုင်ဘူး၊ စားလဲ မစားနိုင်ဘူး၊ သောက်လဲ မသောက်နိုင်ဘူး၊ ဘာမှသွားနိုင် လာနိုင် ပြုနိုင်တာမဟုတ်ဘူး၊ စိတ်မပါယင် နာမ်တရားမပါယင် သူဘာမှ မလုပ်နိုင်ဘူး။

နို—နာမ်တရားကကော သူဘာလုပ်နိုင်သလဲ၊ ခြေထောက်နဲ့သွားလို့ ရရဲ့လား၊ (မရပါဘူးဘုရား) ကွေးလို့ ဆန့်လို့ရရဲ့လား၊ (မရပါဘူး ဘုရား)၊ ဟိုဟာ ဒီဟာယူပြီး စားချင် သောက်ချင်လို့ ရရဲ့လား၊ (မရပါဘူးဘုရား)

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ–၂၃၀။
ဝိသုဒ္ဓိမဂ်မြန်မာပြန် တတိယတွဲ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ နာမရူပ ပရိဂ္ဂဟကထာ၌ နာမ်ရုပ်အကြောင်း ဥပမာအအသီးအသီးဖြင့် ပြဆိုထားသည်၊ ကြည့်ရှုကြကုန်။

သူကလဲ ဘာမှ မလုပ်နိုင်ဘူး၊ သူကဘယ်သူနဲ့ ပေါင်းရသလဲ၊ (ရုပ်တရားနဲ့ပါ ဘုရား)။

ရုပ်တရားကလဲ နာမ်တရားနဲ့ ပေါင်းရတယ်၊ အဲဒီလိုရုပ်တရား, နာမ်တရား နှစ်ပါး ပေါင်းမိကာမှ ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းတွေ–သွားမှုကိစ္စ, ထိုင်မှုကိစ္စ, ကွေးမှုကိစ္စ, ဆန့်မှုကိစ္စ ဟုတ်လား၊ ဟို ဟိုဘက် ဒီဘက် ပြောင်းမှုကိစ္စ, တုံးလုံးလဲမှုကိစ္စ ဒီလိုထိုင်တယ်, သွားတယ်,ရပ်တယ် ဆိုတဲ့သဘောတွေ ပေါ်လာတယ်မဟုတ်လား–လို့၊ (မှန်ပါဘုရား)။

အဲဒီသဘောတွေ ပေါ်လာတိုင်း ပေါ်လာတိုင်းဟာ ဘာတရားတွေလဲ– သတ္တဝါက ကွေးတာမဟုတ်–ရုပ်တရားကကွေးသည်၊ ဟုတ်လား–ဘယ်သူ ကွေးသလဲ၊ (ရုပ်တရားပါဘုရား) ငါကွေးသလား, ရုပ်တရားက ကွေးတာလား၊ (ရုပ်တရားကပါဘုရား)။

ကွေးလို ဆန့်လိုတဲ့ စိတ်တွေကြောင့် ဝါယောဓာတ်တွေ တကိုယ်လုံး ပျံ့နှံ့သွားပြီဆိုယင် ကွေးလို့ရတယ်, ဆန့်လို့လဲရတယ်၊ အဲဒီ ဝါယော တကိုယ်လုံး မပျံ့ယင် ကွေးလို့ဆန့်လို့ မရဘူး၊ ဒီတော့ ဥပမာ ဘာပြထား ပြန်သလဲဆိုတော့–လေ့နဲ့ လူလိုဘဲတဲ့ ဟုတ်လား၊ ဟို အဋ္ဌကထာဆရာကြီးက တော့ဖြင့် ကျိုးတဲ့လူနဲ့ မျက်စိကန်းတဲ့လူကို ပြတယ်။

ကျိုးသူနှင့်ကန်းသူဥပမာ မျက်စိကန်းတဲ့လူကလဲ တနေရာမှာတော့ဖြင့် အစာရေစာတွေ အင်မတန်ပေါတယ်လို့ သတင်းတော့ ကြားတယ်၊ သူ့မှာ မျက်လုံးမပါသည် ဖြစ်သောကြောင့် သွားလို့ရလား၊ (မရပါဘုရား) ကျိုးနေတဲ့ပုဂ္ဂိုလ်ကလဲဘဲ ဘယ်နေရာမှာတော့ အစာရေစာတွေ ပေါတယ်လို့ ပြောတယ်၊ ဒါပေမဲ့ ခြေကျိုးနေသောကြောင့် သွားလို့ ရရဲ့လား၊ (မရပါဘုရား)။

သွားလို့မရတော့ သူကဘယ်သူနဲ့ သွားပေါင်းသလဲဆိုတော့ အခုနက ကန်းနေတဲ့လူကို သူကသွားပေါင်းတယ်၊ ကျိုးတဲ့လူက ဟုတ်လား၊ ကိုင်း– ဒီတော့ ကန်းတဲ့လူအပေါ်ကို ကျိုးတဲ့လူက တက်ခွစီး၊ မင်းဘယ်ဘက် သွား လိုက်အုံး, ညာဘက်သွားလိုက်အုံးနဲ့၊ ဒီလိုဘဲ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေ။

နာမ်တရားကဘာနဲ့ တူသလဲ–ကျိုးတဲ့လူနဲ့တူတယ်၊ ဘယ်မှမသွားနိုင်ဘူး– သိတော့သိတယ်၊ ရုပ်တရားကတော့ ဘာမှမမြင်ဘူး–သူကတော့ မျက်လုံးကန်း နေတဲ့ လူနဲ့တူတယ်၊ ဒီတော့ အဲဒီရုပ်တရားပေါ်ကို နာမ်တရားက ခွစီးပြီး တော့ ကိုင်းမင်းဘယ်သွားလိုက်အုံးဆိုယင် – သွားပေးရတယ် မဟုတ်လား၊

(မှန်ပါ)ဘယ်ဘက်ကွေ့လိုက်အုံးလိုယင် ကွေ့ရတယ်၊ ညာဘက်ကွေ့လိုက်အုံးဆိုယင်လဲ ကွေ့ရတယ်၊ ထိုင်အုံးဆို ထိုင်ပေးရတယ်၊ ထအုံးဆို ထပေး၊ မတ်တတ်ရပ်ဆိုယင် ရပ်ပေး။

အဲဒီလိုဘဲ ရုပ်တရား, နာမ်တရား နှစ်ပါးတို့ဟာ သူတို့ တခုနဲ့ တခု တွဲပြီး သွားနေရတယ်၊ တခုပျက်စီးပြီဆိုယင် ကျန်တဲ့တရားတွေလဲ ပျက်စီးတယ်၊ ရုပ်တရားတွေ ပျက်စီးယင် နာမ်တရားတွေလဲ ပျက်စီးတယ်၊ နာမ်တရားပျက်စီးယင်ကော ရုပ်တရားတွေလဲ ပျက်စီးတယ်။

အဲဒီလိုဘဲ လှေနဲ့လူကို ဥပမာပေးပြီးတော့ ဒီဘက်ကမ်းကနေ ကူးသွားယင် လှေရောလူရော ဟိုဘက်ကမ်းကို ရောက်မသွားဘူးလား၊ (ရောက်သွားပါတယ်ဘုရား) လှေကို အမှီပြုပြီးတော့ လူက ဟိုဘက်ကမ်းရောက်တယ်၊ လူကို အမှီပြုပြီးတော့ လှေလဲ ဟိုဘက်ကမ်းရောက်တယ်၊ အဲဒီ ဥပမာမျိုးလိုဘဲတဲ့။

ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ။
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။[1]

လှေကို အမှီပြုပြီးတော့ လူဟိုဘက်ကမ်း ရောက်သလို ရုပ်တရားတွေကို အမှီပြုပြီးတော့ နာမ်တရားတွေ ဖြစ်ရတယ်၊ နာမ်တရားအမှီပြုပြီးတော့လဲ ဒီလိုဘဲ ရုပ်တရားတွေဖြစ်ရတယ်၊ ဥပမာတွေ အပြန်အလှန်နဲ့ ဒေသနာတော်မှာ ဒီလိုဟောထားတာရှိတယ်၊ ဒါ ပေါရာဏ-ရှေးအဋ္ဌကထာစကားတွေ။

အဲဒီလို ရုပ်တရား, နာမ်တရားတွေကို သင်္ခါရတရားနဲ့ သတ္တဝါနဲ့ ရုပ်သင်္ခါရကို ရုပ်သင်္ခါရအချင်းချင်း, နာမ်သင်္ခါရကို၊ နာမ်သင်္ခါရအချင်းချင်း ကွဲအောင်ခွဲပြီး သိနိုင်တဲ့ အသိဉာဏ်ကို သင်္ခါရပရိစ္ဆေဒဉာဏ်လို့ ဒီလိုခေါ်ပါတယ်။

ကင်္ခါဝိတရဏဉာဏ် ကဲ-အဲဒီသင်္ခါရ ပရိစ္ဆေဒ ဉာဏ်ပြီးတော့-ဒီသင်္ခါရ တရားတွေ ဘယ်ကလာသလဲ၊ သတ္တဝါ ငါလုပ်လို့ ဖြစ်သလား သူများလုပ်လို့ဖြစ်သလား၊ တစုံတယောက်သော ပုဂ္ဂိုလ်က ဖန်ဆင်းပေးလိုက်လို့ ဒီသင်္ခါရတရားတွေ ဖြစ်ပေါ် လာသလားလို့ ဒီလို ယုံမှား သံသယတွေ ရှိနေတဲ့ ကင်္ခါယုံမှားမှုကို လွန်မြောက်နိုင်တဲ့ အသိဉာဏ်ကို ကင်္ခါဝိတရဏဉာဏ်လို့ ဒုတိယဉာဏ်ပိုင်းမှာ ဒီလို ပြောတယ်၊ သင်္ခါရပရိစ္ဆေဒဉာဏ် ပြီးပြီဆိုကြပါစို့ ဟုတ်လား။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ-၂၃၂။

အခုဘာလဲ–ကင်္ခါဝိတရဏဉာဏ်၊ ကင်္ခါဝိတရဏဆိုတာ ယုံမှား ခြင်းကို လွှန်မြောက်စေနိုင်တဲ့ အသိဉာဏ်၊ ဒီရုပ်နာမ်ဓမ္မ သင်္ခါရ တရားတွေ အခုပြော ခဲ့တဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောလို့ခေါ်တဲ့ အနည်းဆုံး ဒီရုပ်တရား တွေ။

ပြီးတော့–သတိရယ်, ပညာရယ်, ဝိညာဉ်ရယ်, သမာဓိရယ်, ဧကဂ္ဂတာ, စေတသိက်ရယ်, ပညိန္ဒြေစေတသိက်ရယ်ဆိုတဲ့ ဒီ ဝိညာဏနာမ်တရား ဓာတ်တရား တွေ ဘယ်ကလာကြတာလဲ၊ ဒီ ဓာတ်တရားတွေ ဘယ်သူ လုပ်ပေးကြတာလဲ၊ အကြောင်းကို ပြန်ပြီးတော့ကြည့်–သူတို့ရဲ့ဖြစ်ကြောင်းတရားကို တစုံတယောက် လုပ်ပေးတာလား၊ သို့မဟုတ် ကိုယ့်ဟာဘဲကိုယ်လုပ်ခဲ့သလားလို့–ကြည့်။

အဲဒါ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ကြည့်မယ်ဆိုယင် အခုပြောခဲ့တဲ့ ဝိညာဉ်, နာမ်ရုပ်ဆိုတဲ့ သင်္ခါရတရားတွေ ဘယ်သူ့ကြောင့်ဖြစ်သလဲ–အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝလို့ ခေါ်တဲ့ ဒီအကြောင်းတရား ငါးပါး ကြောင့် ဒီဘက်က ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာခေါ်တဲ့ အကျိုးတရားငါးပါး ပေါ်လာတာပါတဲ့။

အဲဒါကို ဒေသနာတော်က–

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ[၁]။

ဣတိ၊ ဤသို့။ ဣမသ္မိံ၊ ဤအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ ခေါ်တဲ့ တရား ငါးပါးသည်။ သတိ၊ ထင်ရှားဖြစ်သည်ရှိသော်။ ဣဒံ၊ ဤ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟု ဆိုအပ်သော အကျိုးတရား ငါးပါးသည်။ ဟောတိ၊ ဖြစ်ပေါ်၍ လာ၏။ ဣမဿ၊ ဤအဝိဇ္ဇာ စသော အကြောင်းတရား၏။ ဥပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ ဣဒံ၊ ဤသင်္ခါရ စသော အကျိုးတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟော–အခုပြောခဲ့တဲ့ ရုပ်တရား, နာမ်တရား, ပြီးတော့ ဝိညာဉ်တရား၊ ဝိညာဉ်, နာမ်, ရုပ်၊ ဝင်လေ ထွက်လေက ရုပ်၊ ပူမှု, အေးမှုတွေဆိုတာ ရုပ်၊ အဲဒီ ပူမှု, အေးမှုတွေကို ထင်ရှားအောင်ဖော်ပြပေးတာက နာမ်၊ ပူမှု, အေးမှုကို ပူတဲ့အနေနှင့် သိ, မအေးတဲ့အနေနဲ့ သိနေတာက ဝိညာဉ်၊ ဘယ်မှာလဲ–သတ္တဝါ၊ အဲဒီ ဝိညာဉ်ရယ်, နာမ်ရယ်, ရုပ်ရယ်ဆိုတဲ့ ဒီတရားတွေ ဘယ်ကလာတာလဲလို့ ဆိုတော့–

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်တွေရှိယင် ရုပ်တရားရှိတယ်၊ ဥပါဒါန် ရှိယင် ရုပ်တရားရှိတယ်၊ ကံရှိယင် ရုပ်တရားရှိတယ်၊ သင်္ခါရ တရားတွေ ရှိယင်

၁။ ဥဒါန်းပါဠိတော် **ပဌမဗောဓိသုတ်**။

ရုပ်တရားတွေရှိတယ်၊ ဒါဖြင့် ဒီရုပ်တရားတွေ ရှိနေတာဟာ ဘယ်သူ့ကြောင့် ရှိနေတာလဲ–တစုံတယောက်သော ပုဂ္ဂိုလ်ကြောင့်လား, ကိုယ့်ကြောင့်လား, သူများကြောင့်လား– မဟုတ်ဘူး၊ သင်္ခါရတရားတွေကြောင့် သင်္ခါရတရားတွေ ဖြစ်၏။

အဝိဇ္ဇာ,သင်္ခါရ အစရှိသော တရားတို့ကြောင့် ဝိညာဉ်, နာမ်ရုပ် စသော သင်္ခါရတရားတွေ ဖြစ်ပေါ်၍လာ၏လို့, ရုပ်တရားတချို့ကြောင့် ရုပ်တရားတွေဖြစ်၏၊ နာမ်တရားတချို့ကြောင့် နာမ်တရားတွေဖြစ်၏လို့ အဲဒါလောက် သိမ်းဆည်းနိုင်ယင်ဘဲ အဲဒါ ကင်္ခါဝိတရဏဉာဏ်လို့ ဒီလိုခေါ်ပါတယ်။

ကံနှင့်ဝိပါက်လည်၍ဖြစ်ပုံ အဲဒီ ကင်္ခါဝိတရဏဉာဏ်နဲ့ ပတ်သက်ပြီးတော့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ ဆိုတာ သူကဘာလဲ–ကံ၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ခေါ်တဲ့ ဒီအကျိုးတရားငါးပါးက– ဝိပါက၊ ကမ္မ-ဝိပါက၊ ဒါဘဲရှိတယ်၊ အဲဒီ ပဋိစ္စသမုပ္ပါဒ်တခုလုံး ကြည့်ယင် သတ္တဝါတွေကြည့်ယင် ဒါဘဲရှိတယ်၊ ကမ္မ–ဝိပါက၊ပရမတ္ထသစ္စာအနေနဲ့ ကမ္မကြောင့် ဘာဖြစ်သလဲ- ဝိပါက်ဖြစ်၏၊ အဲဒီ ဝိပါက်ကိုအမှီပြုပြီးတော့ ကမ္မတွေဖြစ်၏။

ဒါကို အဋ္ဌကထာ ဆရာတော်များက—

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။[၁]

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ ခန္ဓာငါးပါး ဝိပါက်တရားတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

အခုဘုန်းကြီးတို့ အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ ဝိပဿနာဉာဏ်ထဲမှာ ရှုပွားနေတဲ့ ပူတဲ့သဘော, အေးတဲ့သဘော, လှုပ်တဲ့ သဘော, တောင့်တင်းတဲ့သဘော, ပေါင်းစည်းတဲ့သဘော- ရုပ်တရား၊ အဲဒီ ရုပ်တရားတွေကို သိနေတဲ့သဘော, ဒီရုပ်တရားတွေကို ထင်ရှားအောင် ပြုလုပ်နေတယ်ဆိုတဲ့ သဘောတည်းဟူသော နာမ်တရား။

၎င်းဒီ ရုပ်,နာမ်တရား နှစ်ပါးတို့ ဘယ်သူကြောင့် ဖြစ်သလဲ- ကံကြောင့်၊ ဘယ်သူ့ကြောင့်တုံး၊ (ကံကြောင့်ပါဘုရား) ကံကြောင့်ဖြစ်တယ်၊ အဝိဇ္ဇာ, သင်္ခါ, တဏှာ,ဥပါဒါန်,ကမ္မဘဝ—ဆိုတဲ့ ကံကြောင့်ဖြစ်တဲ့ ရုပ်တရားတွေ၊ အခု ဝိပဿနာရှုနေတဲ့ ရုပ်တရားတွေဟာ ကံကြောင့်ဖြစ်တဲ့ ရုပ်တရားတွေ။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ-၂၃၇။

နို့-ရုပ်တရားတိုင်း ကံကြောင့် ဖြစ်သလားဆိုတော့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေလဲ ရှိသေးတယ်၊ အဲ-ဟိုဘက်က ဗဟိဒ္ဓက ရုပ်တွေဆိုတာ တချို့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ကောင်းကင်က နေပြီးတော့ မိုးခြိမ်းသံတို့၊ မိုးကြိုးပစ်သံတို့၊ မိုးရွာသံ- လေတိုက်တဲ့အသံတို့ဆိုတဲ့ ဗဟိဒ္ဓအသံတွေဟာလဲ ရုပ်တွေဘဲမဟုတ်လား၊ (မှန်ပါ) အဲဒါတွေ ဥတုကြောင့်ဖြစ်တာ။

အခု ဘုန်းကြီးတို့ ပါးစပ်ကထွက်နေတဲ့ အသံ-သဒ္ဒရုပ်ကျတော့ စိတ်ရယ်၊ ဥတုရယ်-ဒီနှစ်ပါးကြောင့် ဖြစ်တဲ့ရုပ်။

ဘုန်းကြီးတို့ပါးစပ်က အခုတရားဟောပြီး တတွတ်တွတ်နဲ့ ထွက်နေတဲ့ အသံ-သဒ္ဒရုပ် မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဘယ်သူ့ကြောင့် ဖြစ်သလဲ- ထူးကြီးဆရာတော်ကြောင့်ဖြစ်တဲ့ အသံမဟုတ်ဘူး၊ စိတ်ဆိုတဲ့ ဝိညာဉ်ရယ်၊ ဥတုရယ်ဆိုတဲ့ ဒီတရားနှစ်ပါးကြောင့် ဒီအသံပေါ်လာတာ၊ အဲ-ဥတုသာ မကောင်းယင် အသံစိတ်သာရှိပေမဲ့ အသံမထွက်ဘူး။

ဒီတော့ ဒီအသံဟာ ဘယ်သူကြောင့်ဖြစ်သလဲ-ဥတုကြောင့်ဖြစ်တယ်၊ စိတ်ကြောင့်ဖြစ်တယ်၊ ဥတုဆိုတဲ့ရုပ် တရားကြောင့် ရုပ်တရားဖြစ်၏၊ စိတ်ကြောင့်ဆိုတဲ့ နာမ်တရားကြောင့် ရုပ်တရားဖြစ်၏၊ ဟုတ်လား-ဘယ်သူ့ ကြောင့်မှ ဖြစ်တာမဟုတ်ဘူး။

အခုနကပြောတဲ့ လူကိုမှီပြီးတော့ လူဟိုဘက်ကမ်း ရောက်သလိုဘဲ နာမကာယကို အမှီပြုပြီးတော့ ရူပကာယတွေ ဖြစ်တယ်၊ ရူပကာယကို အမှီပြုပြီးတော့ နာမကာယတွေ ဖြစ်တယ်၊ အဲဒါကြောင့်-

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ ဝိပါက်တရားတို့သည်။ ဝတ္တန္တိ၊ ဖြစ်ပေါ်ကြကုန်၏။ ဝိပါကော၊ ဝိပါက်သည်။ ကမ္မသမ္ဘဝေါ၊ ကံကြောင့်ဖြစ်၏။ ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ တဖန်ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီ အကျိုးဝိပါက်တရားဖြစ်တဲ့ ခန္ဓာငါးပါးကို မှီပြီးတော့ တခါဘာတွေ ဖြစ်ပြန်သလဲ၊ ဩော်-ငါတော့ ကုသိုလ်ကောင်းမှုလေး လုပ်အုံးမှဘဲဆိုပြီးကံတွေ ပြန်ဖြစ်ပြန်ရော၊ ဒီကံ ဘယ်သူ့ကြောင့်ဖြစ်သလဲ-ဝိပါကကြောင့်၊ ဒီဝိပါက် ဘယ်သူ့ကြောင့် ဖြစ်သလဲ-ကမ္မကြောင့်။

ဧဝံ၊ ဤသို့။ လောကော၊ လောကကြီးသည်။ ဝတ္တတိ၊ လည်၍ ဖြစ်လေ၏။

ကမ္မကြောင့် ဝိပါကဖြစ်၊ဝိပါကကြောင့် ကမ္မဖြစ်၊ဝိပါကကြောင့် ဝိပါက်ဖြစ်၊ ဝိပါက်ကြောင့် ကံဖြစ် ဆုံးအုံးမလား၊ (မဆုံးပါဘုရား) မဆုံးတော့ အဲဒါကို

သံသရာလို့ ဒီလိုခေါ်တယ်၊ ကမ္မ, ဝိပါက—ဒါတဲ့ရှိတယ်၊ ကာ်ါဝိတရဏာဉာဏ် မှာလေ၊ ဟာ—အစကုန်းက ငါမှမဟုတ်ဘဲ၊ ဟိုဘက်ကဖြစ်ခဲ့တာတွေ ဝိညာဉ်, နာမ် ရုပ်တွေ၊ ဟို ဘက်ကဖြစ်ခဲ့တာ ဘာတွေလဲ ဝိညာဉ်နာမ်ရုပ်တွေ။

အဲဒီ ဝိညာဉ်, နာမ်ရုပ်ကိုမှီပြီးတော့ ဟိုဘက်ဘဝက ဘာတွေဖြစ်သလဲ- ကံတွေဖြစ်ခဲ့တယ်၊ အခုဒီဘဝကျမှ ဝိညာဉ်, နာမ်ရုပ် လာပြီးတော့ ဖြစ်ပြန် တယ်၊ ဒီ ဝိညာဉ်, နာမ် ရုပ်ကိုမှီပြီးတော့ အခု ကံတွေဖြစ်ပြန်ပြီ၊ ကိုယ်အမူ အရာနဲ့ လုပ်တဲ့ကံတွေ, နှုတ်အမူအရာနဲ့ လုပ်တဲ့ကံတွေ, စိတ်အမူအရာနဲ့ လုပ်တဲ့ ကံတွေ ဖြစ်ပြန်ပြီမဟုတ်လား၊ (မှန်ပါ)ဒီကံတွေ ဘယ်သူ့မှီ ဖြစ်သလဲ-ဝိပါက် မှီပြီးတော့ ဖြစ်တယ်။

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ ဝိပါက်တရားတို့သည်။ ဝတ္တန္တိ၊ ဖြစ် ကုန်၏။ ဝိပါကာ၊ ဝိပါက်တရားကြောင့်။ ကမ္မာ၊ ကံတရားတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ လောကော၊ သတ္တလောကကြီးသည်။ ပဝတ္တတိ၊ ကမ္မ, ဝိပါက လည်ရှိနေလေတော့၏

ကံမှီပြီးတော့—ဝိပါက၊ ဝိပါကမှီပြီးတော့—ကံ၊ ကံမှီးပြီးတော့— ဝိပါက်၊ ဝိပါက်မှီပြီးတော့—ကံ၊ ဘယ်မှာလဲသတ္တဝါ—အဲဒီလို သတ္တဝါမရှိပါကလားလို့ ယုံကြည်ဆုံးဖြတ်နိုင်တဲ့ "ဪ-သတ္တဝါရှိခဲ့လေသလား"လို့ ဆိုတဲ့ ယုံမှား သံသယကို လွန်မြောက် သွားတယ်၊ ဒီဉာဏ် ရယင် လွန်မြောက် သွားပြီတဲ့၊ အဲဒါက ဘာဉာဏ်လဲဆိုတော့-ကင်္ခါဝိတရဏာဉာဏ်၊ ပစ္စယပရိဂ္ဂဟလို့လဲ ခေါ် တယ်။

ကံကိုသတ္တဝါက လုပ်တာ မဟုတ်

ဒါဖြင့် ဒီကံတွေကို သတ္တဝါက လုပ်တာ မဟုတ်ဘူးလား ဘုရားလို့ မေးစရာ မရှိဘူးလား၊ (ရှိပါတယ် ဘုရား)၊ သတ္တဝါက လုပ်တာ မဟုတ်ပါဘူးတဲ့-ပေါရာဏောဟိ၊ ရှေး အဋ္ဌကထာဆရာတို့က ဘယ့်နှယ်ပြောသလဲ—

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝမေတံ သမ္မဒဿနံ။[၁]

ကမ္မဿ၊ ကုသိုလ်ကံ, အကုသိုလ်ကံကို။ ကာရကော၊ ပြုတတ်သော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ အကျိုးဝိပါက်ကို။ ဝေဒကော၊ ခံစားတတ်သော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ (ဒါဖြင့်ဘာတွေလဲ—ကံကိုလုပ်တဲ့ သတ္တဝါလဲမရှိဘူး၊ ကံ၏အကျိုး ဝိပါက်တွေ ခံစားတဲ့ သတ္တဝါလဲ မရှိဘူး ဆိုယင် ဘာတွေ ရှိသလဲ ဆိုတော့-) သုဒ္ဓဓမ္မာ၊

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ—၂၃၇။

သက်သက်သော ဝိညာဏ်, နာမ်ရုပ်, စိတ်, စေတသိက်တရားတို့သည်။ ပဝတ္တန္တိ၊ ဆက်ကာဆက်ကာ လည်၍ဖြစ်ကြကုန်၏။ ဧဝံ၊ ဤသို့။ ဧတံ၊ ထိုခန္ဓာငါးပါး ရုပ်, နာမ်တရားကို။ ဒဿနံ၊ မြင်ခြင်းသည်။ သမ္မာဒဿနံ၊ မဖောက်မပြန် အမြင်မှန်ရသော တရားပါပေတည်း။

ဟော—ဒါအမြင်မှန်ဘဲတဲ့၊ ဩော်–သတ္တဝါက လုပ်တာ မဟုတ်ဘူး၊ ကံကို လုပ်တာ ဘယ်သူကလုပ်သလဲ—အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်—ဟောဒီ တရား တွေကလုပ်တာ၊ အဲဒီ တရားတွေကြောင့် ဘာဖြစ် လာသလဲ—ကံဖြစ်လာ တယ်၊ အဲဒီ ကံကြောင့် ဘာဖြစ် လာသလဲ–ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဝိပါက် တရားတွေ ဖြစ်တယ်၊ အဲဒီ ဝိပါက်တရားတွေ ဖြစ်တော့ကော ဒီဝိပါက် တရားတွေရဲ့ အကျိုး ဝိပါက်တွေကို ခံစား နေရတာ ဘယ်သူတုံး—

ရုပ် နာမ်တရား တွေဘဲ၊ သတ္တဝါက ခံနေရတာ မဟုတ်ဘူး ဟုတ်လား၊ သတ္တဝါမပါဘူးလို့ အဲဒီလို–

ဧဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာ ကောဋိ န နာယတိ။
အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ န ဒိဿတိ။

အစမထင်သော ကံနှင့်ဝိပါက်

ဒါဖြင့် ကံနှင့် ဝိပါက ဘယ်သူက အရင် စဖြစ် သလဲလို့ မေးဘို့ မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ကံက အရင် စဖြစ်သလား, ဝိပါက်က အရင် စဖြစ်သလား–ဒီလိုမေးအုံး မယ်တဲ့၊ အဲဒီအမေး ဘယ့်နှယ်လုပ်ဖြေတားသလဲ ဆိုတော့

ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့နဲ့ သစ်ပင်စသည်တို့၏။ ပုဗ္ဗာကောဋိ၊ ဘယ်သူက အရင်စဖြစ်သလဲ ဆိုတဲ့ အစွန်းကို။ နနာယတိဣဝ၊ မထင်ရှား နိုင်သကဲ့သို့။ ဧဝံတထာ၊ထို့အတူ။ သဟေတုကေ၊ အကြောင်းနှင့်တကွ။ ဝတ္တမာနေ၊ဖြစ်သည် ရှိသော်။ ကမ္မေ၊ ကံ၌ရှင်း။ ဝိပါကေ၊ ဝိပါက်၌ရှင်း။ ပုဗ္ဗာကောဋိ၊ ဘယ် သူကအရင်စဖြစ်တယ်ဆိုတဲ့ အကြောင်းတရားသည်။ န နာယတိ၊ မထင်ရှား။

အတီတေယထာ၊ အတိတ်၌ဖြစ်ခဲ့သကဲ့သို့။ အနာဂတေပိ၊ အနာဂတ် ကာလ၌လည်း။ သံသာရေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ မပြတ်ဖြစ်ခြင်း ဟုဆိုအပ်သော သံသရာသည်။ ဝတ္တမာနေ၊ ထင်ရှားဖြစ်ပေါ်နေသည်ရှိသော်။ အပ္ပဝတ္တံ၊ ကမ္မဝိပါကတို့ မဖြစ်ခြင်းသည်။ နဒိဿတိ၊ မထင်ရှား။ ပဝတ္တံဝေ၊ ကမ္မဝိပါကတွေ ဖြစ်ခြင်းသည်သာလျှင်။ ဒိဿတိ၊ ထင်ရှားပေါ်လွင်၍နေလေ တော့၏။

ဘာပြောသလဲ ဒီဒေသနာတော်က၊ ကမ္မနဲ့ဝိပါက ဘယ်သူ့အရင် စဖြစ်သလဲလို့ မေးတဲ့အမေးကို ဖြေတဲ့နေရာမှာတဲ့ ဥပမာတခုကြည့်ပါတဲ့ သစ်ပင်ရယ် မျိုးစေ့ရယ် ဘယ်သူကအရင်စဖြစ်သလဲ—တဲ့၊ သစ်ပင်ကနေ မျိုးစေ့ဖြစ်တယ်၊ မျိုးစေ့ကနေ သစ်ပင်၊ သစ်ပင်ကနေမျိုးစေ့၊ ဒါဖြင့် ဒီသစ်ပင်နဲ့ ဒီမျိုးစေ့ ဘယ်သူကစသလဲ— သရက်ပင်ဘယ်သူကစသလဲ—

အဲဒီလို သူတို့ရဲ့အစကို ရှာဖွေလို့မရနိုင်သလို မထင်ရှားနိုင်သလို၊ မျိုးစေ့နဲ့သစ်ပင်ရဲ့ဖြစ်ရာ အစမထင်ရှားသလို ကမ္မ ဝိပါကတို့ရဲ့ ဖြစ်ခြင်းအစဟာလဲ မထင်ရှားဘူးတဲ့၊ အတိတ်တုန်းက ဖြစ်ခဲ့သလိုဘဲ အနာဂတ်မှာလဲ ဒီလိုဘဲဖြစ်ပါတယ်တဲ့၊ ခန္ဓာငါးပါး၊ အာယတနတဆဲ့နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါးဟူသော သံသရာကြီးရှိနေသေးယင် ကမ္မနဲ့ဝိပါက မဖြစ်ဘဲနေမှာမဟုတ်ဘူး— ဖြစ်နေမှာဘဲတဲ့။

အဲဒီလို ကမ္မဝိပါကတို့ရဲ့သဘောကို ပိုင်းခြားပြီးသိလာယင်—ကင်္ခါဝိတရဏဉာဏ်၊ ဒါ တရဏဝိပဿနာဉာဏ်ပိုင်းမှာ သင်္ခါရပရိစ္ဆေဒဉာဏ်ပြီးပြီ၊ ကင်္ခါဝိတရဏဉာဏ်ပြီးပြီ။

သမ္မသနဉာဏ်ခဏ်း အဲဒီ သမ္မသနဉာဏ်ခဏ်းကျတော့ ဘာတွေနဲ့နဲ့ပြောပေးရမလဲဆိုတော့ ပရိညာသုံးပါးကို နဲ့နဲ့ပြောပေးရမယ်။

(၁) အဘိညာပညာ ဉာတဋ္ဌေဉာဏံ။
(၂) ပရိညာပညာ တီရဏဋ္ဌေဉာဏံ။
(၃) ပဟာနေပညာ ပရိစ္စာဂဋ္ဌေ ဉာဏံ။[၁]

ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ—

ပညာသုံးပါး အထူးသဖြင့် သိတဲ့ဉာဏ်သည် အခုနက သင်္ခါရတရားတို့ရဲ့ သဘာဝလက္ခဏာကို ပိုင်းပိုင်းခြားခြား သိသည် ဖြစ်သောကြောင့် သူ့ကို ဉာတပရိညာ၊ သင်္ခါရတရားတို့ရဲ့ အနိစ္စအချက်၊ ဒုက္ခအချက်၊ ဝိပရိဏာမအချက်တွေကို ပိုင်းခြားသိတဲ့ ပညာကျတော့ တီရဏပရိညာ၊ သင်္ခါရတရားတွေပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယဉ် သုံးပါးထင်ရှား လာသည် ဖြစ်သောကြောင့် နိစ္စသဘော၊ ခုဝသဘောတွေကို ပယ်စွန့်လိုက်တဲ့ သဘောသည် ပဟာန ပရိညာလို့ ဒီလို ပရိညာသုံးပါးရှိတယ်။ *

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ—၂၊ ၀၄။

* **ပရိညာသုံးပါး**

(၁) "ရုပ်သည် ဖောက်ပြန်တတ်၏၊ ဝေဒနာသည် ခံစားတတ်၏"စသည်ဖြင့် ထိုထိုရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ စသောတရားတို့၏ မိမိတို့အသီး

အဲဒီ ပရိညာသုံးပါးနဲ့ သုံးသပ်ဆင်ခြင်ပြီးတော့ အခုပြောခဲ့တဲ့ အတိတ်က ဖြစ်ခဲ့တဲ့ ဝိပါကတွေဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို သမ္မသန- သုံးသပ်ဆင်ခြင်ပြီးတော့ ကြည့်၊ သုံးသပ်ကြည့်၊ ဆင်ခြင်ကြည့်။

သမ္မသနဆိုတာ စုံစမ်းကြည့်တယ်, စစ်ဆေးကြည့်တယ်၊ ဩော်-ရုပ်နာမ် ဓမ္မ **သင်္ခါရ**တရားတွေတော့ တွေ့နေပြီ၊ ဒီအထဲမှာ သတ္တဝါတော့ မပါဘူး၊ **ဒီ** ရုပ်နာ**မ်**ဓမ္မ သင်္ခါရတရား**တွေ**ဟာ ဘယ်လိုနေသလဲ-သူတို့ကို **စုံစမ်း**ကြည့်၊ **စစ်ဆေး**ကြည့်၊ အဲဒီလို **စုံစမ်းစစ်ဆေး**တဲ့ ဉာဏ်ကို ဘာဉာဏ်လို့ ခေါ်သလဲ၊ (**သမ္မသန**ဉာဏ်ပါဘုရား) သုံးသပ်တယ်၊ **စုံစမ်း**တယ်၊ **စစ်ဆေး**ကြည့်တယ်၊ အဲဒီလို **စုံစမ်း**ကြည့်တဲ့အခါတော့ ဘာတွေမြင်လာသလဲ-

> ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထေတိ ဧကံ သမ္မသနံ။[၁]

အတိတ်ကဖြစ်တဲ့ ရုပ်, အနာဂတ်မှာဖြစ်လတံ့ ဖြစ်တဲ့ရုပ်, ပစ္စုပ္ပန်ဖြစ်တဲ့ ရုပ်ကြည့်လိုက် ဘယ်လိုနေသလဲ၊ အခု ပစ္စုပ္ပန်-နှာခေါင်းထဲကို ဝင်ဆဲဖြစ်တဲ့ **ဝါယောလေ**ဓာတ်-ရုပ်၊**ပရမတ္ထ**တရားဖြစ်တဲ့ ရုပ်တရားကို ကြည့်လိုက်ယင် ဒီရုပ် **တရားသည်** မြဲတဲ့သဘောရှိသလား-ကုန်တဲ့ပျောက်တဲ့သဘောရှိသလား-**ကုန်**တဲ့ **ပျောက်**တဲ့ သဘောရှိတယ်၊ မမြဲတဲ့သဘောရှိတယ်၊ ပစ္စုပ္ပန် ဖြစ်တဲ့ ရုပ်တရား

အသီး လက္ခဏာကို ကောင်းစွာမှတ်သားသော ပညာသည် **ဉာတပရိညာ** မည်၏။

(၂) "ရုပ်သည် မမြဲ, ဝေဒနာသည် မမြဲ "စသောနည်းဖြင့် ထိုမိမိတို့ အသီး အသီးသော လက္ခဏာကို ကောင်းစွာမှတ်ယူပြီးကုန်သော တေဘူမက တရားတို့၏ အနိစ္စ,ဒုက္ခ,အနတ္တဟူသော သာမည လက္ခဏာကို တင်၍ ထိုအနိစ္စစသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာ ပညာသည် **တီရဏပရိညာ** မည်၏။

(၃) ထိုအသီးအသီးသော လက္ခဏာ, သာမညလက္ခဏာကို ကောင်းစွာမှတ်ယူ အပ်ကုန်သော တေဘူမကတရားတို့၌ မြဲ၏ဟု မှတ်သားသော သညာ စသည်ကို ပယ်စွန့်သည်၏ အစွမ်းအားဖြင့် အနိစ္စတာ အစရှိသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာ ပညာသည် **ပဟာန ပရိညာ** မည်၏။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ် နှာ-၂၄၁)။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၅၁။

မမြဲသလို အတိတ်က မနေ့ကဖြစ်ခဲ့တဲ့ ရုပ်တရားတွေကော၊(မမြဲပါဘူးဘုရား) နက်ဖြန်ခါဖြစ်မဲ့ ရုပ်တရားတွေကော၊ (မမြဲပါဘူးဘုရား)။

ရုပ်တရားဆိုတာ စိတ္တက္ခဏလေး တချက်, ဝေဒနာဆိုတာ စိတ္တက္ခဏလေး တချက်၊ "ဧက စိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော"။ တခုသော စိတ္တက္ခဏနှင့် ယှဉ်သည့်အတွက် ဘယ်လောက်မှ မကြာဘူး၊ချမ်းသာဘယ်ဆိုတာလဲ ဘယ်လောက်မှ ကြာဟာ မဟုတ်ဘူး၊ဆင်းရဲတယ် ဆိုတာလဲဘယ်လောက်မှ ကြာတာမဟုတ်ဘူး၊ ရုပ်တရားဖြစ်တယ်ဆိုတာလဲ ဘယ်လောက်မှ ကြာတာ မဟုတ်ဘူး။

ဧကစိတ္တသမာယုတ္တာ၊တခုသော စိတ္တက္ခဏနှင့် ယှဉ်သည် ဖြစ်၍။ ခဏော၊ ရုပ်နာမ်တရားနှစ်ပါးတို့၏ အသက် ကုန်ခြင်းသည်။ လဟုသော၊ အနည်းငယ် တိုတောင်းလှပေ၏။ ချမ်းသာတဲ့ သုခဝေဒနာ ဘယ်လောက်များကြာသလဲ– စိတ္တက္ခဏတချက်ဘဲ၊ ဆင်းရဲတဲ့ ဒုက္ခဝေဒနာ ဘယ်လောက်ကြာသလဲ–စိတ္တက္ခဏ တချက်ဘဲ၊ ရုပ်တရားတွေ ဘယ်လောက် ကြာသလဲ–ခဏတ္တယလေး တချက်ဘဲ သူကကြာတယ်။

အဲဒီတော့ အခုဖြစ်ဆဲဖြစ်တဲ့ ပစ္စုပ္ပန် ရုပ်တရားတွေ, ပစ္စုပ္ပန် နာမ်တရားတွေက ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသလို ဟို အတိတ်က–မနေ့က ဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေကော–ရှိသေးလား အခု၊ (မရှိတော့ပါဘူးဘုရား) မနက်က ဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေကော (မရှိပါဘူးဘုရား)။

အခုအချိန်သို့ မရောက်ခင် နောက်ကာလ နောက်အချိန်က ဖြစ်ခဲ့တဲ့ ရုပ်တရားတွေကော၊ (မရှိပါဘူးဘုရား) ပူတဲ့ ဥတုကလာခဲ့ပြီးတော့ အေးတဲ့အချိန် ရောက်လာတဲ့ အခါကျတော့ ပူတဲ့ ဥတုက ပါလာတဲ့ ရုပ်တရားတွေ ရှိသေးရဲ့လား၊ (မရှိပါဘူး ဘုရား) ဘယ်ရောက် ကုန်သလဲ–အတိတ် ရုပ်တွေ ပျက်စီးကုန်တယ်။

ရုပ်တရားတို့၌ အနိစ္စဟုရှုပုံ

"ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" အခုအတိတ်နဲ့ ပစ္စုပ္ပန်ဖြစ်တဲ့ ရုပ်တရားတွေပျက်စီးသလို နက်ဖြန်ခါ ဖြစ်မဲ့ ရုပ်နာမ်ဓမ္မတွေကကော၊ (မရှိပါဘူး ဘုရား) မြဲမယ်လို့ ဘယ်သူ တာဝန်ခံနိုင်သလဲ၊ (မခံနိုင်ပါဘုရား) ဘယ်သူမှ တာဝန်မခံနိုင်ဘူး၊ နက်ဖြန်ခါ ဖြစ်မဲ့ ထွက်လေဝင်လေဆိုတဲ့ ရုပ်တရားတွေ ပျက်မလား, မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)။

၁။ မဟာနိဒ္ဒေသပါဠိတော် နှာ–၉၀။

အတိတ်က ဖြစ်ခဲ့တဲ့ရုပ်, အနာဂတ်မှာဖြစ်မဲ့ရုပ်, ပစ္စုပ္ပန်ဖြစ်တဲ့ရုပ်၊ဟီနပဏီတ- ယုတ်တယ်ဆိုတဲ့ရုပ်, မြတ်တယ်ဆိုတဲ့ရုပ်၊ အဇ္ဈတ္တ ဗဟိဒ္ဓ-အဇ္ဈတ္တမှာ ဖြစ်တဲ့ရုပ်, ဗဟိဒ္ဓမှာဖြစ်တဲ့ရုပ်၊ဒူရသန္တိက-ဉာဏ်ဖြင့် သိမ်းဆည်းခြင်းငှာ ခက်တဲ့ရုပ်,ဉာဏ်ဖြင့် သိမ်းဆည်းခြင်းငှာ လွယ်တဲ့ရုပ်၊ ဩဠာရိက သုခုမ-ရုန့်ရင်း ကြမ်းတမ်းတယ် ဆိုတဲ့ရုပ်, နူးညံ့သိမ်မွေ့တယ်ဆိုတဲ့ရုပ်။

ဤတဆယ့်တပါးသော ရုပ်တရား တွေသည် ဤသို့ ကုန်ခြင်း ပျောက်ခြင်း သဘောရှိသောကြောင့် အနိစ္စသဘောတရားတွေပါကလား, ဒုက္ခသဘောတရား တွေပါကလား, အနတ္တသဘောတရားတွေပါကလားလို့ ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့ကို သိမ်းကျုံးသုံးသပ် ဆင်ခြင်ပြီးကြည့်လိုက်လို့ အနိစ္စသဘော အချက်ပေါ်လာယင်, ဒုက္ခသဘောအချက် ပေါ်လာယင်, အနတ္တသဘော အချက်ပေါ်လာယင် သမ္မသနဉာဏ်—တဲ့။

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနာတိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေဉာဏံ။[၁]

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်သော။ ရူပံ၊ ရုပ်တရားသည်။ ခယဋ္ဌေန၊ ကုန်ခြင်းပျက်ခြင်းသဘောရှိ သောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ ကုန်ခြင်းပျက်ခြင်းဟူသော ဘေးဖြင့် နှိပ်စက်နေသည်ဖြစ်သောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရက ဋ္ဌေန၊ မြဲတယ်, ခိုင်ခံ့တယ်, တည်တံ့တယ်ဆိုတဲ့ အနှစ်သာရ မရှိသောအား ဖြင့်။ အနတ္တာ၊ အနတ္တမည်၏။ ဣတိ၊ ဤသို့။ သင်္ခိပိတွာ၊ သိမ်းကျုံး၍။ ဝဝတ္ထာနေ၊ ပိုင်းခြားခြင်း၌။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ သမ္မ သနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

(ဤသို့သုံးသပ် ဆင်ခြင်ခြင်းသည် သမ္မသနဉာဏ်၊ သင်္ခါရတရားတွေကို သုံးသပ်ကြည့် ဆင်ခြင်ကြည့်၊ ဘာသာတွေသလဲ—အနိစ္စ, ဒုက္ခ, အနတ္တ၊ အနိစ္စ ဆိုတာဘာလဲ— ကုန်ပျောက်သွားတာ၊ နောက်တခါ အသစ်ဖြစ်လာတယ်၊ ကုန်ပျောက်သွားတယ်၊နောက်တခါအသစ်ဖြစ်လာတယ်၊ကုန်ပျောက်သွားတယ်။

ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တရား ဘယ်ဒင်းမှမမြဲဘူး၊ ဖြစ်တိုင်းဖြစ်တိုင်း သော နာမ်တရားတွေ ဘယ်ဒင်းမှမမြဲဘူး— အနိစ္စ၊ ဒီလို မမြဲတဲ့ ဘေးကြီး နှိပ်စက်နေသည် ဖြစ်သောကြောင့် ဘယဋ္ဌဒုက္ခ၊ မြဲတယ်ခေါ်တဲ့ အနှစ်သာရ အတ္တရှာမရသည်ဖြစ်သောကြောင့် အနတ္တလို့ ဤသို့ ရုပ်, နာမ်တရားတို့အပေါ်

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၅၁။

မှာ နှလုံးသွင်း ရှုပွားဆင်ခြင်၍နေခြင်းသည် သမ္မသနဉာဏ်၊ ဘာဉာဏ်တဲ့လဲ၊ (သမ္မသနဉာဏ်ပါဘုရား)

မဂ္ဂါမဂ္ဂဝဝတ္ထာနဉာဏ် အဲဒီလို သမ္မသနဉာဏ်နဲ့ သုံးသပ်ဆင်ခြင် ဖန်များ
ဥဒယဗ္ဗယဉာဏ် လာတဲ့ အခါကျတော့ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်တဲ့ရုပ်၊
မဂ္ဂါမဂ္ဂဝဝတ္ထာနေပညာ- ဥဒယဗ္ဗယဉာဏ်၊ ဥဒယ-ဖြစ်လာတယ်၊ ပြီးတော့ ဘယ်ရောက်သွားသလဲ၊ ကုန်ပျောက် သွားတယ်၊ ဖြစ်လာတယ်၊ ကုန်ပျောက်သွားတယ်၊ ဖြစ်လာတယ်၊ ကုန်ပျောက်သွားတယ်၊ ဘယ်သူတွေဖြစ်သလဲ·· ဝိညာဉ်, နာမ်ရုပ်၊ ဒီပြင်ဘာဖြစ်သေးလဲ (မဖြစ်ပါဘူး ဘုရား) အဲဒီဖြစ်လာတဲ့ ဝိညာဉ်တိုင်း ဘယ်ရောက်သွားသလဲ-ကုန်သွားတယ်၊ ပျောက်သွားတယ်၊ အဲဒါကို ဒေသနာတော်က-

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိတလက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော။[1]

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်၌ဖြစ်ဆဲဖြစ်သော ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုပစ္စုပ္ပန်ဖြစ်ဆဲဖြစ်သော ရုပ်တရား၏။ နိဗ္ဗတ္တိတလက္ခဏံ၊ ဖြစ်ပေါ်သော လက္ခဏာသည်။ ဥဒယော၊ဥဒယမည်၏။ (ဥဒယ-ဖြစ်တယ်၊ ရုပ်တရားရဲ့ ဖြစ်ပေါ်ဆဲ လက္ခဏာ အမှတ်အသားကလေးသည် ဥဒယ၊) ဝိပရိဏာမ လက္ခဏံ၊ ရွေ့သွားတယ်ခေါ်တဲ့ ဝိပရိဏာမသဘောသည်။ ဝယော၊ ဝယမည်၏။

ကုန်ပျောက်သွားတယ်, ဖြစ်လာတယ်, ရွေ့သွားတယ်၊ ပြီးတော့ဘာဖြစ်သွား သလဲ-ကုန်ပျောက်သွားတယ်, ဖြစ်လာတယ်၊ ရွေ့လာတယ်၊ ကုန်ပျောက်သွားတယ်,ဖြစ်လာတယ်, ရွေ့လာတယ်၊ ကုန်ပျောက်သွားတယ်, ရွေ့တဲ့ နေရာကလေးက ကြည့်လိုက်ယင်-ဖြစ်တယ်,ကုန်ပျောက်တယ်၊ ဖြစ်တယ်,ကုန်ပျောက်တယ်ဆိုတဲ့ သဘောတရားကို ပိုင်းပိုင်းခြားခြားသိတယ်၊ ရွေ့နေတဲ့နေရာကလေးကကြည့်-မပျက်စီးခင် ကြည့်ရမယ်-နော်။

အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဒွါ မနုဗျူဟယေ။[2]

အသံဟီရံ၊ မရွေ့မီ။ အသံကုပ္ပံ၊ မပျက်စီးမီ။ တံ၊ ထိုရုပ်နာမ်ဓမ္မ သင်္ခါရတရားကို။ ဝိဒ္ဒွါ၊ ပညာရှိသည်။ အနုဗျူဟယေ၊ ရှုပွားရာ၏။ (ဥပရိပဏ္ဏာသပါဠိတော်မှာ)

ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့ကို ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်တဲ့ ရုပ်တရားကလေးကို ရှုတယ်၊ သူ့အပေါ်မှာ နာမ်တရားတွေ ပါလာတယ်၊ ဘယ်သူတွေလဲ-သတိ,

---

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် နှာ-၅၂။
၂။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၂၂၀၊ ၂၃၃။

ပညာ, ဝိညာဉ်၊ ဒီ နာမ်တရားတွေပါလာတယ်၊ အဲဒီ သတိ, ပညာ, ဝိညာဉ်တွေကော ဖြစ်ဆဲပစ္စုပ္ပန် ရုပ်တရားလေးကော ဖြစ်လာတယ်, ရွေ့သွားတယ်, ကုန်ပျောက်သွားတယ်၊ ဖြစ်လာတယ်, ရွေ့သွားတယ်, ကုန်ပျောက်သွားတယ်၊ ရွေ့နေတဲ့နေရာကနေကြည့်ယင် ဖြစ်တဲ့သဘော, ရွေ့တဲ့သဘော, ပျောက်တဲ့သဘောလေးတွေ အတွဲလိုက် အတွဲလိုက် မိမိဉာဏ်ထဲမှာ ပေါ်လာယင် ဒါ ဥဒယဝယဉာဏ်တဲ့–ဟုတ်လား။

ဒီ ဥဒယဗ္ဗယဉာဏ်မှာ နှစ်မျိုးရှိတယ်၊ ပစ္စယတော ဥဒယဝယဉာဏ်, ခဏတော ဥဒယဝယဉာဏ်လို့ ဒီလို နှစ်မျိုးရှိတယ်၊ ဒီရုပ်တရားတွေဖြစ်တာ ဘယ်သူ့ကြောင့်လဲ-

(၁) အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။[၁]

အဝိဇ္ဇာကြောင့် ရုပ်တရားတွေ ဖြစ်တယ်လို့ အဲဒီလို မြင်တာလဲဘဲ–အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့်။ ရူပသမုဒယော၊ ရုပ်တရား၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟောဒါ ရုပ်တရားရဲ့ဖြစ်ခြင်း။

(၂) တဏှာသမုဒယာ ရူပသမုဒယော။

(၃) ကမ္မသမုဒယာ ရူပသမုဒယော။

(၄) အာဟာရသမုဒယာ ရူပသမုဒယော။[၁] လေးခု။

အဝိဇ္ဇာ နိရောဓာ ရူပနိရောဓော၊ တဏှာ နိရောဓာ ရူပနိရောဓော၊ ကမ္မ နိရောဓာ ရူပ နိရောဓော၊ အာဟာရ နိရောဓာ ရူပ နိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။ လေးချက်။

နောက်တချက်က–"နိဗ္ဗတ္တိ တလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။"[၁]

နိဗ္ဗတ္တိတလက္ခဏံ၊ ဖြစ်ဆဲဖြစ်သော လက္ခဏာကို။ ပဿန္တောပိ၊ မြင်အောင်ရှုနိုင်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်လည်း။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ အဖြစ်ကို။ ပဿတိ၊ မြင်၏။ ရူပက္ခန္ဓာ၏ အဖြစ်ကို သူကမြင်တယ်။

ဝိပရိနာမလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ပဿန္တောပိ ဝယံ ပဿတိ။[၁]

ဝိပရိနာမလက္ခဏံ၊ ဖောက်ပြန်တယ်ဆိုတဲ့ သဘောလက္ခဏာကို၊ ပဿန္တောပိ၊ မြင်အောင်ရှုနိုင်တဲ့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများသည်လည်း။ ရူပက္ခန္ဓဿဝယံပဿတိ၊ ရူပက္ခန္ဓာ၏ ပျက်ခြင်းကို မြင်ပါတယ်–တဲ့။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၅၃။

အဲဒီလို ဒီရုပ်တရား, နာမ်တရားတွေ ဖြစ်တယ်လို့ဆိုဒါ ဘယ်လိုကြည့်ရမလဲ လို့ဆိုတော့—မဖြစ်ခင်က ဒီရုပ်တရားမရှိဘူး၊ ရှိရဲ့လား မဖြစ်ခင်က၊ (မရှိပါဘုရား) ဖြစ်ပြီးတဲ့နောက်ကော ဒီ ရုပ်တရား ရှိရဲ့လား၊ (မရှိပါဘုရား) မဖြစ်ခင်က မရှိဘူး၊ ဟောဒီ ရုပ်တရားဟာ မဖြစ်ခင်က ဘယ်နေရာမှာ ရှိသလဲ၊ (မရှိပါဘုရား) ဘယ်နေရာမှာမှ မရှိဘူး၊ ဖြစ်လာပြီးတော့ ဘယ်ရောက်သွားလဲ—အဲဒီတော့ မဖြစ်ခင်က မရှိဘူး၊ ဖြစ်ပြီးတဲ့နောက် ဘယ်ရောက် သွားလဲ—ကုန်ပျောက်သွားတယ်—ဝယ၊ အဲဒီလိုရုပ်တရား, နာမ်တရားတို့ရဲ့အဖြစ်အပျက်တွေကို မြင်အောင်ရှုနိုင်တဲ့ အသိဉာဏ်ကို ဥဒယဗ္ဗယဉာဏ်၊ ဒါအနုစား၊ မဂ္ဂါမဂ္ဂဝဝတ္ထာနေ ပညာဉာဏ်လို့ခေါ်တယ်။

ဗလဝဝိပဿနာ ဉာဏ်ခဏ်း

ဗလဝဝိပဿနာဉာဏ်လေးမျိုး ဥဒယဗ္ဗယဉာဏ် ရင့်လာပြီ ဆိုတော့ ဗလဝ ဝိပဿနာဉာဏ်ဘက်ကို ကူးသွားတယ်၊အခုနက တရုဏဝိပဿနာ ဉာဏ်ပြီးသွားပြီ—နော် (မှန်ပါ)၊ ဗလဝ ဝိပဿနာဉာဏ် ဆိုတာ ဘာဉာဏ်တွေလဲ-နိဒါန ဝဂ္ဂသံယုတ်အဋ္ဌကထာက ဗလဝဝိပဿနာဉာဏ် ဆိုတာ—

ဗလဝဝိပဿနာ ဟိ ဘယတူပဋ္ဌာနေ ဉာဏံ အာဒီနဝါနုပဿနေ ဉာဏံ မုဉ္စိတုကမျတာဉာဏံ သင်္ခါရုပေက္ခာဉာဏန္တိ စတုန္နံ ဉာဏာနံ အဓိဝစနံ။[၁]

ဘယဉာဏ်ရယ်, အာဒီနဝဉာဏ်ရယ်, မုဉ္စိတုကမျတာဉာဏ်ရယ်, သင်္ခါရုပေက္ခာဉာဏ်ရယ်၊ ဒီဉာဏ်လေးခုသည် ဗလဝဝိပဿနာဉာဏ်ဘဲ-တဲ့။

ဘယဉာဏ် ဒါဖြင့် ဘယဉာဏ်ဆိုတာ ဘာလဲဆိုတော့- သင်္ခါရတရားတွေကို ကြောက်စရာဘေးကြီးလို့ ဒီလိုထင်တယ်၊ တစ္ဆေသရဲကြောက်သလို, လူကြီးကို ခလေးကြောက်သလို ဒီလိုကြောက်တာမျိုးတော့ မဟုတ်ဘူး၊ ဘေးသင့်နေတာကြီးဘဲလို့ ဘေးအားဖြင့် ထင်တဲ့အသိဉာဏ်မျိုး၊ ဘာဖြစ်လို့ သူကဘေးအားဖြင့် ထင်သလဲဆိုတော့ အတိတ်သင်္ခါရတွေကို ကြည့်လိုက်တော့- မနေ့ကဖြစ်ခဲ့တဲ့ သင်္ခါရတရားတွေ အခုရှိသေးသလား- (မရှိတော့ပါဘုရား) မနေ့ကဖြစ်ခဲ့တဲ့ ကိုယ်အမူအရာတွေ, နှုတ်အမူအရာတွေ, စိတ်အမူအရာတွေ-မနေ့ကဖြစ်ခဲ့တဲ့ ပူတဲ့သဘောတွေ, အေးတဲ့သဘောတွေ, လှုပ်တဲ့သဘောတွေ, အတိတ်ကသင်္ခါရတွေ အခုရှိသေးလား၊ (မရှိပါဘူးဘုရား)

၁။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ နှာ—၃၀။ အင်္ဂုတ္တိုရ်ဋီကာ တတိယအုပ် နှာ-၁၁၆။

အခုပစ္စုပ္ပန်ဖြစ်ဆဲဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဖြစ်ပြီးရင်း ကုန်ပျောက်သွားရင်း၊ ဖြစ်ပြီးရင်း ကုန်ပျောက်သွားရင်း၊ နောက်အနာဂတ် နက်ဖန်ခါက စပြီးတော့ ဖြစ်လတံ့ ဖြစ်တဲ့ ဝိညာဉ်၊ နာမ်၊ ရုပ်၊ စိတ်၊ စေတသိက်၊ တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ဟာလဲဘဲ အတိတ်၊ ပစ္စုပ္ပန်ခန္ဓာသို့ လည်ပြီးတော့ သူတို့ကော ဘာဖြစ်ကြသလဲ- ပျက်ကြလိမ့်မယ်၊ ကုန်ကြလိမ့်မယ်လို့ ဒီလိုမြင်တဲ့ဉာဏ်ကို ဘယဉာဏ်လို့ခေါ်တယ်၊ ဒါကြောင့်—

> အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တီတိ ပဿတော ကေသိ ဌာနေ ဘယတုပဋ္ဌာနဉာဏံ နာမ ဥပ္ပဇ္ဇတိ။[၁]

(အဋ္ဌကထာဆရာတော်ကြီးက)

အတီတာ၊ အတိတ်၌ဖြစ်ခဲ့ကုန်ပြီးသော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သင်္ခါရာ၊ ဝိညာဉ်၊ နာမ်၊ ရုပ်၊ စိတ်၊ စေတသိက်၊ တရားတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျောက်ပျက်စီး၍ သွားကြလေကုန်၏။

မနေ့ကဖြစ်ခဲ့တဲ့ သင်္ခါရတရားတွေ ပါလို့ရသေးလား၊ (မရတော့ပါဘူးဘုရား) နံနက်စောစောကဖြစ်ခဲ့တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တွေ ရှာလို့ရသေးလား၊ (မရတော့ပါဘူးဘုရား)။

ပစ္စုပ္ပန္နာ၊ ယခု ပစ္စုပ္ပန်၌ ဖြစ်ဆဲဖြစ်ကုန်သော သင်္ခါရ တရားတို့သည်။ နိရုဇ္ဈန္တိ၊ ဖြစ်တိုင်းဖြစ်တိုင်း ချုပ်ပျောက် ပျက်စီးကြလေကုန်၏။ (ဝင်လေဖြစ်လာ-ပျက်သွားလိုက်၊ ထွက်လေဖြစ်လာ—ပျက်သွားလိုက်၊ သိမှုကလေးဖြစ်လာ-ပျက်သွားလိုက်၊ နာမှုကလေးဖြစ်လာ—ပျက်သွားလိုက်၊ သာယာမှုကလေးဖြစ်လာ-ပျက်သွားလိုက်၊ ဒီလိုဘဲ ဒီပစ္စုပ္ပန် မှာလဲဘဲ ဖြစ်နေတယ်။)

အနာဂတေ၊ နက်ဖြန်ခါက စပြီးတော့ နောင်လာလတံ့ဖြစ်တဲ့ အနာဂတ်ကာလ၌။ နိဗ္ဗတ္တနကသင်္ခါရာ ပိ၊ ဖြစ်လတံ့ဖြစ်ကုန်သော သင်္ခါရတရားတို့သည်လည်း။ ဧဝ မေဝ၊ ဤအတိတ် ပစ္စုပ္ပန်သင်္ခါရအတူသာလျှင်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျောက်ပျက်စီးကြပေကုန်လိမ့်လတံ့။ (နက်ဖြန်ခါကစပြီးတော့ ဖြစ်အုံးမယ်ဆိုတဲ့ ဝိညာဉ်၊ နာမ်ရုပ်၊ သင်္ခါရတရားတွေကကော မြဲကြအုံးမှာလားဆိုတော့- မမြဲဘူး၊ ပျက်ကြ၊ ကုန်ကြမှာဘဲလို့ ဒီလိုသိတဲ့ အသိဉာဏ်ပေါ်လာတယ်။)

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယ နှာ-၂၀၂။ (ဗုဒ္ဓနိဒ္ဒေသ အဋ္ဌကထာ နှာ ၉၉-လည်းကြည့်။)

ဏ္ဍတိ၊ ဤသို့။ ပဿတော၊ မြင်အောင်ရှုနိုင်တဲ့ ယောဂါဝစရပုဂ္ဂိုလ်အား။ တေသံ ဌာနေ၊ ထိုအရပ်၌။ ဘယတုပဋ္ဌာနဉာဏံ နာမ၊ ဘယတုပဋ္ဌာနဉာဏ် မည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဲဒါ ဘယဉာဏ်ဖြစ်တယ်၊ ဒီဘေးသင့်နေတဲ့ ဉာဏ်တွေ, အတိတ်က သင်္ခါရတွေလဲ ပျက်စီးတယ်၊ အခုပစ္စုပ္ပန်တွေလဲ ပျက်စီးတယ်၊ နောင်ဖြစ်မဲ့ သင်္ခါရတွေလဲ ပျက်စီးအုံးမှာဘဲတဲ့။

အခုရှိနေတဲ့ သင်္ခါရတရားတွေမှာ ရစရာ ယူစရာ နှစ်သက်စရာ မရှိယင် ဟို အတိတ်က သင်္ခါရတွေမှာ ရစရာ ယူစရာ နှစ်သက်စရာ မရှိယင် နောင်ငါဖြစ်အုံးမယ်ဆိုတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေလဲဘဲ ရစရာ ယူစရာ နှစ်သက်စရာ ရှိတော့မှာ မဟုတ်တော့ဘူးလို့ ဒီလို ဉာဏ်မြင်နေတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘယ်နေရာမှာ ဆိုစရာ ရှိသေးသလဲ—(မရှိပါဘုရား)

ဘေးသင့်နေတဲ့ နေရာကြီးဘဲ၊ ဘာဘေးတွေသင့်သလဲ-အတိတ်က သင်္ခါရတရားတွေ ပျက်စီးတဲ့ဘေးသင့်ခဲ့၏၊ အခု ပစ္စုပ္ပန်သင်္ခါရ တရားတွေကော၊ (ပျက်စီးပါတယ်ဘုရား) ပျက်စီးတဲ့ဘေးသင့်နေ၏၊ နောင်ဖြစ်လတံ့ဖြစ်တဲ့ သင်္ခါရတရားတွေကော ပျက်စီးတဲ့ဘေးသင့်နေလေ၏။

ဥပမာပုံဆိုယင်လူတယောက်မှာ-အမျိုးကောင်းသားတယောက်,အမျိုးကောင်းသမီးတယောက်မှာ—စိန်ထုပ်ကြီးသုံးထုပ် ရှိတယ်ဆိုပါတော့၊ အဲဒီစိန်ထုပ်ကြီးသုံးထုပ်ကို အင်မတန်နှစ်သက်နေတယ်၊ ပဌမစိန်ထုပ်ကြီး တထုပ်လဲ သူယူသွားပြီ၊ အခု လက်ထဲရှိနေတဲ့ စိန်ထုပ်ကြီးလဲ ယူနေပြီ၊ နောက်ရှိတဲ့ စိန်ထုပ်ကော၊ (ယူအုံးမှာပါဘုရား)

အယူခံရအုံးမယ်ဆိုယင် နောက်ရှိတဲ့ စိန်ထုပ်ကို တပ်နှစ်သက်ပါအုံးမလား၊ (မတပ်နှစ်သက်ပါဘုရား)

ဩော်-ယူအုံးမှာဘဲဆိုပြီးတော့-သူ့အပေါ်မှာ လျစ်လျူရှုတဲ့သဘောတွေ ပေါ်လာသလိုဘဲ၊ အဲဒီလိုအတိတ်ဖြစ်တဲ့ သင်္ခါရတွေ ပျက်စီးကုန်ပြီ၊ အခုရှိနေတဲ့ သင်္ခါရတရားတွေလဲ ပျက်စီးနေတာဘဲ၊ ဒါဖြင့် နောင်ဖြစ်မဲ့ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မခန္ဓာဆိုတဲ့ သင်္ခါရတရားတွေကကော ပျက်စီးကြအုံး မှာဘဲ၊ ဘေးသင့်နေတဲ့ တရားတွေဘဲလို့ အဲဒီလို ကျ ကျ န န မြင်စွမ်းနိုင်ခြင်းကို ဘယတုပဋ္ဌာနဉာဏ်လို့ ခေါ်တယ်။

အပျက်ကိုသာမြင်နေရပုံ အဲဒီ ဘယတုပဋ္ဌာနဉာဏ်ဖြစ်ပုံကလဲဘဲ ဘယ်နေရာက ကျကျနန ဖြစ်ခဲ့ရမလဲ ဆိုတော့– ဉဒယဗ္ဗယဉာဏ် အမြင့်စားကနေပြီးတော့ တက်လာတဲ့အခါမှာ ဘင်ဉာဏ်လို ပျက်စီးတာတွေကိုချည်း သူကမြင်မြင်နေရမယ်၊ ဝိပဿနာအာရုံနဲ့ ရှုလိုက်–ရှိတဲ့စိတ်တွေလဲ ပျက်၊ ရှိတဲ့အာရုံတွေလဲ ပျက်၊ ဉဒယဗ္ဗယဉာဏ်က တော်တော်ကလေး ထက်လာပြီဆိုတော့ ဘာလဲ–အဋ္ဌကထာ ပြောထားတာရှိတယ်။

ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ နသမ္ပာပုဏာတိ။ ခယဝယ–ဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ။[၁]

တိက္ခေ၊ ထက်မြက်သော။ ဉာဏေ၊ ဝိပဿနာဉာဏ်သည်။ ဝဟန္တေ၊ ရွက်ဆောင်၍လာသည်ရှိသော်။ သင်္ခါရေသု၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့က။ လဟုံ၊ လျင်လျင်မြန်မြန်။ ဥပဋ္ဌဟန္တေသု၊ ပေါ်လာကြကုန်သည် ရှိသော်။ ဥပ္ပါဒံဝါ၊ ဖြစ်ခြင်းသို့ရင်း။ ဌိတိံဝါ၊ တည်တဲ့သဘောသို့ရင်း။ ပဝတ္တံဝါ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်စဉ်သို့ရင်း။ နိမိတ္တံဝါ၊ သင်္ခါရနိမိတ်အာရုံသို့ရင်း။ နသမ္ပာပုဏာတိ၊ မရောက်နိုင်။ ခယဝယဘေဒနိရောဓေယေဝ၊ ကုန်ခန်းပျက်စီးပြိုကွဲချုပ်ငြိမ်းခြင်း၌သာလျှင်။ သတိ၊ ဝိပဿနာသတိတရားသည်။ သန္တိဋ္ဌတိ၊ တည်၏။

ဘာပြောသလဲ- ဒီစကားက၊ သင်္ခါရတရားတွေက ဖြစ်တဲ့သဘော, ပျက်တဲ့သဘောတွေ မြန်မြန်မြန်မြန်လာတဲ့ အခါကျတော့ယင်တဲ့ ဘယဉာဏ်က အရင်စရတယ်၊ သဟ္တာဝါ, သင်္ခါရတွေဟာ ဘေးတွေသင့်နေတယ်ဆိုတာ ဘာပြုလို့လဲ- ဘင်ဉာဏ်မှာ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် မြင်နေတာက ဖြစ်လာတဲ့အထဲကလဲ မမြင်တော့ဘူး၊ တည်တဲ့အထဲကလဲ မမြင်တော့ဘူး၊ ပျက်စီးတယ်–ပျက်စီးတယ် ပျက်စီးတယ်–နဲ့၊ အဲဒီလို ပျက်စီးတာက ရှုနေတဲ့အရှုခံ ရုပ်တရားတွေတင် ပျက်စီးတာမဟုတ်ဘူး။

ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ။[၁]

အဲဒီရုပ်ကို အာရုံပြုပြီးတော့နေတဲ့ စိတ်တရားလဲ ဖြစ်ပြီးတော့ပျက်တယ်။

"တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ"။[၁]

တံ အာရမ္မဏံ၊ ထိုအာရုံကို။ ပဋိသင်္ခါ၊ တဖန်ပြန်၍ဆင်ခြင်၍။ တဿ စိတ္တဿ၊ ထိုစိတ်၏။ ဘင်္ဂံ၊ ပျက်ခြင်းကို။ အနုပဿတိ၊ တဖန်ပြန်ရှု၏။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နှာ–၂၇၇။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ပဌမအုပ် နှာ–၂၃၉–လည်းကြည့်။)

ဟိုဝိပဿနာရှုတဲ့စိတ်ကိုကလဲဘဲ ပျက်စီးနေတယ်, ပျက်စီးနေတယ်, ပျက်စီးနေတယ်လို့ ဒီလိုမြင်တယ်၊ ဝိပဿနာရှုစရာ အာရုံတွေကလဲ ပျက်စီးတယ်, ရှုစိတ်ကလဲ ပျက်စီးနေတယ်၊ သတိတွေ့ပညာတွေ ဝိညာဉ်တွေ အကုန်ပျက်စီးနေတယ်၊ အဲဒီလို ပျက်စီးနေတာလေးတွေမြင်တော့ ခြေဉ်—အရှုခံတရားတွေကလဲ ပျက်စီးနေတာဘဲ၊ ရှုနေတဲ့ သဘောတရားလဲ ပျက်စီးနေတာဘဲ၊ အဲဒီလို အကုန် ပျက်စီးတဲ့ တရား ချည်းဘဲလို့ မြင်လာယင် ရှုတဲ့ တရားပေါ်မှာ လဲဘဲ သတိ, ပညာ, ဝိညာဉ်တို့ အပေါ်မှာလဲဘဲ အားကိုးစရာ မရဘူး၊ အရှုခံဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေ အပေါ်မှာလဲဘဲ အားကိုးရာမရဘူး၊ သူ့ကိုဘေးလို့ ထင်လာတယ်၊ အဲဒီလို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါးမှာ ဖြစ်တဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၏ အပေါ်မှာ ဒီလို ဘေးဟု ရှုနေယင် ဘာလို့ ခေါ်သလဲ—ဘယဉာဏ်လို့ ဒီလိုခေါ်ပါတယ်။

အဲဒီ ဘယဉာဏ်ကလဲ ဘာနှလုံးသွင်းတာလဲ—ရုပ်တရား, နာမ်တရားတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တလို့ နှလုံးသွင်းတာဘဲ။

> **အနိစ္စတော** မနသိကရောတော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ။ ဒုက္ခတော မနသိကရောတော ပဝတ္တံ ဘယတော ဥပဋ္ဌာတိ။ **အနတ္တတော မနသိကရောတော** နိမိတ္တဉ္စ ပဝတ္တဉ္စ ဘယတော ဥပဋ္ဌာတိ။[၁]

အနိစ္စလို့ နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်သည် သင်္ခါရ နိမိတ်တွေကို ဘေးလို့ ထင်တယ်၊ ဒုက္ခလို့ နှလုံးသွင်းတဲ့ လူကလဲ ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်ဓမ္မ ဖြစ်ဆဲရုပ်နာမ်တွေကို ဘေးလို့ ထင်တယ်၊ အနတ္တလို့ နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်က သင်္ခါရ နိမိတ်တွေကိုကော, ဖြစ်ဆဲ ရုပ်နာမ်တွေကိုကော ဘေးလို့ ထင်လာတာကို ဘယဉာဏ်လို့ခေါ်တယ်၊ ဒါ—ဗလဝဝိပဿနာ ဉာဏ်ခဏ်းမှာ။

အာဒီနဝဉာဏ် ဘယဉာဏ်ပြီးတော့ အာဒီနဝဉာဏ်၊ အာဒီနဝဉာဏ်က ငါးမျိုး လောက်ရှိတယ်။

> ဥပ္ပါဒဉ္စ **ပဝတ္တဉ္စ**၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
> **အာယူဟနံ** ပဋိသန္ဓိံ၊ **ဉာဏံ အာဒီနဝေ ဣဒံ**။[၂]

ဥပ္ပါဒဉ္စ၊ ပဋိသန္ဓေ **အခါမှာ ဖြစ်ပေါ်၍** နေသော သင်္ခါရ တရားကိုဂုဏ်။ ပဝတ္တဉ္စ၊ ယခုပဝတ္တိအခါမှာ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားကိုဂုဏ်။ နိမိတ္တဉ္စ၊ သင်္ခါရ နိမိတ်ကိုဂုဏ်။ အာယူဟနံ၊ ပဋိသန္ဓေကို

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ် နှာ—၂၈၃။
၂။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ပဌမအုပ် နှာ—၂၄၃။

ဖြစ်စေတတ်သော ကုသိုလ်ကံကိုရင်း။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကိုရင်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ပဿတိ၊ မြင်၏။ ဣဒံ၊ ဤသို့ ရှုမြင်ခြင်းသည်။ အာဒီနဝေ၊ အပြစ်၌။ ဉာဏံ၊ သိသောဉာဏ်မည်၏။

ပဋိသန္ဓေအခါကဖြစ်ခဲ့တဲ့ ရုပ်နာမ် ဓမ္မတွေဟာ ဒုက္ခ၊ အခု ပဝတ္တိမှာဖြစ်နေတဲ့ ရုပ်တရားတွေဟာ ဒုက္ခ၊ နောင်ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေဆိုတာလဲ ဒုက္ခတွေဘဲလို့ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိဆိုတဲ့ အဲဒီ လေးမျိုးသော တရားတို့ရဲ့ အပေါ်မှာ ထင်ရှားနေတဲ့ ဒုက္ခလို့ သိနေတဲ့ အသိဉာဏ်ကို အာဒီနဝဉာဏ်လို့ ခေါ်တယ်၊ ပဋိသန္ဓေအခါမှာလဲ အားကိုးစရာ မရှိဘူး၊ ဘယ်ပဋိသန္ဓေမှ အားကိုးစရာမရှိဘူး။

အခုန ပဋိသန္ဓေလေးမျိုး ရှိတယ် မဟုတ်လား၊ သံသေဒဇ ပဋိသန္ဓေမှာလဲ အားကိုးစရာမရှိဘူး–ဒုက္ခ၊ ဥပပတ်ပဋိသန္ဓေဖြစ်တဲ့နတ်တွေ, ဗြဟ္မာတွေလဲ ဒုက္ခ၊ ဂဗ္ဘသေယျက ပဋိသန္ဓေ ဒုက္ခ၊ အဏ္ဍဇပဋိသန္ဓေ ဒုက္ခ၊ အဲဒီ ပဋိသန္ဓေက ဒုက္ခဖြစ်တော့ ပဋိသန္ဓေက ဒီဘက်လာလိုက်တော့ ပဝတ္တိအခါမှာ ဖြစ်နေတဲ့ လူတွေ, နတ်တွေ, သတ္တဝါတွေရဲ့ သင်္ခါရရုပ်တရားတွေ ဒုက္ခ၊ သင်္ခါရနိမိတ် ဟူသရွေ့ အကုန်လုံး ဒုက္ခ။

ဒါဖြင့် ဒီသင်္ခါရနိမိတ်တွေ အမှီပြုပြီးတော့ အခုနကဖြစ်နေတဲ့ ကုသိုလ်ကံတွေ ဟူသရွေ့, အကုသိုလ်ကံတွေ ဟူသရွေ့ ဒုက္ခချည်းဘဲ၊ ဒီ ကုသိုလ်ကံ, အကုသိုလ်ကံကြောင့် ဖြစ်တဲ့ပဋိသန္ဓေ ငါးခုမြောက်–သူကလဲ ဒုက္ခ၊ အဲဒီလို ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓေဆိုတဲ့ ဒီ–ငါးမျိုးမှာ ဒုက္ခလို့ ထင်နေတဲ့ အသိဉာဏ်ကို အာဒီနဝဉာဏ်လို့ ခေါ်ပါတယ်။

မုစ္စိတုကမျတာဉာဏ် အဲဒီ အာဒီနဝဉာဏ်တွေ ရင့်သန်လာပြီဆိုတော့ အလုံးစုံသော သင်္ခါရတွေထဲမှာ လိုချင်စရာ ရချင်စရာ ယူချင်စရာတွေနေလို့မရတာတွေ အဲဒီမှာ ငြီးငွေ့ပြီး နိဗ္ဗိန္ဒာဉာဏ်တွေ ပေါ်ပြီးတော့ ဒီ သင်္ခါရတရားတွေထဲက လွတ်လိုတဲ့ မုစ္စိတုကမျတာဉာဏ်တွေ ပေါ်တယ်၊ လွတ်ချင်လွန်းလို့ တဖန်ပြန်ပြီးတော့ ဆင်ခြင်တဲ့ ပဋိသင်္ခါဉာဏ်။

သင်္ခါရုပေက္ခာဉာဏ် အဲဒီ ပဋိသင်္ခါဉာဏ်က တဆင့် ရှေ့ကိုတက်လိုက်တဲ့အခါကျတော့ ဘာတွေပေါ်လာလဲ–ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတွေ နှိပ်စက်နေတဲ့ သင်္ခါရတရားချည်းထဲဘဲ၊ ဝမ်းသာစရာတွေနဲ့ တွေ့ပြန်တော့လဲဘဲ ဖြစ်ခြင်းပျက်ခြင်းတို့ နှိပ်စက်ခြင်းကို ခံရတဲ့ သောမနဿ ဝေဒနာတရားတွေ ဒုက္ခ၊ ဝမ်းနည်းစရာတွေနဲ့ တွေ့ပြန်တော့လဲ ဖြစ်ခြင်း,

ပျက်ခြင်းတို့ နှိပ်စက်ခြင်းခံရတဲ့ သဘောတွေ ဆိုပြီးတော့ ဒုက္ခ၊ အဲဒီ ဝမ်းသာစရာနဲ့ ဝမ်းနည်းစရာမှာ အညီအမျှထားပြီးတော့ ရှုနိုင်တဲ့ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်တဲ့။

ဝမ်းသာစရာနဲ့တွေ့လဲ ဝမ်းမသာတော့ဘူး၊ ဝမ်းနည်းစရာနဲ့တွေ့လဲ ဝမ်းမနည်းတော့ဘူး၊ ပျော်စရာနဲ့တွေ့လဲ မပျော်တော့ဘူး၊ ပျင်းစရာနဲ့တွေ့လဲ မပျင်းတော့ဘူး၊ "နေဝ သုမနော ဟောတိ နဒုမ္မနော"၊ ဝမ်းလဲမနည်း, ဝမ်းလဲ မမြောက်တော့ဘူး။

အဲဒီသင်္ခါရ တရားတွေပေါ်မှာ အညီအမျှ ရှုနိုင်တဲ့ဉာဏ်၊ သန္တိဋ္ဌာန ဉာဏ်နဲ့ ကောင်းကောင်းကြီး တည်ပြီးတော့ ရှုနေနိုင်တဲ့ဉာဏ်ကို၊ ချမ်းသာဆင်းရဲကို အညီအမျှ ရှုနိုင်တဲ့ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်လို့ အကျဉ်းချုပ် ဒီလိုခေါ်ပါတယ်၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ်က နေပြီး တဖြေးဖြေး ရင့်လာတဲ့အခါ ကျတော့—အနုလောမဉာဏ်။

အဲဒီ ဉာဏ်နှစ်မျိုး ဝိပဿနာဉာဏ်တွေမရင့်ကျက်သေးသောစေတော ဝိမုတ္တိ- စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်းကို ရင့်ကျက်စေနိုင်တဲ့ ပဌမမြောက် တရားတမျိုးဘဲလို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အရှင် မေဃိယကို–

> အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ပဌမော
> ဓမ္မော ပရိပါကာယ သံဝတ္တတိ။[၁]

မေဃိယ၊ ချစ်သားမေဃိယ။ ပဌမော၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ အယံဓမ္မော၊ ဤဝိပဿနာ ပညာဉာဏ်တရားသည်။ အပရိပက္ကာယ၊ မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ၊ စိတ်၏ကိလေသာမှလွတ်ခြင်းကို။ ပရိပါကာယ၊ ရင့်ကျက်စေခြင်းငှာ။ သံဝတ္တတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေ၏။

အရေးအကြီးဆုံး ကလျာဏမိတ္တ

ဝိမုတ္တိပရိပါစနီယ တရားငါးမျိုး ဒီမှာပြီးသွားပြီ၊ အဲဒီ ဝိမုတ္တိပရိပါစနီယတရား ငါးမျိုးထဲက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က– ချစ်သားမေဃိယ.... ဒီမရင့်ကျက်သေးတဲ့ စေတောဝိမုတ္တိကို ရင့်ကျက်စေတတ်တဲ့ တရားငါးမျိုးတွင် ကလျာဏမိတ္တ, ကထာဆယ်မျိုးလို့ခေါ်တဲ့ ဒီအင်္ဂါကတော့ဖြင့် ဗာဟိရအင်္ဂါ၊ သီလရယ်, ဝီရိယရယ်, ပညာရယ်ခေါ်တဲ့ ဒီတရားသုံးပါးကတော့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ အဇ္ဈတ္တိကအင်္ဂါလို့ ဒီအင်္ဂါနှစ်ပါးကို မြတ်စွာဘုရား ခွဲခြားဝေဘန်ပြောပြီး တော့ ၎င်းအင်္ဂါတို့တွင် ကလျာဏမိတ္တအင်္ဂါနဲ့ ပြည့်စုံယင် ကျန်တဲ့အင်္ဂါ လေးပါး အကုန်လုံး ပြည့်စုံနိုင်တဲ့အကြောင်းကို မြတ်စွာဘုရားရှင် ကိုယ်တော်

၁။ ဥဒါန်းပါဠိတော် နှာ–၁၁၉။

မြတ်က ဟောကြားတော်မူလိုသည်ဖြစ်သောကြောင့် ဘယ်လိုမိန့်တော်မူသလဲ– မေဃိယသုတ္တန်မှာ–

> ကလျာဏမိတ္တဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏသဟာယဿ ကလျာဏသမ္ပဝင်္ကဿ ယံ သီလဝါ ဘဝိဿတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟရိဿတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခိဿတိ သိက္ခာပဒေသု။[၁]

မေဃိယ၊ ချစ်သားမေဃိယ။ ဘိက္ခု၊ ရဟန်းသည်။ သီလဝါ၊ သီလရှိသည်။ ယံဘဝိဿတိ၊ အကြင်ကြောင့်ဖြစ်လတ့်။ ပါတိမောက္ခသံဝရသံဝုတော၊ စောင့်ရှောက်အပ်သော ပါတိမောက္ခသံဝရသီလရှိသည်ဖြစ်၍။ အာစာရဂေါစရသမ္ပန္နော၊ အကျင့်, ကျက်စားရာအာရုံနှင့် ပြည့်စုံသည်ဖြစ်၍။ ယံဝိဟရိဿတိ၊ အကြင်ကြောင့်နေလတ့်။ အဏုမတ္တေသု၊ အနည်းငယ်မျှဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ ကြီးလှစွာသောဘေးဟု ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာပဒေသု၊ စောင့်ရှောက်အပ်သော သိက္ခာပုဒ်တော်တို့၌။ သမာဒါယ၊ ကောင်းစွာဆောက်တည်၍။ ယံသိက္ခိဿတိ၊ အကြင်ကြောင့်ကျင့်လတ့်။

တေ၊ ဤသီလစသည်တို့နှင့်ပြည့်စုံခြင်းသည်။ ကလျာဏမိတ္တဿ၊ ကောင်းသောအဆွေခင်ပွန်းရှိသော။ ကလျာဏသဟာယဿ၊ ကောင်းသောအဖော်ရှိသော။ ကလျာဏသမ္ပဝင်္ကဿ၊ ကောင်းသောမိတ်ဆွေသို့ ကိုင်းသောညွတ်သော စိတ်ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ပါဋိကင်္ခံ၊ မချွတ်မကန် အမှန်စင်စစ် ရလိမ့်မည်ဟု အလိုရှိအပ်၏။

ချစ်သား မေဃိယ....သီလနဲ့ပြည့်စုံရမယ်ဆိုတာ ကလျာဏမိတ္တ အင်္ဂါနဲ့သာ ပြည့်စုံယင်, ဒီ ပုဂ္ဂိုလ် ကလျာဏမိတ္တရှိယင် သီလရှိတဲ့ လူဖြစ်နိုင်သည်တဲ့–ဒါ ဟောပါတယ်။

> ကလျာဏမိတ္တဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏသဟာယဿ ကလျာဏသမ္ပဝင်္ကဿ ယံ ယာယံ ကထာ အဘိသလ္လေခိကာ စေတောဝိဝရဏသပ္ပါယာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ သေယျထိဒံ၊ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ ပဝိဝေကကထာ အသံသဂ္ဂကထာ ဝီရိယာရမ္ဘကထာ သီလကထာ သမာဓိကထာ၊ ပညာကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏဒဿနကထာ၊ ဧဝရူပါယကထာယ နိကာမလာဘီ ဘဝိဿတိ အကိစ္ဆလာဘီ အကသိရလာဘီ။[၂]

၁–၂။ ဥဒါန်းပါဠိတော် နှာ–၁၂၀။

ချစ်သား မေဃိယ.... ကလျာဏမိတ္တ အင်္ဂါနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုယင် နောက်ကဟောခဲ့တဲ့ ဒီကထာ ဆယ်မျိုးကို ရလိမ့်မယ်၊ အဲဒီကထာ ဆယ်မျိုးကို ရခြင်းဆိုတာဟာလဲဘဲ ကောင်းသောမိတ်ဆွေ အပေါင်းအဖော်ရှိသော ကောင်းသော မိတ်ဆွေနဲ့ အကျွမ်းဝင်၍နေသော ရဟန်းတော်အား ရလိမ့်မယ်လို့ မချွတ်ကေန် အမှန်စင်စစ် အလိုရှိအပ်တယ်တဲ့– ဒေသနာတော် အကျဉ်းချုံး လိုက်တယ်။

> ကလျာဏမိတ္တဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏ သဟာယဿ ကလျာဏသမ္ပဝင်္ကဿ "ယံ အာရဒ္ဓ ဝီရိယော ဝိဟရိဿတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု"။

ချစ်သား မေဃိယ....အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် အာရဒ္ဓဝီရိယခေါ်တဲ့ အကုသိုလ်တရားတွေ ပယ်ဖျက်ခြင်းငှာ, ကုသိုလ်တရားတွေ ပြည့်စုံစေခြင်းငှာ မြဲမြံသော လုံ့လဝီရိယရှိတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်တယ် ဆိုတာဟာလဲဘဲ ကလျာဏမိတ္တ, ကလျာဏသဟာယ, ကလျာဏသမ္ပဝင်္က ရှိတဲ့ပုဂ္ဂိုလ်သည်သာလျှင် အာရဒ္ဓဝီရိယ ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်တယ်-တဲ့၊ ကလျာဏမိတ္တရှိယင် အာရဒ္ဓ ဝီရိယ ပုဂ္ဂိုလ်လဲ ဖြစ်ကရော-တဲ့။

မိတ်ကောင်း တွေ့လျှင် အခုဟောခဲ့တဲ့ ဝိပဿနာပညာဘယ်ကရသလဲ–ကလျာဏ **တရားအားလုံးရမည်** မိတ္တက၊ ဘာဖြစ်လို့ မြတ်စွာဘုရားက ဒီ ကလျာဏ မိတ္တကို အထွေထွေ့တပ်ပြီး ဟောနေရသလဲ ဆိုတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ထက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရအောင် လုပ်တဲ့ နေရာမှာ ကလျာဏမိတ္တစစ်တာ ရှိသေးရဲ့လား၊ (မရှိပါဘူးဘုရား) အဲဒါလောက် ကလျာဏမိတ္တစစ်တဲ့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ခွဲခွာထွက်ပြီးတော့ ဟိုသရက်ဥယျာဉ်တောထဲ သူသွားတယ် မဟုတ်လား၊ အဲဒါကြောင့် မြတ်စွာဘုရားက ကလျာဏမိတ္တကို သေသေချာချာပြောတယ်။

> ကလျာဏမိတ္တဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏ သဟာယဿ ကလျာဏသမ္ပဝင်္ကဿ "ယံ ပညဝါ ဘဝိဿတိ ဥဒယတ္ထ ဂါမိနိယာ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာဒုက္ခက္ခယ ဂါမိနိယာ"။

မေဃိယ၊ ချစ်သားမေဃိယ။ ဘိက္ခု၊ ရဟန်းတော်သည်။ ပညဝါ၊ ပညာနဲ့ပြည့်စုံသည်။ ယံဘဝိဿတိ၊ အကြင်ကြောင့်ဖြစ်လတံ့။ ဥဒယတ္ထဂါမိနိယာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဖြစ်ခြင်း, ပျက်ခြင်း၌ ခွဲခြမ်း၍သိခြင်းငှာ

စွမ်းနိုင်သော။ အရိယာယ၊ နိဗ္ဗာန်ဆိုက်တော်မူသည့် ဂုဏ်ကြောင့် ကောင်းသော၊ ... ကင်းဝေး
စင်ကြယ်သည့် ဖြစ်သောကြောင့် ဖြူစင်လှပေသော။ နိဗ္ဗေဓိကာယ၊ လောဘ
တည်းဟူသော, ဒေါသတည်းဟူသော, မောဟတည်းဟူသော အထုအခဲတွေ
ကို ဖောက်ခွဲခြင်းငှာစွမ်းနိုင်သော။ သမ္မာဒုက္ခက္ခယဂါမိနိယာ၊ ကောင်းစွာ
နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊
ပြည့်စုံသည်။ ယံဘဝိဿတိ၊ အကြင်ကြောင့်ဖြစ်လတံ့။ တော၊ ဤသို့ဝိပဿနာ
ပညာ, မဂ်ပညာနှင့် ပြည့်စုံခြင်းသည်။ ကလျာဏမိတ္တဿ၊ ကောင်းသော
မိတ်ဆွေရှိသော။ ကလျာဏသဟာယဿ၊ ကောင်းသော အဖော်ရှိသော။
ကလျာဏသမ္ပဝင်္ကဿ၊ ကောင်းသောမိတ်ဆွေသို့ ကိုင်းညွတ်သောစိတ်ရှိသော။
ဘိက္ခုနော၊ ရဟန်းအား။ ပါဋိကင်္ခံ၊ မချွတ်ကေန် အမှန်စင်စစ် ရလိမ့်မည်
ဟူ၍ အလိုရှိအပ်၏။

ချစ်သားမေဃိယ....အခုပြောခဲ့တဲ့ သီလ, ကထာဆယ်မျိုး, ဝီရိယ, ပညာ
ခေါ်တဲ့ ဒီတရားလေးမျိုးသည် ကလျာဏမိတ္တ အင်္ဂါတခုနဲ့ ပြည့်စုံယင်
ဒီလေးမျိုးလုံး အကုန်လုံးပြည့်စုံနိုင်တယ်–တဲ့၊ ဒီလို မြတ်စွာဘုရား ဟောပြီး
တော့မှ ကလျာဏမိတ္တအင်္ဂါတွေ ဟောပြီးတော့မှ ကလျာဏမိတ္တနဲ့ ပြည့်စုံပြီ
လို့ ကလျာဏမိတ္တ, သီလ, ကထာဆယ်မျိုး, ဝီရိယ, ပညာခေါ်တဲ့ အဲဒီ
တရားငါးမျိုးမှာ တည်ပြီးတော့ ရှေ့ကိုဆက်ပြီးတော့ အားထုတ်ရမဲ့တရားပိုင်း
ကို သဗ္ဗညုမြတ်စွာဘုရားက တရားလေးမျိုး ဖရှေ့ကိုဆက်ပြီး ဟောထားတာ
ရှိပါတယ်၊ အဲဒါ နောက်တပတ် ဟောကြစို့။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို–အမျိုးကောင်းသား, အမျိုးကောင်း
သမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံဓမ္မဒေသနံ၊ ထိုမြတ်စွာဘုရား
ဟောကြားတော်မူတဲ့ တရားဒေသနာတော်ကို။ သုတွာ၊ ကြားနာကြကုန်ပြီး
သည်ဖြစ်၍။ ဓာရေထ၊ မမေ့မပျောက်အောင် ဆောင်ထားကြပါကုန်လော့။
ဓာရေတွာ၊ ဆောင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဘာဝေထ၊ ပွားများအားထုတ်
အလုပ်လုပ်ကြပါကုန်လော့။ ဘာဝေတွာ၊ ပွားများအားထုတ် အလုပ်လုပ်နိုင်
ကြကုန်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိ
ကရောန္တု၊ ကောင်းစွာမသေ့ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေ
ကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-တရားသမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁-ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအတ် စေတီတော် ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်းလုပ်သား ဝိပဿနာဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်း ပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် တရားသမပိုင်း တရားဒေသနာ။

(စကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မေဃိယမထေရ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော် မူအပ်ခဲ့သော မေဃိယသုတ္တန် တရားဒေသနာတော်သည် ယနေ့ တဆဲ့သုံးပိုင်းမြောက်သို့ ရောက်ရှိခဲ့ပါပြီ၊ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က 'မေဃိယမထေရ်ကို ဝိမုတ္တိပရိပါစနီယ တရားငါးမျိုးကို ဟောကြားပေးတော်မူခဲ့ပါတယ်။

အဲဒီ ဝိမုတ္တိပရိပါစနီယ တရားငါးမျိုးက ကလျာဏမိတ္တ, သီလ, သပ္ပါယကထာ, ဝီရိယ, ပညာလို့ တရားငါးမျိုးကို ဘုန်းကြီးတို့ ဟောပေးခဲ့ပြီးလို့ ပညာပိုင်းလဲပြီးခဲ့ပြီ၊ တရားငါးမျိုး စုံသွားပြီ၊ အဲဒီတရားငါးမျိုး စုံသွားပြီးတဲ့နောက် ရှင်မေဃိယမထေရ်ကို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာဆက်ပြီးတော့ ဟောကြားတော်မူသလဲ—

အသုဘ ဘာဝနာခန်း

ဝိပဿနာလုပ်ငန်းအတွက် ဆက်လက်ပြီး ဟောကြားတော်မူတဲ့ ဒေသနာတော်က—

> တေန စ ပန မေဃိယ ဘိက္ခုနာ ဣမေသု ပဉ္စသု ဓမ္မေသု ပတိဋ္ဌာယ· စတ္တာရော ဓမ္မာ ဥတ္တရိ ဘာဝေတဗ္ဗာ[၁]။

မေဃိယ၊ ချစ်သား မေဃိယ။ တေနစပန ဘိက္ခုနာ၊ ထိုသို့ကလျာဏမိတ္တ, သီလ, သပ္ပါယကထာ, အာရဒ္ဓဝီရိယ, ဝိပဿနာ ပညာနှင့် ပြည့်စုံပြီးသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဣမေသုဓမ္မေသု၊ ဤတရားတို့၌။ ဝါ၊ ဣမေသု ပဉ္စသု ဓမ္မေသု၊ ဤကလျာဏ

၁။ ဥဒါန်းပါဠိတော် နှာ- ၁၂၀။ (အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ် သမ္ဗောဓိသုတ် ၁၆၅-နှင့် မေဃိယသုတ် ၁၆၉-လည်းကြည့်)။

မိတ္တ, သီလ, သပ္ပါယကထာ, အာရဒ္ဓဝီရိယ, ဝိပဿနာပညာဟုဆိုအပ်သော တရားငါးမျိုးတို့၌။ ပတိဋ္ဌာယ၊ တည်၍။ ဥတ္တရိ၊ ထိုထက်အလွန်။ စတ္တာရောဓမ္မာ၊ လေးပါးသော တရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်ကုန်၏။

ချစ်သား မေဃိယ....နောက်က ဟောခဲ့ပြီးတဲ့ ဝိမုတ္တိ ပရိပါစနီယတရားငါးမျိုး၌တည်ပြီးတော့ ပြည့်စုံပြီးတဲ့ ရဟန်းတော်၊ သို့မဟုတ် ဝိပဿနာတရားအားထုတ်မဲ့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ တရားလေးမျိုးတက်ပြီးတော့ ပွားများအားထုတ်ပေးရအုံးမယ်တဲ့။

အကျဉ်းချုပ်အဓိပ္ပါယ်ကတော့ ဝိပဿနာရှုပွားမဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကလျာဏမိတ္တ, သီလ, သပ္ပါယကထာ, အာရဒ္ဓဝီရိယ, ဝိပဿနာပညာလို့ ခေါ်တဲ့ ဒီတရားငါးမျိုး ပြည့်စုံပြီးတဲ့ ပုဂ္ဂိုလ်ဟာ ရှေ့ဆက်ပြီးတော့ တရားလေးမျိုးပွားရမယ်တဲ့—အဓိပ္ပါယ်က။

အဲဒီတရားလေးမျိုးကဘာလဲ—

> အသုဘာ ဘာဝေတဗ္ဗာ ရာဂဿပဟာနာယ၊ မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ၊ အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ၊ အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃာတာယ^(၁)။
>
> (ဒီတရားလေးမျိုး)

ရာဂဿ၊ ရာဂကို။ ပဟာနာယ၊ ပယ်ဖျောက် နိုင်စေခြင်းငှာ။ အသုဘာ၊ အသုဘဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဗျာပါဒဿ၊ စိတ်ပျက်တယ်, စိတ်ညစ်တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ်, တဦးနဲ့တဦးမကျေနပ်ဘူးဆိုတဲ့ ဗျာပါဒကို။ ပဟာနာယ၊ ပယ်နိုင်စေခြင်းငှာ။ မေတ္တာ၊ မေတ္တာဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဝိတက္ကုပစ္ဆေဒါယ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာ ဝိတက်စသော ဝိတက် အမျိုးမျိုးကို ပယ်ဖျောက် နိုင်စေ ခြင်းငှာ။ အာနာပါနဿတိ၊ အာနာပါနဿတိဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ အသ္မိမာန သမုဂ္ဃါတာယ၊ ငါတကားဟု ထောင်လွှားတက်ကြွ မာန်မာနကို ပယ်ဖျောက်နိုင်စေခြင်းငှာ။ အနိစ္စသညာ၊ အနိစ္စ သညာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

ဆက်လက်ပွါးများရန် တရားလေးမျိုး ဝိမုတ္တိပရိပါစနီယ တရား ငါးမျိုး၌ တည်ပြီးတော့— (၁) စွဲလမ်းခြင်း, နှစ်သက်ခြင်း ဆိုတဲ့ ရာဂကိုပယ်ဖျောက်ဘို့ရန်အတွက် "အသုဘ ဘာဝနာ" ကို ပွါးရမယ်တဲ့။

၁။ ပဋ္ဌမစာမျက်နှာမှ မှတ်ချက်အတိုင်း ကြည့်ပါ။

(၂) တဦးနဲ့ တဦး မကျေနပ်ဘူးလို့ ဆိုတဲ့ ဗျာပါဒ—စိတ်ညစ်တယ်, စိတ်ပျက်တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ် ခေါ်တဲ့ ဗျာပါဒ တရားတွေ ပယ်ဖျောက်နိုင်ဘို့ရန်အတွက် "မေတ္တာဘာဝနာ" ကို ပွားရမယ်တဲ့။

(၃) ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်စသော ဝိတက်တွေ ကို ပယ်ဖျောက်နိုင်ဘို့ရန်အတွက် " အာနာပါနဿတိဘာဝနာ" ကို ပွားရမယ်တဲ့။

(၄) ငါတကားဟု ထောင်လွှားတက်ကြွ မာန်မာနတရားတွေကို နှိမ်ချိုး ပယ်သတ် အမြစ်ပြတ်အောင် လုပ်ဘို့ရန်အတွက် "အနိစ္စသညာ"ကို ပွားရမယ်လို့ ဒီလိုမြတ်စွာဘုရားက တရားလေးမျိုးပြောထားတယ်။

ဒီတော့ ဒီကနေ့ဟောပေးဘို့က "အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ"။ ရာဂဿ၊ စွဲလမ်းခြင်း,နှစ်သက်ခြင်းဆိုတဲ့ ရာဂတရားကို။ ပဟာနာယ၊ ပယ်ဖျောက်နိုင်စေခြင်းငှာ။ အသုဘာ၊ အသုဘ ဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရား နာလာခဲ့လို့ ပွားများအားထုတ်လာခဲ့လို့ ဒီဒေသနာတော်အစဉ်အရ အား ထုတ်လာခဲ့ကြတဲ့အတွက် ဝိမုတ္တိပရိပါစနီယ တရား ငါးမျိုးလို့ ခေါ်တဲ့ ကလျာဏမိတ္တ, သီလ, သပ္ပါယကထာ, အာရဒ္ဓဝီရိယ, ပညာနဲ့ ပြည့်စုံပြီး တော့ စွဲလမ်းနှစ်သက်ခြင်းဆိုတဲ့ ရာဂကိုပယ်ဖျောက်ဘို့ရန်အတွက် အသုဘ ဘာဝနာကို အခုပွားကြရအောင်—

နတ္ထိ သုဘော တေဿတိ အသုဘော။

တေဿ၊ အလျားတလံ, အနံတထွာရှိသော ဤခန္ဓာကိုယ်ရုပ် အကောင် ပုပ်အား။ သုဘော၊ တင့်တယ်တယ်ခေါ်တဲ့ သဘောသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အသုဘော၊ အသုဘမည်၏။

အသုဘ ၂-မျိုး မတင့်တယ်ဘူးတဲ့၊ တင့်တယ်မှုရှာဖွေလို့မရသည်ဖြစ်သော ကြောင့် အသုဘာ၊ အသုဘတရား၊ အဲဒီ အသုဘက နှစ်မျိုးရှိ ပါတယ်တဲ့။

သဝိညာဏက အသုဘာ၊ နိဗ္ဗိဉာဏ ဒုဝိဓာ မတာ။

အသုဘာ၊ အသုဘတရားတို့ကို။ သဝိညာဏက၊ အသက်ရှင်သော အသုဘ ငှင်း။ နိဗ္ဗိဉာဏ၊ အသက်သေသော အသုဘငှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးပြား အားဖြင့်။ မတာ၊ သိအပ်ကုန်၏။

အသုဘက အသက်ရှင်တဲ့ အသုဘတမျိုး, အသက်သေတဲ့ သူ့သေကောင် အသုဘကတမျိုး၊ ဒီလိုနှစ်မျိုးရှိတယ်။

အဲဒီ အသုဘနှစ်မျိုးတို့တွင် ဒီကနေ့ ဘုန်းကြီးတို့ အသုဘ ဘာဝနာကို ဟောပေးဘို့အတွက် သဇီဝ အသုဘကြည့်။

ဣမသ္မိံ ကာယေ ဂဝေသန္တောပိ သောဘဏံ နတ္ထိ။

ဣမသ္မိံ ကာယေ၊ ဤမိမိရရှိနေတယ်ဆိုတဲ့ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်၌။ (အသက်ရှိတဲ့အကောင်၌) ဂဝေသန္တောပိ၊ အတွင်းရော, အပြင်ပါ ဉာဏ်ဖြင့် ခွာ၍ ဖွေရှာပါသော်လည်း။ သောဘဏံ၊ တင့်တယ်တယ် ခေါ်တဲ့ သဘောသည်။ နတ္ထိ၊ မရှိ။

ကိုယ့်ခန္ဓာကိုယ်ကြီးထဲမှာ ကြည့်လိုက်ကြပါ၊ အတွင်းရော, အပြင်ရော ဉာဏ်ဖြင့် ခွာဖျက်ပြီးတော့ သေသေချာချာကြည့်၊ ဘာများ တင့်တယ်တာ ရှိသလဲ၊ ဘယ်သူမှ တင့်တယ်တာမရှိဘူး၊ ဖြစ်လာသမျှတွေ အကုန်လုံးပျက်ရတာချည်းဘဲ၊ ဒါပေမဲ့ ကိုယ်ကတော့ ကိုယ့်ကိုယ်ကို သိပ်ပြီးတော့တင့်တယ်တယ်လို့ ထင်နေတယ်၊ သေသေချာချာ ရှာကြည့်မယ်ဆိုယင်တဲ့ ဘာမှတင့်တယ်တာ မရှိဘူးတဲ့။

သစေ ဣမဿ ကာယဿ၊ အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။[၁] ။

ဣမဿ ကာယဿ၊ ဤခန္ဓာကိုယ်ကြီး၏။ အန္တော၊ အတွင်းမှာရှိနေတဲ့ အသားအားလုံးတို့ကို။ ဗာဟိရကော၊ အပြင်ဘက်သို့ လှန်ထားလိုက်သည်။ သိယာ၊ ဖြစ်ငြားအံ့။ ဒဏ္ဍံ၊ တုတ်ကို။ ဂဟေတွာန၊ ကိုင်၍။ ကာကေ၊ ကျီးတို့ကိုရှင်း။ သောဏေ၊ ခွေးတို့ကိုရှင်း။ နူန၊ စင်စစ်။ နိဝါရယေ၊ တားမြစ်ချောက်လှန့်၍နေရရာ၏။

ကိုယ့်ခန္ဓာကိုယ် အတွင်းပိုင်းက အသားတွေကို အပြင်ဘက်သို့ ပြန်လှန်ထုတ်ကြည့်လိုက်၊ ထုတ်ကြည့်ယင် ကျီးတွေ, ခွေးတွေကို တုတ်တချောင်းကိုင်ပြီး စောင့်ချောက်နေရမယ်၊ အတွင်းအပြင်လှန်ကြည့်ယင် ဘာတွေတုံး-မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်တွေချည်းဘဲ။

အမည်သုံးမျိုးရ ဝိဇယသုတ္တန်

အဲဒီ အသုဘနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ဟောပေးဘို့ ဘာစိတ်ကူးထားသလဲဆိုတော့ သုတ္တနိပါတ်ပါဠိတော်မှာလာတဲ့ ကာယဝိစ္ဆန္ဒနိယသုတ္တန်၊ တနည်း-ဝိဇယသုတ္တန်၊ တနည်း-နန္ဒာသုတ္တန်လို့ အမည်သုံးမျိုးရတဲ့ သုတ္တန်

၁။ ဝိသုဒ္ဓိမဂ်ပဌမအုပ် နှာ-၁၉၀။ ဇာတ်အဋ္ဌကထာ ပဌမအုပ် နှာ-၁၆၃။

တခုရှိတယ်၊ ဟောပေးဘို့ဆိုပြီး ဘုန်းကြီးတို့ ဒီလိုနှလုံးသွင်းခဲ့ပါတယ်၊ ဒီတော့ အခုပြောတဲ့ အသုဘနဲ့ပတ်သက်တဲ့ ဂုင်းဝိဇယသုတ္တန်-ကာယဝိစ္ဆန္ဒနိယသုတ္တန်-နန္ဒသုတ္တန် ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းအတ္ထုပ္ပတ္တိက အသုဘဘာဝနာနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်လာတဲ့အကြောင်း အတ္ထုပ္ပတ္တိက နှစ်မျိုးရှိတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ယခုဟောမဲ့ အသုဘဘာဝနာ ပွားနည်းဖြစ်တဲ့ ကာယဝိစ္ဆန္ဒနိယသုတ္တန် ဒေသနာတော်ကို နှစ်ကြိမ်ဟောပါတယ်၊ ဘုရားဖြစ်ပြီးလို့ ငါးဝါ ခြောက်ဝါလောက် ရောက်တဲ့ အချိန်မှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ တကြိမ်ဟောပါတယ်၊ ဂုင်းသုတ္တန်ကိုဘဲ တဆဲ့ခုနစ်ဝါ မြောက်မှာ ရာဇဂြိုဟ်ပြည်မှာ တကြိမ်ဟောပါတယ်၊ ဟောရခြင်းရဲ့အကြောင်းအတ္ထုပ္ပတ္တိက ဘာလဲ—

နာမည်ကြီးအလှမင်းသမီး သုံးယောက် ဘုရားဖြစ်လို့ ၅-ဝါ, ၆-ဝါမြောက်မှာ သာဝတ္ထိပြည်တွင် ဟောတော်မူရခြင်း၏ အကြောင်းရင်းက သာသနာတော်မှာ ယခု မြတ်စွာဘုရားလက်ထက် သာသနာတော်မှာ ရုပ်လှတဲ့ ဘက်ကနာမည်ကြီးတဲ့ ဘိက္ခုနီမ သုံးယောက် ရှိတယ်၊ အင်မတန်လှတယ်လို့ နာမည်ကြီးတဲ့အမျိုးသမီး သုံးယောက် ရှိတယ်၊ သာကီဝင်မင်းသမီးတွေပါဘဲ၊ အဲဒီအမျိုးသမီးနာမည်ကဘယ်သူလဲဆိုတော့—

(၁) အရှင်အာနန္ဒာရဲ့ နှမ ဖြစ်တဲ့ နန္ဒာ ဘိက္ခုနီမ၊ သူလဲ အင်မတန် လှတယ်လို့ နာမည်ကြီးတယ်၊ ဒါပေမဲ့ သူကတော့ လှယ်လှယ် ကူကူနဲ့ ဖြစ်ပါတယ်။

(၂) နောက်ပြီးတော့ ခေမကသာကီဝင်မင်းရဲ့ သမီး အဘိရူပနန္ဒာ ဆိုတဲ့ ဘိက္ခုနီမတယောက်။

(၃) နောက်တယောက် မိထွေးတော် ဂေါတမီရဲ့ သမီး နန္ဒ မင်းသားနဲ့ လက်ထပ်မဲ့ဆဲဆဲမှာ နန္ဒမင်းသားကို သပိတ် ထမ်းခိုင်းပြီး ကျောင်းတော်ခေါ်သွားပြီးတော့ ဟိုရောက်တော့ မြတ်စွာဘုရားက ရဟန်းဝတ်ပေးလိုက်လို့ ကျန်ရစ်ခဲ့တဲ့ ဇနပဒကလျာဏီ နန္ဒာဘိက္ခုနီမ တယောက်။

ဒီတော့ နန္ဒာဘိက္ခုနီမ ဘယ်နှစ်ယောက်ရှိသလဲ၊ (သုံးယောက်ပါဘုရား) အဲဒီ သုံးယောက်ထဲမှာ အဘိရူပ နန္ဒာ ဆိုတဲ့ ခေမက သာကီဝင် မင်းရဲ့ သမီး နန္ဒာနဲ့ မိထွေးတော်ဂေါတမီရဲ့ သမီး ဇနပဒကလျာဏီ နန္ဒာဆိုတဲ့ ဘိက္ခုနီမ နှစ်ယောက်ဟာ အင်မတန်မာနကြီးတယ်။

ဘာမာနကြီးသလဲ–ဇနပဒကလျာဏီ နန္ဒာဆိုတာ ဇနပုဒ်တိုင်းနိုင်ငံတခုလုံးမှာ သူ့ထက် လှတဲ့ အမျိုး သမီးကို ရှာလို့ မတွေ့သည် ဖြစ်သောကြောင့် အဆင်းလှတာကို အစွဲပြုပြီးတော့ မာန်ယစ်နေတဲ့ အမျိုးသမီး။

အခုနင်က အဘိရူပနန္ဒာဆိုတာလဲဘဲ ထို့အတူဘဲ၊ ဒီဘိက္ခုနီမကလဲ အင်မတန်လှတဲ့ အတွက် သူလှတာ ကလေးကို အကြောင်း ပြုပြီးတော့ သူ့ရုပ်ကိုသူကြည့်ပြီးတော့ မာန်တက်တယ်၊ ယောဗ္ဗန မာန်လို့ ခေါ်ပါတယ်၊ တနည်းအားဖြင့် ဝဏ္ဏမာန်လို့လဲ ခေါ်တယ်၊ အရွယ်အဆင်း ပြည့်စုံခြင်း ကောင်းခြင်းကို အစွဲပြုပြီးတော့ မာန်တက်နေတာကို ယောဗ္ဗနမာန်လို့ ခေါ်ပါတယ်။

ဒီမာန်မာန တရားတွေ ခံနေသည် ဖြစ်သောကြောင့် မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကို ဝင်ရောက် ပြီးတော့ ဘိက္ခုနီမ ပြုလုပ်ပေမဲ့ သူတို့ တရားထူးတရားမြတ်ကို မရကြဘူး၊ ဘာခံနေလို့လဲ–မာနခံနေလို့၊ မြတ်စွာဘုရား သာသနာတော်ဝင်ပြီးတော့ ဘိက္ခုနီမတွေ ပြုလုပ်နေကြ ပေမဲ့ အဘိရူပနန္ဒာနဲ့ ဇနပဒကလျာဏီနန္ဒာတို့က–

ဘဂဝါ ရူပံ ဝိဝဏ္ဏေတိ ဂရဟတိ၊ အနေကပရိယာယေန ရူပေ အာဒီနဝံ ဒဿေတိ။[၁]

ဘဂဝါ၊ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်သည်။ ရူပံ၊ ရုပ်အဆင်း လှတာကို။ ဝိဝဏ္ဏေတိ၊ ချီးမွမ်းတော် မမူ။ ဂရဟတိ၊ ရုပ်လှတာကို ကဲ့ရဲ့တော်မူ၏။အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ ရူပေ၊ ရုပ်တရား၌။ အာဒီနဝံ၊ အပြစ်ဒေါသတွေကို။ ဒဿေတိ၊ ညွှန်ပြတော် မူ၏။ ဝါ၊ တရားဟောတော်မူ၏။

အဘိရူပ နန္ဒာနဲ့ ဇနပဒကလျာဏီနန္ဒာက မြတ်စွာဘုရားဟာတဲ့ ရုပ်လှတာတွေကို အင်မတန်ကဲ့ရဲ့တယ်၊ အင်မတန်ရှုတ်ချတယ်၊ အဆင်းလှတယ်ခေါ်တဲ့ ရုပ်ရဲ့ လှပချောမောမှုတွေကို အမျိုးမျိုးသော နည်းတွေနဲ့ ဖျက်ဆီးပြီးတော့ တရားဟောတော်မူလေ့ရှိတယ်၊ အဲဒါကြောင့် ဒီဘိက္ခုနီမ နှစ်ဦးဟာ "ဘဂဝတော ဥပဋ္ဌာနံ န ဂစ္ဆန္တိ"။ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခစားခြင်းကို။ နဂစ္ဆန္တိ၊ မသွားကြ လေကုန်။

မာနကြောင့်ဘုရားနှင့် မတွေ့လိုသူ ဘိက္ခုနီမသာ ပြုလုပ်နေတယ်၊ အဘိရူပနန္ဒာဘိက္ခုနီမနဲ့ ဇနပဒကလျာဏီ နန္ဒာဘိက္ခုနီမတို့ဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ထံကို တခေါက်မှမသွားကြဘူး–သူတို့၊ "ဒဋ္ဌုမ္ပိ န ဂစ္ဆန္တိ" ။ ဒဋ္ဌုမ္ပိ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဖူးမျှော်ခြင်းငှာလည်း။ န ဂစ္ဆန္တိ၊ မသွားလိုမရှိကြလေကုန်။

၁။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ–၂၃၃။

ဘယ်လောက်များလဲဆိုတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ခပ်ရှိင်းရှိင်း ပြောရမယ်ဆိုယင် ကြည့်တောင် မကြည့်ချင်ဘူးတဲ့ – ဒီအမျိုးသမီး နှစ်ယောက်က၊ ဘာပြုလို့လဲ-အဆင်းလှတာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကဲ့ရဲ့လေ့ရှိတယ်, ရှုတ်ချလေ့ရှိတယ်, များစွာသော နည်းတို့ဖြင့် အဆင်းလှခြင်းရဲ့ အပြစ်အာဒီနဝတွေကိုဖော်ပြလေ့ရှိကယ်ဆိုတာကို အကြောင်းပြုပြီးတော့ ဆိုလို့တဲ့၊ အဓိပ္ပါယ်က မြတ်စွာဘုရားကို သူတို့စိတ် နာကြတာနဲ့ တူပါရဲ့။

ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ ဒဋ္ဌုမ္ပိ၊ ဖူးမျှော်ခြင်းငှာလည်း။ န ဣစ္ဆန္တိ၊ အလိုမရှိကြလေကုန်။

ကြည့်တောင်မကြည့်ချင်ဘူးတဲ့-မြတ်စွာဘုရားကို၊ ဘယ်လောက်စိတ်နာနေသလဲ၊ နို-မေးစရာရှိတယ်၊ ဒီလိုမြတ်စွာဘုရားထံကိုလဲ တခေါက်မှ မသွားကြဘဲနဲ့ မြတ်စွာဘုရားကိုလဲ ဖူးမျှော်လိုတဲ့စိတ် အာသာမရှိကြဘဲနဲ့ ဘာဖြစ်လို့ ဒီအမျိုးသမီးနှစ်ဦး သာသနာတော်ဝင်ပြီးတော့ ဘိက္ခုနီမပြုလုပ်ကြသလဲ–

အဋ္ဌကထာ ဆရာတော်ကြီးက ပြောထားတယ်—ခိုကိုးရာမရှိလို့တဲ့၊ ဘယ်လို ခိုကိုးရာ မရှိတာလဲလို့ ဆိုတော့ ခုနင်က ဟိုခေမကသာကီဝင်မင်းရဲ့ သမီးအဘိရူပနန္ဒာဆိုတဲ့အမျိုးသမီးက လက်ထပ်ပွဲလုပ်တဲ့နေ့မှာဘဲ သူ့ရဲ့ခင်ပွန်းသယ်ဖြစ်တဲ့ သာကီဝင်မင်းသား စုတေသေလွန်သွားသည် ဖြစ်သောကြောင့် ဆွေမျိုး ဉာတိမိတ်ဆွေသင်္ဂဟတွေက သူမ အလိုမတူဘဲ အလိုမရှိဘဲနဲ့ အတင်းဘိက္ခုနီမအလုပ်ခိုင်းလို့ ဘိက္ခုနီမလုပ်နေရတယ်။

ဇနပဒကလျာဏီနန္ဒာကတော့ ဘာပြုလို့ ဘိက္ခုနီမဝင်လုပ်သလဲ- သူကလဲ မြှော်လင့်ချက်ကုန်ဆုံးနေလို့တဲ့၊ ဘယ်လို မြှော်လင့်ချက် ကုန်ဆုံးသွားသလဲ- နန္ဒမင်းသားနဲ့ လက်ထပ်မဲ့ဆဲဆဲ လုပ်နေတုန်း မြတ်စွာဘုရားက ကြွလာရော၊ နောက်ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က နန္ဒမင်းသားကို သပိတ်ထမ်းလို့ဆိုပြီး ခေါ်သွားရော။

ဟိုအနားကျ ယူလိမ့်နိုးနိုး ဒီအနားကျယူလိမ့်နိုးနိုးနဲ့ မြတ်စွာဘုရားက ကျောင်းတော်ကျတော့ ရဟန်းပြုပေးလိုက်ကရော၊ ရဟန်းပြုပေးလိုက်တော့ နန္ဒမင်းသား တရားအားထုတ်ရင်းကနေပြီး ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတော့ ဇနပဒကလျာဏီဟာ နန္ဒရဲ့အပေါ်မှာ အာသာတွေပြတ်မကုန်ဘူးလား၊ (ပြတ်ကုန်ပါတယ်ဘုရား)

အင်း-ဒီတော့ နန္ဒမင်းသား ရဟန္တာဖြစ်သွားပြီတဲ့၊ ကိလေသာကုန်ခန်း ရဟန္တာဖြစ်သွားပြီဆိုယင်တော့ ငါ့အပေါ်မှာ တွယ်တာနှစ်သက်တဲ့စိတ်ရှိတော့

မှာမဟုတ်တော့ပါဘူးလို့ မြှော်လင့်ချက်က ကုန်ဆုံးသွားပြီမဟုတ်လား၊ အဲဒီ မြှော်လင့်ချက် ကုန်ဆုံးသွားတော့ ဒီလိုတော့ဖြင့် ငါလူ့ပြေလောကကြီးနေလို့ မတော်ဘူး၊ အမေလဲ ဘိက္ခုနီမပြုလုပ်နေပြီ၊ မောင်တော်တွေလဲ ဘိက္ခုတွေ ရဟန္တာတွေ ရဟန်းတွေဖြစ်နေကြပြီ၊ ငါလဲ သာသနာဝင်မှဘဲ ဆိုပြီးတော့ သာသနာတော်ဝင်ပြီး ဘိက္ခုနီမပြုလုပ်တာပါတဲ့။

ဘိက္ခုနီမသာပြုလုပ်နေတယ်- အဲဒီအဘိရူပနန္ဒာနဲ့ ဇနပဒကလျာဏီနန္ဒာတို့ ဟာ မြတ်စွာဘုရားကို တခါမှသွားဖူးလဲမဖူးဘူး၊ ဩဝါဒလဲ သွားပြီးတော့ မခံကြဘူး။

ဘုရားအမိန့်တော် ဒီတော့-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တနေ့တော့ မိထွေးတော် ဂေါတမီကို မိန့်တော်မူတယ်၊ ဘယ့်နှယ် မိန့်တော်မူသလဲ—

သဗ္ဗာပိ ဘိက္ခုနိယော ပဋိပါဋိယာ ဩဝါဒံ အာဂစ္ဆန္တု။[၁]

ဂေါတမီ၊ မိထွေးတော်ဂေါတမီ။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ပဋိပါဋိယာ၊ အလှည့်အစဉ်အားဖြင့်။ ဩဝါဒံ၊ မြတ်စွာဘုရားဆုံးမတဲ့ အဆုံးအမဒေသနာတော်ကို။ အာဂစ္ဆန္တု၊ လာရောက်၍ခံယူစေကုန်သတည်း။

ဘိက္ခုနီမတွေ အလှည့်နဲ့ အလှည့်နဲ့မြတ်စွာဘုရားထံလာပြီးတော့ ဩဝါဒခံယူရမယ်လို့ ဒီလိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မိန့်တော်မူပါတယ်၊ အဲဒီတော့ မိထွေးတော်ဂေါတမီ အမိန့်နဲ့ပေါ့လေ ဘိက္ခုနီမတွေ အလှည့်နဲ့ အလှည့်နဲ့ မြတ်စွာဘုရားထံမှာ ဩဝါဒခံယူကြရတယ်။

အဲဒီ အဘိရူပနန္ဒာ ဘိက္ခုနီတို့ ဇနပဒကလျာဏီနန္ဒာဘိက္ခုနီတို့အလှည့်ကြပြီ ဆိုယင် သူတို့က မသွားဘူး သူများကိုလွှတ်တယ်၊ ဒီပြင်ဘိက္ခုနီမကို သွား လိုက်စမ်းပါ-သူ့အလှည့်ကို၊ ဒီလိုချည်းဘဲ သူတို့ကမသွားတော့ နောက်တော့ မြတ်စွာဘုရားက တမျိုးပြောရပြန်တယ်၊ ဘယ့်နှယ်ပြောရပြန်သလဲ ဆိုတော့ ဘယ့်နှယ်မိန့်တော်မူပြန်သလဲဆိုတော့--

သမ္ပတ္တော ဝါရေ အတ္တနာဝ အာဂန္တဗ္ဗံ၊ န အညာ ပေသေတဗ္ဗာ[၂]။

ဝါရေ၊ ဩဝါဒခံတို့ မိမိအလှည့်သည်။ သမ္ပတ္တော၊ ရောက်လာသည်ရှိသော်။ အတ္တနာဝ၊ ကိုယ်တိုင်သာလျှင်။ အာဂန္တဗ္ဗံ၊ လာရမယ်။ အညာ၊ တပါးသော ဘိက္ခုနီမကို။ န ပေ သေတဗ္ဗာ၊ မစေလွှတ်ရ။

၁-၂။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ-၂၃၃-၂၃၄။

အဘိရူပနန္ဒာတရားရပုံ ဒီလို မြတ်စွာဘုရားက အမိန့်ထုတ်လိုက်တော့ သူတို့ မနေသာဘူး၊ မနေသာတော့ ဘယ်သူသွားရသလဲ-ခေမက သာကီဝင်မင်းရဲ့သမီး အဘိရူပနန္ဒာထေရီ ဘိက္ခုနီမသွားတယ်၊ သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာလုပ်သလဲ-(အဲဒီနေရာမှာလဲ ဒီနန္ဒာဆိုတဲ့ ဘိက္ခုနီမတွေနဲ့ ပတ်သက်နေလို့သာ သူ့အကြောင်းထည့်ပြောနေရတာ ဟောဒီသုတ္တန်ကတော့ဖြင့် သူ့အတ္တုပ္ပတ္တိနဲ့ သိပ်ပြီးတော့ မဆိုင်လှဘူး၊ ဘယ်သူနဲ့သာ ဆိုင်သလဲဆိုတော့ ဇနပဒကလျာဏီနန္ဒာနဲ့သာ သိပ်ပြီးတော့ ဆိုင်တယ်) အဲဒါကြောင့် သူ့အတ္တုပ္ပတ္တိမှာ အဲဒီလို မြတ်စွာဘုရားထံမှောက်သို့ သူရောက်သွားတဲ့ အခါကျတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က–

အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော[၁]။

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ။ ကဋ္ဌာနိ၊ သစ်သားတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ ဝလ္လိဗဒ္ဓံ၊ ကြိမ်နွယ်ဖြင့်နှောင်ဖွဲ့ အပ်သော။ မတ္တိကာလေပနံ၊ မြေစိုင်ဖြင့် လိမ်းကျံ၍ထားအပ်သော။ နဂရံ၊ ကောက်ပဲထည့်ရာ ပကတိသောကျီကြအိမ်ကို။ ကရောန္တိယထာ၊ ပြုလုပ်ထားကြ ကုန်သကဲ့သို့။ ဧဝံ တထာ၊ ပုံစံနှိုင်းယူ အဲဒီအတူသာလျှင်။ အဋ္ဌီနံ၊ သုံးရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ နှာရုဝိနဒ္ဓံ၊ ကိုးရာသောအကြောတို့ဖြင့် ဖွဲ့ယှက်ရစ်ပတ်အပ်သော။ မံသလောဟိတလေပနံ၊ ကိုးရာသော အသားတစ်, တပြည်မျှ လောက်သော သွေးတို့ဖြင့် လိမ်းကျံခြယ်လှယ်၍ ထားအပ်သော။ နဂရံ၊ ခန္ဓာကိုယ် တည်းဟူသော ကျီကြအိမ်ကြီးကို။ ကတံ၊ တဏှာယောကျ်ား လက်သမားသည် တည်ထားဆောက်လုပ်အပ်ပြီ။

ယတ္ထ၊ အကြင်ခန္ဓာအိမ်၌။ (ဘာတွေထည့်ထားသလဲ) ဇရာစ၊ ဆိုးရွားဟောင်းမြင်း အိုမင်းမှည့်ပျော် ရင့်ရော်ခြင်း–ဇရာတရားကိုဋ်း။ မစ္စုစ၊ စုတိပြတ်ကြွေ သေလွန်ခြင်း–မရဏတရားကိုဋ်း။ မာနောစ၊ ဝင့်တကြွားကြွား ငါတကားဟု ဆောင်လွှားခြင်း–မာနတရားကိုဋ်း။ မက္ခောစ၊ ကောင်းစွာပြုဘူး သူ့ကျေးဇူးကို ချေဖျက်ခြင်းဆိုတဲ့ မက္ခတရားကိုဋ်း။ ဩဟိတော၊ ထည့်သွင်းသိုလှောင်၍ ထားအပ်၏။

ချစ်သမီး အဘိရူပနန္ဒာ....သစ်သားတို့ကိုထောင် နွယ်တွေနဲ့ပတ် အင်္ဂတေမြေညက်တွေနဲ့ ရှောက်ပြီးလိမ်းကျံထားလိုက် ဂိုဒေါင်ကြီးဆောက်ပြီး အဲဒီဂိုဒေါင်ကြီးထဲမှာ စပါးတွေ, ဆန်တွေ, ပြောင်းတွေ, လူးတွေ ထည့်ထား

၁။ ဓမ္မပဒပါဠိတော် နှာ–၃၆။

သလို ဒီခန္ဓာကိုယ်ကြီးကိုလဲဘဲ သုံးရာသော အရိုးတွေကို ထောင်ထားပြီးတော့ ကိုးရာသော အကြောတွေနဲ့ ရစ်ပတ်ပြီး ကိုးရာသောသားသစ်တို့ဖြင့် တပြည် မျှလောက်သော သွေးတွေနဲ့ လိမ်းကျံခြယ်လှယ်ပြီးတဲ့ ဒီခန္ဓာကိုယ်ကြီးထဲမှာ အိုခြင်းဆိုတဲ့ တရားတွေ ထည့်ထားတယ်၊ သေခြင်းဆိုတဲ့တရားတွေ ထည့် ထားတယ်၊ ငါတကားဟု ထောင်လွှားတက်ကြွ မာန်မာနတရားတွေ ထည့် ထားတယ်၊ သူ့ကျေးဇူး ချေဖျက်တဲ့တရားတွေ ထည့်ထားတယ်လို့ ဆိုတဲ့ မြေပဒ ဂါထာ ဒေသနာဖြင့်ရင်း၊ နောက်တနည်း—

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။
အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။[၁]

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ။ အာတုရံ၊ မြဲမစဲရံခါ ဆင်းရဲနာကျင်စွာ သော။ အသုစိံ၊ မစင်ကြယ်သော။ ပူတိံ၊ ရနံ့မကောင်း ပုပ်ဟောင်သော သဘောရှိသော။ ဥဂ္ဃရန္တံ၊ အထက်သို့လည်း လျှံတက်ယိုစီးသော။ ပဂ္ဃရန္တံ၊ အောက်သို့လည်း လျှောကျယိုစီးသော။ သမုဿယံ၊ အကြောအရိုးတွေ တည် ဆောက်ထားသော ဤခန္ဓာကိုယ်ကို။ ပဿ-ပဿာဟိ၊ စေ့စေ့ငုငု ဉာဏ် စက္ခုဖြင့် ကြည့်ရှုလေလော့။ တံ၊ ထိုခန္ဓာကိုယ်ကို။ ဗာလာနံ၊ သူမိုက်တို့သည်။ အဘိပတ္ထိတံ၊ လွန်စွာစုံမက် နှစ်သက်တောင့်တအပ်၏။

ဒီအသုဘကထာကို မြတ်စွာဘုရား ဟောပါတယ်၊ ပြီးနောက်—

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ။ တံ၊ ထိုအသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကို။ အနိမိတ္တဉ္စ၊ အနိမိတ္တ အမည်ရသည့် အနိစ္စာဘာဝနာ, ဒုက္ခာဘာဝနာ, အနတ္တ ဘာဝနာကိုလည်း။ ဘာဝေဟိ၊ မနေမနား သင်ချစ်သမီး ပွားများပါလော့။ မာနာနုသယံ၊ အနမတဂ် သံသာစက်မှ ငုပ်လျက်ကိန်းပါ ငါဟူ၍မှတ်ထင်မှု မာနာနုသယကို။ ဉဇ္ဇဟ၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ရှင်းဖျောက် ဖြတ် တောက်လေလော့။ တတော မာနာဘိသမယာ၊ ထိုသို့မာနာနုသယကို သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်လှန်ရှင်းဖျောက် အမြစ်ပျောက်အောင် ဖြတ်တောက်ရ သော ကြောင့်။ ဥပသန္တော၊ ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းသည်ဖြစ်၍။ တွံ၊ သင်ချစ်သမီးသည်။ စရိဿသိ၊ နေရပေလိမ့်သတည်း။

၁။ သုတ္တနိပါတ်၊ ဋ္ဌ၊ ပ၊ နှာ-၂၃၄။

အဲဒီလို ထေရီဂါထာမှာလာတဲ့ ပါဠိတော်များဖြင့် ဟောကြားပြီးတော့ ခေမကသာကီဝင်မင်းရဲ့ သမီး အဘိရူပနန္ဒာကို အကျဉ်တရားရစေတော် မူပါတယ်။

ဇနပဒကလျာဏီချတ်ခဏ်း ဇနပဒကလျာဏီနန္ဒာကျတော့ ဘယ်လိုဖြစ်သလဲ– ဇနပဒကလျာဏီနန္ဒာကျတော့ မသွားဘူး သူက– မြတ်စွာဘုရားထံကို၊ မသွားတော့ သာဝတ္ထိမြို့သူမြို့သားတွေ "သုနိဝတ္ထာ သုပါရုတာ"– ကောင်းစွာဝတ်ဆင်ပြီး ပန်းနံ့သာစသည် လက်စွဲလို့ မြတ်စွာ ဘုရားကျောင်းတော်သွားပြီး တရားနာကြပြီးတော့ ဘိက္ခုနီမတွေ မြတ်စွာ ဘုရားကျောင်းသွားပြီးတော့ တရားနာကြတယ်။

တရားနာကပြန်လာတဲ့ ပုဂ္ဂိုလ်တွေက ဟာတွေ ပြောသလဲ၊ ဩဘာ– သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဆင်းတော်, အသံတော်, ခေါင်းခေါင်းပါးပါးကျင့်တဲ့ အကျင့်တော်, သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကို ကြည်ညိုကြတဲ့ပုဂ္ဂိုလ်လေးမျိုးတို့ဟာ မည်သူမဆို ကြည်ညိုခြင်းကို ခံယူခြင်းငှာ ထိုက်တော်မူပါပေတယ်လို့ မြတ်စွာဘုရားရဲ့ ဂုဏ်ပုဒ်တွေကို ချီးကျူးပြီးတော့ ပြောကြတယ်။

ကြည်ညိုသောပုဂ္ဂိုလ် ၄–မျိုး ဒီနေရာမှာ မြတ်စွာဘုရားကို ကြည်ညိုတဲ့ပုဂ္ဂိုလ် လေးမျိုး*ရှိတယ်လို့ဆိုပြီး အဋ္ဌကထာ ဆရာတော် ပြထားတာရှိတယ်။

(၁) ရုပ်အဆင်းလှတာကိုမှ ကြည်ညိုပါတယ်ဆိုတဲ့ ရူပပ္ပမာဏိက ပုဂ္ဂိုလ်ဆိုတာ တမျိုး၊ ဘယ်နှယ်အဟောအပြော ကောင်းကောင်း ရုပ်မလှယင် မကြည်ညိုဘူးဆိုတဲ့ ပုဂ္ဂိုလ်ကတမျိုး ရှိသေးတယ်။

(၂) ဃောသပ္ပမာဏိကပုဂ္ဂိုလ်တဲ့၊ နာမည်ကြီးလို့ ဂုဏ်သတင်းတွေကျော်ကြားလို့ အသံကောင်းတာမှ ကြည်ညိုပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်က တမျိုးရှိတယ်။

(၃) လူခပ္ပမာဏိကပုဂ္ဂိုလ်၊ ခေါင်းခေါင်းပါးပါး ရှားရှားပါးပါး ကျင့်တာကိုမှ ကြည်ညိုတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတမျိုးရှိတယ်။

---

* အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် နှာ–၃၇၂–၂၇၃။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ–၂၃၄။ အင်္ဂုတ္တိုရ် အဋ္ဌကထာ ဒုတိယအုပ် နှာ–၃၁၄–၃၁၅။ ပုဂ္ဂလပညတ် အဋ္ဌကထာ နှာ–၇၀။

(၄) ဓမ္မပ္ပမာဏိကပုဂ္ဂိုလ်တဲ့၊အဆင်းလှလှ မလှလှ– အသံကောင်းကောင်း မကောင်းကောင်း–ခေါင်းခေါင်းပါးပါး ကျင့်ကျင့် မကျင့်ကျင့် သီလဂုဏ်ကျေးဇူး, သမာဓိဂုဏ်ကျေးဇူး, ပညာဂုဏ်ကျေးဇူး, ဝိမုတ္တိဂုဏ်ကျေးဇူး, ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးတွေကိုအာရုံပြုပြီး တော့ ကြည်ညိုတဲ့ပုဂ္ဂိုလ်တစားရှိတယ်။

နံနံကလေး ထပ်ပြီးတော့ ချဲ့ပါအုံးမယ်၊ အဲဒီ ကြည်ညိုတဲ့ ပုဂ္ဂိုလ်လေးမျိုး ထဲမှာ ကမ္ဘာလောက ဓာတ်ကြီး တခုလုံးမှာ ရှိတဲ့ ပုဂ္ဂိုလ် တွေကို သုံးပုံ ပုံယင် နှစ်ပုံသော ပုဂ္ဂိုလ်တွေက လှတာကို ကြည်ညိုသည်၊ လူတရာမှာ ၆၆–ယောက် လောက်ဟုတ်လား၊ ၆၆–ယောက်လောက်ဟာတုံး–အဆင်း လှတာကို ကြည်ညို တယ်။

ကမ္ဘာလောကဓာတ်ကြီး တခုလုံးမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေကို ငါးပုံပုံ၊ လေးပုံ သော ပုဂ္ဂိုလ်တွေက အသံကောင်းတာ, ဂုဏ်သတင်း နာမည် ကျော်တာကို အာရုံပြုပြီးတော့ ကြည်ညိုကြတယ်၊ ဒီတော့ လူတရာမှာ ရှစ်ဆယ်လောက်ပေါ့။ လူခပ္ပမာဏိကပုဂ္ဂိုလ်ဆိုတာကတော့ အင်း–ရှားရှားပါးပါး ခေါင်းခေါင်းပါး ပါး ကျင့်တာကို ကြည်ညိုတဲ့ပုဂ္ဂိုလ်ကတော့ သတ္တဝါတွေကို လူတွေကို ဆယ်ပုံပုံ ယင်တဲ့ ကိုးပုံလောက် ရှားရှား ပါးပါး ခေါင်းခေါင်း ပါးပါး ကျင့်တာကို ဆင်းဆင်း ရဲရဲ ကျင့်တာကို ကြည်ညို ကြတယ်၊ ဒီတော့ လူတရာမှာ ကိုးဆယ် လောက်ပေါ့ဟုတ်လား။

ကမ္ဘာလောကကြီးမှာ ရှိတဲ့လူတွေကို အပုံတသိန်းပုံပါတဲ့၊ အဲဒီ အပုံတသိန်း ထဲက တပုံသည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကို အာရုံပြုပြီးတော့ ကြည်ညိုတဲ့ပုဂ္ဂိုလ်ပါတဲ့၊လူတသိန်းမှ တယောက်ရယ်ဘယ့်နှယ်လဲ မရှားဘူးလား၊ (ရှားပါတယ် ဘုရား) အဲဒီ အထဲ ကိုယ်ပါဘို့အရေးကြီးတယ်–နော်။

အဆင်းလှချင်လှ မလှချင်နေ၊ အသံကောင်းချင်ကောင်း မကောင်းချင်နေ၊ ခေါင်းခေါင်း ပါးပါး ကျင့်ချင်ကျင့် မကျင့်ချင်နေ၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ကြည်ညိုနိုင်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာ လူတသိန်း မှတယောက်ဘဲ ရှိပါတယ်တဲ့–ဟုတ်လား၊ (မှန်ပါ)။

ဒီတော့ အဲဒီလို လူတသိန်းမှ တယောက်ဘဲ ကြည်ညိုပါတယ်ဆိုတဲ့ ပုဂ္ဂိုလ် တွေကလဲဘဲ သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သီလဂုဏ်, သမာဓိ ဂုဏ်, ပညာဂုဏ်တွေကို အာရုံပြုပြီးတော့ ကြည်ညိုနိုင်ကြပါပေရဲ့–ချီးမွမ်းကြ တာ, ချီးမွမ်းကြတာ၊ မြို့သူ မြို့သားတွေ, ဘိက္ခုနီမတွေ လူတရာမှာ ကိုးဆယ်

လောက် ခေါင်းခေါင်း ပါးပါး ကျင့်တယ် ဆိုတာကို ကြည်ညိုတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာလဲဘဲ မြတ်စွာဘုရားကို ကြည်ညိုလို့ မရဘူးလား၊ (ရပါတယ် ဘုရား)။

ဘာဖြစ်လို့လဲ–မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလေ–ရမ္မ, သုဘ, သုရမ္မ နန်းမသုံးဆောင် ရွှေနန်းတော်ကြီးတွေကို စွန့်ပြီးတော့ သစ်ပင်ရင်းမှာ နေနိုင်တယ်၊ ခေါမတိုင်း, ရောမတိုင်းမှာ ဖြစ်တဲ့ ကောင်းပေ့ဆိုတဲ့ အဝတ် တန်ဆာတွေကို စွန့်ပြီးတော့ ပံ့သကူသင်္ကန်း, မြေမှုန့် အလိမ်းလိမ်း ကပ်တဲ့ သင်္ကန်းကို ဝတ်ရုံပြီးတော့နေနိုင်တယ်။

တသိန်းတန်တဲ့ ရွှေခွက် ကြီးတွေကို စွန့်ပြီးတော့ ဘာမှ အဘိုး မတန်တဲ့ ကျောက်သပိတ်တို့, မြေသပိတ်တို့နဲ့ ဆွမ်းထည့်ပြီး ဘုဉ်းပေးတော်မူနိုင်တယ်လို့ ဆိုတော့ သူ့ထက်ခေါင်းခေါင်းပါးပါး ကျင့်တာ ရှိသေးသလား၊ (မရှိပါဘူး ဘုရား) ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘယ်လိုလဲ–ဂုဏ်ကြီးတယ်, အသံ ကောင်းတယ်, နာမည်ကြီးတယ် ဆိုတာ မတော့ဖြင့် ပြောစရာ မရှိဘူး။

မြတ်စွာဘုရား၏ အသံတော်ရှစ်မျိုး မြတ်စွာဘုရား အသံတော်ရှစ်မျိုးရှိတယ်၊ မြတ်စွာဘုရား အသံရဲ့ အင်္ဂါရှစ်မျိုးရှိတယ်*၊ အဲဒီရှစ်မျိုးကို သရုပ်တွေ ထုတ်နေယင် တော်တော်နဲ့ပြီးမှာ မဟုတ်တော့ဘူး ဟုတ်လား၊ အဲဒီအသံရှစ်မျိုးနဲ့ပြည့်စုံပြီးတော့ မြေပြင်မက ဘဝဂ်ကျအောင် သမ္မုညူ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေက ကျော် ကြားတော်မူတယ်။

---

* မြတ်စွာဘုရား၏ အသံတော်ရှစ်မျိုး–

အဋ္ဌင်္ဂသမန္နာဂတော ခေါ ပနဿ ဘောတော ဂေါတမဿ မုခတော ဃောသော နိစ္ဆရတိ ဝိဿဋ္ဌော စ ဝိညေယျော စ မဉ္ဇု စ သဝနီယော စ ဗိန္ဒု စ အဝိသာရီ စ ဂမ္ဘီရော စ နိန္နာဒီ စ။

(မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ–၃၄၀)။

ထိုအရှင်ဂေါတမ၏ ခံတွင်းတော်မှထွက်သော အသံတော်သည်–

(၁) သန့်ရှင်းခြင်း၊ (၅) စည်းလုံးခြင်း၊
(၂) သိလွယ်ခြင်း၊ (၆) ပရိသတ်အပြင်သို့ ပြန့်မထွက်ခြင်း၊
(၃) သာယာဖွယ်ရှိခြင်း၊ (၇) နက်နဲခြင်း၊
(၄) နာပျော်ဘွယ်ရှိခြင်း၊ (၈) ပဲ့တင်ထပ်ခြင်း၊

ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူ၏။

ဒီတော့ ယောသပ္ပမာဏိက ပုဂ္ဂိုလ်တွေက မကြည်ညိုနိုင်ပေဘူးလား၊ (ကြည်ညိုနိုင်ပါတယ်ဘုရား) အဆင်းလှတာနဲ့ ကြည်ညိုပါတယ်ဆိုတဲ့ လူက ဘယ်လောက်-အခုနက လူတရာမှာ ၆၆-ယောက် သာသာလေးပေါ့လေ၊ အဲဒီလူတရာမှာ ၆၆-ယောက်ဆိုတဲ့ အဆင်းလှတာမှ ကြည်ညိုပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ သဗ္ဗညုမြတ်စွာဘုရားရဲ့ အဆင်းက ရွှေလိုဝင်းနေတဲ့အဆင်းဘဲ။

သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တင့်တင့်တယ်တယ် တန်ဆာဆင်ပြီးတော့ ထားလိုက်တာ ဘယ်လူတွေနဲ့ ဘယ်သတ္တဝါ ဘယ်ပြဟ္မာမှ မမှီအောင်လှတဲ့ မြတ်စွာဘုရားလို့ဆိုတော့ အဆင်းလှတာကိုမှ ကြည်ညိုပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကြည်ညိုခြင်းကို သဗ္ဗညုမြတ်စွာဘုရားက ခံယူထိုက်တယ် မဟုတ်လားလို့၊ (ခံယူထိုက်ပါတယ်ဘုရား)။

အဲဒီလိုပုဂ္ဂိုလ်မျိုးတို့ရဲ့ ကြည်ညိုခြင်းကိုခံထိုက်တဲ့ အကြောင်းကို လူတွေကော ဘိက္ခုနီမတွေကော နှုတ်ဖျားမဆန့် ချီးမွမ်းစကားတွေ ပြောကြားနေတော့ အခုနက ဇနပဒကလျာဏီနန္ဒာဆိုတဲ့ ဘိက္ခုနီမကလဲ ငါလဲ မြတ်စွာဘုရားကို ဒါလောက်လူပြောများနေယင်တော့ သွားဖူးအုံးမှဘဲလို့ ဒီလို ဖြစ်လာတယ်။

ဒီကနေ့ ဘယ်သူလာမလဲ- ဇနပဒကလျာဏီနန္ဒာ မြတ်စွာဘုရား ရှေ့တော်မှောက် ရောက်လိမ့်မယ် ဟုတ်လား၊ (မှန်ပါ) ခါတိုင်း ခါတိုင်းနေ့တွေ သူပါရဲ့လား၊ (မပါပါဘူးဘုရား) ဟင်-ခါတိုင်းနေ့တွေ မပါဘူး၊ ဒီကနေ့တော့ဖြင့် ဇနပဒကလျာဏီနန္ဒာ မြတ်စွာဘုရားရှေ့တော်မှောက်ရောက်မယ်။

ဇနပဒကလျာဏီနန္ဒာ ရောက်မယ်ဆိုတာ သဗ္ဗညုရှင်တော်မြတ်ဘုရား ကြိုတင်ပြီး သကာလ ရှေ့ညာဏ်ဟော်နဲ့ ရှုနေသည် ဖြစ်သောကြောင့် ဘာလုပ်သလဲ- လှလိုက်တဲ့ အမျိုးသမီးကလေးတယောက် ဖန်ဆင်းပြီးထားလိုက်တာ "ပန္နရသသောဠသဝဿုဒ္ဒေသိကံ"-တဆဲ့ငါးနှစ်၊ တဆဲ့ခြောက်နှစ်သမီးအရွယ်။

ဇနပဒကလျာဏီနန္ဒာထက် အဆပေါင်း သိန်းသန်းကုဋေ မရေတွက်နိုင်အောင် ပိုပြီးတော့လှတဲ့ အမျိုးသမီးကလေး မြတ်စွာဘုရားက ဖန်ဆင်းထားတယ် လှလိုက်တာ၊ မြတ်စွာဘုရား အနားမှာ သူက ယပ်တောင် ကလေး ခပ်နေတယ်။

အလှမာန်ကိုနှိမ်နင်း ဇနပဒကလျာဏီနန္ဒာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရှေ့တော်မှောက် ရောက်သွားတော့ ဘယ်လိုပါလိမ့်၊ လှလိုက်တဲ့ အမျိုးသမီးကလေးတယောက်ထဲနဲ့ မြတ်စွာဘုရားကို ယပ်ခပ်ပြီးတော့ ဒီလိုသီတင်းသုံးပြီးနေတယ်။

အဟော အယံ ဇာတ္တိ ရူပဝတီ။

အယံဇာတ္တိ၊ ဤသဗ္ဗညုမြတ်စွာဘုရားရဲ့ ထံမှောက်၌ ယပ်လေခပ်၍ နေသော အမျိုးသမီးကလေးသည်။ အဟောရူပဝတီ၊ ဩော်–လှလိုက်လေခြင်း။

သူ့ရုပ်လှတဲ့ အပေါ် မေ့မသွားဘူးလား၊ (မေ့သွားပါတယ် ဘုရား) ဩော်–ဟိုအမျိုးသမီးကလေး ငါ့ထက်လှတယ်လို့ ဆိုတော့ နဂိုက လှတာကို အစွဲပြုပြီးတော့ မာန်တက်နေတဲ့ ဇနပဒကလျာဏီရဲ့ မာနတွေဘယ်ရောက်သွားသလဲ၊ (ပျောက်သွားပါတယ် ဘုရား) မာန်မာနကျုံ့တွေ ဟုတ်လား၊ ဒီမာန်မာနတွေ ကျအောင် ဘာပြုလို့ မြတ်စွာဘုရား လုပ်ပေးရ သလဲ–ဒီမာန်မာန မကျယင် ဒီပုဂ္ဂိုလ်တရားမရဘူး ဟုတ်လား။

တံမာန်၊ ထိုမာနကို။ အပ္ပဟာယ၊ မပယ်မစွန့်မူ၍။ ဒေသနံ၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်ကို။ သမ္မဋ္ဌိစ္စတုံ၊ နားဝင်အောင် ခံယူခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ ဒီမာနမကျိုးယင် အမျိုးသမီး တရားရပါ့မလား၊ (မရပါဘူးဘုရား) ဘုန်းကြီးတို့ပရိတ်သတ် ကိုယ့်မှာဘာရှိသလဲ–ဘာမာန်ရှိသလဲ–ရှိတယ်၊ ဘုန်းကြီးတို့ပရိသတ်မှာလဲဘဲ စီးပွားဥစ္စာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကလဲ ဓနမာန်ဆိုတာ ရှိတယ်၊ ဒီမာန်ကို မချယင် တရားမရဘူး၊ သက်သာခွင့်မရဘူး။

အဆင်းလှတဲ့ပုဂ္ဂိုလ်တွေ၊ အခြွေအရံပေါတဲ့ ပုဂ္ဂိုလ်တွေ၊ ဩဇာ အာဏာရှိတဲ့ ပုဂ္ဂိုလ်တွေမှာလဲဘဲ ကိုယ့်မှာရှိတာလေးတွေကို အစွဲပြုပြီး အဆင်းလှတာအစွဲပြုပြီး မာန်တက်နေတယ်၊ ပညာတတ်တာကိုအစွဲပြုပြီး မာန်တက်နေတယ်၊ တရားအဟောအပြော ကောင်းတယ်လို့ သူများဝိုင်းပြီးတော့ ချီးမွမ်း တာကို အကြောင်းပြုပြီးတော့ မာန်တက်နေတယ်ဆိုတာ ရှိတယ်မဟုတ်လား၊ (ရှိပါတယ် ဘုရား) သူနဲ့ မတူအောင် တတ်ကျွမ်းတော်မူတယ်လို့ ဆိုတာလေး အကြောင်းပြုပြီးတော့ မာန်တက်နေတယ်မဟုတ်လား၊ (မှန်ပါ) ဒီမာန်မာနကို မချယင် ဒီပုဂ္ဂိုလ်မျိုး တရားရပါ့မလား၊ (မရပါဘူးဘုရား)။

အခု ဇနပဒကလျာဏီနန္ဒာမှာ ဘာမာန်ရှိသလဲ (လှတဲ့မာန်ပါဘုရား)ဒီမာန်ကျအောင် မြတ်စွာဘုရားက ဘာလုပ်ရသလဲ–သူ့ထက်လှတဲ့ အမျိုးသမီးကလေး ဖန်ဆင်းပြလိုက်တော့၊ ဩော်–ဟိုအမျိုးသမီးကလေးက ငါ့ထက်လှပါကလားလို့ဆိုပြီး သူလှတာကို အစွဲပြုပြီး တက်နေတဲ့မာန် ဘယ်ရောက်သွားသလဲ (ပျောက်သွားပါတယ်ဘုရား) မရှိတော့ဘူး။

အဲဒီလိုဘဲကိုယ်ကပညာတတ်လို့ မာန်တက်တယ် ဆိုယင် ကိုယ့်ထက်ပညာတတ်တဲ့လူနဲ့ ကိုယ်ကနှိုင်းယှဉ်ကြည့်လိုက်၊ ဩော်–သူက ငါ့ထက် ပညာတတ်

တယ်၊ ငါတတ်တဲ့ပညာ ဘာမှမဟုတ်သေးပါကလားလို့ ဆိုပြီး မာန်ကျ သွား မယ် မဟုတ်လား၊ (ကျသွားပါတယ်ဘုရား) မာန်ကိုချတဲ့နည်း။

ကိုယ်ကပစ္စည်းရှိလို့ မာန်တက်နေတယ်ဆိုယင် ကိုယ့်ထက်ပစ္စည်းချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ကိုယ်က လှမ်းပြီးတော့ ကြည့်လိုက်၊ ဩော် – သူ့မှာ ရှိတဲ့ ပစ္စည်းနဲ့စာယင် ငါ့ပစ္စည်းဟာ ဘာမှ မပြောပလောက် သေးပါလားဆိုပြီး ကိုယ့်ရှိတဲ့ ဓနမာန်ဟာ ကျမသွားဘူးလား၊ (ကျသွားပါတယ်ဘုရား) ပညာ မာန်တွေ, ဓန မာန်တွေ, အလှမာန်တွေကို ချတဲ့နည်း မြတ်စွာဘုရားက ဒီလို ပေးပြီး ထားပါတယ် ဟုတ်လား။

ဒီနေရာမှာ အဋ္ဌကထာဆရာတော်ကြီးက ဘာပြောထားသေးလဲ ဆိုတော့ အမျိုးသမီးတို့မည်သည်မှာ အလှတကာ့ အလှဆုံး ဘယ်အရွယ်မှာ လှနေသလဲ လို့ ဆိုယင်တဲ့–

မာတုဂါမော ဟိ သောဠသဝဿုဒ္ဒေသိကောယေဝ သောဘတိ၊
န တတော ဥဒ္ဓံ။ ၁

ဟိ၊ အမျိုးသမီးတို့အစွမ်းကုန် လှတယ်ဆိုတဲ့ အကြောင်းကို ပြရမယ်ဆိုရင်။ မာတုဂါမော၊ မာတုဂါမသည်။ သောဠသဝဿုဒ္ဒေသိကော ယေဝ၊ တဆဲ့ ခြောက်နှစ်သမီး အရွယ် သာလျှင်။ သောဘတိ၊ တင့်တယ်၏။ တတော၊ ထို တဆဲ့ခြောက်နှစ်ထက်။ ဥဒ္ဓံ၊ အထက်သို့ လွန်မြောက်သွားလို့ရှိယင်။ န သောဘတိ၊ မတင့်တယ်တော့ဘူး–တဲ့။

ဒီတော့ မြတ်စွာ ဘုရား ဖန်ဆင်း ထားတဲ့ အမျိုး သမီး ကလေးက ဘယ်အရွယ်လောက်ရှိသလဲ–တဆဲ့ ငါးနှစ်, တဆဲ့ ခြောက်နှစ်အရွယ်၊ ဇနပဒ ကလျာဏီနန္ဒာက ဘယ်လောက်ရှိနေသလဲ–ဒီအချိန်မှာ၊ သုံးဆယ်ကျော်လောက် ရှိနေပြီ ဟုတ်လား၊ ဘယ့်နှယ်တုံး အဆင်းချင်း ပြိုင်လိုက်မယ် ဆိုယင် ထို အမျိုးသမီး လေးက ပိုပြီးတော့ လှမနေ ဘူးလား၊ (လှနေပါတယ် ဘုရား) လှနေတော့၊ ဩော်–ဟိုအမျိုးသမီး လေးက သိပ်ပြီး လှတာဘဲ၊ ငါကသူ့ လောက်မှ မလှဘဲလို့ ဆိုပြီး သူ့ရုပ် အပေါ်မှာ ဇနပဒ ကလျာဏီ နန္ဒာက ဘယ်လိုဖြစ်သွားသလဲ–မာန်မာနကျသွားတယ်။

အနိစ္စသညာထင်ပုံ အဲဒီလိုမာန်မာနကျသွားနေတုန်းမှာ သဗ္ဗညုမြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကဟိုအမျိုးသမီး ကလေးတဖြေးဖြေး အရွယ်ကြီးကြီးကြီးကြီးပြီးတော့ တကြိမ်သားဖွားပြီးတော့ မိန်းမအရွယ်, မိန်းမ ကြီးအရွယ်, ဇနောင်ဇနင်းဖြစ်ပြီးတော့ တောင်ဝှေးကို ကိုင်ကာ မှည့်မည်းတွေ

၁။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ–၂၃၅။

တကိုယ်လုံးစွဲနေသည့် အနုစ်တရာရှိတဲ့ မိန်းမအိုကြီးရဲ့ အဆင်းသဏ္ဌာန် တွေလို အစဉ်အတိုင်း ပြောင်းလဲ ပြောင်းလဲ ပြုပြီးတော့ ဇနပဒ ကလျာဏီ နန္ဒာ ကြည့်နေတုန်း မှာဘဲ ခွေကနဲဆို သူ့ရှေ့တင် လဲကျ ပြီးတော့ ပုပ်ပွ ပြီးတော့ ဖူးဖူးရောင်သော သူသေကောင် တခါထဲ အဲဒီလို အကောင်ပုပ်ကြီး ဖြစ်သွား တယ်။

ဟာ–ဒီတော့ ဇနပဒကလျာဏီနန္ဒာက ဒါလောက်လှတဲ့ အမျိုးသမီး ကလေးတောင် ဒီလိုပျက်စီးယိုယွင်းသွားရတယ်ဆိုယင် ငါ့ရဲ့ခန္ဓာကိုယ်ကြီးဟာ လဲဘဲ ဒီလိုဘဲ ပျက်စီးခြင်းသဘောရှိတော့ပါကလားလို့ ဇနပဒကလျာဏီနန္ဒာ ရဲ့ စိတ်ထဲမှာ ဘယ်လိုတွေ ဖြစ်လာသလဲ—

ဝေမေစံ မမပိ အညေသမ္ပိ သဗ္ဗသာဓာရဏော အယံ ကမောတိ အနိစ္စသညာ သဏ္ဌာတိ။[၁]

ဝေံ၊ ဤအမျိုးသမီးကလေး အတူသာလျှင်။ မမပိ၊ ငါအားရင်း။ အညေ-သမ္ပိ၊ တပါးသောပုဂ္ဂိုလ်တို့အားရင်း။ အယံကမော၊ ဤသို့အိုမင်းရင့်ရော်လို့ သေပြီးဖူးဖူးရောင်သွားတဲ့ အကောင်ပုပ်ဖြစ်ရတဲ့ အစဉ်သည်။ သဗ္ဗသာဓာရဏော၊ အလုံးစုံသော လူအပေါင်းတို့နှင့် ဆက်ဆံတဲ့ အစဉ်ပေတည်း။ ဣတိ၊ ဤသို့။ အနိစ္စသညာ၊ အနိစ္စသညာသည်။ သဏ္ဌာတိ၊ တည်၍ လာလေတော့၏။

တဒနုသာရေန စ ဒုက္ခာ နတ္တသညာပိ။

တံ၊ ထိုအနိစ္စသညာကို။ အနုသာရေန၊ အစဉ်လျှောက်သဖြင့်။ ဒုက္ခာ နတ္တသညာပိ၊ ဒုက္ခသညာ, အနတ္တသညာတို့သည်လည်း။ သဏ္ဌာတိ၊ တည်၍ လာလေတော့၏။

ဩော်–ရုပ်တရားတွေဟာ အနိစ္စ၊ ပျက်စီးတဲ့ ဘေးသင့်လို့ဒုက္ခ၊ ဒီလှတဲ့ အဆင်းကလေးကို အစိုးမရသည်ဖြစ်သောကြောင့် အနတ္တနဲ့ ဒီလိုနှလုံးသွင်း ဆင်ခြင်နေတာကို သဗ္ဗညုရှင်တော်မြတ်ဘုရား သိတော်မူသည်ဖြစ်သောကြောင့်–

အထ ဘဂဝါ ကမ္မဋ္ဌာနေ ပက္ခန္တံ နန္ဒာယ စိတ္တံ ဉတွာတဿာ သပ္ပါယဝသေန ဣမာဂါထာယော အဘာသိ။

အထ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ နန္ဒာယ၊ ဇနပဒကလျာဏီနန္ဒာ၏။ စိတ္တံ၊ စိတ်သည်။ ကမ္မဋ္ဌာနေ၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ လက္ခဏာယာဉ် သုံးချက်ကို ရှုတဲ့ကမ္မဋ္ဌာန်း အာရုံ၌။ ပက္ခန္တံ၊ သက်ဝင်၍နေ၏။ ဣတိ၊ ဤသို့။

၁။ သုတ္တနိပါတ်၊ ဋ္ဌ၊ ပ၊ နှာ–၂၃၅။

ဥတ္တာ၊ သိတော်မူ၍။ တဿာ၊ ံယိုနန္ဒာဘိက္ခုနီမအား။ သပ္ပါယဝသေန၊ လျောက်ပတ်သော အစွမ်းအားဖြင့်။ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိ၊ မိန့်ဆိုတော်မူလေတော့၏။ ဘယ်နှယ်မိန့်တော်မူသလဲ—

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုသော သုညတော ပဿ၊ မာ လောကံ ပုန ရာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တာ စရိဿသိ။

(လို့ ဒီဂါထာပုဒ်တွေကို ရွတ်ဆိုပြီးတဲ့အဆုံး၌ နန္ဒာထေရီ ဘိက္ခုနီမသည် သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတယ်။)

တဏှာဆန္ဒကင်းလျှင် အပူမီးငြိမ်းမည်

နန္ဒေ၊ ချစ်သမီးအဘိရူပနန္ဒာ။ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ နှိပ်စက်သဖြင့် နာကျင်ခြင်းသဘောရှိသော။ အသုစိံ၊ မစင်ကြယ်သော။ ပူတိံ၊ ပုပ်သိုးသော။ ဥဂ္ဃရန္တံ၊ အပုပ်ရည်တို့သည် အထက်သို့သည်း ပျို့အန်၍လျှံတက်သော။ ပဃရန္တံ၊ အပုပ်ရည်အပုပ်ခဲတို့ဖြင့် အောက်သို့တစက်စက် ယိုထွက်၍နေသော။ သမုဿယံ၊ အရိုးကိုစိုက်ထောင်ပြီး အသားအကြောတို့ဖြင့် နှယ်ပတ်၍ထားအပ်သော ခန္ဓာကိုယ်ကို။ ပဿ၊ ဉာဏ်ဖြင့်ရှုပါလော့။ ဗာလာနံ၊ လူမိုက်တို့သည်။ အဘိပတ္ထိတံ၊ လွန်စွာစုံမက် နှစ်သက်တောင့်တအပ်ပေ၏။

နန္ဒေ၊ ချစ်သမီးရူပနန္ဒာ။ ဣဒံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ခန္ဓာကိုယ်သည်။ အနိစ္စာဒိဓမ္မံယထာ၊ အနိစ္စစသော သဘောရှိသကဲ့သို့။ ဧတံ၊ ထိုသင်မြင်ရသည့် အပြင်အပကိုယ်သည်။ တထာ၊ ထို့အတူ အနိစ္စသဘောရှိ၏။ ဧတံ၊ ထိုသင်မြင်ရသည့် အပြင်အပသူသေကောင်သည်။ဥဒ္ဓုမာတကာဒိဘာဝပ္ပတ္တံယထာ၊အစဉ်အတိုင်း အရွယ်အစုစု အနုအရင့်တွေကိုစွန့်ကာ ဖူးဖူးရောင်သော သူသေကောင်စသည်အဖြစ်သို့ ရောက်သကဲ့သို့။ ဣဒံ၊ ဤအဇ္ဈတ္တဖြစ်သောသင်၏ကိုယ်သည်။ တထာ၊ ထို့အတူ အရွယ်အစုစု အနုအရင့်တွေကိုစွန့်ခွာ၍ ဖူးဖူးရောင်သော သူသေကောင်စသည်အဖြစ်သို့ ရောက်သည်။ ဘဝိဿတိ၊ ကေန်စင်စစ် ဖြစ်ရပေတော့လတံ့။

နန္ဒေ၊ ချစ်သမီးဇနပဒကလျာဏီနန္ဒာ။ တွံ၊ သင်ချစ်သမီးသည်။ ကာယဒွယံ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ကိုယ်ကာယနှစ်ပါးအပေါင်းကို။ ဓာတုသော၊ ပထဝီ

ခါတ်စသောအားဖြင့်။ သညာတော၊ အတ္တ, အတ္တနိယစသည်မှဆိတ်သုဉ်းသော အားဖြင့်။ ပဿ-ပဿာဟိ၊ ဝိပဿနာဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုလေလော့။ လောကံ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော လောကသို့။ မာပုနအာဂမိ၊ တဖန် ထပ်လျှောက် ချစ်သမီး မလာရောက်ချင်လင့်။ ဘဝေ၊ ကာမ, ရူပ, အရူပအား ဘဝသုံးပါး၌။ ဆန္ဒံ၊ တွယ်တာစုံမက် တပ်နှစ်သက်သည့် တဏှာဆန္ဒကို။ ဝိရာဇေတွာ၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ဖြတ်ရှင်း ကင်းစေ၍။ ဝါ၊ ကင်းစေသည်ရှိသော်။ တံ၊ သင်ချစ်သမီးသည်။ ဥပသန္တာ၊ ကိလေသာဟူ အပူ ခပ်သိမ်း အေးငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ ချမ်းကြည်အေးမြ နေထိုင်ရပေ လတံ့။

မြတ်စွာဘုရားက ဒီဒေသနာဂါထာကို ဟောပြီးသည်၏အဆုံး၌-

ဂါထာပရိယောသာနေ နန္ဒာ သောတာပတ္တိဖလေ ပတိဋ္ဌာသိ။[၁]

ဘာဖြစ်သွားသလဲ၊ (သောတာပန်ဖြစ်သွားပါတယ်ဘုရား)

အထဿာ ဘဂဝါ ဥပရိမဂ္ဂါဓိဂမတ္ထံ သုညတပရိဝါရံ ဝိပဿနာ ကမ္မဋ္ဌာနံ ကထေန္တော ဣမံ သုတ္တံ မဘာသိ။[၁]

အထ၊ ထိုသို့ သောတာပန် ပုဂ္ဂိုလ် ဖြစ်ပြီးတဲ့နောက်။ အဿာ၊ ထိုဇနပဒကလျာဏီ နန္ဒာဘိက္ခုနီမအား။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဥပရိမဂ္ဂါဓိဂမတ္ထံ၊ အထက်မဂ်တွေကို ရစေခြင်းငှာ။ သုညတပရိဝါရံ၊ အတ္တ, အတ္တနိယမှ ဆိတ်သုဉ်းသော အခြံအရံ ဖြစ်သော။ ဝိပဿနာ ကမ္မဋ္ဌာနံ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို။ ကထေန္တော၊ ဟောလိုသည်ဖြစ်၍။ ဣမံသုတ္တံ၊ ယခုဟောကြားလတံ့ဖြစ်တဲ့ ကာယဝိစ္ဆန္ဒနိယ သုတ္တန် ဒေသနာတော်ကို။ အဘာသိ၊ ဆက်လက်ဟောကြားတော်မူ၏။

ဝိဇယသုတ်၏ ဒုတိယ အတ္ထုပ္ပတ်

ဒါ မူလအတ္ထုပ္ပတ္တိတခု၊ ယခုဝိဇယသုတ္တန်ကို ဟောတဲ့ အတ္ထုပ္ပတ္တိတခု၊ ဒုတိယအတ္ထုပ္ပတ္တိတခု ရှိပါသေးတယ်၊ **တဆဲ့ခုနစ်ဝါ မြောက်မှာ** ဟောတဲ့ အတ္ထုပ္ပတ္တိ၊ အဲဒီ **အတ္ထုပ္ပတ္တိ ပြောကြဦးစို့။**

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် တဆဲ့ခုနစ်ဝါမြောက်တွင် ရာဇဂြိုဟ်ပြည်မှာ ဒီဝိဇယသုတ္တန် ဒေသနာကို ဟောကြားတော်မူတဲ့ အကျဉ်းချုပ် အတ္ထုပ္ပတ္တိက ဘုန်းကြီးတို့ ဟိုဝေသာလီပြည်မှာ အမှုပါလီခေါ်တဲ့ ပြည်၏

၁။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ-၂၃၅။

တန်ဆာ ဥပါသိကာမ တယောက်ရှိတယ်၊ အဲဒီ ဝေသာလီပြည်၏ တန်ဆာ ဥပါသိကာအမ္ဗပါလီကို အမှီပြုပြီးတော့ ရာဇဂြိုဟ်ပြည်မှာလဲဘဲ ပြည်၏တန်ဆာ ဥပါသိကာမ တယောက်ရှိပါတယ်၊ နာမည်ကတော့ သာလဝတီတဲ့။

အဲဒီသာလဝတီခေါ်တဲ့ ပြည့်ဆန်ဆာ ဥပါသိကာမက ရှေးဦးစွာ သားကလေးတယောက် ဖွားတယ်၊ အဲဒီဖွားတဲ့သားကလေးကို လုပ်ငန်းနဲ့ မအပ်စပ်သည် ဖြစ်သောကြောင့် ဒီသားကလေးကို သွားပြီးတော့ အမှိုက်ပုံထဲမှာ စွန့်ပစ်တော့ အဘယမင်းသားက ကောက်ယူကျွေးမွေးတဲ့အတွက် တချိန်မှာ ဒီကနေ့ထိအောင် ထင်ရှားကျော်ကြားနေတဲ့ ဆရာဇီဝကရယ်လို့ ကျော်ကြားပြီးတော့ နာမည်ကြီးလာပါတယ်။

သိရိမာဝတ္ထု နောက်တခါ အဲဒီသာလဝတီပြည့်တန်ဆာမက သမီးတကြိမ် ဖွားတယ်၊ အဲဒီသမီးကိုတော့ ဘယ်နှယ်နာမည် မှည့်ထားသလဲဆိုတော့ သိရိမာလို့ ဒီလိုနာမည်မှည့်တယ်၊ အဲဒီ သိရိမာ အမျိုးသမီးကိုတော့ ရှေးယခင် အမျိုးသားကလေးကဲ့သို့ သွားပြီးတော့ စွန့်ပစ်ခြင်းအမှုကို မပြုဘူး အလုပ်ကိစ္စပါဝင် အသုံးကျသည်ဖြစ်သောကြောင့် သိရိမာဆိုတဲ့ အမျိုးသမီးကို သေသေချာချာ မွေးပြီးတဲ့နောက် သာလဝတီပြည်၏ တန်ဆာ ဥပါသိကာမ ကွယ်လွန်တဲ့အခါမှာ နောက်တော့ သိရိမာ အမျိုးသမီးက ဆက်ပြီးတော့ ပြည်၏ တန်ဆာ ဥပါသိကာမအဖြစ်နဲ့ အမှုထမ်းရတယ်။

ရာဇဂြိုဟ်ပြည်မှာ သာလဝတီပြည်၏တန်ဆာ ဥပါသိကာမတန်းက တနေ့တာ အတွက် အသပြာတရာပေးရတယ်၊ ဟော-သိရိမာခေါ်တဲ့ သူ့သမီး လက်ထက်ကျတော့ တနေ့တာအတွက် အသပြာတထောင် ပေးရပါတယ်တဲ့၊ ဒါလောက်တောင် အဘိုးတန်တယ်။

တနေ့တော့ အဲဒီသိရိမာခေါ်တဲ့ ပြည်ကြီးတန်ဆာ ဥပါသိကာမသည် ဥတ္တရာအမျိုးသမီးကို ထောပတ်ပူတွေနဲ့ လောင်းချမိသည် ဖြစ်သောကြောင့် ဒီအပြစ်ကို သည်းခံဘို့ရန်အတွက် ဘုရားအမှူးရှိတဲ့ သံဃာကို ပင့်ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များရဲ့ ရှေ့မှောက်မှာ ဥတ္တရာ အမျိုးသမီးကို တောင်းပန်ကျေနပ်စေတဲ့ အခါမှာ သဗ္ဗညုရှင်တော်မြတ်ဘုရားက—

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ[၁]။

၁။ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် နှာ-၆၇။ ဤသိရိမာဝတ္ထုလာပါဠိများကို ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် ဇရာဝဂ် သိရိမာဝတ္ထု၌ကြည့်။

ကောဓံ၊ မိမိအပေါ်မှာ ဆဲဆိုရိုက်နှက် အမျက်ထွက်တဲ့ ပုဂ္ဂိုလ်ကို။ အက္ကောဓေန၊ မိမိကတဖန် ပြန်၍အမျက်မထွက်သဖြင့်။ ဇိနေ၊ အနိုင်ယူရာ၏။ အသာဓုံ၊ မိမိအပေါ်မှာ မတရားသဖြင့် မကောင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်ကို။ သာဓုနာ၊ မိမိကတဖန် ပြန်၍တရားသဖြင့် ပြုလုပ်သဖြင့်။ ဇိနေ၊ အနိုင်ယူရာ၏။ ကဒရိယံ၊ မပေးရက်လို သဝန်တိုတဲ့ပုဂ္ဂိုလ်ကို။ ဒါနေန၊ မိမိက ပေးကမ်းစွန့်ကြဲသဖြင့်။ ဇိနေ၊ အနိုင်ယူရာ၏။ အလိကဝါဒိနံ၊ မမှန်မုသား ပြောကြားလေ့ရှိသော ပုဂ္ဂိုလ်ကို။ သစ္စေန၊ မိမိက မှန်သောစကား ပြောကြားခြင်းဖြင့်။ ဇိနေ၊ အနိုင်ယူရာ၏။

ဤဒေသနာကို ပြောကြားပြီးတဲ့ အဆုံးမှာ သိရိမာတည်းဟူသော ပြည့်တန်ဆာ ဥပါသိကာမသည် သောတာပန်အဖြစ်သို့ ရောက်သွားပါတယ်။

သိရိမာ၏ဒါန သောတာပန်ဖြစ်တဲ့နေ့ကစပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတွေကို သိရိမာအိမ်ကိုပင့်၊ ဆွမ်းလုပ်ကျွေးပြီးတော့ သိရိမာက ဘုရားရှင်ကိုယ်တော်မြတ်ထံမှာ သံဃာရှစ်ပါး အမြဲတမ်းတောင်းထားတယ်၊ တပည့်တော်မအိမ်ကို ဒီကနေ့ကစပြီးတော့ သံဃာရှစ်ပါး အမြဲကြွတော်မူပါဘုရားလို့ အဋ္ဌကဘတ်ကို လှူဒါန်းပြီးတော့ နေပါတယ်။

တနေ့သောအခါကျတော့ အဋ္ဌကဘတ်ထဲမှာ ပါသွားတဲ့ကိုယ်တော်တပါး သိရိမာအိမ်ကဆွမ်းကို ဘုဉ်းပေးပြီးတော့ သုံးယူဇနာကျော်ကျော်လောက် ဝေးတဲ့ခရီးကို ဒေသစာရီကြွချီပြီးတော့ သွားပါတယ်၊ ကျောင်းတိုက်တခုရောက်တော့ အာဂန္တုကိုယ်တော်ကလေးကို ဆီးပြီးတော့ မေးကြတယ်—ဟိုကအာဝါသိက ပုဂ္ဂိုလ်တွေက၊ ဘယ်နှယ်မေးတုံး—

အာဝုသော ကဟံ ဘိက္ခံ ဂဟေတွာ အာဂတောသိ။

အာဝုသော၊ ငါ့ရှင်။ ကဟံ၊ အဘယ်အရပ်မှ။ ဘိက္ခံ၊ ဆွမ်းကို။ ဂဟေတွာ၊ ခံယူစားသောက်၍။ အာဂတောသိ၊ လာခဲ့ပါသနည်း။

အဓိပ္ပါယ်ကတော့ ငါ့ရှင်....မောမောပန်းပန်းကြီးနဲ့ လာလိုက်တာ ဆွမ်းစားပြီးခဲ့ပလား၊ ဘယ်ကဆွမ်းရခဲ့သလဲလို့ ဒီလိုဆီးမေးကြတယ်၊ ဒီတော့ ကိုယ်တော်ကလေးက—

သိရိမာယ အဋ္ဌကဘတ္တံ မေ ဘုတ္တန္တိ။

ဘန္တေ၊ အရှင်ဘုရားတို့။ မေ၊ တပည့်တော်သည်။ သိရိမာယ၊ သိရိမာ၏။ အဋ္ဌကဘတ္တံ၊ အဋ္ဌကဘတ်ဆွမ်းကို။ ဘုတ္တံ၊ စားသောက်သုံးဆောင်၍ ပြီးခဲ့ပါသည်ဘုရား။

ဘုရားတပည့်တော် သိရိမာအိမ်မှာ လှူဒါန်းလိုက်တဲ့ အဋ္ဌကဘတ်ကို စားပြီး တော့ လာခဲ့ပါတယ်ဘုရား စားပြီးခဲ့ပါပြီ၊ ဒီတော့ သိရိမာအိမ်က ဆွမ်းလို့ ကြားလိုက်သည်နှင့်တပြိုင်နက်ထဲ ဟိုသုံးယူဇနာလောက် ဝေးနေတဲ့ ကိုယ်တော် များက သိရိမာကို တခါမှ မမြင်ဘူးဘူးမဟုတ်လား၊ နာမည်ကိုတော့ ကြား ဘူးနေတယ်မဟုတ်လား၊ (ကြားဘူးပါတယ်ဘုရား) ဘယ့်နှယ် ကြားဘူးသလဲ၊ (သိရိမာလို့ပါဘုရား)။

ဒီတော့ ကိုယ်တော်တွေက ဘယ့်နှယ်ဝိုင်းမေးကြသလဲဆိုတော့-

မနာပံ ကတွာ ဒေတိ အာဝုသော'တိ။

အာဝုသော၊ သိရိမာအိမ်ကဆွမ်းကို ဘုဉ်းပေးလာတဲ့ ငါ့ရှင် ကိုယ်တော် ကလေး။ မနာပံ၊ မွန်မြတ်သည်ကို။ ကတွာ၊ ပြု၍။ ဒေတိ၊ ပေးလှူပါ၏လော။

ငါ့ရှင်....သိရိမာဆိုတာ သိပ်ပြီးတော့ နာမည်ကြီးတယ်၊ နာမည်ကြီးတဲ့ အလျောက် သူ့အိမ်က ကျွေးလိုက်တဲ့ဆွမ်းဟာ ကောင်းကောင်းမွန်မွန် ထက် ထက် သန့်သန့် မွန်မွန် မြတ်မြတ် အရသာရှိရှိ ဆွမ်းများဟုတ်ပါရဲ့လားလို့ မေး တော့ ကိုယ်တော်ကလေးက ပြန်ပြီးတော့ဖြေတယ်။

န သက္ကာ တဿာ ဘတ္တံ ဝဏ္ဏေတုံ။

ဘန္တေ၊ အရှင်ဘုရားတို့။ တဿာ၊ ထိုသိရိမာအမျိုးသမီး၏။ ဘတ္တံ၊ ဆွမ်း ကို။ ဝဏ္ဏေတုံ၊ ချီးမွမ်းစကား ပြောကြားခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ပါ။

ဘယ်လောက်ကောင်းတယ်ဆိုတာကတော့ ဘုရား တပည့်တော် ပြောမပြ နိုင်ပါဘူးဘုရား။

အတိဝိယ ပဏီတံ ကတွာ ဒေတိ။[၁]

အတိဝိယပဏီတံကတွာ၊ အလွန့် အလွန် ကောင်းမွန် မြင့်မြတ်သည်ကို ပြုလုပ်၍။ ဒေတိ၊ သံဃာတော်တွေကို လှူဒါန်းပါသည်ဘုရား၊ (ဘယ်လောက် လဲ)။

ဧကေန လဒ္ဓံ တိဏ္ဏမ္ပိ စတုန္နမ္ပိ ပဟောတိ။

ဧကေန၊ တပါးသော ရဟန်းတော်သည်။ လဒ္ဓံ၊ ရအပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ တိဏ္ဏမ္ပိ စတုန္နမ္ပိ၊ သုံးပါးလေးပါးတို့အား။ ပဟောတိ၊ စားသောက် လောက်ပါ၏။

၁။ ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် နှာ-၆၇။

ကြားရုံနှင့် တပ်မက်သောရဟန်း   တပါးရလာတဲ့ ဆွမ်းကို သုံးပါး၊ လေးပါး စားလို့ မကုန်ဘူးဘုရားတဲ့၊ သိရိမာအိမ်က လှူကဲ့ဆွမ်း အင်မတန်လဲ ကောင်းတယ်၊ အဲဒါလောက်တင် ပြောယင် မပြီးဘူးလား၊ (ပြီးပါတယ်ဘုရား) သူက အဲဒါလောက်တင် မပြောဘူး၊ ရှေ့ဆက်ပြီးတော့ အဲဒီ ကိုယ်တော်က ဘယ့်နှယ်ပြောသလဲဆိုတော့—

တဿာ ပန ဒေယျဓမ္မတောပိ ဒဿနမေဝ ဥတ္တရိတရံ။

ပန၊ ဆက်ပြီးတော့ လျှောက်ပရစေ။ တဿာ၊ ထိုသိရိမာ၏။ ဒေယျဓမ္မတောပိ၊ လှူဒါန်းဘွယ်ရာ ဝတ္ထုပစ္စည်း ဆွမ်းတို့ထက်သည်း။ ဒဿနမေဝ၊ သိရိမာ့ရဲ့ရုပ်ကို မြင်ရခြင်းသည်သာလျှင်။ ဥတ္တရိတရံ၊ သာလွန် မြင့်မြတ်လှပါပေ၏ ဘုရား။

ဘာပြောကောင်းမလဲဘုရား....ဆွမ်းကောင်းတာထက် အဲဒီ သိရိမာ့ရဲ့အဆင်းကို ကြည့်ရတာက ပိုပြီးတော့ ကျေနပ်စရာ ကောင်းပါသေးတယ်ဘုရားတဲ့–သူက ဒီလို ပြောပြီးတော့—

သာ ဟိ ဣတ္ထိ ဝေရူပါစ ဝေရူပါစာတိ တဿာ ဂုဏေ ဝဏ္ဏေသိ။

သာ ဣတ္ထိ၊ ထိုသိရိမာ ဟူသော အမျိုးသမီးသည်။ ဝေရူပါစ ဝေရူပါစာတိ၊ ဤသို့ လှပါတယ်၊ ဤသို့ လှပါတယ် ဟူ၍။ တဿာ၊ ထိုသိရိမာ၏။ ဂုဏေ၊ လှပချောမောတယ်ဆိုတဲ့ ဂုဏ်သတင်းတို့ကို။ ဝဏ္ဏေသိ၊ ချီးမွမ်းစကား ပြောဆို လျှောက်ထားလေတော့၏။

လှလိုက်တာဘုရား....မပြောပါနဲ့တော့၊ ဆွမ်းစားရတာထက် ရုပ်ကြည့်ရတာက ပိုပြီး ကြက်သရေရှိတယ်ဘုရား-တဲ့၊ အင်မတန် လှတဲ့ သိရိမာ၊ "ဝေရူပါစ ဝေရူပါစ"လို့ အဋ္ဌကထာက ပြောထားတယ်၊ မျက်လုံးက ဘယ်လိုလှတယ်၊ မျက်ခုံးက ဘယ်လိုလှတယ်၊ နှာခေါင်းလေးနေပုံကဘယ်လို့ပါးစပ်ကဘယ့်နှယ် နဲ့ ဒါတွေ သူရှောက်ပြောနေမှာပေါ့- ဒီ ကိုယ်တော်၊ လျှာက ခပ်ရှေရှေ ကိုယ်တော်ကိုး။

အဲဒီလို ရှောက်ပြောတော့ သိရိမာ ချောကြောင်း လှကြောင်းတွေကို ပြောတော့ အဲဟိုကိုယ်တော်တွေက မမြင်ဘူးတဲ့ကိုယ်တော်တွေက ပါးစပ်အဟောင်းသားနဲ့ နားထောင်နေလိုက်ကြတာ မပြောနဲ့တော့၊ နားထောင်လို့လဲပြီးရော ကိုယ်တော်တပါးက ဒါလောက်လှတဲ့ အမျိုးသမီးကို မမြင်ရမနေနိုင်ပါဘူးဆို ဖြစ်တယ်၊ သဝနသံသဂ္ဂပေါ့လေ–အရင်တနေ့က ဟောခဲ့သလိုဟုတ်လား၊မမြင်ရ မနေနိုင်ပါဘူးလို့ဖြစ်တော့—

"မယာ ဂန္တာ တံ ဒဋ္ဌုံဝဋ္ဋတိ"[၁]။ မယာ၊ ငါသည်။ ဂန္တာ၊ ရာဇဂြိုဟ်ပြည် သွားပြီးတော့။ တံ၊ ထိုသိရိမာဆိုတဲ့ အမျိုးသမီးကို။ ဒဋ္ဌုံ၊ ကြည့်ရှုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။

မဖြစ်ဘူး သွားပြီးတော့ကြည့်မှဘဲ တော်မယ်-ကိုယ်တော်၊ သွားပါရစေလို့ ဆိုတော့ ဟိုကိုယ်တော်က ပြောတယ်-အဲဒီ ကိုယ်တော်ကလေးက၊ ကဲ ကိုယ်တော်သွားချင်လဲသွား၊ ဒါပေမဲ့ နက်ဖြန်ခါအရောက် သွားရမယ်။

သွေ အာဝုသော တသ္မိံ ဂေဟေ တံ သံဃတ္ထေရော ဟုတွာ အဂ္ဂဘတ္တံ လဘိဿသိ။

အာဝုသော၊ ငါ့ရှင်။ သွေ၊ နက်ဖြန်ခါ၌။ တသ္မိံ ဂေဟေ၊ ထိုသိရိမာရဲ့ အိမ်၌။ တံ၊ သင်သည်။ သံဃတ္ထေရော၊ သံဃာ့မထေရ်သည်။ ဟုတွာ၊ ဖြစ်၍။ အဂ္ဂဘတ္တံ၊ အဂ္ဂဘတ်ကို။ လဘိဿသိ၊ ရလိမ့်မည်။

သိရိမာအိမ်ကို သိရိမာမရှိက နေနေပြီးတော့ လွှတ်လွှတ်နေတာက ဝါစဉ် ထေရ်စဉ်အလှည့်နဲ့ လွှတ်လွှတ်နေတာ၊ ဒီတော့ ဒီကိုယ်တော်ရဲ့ဝါကို မေးလိုက်တော့ အင်း—ကိုယ်တော့ဝါနဲ့ဆိုယင် နက်ဖြန်ခါ နံနက်စောစော ရာဇဂြိုဟ် ပြည် သိရိမာမရှိကို ရောက်အောင်သွားနိုင်ယင် ကိုယ်တော့ဝါစဉ်အရ ဆိုယင် နက်ဖြန် အလှည့်ကျမဲ့ သံဃာထဲမှာ အရှင်ဘုရားသည် မထေရ်ကြီး ဖြစ်ပြီးတော့ သိရိမာအိမ်ကို ဆွမ်းစားလိုက်ရလိမ့်မယ်၊ ဟာ-မဖြစ်ဘူး၊ ဒီလိုဆိုသွားမှဘဲ ဆိုပြီး သပိတ်ခလေးလွယ်ပြီး သုတ်တော့တာဘဲ-ဒီကိုယ်တော်တခါထဲ။

သွားတော့ နေ့ခင်းကြီး သုံးယူဇနာဆိုတော့ အဝေးကြီး မဟုတ်လား၊ တနေ့လုံးသွား သွား သွား တာ မရောက်ဘူး၊ မိုးချုပ်ရော၊ တညအိပ်နေယင် နက်ဖြန်ခါသူမှီပါ့အုံးမလား၊ (မမှီပါဘုရား) မမှီတော့ ညလုံးပေါက်သွားတယ်၊ ဘယ်လောက် ကြိုးစားသလဲဆိုတာ၊ တညလုံးသွားတော့ မနက် မိုးလဲလင်း ရာဇဂြိုဟ်ပြည်လဲရောက်၊ စာရေးတံမရှိတွင်း သွားပြီးတော့ ဝင်လိုက်တယ် ဆိုယင်ဘဲ ဝါကိုမေးလိုက်တော့ သူကအကြီးဆုံးဖြစ်နေတယ်၊ ကိုင်း—ကိုယ်တော် ရှေ့ကကြွ—သိရိမာအိမ်ကို။

သိရိမာရောဂါဝေဒနာ သိရိမာ ကလဲ ဘယ်လိုဖြစ်သလဲ ဆိုတော့ အဲဒီ ကိုယ်တော်ကလေး ကြွသွားတဲ့နေ့က စပြီးတော့ မရဏန္တိကဝေဒနာ- သေမဲ့ရောဂါဝေဒနာ စွဲကပ်ပြီးတော့ အိပ်ရာထဲလဲနေတဲ့ နေ့-ဒီကိုယ်တော် ရောက်တဲ့နေ့ဟာ၊ အိပ်ရာထဲလဲနေပေမဲ့ ဆွမ်းဝတ်ကတော့ မပျက်ဘူး၊ ထွန်းကျော် (ဘုရား) အိပ်ရာထဲလဲနေတယ်၊ ဆွမ်းဝတ်ပျက်ရဲ့လား၊ (မပျက်ပါဘူးဘုရား)

၁။ ဓမ္မပဒ၊ ၄၊ ဒု၊ နှာ-၆၇။

အေး—သိရိမာက သောတာပန်ပုဂ္ဂိုလ်ကိုး၊ အိပ်ရာထဲလဲနေပေမဲ့ သူ့မှာ ကျွန်မတွေရှိတယ်၊ အဲဒီကျွန်မတွေကို သူကမှာထားတယ်၊ သံဃာတော်အရှင်မြတ်တွေ ကြွလာယင် ငါကျန်းကျန်းမာမာ ဖြစ်နေတဲ့အခါတုန်းက ပြုလုပ်တဲ့ ဝတ္တရားအတိုင်း တချက်ကမှ မလစ်ဟင်းစေနဲ့၊ အပြည့်အစုံ အကုန်လုပ်ကြပါလို့ မှာထားတယ်။

သံဃာတော်တွေ ကြွလာပြီဆိုတော့ သံဃာကရှစ်ပါးရှိတယ်၊ အခုနင်က သိရိမာမမြင်ရမနေနိုင်ပါဘူးဆိုတဲ့ ကိုယ်တော်က ရှေ့ကခေါင်းဆောင် သူက ကြွတယ်– မထေရ်ကြီးကိုး၊ သံဃာတော်တွေအားလုံး ကြွလာကြပြီလို့ဆိုတော့ ကျွန်မတွေက အိပ်ရာထဲလဲနေတဲ့ သိရိမာကိုသွားပြောတယ်၊ သွားပြောတော့ သိရိမာက ဘယ့်နှယ်ပြန်ပြောလိုက်သလဲ—

အမ္မာ ပတ္တေ ဂဟေတွာ အယျေ နိသီဒါပေတွာ ယာဂုံ ပါယေတွာ
ခဇ္ဇကံ ဒတွာ ဘတ္တဝေလာယ ပတ္တေ ပူရေတွာ ဒေထ။[၁]

အမ္မာ၊ အိုရှင်မတို့။ ပတ္တေ၊ အရှင်ကောင်းအရှင်မြတ်တို့ရဲ့ သပိတ်တို့ကို။ ဂဟေတွာ၊ ယူ၍။ အယျေ၊ အရှင်ကောင်းအရှင်မြတ်တို့ကို။ နိသီဒါပေတွာ၊ နေရာ၌ထိုင်ကာ သီတင်းသုံးစေတော်မူပြီး၍။ ယာဂုံ၊ ယာဂုကို။ ပါယေတွာ၊ တိုက်ကျွေး၍—သောက်စေကြကုန်ပြီး၍။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ ဝါ၊ အချိုပွဲကို။ ဒတွာ၊ ပေးလှူပြီးတော့။ ဘတ္တဝေလာယ၊ ဆွမ်းခံပြီးလို့ ပြန်မယ်ဆိုတဲ့အချိန်၌။ ပတ္တေ၊ သပိတ်တို့ကို။ ပူရေတွာ၊ ဆီဦးထောပတ် ပျားသကာတို့ဖြင့် ပြည့်စေသည်ဖြစ်၍။ ဒေထ၊ လှူကြကုန်လော့။

သပိတ်တွေထဲကို ဆီဦးထောပတ် ပြည့်အောင် ထည့်ပေး ထားပါတဲ့၊ ကိုယ်တော်မြတ်တွေကို အဲဒီနေရာမှာ ခါတိုင်းထိုင်နေကျနေရာမှာ အထိုင်ခိုင်းထားပြီးတော့ ရှေးဦးစွာ ယာဂုကပ်ပါ၊ ယာဂုကပ်ပြီးတဲ့ အခါကျတော့ ခဲဘွယ်ဆိုတဲ့အချိုပွဲကို ကျကျနနကပ်ပါ။

တနေ့ကို ဆဲ့ခြောက်ကျပ်–တဆဲ့ခြောက်ကျပ် ကုန်တယ်– သိရိမာအိမ်မှာ၊ အဲဒီလို ကပ်ပါဆိုတော့ ကောင်းပါပြီရှင်မ–ဆိုပြီး တခါထဲကပ်တယ်၊သံဃာတော်တွေပြန်ကြွခါနီး သပိတ်တွေထဲ ထောပတ်၊ ဆီဦး၊ ပျားရေ အပြည့်အစုံထည့်ပြီးတော့ သံဃာတော်များ ကပ်ခါနီးကျတော့ သိရိမာက သူ့ကျွန်မတွေကို ပြောတယ်။

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ နှာ–၆၇။

မံ ပရိဂ္ဂဟေတွာ နေထ၊ အယျေ ဝန္ဒိဿာမိ ။

ဟိုက မထနိုင်တော့ဘူး–သေမဲ့ရောဂါ စွဲနေတာကိုး၊ မရဏန္တိက ရောဂါ ဆိုတာ သေမဲ့ရောဂါ၊ ဘာဆေးကျွေးကျွေး မပျောက်ဘူး၊ ဆရာဇီဝက သူ့မောင်အရင်း လာကုလဲ မရဘူး၊ ဆရာဇီဝကနဲ့ မောင်နှမအရင်း မဟုတ်လား၊ (မှန်ပါ) မရဘူး–သေမှာ။

ဒီတော့ သေခါနီး ဖြစ်နေတဲ့ ရုပ်ဟာ ဘယ့်နှယ်ဖြစ်နေသလဲ၊ ညှိုးနွမ်းပြီး တော့ အဝတ်တန်ဆာတွေ မဆင်နိုင်တော့ဘူး၊ အမွှေး နံ့သာတွေ မလိမ်းနိုင်တော့ဘူး၊ အင်မတန်ရုပ်ကညှိုးနွမ်းကျနေတဲ့ သေမဲ့အချိန် ရောက်နေတော့ အဲဒါ ပွေ့ပြီးတော့—

မံ၊ ငါ့ကို။ ပရိဂ္ဂဟေတွာ၊ ပွေ့ချီ၍။ နေထ၊ သံဃာတော်များရဲ့ရှေ့မှောက် ရောက်အောင် ဆောင်ပေးကြပါကုန်လော့။ အယျေ၊ အရှင်ကောင်း အရှင်မြတ်တို့ကို။ အဟံ၊ ငါသည်။ ဝန္ဒိဿာမိ၊ ရှိခိုးပေအံ့။

အဲဒီလိုဆိုတော့ ကျွန်မတွေက သိရိမာကို ပွေ့ပြီးတော့ သံဃာတော်များ ရှေ့ချတယ်၊ ဒီတော့ အခုနက သိရိမာကို ကြည့်ချင်တဲ့ ကိုယ်တော် ကြည့်ရပြီ မဟုတ်လား–အခု၊ သိရိမာ ကြည့်ချင်တဲ့ကိုယ်တော်က ကြည့်ရတော့ သူ့စိတ်ထဲ ဘယ့်နှယ် ဖြစ်သလဲ–

ဂိလာနာယ တာဝ ဝေရူပါ အယံ တေိဿာ ရူပသောဘာ[၂]။

ဂိလာနာယတာဝ၊ ဖျားနာနေပါလျက်သားနဲ့။ တေိဿာ၊ ထိုအမျိုးသမီး သိရိမာ၏။ အယံရူပသောဘာ၊ ဤရုပ်၏ တင့်တယ်ခြင်းသည်။ ဝေရူပါ၊ ဤသို့ လှပသောသဘောရှိပါပေ၏။

ကြြော်–သေလောက်တဲ့ ရောဂါကြီး ဖြစ်လို့ မကျန်းမမာ ဖြစ်နေတဲ့ ရုပ်တောင် တယ်လှပါလားတဲ့–ဟို ကိုယ်တော်က။

အရောဂကာလေ ပန သဗ္ဗာဘရဏပဋိမဏ္ဍိတာယ ဣမိဿာ ကီဒိသီ ရူပသမ္ပတ္တိ။

အရောဂကာလေ ပန၊ ကျန်းကျန်း မာမာ နေစဉ် အခါ ကာလတုန်းက။ သဗ္ဗာဘရဏပဋိမဏ္ဍိတာယ၊ အလုံးစုံ အဆင်တန်ဆာတွေကို ဆင်ထားတဲ့အချိန်မှာ။ ဣမိဿာ၊ ဤအမျိုး သမီး၏။ ရူပသမ္ပတ္တိ၊ ရုပ်ရဲ့ ပြည့်စုံ လှပခြင်းသည်။ ကီဒိသီ၊ ဘယ်လောက်များလှပေလိမ့်မလဲ။

အင်း–မကျန်းမာဘဲနဲ့တောင် ဒါလောက် လှနေယင်တော့ ကျန်းကျန်းမာမာနဲ့ တန်ဆာတွေဆင်လို့ လှလှပပ ပြုပြင်ထားတဲ့ အချိန်တုန်းကများ ဆိုယင်

၁–၂။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ နှာ–၆၇–၆၈။

ဘယ်လောက်များလှလို့မလဲလို့ဆိုပြီး ဒီကိုယ်တော် ဆွမ်းမဘုဉ်းပေးနိုင်တော့ဘူး၊ ဆွမ်းမဘုဉ်းပေးနိုင်တော့ဘူး၊ ဒါ အလကားပြောတာမဟုတ်ဘူး စာထဲ ဘယ့်နှယ်ပါသလဲ—

> သော အညာဏီ ဟုတွာ ဘတ္တံ ဘုဉ္ဇိတုံ အသက္ကောန္တော ပတ္တ မာဒါယ ဝိဟာရံ ဂန္တွာ ပတ္တံ ပိဓာယ ကောမန္တေ ဌပေတွာ စီဝရံ ပတ္ထရိတွာ နိပဇ္ဇိ။[1] (အဋ္ဌကထာက)။

ဒီစကားလုံးတွေဟာ ထူးကြီးဆရာတော်ရဲ့ စကားလုံးတွေ မဟုတ်ဘူး- နော်၊ အဋ္ဌကထာမှာရှိနေတဲ့ စကားလုံးတွေ ဘုန်းကြီးအခုပြောနေတာ။

သော၊ ထိုသိရိမာကို တပ်မက်သော ရဟန်းတော်သည်။ အညာဏီ၊ ဝိပဿနာ ပညာဉာဏ် မရှိသူသည်။ ဟုတွာ၊ ဖြစ်၍။ ဘတ္တံ၊ ဆွမ်းကို။ ဘုဉ္ဇိတုံ၊ ဘုဉ်းပေးသုံးဆောင်းခြင်းငှာ။ အသက္ကောန္တော၊ မစွမ်းနိုင်သည် ဖြစ်သော ကြောင့်။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွားပြီးတော့။ ပတ္တံ၊ သူ့သပိတ်ကို။ ပိဓာယ၊ ပိတ်၍။ ကောမန္တေ၊ တခုသောနေရာ၌။ ဌပေတွာ၊ ထား၍။ စီဝရံ၊ အပေါ်ရုံသင်္ကန်းကို။ ပတ္ထရိတွာ၊ ဖြန့်ခင်းပြီးတော့။ နိပဇ္ဇိ၊ လှူး၍နေလေတော့၏။

သိရိမာနတ်ပြည်ရောက် ဆွမ်းမစားနိုင်တော့ဘူး၊လေးရက်ရှိပြီ အဲဒီကိုယ်တော် စွမ်းမစားတာ၊ ဘယ့်နှယ်မှ ချော့ကျွေးလို့လဲ မစားဘူး၊ ကိုယ်တော်ဆွမ်းကလေး ထစားပါအုံးလို့ဆို ဘယ်သူ့မှ စကားမပြောဘူး၊ ဘယ့်နှယ်မှ ချော့ကျွေးလို့မရဘူး၊ ဆွမ်းမစားနိုင်ဘူး၊ ကိုယ်တော် ဆွမ်းမစားလို့ လေးရက်-လဲနေတဲ့အတောအတွင်းမှာ လေးရက်မြောက်နေ့ သိရိမာက စုတေတယ်။

သိရိမာစုတေတာနဲ့ တပြိုင်နက်ထဲ ဘယ်သွား ဖြစ်သလဲလို့ဆိုတော့ ယာမာနတ်ပြည်သွားပြီးတော့ သုယာမနတ်မင်းကြီးရဲ့ နတ်မိဖုရားသွားဖြစ်တယ်၊ သေသေချင်း ဘယ်သွားဖြစ်သလဲ၊ (ယာမာနတ်ပြည်ပါဘုရား) သောတာပန်ပုဂ္ဂိုလ်ကိုး-ဟုတ်လား၊ သိရိမာက ယာမာဘုံမှာသွားပြီးတော့ ဖြစ်တယ်၊ ဟိုကိုယ်တော် ကလဲ ဆွမ်းမစားနိုင်ဘဲ ကျောင်းမှာလဲနေတယ်၊ သိရိမာကလဲ ဒီမှာသေ။

သေတော့ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားထံကို လျှောက်ထားလိုက်တယ်။

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ နှာ-၆၀။

ဘန္တေ ဇီဝကဿ ကနိဋ္ဌဘဂိနီ[၁] သိရိမာ ကာလ မကာသိ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာ ဘုရား။ ဇီဝကဿ၊ ဆရာဇီဝက၏။ ကနိဋ္ဌဘဂိနီ၊ နှစ်မငယ်ဖြစ်သော။ သိရိမာ၊ သိရိမာသည်။ ကာလမကာသိ၊ စုတေပြတ်ကြွေ သေလွန်ပါပြီ ဘုရား။

ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က-

"သိရိမာယ ဈာပနကိစ္စံ နတ္ထိ"။[၁] သိရိမာယ၊ သိရိမာရဲ့အလောင်းကို။ ဈာပနကိစ္စံ၊ သင်္ဂြိုဟ်ခြင်းကိစ္စသည်။ နတ္ထိ၊ မရှိ။ သိရိမာအလောင်းကို မင်းတို့ မသင်္ဂြိုဟ်ကြနဲ့အုံးတဲ့၊ ဘာလုပ်ထားရမလဲ—

အာမကသုသာနေ တံ ယထာ ကာကသုနခါဒယော န ခါဒန္တိ၊ တထာ နိပဇ္ဇာပေတွာ ရက္ခာပေထ။

အာမကသုသာနေ၊ သူသေကောင်မြှုပ်တဲ့ သုသာန်၌။ တံ၊ ထိုသိရိမာရဲ့ အလောင်းကို။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ကာကသုနခါဒယော၊ ကျီးခွေးစသည်တို့သည်။နခါဒန္တိ၊ မစားနိုင်ကုန်။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ နိပဇ္ဇာပေတွာ၊ တုံးလုံးလဲလျောင်းထား၍။ ရက္ခာပေထ၊ စောင့်ရှောက်ထားကြကုန်လော့။

သိရိမာ၏အသုဘ မြတ်စွာဘုရားက **အခုနက** ကာယဝိစ္ဆန္ဒနိယ သုတ္တန်ကို ဒီသိရိမာ အလောင်းပြပြီးတော့ ဟောချင်လို့ မင်းတို့ သိရိမာအလောင်းကို မီးလဲသင်္ဂြိုဟ်မပစ်နဲ့၊ မြေကြီးလဲမြှုပ်မပစ်နဲ့၊ အာမက သုသာန်မှာ ဒီအတိုင်းဘဲ ကျီးတွေ့ခွေးတွေ မစားအောင် မင်းတို့စောင့်ရှောက် ပြီးတော့ထားကြ၊ မပုပ်မချင်းထားရမယ်တဲ့။

ပုပြီးဟော့ မျက်လုံးကြီးတွေကပြူး၊ သေပြီးတဲ့နောက် ၄-ရက်မြောက်တဲ့ နေ့မှာ ဘယ်လိုဖြစ်သလဲ- လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ တကိုယ်လုံး ဖူးရောင်ပွပြီးတော့ သိရိမာရဲ့ကိုယ်က ပိုးတွေလောက်တွေ တဖွားဖွားကျနေပြီ မဟုတ်လား။

အဲဒီလိုကျနေတဲ့အချိန်မှာ ဗိမ္ဗိသာရမင်းကြီးကို မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်က တခါထဲ မြို့ထဲစည်လိုက်အလယ်ခိုင်းတယ်၊ ဘယ်နှယ် အလယ်ခိုင်း သလဲ- ဟိုတုန်းက သိရိမာကို အလွန်မြတ်နိုးကြတဲ့ လူတွေပေါ့ ဟုတ်လား၊ တထောင်တထောင် ပေးရတဲ့လူတွေ၊ မြို့ထဲဘယ်နှယ် ရှောက်ပြောရသလဲ- ရှင်ဘုရင့်အမိန့်နဲ့။

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ နှာ-၆၇။

ဌပေတွာ ဂေဟရက္ခကေ ဒါရကေ သိရိမာယ ဒဿနတ္ထံ အနုာ ဂစ္ဆန္တာနံ အဋ္ဌကဟာပဏာနိ ဒတ္တော—တဲ့။

ဂေဟရက္ခကေ၊ အိမ်ကိုစောင့်ကုန်သော။ ဒါရကေ၊ သူငယ်တို့ကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ သူငယ်မှကြွင်းကုန်သောလူတို့သည်။ သိရိမာယ၊ သိရိမာကို။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းငှာ။ အနုာဂစ္ဆန္တာနံ၊ မလာကြကုန်သော လူအပေါင်းတို့အား။ အဋ္ဌကဟာပဏာနိဒတ္တော၊ ရှစ်အသပြာဒဏ်တပ်မယ်။

သိရိမာအလောင်း လာမကြည့်တဲ့လူ ဘယ်လောက်တုံး၊ (ရှစ်အသပြာပါ ဘုရား) ဒဏ်တပ်မယ်ဆိုတော့ မနေဝံ့ကြဘူး မဟုတ်လား၊ ဟာ—မြို့သူ မြို့သားပရိသတ်တွေ တခါထဲထွက်ပြီးတော့ သုသာန်သွားပြီးတော့ ကြည့်နေကြ တယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကိုလဲဘဲ ဗိမ္ဗိသာရမင်းကြီးက လျှောက် တယ်၊ ဘယ့်နှယ်လျှောက်တုံး—

ဗုဒ္ဓပ္ပမုခေါ ဘိက္ခုသံဃော သိရိမာယ ဒဿနတ္ထံ အာဂစ္ဆတု။[၁]

ဗုဒ္ဓပ္ပမုခေါ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃော၊ ရဟန်း သံဃာတော် သည်။ သိရိမာယ၊ သိရိမာအား။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းပုာ။ အာဂစ္ဆတု၊ သုသာန်သို့ ကြွတော်မူပါဘုရား။

သွားပင့်လိုက်တော့ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတွေ ကြွလာကြတယ်၊ "သိရိမာယ ဒဿနတ္ထံ ဂမိဿာမ"။ သိရိမာယ၊ သိရိမာအား။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းအကျိုးငှာ။ ဂမိဿာမ၊ သွားကြကုန်စို့—သံဃာတော်တွေ သိုက် သိုက် သိုက်သိုက်နဲ့ သိရိမာကြည့်ရအောင် သွားကြမလို့ဆိုတော့ အိပ်ရာထဲ လဲ နေတဲ့ ကိုယ်တော်ကို သူ့မိတ်ဆွေတပါးက သွားပြောတယ်။

အာဝုသော သတ္ထာ သိရိမာယ ဒဿနတ္ထံ ဂစ္ဆတိ။

အာဝုသော၊ ငါ့ရှင်။ သတ္ထာ၊ လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ သိရိ မာယ၊ သိရိမာကို။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းငှာ။ ဂစ္ဆတိ၊ ကြွသွားတော် မူမလို့။

လေးရက်လောက် လဲနေတဲ့ကိုယ်တော် သိရိမာဆိုတဲ့ အသံ ကြားတာနဲ့ တပြိုင်နက်ထဲ ချက်ချင်းထလာတယ်၊ "ကိံ ဘဏသိတိ အာဟ"။ ဘာပြော လိုက်ထာလဲတဲ့—မေးတယ်။

"သတ္ထာ သိရိမံ ဒဋ္ဌုံ ဂစ္ဆတိ၊ တွမ္ပိ ဂမိဿသိ"။ သတ္ထာ၊ မြတ်စွာ ဘုရား သည်။ သိရိမံ၊ သိရိမာကို။ ဒဋ္ဌုံ၊ ကြည့်ရှုခြင်းငှာ။ ဂစ္ဆတိ၊ သွား၏။ တွမ္ပိ၊ သင်သည်လည်း။ ဂမိဿသိ၊ လိုက်အုံးမလား။

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ နှာ—၆၀။

မြတ်စွာဘုရား သိရိမာကြည့်ရအောင် သံဃာတော်တွေနဲ့ ကြွကြ မလို့ ကိုယ်တော်လိုက်အုံးမလား၊ "အာမ ဂမိဿာမိ"။ အိမ်း-လိုက်မယ်ပေါ့-သိရိမာ ကြည့်ရအောင်ဆိုတော့၊ အဲဒီလို သိရိမာကြည့်ရအောင် သွားကြတော့ ဒီကိုယ်တော်လဲပါတယ် မဟုတ်လား၊ (မှန်ပါ)

အားလုံးသံဃာ့ပရိသတ်, ဘိက္ခုနီပရိသတ်, ဥပါသကာပရိသတ်, ဥပါသိကာပရိသတ်-ပရိသတ်လေးပါး ဒီမှာဆုံနေကြတယ်၊ သိရိမာအလောင်း ကြည့်နေကြတယ်၊ ဟို ယာမာ နတ်ပြည်က နေပြီးတော့ ရထား အစီးပေါင်း ငါးရာနဲ့ သိရိမာကလဲ လာပြီးတော့ကြည့်တယ်-သူ့အလောင်းကို၊ ပိုးတွေ လောက်တွေနဲ့ ဟုတ်လား။

ဘုရားရှင် တရားပြတော်မူခြင်း

သုသာန်ရောက်တော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဗိမ္ဗိသာရမင်းကြီးကို မေးတယ်၊ "ကာ ဧသာ မဟာရာဇာတိ"။ မဟာရာဇ၊ မဟာရာဇကြီး။ ဧသာ၊ ဤအမျိုးသမီးသည်။ ကာ၊ အဘယ်သူတဲ့နည်း။ သိလျက် သားနဲ့ မေးတယ်။

ဘန္တေ ဇီဝကဿ ဘဂိနီ သိရိမာ နာမာတိ။[၁]

ဘန္တေ၊ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရား။ ဧသာ၊ ဤအမျိုးသမီးသည်။ ဇီဝကဿ၊ ဇီဝက၏။ ကနိဋ္ဌဘဂိနီ၊ နှမငယ်ဖြစ်သော။ သိရိမာ၊ သိရိမာပါတည်း။

အရှင်ဘုရား ဒီအမျိုးသမီးဟာ တခြားလူမဟုတ်ပါဘူး၊ သိရိမာပါ ဘုရားတဲ့၊ မြတ်စွာဘုရားက ခိုင်ခိုင်မြဲမြဲ ထပ်ပြီးတော့မေးတယ်၊ "သိရိမာ ဧသာတိ" မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧသာ၊ ဤအမျိုးသမီးသည်။ သိရိမာ၊ သိရိမာလား။ ဟုတ်ကဲ့လား-ဒါ သိရိမာ။

အာမဘန္တေ၊ ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ်ဘုရား။ ဒါ သိရိမာပါ၊ "တေနဟိ နဂရေ ဘေရိံ စရာပေဟိ"။[၂] တေနဟိ၊ ဒီအမျိုးသမီး သိရိမာဆိုခဲ့လို့ရှိလျှင်။ နဂရေ၊ မြို့၌။ ဘေရိံ၊ စည်ကို။ စရာပေဟိ၊ လှည့်လည် လေလော့။

ဒါနဲ့ မြို့ထဲလိုက်ပြီး စည်လှည့်တယ်၊ မောင်းခတ်တယ်၊ ဘယ့်နှယ် ခတ်သလဲ-

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ နှာ-၆၀။
၂။ ၎င်း -၆၉။

သဟာယံ ဒတွာ သိရိမံ ဂဏှန္တုတိ။

ဘဏော၊ အိုတိုင်းသူပြည်သား လူအများတို့။ သဟာယံ၊ ငွေအသပြာ တထောင်ကို။ ဒတွာ၊ ပေး၍။ သိရိမံ၊ သိရိမာကို။ ဂဏှန္တု၊ ယူကြစေကုန်သတည်း။

လိုက်ပြီးတော့ မောင်းခတ်တယ် ဟုတ်လား။

ကောပိ 'ဟ' န္တိဝါ 'ဟု' န္တိဝါ ဝဒန္တောနာမ နာဟောသိ။

ကောပိ၊ တယောက်သောသူကမျှလည်း။ ဟန္တိဝါ၊ ဟန်သည် ဟူ၍ဝှင်း။ ဟုန္တိဝါ၊ ဟုတ်သည်ဟူ၍ဝှင်း။ ဝဒန္တောနာမ၊ ပြောဆိုသောသူ မည်သည်။ နအဟောသိ၊ မရှိပေ။

ယူမဲ့သူဝေးလို့ ဟာ–သိရိမာကို တထောင်ပေးရ မယ်တဲ့၊ ဟိုတုန်းက တထောင်ပေး သူမရ–ငါမရ မဟုတ်လား၊ အခုတထောင်ပေးယူကြပါဆိုတော့ ဘယ်သူယူသလဲ၊ (ဘယ်သူမှမယူပါဘုရား) ယူချင်တဲ့လူ ဘယ်သူမှမရှိဘူး၊ ဟန်သည် ဟုတ်သည်လို့ ဆိုမဲ့လူတယောက်မှ မပေါ်တော့ ဗိမ္ဗိသာရ မင်းကြီးက မြတ်စွာဘုရားကို လျှောက်တယ်။ "န ဂဏှန္တိဘန္တေ"၊ ယူချင်တဲ့လူ မရှိပါဘူးဘုရား။

တေနဟိ မဟာရာဇ အဂ္ဃံ ဩဟာရေဟိ[၁]။

တေနဟိ၊ ထိုသို့တထောင်နှင့် ယူမဲ့လူမရယင်ဖြင့်။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အဂ္ဃံ၊ သိရိမာရဲ့တန်းဘိုးကို။ ဩဟာရေဟိ၊ ချလိုက်လော့။ ဘယ်လောက်တန်ဘိုးချလိုက်သလဲ၊ ငါးရာ ယူမဲ့လူ ရှိသလား–မရှိဘူး၊ နှစ်ရာ ယူမဲ့လူရှိသလား–မရှိဘူး၊ တရာ ယူမဲ့လူ ရှိသလား–မရှိဘူး၊ ငါးဆယ်–ယူမဲ့လူမရှိဘူး၊ အစိတ် ယူမဲ့လူ မရှိ၊ ၁၀ ဆယ်–ယူမဲ့လူ မရှိ၊ ငါးကျပ်–ယူမဲ့လူ မရှိဘူး။

တချင်ရွေးနဲ့ယူကြပါတော့—ဟိုတုန်းက ထောင်တန်တဲ့အမျိုးသမီး၊ ယူမဲ့လူ ရှိလား၊ (မရှိပါဘုရား) ဟုတ်လား—တချင်ရွေး နှင့်တောင် ယူမဲ့လူ မရှိဘူးလို့ ဆိုတော့ ဘယ်နှယ်စည်လည်ရသလဲ—"မုဓာပိ ဂဏှန္တု"။ မုဓာပိ၊ အချည်းနှီး အလကားဖြင့်လည်း။ ဂဏှန္တု၊ ယူကြပါကုန်လော့။

အလကားဘဲ ယူကြပါတော့တဲ့၊ ဘယ်နှယ်လဲ—ဘယ်လောက်နဲ့ ယူရမတဲ့လဲ၊ (အလကားပါဘုရား) သိရိမာကိုဟုတ်လား ဟိုတုန်းက ဘယ်လောက်လဲ၊ (တထောင်ပါ ဘုရား) အခု အလကား ရတာဘဲ ယူကြပါ ဆိုတော့ ယူမဲ့လူ

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ နှာ–၆၉။

ရှိသလား၊ (မရှိပါဘုရား) ဘာဖြစ်လို့လဲ–ဟိုတုန်းကလဲ ရုပ်ဘဲ မဟုတ်လား၊ အခုကော၊ (ရုပ်ပါဘုရား) ဟင်–ရုပ်ပေါ်မှာ အထင်မှားနေပုံကို မြတ်စွာဘုရားက ဘုန်းကြီးတို့ ပရိသတ်ကိုပြတာ။

မုဓာပိ၊ အချည်းနှီး အလကား ဖြင့်လည်း။ ဂဏှန္တောနာမ၊ ယူမဲ့လူ မည်သည်။ နတ္ထိ၊ မရှိပါဘုရားလို့ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီတော့မှ သံဃာတော်တွေကိုပြတယ်။

ပဿထ ဘိက္ခဝေ မဟာဇနဿ ပိယံ မာတုဂါမံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ (အားလုံးသော အမျိုးသားတွေရော, အမျိုးသမီးတွေရော, ဘိက္ခုနီမ တွေရော, ဘိက္ခု တွေရော) မဟာဇနဿ၊ လူများအပေါင်း၏။ ပိယံ၊ ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးအပ်သော။ မာတုဂါမံ၊ သိရိမာခေါ်တဲ့ မာတုဂါမရဲ့ရုပ်ကို။ ပဿထ၊ စေ့စေ့ငုငုကြည့်ရှုကြစမ်းပါဦးလော့။

ချစ်သားတို့...ကြည့်လိုက် ကြစမ်း၊ ဟိုတုန်းက သူ မမြင်ရ ငါ မမြင်ရနဲ့ သိရိမာမြင်ဘူးတဲ့လူတောင် မရှိဘူး မဟုတ်လား၊ ဘယ့်နှယ် ပြောလဲ မြတ်စွာဘုရားက–

ဣမသ္မိံ ယေဝ နဂရေ သဟဿံ ဒတွာ ပုဗ္ဗေ ဧကဒိဝသံ လဘိံသု။

ပုဗ္ဗေ၊ ရှေးတုန်းက။ ဣမသ္မိံ နဂရေ၊ ဤရာဇဂြိုဟ်မြို့၌။ သဟဿံ၊ တထောင်ကို။ ဒတွာ၊ ပေး၍။ ဧကဒိဝသံ၊ တနေ့စာမျှ။ လဘိံသု၊ ရကြကုန်၏။

ရှေးတုန်းက တနေ့ကိုဘယ်လောက်ပေးရသလဲ–ဒီမြို့မှာဘဲ အသပြာတထောင် ပေးပြီးတော့ ကြည့်ရှုရတဲ့ အမျိုးသမီး။ "ဣဒါနိ ပန မုဓာ ဂဏှန္တောပိ နတ္ထိ"။ ဣဒါနိပန၊ ယခုအခါကာလ၌ကား။ မုဓာ၊ အချည်းနှီး အလကား မျှလည်း။ ဂဏှန္တောပိ၊ ယူသူရလိုသူသည်။ နတ္ထိ၊ မရှိ။

ချစ်သားတို့....ကြည့်ကြစမ်း–ဒီရုပ်ဘယ့်လောက်အဘိုးတန်လို့လဲ၊ ဟိုတုန်းက တထောင်တန်တဲ့ရုပ် အခုအလကားတောင် ယူမဲ့လူမရှိဘူး၊ ဟိုတုန်းကရုပ် အခုရုပ် ဘာထူးသလဲ၊ လှတယ်ဆိုတဲ့ရုပ်၊ ဘာတရားတဲ့လဲ–ရုပ်တရား၊ ဖူးဖူးရောင်ပွ ပိုးလောက်တွေ ထနေတယ်ဆိုတဲ့ ရုပ်၊ ဘာတရားလဲ၊ (ရုပ်တရားပါဘုရား)။

(ပဿထ ဘိက္ခဝေ) ဝေဏ္ဏုပံ နာမ ရူပံ ခယဝယပ္ပတ္တံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဝေဏ္ဏုပံနာမ၊ ဤသို့သဘောရှိသော။ ခယဝယပ္ပတ္တံ၊ ကုန်ခြင်းပျောက်ခြင်းသို့ရောက်သော။ ရူပံ၊ ရုပ်တရားကို။ ပဿထ၊ စေ့စေ့ငုငု ဉာဏ်ဖြင့်ပေါ်အောင် ရှုကြပါကုန်လော့။

မြတ်စွာဘုရားက အကြည့်ခိုင်းတယ်-ကြည့်။

"ပဿထ ဘိက္ခဝေ အာတုရံ အတ္တဘာဝန္တိ"။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အာတုရံ၊ နာကျင်သောသဘောရှိသော။ အတ္တဘာဝံ၊ အတ္တ-ဘောကို။ ပဿထ၊ ရှုကြည့်ကြပါကုန်လော့။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူပြီး၍-

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ[၁]။

လို့ဆိုတဲ့ ဒီဒေသနာတော် ဟောပါတယ်-ဒီသုတ္တန်ကို။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယဿ၊ အကြင်သို့သော ခန္ဓာကိုယ်အတ္တဘောအား။ ဓုဝံ၊ မယိုင်မလဲ ခိုင်မြဲသော သဘောသည်ရင်း။ ဌိတိ၊ ကြံ့ကြံ့ခိုင်ကျည် တည်တံ့ခြင်းသဘောသည်ရင်း။ နတ္ထိ၊ တစိုးတစိမျှ မရှိပါချေ။ စိတ္တ ကတံ၊ အဝတ်တန်းဆာ ပန်းနံ့သာ စသည်တို့ဖြင့် သာယာ စုံမက်ဖွယ် အဆန်းတကြယ် ခြယ်လှယ်ပြုပြင်၍ ထားအပ်သော။ ဗိမ္ဗံ၊ ရှည်သင့် ရာရှည် တိုသင့်ရာတို ထိုထိုအင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ်သည်ဟု အမှတ်မှား ပြုလောက်အောင် ပေါင်းစု၍တည်နေသော။ သမုဿိတံ၊ သုံးရာသောအရိုး များကြောင့် မားမားမြင့်ခေါင် စိုက်ထောင်ရပ်တည်နိုင်သော။ အာတုရံ၊ မပြတ်မစဲ အမြဲကျင်နာ မခံသာသော။ ဗဟုသင်္ကပ္ပံ၊ လူသူအများ ပုထုဇဉ် အန္ဓသားတို့ တရားမမှီ ဉာဏ်မသိ၍ တင့်တယ်သည်, ဖွယ်ရာသည်, မင်္ဂလာ ရှိသည် ထိုဤများပြား အကြံမှားအပ်သော။ တံအရုကာယံ၊ ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြုန်းဖြုန်း ရှုံရှာဖွယ်အပြည့်ဖုံးသဖြင့် တကိုယ်လုံးအမာကြီး သဖွယ် မတင့်တယ်သော ထိုခန္ဓာကိုယ်အတ္တဘောကို။ ပဿ-ပဿထ၊ ဖန်ဖန် စေ့ငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့။

လို့မြတ်စွာဘုရား ဒီဒေသနာတော်ကို ဟောပြီးတဲ့အဆုံး၌ "ဒေသနာ ဝသာနေ သောပိ ဘိက္ခု သောတာပတ္တိဖလေ ပတိဋ္ဌဟိ"။ သိရိမာစုံလမ်းတဲ့ ကိုယ်တော်ဘာဖြစ်သလဲ- သောတာပန် ဖြစ်သွားတယ်၊ အဲဒီ ဒေသနာရဲ့အဆုံး ရှေ့ကိုတက်ပြီးတော့ နန္ဒာဘိက္ခုနီမ သောတာပန်ဖြစ်ပြီးပြီ-နော်၊ အခု ဒီကိုယ် တော် သောတာပန်ဖြစ်ပြီးပြီ၊ သိရိမာကော သောဘာပန်ဖြစ်ပြီးပြီ၊ သိရိမာ နတ်သမီးလဲ လာပြီးတော့ရောက်နေတယ် မဟုတ်လား- ဒီပရိသတ်ထဲမှာ။

အဲဒီသိရိမာတို့, နန္ဒာဘိက္ခုနီမတို့ကို အထက်မင်္ဂအထက်ဖိုလ်ကို ရောက်ပါ စေခြင်းအကျိုးငှာ ဥတ္တရိမဂ္ဂတ္ထာယ၊ အထက်မင်္ဂဖိုလ်အကျိုးငှာ။ သုညတပရိ

၁။ ဓမ္မပဒပါဠိတော် ဇရာဝဂ် သိရိမာဝတ္ထု နှာ-၃၅။ ၎င်း အဋ္ဌကထာ ဒုတိယအုပ် နှာ-၆၉။

ဝါရီ၊ အတ္တ,အတ္တနိယမှဆိတ်သုဉ်းသော အခြံအရံရှိသော။ ဝိပဿနာကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ ကထေန္တော၊ ဟောကြားတော်မူလိုသည်ဖြစ်၍။ ဣမံ သုတ္တံ၊ ဤကာယဝိစ္ဆိန္ဒနိယသုတ္တန် တရားဒေသနာတော်ကို။ ဝါ၊ ဝိဇယသုတ္တန် တရားဒေသနာတော်ကို။ အဘာသိ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ ပါပေ၏။

နိဒါန်းတွေကုန်ပြီပေါ့-နော်၊ (မှန်ပါ) ဒီဒေသနာတော်က ဘယ်ကစသလဲ- ပဌမနံပါတ် (၁) ဂါထာ။

(၁) စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။ ၁

လက္ခဏာယာဉ်သုံးချက် အဲဒီဒေသနာတော် အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ လက္ခဏာ သုံးချက်ကို ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့နှင့် ပိုင်ပိုင်နိုင်နိုင်ပြလိုက်တဲ့ ဒေသနာတော်ဘဲ။

စရံဝါ၊ သွားလည်းသွား၏။ ယဒိ၊ ထိုမှတပါး။ တိဋ္ဌံဝါ၊ ရပ်လည်းရပ်တည်၏။ နိသိန္နောဝါ၊ ထိုင်လည်းထိုင်နေ၏။ ဥဒ၊ ထိုမှတပါး။ သယံဝါ၊ လျောင်းလည်း လျောင်းစက်၏။ သမိဉ္ဇေတိ၊ ထိုထိုအဆစ်တို့ကို ကွေးလည်းကွေးညွတ်၏။ ပသာရေတိ၊ ဆန့်လည်းဆန့်တန်း၏။ ဧသာ၊ ဤ သွား, ရပ်, ထိုင်, လျောင်း ရွေ့နှောင်းတက်ဆုတ် ကွေးရုပ်ဆန့်တန်းမှု အစုစုအဖုံဖုံ အမူအရာအလုံးစုံသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဣဉ္ဇနာ၊ လှုပ်ရှားမှုသာတည်း။

ဒီဒေသနာတော် ဟောတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုး ကောင်းသမီးတွေ သွားတယ်, မတ်တတ်ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ကွေးတယ်, ဆန့်တယ်ဆိုတာ ဘယ်သူတုံး၊ ရုပ်တရား၊ ဘာတရားတဲ့လဲ၊ (ရုပ်တရား ပါဘုရား) ဒီဒေသနာတော်ဟာ "စရံ ဝါ ယဒိ ဝါ" စတဲ့ ဒီဂါထာရဲ့ သုံးပါဒ ဖြင့် ဒုက္ခလက္ခဏာကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပြပါတယ်။

ဘယ်လိုဒုက္ခလက္ခဏာကို ပြတော်မူသလဲဆိုတော့ အကျဉ်းချုပ် အဓိပ္ပါယ် မှတ်ဖို့က သွားနေရာက နေပြီးတော့ မတ်တတ်ရပ်ဘယ်ဆိုတာ နားလိုက်တယ် ဆိုတာ ဘာပြုလို့လဲ-သွားတဲ့ဣရိယာပုထ် ပင်ပန်းလို့ ဆင်းရဲလို့ မတ်တတ် ရပ်လိုက်တယ်၊ မတ်ဘတ်ရပ်ဘဲ့ ဣရိယာပုထ်ကို ပြောင်းလိုက်တော့ သွားနေ တာ ဆင်းရဲတယ်ဆိုတဲ့ ဆင်းရဲမှုပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ် ဘုရား) ဒီတော့ ဒုက္ခ ပျောက်သွားတယ်၊ အဲဒါကလေး မှတ်ထား။

၁။ သုတ္တနိပါတ်ပါဠိတော် ဥရဂဝဂ် ဝိဇယသုတ် နှာ-၃၀၇၊ ၃၀၈-၌ ပါရှိသောဂါထာများကို နံပါတ်စဉ်ဖြင့် ဖော်ပြပါသည်။

နောက်ပြီးတော့ မတ်တတ်ရပ်လွန်းအားကြီးနေပြန်တော့လဲ ဘာလုပ်ရသလဲ ထိုင်လိုက်ရတယ်၊ ထိုင်လိုက်တော့ မတ်တက်ရပ်လို့ ပင်ပန်း ဆင်းရဲတယ် ဆိုတဲ့ ဆင်းရဲမှု ပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား) ထိုင်တဲ့ ဣရိယာပုထ်နဲ့ ဖုံးပေးလိုက်တယ်။

ထိုင်ပါအားကြီးလာပြန်တော့လဲ ပင်ပန်းလာပြန်တယ်၊ ဆင်းရဲလာပြန်တယ်၊ အဲဒီပင်ပန်းဆင်းရဲမှုပျောက်အောင် ဘာနဲ့ဖုံးလိုက်သလဲ–အိပ်တယ်ဆိုတဲ့ ဣရိယာပုထ်နဲ့ တခါဖုံးလိုက်တယ်၊ ပျောက်သွားပြန်ရော မဟုတ်လား– ဒီဆင်းရဲမှု၊ (ပျောက်သွားပါတယ်ဘုရား)။

နောက်ပြီးတော့ တခါအိပ်တဲ့ ဣရိယာပုထ်ကလဲ သိပ်ပြီးတော့ ငြိမ်ငြိမ် မနေနိုင်ဘူး၊ တော်တော်ကြာကွေးလိုက်၊ ကွေးပါများလာပြန်တော့ ဆန့်လိုက်၊ ဆန့်တဲ့ ဣရိယာပုထ် ပင်ပန်းလာပြန်တော့ ကွေးလိုက်–ဟုတ်လား၊အဲဒီလို ကွေးလိုက်, ဆန့်လိုက်, သွားလိုက်, ရပ်လိုက်, ထိုင်လိုက်, လျောင်းလိုက် လုပ်နေတာ ဘယ်သူတုံး၊ (ရုပ်တရားပါဘုရား)။

အဲဒီရုပ်တရားတို့ရဲ့ ကွေးရုပ်, ဆန့်ရုပ်တွေမှာ ကွေးတဲ့ရုပ် ပင်ပန်းတာကို မမြင်အောင် ဘာနဲ့ ဖုံးမလဲ–ဆန့်တာနဲ့ဖုံးတယ်၊ သွားတဲ့ရုပ်ရဲ့ ဒုက္ခကိုမမြင်အောင်ဘာနဲ့ဖုံးသလဲ၊ (ရပ်တဲ့ရုပ်နဲ့ပါဘုရား) ရပ်တဲ့ဒုက္ခကိုမမြင်အောင် ထိုင်တဲ့ ရုပ်ကဖုံးတယ်၊ ထိုင်တာကို ပင်ပန်းတာ မမြင်အောင် လျောင်းတဲ့ ရုပ်နဲ့ ဖုံးတယ်၊ လျောင်းတာကျပြန်တော့လဲ ကွေးလိုက်, ဆန့်လိုက်နဲ့ အဲဒီလို ဒုက္ခလက္ခဏာကြီးကို ဣရိယာ ပထဖုံးလွှမ်းတယ်လို့ ရှေးကပညာရှိများ ဒီလိုပြောကြတယ်။

ဒါကြောင့် ဒီနေရာမှာ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်း ဟူသော ဒီစကားလုံးတွေဖြင့် ဒီရုပ်တရားတွေရဲ့ဘာအချက်ကိုပြသလဲ–ဒုက္ခသစ္စာအချက်ကိုပြပါတယ်၊ ဒုက္ခလက္ခဏာ။

"သော ကာယဿ ဣဉ္ဇနာ" နောက်ဆုံး စတုတ္ထပါဒ။

သော၊ ဤသို့ ကွေးခြင်း, ဆန့်ခြင်း, သွားခြင်း, လျောင်းခြင်းစသော အမူအရာအားလုံးသည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဣဉ္ဇနာ၊ တုန်လှုပ်ခြင်းမျှသာတည်း။

လို့ဆိုတော့ တုန်လှုပ်ကဲ့ အမူအရာတွေ ဖွတိုင်း,တွတိုင်း ပျက်စီးနေတယ်, ပျက်စီးနေတယ်,ပျက်စီးနေတယ်ဆိုတဲ့ အစဉ်ကလေးကို သွားတုန်းကလဲဘဲ သွားနေတဲ့ရုပ်အစဉ်တွေဟာ ပျက်စီးနေတယ်မဟုတ်လား၊ (မှန်ပါဘုရား)မြင်ရဲ့လား–

မမြင်ဘူး၊ ထိုင်တဲ့ရုပ်အစဉ်တွေ ပျက်စီးနေတယ်၊ အိပ်တဲ့ရုပ်အစဉ်တွေ ပျက်စီး နေတယ်၊ ကွေးတဲ့ ဆန့်တဲ့ ရုပ်အစဉ်တွေ ပျက်စီး နေတာကို မမြင်အောင် ဘယ်သူနဲ့ ဖုံးထားသလဲ–သန္တတိ။

အဲဒါကြောင့် အနိစ္စလက္ခဏာကို မမြင်အောင် သန္တတိနဲ့ ဖုံးလွှမ်းထားသည် ကို ဒီ စတုတ္ထပါဒက ပြတယ်၊ ဒါလောက်ပဲ အကျဉ်းချုပ် မှတ်ကြပေါ့–ဟုတ် လား။

ကဲ–ပြီးတော့ အနတ္တကျတော့ ဘယ်လိုလဲ–ဒီလိုကွေးနေတယ်, ဆန့်နေတယ်, သွားတယ်, လာတယ်, ရပ်တယ်, ထိုင်တယ် ဆိုတာ ဘုန်းကြီးတို့ ပရိသတ် ဘယ်နှယ်ထင်သလဲ–ဒီလို အနိစ္စအချက်, ဒုက္ခအချက်တွေကို ဉာဏ်မသက်ဝင်နိုင် တဲ့ အန္ဓဗာလပုထုဇဉ်ကျတော့ ကွေးတာ, ဆန့်တာ, သွားတာ, လာတာ, အိပ် တာဆိုတာ သတ္တဝါပုဂ္ဂိုလ်က သွားတယ်, လာတယ်, အိပ်တယ်လို့ ဒီလိုထင် မနေဘူးလား၊ (ထင်နေပါတယ်ဘုရား)။

မဟုတ်ပါဘူးတဲ့၊ "သော ကာယဿ ဣဉ္ဇနာ"။ သော၊ ဤသွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်းသည်။ ကာယဿ၊ ရူပကာယ၏။ ဣဉ္ဇနာ၊ တုန်လှုပ်ခြင်း ပါတဲ့။ သတ္တဝါ တုန်လှုပ်တာ မဟုတ်ပါ ဘူးတဲ့၊ ရုပ်တရားတုန်လှုပ်တာပါလို့ အနတ္တကိုပြတယ်။

စိတ်နှင့်ရုပ် အဲဒီ နေရာမှာ ရုပ်တရားတွေ တုန်လှုပ်တယ် ဆိုတာ ဘယ်သူ့ ကြောင့် တုန်လှုပ်သလဲ–ဒါလေး ပြောဘို့ လိုတယ် မဟုတ်လား၊ (မှန်ပါ ဘုရား) အဲဒီနေရာမှာ သုတ္တနိပါတ် အဋ္ဌကထာက–

စိတ္တနာနတ္တ မာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ[၁]။

သိပ်ကောင်းတဲ့ ဒေသနာ တော်ဘဲ–အဋ္ဌကထာက ပြောထားတယ်၊ ကွေးတယ်, ဆန့်တယ်, သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်ဆိုတဲ့ ဒီ ရုပ်အားလုံးကို ဘယ်သူ လုပ်ပေးသလဲ–ဘုန်းကြီးတို့ ပရိသတ် ကတော့ ငါက သွားချင်လို့ သွားတယ်, သတ္တဝါက သွားချင်လို့ သွားတယ်, သတ္တဝါက ထိုင်ချင်လို့ သတ္တဝါက အိပ်ချင်လို့ သတ္တဝါက ကွေးချင်လို့–ဒီလိုဘဲမဟုတ် လား၊ မဟုတ်ပါဘူးတဲ့၊ ကွေးချင်ဆန့်ချင်တာက ဘယ်သူတုံး၊ သွားချင်တာ က ဘယ်သူတုံးလို့ဆိုတော့–ဂါထာရဲ့အနက်က–

စိတ္တနာနတ္တံ၊ သွားခြင်း, လာခြင်း, ထိုင်ခြင်း, ရပ်ခြင်းမှ စ၍ ထိုထိုအလို ထူးဆန်း စိတ်အစွမ်းကို။ အာဂမ္မ၊ အတွင်းသန္တာန် အရင်းခံ၍။ ဝါယုနော၊

၁။ သုတ္တနိပါတ် အဋ္ဌကထာ နှာ–၂၃၇။

သွား, လာ, ထိုင်, ရပ် ရုပ်ကလာပ်ကို ဖြစ်စေတတ်ပေ ဝါယော လေ၏။ နာနတ္တ၊ သွားလေ, လာလေ ထိုင်, ရပ်လေဟု အနေကွဲပြား ထူးခြားခြင်းသည်။ ဟောတိ၊ စိတ်အစဉ်နှင့် အဆင်သင့်အောင် မလင့်ပုံသေ ဖြစ်ရပေ၏။ ဝါယုနာနတ္တတော၊ သွားစေလာစေ ဝါယောလေက အနေထူးခြား ကွဲပြားသည်၏ အဖြစ်ကြောင့်။ ကာယဿ၊ ပုဂ္ဂိုလ်, သတ္တဝါ ငါ, သူတပါး ယောကျ်ား, မိန်းမ မဟုတ် ကြတောင်း ရုပ်နာမ်ခန္ဓာအပေါင်း၏။ ဝိဋ္ဌနာ၊ ရုပ်သေးစင်တွင် အရုပ်သွင်သို့ အထင်ကွဲပြား လှုပ်ရှားခြင်းသည်။ နာနာဟောတိ၊ သွားဟန်, လာဟန်ထိုင်, ရပ်ဟန်နှင့် သဏ္ဌာန်ထူးတွေ ဖြစ်ရပါပေ၏။

သွားလိုတာ ဘယ်သူတုံး၊ (စိတ်ပါဘုရား) ရပ်လိုတာ၊ (စိတ်ပါဘုရား) ထိုင်လိုတာ၊ (စိတ်ပါဘုရား) အိပ်လိုတာ၊ (စိတ်ပါဘုရား) ကွေးလိုဆန့်လိုတာ (စိတ်ပါဘုရား)။

* ၁။ သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။

၂။ စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော့ကိုယ်ဝယ်ပြည့်။
(တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ စီထားတဲ့ သံပေါက်ကလေးတွေ၊) သွားချင်တဲ့စိတ်ကလေး ဖြစ်တာနဲ့တပြိုင် နက်ထဲ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ ဝါယောရုပ်တွေ တကိုယ်လုံးပြည့် ပြီးတော့ သွားတယ်။

၃။ ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော်သွားပေ၏။
ဘယ်သူသွားသလဲ၊ (ရုပ်သွားပါတယ်ဘုရား)။

၄။ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ။
ဘယ်သူသွားသလဲ၊ (ရုပ်သွားပါတယ်ဘုရား) ပုဂ္ဂိုလ်သွားသလား, ရုပ်သွားသလား၊ (ရုပ်သွားပါတယ်ဘုရား) သွားယင် သွားတယ်, သွားတယ်လို့ ရှုရမှာ၊ ဘယ်နှယ်ရှုရမလဲ—ရုပ်။

၅။ ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ် ဉာဏ်ဖြင့်သိ။
ရပ်တာ ဘယ်သူတုံး၊ (ရုပ်ပါဘုရား)။

၆။ ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ဉာဏ်ဖြင့်သိ။
ထိုင်တာဘယ်သူတုံး၊ (ရုပ်ပါဘုရား)။

---

* မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) စာမျက်နှာ ၃၁၉-တွင် သံပေါက် ၉-ပုဒ် ပါရှိပါသည်။

၇။ ပုဂ္ဂိုလ်ပအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့်သိ။

လှဲလိုက်တာဘယ်သူတုံး၊ (ရုပ်ပါဘုရား) ဟိုဘက် လှည့်တာဘယ်သူတုံး၊ (ရုပ်ပါဘုရား) ဒီဘက်လှည့်တာကော၊ (ရုပ်ပါဘုရား) ဆန့်လိုက်တာကော၊ (ရုပ်ပါဘုရား)။

၈။ ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့်သိ။

၉။ ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ဉာဏ်ဖြင့်သိ။

လက်တွေ ကွေးတယ်၊ခြေထောက်တွေ ကွေးတယ်၊ခါးတွေ ကွေးတယ်၊ဇက်တွေ ကွေးတယ်၊ဘယ်သူကကွေးသလဲ၊ ဆန့်သလဲ၊(ရုပ်ပါဘုရား) ဘာ ရုပ်တုံး၊ (ဝါယောရုပ်ပါဘုရား) ဘယ်သူ့ကြောင့် ဒီဝါယောရုပ်ပေါ်သလဲ-စိတ္တဇရုပ်၊ စိတ်ကြောင့်ဟုတ်လား။

စိတ္တနာနုတ္တံ၊ သွားခြင်း, လာခြင်း, ထိုင်ရပ်ခြင်းမှစ၍ ထိုထိုအလိုထူးဆန်းစိတ်အစွမ်းကို။ အာဂမ္မ၊ အတွင်းသန္တာန် အရင်းခံ၍။ ဝါယုနော၊ သွား,လာ, ထိုင်,ရပ် ရုပ်ကလာပ်ကို ဖြစ်စေတတ်ပေ ဝါယောလေ၏။ နာနုတ္တံ၊ သွားလေ, လာလေ ထိုင်ရပ်လေက အနေကွဲပြား ထူးခြားခြင်းသည်။ ဟောတိ၊ စိတ်အစဉ်နှင့် အဆင်သင့်အောင် မလင့်ပုံသေ ဖြစ်ရပေ၏။

ဒီအနက်ကလေးက ဘယ်သူရေးတာလဲဆိုတော့-အမရပူရမြို့က မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသရေးတဲ့အနက် အင်မတန်ကောင်းတယ်။

အဲဒီလို စိတ္တနာနုတ္တ- စိတ်ကထိုင်ချင်တယ်၊ သွားချင်တယ်၊ ရပ်ချင်တယ်၊ အိပ်ချင်တယ်၊ ကွေးချင်တယ်၊ ဆန့်ချင်တယ်၊ ဒီအခါ ဘာတွေပေါ်လာသလဲ- ဟောဆရာတော် ဦးဝိစိတ္တက "စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော့ကိုယ်ဝယ်ပြည့်"။ စိတ်ကြောင့်ဖြစ်သော ဝါယောရုပ်တွေဟာ တကိုယ်လုံးပြည့်လာပြီဆိုတော့ ဘာလုပ်သလဲ- "ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ"။ ဘယ်သူသွားသလဲ၊ (ရုပ်သွားပါတယ်ဘုရား) ဘယ်သူ့ကြောင့်ဖြစ်တဲ့ရုပ်တုံး၊ (စိတ်ကြောင့်ဖြစ်ပါတယ်ဘုရား)။

စိတ်-နာမ်တရား၊ ရုပ်-ရုပ်တရား၊ သွားတိုင်းသွားတိုင်း ရုပ်နာမ်တခါထဲကွဲပြီးသားဖြစ်တယ်၊ ရုပ်တရားနဲ့ နာမ်တရား ဘာတရားနဲ့ဘာတဲ့လဲ၊ (ရုပ်တရားနဲ့ နာမ်တရားပါဘုရား)။

ဝါယုနာနုတ္တတော၊ သွားစေ,လာစေ ဝါယောလေက အနေထူးခြားကွဲပြားသည်၏ အဖြစ်ကြောင့်။ ကာယဿ၊ ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး, ယောကျ်ား, မိန်းမ မဟုတ်ကြတောင်း ရုပ်နာမ်ခန္ဓာအပေါင်း၏။ (စိတ်, စေတသိက်,ရုပ်)။ ဣဉ္စနာ၊ ရုပ်ဆေးငင်တွင် အရုပ်သွင်သို့ အထင်ကွဲပြားလှုပ်ရှားခြင်းသည်။ ကြိုးကလေးဆွဲလိုက်ယင် လှုပ်လှုပ်သွားတာဘဲမဟုတ်လား၊ (မှန်ပါ

ဘုရား) နာနာဟောတိ၊ သွားဟန့်၊လာဟန် ထိုင်၊ရပ်ဟန်နှင့် သဏ္ဌာန်ထူးထွေ ဖြစ်ရပေ၏။ ပုံသဏ္ဌာန်တွေ အမျိုးမျိုးဖြစ်ပြီးတော့ နေရတယ်၊ ရုပ်တရား၊ နာမ်တရား၊ သွားနေတယ်၊ လာနေတယ်ဆိုတာ ဘာတရားတွေလဲ–ရုပ်တရားနဲ့ နာမ်တရားတွေ ဒီလိုဘဲ ရှုရမယ်၊ ရုပ်တရား။

ဒါဖြင့် အဲဒီရုပ်တရားဟာ တင့်တယ်တဲ့ရုပ်လား၊ မတင့်တယ်တဲ့ရုပ်လားလို့ ဆိုတော့ သူကပြောလိမ့်အုံးမယ်–ဘယ့်နှယ်ပြောမလဲ။

(၂) အဋ္ဌိနဟာရုသံယုတ္တော၊ တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ န ဒိဿတိ။[၁]

ကာယော၊သဝိညာဏကခေါ်ဆို ကျွဲခန္ဓာကိုယ်သည်။ အဋ္ဌိနဟာရုသံယုတ္တော၊ သုံးရာသောအရိုး၊ အရိုးကိုဖွဲ့သည့် ကိုးရာသော အကြော၊ အရသာကို ဆောင်သည့် ခုနစ်ထောင်သောအကြောတို့ဖြင့်ဖွဲ့ယှက်ရစ်ပတ်စပ်ယှဉ်သည်ဖြစ်၍။ တစမံသာဝ–လေပနော၊အဆင်းဖွေးဖြူ လှုသောအတွင်းရေ ကိုးရာသော သားတစ်တို့ဖြင့်လိမ်းကျံအပ်သည်ဖြစ်၍။ (ပရမဒ္ဒဂ္ဂန္ဓဇေဂုစ္ဆပဋိကူလော၊ အလွန်ပင် ရနံ့ ပုပ်လှောင်း စက်ဆုပ်ဖွယ်ရှုံရှာဖွယ်ကောင်းလှ၏)။

ကာယော၊ သဝိညာဏကခေါ်ဆို ကျွဲခန္ဓာကိုယ်ကို။ ဆဝိယာ၊ အဆင်းထူးထွေ အပေါ်ရေဖြင့်။ ပဋိစ္ဆန္နော၊ အိမ်နံရံကို အညီစသည် ဆိုးရည်သုတ်မွန်း ပုံနှုန်းနှုန်းလျှင် ဖုံးလွှမ်းခြယ်လှယ်အပ်သည်ဖြစ်၍။ ယထာဘူတံ၊ ဟုတ်မှန်လှစွာ အသုဘအခြင်းအရာကို။ နဒိဿတိ၊ ပညာအန္ဓ လူ့ဗာလတို့ လုံးဝမသင် မမြင်ကြရချေ။

အခုနင်က သွား၊ လာ၊ထိုင်၊လျောင်းဆိုတဲ့ ရုပ်ကာယရဲ့ အမူအရာ တွေကို ကြည့်ယင် အရိုးတွေကို ထောင်ထားကယ်၊ အကြောတွေနဲ့ ပတ်ထားတယ်၊ ပြီးတော့ အတွင်းကအရေထူ၊ ကိုးရာသောအသားတစ်တို့ဖြင့် မွမ်းမံ ခြယ်လှယ်ပြီး ထားသောကြောင့် အရိုးတွေ၊ အသားတွေ အကြောတွေ အရေပြားတွေနဲ့ စက်ဆုပ်ရှုံရှာဘွယ်ကြီးဘဲတဲ့၊ ဒါပေမဲ့ စက်ဆုပ်ရှုံရှာဘွယ်မှန်း သိရဲ့လား–ဘုန်းကြီးတို့ ပရိသတ်၊ (မသိပါဘူး ဘုရား) ဘာပြုလို့လဲ -

ကာယော၊ ကျွဲခန္ဓာကိုယ်ကို။ ဆဝိယာ၊ အပေါ်ယံ အရေပါး ကလေးဖြင့်။ ပဋိစ္ဆန္နော၊ အင်္ဂတေ မြေညက်တွေကို ဆေးလေး သုတ်ထားသလို အရေပါး ကလေးဖြင့် လိမ်းကျံခြယ်လှယ်ထားသည် ဖြစ်သောကြောင့်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော အသုဘအချင်းအရာကို။ နဒိဿတိ၊မထင်နိုင်ပေ။

၁။ သုတ္တနိပါတ်ပါဠိတော် ဝိဇယသုတ် နှာ–၃၀၇။

ကိုယ်တွင်းရှိ ရွံစရာ အသုဘများ

အရေပါးကလေးနဲ့ အပေါ်ကဖုံးထားတော့ အသုဘလို့ မထင်ကြဘူး မဟုတ်လား၊ (မှန်ပါဘုရား) ဒါဖြင့် မြတ်စွာဘုရားက ဒီခန္ဓာကိုယ်ထဲမှာ ထုတ်ပြတယ်၊ဘာတွေလဲ ဒီခန္ဓာကိုယ်ထဲမှာ တင့်တယ်တာတွေသလား, မတင့်တယ်တာတွေသလား၊(မတင့်တယ်တာ တွေပါတယ်ဘုရား) ဘယ်လို မတင့်တယ်သလဲ ဆိုတော့ မြတ်စွာဘုရားက—

(၃) အန္တပူရေ ဥဒရပူရော၊ ယကနပေဠဿ ဝတ္ထိနော။
ဟဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိဟကဿစ။

(၄) သိဃာဏိကာယ ခေဠဿ သေဒဿစ မေဒဿ စ ။
လောဟိတဿ လသိကာယ၊ ပိတ္တဿ စ ဝသာယ စ [၁] ။

(အယံကာယော၊ သဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်သည်။ န စန္ဒနာဒိပူရော၊ စန္ဒကူး နံ့သာစသည်တို့ဖြင့် ပြည့်နေသည်မဟုတ်။ အထခေါ၊ အဟုတ်သော်ကား)အန္တပူရော၊ အူမဖြင့်ပြည့်၏။ (ဝါ-အန္တပူရော၊ ယောကျ်ား-ဒွတ္တိံမိန်းမ—ဌ၀ိ အတောင်ရှည်သား ဖြူသည်အဆင်း ကတေအင်းသို့ သွေးကျင်းမှာခွေ ခေါင်းပြတ်မြွေလို လည်မျိုဝစ္စ ပဒေသဝယ် နှစ်ဆယ်တလွန့် လိန်တွန့်ရစ်နေ အူမခွေဖြင့်ပြည့်၏။)

ဥဒရပူရော၊ အစာသစ်ဖြင့် ပြည့်၏။ (ဝါ—ဥဒရပူရော၊ စားသည့် အစာသွင်လျှာ ရူပ အူမထက်ဖျား ဆန့်ထုတ်သားသို့ ပ-ကာ၊ သန့်ရှင်း တွင်းပိန္နဲခံ ရွှံဘွယ်ဘိခြင်း တစိတွင်းနှယ် ၊ သုံးဆယ်နှစ်မျိုး ပိုးတို့နေရာ လူထုံးမှာဝယ် လျှာရည် တံတွေး သွားမြှေး အာစေး ထိုထိုကြေးကို သိမ်းထွေးပေါင်းစုထောင်းထုဝါးချေ မျိုလေဆင်းသက် ခေါတ်မီးချက်၍ ပရပွက်အူ ကျိုက်ကျိုက်ဆူပွ အမြှုပ်ထကာ ပိုးစာလောင်မီး ကျင်ကြီးကျင်ငယ် တသွယ်သွေးသား ငါးပါးကွဲလျက် ခွေးစားခွက်ပယ် ထွေးဟက်စွန့်လတ် ခွေးအန်ဖတ်တရှိ အစာသစ်ဖြင့်ပြည့်၏။)

ယကနပေဠဿ၊ အသည်းစိုင်ဖြင့်။ (ဝါ-ယကနပေဠဿ၊ကုမုဒြာ ကြာချပ်ကျောက်နှယ် စဥ်းငယ်နီလျက် ကသစ်ရွက်သဏ္ဌာန် ညဏ်မဲ့ကြီးကြီး တခုတည်းသာ ပညာရှိငယ် နှစ်သုံးငယ်လတ် ထနဗ္ဘန္တရေ ညာမှာ နေသော အသည်းစိုင်ဖြင့်။) ပူရော၊ ပြည့်၏။

၁။ သုတ္တနိပါတ်ပါဠိတော် ဝိဇယသုတ် နှာ-၃၀၁။ ဤနှစ်ဂါထာနှင့်ဆိုလတံ့ ဂါထာများ၏ အနက်များကို ဒ:များအားဖြင့် မဟာဗုဒ္ဓဝင် စတုတ္ထတွဲ နှာ-၃၂၀—၉။ စသည်တို့မှ ထုတ်နုတ်ထည့်သွင်းထားပါသည်။

ဝတ္တိနော၊ ကျင်ငယ်ဖြင့်။ ပူရော၊ ပြည့်၍နေ၏။ (ဝါ–ဝတ္တိနော၊ ပဲပြာရည်ဆင်း ဆီးစတွင်းဝယ် သက်ဆင်း ကိုယ်မှ မရဝင်ပေါက် ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုဖြင့်။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏)။

ဟဒယသ္မ၊ နှလုံး သားဖြင့်။ ပူရော၊ ပြည့်၍ နေ၏။ (ဝါ–ဟဒယဿ၊ ဆင်းရှက်ပဒုံ ကျောပြင်ပုံဘည်း ကြာငုံအောက်ရှု ညာဏ်ရှိသူ့ဝယ် စဉ်းငယ်ပွင့်တုံ့ စုငုံမန္ဒ အပသန့်ရှင်း တွင်းသပွတ်အူ နှစ်ဆူခေါတ်မှီ နီသည်ရာဂ ဒေါသမည်းငြား သားဆေးရည်မောဟ တက္ကပဲရည် ဝါသည်သဒ္ဓါ ပညာ ပြိုးပြက်ဇောတမြက်သွင် ဖြူစင်လွန်ကဲ လက်ဆုံခွဲမျှ လောဟိတသည် ပုန္နာဂဋ္ဌိ တွင်းမှာရှိလတ် သားမြတ်လယ်ဗွေ ရင်မှာနေသော နှလုံးသားဖြင့်။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏)။

ပပ္ဖါသဿ၊ အဆုတ်အစုဖြင့်။ (ဝါ–ပပ္ဖါသဿ၊ ရှမ်းမှည့်သဖန်း နီမြန်းဆင်းဟန် သဏ္ဌာန်စုတ်ပဲ့ မှံယှက်ကဲ့နွှန်း သည်းနှလုံးကို အုပ်ဖုံးတွဲရရွဲ အစာနဲ့ကထန်ကဲတေဇာ ပူလောင်လာ၍ ဩဇာမကပ် နွားဝါးဖတ်နှယ် သုံးဆယ်နှင့်နှစ်အသားတစ်ဟူသော အဆုတ်အစုဖြင့်)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

ဝက္ကသ္မ၊ အညှိနှစ်ခုဖြင့်။ (ဝါ–ဝက္ကဿ၊ ကသစ်စေ့နှယ် စဉ်းငယ်နီမှု တန္တုတည့်ာ နှစ်မြွာသရက် လည်မှသက်သည့် တချက်နှစ်ခု ကြောဖွဲပြုလျက် ဝတ္ထုပတ်လည် ရံ၍တည်သော အညှိနှစ်ခုဖြင့်)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

ပိဟကဿစ၊ အဖျဉ်းဖြင့်လည်း။ (ဝါ–ပိဟကဿစ၊ ကြောင်ပန်းပွင့်သွင် ညိုရောင်ထင်သော သတ္တဂုံလာ နွားလျှာပုံတု ဝတ္ထုဝဲဖက် သရက်ရွက်ဝမ်းလျှာဘောသညာတွင်သော အဖျဉ်းအစုဖြင့်လည်း)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

အယံကာယော၊ သဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်သည်။ သိဃာဏိကာယ၊ နှပ်အစုဖြင့်။ (ဝါ–သိဃာဏိကာယ၊ ထိုထိုသောက်စား ခေါတ်ချောက်ချား၍ ဖောက်ထားသိမ်းအုပ် ကြာရွက်ထုပ်မှ နို့ခမ်းကျသို့ နှလှထန်းဆန် ဆင်းဟန်မယုတ် သလိပ်ပုပ်အဖြစ် စင်စစ်ဖြစ်မြောက် ဦးနှောက်ရည်လျှင်း ဦးခေါင်းတွင်းမှ သက်ဆင်းအာစောက် အတက်ပေါက်ဖြင့် လျှောလျှောက်နှာဖု တည်ယိုစုသော နှပ်အစုဖြင့်)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

ခေဠဿ၊ တံတွေးဖြင့်။ (ဝါ–ခေဠဿ၊ ချဉ်–ငန်–စပ်–ခါး မြင်စားကြံမိ စိုစိစက်ဆုပ် နှလုံးလှုပ်၍ ရေမြှုပ်မယွင်း ပါးမှဆင်းလျက် လျှာရင်းပျစ်ခွဲ လျှာဖျားကဲ့သည် လျှာ၌တည်သော တံတွေးဖြင့်)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

\

သေဒဿစ၊ ချွေးဖြင့်လည်း။ (ဝါ–သေဒဿစ၊ ခေတ်ဝိပရိ ပူမည်ရှိ နှမ်းဆီအဆင်း ဆံမွေးတွင်းမှ သက်ဆင်းယိုကျသော ချွေးဖြင့်လည်း)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

မေဒဿစ၊ အဆီခဲအစုဖြင့်လည်း။ (ဝါ–မေဒဿစ၊ ထက်ခြမ်းခွဲသည့် နနွင်းခဲက္ဆ ဆူသောသူအား ရေသားကြား၌ ကြုံသူအားမှာ ဆူရာရာမှီသော အဆီခဲဖြင့်လည်း)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

လောဟိတဿ၊ သွေးဖြင့်။ (ဝါ–လောဟိတဿ၊ ချိပ်ရည်အဆင်း တခွက် ခင်းမျှ ရင်တွင်းဆုပ်သို့ နှလုံးတို့ထက် တစက်စက်ကျ ယကနအောက်နေ ဤလေးထွေကို စိုစေလျက်စုဝေးသောသွေး (သန္နိစိတသွေးဟု ဆိုလိုသည်) ကျသောချိပ်ရည် ပြမည်ပိုက်ကျုံး ကိုယ်လုံးနှံ့ရောက် အကြောလျှောက်သော သွေးအားဖြင့်။ (သံသရဏသွေးကိုဆိုလိုသည်) နှစ်ပါးသော သန္နိစိတ, သံသရဏ သွေးအစုဖြင့်)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

လသိကာယ၊ အစေးပုပ်ဖြင့်။ (ဝါ–လသိကာယ၊ မဟာလေ့ကား စေးလွား သဖွယ် ရှာရှက်ဆယ်ဆက် အရိုးဆက်၌ ဆွတ်လျက်တည်နဲ ပျစ်၍ခွဲသော အစေးပုပ်ဖြင့်)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

ပိတ္တဿစ၊ သည်းခြေဖြင့်လည်း။ (ဝါ–ပိတ္တဿစ၊ ဆုပ်နှလုံးကြား အသည်း နား၌ ထွားထွားကြီးကြီး သပွတ်သီးနှယ် အအိမ်ဝယ်တည် မည်စည်ဆီကဲ့ အိမ်ဖွဲ့ သည်းခြေ (ဗဒ္ဓသည်းခြေကိုဆိုလိုသည်)စိုလေရာရာ ရေမှာဆီဆမ်း ပမာလျှမ်း သား ညိုနှမ်း ပျဉ်းပွင့် ကစော့ပွင့်တောင်ကြာ ပန်းဆင်းဝါသို့ အိမ်မှာ မနေ(အဗဒ္ဓသည်းခြေကိုဆိုလိုသည်) နှစ်ပါးသောသည်းခြေဖြင့်လည်း)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

ဝသာယစ၊ ဆီကြည်ဖြင့်လည်း။ ဝါ၊ ခြင်ဆီဖြင့်လည်း။ (တနည်း–ဝသာ ယစ၊ သဘောမတူ ရှိန်ပူဆာလျှင်း နှိပ်စက်ခြင်းကြောင့် အဆင်း အုန်းဆီ ရေပေါ်ဆီသဏ္ဍာန် ပြည့်ဟန်မသေ့ လက်ခြေနှာစွန်း ပခုံးမှိုခြင်ဆီဖြင့်လည်း)။ ပူရော၊ ရှိဘွယ်လိလိ ပြည့်၍နေ၏။

ဒီခန္ဓာကိုယ်ထဲမှာ ပြည့်နေတာတွေဟာ ဘာတွေတုံး–အသည်းတွေ, နှလုံး တွေ, ကျောက်ကပ်တွေ, သည်းခြေတွေ, သလိပ်တွေ, တံတွေးတွေ, နှပ်တွေ, သွေးတွေ စသည်ဖြင့် ဒီလို မကောင်းတာတွေချည်း ပြည့်နေတယ်။

အဲဒီလို မကောင်းတာတွေချည်း ပြည့်နေသော ဒီခန္ဓာကိုယ်အတွင်းက စား သောက်မျိုဝါးပြီးတော့ ချလိုက်တဲ့ အစာသစ်တွေ၊ အဲဒီအစာသစ်က ဘာနဲ့ တူသလဲ–ခွေးအန်ထားတဲ့ အန်ဖတ်တွေနဲ့ တူတယ်၊ ခန္ဓာအိမ်ထဲမှာ ဒါတွေ

ရှိတယ်၊ အဲဒီ ခွေးအန်ဖတ်တွေနဲ့တူတဲ့ အစာသစ်တွေကို ဝမ်းမီးက ချက်ပေးလိုက်တယ်၊ ဒီအစာသစ်တွေကို ဝမ်းမီးကချက်ပေးလိုက်တော့ ဘယ်လိုဥပမာပြထားသလဲ-အဋ္ဌကထာ ဆရာတော်က။

ထမင်းချက်တဲ့အခါမှာ ဆန်ကို ထမင်းအိုးထဲထည့်၊ ရေလည့်ပြီး အောက်က မီးမြှိုက်ပေးလိုက်တဲ့အခါ ထမင်းအိုး ပွက်ပွက်ပွက်ပွက်နဲ့ ဆူလာတော့ ရေမှာလဲ အညစ်အကြေးတွေ မပါဘူးလား၊ (ပါပါတယ်ဘုရား) ဆန်မှာကော အညစ်အကြေးတွေ မပါဘူးလား၊ (ပါပါတယ်ဘုရား)အဲဒီရေရဲ့အညစ်အကြေး, ဆန်ရဲ့အညစ်အကြေးတွေဟာ တခါထဲ ထမင်းအိုးနှုတ်ခမ်းမှာ တက်ပြီးတော့ အညှိတွေ အဖတ်တွေကပ်မနေဘူးလား၊ (ကပ်နေပါတယ်ဘုရား)။

အဲဒီလိုဘဲတဲ့ မြတ်စွာဘုရားက ချစ်သားတို့ ချစ်သမီးတို့ ခန္ဓာကိုယ်တွင်းသို့ စားသောက်မျိုဝါးပြီးတော့ ချလိုက်တဲ့ အစာသစ်လို့ခေါ်တဲ့ ခွေးအန်ဖတ်နဲ့တူတဲ့ အဲဒီအစာတွေကို ပါစက ဝမ်းမီးအပူက ချက်ပြီးပေးလိုက်တော့ အခုနက ထမင်းအိုးကတက်လာတဲ့ အညှိတွေ, အဖတ်တွေလို နဖာချေးတွေ, မျက်ချေးတွေ, နှပ်ချေးတွေ, ချွေးတွေ အကုန်ထွက်လာတယ်၊ ထွက်မလာဘူးလား၊ (ထွက်လာပါတယ်ဘုရား)။

အဲဒါကို ပါဠိတော်က ဘယ့်နှယ်ပြသလဲ၊ ဒီခန္ဓာကိုယ်ကြီးထဲက ဘာတွေထွက်သလဲ—ဘုန်းကြီးတို့ မြန်မာပြေက ဘာတွေထွက်သလဲ—စိန်တွေထွက်တယ်၊ ကျောက်တွေထွက်တယ်၊ ရွှေတွေထွက်တယ်၊ ရတနာတွေမထွက်ဘူးလား၊ (ထွက်ပါတယ်ဘုရား)။

ဒီခန္ဓာကိုယ်ထဲက ရတနာဘယ်နှစ်ခုထွက်သလဲ—ဆရာဝန် အမျိုးသားတွေ, ဆရာဝန်အမျိုးသမီးတွေက ကြားဘူးမယ်၊ ဘာတွေထွက်သလဲဆိုတော့—

(၅) အထဿ နဝဟိ သောတေဟိ၊ အသုစိ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော။

(၆) သိင်္ဃာဏိကာ စ နာသတော၊ မုခေန ဝမတေ ကဒါ။
ပိတ္တံ သေမှဉ္စ ဝမတိ၊ ကာယမှာ သေဒဇလ္လိကာ။

အထ၊ ထိုမှတပါး။ အဿကာ ယဿ၊ သဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်၏။ နဝဟိ သော တေဟိ၊ ကိုးပေါက်ဒွါရ အမာဝတို့မှ။ (နှာခေါင်းပေါက်နှစ်ပေါက်, နားပေါက် နှစ်ပေါက်, မျက်စိပေါက်နှစ်ပေါက်, ပါးစပ်ပေါက်တပေါက်, ကျင်ကြီးပေါက်, ကျင်ငယ်ပေါက်နဲ့ ဆိုတော့ ဘယ်နှစ်ပေါက်လဲ၊ (ကိုးပေါက်ပါဘုရား) နဝဟိ သောတေဟိ၊ ကိုးပေါက်ဒွါရ အမာဝတို့မှ။ သဗ္ဗဒါ၊ နေ့နေ့ညည ခပ်သိမ်းသော ကာလ၌။ အသုစိ၊ မစင်

မကြွယ် ရွံရှာဖွယ်အစုသည်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ထွက်ကျကုန်၏။ (ကိံ သဝတိ၊ အဘယ်သို့ယိုစီး၍ ကျသနည်းဟူမူ)။ အက္ခိမှာ၊ မျက်စိနှစ်ဘက်မှ။ အက္ခိဂူထကော၊ မျက်ဝတ်မျက်ချေး အညစ်အကြေးသည်။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။ ကဏ္ဏမှာ၊ နားတွင်းနှစ်ဘက်မှ။ ကဏ္ဏဂူထကော၊ နဖာချေး အညစ်အကြေးသည်။ သဝတိ၊ တားဆီမရအောင် ယိုစီး၍ကျ၏။

သိင်္ဃာဏိကာ၊ နှာရည်နှပ်ချေး အညစ်အကြေးသည်လည်း။ ကေဒါ၊ တရံတခါ။ နာသတော၊ နှာခေါင်းနှစ်ဖက်မှ။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။ (နှာရေတွေ တသွင်သွင်ကျတယ်၊ တားဆီးလို့မရဘူး၊ ရွံစရာတွေ့, စက်ဆုပ်စရာတွေ)။ ကေဒါ၊ တခါတရံ။ သိင်္ဃာဏိကာ၊ နှပ်သည်။ မုခေန၊ ခံတွင်းဖြင့်။ ဝါ၊ ခံတွင်းမှ။ ဝမတိ၊ တစိစိတပွက်ပွက် ပျို့အန်၍ထွက်၏။ (ဒါတင်မကသေးဘူး)

ပိတ္တာဥ္စ၊ ဗဒ္ဓ, အဗဒ္ဓ နှစ်ဝသောသည်းခြေသည်ငင်း။ သေမှဥ္စ၊ သလိပ်သည်ငင်း။ (ဝါ-သေမှဥ္စ၊ ဝက်ချေးဘန် ပျစ်ချွဲရွက်ရည် ပုံပမည်သို့ ဖြူသည်အဆင်း တခွက်ခင်းမျှ အူတွင်းစာထက် စာနံ့သက်ကို ဆို့လျက်ဖုံးပိတ် သောသလိပ် အညစ်အကြေးသည်ငင်း)။ ကေဒါ၊ တရံတခါ၊ မုခေန၊ ခံတွင်းဖြင့်။ ဝါ၊ ခံတွင်းမှ။ ဝမတိ၊ တစိစိ တပွက်ပွက် ပျို့အန်၍ထွက်၏။ကာယမှာ၊ကိုယ်အလုံးမှ။ သေဒဇလ္လိကာ၊ ချွေးဆား အရေလွှာဖူ့ အညစ်အကြေးသည်။ သဗ္ဗဒါ၊ နေ့နေ့ ညည ခပ်သိမ်းကာလ၌။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။

ခန္ဓာကိုယ်ထဲက ထွက်လာတာတွေ ဘာတွေများ နှစ်သက်စရာရှိသလဲ- (မရှိပါဘုရား) အဲဒါတွေကြည့်သောအားဖြင့် ခန္ဓာကိုယ်ထဲက အထင်ကြီးစရာ တခုမှ မာန်မာနတက်စရာ မရှိဘူး၊ ထွက်လာတာတွေ အကုန်လုံးစွန့်ပစ်ရတာချည်းဘဲ၊ စက်ဆုပ်ရွံရှာဘွယ်တွေချည်းဘဲလို့ ဒီလိုမြတ်စွာဘုရား ပြတော်မူပါတယ်-ကာယဝိစ္ဆန္ဒနိယသုတ်မှာ။

နောက်ပြီးတော့ဘာတွေပြသေးသလဲ၊ အဲဒီလို ကိုယ်ခန္ဓာက ထွက်လာတာတွေ ကြည့်ပြီးတော့ နောက် ဘာကျန်သေးလဲ-လူမှာ အမြတ်ဆုံး ထားတဲ့ ခေါင်းမကျန်ဘူးလား၊ (ကျန်ပါတယ်ဘုရား) ဒီခေါင်းကို အမြတ်ဆုံး ဆိုပြီးတော့ ရှိခိုးတဲ့နေရာမှာတောင် ခေါင်းကို မနှိမ်ချနိုင်တာတွေ ရှိသေးတယ် မဟုတ်လား၊ ရှိခိုးတာ ခေါင်းကိုမနှိမ်ချဘူး၊ လက်ခလေးတင် ဦးချတယ်၊ ခေါင်းကတော့ အပေါ်မော့လျက်ဘဲ၊ ခေါင်းကို အမြတ်ဆုံး အင်္ဂါဆိုပြီးတော့ မြေကြီးထိအောင် ဘယ်တော့မှ မချဘူး၊ အဲဒီလို အမြတ်ဆုံးဆိုတဲ့ ခေါင်းပေါ်ကိုကြည့်လိုက်ပါအုံးတဲ့၊ ဘာတွေများထွက်မလဲဆိုတော့ မြတ်စွာဘုရားက-

(၇) အထဿ သုသိရံ သီသံ၊ မတ္ထလုင်္ဂဿ ပူရိတံ။
သုဘတော နံ မညတိ ဗာလော၊ အဝိဇ္ဇာယ ပုရက္ခတော။
(ဒီနေရာကျတော့ မတ္ထလုင် ပါလာပြန်ပြီ)

အထ၊ ထိုမှတပါး။ အဿကာယဿ၊ သဝိညာဏက ခေါ်ဆို ဤခန္ဓာကိုယ်၏။ သုသိရံ၊ အခေါင်းရှိသော။ သီသံ၊ ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ၊ ဦးနှောက်ဖြင့်။ (ဝါ–မတ္ထလုင်္ဂဿ၊ ဦးခံ့ထဲခေါင် မှိုခဲလှောင်သို့ ဆင်းရောင်ဖြူစွာ ဦးချာလေးဆက် လေးပုံဝက်သည် မုံ့ညက်စိုင်အတု ဦးနှောက်အစုဖြင့်။) ပူရိတံ၊ ရှုံဖွယ်လိလိ ပြည့်၍နေ၏။ ဗာလော၊ ပညာအန္ဓ လူ့ဗာလသည်။ နံ၊ ထိုမစင်မကြယ် ရွံဖွယ်အတိ ပြည့်၍နေသောကိုယ်ကို။ အဝိဇ္ဇာယ၊ အဝိဇ္ဇာတရားသည်။ ဝါ၊ အဝိဇ္ဇာတရားဖြင့်။ ပုရက္ခတော၊ ရှေးရှုပတ်ကုံး ဖုံးလွှမ်း ပိတ်ပင်အပ်သည်ဖြစ်၍။ သုဘတော၊ ငါ့ကိုယ်ကာယ တင့်တယ်စွာ့ ငါ၏ တင့်တယ်ခြင်းကား နိစ္စ တင့်တယ်ခြင်းဟူ၍။ မညတိ၊ တဏှာ, မာန, ဒိဋ္ဌိ အားဖြင့် အမှားမှားပင် မှတ်ထင်အောက်မေ့၏။

ဒီခန္ဓာကိုယ်ကို တင့်တယ်တယ်—တဏှာ၊ ငါတင့်တယ်တယ်–မာန၊ ငါ၏ တင့်တယ်ခြင်းသည် မပျက်စီးဘူး–ဒိဋ္ဌိ၊ အဲဒီလို တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ မညနာတရားနဲ့ အဝိဇ္ဇာတွေ ခြံရံထားသည်ဖြစ်သောကြောင့် ဒီလိုဘဲ ထင်နေတော့တာဘဲတဲ့၊ သဇ္ဇဝက အသုဘခန်းပြီးရောဆိုကြပါစို့ ဟုတ်လား၊ (မှန်ပါ)။

နိဇ္ဇီဝက အသုဘခန်း အနိဇ္ဇီဝက အသုဘခန်းကျတော့—

(၈) ယဒါ စ သော မတော သေတိ၊ ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ၊ အနပေက္ခာ ဟောန္တိ ဉာတယော။

ချစ်ခင်သူတွေစွန့်သွား ကျီးလင်းတစား (ဘာမှ အထင်ကြီးစရာ မလိုတော့ဘူး)။ ယဒါစ၊ အကြင် အခါ၌ကား။ သော–ကာယော၊ ထိုကိုယ်သည်။ (အာယုဥသ္မာ ဝိညာဏာပဂမေန၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, စိတ်ဝိညာဉ်တည်းဟူသော သုံးပါးသောတရားတို့ ကင်းသဖြင့်)။ မတော၊ စုတိပြတ်ကြွေ သေလွန်သည်ဖြစ်၍။ ဥဒ္ဓုမာတော၊ သေသည်မှနောက်၌ လေပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်ပွလျက်။ ဝိနီလကော၊ နဂိုရ်အဆင်း ပျက်ယွင်းယုတ်ယို မည်းညိုသောအဆင်းရှိသည်ဖြစ်၍။ သုသာနသ္မိံ၊ သူကောင်ပစ်ချ သုသာန်တစ သင်္ချိုင်းဝ၌။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ မသာခေါင်းဝယ် လျောင်းရလေ၏။ (ဘယ်မှာလဲ မာနတွေ၊ ဒီခန္ဓာကိုယ်ကို မှီပြီးတော့ ဖြစ်တဲ့မာနတွေ ဘယ်မှာလဲ၊ ဆုံးကုန်ပြီ မဟုတ်လား) တဒါ၊ ထိုအခါကာလ၌။ ဉာတယော၊ ချစ်လှပါတယ်, ခင်လှပါတယ်, ကျင်နာလှပါ

တယ်ဆိုတဲ့ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့သည်။ အနုပေက္ခာ၊ ထိုသူတဖန် ပြန်၍ အသက် မဆက်တော့ပြီ မှန်လှသည်ဟု ရှယ်ရည်ရိုးရင်း အပြီးတိုင်ငဲ့ကွက်ခြင်း ကင်းကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

ဘယ်သူက အထင် ကြီးသေးသလဲ၊ (မကြီးတော့ပါဘူး ဘုရား) ဟင်–ဟို တုန်းကတော့ တော်တော်ပညာတတ်တဲ့ ပုဂ္ဂိုလ်ကြီးဟာ ဟုတ်လား သူကဆရာ ဝန်ကြီး၊ သူက ဆရာဝန်မကြီး၊ သူက ဘီအေအောင်ကြီး၊ သူက ဘာဆရာတော် ကြီးဆိုပြီးတော့ အထင်ကြီးကြတယ် မဟုတ်လား၊ (မှန်ပါ) သေတော့ ဘယ့် နှယ်လဲ–အကုန်လုံး ပစ်ထားခဲ့ရတယ်၊ ဘယ်သူမှအထင်မကြီးတော့ဘူး၊ မာန်မာ နတွေ အကုန်ကျတယ်၊ တက်လာသရွေ့ မာန်မာနတွေ ဒီနေရာမှာ အကုန်လုံး ကျတယ်–ဒါသဘာ အသဘာ။

(၉) ခါဒန္တိ နံ သုဝါနာ စ၊ သိင်္ဂါလာ စ ဝကာ ကိမီ။
ကာကာ ဂိဇ္ဈာ စ ခါဒန္တိ၊ ယေ စညေ သန္တိ ပါဏိနော။

နံ–ကာယံ၊ ထိုသုသာန်တစ သင်္ချိုင်း၌ ပစ်ချအပ်သောကိုယ်ကို။ သုဝါနာစ၊ အိမ်ခွေး တို့သည်၎င်း။ သိင်္ဂါလာစ၊ မြေခွေး တောခွေး တို့သည်၎င်း။ ဝကာ၊ သစ်ကျုတ်တို့သည်၎င်း။ ကိမီ၊ ပိုးလောက်တို့သည်၎င်း။ ခါဒန္တိ၊ ခဲစား ကြကုန် ၏။ (ဒါတွေဘဲ စားကြတာဘဲ မဟုတ်လား၊ (မှန်ပါ)။ သူတို့ အစာတွေဘဲ မဟုတ်လား)။ ကာကာစ၊ ကျီးတို့သည်၎င်း။ ဂိဇ္ဈာစ၊ လင်းတ တို့သည်၎င်း။ အညေ၊ ဆိုအပ်ပြီးသည်မှ တပါးကုန်သော။ ယေစပါဏိနော၊ အကြင်အသား စား သစ်၊ ကျား၊ သိန်း၊ စွန်စသော သတ္တဝါတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေစ ပါဏိနော၊ ထိုသတ္တဝါ တို့သည်လည်း။ နံ၊ ထိုခန္ဓာ ကိုယ်ကို။ ခါဒန္တိ၊ ခဲစားကြကုန်၏။

အဲဒီလို အသုဘ သညာ တွေကို ရှုနေယင် မာန်မာနတွေ မကျဘူးလား၊ (ကျပါတယ်ဘုရား)။ စွဲလမ်းစရာ နှစ်သက်စရာတွေ ရှိသေးလား၊ (မရှိတော့ပါ ဘုရား) ရာဂတွေကျန်သေးသလား၊ (မကျန်တော့ပါဘုရား) ငါ့၊ ငါ့ဥစ္စာလို့ စွဲလမ်းစရာတွေ မကျန်တော့ဘူး။

(၁၀) သုတွာန ဗုဒ္ဓဝစနံ၊ ဘိက္ခု ပညာဏဝါ ဣဓ။
သော ခေါ နံ ပရိဇာနာတိ၊ ယထာဘူတဉှိ ပဿတိ။

ဣဓ၊ အံ့ဘွယ်ရှစ်ဖြာ ဤမြတ်စွာဘုရား သာသနာတော်၌။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော်ဖြစ်တဲ့ ဤဝိဇယသုတ် (တနည်း–ကာယဝိစ္ဆန္ဒ နိယသုတ်) တရားဒေသနာတော်ကို။ သုတွာန၊ အသင့်အားဖြင့် နာကြား ရသောကြောင့်။ ပညာဏဝါ၊ ဝိပဿနာ ဉာဏ်ပညာနှင့် ပြည့်စုံသော။

သောဘိက္ခု၊ ထိုပုထုဇဉ်, သေက္ခ ယောဂါဝစရ ရဟန်းသည်။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ပဿတိ၊ ဝိပဿနာ ဉာဏ် ပညာစက္ခုဖြင့် ရှုမြင်၏။ တသ္မာ၊ ထို့ကြောင့်။ နံ၊ ထိုကိုယ်ကို။ ပရိဇာနာတိ၊ ဉာတ,တီရဏ,ပဟာနအား ပရိညာသုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်လေ၏။

ရုပ်တရားတို့ရဲ့ ဖောက်ပြန်ခြင်းလက္ခဏာ ဉာတပရိညာ၊ မြဲလို့ဖောက်ပြန် တာလား, မမြဲလို့ဖောက်ပြန်တာလား၊ (မမြဲလို့ပါဘုရား) တီရဏပရိညာ၊ ဒါဖြင့် ငါ, ငါ့ဥစ္စာလို့ ယူစရာရှိသေးရဲ့လား၊ (မရှိပါဘူးဘုရား) ပဟာနပ ရိညာ- ဤပရိညာသုံးပါးတို့ဖြင့် ပိုင်းခြား၍သိသွားပြီ၊ သိတော့ -

(၁၁) ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။

တွင်းပြင်ကာယ (ဒီအနက် ကလေးကတော့ဖြင့် တော်တော်ကလေး မဂ်လေးဝဖြင့်ပယ်ရန် ကျယ်ကျယ်ဝန်းဝန်း ပေးဘို့ကောင်းပါတယ်၊ အဋ္ဌကထာ ဆရာတော်ကလဲ ဒီအနက်ကို ခပ်စုံစုံကလေးပေးဘို့ သူက ဖွင့်တယ်၊ ဒီတော့ ပြည့်စုံနိုင်သလောက်ပေါ့လေ ဟုတ်လား)။

ဣဒံ၊ အသက်ရှင်နေတဲ့ ဤအသုဘခန္ဓာကိုယ်သည်။ (အာယုဥသ္မာ ဝိညာ ဏာနုပဂမာ၊ ရုပ်နာမ်ဇီဝိတ ကမ္မဇတေဇော စိတ်ဝိညာဉ်တည်း ဟူသော သုံးပါးသောတရားတို့ မကင်းခြင်းကြောင့်။ စရတိ တိဋ္ဌတိ နိသီဒတိ သယတိ ယထာ၊ သွား, ရပ်, ထိုင်, လျောင်းသကဲ့သို့)။ တထာ၊ ထို့အတူ။ ဧတံ— တေရဟိသုသာနသယိတမ္ပိ၊ ယခုသုသာန်၌လျောင်းသည့် အသက်မဲ့ အသုဘ ကောင်သည်လည်း။ (ပုဗ္ဗေ၊ မသေမီ ရှေးအခါက။ ဧတေသံ၊ ထိုတရားသုံးမျိုး တို့၏။ အနုပဂမာ၊ မကင်းခြင်းကြောင့်။ စရဏာဒိဓမ္မံ၊ သွား, ရပ်, ထိုင်, လျောင်းခြင်း သဘောရှိသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။)

ဧတံ-တေရဟိမတသရီရံ၊ ယခုသေသော ထိုအဝိညာဏက အသုဘကောင် သည်။ (ဧတေသံဓမ္မာနံ၊ ထိုဆိုအပ်ပြီး တရားသုံးမျိုးတို့၏။ အပဂမာ၊ ချုပ်စဲ ပြတ်ကင်းခြင်းကြောင့်။ နစရဏာဒိဓမ္မံယထာ၊ သွား, ရပ်, ထိုင်, လျောင်းခြင်း သဘောမရှိသကဲ့သို့)။ တထာ၊ ထို့အတူ။ ဣဒံသဝိညာဏကမ္ပိ၊ ဤသဝိ ညာဏက အသုဘအကောင်သည်လည်း။ (ဧတေသံဓမ္မာနံ၊ ထိုဆိုအပ်ပြီး တရားသုံးမျိုး တို့၏။ အပဂမာ၊ ချုပ်စဲပြတ်ကင်းခြင်းကြောင့်။ နစရဏာဒိဓမ္မံ၊ သွား, ရပ်, ထိုင်, လျောင်းခြင်း သဘောမရှိသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့)။

(ဝေ၊ ဤသို့။ ပဋိပန္နော၊ ကျင့်သော။ ဘိက္ခု၊ သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မြင် ပညာရှင်သည်)။ အဇ္ဈတ္တဥ္စကာယေ၊ အတွင်းအဇ္ဈတ္တ ကိုယ်ကာယ၌၎င်း။ ဗဟိဒ္ဓါစကာယေ၊ အပြင် ဗဟိဒ္ဓကိုယ်ကာယ၌၎င်း။ ဆန္ဒံ၊ တွယ်တာငြိကပ် တပ်မက်ခြင်း ဆန္ဒရာဂကို။ ဝိရာဇယေ-ဝိရာဇေယျ၊ လေးပါး မဂ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ရှင်းကာ ကင်းကွာစေနိုင်ရာ၏။

အသုဘရှုနည်းကို မြတ်စွာဘုရားက ပြောနေတာ၊ အဲဒီလို ရှုပေးလိုက်တော့ သူဟာ အသိဉာဏ်တွေရပြီးတော့ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီးတော့ သေက္ခဘူမိ ပြပြီးတော့ အသေက္ခဘူမိကို မြတ်စွာဘုရား ပြလိုတဲ့အတွက်-

(၁၂) ဆန္ဒရာဂ ဝိရတ္တော သော၊ ဘိက္ခု ပညာဏဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒ မစ္စုတံ။

ဣဓ၊ အံ့ဘွယ်ရှစ်ဖြာ ဤမြတ်စွာဘုရား သာသနာတော်၌။ ဝါ၊ သဝိညာဏက-အဝိညာဏက, အဇ္ဈတ္တ-ဗဟိဒ္ဓဖြစ်သော ဤကိုယ်ကာယ၌။ ဆန္ဒရာဂ ဝိရတ္တော၊ တဏှာဆန္ဒ ဟူသမျှကို တစမကျန် ပယ်လှန်ဖြတ်ရှင်း ကင်းတော်မူပြီးသော။ ပညာဏဝါ၊ အရဟတ္တမဂ်ပညာရှိသော။ သောဘိက္ခု၊ ထို အရဟတ္တမဂ္ဂါနန္တရဖိုလ်သို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ အမတံ၊ သေခြင်း ကင်းသော။ ဝါ၊ အမြိုက်သုဒ္ဓါ အရသာသို့ လွန်စွာမွန်မြတ်သော။ သန္တိံ၊ သခ်ါရခပ်သိမ်း ငြိမ်းရာဖြစ်သော။ ဝါ၊သန္တိလက္ခဏာ ငြိမ်းလှစွာသော။ နိဗ္ဗာနံ၊ တဏှာမှလွတ်မြောက်ရာ ဖြစ်သော။ အစ္စုတံ၊ လျှောကျသက်ကြွေ စုတေရခြင်း အလျှင်းမရှိသော။ ပဒံ၊ မဂ်ဉာဏ်စသည်ဖြင့် ရောက်အပ်သော နိဗ္ဗာန်သို့။ အဇ္ဈဂါ၊ ရလေရောက်လေပြီ။

ဒီလို ရှုသွားယင် ဆန္ဒရာဂတွေကင်းပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်တဲ့၊ ဒီ ဒေသနာတော် အသေက္ခဘူမိကို ပြပြီးတဲ့နောက် နောက်ဆုံး နိဂုံးဂါထာ နှစ်ပုဒ်ဖြင့် မြတ်စွာဘုရားက ဒီ သုတ္တန်ကို နိဂုံးချုပ်ပါတယ်၊ ဘယ့်နှယ်ချုပ်တုံး—

(၁၃) ဒွိပါဒကောယံ အသုစိ၊ ဒုဂ္ဂန္ဓော ပရိဟာရတိ။
နာနာကုဏပပရိပူရော၊ ဝိဿဝန္တော တတော တတော။

ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော။ အယံ-ကာယော၊ ဤခန္ဓာကိုယ်သည်။ အသုစိ၊ မစင်မကြယ် ရွံဘွယ်အတိပြည့်၍ နေသည်ဖြစ်၍။ ဒုဂ္ဂန္ဓော၊ ပုပ်နံညှီဟောင်း ရနံ့မကောင်းသည်ဖြစ်၍။ ပရိဟာရတိ၊ ရေချိုးခြင်း, နံ့သာလိမ်းခြင်းစသည်ဖြင့် နေ့ဆက်ရက်စဉ် ပြုပြင် ဆောင်ရွက်၍ နေရ၏။ (အထ၊ ထိုသို့ နေ့ဆက်ရက်စဉ် ပြုပြင်ဆောင်ရွက်၍ ပေးနေပါလျက်)။ နာနာကုဏပ

ပရိပူရော၊ အထူးထူး အပြားပြား တပါးမက မျှားလှစွာတိ အပုပ်အတိ ပြည့်မြဲ ပြည့်၍နေ၏။ (ဘယ်လို ရေချိုးချိုး ဘယ်လို အမွှေးတွေ လိမ်းလိမ်း ပေါင်ဒါတွေ—မောင်မောင်တို့ ဘယ်လောက်ဘဲလိမ်းလိမ်း ပုပ်တာဘဲ၊ အပုပ်နဲ့ ပြည့်နေတာဘဲ) တဝော တဝော၊ ထိုထို ကိုးပေါက်ဒွါရ ဘမာဝခပင်း ဆံမွှေးတွင်းတို့မှ။ ဝိဿဝန္တော၊ နံ့သာလိမ်းကျံ ပန်းကိုပန်၍ ဖန်ဖန် ကြိုးကုတ် ဖုံးလွှမ်းရန်အားထုတ်သော်လည်း ပြုလုပ်သမျှ ကျိုးမရဘဲ ခေဋ္ဌတံတွေး မျက်ဝတ် ချွေးနှင့် နှပ်စေးနဖာ ရွံဖွယ်ရာတို့ မျှားစွာဓီးဓီး တတွေတွေယိုစီးလျက် ရှိနေလေတော့၏။

ဒီလိုရှုပါတဲ့ ဟုတ်လား၊ နောက်ဆုံးဂါထာလေးက ဘာတဲ့လဲ—

(၁၄) တောဒိသေန ကာယေန၊ ယော မညေ ဥဏ္ဏမေတဝေ။
ပရံ ဝါ အဝဇာနေယျ၊ ကိ မညတြ အဒဿနာ။

တောဒိသေန၊ ဤသို့မစင်မကြယ် ရွံဘွယ်အတိပြည့်၍နေသော။ ကာယေန၊ ကိုယ်ဖြင့်။ ဝါ၊ ကိုယ်ကြောင့်။ ယော၊ အမှတ်မထား ယောကျ်ား မိန်းမ အကြင်သို့သော လူ့ဗာလသည်။ ဥဏ္ဏမေတဝေ၊ မာန်တကြွားကြွား ငါတကား ဟု ထောင်လွှား ခြင်းငှာ။ မညေ—မညေယျ၊ တဏှာအားဖြင့် ငါ၏ကိုယ်, မာနအားဖြင့်ငါတကား, ဒိဋ္ဌိအားဖြင့် ငါ့ကိုယ်နိစ္စဟု တက်ကြွစိတ်ဝင် မှတ်ထင်လေရာ၏။ ပရံဝါ၊ သူတပါးကိုမူလည်း။ အဝဇာနေယျ၊ ဇာတိနာမ ဂေါတ္တ စသည် ထိုထိုသို့သောဂုဏ်ရည်ဖြင့် မထီမဲ့မြင် ရှုတ်ချရာ၏။ (အတြ၊ ထိုသို့ ကိုယ့်ကိုမြှောက်လျှင်း သူ့ကိုနှိပ်ခြင်း၌)။ အဒဿနာ၊ သစ္စာ လေးအင် အမှန် အတိုင်း မသိမမြင်ခြင်းကို။ အညတြ၊ မယူကြဉ်ဖဲ့ ရှောင်လွှဲဖယ်ရှား အလွှတ် ထား၍။ ကာရဏံ၊ အခြားတပါး အကြောင်း တရားသည်။ ကိံသိယာ၊ အဘယ်မှာလျှင် ရှိရာတော့အံ့နည်း။

ကောက်ရိတ်သမားဥပမာ ဤသို့ မြတ်စွာ ဘုရားသည် အသုဘ ဘာဝနာပွား နည်းကို ကာယဝိစ္ဆန္ဒနိယသုတ် တဆဲ့လေးဂါထာ တော်တို့ဖြင့် ဟောကြားတော် မူပါတယ်၊ အဲဒါကို ဥဒါန်း အဋ္ဌကထာက ဝိပဿနာရှုနေရင်း အသုဘ ဘာကြောင့်ပြောင်းရသလဲဆိုတော့ သူက ဥပမာ လေးပြထားတယ်၊ ဘယ့်နှယ်ပြသလဲဆိုတော့—

ကောဟိ ပုရိသော အသိတံ ဂဟေတွာ ကောဋ္ဌိတော ပဋ္ဌာယ သာလိခေတ္တေ သာလိယော လာယတိ။[၁]

၁။ ဥဒါန်းအဋ္ဌကထာ နှာ—၂၁၃။ အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယအုပ် နှာ—၂၅၇။

ဟိ၊ ဝိပဿနာရှုရင်း အသုဘ ပွားရတယ် ဆိုတာကို ဥပမာ ပြရမယ်ဆိုယင်။ ကောပုရိသော၊ ယောကျ်ားတယောက်သည်။ အသိတံ၊ တံစဉ်ကို။ ဂဟေတွာ၊ ကိုင်၍။ ကော္ဋ္ဌတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ သာလိခေတ္တေ၊ သလေးခင်း၌။ သာလိယော၊ သလေးစပါးတို့ကို။ လာယတိ၊ ရိတ်၍နေ၏။

ယောကျ်ားတယောက် တံစဉ်ကိုကိုင်ပြီးတော့ လယ်ခွက်ထဲမှာ ကောက်ရိတ်တယ်။

အထဿ ဝတိံ ဘိန္ဒိတွာ ဂါဝေါ ပဝိသိံသု °။

အထ၊ ထိုအခါ၌။ အဿ၊ ထိုလယ်ရှင်ယောကျ်ား၏။ ဝတိံ၊ စောင်ရမ်း ခြံစည်းရိုးကို။ ဘိန္ဒိတွာ၊ ဖျက်ဆီး၍။ ဂါဝေါ၊ နွားတို့သည်။ ပဝိသိံသု၊ ဝင်ရောက်၍ လာကြလေကုန်၏။

အဲဒီလို တံစဉ်ကိုင်ကောက်ရိတ်နေတုန်း လယ်ထဲနွားတွေဝင်လာတယ်၊ နွားတွေဝင်လာတော့ သူက—

သော အသိတံ ဌပေတွာ ယဋ္ဌိံ အာဒါယ တေနေဝ မဂ္ဂေန ဂါဝေါ နီဟရိတွာ ဝတိံ ပါကတိကံ ကတွာ ပုန အသိတံ ဂဟေတွာ သာလိယော လာယိ[၁]။

သော၊ ထိုလယ်သမား ကောက်ရိတ်သမားသည်။ အသိတံ၊ တံစဉ်ကို။ ဌပေတွာ၊ ချထားပြီးတော့။ ယဋ္ဌိံ၊ တောင်ဝှေးကို။ ဝါ၊ တုတ်ကို။ အာဒါယ၊ ယူ၍။ ဂါဝေါ၊ နွားတို့ကို။ တေနေဝမဂ္ဂေန၊ ထိုဝင်လာတဲ့ လမ်းအတိုင်းသာလျှင်။ နီဟရိတွာ၊ မောင်းထုတ်ပြီးတော့။ ဝတိံ၊ စောင်ရမ်းခြံစည်းရိုးကို။ ပါကတိကံကတွာ၊ ပကတေ့အတိုင်း ပြန်ကာပြီးတော့။ ပုန၊ တဖန်။ အသိတံ၊ တံစဉ်ကို။ ဂဟေတွာ၊ ကိုင်၍။ သာလိယော၊ သလေးကောက် စပါးတို့ကို။ လာယိ၊ရိတ်ပြန်တော့၏။

အဓိပ္ပါယ်က ဘာပြောသလဲ–အမျိုးသားတယောက် လယ်ခွက်ထဲမှာ တံစဉ်ကိုကိုင်ပြီးတော့ ကောက်ရိတ်တယ်၊ ဒီအခါမှာ ခြံစည်းရိုးကို ဖျက်ဆီးပြီးတော့ နွားတွေဝင်လာတယ်၊ ကောက်ရိတ်သမားသည် တံစဉ်ကိုခဏချထားပြီး တုတ်ကိုကိုင်ပြီးတော့ နွားတွေကို မောင်းထုတ်တယ်၊ ထုတ်ပြီးတော့မှ ခြံစည်းရိုးကို ပကတိအတိုင်း ပြန်ကာပြီးတော့ တုတ်ကိုချတယ်၊ တံစဉ်ကို ပြန်ကိုင်ပြီးတော့ ကောက်ကိုရိတ်တယ်တဲ့။

၁။ ဥဒါန်းအဋ္ဌကထာ နှာ-၂၁၃။ အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယအုပ် နှာ-၂၅၇။

အဲဒီ ဥပမာစကားရပ်၌ ဥဒါန်းအဋ္ဌကထာဆရာတော်က–

“တတ္ထ သာလိခေတ္တံ ဝိယ ဗုဒ္ဓသာသနံ ဒဋ္ဌဗ္ဗံ”။ တတ္ထ၊ ထိုဥပမာစကားရပ်၌။ ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သာသနာတော်မြတ်ကို။ သာလိခေတ္တံဝိယ၊ သလေးစပါးတော ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။လယ်ခွက်က မြတ်စွာသုရား သာသနာတော်နဲ့ တူတယ်၊ အဲဒါတချက်။

“သာလိလာယကော ဝိယ ယောဂါဝစရော”။ သာလိလာယကောဝိယ၊ လယ်ရိတ်ကောက်ရိတ် ယောကျ်ားကဲ့သို့။ ယောဂါဝစရော၊ ကမ္မဋ္ဌာန်းအလုပ်စီးဖြန်းအားထုတ်တဲ့ပုဂ္ဂိုလ်ကို။ ဒဋ္ဌဗ္ဗော၊ ရှုမှတ်အပ်၏။ ကမ္မဋ္ဌာန်းအားထုတ်တဲ့ပုဂ္ဂိုလ်က ဘာနဲ့တူသလဲ၊ (လယ်၌ကောက်ရိတ်တဲ့ လူနဲ့တူပါတယ်ဘုရား)။

“အသိတံ ဝိယ ပညာ”။ အသိတံဝိယ၊ တံစဉ်ကဲ့သို့။ ပညာ၊ ဝိပဿနာပညာကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

လာယနကာလော ဝိယ ဝိပဿနာယ ကမ္မကရဏကာလော။

လာယနကာလောဝိယ၊ ကောက်ရိတ်နေသော အခါကာလကဲ့သို့။ ဝိပဿနာယကမ္မကရဏကာလော၊ ဝိပဿနာအားထုတ်ခြင်းဆိုတဲ့ အချိန်အခါကာလကို။ ဒဋ္ဌဗ္ဗော၊ ရှုအပ်မှတ်အပ်၏။ ကောက်ရိတ်နေတာနဲ့ ဘာနဲ့တူသလဲ၊ (ဝိပဿနာအားထုတ်တာနဲ့တူပါတယ်ဘုရား) ဝိပဿနာရှုနေတာနဲ့တူတယ်။

“ယဋ္ဌိ ဝိယ အသုဘကမ္မဋ္ဌာနံ”။ တုတ်တောင်ဝှေးကဲ့သို့ အသုဘကမ္မဋ္ဌာန်းအာရုံကို မှတ်ရမယ်တဲ့၊ ပြီးတော့–

“ဝတိ ဝိယ သံဝရော”။ ခြံစည်းရိုးကဲ့သို့ စောင့်စည်းခြင်း– အာရုံကို စောင့်စည်းခြင်းကို မှတ်ရမယ်။

ဝတိံ ဘိန္ဒိတွာ ဂါဝီနံ ပဝိသနံ ဝိယ သဟသာ အပ္ပဋိသင်္ခါယ ပမာဒံ အာဂမ္မ ရာဂဿ ဥပ္ပဇ္ဇနံ။

ဝတိံ၊ ခြံစည်းရိုးကို။ ဘိန္ဒိတွာ၊ ဖျက်ဆီး၍။ ဂါဝီနံ၊ နွားတို့၏။ ပဝိသနံဝိယ၊ ဝင်လာသောအခါကာလကဲ့သို့။ သဟသာ၊ အဆောတလျင်။ အပ္ပဋိသင်္ခါယ၊ ပညာဉာဏ်ဖြင့်မဆင်ခြင်မိသောကြောင့်။ ပမာဒံ၊ မေ့လျော့ခြင်းကို။ အာဂမ္မ၊ အစွဲပြု၍။ ရာဂဿ၊ ရာဂတရား၏။ ဥပ္ပဇ္ဇနံ၊ ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

တရားအားထုတ်နေရင်း အမှတ်တမဲ့ ရာဂဝင်လာတာကိုတဲ့ လယ်ထဲနွားတွေဝင်လာတာနဲ့ တူတယ်လို့မှတ်ရမယ်။

အသိတံ ဌပေတွာ ယဋ္ဌိံ အာဒါယ ပဝိဋ္ဌမဂ္ဂေနေဝ ဂါဝေါ နီဟရိတွာ ဝတိံ ပဋိပါကတိကံ ကတွာ ပုန ဌိတဋ္ဌာနတော ပဋ္ဌာယ သာလိလာယနံ ဝိယ အသုဘကမ္မဋ္ဌာနေန ရာဂံ ဝိက္ခမ္ဘေတွာ ပုန ဝိပဿနာယ ကမ္မကရဏကာလော။[1] (ဒီလိုပြောတယ်)။

အသိတံ၊ တံစဉ်ကို။ ဌပေတွာ၊ ထား၍။ ယဋ္ဌိံ၊ တောင်ဝေးကို။ အာဒါယ၊ ယူ၍။ ပဝိဋ္ဌမဂ္ဂေနေဝ၊ နွားတို့ဝင်သော လမ်းအတိုင်းသာလျှင်။ ဂါဝေါ၊ နွားတို့ကို။ နီဟရိတွာ၊ မောင်းထုတ်ပြီးတော့။ ဝတိံ၊ စောင်ရမ်းခြံစည်းရိုးကို။ ပဋိပါကတိကံကတွာ၊ ပကတိအတိုင်းပြု၍။ ပုန၊ တဖန်။ ဌိတဋ္ဌာနတော၊ တည်ရှိသော နေရာဌာနမှ။ ပဋ္ဌာယ၊ စ၍။ သာလိလာယနံဝိယ၊ ကောက်ရိတ်ခြင်းကဲ့သို့။ အသုဘကမ္မဋ္ဌာနေန၊ အသုဘကမ္မဋ္ဌာန်းဖြင့်။ ရာဂံ၊ ရာဂကို။ ဝိက္ခမ္ဘေတွာ၊ ခွာ၍။ ပုန၊ တဖန်၊ ဝိပဿနာယကမ္မကရဏကာလော၊ ဝိပဿနာ အားထုတ်သော အခါကာလကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

လယ်ရိတ်တဲ့ယောကျ်ား ဥပမာပေးပြီးတော့ အသုဘကမ္မဋ္ဌာန်း ပွားများရပုံကို အဋ္ဌကထာက ဒီလိုညွှန်ပြပြီးတော့ ထားပါတယ်။

အဲဒီလို ဝိပဿနာတရား အားထုတ်နေရင်း ရာဂတွေ ဝင်လာပြီဆိုယင်, နှစ်သက်ဘွယ်ရာတွေ— သာယာဘွယ်ရာတွေ ဝင်လာယင် ဘယ့်နှယ်ရှုပစ်ရမလဲ— အသုဘကမ္မဋ္ဌာန်းကိုရှု—ရာဂပယ်ဘို့။

ဒါကြောင့် မြတ်စွာဘုရားက ဟောရင်းစွဲပါဠိတော်မှာ—

အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ[2]။

ရာဂဿ၊ စွဲလမ်းခြင်း, နှစ်သက်ခြင်းဆိုတဲ့ ရာဂကို။ ပဟာနာယ၊ ပယ်နိုင်စေခြင်းငှာ။ အသုဘာ၊ အသုဘဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားများအပ်၏။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေသေတိ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု

၁။ ဥဒါန်းအဋ္ဌကထာ နှာ-၂၁၄။
၂။ ဥဒါန်းပါဠိတော် နှာ-၁၂၀။

မေဃိယသုတ္တန်-စုဒ္ဒသမပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈-ရက်၊ ရန်ကုန်မြို့ သက်နှင်းကျွန်းလမ်း ဝေဘူရိပ်သာ ကျောင်းတိုက်၌ ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌ လာသော မေဃိယသုတ္တန် စုဒ္ဒသမပိုင်း တရားဒေသနာ။

(တရားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

မေတ္တာဘာဝနာခဏ်း

ဘုန်းတော်နေဝန်း လွှန်းတောက်ပတော်မူသော သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ရှင်မေဃိယမထေရ်ကို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အကျင့်ကောင်း ကျင့်ဝတ်ပဋိပတ်တရား (၉)မျိုး ဟောကြားပေးတော်မူပါတယ်၊နိဗ္ဗာန်ရောက်ကြောင်း တရား (၉)မျိုးတဲ့။

တရားကိုးမျိုး အဲဒီ နိဗ္ဗာန်ရောက်ကြောင်းတရား (၉) မျိုးက—

(၁) ကလျာဏမိတ္တ-မိတ်ကောင်းဆွေကောင်း ရှိခြင်း။

(၂) သီလ-ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံရခြင်း။

(၃) အဘိသလ္လေခိကာ-အပ္ပိစ္ဆကထာ, သန္တုဋ္ဌိကထာ စသော ကထာ ဆယ်မျိုးနှင့် ပြည့်စုံခြင်း။

(၄) အာရဒ္ဓဝီရိယ - အကုသိုလ်တရားများ ပယ်စွန့်ပြီးတော့ ကုသိုလ်တရားများ ပြည့်စုံဖို့ရန်အတွက် အားထုတ်အပ်သော လုံ့လဝီရိယ ရှိခြင်း။

(၅) ပညာ-ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ခွဲခြမ်းဝေဘန်၍ သိခြင်း ငှာစွမ်းနိုင်သော ဥဒယဗ္ဗယဂါမိနီပညာနှင့် ပြည့်စုံခြင်း။ ငါးပါး၊ အခုပြောခဲ့တာ ငါးပါးရှိသွားပြီ။

(၆-၉) အသုဘကထာ, မေတ္တာဘာဝနာ, အာနာပါနဿတိ, အနိစ္စသညာ၊ အဲဒီလေးပါးနဲ့ပေါင်းလိုက်တော့—ကိုးပါး။

အဲဒီ ကိုးပါးသောတရားတို့ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အစဉ်အတိုင်း ဟောကြားတော်မူလာခဲ့တာ ဒီကနေ့ ခုနှစ်ခုမြောက် ဖြစ်တဲ့ မေတ္တာဘာဝနာဆိုတဲ့ အပိုင်းကိုရောက်လာပြီ၊ အဲဒီ မေတ္တာဘာဝနာကို ပွားများဘို့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မေဃိယသုတ္တန်မှာ ဘယ့်နှယ်ဟောသလဲ—

မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ။[၁]

မေဃိ၊ ချစ်သားမေဃိယ။ ဗျာပါဒဿ၊ စိတ်ပျက်ခြင်း, စိတ်ကောက်ခြင်း, စိတ်ဆိုးခြင်း,တဦးနဲ့တဦးမကျေနပ်ဘူးဆိုတဲ့ ဗျာပါဒတည်းဟူသော ဒေါသကို။ ပဟာနာယ၊ ပယ်စွန့်နိုင်စေခြင်းအကျိုးငှာ။ မေတ္တာ၊ သတ္တဝါများ ချမ်းသာစေကြောင်း ကောင်းမြတ်သော စိတ်ထားရှိသော မေတ္တာဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

ဤသို့ မြတ်စွာဘုရား မေဃိယသုတ္တန်ကိုဟောတယ်၊ ချစ်သား မေဃိယ.... ရာဂတရားကို ပယ်စွန့်ဘို့ရန်အတွက် အသုဘဘာဝနာကို ပွားရမယ်လို့ ဟောကြားပြီးတဲ့ နောက်ပိုင်းမှာ စိတ်ပျက်ခြင်း, စိတ်ကောက်ခြင်း, စိတ်ဆိုးခြင်း, တဦးနဲ့တဦးမကျေနပ်ခြင်း, တစုံတခုသော သင်္ခါရ တရားကို မကျေနပ်ခြင်း, တစုံတခုသော ပုဂ္ဂိုလ်သတ္တဝါကို မကျေနပ်ခြင်းဆိုတဲ့ ဗျာပါဒခေါ် ဒေါသတရားကို ဖယ်ရှားနိုင်ဘို့ရန်အတွက် မေတ္တာဘာဝနာကို ပွားရမယ်တဲ့—မြတ်စွာဘုရားက။

ခန္တီနှင့်မေတ္တာ မေတ္တာဘာဝနာကို ပွားရမယ် ဆိုတော့ သင်္ဂဇာ ဆရာတော်ဘုရားကြီးက ဒီနေရာမှာ ဂါထာလေးတခု စီထားတယ်၊ ဘယ့်နှယ်စီထားသလဲဆိုတော့—

မေတ္တာလုကော ခမာသီလော၊ သဗ္ဗဋ္ဌာနေသု နိဗ္ဗယော။
ပရတ္ထ သတ္ထ မိဇ္ဈန္တော၊ ခန္တိံ မေတ္တဉ္စ ဘာဝယေ။

သိပ်ကောင်းတဲ့ဂါထာလေး၊ လောကီ အလုပ်ဘဲ လုပ်လုပ်, လောကုတ္တရာ အလုပ်ကိုဘဲလုပ်လုပ် မေတ္တာနဲ့ ခန္တီမပါယင် ဘယ်အလုပ်မှ မအောင်မြင်ဘူးတဲ့၊ သိပ်နေရာကျတယ်– အလုပ်တခုလုပ်မယ်ဆိုယင်—

စာသင်တာဘဲဖြစ်ဖြစ်, စာချတာဘဲ ဖြစ်ဖြစ်, တရားဟောတာဘဲ ဖြစ်ဖြစ်, လောကစီးပွားရေး—ကြီးပွားရေးလုပ်တာမှာဘဲဖြစ်ဖြစ်, လောကုတ္တရာ မဂ်ဖိုလ်ရရေး တရားကို ကြိုးစားပြီးတော့ ဝိပဿနာ အားထုတ်တဲ့ နေရာမှာဘဲဖြစ်ဖြစ် မေတ္တာနဲ့ ခန္တီမပါယင် မိမိလိုအပ်သော ကောင်းကျိုးတရားတွေ မပြည့်စုံနိုင်တဲ့ အပြင် ဘေးရန် အန္တရာယ်တွေနဲ့သာ တွေ့ကြုံတတ်တယ်တဲ့။

ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောတရားကို ကြိုးစားပွားများ အားထုတ်တဲ့နေရာမှာဖြစ်စေ, စာသင်တဲ့ နေရာမှာဖြစ်စေ, စာချတဲ့နေရာမှာဖြစ်စေ မိမိ အကျိုးစီးပွားနဲ့, သူတပါး အကျိုးစီးပွား—နှစ်ဦးသားတို့ရဲ့ အကျိုး

၁။ ဥဒါန်းပါဠိတော် နှာ–၁၂၀။

စီးပွားကိုပြည့်စုံအောင်ရွက်ဆောင်တဲ့ ပုဂ္ဂိုလ်ဆိုတာ အလုံးစုံသော အရပ်ဌာနတို့၌ ဘေးရန်ကင်းကွာ ချမ်းသာစေဘို့ရန်အတွက် မေတ္တာနဲ့ ခန္တိကို လက်ကိုင်ထားရမယ်။

မေတ္တာလုကော ခမာသီလော၊ သဗ္ဗဋ္ဌာနေသု နိဗ္ဘယော။
ပရတ္ထ သတ္တ မိစ္ဆန္တော၊ ခန္တိံ မေတ္တဥ္စ ဘာဝယေ။

မေတ္တာလုကော၊ မေတ္တာတရားကို ပွားများ အားထုတ်လေ့ ရှိသော။ ဝါ၊ မေတ္တာ မကြာမကြာပို့လေ့ရှိသော။ ခမာသီလော၊ သူတပါးတို့ရဲ့ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းကို သည်းခံခြင်းငှာ စွမ်းနိုင်သော အလေ့ ရှိသော။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သဗ္ဗဋ္ဌာနေသု၊ ခပ်သိမ်းဥဿုံ အလုံးစုံသော အရပ်ဌာနတို့၌။ နိဗ္ဘယော၊ ဘေးရန်ကင်းကွာ ချမ်းသာတတ်ပါ၏။ ပရတ္ထသတ္တမိစ္ဆန္တော၊ (ပရတ္ထံ+သ+အတ္ထံ+ဣစ္ဆန္တော) မိမိအကျိုးစီးပွား, သူတပါးတို့အကျိုးစီးပွားကိုအလိုရှိသော။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ခန္တိဉ္စ၊ သည်းခံခြင်း ဆိုတဲ့ ခန္တိကိုရင်း။ မေတ္တဉ္စ၊ သတ္တဝါတွေ ကျန်းမာစေကြောင်း စိတ်ကောင်း စေတနာ ကောင်း ထားတယ် ဆိုတဲ့ မေတ္တာတရားကိုရင်း။ ဘာဝယေ၊ ပွားများအားထုတ် ကြိုးကုတ်ရာ၏။

ဤသို့ သင်္ဂဇာဆရာတော်ဘုရားကြီးက ဂါထာတခု စီကုံးပြီးတော့ ဟော ထားတာရှိတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များ အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, အရပ်ဆယ်မျက်နှာ ဘယ်အရပ်ကို သွားသွား ဘယ်အရပ်မှာဘဲနေနေ စိတ်ချမ်းချမ်းသာသာ ဘေးရန်အန္တရာယ် တွေ ကင်းကွာပြီးတော့ နေချင်တယ်ဆိုယင် ကိုယ့်မှာ ဘာလက်နက် ရှိရမလဲ၊ (မေတ္တာနဲ့ ခန္တိလက်နက်ပါဘုရား)။

မေတ္တာတရားနဲ့ ခန္တိ-သည်းခံနိုင်တယ်ဆိုတဲ့ တရားနှစ်ပါးရှိနေယင် ဒီပုဂ္ဂိုလ် ဘယ်နေရာသွားသွား ဘယ်နေရာမှာဘဲနေနေ ဘေးရန် အန္တရာယ် ကင်းနိုင် တယ်--တဲ့။

မြတ်ဘုရားနှင့်အာဠဝက ဒါကြောင့် မေတ္တာတရား ကြိုးစားပြီးတော့ ပွားရ မယ်၊ ခန္တိကြိုးစားပြီးတော့ လက်ကိုင်ထားရမယ်၊ သဗ္ဗဋ္ဌာနေသု၊ ခပ်သိမ်းဥဿုံ အလုံးစုံသော အရပ်ဌာနတို့၌။ နိဗ္ဘယော၊ ဘေးရန် ကင်းကွာ ချမ်းသာတတ်ပါပေ၏။ မေတ္တာနဲ့ ခန္တိကို လက်တွေ့ကျင့်သုံးနေတဲ့ အတွက် အလုံးစုံသောအရပ်ဌာနတို့၌ ဘေးရန်ကင်းကွာ ချမ်းသာပုံ ကလေးကို သက်သေထုတ်ပြရမယ်ဆိုယင်--

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အာဋ္ဌာဝကဘီလူးကြီးရဲ့ ဗိမာန်ထဲဝင်နေတယ်ဆိုတာ အားလုံး သိကြတယ်မဟုတ်လား၊ ဘုန်းကြီးတို့လဲ တလောကဟောထားတဲ့ အာဋ္ဌာဝကသုတ္တန်ဟာ ကြိုးသွင်းပြီးသားလဲ ရှိတယ်၊ အာဋ္ဌာဝကဘီလူးကြီးရဲ့ ဗိမာန်ထဲ သဗ္ဗညု မြတ်စွာဘုရား ဝင်ရောက်နေပြီလို့ ဆိုတော့ အာဋ္ဌာဝကဘီလူးကြီးက ဒေါသတွေထွက်ပြီးတော့—

"နိက္ခမ သမဏ" အိုရဟန်း....ငါ့ဗိမာန်ထဲက သင်အခုချက်ချင်း ထွက်သွားလိုက်လို့ ဆိုတော့ သဗ္ဗညုမြတ်စွာဘုရားက "သာဓာဝုသော့တိ ဘဂဝါ နိက္ခမိ" ကောင်းပါပြီတကာ—ဆိုပြီး ဗိမာန်ကထွက်သွားတယ်၊ ဗိမာန်ထဲက ထွက်လို့မှ အပြင်ရောက်ခါစ ရှိသေး "ပဝိသ သမဏ"—အိုရဟန်း....ဗိမာန်ထဲ ပြန်ဝင်အုံး ဆိုတော့ "သာဓာဝုသော့တိ ဘဂဝါ ပါဝိသိ"—ကောင်းပါပြီတကာလို့ ဆိုပြီး မြတ်စွာဘုရားက ပြန်ဝင်တယ်၊ အဲဒီလိုချည်းဘဲ ထွက်လိုက်အုံး၊ ပြန်ဝင်အုံးနဲ့ သုံးကြိမ်လောက်ပြောတယ်၊ ပြောသလိုဘဲ မြတ်စွာဘုရားကလဲ မေတ္တာတရား၊ မဟာကရုဏာတရားနဲ့ သည်းခံပြီးတော့ ဝင်လိုက်၊ ထွက်လိုက်နဲ့ လုပ်ပေးရရှာတယ်။

သည်းခံတယ်ဆိုတာ မေတ္တာမသက်ရောက်ယင် ဘယ်လိုမှ သည်းမခံနိုင်ဘူး၊ တယောက်ကို တယောက်က သည်းခံတယ် ဟုတ်လား၊ သားတွေ၊ သမီးတွေ ဆိုးဝါးတာကို မိဘက သည်းခံတယ်ဆိုတာ ဘာပြုလို့ သည်းခံသလဲ—မေတ္တာကြောင့်၊ သူများကသာ—မေတ္တာမရှိတဲ့လူကသာ ဆိုးရွားကြည့်စမ်းပါလား သည်းမခံဘူးပြန်ပြောတာဘဲဟုတ်လား၊ အဲ—သည်းခံတယ်ဆိုတာ ဘယ်သူ့ကြောင့်လဲ မေတ္တာကြောင့်၊ မေတ္တာကလဲ ဘယ်သူ့ကြောင့် ဖြစ်သလဲ- သည်းခံနိုင်လို့ မေတ္တာဖြစ်ရတာ။

အဲဒါကြောင့် သည်းခံခြင်းဆိုတဲ့ တရားနဲ့ မေတ္တာတရားကို တွဲပြီးတော့ ဆရာတော်ဘုရားကြီးက ဂါထာလေး စီပြီး ဟောထားတာဖြစ်ပါတယ်၊ ကိုယ့်ပရိသတ်ကလဲ သိပ်ပြီးတော့ ချမ်းသာချင်ကြတယ်၊ ဘေးရန်အန္တရာယ်လဲသိပ်ပြီး တော့ကင်းချင်ကြတယ်၊ဒီတော့ ကိုယ်ချမ်းသာချင်ယင် ကိုယ့်ကိုယ်ကို ခြေဉ်-ငါဟာ ဘေးရန်ကင်းချင်တယ်၊ ချမ်းသာချင်တယ်ဆိုယင် ကိုယ်က မေတ္တာပွားရမယ်၊ သည်းခံရမယ်။

သည်းမခံနိုင်ယင် မေတ္တာမပွားနိုင်ဘူး၊ မေတ္တာမပွားနိုင်ယင် ဘေးမကင်းဘူး၊ အန္တရာယ်မကင်းဘူး၊ ဒီတော့ အစစအရာရာ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ကိုယ်ကသည်းခံရမယ်၊ မေတ္တာရှေ့ထားရမယ်၊ သည်းခံရမယ်၊ မေတ္တာရှေ့ထားရမယ်- ဒီတရားနှစ်လုံးကိုတော့ဖြင့် လက်ဝဲဘက်ကတဘက်၊ လက်ျာဘက်က တဘက် နာနာကြီးဆုပ်ထားကြ- ဘုန်းကြီးတို့ပရိသတ်။

သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အဲဒီလိုဘဲ အာဠဝကဘီလူးကြီးရဲ့ ဗိမာန်ထဲမှာ မေတ္တာနဲ့ခန္တိဆိုတဲ့ တရားနှစ်ပါးကို နာနာကြီးလက်ထဲဆုပ်ထားပြီးတော့ ဘီလူးကြီးက ဝင်အုံးဆိုဝင်လိုက်, ထွက်အုံးဆိုထွက်လိုက်လုပ်တယ်၊ ဘယ်လိုမှပြောမရတဲ့အခါကျတော့ အာဠဝကဘီလူးကြီးက လက်နက်ကြီးကိုးပါးနဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ပစ်ခတ်တယ်။

အဲဒီလိုပစ်ခတ်ပေမဲ့ အာဠဝကဘီလူးကြီး ပစ်လိုက်တဲ့ အထူးထူးသောလက်နက်တွေဟူသရွေ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို နှင်းပေါက်လောက်မျှ မထိပေဘူးတဲ့-မထိဘူး မြတ်စွာဘုရားကို၊ နောက်ဆုံးမှာ အာဠဝကဘီလူးကြီး ပစ်လိုက်တဲ့ ဘွဲ့ဖြူလက်နက်ဆိုတာ ဘယ်လောက်ကောင်းသလဲလို့၊ ကောင်းကင်ကိုပစ်လိုက်ယင် အဲဒီပစ်လိုက်တဲ့ နေရာမှာ တဆဲ့နှစ်နှစ်လုံးလုံး မိုးမရွာနိုင်ဘူးတဲ့၊ ဘယ်လောက်စွမ်းတဲ့ ဘွဲ့ဖြူလက်နက်လဲလို့၊ မြေကြီးကျလို့ရှိယင် အဲဒီနေရာမှာ မြက်ကိုမပေါက်တော့ဘူတဲ့။

အင်း–ဒီခေတ်အနုမြူဗုံးတွေလိုနဲ့ တူတယ်၊ အဲဒါလောက်ဆိုးဝါးတဲ့လက်နက်ကြီးကို ပစ်လိုက်ပေမဲ့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မထိဘူး၊ ဘာလက်နက်မှမထိဘူး၊ ဘာဖြစ်လို့လဲ– မြတ်စွာဘုရားက ဘာလက်နက်နဲ့မှ ခုခံတာမဟုတ်ဘူးနော်၊ ဘာနဲ့ခံထားသလဲ- မေတ္တာရယ်, ခန္တိရယ်– ဒီတရားနှစ်လုံးနဲ့သာ ကြံ့ကြံ့ခံပြီးတော့ထားတယ်၊ ဘယ်လိုဘဲ သူများက နှိပ်စက်နှိပ်စက်၊ ဟိုမာရ်နတ်ကြီး လာစစ်တိုက်တုန်းကလဲ ဒီလိုဘဲမဟုတ်လား။

ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ မာရ်နတ်ကြီးလာပြီးတော့ စစ်သည်တော်တွေနဲ့ စစ်တိုက်တုန်းကလဲဘဲ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ ဒီလိုဘဲ ခန္တိနဲ့မေတ္တာနဲ့ဘဲ တိုက်ဖျက်တာဘဲ ဟုတ်လား၊ အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သူတပါးက ဘယ်လိုဘဲနှိပ်စက်နှိပ်စက်, ဘယ်လိုဘဲ လက်နက်တွေအမျိုးမျိုးနဲ့ ဘယ့်နှယ်ဘဲလုပ်လုပ် ခန္တိနဲ့ မေတ္တာရှိယင် ဒီလိုလက်နက် ကိုယ့်အပေါ်မရောက်ဘူး၊ လက်နက်ကွင်းနိုင်တယ်၊ နောက် မေတ္တာအကျိုးတဆဲ့တမျိုးကို ဟောကြားတဲ့အခါကျတော့လဲ ဒီအချက်ကလေး ပါလာလိမ့်အုံးမယ်။

သတ္တဝါနှင့်သင်္ခါရတို့၌သည်းခံ အဲဒီလို မေတ္တာနဲ့ခန္တိကို လက်ကိုင်ထားပြီးတော့ တရားကြိုးစားပြီး အားထုတ်ရမယ်လို့ မေတ္တာပွားဘို့ ရှေးဦးစွာသည်းခံပါ၊ သည်းမခံနိုင်ယင် မေတ္တာပွားလို့ရပါ့မလား၊ ဘယ်နည်းနဲ့မှ မေတ္တာပွားလို့မရဘူး၊ ဒီတော့ ရှေးဦးစွာသည်းခံရမယ်၊ ဘာတွေကို သည်းခံရမလဲ– သတ္တဝါသင်္ခါရကို။

သတ္တဝါတွေကို မကျေနပ်ဘူးဆိုတာ သည်းခံရမယ်၊ သင်္ခါရတရားတွေပေါ်မှာ သင်္ခါရတရားဆိုတာ ကိုယ့်သက်နဲ့ကိုတောင် ကိုယ်တခါတရံ စိတ်ပျက်နေတယ်၊ စာအုပ်ပေတဲ့ တခါတလေစိတ်ပျက်ချင်ပျက်နေတယ်၊ ဖောင်တိန်ပေတဲ့ စိတ်ပျက်ချင်ပျက်တယ်-စသည်ဖြင့်ပေါ့လေ ဟုတ်လား၊ အဲဒီသတ္တဝါ၊ သင်္ခါရတရားတွေပေါ်မှာ စိတ်ပျက်မှု၊ စိတ်ညစ်မှု၊ စိတ်ဆိုးမှု၊ ရန်လိုမှု၊ ရန်ထောင်မှုတွေ အဲဒီ တရားတွေအကုန်လုံး ကိုယ်ကသည်းခံရမယ်၊ သူတပါးကဲ့ရဲ့တာ သည်းခံနိုင်ရမယ်၊ သူတပါးချီးမွမ်းတာကိုလဲ သည်းခံနိုင်ရမယ်။

ချီးမွမ်းတာကို သိပ်ပြီးတော့ ဝမ်းမြောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ကဲ့ရဲ့လာကြပြီဆိုတော့ သိပ်ပြီးတော့ တုန်လှုပ်တယ်၊ သိပ်ပြီးတော့ ထိခိုက်တယ်၊ သိပ်ပြီးတော့ ပင်ပန်းတယ်၊ ဒီတော့ ချီးမွမ်းတာကိုလဲ ဝမ်းမမြောက်အောင် သည်းခံရမယ်၊ ကဲ့ရဲ့တာကိုလဲ ဝမ်းမနည်းနိုင်အောင် သည်းခံ တတ်ရမယ်၊ ပြောချင်တာ ပြောပစေ၊ ချီးမွမ်းချင်သရွေ့ ချီးမွမ်းပစေ၊ ကဲ့ရဲ့ချင်သရွေ့ ကဲ့ရဲ့ပစေ ဘာလုပ်ရမလဲ-သည်းခံရမယ်။

သည်းခံပြီးတော့ အဲဒီ ကဲ့ရဲ့တဲ့ ပုဂ္ဂိုလ်တွေကော ချီးမွမ်းတဲ့ ပုဂ္ဂိုလ်တွေကိုကော နှစ်ထွေမရှိ ထပ်တူထားပြီးတော့ မေတ္တာပွားနိုင်ရမယ်၊ ကဲ့ရဲ့တဲ့လူကို မေတ္တာမပွားနိုင်ဘူး၊ ချီးမွမ်းတဲ့လူကိုသာ မေတ္တာပွားနိုင်မယ်ဆိုယင် ဒီမေတ္တာဟာ ပြည့်စုံတဲ့ မေတ္တာ မဟုတ်သေးဘူး၊ ကဲ့ရဲ့တဲ့လူနဲ့ ချီးမွမ်းတဲ့လူကို ထပ်တူထားပြီးတော့ မေတ္တာပွားနိုင်ရမယ်။

ဒေါသ၏အပြစ်တရားများ အဲဒီလို မေတ္တာပွားပုံကို သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဟောကြားတော်မူတော့မယ်ဆိုတော့ ရှေးဦးစွာ ဘာလုပ်ရမလဲ၊ မေတ္တာရဲ့ဆန့်ကျင်ဘက်တရားဟာ ဘယ်သူလဲ-ဒေါသ၊ မေတ္တာရဲ့ဆန့်ကျင်ဘက်က ဘယ်သူတဲ့လဲ၊ (ဒေါသပါဘုရား) ဒီတော့ မေတ္တာပွားတော့မယ်လို့ဆိုယင် ဟောဒီ ဒေါသရဲ့အပြစ်တွေကို ရှေးဦးစွာ မြင်အောင်ကြည့်ရမယ်၊ ပြီးတော့ အခုနင်က မေတ္တာနဲ့ တွဲထားတဲ့ ခန္တီရဲ့အကျိုး အာနိသံသတွေကိုလဲဘဲ ဆင်ခြင်ပေးရမယ်။

ဩော်-ဒေါသတရားများ ဒါလောက်ဆိုးပါလားလို့ဆိုတာကို ကိုယ်ကနှလုံးသွင်းနိုင်ယင် ကိုယ့်သန္တာန်မှာဒေါသပယ်ရှားတယ်၊ ခန္တီရဲ့ အကျိုးတရားတွေ ဒါလောက်တိုးပွားပါလားလို့ ကြည့်လိုက်ယင် ကိုယ့်သန္တာန်မှာ ခန္တီသဘောတွေ သက်ဝင်လာမယ်။

အဲဒီလို ဒေါသကိုပယ်ရှား၊ ခန္တီဆိုတဲ့တရားကို လက်ကိုင်ထားပြီး တော့မှ သတ္တဝါများကိုမေတ္တာပွားရတယ်တဲ့၊ဒါဖြင့် ဒေါသရဲ့အပြစ်တွေကဘာတွေလဲ-

ဒုဋ္ဌော ခေါ အာဝုသော ဒေါသေန အဘိဘူတော ပရိယာဒိန္နစိတ္တော ပါဏမ္ပိ ဟနတိ၊ ပရမ္ပိ သမာဒပေတိ။

အာဝုသော၊ ငါ့ရှင်။ ဒုဋ္ဌော၊ ဒေါသကြီးသော ပုဂ္ဂိုလ်သည်။ ဒေါသေန၊ မိမိမှာရှိသော ဒေါသသည်။ အဘိဘူတော၊ လွှမ်းမိုးနှိပ်စက်အပ်သည် ဖြစ်၍။ ပရိယာဒိန္နစိတ္တော၊ မိမိရဲ့ပကတိဖြူစင်သော စိတ်ဓာတ်တရားကို ဒေါသက ကုန်ခန်းအောင် ပြုလုပ်စေတတ်သည်ဖြစ်၍။ ပါဏမ္ပိ၊ သတ္တဝါကိုလည်း။ ဟနတိ၊ သတ်၏။ ပရမ္ပိ၊ သူတပါးကိုလည်း။ သမာဒပေတိ၊ သတ်အောင် တိုက်တွန်း နှိုးဆော်၍ ပေး၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပကတိဖြူစင်နေတဲ့ စိတ်ဓာတ်ကို ညစ်နွမ်းအောင်, ပျက်စီးအောင်လုပ်တာ ဘယ်သူလဲ–ဒေါသ၊ ဒေါသသည် မိမိ ပကတိဖြူစင်နေတဲ့စိတ်ကို ပျက်စီးအောင်, ညစ်နွမ်းအောင် ပြုလုပ်ပြီးတော့မှ ဖြူစင်တဲ့ စိတ်ကောင်းကလေးတွေ ပျက်စီးကုန်ပြီဆိုတော့မှ ဒေါသခေါ်တဲ့ မကောင်းတဲ့စိတ်ကြီးက တခါထဲ လွှမ်းမိုးပြီးနှိပ်စက်တော့တယ်၊ သူတပါးအသက်လဲ အသတ်ခိုင်းတော့တယ်၊ သူတပါးကိုလဲ သူများအသက်သတ်အောင် သူတိုက်တွန်းပေးတယ်၊ ဘယ်သူက တိုက်တွန်းပေးသလဲ၊ (ဒေါသကပါဘုရား)။

ဒေါသဖြစ်လာပြီဆိုယင် သူတပါးကိုစိတ်ဆိုးမယ်ဆိုယင် ကိုယ်အရင်မျက်နှာမပျက်ရဘူးလား၊ (ပျက်ရပါတယ်ဘုရား) သူတပါးကို စိတ်ဆိုးပြီဆိုယင် ကိုယ်အရင် မပင်ပန်းရဘူးလား၊ (ပင်ပန်းရပါတယ်ဘုရား) ဘယ်သူ နှိပ်စက်လို့လဲ၊ (ဒေါသကပါဘုရား) သူများဘယ့်နှယ်မှ မလုပ်ရသေးဘူး–နော်၊ သူတပါးက ကိုယ့်ကိုဘာမှ မလုပ်သေးဘူး နော်၊ (မှန်ပါ)။

ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ကိုယ်ကကိုဘဲ အသားအသွေးတွေ ဆတ်ဆတ်တုန်ပြီးတော့ နဂိုက ကြည်ကြည်လင်လင် လှလှပပ ရှိတဲ့ မျက်နှာဟာ တခါထဲပျက်စီးပြီးတော့ မျက်နှာကို ရှုံ့မဲ့ပြီးတော့ မဲသဲပြီးတော့ ဟာ–ကြည့်လို့မကောင်းတဲ့မျက်နှာကြီး ဖြစ်လာတယ် ဟုတ်လား၊ ဒေါသဖြစ်လာပြီဆိုယင် မိမိကရှေးဦးစွာ မိမိအဆင်းလဲပျက်စီးတယ်၊ မိမိစိတ်လဲပျက်စီးတယ်၊ မိမိရုပ်လဲ ပျက်စီးတယ်၊ မိမိပျက်စီးပြီးတော့ သူတပါးတွေကို သူဖျက်ဆီးတော့တယ်-တဲ့။

ဤသို့ ဒေါသ အပြစ်ကိုမြင်အောင် ကြည့်ရမယ်၊ ဒြော်—ဒေါသဖြစ်လာယင် ငါအရင်ပျက်စီးတာပါကလား၊ ငါ့ရဲ့ အကျိုးစီးပွားတွေ အရင်ပျက်စီးတာပါကလားလို့ အဲဒီလို နှလုံးသွင်းပြီးတော့ ဒေါသကို ပယ်ရှား မေတ္တာ ပွားရမယ်။

ဒါတင်လားဆိုတော့ မကသေးဘူး၊ ဣတိဝုတ်ပါဠိတော်များမှာ **အန္တရာမလ** သုတ္တန်လို့ ဟောထားတာရှိတယ်။

ဒေါသော ဘိက္ခဝေ အန္တရာမလော အန္တရာအမိတ္တော အန္တရာ
သပတ္တော အန္တရာဝဓကော အန္တရာပစ္စတ္ထိကော။ [၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဒေါသော၊ ဒေါသသည်။ **အန္တရာမလော**၊ အတွင်းကဖြစ်တဲ့ အညစ်အကြေး တရားမည်၏။ **အန္တရာ-အမိတ္တော**၊ အတွင်းကဖြစ်တဲ့မချစ်သူ (မုန်းသူ) မည်၏။ **အန္တရာသပတ္တော**၊ အတွင်းကဖြစ်တဲ့ ရန်သူမည်၏။ **အန္တရာဝဓကော**၊ အတွင်းက ဖြစ်တဲ့ သူသတ် သမားမည်၏။ **အန္တရာပစ္စတ္ထိကော**၊ အတွင်းကဖြစ်တဲ့ ဆန့်ကျင်ဘက် ရန်သူ မည်၏။

ဒေါသဟာ အတွင်းကသတ်နေတာ၊ အပြင်ကရန်သူတွေသတ်တယ်ဆိုတာက ရှောင်လို့လွဲလို့ရသေးတယ် မဟုတ်လား၊ (ရပါတယ်ဘုရား) ဒေါသ တရား သတ်ပြီဆိုတော့ သူ့ကိုရှောင်လို့မရဘူး၊ ဒေါသတွေကြီးကြီးပြီးတော့ တချို့ များ ဒေါသတွေအားကြီးပြီး တက်ချက်ပြီးတော့ တခါထဲသေရော၊ ဒေါသ ဟုတ်လား။ ဒေါသော၊ ဒေါသသည်။ **အန္တရာဝဓကော**၊ **အတွင်းက** မိမိကိုယ် ကို သေစေအောင် သတ်တဲ့ရန်သူမည်၏။

ဒါက လူအသက်သတ်တာ၊ ဟိုကုသိုလ်ကောင်းမှုတည်းဟူသော တရားတွေ ကို သတ်ဖြတ်ပစ်တာလဲ ရှိသေးတယ်–ဒေါသက၊အဲဒီ ကုသိုလ်ကောင်းမှုတွေကို သတ်ဖြတ်ဖျက်ဆီးပစ်တာလဲဘဲ ဘယ်သူတုံး၊ (ဒေါသပါဘုရား)အတွင်းကဖြစ်တဲ့ ရန်သူလို ဒေါသကိုဤသို့နှလုံးသွင်းပြီးတော့ ဩော်–ဒါလောက်ကြီးတဲ့ရန်သူကြီး ပါလားဆိုပြီးတော့ ကိုယ့်မှာဒေါသအဖြစ်မခံနဲ့၊ **ဒေါသကိုပယ်ရှား။**

ဒေါသဖြစ်မဲ့ကြုံယင် ဩော်–ဒေါသတော့ဖြစ်တော့မယ်၊ ဖြစ်ယင် ဒီဒေါသ ဟာ ငါ့ရဲ့ရန်သူကြီးဘဲ၊ အတွင်းကရန်သူကြီးတော့ လာပြီဆိုပြီး ချက်ချင်း သူ့ကိုနှိမ်နင်းပစ်ရမယ်၊ ဘာနဲ့နှိမ်မလဲ–ဒေါသကို၊ မေတ္တာနဲ့နှိမ်ပါတဲ့၊ ဒေါသ ကိုနိုင်တာ ဘယ်သူတုံး၊ (မေတ္တာပါဘုရား)

ဒေါသက ဘာနဲ့တူသလဲဆိုတော့ မီးနဲ့တူတယ်၊ မေတ္တာက ရေစင်ရေ ကောင်းနဲ့တူတယ်၊ ဒေါသတည်းဟူသော မီးတောက်ကြီးကို ရေစင်ရေကောင်း နဲ့ နိုင်အောင်သာလောင်းမယ်ဆိုယင် ဘယ့်နှယ်တုံး–ဒီဒေါသမီးဟာ မသေဘူး လား၊ (သေပါတယ်ဘုရား) နဲနဲလောင်းလို့တော့မရဘူး။

၁။ ဣတိဝုတ်ပါဠိတော် နှာ-၂၅၂၊

ဒေါသသိပ်အားကြီးလို့ နဲနဲကလေး မေတ္တာနဲ့လောင်းလို့တော့ မရဘူး၊ ဒေါသက တော်တော်လေးကြီးလာပြီဆိုယင် မေတ္တာကလဲ အားအင်မတန်ကြီးတဲ့ မေတ္တာနဲ့လောင်းလိုက်ရမယ်၊ အဲဒီလို မေတ္တာရေနဲ့ လောင်းလိုက်ယင် ဒီဒေါသတွေဟာ ပျက်စီးကုန်တယ်၊ ဒီဒေသနာတော်မှာဘဲ ဘာဟောထားသလဲ ဆိုတော့—

အနတ္ထဇနနော ဒေါသော၊ ဒေါသော စိတ္တပ္ပကောပနော။
ဘယ မန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။[၁]

ဣတိဝုတ်ပါဠိတော်များ- အင်္ဂုတ္တိုရ်ပါဠိတော်များမှာ ဒီလိုဟောတယ်။

ဒေါသော၊ ဒေါသတရားသည်။ ဒေါသော၊ မိမိ ပကတိဖြူစင်တဲ့စိတ်ကို ဖျက်ဆီး၍ သူတပါးကို ပြစ်မှားတတ်တယ်ဒေါတဲ့ ဒေါသတရားသည်။ အနတ္ထဇနနော၊ မိမိရဲ့အကျိုးမဲ့, သူတပါးတို့ရဲ့ အကျိုးမဲ့ကို ဖြစ်စေတတ်၏။ ဒေါသော၊ ဒေါသတရားသည်။ စိတ္တပ္ပကောပနော၊ ပကတိဖြူစင် ကြည်လင်ကောင်းမြတ်တဲ့စိတ်ကို ဖျက်ဆီးချောက်ချားစေတတ်၏။ အန္တရတော၊ မိမိရဲ့ အတွင်းသန္တာန်မှ။ ဇာတံ၊ ဖြစ်ပေါ်၍လာသော။ ယံဘယံ၊ အကြင်ဒေါသ တည်းဟူသောဘေးသည်။ အတ္ထိ၊ ရှိ၏။ တံဘယံ၊ ထိုဒေါသတည်းဟူသော ဘေးကို။ ဇနော၊ မလိမ္မာသူ ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းသည်။ နာဝဗုဇ္ဈတိ၊ မသိနိုင်မမြင်နိုင်ပေ။

ကိုယ့်အတွင်းက ဖြစ်ပေါ်လာတဲ့ ဒေါသတွေ ဖျက်ဆီးနေတယ် ဆိုတာကို သတ္တဝါတွေမမြင်ဘူး၊ ဒီတော့တစုံတခု ပျက်စီးပြီဆိုယင် သူများဘဲလက်ညှိုးထိုးတယ်၊ ဟာ–ဘယ်သူ့ကြောင့်ပျက်စီးတယ်၊ ဘယ်ဝါကြောင့်ပျက်စီးတယ်၊ ဒီလိုဘဲပြောတယ်၊ မဟုတ်ဘူးတဲ့ ဟုတ်လား၊ အမှန်ကတော့ မိမိရဲ့အကျိုးစီးပွားတွေ ပျက်စီးနေတာ အတွင်းကဒေါသဓာတ်ကြောင့်၊ အဲဒီဒေါသကို သတ္တဝါတွေမမြင်ဘူးတဲ့၊ ဒါကို သဗ္ဗညုမြတ်စွာဘုရားက မြင်အောင်ကြည့်ပါတဲ့။

ဒေါသော၊ ဒေါသတရားသည်။ အနတ္ထဇနနော၊ မိမိရဲ့အကျိုးစီးပွား, သူတပါးရဲ့ အကျိုးစီးပွားမဲ့တွေကို ဖြစ်စေတတ်၏။ ဝါ၊ မိမိအကျိုးစီးပွား, သူတပါးရဲ့ အကျိုးစီးပွားနှစ်ပါးကို ပျက်စီးအောင် ဖျက်ဆီးတတ်၏။

ကိုယ့်အကျိုးစီးပွား, ကိုယ်နဲ့ပတ်သက်တဲ့ ကိုယ့်သား ကိုယ်သမီးတွေရဲ့ အကျိုးစီးပွားတွေကို ပျက်စီးအောင်ဖျက်ဆီးနေတာ ဘယ်သူတုံး၊ (ဒေါသပါဘုရား) အဲဒီလို ဒေါသရဲ့အပြစ်တွေကို ဩြ်–ငါ့အကျိုးစီးပွားလဲ ဒေါသက ဖျက်ဆီးတယ်၊ ငါ့သား ငါ့သမီး ငါ့ဆွေ ငါ့မျိုးရဲ့ အကျိုးစီးပွားတွေကိုလဲ

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၃၊ နှာ–၄၇၁။ ဣတိဝုတ်ပါဠိတော် နှာ–၂၅၂။

ဝိဒေါသတရားက ဖျက်ဆီးတယ်လို့ ဆိုပြီး ဒေါသအပြစ်တွေကို ဤသို့မြင်အောင် ကြည့်ပြီးတော့မှ မေတ္တာပွားရမယ်တဲ့။

မိမိပကတိကြည်လင်နေတဲ့စိတ်ကို ပင်ပန်းအောင် ဖျက်ဆီး ပစ်တာ ဘယ်သူ တုံး၊ (ဒေါသပါဘုရား)။

စိတ်ပျက်အောင်၊ စိတ်ညစ်အောင်၊ စိတ်ဆိုးအောင်၊ စိတ်ကောက်အောင်၊ ပင်ပန်းအောင်၊ သက်ကြီးရွက်ငင်ဖြစ်အောင်၊ ငိုကာ ရိကာဖြစ်အောင် လုပ်တာ ဘယ်သူတုံး၊ (ဒေါသ)၊ စိုးရိမ်ရ၊ ပူဆွေးရ၊ ငိုရကြွေးရ၊ ဟစ်ရ အော်ရဆိုတာ ဘယ်သူတုံး၊ (ဒေါသ)။

မပင်ပန်းဘူးလား၊ ဒါ ဒေါသရဲ့ အကြောင်းတွေ ပြောနေတာ—နော်၊ ဒေါသရဲ့ အပြစ်တွေကို ပြောနေတာ မေတ္တာ ပွားမယ်လို့၊ ဤသို့ မေတ္တာပွား ခါနီးမှာ ဒေါသရဲ့ အပြစ်တွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဆင်ခြင် ရမယ်လို့ မိန့်တော်မူထားသည် ဖြစ်သောကြောင့် မေတ္တာ မပွားခင် အဲဒီ ဒေါသရဲ့ အပြစ်တွေကို ပါဠိတော်ကပြောပြနေတာ။

ဒုဋ္ဌော အတ္ထံ န ဇာနာတိ၊ ဒုဋ္ဌော ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ဒေါသော သဟတေ နရံ။[၁]

ဒုဋ္ဌော၊ ဒေါသတရားဖျက်ဆီးအပ်သောသူသည်။ အတ္ထံ၊ မိမိအကျိုးစီးပွား၊ သူတပါးရဲ့အကျိုးစီးပွားကို။ နဇာနာတိ၊ မသိတတ်။ ဒုဋ္ဌော၊ ဒေါသတရား ဖျက်ဆီး အပ်သော သူသည်။ ဓမ္မံ၊ အကြောင်း တရားနဲ့ အကျိုး တရားကို။ နပဿတိ၊ မမြင်တတ်။ ယဒါ၊ အကြင် အခါ၌။ ဒေါသော၊ ဒေါသတရား သည်။ ယံနရံ၊ အကြင်လူကို။ သဟတေ၊ နှိပ်စက်၏။ ညှဉ်းပန်း၏။ တဒါ၊ ထိုအခါ၌။ သောနရော၊ ထိုလူသည်၊ အန္ဓတမံ၊ မိုက်သည် ကန်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒေါသတရားများဟာ မိမိအကျိုးစီးပွား၊ သူတပါး အကျိုးစီးပွား၊ နှစ်ဦး သားတို့ရဲ့ အကျိုးစီးပွားတွေကို မသိမမြင်ဘူးတဲ့၊ ကိုယ့်အကျိုးစီးပွားလဲမသိ၊ သူတပါးအကျိုးစီးပွားလဲ မသိဘူးဆိုကတည်းက ဒေါသဟာ အင်မတန် ကြီးတဲ့ ရန်သူကြီးဘဲ၊ပြီးတော့ ဒေါသဆိုတဲ့တရားဟာ အကြောင်းတရား၊ အကျိုးတရား အဲဒီတရားနှစ်ပါးကို ဘယ်တော့မှ မမြင်တတ်ဘူးတဲ့။

ယမ်းပုံထဲ မီးကျသလိုဘဲ ဘယ်ဟာက လောင်သင့်တယ်၊ ဘယ်ဟာကမလောင် သင့်ဘူးလို့ မရှိဘူး၊ ဘာမှချန်မထားဘူး၊ အကုန်လောင်ပစ်သလိုဘဲ ဒေါသဟာ

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၃၊ နှာ-၄၇၁။ ဇာတ်ဝတ်ပါဠိတော် နှာ-၂၅၂။

မိမိသန္တာန်မှာ ဖြစ်လာပြီဆိုယင် အကျိုးတရားလဲ ချန်မထားဘူး၊ အကုန် လောင်ပစ်တယ်–ဒေါသတရားက။

အကြင် အခါမှာ ဒေါသတရားက သတ္တဝါကို လွှမ်းမိုး ဖိစီးလာပြီ ဆိုယင် အဲဒီ သတ္တဝါဟာ မိုက်လဲမိုက်တော့ တာဘဲတဲ့၊ ဘာမှလဲ အသိဉာဏ် မရှိတော့ ဘူးတဲ့၊ တခါထဲ ကန်းလဲကန်းသွားတော့တာဘဲတဲ့၊ "အန္ဓတမံ တဒါ ဟောတိ"။ တဒါ၊ ထိုအခါ၌။ အန္ဓတမံ၊ မိုက်သည်ကန်းသည်။ ဟောတိ၊ ဖြစ်လေတော့ ၏။ ဒေါသတရား။

ဤသို့ ဒေါသ၏အပြစ်တွေကို အဲဒီလိုဆင်ခြင်ပြီးတော့ ပေးရမယ်တဲ့–မေတ္တာ မပွားမီ၊ ဒေါသရဲ့အပြစ်တွေဟာ ဒါလောက်တောင် ဆိုးဝါးပါလားလို့ဆိုတာ သဗ္ဗညုမြတ်စွာဘုရားက ပါဠိတော်များမှာ အဲဒီလို ဟောပေးနေတယ်၊ဒေါသရဲ့ အပြစ်တွေကို မြင်အောင်ကြည့်။

ဒေါသရဲ့ အပြစ်တွေကို မြင်လာယင် ကိုယ်ကဒေါသမဖြစ်ချင် တော့ဘူး၊ ဖြစ်လို့လဲ မရဘူး၊ ဒေါသအပြစ်တွေ မမြင်သေးသရွေ့ကတော့ ဒေါသဖြစ် တာဘဲ ကောင်းတယ်လို့ ထင်နေသေးတယ်၊ အဲဒီဒေါသနဲ့ ဘယ်သူက တွဲ ပါလာသေးသလဲဆိုတော့ မာနကပါလာသေးတယ်၊မနှိမ်ချနိုင်ဘူး၊ငါက မဟုတ် ယင်ခံတဲ့လူ မဟုတ်ဘူးဆိုပြီးတော့ မာနကပါလာသေးတယ်–ဒေါသနောက်က။

သတ္တဝါကိုပျက်စီးအောင် လုပ်တဲ့ တရားတွေ ကိုချည်း နင်းကန်ပြီးတော့ အကျိုးပေးတယ်၊ ဒေါသကြီးတယ်ဆိုတာ ဒီလိုရှိသေးတယ်၊ ပဌမရှေးဦးစွာ ဒေါသကြီးတဲ့လူနောက် ငါ့ကို မရှိမသေလုပ်ရမလား ဆိုပြီးတော့ ပြန်ပြီးတော့ ဒေါသကြီးတဲ့လူ၊ အဲဒီလူနှစ်ယောက် ဘယ်သူကမိုက်တယ် ထင်သလဲ–ဒီလူ နှစ် ယောက်၊ ဟိုပါဠိတော်မှာ ဟောထားတာရှိတယ်၊ ပါဠိတော်မှာ ဘယ့်နှယ် ဟောထားသလဲဆိုတော့–

တဿေဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။၁

ပြန်လှန်၍ စိတ်ဆိုးလျှင် ယုတ်မာသည် — ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ စိတ်ဆိုးနေတဲ့ပုဂ္ဂိုလ် အမျက်ထွက်နေတဲ့ ပုဂ္ဂိုလ်ကို။ ပဋိကုဇ္ဈတိ၊ ငါ့ကို မရှိမသေ လုပ်ရမလားဆိုပြီးတော့ တဖန် ပြန်၍ စိတ်ဆိုး၏။ တဿေဝ၊ ထိုတဖန်ပြန်၍ စိတ်ဆိုးသောသူ၏သာလျှင်။ တေန၊

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ–၁၆၄၊ ၁၆၅၊ ၂၂၃၊ ၂၂၄၊ ၂၂၅။ နေတ္တိပါဠိတော် နှာ–၁၄၉။

ထိုတဖန်ပြန်၍ စိတ်ဆိုးခြင်းကြောင့်။ ပါပိယော၊ ပဋမစိတ်ဆိုး၍နေတဲ့ ပုဂ္ဂိုလ်ထက် ယုတ်မာ၏။

သူများကကိုယ့်ကို စိတ်ဆိုးလို့ ကိုယ်ကပြန်စိတ်ဆိုးယင် အဲဒီပဋမစိတ်ဆိုးတဲ့ လူထက် ကိုယ်က ဘာပြုသလဲ-ပိုပြီးတော့ မိုက်တယ်။

ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပ္ပဋိကုဇ္ဈန္တော၊ တဖန်ပြန်၍ အမျက်မထွက်သောသူသည်။ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ စစ်ပွဲတိုက်ပွဲကြီးကို။ ဇေတိ၊ အောင်သည်မည်၏။

သူများက ကိုယ့်ကိုစိတ်ဆိုးယင် ကိုယ်ကဘယ်တော့မှ ပြန်ပြီးစိတ်မဆိုးနဲ့၊ ကိုယ်ကပြန်စိတ်ဆိုးယင် ကိုယ်ကသူများထက် ပိုမိုက်တယ်၊ သူများက စိတ်ဆိုးတာကို ကိုယ်ကစိတ်မဆိုးနိုင်ဘဲနဲ့ နေပြီဆိုယင် အဲဒါ အောင်နိုင်ခဲတဲ့ တိုက်ပွဲကြီးကို အောင်တဲ့ပုဂ္ဂိုလ် စစ်သည်သူရဲကောင်းကြီးဘဲတဲ့၊ ဤသို့လဲ ဒေါသကို ဆင်ခြင်ပြီးတော့ မေတ္တာပွားရမယ်။

ဥဘိန္နံ မတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။

ယော ကုလပုတ္တော၊ အကြင်အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သင်္ကုပိတံ၊ အမျက်ထွက်၍နေသော။ ဝါ၊ စိတ်ဆိုး၍နေသော။ ပရံ၊ သူတပါးကို။ ဉတွာ၊ စိတ်ဆိုနေမှန်းသိသည်ဖြစ်၍။ သတော၊ သတိရှိလျက်။ ဥပသမ္မတိ၊ ကိုယ်ကတဖန် ပြန်၍ စိတ်မဆိုးဘဲနဲ့ ငြိမ်ငြိမ်ကလေး နေလိုက်၏။ သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။ အတ္တနော အတ္ထဉ္စ၊ မိမိရဲ့ အကျိုးစီးပွားကိုရင်း။ ပရဿ အတ္ထဉ္စ၊ သူတပါးရဲ့ အကျိုးစီးပွားကိုရင်း။ ဥဘိန္နံ၊ မိမိသူတပါး နှစ်ဦးသားတို့ရဲ့။ အတ္ထဉ္စ၊ အကျိုးစီးပွားကိုရင်း။ စရတိ၊ ကျင့်သောသူမည်၏။

မိမိအကျိုးစီးပွားလဲရှိ၊ သူတပါး အကျိုးစီးပွားလဲ ရှိအောင် ကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ၊ တစုံတယောက်သောပုဂ္ဂိုလ်က ကိုယ့်ကိုစိတ်ဆိုးနေတယ်၊ ပြီးတော့ စိတ်ဆိုး နေတာကို ကိုယ်က စိတ်မဆိုးနဲ့၊ ငြိမ်ငြိမ်ကလေး နေလိုက်၊ ဘာမှပြန်မပြောနဲ့၊ မေတ္တာနဲ့တောင် ပြန်မပြောနဲ့။

"ယော သတော ဥပသမ္မတိ"၊ ငြိမ်ငြိမ် ကလေးသာ နေလိုက်တဲ့၊ အဲဟို တဖက်က စိတ်ဆိုးနေတဲ့ ပုဂ္ဂိုလ်က တဖြေးဖြေး တဖြေးဖြေး ပြေပြေ ပြေပြေသွားပြီးတော့ ကိုယ်လဲစိတ်မဆိုး ရတော့ဘူး၊ ဟိုလူလဲ စိတ်ဆိုးပြေသွားရောဆိုတော့ မိမိအကျိုး စီးပွားရော, သူတပါး အကျိုး စီးပွားရော နှစ်ခု စလုံးကို ကျင့်ရာ ရောက်ပါတယ်တဲ့။

ဒါကြောင့် ဒေါသ အကြောင်းကို အဲဒီလို ဆင်ခြင် ပြီးတော့ သည်းခံပေးပါ၊ ဒါ သည်းခံတဲ့ ဘက်ကို ပြောင်းတာ၊ ဒေါသရဲ့ အပြစ်တွေကို ကြည့်ပြီးတော့ သည်းခံတဲ့ ဘက်ကို ပြောင်းတာ၊ နို-ဘာတွေ သည်းခံသလဲ ဆိုတော့ သုတ္တနိပါတ် ပါဠိတော်မှာ ဝါသေဋ္ဌသုတ်ဆိုတာ ရှိတယ်၊ အဲဒီ ဝါသေဋ္ဌသုတ္တန်မှာ မြတ်စွာဘုရားက ဘာဟောထားသလဲဆိုတော့–

အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တိဗလံ ဗလာနီကံ၊ တ မဟံ ဗြူမိ ဗြာဟ္မဏံ။[၁]

သိပ်နေရာကျတဲ့ ဒေသနာတော်၊ အင်မတန်ကို ကောင်းတဲ့ ဒေသနာတော်တွေဘဲ။

သည်းခံသူသည်ဗြာဟ္မဏ ယော ကုလပုတ္တော၊ အကြင် အမျိုးကောင်းသား၊ အမျိုးကောင်း သမီးသည်။အက္ကောသံ၊ မိမိကိုဆဲဆိုရိုက်နှက် အမျက်ထွက်သောသူကိုငှင်း။ ဝဓဗန္ဓဉ္စ၊ နှောင်ဖွဲ့ခြင်းကိုငှင်း။ အဒုဋ္ဌော၊ မပြစ်မှားသည်။ ဟုတ္တွာ၊ ဖြစ်၍။ တိတိက္ခတိ၊ သည်းခံ၍ နေ၏။ ခန္တိဗလံ၊ သည်းခံခြင်းဟူသော ခန္တိဗလ ရှိသော။ ဗလာနီကံ၊ သည်းခံခြင်း ဟူသော စစ်သည်ဗိုလ်ပါ အင်အား တောင့်တင်း၍ နေသော။ တံကုလပုတ္တံ၊ ထိုအမျိုးကောင်းသား, အမျိုးကောင်း သမီးကို။ ဗြာဟ္မဏံ၊ မကောင်းမှု ဟူသမျှကို အပပြုပြီးသော ဗြာဟ္မဏဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။

ချစ်သားတို့....အကြင်သူသည် မိမိကိုဆဲတဲ့လူ, မကောင်းသတင်း ပြောတဲ့လူ, ရိုက်တဲ့နှက်တဲ့လူ, မိမိကိုနှောင်ဖွဲ့တဲ့လူတဲ့–အဲဒီလို ပုဂ္ဂိုလ် မျိုးကို ကိုယ်ကတဖန် ပြန်၍အမျက်မထွက်ဘဲနဲ့ သည်းခံနေနိုင်ယင် ဒီပုဂ္ဂိုလ်ဟာ ခန္တိဗလ–ခန္တီတည်းဟူသော စစ်သည် ဗိုလ်ပါ အင်အား တောင့်တင်းသည် ဖြစ်သောကြောင့် မကောင်းမှုဟူသရွေ့တွေကို အပပြုပြီးသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူတယ်တဲ့။

မကောင်းမှုအကုသိုလ်တွေ မိမိသန္တာန်မှာစင်ကြယ်စေချင်ယင် ဘာလုပ်ရမလဲ-သည်းခံရမယ်၊ ဘာလုပ်ရမတုံး၊ (သည်းခံ ရမယ်ပါ ဘုရား) ချီးမွမ်း တာကို သည်းခံရမယ်၊ အခုနင်က ပြောတာ ဆိုတာ ရိုက်တာ နှက်တာ နှောင်ဖွဲ့တာ-အဲဒါတွေကို သည်းခံရမယ်၊ အမျက်မထွက်ရဘူး၊ သူတပါးကို ပြန်ပြီးတော့။

၁။ ဓမ္မပဒ အက္ကောသဘာရဒွါဇဝတ္ထု၊ သုတ္တနိပါတ် ပါဠိတော် နှာ-၃၇၆။ မ၊ ၂၊ နှာ-၄၁၀။

ခန္တီထက် မြတ်သော တရားမရှိ အဲဒီလို သူတပါးကို အမျက် မထွက်ဘဲ သူတပါး လုပ်ချင်သလို လုပ်နေတော့ သည်းခံနိုင်ဗွာန် ရောက်တယ် ဆိုပေမဲ့ ခံသင့်မှခံရမယ် ဆိုတဲ့ စကား ပေါ်လာအုံးမယ်၊ မဟုတ်ဘူးတဲ့၊ သည်းကိုခံရမယ်တဲ့၊ ဟို ဘုန်းကြီးတို့ ဟောအုန်းမယ်၊ ဘယ်မှာလဲလို့ ဆိုတော့ သံယုတ်ပါဠိတော်မှာ ဝေပစိတ္တိ သုတ္တန် ဆိုတာ ရှိတယ်၊ အဲဒီ ဝေပစိတ္တိ သုတ္တန်မှာ ဘာဟောထားသလဲ ဆိုတော့—သိကြားမင်းက သွားပြီး အသုရာတွေနဲ့ စစ်တိုက်တဲ့အခါကျတော့ ဝေပစိတ္တိ အသုရာကြီးကို သိကြားမင်းက မိလာခဲ့တယ်။

မိလာခဲ့တော့ နှောင်ဖွဲ့ခြင်း ငါးမျိုးတို့ဖြင့် နှောင်ဖွဲ့ထားပြီးတော့ တခါထဲ သုဓမ္မာစရပ်ရဲ့ အဝင်ဝမှာ ကြိုးနဲ့ တဲထားတယ်၊ သိကြားမင်းက သုဓမ္မာ နတ်သဘင် အစည်းအဝေးကို လာပြီဆိုယင် အဲဒီ ဝေပစိတ္တိအသုရာက သိကြားမင်း မျက်နှာ ကြည့်ကြည့်ပြီးတော့လေ နည်းမျိုးစုံနဲ့ ဆဲတယ်၊ ဆဲလိုက်တဲ့ ဖြစ်ခြင်း ပြောစရာ မရှိဘူး၊ ဆဲတော့ သိကြားမင်းက ဘာမှ မပြောဘူး၊ ပြုံးပြုံးလေး လုပ်နေတယ်။

ဒီတော့ နောက်က မာတလိက ပြောတယ်–အရှင် သိကြားမင်း....ဝေပစိတ္တိ အသုရာကြီး ဒါလောက် ဆဲနေတာကို အရှင်သိကြားမင်း ဘာမှ ပြန်ပြီးတော့ မနှိမ် မညှဉ်းဆဲဘဲနဲ့ ဒါလောက် ကြည့်နေတာ မကောင်းပါဘူး၊ ဒီလူကို ဒဏ် ပေးရမယ်လို့ ပြောတော့— မဟုတ်ဘူး၊ သည်းခံရမယ်တဲ့— သိကြားမင်းက၊ သိကြားမင်းက ဘာလုပ်ရမတဲ့လဲ၊ (သည်းခံရမယ်တဲ့ဘုရား) သည်းခံရမယ်ဆိုတော့ သူက ဥပမာကလေးနဲ့ပြောတယ်။

နွားတွေ ကျွဲတွေဟာတဲ့ ကြောက်လို့ ရှေ့က ပြေးတယ်ဆိုတဲ့ နွားကို နောက်က နိုင်တဲ့ ကျွဲတွေ နွားတွေက အတင်းလိုက်ပြီးတော့ ဝှေ့တယ်၊ ဒီတော့ အရှင် သိကြားမင်းကြီး ကြောက်လို့ သည်းခံတယ်လို့ ဖြစ်နေလိမ့်မယ်တဲ့၊ မနိုင်လို့ သည်းခံတယ် ဖြစ်နေလိမ့်အုံးမယ်တဲ့၊ ခန္တီစ၊ သည်းခံခြင်းသည်ရင်း။ ဘာပြုလို့ သည်းခံသလဲ—ကြောက်လို့—မနိုင်လို့၊ ကြောက်လို့ဘဲ ထင်ထင်၊ မနိုင်လို့ဘဲ ထင်ထင်တဲ့ သိကြားမင်းက ဘယ့်နှယ်ပြောသလဲ—

ကာမံ မညတု ဝါ မာ ဝါ၊ ဘယာ မျာယံ တိတိက္ခတိ။
သဒတ္ထပရမာ အတ္ထာ၊ ခန္တျာ ဘိယျော န ဝိဇ္ဇတိ[၁]။

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ–၂၂၃၊ နေတ္တိပါဠိတော် နှာ–၁၄၉။

အယံ၊ ဤသူသည်။ ပေ၊ ငါ့အား။ ဘယာ၊ ကြောက်ခြင်းကြောင့်။ တိတိက္ခတိ၊ သည်းခံ၍နေ၏။ ဣတိ၊ ဤသို့။ ဗာလော၊ လူမိုက်သည်။ ကာမံ မညတုဝါ၊ ထင်ချင်လဲ ထင်ပါစေတော့။ မာ ပညတုဝါ၊ မထင်မှုလည်း မထင် ပါစေနဲ့တော့။ အတ္တာ၊ အကျိုးစီးပွားတို့သည်။ သဒတ္ထပရမာ၊ မိမိရဲ့ အကျိုး စီးပွားတို့သည်သာလျှင် အလွန်အကဲ မွန်မြတ်ကုန်၏။ ခန္တျာ၊ သည်းခံခြင်း ထက်။ ဘိယျော၊ လွန်မြတ်သော မိမိရဲ့ ကောင်းကျိုးကို ဆောင်နိုင်သော တရားသည်။ န ဝိဇ္ဇတိ၊ မရှိ။

သည်းခံတာထက် ပိုပြီးတော့ ကိုယ့်အကျိုးစီးပွားကို ဆောင်နိုင်တဲ့တရား ရယ်လို့ မရှိတော့ဘူးတဲ့၊ ဒါကြောင့် သည်းခံရမယ်တဲ့၊ ဤသို့ သည်းခံခြင်း ရဲ့ အကျိုးအာနိသံသတွေကို ဆင်ခြင်ပြီးသွားရမယ်၊ ဒေါသဖြစ်မဲ့ကြံယင် "ခန္တျာ ဘိယျော န ဝိဇ္ဇတိ"၊ သည်းခံခြင်းထက် မိမိအကျိုးစီးပွားကို ဆောင်နိုင်တဲ့တရား လောကမှာ မရှိဘူး၊ မြတ်စွာဘုရားက ဟောထားတယ်၊ ငါသည်းခံမယ်။

အဲဒီလို သည်းခံပြီးတော့ ဘာလုပ်ရမလဲ- မေတ္တာပွားရမယ်၊ ဒေါသရဲ့ အပြစ်တွေကို ရှုဆင်ခြင်ပြီးတော့ မေတ္တာပွားရမယ်၊ သည်းခံပြီးတော့ မေတ္တာ ပွားရမယ်၊ ဒါသည်းခံခြင်း၊ ပြီးတော့ မြတ်စွာဘုရား ဟောထားတာရှိသေး တယ်—သုတ်မဟာဝါပါဠိတော်များမှာ ဩဝါဒပါတိမောက်လို့လဲ ခေါ်တယ်။

ခန္တီ ပရမံ တပေါ တီတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။[၁]

တိတိက္ခာ၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းစသည်တို့ကို သည်းခံခြင်းအလေ့ရှိသော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ လွန်ကဲသော။ တပေါ၊ အကျင့်မည်၏။ (အကောင်းဆုံးအကျင့်ဟာ ခန္တီ-တဲ့) နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ အမြတ်ဆုံး ဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားရှင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ပရူပ ဃာတီ၊ သူတပါးကို ညှဉ်းဆဲနှိပ်စက်လေ့ရှိသော သူသည်။ န ပဗ္ဗဇိတော၊ ရှင်ရဟန်းမဟုတ်။

သူတော်ကောင်း မဟုတ်ဘူးတဲ့၊ သူတပါးကိုနှိပ်စက်တယ်, ညှဉ်းဆဲတယ်, နှောင့်ယှက်တယ်, သူတပါးကို ဘေးအန္တရာယ်တွေအောင် လုပ်တယ် ဆိုတဲ့ပုဂ္ဂိုလ် ဟာ သူတော်ကောင်းမဟုတ်ဘူးတဲ့- မြတ်စွာဘုရားက။

၁။ မဇ္ဈိမပဒ အာနန္ဒတ္ထေရပဋ္ဌဝတ္ထု၊ နှာ-၄၁-နှင့် သုတ်မဟာဝါပါဠိတော် နှာ-၄၂။

ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ နှိပ်စက်ညှဉ်းပန်းတဲ့ပုဂ္ဂိုလ်သည်။ န သမဏောဟောတိ၊ ငြိမ်းချမ်းရေးရအောင် လိုချင်တဲ့ပုဂ္ဂိုလ်မဟုတ်။

ဘယ့်နှယ်ဘဲ ပါးစပ်ကငြိမ်းချမ်းရေး လိုချင်ပါတယ်ပြောပေမဲ့ သူတပါးကိုနှိပ်စက်ညှဉ်းဆဲဘို့ကိုသာ ဆုတောင်းနေတဲ့ပုဂ္ဂိုလ်ဆိုယင် ဒီလူဟာ ငြိမ်းချမ်းရေးရအောင် လုပ်တဲ့လူမဟုတ်ဘူးတဲ့၊ ဒါကြောင့်ဖြစ်သမျှ ရလာသမျှအန္တရာယ်တွေကို ဘာလုပ်ရမလဲ- သည်းခံရမယ်၊ သည်းခံပြီးတော့ မေတ္တာပွားရမယ်။

ဘယ်လောက်တောင် သည်းခံရမလဲဆိုယင်တဲ့- မြတ်စွာဘုရား၏ ကကစူပမာသုတ္တန်ဆိုတာရှိတယ်၊ မူလပဏ္ဏာသပါဠိတော်မှာ ဟောထားတယ်၊ အဲဒီအကြောင်းဟာ ဟိုနောက်တော့ ရန်ငြိုးဖွဲ့ခြင်း တဆဲ့တမျိုးကို ဟောတဲ့အခါကျတော့ ဒီတရားလဲပါလာမယ်၊ ဘယ်လောက်တောင် သည်းခံရမလဲဆိုတော့- သည်းမခံယင် မေတ္တာပွားတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။

သည်းမခံဘဲနေယင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကို ဖြည့်ကျင့်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးဆိုပြီးတော့ ကိုယ်က သာသနာတော်ကို တကယ်ယုံကြည်ယင်၊ တကယ်လေးစားယင်၊ သာသနာ့တာဝန်ကို တကယ်ထမ်းတဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိယင် ဒါ သည်းခံရမယ်။

စိတ်နှင့် သော်မှ မပြစ်မှားရ ဘယ်လောက်တောင် သည်းခံရမလဲ–အသွားနှစ်ဘက် လက်နှစ်ဘက် ကိုင်ပြီးတော့ ဆွဲရတဲ့လွှ။

> ဥဘတောဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန၊ စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩကရေယျုံ၊ တတြာပိ ယော မနော ပဒူသေယျ၊ န မေ သော တေန သာသနကရော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဘတောဒဏ္ဍကေန၊ လက်ကိုင်နှစ်ဘက်ရှိသော။ ကကစေန၊ လွှဖြင့်။ ဩစရကာ၊ ယုတ်မာသော အကျင့်ကို ကျင့်ကြကုန်သော။ စောရာ၊ ခိုးသူခားပြတို့သည်။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို။ စေပိ ဩကရေယျုံ၊ အကယ်၍ တိုက်ဖြတ်စေကုန်ငြားအံ့။ တတြ၊ ထိုသို့ အသွားထက်သော လွှဖြင့် တိုက်ဖြတ်သောအခါ၌။ ယော၊ အကြင်သူသည်။ မနော ပဒူသေယျ၊ စိတ်ထဲကပြန်၍ ပြစ်မှားငြားအံ့။ (ကိုယ်က ခုခံတာကို မဆိုထားနဲ့–တဲ့၊ ကိုယ့်ကိုလွှကြီးနဲ့ အင်္ဂါကြီးငယ်တွေ ဖြတ်နေတာကို စိတ်ထဲကပြန်ပြီးတော့ ပြစ်မှားလိုက်မယ်ဆိုယင်–တဲ့) သော၊ ထိုသို့စိတ်ပြစ်မှားသော သူသည်။ တေန၊ ထိုစိတ်ပြစ်မှားခြင်းဟူသော အကြောင်းကြောင့်။ မေ၊

၁။ မူလပဏ္ဏာသပါဠိတော် နှာ–၁၈၁။

ငါ၏။ သာသနကရော၊ အဆုံးအမကို လိုက်နာတဲ့ တပည့်သားမြေးကောင်း မည်သည်။ န ဟောတိ၊ မဖြစ်။

သူတပါး ဒါလောက် နှိပ်စက်ညှဉ်းပန်းနေတာကို ကိုယ်က ပြန်ပြီးတော့ ခုခံတာ မဟုတ်ဘဲနဲ့ စိတ်ထဲကပြစ်မှားရုံနဲ့ဘဲ မြတ်စွာဘုရားက ဒီပုဂ္ဂိုလ်ဟာ ငါရဲ့ သာသနာတော်ကို လိုက်နာကျင့်သုံးတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူးလို့ ဟောထားတယ်၊ ဒီတော့ အစစအရာရာ ငါသည်းခံမှ တော်မယ်၊ သည်းခံနိုင်မှ မေတ္တာတရားလဲ ပွားလို့ဖြစ်မယ်၊ သည်းခံခြင်းထက် လွန်မြတ်သော အကျိုးတရားသည် ဘယ်မှာမှ မရှိ။

ကိုယ်အမူအရာကြမ်းတမ်းတယ်၊ နှုတ်အမူအရာကြမ်းတမ်းတယ်၊ စိတ်အမူအရာကြမ်းတမ်းတယ်ဆိုယင် ဘယ်နည်းနဲ့မှ မေတ္တာတရားပွားများလို့ ဖြစ်မှာမဟုတ်ဘူး၊မေတ္တာပွားများမယ်ဆိုယင် ကဲ့ရဲ့မှု၊ ချိုးနှိမ်းမှုစသည်တို့ကို ကိုယ်ကသည်းခံရမယ်၊ သည်းခံပြီးတော့ မေတ္တာပွားပေးရမယ်။

အဲဒီလို မေတ္တာပွားတော့မယ်ဆိုတော့ ရှေးဦးစွာ ဘာလုပ်ရမလဲ ဆိုတော့ မေတ္တာပို့မလို့ ဘာတွေဆင်ခြင်လာခဲ့သလဲ ဆိုတော့ ဒေါသရဲ့ အပြစ်တွေကို ဆင်ခြင်ခဲ့ပြီးပြီ၊ သည်းခံခြင်းရဲ့ အကျိုးအာနိသံသတွေကို ပြောကြားခဲ့ပြီးပြီ။

ဤသို့ဒေါသရဲ့ အပြစ်တွေကို ဆင်ခြင်လို့ ခန္တီ–သည်းခံခြင်းအကြောင်း ဆိုတဲ့ တရားတွေကို ဆင်ခြင်စဉ်းစားပြီးတော့မှ သတ္တဝါတွေကို မေတ္တာပွားတော့မယ်၊ မေတ္တာပို့တော့မယ်ဆိုတော့ ရှေးဦးစွာ ကိုယ်ရဲ့မေတ္တာဟာ သတ္တဝါအားလုံးကို ဖြန့်ရမယ်။

> မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟာရာမိ။

မေတ္တာသဟဂတေန၊ သတ္တဝါတွေ ကျန်းမာ စေကြောင်း ချမ်းသာစေကြောင်းဆိုတဲ့ မေတ္တာနဲ့ယှဉ်သော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗပါဏဘူတေသု၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော သတ္တဝါတို့၌။ ဖရိတွာ၊ မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေသည်ဖြစ်၍။ ဝိဟာရာမိ၊ နေထိုင်ပါ၏။

သတ္တဝါတွေကို မေတ္တာပို့တော့မယ်ဆိုတော့ တွေးလိုက်စမ်း-ကိုယ့်စိတ်ထဲမှာ၊ သတ္တဝါတွေ အကုန်လုံးတွေးလိုက်၊ ကိုယ့်မေတ္တာမပျံ့တဲ့ သတ္တဝါရယ်လို့ မရှိရဘူး၊ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ၊ အမျိုးကောင်း သမီးတွေ မေတ္တာမပို့ဘူးလား၊ (ပို့ပါတယ်ဘုရား) ပျံ့ရဲ့လား-ဒီ မေတ္တာက၊ သတ္တဝါတိုင်းကို မေတ္တာအကုန်ရောက်ရဲ့လား ဟုတ်လား။

အရှေ့စကြဝဠာ, အနောက်စကြဝဠာ, တောင်စကြဝဠာ, မြောက်စကြဝဠာ ရှိသမျှသတ္တဝါ အနန္တ, စကြဝဠာ အနန္တ, ရှိသမျှသတ္တဝါတွေပေါ်မှာ မေတ္တာပွါးရဲ့လား၊ စကြဝဠာမပြောနဲ့ ရန်ကုန်မြို့ထဲတောင်မှ ကိုယ့်မေတ္တာ အကုန်ပွါးရဲ့လား–ဟင်၊ (မပွါးပါဘုရား)၊ ဘယ့်နှယ်လုပ်ပိုကြမလဲ–မေတ္တာ။

တိရစ္ဆာန်တွေထားလိုက်အုံး၊ ရန်ကုန်မြို့ထဲမှာ လူသတ္တဝါတွေ မရှိဘူးလား၊ ခုနစ်သိန်းကျော်လောက်ရှိတဲ့ ရန်ကုန်မြို့ထဲက လူတိုင်းလူတိုင်းကိုဘဲ ကိုယ့်မေတ္တာ ပွါးရဲ့လား၊ (မပွါးပါဘူး ဘုရား) ဘယ်လိုလုပ် ပို့မလဲ–မေတ္တာ၊ ဒီတော့ ကိုယ်ကမေတ္တာမပွါးတာဘာဖြစ်လို့လဲ–အကြောင်း ရှာကြ ရအောင်၊ သတ္တဝါ တိုင်းမှာ မေတ္တာမပွါးနိုင်ဘူးဆိုတာ ဘာပြုလို့ မေတ္တာမပွါးနိုင်တာလဲ–ရန်ငြိုးရှိနေလို့၊ ဘာပြုလို့လဲ၊ (ရန်ငြိုးရှိနေလို့ပါဘုရား)။

ရန်ငြိုးဖွဲ့ခြင်း ၉–မျိုး ကိုယ်က ရန်ငြိုးရှိနေယင် မေတ္တာပို့လို့ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး ဘုရား) ပို့လို့လဲ မေတ္တာက ပိန်ပိန် ညှော်ညှော် မေတ္တာဘဲဖြစ်မယ်၊ ပြည့်ပြည့်ဝဝ မေတ္တာတော့ ဖြစ်မှာမဟုတ်ဘူး၊ ဒီတော့ ရန်ငြိုးဆိုတာ ဘယ်လိုလဲဘုရား၊ ရန်ငြိုး ဖွဲ့ခြင်း ဆိုတာ ပြောရအုံး မယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်က ရန်ငြိုးဖွဲ့ခြင်းကိုးမျိုးလို့ ဟောထားတာရှိတယ်၊ ကိုးမျိုးကို ပါဠိတော်ရွတ်ပြီး ဟောကြရအောင်–ဘုန်းကြီးတို့ ပရိသတ်ကို။

အနတ္ထံ မေ အစရီတိ အာဃာတံ ဗန္ဓတိ။
အနတ္ထံ မေ စရတီတိ အာဃာတံ ဗန္ဓတိ။
အနတ္ထံ မေ စရိဿတီတိ အာဃာတံ ဗန္ဓတိ။[၁]

မေ၊ ငါ၏။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ အစရိ၊ ပြုကျင့်ခဲ့လေပြီ။ ဣတိ၊ ဤသို့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

မေ၊ ငါ၏။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ စရတိ၊ ကျင့်လေ၏။ ဣတိ၊ ဤသို့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

မေ၊ ငါ၏။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ စရိဿတိ၊ ပြုကျင့်လတံ့။ ဣတိ၊ ဤသို့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

အဲဒါက မိမိကိုယ်နဲ့ ပတ်သက်ပြီးတော့ ရန်ငြိုးဖွဲ့ခြင်းသုံးမျိုး။

(၁) အကြင်သူသည် မိမိ၏ အကျိုးစီးပွားမဲ့ကို ရှေးကလဲပြုကျင့်၏–လို့ ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း။

၁။ အင်္ဂုတ္တိုရ် နဝကနိပါတ် ပဌမပဏ္ဏာသက သတ္တာဝါသဝဂ် အာဃာတ ဝတ္ထုသုတ်–၂၀၀။

(၂) မိမိရဲ့ အကျိုးစီးပွားမဲ့ကို ယခုလဲပြုလုပ်နေတယ်–လို့ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း။

(၃) အခုမလုပ်ပေတဲ့ ဒီပုဂ္ဂိုလ်တွေဟာ နောင်တချိန်ချိန်မှာ ငါရဲ့ အကျိုးစီးပွားမဲ့ကို ပြုလုပ်အုံးမယ်–လို့ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း။

ဘယ်နှစ်ခုလဲ၊ (သုံးခုပါဘုရား) ဒါ မိမိကို အကြောင်းပြုပြီး ရန်ငြိုးဖွဲ့ခြင်း သုံးခု။

ပိယဿ မေ မနာပဿ အနတ္ထံ အစရိတိ အာဃာတံ ဗန္ဓတိ။

ပိယဿ မေ မနာပဿ အနတ္ထံ စရတီတိ အာဃာတံ ဗန္ဓတိ။

ပိယဿ မေ မနာပဿ အနတ္ထံ စရိဿတီတိ အာဃာတံ ဗန္ဓတိ။

အယံ၊ ဤသူသည်။ မေ၊ ငါ၏။ ပိယဿ မနာပဿ၊ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ အစရိ၊ ပြုကျင့်ခဲ့ဘူးလေပြီ။ ဣတိ၊ ဤသို့ပြော၍။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

အယံ၊ ဤသူသည်။ မေ၊ ငါ၏။ ပိယဿ မနာပဿ၊ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။စရတိ၊ ယခုလဲပြုကျင့်ဆဲဖြစ်၏။ ဣတိ၊ ဤသို့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

အယံ၊ ဤသူသည်။ မေ၊ ငါ၏။ ပိယဿ မနာပဿ၊ ချစ်ခင်နှစ်သက်သူ၏။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ စရိဿတိ၊ နောင်ကိုလဲ ပြုကျင့်အုံးမှာဘဲ။ ဣတိ၊ ဤသို့ကြံစည်၍။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

(၄) မိမိချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်နဲ့ မိမိရဲ့ ဇနီး, သား, သမီး, ဆွေမျိုး, ဉာတိ, အမျိုးအနွယ်နဲ့ ပတ်သက်ပြီးတော့ အကြင်သူ တယောက်သည် ရှေးကလဲဘဲ အကျိုးစီးပွားမဲ့ကို ပြုလုပ်ခဲ့ဘူး တယ်–လို့ဆိုပြီး ရန်ငြိုးဖွဲ့ခြင်း။

(၅) ယခုလဲဘဲ မိမိချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်ရဲ့အကျိုးစီးပွားမဲ့ကို ပြုလုပ်နေတယ်–ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း။

(၆) နောင်ကိုလဲ ဒီပုဂ္ဂိုလ်ဟာ ငါရဲ့ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်ရဲ့ အကျိုးစီးပွားမဲ့ကို ပြုလုပ်လိမ့်အုံးမယ်–လို့ ဆိုပြီးတော့ ရန်ငြိုး ဖွဲ့ခြင်း။

အဲဒီဟာက သုံးပါး၊ ပေါင်းတော့ ဘယ်နှစ်ပါးရှိသွားပလဲ၊ (ခြောက်ပါးပါ ဘုရား)။

အပ္ပိယဿ မေ အမနာပဿ အတ္ထံ အစရိတိ အာဃာတံ ဗန္ဓတိ။

အပ္ပိယဿ မေ အမနာပဿ အတ္ထံ စရတီတိ အာဃာတံ ဗန္ဓတိ။

အပ္ပိယဿ မေ အမနာပဿ အတ္ထံ စရိဿတီတိ အာဃာတံ ဗန္ဓတိ။

အယံ၊ ဤသူသည်။ မေ၊ ငါ၏။ အပ္ပိယဿ အမနာပဿ၊ ရန်သူဖြစ်သော ပုဂ္ဂိုလ်၏။ အတ္ထံ၊ အကျိုးစီးပွားကို။ အစရိ၊ ရှေးကလည်းရှက်ဆောင် ပြုလုပ်ခဲ့ဘူး၏။ ဣတိ၊ ဤသို့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

အယံ၊ ဤသူသည်။ မေ၊ ငါ၏။ အပ္ပိယဿ အမနာပဿ၊ ရန်သူဖြစ်သော ပုဂ္ဂိုလ်၏။ အတ္ထံ၊ အကျိုးစီးပွားကို။ စရတိ၊ ယခုလဲ ပြုလုပ်နေ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

အယံ၊ ဤသူသည်။ မေ၊ ငါ၏။ အပ္ပိယဿ အမနာပဿ၊ ရန်သူ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ စရိဿတိ၊ တချိန်ချိန်မှာတော့ သူရှက်ဆောင်ပေးလိမ့်အုံးမယ် ဆိုပြီးတော့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓတိ၊ ဖွဲ့၏။

(၇) မိမိမုန်းတဲ့ရန်သူရဲ့ အကျိုးစီးပွားကို ရှေးကဆောင်ရှက် ခဲ့ဘူးတယ် ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း။

(၈) မိမိမုန်းတဲ့ မိမိရန်သူရဲ့ အကျိုးစီးပွားကို အခုရှက်ဆောင် နေတယ် ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း။

(၉) မိမိမုန်းတဲ့မိမိရန်သူရဲ့ အကျိုးစီးပွားကို ဒီပုဂ္ဂိုလ်တွေဟာ တချိန်ချိန် မှာ ရှက်ဆောင်ပေးလိမ့်အုံးမယ်ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်းတဲ့။

မိမိနဲ့ပတ်သက်လို့ ရန်ငြိုး ဖွဲ့ခြင်း–သုံးမျိုး၊ မိမိချစ်သူနဲ့ ပတ်သက်လို့ရန်ငြိုးဖွဲ့ခြင်း–သုံးမျိုး၊ မိမိရန်သူနဲ့ ပတ်သက်ပြီးတော့ ရန်ငြိုးဖွဲ့ခြင်း–သုံးမျိုး၊ ပေါင်းလိုက်တော့ ဘယ်လောက်လဲ၊ (ကိုးမျိုးပါဘုရား)။

ရန်ငြိုးဖွဲ့ခြင်း ကိုးမျိုးရှိတယ်၊ "မျက်ကျွတ်ကိုးတန်–ရန်ငြိုးကိုးပါး" လို့ ရှေးက လူကြီးတွေပြောထားတယ်၊အဲဒီလိုရန်ငြိုးဖွဲ့လာပြီဆိုယင် မေတ္တာပွားလို့ ရပါအုံးမလား၊(မရပါဘူးဘုရား) မေတ္တာပျံ့ပါအုံးမလား၊(မပျံ့ပါဘူးဘုရား) ဒါဖြင့် အဲဒီရန်ငြိုးတွေကို ဘယ်လို လုပ်ရမလဲ၊ အာဃာတ ပဋိဝိနယ–ဒီရန်ငြိုးတွေကို ဖျောက်ပစ်ရမယ်တဲ့–နော်၊ ကိုင်း–အဲဒီ ရန်ငြိုးဖျောက်ဖို့ အချိန်ကလဲ ရောက်လာပြီဟုတ်လား၊ ရန်ငြိုး ပယ်ဖျောက်ပုံတွေကို အကျဉ်းချုပ် အားဖြင့် ဘယ်လိုမှတ်ထားရမလဲဆိုတော့ ရန်ငြိုးဖျောက်ပုံက–

ရန်ငြိုးဖျောက်နည်းများ

အကြင်သူသည် ငါ၏အပေါ်မှာ မကောင်းတာ တွေကို ရှေးကလုပ်ခဲ့တယ်၊ အခုလဲလုပ်နေတယ်၊ နောင်လဲသူလုပ်လိမ့်အုံးမယ်လို့ ဆိုပေမဲ့ သူလုပ်ခြင်းကြောင့် ငါ့မှာ သီလဂုဏ်မပျက်ဘူး၊ သမာဓိဂုဏ်မပျက်ဘူး၊ ပညာဂုဏ် မပျက်ဘူး–လို့ နှလုံး သွင်းပြီးတော့ မိမိကို အကြောင်းပြုဖြစ်တဲ့ရန်ငြိုးသုံးပါးကို ဖျောက်ရမယ်၊ အကျဉ်းချုပ် အာဃာတ ပဋိဝိနယသုတ္တန်မှာ (အင်္ဂုတ္တိုရ်) ဟုတ်လား။

မိမိချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်ရဲ့အကျိုးစီးပွားမဲ့တွေကို ရှေးကလဲလုပ်တယ်၊ အခုလဲလုပ်နေတယ်၊ နောင်လဲလုပ်လိမ့်အုံးမယ်ဆိုပြီး ရန်ငြိုးဖွဲ့တယ်မဟုတ်လား၊ (မှန်ပါ) ဒီလို သူကမိမိချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးမဲ့တွေကို အခုရော့နောင်ပါ ရှေးကပါပြုလုပ်တဲ့အတွက် ချစ်ခင်နှစ်သက်တဲ့ပုဂ္ဂိုလ်မှာ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေပျက်သလား၊ (မပျက်ပါဘုရား) မပျက်ယင်ဒီရန်ငြိုးဖျောက်လိုက်ပါ-တဲ့၊ မိမိချစ်နှစ်သက်တဲ့ပုဂ္ဂိုလ် အကြောင်းပြုပြီးဖြစ်တဲ့ ရန်ငြိုးသုံးပါးကို ဖျောက်လိုက်ပါတဲ့- နှလုံးသွင်းပြီးတော့။

ကိုယ့်ရန်သူရဲ့ အကျိုးစီးပွားတွေကို သူက ရွက်ဆောင်တယ်၊ ရှေးတုန်းကလဲ ရွက်ဆောင်ခဲ့ဘူးပြီ၊ အခုလဲ ရွက်ဆောင် နေတယ်၊ နောင်လဲ ရွက်ဆောင်လိမ့်အုံးမယ်ဆိုသဖြင့် မိမိမှာ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ပျက်သလား၊ (မပျက်ပါဘူးဘုရား) ကိုယ့်သီလ သမာဓိ ပညာဂုဏ်မှ မပျက်ပဲဘဲ ရန်သူအားပေးလုပ်ပြီးတော့ ငါ့ရန်သူရဲ့ အကျိုးစီးပွားတွေ ဆောင်ရွက်နေပေတဲ့ ငါ့ဘာသီလဂုဏ်မှ ပျက်တာမှမဟုတ်ဘဲ ဆိုပြီးတော့ မိမိရန်သူရဲ့ အကျိုးစီးပွားတွေကို ရွက်ဆောင်ခြင်းကြောင့် ဖွဲ့တဲ့ရန်ငြိုးသုံးမျိုးကိုလဲ အဲဒီလိုနှလုံးသွင်းပြီးတော့ ဖျောက်ပါတဲ့- ဒါရန်ငြိုးဖျောက်နည်း။

အဲဒီ ရန်ငြိုးဖျောက်နည်းအပြင် ညကျတော့ ဘုန်းကြီးဆက်ပြီး ဟောပေးအုံးမယ်၊ ရန်ငြိုးဖျောက်နည်းငါးမျိုး ဟုတ်လား၊ နောက်ရန်ငြိုးဖျောက်နည်း တဆဲ့တနည်း၊ အဲဒီ တဆဲ့တနည်း ဟောပြီးတော့မှ မေတ္တာတရား ဟောကြားတဲ့ ဒေသနာတော်နဲ့ပတ်သက်လို့ အဋ္ဌုပ္ပတ္တိတခုနဲ့ ညကျတော့ ဗိုလ်တထောင်ဘုရားမှာ ဟောပေးမယ် ဟုတ်လား၊ (မှန်ပါဘုရား)။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံခမ္မဒေသနံ၊ ထိုမြတ်စွာ ဘုရား ဟောကြားတော်မူတဲ့ ဒေါသရဲ့အဖြစ်, ခန္တီရဲ့အကျိုး, အာဃာတဝိနယ—ရန်ငြိုးဖျောက်ခြင်းဆိုတဲ့ သဘောတရားတွေကို။ သုတွာ၊ ကြားနာရသော ကြောင့်။ တုမှေ၊ သင်အမျိုးကောင်းသား, အမျိုးကောင်းသမီး တို့သည်။ အာဃာတံ၊ ရန်ငြိုးကို။ ပဋိဝိနေတွာ၊ ပယ်ဖျောက်နိုင်ကုန်သည် ဖြစ်၍။ ဒေါသံ၊ ဒေါသတရားကို၎င်း။ ခန္တိံ၊ ခန္တိတရားကို၎င်း။ ဘာဝေတွာ၊ ဒေါသကိုပယ် ခန္တိကိုပွားကြကုန်လျက်။ နိဗ္ဗာနံ၊ ဒေါသတရားတို့ရဲ့ မရှိရာ

ဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္စိကရောန္တု၊ ကောင်းစွာ မသေ့ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

မေတ္တာတရား ပွားများတဲ့အခါမှာ ရန်ငြိုးဖျောက်ခြင်း ငါးမျိုးရှိတယ်၊ အခုဟောကြားခဲ့တဲ့ ဒေသနာအစဉ်အရ မေတ္တာတရား ပွားများဘို့ အလှည့် ရောက်လို့ မေတ္တာပွားတော့မယ် ဆိုတော့ မေတ္တာ မပွားမီ ရှေး အဘို့က နောက်က ဟောကြားခဲ့တဲ့အတိုင်းဘဲ ဒေါသရဲ့အပြစ်, ခန္တီရဲ့ အကျိုးအာနိသံသတွေကို ဆင်ခြင်ပြီးတော့ ရန်ငြိုးဖွဲ့ခြင်း ကိုးမျိုးတို့တွင် တမျိုးမျိုးသော နည်းဖြင့် ရန်ငြိုးကို ဖျောက်ရမယ်လို့ မြတ်စွာဘုရားက—

ရန်ငြိုးဖျောက်နည်း ၅-နည်း "ပဉ္စိမေ ဘိက္ခဝေ အာဃာတပဋိဝိနယာ"။ ဘိက္ခဝေ၊ ရဟန်းတို့။ အာဃာတပဋိဝိနယာ၊ ရန်ငြိုးကို ဖျောက်ခြင်းတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ ပေတည်း။ ရန်ငြိုးဖျောက်ရမယ်၊ ဘယ်နှယ်ဖျောက်ရလဲ။

(၁) ယသ္မိံ ဘိက္ခဝေ ပုဂ္ဂလေ အာဃာတော ဇာယေထ၊ မေတ္တာ တသ္မိံ ပုဂ္ဂလေ ဘာဝေတဗ္ဗာ၊ ဧဝံ တသ္မိံ ပုဂ္ဂလေ အာဃာတော ပဋိဝိနေတဗ္ဗော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးသည်။ ဇာယေထ၊ ဖြစ်ငြားအံ့။ တသ္မိံ ပုဂ္ဂလေ၊ ထိုရန်ငြိုးဖွဲ့ထားသော ပုဂ္ဂိုလ်အပေါ်၌။ မေတ္တာ၊ ကျန်းမာစေကြောင်း, ချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းတယ်ခေါ်တဲ့ မေတ္တာတရားကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဧဝံ၊ ဤသို့မေတ္တာပွားလိုက်သောအားဖြင့်။ တသ္မိံ ပုဂ္ဂလေ၊ ထို မိမိရန်ငြိုးဖွဲ့ထားသော ပုဂ္ဂိုလ်အပေါ်၌။ အာဃာတော၊ ရန်ငြိုးကို။ ပဋိဝိနေတဗ္ဗော၊ ပယ်ဖျောက်အပ်၏။

ဟောဒါ ရန်ငြိုးဖျောက်နည်းတနည်း၊ မိမိရဲ့အကျိုးမဲ့ကို ပြုလုပ်ခဲ့ခြင်း, ပြုလုပ်၍နေခြင်း, ပြုလုပ်လိမ့်မယ်ဆိုပြီးတော့ ရန်ငြိုးဖွဲ့ခြင်း၊ မိမိချစ်ခင်နှစ်သက်မြတ်နိုးတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးစီးပွားမဲ့ကို ရှေးကပြုခဲ့ခြင်း, ယခုပြုလုပ်နေခြင်း, နောင်လဲပြုလုပ်လိမ့်အုံးမယ်လို့ဆိုပြီး ရန်ငြိုးဖွဲ့ခြင်း၊ မိမိရန်သူရဲ့ အကျိုးစီးပွားတွေကို ရှေးကလဲဆောင်ရွက်ခဲ့ခြင်း, ယခုလဲ ဆောင်ရွက်နေဆဲ, နောင်လဲ ဆောင်ရွက်လိမ့်အုံးမယ်လို့ တစုံတယောက်သော ပုဂ္ဂိုလ်ရဲ့အပေါ်မှာ ရန်ငြိုးဖွဲ့ခြင်း ကိုးမျိုးတို့တွင် တခုခုသော ရန်ငြိုးဖြင့် ရန်ငြိုးဖွဲ့မိတယ်။

၁။ အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် နှာ-၁၆၃။

ထိုရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်ရဲ့အပေါ်မှာ ရန်ငြိုးပြေအောင် ပျောက်အောင် ဘယ့်နှယ်လုပ်ရမလဲ-ထိုရန်ငြိုးထားတဲ့ ပုဂ္ဂိုလ်အပေါ်မှာ မေတ္တာတရား ပွားများ ပေးလိုက်ပါ-တဲ့၊ ဤသို့ မေတ္တာတရားပွားများခြင်းဖြင့်လဲဘဲ ထိုပုဂ္ဂိုလ်ရဲ့ အပေါ်မှာ ရန်ငြိုးပျောက်နိုင်ပါတယ်တဲ့၊ ဒါ ရန်ငြိုးဖျောက်နည်း တနည်း။

ဒီလိုမှ မေတ္တာပွားလို့ ရန်ငြိုးမပျောက်ဘူးဆိုယင် ဘယ့်နှယ်လုပ်ရမလဲ နောက်တနည်းက—

(၂) ယသ္မိံ ဘိက္ခဝေ ပုဂ္ဂလေ အာဃာတော ဇာယေထ၊ ကရုဏာ တသ္မိံ ပုဂ္ဂလေ ဘာဝေတဗ္ဗာ၊ ဧဝံ တသ္မိံ ပုဂ္ဂလေ အာဃာတော ပဋိဝိနေတဗ္ဗော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးသည်။ ဇာယေထ၊ ဖြစ်နေငြားအံ့။ တသ္မိံ ပုဂ္ဂလေ၊ ထိုရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်အပေါ်၌။ ကရုဏာ၊ သနားဘွယ်ရာဖြစ်တဲ့ ကရုဏာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဧဝံ၊ ဤသို့ ကရုဏာတရား ပွားများလိုက်သောအားဖြင့်။ တသ္မိံ ပုဂ္ဂလေ၊ ထိုမိမိရန်ငြိုးဖွဲ့တဲ့ ပုဂ္ဂိုလ်အပေါ်မှာ။ အာဃာတော၊ ရန်ငြိုးကို။ ပဋိဝိနေတဗ္ဗော၊ ပယ်ဖျောက်အပ်၏။

မေတ္တာပွားလို့မှ ရန်ငြိုးမပျောက်သေးဘူးဆိုယင် မိမိရန်သူရဲ့အပေါ်မှာ ရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်ရဲ့အပေါ်မှာ သနားစရာလေးများ ရှာပြီးတော့ တွေးလိုက်စမ်းပါ-တဲ့၊ အဲဒီ သနားစရာ ကရုဏာဖြစ်စရာ ရှာပြီးတော့ တွေးလိုက်၊ ကိုယ့်ရန်သူခမျာ သနားစရာ ကောင်းနေတယ်၊ ဘယ့်နှယ် ကြောင့်လဲ၊ ရန်သူကိုသနားတယ်ဆိုတာ ဘယ်လိုလဲ—

ပျက်စီးရှာတော့မယ်၊ ပျက်စီးတော့မယ်၊ ကိုယ့်ရဲ့ရန်သူ ဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ မသကာ အနှစ်တရာအတွင်းမှာ သူပျက်စီးမယ်၊ အဲဒီလို အနှစ်တရာ အတွင်းမှာ သူ့ခမျာပျက်စီးယင် သနားစရာကောင်းတယ်၊ အဲဒီလို ရန်သူရဲ့ အပေါ်မှာ သနားစရာတွေကို မရရအောင် ရှာဖွေကြံဖန် တွေးတောပြီး တော့ ရန်သူအပေါ်မှာ သနားစိတ်ကလေး မွေးပြီးတော့ ဒီရန်သူကို ရန်ငြိုး ဖျောက်ပါတဲ့၊ ဒါရန်ငြိုးဖျောက်နည်းတမျိုး။

ဒီလိုမှ ရန်ငြိုးမပျောက်သေးဘူးဆိုယင် နောက်တမျိုး မြတ်စွာဘုရားက ဟောပါသေးတယ်၊ ဘယ့်နှယ်ဖျောက်ရမလဲ။

၁။ အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် နှာ-၁၆၃။

(၃) ယသ္မိံ ဘိက္ခဝေ ပုဂ္ဂလေ အာဃာတော ဇာယေထ၊ ဥပေက္ခာ တသ္မိံ ပုဂ္ဂလေ ဘာဝေတဗ္ဗာ၊ ဧဝံ တသ္မိံ ပုဂ္ဂလေ အာဃာတော ပဋိဝိနေတဗ္ဗော။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးသည်။ ဇာယေထ၊ ဖြစ်ငြားအံ့။ တသ္မိံ ပုဂ္ဂလေ၊ ထိုမိမိရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်အပေါ်၌။ ဥပေက္ခာ၊ လျစ်လျူရှုခြင်းခေါ်တဲ့ ဥပေက္ခာကို။ ဘာဝေတဗ္ဗာ၊ ဖြစ်စေပွားစေအပ်၏။ ဧဝံ၊ ဤသို့ဥပေက္ခာ ပွားလိုက်သော အားဖြင့်။ တသ္မိံ ပုဂ္ဂလေ၊ ထိုပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးကို။ ပဋိဝိနေတဗ္ဗော၊ ပယ်ဖျောက်အပ်၏။

သူ့အပေါ်မှာ ဥပေက္ခာပွားထားလိုက်ပါ၊ မိမိရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်ရဲ့ အပေါ်မှာ ဥပေက္ခာပွားထား၊ ဤသို့ ဥပေက္ခာပွားခြင်းအားဖြင့်လဲဘဲ ရန်သူရဲ့ အပေါ်မှာ ရန်ငြိုးကို ပယ်ဖျောက်နိုင်တဲ့ နည်းတနည်းဘဲတဲ့-မြတ်စွာ ဘုရားက ဒီလိုပြတယ်၊ မေတ္တာ, ကရုဏာ, ဥပေက္ခာ-ဒီသုံးပါးပွားလို့မှ ရန်ငြိုးမပျောက် သေးပါဘူးဆိုယင် ဘယ့်နှယ်လုပ်ရမလဲ-

(၄) ယသ္မိံ ဘိက္ခဝေ ပုဂ္ဂလေ အာဃာတော ဇာယေထ၊ အသတိ အမနသိကာရော တသ္မိံ ပုဂ္ဂလေ အာပဇ္ဇိတဗ္ဗော၊ ဧဝံ တသ္မိံ ပုဂ္ဂလေ အာဃာတော ပဋိဝိနေတဗ္ဗော။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးသည်။ ဇာယေထ၊ ဖြစ်ငြားအံ့။ တသ္မိံ ပုဂ္ဂလေ၊ ထိုရန်ငြိုးရှိနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်အပေါ်၌။ အသတိ အမနသိကာရော၊ နှလုံးမသွင်းခြင်း, မေ့ပျောက်၍ ပစ်ခြင်းသို့။ အာပဇ္ဇိတဗ္ဗော၊ ရောက်အပ်၏။ ဧဝံ၊ ဤသို့ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ် အပေါ်၌ မေ့ပျောက်နှလုံးမသွင်းသောအားဖြင့်။ တသ္မိံ ပုဂ္ဂလေ၊ ထိုပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးကို။ ပဋိဝိနေတဗ္ဗော၊ ပယ်ဖျောက်အပ်၏။

ချစ်သားတို့.... နောက်ကပြောခဲ့တဲ့ နည်းသုံးနည်းနဲ့မှ ရန်ငြိုးမပျောက် သေးဘူးဆိုယင် ဘယ့်နှယ်လုပ်ရမလဲ၊ ဒီရန်ငြိုးဖွဲ့ထားတဲ့ပုဂ္ဂိုလ်ကို နှလုံးမသွင်း နဲ့၊ သူ့ကိုမေ့ပစ်လိုက်ပါ၊ အသတိ- သတိမထားနဲ့ သူ့ကို မေ့ပစ်လိုက်၊ ကိုယ့်ကို မကောင်းကြံတာတွေ, မကောင်းပြောတာတွေ, မကောင်းလုပ်တာ တွေ အကုန်မေ့ပစ်လိုက်၊ အဲဒီလို မေ့ပစ်လိုက်သောအားဖြင့်လဲဘဲ, နှလုံးမသွင်း သောအားဖြင့်လဲဘဲ ထိုပုဂ္ဂိုလ်ရဲ့ အပေါ်မှာ ရန်ငြိုးပျောက်နိုင်ပါတယ်တဲ့၊ ဒါစတုတ္ထနည်း၊ ဒီနည်းနဲ့မှ ရန်ငြိုးမပျောက်သေးဘူးဆိုယင် နောက်တနည်း-

(၅) ယသ္မိံ ဘိက္ခဝေ ပုဂ္ဂလေ အာဃာတော ဇာယေထ၊ ကမ္မဿ-ကတာ တသ္မိံ ပုဂ္ဂလေ အဓိဋ္ဌာတဗ္ဗာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ အာဃာတော၊ ရန်ငြိုးသည်။ ဇာယေထ၊ ဖြစ်ငြားအံ့။ တသ္မိံပုဂ္ဂလေ၊ ထိုရန်ငြိုးဖြစ်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်အပေါ်၌။ ကမ္မဿကတာ၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်ကို။ အဓိဋ္ဌာတဗ္ဗာ၊ ဆောက်တည်အပ်၏။

ကမ္မဿကော အယ မာယသ္မာ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿတိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿတီတိ၊ ဧဝံ တသ္မိံ ပုဂ္ဂလေ အာဃာတော ပဋိဝိနေတဗ္ဗော။

သူ့ရှိတဲ့ ကံအားဇလျော်စွာ သူသွားလိမ့်မယ်၊ ကံသာလျှင် သတ္တဝါတို့နဲ့ မိတ်ဆွေဖြစ်တယ်၊ ကံသာလျှင် မှီခိုရာဖြစ်တယ်၊ ကံသာလျှင် အကြောင်းတရားရှိတယ်၊ သူပြုနေတဲ့ ကောင်းမှုကံ, မကောင်းမှုကံအတွက် သူ့ဟာ ကောင်းကျိုး မကောင်းကျိုးတွေကို သူ့အပြစ် သူခံရလိမ့်မယ်တဲ့၊ အဲဒီလို ကမ္မဿကတဉာဏ်ချပြီးတော့ ရန်ငြိုးဖျောက်ပါတဲ့ ရန်ငြိုးဖျောက်နည်းငါးမျိုး၊ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်က ဒီလိုပြတယ်။

ဒုတိယ အာဃာတပဋိဝိနယသုတ် ဒါမှ ရန်ငြိုးမပျောက်သေးဘူး ဆိုယင် နောက် ဒုတိယ အာဃာတပဋိဝိနယ သုတ္တန်လို့ ဆိုပြီးတော့ ဆက်လျက်သုတ္တန်တခုရှိသေးတယ်၊ ကဲ-ဒါကို စကားပြေပြောကြပါစို့-ဒီသုတ္တန်ကို၊ ကိုယ်ရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်ကိုကြည့်၊ တချို့ပုဂ္ဂိုလ်ဟာ ကိုယ်အမူအရာက မစင်ကြယ်ဘူး, နှုတ်အမူအရာက စင်ကြယ်တယ်၊ ကောင်းတယ်၊ ဒီပုဂ္ဂိုလ်ကိုလဲ ရန်ငြိုးဖျောက်ရမယ်၊ ကိုယ်အမူအရာ မကောင်းဘူး, နှုတ်အမူအရာကောင်းတယ်ဆိုပြီးတော့ ရန်ငြိုးဖျောက်ရမယ်။

တချို့ပုဂ္ဂိုလ်မှာ နှုတ်အမူအရာက ကောင်းတယ်, ကိုယ်အမူအရာက မကောင်းဘူး၊ သူ့ကိုလဲ ရန်ငြိုးဖျောက်ရမယ်၊ အချို့ပုဂ္ဂိုလ်က ကိုယ်အမူအရာလဲ မကောင်းဘူး, နှုတ်အမူအရာလဲ မကောင်းဘူး, စိတ်အမူအရာက ကောင်းတယ်၊ သူ့ကိုလဲရန်ငြိုးဖျောက်ရမယ်။

အချို့ပုဂ္ဂိုလ်ကျတော့ ကိုယ်အမူအရာလဲ မကောင်းဘူး, နှုတ်အမူအရာလဲ မကောင်းဘူး, စိတ်အမူအရာလဲ မကောင်းဘူး၊ သူ့ကိုလဲ ရန်ငြိုးဖျောက်ရမယ်၊ တချို့ပုဂ္ဂိုလ်ကျတော့ ကိုယ်အမူအရာလဲ ကောင်းတယ်, နှုတ် အမူ

အရာလဲ ကောင်းတယ်, စိတ်အမူအရာလဲ ကောင်းတယ်၊ ဒီပုဂ္ဂိုလ်ကိုလဲ ဘယ်လိုတုံ့-ရန်ငြိုးဖျောက်ရမယ်တဲ့။

ကိုယ်အမူအရာကတော့ မကောင်းဘူး, နှုတ်အမူအရာကောင်းတယ် ဆိုတဲ့ ပုဂ္ဂိုလ်အပေါ်မှာ ဘယ်နည်းနဲ့ ရန်ငြိုးဖျောက်ရမလဲဆိုတော့ -မြတ်စွာဘုရားက ဥပမာလေးတခု ပြတယ်။

ပံသုကူသက်န်းကောက်ယူတဲ့ ရဟန်းတော်ဟာ အမှိုက်ပုံထဲမှာ အဝတ်စုတ်တခုကို တွေ့လို့ တဖက်က ဘယ်ဘက်ခြေထောက်နဲ့ နင်းပြီးတော့ ညာဘက်ခြေထောက်နဲ့ ဒီအဝတ်ကို ဖြန့်ကြည့်ပြီးလို့ ပံသုကူသင်္ကန်းဟုတ်လောက်တယ်ဆိုပြီး ကောက်ယူပြီးတော့ သွားသလို၊ ကိုယ်အမူအရာ မကောင်းဘူး, နှုတ်အမူအရာ ကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အပေါ်မှာ ဩော်-သူ့ကိုယ်အမူအရာသာ မကောင်းတာဘဲ, သူ့နှုတ်အမူအရာလေးကတော့ အကောင်းသားဘဲလို့ နှလုံးသွင်းပြီးတော့ ရန်ငြိုးဖျောက်ပါတဲ့။

ကိုယ် အမူအရာက ကောင်းတယ်, နှုတ်အမူအရာက မကောင်းဘူး ဆိုတဲ့ ပုဂ္ဂိုလ်ကို ဘယ့်နှယ်ရန်ငြိုးဖျောက်ရမလဲ-မြတ်စွာဘုရားက ဥပမာဘယ့်နှယ် ပြသလဲ-

မှော်သေးမှော်ဖွဲ့တွေ ဖုံးပြီးတော့နေတဲ့ ရေကန်ကြီးတခုရှိတယ်၊ အရပ်လေးမျက်နှာက နေပူထဲကလာတဲ့ပုဂ္ဂိုလ် ရေငတ်လာတဲ့အခါကျတော့ ဒီရေကန်ထဲမှာ မှော်သေးမှော်ဖွဲ့တွေကို လက်ဝါးနှစ်ဘက်နဲ့ ဖယ်ရှားပြီးတော့ ရေစင်ရေကောင်းကို ခပ်ပြီးတော့ သောက်ဘိသကဲ့သို့၊ ထိုပုဂ္ဂိုလ်ရဲ့ နှုတ်အမူအရာ မကောင်းတာကို ဖယ်ရှားပြီးတော့ ကိုယ်အမူအရာကောင်းတာလေး အာရုံပြုပြီးတော့ ရန်ငြိုးဖျောက်လိုက်ပါတဲ့ မြတ်စွာဘုရားက။

ကိုယ်အမူအရာလဲမကောင်းဘူး, နှုတ်အမူအရာလဲ မကောင်းဘူး, စိတ်အမူအရာ ကတော့ ကောင်းတယ်ဆိုတဲ့ပုဂ္ဂိုလ် ဘယ့်နှယ်ရန်ငြိုးဖျောက်ရ မလဲ၊ ဥပမာတဲ့—

ရေအင်မတန် ငတ်လာတဲ့လူဟာ ရေရှာတော့ ဘယ်မှာရေတွေ့သလဲဆိုတော့ နွားခြေရာခွက်ထဲမှာ ရေကလေးတွေ့တယ်၊ ခပ်သောက်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား) အကယ်၍ တစုံတခုသော အရာဝတ္ထုနဲ့ ခပ်ပြန်ယင်လဲ ရေကလေးက အင်မတန်နဲနေသည်ဖြစ်သောကြောင့် ခပ်လို့လဲမဖြစ်ဘူး၊ နောက်သွားမယ်၊ ဒီတော့ ဘယ့်နှယ် လုပ်ရမလဲ ဆိုတော့ နွားရေသောက် ဘိသကဲ့သို့ လေးဘက်ထောက်ပြီးတော့ နွားခြေရာ ခွက်ထဲကရေကို ငုံသောက်သွားသလို—

ငြိမိုရဲ့ သူများအပေါ်မှာ ရန်ငြိုးဖွဲ့ထားတယ်ဆိုတဲ့ ဒေါသကြောင့် ပင်ပန်းနေတဲ့စိတ်ကို ကိုယ်အမူအရာမကောင်းတာ နေပါစေ, နှုတ်အမူအရာ မကောင်းတာ နေပါစေ, စိတ်အမူရာ ကလေး တော့ဖြင့် စေတနာ ထားလေးတော့ အကောင်းသားဘဲဆိုတာ တွေးပြီးတော့ ကတ်သီးကတ်သတ် ရန်ငြိုး မပျောက်ပျောက်အောင် ဖျောက်ပါတဲ့။

ကိုယ်အမူအရာလဲမကောင်းဘူး, နှုတ်အမူအရာလဲ မကောင်းဘူး, စိတ်အမူအရာလဲမကောင်းဘူးဆိုတဲ့ ပုဂ္ဂိုလ်မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီ ပုဂ္ဂိုလ်ကို ဘယ်လိုလုပ်ရန်ငြိုးဖျောက်ကြမလဲ၊ မြတ်စွာ ဘုရားက ဘယ်လို နည်းပေးထားသလဲဆိုတော့—

အရပ်လေးမျက်နှာမှ လူမမာကြီးတယောက်အနေနဲ့ သူ့ကို နှလုံးသွင်းပြီးတော့ အရပ်လေးမျက်နှာမှာ ရှေ့လဲမသွားနိုင်၊ နောက်လဲ မသွားနိုင်၊ ရှေ့လဲ သွားဘို့ရာက အဝေးကြီးရှိသေးတယ်၊ ကွင်းလယ် ခေါင်ကြီး ရောက်ပြီးတော့ ရောဂါစွဲကပ်နေတဲ့ပုဂ္ဂိုလ်ဟာ သင့်လျော် လျောက်ပတ်တဲ့ ဆေးဝါး ခတ်စာ အစာအာဟာရကိုမရယင် ခမျာ ဒီနေရာတင် သေရှာတော့မယ်၊ သွားလဲ မသွားနိုင်ဘူး၊ အဲဒီပုဂ္ဂိုလ်ကိုမြင်နေယင် ဘုန်းကြီးတို့ပရိသတ် သနားမလား, မသနားဘူးလား၊ (သနားပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကိုယ်အမူအရာ မကောင်းတဲ့ ပုဂ္ဂိုလ်, နှုတ်အမူအရာ မကောင်းတဲ့ ပုဂ္ဂိုလ်, စိတ်ထားမကောင်းတဲ့ပုဂ္ဂိုလ်ကို လူမမာကြီးသဖွယ်သဘော ထားပြီးတော့ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတွေ မကောင်းမှု နှိပ်စက်သည် ဖြစ်သောကြောင့် အပါယ်လေးပါး ခမျာကျတော့မှာဘဲလို့ နှလုံးသွင်းပြီးတော့ သနားတဲ့ အမူအရာနဲ့ ဒီပုဂ္ဂိုလ်အပေါ် ရန်ငြိုးဖျောက်ပါတဲ့၊ ရန်ငြိုးဖျောက်နည်းတမျိုး။

ကိုယ်အမူအရာလဲ ကောင်းတယ်, နှုတ်အမူအရာလဲ ကောင်းတယ်, စိတ်မူအရာလဲ ကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ် ကျတော့ ဘယ့်နှယ်ရန်ငြိုးဖျောက်ရမလဲ -အင်မတန် စိမ်းလန်းစိုပြေတဲ့ တောအုပ် တောင်တန်းကြီးအလယ်မှာ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဖြူဖြူ ဖွေးဖွေး ရှိတဲ့ ရေကန်ကြီး ရောက်ဘိသကဲ့သို့ မောမောပန်းပန်းနဲ့ ဒေါသ အမျက် တွေကို ကိုယ်အမူ အရာ, နှုတ်အ မူအရာ, စိတ်အမူအရာ ကောင်းမှုတွေကို အမှီပြုပြီးတော့ ပျောက်အောင်ဖျောက်လိုက်ပါတဲ့။

ကိုယ်က စိတ်ဆိုးလာတယ်ဆိုပါတော့၊ ကိုယ့်ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်က မျက်နှာကလေး ပြုံးပြီးတော့ ကိုယ်အမူအရာလေး ကောင်းကောင်းနဲ့ ချိုချိုသာသာ

နှုတ်ခွန်းဆက်သပြီးတော့ စိတ်ထားကလဲ တကယ့်ကိုဘဲ ကိုယ့်ရန်သူအပေါ်မှာ မေတ္တာ ရှိတယ် ဆိုယင် ဒေါသဖြစ်လာတဲ့ သူ့ရဲ့ ဒေါသဟာ ဘယ်လို ဖြစ်မလဲ၊ (ပြေသွားပါတယ် ဘုရား) အေးသွားတယ်၊ ရန်ငြိုးတွေ အဲဒီလို ပျောက်သွားတယ်၊ ဒီလို ရန်ငြိုးပျောက်တဲ့နည်းကို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စကနိပါတ်မှာ ဒီလို ရန်ငြိုးပျောက်နည်းကို ဟောပါတယ်။

ရန်ငြိုးမပျောက်ခြင်း၏ အပြစ်များ

အဲဒီလို ရန်ငြိုး ပျောက်နည်း တွေနဲ့ ဟောလို့မှ ဘုန်းကြီးတို့ ပရိတ်သတ်က ရန်ငြိုးမပျောက်နိုင်သေးပါဘူးလို့ ဆိုယင် အင်မတန် ရန်ငြိုးကြီးတဲ့ ပုဂ္ဂိုလ်ဘဲ၊ ဒေါသကြီးတဲ့ပုဂ္ဂိုလ်များ ဘာဖြစ်တတ်တယ်လို့ ထင်သလဲ-ဘဝသံသရာ အဆက်ဆက်မှာ ရုပ်မလှတတ်ဘူးတဲ့၊ ဘဝသံသရာ အဆက်ဆက်မှာ အခုရော နောင်ပါ ဆင်းရဲဒုက္ခနဲ့ချည်း တွေ့ကြုံရတတ်တယ်။

ပစ္စည်းတွေချမ်းသာချင် ချမ်းသာမယ်၊ အခြွေအရံတွေ ပေါချင်ပေါမယ်၊ ဘယ်တော့မှ စိတ်မချမ်းသာရဘူး- ဒေါသကြီးတဲ့ ပုဂ္ဂိုလ်များ ဘဝသံသရာ အဆက်ဆက်မှာ အခုရော နောင်ပါ စိတ်ဆင်းရဲမှုနဲ့သာ တွေ့ကြုံရတတ်တယ်၊ ရုပ်မလှတတ်ဘူး၊ ကိုယ်ရလာတဲ့ စီးပွားဥစ္စာ ပျက်စီးတတ်တယ်၊ ကိုယ့်ရှိနေတဲ့ အခြွေအရံတွေ ပျက်စီးတတ်တယ်၊ ဘယ်နှစ်ခုလဲ—လေးခု။

မိတ်ကောင်းဆွေကောင်း မရတတ်ဘူးတဲ့- ဒေါသကြီးတဲ့ပုဂ္ဂိုလ်၊ ရန်ငြိုး မပြေတဲ့ပုဂ္ဂိုလ်၊ ဘယ်သူမှမသုံးချင်တဲ့ပုဂ္ဂိုလ်- ထင်းကလားတုံးကြီးကဲ့သို့နေရတတ်တယ်-တဲ့၊ သေသည်၏အခြားမဲ့၌ အပါယ်ငရဲကို သွားမယ်၊ အဲဒီလို မကောင်းကျိုးတွေကို ပေးတတ်သည်ဖြစ်သောကြောင့် စောစောပိုင်းက ပြောခဲ့တဲ့ ရန်ငြိုးပျောက်နည်းတွေကို ဒေါသအမျက်ကြီးနေတဲ့ ရန်ငြိုးကိုပျောက်ဖြစ်အောင်ဖျောက်ပါတဲ့- မြတ်စွာဘုရားက။

အဲဒီ ရန်ငြိုးဖျောက်ပြီးတော့မှ မေတ္တာပွားပါတဲ့၊ ဒီနည်းနဲ့မှ ရန်ငြိုးတွေ မပျောက်သေးဘူးလို့ဆိုယင် ရန်ငြိုးဖျောက်တဲ့နည်း- တဆဲ့တနည်းလောက် ဟောထားတာရှိပါသေးတယ်။

ပဌမ ဘယ်နှယ် ရန်ငြိုးဖျောက်ရမလဲ- မေတ္တာပွားခြင်းဖြင့် ရန်ငြိုးကို ပျောက်အောင်ဖျောက်ပါ၊ မေတ္တာဈာန်ကို အကြိမ်ကြိမ်ဝင်စား၊ သတ္တဝါပေါ်မှာ ကောင်းစေလိုတဲ့စိတ်၊ ချမ်းသာစေလိုဘဲ့စိတ်၊ အဟုတ်ကိုဘဲ သတ္တဝါတွေ ချမ်းသာစေလိုတဲ့သဘောကို နှလုံးသွင်းပြီးတော့ ကိုယ်က မေတ္တာဈာန်ကို အကြိမ်ကြိမ်ပွားပေးပါ၊ အဲဒီလိုမေတ္တာဈာန်ကို အကြိမ်ကြိမ်ပွားများအားထုတ်ခြင်းဖြင့်လဲဘဲ ရန်ငြိုးကို ပျောက်အောင်ဖျောက်ပါ-တဲ့။

ဒီလို မေတ္တာစျာန်ပွားလို့မှ ရန်ငြိုးမပျောက်သေးယင် ဘာလုပ်ရမလဲ ကကစူပမသုတ္တန်မှာ မြတ်စွာဘုရား ဟောထားသလို–

> ဥဘတော ဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩကန္တေယျုံ၊ တတြာပိ ယော မနော ပဒူသေယျ၊ န မေ သော တေန သာသနကရော။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဘတောဒဏ္ဍကေန၊ လက်ကိုင် နှစ်ဘက်ရှိသော။ ကကစေန၊ လွှဖြင့်။ ဩစရကာ၊ ယုတ်မာသောအကျင့်ရှိကုန်သော။ စောရာ၊ ခိုးသူခားမြတို့သည်။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ စေပိ ဩကန္တေယျုံ၊ အကယ်၍တိုက်ဖြတ်စေကုန်ကာမူ။ တတြာပိ၊ ထိုသို့ လွှဖြင့် အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ခြင်း၌လည်း။ ယော၊ အကြင်သူသည်။ မနော ပဒူသေယျ၊ စိတ်ဖြင့် လွှနဲ့တိုက်တဲ့လူကို ပြန်ပြီးတော့ ပြစ်မှား ငြားအံ့။ တေန၊ ထိုသို့ စိတ်ဖြင့်ပြစ်မှားခြင်းကြောင့်။ သော၊ ထိုသို့ ပြစ်မှားသော သူသည်။ မေ၊ ငါဘုရား၏။ သာသနကရော၊ အဆုံးအမကို လိုက်နာကျင့်ကြံသော ပုဂ္ဂိုလ်သည်။ နဟောတိ၊ မဖြစ်နိုင်။

ဩြော်–ကိုယ့်ကို လွှကြီးနဲ့ အင်္ဂါကြီးငယ်တွေကို တိုက်ဖြတ် နေတဲ့ ပုဂ္ဂိုလ်ကို ကိုယ်က စိတ်ကလေးနဲ့ ပြန်ပြီးပြစ်မှားမိလိုက်မယ်ဆိုယင် ချစ်သား, ချစ်သမီးတို့ ငါဘုရားရဲ့ သာသနာတော်အဆုံးအမကို လိုက်နာတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးလို့ မြတ်စွာဘုရား ဒီလိုဆုံးမထားတာ ရှိတယ်၊ ဒီ အဆုံးအမ ဒေသနာတော်ကို လိုက်နာသော အားဖြင့်လဲဘဲ သူတပါး အပေါ်မှာ ငါ ရန်ငြိုး ဖျောက်မယ်လို့ ဆိုပြီး ရန်ငြိုးဖျောက်ရမယ်၊ နှစ်နည်းရှိသွားပြီ။

ဒီနည်းနဲ့မှ ရန်ငြိုး မပျောက်သေးဘူး ဆိုယင် ရန်သူဖြစ်သော ပုဂ္ဂိုလ်ရဲ့ ကြည်ညိုဘွယ်ရာ စောစောပိုင်းက ပြောခဲ့တဲ့ ကိုယ်အမူအရာက ကြည်ညိုဘွယ် ကောင်းသလား, နှုတ်အမူအရာက ကြည်ညိုဘွယ် ကောင်းသလား, စိတ်အမူအရာက ကြည်ညိုဘွယ်ကောင်းသလား၊ ကြည်ညိုဘွယ် လုပ်ဆောင်ချက် ကလေးတွေကို အာရုံပြုပြီးတော့ ရန်ငြိုးဖျောက်လိုက်ပါတဲ့–ရန်သူရဲ့ ကြည်ညိုဘွယ်ရာ အာရုံ ရှာပြီးတော့ ကျေးဇူးတွေကိုရှာ–ဘာကျေးဇူးတွေ ရှိသလဲ၊ ကြည်ညိုစရာ ဘယ်အချက်တွေရှိသလဲလို့ သေသေ ချာချာ ရှာကြည့်၊ အဲဒီလို ကြည်ညိုစရာ တခုခု မတွေ့တွေ့အောင် ရှာပြီးတော့ ရန်ငြိုးကို ဖျောက်ရမယ်၊ ဘယ်နှစ်နည်း ရှိသွားပလဲ၊ (သုံးနည်းပါဘုရား)။

၁။ မူလပဏ္ဏာသပါဠိတော် နှာ–၁၈၁။

အဲဒီ နည်းနဲ့မှ ရန်ငြိုး မပြေ သေးပါဘူး—မပျောက် သေးပါဘူး ဆိုယင် ကရုဏာ-တဲ့၊ စောစောပိုင်းက ပြောခဲ့တဲ့ သနားစရာကလေး တွေးပါ၊ ကိုယ် အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာကြမ်းတမ်းပြီးတော့ လူတိုင်းလူတိုင်းရဲ့ မုန်းစရာလူတယောက်ဖြစ်နေယင် သတ္တဝါတွေအပေါ်မှာ မကောင်းတာတွေ ကျင့်, မမှန်တာတွေ ပြော, မဟုတ်တာတွေ ကြံစည်စဉ်းစားပြီးတော့လုပ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ယင် ခမျာမှာ ဒီဘဝ ဆုံးလို့ နောက်တဘဝ အတွက် အပါယ် လေးပါးမှာ ရက်ရှေလများ ဆင်းရဲဒုက္ခ ခံစားရရှာတော့မယ်လို့ နှလုံးသွင်း ပြီးတော့ ထိုပုဂ္ဂိုလ်အပေါ်မှာ သနားစရာရှာတွေးပြီးတော့မှ ရန်ငြိုးဖျောက် လိုက်ပါ-တဲ့။

ဒီနည်းနဲ့မှ ရန်ငြိုးမပျောက်သေးဘူးဆိုခဲ့လို့ရှိယင် နာနာဩဝါဒ မြတ်စွာ ဘုရား ဟောကြား ထားတယ်၊ ဩဝါဒ နည်းအမျိုးမျိုးနဲ့ ဟောထားတယ်၊ သူတပါးအပေါ်မှာ ရန်ငြိုးထားလို့, အမျက်ထွက်တယ်လို့ ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘာနဲ့ ဥပမာအလားတူသလဲဆိုတော့ မစင်ကိုင်ပြီးတော့ သူတပါးကိုပစ်ယင် သူများမစင်ပေမှာက နောက်၊ ကိုယ့်ကိုမစင်တွေနဲ့ လူးလဲပေးကျံနေတာက အရင် ဖြစ်တယ်။

ဒီလိုဘဲ ဒေါသနဲ့ သူတပါးအပေါ်မှာ ရန်ငြိုးဖွဲ့နေမယ်ဆိုယင် သူတပါး ရန်ငြိုးဖွဲ့တဲ့ ထိုပုဂ္ဂိုလ်ဘာဖြစ်သလဲ၊ (ဘာမှမဖြစ်ပါ ဘုရား)ဘာမှမဖြစ်ဘူး၊ ကိုယ်မှာသာ ဒေါသမီးတွေတောက်ပြီးတော့ အိပ်မပျော်နိုင်ဘူး၊ စားလို့မဝင် နိုင်ဘူး၊ နေမထိ ထိုင်မထိ ဖြစ်တယ်၊ ကိုယ်ဘဲပင်ပန်း နေရတာပဲ၊ ကိုယ်ဘဲ စိတ်ဆင်းရဲနေရတယ်။

ဒီတော့ ဩြော်–ဒီလို ဒေသနာတော်တွေကို မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ ဒေါသကို ငါဖျောက်မှဘဲဆိုပြီးတော့ ရန်ငြိုးကို ဒီလိုဖျောက်ရမယ်။

တနည်းတဲ့–မီးခဲကိုကိုင်ပြီး သူတပါးကိုပစ်မယ်ဆိုယင် မီးခဲ သူတပါး မပူနိုင် သေးခင် ကိုယ်မှာဘာဖြစ်သလဲ၊ (ပူမှာပါဘုရား) အဲဒီလိုဘဲ ဒေါသဆိုတဲ့ အပူဓာတ်ကြီးကို ကိုယ်ကကိုင်ပြီးတော့ သူတပါးကို ရန်ငြိုးဖွဲ့မယ်ဆိုယင် ကိုယ့် သန္တာန်မှာ ဒေါသတွေဖြစ်ပြီးတော့ ကိုယ်ရဲ့ စီးပွားဥစ္စာတွေ ပျက်စီးပေလိမ့် မယ်၊ အကျိုးစီးပွားတွေ ပျက်စီးအုံးမယ်တဲ့၊ ကိုယ့်ကုသိုလ်တရားတွေကို ဒေါ သက လောင်ကျွမ်းပစ်လိမ့်မယ်-တဲ့။

ဒီလိုမှ မဟုတ်ယင်လဲဘဲ မိမိကို ရန်သူလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့သီလ ဂုဏ်ကျေးဇူး, သမာဓိဂုဏ်ကျေးဇူး, ပညာဂုဏ်ကျေးဇူးတွေကို မဖျောက်နိုင် ဘူးတဲ့-သူတပါးက၊ အဲဒီ မိမိ သီလဂုဏ်ကျေးဇူး, သမာဓိဂုဏ်ကျေးဇူး, ပညာ

ဂုဏ်ကျေးဇူးတွေကို ဖျက်ဆီးပစ်နိုင်တဲ့ အတွင်းရန်သူဆိုတာ ဘယ်သူလဲ၊ မိမိ ဖြစ်နေတဲ့-ဒေါသ။

"ဒေါသော စိတ္တပကောပနော"။ ဒေါသော၊ ဒေါသတရားသည်။ စိတ္တပကောပနော၊ မိမိဖြူစင် ကြည်လင်အေးမြ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ စိတ်ကို ဖျက်ဆီး၍ပစ်တတ်၏။

ဒေါသ--ကိုယ့်ကိုအရင်ဖျက်ဆီးတယ်၊ ဒါကြောင့် ရန်ငြိုးဖွဲ့တယ်ဆိုတာကို ဒီလို နာနာ ဩဝါဒတွေနဲ့ ကိုယ့်ကို အတန်တန်ဆုံးမပြီးတော့ ဒီရန်ငြိုးဖွဲ့ခြင်းကို ဖျောက်ရမယ်။

ဒီလို နည်းမျိုးစုံနဲ့ ဩဝါဒပေးပြီးတော့ ဆုံးမဖျောက်ဖျက်လို့မှ ရန်ငြိုး မပျောက်သေးပါဘူးဆိုယင် နောက် ရန်ငြိုးပျောက်တဲ့နည်းတနည်း မြတ်စွာ ဘုရားက ပေးသေးတယ်။

ငါသည် ငါ၏ ကောင်းမှုကံ၊ မကောင်းမှုကံအားသာလျှင် ငါ့မှာ အကျိုး ပေးခြင်းရှိ၏၊ သူတပါးသည် သူတပါးရဲ့ ကောင်းမှုကံ၊ မကောင်းမှုကံသာလျှင် အကျိုးပေးခြင်းရှိ၏၊ သူတပါးတို့ရဲ့ကောင်းမှုကံကြောင့် အကျိုးပေးထက်သန် နေတာကို ကိုယ်က ဘယ်နည်းနဲ့မှ ဖျက်ဆီးလို့မရဘူး၊ သူ့ကောင်းမှုကံနဲ့သူ အကျိုးပေးနေတာ။

တစုံတယောက်သော ပုဂ္ဂိုလ် အောက်တန်းနောက်တန်းကျပြီးတော့ ဆင်းရဲ နွမ်းပါးနေယင်လဲ ဘယ့်နှယ်တုံး--သူ့မကောင်းမှုကံကြောင့် သူ အောက်တန်း နောက်တန်း ကျနေတာဘဲလို့ အဲဒီလို မိမိ၊ သူတပါး နှစ်ဦးသားတို့ရဲ့ ကံ၊ ကံ၏အကျိုးကို စဉ်းစားဆင်ခြင်ပြီးတော့လဲဘဲ ကံသာလျှင်အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် မိမိဥစ္စာရှိတယ် ဆိုတာကို နှလုံးသွင်းပြီး ဒီရန်ငြိုးကို ပျောက် အောင် ဖျောက်ပါ-တဲ့။

မဟာသီလဝဇ္ဇတ်အကျဉ်း ဒါမှ ရန်ငြိုးမပျောက်သေးဘူးဆိုယင် ဘာလုပ်ရ မလဲ- ဇာတ်တော်နိပါတ်တော်များမှာ မြတ်စွာ ဘုရား အလောင်းတော် သည်းခံပုံတွေကို အားရှုပြီးတော့ ဩော်-ငါ့အဘ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဒီလိုသည်းခံတော်မူသွားတယ်ဆိုပြီး ရန်ငြိုးကို ဖျောက်ပါ၊ ဇာတ်တော်တွေမှာ ဟုတ်လား- ဟိုသီလဝဇာတ်တို့၊ ဘာတို့။

သီလဝဇာတ်မှာဆိုယင် ဟိုတပါးသော [redacted]ရှင်ဘုရင်ကနေပြီးတော့ ဟာ- တိုက်တိုက် တိုက်တိုက် သိမ်းလိုက်တာ အကုန်လုံး သည်းခံ သည်းခံ လာခဲ့တာ နောက်ဆုံးမှာ သီလဝမင်း တခါထဲဖမ်းရော၊ အမတ်ကြီးတွေကိုလဲ ဖမ်းတယ်၊ ဖမ်းပြီးတော့ မူးမတ်သေနာပတိနဲ့အတူ တခါထဲ သုသာန်ထုတ်ပြီးတော့ ပယ်ပင်းကလေးပေါ်ရုံ မြေမြှုပ်ထားတယ်။

တောခွေးတွေကလာ- ဒီကနေ ဝိုင်းအော်လိုက်ကြ- တောခွေးတွေကထွက်ပြေး၊ နောက်က လူလိုက်မလာမှန်းသိလို့ တောခွေးတွေကပြန်လာ၊ နောက်အော်လိုက်နဲ့၊ သုံးကြိမ်လောက်ရောက်တော့ တောခွေးတွေက အတင့်ရဲပြီး သီလဝမင်းနဲ့ အမတ်တွေရဲ့ ခေါင်းနားရောက်လာကြတယ်၊ အော်လွတ်ပေမဲ့ တောခွေးတွေက မပြေးကြတော့ဘူး။

ဒီတော့ သီလဝမင်းက ကိုက်ချင်ကိုက်ပစေဆိုပြီး လည်ပင်းမော့ပေးထားတယ်၊ တောခွေးကြီးတကောင်ကစပြီး သီလဝမင်းကြီးရဲ့လည်ပင်း ကိုက်လိုက်တော့ သီလဝမင်းကလဲ အားအစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ အာဇာနည်ပုဂ္ဂိုလ်ဖြစ်တော့ မိမိရဲ့မေးရိုးနဲ့ တခါထဲ ခတောခွေးရဲ့ခေါင်းကို ငုံ့ပြီးညှပ်ထားလိုက်တာ တောခွေးကြီးဟာ ကြောက်အားလန့်အားနဲ့ အော်ပြီးရုံးကန်လို့မရဘူး၊ ဒီလိုနဲ့ ကန်ပါရက်ပါများတော့ မြေကြီးခဲတွေဟာ လူတဝက်လောက်ပေါ်လာပြီးတော့ ယောကျ်ားတို့ရဲ့အားအစွမ်းကို ထုတ်ပြီးထွက်လာတယ်၊ ကျန်တဲ့ အမတ်တွေကိုလဲ အသက်ကိုကယ်တင်လိုက်တယ်။

. ဒီတော့ အဲဒီအချိန်မှာဘဲ ဘီလူးနှစ်ကောင်ဟာ သူသေကောင်တကောင်ကို ရလို့ အဝေမတည့်သဖြင့် သီလဝမင်းထံလာပြီး အဆုံးအဖြတ်တောင်းကြတော့ သီလဝမင်းကလဲ မိမိဆန္ဒအရ ပြုစုပေးရန်ပြောတယ်၊ ပြောတော့ ဘီလူးကြီးတွေက ရေမိုးနှံ့သာရှာပေးကြတယ်၊ ရန်သူမင်းရဲ့ မင်းအဝတ်အစားတွေ သန်လျက်တွေကို ယူဆောင်ပေးလို့ သူသေကောင်ကို ထက်ခြမ်းပိုင်းပြီး ဝေပေးလိုက်တယ်။

ပြီးတော့ သီလဝမင်းကို အသရေရှိတဲ့ တိုက်ခန်းဖြစ်တဲ့ ရန်သူမင်းအိပ်စက်ရာ နေရာသို့ပို့ပေးလိုက်ကြတယ်၊ ပို့ပေးလို့ ညသန်းခေါင်ယံအခါရောက်တော့ ရန်သူကောသလမင်း အိပ်ပျော်နေတဲ့ဘေးနားမှာ သန်လျက်ကိုင်ပြီး အသာကလေး သန်လျက်နဲ့တို့ပြီး နှိုးလိုက်တော့ တခါထဲ ရန်သူ ရှင်ဘုရင်ဟာ ထိတ်လန့် တုန်လှုပ်ပြီး ကြောက်ရွံ့စွာနဲ့ဘဲ အကျိုးအကြောင်းမေးတယ်။

သီလဝမင်းကလဲ အဖြစ်မှန်အတိုင်း ပြောပြတယ်၊ ဘယ်လောက်သည်းခံရသလဲ ဒီနေရာမှာတခါထဲ ရန်သူကိုသတ်လိုက်ယင် အလွယ်ကလေးဘဲမဟုတ်လား၊ (မှန်ပါဘုရား) ဒါပေမဲ့ မသတ်ဘူး၊ ဒီတော့ ရန်သူမင်းက တောင်းပန်ရတဲ့အထိ ရောက်လာတယ်။

အရှင်မင်းမြတ်....အကျွန်ုပ်ကား မှားပါပြီ၊ အသေကောင်စား အသားစိမ်းကို စားတတ်တဲ့ ဘီလူးလောက်မှ အကျွန်ုပ်ဟာ ကျေးဇူးတရား မသိတတ်ပါဘူး၊ အကျွန်ုပ်ကို အပြစ်မယူပါနဲ့၊ ယခု အချိန်ကစပြီး အရှင်မင်းမြတ်

အား အကျွန်ုပ်ရဲ့ တိုင်းပြည်တခုလုံးကို အပ်နှံပါသည်လို့ဆိုပြီး မှူးမတ်ပရိသတ်ရှေ့မှာ ဝန်ချကန်တော့ပြီး တောင်းပန်တယ်၊ မိမိကိုယ်ကိုလဲ သီလဝမင်းကို အပ်နှံလိုက်တယ်။

ဘယ်လောက်သည်းခံသလဲ၊ ဘုရားလောင်းရဲ့ ပါရမီတွေ အင်မတန် အံ့ဩစရာကောင်းတယ်၊ အဲဒါကြောင့် ပါဠိတော်က–

အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟူ။[၁]

ပဏ္ဍိတော၊ ပညာရှိသော။ ပုရိသော၊ ယောကျ်ားမည်သည်။ အာသီသေထေဝ–အာသီသံ ကရေယျ၊ အကျိုးစီးပွား၌ အပြစ်ကင်းသော တောင့်တအာသာကို ပြုရာသည်သာတည်း။ န နိဗ္ဗိန္ဒေယျ၊ လုံ့လပေါ့စား စွမ်းအားမလျော့ရာ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဝေါ၊ သင်တို့၏။ သာမိကော၊ အရှင်ဖြစ်သော။ အဟံ၊ ငါသည်။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဣစ္ဆိံ၊ မည်သူအားမျှ နှိပ်စက်ခြင်းကို မပြုဘဲ မိပ်နိုင်ငံ၌ မိမိကိုယ်ကို အလိုရှိခဲ့ပြီ။ တထာ၊ ထိုသို့အလိုရှိသည့်အတိုင်း။ အဟံ၊ ငါသည်။ အဟု၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အတ္တာနံ၊ ငါ၏ကိုယ်ကို။ ပဿာမိ၊ မြင်ရ၏။ တသ္မာ၊ ထို့ကြောင့်။ န နိဗ္ဗိန္ဒေယျ၊ မငြီးငွေ့ရာ။ ဝါ၊ လုံ့လပေါ့စား စွမ်းအားမလျော့ရာ။

အဲဒီလို သီလဝမင်းက ဂါထာရွတ်ပြီးတော့ မိမိရဲ့ ခန္တီ, မေတ္တာ တရားနှစ်ပါး လက်ကိုင်ထားပြီး တိုင်းတပါးမင်းနဲ့တကွ တိုင်းပြည်ကို အောင်မြင်ပုံကို ပြောခဲ့ပါတယ်။

တပါးတခြား ဇာတ်တော်တွေ ရှိသေးတယ် ဟုတ်လား၊ ဘုန်းကြီးတို့ စမ္ပေယျဇာတ်တို့, ဘူရိဒတ်ဇာတ်တို့, မမ္မပါလဇာတ်တို့, သခ်ပါလဇာတ်တို့, ဆိုတဲ့ အဲဒီလို သည်းခံတဲ့ ဇာတ်တွေကို အာရုံပြုနှလုံးသွင်းပြီးတော့ ဘုရားအလောင်းတော်ကြီး ဤမျှသည်းခံတော်မူခဲ့သေးတယ်၊ ငါလဲဘဲ ရှေးသူတော်ကောင်းတို့ သွားရာလမ်းကြောင်း ထုံးဟောင်းကိုလိုက်ပြီးတော့ သည်းခံမယ်ဆိုပြီး ရန်ငြိုးဖျောက်ပါတဲ့၊ ခုနစ်နည်း။

အဲဒါမှ ရန်ငြိုးမပျောက်သေးဘူးဆိုယင် အနမတဂ္ဂသုတ္တန် ဒေသနာတော်ကို အာရုံပြုပြီးတော့ ဘယ်လိုလဲ–

၁။ ဇာတ်ပါဠိတော် ပဌမအုပ် နှာ-၁၃။ အကျယ်ကို ဇာတ်အဋ္ဌကထာ ပဌမအုပ် နှာ-၂၇၉၊ ရှုကြကုန်။

နှ သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယော န မာတာ ဘူတပုဗ္ဗော။ ပ။ န ပိတာ ဘူတပုဗ္ဗော။[၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယော၊ အကြင်သတ္တဝါသည်။ နမာတာဘူတပုဗ္ဗော၊ ရှေးအခါ အမိမဖြစ်ဘူးသေး။ သောသတ္တော၊ ထိုအမိမဖြစ်ဘူးတဲ့ သတ္တဝါသည်။ သုလဘရူပေါ၊ ရလွယ်သော သဘော ရှိသည်။ နဟောတိ၊ မဖြစ်။ နပိတာဘူတပုဗ္ဗော၊ ရှေးက ငါ့အဘမဖြစ်ဘူးသေး။ သောသတ္တော၊ ထိုကိုယ့်အဘမဖြစ်ဘူးတဲ့ သတ္တဝါသည်။ သုလဘရူပေါ၊ ရလွယ်သောသဘောသည်။ န ဟောတိ၊ မဖြစ်။

သံယုတ်ပါဠိတော်များမှာ အနမတဂ္ဂသုတ္တန်လို့ရှိတယ်၊ အခု ငါရန်ငြိုးဖွဲ့ထားတဲ့ပုဂ္ဂိုလ်ဟာ ရှေးက ငါ့အဖေဖြစ်ချင်ဖြစ်ခဲ့ဘူးမယ်၊ ငါ့အမေ ဖြစ်ခဲ့ဘူးယင်လဲ ငါသည် သူ့ရင်ခွင်ထဲ၌နေပြီး ငါ့ကိုနို့ချိုတိုက်ကျွေးပြီးတော့ မွေးခဲ့တဲ့ မိခင်ကြီးဖြစ်လိမ့်မယ်၊ ငါ့ကိုစောင့်ရှောက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်။

ငါ့ဖခင်ကြီးဖြစ်ယင်လဲ ငါ့ကိုအမျိုးမျိုးသောနည်းတို့ဖြင့် ပြုစုစောင့်ရှောက်ခဲ့တဲ့ ဖခင်ဖြစ်လိမ့်မယ်လို့ အဲဒီလို အနမတဂ္ဂသုတ္တန် ဒေသနာတော်ကို ဆင်ခြင်ပြီးတော့ ကိုယ့်အမိ၊ ကိုယ့်ဘဖ၊ ကိုယ့်ဆွေ၊ ကိုယ့်မျိုး၊ ကိုယ့်ညီအကို၊ မောင်နှမ မဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်ရယ်လို့ လောကမှာ မရှိဘူးတဲ့။

မေတ္တာအကျိုး ၁၁–မျိုး အဲဒါကြောင့် ဒီလို မိဘဆွေမျိုး ဖြစ်ဘူးတာကို အာရုံပြုလို့ အနမတဂ္ဂသုတ္တန် ဒေသနာတော်နဲ့ ဆင်ခြင်ပြီးတော့ မိမိရန်ငြိုးဖွဲ့ထားတဲ့ ပုဂ္ဂိုလ်ရဲ့အပေါ်မှာ ရန်ငြိုးကိုပျောက်အောင်ဖျောက်ရမယ်–တဲ့၊ ဒါမှရန်ငြိုးမပျောက်သေးဘူးဆိုယင် မေတ္တာအကျိုး ဆဲ့တမျိုးကို ဆင်ခြင်ပြီးတော့ ရန်ငြိုးဖျောက်ပါ၊ ဘာလဲ မေတ္တာအကျိုး တဆဲ့တမျိုးက–

(၁)သုခံ သုပတိ၊ (၂)သုခံ ပဋိဗုဇ္ဈတိ၊ (၃)န ပါပကံ သုပိနံ ပဿတိ၊ (၄)မနုဿာနံ ပိယော ဟောတိ၊ (၅)အမနုဿာနံ ပိယော ဟောတိ၊ (၆)ဒေဝတာ ရက္ခန္တိ၊ (၇)နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ (၈)တုဝဋံ စိတ္တံ သမာဓိယတိ၊ (၉)မုခဝဏ္ဏော ဝိပ္ပသီဒတိ၊ (၁၀)အသမ္မူဠှော ကာလံ ကရောတိ၊ (၁၁)ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။[၂]

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နှာ–၃၉၅။
၂။ အင်္ဂုတ္တိုရ်ပါဠိတော် တတိယအုပ် နှာ–၅၄၂။

သုခိ၊ ချမ်းချမ်းသာသာ။ သုပတိ၊ အိပ်ရ၏။ သုခံ၊ ချမ်းချမ်းသာသာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။ န ပါပကံ သုပိနံ ပဿတိ၊ မကောင်းတဲ့ အိပ်မက်ကို မမြင်မက်ရာ။ မနုဿာနံ ပိယော ဟောတိ၊ လူအပေါင်းတို့ရဲ့ ချစ်ခင်မြတ်နိုး ခြင်းကိုခံယူရ၏။ အမနုဿာနံ ပိယော ဟောတိ၊ နတ်တို့ ဗြဟ္မာတို့ ပြိတ္တာတို့ ဘုတ်တို့ မြေဘီလူးတို့စတဲ့ အမနုဿဖြစ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ချစ်ခင်မြတ်နိုး ခြင်းကို ခံယူရ၏။ ဒေဝတာ ရက္ခန္တိ၊ နတ်တွေစောင့်ရှောက်၏။

နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ မီး၊ အဆိပ်၊ လက်နက်များ မလောင်မထိမစူးရှနိုင်ဘူး။ တုဝဋံ စိတ္တံ သမာဓိယတိ၊ လျင်လျင်မြန်မြန် သမာ ဓိရနိုင်၏။ မုခဝဏ္ဏော ဝိပ္ပသီဒတိ၊ မျက်နှာအဆင်း အလွန်ကြည်လင်လှပ၏။ အသမ္မူဠှော ကာလံ ကရောတိ၊ မတွေမဝေဘဲ အိပ်ပျော်သွားသလို သေရ တတ်၏။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော၊ အထက်မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိသေးသည် ရှိသော်။ ဗြဟ္မလောကူပဂေါ ဟောတိ၊ ဗြဟ္မာပြည်သို့ရောက်နိုင်၏။

ဤသို့ မေတ္တာအကျိုး (၁၁) မျိုးကို ဆင်ခြင်စဉ်းစား ပြီးတော့လဲဘဲ ရန်ငြိုး ဖျောက်ပါ–တဲ့။

ခေတ်လေးပါးကို စိတ်မဆိုးသင့် ဒီလို မေတ္တာအကျိုးတွေနဲ့ ဆင်ခြင်စဉ်းစားလို့မှ ရန်ငြိုး မပျောက်သေးဘူး ဆိုယင် ရန်ငြိုး ဖျောက်တဲ့ နည်းတွေ ရှိသေးတယ်၊ ခေတ်လေးပါးခွဲကြည့်လိုက်– ကိုယ်ရန်ငြိုးဖွဲ့ ထားတဲ့ ပုဂ္ဂိုလ်ကို ငါမေတ္တာမပွားနိုင်ဘူးဆိုတဲ့ ကိုယ့်ရန်သူကို သေသေချာချာ ကြည့်လိုက်၊ သူ့မှာဘာရှိသလဲ–ခေတ်လေးပါး ရှိ၏၊ မရှိဘူးလား၊ (ရှိပါတယ် ဘုရား)၊ ပထဝီခေတ်က ၂၀–ရှိတယ်၊အာပေါခေတ်က ၁၂–ပါးရှိတယ်၊ တေဇော ခေတ်က ၄–ပါးရှိတယ်၊ ဝါယောခေတ်ကတော (ခြောက်ပါးပါဘုရား)ခြောက် ပါးရှိသည်။

ဒီတော့ မင်း သူ့ကို ရန်ငြိုးဖွဲ့နေတယ် ဆိုတာဟာ ပထဝီခေတ် နှစ်ဆယ်ကို ရန်ငြိုးဖွဲ့နေတာလားလို့ မေး၊ ဘယ်သူ့ကိုလဲ-မင်းရန်ငြိုးဖွဲ့နေတာ၊ ပထဝီခေတ် နှစ်ဆယ်ကို မင်းစိတ်ဆိုးနေတာလား၊ ပထဝီ ခေတ်နှစ်ဆယ် ထဲက ဆိုယင်လဲ ဆံပင်ကို စိတ်ဆိုး တာလား၊ မွေးညှင်း လေးတွေကို စိတ်ဆိုး နေတာလား၊ လက်သည်း ခြေသည်းတွေကို စိတ်ဆိုးတာလား၊ အဲဒီလို ခေတ်တွေခွဲကြည့်။

စိတ်ဆိုးစရာ သတ္တဝါကို ခေတ်လေးပါး ခွဲလိုက်ယင် ဟို တေဇောခေတ်တွေ ထဲက သန္တပ္ပန တေဇော၊ ဇီရဏ တေဇော၊ ဒဟ တေဇော၊ ပါစက တေဇော ဒါတွေ စိတ်ဆိုးနေတာလား၊ ဒါမှမဟုတ်ယင်လဲဘဲ ဝါယောခေတ်ထဲက ဥဒ္ဓင်္ဂမဝါတ၊ အဓောဂမဝါတ၊ ထွက်လေဝင်လေစတဲ့ ဒီလိုဝါယောလေကို မင်းစိတ် ဆိုးနေ တာလားလို့။

စိတ်ဆိုး စရာက သတ္တဝါမှ သူစိတ်ဆိုးလို့ ရတာ၊ အခု ခေတ်လေးပါး ခွဲကြည့်လိုက်တော့ ကိုယ့်ရန်သူပေါ်မှာ သတ္တဝါရှာလို့ ရသေးရဲ့လား၊ (မရပါဘူးဘုရား) ဘယ်သူ့ စိတ်ဆိုးကြသလဲ၊ ဟာ-မြေကြီး စိတ်ဆိုးပါတယ် ဆိုယင် အဋ္ဌာနကောပ၊ လေကိုစိတ်ဆိုးပါတယ် ဆိုယင်ကော၊ ဘုန်းကြီးတို့ ပရိသတ်က လေလဲ တခါတလေ စိတ်ဆိုးတယ်။

မိုးကိုကော၊ မိုးလဲ သူ့ကို စိတ်ဆိုးတယ်၊ နေကိုလဲ စိတ်ဆိုးတယ်၊ အေးလဲ စိတ်ဆိုးတယ်၊ ပူလဲစိတ်ဆိုးတယ်၊ အမလေး ပူလိုက်တာ ဆိုပြီး အဲဒီ ပူတာကြီး ဒေါသဖြစ်နေတယ်၊ မိုးနှယ် ရွာလွန်းရန်ကော ဆိုပြီး မိုးလဲ စိတ်ဆိုးတယ်၊ ဒါ အဋ္ဌာနကောပ—စိတ်မဆိုးသင့်တဲ့အရာတွေ။

အခုနင်က ရန်ငြိုးဖွဲ့ထားတဲ့ပုဂ္ဂိုလ်ကိုကြည့်လိုက်ယင် ပထဝီခေတ်က နှစ်ဆယ့် အာပေါခေတ်က တဆဲ့ နှစ်ပါး, တေဇောခေတ် လေးပါး, ဝါယောခေတ် ခြောက်ပါး၊ ဘယ်သူ့ စိတ်ဆိုးမလဲ၊ အကယ်၍ ပထဝီ, အာပေါ, တေဇော, ဝါယော ခေတ်တပါးပါး စိတ်ဆိုး နေတယ် ဆိုယင် စိတ်မဆိုး သင့်တာကို စိတ်ဆိုးနေတဲ့ ပုဂ္ဂိုလ် အဋ္ဌာနကောပကြီး၊ အဲဒီလို ခေတ်လေးပါး ခွဲခြားသော အားဖြင့်လဲဘဲ ရန်ငြိုးကို ပျောက်အောင် ဖျောက်ပါတဲ့၊ ဘယ်နှစ်နည်းရှိသွားပလဲ၊ (၁၀—နည်းပါဘုရား)-

နောက်တနည်းက ဘာပြောသလဲဆိုတော့ ဒီလိုမှ ရန်ငြိုး မပျောက်သေးပါဘူးဆိုယင် ရှေးကပေးဘူးတာ, ကျွေးဘူးတာ, လှူဘူးတန်းဘူးတာတွေ အာရုံပြုပြီးတော့ ခြော်-အနမတဂ္ဂသံသရာမှာ အခုနင်က ဆွေရယ်, မျိုးရယ် မတော်ဘူးတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ ဒီဘဝ ငါ့မကျွေးဘူး မပေးဘူးပေတဲ့ ဟိုနောက် ဘဝက ကျွေးဘူး, ပေးဘူးလိမ့်မယ်လို့ ဆိုပြီးတော့ ကျွေးတာ, မွေးတာတွေ အာရုံပြုပြီးတော့ ရန်ငြိုးဖျောက်ပါတဲ့။

အခုပြောတဲ့ တဆဲ့တနည်း, ပဌမပြောခဲ့တဲ့ ရန်ငြိုးဖျောက်နည်းတွေ၊ အဲဒီ ရန်ငြိုးဖျောက်နည်း အသီးသီးအဝဝတို့တွင် တခုခုသောနည်းဖြင့် ရန်ငြိုးပျောက် အောင်ဖျောက်ပါ၊ ခန္တီရဲ့ကျေးဇူးတွေကိုဆင်ခြင်၊ ဒေါသရဲ့ အပြစ်တွေကိုတွေး၊ ရန်ငြိုးဖျောက်ပြီးတော့မှ ရန်ငြိုးပျောက်ပြီဆိုတော့မှ သတ္တဝါများအပေါ်မှာ မေတ္တာပွားရမယ်။

ဘယ်နှယ်မေတ္တာပွားရမလဲ—"သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"၊ မေတ္တာသုတ်မှာ။ သဗ္ဗသတ္တာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည်။ သုခိတတ္တာ၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ချမ်းသာကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ မေတ္တာဒီလိုပွားရမယ်။

မေတ္တာပွားခါနီးကျတော့ ဘာတွေနဲ့ ပြည့်စုံရမလဲဆိုတော့ မေတ္တသုတ္တန်ဒေသနာတော်ကြီးမှာ မေတ္တာပွားပုံပွားနည်းကို မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေလဲ ရကြတယ်၊ အခုတရားနာနေကြတဲ့ ဆရာတော် သံဃာတော်များကလဲဘဲ နှုတ်က တတွတ်တွတ် အမြဲတမ်းရွတ်နေကြတယ်၊ မေတ္တသုတ္တန်ဆိုတာ သုတ္တနိပါတ်ပါဠိတော်မှာ။

မေတ္တသုတ် အတ္ထုပ္ပတ္တိ ဝတ္ထု မေတ္တာပွားကြတော့မယ်လို့ ဆိုတော့ မေတ္တာပွားဘို့ကို မြတ်စွာဘုရား ဟောကြားတော်မူရခြင်းရဲ့ အကြောင်း အတ္ထုပ္ပတ္တိ ကလေးတခု ဒီနေရာမှာ ရှိတယ်၊ အဲဒီ အတ္ထုပ္ပတ္တိကလေး * ပြောကြအုံးစို့။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူတဲ့အခါ ဝါဆိုကာလနီးပြီလို့ ဆိုတော့ အရပ်လေးမျက်နှာက သံဃာတော်တွေ မြတ်စွာဘုရားထံမှောက် ရောက်ပြီးတော့ လာကြတယ်။

ရောက်လာကြပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ထံတော်မှောက်မှာ အသီးအသီးကမ္မဋ္ဌာန်းတောင်းကြတယ်။

ကမ္မဋ္ဌာန်းတောင်းတော့ သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က–

(၁) ရာဂစရိုက်အားကြီးတဲ့ ရဟန်းတော်များကျတော့ အသုဘကမ္မဋ္ဌာန်းကို ပေးပြီးလွှတ်လိုက်တယ်။

(၂) ဒေါသစရိုက် အားကြီးတဲ့ ပုဂ္ဂိုလ်များကျတော့ မေတ္တာကမ္မဋ္ဌာန်း, ကရုဏာ–မုဒိတာ–ဥပေက္ခာဆိုတဲ့ ဒီ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းပေးပြီးတော့ လွှတ်တယ်၊ ဒေါသအားကြီးတဲ့လူ ဘာကမ္မဋ္ဌာန်းပွားရမလဲ၊ (မေတ္တာကမ္မဋ္ဌာန်းပါဘုရား) အင်းဒီတော့ မေတ္တာကမ္မဋ္ဌာန်းကို နာနာပွားပေးရမယ်–ဒေါသကြီးတဲ့ ပုဂ္ဂိုလ်က၊ နာနာပွားပေး–မေတ္တာ။

(၃) မောဟစရိုက်အားကြီးတဲ့ ပုဂ္ဂိုလ်ကျတော့ မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို ပေးလိုက်တယ်၊ မောဟစရိုက်အားကြီးတဲ့ ပုဂ္ဂိုလ်။

---

* မေတ္တသုတ်ဖြစ်လာပုံ အတ္ထုပ္ပတ္တိ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် နှာ–၁၇၅–၁၇၇။ ခုဒ္ဒကပါဌ အဋ္ဌကထာ နှာ–၁၉၀။ ၂၀၀–ရှု၊

(၄) ဝီတက်စရိုက် အားကြီးတဲ့ ရဟန်းတော်များကျတော့ အာနာပါန ကမ္မဋ္ဌာန်းကို ပေးလိုက်တယ်။

(၅) သဒ္ဓါစရိုက် အားကြီးတဲ့ ရဟန်းတော်များ ကျတော့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပေးလိုက်တယ်၊ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ" စသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပေးလိုက်တယ်။

(၆) ပညာစရိုက် အားကြီးတဲ့ ရဟန်းတော်များ ကျတော့ စတုဓာတု ဝဝတ္ထာန် လို့ခေါ်တဲ့ ဓာတ်လေးပါး ကမ္မဋ္ဌာန်းကို ပေးသနားတော် မူလိုက်တယ်။

နတ်များမနေနိုင် ဤသို့ စရိုက်ခြောက်ပါး အားလျော်စွာ ကမ္မဋ္ဌာန်းတရား တွေကို အသီးအသီးပေးလိုက်တော့ ရဟန်းတော်ပေါင်း ငါးရာ မြတ်စွာဘုရားထံက တရားတွေယူပြီးတော့ ဟိမဝန္တာတောင်တန်းနဲ့ စပ်ပြီးတော့ နေတဲ့တောအုပ်တခုသို့ သွားပြီးတော့တရားအားထုတ် ကြတယ်၊ ဂေါစရဂါမ် ရွာသွားပြီးတော့ ဆွမ်းခံကြတော့ ဂေါစရဂါမ်–ဆွမ်းခံ ရွာက ပစ္စန္တရာဇ်အရပ်ဆိုတော့ သံဃာတော်တွေကို ဖူးတွေ့ဘို့ အင်မတန် ခဲယဉ်းတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်၊ သံဃာတော်ငါးရာဆွမ်းခံကြွလာတာမြင်တော့ ရပ်သူ ရွာသားတွေက ဝိုင်းလျှောက်ကြတယ်၊ဘယ့်နှယ် ဝိုင်းလျှောက်ကြသလဲ–

"ဣဓေဝ ဘန္တေ တေမာသံ ဝသထ"။ ဘန္တေ၊ အိုအရှင်ကောင်းအရှင်မြတ် တို့ဘုရား။ တုမှေ၊ အရှင်ဘုရား တို့သည်။ ဣဓေဝ၊ ဤအရပ်၌ သာလျှင်။ တေမာသံ၊ ဝါတွင်း သုံးလ ပတ်လုံး။ ဝသထ၊သီတင်း သုံးနေတော်မူကြပါကုန် ဘုရား။

အရှင်ကောင်း အရှင်မြတ်တို့ဘုရား....ဤဝါတွင်းသုံးလပတ်လုံး ဤတောအုပ် ၌ အရှင် ဘုရားများ သီတင်း သုံးပြီးတော့ နေတော်မူကြပါ၊ ဘုရားတပည့် တော်များက အရှင်ဘုရားတို့ကို အမှီပြုပြီးတော့ သီလကုသိုလ်၊ ဒါနကုသိုလ်၊ ဘာဝနာကုသိုလ် ပွားများခွင့်ရပါသည်၊ ဝါတွင်းသုံးလပတ်လုံး ဤတောအုပ်၌ သီတင်းသုံးနေတော်မူကြပါဘုရားလို့ ဒီလို ဝိုင်းလျှောက်ကြတော့ သပ္ပါယလဲ မျှတယ်ဆိုပြီး ရဟန်းတော်များ ဝါတွင်းသုံးလ သီတင်းသုံးဘို့အတွက် ပဋိဉာဉ် ဝါဆိုကြတယ်။

တောအုပ်ထဲ သံဃာ တော်တွေ ရောက်သွားတော့ ဘယ်လိုလဲ–တောထဲ တောင်ထဲမှာ ဆိုတော့ နတ်တွေ ရှိတယ်၊ အဲဒီ နတ်တွေက–အဋ္ဌကထာက ဘယ့်နှယ်ပြောထားသလဲဆိုတော့

သီလဝန္တာနံ ဘိက္ခူနံ တေဇေန ဝိဟတတေဇာ ရုက္ခဒေဝတာ
အတ္တနော အတ္တနော ဝိမာနာ ဩရုယှ ဒါရကေ ဂဟေတွာ ဣတော
စိတော စ ဝိစရန္တိ။[၁]

သီလဝန္တာနံ၊ သီလရှိကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ တေဇေန၊ သီလရှိန်စော် တန်ခိုးအာနုဘော်ကြောင့်။ ဝိဟတတေဇာ၊ တန်ခိုးနည်းပါးကြကုန်သော။ ရုက္ခဒေဝတာ၊ သစ်ပင်မှာနေကြတဲ့ ရုက္ခစိုးနတ်အပေါင်းတို့သည်။ အတ္တနော အတ္တနော၊ မိမိ မိမိတို့၏။ ဝိမာနာ၊ ဗိမာန်လို့ခေါ်တဲ့ သစ်ပင်မှ။ ဩရုယှ၊သက်ဆင်းကြကုန်၍။ ဒါရကေ၊ နတ်သူငယ်ကလေးတွေကို။ ဂဟေတွာ၊ ကိုင်ဆွဲကြပြီးတော့။ ဣတော စိတော စ၊ ထိုမှ ဤမှ။ ဝိစရန္တိ၊ လှည့်လည်၍ နေထိုင်ကြရလေကုန်၏။

ဒီတောအုပ်ကြီးထဲ နေကြရတဲ့နတ်တွေက ဒီတောအုပ်ကြီးထဲမှာ သီတင်းသုံးဝါဆိုနေကြတဲ့ သံဃာတော်တွေရဲ့ သီလတန်ခိုးကြောင့် သစ်ပင်ပေါ်မှာ မနေနိုင်ကြဘူး၊ တန်ခိုးတေဇော် အာနုဘော်နည်းပါးတဲ့ နတ်တွေဟာ သူတို့နေတဲ့ သစ်ပင်ဗိမာန်ကနေ ဆင်းပြီးတော့ ကလေးတွေ လက်ဆွဲပြီးတော့ ဟိုဟိုဒီဒီ လှည့်လည်ပြီးတော့ သူတို့ဒီလို စောင့်နေကြရတယ်။

မင်းတွေ စိုးတွေ လာတဲ့အခါမှာ ကိုယ့်အိမ်ကိုယ့်ယာက ဆင်းပြီးနေရသလိုဘဲ–တဲ့ အဋ္ဌကထာက၊ တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေလာတော့ ကိုယ်က နေရာဖယ်ပေးနေရသလို ဖြစ်နေတယ်၊ ဒီတော့ နေမှာက ဘယ်လောက်နေမှာတုံး၊ (သုံးလပါဘုရား) ဒီတော့ နက်တွေကလဲ ကလေးလေးတွေ လက်ဆွဲပြီးတော့ ဟိုဟိုဒီဒီ ရှောက်နေရတော့ နတ်တွေက စဉ်းစားတယ်။

"ကဒါ နု ခေါ ဘဒန္တာ ဂမိဿန္တိ"။ ဘဒန္တာ၊ အရှင်ကောင်း အရှင်မြတ်တို့သည်။ ကဒါ၊ အဘယ်အခါ၌။ ဂမိဿန္တိ နု ခေါ၊ တောအုပ်က ပြန်သွားကြမှာပါလိမ့်မလဲ။ ဘယ်တော့မှ ဒီရဟန်းတော်တွေ ဒီတောအုပ်ထဲက ထွက်သွားကြမှာပါလိမ့်၊ ရဟန်းတော်တွေ ရှိနေသရွေ့ သူတို့ဗိမာန်သူတို့ မနေရဘူး မနေနိုင်ကြဘူး၊ ဒီတော့ ဒီတောအုပ်ကြီးထဲက ဘယ်တော့ သူတို့ ထွက်သွားကြမှာပါလိမ့်မလဲ လို့ နတ်တွေက စဉ်းစားတယ်။

"ပဌမဝဿူပဂတာ ဘိက္ခူ အဝဿံ တေမာသံ ဝသိဿန္တိ"။ ပဌမဝဿူပဂတာ၊ ပဌမဝါကပ်ရောက်၍ နေကြကုန်သော။ ဘိက္ခူ၊ ဘုရားသားတော် ရဟန်းတော်တို့သည်။ အဝဿံ၊ မချွတ် ဧကန်စင်စစ်။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ဝသိဿန္တိ၊ နေကြပေကုန်လိမ့်လတံ့။

၁။ မေတ္တသုတ် အတ္ထုပ္ပတ္တိ ပါဠိများ–သုတ္တနိပါတ် အဋ္ဌကထာ ပဌမအုပ် နှာ–၁၇၅၊ ၁၇၀။

ရဟန်းတော်ပေါ့ ဒါဆိုပြီးတယ်ဆိုယင်ဘဲ အနည်းဆုံး သုံးလတော့ နေမှာဘဲ၊ ဒီနေရာက ဘယ်မှမရွေ့တော့ဘူး။

> မယံ ပန တာဝ စိရံ ဒါရကေ ဂဟေတွာ ဩက္ကမ္မ ဝသိတုံ န သက္ခိဿာမ။

မယံပန၊ ငါတို့သည်ကား။ တာဝစိရံ၊ ထိုမျှလောက်သုံးလကြာအောင်။ ဒါရကေ၊ သူငယ်တို့ကို။ ဂဟေတွာ၊ ကိုင်ဆွဲ၍။ ဩက္ကမ္မ၊ ကိုယ့်နေရာက ဖယ်ပြီးတော့။ ဝသိတုံ၊နေထိုင်ကြခြင်းငှာ။ န သက္ခိဿာမ၊မစွမ်းနိုင်ကြပါကုန်။

ကိုယ့်နေရာထိုင်ခင်းက နေပြီးတော့ ဒါလောက် သုံးလလောက်ကြီး ကြာအောင် ခွဲခွာပြီးတော့ နေရမယ်ဆိုယင် ကလေးတွေနဲ့ ကသိကအောက် နေရမှာဘဲ၊ မဖြစ်ချေဘူးတဲ့ ဒါလောက်ကြာအောင်တော့ သူတို့မနေနိုင်ဘူးတဲ့၊ မသကာ သုံးလေးရက်လောက်ဆို တော်သေးရဲ့၊ ဒီတော့ နတ်တွေက ဘယ်လို လုပ်သလဲဆိုတော့ သူတို့စည်းဝေးတိုင်ပင်ကြပြီးတော့—

> ဟန္ဒ မယံ ဘိက္ခူနံ ဘယာနကံ အာရမ္မဏံ ဒဿေမ။

ဘော၊ အိုနတ်အပေါင်းတို့။ မယံ၊ ငါတို့သည်။ ဟန္ဒ၊ ယခု။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ ဘယာနကံ၊ ကြောက်လန့်ဘွယ်ဖြစ်သော။ အာရမ္မဏံ၊ အာရုံကို။ ဒဿေမ၊ ပြကြကုန်စို့။

မဖြစ်ဘူး— ရဟန်းတော်တွေကို ချောက်လှတ်မှဖြစ်မယ်၊ ကြောက်ဖွယ်လန့် ဘွယ် အာရုံတွေကို ပြမယ်လို့ဆိုပြီးတော့ တချို့ကဘီလူးကြီးတွေယောင်ဆောင် တယ်၊ တချို့က နဂါးကြီးတွေ ယောင်ဆောင်တယ်၊ အမျိုးမျိုးကြောက် ဘွယ်လန့်ဘွယ် သရဲသဘက်ရုပ်ကြီးတွေနဲ့ ဖန်ဆင်းပြီးတော့ ရဟန်းတော်တွေ ကို ချောက်လှန့်တယ်။

နေပြီးတော့ မကောင်းတဲ့အသံကြီးတွေနဲ့– အော်၊ ဒါတင်မကသေးဘူး— မကောင်းတဲ့အပုပ်နံ့တွေ—လွှတ်၊ အဲဒီလို မကောင်းတဲ့အနံ့တွေ လွှတ်တော့ ရဟန်းတော်တွေ ဦးကျောက်တွေ ခြောက်ပြီးတော့ ပိန်ချုံးပြီးတော့ ရုပ်အဆင်း တွေမလှ၊ သမာဓိမရ၊ အဲဒီလိုတွေ ဖြစ်ကြတယ်။

နတ်တွေကလဲ နေ့တိုင်းနေ့တိုင်း အဲဒီလိုဘဲ မကောင်းတဲ့ အဆင်းတွေပြ၊ မကောင်းတဲ့အနံ့တွေလွှတ်၊ မကောင်းတဲ့အသံကြီးတွေ အော်တော့ အဆင်း မြင်ရတာလဲ စိတ်မချမ်းသာ၊ အသံကြားရတော့ကော– စိတ်မချမ်းသာ၊ အနံ့ နံရတာကကော စိတ်မချမ်းသာ၊ ဘယ်လိုလုပ်ပြီး တရားရမလဲ၊ ဘယ်လိုလုပ် ပြီး စာကျက်လို့ရမလဲ။

တရားအားထုတ်တဲ့ ရဟန်းတော်ငါးရာဟာ ဘယ်လိုဖြစ်နေကြသလဲဆိုတော့ ပိန်ချုံးပြီးတော့ သမာဓိမရဘဲ ဖြစ်နေကြတယ်၊ ဝါကဆိုပြီးပြီ၊ မထေရ်ကြီး ဖြစ်တဲ့ပုဂ္ဂိုလ်က သံဃာတော်တွေကိုကြည့်တယ်။

ဘယ့်နှယ်လဲ— ဒီတောအုပ်ကြီးထဲ ဝင်လာခါစတုန်းကတော့ သံဃာတော်တွေ စိုစိုပြေပြေ ဝဝဖြိုးဖြိုး ကျန်းကျန်းမာမာနဲ့ ရှင်ရှင်ပျပျ ကြည်ကြည်လင်လင် ရှိကြတယ်၊ အခု ဒီတောအုပ်ကြီးထဲရောက်လို့ ယာရားအားထုတ်နေကာမှ တဖြေးဖြေး ပိန်ပိန် ပိန်ပိန်ပြီးတော့ အဆင်းတွေ မလှဖြစ်ပြီးတော့ ကြေကျတော့မဲ့ သစ်ရွက်ကဲ့သို့ ဖျော့တော့သော အဆင်းတွေ ဖြစ်နေတယ်၊ ဘာကြောင့် ပါလိမ့်—မေးအုံးမှဘဲဆိုပြီး မထေရ်ကြီးက မေးတယ်။

> တုမှာကံ အာဝုသော ဣမံ ဝနသဏ္ဍံ ပဝိဋ္ဌာနံ ကတိပါဟံ အတိဝိယ ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော အဟောသိ ပရိယောဒါတော၊ ဝိပ္ပသန္နာနိစ ဣန္ဒြိယာနိ။

အာဝုသော၊ ငါ့ရှင်တို့။ ဣမံဝနသဏ္ဍံ၊ ဤတောအုပ်အတွင်းသို့။ ပဝိဋ္ဌာနံ၊ ဝင်ရောက်လာကြကုန်သော။ တုမှာကံ၊ သင်ငါ့ရှင် အပေါင်းတို့အား။ ကတိပါဟံ၊ နှစ်ရက်၊ သုံးရက်အတောအတွင်း။ အတိဝိယ၊ အလွန်လျှင်။ ဆဝိဝဏ္ဏော၊ အရေ အဆင်းသည်။ ပရိသုဒ္ဓေါ ပရိယောဒါတော၊ သန့်ရှင်း ကြည်လင်တောက်ပသည်။ အဟောသိ၊ ဖြစ်၏။ ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိစ၊ ကြည်လည်းကြည်လင်ကြပါကုန်၏။

> ဧတရဟိ ပနတ္ထ ကိသာ ဒုဗ္ဗဏ္ဏာ ဥပ္ပဏ္ဍု ပဏ္ဍုက ဇာတာ၊ ကိံ ဝေါ ဣဓ အသပ္ပာယန္တိ။

ဧတရဟိပန၊ ယခုအခါကာလ၌ကား၊ ကိသာ၊ ပိန်၍ သွားကြကုန်သည်။ ဒုဗ္ဗဏ္ဏာ၊ အဆင်းမလှကြကုန်သည်။ ဥပ္ပဏ္ဍုပဏ္ဍုကဇာတာ၊ ဖျော့တော့သော အဆင်းအဖြစ်သို့ ရောက်ကြကုန်သည်။ အတ္ထ၊ ဖြစ်ကြပါကုန်၏။ ဣဓ၊ ဤတောအုပ်၌။ ဝေါ၊ သင်တို့အား။ အသပ္ပာယံ၊ မလျောက် ပတ်ခြင်းသည်။ ကိံ၊ အဘယ်သို့သောသဘောရှိပါသနည်း။

ငါ့ရှင်တို့....သင်တို့ တောအုပ်ကြီးထဲ ဝင်လာခါစတုန်းက နှစ်ရက်၊ သုံးရက်အတွင်းမှာဆိုယင် ငါ့ရှင်တို့ရဲ့ အရေအဆင်းတွေ အင်မတန် ကြည်ကြည်လင်လင် လန့်သန့်ရှင်းရှင်း ရှိတယ်၊ စိုစိုပြေပြေ ဝဝဖြိုးဖြိုးရှိတယ်၊ ယခုလေး ငါးရက်အတွင်းမှာ သံဃာတော်တွေအားလုံး ပိန်ချုံးပြီးတော့ အဆင်းမလှ ဣန္ဒြေမကြည် မလင်နဲ့ ဖြစ်နေကြတာ ဘာဖြစ်လို့လဲ၊ ဘာများ မသင့်မတင့်တဲ့ အခါရုံတွေ တွေ့ကြသလဲလို့ မေးတယ်၊ မေးတော့ ရဟန်းတပါးက လျှောက်တယ်။

အဟံ ဘန္တေ ရတ္တိံ ဤဒိသဥ္စ ဤဒိသဥ္စ ဘေရဝါရမ္မဏံ ပဿာမိ စ သုဏာမိ စ၊ ဤဒိသဥ္စ ဂန္ဓံ ဃာယာမိ၊ တေန မေ စိတ္တံ နသမာဓိယတိ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ရတ္တိံ၊ ညဉ့်အခါကာလ၌။ ဤဒိသဥ္စ ဤဒိသဥ္စ၊ ဤသို့ဤသို့သဘောရှိသော။ ဘေရဝါရမ္မဏံ၊ ကြောက်ဘွယ်လန့်ဘွယ်ဖြစ်သော အာရုံကို။ ပဿာမိစ၊ မြင်လည်း မြင်ရပါ၏။ သုဏာမိစ၊ ကြားလည်းကြားရပါ၏။ ဤဒိသဥ္စဂန္ဓံ၊ ဤသို့သော အနံ့ဆိုးကြီးကိုလည်း။ ဃာယာမိ၊ နမ်းရှူ၍ နေရပါ၏။ တေန၊ ထို့ကြောင့်။ မေ၊ ဘုရားတပည့်တော်၏။ စိတ္တံ၊ စိတ်သည်။ န သမာဓိယတိ၊ တည်တံ့မှုမရတော့ပါဘုရား။

တပါးပြီးတပါး လျှောက်ကြတယ်၊ ဟိုလိုအနံ့တွေ နံရတယ်၊ ဒီလိုအသံတွေ ကြားရတယ်၊ ဒီလို အဆင်းတွေ မြင်ရတယ်၊ အဲဒါကြောင့် ပိန်ချုံး ပြီးတော့ ရောဂါတွေ စွဲနေပါသည်လို့ဆိုတော့ ကိုင်း–ဒါဖြင့် ဝါတွင်းကြီး ပေတဲ့ မဖြစ်ဘူးတဲ့ မထေရ်ကြီးလုပ်တဲ့ ပုဂ္ဂိုလ်က–

ဘဂဝတော အာဝုသော ဒွေ ဝဿူပနာယိကာ ပညတ္တာ။

အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတာ၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဝဿူပနာယိကာ၊ ဝါဆိုခြင်း ဝါကပ်ခြင်းတို့ကို။ ပညတ္တာ၊ ပညတ်တော်မူအပ်ကုန်ပြီ။

မြတ်စွာဘုရားက ဝါဆိုဘို့ နှစ်မျိုးပညတ်ထားတယ်၊ ပဌမဝါ-တဲ့၊ ဒုတိယဝါ–တဲ့၊ ဒီတော့ မဖြစ်ဘူး–

အမှာကဥ္စ ဣဒံ သေနာသနံ အသပ္ပါယံ၊ အာယာမာဝုသော ဘဂဝတော သန္တိကံ၊ ဂန္တွာ အညံ သပ္ပါယံ သေနာသနံ ပုစ္ဆာမ။

အာဝုသော၊ ငါ့ရှင်တို့။ အမှာကဥ္စ၊ ငါတို့အားလည်း။ ဣဒံသေနာသနံ၊ ဤကျောင်းအိပ်ရာ နေရာသည်။ အသပ္ပါယံ၊ မသင့်လျော် မလျောက် ပတ်ချေ။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ အာယာမ၊ လာသွားကြပါကုန်စို့။ ဂန္တွာ၊ သွားကြကုန်ပြီး၍။ အညံ၊ တပါးသော။ သပ္ပါယံ၊ သင့်လျော်လျောက်ပတ်တဲ့။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပုစ္ဆာမ၊ မေးလျှောက်ကြပါကုန်စို့။

ဗုဒ္ဓ၏မေတ္တာမန္တန်တော် ကိုင်း–သွားကြမယ်၊ ဒီတောအုပ်ကြီးထဲ ဒို့နေလို့တော့ မဖြစ်တော့ဘူး၊ မြတ်စွာဘုရားထံ သွားပြီးတော့ (ဟိုတုန်းကတော့မြတ်စွာဘုရားက ရှိသကိုး၊) သွားပြီးတော့ ဒို့ဘယ်

ကျောင်းနဲ့ တော်တယ်ဆိုတာ သွားလျှောက်မှ တော်မယ်ဆိုပြီး သံဃာတော်တွေ ငါးရာတောင် မြတ်စွာဘုရားထံ ပြန်လာကြတယ်၊ ပြန်လာတော့ မြတ်စွာဘုရားက ရောက်ရောက်ချင်း ဘာမိန့်တော်မူသလဲ-

န ဘိက္ခဝေ အန္တောဂါမံ စာရိကာ စရိတဗ္ဗာတိ မယာ သိက္ခာပဒံ ပညတ္တံ၊ ကိဿ တုမှေ စရိကံ စရထ။

ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ အန္တောဂါမံ၊ ဝါတွင်း၌။ စာရိကာ၊ ဒေသစာရီလှည့်လည်ခြင်းကို။ န စရိတဗ္ဗာ၊ မလှည့်လည်ရ ခရီးမသွားရ။ ဣတိ၊ ဤသို့။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညတ္တံ၊ ငါဘုရားပညတ်တော်မူအပ်၏။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိဿ၊ အဘယ်ကြောင့်။ စာရိကံ၊ ဒေသစာရီကို။ စရထ၊ လှည့်လည်၍လာကြကုန်သနည်း။

ချစ်သားတို့....ငါဘုရားက ဝါတွင်းမှာ ခရီးမသွားရဘူးလို့ သင်တို့ကို ငါပညတ်ထားတယ် မဟုတ်လား၊ အဲဒီလို ပညတ်ထားပါလျက် သားနဲ့ ချစ်သားတို့ ဘာ့ကြောင့် ဝါတွင်းကြီး ခရီးထွက်လာကြသလဲလို့ဆိုတော့ ဒီအကြောင်း အကျိုးတွေကို ပြန်ပြီးတော့ လျှောက်တယ်။

ဘုရားတပည့်တော်တို့ ဒီနေရာမှာတော့ မနေနိုင်ပါဘူးဘုရား၊ ဒါကြောင့် သင့်လျော်တဲ့ နေရာလေးတခုကို အရှင်ဘုရား ညွှန်ကြားပေးတော်မူပါဘုရားလို့ ပြန်လျှောက်တော့—မြတ်စွာဘုရားက ကြည့်လိုက်တာ ဒီရဟန်းငါးရာနဲ့ လျောက်ပတ်တဲ့နေရာ ဇမ္ဗူဒီပါတကျွန်းလုံးကို ရှောက်ပြီးတော့ ရှေ့ညာဏ်တော်နဲ့ ကြည့်တယ်၊ ခြေထောက်လေးချောင်းရှိတဲ့ ခုတင်ကလေးတခု ချစရာနေရာ မတွေ့ဘူး—သူတို့နဲ့သင့်လျော်တဲ့နေရာ မမြင်တော့သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာပြန်မိန့်တော် မူလိုက်သလဲလို့ဆိုတော့—

န ဘိက္ခဝေ တုမှာကံ အညံ သပ္ပာယံ သေနာသနံ အတ္ထိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှာကံ၊ သင်ချစ်သားငါးရာတို့အတွက်။ အညံ၊ ယခုသင်တို့နေတဲ့တောအုပ်မှ တပါးသော။ သပ္ပာယံသေနာသနံ၊ သင့်လျော်တဲ့ကျောင်းသည်။ နအတ္ထိ၊ မရှိ။

ချစ်သားတို့....သင်တို့နဲ့တော်တဲ့ကျောင်း ဇမ္ဗူဒီပါတကျွန်းလုံးမှာ ဘယ်မှာမှ မရှိဘူးတဲ့၊ သင်တို့ ယခုပြန်လာခဲ့တဲ့ ကျောင်းနဲ့ဘဲ သင့်လျော်တယ်တဲ့၊ ဒါကြောင့်—

တတ္ထေဝ တုမှေ ဝိဟရန္တာ အာသဝက္ခယံ ပါပုဏေယျာထ။

တတ္ထေဝ၊ ထိုသင်တို့ အခု ပြန်ခဲ့တယ် ဆိုတဲ့ နေရာကျောင်း၌ သာလျှင်။ တုမှေ၊ သင်တို့သည်။ ဝိဟရန္တာ၊ နေကြကုန်လျက်။ အာသဝက္ခယံ၊ အာသဝေါကုန်ခြင်းသို့။ ပါပုဏေယျာထ၊ ရောက်ကြကုန်ရာ၏။

ချစ်သားတို့....ဒီနေရာဘဲ ပြန်သွား၊ အဲဒီနေရာ မှာဘဲ သင်ချစ် သားတို့ အာသဝေါ ကုန်လိမ့် မယ်တဲ့ · မြတ်စွာ ဘုရားက၊ ဘယ်ကို ပြန်လွှတ် သလဲ – (အရင်နေရာပါဘုရား) နေပြီးတော့ မြတ်စွာဘုရားက ဘာမှာလိုက်သလဲ-

သစေ ပန ဒေဝတာဟိ အဘယံ လစ္ဆထ၊ လမံ ပရိတ္တံ ဥဂ္ဂဏှထ။

ဒေဝတာဟိ၊ နတ်တို့ကြောင့်။ အဘယံ၊ ဘေးမရှိသည်ကို။ တုမှေ၊ သင်တို့သည်။ "သစေလစ္ဆထ၊ အကယ်၍ အလိုရှိကုန်ငြားအံ့။ လမံပရိတ္တံ၊ ဤယခု ငါ ဘုရားဟောကြားပေးတော်မူလိုက်တဲ့ အရံအတား ပရိတ်တော်ကို။ ဥဂ္ဂဏှထ၊ သင်ယူမှတ်သားယူသွားကြပါကုန်လော့။

တေဠိ ဝေါ ပရိတ္တဉ္စ ကမ္မဋ္ဌာနဉ္စ ဘဝိဿတီတိ လမံ သုတ္တ မဘာသိ။

တေဠိ၊ ငါဘုရားဟောကြားတော်မူတဲ့ ထိုသုတ္တန် ဒေသနာတော်သည်ပင်လျှင်။ ဝေါ၊ သင်ချစ်သားတို့အား။ ပရိတ္တဉ္စ၊ အရံအတားသည်၎င်း။ ကမ္မဋ္ဌာနဉ္စ၊ ကမ္မဋ္ဌာန်း တရားသည်၎င်း။ ဘဝိဿတိ၊ ဖြစ်ပေ လိမ့်မည်။ လတိ၊ ဤသို့မိန့်တော်မူပြီး၍။ လမံသုတ္တံ၊ “ကရဏီယ မတ္တကုသလေန ယန္တ သန္တံ ပဒံ အဘိသမေစ္စ” စသော ဤမေတ္တာသုတ် ဒေသနာ တော်ကို။ အဘာသိ၊ ဟောကြားတော်မူ၏။

အတ္ထကုသလေန၊ မိမိအကျိုးစီးပွား၌ လိုလားတောင့်တသော။ကုလပုတ္တေန၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သန္တံ၊ ငြိမ်သက်သော။ ယံ ပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထိုနိဗ္ဗာန်ကို။အဘိသမေစ္စ၊ လိုလားတောင့်ကလို့ ရှိယင်။ ကရဏီယံ၊ အလုပ်လုပ်ရလိမ့်မယ်။

နိဗ္ဗာန်လိုချင်တဲ့လူ ဘာတဲ့လဲ၊ (အလုပ်လုပ်ရပါမယ်ဘုရား) အလုပ် မလုပ်ဘဲနဲ့ နိဗ္ဗာန်ရတယ်ဆိုတာရှိသလား၊ (မရှိပါဘူးဘုရား) ဒီတော့ မြတ်စွာဘုရားက ဘယ့်နှယ်ပြောသလဲ၊ (အလုပ်လုပ်ရမယ်ဘုရား) အလုပ်လုပ်ရမယ်တဲ့- နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်၊ ဘာလုပ်ရမလဲဆိုတော့ မေတ္တာပွားရမယ်တဲ့၊ ဘာလုပ်ရမလဲ၊ (မေတ္တာပွားရမယ်ဘုရား)မေတ္တာပွားမယ့်ပုဂ္ဂိုလ်ဟာ မေတ္တာမပွားမီ ရှေးဦးစွာ ပြည့်စုံရမယ့် မေတ္တာပုဗ္ဗဘာဂ ပဋိပဒါတရားလို့ဆိုတာ တဆဲ့ ငါးမျိုး လောက် ရှိတယ်၊ အဲဒီတရားတွေက ဘာတွေလဲ ဆိုတော့—

သက္ကော ဥဇူ စ သုဟုဇူ စ၊ သူဝစော စဿ မုဒု အနတိမာနီ။
သန္တုဿကော စ သုဘရော စ၊အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။

သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။
န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။

အဲဒီတရားတွေ ပြည့်စုံရမယ်။

ပဓာနိယင်္ဂ တရားငါးပါး သက္ကောစ၊ စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ ဘာတွေစွမ်းနိုင်ရမလဲ–သက္ကောစ ဥဇူစဆိုတဲ့ ဒေသနာတော်ကို ဟောလိုက်သဖြင့် ပဓာနိယင်္ဂ တရားငါးပါး တခါထဲ ပါသွားတယ်၊ ဝိပဿနာတရားအားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့အင်္ဂါ ပဓာနိယင်္ဂတရား ငါးပါးရှိတယ်။

သဒ္ဓေါ စ ဟောတိ၊ အပ္ပါဗာဓော စ ဟောတိ၊ အသဌော စ ဟောတိ အမာယာဝီ၊ အာရဒ္ဓ-ဝီရိယော ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော။ (ပါဠိတော်က–ငါးခု)။[၁]

(၁) သဒ္ဓေါ စ–ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို ယုံကြည်ခြင်းငှာ စွမ်းနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

(၂) အပ္ပါဗာဓော စ ဟောတိ–ကျန်းမာရေးကောင်းတဲ့လူ ဖြစ်ရမယ်-ကမ္မဋ္ဌာန်းအားထုတ်တဲ့ပုဂ္ဂိုလ်။

(၃) အသဌော စ ဟောတိ အမာယာဝီ–ကိုယ့်ကိုယ်ကို ကိုယ်မလိမ်တဲ့လူ, ကိုယ့်ကိုယ်ကို မလှဲ့စားတဲ့လူ, ကိုယ့်ကိုယ်ကို သွေဖည်ရေးသမားမဟုတ်တဲ့လူ ဖြစ်ရမယ်။

(၄) အာရဒ္ဓဝီရိယော စ ဟောတိ–မပျင်းတဲ့လူဖြစ်ရမယ်တဲ့–လုံ့လဝီရိယရှိတဲ့ပုဂ္ဂိုလ်။

(၅) ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော ဟောတိ-ပညာနဲ့ ပြည့်စုံတဲ့လူဖြစ်ရမယ်တဲ့။

သက္ကောစ–စွမ်းနိုင်တယ်ဆိုတာ ဒီ အင်္ဂါငါးပါးနဲ့ ပြည့်စုံပြီးတော့ ယုံကြည်ချက်ရှိတဲ့ပုဂ္ဂိုလ်, ကျန်းမာရေးကောင်းတဲ့ပုဂ္ဂိုလ်,လုံ့လဝီရိယထက်သန်တဲ့ပုဂ္ဂိုလ်, အသိအလိမ္မာရှိတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်–တဲ့။

အမှန်ကိုဝန်ခံ ဥဇူစ–ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်၊ အဲဒါ အခုနင်က ကိုယ့်ကိုယ်ကို မလိမ်တဲ့ပုဂ္ဂိုလ်,မဟုတ်ယင်မဟုတ်ဘူး ဟုတ်ယင် ဟုတ်တယ် ဖြောင့်ဖြောင့်စင်းစင်း ကိုယ်က ဒီ အပြစ်လုပ်မိယင် လုပ်မိတဲ့ အပြစ်ကို သမဂ္ဂသိတင်းသုံးဘော်တွေရဲ့ ရှေ့မှာ ဒီလိုဘဲ ဝန်ခံရမယ်။

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ–၂၉၀–၂၉၉၊ ၃၂၉–၃၃၀။

တနည်း–ကိုယ်အမူအရာလဲ ဖြောင့်ရမယ်၊ စိတ်အမူအရာလဲဖြောင့်ရမယ်၊ ဒါ ဥဇုစ, သုဟုဇုစ၊ အလွန်အလွန်ဖြောင့်မတ်တယ်၊ ဥဇုစ–က စိတ်အမူအရာ ကိုယ်အမူအရာ ဖြောင့်ရမယ်၊ သုဟုဇုစ–က စိတ်အမူအရာ ဖြောင့်ရမယ်၊ စိတ်ကောက်တဲ့ လူ ဘယ်နှယ်လုပ်မလဲ၊ဘယ်လိုမှ တရား အားထုတ်လို့ မဖြစ်ဘူး၊ ဒီနေရာတမျိုး,ဟိုနေရာ တမျိုး ကွေ့ကောက် နေတဲ့လူ တရား အားထုတ်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား) မေတ္တာ ပွားလို့ကော၊ (မဖြစ်ပါ ဘုရား) မဖြစ် ဘူးတဲ့၊ ဒါကြောင့် သက္ကောစ ဥဇုစ သုဟုဇုစ–သုံးခု။

သုဝစောစဿ–ဆုံးမလို့လွယ်တဲ့လူ ဖြစ်ရမယ်၊ တချို့ပုဂ္ဂိုလ်များ ဆရာသမားက ဆုံးမယင် ပြန်လို့ချည်း ပြောနေ တာဘဲ၊ ဆရာ သမား ဆုံးမယင် မင်း ဒီအပြစ်ရှိတယ်မဟုတ်လားဆိုယင် ကိုယ့်မှာ အပြစ်ရှိလျက်သားနဲ့ ဘယ်သူပြောသလဲ,ဘယ်တုန်းကလုပ်လို့လဲ, အရှင်ဘုရားမြင်လို့လား, အရှင်ဘုရားကြားလို့လား၊ မဟုတ်ပါဘူးတဲ့-အဲဒါ ခံငြင်းတယ်၊ အဲဒါ အဆုံးအမ ခက်တဲ့လူ၊ ဒီလို ပုဂ္ဂိုလ်မျိုး မဖြစ်ရဘူးတဲ့၊ ဆရာသမား ပြောစကားကို ရိုရိုသေသေ လိုက်နာတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်တဲ့၊ ဆရာသမားပြောစကားကို ပြန်မပြောရဘူးတဲ့။

မုဒု–ကိုယ်အမူအရာ, နှုတ်အမူအရာ နူးညံ့ ပျော့ပျောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်၊ ခက်ခက်ထန်ထန် ကြမ်းကြမ်းတမ်းတမ်း ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ပြုလို့ပြင်လို့ မရဘူး၊ ဒီလိုလုပ်ပါဆိုပေမယ့် သူက လုပ်ချင်မှလုပ်တာ၊ ဒီလို နေပါဆိုပေတဲ့ နေချင်မှနေတာ၊ ရွှေပန်းထိမ်ဆရာကြီးများ ရွှေကိုလုပ်လိုတဲ့ ပန်းပွင့် ကလေး, ပန်းခက်ကလေး လုပ်တော့မယ်ဆိုတော့ နူးနူးညံ့ညံ့ ကိုယ်ဆွဲ သလို လိုက်အောင်ကိုဘဲ ပျော့ပျော့ပျောင်းပျောင်းဖြစ်အောင် လုပ်ရသေးတယ် မဟုတ်လား၊ (မှန်ပါ) အဲဒီအတိုင်းဘဲ ကမ္မဋ္ဌာန်းအားထုတ်တော့မယ့် တပည့်ဆိုတာ ဆရာသမားဆွဲသလို ပြောသလို ဖြစ်ရမယ်။

အနတိမာနီ–မာန မကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

သန္တုဿကောစ–ဟိုနောက်က ဟောခဲ့တဲ့ သန္တောသတရား တဆဲ့နှစ်ပါးနဲ့ ပြည့်စုံတဲ့လူ ဖြစ်ရမယ်။

သုဘရောစ– အသက်မွေးမှုလွယ်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ တချို့က အမွေး ခက်ဘယ်၊ အချဉ်ကလေးရပြန်တော့ အချိုကျွေးအုံး၊ အချို ရပြန်တော့လဲ အခါးရှာကျွေးအုံးတဲ့၊ ထမင်းပျော့ပျော့ပြန်ပြီ၊ ထမင်းမာ မာပြန်ပြီ၊ ချဉ်ဟင်း ချက်ပြန်ယင်လဲ ချဉ်ယင် ချဉ်ပြန်ပြီ၊ စပ် စပ်ပြန်ပြီ၊အဲဒီလို အမွေးအမြူ ခက်တဲ့ ပုဂ္ဂိုလ် ရှိသေးတယ်၊ ဒီတော့ စားတဲ့သောက်တဲ့ နေရာမှာ ဂျီးမများတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

အပ္ပကိစ္စောစ–ကိစ္စနည်းတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

သလ္လဟုကဝုတ္တိ ပေါ့ပါးသော အသက်မွေးတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ ဘာလေးရရ ရတာလေးနဲ့ တင်းတိမ်နိုင်တယ်, ရောင့်ရဲနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ စားတဲ့ သောက်တဲ့နေရာ, ဝတ်တဲ့စားတဲ့နေရာတွေမှာ ဇိဇာမကြောင်ရဘူးတဲ့။

သန္တိန္ဒြိယောစ–စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန လို့ခေါ်တဲ့ ဣန္ဒြေလုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

နိပကောစ–ရင့်ကျက်သော ပညာနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

အပ္ပဂဗ္ဘော–ကိုယ်အမူအရာ မကြမ်းတမ်းရဘူးတဲ့၊ နှုတ်အမူအရာ မကြမ်း ရဘူးတဲ့၊ စိတ်အမူအရာအားဖြင့်လဲဘဲ ကာမဝိတက်စတဲ့ မလျောက်ပတ်တဲ့ အကြံအစည်တွေကို မကြံစည်ရဘူးတဲ့။

ကုလေသွ နနုဂိဒ္ဓေါ။ ကုလေသု၊ ဒါယကာ,ဒါယိကာမတို့၌။ အနနုဂိဒ္ဓေါ၊ မမက်မောတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။ ယေန၊ အကြင် ဒုစရိုက်မှုကြောင့်။ ဝိညူ၊ ပညာရှိကုန်သော။ ပရေ၊ တပါးသော သူတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့စွပ်စွဲကုန်ရာ၏။ တံ၊ ထိုကဲ့ရဲ့ဘွယ်ဖြစ်သောအပြစ်ကို။ ခုဒ္ဒံ၊ ယုတ်ညံ့သော။ ကိဉ္စိ၊ အနည်းငယ်မျှသောအပြစ်ကို။ န စ အာစရေ၊ မကျင့်ရာ။ ပညာရှိများ ကဲ့ရဲ့လောက်တယ်ဆိုယင် အနည်းငယ်မျှ မကျင့်ရဘူးတဲ့–တဆယ့် ငါးခုမြောက်က ဟုတ်လား၊ (မှန်ပါ)။

ဤသို့ ပြောအပ်ဆိုအပ်ခဲ့ပြီးတဲ့ တဆယ့်ငါးမျိုးသော မေတ္တာ၏ ပုဗ္ဗဘာဂ ပဋိပဒါတရားတွေနဲ့ ပြည့်စုံပြီးတော့မှ မေတ္တာပွားတော့, ဘယ့်နှယ်ပွားသလဲ–

သုခိနော ဝ ခေမိနော ဟောန္တု
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

သဗ္ဗသတ္တာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည်။ သုခိနော ဝ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ခေမိနော ဝ၊ ဘေးရန် ကင်းကွာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗသတ္တာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တဝါအပေါင်းတို့သည်။ သုခိ တတ္တာ၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ချမ်းသာကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

လို့ အလုံးစုံသော သတ္တဝါတွေအပေါ်မှာ မေတ္တာစိတ်ကို (ရှိသမျှများစွာ သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ချမ်းသာကြပါစေ-လို့) ဒီလို မေတ္တာပွားရမယ်။

ရှေးဦးစွာ မေတ္တာမပို့သင့်သူများ

ဘယ်သူ့အပေါ်မှ မေတ္တာမရောက်မရှိရဘူး–နော်၊ အကုန်လုံး မေတ္တာပို့ရမယ်၊ အခုနင်က ရန်ငြိုး တွေကို ဖျောက်ထားပြီဆိုတော့ ကိုယ့်ရန်သူ ရှိသေးလား၊ (မရှိတော့ပါဘုရား) အကုန်လုံး ကိုယ်ကမေတ္တာပွားရမယ့် လူချည်းဘဲ၊ သို့သော် ဒီနေရာမှာ နဲနဲကလေး ဖြတ်ပြောချင်သေးတယ်၊ ရှေးဦးစွာ မေတ္တာမပို့ရတဲ့ပုဂ္ဂိုလ် ရှိတယ်၊ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်တဲ့, ကိုယ်အင်မတန် ချစ်နေတဲ့ ပုဂ္ဂိုလ်တဲ့, ကိုယ်ကမချစ်မနှစ်သက်တဲ့ပုဂ္ဂိုလ်တဲ့, မချစ်မမုန်း အလယ်အလတ်ဖြစ်သောပုဂ္ဂိုလ်တဲ့၊ အဲဒီပုဂ္ဂိုလ်လေးဦးကို ရှေ့ဦးစွာ မေတ္တာမပို့ရဘူး။

လုံးဝမေတ္တာမပွားအပ်သူ

နေပြီးတော့ လိင်မတူတဲ့ ပုဂ္ဂိုလ်တွေ, သေသွားတဲ့ ပုဂ္ဂိုလ်တွေ မေတ္တာမပွားရဘူး၊ ဒါ လုံးလုံးမေတ္တာ မပွားရတဲ့ ပုဂ္ဂိုလ်က အဲဒီ နှစ်ယောက်ပဲရှိတယ်။* ရှေ့ဦးစွာ မေတ္တာမပွားရတဲ့ ပုဂ္ဂိုလ်က အခုနင်က လေးယောက်၊ဒါဖြင့် ရှေ့ဦးစွာ ဘယ်သူ့ ပွားရမလဲ ဆိုတော့–

မိမိကိုယ်ကို မေတ္တာပွားရမယ်၊ မိမိသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာချင်သလို သက်သေထားပြီးတော့ အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတွေလဲဘဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ပြီးတော့မှ မိမိရဲ့ ဆရာသမား လေးစားအပ်တဲ့ ကြည်ညိုအပ်တဲ့ပုဂ္ဂိုလ်ကို အာရုံပြုပြီးတော့ မေတ္တာပွား၊ တစ တစ ဒီလိုဘဲ မေတ္တာရှောက်ပွားရမယ်၊ ဒါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်က ဒီလိုဘဲ ပြောထားတယ်။

ပြီးတော့ သဗ္ဗသတ္တာ–ဆိုတာ ကျန်သေးတယ်၊ ဟိုမှာ ဒုကလေးခုနဲ့ တိက သုံးခု ကျန်သေးတယ်–မေတ္တာပွားဘို့။

> ယေကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝ နဝသေသာ။
> ဒီဃာ ဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုက ထူလာ။
>
> ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
> ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

အနဝသေသာ၊ ကြွင်းမဲ့ဉ်ဿုံ အလုံးစုံကုန်သော။ ယေတသာ ဝါ၊ အကြောင်ထိတ်လန့်တတ်သော ပုထုဇဉ်, သေက္ခ ပုဂ္ဂိုလ် တို့သည်၎င်း။ ယေ ထာဝရာ ဝါ၊ အကြောင်မထိတ်မလန့် တည်တံ့ခိုင်မြဲသော ရဟန္တာ တို့သည်၎င်း။ ယေဒီဃာ ဝါ၊

* ရှေးဦးစွာ ဩဓိသမေတ္တာမပွားသင့်သူနှင့် လုံးဝမပွားသင့်သူများ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် နှာ–၂၈၇၊ ရှု။

အကြြင် ခန္ဓာကိုယ် ရှည်လျား သတ္တဝါ များတို့သည်ရင်း။ ယေ မဟန္တာ ဝါ၊ အကြြင်ခန္ဓာကိုယ်ကြီးမား သတ္တဝါများတို့သည်ရင်း။ ယေ မဇ္ဈိမာ ဝါ၊ အကြြင် မတိုမရှည် မကြီးမငယ် အရွယ်အလတ်စား သတ္တဝါ များတို့သည်ရင်း။ ယေ ရဿကာ ဝါ၊ အကြြင် ပုက္ကနိမ့်တို ခန္ဓာကိုယ်ရှိသော သတ္တဝါတို့သည်ရင်း။ ယေ အဏုကာ၊ အကြြင် ငယ်ကုန် သိမ်မွေ့နုးညံ့သော ကိုယ်ရှိကုန်သော သတ္တဝါတို့ သည်ရင်း။ ယေ ထူလာ ဝါ၊ အကြြင် ဝိုင်းစက်ဆူဖြိုး သတ္တဝါမျိုးတို့သည်ရင်း။

ယေ ဒိဋ္ဌာ ဝါ၊ အကြြင်မြင်ဘူးသော သတ္တဝါတို့သည်ရင်း။ ယေ အဒိဋ္ဌာ ဝါ၊ အကြြင်မမြင်ဘူးသော သတ္တဝါတို့သည်ရင်း။ ယေ ဒူရေ ဝသန္တိ၊ အကြြင် အဝေးအရပ်၌ နေကြသော သတ္တဝါ တို့သည်ရင်း။ ယေ အဝိဒူရေ ဝသန္တိ၊ အကြြင် အနီးအရပ်၌ နေကြသော သတ္တဝါတို့သည်ရင်း။ ယေ ဘူတာ ဝါ၊ အကြြင်နောင်မဖြစ်ရ ဖြစ်ပြီးသာဖြစ်ကြကုန်သော ရဟန္တာတို့သည်ရင်း။ ယေ သမ္ဘဝေသီ ဝါ၊ နောင်ဖြစ်ရမည့် ဘဝကိုရှာ အကြြင် ပုထုဇဉ်, သေက္ခသတ္တဝါ တို့သည်ရင်း။

ယေကေစိ၊အလုံးစုံကုန်သော။ ပါဏဘူတာ၊ သက်ရှိထင်ရှား သတ္တဝါများတို့ သည်။အတ္ထိ–သန္တိ၊ ရှိကုန်၏။ ဣမေပိ သဗ္ဗသတ္တာ၊ ဤလုံးစုံများစွာ သတ္တဝါတို့ သည်လည်း။ သုခိတတ္တာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း–တဲ့၊ ဒီလို မေတ္တာပွားရမယ်။

အခုရွတ်လိုက်တဲ့ ပါဠိတော်ထဲမှာ ဒုက က လေးခုပါသွားတယ်၊ တိက က သုံးခုပါသွားတယ်၊ ဒုက လေးခုက ဘယ်သူလဲ–တသ–ထာဝရ တစုံ၊ ဒိဋ္ဌ–အဒိဋ္ဌ တစုံ၊ဒူရ–အဝိဒူရ တစုံ၊ဘူတ–သမ္ဘဝေသီ တစုံ၊ ပေါင်းတော့ ဒုက အစုံ လေးခု။

တိက က သုံးခုရှိတယ်၊ ဒီဃ–ရှည်တဲ့ သတ္တဝါ၊ ရဿက– ပုက္ကနိမ့်တို ခန္ဓာကိုယ်ရှိသောသတ္တဝါ။ မဇ္ဈိမ–မတိုမရှည်–အလယ် အလတ်သတ္တဝါ–အဲဒါက တစုံ၊ မဟန္တ–ကြီးတဲ့ သတ္တဝါ၊ အဏုက–ငယ်တဲ့ သတ္တဝါ၊ မဇ္ဈိမ–မကြီးမငယ် သတ္တဝါ သူက တစုံ၊ ထူလ–ပတဲ့သတ္တဝါ၊ အဏုက သေးတယ် ပိန်တယ် ဆိုတဲ့ သတ္တဝါ၊ မဇ္ဈိမ–မပိန်မဝတဲ့သတ္တဝါ၊ သူက သုံးခု။

အဲဒီ သတ္တဝါအားလုံးကိုလဲ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ချမ်းသာကြ ပါစေကုန်သတည်း-ဒီလို မေတ္တာပို့ရမယ်။

ဘူတနှင့်သမ္ဘဝေသီ သတ္တဝါအထူး

ဒီအထဲမှာ အဓိပ္ပါယ် ထူးခြားချက်က ဘုန်းကြီးတို့ ပရိသတ် မသိတဲ့သတ္တဝါ နှစ်မျိုးရှိတယ်၊ဘူတနဲ့ သမ္ဘဝေသီ သတ္တဝါဆိုတာ ဘယ်သူ့ကိုခေါ်သလဲ၊ အဲဒီ ဘူတနဲ့ သမ္ဘဝေသီကို ဘုန်းကြီးနဲ့နဲပြောပေးမယ်၊ ဘူတသတ္တဝါဆိုတာ ရဟန္တာပုဂ္ဂိုလ်

နောက်ဖြစ်အုံးမလား၊ (မဖြစ်တော့ပါဘူးဘုရား) သမ္မာဝေသီသတ္တဝါ ဆိုတာက တော့ဖြင့် အခုရှိနေတဲ့ ရဟန္တာမဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေဆိုယင် ဘဝကိုရှာနေ တုန်းဘဲ မဟုတ်လား၊ အဲဒါ သမ္ဘဝေသီ သတ္တဝါ–ဘဲ၊ အဲဒါ–တနည်း။

နောက်တနည်း–ဘူတနဲ့ သမ္ဘဝေသီကို ကျမ်းဂန်များက ဟောထားတာ ရှိသေးတယ်၊ ပဋိသန္ဓေနဲ့ ပတ်သက်ပြီးတော့ ဟောတဲ့နေရာမှာ အမိဝမ်း၌ ပဋိသန္ဓေနေတဲ့ သတ္တဝါဆိုယင် အမိဝမ်းက မဖွားသေးခင် သမ္ဘဝေသီသတ္တဝါ၊ အမိဝမ်းကဖွားပြီးယင် ဘူတ သတ္တဝါ၊ ဥထဲမှာ ပဋိသန္ဓေနေတဲ့ သတ္တဝါဆိုယင် ဥခွံအတွင်းမှာ သမ္ဘဝေသီသတ္တဝါ၊ ဥထဲကပေါက်လိုက်ပြီဆိုတော့ ဘူတ သတ္တဝါ။

သံသေဒဇသတ္တဝါတွေကျတော့ ပဌမ စိတ္တက္ခဏတုန်းက သမ္ဘဝေသီသတ္တဝါ၊ ဒုတိယ စိတ္တက္ခဏကစပြီးတော့ ဘူတသတ္တဝါလို့ခေါ်တယ်၊ ဥပပါတ် သတ္တဝါ များ အတွက်ကျတော့ ထိုင်တဲ့ဣရိယာပုထ်နဲ့ ဖြစ်နေတဲ့နတ်သားဟာ ထိုင်တဲ့ ဣရိယာပုထ်ကို မပြောင်းသေးသရွေ့ ကာလပတ်လုံး သမ္ဘဝေသီ သတ္တဝါ၊ ထိုင်တဲ့ဣရိယာပုထ် ဖျက်လိုက်ယင် ဘူတသတ္တဝါလို့ ဒီလိုပြောထားတယ်– ဘူတနဲ့ သမ္ဘဝေသီကို။

အဲဒီ ဘူတ, သမ္ဘဝေသီ ပုဂ္ဂိုလ်အားလုံးတို့ကိုလဲဘဲ ကိုယ်စိတ်နှစ်ဖြာ ကြည်သာ အေးမြ ချမ်းသာကြပါစေကုန်သတည်း–လို့ ဒုကလေးစုံ, တိက သုံးစုံ တို့ဖြင့်လဲဘဲ ဒီလို မေတ္တာပွားရမယ်။

ပြီးတော့ နောက်တခု မေတ္တာပို့နည်းလေး တနည်းရှိသေးတယ်၊ဘယ်လိုလဲ–

န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခ မိစ္ဆေယျ။

ပရော၊ တပါးသောသူသည်။ ပရံ၊ တပါးသောသူကို။ န နိကုဗ္ဗေထ၊ မလှည့်ပတ် မဖြားယောင်းပါစေလင့်။ (တယောက်နဲ့ တယောက် မလိမ်ကြ မညာကြပါစေနဲ့–ဟောဒါ မေတ္တာပို့နည်း တမျိုးဘဲ)။ ကတ္ထစိ၊ တစုံတခု သောအရပ်၌။ ကိဉ္စိ၊ တစုံတယောက်သော။ နံ၊ ထိုသူတပါးကို။ နာတိမညေထ၊ တယောက်နဲ့တယောက် အထင်မသေးပါစေနဲ့–မာန်ထောင်သမှု မထေမဲ့မြင် မပြုပါစေလင့်။ ဗျာရောသနာ–ဗျာရောသနာယ၊ ကိုယ်နှုတ်တို့ စော်ကားထိပါး နှိပ်စက်ခြင်းဖြင့်၎င်း။ ပဋိဃသညာ–ပဋိဃသညာယ၊ စိတ်ဆိုးခြင်း, အမျက်ထွက် ခြင်းဖြင့်၎င်း။ အညမညဿ၊ တယောက်သည် တယောက်အား။ ဒုက္ခံ၊ ဆင်းရဲ ခြင်းကို။ န ဣစ္ဆေယျ၊ အလိုမရှိပါစေလင့်။

ဟောဒါလဲ မေတ္တာပို့နည်း တမျိုးဘဲ၊ တယောက်ကို တယောက် မချုတ်ချယ်ပါစေနဲ့၊တယောက်ကိုတယောက်မနှောင်ဖွဲ့ပါစေနဲ့၊တယောက်ကိုတယောက်မပြစ်မှားပါစေနဲ့၊ တယောက်ကို တယောက် အနိုင်မယူပါစေနဲ့၊ တယောက်ဒုက္ခဖြစ်တာကို မမြင်ချင်ပါစေနဲ့၊ အဲဒါကော ဘာလုပ်တာလဲ၊(မေတ္တာပို့တာပါ ဘုရား) မေတ္တာပို့တဲ့နေရာမှာ သက်သေထားပုံကတော့-

မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

မာတာ၊ မွေးသည့်မိခင် ကျေးဇူးရှင်သည်။ နိယံ ပုတ္တံ၊ မိမိရင်နှစ် သားရင်းဖြစ်သော။ ဧကပုတ္တံ၊ တဦးတည်းသောသားကို။ အာယုသာ၊ အသက်နှင့်လဲပြီးတော့။ အနုရက္ခေယထာ၊ အစဉ်မကွာ ကာကွယ် စောင့်ရှောက်ဘိသကဲ့သို့။ ဧဝမ္ပိ၊ ဤအတူလည်း။ သဗ္ဗဘူတေသု၊ အလုံးစုံသောသတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းအတာ ပမာဏမရှိသော။ မာနသံ၊ မေတ္တာစိတ်ကို။ ဘာဝယေ၊ အကြိမ်ကြိမ် အခါခါ ပွားများရာ၏။

မေတ္တာပွားတဲ့အခါမှာ သက်သေထားပုံကလေးက ဘယ်လိုလဲ–မိခင်သည် တယောက်တည်းသောသားကို အသက်နဲ့လဲပြီးတော့ ကာကွယ်စောင့်ရှောက်ပြီးတော့ မေတ္တာထားဘိသကဲ့သို့ အလုံးစုံသော သတ္တဝါတို့ရဲ့ အပေါ်မှာလဲဘဲ ထိုနည်းအတူ မေတ္တာပွားရမယ်–တဲ့။

မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ မသပတ္တံ။

ဥဒ္ဓံ၊ အထက်လောက အရူပဘာဝ၌ရင်း။ အဓော၊ အောက်ပြည် လောက ကာမဘာဝ၌ရင်း။ တိရိယံ၊ အလယ်လောက ရူပဘာဝ၌ရင်း။ သဗ္ဗလောကသ္မိံ၊ အလုံးစုံသော လောက၌။ အပရိမာဏံ၊ အတိုင်းအတာ ပမာဏ မရှိသော။ မေတ္တံ၊ မေတ္တာနှင့်ယှဉ်သော။ မာနသံ၊စိတ်ကို။ အသမ္ဗာဓံ၊ အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်းမရှိသည်ကို။ အဝေရံ၊ ဒေါသဝှန်ဆူ အတွင်းရန်သူ မရှိသည်ကို။ အသပတ္တံ၊ နှိပ်စက်ရန်မူ အပရန်သူလည်း မရှိသည်ကို။ ကတွာ၊ ပြု၍။ ဘာဝယေ၊ မေတ္တာစိတ်ကို။ ပွားများရာ၏။

မေတ္တာပွားတဲ့အခါမှာ အထက်ရော, အောက်ရော ဘယ်မှ အကန့်အသတ်မရှိဘဲ သတ္တဝါအားလုံးတို့ကို မေတ္တာပွားရမယ်တဲ့၊ ကျဉ်းမြောင်းခြင်း ကြပ်တည်းခြင်း အတွင်းရန်သူ, အပြင်ကရန်သူတွေ မရှိသည်ကို ပြုပြီးတော့ မေတ္တာပွားရမယ်၊ အဲဒီလို မေတ္တာပွားပြီဆိုတော့ ဘုန်းကြီးတို့ အာနာပါန ထိုင်ပြီးတော့ အလုပ်လုပ်တယ်ဆိုတာက "နိသီဒတိ ပလ္လင်္ကံ" အာဘုဇိတွာ ဥဇုံကာယံ

ပဏီဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ” နဲ့ ဒီလိုစည်းကမ်းလေး ရှိတယ် မဟုတ်လား၊ (မှန်ပါ) ဆိုပြီးတော့ ပွားရမယ်တဲ့။

ကိုင်း-မေတ္တာပွားတာကျတော့ ဒီလိုမဟုတ်ဘူး -

တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာ ဿ ဝိတမိဒ္ဓေါ။

တေံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု။

တိဋ္ဌံဝါ၊ ရပ်လျက်သော်ငြားလည်း။ စရံ ဝါ၊ သွားလျက်သော်ငြားလည်း။ နိသိန္နော ဝါ၊ ထိုင်လျက်သော်ငြားလည်း။ သယာနော ဝါ၊ အိပ်လျက်သော်ငြားလည်း။ ယာဝတာ၊ အကြင်မျှလောက်။ ဝိတမိဒ္ဓေါ၊ ကင်းသောအိပ်ချင်ခြင်း ငိုက်မျည်းခြင်းရှိသည်။ အဿ၊ ဖြစ်ရာ၏။ အာဝ၊ ငိုက်မြည်းခြင်းကင်း ထိုအချိန်အတွင်း၌။ တေံ သတိံ၊ မေတ္တာဈာန်ဥပဘိ ထိုဈာန်သတိကို။ အဓိဋ္ဌေယျ၊ စွဲမြဲမကွာ ဆောက်တည် ရာ၏။ ဣဓ၊ ဤဘုရားသာသနာတော်၌။ တေံ၊ ဤမေတ္တာမကင်း ဈာန်ဖြင့်နေခြင်းကို။ ဗြဟ္မံ၊ ထူးမြတ်သော။ ဝိဟာရံ၊ နေခြင်းမျိုးဟူ၍။ အာဟု၊ မြတ်ဘုရားတို့ ဟောကြားတော်မူကုန်ပြီ။

ရပ်နေတုန်း မေတ္တာပွားရမယ်၊ အိပ်နေတုန်းလဲ မေတ္တာပွားရမယ်၊ အကြင် မျှလောက်သော ကာလပတ်လုံး အိပ်ချင်ခြင်း ငိုက်မျည်းခြင်းရှိ၏၊ ထိုမျှလောက် သော ကာလပတ်လုံး သတ္တဝါတွေအပေါ်မှာ မေတ္တာ ပွားပြီးတော့ နေထိုင်ရ မယ်၊ ဤသို့ သာသနာတော်မှာ မေတ္တာဈာန်နဲ့ နေခြင်းကို အမြတ်ဆုံးသော နေခြင်းဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခုဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေ ဝတိ၊ အယံ ဝုစ္စတိ ဘိက္ခုဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထု သာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ။[၁]

မေတ္တာ ပွားနေတဲ့ ရဟန်း တော်ဟာ တိုင်းသူ ပြည်သား လူအများတို့ လှူဒါန်းတဲ့ဆွမ်းကို အချည်းနှီးအလကား သက်သက် အပိုစားနေတာ မဟုတ်ပါ ဘူး -တဲ့ မြတ်စွာ ဘုရားက၊ သာသနာ ပြုနေတဲ့ ပုဂ္ဂိုလ်ပါတဲ့၊ နေပြီးတော့ မေတ္တာဈာန် မဆိတ်သုဉ်းတဲ့ ပုဂ္ဂိုလ်ပါ၊ ကိလေသာတရားတွေကို ဖျက်ဆီးခြင်း ငှာ စွမ်းနိုင်တဲ့ ဈာန်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရပါတယ်-တဲ့။

မေတ္တာပွားတာဟာ အလုံးစုံသော ဒါန, အလုံးစုံသော သရဏဂုဏ်သီလ တို့ထက် ဟုတ်လား စတုဒိသာ သံဃိကကျောင်းကြီး ဆောက်လုပ်လှူတာထက် ဘယ်သူက မြတ်သလဲ-ဝေလာမသုတ္တန်မှာ ဟောထားတယ် ဟုတ်လား၊ ဘယ်သူ ကမြတ်တုံး၊ (မေတ္တာကမြတ်ပါဘယ်ဘုရား) အဲ-မဟုတ်ဘူး သီလကမြတ်တယ်၊ သီလထက် ဘယ်သူကမြတ်သလဲ-

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် နှာ-၉။

ယော စ အန္တမသော ဂန္ဓောဟနမတ္တမ္ပိ မေတ္တံ စိတ္တံ ဘာဝေယျ၊
(ပ) ဣဒံ တတော မဟပ္ဖလတရံ။ [၁]

အကြင်သူသည်နို့သာတရှုခန့်မျှ အချိန်လောက် မေတ္တာပွားရတာက ပိုးပြီး တော့မြတ်ပါတယ်တဲ့၊ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် မေတ္တာကြိုးစားပြီး ပွားများရမယ်။

၅၂၈–သွယ်မေတ္တာ အဲဒီ မေတ္တာပွားတဲ့အခါမှာ ငါးရာနှစ်ဆယ် ရှစ်သွယ် မေတ္တာလို့ ကြားဘူးတယ်မဟုတ်လား၊ကဲ ရေကြစမ်း– တစ်ကစပြီးတော့၊ အဲဒါ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာတယ်၊ * အဲဒီ ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ ပွားနည်းကလေး ဟောပြီးယင် ဒီဒေသနာ တော် နိဂုံးချုပ်ကြစို့၊ ငါးရာနှစ်ဆယ် ရှစ်သွယ် မေတ္တာ ပွားတယ်ဆိုတာ–

ပဌမ အနောဓိသမေတ္တာ, ဩဓိသ မေတ္တာ။

အနောဓိသမေတ္တာဆိုတာ ဘယ်သူ့မှ မရည်ရွယ်ဘူး၊ အခုနင်က သတ္တဝါ အားလုံးတိုကို ပြောလိုက်တာ၊ အဲဒါက ဘယ်နှစ်မျိုးရှိသလဲဆိုတော့ ငါးမျိုး ရှိတယ်၊ ဘယ်လိုလဲ–

သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ– အတ္တဘာဝပရိယာပန္နာ၊ ဘယ်နှစ်ခုတုံး၊ (ငါးခုပါဘုရား)သဗ္ဗေသတ္တာ–အလုံး စုံသော သတ္တဝါ၊ သဗ္ဗေ ပါဏာ–ထွက်သက်ဝင်သက်ရှိတဲ့ သတ္တဝါ၊ သဗ္ဗေ ဘူတာ–ထင်ရှားရှိတဲ့သတ္တဝါ၊ သဗ္ဗေ ပုဂ္ဂလာ–အလုံးစုံသောလူတွေ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ–အတ္တဘောလျှင် အကျုံးဝင်တဲ့ သတ္တဝါ၊ ဘယ်သူ့မှ မရည်ရွယ်ဘူး၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ တု–ဘယ်နှစ်ခုလဲ–လေးခု။

အခုနင်က ငါးခုကို တု–လေးခုနဲ့မြှောက်လိုက်ယင် ဘယ်လောက်ရှိသလဲ၊ (နှစ်ဆယ်ပါဘုရား) သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဗျာပဇ္ဈာ၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အနီဃာ၊ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁။ အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ် နှာ–၁၉၇။
* ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ–၃၁၄။

သဗ္ဗေ၊ အလုံးစုံကုန်သော။သတ္တာ၊ သတ္တဝါတို့သည်။ အတ္တာနံ၊ မိမိရဲ့စိတ်ကို။ သုခီ၊ချမ်းသာအောင်။ ပရိဟရန္တု၊ ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သဗ္ဗေ သတ္တာမှာ လေးချက်၊ သဗ္ဗေပါဏာမှာ လေးချက်၊ သဗ္ဗေ ဘူတာမှာ၊ (လေးချက်ပါဘုရား) သဗ္ဗေ ပုဂ္ဂလာမှာ – (လေးချက်ပါ ဘုရား) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ–ဘယ်နှစ်ချက်လဲ၊ (လေးချက်ပါဘုရား) ၄ × ၅–လီ= ၂၀၊ အဲဒါ အနောဓိသမေတ္တာ နှစ်ဆယ်။

သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ–ဘယ်နှစ်ခုတုံး၊ (ခုနစ်ခုပါဘုရား)။

သဗ္ဗာ ဣတ္ထိယော၊ အလုံးစုံသော အမျိုးကောင်းသမီးတို့သည်။ အဝေရာ၊ ဘေးရန်ကင်းကွာချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဣတ္ထိယော၊ အမျိုးကောင်း သမီးတို့သည်။ အဗျာပဇ္ဇာ၊ စိုးရိမ်ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဣတ္ထိယော၊ အမျိုးကောင်းသမီးတို့သည်။ အနီဃာ၊ ကိုယ်စိတ်ဆင်းရဲ ခြင်းမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဣတ္ထိယော၊ တို့သည်။ အတ္တာနံ၊မိမိရဲ့ကိုယ်ကို။ သုခီ၊ ချမ်းသာအောင်။ ပရိဟရန္တု၊ ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

အမျိုးသမီးတွေအတွက် ဘယ်နှစ်ခုလဲ၊ (လေးခုပါဘုရား)။

သဗ္ဗေပုရိသာ၊ အမျိုးကောင်းသားတွေအတွက်– (လေးခုပါဘုရား)၊ သဗ္ဗေ အရိယာ၊ အလုံးစုံသော အရိယာတွေအတွက် ဘယ်နှစ်ခုလဲ၊ (လေးခုပါဘုရား)၊ သဗ္ဗေအနရိယာ၊ အရိယာ မဟုတ်တဲ့ပုဂ္ဂိုလ်တွေအတွက် ဘယ်နှစ်ခုလဲ၊ (လေးခု)၊ သဗ္ဗေ ဒေဝါ၊အလုံးစုံသော နတ်တွေ ဗြဟ္မာတွေ အတွက် (လေးခု)၊ သဗ္ဗေ မနုဿာ၊ အလုံးစုံသောလူတွေအတွက် (လေးခု)၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ အတ္တဘော၌အကျုံးဝင်တဲ့ သတ္တဝါတွေအတွက်၊ (လေးခုပါဘုရား)၊ ၄ × ၇–လီ= ၂၈၊ ဘယ်လောက်လဲ၊ (၂၈–ပါဘုရား)။

ပြီးတော့တခါ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု–နဲ့။ အရပ်ဆယ်မျက်နှာပေါ့လေ၊ ကဲအကျဉ်းချုပ်ပြောကြစို့။

အရပ်ဆယ်မျက်နှာနဲ့ အခုနင်က နှစ်ဆယ်နဲ့မြှောက်လိုက်တော့ ဘယ်လောက်လဲ၊ (၂၀၀–ပါဘုရား) အနောဓိသ မေတ္တာ နှစ်ဆယ်နဲ့ အရပ်ဆယ်မျက်နှာနဲ့ မြှောက်လိုက်ယင် (၂၀၀–ပါဘုရား)။

ဩဓိသမေတ္တာက နှစ်ဆယ့်ရှစ်ရှိတယ်–နော်၊ အဲဒီ ဩဓိသ မေတ္တာ နှစ်ဆယ်ရှစ်နဲ့ အရပ်ဆယ်မျက်နှာနဲ့ မြှောက်လိုက်ယင် ဘယ်လောက်ရှိမလဲ၊ (၂၈၀–ပါဘုရား)။

အဲဒီ ၂၈၀–ရယ်, ၂၀၀–ရယ်, ၂၈–ရယ်, ၂၀–ရယ် ပေါင်းလိုက်စမ်း ဘယ်လောက်ရမလဲ၊ (၅၂၈–ပါဘုရား) ငါးရာ နှစ်ဆယ်ရှစ်သွယ်မေတ္တာ တဲ့၊ ရှင်းပြီမဟုတ်လား၊ (ရှင်းပါတယ်ဘုရား)။

အဲဒီ–ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာကို အားလုံး အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေပွားယင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ရောက်ကြောင်းဖြစ်ကြောင်းကို ဟောဒီ မေတ္တသုတ္တန်က–

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။

ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတု ဂဗ္ဘသေယျံ ပုန ရေတိ။

(ဒီဒေသနာတော် နိဂုံးချုပ်တယ် ဟုတ်လား။)

သော၊ထို မေတ္တာစျာန်ရပြီးသော ယောဂီပုဂ္ဂိုလ်သည်။ ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိသို့လည်း။ အနုပဂ္ဂမ္မ၊ မစွဲယူ မကပ်ရောက်မူ၍။ သီလ ဝါ၊ လောကုတ္တရာသီလရှိသူသည်။ ဒဿနေန၊ သောတာပတ္တိမဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံလျက်။ ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ ဂေဓံ၊ ကိလေသာဖြင့် တွယ်တာ မက်မောခြင်းကို။ ဝိနေယျ၊ တစမကြွင်း အရှင်းပယ်ရှားပြီးသော်။ ဇာတု၊ စင်စစ်ဧကန် အမှန်ပင်။ ပုန၊ နောက်ထပ်တဖန်။ ဂဗ္ဘသေယျံ၊ ပဋိသန္ဓေ တည်နေခြင်းသို့။ န ဧတိ၊ မရောက်ရတော့ဘူး။

အဲဒီလို မေတ္တာစျာန်ဒေသနာတော်ကို ကြိုးစားခြင်း ပွားများခြင်း အားထုတ်ခြင်းဟာ ဘယ်သူ့ပယ်ဘို့လဲ–ဒေါသကိုပယ်ဘို့၊ ဒါကြောင့် မေဃိယ သုတ္တန်မှာ–

ဗျာပါဒဿ ပဟာနာယ မေတ္တာ ဘာဝေတဗ္ဗာ။

ဗျာပါဒဿ၊ စိတ်ဆိုးတယ်, စိတ်ကောက်တယ်, စိတ်ညစ်တယ်, စိတ်ပျက်တယ် ဆိုတဲ့ ဒေါသကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှာ။ မေတ္တာ၊ယခုဟောခဲ့တဲ့ ငါးရာနှစ်ဆယ် ရှစ်သွယ်သော မေတ္တာတရားတွေကို။ ဘာဝေတဗ္ဗာ၊ ပွားများအပ်၏။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေသေတိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။ ။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-ပန္နရသမပိုင်း

သာသနာသက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄-ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေး အတ်စေတီတော်ကြီး၏ ပရဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်း လုပ်သား ဝိပဿနာဓမ္မာရုံကြီးတွင် ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌ လာသော မေဃိယသုတ္တန် ပန္နရသမပိုင်း တရားဒေသနာ။

(စကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

အာနာပါနဿတိ ဘာဝနာခဏ်း

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အရှင်မေဃိယ မထေရ်ကို ဟောကြားတော်မူခဲ့တဲ့ သုတ္တန်ဒေသနာတော် တဆဲ့ငါးပိုင်းမြောက် မှာ အာနာပါနဿတိ ဘာဝနာကို ဟောပေးဘို့ရန်အတွက် ယနေ့ အခွင့်အကြိမ် အလှည့်ရောက်ရှိပြီး လာပါတယ်၊ မေဃိယ။

ဝိတက်ပယ်ရန် မေဃိယသုတ္တန် တရားဒေသနာတော်မှာ ဝိမုတ္တိပရိပါစနီယ တရားများကို ကလျာဏမိတ္တ, သီလ, အဘိသလ္လေခကထာ, ဝီရိယ, သညာခေါ်တဲ့ တရားငါးမျိုး ဟောကြားပြီးတော့၊ ၎င်းတရားငါးမျိုး၌ တည်ပြီးတဲ့အခါ ရာဂခေါ်တဲ့တရားကို ပယ်ဖျောက်နိုင်ဘို့ရန်အတွက် အသုဘ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်ရမယ်၊ ဒေါသတရားကို ပယ်ရှား နိုင်ဘို့ရန်အတွက် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းရမယ်၊ ပွားများရမယ်၊ အား ထုတ်ရမယ်လို့ ဟောကြားပြီးတဲ့နောက် တရားလေးမျိုးမှာ နှစ်မျိုးဟောကြား ပြီးပြီ၊ အခုတတိယမြောက်ဖြစ်တဲ့ တရားက—

အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ။

မေဃိယ၊ ချစ်သား မေဃိယ။ ဝိတက္ကုပစ္ဆေဒါယ၊ ကာမဝိတက်, ဗျာပါဒ ဝိတက်, ဝိဟိံသာဝိတက်ဟုဆိုအပ်သော ဝိတက်ဆိုးတို့ကို ပယ်ဖြတ်နိုင်စေခြင်း အကျိုးငှာ။ အာနာပါနဿတိ၊ ထွက်လေဝင်လေကို နှလုံးသွင်းပွားများ အား ထုတ်ခြင်းဟုဆိုအပ်သော အာနာပါနဿတိ ဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားများအားထုတ်အပ်၏။

ဤသို့ မေဃိယသုတ္တန်၌ ဟောကြားထားတဲ့ ဒေသနာအပိုင်းကို ဒီကနေ့ ဟောပေးရမယ်၊ ရာဂပယ်ဘို့ရန်အတွက် အသုဘကမ္မဋ္ဌာန်းပွားဘို့ ဟောပေးခဲ့ပြီးပြီ၊ ဒေါသကို ပယ်ရန် အတွက် မေတ္တာကမ္မဋ္ဌာန်း ပွားများရမယ်ဆိုတာ ဟောပေးခဲ့ပြီးပြီ။

တရားအားထုတ်ရအောင် သွားတဲ့အချိန်မှာ သရက်ဥယျာဉ်တောကို ဝင်လိုက်လျှင်ဘဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဟုဆိုအပ်သော ဝိတက်ဆိုးတွေ ဝင်လာတဲ့ ရှင်မေဃိယကို သဗ္ဗညုရှင်တော်မြတ်ဘုရားက ၎င်းဝိတက်ဆိုးတွေကို ပယ်စွန့်နိုင်ဘို့ရန်အတွက် အာနာပါနဿတိ ဘာဝနာကို ပွားများရမယ်၊ အားထုတ်ရမယ်လို့ ဒီလိုဟောတော်မူရင်း ဖြစ်ပါတယ်။

အာနာပါနဿတိ ဘာဝနာကို ပွားများအားထုတ်တဲ့ပုဂ္ဂိုလ်မှာ ကာမဝိတက် မဝင်နိုင်ဘူးတဲ့၊ ဗျာပါဒ ဝိတက် မဝင်နိုင်ဘူး၊ ဝိဟိံသာဝိတက်ဆိုတဲ့ ဝိတက်ဆိုးသုံးပါး မဝင်နိုင်ဘူး၊ အာနာပါနဿတိ ဘာဝနာသည် ဆိုခဲ့တဲ့ ဝိတက်ဆိုးသုံးပါးကို ပယ်ရှားပြီးတော့ ပစ်နိုင်တဲ့ သတ္တိစွမ်းရည်နဲ့ ပြည့်စုံပါတယ်တဲ့။

ဒါကြောင့် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပွားများ အားထုတ်တဲ့၊ တရားအားထုတ်တဲ့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ ကာမဝိတက်တွေဝင်လာယင်၊ ဗျာပါဒဝိတက်တွေဝင်လာယင်၊ ဝိဟိံသာ ဝိတက်တွေဝင်လာယင် ၎င်းဝိတက်ဆိုးတွေကို ပယ်စွန့်နိုင်ဘို့ရန်အတွက် ဘယ်တရားနှလုံးသွင်းပေးရမလဲဆိုတော့ အာနာပါနဿတိ ဘာဝနာကို နှလုံးသွင်းပေးရမယ်၊ ဘယ်ပုံနှလုံးသွင်းရမလဲဆိုတော့ ပါဠိတော်က-

> ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရ ဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤမြတ်ဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ လူသူလေးပါး ကင်းစင်တယ် ဆိုတဲ့ တောအရပ်သို့ ကပ်၍၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ကပ်၍၎င်း။ သုညာဂါရဂတော ဝါ၊ လူသံသူသံတွေ ကင်းရှင်းတယ်ဆိုတဲ့ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍၎င်း။ ပလ္လင်္ကံ၊ ခြေထောက်ယှက်တင် ထက်ဝယ် ပလ္လင်ကို။ အာဘုဇိတွာ၊ ခွေ၍။ နိသီဒတိ၊ ထိုင်ရမည်။ ကာယံ၊ ချက်မှ အထက်ဖြစ်သော ခန္ဓာကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်တည်ငြိမ်စွာ။ ပဏိဓာယ၊ ထား၍။ နိသီဒတိ၊ ထိုင်ရမည်။ သတိံ၊

၁။ သုတ်မဟာဝါပါဠိတော် နှာ-၂၃၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၂၄-၅။ အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် နှာ-၃၄၄-၅။ စသည်ရှု။

မိမိသတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ မျှေး၍။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍ ထား၍။ နိသီဒတိ၊ ထိုင်ရမည်။ ထိုင်၏။

အာနာပါနအားထုတ်ပုံ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်ဘို့အတွက် မွေးဦးစွာ ဆိတ်ငြိမ်ရာ အရပ်ကို ချဉ်းကပ်ရမယ်၊ ဘာတွေဆိတ်ငြိမ်ရမလဲ — လူသူလေးပါးလဲ ကင်းရှင်းရမယ်၊ ကြည့်စရာရှုစရာ ရူပါရုံ၊ နားထောင်စရာ သဒ္ဒါရုံ၊ နမ်းစရာ ရှူစရာဖြစ်တဲ့ ဂန္ဓာရုံ၊ စားစရာသောက်စရာ ရသာရုံ၊ တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေ နည်းပါးတဲ့နေရာ၊ အတွေ့အကြုံမရှိတဲ့ နေရာဌာနကို ချဉ်းကပ်ပြီးတော့ ခြေထောက်နှစ်ဘက် ယှက်ပြီး တင်ပလ္လင် ခွေပြီးတော့ ရှေးဦးစွာ ထိုင်ရမယ်။

ထိုင်ပြီးတဲ့အခါ ဘာလုပ်ရမလဲ–အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ်ကလေး ထားရမယ်၊ နောက်ပြီးတော့ ထွက်လေ ဝင်လေတို့ရဲ့ ဖြစ်ရာအရပ်ဖြစ်တဲ့ နှာသိကဂ္ဂလို့ခေါ်တဲ့ နှာခေါင်းဖျား၊ မုခဂ္ဂလို့ခေါ်တဲ့ နှုတ်ခမ်းဖျားကို သတိကပ်ထားပြီးတော့ ဘာလုပ်ရမလဲ–

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။ သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ[၁]။

(ဟောဒီလိုပွားရမယ်)။

သော၊ ထိုသတိရှေးရှုတည်၍ ထိုင်နေသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည်။ သတောဝ၊ အာရုံကို မမေ့မပျောက်မူ၍ ထင်ရှားသော သတိရှိသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ဝင်လေကို ရှူ၍ပေး၏။ ပဿသတိ၊ ထွက်လေကိုထုတ်၏။ (ဟောဒါ တပိုင်း)။

၁။ သုတ်မဟာဝါပါဠိတော် နှာ–၂၃၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ–၁၂၅။ အင်္ဂုတ္တိုရ်ပါဠိတော် နှာ–၃၇၅။ ပါရာဇိကဏ်ပါဠိတော် နှာ–၈၉။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ၊ ၂၀၀–၂၀၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ–၁၇၃–၁၇၄။

ဒီဃံဝါ၊ ရှည်ရှည်မူလည်း။ အဿသန္တော၊ ဝင်လေကိုရှူသည် ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ဝင်လေကိုရှူ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ဒီဃံဝါ၊ ရှည်ရှည်မူလည်း။ ပဿသန္တော၊ ထွက်လေရှိုက်သည် ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမိ၊ ထွက်လေကိုရှိုက်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ရဿံဝါ၊ တိုတိုမူလည်း။ အဿာသန္တော၊ ဝင်သည် ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာမိ၊ ဝင်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍ သိ၏။ ရဿံဝါ၊ တိုတိုမူလည်း။ ပဿသန္တော၊ ထွက်သည် ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမိ၊ ထွက်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

သဗ္ဗကာယ ပဋိသံဝေဒီ၊ (အဋ္ဌကထာ အနက်အတိုင်း ဆိုယင်) ဝင်လေ၏ အစ, အလယ်, အဆုံး သုံးပါးလုံး ထင်ရှားစေသည် ဖြစ်၍။ အဿသိဿာမိ၊ ဝင်လေကိုရှူအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ သဗ္ဗကာယ ပဋိသံဝေဒီ၊ ထွက်လေ၏ အစ, အလယ်, အဆုံးကို ထင်ရှားစေသည်ဖြစ်၍။ ပဿသိဿာမိ၊ ထွက်လေကိုရှူအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

ကာယသင်္ခါရံ၊ အရှုပြင်း၍ ရှုံ့ရင်းကြမ်းတမ်းသော ထွက်လေ ဝင်လေကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သိမ်မွေ့နူးညံ့ ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ဝင်လေကိုရှူအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ကာယသင်္ခါရံ၊ အရှုပြင်း၍ ရှုံ့ရင်းကြမ်းတမ်းသော ထွက်လေဝင်လေကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သိမ်မွေ့နူးညံ့ချုပ်ငြိမ်းစေလျက်။ ပဿသိဿာမိ၊ ထွက်လေကိုလွှတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

အဆင့်လေးဆင့် အဲဒီအခု ဘုန်းကြီးနှုတ်ကရွတ်ပြီးတော့ ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် ဟောကြားလိုက်တဲ့ ဒေသနာတော်ရဲ့ အဓိပ္ပါယ်က-ပဌမစတင်ပြီး အာနာပါနကို လုပ်တဲ့အခါမှာ အဆင့်ပေါင်း လေးဆင့်ရှိတယ်၊ အဲဒီလေးဆင့်အတိုင်းဘဲ လုပ်ရမယ်၊ အဆင့်လေးဆင့်၊ အပိုင်းလေးပိုင်း၊ ပဌမစတုက္ကလို့ ခေါ်တယ်။

ဝင်လေထွက်လေ၌သတိ အဲဒီ အဆင့်လေးဆင့်မှာ ပဌမဆုံးက ဘယ့်နှယ် နှလုံးသွင်းရမလဲ-သတိထားပြီးတော့ ဝင်လေ ထွက်လေကို ရှူရမယ်၊ သတိမပါဘဲနဲ့ ဝင်လေထွက်လေကို အမှတ်တမဲ့မရှူမိအောင် မရှိုက်မိအောင် နှလုံးသွင်းပြီးတော့ ဝင်တဲ့လေကိုလဲဘဲ ဝင်လေလို့ ဒီလိုသိတယ်၊ ထွက်သက်လေကိုလဲဘဲ ထွက်သက်လေလို့ ဒီလိုဘဲသိတယ်၊ဒါ ပဌမ-အဲဒီလို ချည်းသိအောင် လုပ်နေ။

ဒီလိုချည်းသိအောင်လုပ်လို့ ဝင်လေထွက်လေမှာ သတိတော်တော် ခိုင်ပြီလို့ ဝင်တိုင်းသိတယ်၊ ထွက်တိုင်းသိတယ်၊ ဝင်လေကို ဝင်တိုင်း ဝင်တိုင်းသိတယ်၊ ထွက်လေထွက်တိုင်းထွက်တိုင်းသိတယ်၊ဝင်လေ ဝင်လာတိုင်းဝင်လာတိုင်းမိမိ ဉာဏ်ထဲမှာဝင်လေ ထင်ရှားတယ်၊ ထွက်လေ ထွက်တိုင်းထွက်တိုင်းလဲ မိမိဉာဏ်ထဲမှာ ဒီထွက်လေ ထင်ရှားတယ်၊မမေ့မပျောက်ဘူးလို့ဆိုယင် အဲဒီ ဝင်လေထွက်လေမှာ ပဌမသတိမြဲပြီလို့ ဒီလိုမှတ်ထား၊ ဒါ ပဌမပိုင်း နိုင်သွားပြီ။

ဥပမာပုံဆိုရယင် ကိုယ်က တနာရီ ထိုင်ပြီးတော့ တရား အားထုတ်တယ်၊ အဲဒီ တနာရီလုံးလုံးဘဲ ဝင်လေ ဝင်တိုင်းဝင်တိုင်း ဉာဏ်ထဲမှာ ထင်ရှားတယ်။ သိလဲသိတယ်၊ တနာရီလုံးလုံးဘဲ ထွက်လေ ထွက်တိုင်း ထွက်တိုင်း ဉာဏ်ထဲမှာ ထင်ရှားတယ်၊ သိလဲသိတယ်ဆိုယင် ပဌမစိတ် ပဌမတန်း သူအောင်သွားပြီ၊ ဒီအတိုင်းဘဲ ကျင့်နေရမယ်။

ဝင်လေထွက်လေမှာ သတိမြဲသွားပြီလို့ ဒီလိုမှတ်ရမယ်၊ အဲဒါကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက "သတိမြဲရာ ပဌမာ"တဲ့၊ ပဌမတန်း အောင်ယင် ဒါသတိမြဲသွားပြီ။

တနာရီလောက်ထိုင်ပြီးတော့ အားထုတ်နေတဲ့အခါမှာ ထွက်လေ ဝင်လေကို သိတဲ့အချိန်က သိလိုက်၊ မသိတဲ့အချိန်ကမသိလိုက်၊ စိတ်တွေ တခြားရောက်တဲ့အချိန် ရောက်လိုက်၊ ထွက်လေဝင်လေပေါ်မှာချည်း စိတ်ကမနေဘဲနဲ့ အာရုံအမျိုးမျိုးတွေမှာ ပျံ့လွင့်ပြေးသွားနေတာကို ထိန်းမရဘဲနဲ့ နေတယ်ဆိုယင် ဒါ သင်တန်းတက်နေရတုန်းဘဲ၊ ပဌမတန်းမအောင်သေးဘူး။

အခုပြောခဲ့တဲ့အတိုင်းဘဲ ထွက်လေဝင်လေမှာ ကိုယ်က သတိ တော်တော်မြဲသွားပြီဆိုတဲ့အခါကျတော့ ရှေ့ကိုတတန်းတက်လိုက်ပါတဲ့-လုပ်ထုံးက၊တတန်းတက်တော့ ဘာတက်လဲ—

> ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

အရှည်အတိုဉ်သိ အဲဒါက တတန်းတက်တာ၊ သတိတော်တော်ခိုင်မြဲလာတဲ့အခါကျတော့ဘာခွဲသိလဲ-ဝင်လေရဲ့ ရှေရှေဝင်တာကိုလဲဘဲ ရှေရှေဝင်တယ်လို့ ခွဲခြားသိတယ်၊ ရှေရှေထွက်လာတာကိုလဲဘဲ ရှေရှေထွက်လာတယ်လို့ ဒီလိုသိတယ်၊ ဝင်လေက တိုတိုဝင်တာကိုလဲဘဲ တိုတိုဘဲဝင်တာကို သိတယ်၊ တိုတိုထွက်ထာကိုလဲဘဲ တိုတိုဘဲထွက်လာတယ်လို့ ဒီလိုသိတယ်။

အဲဒါက ဘယ်လိုလဲ–လူဟာ အင်မတန်မောနေတဲ့အခါမှာ ထွက်လေ ဝင်လေဟာ ရှေသလား, တိုသလားဆိုယင် တိုတယ်၊ ဒီလိုကိုဖြစ်နေတယ်–မောပြီးတော့ဟုတ်လား၊ ထွက်လေဝင်လေဟာ တိုလာတယ်၊ အဲဒီလို တိုတိုဝင်တာကိုလဲ တိုတိုဝင်တယ်လို့ ခွဲခြားပြီးတော့သိတယ်၊ ရှေရှေဝင်တာကိုလဲ ရှေရှေဝင်တယ်လို့ ခွဲခြားပြီးတော့သိတယ်။

ရှေရှေဆိုတော့ ဘယ်လိုလဲ–ဥပမာပုံဆိုယင် လူတယောက် အမောပြေသွားလို့–ပိုထင်ရှားအောင်ဆိုယင် အိပ်မောကျနေတဲ့ လူတယောက်ရဲ့ အသက်ရှူနေပုံကိုကြည့်ယင် တချက်ပြီးမှတချက်ဖြေး–ဖြေး–ဖြေး–ဖြေး နားနားပြီးဝင်တယ်၊ ရှေရှေဝင်လာတယ်၊ရှေရှေထွက်တယ်၊ အဲဒီလို ရှေတာ, တိုတာကို ခွဲခြားပြီးတော့ သိလာယင်တဲ့ ဒုတိယတန်းအောင်သွားပြီ၊ ဒါ ဒုတိယအဆင့်၊ ပဌမဆင့်–ဒုတိယဆင့် အောင်ပြီ၊ ဒုတိယဆင့်အောင်ပြီးတဲ့နောက် တတိယဆင့်ကို တခါတက်။

စ လယ် ဆုံးကျင့် တတိယဆင့်ကို ဘယ်လိုတက်ရသလဲဆိုတော့ မိမိရဲ့စိတ်ကို သတိကို ထွက်လေဝင်လေတို့ရဲ့ ဖြစ်ရပ်လို့ဆိုတာ ရှိတယ်၊ နှာခေါင်းဖျားမှာသော်၎င်း, အထက်နှုတ်ခမ်းဖျားမှာသော်၎င်း ထွက်လေ ဝင်လေ လာလာပြီးတော့ ထိတယ်၊ အဲဒီထိတဲ့နေရာမှာ စိတ်ကိုစိုက်ထား ပြီးတော့ ထိတဲ့နေရာကနေပြီး စိတ်တခြားကိုမရွေ့ဘဲနဲ့ ဝင်လေရဲ့ နှာခေါင်းဖျားကလေးကို တိုက်သွားတာ, ရင်ချိုင့်ကို ရောက်လာတာ, ချက်တိုင်ထိအောင် အဆုံးထိအောင် ရောက်သွားတာကို သိတယ်။

ဒီတော့ ရှောက်တော့မလိုက်ရဘူး၊ နှာခေါင်းဖျားရှောက်လိုက်လိုက်, စိတ်က နှာခေါင်းဖျားမှာနေလိုက်၊ ရင်ချိုင့်သွားလိုက်, ချက်တိုင် ရောက်လိုက် စိတ်ကတော့ ရှောက်မလိုက်ဘူး၊ စိတ်ကို နှာခေါင်းဖျားလေးနားမှာ စိုက်ထားပြီးတော့ နှာခေါင်းဖျားကိုလေလာ ထိတာသိတယ်၊ ရင်ချိုင့်ရောက်လာတာ သိတယ်၊ ချက်တိုင်ရောက်လာတာ သိတယ်။

ထွက်လာတဲ့ လေမှာလဲ ဒီလိုဘဲ ချက်တိုင်ကစထွက်လာတာကို သိတယ်၊ ရင်ချိုင့်ရောက်လာတာကို သိတယ်၊ နှာခေါင်းဖျားမှာ လာဆုံးတယ်ဆိုတာကို သိတယ်၊ အဲဒါကို အဋ္ဌကထာဆရာတော်က "သဗ္ဗကာယပဋိသံဝေဒီခဏ်း–တတိယခဏ်း" လို့ဆိုတာ ရှိတယ်၊ အတော်ကလေး သူက အတန်း တက်တယ်။

ငြိမ်းစေလျက်ကျင့် အဲဒီလို အတန်းတက်လာပြီးတော့ တခါဒီထွက်လေ ဝင်လေရဲ့ စတုတ္ထခဏ်းကျတော့ ဘယ်လိုဖြစ်သလဲ–ထွက်လေ ဝင်လေဟာ အကယ်၍ ကြမ်းကြမ်းတမ်းတမ်း ဖြစ်နေယင် သိမ်မွေ့အောင်

နူးညံ့အောင် ကိုယ်က ဒီလိုနှလုံးသွင်းပြီးတော့ ကြည့်မှမယ်၊ ထွက်လေ ဝင်လေ လေးဟာ တဖြေးဖြေး တဖြေးဖြေး နူးညံ့သွားတယ်၊ နူးညံ့သွားတယ်၊ သိမ်သိမ်မွေ့မွေ့လေး ဖြစ်လာတယ်၊ ဘယ်လောက်တောင် သိမ်မွေ့နူးညံ့သွား သလဲဆိုယင် ရှုမှန်းရှိက်မှန်းကို မသိလောက်အောင်ကိုဘဲ ထွက်လေဝင်လေဟာ သိမ်မွေ့နူးညံ့သွားတော့တာဘဲ၊ တော်တော်သမာဓိကောင်းပြီ-အဲဒီအခါ။

စတုတ္ထခဏ်းကျတော့ အဲဒီနေရာမှာ ပဌမပိုင်းလေးဆင့်၊ ပဌမ ထွက်လေ ဝင်လေတို့ရဲ့ ထွက်တာ ဝင်တာကိုသိတယ်၊ ဒုတိယ ရှေတာကိုသိတယ်၊ တတိယ ထွက်လေဝင်လေရဲ့ အစ, အလယ်, အဆုံးကို သုံးပါးလုံး ထင်ထင်ရှားရှားကြီး သိတယ်၊စတုတ္ထ-ထွက်လေဝင်လေဟာ သိမ်မွေ့နူးညံ့ပြီးတော့ [ငြိမ်]းတယ်၊ ဒါကို စတုက္ကလေးခုလို့ ခေါ်တယ်။

အဲဒီ စတုက္ကဟာ သမထယာနိကကိုသွားချင်ယင်လဲ ဖြစ်တယ်၊ ဝိပဿနာ ဘက်ကို သွားချင်ယင်လဲ ဒီစတုက္ကဖြစ်တယ်၊ အဲဒီ စတုက္ကလေးခု—လေးမျိုးကို ပွားများအားထုတ်တဲ့အခါမှာ ဘာသတိပဋ္ဌာန် ပြည့်စုံသွားသလဲလို့ဆိုတော့-

> ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဧဝံ ဝဒါမိ ယဒိဒံ အဿာသ ပဿာသာ။[၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ အဿာသပဿာသာ၊ ဤထွက်လေဝင်လေခေါ်တဲ့သဘောကို။ ကာယေသု၊ ပထဝီကာယ, အာပေါ ကာယ, တေဇောကာယ, ဝါယောကာယတို့တွင်။ ကာယညတရ၊ ကာယ တပါးအပါအဝင်ဟူ၍။ ဧဝံ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော တော်မူ၏။

ကာယာနုပဿနာ ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်တဲ့၊ အကျယ်ကတော့ ဘုန်းကြီးတို့ ဟောပြီးသား ရှိနေတယ်၊ ဒီမှာတော့ခပ်ကျဉ်း ကျဉ်းဘဲ ဟောမယ်။

င်ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားနည်း, ထွက်လေဝင်လေကို ရှုနည်း ပွားနည်းက နှလုံးသွင်းမှု အစီအစဉ်ဆိုတာ ရှိတယ်၊ ပဌမဒေ့ရှးဦးစွာ ဥဂ္ဂဟ, ပရိပုစ္ဆာ စသည်ဖြင့် ဒီတရားကို အားထုတ်တော့မယ်, နှလုံးသွင်းတော့မယ်ဆိုယင် အခုပြောခဲ့တဲ့ တဆဲ့ခြောက်ပိုင်းသော အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ကိုယ်က သင်ကြားရမယ်၊ ပရိပုစ္ဆာ-မေးမြန်းရမယ်။

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၂၆။

ပွားများပုံ အားတက်ပုံစသော အခြင်းအရာတို့ကို သင်ကြားရခြင်းစတဲ့ ဒီအာနာပါနရဲ့ အဆင်အပိုင်းကလေး လေးခုကို ကျကျနန သင်အံလေ့ကျက်ပြီးတော့ ပွားပြီဆိုတဲ့ အခါကျတော့ သူ့ကို ဘာလုပ်ရမလဲ-အဌကထာက နှလုံးသွင်းမှု အစီအစဥ်ရှစ်မျိုး-မနသိကာရဝိဓိကို သူကပြောထားတယ်၊ ဘယ်လိုလဲ-

မနသိကာရဝိဓိရှစ်မျိုး ဂဏနာနည်း, အနုဗန္ဓနာနည်း, ဖုသနာနည်း, ဌပနာနည်းလို့ ပဌမရှေးဦးစွာ လေးနည်း၊ သလ္လက္ခဏာ, ဝိဝဋ္ဋနာ, ပါရိသုဒ္ဓိ, ပဋိပဿနာလို့ဆိုပြီးတော့ လေးနည်း၊ ပေါင်းတော့ရှစ်နည်း။

ပဌမလေးနည်းသည် သမထ။
ဒုတိယလေးနည်းသည် ဝိပဿနာ။

ဒီတော့ ပဌမလေးနည်းကို ထူထောင်တဲ့အခါကာလမှာ ဂဏနာနည်းတဲ့-ပဌမ၊ အဲဒီ ဂဏနာနည်းကို ဘယ်လိုထူထောင်ရသလဲဆိုတော့ ထွက်လေဝင်လေကို ထွက်တိုင်းဝင်တိုင်း ထွက်တိုင်း ဝင်တိုင်း တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, တဆယ်အထိပေါ့လေ၊ အဲဒီ တဆယ်အထိ ဂဏန်းတွေထဲက ကိုယ်ကြိုက်တဲ့ ဂဏန်းထိအောင် ရေတွက်၊ထွက်လေဝင်လေကို ရေတွက်ရမယ်။

အဲဒီလို ရေတွက်တဲ့နည်းကို ဂဏနာနည်းလို့ ခေါ်တယ်၊ ထွက်လေဝင်လေ တစုံကို တစ်လို့ ရေတွက်လိုက်၊ နောက်တခါ ထွက်လေ ဝင်လေတစုံကို နှစ်၊ နောက်တခါ ထွက်လေဝင်လေတစုံကို သုံး စသည်ဖြင့် တဆယ်အတွင်းရှိတဲ့ ဂဏန်းကို သတ်မှတ်ပိုင်းခြားပြီးတော့ အဲဒါရေတွက်၊ ဒါ ဂဏနာနည်း။

အဲဒီ ဂဏနာနည်းမှာ ရေတွက်နည်းက နှစ်နည်းလောက်ရှိတယ်၊ နှေးနှေးရေတွက်နည်း, မြန်မြန်ရေတွက်နည်းတဲ့၊ နှေးနှေးရေတွက်နည်း ဆိုဘာက စပါးခြင်တဲ့ ပုဂ္ဂိုလ်များကဲ့သို့ စပါးတတင်းပြီးမှ တတင်းရေတွက်သလို နှေးနှေး ကလေးရေတွက်၊ တချက်ပြီးမှ တချက်, တချက်ပြီးမှ တချက်၊ ဒါနှေးနှေး ရေတွက်ပုံ၊ သမာဓိရအောင် သတိမြဲအောင် လုပ်နေတာပါဘဲ အမှန်ကတော့။

မြန်မြန်ရေတွက်နည်း ဆိုတာကတော့ နွားကျောင်းသားက နွားတွေကို ခြံထဲသွင်းလာတဲ့အခါမှာ တကောင်, နှစ်ကောင်, သုံးကောင်, လေးကောင်-စသည်ဖြင့် မြန်မြန်ရေတွက်သလို ရေတွက်တဲ့နည်း၊ နှေးနှေးရေတွက်နည်းက နိုင်လာပြီဆိုယင် မြန်မြန်ရေတွက်နည်းနဲ့ ရေတွက်၊ ဒါ ဂဏနာနည်း။

အဲဒီ ဂဏနာနည်းနဲ့ ရေတွက်လို့ အချက်တိုင်း အချက်တိုင်းကိုယ်က မလွတ်အောင် ကိုယ်ကရေတွက်နိုင်ပြီလို့ ဆိုတော့--အနုဗန္ဓနာနည်းလို့ ဆိုယင်ဘယ်နည်း

တက်ရသလဲဆိုပြီးတော့ အစဉ်လိုက်ရှုတဲ့နည်းကိုတက်၊ အနုဗန္ဓနာနည်းဆိုတာက ယွက်လေကို စောစောကပြောခဲ့တဲ့ အစ, အလယ်, အဆုံးသုံးပါးလုံးကိုလိုက်ပြီးတော့ သိအောင်ရှုပွားတဲ့နည်းကို အနုဗန္ဓနာနည်းလို့ ဒီလိုခေါ်တယ်။

ဒါပေမဲ့ ဒီနေရာမှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်က[၁] ဝင်လေရဲ့နှာသီးဖျား, ရင်ချိုင့်, ချက်တိုင်လို့ သူကဒီလိုပိုင်းထားတဲ့ အစ,အလယ်, အဆုံးကို စိတ်နဲ့ ရှောက်ပြီးတော့ မလိုက်ရဘူးတဲ့၊ စိတ်နဲ့ ရှောက်လိုက်မယ်ဆိုယင် သမာဓိပျက် အန္တရာယ် ဖြစ်တယ်တဲ့။

ဒါကြောင့် စောစောပိုင်းက ပြောခဲ့သလိုဘဲ ထွက်လေဝင်လေတို့ရဲ့ ဖြစ်ရာအရပ်မှာ မိမိစိတ်ကို ခိုင်ခိုင်မြဲမြဲကြီး စိုက်ထားပြီးတော့ နှာသီးဖျားကနေပြီးတော့ဘဲ နှာသီးဖျားထိကာလဲ သိတယ်၊ ရင်ချိုင့် ရောက်သွားတာလဲ သိတယ်၊ ချက်တိုင်ရောက်သွားတာလဲသိတယ်၊ အဲဒီလိုသိရမယ်၊ စိတ်ကတော့ ဒီချက်တိုင် ရောက်အောင် ရှောက်ပြီး လိုက်မသွားရဘူး၊ အဲဒါကို ဘာနည်းခေါ်သလဲဆိုတော့ အနုဗန္ဓနာနည်းလို့ ဒီလိုခေါ်တယ်။

အနုဗန္ဓနာနည်းပြီးတော့ ဖုသနာနည်း၊ ဖုသနာနည်းဆိုတာက တော့ဖြင့် အခုပြောခဲ့တဲ့ ဂဏနာနည်း, အနုဗန္ဓနာနည်းကိုဘဲ ဖုသနာဆိုပြီးတော့ ထွက်လေ ဝင်လေတို့ရဲ့ ထိရာအရပ်ဌာနကို စိတ်ကစိုက်ထားတာကိုဘဲ ဖုသနာနည်းလို့ ခေါ်တယ်။

ဌပနာနည်းကျတော့ဖြင့် သမာဓိတွေ သိပ်အားကောင်းပြီးတော့ ပဋိဘာဂနိမိတ်တည်း ဟူသော အာရုံမှာ စိတ်ကိုခိုင်ခိုင်ကြီး စိုက်ထားတာကို ဌပနာနည်းလို့ ဒီလိုခေါ်တယ်၊ ဒါ အာနာပါနပွားနည်း၊ အဋ္ဌကထာမှာလာတဲ့ နည်းအတိုင်း ဘုန်းကြီးပြောပေးနေတာ—အာနာပါနပွားနည်း။

အဲဒီလို အာနာပါနကို ပွားလိုက်တဲ့ အခါကျတော့ အခုပြောခဲ့တဲ့ ပဉ္စမစတုက္ကလေးခုမှာ ဒီအတိုင်းပွားနေပြီး သမာဓိရလာပြီဆိုတဲ့အခါ ထွက်လေဝင်လေရဲ့ ထိရာအရပ်မှာ စိတ်ကိုစိုက်ထားပြီးတော့ သုံးချက်စလုံး သိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားလို့ဆိုတော့ အဋ္ဌကထာဆရာတော်က ဒီနေရာမှာ ဥပမာလေးတခု ပေးထားတယ်။

သိပုံဥပမာများ ❛ပုခက်ယွဲ့တဲ့ ပုဂ္ဂိုလ်တယောက်ဟာတဲ့ ပုခက်တိုင်ခြေမှာ သူကထိုင်နေပြီးတော့ ပုခက်ကိုလွဲလိုက်ယင် သူ့ရှေ့ဘာရောက်လာမလဲ-အဲဒီပုခက်ရဲ့ ပုခက်အစွန်းလဲ ရောက်လာတယ်၊ ဒုတိယအစွန်းလဲရောက်လာ

၁။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယ နှာ-၉၅။ ဝိသုဒ္ဓိမဂ် ပဌမ နှာ-၂၇၂ စသည်တို့၌ ဥပမာများနှင့် ဖွင့်ဆိုထားသည်။

တယ်၊ အလယ်ခေါင်လဲရောက်လာတယ်၊ ဒီတော့ သူက ပုခက်ကို ထိုင်ပြီးတော့ လွှဲနေရင်း အစ, အလယ်, အဆုံးကို သူထိုင်နေတဲ့ နေရာကဘဲ သူက သိတယ်၊ အဲဒီလိုသိသလိုဘဲတဲ့။

နောက်တနည်း ပြောပါသေးတယ်-တံခါးစောင့်ဥပမာ၊ တံခါးစောင့်တဲ့လူဟာ မြို့ထဲနေတဲ့လူကိုလဲ မသိဘူး၊ မြို့ပြင်နေတဲ့ လူတွေကိုလဲ သူကမသိဘူး၊ သူ့ တံခါးဝကို ရောက်လာတဲ့လူတွေကိုတော့ဖြင့် သူက အကုန်လုံးသိတယ်၊ အဲဒီ သဘောမျိုးလိုဘဲတဲ့။

သတိကို ထွက်လေဝင်လေတို့ရဲ့ ရှိရာအရပ်မှာ စိုက်ထားပြီးတော့ အားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ ထိတိုင်းထိတိုင်း,ထိတိုင်းထိတိုင်းသော နေရာဌာနတွေမှာ အစကော, အလယ်ကော,' အဆုံးကော သုံးချက်စလုံးကို သိနိုင်ပါတယ်တဲ့၊ ဒါ ပုခက်လွှဲတဲ့လူရဲ့ ဥပမာအတိုင်းဘဲ။

အဲဒီလို သိတဲ့နေရာမှာ ဘာကိုခွဲသိရမလဲလို့ဆိုတော့ စိတ်တခုတခုရဲ့ အာရုံဟာ တချက်ပဲရှိတယ်တဲ့၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်က ဒီနေရာမှာ ယွက်လေဝင်လေတို့ရဲ့ ထိရာနှာခေါင်းဖျားဆိုတဲ့ နိမိတ်၊ နောက်ပြီးတော့ ဝင်လေ၊ နောက်ပြီးတော့ ထွက်လေလို့ သုံးခုရှိတယ်၊ အဲဒီ သုံးခုစလုံးဟာ စိတ်တခုထဲရဲ့ အာရုံ မဟုတ်ဘူး၊ ဒါကြောင့် ပါဠိတော်က—

နိမိတ္တံ အဿာသပဿာသာ၊ အနာရမ္မဏာ မေကစိတ္တဿ။
အဇာနတော စ တယော ဓမ္မေ၊ ဘာဝနာ နုပလဗ္ဘတိ။[၁]

ဒီနေရာမှာ အာနာပါနဿတိဘာဝနာ ဖြစ်တယ်ဆိုတာပြချင်လို့ အာနာပါနဿတိဘာဝနာ မဖြစ်ပုံကို ရှေးဦးစွာပြတယ်။

နိမိတ္တံ၊ ထွက်လေဝင်လေတို့ရဲ့ ထိရာအရပ်ဌာနရင်း။ အဿာသပဿာသာ၊ ဝင်လေ ထွက်လေနှစ်မျိုးရင်း။ ဧကစိတ္တဿ၊ တခုသောစိတ်၏။ အနာရမ္မဏံ၊ အာရုံမဟုတ်။ စ၊ ထိုသို့မဟုတ်သော်လည်း။ တယောဓမ္မေ၊ထိရာဟူသောနိမိတ်, ထွက်လေ, ဝင်လေခေါ်တဲ့ သုံးပါးသောတရားတို့ကို။ အဇာနတော၊ မသိသော သူအား။ ဘာဝနာ၊ အာနာပါနဿတိဘာဝနာကို။ နုပလဗ္ဘတိ၊ မရအပ်။

ထွက်လေဝင်လေတို့ရဲ့ ထိရာအရပ်ကို မသိတဲ့ပုဂ္ဂိုလ်၊ ထွက်လေကို မသိတဲ့ ပုဂ္ဂိုလ်၊ ဝင်လေကို မသိတဲ့ပုဂ္ဂိုလ်၊ အဲဒီသုံးမျိုးလုံးကို မသိတဲ့ ပုဂ္ဂိုလ်ဟာတဲ့ အာနာပါနဿတိ ဘာဝနာ မဖြစ်ဘူးတဲ့။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၁၆၉။

နိမိတ္တံ အဿာသပဿာသာ၊ အနာရမ္မဏာ ဧကစိတ္တဿ။
အဇာနတော စ တယော ဓမ္မေ၊ ဘာဝနာ ဥပလဗ္ဘတိ။ [၁]

နိမိတ္တံ၊ ထွက်လေဝင်လေတို့ရဲ့ ထိရာ နိမိတ်ဖြစ်တဲ့ အရပ်ဌာနငြင်း။ အဿာသပဿာသာ၊ ဝင်လေ ထွက်လေနှစ်မျိုးငြင်း။ ဧကစိတ္တဿ၊ တခုသောစိတ်၏။ အနာရမ္မဏံ၊ အာရုံမဟုတ်။ တယောဓမ္မေ၊ သုံးပါးသောတရားတို့ကို။ အဇာနတောစ၊ သိသောပုဂ္ဂိုလ်အားသာလျှင်။ ဘာဝနာ၊အာနာပါနဿတိဘာဝနာကို။ ဥပလဗ္ဘတိ၊ ရအပ်၏။

ထွက်လေလဲ သိရမယ်၊ ဝင်လေလဲ သိရမယ်၊ ထွက်လေဝင်လေတို့ရဲ့ ထိရာ အရပ်ကိုလဲ သိရမယ်၊ ဒီသုံးမျိုးစလုံးကို သိမှသာလျှင် အာနာပါနဿတိ ဘာဝနာ ဖြစ်ပါတယ်တဲ့–ပဋိသမ္ဘိဒါမဂ်ပါဠိတော်က။

အဲဒီသုံးမျိုးလုံးကို သိတဲ့နေရာမှာ စောစောပိုင်းက ဘုန်းကြီးတို့ပြောခဲ့တဲ့ အနုဗန္ဓနာနည်းမှာ အကုန်လုံးအကျုံးဝင်တယ်၊ ရေတွက်တဲ့ဂဏနာနည်း, အစဉ်လိုက်ရှုတဲ့ အနုဗန္ဓနာနည်း ၂-နည်းမှာ အကုန်လုံးအကျုံးဝင်နေတယ်၊ အဲဒီ ရေတွက်တဲ့ ဂဏနာနည်း, အစဉ်လိုက်ရှုတဲ့ အနုဗန္ဓနာနည်း နှစ်နည်းနဲ့ ထွက်လေ ဝင်လေကို ပွားယင် ဘာတွေသိလာမလဲ–ထွက်လေလဲ သိမယ်၊ ဝင်လေလဲ သိမယ်၊ ထွက်လေဝင်လေတို့ရဲ့ ထိရာအရပ်ကိုလဲ သိမယ်၊ ဒီလိုသိယင် ဘာဝနာဖြစ်ပါတယ်တဲ့–အာနာပါနဿတိဘာဝနာ။

အဲဒီလို အာနာပါနဿတိ ဘာဝနာ ဖြစ်ပြီးတော့ ရှေ့ကိုသွားလိုက်တဲ့အခါ မနသိကာရဝိဓိ လေးပါးပြီးသွားတယ်၊ မနသိကာရဝိဓိ နောက်လေးပါးက ဝိပဿနာ။

သလ္လက္ခဏာ ဝိဝဋ္ဋနာ ပါရိသုဒ္ဓိ ပဋိပဿနာ။

ဝိပဿနာ မနသိကာရဝိဓိ ၄ ပါး — အဲဒါက ဘာလဲလို့ဆိုတော့ သလ္လက္ခဏာဆိုတာက ထွက်လေ ဝင်လေခေါ်တဲ့ သဘောတရားသည် ကရဇကာယနှင့် စိတ်ကိုမှီ၍ဖြစ်၏၊ ထွက်လေ ဝင်လေ ဘယ်သူ့ကြောင့် ဖြစ်သလဲ–ကရဇကာယနဲ့ စိတ်ကိုမှီ၍ဖြစ်၏၊ ကရဇကာယနဲ့ ထွက်လေ ဝင်လေသည် ရုပ်တရား၊ စိတ်စေတသိက်တရားတို့သည် နာမ်တရားလို့ ဤသို့ ရုပ်နာမ်တရား နှစ်ပါးတို့ကို ခွဲခြမ်းပြီးတော့ ၎င်းရုပ်နာမ်တရားတို့ရဲ့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကိုတင်၍ ရှုပွားခြင်းသည် သလ္လက္ခဏာ။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၁၆၉။

အဲဒီလို ရှုပွားသည်ဖြစ်သောကြောင့် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတွေ ထင်ပြီးတော့ ဝိပဿနာဉာဏ်စဉ် ဟုတ်လား၊ သမ္မသန, ဥဒယဗ္ဗယ, ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုစ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမဉာဏ်ထိအောင် သွားပြီးတော့ မဂ်ဖိုလ်ကိုရခြင်းသည် မဂ်ဉာဏ်သည်-ဝိဝဋ္ဋနာ၊ ဖိုလ်ဉာဏ်သည်-ပါရိသုဒ္ဓိ။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရလို့ မဂ်ဉာဏ်ကိုဆင်ခြင်းခြင်း, ဖိုလ်ဉာဏ်ကိုဆင်ခြင်ခြင်း, နိဗ္ဗာန်ကိုဆင်ခြင်ခြင်း, မပယ်ရသေးသော ကိလေသာတွေကို ဆင်ခြင်ခြင်း, ပယ်ပြီးသား ကိလေသာတွေကိုဆင်ခြင်ခြင်းဆိုတဲ့ ပစ္စဝေက္ခဏာသည် ရှုမြင်ခြင်း-ပဋိပဿနာလို့ ဒီလိုလေးခုပွားတယ်၊ ဒါကို မနသိကာရဝိဓိရှစ်ပါးလို့ ဒီလိုခေါ်ပါတယ်၊ အဲဒီလို အာနာပါန သတိဘာဝနာကို ပဌမ စတုက္ကအနေနဲ့ ဒီလို ပွားတယ်၊ ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်။

ဒုတိယစတုက္က ဒုတိယ စတုက္ကကဘာတုံး—

ပီတိ ပဋိသံ ဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ ပီတိ ပဋိသံ ဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သုခပဋိသံဝေဒီ ပဿသိဿာမီတိသိက္ခတိ၊ စိတ္တသင်္ခါရပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တသင်္ခါရပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

(လို့ လေးပိုင်းရှိတယ်-အာနာပါနမှာ၊အခုပြောတဲ့ စတုက္က လေးခုကတော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ပွားများနည်းပါတဲ့-အဋ္ဌကထာက၊ပါဠိတော်ကလဲ ဒီလိုဘဲပြောတယ်၊ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသတိသုတ်မှာ)။

ပီတိပဋိသံဝေဒီ၊(ပဌမ စတုက္ကကို အားထုတ်ခဲ့တုန်းက ဈာန်ကိုရနေသည်ဖြစ်သောကြောင့်) ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်သုံးပါး၌ရှိသော ပီတိကို ဈာန်ဝင်စားတဲ့အခါမှာ အာရုံ၏အစွမ်းအားဖြင့်, ဝိပဿနာအားထုတ်တဲ့အခါမှာ အသမ္မောဟ၏ အစွမ်းအားဖြင့် ထင်ရှားစေသည် ဖြစ်၍။ အဿသိဿာမိ၊ ဝင်လေကိုရှူအံ့။ ပဿသိဿာမိ၊ ထွက်လေကိုထုတ်အံ့။ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ (ဒါ-ပီတိ)။

သုခပဋိသံဝေဒီ၊ပဌမ-ဒုတိယ-တတိယ-စတုတ္ထ ဈာန်လေးပါး၌ရှိသောသုခကို ထင်ရှားစေသည်ဖြစ်၍။ အဿသိဿာမိ-ပဿသိဿာမိ၊ ဝင်လေထွက်လေကို ရှူထုတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

စိတ္တသင်္ခါရပဋိသံဝေဒီ၊ ရူပသမာပတ်၌ရှိသော ဝေဒနာ, သညာဟူသော စိတ္တသင်္ခါရကို ထင်ရှား စေသည်ဖြစ်၍။ အဿသိဿာမိ-ပဿသိဿာမိ၊ဝင်လေ ထွက်လေကို ရှုအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

စိတ္တသင်္ခါရံ၊ ဝေဒနာ,သညာဟုဆိုအပ်သော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ နုးညံ့သိမ်မွေ့ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ-ပဿသိဿာမိ၊ ဝင်လေထွက်လေကိုရှုအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ (အဲဒါလေးခု)။

ပီတိပဋိသံဝေဒီဆိုတာ ပဌမပိုင်းမှာ ကြိုးစားအားထုတ်လို့ ပဌမစျာန်,ဒုတိယစျာန်, တတိယစျာန်လောက်ကို ရနေတဲ့ပုဂ္ဂိုလ်မှာပီတိလို့ဆိုတာ ပါတယ်၊ အဲဒီ ပီတိက တရားအားထုတ်နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သမထအနေနဲ့ အားထုတ်နေမယ်ဆိုယင် အာရုံ၏အဖြစ်ဖြင့် အဲဒီပီတိ ထင်ရှားတယ်၊ ဝိပဿနာအားထုတ်မယ်ဆိုယင် အသမ္မောဟလို့ခေါ်တဲ့ ပညာ၏ အစွမ်းအားဖြင့် ဒီပီတိထင်ရှားတယ်၊ အဲဒီပီတိထင်ရှားတာကို အာရုံပြုပြီး တော့ ထင်ရှားအောင်ပြုလုပ်ပြီးတော့ ထွက်သက် ဝင်သက်လေ ရှုနေတာ ရှုက်နေတာကို "ပီတိပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ"လို့ ခေါ်တယ်၊ ဝေဒနာနုပဿနာတဲ့။

"ပီတိသီသေန ဝေဒနာ ဝုတ္တာ"။ပီတိသီသေန၊ ပီတိကို အမှူးပြုပါသဖြင့်။ ဝေဒနာ၊ ဝေဒနာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ပြီးတော့ စိတ္တသင်္ခါရလို့ခေါ်တာ စိတ်ကိုဖြစ်အောင် လုပ်တာဘယ်သူလဲ-ဝေဒနာနဲ့သညာ၊အဲဒီဝေဒနာ,သညာကိုဘဲ ချုပ်ငြိမ်းအောင်ကျင့်ပြီးတော့ အားထုတ်တယ်ဆိုတဲ့ ပဿမ္ဘယ စိတ္တသင်္ခါရပိုင်းလို့ဆိုတော့ အဲဒီလေးပိုင်းစလုံးဟာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ပွားတာပါတဲ့၊ ဘုန်းကြီးတို့ ဂိရိမာနန္ဒသုတ္တန်မှာလဲ အကျယ်ဟောပြီးသား ရှိတယ်၊ ဒီမှာတော့ အကျယ်မဟောတော့ဘူး။

ဒီ ဒုတိယစတုက္ကကို ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်ကြောင်းကိုလဲဘဲ ပါဠိတော်က—

> ဝေဒနာသု ဝေဒနာနုပဿီ ဘိက္ခဝေ ဝေဝံ ဝဒါမိ ယဒိဒံ အဿာသပဿာသာနံ သာဓုကံ မနသိကာရံ။ (ဥပရိပဏ္ဏာသပါဠိတော်မှာ)။ [၁]

ချစ်သားတို့....ကောင်းစွာ ပွားများ အားထုတ် အပ်သော ဤအဿာသပဿာသသည် ဝေဒနာသုံးပါးတို့တွင် တပါးအပါအဝင်ဖြစ်တယ်လို့ ငါဘုရားဟောကြားတော်မူပါတယ်တဲ့၊ ဘာဝေဒနာလဲဆိုတော့ သုခဝေဒနာ၊ ဒီတော့

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၂၆။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာအားထုတ်တဲ့အခါမှာ အာနာပါနကို ထူထောင်ပြီးတော့ ဝေဒနာခေတ်ပေါ် အောင် ဖော်မယ်ဆိုယင် သုခဝေဒနာသာ ပေါ်ရမယ်၊ ဒုက္ခဝေဒနာမပေါ်ရပါဘူးတဲ့၊ ဒါလေးမှတ်ထား၊ ဒါ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပုံ။

တတိယစတုက္က အာနာပါနကိုအားထုတ်လို့ စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံကို တတိယပိုင်း စတုက္ကက ပြတယ်၊ ဘယ်နှယ်ပြတုံး—

စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊ အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။ သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊ သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။ ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊ ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။[၁]

(အဲဒါက တတိယပိုင်း စတုက္က-လေးခု)။

စိတ္တပဋိသံဝေဒီ၊ ဈာန်စိတ်ကိုထင်ရှားစေသည်ဖြစ်၍။ အဿသိဿာမိ-ပဿသိဿာမိ၊ ဝင်လေထွက်လေကိုရှုအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

ဒါ ဈာန်ရပြီးသားပုဂ္ဂိုလ်တွေ ပွားနေတာ၊ စိတ္တာနု ပဿနာသတိပဋ္ဌာန်၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်စသည်တို့ကို ရနေတဲ့ပုဂ္ဂိုလ်ဟာ အာနာပါနကို ထူထောင်လို့ ဒီဈာန်တွေရနေတဲ့ ပုဂ္ဂိုလ်မှာ အဲဒီ ဈာန်စိတ်တွေ ရှိတယ်၊ ဒီဈာန်စိတ်ကို ထင်ရှားအောင်ပြုလုပ်ပြီးတော့ အာနာပါနကို သူစိုက်နေတာကို စိတ္တပဋိသံဝေဒီလို့ ခေါ်ပါတယ်တဲ့၊ စိတ္တာနုပဿနာသတိပဋ္ဌာန်။

စိတ္တံ၊ ဈာန်စိတ်, ဝိပဿနာစိတ်ကို။ ဝါ၊ သမာဓိ၏အစွမ်းအားဖြင့် ဈာန်စိတ်, ဝိပဿနာပညာ၏အစွမ်းအားဖြင့် ဝိပဿနာစိတ်ကို။ အဘိပ္ပမောဒယံ-အဘိပ္ပမောဒယန္တော၊ သမာဓိနှင့် ဝိပဿနာ၏ အစွမ်းအားဖြင့် ရွှင်လန်းဝမ်းမြောက်စေသည်ဖြစ်၍။ အဿသိဿာမိ-ပဿသိဿာမိ၊ ဝင်လေ ထွက်လေကို ရှုအံ့။

ဟော—ဈာန်စိတ်, ဝိပဿနာစိတ်တွေ ဖြစ်နေတဲ့ အခါမှာ ဈာန်စိတ်ကို အကြောင်းပြုပြီးတော့ ဝမ်းမြောက်တယ်၊ ဝိပဿနာ စိတ်ဖြစ်နေတဲ့ အခါမှာ ဝိပဿနာကို အာရုံပြုပြီးတော့လဲဘဲ ဝမ်းမြောက်တဲ့သဘောတွေ ပေါ်လာတယ်၊ အဲဒီ ဝမ်းမြောက်တဲ့ စိတ်ကို အာရုံပြုပြီးတော့ ထွက်လေဝင်လေလွှတ်ပြီးတော့ နေတာကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ပိုင်းလို့ ခေါ်ပါတယ်တဲ့။

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၂၅။

စိတ္တံ၊ ဈာန်စိတ်, ဝိပဿနာစိတ်ကို။ သမာဒဟံ–သမာဒဟန္တော၊ ကောင်း စွာအာရုံ၌ ထားလျက်။ အဿသိဿာမိ-ပဿသိဿာမိ၊ ဝင်လေထွက်လေကို လွှတ်အံ့။

ဈာန်စိတ်, ဝိပဿနာစိတ်ကို ကောင်းစွာ အာနာပါနအာရုံပေါ်မှာ တည် ပြီးတော့ ဝင်လေထွက်လေကို ရှုနေတာကို ဒါ တတိယစတုက္ကပိုင်းက တတိယ ပိုင်းတဲ့၊ တတိယပိုင်းဆိုတာ သုံးဆင့်မြောက်ပေါ့၊ ဟော–လေးဆင့်မြောက် ကျတော့ ဘာတဲ့လဲ -

စိတ္တံ၊ ဈာန်စိတ်, ဝိပဿနာစိတ်ကို။ ဝိမောစယံ-ဝိမောစယန္တော၊ ဈာန် စိတ်ဆိုယင် နီဝရဏတွေမှ(ဝိတက်,ဝိစာရတို့မှ)ဝိပဿနာစိတ်ဆိုယင်(နိစ္စသညာ, သုခသညာတို့မှ) လွှတ်မြောက်စေလျက်။ အဿသိဿာမိ-ပဿသိဿာမိ၊ ဝင် လေ ထွက်လေကို လွှတ်အံ့။

ဈာန်စိတ်တို့, ဝိပဿနာစိတ်တို့ဆိုတာ ဘယ်ကလွှတ်သလဲ-ဈာန်စိတ်ဆိုတာ ဘယ်ကလွှတ်သလဲ-ဈာန်စိတ်ဆိုတာနီဝရဏကလွှတ်တယ်၊ တချို့ဈာန်စိတ်တွေက ဝိတက်, ဝိစာရမှလွှတ်တယ်၊ ဝိပဿနာစိတ်လို့ ဆိုတာကတော့ဖြင့် နိစ္စသညာ, သုခသညာဆိုတဲ့ သဘောကလွှတ်တယ်၊ အဲဒီလို စိတ်ရဲ့ ကိလေသာနီဝရဏ တွေမှ နိစ္စတို့ သုခတို့ သညာတို့က လွှတ်နေတယ်ဆိုတဲ့ စိတ်ကို ထင်ရှားစေသည် ဖြစ်၍ ထွက်သက်ဝင်သက်ရှုနေတာကို စိတ္တာနုပဿနာသတိပဋ္ဌာန် ပွားနေတာ ပါလို့ ဒီလိုခေါ်တယ်။

ဒါကြောင့် ဒီနေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သတိနဲ့ပညာ မပါယင် ဒီအပိုင်းမှာတော့ ထူထောင်လို့မဖြစ်ဘူးတဲ့။

နာဟံ ဘိက္ခဝေ မုဋ္ဌသတိဿ အသမ္ပဇာနဿ အာနာပါနဿတိ ဘာဝနာ ဝဒါမိ။

လို့ ဒီလိုဟောတယ်၊ သတိလွှတ်နေတဲ့ပုဂ္ဂိုလ်တဲ့-ဝိပဿနာပညာဉာဏ်မပါတဲ့ ပုဂ္ဂိုလ်ဟာ၊ဒီနေရာ အာနာပါနနဲ့ မတော်ဘူးလို့ စိတ္တာနုပဿနာ သတိပဋ္ဌာန် အတွက် ဟောတယ်၊ ဟော–စတုတ္ထစတုက္ကကျတော့ ဘယ်လိုလဲ-

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ အနိစ္စာနုပဿီ ပဿ သိဿာမီတိ သိက္ခတိ။ (ဒါက တပိုင်း) ဝိရာဂါနုပဿီ အဿ သိဿာမီတိ သိက္ခတိ၊ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။နိရောဓာ နုပဿီ အဿသိဿာမီတိ သိက္ခတိ၊ နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။ ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ ပဋိနိဿဂ္ဂါ နုပဿီ ပဿသိဿာမီတိ သိက္ခတိ။

စတုတ္ထစတုက္က သူက စတုတ္ထ-စတုက္ကက လေးပိုင်း၊ အနိစ္စလို့ အဖန်တလဲလဲ ရှုနေသည်ဖြစ်၍၊ အနိစ္စဆိုတာ ဘာလဲ-ခန္ဓာငါးပါး၊ ခန္ဓာငါးပါးကို အဖန်တလဲလဲရှုနေသည်ဖြစ်၍ ဝင်လေထွက်လေကိုလွှတ်၏၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကို အဖန်တလဲလဲ ရှုနေသည်ဖြစ်၍ ထွက်လေဝင်လေကို ရှု၏။

ဝိရာဂကျတော့ ခယဝိရာဂ, အစ္စန္တဝိရာဂ၊ ခယဝိရာဂသည် ဝိပဿနာဉာဏ်၊ အစ္စန္တဝိရာဂသည် မဂ်ဉာဏ်၊ အဲဒီလို ခယဝိရာဂ, အစ္စန္တဝိရာဂကို နှလုံးသွင်းပြီးတော့ ထွက်လေဝင်လေကိုရှု၏။

ပြီးတော့ဘာလဲ—နိရောဓ၊ အတူတူဘဲ-ခယနဲ့။

ပဋိနိဿဂ္ဂ—တဒင်္ဂ, သမုစ္ဆေဒ၏ အစွမ်းအားဖြင့် ကိလေသာနဲ့ ခန္ဓာကို စွန့်၍နေတာကို အာရုံပြု၍ ထွက်လေဝင်လေကို ရှု၏၊ ရှိုက်၏၊ ဟောဒါ လေးခု၊ အနိစ္စ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂလို့ လေးဆင့်၊ အားလုံး အာနာပါန အဆင့်တွေကို ပေါင်းလိုက်တော့ ဘယ်လောက်ရှိသလဲဆိုတော့ ပဌမစတုက္ကက လေးဆင့်၊ ဒုတိယစတုက္ကက လေးဆင့်၊ တတိယ စတုက္ကက လေးဆင့်၊ စတုတ္ထ စတုက္ကက လေးဆင့်၊ ပေါင်းလိုက်တော့ သောဠသ—ဆယ့်ခြောက် ပိုင်းသော အာနာပါနပိုင်း ကုန်ရော။

အာနာပါန အကျိုးတရားများ အခုပြခဲ့သော အာနာပါနဿတိဘာဝနာကို ဤသို့တဆယ့်ခြောက်ပိုင်း- တဆယ့်ခြောက်နည်း တို့ဖြင့် ပြည့်စုံအောင် ပွားနိုင်တဲ့ပုဂ္ဂိုလ်၊ သို့မဟုတ် ကိုယ်တတ်နိုင်သရွေ့ ပွားတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်သလဲဆိုတော့ အာနာပါနဿတိပွားခြင်းရဲ့ အကျိုးက—

ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ အာနာပါနဿတိ ဧဝံ ဗဟုလီကတာ
စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ။ [၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံ၊ ဤသို့။ အာနာပါနဿတိ၊ အာနာပါနဿတိဘာဝနာကို။ ဘာဝိတာ၊ ပွားသည်ရှိသော်။ ဧဝံ၊ ဤသို့။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွားသည် ရှိသော်။ စတ္တာရော သတိပဋ္ဌာနေ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ပရိပူရေတိ၊ ပြည့်စုံစေ၏။

အခုပြောခဲ့တဲ့အတိုင်း ပွားရမယ်၊ ပဌမ စတုက္ကကိုပွားယင် ကာယာနုပဿနာ သတိပဋ္ဌာန်ပြည့်စုံတယ်၊ ဒုတိယ စတုက္ကကိုပွားယင် ဝေဒနာနုပဿနာသတိပဋ္ဌာန် ပြည့်စုံတယ်၊ တတိယ စတုက္ကကို ပွားယင် စိတ္တာနုပဿနာသတိပဋ္ဌာန် ပြည့်စုံတယ်၊ စတုတ္ထစတုက္ကကိုပွားယင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ပြည့်စုံတယ်တဲ့။

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၂၇။

စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးသော သတိ ပဋ္ဌာန်တို့ကို။ ဘာဝိတာ၊ ပွားအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏။

သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဆိုတဲ့ တရားခုနစ်ပါးလုံး ပြည့်စုံသွားတယ်။

(၁) "ဥပဋ္ဌိတာဿ တသ္မိံ သမယေ သတိ ဟောတိ အသမ္မုဋ္ဌာ"[၁]-တဲ့ ပါဠိတော်က၊ ထွက်လေဝင်လေ အာရုံကလေး ထင်ရှားပြီးတော့ နေတဲ့အခါမှာ သတိထင်ရှားနေလို့ သတိသမ္ဗောဇ္ဈင်ပါတဲ့။

(၂-၃) "သော တထာ သတော ဝိဟရန္တော တံဓမ္မံ ပညာယ ပဝိစိနတိ ပဝိစယတိ ပရိဝီမံသံ အာပဇ္ဇတိ"။ ထွက်လေဝင်လေတို့ရဲ့ အာရုံကို အမှီပြုပြီးတော့ ထိုထွက်လေဝင်လေကို အကြိမ်ကြိမ်အဖန်ဖန် သုံးသပ် ဆင်ခြင်ပြီးတော့ နေတဲ့အခါမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပါတယ်တဲ့၊ စောစောပိုင်းက ဘုန်းကြီးတို့ပြောခဲ့ပြီးပြီ၊ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ခွဲခြမ်းပြီးတော့ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်ဖြစ်ယင် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်တယ်။

(၄) "အာရဒ္ဓဝီရိယဿ ဥပ္ပဇ္ဇတိ ပီတိ နိရာမိသာ"။ အားထုတ်အပ်သော ဝီရိယရှိတဲ့ပုဂ္ဂိုလ်မှာ ပီတိလို့ခေါ်တဲ့ နှစ်သက်ဝမ်းမြောက်ခြင်းတွေ ဖြစ်လာပါတယ်တဲ့-ပီတိသမ္ဗောဇ္ဈင်။

(၅) "ပီတိမနဿ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ"။ ပီတိ ဖြစ်နေတဲ့ပုဂ္ဂိုလ်မှာ ကိုယ်သဲငြိမ်းတယ်၊ စိတ်လဲငြိမ်းအေးနေတယ်၊ စေတသိက်တရား အားလုံးတွေလဲ ငြိမ်းအေးနေပါတယ်တဲ့-ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ။

(၆) "ပဿဒ္ဓကာယဿ သုခိနော စိတ္တံ သမာဓိယတိ"။ စိတ်ရောကိုယ်ရော ငြိမ်းအေးနေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ တည်တော့တာဘဲတဲ့-သမ္မာသမာဓိ၊ သမာဓိသမ္ဗောဇ္ဈင်၊ အဲဒီ သမာဓိဖြစ်နေယင်-

(၇) "သော တထာသမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ"။ ထိုပုဂ္ဂိုလ် စိတ်တည်ကြည်နေယင် မပျံ့လွင့်သည်ဖြစ်သောကြောင့် တခြားအာရုံတွေကို လျစ်လျူရှုပြီးသားသူ ဖြစ်သွားရောတဲ့-ဥပေက္ခာသမ္ဗောဇ္ဈင်။

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၂၇-၁၃၀။

ဇဝံ ဘာဝိတာ ခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ဇဝံ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ။

ဤဗောဇ္ဈင်ခုနစ်ပါး အကျင့်တရား ပြည့်စုံသွားယင် ဝိဇ္ဇာဆိုတဲ့ မဂ်ဉာဏ်, ဝိမုတ္တိခေါ်တဲ့ ဖိုလ်ဉာဏ်ကို ပြည့်စုံစေနိုင်ပါတယ်တဲ့--အာနာပါနဿတိပွားလို့ ပွားခြင်းရဲ့အကျိုး၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ ဒီ အာနာပါနဿတိကို ပွားခြင်းကြောင့် ဘာအကျိုးတွေရပြန်သလဲဆိုတော့-

အယမ္ပိ ခေါ ဘိက္ခဝေ အာနာပါနဿတိသမာဓိ ဘာဝိတော ဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရ-ဓာပေတိ ဝူပသမေတိ။[၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အယမ္ပိ၊ ဤယခုဟောကြားခဲ့ပြီးတဲ့အတိုင်းသာလျှင်။ အာနာပါနဿတိသမာဓိ၊ အာနာပါနဿတိသမာဓိကို။ ဘာဝိတော၊ ပွားသည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ အလေ့အလာပြုသည်ရှိသော်။ သန္တော စေဝ၊ ငြိမ်လည်းငြိမ်သက်၏။ ပဏီတော စ၊ မွန်လည်းမွန်မြတ်၏။ အသေစနကော စ၊ တပါးသောသမာဓိတို့နှင့် မရောမယှက် ပင်ကိုသက်သက်ငြိမ်းချမ်း၏။ သုခေါ စ၊ ဝင်စားတိုင်း ဝင်စားတိုင်း စိတ်လဲချမ်းသာ၏။ ဥပ္ပန္နုပ္ပန္နေ၊ ဖြစ်ပြီးဖြစ်တိုင်းကုန်သော။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေဓမ္မေ၊ အကုသိုလ် တရားတို့ကို။ ဌာနသော၊ ခဏချက်ချင်း။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေ၏။ ဝူပသမေတိ၊ ငြိမ်းစေ၏။

သိပ်နေရာကျတယ်၊ အာနာပါနဿတိဘာဝနာပွားတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ခဲ့တဲ့ အကုသိုလ်တွေ ပျောက်မယ်တဲ့-မြတ်စွာဘုရားက ဥပမာကလေးပြတယ်။

သေယျထာပိ ဘိက္ခဝေ ဂိမှာနံ ပစ္ဆိမေ မာသေ ဦဟတံ ရဇောဇလ္လံ၊ တမေနံ မဟာအကာလမေဃော ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။[၁]

ချစ်သားတို့....ဥပမာအားဖြင့်ပြရမယ်ဆိုယင်--ဂိမှာနံ ပစ္ဆိမေ မာသေ ဦဟတံ ရဇောဇလ္လံ၊ နွေရဲ့ နောက်ဆုံးလမှာ မြူမှုန်တွေ အင်မတန်ယဟယ်။ တမေနံ၊ ထိုမြူမှုန်ကို။ မဟာအကာလမေဃော၊ အခါမဲ့လင့်ရွာချအပ်သောမိုးကြီးသည်။ ဌာနသော၊ ခဏချက်ချင်း။ အန္တရဓာပေတိ ဝူပသမေတိ၊ ကွယ်ပျောက်ငြိမ်းအေးစေသကဲ့သို့တည်း။

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၂၇၉၊ ၂၀၀။

တနေ့လုံးထူနေတဲ့ ဖုံတွေ, အမှိုက်တွေ မိုးရွာချလိုက်ယင် ဘယ်ရောက်ကုန်သလဲ–အကုန်လုံးပျောက် အကုန်လုံးကင်းတယ်၊ ဘုန်းကြီးတို့အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေမှာ ဒီဘဝဟိုနောက်ဘဝတွေက တင်လာခဲ့တဲ့ အကုသိုလ်ဖုံတွေ, အမှိုက်တွေကို အာနာပါနဿတိတကြိမ် ပွားလိုက်လို့ ရှိယင် အကုန်လုံးပျောက်ကုန်တယ်တဲ့–မြတ်စွာ ဘုရားက၊ အာနာပါနဿတိ ဘာဝနာ ပွားရခြင်းရဲ့အကျိုး၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ နောက်ပါဠိတော် တခုက မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ်မှာ ဘာဟောထားသလဲဆိုတော့–

> ဝေ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါနဿတိယာ ဝေ ဗဟုလီကတာယ သတ္တ ဖလာ သတ္တာနိသံသာ ပါဠိကင်္ခါ ။ [၁]

တနည်းအာနာပါနအကျိုး ၇-ပါး	အာနာပါနဿတိဘာဝနာကို ပွားယင် အကျိုး နှစ်မျိုးရတယ်၊ "ကတ မေ သတ္တ ဖလာ သတ္တာ နိသံသာ"။ သတ္တ ဖလာ သတ္တာ နိသံသာ၊အကျိုး

ခုနစ်မျိုးတို့သည်။ ကတ မေ၊ အဘယ်သည်တို့နည်း။ ဘာတွေလဲ–

(၁) "ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ"။ ဒိဋ္ဌေဝဓမ္မေ၊ ယခု မျက်မှောက်ဘဝ၌သာလျှင်။ ပဋိကစ္စ၊ မသေသေးမီ။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ရောက်နိုင်ရနိုင်၏။ အာနာပါနကို ပွားနေရင် ဒီမျက်မှောက် လောက မသေခင် ရဟန္တာပုဂ္ဂိုလ်ဖြစ်နိုင်တယ်တဲ့။

(၂) "နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံအာရာဓေတိ၊ အထ မရဏကာလေ အညံ အာရာဓေတိ"။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ၌။ ပဋိကစ္စ၊ မသေခင် ကြိုတင်၍။ အညံ၊ အရဟတ္တဖိုလ်ကို။ နောစေအာရာဓေတိ၊ အကယ်၍ ရဟန္တာပုဂ္ဂိုလ်မဖြစ်ငြားအံ့။ အထ၊ ထိုသို့မသေမီ ရဟန္တာမဖြစ်သည်ရှိသော်။ မရဏကာလေ၊ သေသောကာလ၌။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ရောက်နိုင်၏။ မသေခင် ရဟန္တာ မဖြစ်ဘူးဆိုရင် အာနာပါနသတိ ပွားနေတဲ့ ပုဂ္ဂိုလ်ဟာ သေတာနဲ့ ရဟန္တာဖြစ်တာနဲ့ တချိန်တည်းဘဲတဲ့။ သမသီသီ-ရဟန္တာ* မျိုးဆိုတာဖြစ်နိုင်တယ်။

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ–၂၇၃။

* သမသီသီ ရဟန္တာပုဂ္ဂိုလ်အမျိုးမျိုး–အကျယ်ကို အင်္ဂုတ္တိုရ်အဋ္ဌကထာ-တတိယအုပ်၊နှာ–၁၄၉ နှင့် ပဋ္ဌပကရဏအဋ္ဌကထာ နှာ–၃၇–၃၀ တွင် ရှုပါ။

(၃) "နော စေ မရဏကာလေ အညံ အာရာဓေတိ၊ အထ ပဋ္ဌနံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အန္တရာပရိနိဗ္ဗာယီ ဟောတိ"။ သေ–သေချင်း ရဟန္တာမဖြစ်ယင်တဲ့ အန္တရာပရိနိဗ္ဗာယီဆိုတဲ့ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်တယ်၊ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်ဆိုတာ အနာဂါမ်ပုဂ္ဂိုလ် များနေတဲ့ သုဒ္ဓါဝါသငါးဘုံ တဘုံဘုံ ရောက်သွားယင် အဲဒီ အာယုကပ် မကုန်သေးခင် ရဟန္တာဖြစ်လတံ့ ဖြစ်တဲ့ အနာဂါမ်ကို အန္တရာပရိနိဗ္ဗာယီ အနာဂါမ်လို့ခေါ်တယ်၊ ကဲ–ဒါရှိပါစေတော့၊ အန္တရာ ပရိနိဗ္ဗာယီ အနာဂါမ် မဖြစ်ယင် ဘာတဲ့လဲ–

(၄) "ဥပဟစ္စပရိနိဗ္ဗာယီ ဟောတိ"။ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ် ဖြစ်မယ်၊ ဒီပုဂ္ဂိုလ်က ရောက်ရာဘုံဘဝမှာ အနာဂါမ်ပုဂ္ဂိုလ်များ ရောက်ထိုက်တဲ့ ဘုံမှာ သုဒ္ဓါဝါသငါးဘုံတဘုံဘုံမှာ အသက်အပိုင်းအခြားရဲ့ တဝက်မကျော်ခင် သူကရဟန္တာဖြစ်လတံ့ဖြစ်တဲ့ အနာဂါမ်ကို ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်လို့ ခေါ်တယ်။

(၅) "အသင်္ခါရပရိနိဗ္ဗာယီ ဟောတိ"။ ချမ်းချမ်း သာသာ ပရိနိဗ္ဗာန် ပြုရမဲ့ ရဟန္တာပုဂ္ဂိုလ်မျိုးကိုတော့ဖြင့် အသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်လို့ ခေါ်တယ်။

(၆) သသင်္ခါရပရိနိဗ္ဗာယီ ဟောတိ"။ သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် ဖြစ်မယ်၊ နောက်ပြီးတော့ဘာတဲ့ နောက်တခုက–

(၇) "ဥဒ္ဓံသောတော ဟောတိ အကနိဋ္ဌဂါမီ"၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ် ပုဂ္ဂိုလ်လဲ ဖြစ်နိုင်တယ်လို့ အနာဂါမ် ငါးမျိုးဖြစ်နိုင်တယ်၊ရဟန္တာ ပုဂ္ဂိုလ်က နှစ်မျိုး, အနာဂါမ်ပုဂ္ဂိုလ်က ငါးမျိုးဖြစ်နိုင်ပါတယ်တဲ့၊ ပေါင်းတော့ ဘယ်နှစ်ပါးရသလဲ၊ (ခုနစ်ပါးပါဘုရား)။

ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်ဆိုတာက ဥပမာ–ဒီဘဝက အာနာပါန အားထုတ်သွားတဲ့ပုဂ္ဂိုလ်ဟာ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီးတော့ ဩရမ္ဘာဂိယ သံယောဇဉ်ငါးမျိုးကို ပယ်ပြီးတော့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီးတော့ သုဒ္ဓါဝါသ ဘုံမှာ အဝိဟာဘုံရောက်သွားတယ်၊ အဲဒီ အဝိဟာဘုံမှာ အနာဂါမ် ဖြစ်ပြီး နောက် အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌဘုံရောက်တော့မှ ရဟန္တာဖြစ်မယ့် အနာဂါမ်မျိုးကို ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်လို့ ခေါ်တယ်။

အဲဒီလို အကျိုးခုနစ်မျိုးကိုလဲ အာနာပါနဿတိဘာဝနာကို ပွားများ အား ထုတ်တဲ့ ပုဂ္ဂိုလ်များ ရရှိနိုင်ပါတယ်လို့ မြတ်စွာဘုရား ဒီလိုဟောပါတယ်၊ ဒီအာနာပါနဿတိနဲ့ ပတ်သက်လို့ အကျယ်ဟောထားတာကတော့ဖြင့် ဘုန်းကြီးတို့ ဂိရိမာနန္ဒသုတ္တန်မှာ ရှိတယ်၊ ဒီမှာတော့ အကျဉ်းဘဲ အကျိုးသွားလေးတွေကို ပြောနေတာ။

ပြီးတော့ ဒီအာနာပါနဿတိရဲ့ အကျိုးဟာဒီလောက်တင်မကဘူး၊ အာနာပါနဿတိကိုပွားယင် ဘာဖြစ်နိုင်သေးလဲဆိုတော့ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာရာဟုလောဝါဒသုတ်မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်။

ဧဝံ ဘာဝိတာယ ရာဟုလ အာနာပါနဿတိယာ ဧဝံ ဗဟုလီကတာယ ယေပိ တေ စရိမကာ အဿာသာ၊ တေပိ ဝိဒိတာဝ နိရုဇ္ဈန္တိ၊ နော အဝိဒိတာတိ[1]။

စရိမကသုံးမျိုး ချစ်သားရာဟုလာ....ဤသို့ အာနာပါနဿတိ ဘာဝနာကို ပွားများအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ စရိမကအာနာပါနလို့ဆိုတာ ရှိတယ်၊ နောက်ဆုံးအာနာပါန-အဲဒီ နောက်ဆုံး အာနာပါန-စရိမကက သုံးမျိုးရှိတယ်၊*ဘဝစရိမကတဲ့၊နောက်ပြီးတော့, ဈာန်နစရိမက, စုတိစရိမကလို့ စရိမကသုံးမျိုး ဘဝစရိမကဆိုတာက အာနာပါနသည် ကာမဘဝမှာတော့ အာနာပါနရှိတယ်၊ ရူပဘဝ, အရူပဘဝမှာတော့ အာနာပါန မရှိဘူး၊ အဲဒါကို ဘဝစရိမကလို့ခေါ်တယ်။

ဈာနစရိမကဆိုတာက ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်မှာ အာနာပါနရှိသေးတယ်၊ စတုတ္ထဈာန်ကျတော့ အာနာပါနမရှိဘူး၊ အဲဒါကို ဈာန စရိမကလို့ အာနာပါနအဘို့၊ စုတိစရိမက-လို့ ဆိုတာက သတ္တဝါတွေ သေခါနီးကျတော့ စုတိစိတ်လို့ဆိုတာရှိတယ်၊ အဲဒီ စုတိစိတ်ကို နောက်သို့ပြန်ရေတွက်မယ်ဆိုယင် စုတိစိတ်ကနေပြီး စိတ္တက္ခဏတဆဲ့ခြောက်ချက်လောက်ထိအောင် အာနာပါနရှိသေးတယ်- ထွက်လေဝင်လေ၊ အဲဒီစုတိစိတ်ပြန်ရေလို့ တဆယ့်ခြောက်ချက်မြောက်မှာ စုတိစိတ်နဲ့ အတူတူပြိုင်ပြီးတော့ ချုပ်တဲ့အာနာပါနကို စုတိစရိမကအာနာပါနလို့ ခေါ်ပါတယ်။

အဲဒီ စုတိစရိမကအာနာပါနကို မကင်းမရှားဘဲနဲ့ အာနာပါနကို ပွားနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီအာနာပါန အာရုံကလေးဟာ စုတိစိတ်ချုပ်သည့် တိုင်အောင် သူ့ဉာဏ်ထဲမှာ ထင်ရှားနေတယ်၊အာနာပါန၊အာရုံကလေးနဲ့ စုတိစိတ်ကျရမယ် အဲဒီအာနာပါနအာရုံနဲ့စုတိစိတ်ကျတယ်ဆိုယင် အခုနင်က သမသီသီ-ရဟန္တာ

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ-၈၉။

* စရိမကအဖွင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမ နှာ-၂၀၃။

သော်ရှင်း, အနာဂါမ်ပုဂ္ဂိုလ်သော်ရှင်းနှစ်မျိုး တမျိုးမျိုးဖြစ်မယ်၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က–

ဧဝံ ဗဟုလီကတာယ ဒိဋ္ဌေဝ ဓမ္မေ အညာ၊ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ[၁]။

လို့ ဒီဒေသနာတော်ကို နိဂုံးမှာဟောတယ်၊အဲဒီအကျိုးအာနိသံသကိုလဲ ရနိုင်ပါတယ်၊ ကာမဝိတက်တွေ, ဗျာပါဒဝိတက်တွေ, ဝိဟိံသာဝိတက်တွေ ပွားနေတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ အဲဒီဝိတက်သုံးမျိုးကို ပယ်နိုင်ကြောင်းကတော့ဖြင့် ဒီ မေဃိယသုတ်မှာဘဲ-

အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ။

လို့ မြတ်စွာဘုရား ဟောပြီးသားရှိတယ်။ ဝိတက္ကုပစ္ဆေဒါယ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေကို ပယ်ဖြတ်ခြင်းငှာ။ အာနာပါနဿတိ၊ အာနာပါနဿတိဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဒါ အာနာပါန ပွားခြင်းရဲ့အကျိုး။

အကျိုးအာနိသံသတွေများတဲ့ အဲဒီ အာနာပါနကို ကြိုးစားပြီးပွားပါလို့ အဋ္ဌကထာဆရာတော်ကြီးက နိဂုံးချုပ်ကလေး မှာထားတာရှိ တယ်-ဂါထာ လေးတပုဒ်။

တသ္မာ ဟဝေ အပ္ပမတ္တော၊ အနုယုဉ္ဇေထ ပဏ္ဍိတော။
ဧဝံ အနေကာနိသံသံ၊ အာနာပါနဿတိံ သဒါ။ [၂]

တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ ဤသို့။ အနေကာနိသံသံ၊ တပါးမက များလှစွာသော အကျိုးရှိသော။ အာနာပါနဿတိံ၊ အာနာပါနဿတိဘာဝနာကို။ သဒါ၊ အခါခပ်သိမ်း။ ပဏ္ဍိတော၊ ပညာရှိသောအမျိုးကောင်းသား, အမျိုး ကောင်းသမီးသည်။ အပ္ပမတ္တော၊ လုံ့လမပေါ့ မမေ့မလျော့သည် ဖြစ်၍။ ဟဝေ၊ စင်စစ်။ အနုယုဉ္ဇေထ၊ ကြိုးစားအားထုတ် ပွားများရာ၏။

ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေပယ်ဘို့ ရဟန္တာပုဂ္ဂိုလ် ဖြစ်ဘို့ ဝိဇ္ဇာဝိမုတ္တိလို့ခေါ်တဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရချင်ယင် ဘာကိုပွားရမလဲ အာနာပါနဿတိဘာဝနာကို ပွားရမယ်၊ ဒါကြောင့် မေဃိယသုတ္တန် အာနာပါန နိဂုံးမှာ အခုနင်က ပါဠိက –

၁ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ–၂၇၃။
၂။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပဌမ၊ နှာ–၂၀၄။

မေဃိယ၊ ချစ်သားမေဃိယ။ ဝိတက္ကုပစ္ဆေဒါယ၊ သင့်မှာဖြစ်နေတဲ့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တွေကို ပယ်ခြင်းငှာ ဖြတ်ခြင်းငှာ။ အာနာပါန သတိ၊ အာနာပါနသတိဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ကြိုးစားအားထုတ် ပွားများအပ်၏။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ တံဓမ္မဒေသနံ၊ ထိုဟောကြားတော်မူခဲ့တဲ့ တရား ဒေသနာတော်ကို။ ဒေသေတိ၊ ကောင်းစွာမသေ့ ဟောကြားတော်မူခဲ့ပါပေ၏။

သာဓဝေါ၊ နှလုံးပျော့ပျောင်း ´အိုအမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံဓမ္မဒေသနံ၊ ထိုမြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားဒေသနာတော်ကို။ သုတွာန၊ ကြားနာကြကုန်ပြီးသည်ဖြစ်၍။ ဓာရေထ၊ ဆောင်ထားကြပါကုန်လော့။ ဓာရေတွာ၊ ဆောင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဘာဝေထ၊ ပွားများအားထုတ် အလုပ်လုပ်ကြပါကုန်လော့။ ဘာဝေတွာ၊ ပွားများအားထုတ် အလုပ်လုပ်နိုင်ကြကုန်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသေ့ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

မေဃိယသုတ္တန်-သောဠသမ (နိဂုံး)ပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅-ရက်၊ (သီတင်းကျွတ်လပြည့်နေ့) ရန်ကုန်မြို့ သက်န်းကျွန်းလမ်း ဝေဘူရိပ်သာကျောင်းတိုက်၌ ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် မေဃိယဝဂ်၌လာသော မေဃိယသုတ္တန် တရားဒေသနာ။

မေဃိယသုတ္တန် (သောဠသမ) တစ်ဆယ့်ခြောက်ပိုင်းမြောက် နိဂုံးချုပ်ဒေသနာပေါ့၊ ဒီကနေ့ မေဃိယသုတ္တန်ကို ဆုံးအောင်ဟောရမယ်။

(စကားပလ္လင်နှင့် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

အနိစ္စ သညာသဏ်း

မေဃိယသုတ္တန် တဆယ့်ခြောက်ပိုင်းမြောက် ဒေသနာတော်ကို ဒီကနေ့ နိဂုံးချုပ်အဖြစ် ဟောကြားပေးရမယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟောကြားလာတော်မူခဲ့တဲ့ မေဃိယသုတ္တန်ဒေသနာတော်ကြီးကို ဘုန်းကြီးတို့ ဝါဆိုဦးက စပြီးတော့ တနင်္ဂနွေနေ့တိုင်း ဗိုလ်တထောင်ဘုရားမှာ ညတရားပွဲ အဖြစ်နဲ့ ဟောခဲ့ပါတယ်၊တနင်္ဂနွေ တဆယ့်သုံးပတ်နဲ့ မေဃိယသုတ္တန် ဆုံးပုံမပေါ်သည်ဖြစ်သောကြောင့် ဘုန်းကြီးတို့ ဒီကျောင်းတိုက်မှာ ဟောနေတဲ့ အဋ္ဌကထာ, မဟာဋီကာကြီးများရဲ့ အတ္တုပ္ပတ္တိကို ရပ်ထားပြီးတော့ မေဃိယသုတ္တန်ကို ဆုံးအောင် ဆက်ပြီးတော့ ဟောပေ နေပါတယ်။

ဒီကနေ့ ဟောပေးရမယ့် အပိုင်းက သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ် မေဃိယမထေရ်ကို ညွှန်ကြားတဲ့ ဩဝါဒစကားရပ်တို့တွင် စတုတ္ထမြောက်ဖြစ်တဲ့ တရားပိုင်းကို ဟောပေးရမယ်၊ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်သည် မေဃိယမည်သော မထေရ်မြတ်အား ဝိပဿနာလုပ်ငန်း အားထုတ်ဘို့ရန်အတွက် မရင့်ကျက်သေးသော စေတောဝိမုတ္တိ တရားများကို ရင့်ကျက်စေဘို့ရန် ညွှန်ပြတဲ့ တရားအချက်အလက်ငါးမျိုး–ကလျာဏမိတ္တ, သီလ, သပ္ပါယကထာ, အာရဒ္ဓဝီရိယ, ဥဒယတ္ထဂါမိနီယာ ပညာလို့ခေါ်တဲ့ ဒီတရားငါးမျိုးကို ဟောပေးပြီးတော့မှ–

> ဣမေသု ပဉ္စသု ဓမ္မေသု ပတိဋ္ဌာယ စတ္တာရော ဓမ္မာ ဥတ္တရိ ဘာဝေတဗ္ဗာ။

မေဃိယ၊ ချစ်သားမေဃိယ။ ဣမေသု ပဉ္စသု ဓမ္မေသု၊ ဤငါးပါးသော ဝိမုတ္တိပရိပါစနီယတရားတို့၌။ ပတိဋ္ဌာယ၊ တည်၍။ ဥတ္တရိ၊ အလွန်။ စတ္တာရော ဓမ္မာ၊ လေးပါးသောတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်ကုန်၏။

အဲဒီ ပွားရမယ့် တရားလေးပါးက ဘာလဲ–ဝိပဿနာတရားအားထုတ်တော့မယ်ဆိုတော့ ပဌမရှေးဦးစွာ ကလျာဏမိတ္တ ရှိရမယ်၊ ကလျာဏမိတ္တကို ပြည့်စုံအောင် ရှာပြီးတဲ့နောက် ဘာလုပ်ရမလဲ–သီလနဲ့ ပြည့်စုံရမယ်၊ ပါတိမောက္ခသံဝရသီလ၊ သပ္ပာယကထာတဲ့–ကထာဆယ်မျိုး၊ ပြီးတော့ ဘာတဲ့လဲ–အာရဒ္ဓဝီရိယ၊ ပြီးတော့–ပညာ၊ အဲဒီတရားငါးမျိုးကို အကျယ်ဟောပေးခဲ့ပြီးပြီ၊ အဲဒီငါးမျိုးကို ဝိမုတ္တိပရိပါစနီတရားငါးမျိုးလို့ ခေါ်ပါတယ်၊ ဒီ ဝိမုတ္တိပရိပါစနီယ တရားငါးမျိုးနဲ့ပြည့်စုံပြီးတော့မှ တရားအားထုတ်မယ့် ပုဂ္ဂိုလ်ဆိုတာ အခုပြောခဲ့တဲ့ ဝိမုတ္တိပရိပါစနီယ တရားငါးပါးနဲ့ ပြည့်စုံပြီးတဲ့ နောက်မှ တရားလေးမျိုး တက်ပြီးတော့ အားထုတ်ရမယ်တဲ့–မြတ်စွာဘုရားက။

အဲဒီ တရားလေးမျိုးက ဘာလဲဆိုတော့—

(၁) အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ။

ရာဂဿ၊ ရာဂကို။ ပဟာနာယ၊ ပယ်စွန့်ခြင်းငှာ။ အသုဘာ၊ အသုဘာဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဟောပေးခဲ့ပြီးပြီ—ဘုန်းကြီးတို့ အသုဘာဘာဝနာ ပွားပုံပွားနည်းကို။

(၂) မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ။

ဗျာပါဒဿ၊ စိတ်ပျက်တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ်, စိတ်တိုတယ် ဆိုတဲ့သဘောကို။ ပဟာနာယ၊ ပယ်စွန့်ခြင်းငှာ။ မေတ္တာ၊ မေတ္တာဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ အကျယ်ဟောပြီးပြီ—မေတ္တာပွားပုံကို။

(၃) အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ။

ဝိတက္ကုပစ္ဆေဒါယ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် ဟု ဆိုအပ်သော စိတ်ပျံ့လွင့်ခြင်းတွေကို ပယ်ဖျောက်ခြင်းငှာ။ အာနာပါနဿတိ၊ အာနာပါနဿတိဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။ ဟောပြီးပြီ၊ ညကဘဲ ဟောခဲ့ပြီးပြီ။

အာနပါနဿတိဘာဝနာ ပွားပြီးတော့ နောက်ဘာပွားရမလဲ—

(၄) အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃာတာယ။

မာနကိုပယ်ရန် ဒီကနေ့ ဒီအပိုင်းဟောပေးရမယ်။မေဃိယ၊ ချစ်သားမေဃိယ။ အသ္မိမာနသမုဂ္ဃာတာယ၊ ငါဟူသောမာန်မာနကို ပယ်ခွာဖြတ်တောက်နိုင်ခြင်းငှာ။အနိစ္စသညာ၊ အနိစ္စသညာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

အသ္မိမာန–အဲဒီ အသ္မိမာန ခေါ်တဲ့တရားကို ပယ်ခွာနိုင်ဘို့ရန် အတွက် အနိစ္စသညာကို ပွားရမယ်တဲ့–မြတ်စွာဘုရားက၊ ဒီ အနိစ္စသညာနဲ့ပတ်သက်ပြီး တော့ သုတ္တန်ပေါင်း ခပ်များများရှိတယ်–ဟောဘို့ကောင်းတဲ့ သုတ္တန်တွေ၊ ဒါပေမယ့် ခပ်တိုတိုဟောရမှာ ဖြစ်တဲ့အတွက် သူ့ကို အကျယ်တော့ မဟောနိုင်တော့ဘူး၊ အနိစ္စသညာကိုပွားရတာ ဘာပြုလို့ ပွားရသလဲဆိုတော့ အသ္မိမာန လို့ခေါ်တဲ့ မာနတရားကို ပယ်လှန်နှိမ်ချိုး ပယ်သတ်ဘို့အတွက် အနိစ္စသညာ ကို ပွားရမယ်တဲ့—မြတ်စွာဘုရားက။

ဘုန်းကြီးတို့ **အမျိုးကောင်းသား,** အမျိုးကောင်းသမီးများမှာ—

သေယျောဟမသ္မီ=သေယျော+အဟံ+အသ္မိ။ ဒါ-မာနစွဲ၊ ငါဖြစ်၏၊ ငါလို့ဆိုတဲ့ အစွဲသည် ဒိဋ္ဌိနှင့်တူတဲ့မာနစွဲ၊*ဘာကိုမှီပြီးတော့ ဒီ ဒိဋ္ဌိတည်းဟူသော မာနက စွဲသလဲ-ငါဆိုတာ ဘယ်သူ့ကို မှီပြီးတော့ စွဲသလဲ-ဒီနေရာမှာမထုတ်ဘူးဆိုပေမဲ့ ပါဠိတော်တခုတော့ ထုတ်အုံးမှဖြစ်မယ်။

ကိသ္မိံ နု ခေါ ဘိက္ခဝေ သတိ ကိံ ဥပါဒါယ ကိံ အဘိနိဝိဿ စေ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။[၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ကိသ္မိံ၊ အဘယ်တရားသည်။ သတိ၊ ရှိသော်။ ကိံ၊ အဘယ်တရားကို။ ဥပါဒါယ၊ အစွဲပြု၍။ ကိံ၊ အဘယ်တရားကို။ အဘိနိဝိဿ၊ အကြောင်းပြု၍, စွဲလမ်း၍။ စေ ဒိဋ္ဌိ၊ ဤသို့ သေယျောဟမသ္မိ-ဟူသော အယူစွဲ မာနစွဲသည်။ ဥပ္ပဇ္ဇတိ နုခေါ၊ ဖြစ်ပေါ်၍ လာရပါသနည်း။

သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကြီးမှာ ဒီပုစ္ဆာဝါကျဒေသနာတော်ကို ဟောကြားထားတာ ရှိပါတယ်။

ချစ်သားတို့....လောကမှာ ငါလို့ထောင်လွှားတက်ကြွနေတဲ့ မာနတရား ရှိနေတယ်ဆိုတာ ဘယ်တရားမှီပြီးတော့ စွဲလမ်းနေတာ ဖြစ်နေတာလဲ-တဲ့။ ဘယ်တရားရှိလို့ မာန်မာန တက်ကြွလို့ရသလဲ၊ ဘယ်တရားကို အမှီပြုပြီးတော့ ဘယ်တရားကို အကြောင်းပြုပြီးတော့ ဒီ ငါဆိုတဲ့ မာနတရား တက်နေတာလဲ တဲ့-မြတ်စွာဘုရားက ဒီလိုမေးတယ်၊ ဒီတော့ဘာပြန်ဖြေလဲ-မြတ်စွာဘုရားက—

ရူပေ ခေါ ဘိက္ခဝေ ရူပံ ဥပါဒါယ သတိ ရူပံ အဘိနိဝိဿ စေ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ "ဧတံ မမ၊ သေယျောဟ မသ္မိ၊ ဧသော မေ အတ္တာ" တိ။

---

* ဤနေရာဝယ်—မူလပဏ္ဏာသ ပါဠိတော် နှာ-၅၀၊ သမ္မာဒိဋ္ဌိသုတ်၌-အသ္မိတိဒိဋ္ဌိမာနာနုသယံ သမူဟနိတွာ (ငါဖြစ်၏ဟု ယူစွဲမှု ဒိဋ္ဌိအလား ရှိသော မာနာနုသယကို နုတ်ခွာ၍)ဟု ဘုရားဟောတော်မူသည်။

ငင်း အဋ္ဌကထာ ပဉ္စမအုပ် နှာ-၂၀၉ ၌-ဒိဋ္ဌိမာနာနုသယန္တိ ဒိဋ္ဌိသဒိသံ မာနာနုသယံ ဝုတ္တံ ဟောတိ။ အယဉှိ မာနာနုသယော အသ္မီတိ ပဝတ္တတ္တာ ဒိဋ္ဌိသဒိသော ဟောတိ-စသည်ဖြင့် ဖွင့်ဆိုပါသည်။

ထိုအဖွင့် အဋ္ဌကထာများကို ရည်ရွယ်၍ ထူးကြီးဆရာတော်က—"ငါဖြစ်၏၊ ငါလို့ဆိုတဲ့ အစွဲသည် ဒိဋ္ဌိနှင့်တူတဲ့မာနစွဲ" စသည်ဖြင့် ဆက်လက်ဟောကြားခြင်း ဖြစ်ပါသည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၀၃၊ ခေမကသုတ်လည်း ရှုလေ)။

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၆၇။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ရူပေ၊ ရုပ်တရားသည်။ သတိ၊ ရှိသော်။ ရူပံ၊ ရုပ်တရားကို။ ဥပါဒါယ၊ စွဲ၍။ ရူပံ၊ ရုပ်တရားကို။ အဘိနိဝိဿ၊ အကြောင်းပြု၍။ ဧတံမမ ဧသောဟမသ္မိ ဧသောမေအတ္တာတိ၊ ဧတံ မမ, ဧသောဟမသ္မိ, ဧသော မေအတ္တာဟူ၍။ ဧဝံ၊ ဤသို့။ ဒိဋ္ဌိ၊ ငါ, ငါ့ဥစ္စာ, ငါဖြစ်၏,ငါ့ကိုယ်ဟုစွဲယူခြင်းသည်။ ဥပ္ပဇ္ဇတိ၊ မာနစွဲဖြစ်ပေါ်၍ လာပေတော့၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေဟာ မာနရှိတယ်၊ ဘာလဲ မာနဆိုတာ– တက်ကြွတယ်, ထောင်လွှားတယ်၊ မဟုတ်ယင် မခံနိုင်ဘူးဆိုတာက မာနမဟုတ်ဘူး–ဒေါသ၊ မာနကဘာလဲဆိုတော့ ငါလို့ တက်ကြွထောင်လွှားပြီး စွဲတယ်၊ ဒီတော့ အဲဒီမာနစွဲဟာ အသ္မိမာနလို့ဆိုတာ မာနာနုသယ၊ ဒိဋ္ဌိ+မာနာနုသယ–ဒိဋ္ဌိနဲ့တွဲပြီးတော့ စွဲတဲ့မာနပါတဲ့။

ငါ–ဆိုတာဘယ်သူလဲ ကဲ–ဘုန်းကြီးတို့ တလောကဟောခဲ့တဲ့ ဒေသနာတော်တွေကို ပြန်ကြည့်ယင် ပထဝီဓာတ်နှစ်ဆယ်ထဲက ဘယ်သူ့ကို ငါလို့ပြောမလဲ၊ (မပြောနိုင်ပါဘုရား) အာပေါဓာတ် တဆဲ့နှစ်ပါးထဲက ဘယ်သူ့ကို ငါလို့ ပြောမလဲ၊ (မပြောနိုင်ပါဘုရား)။

တေဇောဓာတ်လေးပါးထဲကကော ဘယ်တေဇောဓာတ်ကို ငါလို့ပြောလို့ ရသလဲ၊ (မရပါဘူးဘုရား) ဝါယောဓာတ်ခြောက်ပါးထဲကကော၊ (မရပါဘူး ဘုရား) ဥပမာ–အဲဒီ ဝါယောဓာတ် ခြောက်ပါးထဲမှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ရှုပွားနေကြတဲ့ ဝင်လေထွက်လေ– အဿာသပဿာသကို ဘာလို့ခေါ်သလဲ၊ (ဝါယောရုပ်ပါဘုရား)။

"ဣတိ ရူပန္တိ ဒဋ္ဌဗ္ဗံ"။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အဿာသ ပဿာသံ၊ ဝင်လေထွက်လေခေါ်တဲ့ သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤဝင်လေထွက်လေခေါ်တဲ့ သဘောတရားကို။ ရူပန္တိ၊ ရုပ်တရားဟူ၍။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ရုပ်တရား၌အနိစ္စရှုပုံ ဝိပဿနာက ဝင်တဲ့လေ, ထွက်တဲ့လေကို ဘာလို့ရှုရမလဲ၊ (ရုပ်တရားပါဘုရား) နေဉ်–အဲဒီရုပ်တရားထဲမှာဘာတွေ ပါလာသလဲဆိုတော့ ပူတဲ့ရုပ်လဲပါတယ်၊ အေးတဲ့ရုပ်လဲပါတယ်၊ တောင့်တင်းတဲ့ ရုပ်လဲပါတယ်၊ ပေါင်းစည်းတဲ့ရုပ်လဲပါတယ်၊ လှုပ်ရှားတယ်ဆိုတဲ့ရုပ်လဲပါတယ်၊ အဲဒီ အဿာသ ပဿာသ ဝါယောရုပ်ကိုကြည့်စမ်းပါ၊ အဿာသ ပဿာသ– ဝါယောရုပ်သည် ဘာတရားတုံး၊ (ရုပ်တရားပါဘုရား)။

မျက်လုံးကလေးတွေကို မှိတ်ပြီးဟော့–ဘယ်ဘက် လက်ဝါးကလေးပေါ်မှာ ညာဘက်လက်ဝါးကလေးကို ထပ်ပြီးတော့ ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်

တည်တည်ငြိမ်ငြိမ်ထားပြီးတော့ ဝင်လေကိုရှုသွင်း လိုက်ယင် ဝင်လေလေးဟာ ရွေ့သွားတယ်ဆိုတဲ့သဘောကလေးကို ဘုန်းကြီးတို့အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်ထဲမှာ ပေါ်မလာဘူးလား၊ (ပေါ်လာ ပါတယ်ဘုရား)။

သတိထားကြည့်ယင် ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား) အဲဒီ ရွေ့သွားတဲ့ဝါယောတရားသည် ကိုယ်နဲ့ တူရဲ့လား၊ (မတူပါဘုရား) ငါနဲ့ ကောတူရဲ့လား (မတူပါဘုရား)။ ဘယ်သူနဲ့တူသလဲ- ဒီရုပ်တရား၊ အဲဒီ ရုပ်တရားနဲ့တူတဲ့လူ လောကကြီးမှာ ရှာလို့ရရဲ့လား၊ (မရပါဘူးဘုရား) ဒီ ရုပ်တရားနဲ့တူတဲ့ သတ္တဝါရှာလို့ရရဲ့လား၊ (မရပါဘူးဘုရား)။

ဩော်–ဓာတ်ပုံကလေး ရိုက်ထားတယ် ဆိုယင်လေ ဘုန်းကြီးတို့ အမျိုး ကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ဓာတ်ပုံထဲကရုပ်ကလေး ကြည့် ကြည့်ပြီးတော့ ငါလို့ ဒီလိုပြောလို့ဖြစ်တယ်မဟုတ်လား၊ (မှန်ပါ)ဘာပြုလို့ လဲ–ကိုယ်နဲ့တူတယ်၊ ဟော–ဉာဏ်ထဲမှာပေါ်လာတဲ့ ဝင်လေထင်ရှား ရုပ်တရား ကျတော့ ငါလို့ ပြောလို့ဖြစ်သေးလား၊ (မဖြစ်ပါဘူးဘုရား)။

နေရာကျလိုက်တာ ဟုတ်လား၊ အဲဒီလို ရုပ်တရားကို ဘုန်းကြီးတို့ အမျိုး ကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ရုပ်တရားအတိုင်း မမြင်တော့ ယင် ဘယ်နှယ်စွဲထားသလဲ – ရုပ်တရားရှိသည် ဖြစ်သောကြောင့် ရုပ်တရား အပေါင်းကို ငါလို့ စွဲယူကြ၏။

ငါလို့စွဲတာ အသ္မိမာန၊ အဲဒီ အသ္မိမာနလို့ခေါ်တဲ့ ငါ-မာန်မာန တရား တွေ ပျောက်သွားအောင် ဘယ်တရားများ ပွားရမလဲဘုရားလို့ ဆိုတော့ သဗ္ဗညုမြတ်စွာဘုရားက **အနိစ္စသညာ ဘာဝေတဗ္ဗာ** တဲ့။ ဘာတရားပွားရ မလဲ–အနိစ္စသညာ ပွားရမယ်–နော်။

အနိစ္စသညာကို ပွားရမယ်ဆိုတော့ အနိစ္စသညာပွားနည်းကို ဘုန်းကြီးတို့ တလောကဟောထားတဲ့ ဂိရိမာနန္ဒသုတ္တန်မှာ အနိစ္စသညာပွားနည်းကို အကျယ် ဟောထားတာရှိတယ်၊ ဒီမှာတော့ဖြင့် ခပ်ကျဉ်းကျဉ်းဘဲ၊ အဲဒီ ဂိရိမာနန္ဒ မထေရ်ကို မြတ်စွာဘုရား ဟောကြားတဲ့နေရာမှာလဲ အနိစ္စသညာပွားတယ် ဆိုတာ–

ကတမာ စာနန္ဒ အနိစ္စသညာ။[၁]

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် နှာ-၃၄၂။

အာနန္ဒ၊ အာနန္ဒာ။ အနိစ္စသညာ၊ အနိစ္စသညာဆိုတဲ့ သဘောသည်။ ကတမာ၊ အဘယ်နည်း။ ဘာလဲ-တဲ့ အနိစ္စသညာဆိုတာ၊ ဘယ်လိုပွားရသလဲ- အနိစ္စသညာဆိုတာ။

> ဣဓာနန္ဒ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာ-ဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ ရူပံ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စန္တိ။ ဣတိ ဣမေသု ပဉ္စသု ဥပါဒါနက္ခန္ဓေသု အနိစ္စာနုပဿီ ဝိဟရတိ ။[၁]

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ ဣဓ၊ ဤသာသနတော်၌။ ဘိက္ခု၊ အနိစ္စသညာကို ရှုပွားနေတဲ့ ရဟန်းသည်၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အရညဂတောဝါ၊ တောအရပ်သို့ကပ်၍ဖြင့်။ ရုက္ခမူလ-ဂတောဝါ၊ သစ်ပင်ရင်း, လိုဏ်ခေါင်း, လှင်တီးခေါင်စတဲ့ အရပ်သို့ကပ်ရောက်၍ဖြင့်။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာသို့ကပ်၍ဖြင့်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်ရှုပွား၏။ (ဘယ်လိုရှုပွားရမလဲ)။

ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ မမြဲ။ ဝေဒနာ၊ ဝေဒနာတရားသည်။ အနိစ္စာ၊ မမြဲ။ သညာ၊ သညာတရားသည်။ အနိစ္စာ၊ မမြဲ။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဝိညာဏံ၊ ဝိညာဏ်တရားသည်။ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်ရှုပွား၏။

ဣတိ၊ ဤသို့။ ဣမေသု ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌။ အနိစ္စာနုပဿီ၊ အနိစ္စဟု အဖန်ဖန် အထပ်ထပ် သုံးသပ်ရှုပွားလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် မမြဲဘူးတဲ့၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်၊ ဒီ ငါးပါးထဲမှာ ရုပ်တရားသည် မမြဲဘူးလို့ ပဌမ ရှုရမယ်၊ ရုပ်တရားဆိုတော့-ထွက်လေလို့ခေါ်တဲ့ ရုပ်တရား၊ဝင်လေလို့ခေါ်တဲ့ရုပ်တရား၊ အဲဒီ ရုပ်တရားထဲမှာ ဘာတွေပါလာသလဲ ဆိုတော့ ပထဝီရုပ်, အာပေါရုပ်, တေဇောရုပ်, ဝါယောရုပ်တွေ အကုန်ပါတယ်၊ ဒါခွဲပြီးတော့ ဟောပြီးသား၊ ဒီတော့ ဒီရုပ်တရားကို သေသေချာချာ ရှုကြည့်တဲ့ အခါကျတော့အဲဒီရုပ်တရား ဟာ ဘယ်လောက်ကြာကြာခံသလဲ- ဒီရုပ်တရားသည် ဘာတဲ့လဲလို့ ဆိုတော့ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်က-

"ရူပံ ဘိက္ခဝေ အနိစ္စံ" ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ အနိစ္စမည်၏။ သတ္တဝါ အနိစ္စလား, ရုပ် အနိစ္စ

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် နှာ-၃၄၂-၃၄၃။

လား၊ (ရုပ်အနိစ္စပါ ဘုရား) လူက အနိစ္စလား၊ ရုပ်တရားက အနိစ္စလား၊ (ရုပ်တရားက အနိစ္စပါ ဘုရား) ခေါင်းတွေ့၊ လက်တွေ့၊ ခြေထောက်တွေ့၊ နှာခေါင်းပေါက်တွေ့၊ ရင်ပတ်တွေ့၊ ဝမ်းဗိုက်တွေက အနိစ္စလား၊ ရုပ်တရားက အနိစ္စလား၊ (ရုပ်တရားက အနိစ္စပါဘုရား)။

အနိစ္စဆိုတဲ့စကားလုံးက–အနိစ္စကို–ခယဋ္ဌေန၊ ကုန်ခြင်းပျောက်ခြင်းသဘော ရှိသောကြောင့်။ အနိစ္စံ၊ အနိစ္စလို့ခေါ်၏။ အနိစ္စ ရဲ့အဓိပ္ပါယ်က ကုန်သွားတဲ့သဘော၊ ပျောက်သွားတဲ့ သဘောကို အနိစ္စလို့ ခေါ်တယ်–တဲ့၊ ဥပမာ အားဖြင့် သစ်ရွက်ကလေးတရွက်ကို ကြည့်ပါတဲ့။

အဲဒီ သစ်ရွက်ကလေးဟာ အစ ပဌမဆုံးကတော့ နုနုကလေး၊ အဲဒီ နုနု ကလေးကနေပြီး တဖြေးဖြေး၊တဖြေးဖြေး ရင့်ရင့်လာလိုက်တော့သစ်ရွက်ကလေး ဟာ–အင်း နုနုတုန်းကတော့ ခပ်ဖြော့ဖြော့ဘဲ၊ ရင့်လာတဲ့ အခါကျတော့ တော်တော်ကလေး စိမ်းလာတယ်–နော်၊ တဖြေးဖြေးမှည့်လာတဲ့အခါကျတော့ ဝါသွားတယ် ဟုတ်လား။

ဒီတော့ အစိမ်းရောင်ကလေးတွေ ဘယ်ရောက်ကုန်သလဲ၊ (ပျောက်သွားပါ တယ်ဘုရား)ဘယ်သူဖျောက်ပစ်သလဲ–အဲဒီ အစိမ်းရောင်ကလေးတွေ ပျောက်ကုန် တာကို ဘာလို့ခေါ်သလဲဆိုတော့–အနိစ္စ–ကုန်သွားတယ်၊ ပျောက်သွားတယ်၊ တနည်းပြောယင် အစိမ်းရောင် ကလေးတွေ ပျက်စီးသွားပြီ၊ ဒါ ပြင်ဘက်က သဘော။

စောစောပိုင်းက ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီး တွေ ရှုနေကဲ့ရုပ်တရားကို ပြန်ကြည့်ယင် အဲဒီ ရုပ်တရားသည် အချိန်တိုင်း အချိန်တိုင်း ကုန်သွားတယ်၊ ပျောက်သွားတယ်-ဝင်လေ လှုပ်ရှားမှုကလေး၊ ဒီ နှာသီးဖျားကလေးကနေပြီးတော့ ထွက်သွားလိုက်တဲ့ ဝင်လေ လှုပ်ရှားမှု ကလေးသည် ဟိုတနေရာရာကို ရွေ့သွားတယ်၊ ရွေ့သွားတယ်လို့ဘဲ ထင်ရတယ်၊ ဒါပေမဲ့ အဲဒီ နှာသီးဖျားမှာ ထိတုန်းကဘဲ ဒီဝင်လေတည်း ဟူသော ရုပ် တရားလေဟာ ဘယ်ရောက်သွားသလဲ၊ (ပျောက်သွားပါတယ်ဘုရား)။

သုခဒုက္ခသည် စိတ္တက္ခဏ တချက်သာ

ခပ်ကျဲကျဲကလေး ကြည့်မယ်ဆိုယင် အဲဒီ ဝင်လေဟာ ပြန်ထွက်လာသေးလား၊ (မထွက်တော့ပါဘူးဘုရား) နှာခေါင်းထဲ လေရှူသွင်းလိုက် ပြီးတော့ အဲဒီလေ ပြန်ထွက်သေးလား၊ (မထွက်ပါဘူးဘုရား) ထွက်လာတဲ့ လေကအသစ်–နော်၊ (မှန်ပါ) ဝင်တဲ့လေက ကုန်သွားပြီ၊ နှုတ်ခမ်းကနေပြီး လေကို ဝိုးဆိုထုတ်ကြည့်၊ ဝိုးလို့လေကို မှုတ်ထုတ်ကြည့်လိုက်ယင် အဲဒီလေ ဘယ်ရောက်သွားလဲ၊ ကုန်သွား

တယ်- ပျောက်သွားတယ်၊ အဲဒီ ကုန်တဲ့ပျောက်တဲ့သဘောကို ဘာလို့ခေါ်သလဲ၊ (အနိစ္စလို့ခေါ်ပါတယ်ဘုရား) အဲဒီ အနိစ္စကုန်ပျောက်သွားတယ် ဆိုတာ ဘယ်သူတွေလဲလို့ဆိုတော့ ရုပ်တရားကုန်ပျောက်သွားတာ၊ ရုပ်တရားဟုတ်လား။

ဝေဒနာ—ဝေဒနာဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ့ အမျိုးကောင်းသမီးတွေမှာ ခံစားနေရတဲ့ သုခ—သက်သာတယ်ခေါ်တဲ့ ဝေဒနာ၊ ချမ်းသာတယ်ဆိုတဲ့ ခံစားမှု၊ စိတ်ဆင်းရဲတယ်, စိတ်ပင်ပန်းတယ်ဆိုတဲ့ ခံစားမှုတွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဘယ်လောက်များကြာကြာခံရသလဲ၊ ဟော-မဟာနိဒ္ဒေသ ပါဠိတော်ကြီးက—

ကေစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။[၁]

သုခဝေဒနာ၊သုခဝေဒနာဆိုတဲ့တရားတို့သည်၎င်း။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာတို့သည်၎င်း။ ကေဝလာ၊ မြဲတယ်ဆိုတဲ့သဘောနဲ့ မဘက် ယှဉ်သက်။အနိစ္စာ၊ မမြဲတဲ့တရားတို့ပါတည်း။ မမြဲဘူးတဲ့-သုခဝေဒနာ,ဒုက္ခဝေဒနာဟာ၊ဘာကြောင့် မမြဲသလဲ—

ကေစိတ္တသမာယုတ္တာ၊ ချမ်းသာတယ်ဆိုတဲ့ သုခ ဝေဒနာသည် စိတ္တက္ခဏ တချက်နှင့်ယှဉ်၏- ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခ ဝေဒနာသည် စိတ္တက္ခဏတချက်နှင့်ယှဉ်၏။ ခဏော၊ သုခဝေဒနာ, ဒုက္ခဝေဒနာနှစ်ပါးတို့ရဲ့ တည်နေတယ်ဆိုတဲ့ အချိန်ကာလ ခဏလေးသည်။ လဟုသော၊ နည်းငယ်တိုတောင်း လျင်မြန်သည်။ ဝတ္တတေ၊ ဖြစ်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရုပ်တရားနဲ့ တက်ကြွနေတယ်ဆိုတာလဲ စိတ္တက္ခဏ တချက်ဘဲ၊ ဘယ်လောက်မှကြာတာမဟုတ်ဘူး၊ စိတ္တက္ခဏလေး တချက်ဘဲ၊ စိတ္တက္ခဏ တချက်ပြီးယင် ဘယ်ရောက်သွားတုံး—ပျောက်သွားပြီ၊ အနိစ္စဖြစ်သွားပြီ၊ ချမ်းသာတယ် ဆိုတာ ဘယ်လောက်ကြာကြာ ချမ်းသာသလဲ-စိတ္တက္ခဏ တချက်ဘဲ၊ ဆင်းရဲတယ် ဆိုတာကော—စိတ္တက္ခဏတချက်ဘဲ၊ စိတ်ဆိုးတယ်, ဒေါသဖြစ်တယ် ဘယ်လောက်ကြာသလဲ-စိတ္တက္ခဏလေးတချက်ပါ။

ဒီတော့ ဘုန်းကြီးတို့ အခုဟောကြားပေးနေတဲ့ ဝိပဿနာတရား ရှုပွားနည်းလို့ဆိုတာ ဒီကိုယ်မှာဖြစ်လာတဲ့ တရားတွေကို အကုန်လုံး ဝိပဿနာ ရှုပ်လို့ရတယ်၊ ဒီလိုထိုင်ပြီး ဘာမှမဖြစ်သေးတဲ့အခါ ဝင်လေထွက်လေရှုမနေဘူးလား၊ (ရှုနေပါတယ်ဘုရား) အဲဒီ ဝင်လေထွက်လေရှုယင် အဲဒီ ဝင်လေထွက်လေကိုဘဲ အနိစ္စလို့ရှု၊ ဝင်လေထွက်လေ မထင်ရှားလို့ ကြာကြာ ထိုင်

၁။ မဟာနိဒ္ဒေသပါဠိတော် နှာ-၃၂။

လာတဲ့အခါမှာ ပူမလာဘူးလား၊ (ပူပါတယ်ဘုရား) ပူလာတဲ့သဘောက ဘာတုံး၊ (ရုပ်တရားပါဘုရား)။

"ဣတိ ရူပန္တိ ဒဋ္ဌဗ္ဗံ"။ ဣတိ၊ ဤပူတယ်ခေါ်တဲ့ သဘောတရားကို။ ရူပန္တိ၊ ရုပ်တရားဟူ၍။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ရုပ်တရားလို့ ရှု၊ ဒါဖြင့် အဲဒီ ပူတယ်ဆိုတဲ့ ရုပ်တရား ဘယ်လောက် ကြာကြာခံသလဲ–"ဧကစိတ္တက္ခဏာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော"။ ဧကစိတ္တ သမာယုတ္တာ၊ ပူတယ်ဆိုတဲ့သဘောသည်။ တခုသော စိတ္တက္ခဏနှင့်ယှဉ်စပ်၏။ ခဏော၊ ပူတယ်ဆိုတဲ့ခဏသည်။ လဟုသော၊ နည်းငယ် တိုတောင်းလှသည်။ ဝတ္တတေ၊ ဖြစ်၏။

ခဏကလေးပါ၊ ဘယ်လောက်မှမကြာဘူး။ အေးတာကော၊ အေးတာလေး ပေါ်လာယင် ဘယ်နှယ်ရှုရမယ်၊ ရုပ်တရား။ ၎င်းအေးတယ်ခေါ်တဲ့ ရုပ်တရား သည်လဲဘဲ စိတ္တက္ခဏ တချက်ဘဲ ဟုတ်လား၊ ရောဂါဝေဒနာတွေ ခံနေရတယ် ဆိုတာလဲဘဲ စိတ္တက္ခဏတချက်ဘဲ ဟုတ်လား၊ ရောဂါတွေ ပူတယ်, အောင့်တယ်, တောင့်တယ်, တင်းတယ်, လေးတယ်, ပေါ့တယ်ဆိုတာ ဘယ်လောက် ကြာကြာ ခံရသလဲ–စိတ္တက္ခဏတချက်။

ဥပမာပုံဆိုယင် ဟုတ်လား၊ အင်း–ဖိုမိ တစုံတခု ခလုပ်တိုက်မိလို့ ခြေ ထောက်နာသွားတယ်ဆိုပါတော့ ဘယ်လောက်ကြာကြာ ခံရသလဲ–စိတ္တက္ခဏ တချက်ဘဲ၊ ဘုန်းကြီးတို့ပရိသတ်ကသာ အကြာကြီးနာတယ်လို့ ထင်နေတာ။

မျက်လုံးနဲ့ ရုပ်ရှင်ကလေးတခု ကြည့်လို့ကောင်းနေတယ်ဆိုတာကော ဘယ် လောက်များကြာကြာခံရသလဲ–စိတ္တက္ခဏ တချက်ဘဲ။

အဲဒီ စိတ္တက္ခဏ အချက်ပေါင်း–အချက်ပေါင်းတွေ လျင်လျင်မြန်မြန်ကြီး ရှိလာတဲ့အခါကျတော့ တနာရီလောက်တောင် ကြည့်ကောင်း နေတယ်လို့ စိတ်ထဲ ဒီလိုထင်နေရတာ၊ မဟုတ်ဘူးတဲ့–ဒါသန္တတိတဲ့၊ မီးစကြီးကို ကိုင်ပြီး ရမ်းလိုက်ယင် မီးကွင်းကြီးထင်နေသလို ဟုတ်လား၊ (မှန်ပါဘုရား)။

ဘုန်းကြီးတို့ မကြာမကြာပြောနေတဲ့ ရန်ကုန်မြို့ထဲက ခတ်မီး–ညအချိန်မှာ လမ်းမီးတွေကြည့်လိုက်ယင် မီးတန်းကြီးတွေ မမြင်ဘူးလား၊ (မြင်ပါတယ် ဘုရား) အနားသွားကြည့်တော့ ဒီ မီးတန်းကြီးဟာ ဘယ်ရောက်သွားသလဲ– မီးလုံးလေးတွေ တလုံးစီတလုံးစီ ဖြစ်ကုန်တယ်၊ မီးတန်းကြီးပျောက်သွားတယ်၊ ခပ်ဝေးဝေးကကြည့်တော့ မီးလုံးလေးတွေ တလုံးစီကို မမြင်ရဘူး၊ ဘာမြင်ရ သလဲ၊ (မီးတန်းကြီးကိုပါဘုရား)။

အဲဒီလိုဘဲ ဟိုသာမညပေါ့လေ ဟုတ်လား၊ ကြည့်မြင်တယ်ဆိုယင်တော့ဖြင့် ခြေဉ်–ချမ်းသာနေတယ်ဆိုတာ – ဆင်းရဲနေတယ် ဆိုတာ တော်တော်အကြာ သွားဘဲလို့ စိတ်ထဲဒီလိုထင်တယ်၊ ဝိပဿနာဉာဏ်နဲ့ မျက်မှောက်ရောက်အောင် သေသေချာချာ ဒီချမ်းသာမှာ ဆင်းရဲမှုကို တင်ကြည့်လိုက်မယ်ဆိုယင်မီးလုံးလေး တလုံးစီလိုဘဲ စိတ္တက္ခဏလေးတွေ တချက်စီတချက်စီ, တချက်စီ တချက်စီဟုတ်လား၊ချမ်းသာတာဟာ တချက်ပြီးမှ တချက်ဘဲ၊ ဘယ်တော့မှ နှစ်ချက်ပြိုင်ပြီးတော့ ချမ်းသာတာမရှိဘူး၊ ဒီအချက်ကို မြင်အောင် ကြည့်နိုင်တာသည် အနိစ္စသညာ-တဲ့၊ ဘာသညာတဲ့လဲ၊ (အနိစ္စသညာပါဘုရား)။

ကေစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။

သုခါစ၊ သုခဝေဒနာသည်၎င်း။ ဒုက္ခာစ၊ ဒုက္ခဝေဒနာသည်၎င်း။ ကေစိတ္တသမာယုတ္တာ၊ တခုသော စိတ္တက္ခဏနှင့် ယှဉ်၏။ ခဏော၊သုခဝေဒနာ,ဒုက္ခဝေဒနာတို့ရဲ့ ချမ်းသာဆင်းရဲရာ အခါကာလသည်။လဟုသော၊နည်းငယ် တိုတောင်းလှသည်။ ဝတ္တတေ၊ ဖြစ်၏။ မဟာနိဒ္ဒေသ ပါဠိတော်မှာ။

ခန္ဓာငါးပါးသည် စိတ္တက္ခဏ တချက်

အဲဒီလို ချမ်းသာမှု, ဆင်းရဲမှုစတဲ့ ရုပ်တရားတွေ၊ ချမ်းသာမှု, ဆင်းရဲမှုစတဲ့ ဝေဒနာ တရားတွေကို ကြည့်လိုက်ယင် မြဲတဲ့တရားတွေလား–မမြဲတဲ့တရားတွေလား၊(မမြဲတဲ့တရားတွေပါဘုရား) မမြဲဘူး၊ မမြဲတာဘာလဲ၊ (အနိစ္စ) အနိစ္စဆိုတာ ဘယ်သူလဲ၊ ခန္ဓာ၊ "အနိစ္စန္တိ ခန္ဓ ပဉ္စက"။ အနိစ္စဆိုတာ ဘယ်သူ့ကို အနိစ္စလို့ခေါ်တာလဲဆိုတော့ ခန္ဓာငါးပါးကို **အနိစ္စလို့ခေါ်တာပါတဲ့**။

ခန္ဓာငါးပါးက ဘာတွေလဲ–စာစာပိုင်းက ပြောခဲ့တဲ့ ရူပက္ခန္ဓာရယ်, ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ–ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါးတို့သည်အကျဉ်းချုံးလိုက်တော့ ဘာရသလဲ–ရူပက္ခန္ဓာက ရုပ်တရား၊ ကျန်တဲ့ တရားလေးပါးက နာမ်ခန္ဓာလေးပါး၊ ရုပ်ခန္ဓာနဲ့နာမ်ခန္ဓာ ဟူသရွေ့သည် ရုပ်ခန္ဓာလဲဘဲစိတ္တက္ခဏတချက်ဘဲ၊ နာမ်ခန္ဓာကော စိတ္တက္ခဏတချက်ဘဲ။

အင်မတန်တိုတောင်းတယ်၊ တချက်ပြီးမှ, တချက်ပြီးမှ တချက်လို့ ဆိုတော့–**အနိစ္စ**, အနိစ္စ, အနိစ္စ ကုန်သွားတယ်, ပျောက်သွားတယ်၊ ကုန်သွားတယ်, ပျောက်သွားတယ်၊ ရုပ်ခန္ဓာလဲ ဒီအတိုင်းဘဲ ပျောက်သွားတယ်၊ အပ်ကလေးနဲ့ ထိုးကြည့် မျက်ကနဲဆိုတချက်တော့နာလိုက်တာဘဲ မဟုတ်လား၊ ဘယ်နှစ်ချက်နာသေးလဲ–နောက်တော့၊ တချက်ဘဲမဟုတ်လား၊ ဒီနာတာ ဘယ်ရောက်သွားလဲ၊ (ပျောက်သွားပါတယ်ဘုရား)။

နာတယ်လို့ ခံစားတဲ့ ဒုက္ခဝေဒနာလေးဟာ ခဏလေးဘဲမဟုတ်လား၊ ကြာကြာမခံရပါဘူး၊ စိတ္တက္ခဏ တချက်ပါဘဲတဲ့၊ နာတယ်ဆိုတဲ့ခံစားမှု–ဒုက္ခဝေဒနာကို အစွဲပြုပြီးတော့ မာန်မာနတက်စရာ ဘယ်လိုလုပ်တက်မလဲ၊ ချမ်းသာတယ်ဆိုတာလဲ ချမ်းသာတယ်ဆိုပြီးတော့ ဘယ်လိုလုပ်ပြီး မာနတက်မလဲ၊ မာနတက်လို့မရဘူး ဟုတ်လား၊ ဒီတော့ မြတ်စွာဘုရားက မေဃိယမထေရ်ကို–

အသ္မိမာနသမုဂ္ဃာတာယ အနိစ္စသညာ ဘာဝေတဗ္ဗာ။

မေဃိယ၊ ချစ်သား မေဃိယ။ အသ္မိမာနသမုဂ္ဃာတာယ၊ ငါလို့ စွဲလမ်းထောင်လွှားတက်ကြွနေတဲ့ မာန်မာနတရားကို ပယ်ခွာဖြတ်တောက်၍ ပစ်ခြင်းငှာ။ အနိစ္စသညာ၊ အနိစ္စသညာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

အနည်းဆုံး အနိစ္စသညာကို ပွားပုံတော့ဖြင့် ဂိရိမာနန္ဒသုတ္တန်မှာ အကျယ်ဟောထားတယ်၊ ကောဘာဝပရိစ္ဆိန္န–တခုသောဘဝ၌ ပိုင်းခြားပေးလိုက်တယ်၊ ဒီ ဘဝမှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ့ အမျိုးကောင်း သမီးတွေ အသက်ရှေ့နေတယ်ဆိုတာ ဘယ်လောက်များရှေ့သလဲ အနှစ်တရာ အသက်ရှေ့တယ် ဆိုပါတော့၊ အဲဒီ အနှစ်တရာ အသက်ရှေ့တယ်ဆိုတာ ပညတ်အနေအားဖြင့် ပြောတာပါ၊ သမုတိအနေအားဖြင့် ပြောတာပါ၊ ပရမတ္ထသစ္စာအနေအားဖြင့် ဒီအသက် ဘယ်လောက်ရှေ့သလဲ–ဟင်။

ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။[၁]

ဇီဝိတိန္ဒြိယ ရုပ်– အတ္တဘာဝ၊ သုခ, ဒုက္ခဝေဒနာမှ ကြွင်းကျန်တဲ့ အတ္တဘောတွေ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ရုပ်–အတ္တဘောတွေ၊ အတ္တဘာဝ–ဒီအတ္တဘောကြီး၊ ပြီးတော့ သုခ, ဒုက္ခဝေဒနာတွေဟာ စိတ္တက္ခဏ တချက်နဲ့သာ ယှဉ်တာပါတဲ့– "လဟုသော ဝတ္တတေ ခဏော"။ ခဏော၊ ဇီဝိတ, အတ္တဘာဝ, သုခ, ဒုက္ခဝေဒနာတို့ရဲ့ အသက်ရှည်ရာ အခါကာလ သမယမျိုးသည်။ လဟုသော၊ နည်းငယ်တိုတောင်းသည်။ ဝတ္တတေ၊ ဖြစ်၏။ ခဏကလေးဘဲတဲ့။

ဘယ်လောက် အသက်ရှေ့ပါတယ်ဘဲ ပြောပြော၊ ဟော–မဟာနိဒ္ဒေသပါဠိတော်က–

စုလ္လာသီတိ သဟဿာနိ၊ ကပ္ပါ တိဋ္ဌန္တိ ယေ မရူ။
န တွေဝ တေပိ ဇီဝန္တိ၊ ဒွီဟိ စိတ္တေဟိ သံယုတာ။[၂]

၁။ မဟာနိဒ္ဒေသပါဠိတော် နှာ–၃၂။

ဗြဟ္မာကြီးတွေ ကမ္ဘာကြီးပေါင်း ရှစ်သောင်းလေးထောင် တိုင်အောင် အသက်ရှည်ပါတယ်ဆိုပေမဲ့ စိတ္တက္ခဏ နှစ်ချက်နဲ့ အသက်ရှည်တာ မဟုတ်ပါဘူးတဲ့၊ စိတ္တက္ခဏတချက်ဘဲဟုတ်လား၊ အဲဒီ စိတ္တက္ခဏ တချက်သည်ပင် အနိစ္စ တချက်၊ကေဘာ တခုသော ဘဝနဲ့ ပိုင်းလိုက်မယ်ဆိုယင် အနိစ္စဆိုတာ ဒီဘဝရဲ့ ပဋိသန္ဓေ ဒီဘက်ကစုတိ၊ ဒီကြားမှာ ဒါအနိစ္စ၊ ဒါကြောင့် သတ္တဝါတယောက် သေသွားပြီဆိုယင် အနိစ္စရောက်သွားပြီ၊ အနိစ္စဖြစ်သွားပြီလို့ ဒီလိုပြောကြတယ် ဟုတ်လား၊ ဒါ ဘဝနဲ့ ပိုင်းခြားပြီးကြည့်တာ။

အဲဒီလို သေတာကို အကြောင်းပြုပြီးတော့ အနိစ္စဆိုတာ အမှန်ကတော့ သေတာပါပဲ ဟုတ်လား၊ သေတာကို အာရုံပြုပြီးတော့ တို့မှာလဲသေရတော့မယ်, သေနေတယ်, သေနေတယ်လို့ ဒီလို ဒါတွေ ရှုနေတဲ့ပုဂ္ဂိုလ် ဘယ်လိုလုပ်မာနတက်မလဲ၊ ဟင်–ဘယ်လောက်မာနကြီးတဲ့ ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် သေမယ်ဆိုတာကိုတိတိကျကျကြီး သိနေမယ်ဆိုယင် အဲဒီမာန ဘယ်ရောက်သွားလဲ၊ (ပျောက်သွားပါတယ်ဘုရား)။

ဒါကြောင့် အနိစ္စသညာကို ပွားယင်တဲ့ အသ္မိမာနလို့ခေါ်တဲ့ မာနဟာရားတွေကွာနိုင်ပါတယ်–တဲ့၊ အခုနင်က ရုပ်တရားပေါ်မှာ အမှီပြုပြီး စွဲနေတဲ့ ငါဖြစ်တယ်လို့ဆိုတဲ့ မာန၊ အနိစ္စသညာသာ ကျကျနနထင်ယင် ဒီရုပ်တရားကို ငါဖြစ်တယ်လို့ စွဲလမ်းနိုင်ဘို့ အကြောင်း မရှိနိုင်တော့ဘူး။

အနိစ္စသညာထင်တဲ့အပိုင်းက အနိစ္စ၊ နိစ္စတရား၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရုပ်တရား နာမ်တရားတို့သည် အနိစ္စ၊ တာဝကာလိက–အခိုက်အတန့်ကလေးအားဖြင့် တည်သည်ဖြစ်သောကြောင့်လဲ သူ အနိစ္စ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်း သမီးတွေရဲ့ ခန္ဓာကိုယ်မှာ ရှိနေတဲ့ ရုပ်တရား၊ ဘုန်းကြီးတို့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ မှီပြီးတော့ ဖြစ်နေတဲ့ နာမ်တရား အားလုံးတို့ဟာ တာဝကာလိက အခိုက်အတန့် လေးဘဲ မဟုတ်လား။

ရုပ်ရှင်တခုကို ကြည့်လိုက်တယ်၊ ရုပ်ရှင်တခုကိုမြင်လို့ ကောင်းတယ်၊ သဒ္ဒါရုံ နားထောင်လို့ ကောင်းတယ်၊ ဂန္ဓာရုံ နမ်းလို့ရှူလို့ ကောင်းတယ်၊ ရသာရုံ စားလို့ သောက်လို့ ကောင်းတယ်ဆိုတာ ဘယ်လောက် ကြာသလဲ– တာဝကာလိက အခိုက်အတန့် ကလေးဘဲ၊ တော်တော်ကြာတော့ ဒီမြင်ကောင်းတာ, စားကောင်းတာတွေ ဘယ်ရောက်ကုန် သလဲ–ပျောက်ကုန်တာဘဲ။

ဒါကြောင့် "တာဝကာလိကတာယ အနိစ္စံ"၊ တာဝကာလိကတာယ၊ အခိုက်အတန့်ကလေးသာလျှင် တည်နေသည်ဖြစ်သောကြောင့်။ အနိစ္စံ၊ အနိစ္စ

မည်၏။ ဘယ်သူတွေလဲ–ရုပ်တရား, နာမ်တရား ဟုတ်လား၊ ရုပ်တရားဆိုတာ ကလဲ ပုတဲ့ရုပ်, အေးတဲ့ရုပ်, လှုပ်တဲ့ရုပ်, တောင့်တင်းတဲ့ရုပ်, ပေါင်းစည်းကဲ့ရုပ် ဆိုတဲ့ ဒီရုပ်ကြီးလေးခု ဟုတ်လား၊ စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာန ပသာဒရုပ်, ဇိဝှါပသာဒရုပ် စတဲ့ အဲဒီ ပသာဒရုပ်၊ ဘယ်ရုပ်တွေများကြာကြာ ခံသလဲ၊ (မခံပါဘူးဘုရား)။

ဘုန်းကြီးတို့ ခန္ဓာမှာရှိနေတဲ့ အသား, အသွေး စသည်တို့ကော ကြာကြာ ခံသလား၊ (မခံပါဘူးဘုရား)၊ ကြာကြာမခံဘူး၊ တော်ကော်ကြာ ကျတော့ ဘာဖြစ်ကုန်သလဲဆိုတော့ ရုပ်တရား အားလုံး ပျက်စီးယိုယွင်းပြီးတော့ အိုမင်း ခြင်း, ရင့်ရော်ခြင်း, နောက်ဆုံးမှာ ကြေမွခြင်း, ပျက်စီးခြင်းကို အကုန်ရောက် ကြတာဘဲ မဟုတ်လား၊ ဘယ်ရုပ်များ ကျန်သလဲ-ဘယ်ရုပ်မှ ဘယ်သူ့ ရုပ်မှ မကျန်ဘူး။

ကိုယ့်အမေရုပ်, ကိုယ့်အဖေ ရုပ်တွေလဲ မကျန်ရစ်ခဲ့ဘူး၊ ကိုယ့် အဘိုးအေ, အဖွားအေရုပ်တွေလဲ မကျန်ရစ်ခဲ့ဘူး၊ ကိုယ့်ဆရာသမား ရုပ်တွေလဲ မကျန်ရစ်ခဲ့ ဘူး၊ အဲဒီ ကိုယ့်အမေ, ကိုယ့်အဖေ, ကိုယ့်အဘိုး, ကိုယ့်အဖွား, ကိုယ့်ဆရာ သမားရုပ်တွေမှ မကျန်ယင် ကိုယ့်ရုပ် ကျတော့ ဘယ်လိုလဲ၊ ကိုယ့်ရုပ်ကျမှ ကျန်နေအုံးမလား၊ (မကျန်ပါဘူးဘုရား) ဘာဖြစ်ကုန်သလဲ-ပျောက်ကုန်တယ် ဟုတ်လား၊ ဒါကြောင့် တာဝကာလိက-အခိုက် အတန့်ကလေး လောက်သာ ဒီရုပ်တရား, နာမ်တရားတို့ဟာ တည်နေတယ်တဲ့။

တာဝကာလိက အခိုက်အတန့်ကလေးလောက်သာ တည်နေသည်ဖြစ်သော ကြောင့်လဲ ရုပ်နာမ်တရားနှစ်ပါးတို့သည် ဘာကဲ့လဲ-အနိစ္စ၊ ဥပမာပုံဆိုယင် ကာမဂုဏ်တခုကို လိုလားတယ်, တောင့်တတယ်, လိုချင်တယ်, လိုချင်တယ်, လိုချင်တယ် လောဘသိပ် တိုက်တွန်းတယ် မဟုတ်လား-လောဘ။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ များ သောအားဖြင့် ဘာတရားတွေ အဖြစ်များသလဲဆိုတော့ လောဘတွေ အဖြစ် များကြတယ် မဟုတ်လား၊ မဖြစ်ဘူးလား လောဘ၊ (ဖြစ်ပါတယ်ဘုရား) အဲဒီ လောဘအဖြစ်များတော့ အဲဒီ လောဘကို ဘယ်နေရာအသုံးချသလဲ၊လောဘကို ဘာလုပ်ကြသလဲ–ကိုယ့်မှာ လိုချင်တယ်ဆိုတဲ့ သဘောလေးဖြစ်လာယင် အဲဒီလို ချင်တယ်ဆိုတဲ့ သဘောဟာလူသား,လောဘလား၊ (လောဘပါဘုရား) အဲဒီလို ချင်တယ်ဆိုတဲ့ လောဘနဲ့ လူနဲ့ကွဲအောင် ခွဲပြီးတော့ကြည့်။

လိုချင်တယ်ဆိုတဲ့ သဘောဟာ လူကလိုချင်တာ မဟုတ်ဘူး၊ လောဘက လိုချင်တာလို့ ဉာဏ်ထဲမှာ ပိုင်းပိုင်းခြားခြား သိနေယင် အဲဒီလိုချင်မှုလောဘ

ဘယ်လောက်ကြာကြာခံသလဲ၊ (မခံပါဘူးဘုရား) စိတ်ဆိုးတယ်၊ ဒေါသဖြစ်တယ်ဆိုတာ ဘယ်လောက်ကြာကြာခံသလဲ၊ (မခံပါဘူးဘုရား) အခိုက်အတန့်ဘဲ၊ လောဘလဲ အခိုက်အတန့်ဘဲ၊ ဒေါသလဲအခိုက်အတန့်ဘဲ၊ မောဟလဲ အခိုက်အတန့်ဘဲ၊ ဒိဋ္ဌိဆိုတဲ့ တရားတွေလဲ အခိုက်အတန့်ဘဲ၊ မာနကြီးတယ်ဆိုတာလဲ့ အခိုက်အတန့်ဘဲ။

ဒါတင်လားဆိုတော့ မဟုတ်ဘူး၊ ကုသိုလ်ကောင်းမှုနဲ့ ပတ်သက်လို့ အလောဘ၊ အဒေါသတို့၊ အမောဟတို့၊ မေတ္တာတို့၊ စေတနာတို့၊ သဒ္ဓါတို့ ဆိုတာတွေကကော၊ (အခိုက်အတန့်ပါဘုရား) ဝိပဿနာရှုနေတဲ့ ဝိပဿနာ ပညာဉာဏ်တွေကကော၊ သူတို့လဲအခိုက်အတန့်ဘဲ၊ ဝိပဿနာ အရှုခံရတယ်ခေါ်တဲ့ ရုပ်တရားတွေကော၊ အခိုက်အတန့်ဘဲ၊ နာမ်တရားတွေကော၊ (အခိုက်အတန့်ပါဘုရား) အခိုက်အတန့်တရားချည်းဘဲ-ဟုတ်လား။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည်။ တာဝကာလိကဋ္ဌေန၊ အခိုက်အတန့်သာ တည်တတ်သည် ဖြစ်သောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။

အခိုက်အတန့်ကလေးဘဲတဲ့၊ ကြာကြာတည်နေတာမဟုတ်ဘူးတဲ့ ဟုတ်လား၊ အဲဒီ အခိုက်အတန့်ကလေးကို အစွဲပြုပြီးတော့ ငါလို့ ဆိုတဲ့မာန-အသ္မိမာန ဖြစ်တယ်၊ "ဧသော အဟံ အသ္မိ"။ ဧသော၊ ဤရုပ်နာမ်ဓမ္မ သင်္ခါရတရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ စွဲလမ်းသိမ်းပိုက်ရှု၍ နေလေတော့၏။ ဒါ-မာန၊ ဒီ မာနကွာဘို့ ဘာရှုရမလဲ-အနိစ္စသညာ၊ အခုပြောခဲ့တဲ့ အနိစ္စသညာ-တာဝကာလိက အနေအားဖြင့် ရှုလိုက်ယင် ပျက်စီးနေပြီဆိုယင် ဒီမာန ကျန်အုံးမလား၊ (မကျန်တော့ပါဘုရား) ဒါကြောင့် မြတ်စွာဘုရားက-

"အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ"။ အသ္မိမာနသမုဂ္ဃါတာယ၊ ငါဟုစွဲလမ်းခြင်းမာနကို ပယ်ဖျောက် နိုင်ခြင်းငှာ။ အနိစ္စသညာ၊ အနိစ္စသညာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

အနိစ္စသညာချည်း ကောင်းကောင်းထင်အောင်ပွား၊ ပေါ်လာတိုင်း ပေါ်လာတိုင်းသော တရားတွေမှာ ရုပ်တရားတွေပေါ်လာယင် ရုပ်တရားကို အနိစ္စထင်အောင်ပွား၊ နာမ်တရားတွေ ပေါ်လာယင် နာမ်တရားကို အနိစ္စထင်အောင်ပွား၊ စိတ်ပေါ်လာယင် စိတ်ကို အနိစ္စ သညာချည်းထင်အောင် တခါထဲပွား၊ ဝိပဿနာရှုရမယ်၊ ပွားရမယ် ဆိုတဲ့ တရားက အကျဉ်း ချုံးလိုက်ယင် စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်၊ ဒီတရားသုံးလုံးဘဲရှိတယ်။

အဲဒီ တရားသုံးလုံးကို ဟုတ်သလား၊ ရုပ်ပေါ်လာယင် ရုပ်ဟာ အခိုက်အတန့်ကလေးဘဲ၊ အခုထွက်နေတဲ့ အသံ-သဒ္ဒရုပ် ဘယ်လောက် ကြာကြာခံသလဲ - အခိုက်အတန့်ကလေးဘဲ၊ တော်တော်ကြာ ပျောက်သွားရော၊ အသံ, အနံ့ ဘယ်လောက်ကြာကြာ ခံသလဲ့-ပျောက်သွားတာဘဲ၊ အဆင်းလဲ ပျောက်သွားတာဘဲ။

ဖြစ်ပြီးယင်ပျက် အဲဒီလို ပြင်ဘက်က လာတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ ရသာရုံများ လျှာပေါ် အရသာလေး ဆောက်လာယင် စားကောင်းလိုက်တာဆိုတာ ဘယ်လောက်ကြာသလဲ၊ ခဏကလေးဘဲ၊ တာဝကာလိကဋ္ဌေန-အခိုက်အတန့်ဘဲ ဟုတ်လား၊ နေပြီးတော့- "ဟုတ္တွာ အဘာဝဋ္ဌေန အနိစ္စံ"။ဟုတွာ၊ ဖြစ်ပြီးတဲ့နောက်။ အဘာဝဋ္ဌေန၊ ဘာမှမရှိသည် ဖြစ်သောကြောင့်။အနိစ္စံ၊ အနိစ္စမည်၏။

လျှာပေါ်မှာ အရသာလေးတခု ဖြစ်ပေါ်လာယင် ဒီအရသာလေး ဖြစ်ပြီးတဲ့နောက် ဘာကျန်သေးလဲ၊ စားကြည့်ပါ၊ တကယ်လက်တွေ့လျှာပေါ်မှာချိုတဲ့ အရသာဖြစ်ဖြစ်, ချဉ်တဲ့ အရသာဖြစ်ဖြစ်, ခါးတဲ့ အရသာဘဲဖြစ်ဖြစ်, စပ်တဲ့ အရသာဖြစ်ဖြစ် တင်ကြည့် ဘယ်လောက် ကြာကြာခံသလဲ၊ ဖြစ်ပြီးတော့ ကုန်ပျောက်သွားသည်ဖြစ်သောကြောင့် "ဟုတ္တွာ အဘာဝဋ္ဌေန အနိစ္စံ"။

ဒီအတိုင်းဘဲ ရှုရမယ်၊ မိမိ မျက်လုံးထဲမှာ အဆင်းရူပါရုံ ကြည့်လို့ကောင်းတယ်,ကြည့်လို့မကောင်းဘူးဆိုတဲ့ ရူပါရုံတွေ၊နားထောင်ကောင်းတယ်,မကောင်းဘူးဆိုတဲ့ သဒ္ဒါရုံတွေ၊ နမ်းလို့ကောင်းတယ်, မကောင်းဘူးဆိုတဲ့ ဂန္ဓာရုံတွေ၊ စားလို့ကောင်းတယ်, မကောင်းဘူးဆိုတဲ့ ရသာရုံတွေ၊ တွေ့ထိလို့ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံတွေ၊ တွေးလို့ တောလို့ စိတ်ကူးလို့ ကြံစည်လို့ ကောင်းတယ်, မကောင်းဘူးဆိုတဲ့ ဓမ္မာရုံတွေ ပေါ်လာပါစေ။

မျက်လုံးတွေ,နားတွေ, နှာခေါင်းတွေ, လျှာတွေ ရှိနေယင်တော့ဖြင့် အခုပြောတဲ့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ-ဒီခြောက်လုံးဟာ ပေါ်မှာချည့်ဘဲ၊ မပေါ်ဘဲမနေဘူး-တမျိုးမပေါ် တမျိုးပေါ်မယ်၊ ပေါ်တိုင်း ပေါ်တိုင်းသော တရားတွေဟာ ပေါ်လာပြီး ဘယ်ရောက်ကုန်သလဲ-ပျောက်ကုန်ကြတယ် ဟုတ်လား၊ ပေါ်လာပြီးပျောက်ကုန်ကြတယ်။

အသံ-သဒ္ဒရုပ်ကလေးဖြစ်လာတယ်-လက်ခုပ်နှစ်ဘက်တီးလိုက်၊ ပါဏိသဒ္ဒေါ ပါဠိတော်က ပါဏိ သဒ္ဒေါ-လက်ခုပ်တီးသံ၊ လက်ခုပ်နှစ်ဘက် တီးလိုက်ယင် ဘာပေါ်လာသလဲ၊ (အသံပေါ်လာပါတယ်ဘုရား) ဒီ အသံ ပေါ်လာတာ

H 646—78 [ဟံသာဝတီ]

ဘာကိုအမှီပြုပြီး ပေါ်လာသလဲ၊ ဒီ လက်ခုပ်နှစ်ဘက်ကို အမှီပြုပြီး ပေါ်လာတယ်၊ ဒီအသံ ဘာသံတုံး၊ (လက်ခုပ်သံပါဘုရား)။

အဲဒီ လက်ခုပ်တီးသံလို့ သိတယ်၊ ရုပ်လို့ သိရဲ့လား၊ (မသိပါဘူးဘုရား) အဲဒီ လက်ခုပ်ကြီးကတော့ မကျန်ရစ်ခဲ့ဘူးလား၊ (ကျန်ခဲ့ပါတယ်ဘုရား) အသံက ဘယ်မှာတုံး၊ (ပျောက်သွားပါတယ်ဘုရား) လက်ခုပ်နှစ်ဘက် ရိုက်လိုက်လို့ ထိပြီးတာနဲ့တပြိုက်နက်ထဲ မြည်ပြီးတော့ ဒီအသံဘယ်ရောက်သွားလဲ၊ (ပျောက်သွားပါတယ်ဘုရား)။

ဘေရိသဒ္ဒေါ–စည်ကြီးကိုတီးတဲ့အသံတဲ့၊ စည်ကိုထိုးကြည့်ယင် စည်က ဘာထွက်လာသလဲ–အသံထွက်လာတယ်၊ ဘာသံတုံး၊ စည်သံ၊ စည်သာကျန်ရစ်ခဲ့တယ်–အသံ-သဒ္ဒရုပ်က ဘယ်ရောက်သွားတုံး၊ (ပျောက်သွားပါတယ်ဘုရား) စည်ဆိုတာက ပညတ်တရားဘဲ–ဟုတ်လား၊ လက်ခုပ်ဆိုတာကတော့ ပညတ်တရား၊ အသံဆိုတာကတော့ ပရမတ္ထတရား။

ဖြစ်ပြီးလို့ အသံမြည်ပြီးတာနဲ့တပြိုင်နက်ထဲ ချက်ချင်းပျောက်သည့် ဖြစ်သောကြောင့်– "ဟုတွာ အဘာဝတ္တေန အနိစ္စံ"ဒီလို ရှုရတယ်–အနိစ္စဆိုတာ ဘယ်တရားပေါ်လာလာ ကိုယ့်ခန္ဓာ ကိုယ်မှာ ပေါ်လာတာ – အိုက်တယ်၊ ပူတယ်ဆိုတဲ့ တရားတွေ၊ ဩော်–အိုက်တယ်ဆိုတာ အိုက်ပူပြီးချက်ချင်း ပျောက်သွားတယ်။

ဖျားယင်လဲ အနိစ္စတရားလို့ ရှုနေရမယ်၊ ပျော်ပျော်ပါးပါးနဲ့ နေယင်ကော ပျော်ပါးရွှင်ပျပြီး နေတဲ့အခါမှာ ရှုလို့မရဘူးလား၊ (ရပါတယ်ဘုရား) ထမင်းဆာနေတဲ့အခါမှာ ရုပ်ညှိုးနွမ်းပြီးတော့ နေတယ်၊ ဆာလောင်မွတ်သိပ်တဲ့ရုပ်၊ အဲဒီ ဆာလောင်မွတ်သိပ်တဲ့ရုပ်ဟာ ထမင်းကလေးတလုပ် ဝင်သွားလိုက်ယင် ဆာလောင်မွတ်သိပ်တဲ့ရုပ်က ပျောက်သွားလိုက်ယင် ဟုတ်လား၊ အာဟာရနဲ့ ပတ်သက်ပြီး ဖြစ်တဲ့ရုပ်တွေကို ဒီလိုဘဲ ရှုပြီးတော့သွားရမယ်။

ပူတဲ့ဥတု၊ အေးတဲ့ဥတုကလာတဲ့ ပုဂ္ဂိုလ်တွေ၊ ထိုအပူထဲကလာပြီးတော့ အရိပ်ထဲဝင်လိုက်တော့ ပူတဲ့ဥတုကပါလာတဲ့ရုပ်တွေ ဘယ်ရောက် ကုန်လဲ၊ (ပျောက်သွားပါတယ်ဘုရား) "ဟုတွာ အဘာဝတ္တေန အနိစ္စံ"။တာဝကာလိကတ္တေန၊ တာဝကာလိကအနေအားဖြင့်ရင်း။ ဟုတွာ အဘာဝတ္တေန၊ ဟုတွာ အဘာဝအနေအားဖြင့်ရင်း။ နိစ္စပဋိပက္ခတာယ၊ မြဲတယ်ဆိုတဲ့ သဘောရဲ့ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ရင်း။ အနိစ္စံ၊ အနိစ္စမည်၏။

ဒီရုပ်တရား၊ နာမ်တရားတွေဟာ မြဲတယ်ဆိုတဲ့ တရားနဲ့တော့ သူက ဘယ်လိုဖြစ်သလဲ–ဆန့်ကျင်ဘက်၊ ဘယ်နှယ်ဘဲ သတ္တဝါတွေက မြဲတယ်လို့

ထင်ထင် ဒို့က မမြဲဘူးဆိုတာကို နေ့ရှိသရွေ့ ဖော်ပြနေပါတယ်တဲ့ ဟုတ်လား၊ မမြဲတဲ့တရား။

ပူတဲ့သဘောရောက်လာ-ပျောက်သွားတယ်၊ အေးတဲ့သဘောရောက်လာ–ပျောက်သွားတယ်၊ ခံစားတဲ့သဘောလေးရောက်လာ–ပျောက်သွားတယ်၊ မှတ်သားတဲ့သညာသဘောလေး ရောက်လာတယ် – ဘယ်လောက်များ ကြာကြာခံသလဲ၊ ဟာ–ငယ်ငယ်က အင်မတန်မှတ်ဉာဏ်ကောင်းတယ်ဆိုတဲ့ လူကြီးတော့ အဲဒီ အမှတ်သညာတွေ ပျောက်ကုန်ပြန်ရော ဟုတ်လား။

သင်္ခါရက္ခန္ဓာခေါ်တဲ့ ကိုယ်ပြုလုပ်အားထုတ်မှုဆိုတဲ့ သင်္ခါရက္ခန္ဓာတွေကကော ပျောက်ကုန်ကြတယ်၊ ဝိညာဏက္ခန္ဓာ သိမှု၊ တတ်မှု၊ လိမ္မာကျွမ်းကျင်မှု ဘယ်မှာလဲ–ပျောက်ကုန်တာချည်းဘဲ၊ ကုတ္တာ အဘာဝငွေ့နေနဲ့ ဤသို့ အနိစ္စသညာကို ထင်အောင်ပွားနိုင်ယင် ငါတတ်တယ်၊ ငါမြတ်တယ်၊ ငါဖြစ်တယ်လို့ ပြောလို့ရသေးရဲ့လား၊ (မရပါဘုရား)၊ ဘယ်သူ့ကိုပြောမလဲ ပြောလို့လဲမရဘူး။

အနိစ္စလက္ခဏာချည်း ကောင်းကောင်း ထင်နေပြီ ဟုတ်လား၊ဒါကြောင့် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အနိစ္စသညာကို ပွားရမယ်၊ ဘာလုပ်ဘို့လဲ၊ အသ္မိမာနသမုဂ္ဃါတာယ၊ ငါဟူသော မာန်မာနကို ပယ်ဖြတ် နိုင်ခြင်းအကျိုးငှာ။ အနိစ္စသညာ၊ အနိစ္စသညာကို။ ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

အဲဒီ အနိစ္စသညာကို ပွားပေးပြီးလို့ အနိစ္စသညာထင်လာတော့ မြတ်စွာဘုရားက ရှေ့ဆက်ဟောတယ်။

အနိစ္စမြင်လျှင် အနတ္တထင်

"အနိစ္စသညိနော ဟိ မေဃိယ အနတ္တသညာ သဏ္ဌာတိ"။[၁] မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ အနိစ္စသညာကိုအဖန်တလဲလဲ ပွားများအားထုတ် ရှုပွားနေသော အမျိုးကောင်းသား, အမျိုးကောင်း သမီးအား။ အနတ္တသညာ၊ အတ္တမဟုတ်တဲ့ သဘောတရားဟူသော အမှတ်သညာသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၍လာလေတော့၏။

အနတ္တသညာ-ထင်လာတယ်၊ ဒီနေရာကလေးမှာ ဘုန်းကြီးက တော်တော်လေး ပြောချင်တယ်–အနတ္တ၊ အနိစ္စပြီးတဲ့ အခါကျတော့ မြတ်စွာဘုရားက အနိစ္စသညာ ပွားပြီးယင် အနတ္တသညာ ထင်လိမ့်မယ်လို့ ဆိုတော့– အနတ္တ၊ အနတ္တရဲ့ ဆန့်ကျင်ဘက်က ဘယ်သူတုံး–အတ္တ၊ ဘာလဲ–အတ္တဆိုတာ။

၁။ ဥဒါန်းပါဠိတော်၊ နှာ–၁၂၀။

အတ္တလို့ဆိုတာ အဓိပ္ပါယ်အကျဉ်းချုပ်အားဖြင့် အတ္တနှစ်မျိုးရှိတယ်၊ အတ္တ ဘယ်နှစ်မျိုးရှိသလဲ၊ (နှစ်မျိုးပါဘုရား) အဲဒီ အတ္တနှစ်မျိုးကဘာလဲ- ပရမအတ္တ, ဇီဝအတ္တ လို့ ဒီလို အတ္တ နှစ်မျိုး ရှိတယ်။

ပရမအတ္တလို့ဆိုတာက ဘာကို ပရမအတ္တလို့ခေါ်သလဲဆိုတော့ လောကကြီး တခုလုံးမှာရှိတဲ့ သတ္တဝါတွေကို ငါက ဖန်ဆင်းထားတာဘဲလို့ ဒီလို အယူအစွဲရှိ နေတဲ့ မဟာဗြဟ္မာကြီးကို သူက–ပရမတ္တ၊ ပရမ+အတ္တ၊ ဘယ်တော့မှ မပျက် စီးတဲ့–အတ္တ၊ အဲဒီ ပရမတ္တကြီးက ဖန်ဆင်းပြီးတော့ ထားတဲ့ သတ္တဝါတွေ ဟူသရွေ့က–ဇီဝတ္တ၊ ဇီဝ+အတ္တ။

ပရမ+အတ္တ၊ ဇီဝ+အတ္တ၊ အဲဒါ ဘယ်လိုဖြစ်သလဲ ဆိုတော့ ဘုန်းကြီးတို့ ပါဠိတော်တွေမှာလာတဲ့ ကျမ်းတွေအရ အဓိပ္ပါယ် နားလည်အောင် ပြောပေးရ မယ်ဆိုယင်- ဘုန်းကြီးတို့ ဟောဒီ ကမ္ဘာကြီးပျက်သွားတယ်၊ ဒီ ကမ္ဘာကြီးပျက် သွားပြီးတဲ့နောက် သတ္တဝါတွေ ကမ္ဘာလောက ဓာတ်ထဲမှာ မကျန်ရစ်ခဲ့ဘူး၊ ဗြဟ္မာ့ပြည်အကုန်လုံးရောက်ကုန်ကြတယ်။

ဗြဟ္မာ့ပြည်ရောက်လို့ ကမ္ဘာလောက ဓာတ်ကြီးပြန်ပြီးထူထောင်ပြီးလို့ ကမ္ဘာ ပြုမိုးကြီးတွေရွာပြီးလို့ ဒီကမ္ဘာလောကဓာတ်ကြီးတွေ သတ္တဝါတို့ရဲ့ ကုသိုလ်ကံ အားလျော်စွာပဌမစျာန် ဗြဟ္မာဘုံ, ဒုတိယစျာန် ဗြဟ္မာဘုံ – စသည်ဖြင့်ပေါ် လေ– ဗြဟ္မာဘုံတွေလဲ အဆင့်ဆင့်, နတ်ပြည်ခြောက်ထပ်တွေ, လူ့ပြည်တွေ ပေါ်လာခဲ့ပြီးဘော့ ဒီလောကဓာတ်ကြီးထဲမှာ ဩကာသလောက ကြီးသာ ရှိနေတယ်၊ သတ္တဝါတယောက်မှ မရှိဘူး။

ဒီတော့ စောစောပိုင်းက ကမ္ဘာပျက်လို့ ဟိုဗြဟ္မာ့ပြည်ကို ရောက်နေတဲ့ ဗြဟ္မာတွေက ဗြဟ္မာတယောက်စုတိစိတ်ကျပြီးတော့ ဟောဒီ ပဌမစျာန်ဗြဟ္မာ့ဘုံ ရောက်လာတယ်၊ဘယ်သူမှ မရှိဘူး၊ ပဌမစျာန် ဗြဟ္မာ့ဘုံမှာသတ္တဝါတယောက်မှ မရှိဘူး၊ သူ့တယောက်ထဲ အဲဒီ ဦးဦးဆုံးရောက်လာတဲ့ ဗြဟ္မာကြီးက နောက် တော့ အချိန်တော်တော် ကြာလာတော့ သူကစဉ်းစားတယ်။

ဩော်-အခုအနေ ငါတယောက်ထဲဘဲ၊ အခုအနေ တယောက်အဖော် ရောက်လာယင် ကောင်းမှာဘဲလို့ သူ့စိတ်က အဲဒီလို စိတ်ကူးလိုက်တာနဲ့ဘဲ ထန်းသီးကြွေခိုက် ကျီးနင်းလိုက်ဆိုသလို ဟော–ဗြဟ္မာတယောက် စုတေစိတ် ကျလာတယ်၊ သူလဲ စိတ်ကူးလိုက်ကရော ဗြဟ္မာတယောက်လဲ သူ့ရှေ့ရောက် လာပြန်ပြီဆိုတော့ ဩော်–ငါဖန်ဆင်းတဲ့အကောင်ဘဲလို့ သူ့စိတ်ထဲမှာ ပဌမ ဗြဟ္မာကြီးက အဲဒီလိုထင်တယ်။

ဒုတိယရောက်လာတဲ့ ပြဟ္မာက ဟောဒီပြဟ္မာကြီးဟာ ငါ့အရင် ဒီဘုံကို သူကရောက်နေတာ၊ ငါ့အရင်လဲရောက်နေတယ်၊ ငါ့ထက်လဲ တန်ခိုးအာဏာကြီးတယ်၊ ငါ့ထက်လဲ အရောင်အဝါတွေ တောက်ပတယ်၊ဒီတော့ ငါ့ကို သူဖန်ဆင်းတယ်ဆိုတာ ဟုတ်မှာဘဲလို့ သူကလဲ အဲဒီလို ယုံနေတယ်။

ဒီတော့ ပဌမရောက်နေတဲ့ ပြဟ္မာကြီးက ပရမတ္တ၊ ပရမ+အတ္တ။ နောက်ရောက်တဲ့ ပြဟ္မာက ဇီဝတ္တ၊ ဇီဝ+အတ္တ။

အဲဒီလိုနဲ့ဘဲ ပဌမရောက်တဲ့ပြဟ္မာကြီးက ရှိသေးတယ်၊ နောက်ရောက်တဲ့ ပြဟ္မာတွေက တဖြေးဖြေး ပြဟ္မာ့ပြေက စုတေစိတ်ကျလာပြီး လူ့ပြေရောက် လူ့ပြေရောက်တဲ့အခါကျတော့ သမထတရားတွေ အားထုတ်၊ သမထတရားတွေ အားထုတ်ပြီးပြန်ကြည့်လိုက်တော့ ငါဘယ်ဘဝကလာသလဲ–

ဪ–ပြဟ္မာ့ပြေက လာတာ၊ ပြဟ္မာ့ပြေက ခန္ဓာကိုယ်ကြီးကတော့ ဟုတ်တယ်၊ သို့သော်–ပျက်စီးလာတာဘဲ၊ ဒို့ကို ဖန်ဆင်းတဲ့ ပြဟ္မာကြီးတော့ အခုထက်ထိ ရှိနေသေးတယ်၊သူ့တော့ဖြင့် ဇီဝတ္တဆိုပြီး သူတို့က အဲဒီလိုချည်း ပြောပြီးတော့ ဟောဒီ ဖန်ဆင်းတဲ့ဝါဒ၊ အဲဒီကစ ပေါ်တယ်။

အတ္တဝါဒ၏သဘောတရား ဒီတော့ အဲဒီ အတ္တနှစ်ခုဟာ ဇီဝတ္တနဲ့ပရမတ္တနှစ်ခု၊ အတ္တ-သတ္တဝါကောင်, အသက်ကောင်, ဝိညာဉ် ကောင်, လိပ်ပြာကောင်လို့ ဒီလိုစွဲတဲ့အယူစွဲကို အဲဒါအတ္တအစွဲလို့ခေါ်တယ်၊ အဲဒီအတ္တစွဲက ဒီအတ္တက ဘာလုပ်တတ်သလဲ–

သဗ္ဗော အတ္တဝသေနေဝ၊ ဟောတိတိ ပရိကပ္ပိတော။
ကာရကော ဝေဒကော သာမီ၊ နိဝါသီ သော သယံဝသီ။

ဒါ အတ္တရဲ့လုပ်ဆောင်ချက်တွေ၊ အတ္တရဲ့လုပ်ငန်းတွေ။

အတ္တဝသေနေဝ၊ အသက်ကောင်, ဝိညာဉ်ကောင်,လိပ်ပြာကောင်ဟု ဆိုအပ်သောအတ္တ၏စွမ်းရည်သတ္တိ မပြတ်ရှိသည် အဖြစ်ကြောင့်သာလျှင်။သဗ္ဗော၊သူရော ကိုယ်ပါမျှားစွာသောင်းသောင်း သတ္တဝါအပေါင်းသည်။ ဟောတိ၊ ထိုဤ အမှုကိုယ်စီပြု၍ ယခုအနေ ဖြစ်ရှိ၍နေရပေ၏။

ကုသိုလ်ကောင်းမှုအပြုခိုင်းတာ အတ္တက အပြုခိုင်းတာ၊ ဘုန်းကြီးတို့ ပရိသတ်က ဘယ့်နှယ်ထင်နေသလဲ ဆိုတော့ ဒါနဲ့ ကုသိုလ်ပြုတာ ဘယ်သူ့ဘိုလဲ-ငါ့ဘို။ အကုသိုလ်တွေလုပ်ယင် ငါခံရလိမ့်မယ်၊ ကုသိုလ်လုပ်ယင် ငါစံရမယ်၊ အဲဒီငါဆိုတာ ဇီဝတ္တကိုပြောနေတာ၊ ကုသိုလ်တွေ လုပ်ယင် ငါစံစား ရလိမ့်မယ်၊ ဟော အဲဒါ ဘာလဲ–ငါလို့သူကပြောနေတာ၊ ဇီဝတ္တ။

အဲဒါ ဘာကို အမှီပြုပြီး ဒီအတ္တ ရှိနေတာလဲဆိုတော့ ဒီရုပ်တရား, နာမ်တရားကို အမှီပြုပြီးတော့ ရှိနေတဲ့ အတ္တတရားလို့ ဒီလို ရှေးကဆရာကြီးတွေ ယူစွဲတယ်၊ အတ္တလေးက ဘယ်လိုလဲ-ဟင်၊ ဒီလောကကြီးရောက်လာယင် ကုသိုလ်ကောင်းမှုကိုပြုပါ။

ဒီခန္ဓာအိမ်ကြီးက ပျက်စီးအုံးမှာ ခန္ဓာအိမ်ကသာ ပျက်စီးတယ်၊ အတ္တက မပျက်စီးဘူး၊ ဒီတော့ ဒီခန္ဓာအိမ် ပျက်စီးတဲ့အခါမှာ ကောင်းကောင်းကလေးနေရအောင် ဆိုပြီးတော့ ကုသိုလ်ကောင်းမှုကိုလုပ်ပါ-ဒီလို၊ ကုသိုလ်ကောင်းမှုကို မလုပ်ဘူး၊ ဒီခန္ဓာအိမ်ပျက်စီးယင် မကောင်းတဲ့ ခန္ဓာအိမ်ကြီး ရလိမ့်မယ်-ဆိုပြီးတော့ ဒီယုံသူကစွဲထားတယ်။

ကုသိုလ်ကောင်းမှုလဲ သူပြုတယ်၊အကုသိုလ် အမှုလဲ သူကပြုတယ်၊ အပြုခိုင်းလိုက်တာက အတ္တက၊ ကုသိုလ်ဘယ်သူက အလုပ်ခိုင်းသလဲ-အတ္တက၊ ဒီလိုကို ယူစွဲနေကြတယ်။

မြတ်စွာဘုရားက မဟုတ်ပါဘူးတဲ့၊ အကြောင်း တရားကြောင့် ဖြစ်လာတဲ့ အကျိုး တရားပါလို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ဟောလိုက်တော့ ဒီအတ္တ ကျန်သေးလား၊ (မကျန်တော့ပါ ဘုရား) မကျန်တော့ဘူး၊ အဲဒီလိုအတ္တစွဲတယ်။

ဟောတိ၊ ထိုကျွဲအမှု ကိုယ်စိပြု၍ ယခုအခြေ ဖြစ်ရှိ၍နေပါပေ၏။ ဘယ်သူက ပြုနေတာလဲ-ကိုယ်ကပြုနေတာ၊ ငါလုပ်တာ ငါလုပ်တာ ဟောဒါ ငါလုပ်တာ၊ တရားဘယ်သူဟောလဲ-ငါဟောတာ၊ တရားဘယ်သူ အားထုတ်လဲ-ငါအားထုတ်တယ်၊ ဘာလုပ်ဘို့လဲ-ငါကောင်းဘို့, စားဘို့, သောက်ဘို့ ရှာနေတာ ဘာလဲ-ငါ့ဘို့ ငါ့ဘို့ ငါစားဘို့ ငါဝတ်ဘို့၊ အလုံးစုံသော အမှုကိစ္စတွေကို ပြုလုပ်နေရတယ်၊ ဟုတ်လား-အဲဒီလို အမှုကိစ္စတွေကို ဘယ်သူက အလုပ်ခိုင်းသလဲ-

ဉပမာပုံ ဆိုကြပါစို့-အတ္တက၊ ကိုင်း-ဘုန်းကြီး မကြာမကြာပြောနေတယ် မဟုတ်လား-မျက်လုံးဖြင့် ရူပါရုံမြင်၏၊ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ရူပါရုံကို။ ပဿတိ၊ မြင်၏။

မျက်စိဖြင့်လို့ဆိုတာက သဒ္ဒါနည်းနဲ့ ပြောမယ်ဆိုယင် သူကကရိုဏ်း-အကြောင်း၊ ရူပါရုံကို-လို့ဆိုတာက မြင်ခြင်းကိုခံရတဲ့ အရာဝတ္ထု-ကံပုဒ်သူက၊ မြင်၏-ကြိယာပုဒ်၊ ဘယ်မှာလဲ ကတ္တား၊ မျက်စိဖြင့် ရူပါရုံကို မြင်၏ဆိုတာ ကတ္တားပါသေးလား။

ဒီတော့ ကတ္တားထည့်ကြစို့ဆိုတော့-ဘုရားမပွင့်ခင်က ဘယ်သူက ဘယ်လို လုပ်ကြသလဲဆိုတော့ အခုနင်ဂ၊ ဒိဋ္ဌိဆရာကြီးတွေ ကြံဆပြီးတော့ အတ္တသည် မျက်စိဖြင့် ရူပါရုံကို မြင်၏-လို့ဆိုပြီး သူတို့က ကတ္တားထည့်တယ်။

သူက ဘာဥပမာလေး ပြထားလဲလို့ဆိုတော့ ပေါက်ဆိန်နှင့် ထင်းကိုခွဲ၏၊ ဘယ်သူက ခွဲသလဲ-လူသည်-ဆိုတဲ့ ကတ္တားထည့်ပေးမလား၊ အဲဒီလူသည်ဆိုတဲ့ ကတ္တားနေရာမှာ လက်ဖြင့် တခုခုကို ကိုင်တယ်ဆိုတာ ဘယ်သူက အကိုင်ခိုင်းသလဲ၊ အတ္တက-တဲ့၊ ဒီလိုကို သူကစွဲတယ်၊ ဒီတော့

အတ္တဝသေနေဝ၊ အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင် ဟုခေါ်ဆိုအပ်သော အတ္တ၏ စွမ်းရည်သတ္တိမပြတ်ရှိသည်အတွက်ကြောင့် သာလျှင်။ သမ္ဘော၊ သူ့ရောကိုယ်ပါ များစွာသောင်းသောင်း သတ္တဝါအပေါင်းသည်။ ဟောတိ၊ ထို့ကြောင့်အမှု ကိုယ်စီပြု၍ ယခုအနေ ဖြစ်ရှိ၍နေပါပေ၏။

အတ္တခိုင်းလို့ လုပ်နေရတာလို့ ဒီလိုကိုယူတယ် ဟုတ်လား၊ ယခုထိုင်နေရတယ်၊ ထချင်တယ်၊ ထိုင်နေရတာ ကြာလာတော့ ဘာဖြစ်သလဲ--အတ္တက ထိုင်ရတာညောင်းလာပြီတဲ့၊ ပူလာပြီတဲ့၊ ဒီတော့ မင်းထပေးလိုက်အုံးဆိုတော့ အတ္တက အထခိုင်းလို့ ထပေးရတယ်မဟုတ်လား၊ ဟုတ်ပါမလား-ဒါ။ အတ္တက အထခိုင်းလို့သာ ထပေးရတယ်ဆိုယင် မြတ်စွာဘုရားက ထသွားတဲ့အကြောင်း ဘုန်းကြီးတို့ ပြောပြီးပြီမဟုတ်လား-ဟင်၊ (မှန်ပါ) ထိုင်ရာကနေ ထလိုက်တာ ဘယ်သူတုံး-စိတ္တဇဝါယောရုပ် ဟုတ်လား။

ထလိုတဲ့စိတ်ကလေး ဖြစ်လာပြီးတော့ ထလိုတဲ့စိတ်ဖြစ်တာနဲ့တပြိုင်နက်ထဲ ထဘို့အတွက် စိတ်ကိုအမှီပြုဖြစ်တဲ့ စိတ္တဇဝါယောရုပ်တွေ ခန္ဓာကိုယ်တကိုယ်လုံး အကုန်လုံးပျံ့ပြီးတော့ ဝါယောရုပ်တွေရှိမှ ထလို့ရတယ်မဟုတ်လား၊ အတ္တကအထခိုင်းလို့သာ ထရတယ်ဆိုယင် လေဖြတ်နေတဲ့လူ အထခိုင်းစမ်းပါ၊ ဘယ်လိုလုပ်ထမလဲ၊ ဘယ်မှာလဲ-အတ္တ သတ္တိ ရှိသေးလား၊ (မရှိပါဘုရား)။

အတ္တနှင့်အနတ္တဝါဒ ဆန့်ထားတဲ့ လက်တချောင်းကို ကွေးလိုက်တယ် အပေါ်ကို မ-လိုက်တယ်၊ ကိုင်း-လေဖြတ်နေတဲ့လူ ကွေးစမ်းပါ၊ လက်ကို အပေါ်မြှောက်စမ်းပါ၊ မြှောက်လို့ရရဲ့လား၊ (မရပါဘုရား) ဘယ်မှာလဲ အတ္တကြောင့်၊အတ္တကြောင့်လို့ ဒိဋ္ဌိဆရာကြီးတွေ ယူစွဲထားတာဟာ ယခု အတ္တကလက်ကို ကွေးနိုင်, ဆန့်နိုင်ရဲ့လား၊ (မရပါဘုရား)။ အဲဒါ-ရုပ်တရားကြောင့်စိတ်, စေတသိက်တရားကြောင့် ကွေးမှု, ဆန့်မှုတွေ ဖြစ်နေတာပါလို့ ဒီလိုမြတ်စွာဘုရားက ဟောတယ်။

အဲဟို အတ္တဆရာကြီးတွေကတော့ဖြင့်—

သမ္ဘော အတ္တဝသေနေဝ၊ ဟောတီတိ ပရိကပ္ပိတော။
ကာရကော ဝေဒကော သာမီ၊ နိစ္စော သီ သော သယံဝသီ။

အတ္တာဝသောနေဝ၊ အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်ဟုဆိုအပ်သော အတ္တတရား၏ စွမ်းရည်သတ္တိ မပြတ်ရှိသည်အတွက်ကြောင့်သာလျှင်။ သဗ္ဗော၊ သူရောကိုယ်ပါ များစွာသောင်းသောင်း သတ္တဝါအပေါင်းသည်။ ဟောတိ၊ ထိုဤအမှု ကိုယ်စီပြု၍ ယခုအနေ ဖြစ်ရှိ၍နေရပေ၏။

စီးပွားဥစ္စာတွေရှာတယ် ဖွေတယ်၊ စားရေး, သောက်ရေး, ဝတ်ရေး,နေရေး, ထိုင်ရေး, ပြောရေး,ဆိုရေးတွေ လုပ်နေရတာ ဘယ်သူကြောင့်လဲ-ဘယ်သူခိုင်းလို့ လုပ်နေရသလဲ-အတ္တ ခိုင်းလို့၊ ငါဘို့လို့ ဒီလို ပြောတယ်၊ ထိုထိုအမှုတွေ လုပ်နေရတာဟာ အမှန်ကတော့ စိတ်နဲ့ စေတသိက်ကြောင့် လုပ်နေရတာပါလို့ မြတ်စွာဘုရားက ပြောတယ်၊ သတ္တဝါတွေ အဲဒါ မမြင်ဘူး။

ကူးသန်းရောင်းဝယ်ရေးတွေ လုပ်နေရတယ်၊ စားရေးစာချီတွေ လုပ်နေရတယ်၊ ဘယ်သူ့ဘို့လဲ-ငါ့ဘို့လို့ ဒီလို ပြောနေကြတယ်မဟုတ်လား၊ အတ္တဘို့ဘဲဆိုတာ မဟုတ်ဘူး-တဲ့၊ စိတ်နဲ့ စေတသိက်တရားပါ-တဲ့၊ ဘာတရားနဲ့ ဘာတဲ့လဲ၊ (စိတ်နဲ့စေတသိက်ပါဘုရား)။

ဒါဖြင့် ဒီစိတ်နဲ့ စေတသိက်တရားက ဘယ်လောက်ကြာသတုံး၊ တာဝ-ကာလိက ဋ္ဌေန- ခဏကလေးနေသည်ဖြစ်သောကြောင့် အနိစ္စ၊ အနိစ္စသာ ထင်ထင်, ထင်ထင်လာယင် သူတို့ အတ္တ ဘယ်မှရှာလို့မရဘူး၊ ဒါကြောင့် "အနိစ္စ-သညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ"။ မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ အနိစ္စသညာ ထင်မြင်သောအမျိုးကောင်းသား,အမျိုးကောင်းသမီးအား။ အနတ္တသညာ၊ အတ္တ မရှိဘူးဆိုတဲ့ အနတ္တသညာသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်နေ၏။

သော အတ္တာ၊ ထိုအသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်ဆိုတဲ့ အတ္တ သဘောသည်။ ကာရကော၊ ပြုရေးပြုရာ ပေါ်ပေါက်လာလျှင် လျော်စွာ တခုခုဖြင့် ပြုစုလည်းပြုစုတတ်ပေ၏။

ကုသိုလ်ကောင်းမှုပြုတာ ဘယ်သူလဲ-အတ္တ၊ အကုသိုလ်ပြုတာ ဘယ်သူတုံး-အတ္တ၊ အတ္တက ပြုတဲ့ ကုသိုလ်ကောင်းမှု အကျိုးကို အတ္တက စံစားရမယ်။ အတ္တက ပြုလုပ်တဲ့ အကုသိုလ်အပြစ် ဘယ်သူခံရသလဲ-အတ္တ ခံရမယ်လို့ ဟောဒီလိုကို သူတို့က စွဲတယ်၊ အမှန်ကတော့ ရုပ်နဲ့နာမ်ကို သူတို့ထည့်မပြောဘူး၊ အတ္တချည်းဘဲ အစစအရာရာ ကြည့်ရေး ကြည့်ရာ ကြည့်စရာတွေ လုပ်စရာ ကိုင်စရာတွေရှိတာကို ဘယ်သူက အလုပ်ခိုင်းထားသလဲ-အတ္တက ချည်းထဲဘဲ၊ ကာရကော၊ ပြုလုပ်တတ်သူ။

ဝေဒကော၊ အကြောင်းအားလျော်စွာ ပေါ်လာပြန်ယင် စံစားလည်း၊ ခံစားတတ်ပေ၏။

ဟာ–ဒီကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ ကုသိုလ်ရဲ့ အာနိသံသတွေ ခံစားစရာရှိတာ ဘယ်သူတုံး–အတ္တ ဟုတ်လား၊ အကုသိုလ်တွေကို ပြုပြီးတော့ အကုသိုလ်အပြစ်တွေကို ခံစားစရာရှိတာ ဘယ်သူလဲ–အတ္တ၊ ခံစရာရှိလဲ ဘယ်သူ ခံရမလဲ–အတ္တ ခံရမယ်၊ ကြုံစရာရှိယင်လဲ အတ္တ ကြုံရမယ်လို့ ဒီလိုဘဲ သူတို့ပြော နေကြတယ်–အတ္တဝါဒီသမားက။

မဟုတ်ဘူးတဲ့–မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က၊ ကမ္မနဲ့ဝိပါကဟုတ်လား၊ ပြုတာဘယ်သူလဲ–ကမ္မ၊ ခံရတာ ဘယ်သူလဲ–ဝိပါက ဟုတ်လား၊ ဘုန်းကြီးတို့ ပြောခဲ့တယ်မဟုတ်လား–

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ အကျိုးတရားတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိပါကော၊ ဝိပါက်သည်။ ကမ္မသမ္ဘဝေါ၊ ကံကြောင့်သာလျှင်ဖြစ်၏။ အကြောင်းတရားကြောင့် သာလျှင် အကျိုးတရားဖြစ်တာပါ၊ အကုသိုလ်ကြောင့်အကုသိုလ်ရဲ့အကျိုးဝိပါက်၊ ကုသိုလ်ကြောင့် ကုသိုလ်ရဲ့အကျိုး ဝိပါက်ဖြစ်တာပါဘဲတဲ့–မြတ်စွာဘုရားက။

"ကာရကော ဝေဒကော သာမီ"။ သာမီ၊ ခန္ဓာအိမ်ပိုင်ဆိုင်သမျှ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း။

ဟောဒီ လူ့ခန္ဓာအိမ်ကြီးတခုလုံးကို အုပ်စိုးစီမံပြီးတော့ထားတာ ဘယ်သူလဲ–သာမီဆိုတဲ့ အတ္တတရားဘဲ၊ သူကချည့်စီမံနေတာတဲ့၊ ကွေးစရာရှိလို့ကွေးလိုက်အုံး ဆန့်စရာရှိဆန့်လိုက်အုံး၊ သွားစရာရှိ သွားလိုက်အုံး၊ ထိုင်စရာရှိ ထိုင်လိုက်အုံး၊ ရပ်စရာ–အိပ်စရာ အားလုံးဘဲ ဟုတ်လား၊ ဒါတွေ ဘုန်းကြီးတို့ တလောက ဗိုလ်တထောင်မှာ ဟောပြီးပြီ–နော်၊ (မှန်ပါ)။

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။[၁]

ဒါတွေ ဟောပြီးပြီမဟုတ်လား၊ သွားတာရယ်, ရပ်တာရယ်, ထိုင်တာရယ်, လျောင်းတာရယ်, ကွေးတာရယ်, ဆန့်တာရယ်–ဒီတရား ခြောက်မျိုး အကုန်လုံး ဒီအမူအရာတွေဟာ ဘာတွေလဲ–ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုဘဲ၊ ဘယ်သူ့ကြောင့် ဒီခန္ဓာကိုယ်လှုပ်ရှား နေတာလဲ–အတ္တ ကြောင့်လား ဆိုတော့–မဟုတ် ဘူးတဲ့၊ စိတ်ကြောင့်၊ စိတ္တဇဝါယောရုပ်တွေ–ဟုတ်လား (မှန်ပါ)။

၁။ သုတ္တနိပါတ်ပါဠိတော် နှာ–၃၀၇။

“နိဝါသီ သော သယံ ဝသီ”။ နိဝါသီ၊ အဟောင်းခန္ဓာအိမ်ပျက်သည့်ချိန်ဝယ် ခန္ဓာအိမ်အသစ်လဲ၍ တကထဲမှီ အမြဲတည်နေတဲ့ သဘောပါပေတည်း။

အိမ်ဥပမာကိုယ်ခန္ဓာ

အတ္တဆိုတဲ့ သဘောတရားဟာ ခန္ဓာအိမ်တခုဟောင်းယင် ခန္ဓာအိမ်တခုပြောင်းတယ်၊ ဥပမာပုံဆိုပါတော့လေ–ဟော ဒီ ကျောင်းတို့ အိမ်တို့ဆိုတဲ့ ဒီလို အိမ်ကြီးပေါ်မှာ နေတဲ့လူဟာ အိမ်ပိုင်ရှင်ဘဲ ဒီအိမ်ကြီးဟောင်းသွားတော့ သူဘာလုပ်သလဲ–အိမ်အသစ်ပြန်ပြင်တယ်။

အဲဒီလို အိမ်အသစ်ပြန်ပြင်တယ်ဆိုတဲ့နေရာမှာပဌမအိမ်ကြီးပျက်သွားပြီဆိုယင် နောက်တခါ အိမ်ကြီး ပြန်ပြင်ယင် ပဌမအိမ်ထက် ကောင်းတဲ့အိမ် မဖြစ်နိုင်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ပဌမအိမ်ထက်ညံ့ထက်အိမ်ဖြစ်ယင်ကော မဖြစ်နိုင်ဘူးလား၊ (မဖြစ်နိုင်ပါတယ် ဘုရား) ပဌမအိမ်နဲ့ တန်းတူအိမ်ကော မဖြစ်နိုင်ဘူလား၊ (ဖြစ်နိုင်ပါတယ်ဘုရား)။

ဖြစ်နိုင်တယ်နော်၊ အဲဒီလို ဖြစ်နိုင်တာကျတော့ အတ္တက ငါ အခုဖြစ်နေတဲ့ ခန္ဓာအိမ်ထက် ပိုပြီးတော့ ကောင်းတဲ့ ခန္ဓာအိမ်ရအောင် လုပ်မယ်ဆိုယင် သူတတ်နိုင်ပါ့မလား၊ မတတ်နိုင်ဘူး၊ ဒီ ခန္ဓာအိမ်ထက် ယုတ်ညံ့တဲ့ ခန္ဓာအိမ် ဖြစ်နေယင်ကော သူတတ်နိုင်ပါ့မလား၊ မတတ်နိုင်ဘူး။

ကဲ–ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီခန္ဓာ အိမ်တခု ပျက်စီးသွားယင်, နောက်တခါ ခန္ဓာအိမ်တခု အသစ်လဲသွားယင် ဒီ ခန္ဓာအိမ်ထက်ဆိုးတဲ့ အပါယ်လေးဘုံသူ, လေးဘုံသားတို့ရဲ့ ခန္ဓာအိမ်ကို ရချင်ရမှာဘဲ၊ ဒီခန္ဓာအိမ်အစားဘဲ လူ့ခန္ဓာအိမ်ပြန်ရချင်ရမယ်၊ ဒီ ခန္ဓာအိမ် ထက် ပိုကောင်းတဲ့ နတ်ခန္ဓာအိမ်, ဗြဟ္မာ့ခန္ဓာအိမ်–ဒါတွေလဲ သူရချင်ရမယ် ဟုတ်လား၊ အဲဒီလို ခန္ဓာအိမ်အသစ်လဲပြီးလို့ ပြောင်းတဲ့အခါကျတော့ အတ္တက ဘာတတ်နိုင်သေးလဲ–သူဘာမှ မတတ်နိုင်ဘူး ဟုတ်လား။

ဟော–သူကတော့ ဘယ့်နှယ်စွဲထားသလဲဆိုတော့–နိဝါသီ၊ ဟောင်းခန္ဓာ အိမ် ပျက်သည့်ချိန်ဝယ် ခန္ဓာအိမ်အသစ်လဲ၍ တကထဲမှီ အမြဲတည်တဲ့သဘော ပေတည်း။ သူတို့ယူထားတာ–အတ္တ ဆိုတာဟာတဲ့ ဒီခန္ဓာငါးပါးတည်းဟူသော အိမ်ကြီးပျက်သွားပေတဲ့ ဒီခန္ဓာငါးပါးကို မှီနေတဲ့ အတ္တကတော့ မပျက်ဘူး–ဟိုအသစ်အိမ်ကို ပြေးသွားတယ်တဲ့။

အဲဒါကတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေလဲ နဲနဲပါးပါး ရှိတယ် ထင် တယ် ဟုတ်သား၊ ဒီဘဝက ခန္ဓာအိမ်ပျက်စီးသွားယင် ဟို နောက်ဘဝက ခန္ဓာအိမ် ပြောင်းသွားတယ်ဆိုပြီးတော့ “လောက်လန်းသဖွယ်၊ ဝိညာဉ်တွယ်”လို့ ယူကြသေးတယ်မဟုတ်လား။ (မှန်ပါဘုရား)။

အဲဒါ အတ္တချည်းဘဲ အကုန်လုံး၊ ပြီးတော့ တချို့များ ဘယ့်နှယ်အစွဲရှိနေသလဲဆိုတော့ လူလဲ သေသွားရော သင်းချိုင်ကုန်းက မြေကြီးခဲ ပြန်ယူလာခဲ့တယ်–လိုက်ခဲ့ပါအုံးဆိုပြီးတော့၊ ဘာလုပ်ဘို့လဲ–ဒီမြေကြီးခဲကို ဟုတ်လား၊ အိမ်ကျတော့ သဘက်ကလေး ခင်းပြီးတော့ အဲဒီမြေကြီးခဲလေး ထဲ့တယ်–ခုနစ်ရက်အတွင်းဘဲ နေရသေးသလိုလို၊ ဒီလိုဟုတ်လား။

အင်း– ဒီလိုဟာကလေးတွေကလဲ ရှိနေသေးတယ်– အတ္တစွဲ မကင်းတာကလေးတွေ၊ တချို့ကလဲ သစ်ရွက်လေးချိုးလာသတဲ့၊ ပြီးတော့ သေတဲ့လူစားဘို့ဆိုပြီး ထမင်းထုပ်ကလေး, ဆေးလိပ်ကြိုက်တတ်ယင် ဆေးလိပ်ကလေးတွေ ထဲ့ပေးလိုက်သေးဆို ဟုတ်လား၊ (မှန်ပါ) အဲဒါ အတ္တ အတ္တ။

ဒီခန္ဓာအိမ်ကတော့ ပြောင်းသွားပြီ၊ ဟိုခန္ဓာအိမ် အသစ်ကလေးတွေဘို့လို့ဆိုပြီးတော့ တချို့များ ဘယ်လောက်တောင်လုပ်သလဲဆိုတော့ ဒီအတ္တဝါဒီအားကြီးတယ်၊ ဒီ ဘဝက ခန္ဓာအိမ်တခု ပြောင်းသွားယင် ဟို နောက်ဘဝမှာ အိမ်နဲ့ယာနဲ့, စာပွဲတွေ ကုလားထိုင်တွေနဲ့ နေဘို့ဆိုပြီးတော့ ဟိုသင်္ချိုင်းကုန်းမှာသွားပြီး တိုက်ကြီးတောင် သွားတယ်ကြတယ် ဟုတ်လား၊ အဲဒီလိုသူကစွဲထားတယ်–အတ္တ။

ရှာမရသည့်အတ္တ သယံဝသီ၊ မိမိအကြိုက် စံနစ်ကိုက်အောင် မိမိအလိုသို့လိုက်ပါနိုင်တဲ့ သဘောပေတည်း၊ မျက်လုံးကလဲ သူ့အလိုလိုက်ရတယ်၊ နားကလဲ သူ့အလိုလိုက်ရတယ်၊ နှာခေါင်းကလဲ သူ့အလိုလိုက်ရတယ်၊ ရှေးက အတ္တ ဆရာကြီးတွေ အဲဒီအတိုင်းဘဲ စွဲထားကြပါတယ်တဲ့–အတ္တစွဲ ဟုတ်လား၊အဲဒီ အတ္တစွဲထားတဲ့ အတ္တ သည် အခုနင်က အနိစ္စသညာတွေ ရှုပွားနေတဲ့ ပုဂ္ဂိုလ် အနိစ္စသညာထင်တော့ ဘယ်မှာလဲ– ခိုင်မြဲနေတယ်ဆိုတဲ့ အတ္တ။

ရူပက္ခန္ဓာ ကြည့်လိုက်လဲ မတွေ့ဘူး၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတွေဟာ စိတ္တက္ခဏ တချက်ပြီးရင်း ပျောက်ကုန်ရင်း, တချက်ပြီးရင်း ပျောက်ကုန်ရင်းဆိုတော့ ဒီခန္ဓာကို မှီပြီးတော့ဖြစ်တဲ့ အတ္တဆိုယင် ခန္ဓာပျောက်တိုင်း ပျောက်တိုင်း ဒီ အတ္တ ဘာဖြစ်မလဲ– (ပျောက်ပါတယ်ဘုရား) ခန္ဓာပျက်တိုင်း,ပျက်တိုင်း ဒီအတ္တ ဘာဖြစ်မလဲ၊ (ပျက်ပါတယ်ဘုရား)။

ဘယ်မှာလဲ–မြဲတာ၊ ဒီတော့ အတ္တရှာမရဘူးတဲ့၊ အနိစ္စသညာကို ဤကဲ့သို့ပွားနေမယ်ဆိုယင်–သဗ္ဗညုမြတ်စွာဘုရားက မေဃိယကိုဟောတဲ့ နေရာမှာ–

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။

မေဃိယ၊ ချစ်သား မေဃိယ။ အနိစ္စသညိနော၊ အနိစ္စသညာကို ပွား၍ နေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ အနတ္တသညာ၊ အတ္တ မဟုတ် အခုနက ကာရက, ဝေဒက,သယံဝသီ, နိဝါသီ ခေါ်တဲ့ သဘော တရား မဟုတ်သော အနတ္တသညာသည်။ သဏ္ဌာတိ၊ကောင်းစွာတည်၍ နေလေ တော့၏။

မျက်မှောက်နိဗ္ဗာန် အနတ္တသညာကြီးတည်လာမယ် ဟုတ်လား၊ အနတ္တသညာ ဖြစ်လာတော့ ဘာဖြစ်သလဲ- "အနတ္တသညာ အသ္မိမာန- သမုဂ္ဃါတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနန္တိ"။

မေဃိယ၊ ချစ်သား မေဃိယ။ အနတ္တသညာ၊ အနတ္တသညာ ကောင်း ကောင်းကြီး ထင်၍နေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အသ္မိမာနသမုဂ္ဃါတံ၊ ငါလို့စွဲလမ်းတယ်ဆိုတဲ့ အသ္မိမာနကို ပယ်ခွာနိုင်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ (အသ္မိမာနကို ပယ်ခွာနိုင်ယင် ဘာဖြစ်မလဲ) ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌။ နိဗ္ဗာနံ၊ ကိလေသာမီးအားလုံးတို့ ငြိမ်းရာဖြစ် သော နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏာတိ၊ ရောက်နိုင်၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဤသို့ မေဃိယသုတ္တန်မှာ မေဃိယ ရဟန်းကို အကြောင်းပြု ဟောကြားတော်မူပါတယ်၊ ဥဒါန်း ပါဠိတော်မှာ ဒီ ဒေသနာတော်ကို ဟောကြားပြီးသည့်အဆုံး၌ မေဃိယကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီ ဒေသနာအကျယ် ဟောပြီးတော့မှ—

"အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ"-လို့ဆိုပြီးတော့ ဂါထာနှစ်ပုဒ်နဲ့ မြတ်စွာဘုရား ဥဒါန်း ကျူးပါ တယ်၊ အဲဒီဂါထာနှစ်ပုဒ်ကဘာလဲ-

ခုဒ္ဒါ ဝိတက္ကာ သုခုမာ ဝိတက္ကာ၊
အနုဂတာ မနသော ဥပ္ပိလာ ဝါ။
ဧတေ အဝိဒ္ဓါ မနသော ဝိတက္ကေ၊
ဟုရာဟုရံ ဓာဝတိ ဘန္တစိတ္တော။ (ဒါက ပဌမဥဒါန်းဂါထာ)။

မနသော၊ စိတ်သို့။ အနုဂတာ၊ အစဉ်လျှောက်၍ လိုက်တတ်ကုန်သော။ မနသော၊ စိတ်ကို။ ဥပ္ပိလာဝါ၊ လျှပ်ပေါ်လော်လီတက်ကြွပျော်ပျက်တတ် ကုန်သော။ ဝါ-မွေ့ရှားတတ်ကုန်သော။ ခုဒ္ဒါဝိတက္ကာ၊ ကာမဝိတက်စသော ယုတ်ညံ့သော ဝိတက်တို့သည်၎င်း။ သုခုမာ ဝိတက္ကာ၊ဉာတိဝိတက်,ဇနပဒဝိတက်,

အမရာဝိတက်, ပရာနုဒ္ဒယတာ ဝိတက်, လာဘာသက္ကာရ သိလောက ပဋိသံယုတ္တ ဝိတက်, အနဝညတ္တိဝိတက်ဟုဆိုအပ်သော ခြောက်မျိုးသောဝိတက်တို့သည်ရင်း။ ဝါ-နူးညံ့သိမ်မွေ့သော ဝိတက်တို့သည်ရင်း။ သန္တိ၊ ရှိကုန်၏။

မနသောဝိတက္ကေ၊ စိတ်အစဉ်သို့လိုက်၍ ပျံ့လွင့် တတ်ကုန်သော။ ဧတေ၊ ဤမနောဝိတက်တို့ကို။ အဝိဒ္ဒါ၊ ခွဲခြား၍ မသိသောသူသည်။ ဘန္တစိတ္တော၊ တုန်လှုပ် ချောက်ချားသော စိတ်ရှိသည် ဖြစ်၍။ ဟုရာဟုရံ၊ ထိုအာရုံဤအာရုံ အမျိုးမျိုးသို့။ ဓာဝတိ၊ ပြေးသွားတတ်၏။

ဒါ ပဌမ ဥဒါန်းဂါထာ၊ ဘာပြောသလဲဆိုတော့—ဝိတက်၊ ခုဒ္ဒကဝိတက်ဆို တာ ယုတ်မာသောဝိတက်သုံးမျိုးရှိတယ်၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံ သာဝိတက်။

ဝိတက် ၆-မျိုးကွာပုံ သုခုမဝိတက်လို့ နူးညံ့သိမ်မွေ့တဲ့ဝိတက်က ခြောက်မျိုး ရှိတယ်၊ ဉာတိဝိတက်, ဇနပဒဝိတက်—ဉာတိဝိတက်ဆို တာ ကိုယ့်ဆွေတွေ မျိုးတွေ ကိုယ့်သားသမီးညီအကိုအမညီမတွေ ဘယ်လိုနေပါ လိမ့်, ဘယ်လိုစားပါလိမ့်-ဒါတွေတွေးနေတာ ဉာတိဝိတက်၊ ဇနပဒ ဝိတက်ဆို တာ ဇနပုဒ်သူ, ဇနပုဒ်သားတွေ အကြောင်းပြုပြီး တွေးနေတဲ့ ဝိတက်တွေ၊ အမရာဝိတက်-မသေအောင်ကြံတဲ့ဝိတက်မျိုး၊ ပရာနုဒ္ဒယတာ ပဋိသံယုတ္တဝိတက်- သူတပါးကို သနားစိတ်နဲ့ စပ်ယှဉ်တဲ့ဝိတက်မျိုး၊ လာဘာသက္ကာရ သိလောက ဝိတက်-လာဘ်လာဘရယူဘို့ ကြံစည်နေတဲ့ဝိတက်၊ အဲဒီဝိတက်မျိုးကတော့ ဒါ သုခုမဝိတက်လို့ခေါ်တယ်။

အဲဒီ ခုဒ္ဒကဝိတက်, သုခုမဝိတက်လို့ခေါ်တဲ့ ဝိတက် အမျိုးမျိုး တို့သည် သတ္တဝါ၏ စိတ်အစဉ်ကို လျှောက်လိုက်တတ်တယ်၊ သတ္တဝါရဲ့စိတ်ကို လျှပ်ပေါ် လော်လီအောင် ပျံ့လွင့်အောင် သူကလုပ်တတ်တဲ့ ဝိတက်တွေတဲ့၊ အဲဒီဝိတက် တွေကို ပိုင်းပိုင်းခြားခြား နောက်ကဟောခဲ့ဘိသကဲ့သို့ မသိတဲ့ပုဂ္ဂိုလ်ရဲ့ စိတ် သည် တုန်လှုပ်ချောက်ချားပြီးတော့ အာရုံအမျိုးမျိုးကို ပြေးသွားတတ်တယ်တဲ့- မြတ်စွာဘုရားက။—

ဧတေ စ ဝိဒ္ဒါ မနသော ဝိတက္ကေ၊
အာတာပိယော သံဝရတီ သတီမာ။
အနုဂတေ မနသော ဥပ္ပိလာဝေ၊
အသေသ မေဓဝေ ပဇဟာသိ ဗုဒ္ဓေါ။[၁]

၁။ ဥဒါန်းပါဠိတော် နှာ-၁၂၁။

ဒုတိယဥဒါန်းဂါထာ။ မနသော၊ စိတ်သို့။ အနုဂတေ၊ အစဉ်စိုက်၍ လိုက်တတ်ကုန်သော။ မနသော၊ စိတ်ကို။ ဥပ္ပိလာဝေ၊ ပျံလွင့်တုန်လှုပ်တတ်ကုန်သော။ ဧတေ မနသော ဝိတက္ကေ၊ ထိုမနောဝိတက်တို့ကို။ ဝိဒ္ဒွါ၊ သိသော ပညာရှိ သုတ ဗုဒ္ဓသည်။ အာတာပိယော၊ ကိလေသာကို ခန်းခြောက်စေ တတ်သော လုံ့လဝီရိယ ရှိသည်ဖြစ်၍။ သတိမာ၊ သတိရှိသည်ဖြစ်၍။ သံဝရတိ၊ အဲဒီ ဝိတက်တွေကို နိုင်အောင် ပိတ်ဆို့နိုင်၏။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို သိသော။ ကုလပုတ္တော၊ သုတဗုဒ္ဓ အမျိုးကောင်းသား, အမျိုးကောင်းသမီး သည်။ ဧတေ၊ ထိုဝိတက်တို့ကို။ အသေသံ၊ အကြွင်းအကျန် မရှိအောင်။ ပဇဟာသိ၊ ပယ်စွန့်နိုင်၏။

ဒီဝိတက်သုံးပါးရှိတဲ့ ပုဂ္ဂိုလ်ဟာ စွန့်နိုင်တယ်လို့ ဒီလိုမြတ်စွာဘုရား ဥဒါန်း ကျူးတယ်၊ အဲဒီ ဥဒါန်းကျူးပြီးတော့မှ မေဃိယ မထေရ်ကို ဟောကြားတဲ့ ဟို ဘုန်းကြီးတို့ ပဌမဝါဆိုဦးက စပြီးတော့ မှတ်ယ်ခဲ့တဲ့ဂါထာကို ပြန်ပြီး တော့ မြတ်စွာဘုရားက ဓမ္မပဒဂါထာ နှစ်ဂါထာ ပြန်ဟောတယ်၊ အဲဒီ ဓမ္မပဒဂါထာ နှစ်ဂါထာကို နှယ့်နှယ်ပြန်ဟောသလဲ-

လေးသမား	ဖန္ဒနံ စပလံ စိတ္တံ၊ ဒူရက္ခံ ဒုန္နိဝါရယံ။
ဥပမာ	ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။
	ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတ ဥဗ္ဘတော။
	ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။[၁]

ဥသုကာရော၊ ရဲမာန်ဝင့်ကြွား လေးသမားသည်။ တေဇနံ၊ အဖုအထစ် မပြေပြစ်ငြား ကောက်သောမြားကို။ ဥဇုံ ကရောတိ ဣဝ၊ မီးဝယ်ကင်မြိုက် ကိုယ့်အကြိုက်သို့ အလိုက်သင့် ဆွဲဆောင် ဖြောင့်အောင် ပြုလုပ်နိုင်သကဲ့သို့။ ဝေံတထာ၊ ဤအတူ။ မေဓာဝီ၊ ကြောင်းကျိုးသိမြင် ပညာရှင်ဖြစ်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဖန္ဒနံ၊ ရူပ, သဒ္ဒ စသည်ဖုံဖုံ ခြောက်အာရုံ၌ တုန်လှုပ်၍နေသော။ စပလံ၊ အမျိုးချိုးသော အာရုံတို့၌ တားဆီးမရ လျှပ်ပေါ်လော်လီထသော။ ဒူရက္ခံ၊ ဂိပဿနာ အာရုံ၌ ထိန်းသိမ်း စောင့်ရှောက်ခြင်းငှာ ခဲယဉ်းလှစွာသော။ ဒုန္နိဝါရယံ၊ မကောင်းတဲ့ အာရုံကို သွားတဲ့နေရာမှာ မသွားအောင်တားမြစ်ခြင်းငှာ ခဲယဉ်းလှစွာထသော။ စိတ္တံ၊ စိတ်ကို။ ဥဇုံကရောတိ၊ ဝီရိယတည်းဟူသော မီးဝယ်တင်မြိုက် ကိုယ့်အကြိုက်သို့ အလိုက်သင့်ဆွဲဆောင် ဖြောင့်အောင်ပြုလုပ်နိုင်၏။

၁။ ဓမ္မပဒ၊ ပါ၊ မေဃိယတ္ထေရဝတ္ထု။ နှာ-၁၈။

ပညာရှိပုဂ္ဂိုလ်ကတော့ ကောက်ကျစ်စဉ်းလဲတဲ့စိတ်ကို ဖြောင့်အောင်ပြုလုပ်နိုင်ပါတယ်-တဲ့၊ ဒုတိယဂါထာအနက်ကတော့—

ဩကမောကတဥဗ္ဘတော၊ မိမိနေထိုင်ရာဖြစ်သော ရေထဲမှဆုတ်ဖော်အပ်သည်ဖြစ်၍။ ထလေ၊ ကြည်းကုန်းထက်၌။ ခိတ္တော၊ စွန့်ပစ်အပ်သော။ ဝါရိဇော၊ ရေ၌ပေါက်ဖွား ငါးသတ္တဝါသည်။ ဖန္ဒတိဣဝ၊ တဖျတ်ဖျတ် တုန်လှုပ်ဘိသကဲ့သို့။ ဧဝံတထာ၊ ဤငါးတို့အတူ။ ဣဒံစိတ္တံ၊ အာရုံငါးပါး လိုက်စားပျော်ရွှင်သတ္တဝါတို့ရဲ့ စိတ်အစဉ် (စိတ်တည်းဟူသောငါး)သည်။ မာရဓေယျံ၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို။ ပဟာတဝေ၊ သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်ခွာခြင်းငှာ၊ ဥဗ္ဘတော၊ကာမပြင်ကျယ် ရေပင်လယ်ထဲမှ ထုတ်ဆောင်သည်ဖြစ်၍။ ထလေ **ဝိပဿနာအာရုံတည်း** ဟူသော ကြည်းကုန်းထက်သို့။ ခိတ္တော၊ ဝိပဿနာရှုဘို့ရန် စိတ်ကိုပစ်ချထားသည် ရှိသော်။ ပရိဖန္ဒတိ၊ ကာယိက ဝီရိယ, စေတသိက ဝီရိယ နှစ်သွယ် မီးဝယ်ကင်မြိုက် အပူရှိန်ဟပ်သဖြင့် တဖျတ်ဖျတ် တုန်လှုပ်၍နေလေတော့၏။

ဒေသနာ့ခနိဂုံး ၂-ရပ်ထူးခြားချက် ဂါထာ ပရိယောသာနေ၊ ဒေသနာနိဂုံး ဂါထာဆုံး အပ်သောအခါကာလ၌။ မေဃိယတ္ထေရော၊ အရှင်မေဃိယ မထေရ်သည်။ သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌိတော၊ တည်လေတော့၏။

ဒါ ဓမ္မပဒ အဋ္ဌကထာတို့ အဆို၊ ဒီမှာတော့ သောတာပန် တည်သွားပြီလို့ ပြောတယ်၊ ဟို ထေရဂါထာ ပါဠိတော်မှာတော့ဖြင့်—

အနုသာသိ မဟာဝီရော၊ သဗ္ဗဓမ္မာန ပါရဂူ။
တဿာဟံ ဓမ္မံ သုတွာန၊ ဝိဟာသိံ သန္တိကေ သတော။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ [၁]

မဟာဝီရော၊ ကြီးမြတ်သောလုံ့လဝီရိယရှိတော်မူသော။ သဗ္ဗဓမ္မာနပါရဂူ၊ ခပ်သိမ်းဉာဏ်ဆုံ အလုံးစုံကုန်သော တရားတို့ကို အကြွင်း အကျန်မရှိ အဆုံးအပိုင်းအခြားသို့ ရောက်တော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အနုသာသိ၊ (အပရိပဏ္ဏာယ မေဃိယ စေတော ဝိမုတ္တိယာ ဣမေ ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တတိ-ဟူ၍) ဆုံးမညွှန်ကြားတော်မူ၏။

အဟံ၊ ငါသည်။ တဿ၊ ထိုမြတ်စွာဘုရာ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သုတွာ၊ ကြားနာရသည်ဖြစ်၍။ သန္တိကေ၊ မြတ်စွာဘုရားအထံတော်၌။ သတော၊

၁။ ထေရဂါထာ ပါဠိတော် နှာ-၂၃၄။ ၎င်းအဋ္ဌကထာ၊ပ၊ နှာ-၁၀၉။

လေးပါးသော သတိပဋ္ဌာန်တို့တွင် တပါးပါးသောသတိပဋ္ဌာန်နှင့်ပြည့်စုံသည်။ ဟုတ္တွာ၊ ဖြစ်၍။ ဝိဟာသိ၊ ချဉ်းကပ်နေခဲ့ပါပေ၏။

မယာ၊ ငါသည်။ တိဿော၊ သုံးပါးကုန်သော။ ဝိဇ္ဇာ၊ အာသဝက္ခယဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်ဆိုတဲ့ ဝိဇ္ဇာသုံးပါးတို့သို့။ အနုပ္ပတ္တာ၊ အစဉ်ရောက်အပ်ကုန်ပြီ။မယာ၊ငါသည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏။သာသနံ၊အဆုံးအမ ဒေသနာတော်ကို။ကတံ၊ လိုက်နာကျင့်သုံး၍ပြီးပြီ။

လို့ ဒီလို ထေရဂါထာ ပါဠိတော်မှာ လာတာကတော့ဖြင့် မေဃိယ မထေရ်ဟာ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားပါတယ်တဲ့ ဟုတ်လား၊ အခုနင်က ဓမ္မပဒ ကတော့ သောတာပန် ပုဂ္ဂိုလ်ဖြစ်ရုံလောက်ပဲ။

ဘယ်မှာ မှီပြီးတော့ ရဟန္တာပုဂ္ဂိုလ် ဖြစ်သလဲ ဆိုတော့ ထေရဂါထာ အဋ္ဌကထာက—

သော တသ္မိံ ဩဝါဒေ ဌတွာ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏိ။ ၁

သော၊ ထိုမေဃိယ မထေရ်သည်။ တသ္မိံ ဩဝါဒေ၊ ထိုဩဝါဒ၌။ (ဘယ်လို လဲ ဩဝါဒက–"အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စ ဓမ္မာ ပရိပါကာယ သံဝတ္တန္တိ"-ဟူ၍ မြတ်စွာဘုရား မေဃိယသုတ္တန်၌ ဟောကြား တော်မူသော) ထိုဩဝါဒ၌။ ဌတွာ၊ တည်၍။ ဝိပဿနံ၊ ဝိပဿနာတရားကို။ ဝဍ္ဎေတွာ၊ ပွားသည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ကောင်းစွာမသေ့ ရောက်ရှိတော်မူပါပေ၏။ (ဣတိ၊ ဤသို့။ ဒေသေတိ၊ ကောင်းစွာမသေ့ မေဃိယသုတ္တန် ဒေသနာတော်ကို ဟောကြားတော် မူခဲ့ပါ ပေ၏)။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား, အမျိုးကောင်း သမီးအပေါင်းတို့။ တုမှေ၊ သင်တို့သည်။တံ ဓမ္မဒေသနံ၊ ထို ဘုန်းတော် သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော မေဃိယ သုတ္တန် ဒေသနာတော်ကို။ သုတွာ၊ ကြားနာရကုန်သောကြောင့်။ ဥပနိဿယံ၊ ဥပနိဿယည်း အထောက်အပံ့ပစ္စည်းကို။ လဘိတွာ၊ ရကြကုန်သည်ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာ မသေ့ မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

၁။ ထေရဂါထာ အဋ္ဌကထာ ပဌမအုပ် နှာ–၁၀၀။

မြတ်စွာဘုရား၏ ဩဝါဒတော်များ

မပျင်းရိကြရန် ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် မြတ်စွာဘုရားက တရားသိမ်းတော်မူတဲ့အခါ ဘယ်လိုဩဝါဒများပေးလိုက်သလဲဆိုတော့—

ကောသဇ္ဇံ ဘယတော ဒိသွာ၊ ဝီရိယာရမ္ဘဉ္စ ခေမတော။
အာရဒ္ဓဝီရိယာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဘိက္ခဝေ၊ သံသရာဝဋ်ဆင်းရဲက လွတ်လိုကြကုန်သော အို-ကုလပုတ္တ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့။ တုမှေ၊ သင်တို့သည်။ ကောသဇ္ဇံ၊ တရားအားထုတ်ရဘို့နဲ့ တရားနာရဘို့မှ ပျင်းရိခြင်းကို။ ဘယတော၊ ဘေးတွေတော့မှာပါတကားဟူ၍။ ဒိသွာ၊ ရှုမြင်မိကြကုန်သည် ဖြစ်၍။ ဝီရိယာရမ္ဘဉ္စ၊ လုံ့လကြိုးကုတ် ဝီရိယဖြင့် အားထုတ်ခြင်းကိုလည်း။ ခေမတော၊ ဘေးကင်းကြောင်းဟူ၍။ ဒိသွာ၊ ရှုမြင်မိကြကုန်သောကြောင့်။ အာရဒ္ဓဝီရိယာ၊ အားထုတ်အပ်သော ဝီရိယရှိကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ (မြတ်စွာဘုရားက တရားအားထုတ်ကြပါတဲ့၊ ပျင်းယင်ဘေးတွေ့လိမ့်မယ်တဲ့၊ တရားအားထုတ်ယင် ချမ်းသာရလိမ့်မယ်) ဧသာ၊ ဤသည်ကား။ ဗုဒ္ဓါနုသာသနီ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်တို့၏ ကောင်းစွာဆုံးမတဲ့ ဩဝါဒတော်ပါပေတည်း။

မငြင်းခုံကြရန် တရားအားထုတ်တဲ့ အခါတွေမှာလဲဘဲ မြတ်စွာဘုရားက သူ့တရားကမှန်တယ်၊ ငါ့တရားကမှန်တယ်၊ သူ့ဟာကကောင်းတယ်၊ ငါ့ဟာက ကောင်းတယ်လို့ မငြင်းကြပါနဲ့တဲ့၊ ငြင်းခုံတတ်လွန်းလို့ မြတ်စွာဘုရားက ဩဝါဒပေးတော်မူထားခဲ့ပါတယ်။

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

မြတ်စွာဘုရားက အဲဒီလို ဩဝါဒ တခါပေးပြန်ပါတယ်-သူ့တပည့်တွေကို၊ ထူးကြီးဆရာတော်က ပေးတာမဟုတ်ဘူးနော်၊ ဘယ်သူပေးတာလဲ-မြတ်စွာဘုရားကပေးတာ၊ ဒီဩဝါဒဟာ ထူးကြီးဆရာတော်ရဲ့ ဩဝါဒလား၊ မြတ်စွာဘုရားရဲ့ ဩဝါဒလား၊ (မြတ်စွာဘုရားရဲ့ ဩဝါဒပါဘုရား)။

နားထောင်ယင် ဘယ်သူ့ဩဝါဒကို နားထောင်ရမလဲ၊ (မြတ်စွာဘုရားရဲ့ ဩဝါဒကို နားထောင်ရပါမယ် ဘုရား) နားမထောင်ယင် ဘယ်သူ့ဩဝါဒကို နားမထောင်တာလဲ၊ (မြတ်စွာဘုရားရဲ့ ဩဝါဒကို နားမထောင်တာပါဘုရား) နားထောင်ကြမလား၊ (နားထောင်ကြပါမယ် ဘုရား)၊ အားထုတ်ကြမလား၊ (အားထုတ်ကြပါမယ်ဘုရား)။

ခုဒီတခါ ဒီဩဝါဒကို ပေးပြန်ပြီ၊ ငါ့ကို ဩဝါဒပေးပြန်ပြီလို့ မှတ်ထားကြနော်၊ (မှန်ပါဘုရား)။

ဘိက္ခဝေ၊ ငါ၏သားတော်၊ သမီးတော်များ ဖြစ်ကြကုန်သော အိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ တုမှေ၊သင်တို့သည်။ ဝိဝါဒံ၊ တယောက်နဲ့တယောက် တအိမ်နဲ့တအိမ် တရပ်ကွက်နဲ့တရပ်ကွက် တသင်းနဲ့တသင်း တဖွဲ့နဲ့တဖွဲ့ တဝိပဿနာနဲ့တဝိပဿနာ ငြင်းခုံ၍နေကြခြင်းကို။ ဘယတော၊ ဘေးတွေတွေ့မှာပါတကားဟု။ ဒိသွာ၊ မြင်ကြကုန်၍။ အဝိဝါဒဥ္စ၊ တယောက်နဲ့တယောက် တသင်းနဲ့တသင်း တဖွဲ့နဲ့တဖွဲ့ မငြင်းခုံခြင်းကိုလည်း။ ခေမတော၊ ဘေးကင်းကြောင်းဟူ၍။ ဒိသွာ၊ ရှုမြင်ကြကုန်ပြီး၍။ သမဂ္ဂါ၊ တယောက်နဲ့တယောက် တသင်းနဲ့တသင်း တဖွဲ့နဲ့တဖွဲ့ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ဖြစ်ကြကုန်သည်။ သခိလာ၊ တယောက်နဲ့တယောက် ပြေပြေပြစ်ပြစ်ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။

မြတ်စွာဘုရားက မှာလိုက်တာ–သားတွေ့ သမီးတွေကို စိတ်မချလို့၊ ဒီကလူတွေ ကတော့ဖြင့် ရန်ချည်းဖြစ်နေကြသလား မသိဘူး၊ ဘယ်သူက ငါ့ကို ဘယ်နှဲ့ပြောတယ်၊ နင်ကဘယ်လိုပြောတယ်၊ မင်းကငါ့ကိုဘယ်လိုပြောတယ်၊ ငါကသင့်ကိုဘယ်လိုပြောတယ်နဲ့ ရန်တွေဖြစ်မနေကြနဲ့၊ မြတ်စွာ ဘုရားက ဘယ်လိုမှာနေသလဲ။

သမဂ္ဂါ၊ ညီညွတ်ကြကုန်သည်။ သခိလာ၊ တယောက်နဲ့တယောက် ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် ရှိကြကုန်သည်။ဟောထ၊ ဖြစ်ကြပါကုန်လော့။ သော၊ ဤကဲ့သို့ဆုံးမခြင်းသည်။ ဗုဒ္ဓါနုသာသနီ၊ မြတ်စွာဘုရားရှင်တို့၏ ဩဝါဒပေးတဲ့ အဆုံးအမတော်ပါပေတည်း။

နားထောင်ကြမလား၊ (နားထောင်ပါမယ်ဘုရား)။

ဟုတ်ကဲ့လား၊ (မှန်ပါဘုရား)။

မဟုတ်ပဲနဲ့မလုပ်ကြပါနဲ့၊ တယောက်နဲ့တယောက် နင်ကဘယ်လို ငါကဘယ်လိုနဲ့ ရန်မဖြစ်ကြနဲ့နော်၊ (မှန်ပါဘုရား)။

ဘယ်သူကပြောသလဲ၊ (မြတ်စွာဘုရားကပါ ဘုရား) မငြင်းကြနဲ့ နော်၊ တယောက်နဲ့တယောက် ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင်နေကြပါနော်။

မမေ့မလျော့နေကြရန် နောက်တခါ မေ့လျော့နေမှာစိုးလို့ ဩဝါဒ တခု ထပ်ပေးသေးတယ် –

ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော။
ဘာဝေထ ဋ္ဌင်္ဂိကံ မဂ္ဂံ၊ သော ဗုဒ္ဓါနုသာသနီ။

အပဒါန်ပါဠိတော်နဲ့ စရိယာပိဋကပါဠိတော် နိဂုံးမှာလာတဲ့ ဩဝါဒတွေ၊ ဘုန်းကြီး ဩဝါဒမဟုတ်ဘူးနော်။

ပမာဒံ၊ ကုသိုလ်ကောင်းမှုတွေမှာ မေ့လျော့၍ နေခြင်းကို။ ဘယတော၊ ဘေးတွေတော့မှာပါတကားဟူ၍။အပ္ပမာဒဥ္စ၊ ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းကိုလည်း။ ခေမတော၊ ဘေးကင်းကြောင်းပါတကားဟူ၍။ ဒိသွာ၊ ရှုမြင်ကြကုန်သည်ဖြစ်၍။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို။ တုမှေ၊ သင်သားတော် သမီးတော်ဖြစ်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ဘာဝေထ၊ မနားမနေ ပွားများနိုင်ကြပါစေကုန်သတည်း။ ဝါ၊ ပွားများနိုင်ကြပါကုန်လော့။ သော၊ ဤကဲ့သို့ ဆုံးမဩဝါဒပေးခြင်းသည်။ ဗုဒ္ဓါနုသာသနီ၊ သံစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ်တို့၏ ချမ်းသာဘို့အရေး မဆုံးအမ ဩဝါဒပေးခြင်းပါပေတည်း။

သာဓု သာဓု သာဓု

ဩဝါဒ ၃–ပါး အကျဉ်းချုပ် အဲဒီ ဩဝါဒ သုံးဂါထာအနက် ပဌမဩဝါဒက မပျင်းပါနဲ့တဲ့ မြတ်စွာဘုရားက၊ ဘာတဲ့လဲ၊ (မပျင်းပါနဲ့တဲ့ဘုရား)၊ နောက်တခုက ဝီရိယစိုက်ပါတဲ့၊ ဘယ်နှစ်ချက်လဲ၊ (နှစ်ချက်ပါဘုရား)၊ မပျင်းကြပါနဲ့၊ ဝီရိယစိုက်ကြပါ ဟုတ်လား၊ ပျင်းယင် ဘေးတွေ့မယ်၊ ဝီရိယစိုက်ယင် ဘေးကင်းမယ်၊ ပြီးတော့ တရားအားထုတ်ရေးတဲ့– မြတ်စွာဘုရား အာရဒ္ဓဝီရိယကို ဟောထားတယ်၊ ဘာလုပ်ကြရမလဲ—ဘုန်းကြီးတို့ ပရိသတ်၊ တရားအားထုတ်ကြမလား၊ (အားထုတ်ကြပါမယ်ဘုရား)။

အားထုတ်ရမယ် မနက်ဖန်ခါတနင်္ဂနွေနေ့ဆိုယင် တရားအားထုတ်တဲ့ကျောင်းတွေမှာ တယ်ပြီးတော့လူမမြင်ဘူး၊မြတ်စွာဘုရားက ဝါတွင်းမှာ တရားအားထုတ်ပါလို့ ပြောသလား၊ (မပြောပါဘုရား) တရား အားထုတ်ကြပါတဲ့-နော်၊ (မှန်ပါဘုရား)။

အကျဉ်းချုပ်က မြတ်စွာဘုရား ဘာပြောသလဲလို့ဆိုတော့ အငြင်းမပွားကြပါနဲ့ တယောက်နဲ့တယောက် သင့်သင့်မြတ်မြတ် နေကြပါ မငြင်းခုံကြပါနဲ့၊ ငြင်းချင်တောင်မှ ဘုရား မျက်နှာတော် ထောက်ကြပါ၊ နောက်တချက်က ကုသိုလ်ကောင်းမှုမမေ့ကြပါနဲ့၊ ကုသိုလ်ကောင်းမှုကိုမေ့ယင် သင်တို့ဘေးတွေ့လိမ့်မယ်၊ အဲဒါကြောင့် မဂ္ဂင်ရှစ်ပါး အကျင့်တရား ကြိုးစားပြီးတော့ ပွားများ အားထုတ်ကြပါ၊ ဤသို့ငါဘုရား အဆုံးမဩဝါဒ ပေးပါတယ်-တဲ့။

တရားပွဲရုပ်သိမ်းကြောင်း နိဂုံးဂါထာရစနာ

ကိုင်း–တရားပွဲရုပ်သိမ်း ဂါထာရွတ်ကြစို့–

ဣတိ ဓမ္မံ ဒေသေန္တေန၊ ယံ တံ အဓိဂတံ မယာ။
ပုညံ တဿာနုဘာဝေန၊ လောကနာထဿ သာသနံ။
ဩဂါဟေတွာ ဝိသုဒ္ဓါယ၊ သီလာဒိပဋိပတ္တိယာ။
သဗ္ဗေပိ ဒေဟိနော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။

ဣတိ–ဣမိနာ အနုက္ကမေန၊ ဤသို့ဟောကြားအပ်ပြီးသော တရားတော်အစဉ် ဒေသနာအစဉ်ဖြင့်။ ဓမ္မံ–မေဃိယသုတ္တန်လာ အဖြာဖြာသော တရားဒေသနာတော်ကို။ ဒေသေန္တေန၊ တရားတော်ကို လိုလားတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးတို့အတွက် ဟောကြား၍ပေးရသော။ မယာ၊ ငါသည်။ ယံတံပုညံ၊ အကြင် ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာကြီးကျယ်များမြတ်လှတဲ့ဓမ္မဒါနမဟာကုသိုလ်ထူးကြီးကို။ အဓိဂတံ၊ ကောင်းစွာမသေ့ လှလှပပ ကျကျနနကြီး ရခဲ့ပါပေပြီ။

တဿပုညဿ၊ ထိုသို့ဆည်းပူးမေဃိယသုတ္တန်ကို ဟောကြားပေးရတယ်ဆိုတဲ့ ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ဓမ္မဒါန ကုသိုလ်ထူး၏။ အာနုဘာဝေန၊ စွမ်းပကား ရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒေဟိနော၊ ခန္ဓာငါးပါး ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည်။ လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးစားမှီခိုရာဖြစ်သော မြတ်စွာဘုရား၏။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ဘိ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ ဝိသုဒ္ဓါယ၊ သန့်စင်ထူးလေ စင်ကြယ်ပေသော။ သီလာဒိ ပဋိပတ္တိယာ၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကျင့်တရားတည်းဟူသော မဂ္ဂင်ရှစ်တန် အကျင့်မှန်ဖြင့်။ ဩဂါဟေတွာ၊ သံသယမထင် သက်ဝင်ယုံကြည်ကြကုန်သည် ဖြစ်၍။ ဝိမုတ္တိရသဘာဂိနော၊ အသီးသီး ဝိမုတ္တိရသလို့ခေါ်တဲ့ လွတ်လဘ်ရေးအရသာကို ခံစားစံစား နိုင်ကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမသေ့ ဖြစ်ကြပါစေကုန် သတည်း။

သာဓု သာဓု သာဓု

ဆုတောင်းပတ္ထနာ ၂–ဂါထာ ပါဠ်အနက်

စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ သာသနံ။
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
သမ္မာ ဝဿတု ကာလေန၊ ဒေဝေါပိ ဇဂတီ ပတိ။
သဒ္ဓမ္မနိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။

ခုဘုန်းကြီး ရွတ်လိုက်တာကတော့ အဌကထာဆရာ အရှင်ဓမ္မပါလရေးတဲ့ ဆုတောင်းပတ္ထနာ နှစ်ဂါထာဘဲ။

သမ္မာသမ္ဗုဒ္ဓသာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည်။ လောကသ္မိံ၊ လူ့ပြည်,နတ်ရပ် လောကဓာတ်တခွင်လုံး၌။ စိရံ၊ နှစ်ပေါင်းမြားမြောင် အခေါင်ရှည်စွာ ကြာမြင့်သောအခါကာလပတ်လုံး။ တိဋ္ဌတု၊ ဘယ်သူကဘယ်နည်းနဲ့ ဖျက်ဖျက် မပျက်မစီးဘဲ တည်ရှိပါစေသတည်း။ (ဒီကုသိုလ်ကောင်းမှုကြောင့် — မှန်ပါဘုရား) သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ ထွက်သက်ဝင်သက် မပျက်မသေ့ ရှိကြပေကုန်သော သတ္တဝါအပေါင်းတို့သည်။ တသ္မိံ၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး၌။ နိစ္စံ၊ အမြဲ။ သဂါရဝါ၊ အသက်တမျှ စိတ်ကမသေ့ သာသနာတော်ကို ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမသေ့ ဖြစ်ကြပါစေကုန်သတည်း။

ဒေဝေါပိ၊ ရွာသွန်း၍ပေးတတ်သော မိုဃ်းသည်လည်း။ ကာလေန၊ ရွာသင့်ရွာပြန် ရွာဘို့ရန်အချိန်တန်သော အခါကာလ၌။ (မရွာသင့်တဲ့ အချိန်လဲ မရွာစေနဲ့—မှန်ပါဘုရား) သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ပဝဿတု၊ ကောက်ပဲသီးနှံ အထွက်သန်အောင် မှန်မှန်ကြီး ရွာသွန်းပါစေသတည်း။ ဇဂတိပတိ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းသည်လည်း။ သဒ္ဓမ္မနိရတော၊ သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဓမ္မေနေဝ၊ မင်းကျင့်တရားဆယ်ပါး, သင်္ဂဟတရားလေးပါးနှင့် ညီညွတ်စွာသာလျှင်။ လောကံ၊တိုင်းသားပြည်သူ ဗိုလ်လူများစွာသတ္တဝါကို။ ပသာသတု၊ ကျေးသားရင်သား မခွဲခြားဘဲ သူလဲချမ်းသာ ကိုယ်လဲချမ်းသာအောင် ကောင်းစွာမသေ့ စောင့်ရှောက်နိုင်ပါစေသတည်း။

သာဓု သာဓု သာဓု

မေယျိယသုတ္တန် တရားဒေသနာ နိဋ္ဌိတာ။

အက္ခရာစဉ်အညွှန်း

အကုသလ ဝိတက်တို့၏ အပြစ်ခြောက်ပါး ၂၉
အကုသလ ဝိတက်ဖြင့် မကြံစည်သင့် ၅၈
အကြောင်း၌ပွတ် အကျဉ်း ပြန်လည်ဟောပြချက် ၇၂
အချိန်မရွေးသီလဆောက်တည်နိုင်ခြင်း ၃၁၅
အစမထင်သောကံနှင့် ဝိပါက် ၄၅၆
အတွင်းပထဝီဓာတ် ၄၂၀
အနာမကြီးခင်အားထုတ် ၃၈၅
အနာရောဂါမကြီးခင်အားထုတ် ၃၈၅
အနိစ္စသညာထင်ပုံ ၄၈၈
အနိစ္စမြင်လျှင် အနတ္တထင် ၆၁၉
အပရိပက္က, ပက္က, ဖလသုံးပါးတို့ဖြင့် ဆင်ခြင်ပုံ ၃၅၃
အပါယ်မှ လွတ်မြောက်တတ်သော သီလ ၁၄၂
အပျက်ကိုသာမြင်နေရပုံ ၄၆၆
အပြစ်ကင်းသော ပစ္စည်းလေးမျိုး ၂၄၃
အဖော်မမှီးတကိုယ်တည်း အားထုတ် ၃၈၀
အဘိရူပနန္ဒာ တရားရပုံ ၄၈၁
အမည်သုံးမျိုးရ ဝိဇယသုတ္တန် ၄၇၆
အမျိုးသမီး၏ ကရုဏာ ၂၉၅
အမျိုးသမီး၏ သိချင်းသံ ၂၉၃
အရိယာ ဥပုသ်ခြောက်မျိုးနှင့် ကျင့်သုံးခြင်း ၃၁၄
အရေးအကြီးဆုံး ကလျာဏမိတ္တ ၄၆၉
အရှင်မေဃိယအံ့သြခြင်း ၃၆
အရှင်မေဃိယတရားမရ၍ ဘုရားထံပြန်ခြင်း ၃၈
အရှင်မေဃိယ နှစ်ကြိမ်မြောက် လျှောက်ထားပြန်ခြင်း ၁၈
အရှင်မေဃိယဘုရားအား လျှောက်ထားခြင်း ၈
အရှင်မေဃိယမထေရ်ကို တရားဟောတော်မူခြင်း ၃
အရှည်အတိုဥ္စသိ ၅၈၄
အလှမာန်ကိုနှိမ်နင်း ၄၈၆
အလုပ်အကျွေးရဟန်းများ ၅
အလုပ်ကိစ္စပြီးလျှင်ပြီးချင်း အားထုတ်ပါ ၃၈၂

အလုပ်တခုမပေါ်မီ ကြိုးစားအားထုတ် ၃၀၁
အဝတ်သင်္ကန်း၌ ပဋိကူလသညာအားဖြင့် ဆင်ခြင်ပုံ ၃၄၄
အသိတာဘူ ဇာတ်ဝတ္ထု ၂၀၆
အသုဘ ၂-မျိုး ၄၇၅
အသုဘ ဘာဝနာခဏ်း ၄၇၃
အသံသဂ္ဂကထာ၊ သန္တဝ ၃-ပါး ၂၅၉
အင်္ဂလိပ်ဥစ္စာစွန့်, အသက်လိုအင်္ဂါစွန့်, သီလလိုအကုန်စွန့် ၁၀၇
အတ္တနှင့် အနတ္တဝါဒ ၆၂၃
အတ္တဝါဒ၏ သဘောတရား ၆၂၁
အထွဋ်ပွတ်အကျဉ်းပြန်လည်ဟောပြချက် ၃၄
အတြိစ္ဆပုဂ္ဂိုလ်၏ သဘော ၁၉၅
အတြိစ္ဆပုဂ္ဂိုလ်များရဲ့ အပြစ် ၂၀၆
အပ္ပမာဒတရား လက်ကိုင်ထား၍ ကြိုးစားအားထုတ်ရန်သတိ ၃၀၄
အပ္ပိစ္ဆအကျိုး ၃-ပါး ၂၂၂
အပ္ပိစ္ဆကထာနှင့် အလိုရှိခြင်း ၄-မျိုး ၁၉၂
အပ္ပိစ္ဆဂုဏ်အကျိုးတရား ၂-ပါး ၁၉၄
အပ္ပိစ္ဆစသည့် အကျင့်တရားများ ၁၆၃
အပ္ပိစ္ဆပုဂ္ဂိုလ်လေးမျိုး ၂၁၉
အဃျမိတ္တ မထေရ်ဝတ္ထု ၄၀၁
အဃာဒ, အာဒီနဝနှင့် အနုလောမိကဉာဏ် ၄၃၆
(အာ) အာကာသဓာတ် ၄၃၁
အာစာရဂေါစရ အကျင့်တရားများ ၁၆၀
အာစာရဂေါစာရနှင့် ပြည့်စုံရန် အကျယ်ဟောခြင်း ၁၅၅
အာဇီဝပါရိသုဒ္ဓိ သီလ ၃၃၆
အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေပုံ ၃၃၇
အာဇီဝပါရိသုဒ္ဓိသီလနှင့် အရှင်သာရိပုတ္တရာ၏ထုံး ၃၃၀
အာဒီနဝဉာဏ် ၄၆၇
အာနာပါန အကျိုးတရားများ ၅၉၅
အာနာပါနအားထုတ်ပုံ ၅၀၂
အာနာပါနဿတိဘာဝနာခဏ်း ၅၀၀
အာပေါဓာတ်တရားများ ၄၂၃
အာဘိသမာစာရိကသီလ, အာဒိဗြဟ္မစရိယကသီလ ၃၀၀

အာရက္ခဂေါစရနှင့်ဥပနိဗန္ဓဂေါစရ ၁၆၆
အာရဒ္ဓ ဝီရိယအကြောင်း ၃၇၃
အာရဒ္ဓဝီရိယအင်္ဂါလေးပါး ၃၇၇
အာရဒ္ဓ ဝီရိယပုဂ္ဂိုလ် ၃၇၄
အာရမ္ဘဝတ္ထု ၈-မျိုး ၃၈၁
အားထုတ်သူသည် ဒွါရ ၆-ပါးလုံးလုံခြုံ၏ ၃၉၂
(ဣ) ဣမိဥပမာ ကိုယ်ခန္ဓာ ၆၂၆
ဣန္ဒြိယ သံဝရသီလ ၃၁၉
ဣန္ဒြိယ သံဝရသီလကို သတိတရားနှင့် ပြည့်စုံစေပုံ ၃၂၇
(ဥ) ဥပနိဿယဂေါစရ ၁၆၄
ဥပဇ္ဈာယ်ဆရာက သတိပေးခြင်း ၂၈၉
ဥပုသ် ၃-မျိုး ၃၁၃
(ဩ) ဩဝါဒ ၃-ပါးအကျဉ်းချုပ် ၆၃၄
(က) ကထာဆယ်မျိုး ၁၉၀
ကထာဆယ်မျိုးကို သိက္ခာသုံးပါး၌ သွင်းယူပုံ ၃၇၁
ကလျာဏမိတ္တအင်္ဂါ ၇-ပါး ၁၁၂
ကလျာဏမိတ္တ၏ အကျိုးတရား ၁၆၅
အလျာဏမိတ္တကြောင့် အကျိုးများပုံ ၁၁၁
ကလျာဏမိတ္တထက်ကောင်းတဲ့ အင်္ဂါမရှိ ၁၁၇
ကာမဂုဏ် ကြံစည်ခြင်း၏အပြစ်ခြောက်ပါး ၃၀
ကာမဂုဏ်ခံစားရင်း နတ်ပြည်ရောက်လိုလျှင် ၁၇၈
ကာမဝိတက်ဖြစ်ခြင်းအကြောင်း ၄၀
ကာလပရိယန္တသီလစသည် ၃၀၉
ကာယာနုပဿနာ ၅၈၆
ကိလေသာပျက်စီးအောင် အားထုတ်ရခြင်း ၃၀၅
ကုသိုလ်တရားတို့၏ အစ ၁၇၃
ကုသလဝိတက် ၃-ပါးသည် ပျက်စီးကြောင်းမဟုတ် ၅၁
ကုသလဝိတက်ပေါ်လျှင် စိတ်ဟည်ငြိမ်အောင်ထား ၅၄
ကံကိုသတ္တဝါကလုပ်တာမဟုတ် ၄၅၅
ကံနှင့်ဝိပါက်လည်၍ဖြစ်ပုံ ၄၅၃
ကြားရုံနှင့်တပ်မက်သောရဟန်း ၄၉၅
ကင်္ခါဝိတရဏဉာဏ် ၄၅၁

ကြည့်ညိုသော ပုဂ္ဂိုလ် ၄-မျိုး ၄၈၃
ကောက်ရိတ်သမား ဥပမာ ၅၂၁
ကျောင်း, အိပ်ရာ, နေရာ, ထိုင်ရာ၌ဆင်ခြင်ပုံ ၃၅၈
ကျောင်း၌ ပဋိကူလသညာဆင်ခြင်ပုံနှင့် ဆောင်ပုဒ် ၃၅၉
ကိုယ့်အကျိုးလိုလျှင် သီလကိုကျင့် ၁၇၈
ကိုယ်ကြမ်းတမ်းခြင်းစသော မိစ္ဆာအကျင့်တရားများ ၁၅၈
ကိုယ်ချင်းစာတရားကိုကျင့် ၁၇၉
ကိုယ်တွင်းရှိ ရွံစရာအသုဘများ ၅၁၂
ကျိုးသူနှင့် ကန်းသူဥပမာ ၄၅၀

(ခ) ခရီးမသွားခင်အားထုတ် ၃၈၃
ခရီးသွားပြီးလျှင် ချက်ချင်းအားထုတ် ၃၈၄
ခန္တီထက်မြတ်သော တရားမရှိ ၅၃၈
ခန္တီနှင့်မေတ္တာ ၅၂၆
ခန္ဓာကိုယ်၌ ဖြစ်ပျက်တရား ၂-ပါး ၄၁၃
ခန္ဓာငါးပါးသည် စိတ္တက္ခဏဘချက် ၆၁၂
ချစ်ခင်သူတွေ စွန့်သွား-ကျိုး, လင်းတစား ၅၁၇

(င) ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ ၅၇၇
ငြိမ်းစေလျက်ကျင့် ၅၈၅

(စ) စတုတ္ထ စတုက္က ၅၉၅
စရိမက ၃-မျိုး ၆၀၀
စ-လယ်-ဆုံးကျင့် ၅၈၅
စာရိတ္တ, ဝါရိတ္တသီလသည် ကုသိုလ်တရားတို့၏အစ ၁၈၁
စာရိတ္တသီလ, ဝါရိတ္တသီလ ၃၀၈
စူဠ သုဝဏ္ဏဇာတ်ဝတ္ထု ၂၂၈
စေတသိက ဝီရိယအားထုတ်နည်း ၃၈၇
စေတောဝိမုတ္တိ အကြောင်း ၇၃
စေတောဝိမုတ္တိ ၅-မျိုး ဘုရားဟောတော်မူခြင်း ၉၂
စေတောဝိမုတ္တိ တရား ၅-မျိုး ၉၆
စေတောဝိမုတ္တိ ၄-မျိုး တူပုံနှင့်ထူးပုံ ၈၀
စိတ်နှင့်သော်မှမပြစ်မှားရ ၅၄၀
စောင့်စည်းခြင်း ၅-မျိုးနှင့် ပါတိမောက္ခသံဝရ ၁၃၃

(ဆ) ဆေးပစ္စည်း၌ ဆင်ခြင်ပုံနှင့် ဆောင်ပုဒ် ၃၆၀
ဆက်လက်ပွားရန် တရားလေးမျိုး ၄၇၄
ဆွမ်းအာဟာရ၌ဆင်ခြင်ပုံ ၃၄၆
ဆွမ်းခံမရလျှင်လည်းအားထုတ် ၃ဂ၄
ဆွမ်းခံရလျှင်လည်းအားထုတ် ၃ဂ၅
ဆွမ်းခံသွားရခြင်းအားဖြင့် ဆင်ခြင်ပုံ ၃၅၂
ဆိတ်ငြိမ်ရာ၌ နေဟန်ဆောင်ခြင်း ၂၁၂
(ဇ) ဇနပဒ ကလျာဏီချွတ်ခဏ်း ၄ဂ၃
ဇာဂရိယာနုယောဂနှင့် အိပ်ခြင်းလေးမျိုး ၁၆၁
(ဈ) ဈာန်သမာပတ်ပျက်စီးသွားသော သာမဏေဝတ္ထု ၂ဂ၇
(ည) ညှဉ်းဆဲရန် ကြံခြင်း၏အပြစ်ခြောက်ပါး ၃၂
(တ) တတိယ စတုက္က ၅၉၃
တတိယမြောက် ဝိမုတ္တိပရိပါစနီယတရားများ ၁၉၀
တနည်း–အာနာပါန အကျိုး ၇–ပါး ၅၉ဂ
တနည်း–စေတော ဝိမုတ္တိအကျိုး ဂ၄
တနည်း–ဝီရိယ ၃–မျိုး ၂ဂ၁
တရားအားထုတ်ကြပါ ၄ဝ၇
တရားအားထုတ်ရင်း အကုသလ ဝိတက်ဝင်ခြင်း ၂၃
တရားအားထုတ်ရင်း ဝိတက်ဝင်လာတတ်ပုံ ၂၇
တရားငါးမျိုးပွားများလျှင် စေတောဝိမုတ္တိအကျိုးရခြင်း ဂ၃
တရဏဝိပဿနာဉာဏ်ခဏ်း ၄၄ဝ
တေဇောဓာတ်တရားများ ၄၂၆
တဏှာဆန္ဒကင်းလျှင် အပူမီးငြိမ်းမည် ၄၉ဝ
တဏှာမာန ဒိဋ္ဌိမှ လွတ်သောသီလ ၁၄၄
တန်ခိုးအဘိညာဉ် ၂၉ဝ
တမ္ဗဒါဌိကသူသတ်ယောကျ်ား ဝတ္ထုသာဓက ၁၁ဂ
တွင်းပြင်ကာယ မဂ်လေးဝဖြင့်ပယ်ရန် ၅၁၉
(ထ) ထပ်ကာထပ်ကာလိုချင်ခြင်း ၁၉၇
ထပ်ဆင့်၍ သတိပေးတားမြစ်ခြင်း ၂၉၂
(ဒ) ဒုတိယအာဃာတ ပဋိဝိနယသုတ် ၅၄၉
ဒုတိယစတုက္က ၅၉၁

ဒေသနာနိဂုံး ၂-ရပ် ထူးခြားချက် ၆၃၁
ဒေါသ၏အပြစ်တရားများ ၅၃၀

(ဓ) ဓာတုသညာအားဖြင့်ဆင်ခြင်ပုံ ၃၄၅
ဓာတုသညာအနေ ဆင်ခြင်ပုံနှင့်ဆောင်ပုဒ် ၃၆၀
ဓာတ် ၄-ပါးကိုစိတ်မဆိုးသင့် ၅၅၉

(န) နာမည်ကြီးအလှမင်းသမီး သုံးယောက် ၄၇၇
နိဂမဝါသီ တိဿမထေရ်ဝတ္ထု ၂၂၅
နတ်များမနေနိုင် ၅၆၂
နာမ်နှင့်ရုပ် ၄၄၉
နိဗ္ဗိဒအသုဘခန်း ၅၁၇
နိဿိတသီလစသည် ၃၀၈

(ပ) ပကတိသီလ, အာစာရသီလ, ဓမ္မတာသီလ ၃၁၆
ပဋာစာရီသာဓက ဝတ္ထု ၁၂၅
ပဋာစာရီ သောတာပန်ဖြစ်ခြင်း ၁၂၇
ပဓာနိယင်္ဂတရားငါးပါး ၅၆၉
ပရိဘောဂ, အာသယ, နိဓာန သုံးပါးတို့၌ဆင်ခြင်ပုံ ၃၅၃
ပဝိဝေက ကထာ၊ ဝိဝေက ၃-ပါး ၂၅၈
ပဟာနသညာ, ဝိရာဂသညာ ၈၅
ပါတိမောက္ခမည်ပုံနှင့်သံဝရမည်ပုံ ၁၄၀
ပါတိမောက္ခ သံဝရသီလ ၃၁၈
ပါပိစ္ဆပုဂ္ဂိုလ်၏သဘော ၂၀၉
ပေကျခြင်း-သမ္မက္ခဏာအားဖြင့် ဆင်ခြင်ပုံ ၃၅၄
ပစ္စယသန္နိဿိတ သီလကိုသုတ်သင်နည်း ၃၄၃
ပစ္စဝေက္ခဏာဉာဏ်ငါးပါး ၃၇၀
ပစ္စည်းလေးပါးကို ဘုရားခွင့်ပြုပုံ ၄၀၁
ပညိန္ဒြေစင်ကြယ်ခြင်း အကြောင်း ၃-ပါး ၉၁
ပုဗ္ဗဟေတုကသီလ ၃၁၈
ပြန်လှန်၍စိတ်ဆိုးလျှင် ယုတ်မာသည် ၅၃၅

(ဖ) ဖြစ်ဆဲခဏ၌သာမျှတရောင့်ရဲ ၂၄၃
ဖြစ်ပြီးယင်ပျက် ၆၁၇

(ဗ) ဗုဒ္ဓ၏မေတ္တာ မန္တန်တော် ၅၆၆
ဗလဝ ဝိပဿနာဉာဏ်ခဏ်းနှင့် ဗလဝ ဝိပဿနာဉာဏ်လေးမျိုး ၄၆၃
ဗျာပါဒဝိတက်ဖြစ်ခြင်းအကြောင်း ၄၂
ဗျာပါဒ ဝိတက်ဖြစ်ပုံ ၂၅
(ဘ) ဘုဇိဿနှင့်အပရာမင်္ဂသီလ ၁၈၆
ဘုရားအမိန့်တော် ၄၈၀
ဘုရားအလောင်းဝိတက်ပယ်ဖျောက်ပုံ ၄၆
ဘုရားက တားမြစ်တော်မူရသည့်အကြောင်း ၁၅
ဘုရားရှိခိုးခြင်း ၁
ဘုရားရှိခိုးနည်း ၃၉၅
ဘုရားရှင် တရားပြတော်မူခြင်း ၅၀၂
ဘူတနှင့်သမ္ဘဝေသီ သတ္တဝါအထူး ၅၇၃
ဘေးကြီးလေးပါး ၃၅၀
ဘေးမရှိသော ကုသလဝိတက် ၅၃
(မ) မကျက်စားအပ်သည့် အရပ် ၆-ပါး ၁၅၉
မငြင်းခုံကြရန် ၆၃၃
မထေရ်၏ ဆင်ခြင်ပုံ ၄၀၃
မပျင်းမရိကြရန် ၆၃၃
မမေ့မလျော့ကြရန် ၆၃၄
မနသိကာရ ဝိဝိရှစ်မျိုး ၅၈၇
မရဏသဘောဘုရားသော်မှ မလွန်ဆန်နိုင် ၄
မဟာသီလဝ ဝတ္ထုအကျဉ်း ၅၅၅
မာနကိုပယ်ရန် ၆၀၄
မိထွေးတော် ဂေါတမီ၏ ဘုရားရှိခိုး ၃၉၄
မိမိကိုယ်ကို မချီးမြှောက်, သူတပါးကိုမရှုတ်ချ ၂၃၉
မီးသွေးဖုတ်သောတကာကြီးတဦးဝတ္ထု ၃၀၂
မှိဲအပ်သောတရား, မမှိဲအပ်သောတရား ၁၄၅
မှိဲသင့်သော ကမ္မဋ္ဌာန်းဆရာ၏ အင်္ဂါ ၇-ပါး ၁၁၄
မေဃိယသုတ္တန်ဖြစ်ပေါ်ပုံ ၄
မဂ္ဂါမဂ္ဂဝ ဝတ္ထာနညာဏ်, ဥဒယဗ္ဗယညာဏ် ၄၆၁
မင်ညာဏ်ကိုမိတ်ဆွေကောင်းကြောင့် တဝက်ရသည်၊
ဟုတ်ပါသလော ၁၀၈

မင်္ဂလာဟ်ကို မိတ်ဆွေကောင်းကြောင့်သာ အပြည့်အစုံရရှိပုံ ၁၁၀
မျက်မှောက်၌ ဘုရားရှိသည်၊တရားအားထုတ်ပါ ၃၉၁
မြတ်စွာဘုရား၏ အသံတော် ၈-မျိုး ၄၇၅
မြတ်စွာဘုရား၏ ဩဝါဒတော်များ ၆၃၃
မြတ်ဘုရားနှင့် အာဠဝက ၅၂၈
မေတ္တာအကျိုး ၁၁-မျိုး ၅၅၇
မေတ္တာသုတ် အတ္တုပ္ပတ္တိ ဝတ္ထု ၅၆၁
မိတ်ကောင်းတွေ့လျှင် တရားအားလုံးရမည် ၄၈၁
မိတ်ဆွေအစစ် ၄-မျိုး ၁၀၄
မိတ်ဆွေအတု ၄-မျိုး ၉၉
မိတ္တဝိန္ဒက ဇာတ်ဝတ္ထု ၁၉၇
မိန်းမအနှံ့မခံနိုင်သူ အနိတ္ထိဂန္ဓမင်းသားဝတ္ထု ၂၆၂
မုစ္စိတကမျတာဉာဏ်, သခါရုပေက္ခာဉာဏ် ၄၆၇
(ယ) ယန္တရားရုပ် ၄၄၇
ယိုထွက်တဲ့ နိဿန္ဒအားဖြင့် ဆင်ခြင်ပုံ ၃၅၃
(ရ) ရပြီးသားကုသိုလ်မပျောက်ပျက်အောင်သတိထားရန် ၂၇၆
ရဟန်းငယ်တပါးဝတ္ထု ၂၈၀
ရဟန္တာအဖြစ်သို့ရောက်ခြင်း ၄၀၅
ရဟန္တာပုဂ္ဂိုလ်၏ အခြင်းအရာ ၂-မျိုး ၂၂၄
ရဟန်းနှင့် ယောဂီများ သတိပြုဘွယ် ၃၉၉
ရောဂါပျောက်ပြီးအားထုတ် ၃၇၆
ရှာမတွေ့သည့်အတ္တ ၆၂၈
ရှာမှီးရခြင်းအားဖြင့် ဆင်ခြင်ပုံ ၃၅၂
ရှေးဦးစွာ မေတ္တာမပို့သင့်သူများ ၅၈၂
ရန်ငြိုးဖွဲ့ခြင်း ၉-မျိုး ၅၄၂
ရန်ငြိုးမပျောက်ခြင်း၏ အပြစ်များ ၅၅၂
ရန်ငြိုးဖျောက်နည်းများ ၅၄၄
ရုပ်တရားတို့၌ အနိစ္စဟုရှုပုံ ၄၅၉
ရုပ်တရား, နာမ်တရားတို့၌ ဝိပဿနာရှုပုံ ၄၃၃
ရုပ်တရားတို့၌ အနိစ္စရှုပုံ ၆၀၆
(လ) လူမဟုတ်,ပထဝီဓာတ်သာ ၄၂၁
လောကီပညာ ဒုက္ခမကင်း ၄၁၃

လောဘကြောင့် ကာမဝိတက်ဖြစ်ခြင်း ၂၄
လူ့ရှုမကုန်သောပန်းရေစစ်တလုံး ၂၈၉
လုံးဝမေတ္တာမပွားအပ်သူ ၅၇၂
(ဝ) ဝဇီရာ ဘိက္ခုနီမ ၄၄၁
ဝါယောဓာတ်တရားများနှင့် ဝါယောဓာတ် ၆-မျိုး ၄၂၉
ဝိတက် ၉-မျိုး ၆၈
ဝိဇယသုတ်၏ ဒုတိယ အတ္တုပ္ပတ် ၄၉၁
ဝိတက်ပယ်ရန် ၅၈၀
ဝိတက်ဖြစ်ခြင်းအကြောင်းတရားများ ၃၉
ဝိတက်သည်ပျက်စီးခြင်းအကြောင်းတရား ၄၇
ဝိပဿနာဉာဏ် ၂-မျိုး ၄၃၉
ဝိပဿနာဉာဏ်ကို ချီးမြှောက်ပေးရန်တရားငါးမျိုး ၁၃၁
ဝိပဿနာပညာ ၄၀၉
ဝိပဿနာပညာဉာဏ်ခဏ်း ၄၀၈
ဝိပဿနာဖြစ်နိုင်တဲ့အချိန်ကာလ ၄၁၁
ဝိပဿနာမနသိကာရဝိဓိ ၄-ပါး ၅၉၀
ဝိမုတ္တိကထာ ၃၇၀
ဝိမုတ္တိ ၅-မျိုး ၇၅
ဝိမုတ္တိပရိပါစနီယတရား ၁၃၂
ဝိမုတ္တိပရိပါစနီယတရား အကျယ် ၉၆
ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးပါး ၈၆
ဝိဟိံသာဝိတက်ဖြစ်ခြင်းအကြောင်း ၄၃
ဝီရိယကိုရပ်မထားနှင့် ၃၇၆
ဝီရိယ ၂-မျိုး ၃၇၇
ဝီရိယဖြစ်ခြင်းအကြောင်း ၁၁-မျိုး ၃၉၇
ဝီရိယသုံးမျိုးနှင့် ဝီရိယအကျိုး ၃၈၉
ဝီရိယမြဲ့စင်ကြယ်ခြင်းအကြောင်း ၃-ပါး ၈၉
ဝီရိယ ၄-မျိုး ၂၈၃
ဝီရိယာရမ္ဘကထာ၊ ဝီရိယအကျိုး ၂-ပါး ၂၇၇
ဝါးပေးခြင်းစသော မိစ္ဆာအကျင့်တရားများ ၁၅၇
ဝင်လေ့ထွက်လေ၌သတိ ၅၈၃
ဝဋ်ဆင်းရဲမှလွတ်မြောက်ရန် ရဟန်းဝတ်ခြင်း ၅၆

သတိန္ဒြေစင်ကြယ်ခြင်းအကြောင်း ၃-ပါး ၉၀
သတိပေးမှုဂရုမထား မကြိုးစား ၂၉၁
သတိသံဝေဂဖြင့် ပစ္စေကဗောဓိဉာဏ်ရခြင်း ၂၆၉
သမထနှင့် ဝိပဿနာ ၄၁၈
သမာဓိန္ဒြေစင်ကြယ်ခြင်းအကြောင်း ၃-ပါး ၉၀
သမုတိပညတ် ၄၄၇
သမုဒ္ဒရာနှင့်မီးပုံ ဥပမာ ၂၁၈
သာသနာကိုပုတ်ခတ်ဖျက်ဆီးသူ ၂၁၅
သိတော်မူလျက်ဘုရားရှင် လွှတ်တော်မူခြင်းအကြောင်း ၇၀
သိပုံဥပမာများ ၅၈၈
သိရိမာဝတ္ထု ၄၉၂
သီလအကျိုး ၅-မျိုး ၁၇၅
သီလကထာ ၃၀၇
သီလကျင့်ရန်သိကြားမင်း လျှောက်ပုံ ၁၄၅
သီလစသည်မြေကြီးနှင့်တူပုံ ၁၇၄
သီလရှိလျှင် အပေါင်းအသင်းကချစ်ခင် ၁၆၉
သီလရှိလျှင် လာဘ်လာဘတွေဝင်, မင်္ဂဖိုလ်ဝင် ၁၇၀
သီလသည်ခွန်အား, လက်နက်, အဝတ်တန်ဆာနှင့်တူပုံ ၁၈၂
သီလဝမထေရ်ဝတ္ထု ၁၇၆
သူတပါးပျက်စီးရန်ကြံစည်ခြင်း၏ အပြစ်ခြောက်ပါး ၃၀
သွားနေစဉ်စသည်၌ ဝိတက်ဖြစ်တတ်ခြင်း ၆၄
သံတုံးသံခဲအသေးကလေး ရေချသည့်ပမာ ၁၆၈
သံသဂ္ဂ ၅-မျိုး ၂၆၀
သံဝေဂတကြိမ်မျှသာဖြစ်ဘူးသည့် အကျိုးတရား ၅
သင်္ခါရပရိစ္ဆေဒဉာဏ် ၄၄၃
သည်းခံသူသည် ဗြာဟ္မဏ ၅၃၇
သတ္တဝါ၏မျက်ရေနှင့်သမုဒ္ဒရာရေ နှိုင်းယှဉ်ခြင်း ၁၂၆
သတ္တဝါနှင့်သင်္ခါရတို့၌ သည်းခံ ၅၂၉
သဒ္ဓိန္ဒြေစင်ကြယ်ခြင်း အကြောင်း ၃-ပါး ၈၇
သန္တတိမဟာမတ်ဝတ္ထု ရောင့်ရဲခြင်းအကြောင်း ၂၃၂
သန္တောသ ၁၂-ပါး ၂၄၇
သမ္မသနဉာဏ်ခဏ်းနှင့်ပရိညာသုံးပါး ၄၅၇

ထူးကြီးဝိပဿနာကျမ်းစာများ

၁	သီလဝန္တ သုတ္တန်ပါဠိတော်ဟောစဉ်		စာအုပ်ငယ်
၂	ထူးကြီးဝိပဿနာပါဠိတော်ဟောစဉ်	(ပ)	စာအုပ်လတ်
၃	ထူးကြီးဝိပဿနာပါဠိတော်ဟောစဉ်	(ဒု)	စာအုပ်လတ်
၄	ပါရာယနဝဂ်ပါဠိတော်ဟောစဉ်	(ပ)	စာအုပ်ကြီး
၅	ပါရာယနဝဂ်ပါဠိတော်ဟောစဉ်	(ဒု)	စာအုပ်ကြီး
၆	ဝိပဿနာအလုပ်ပေးတရားတော်		စာအုပ်လတ်
၇	ဝိပဿနာအလုပ်ပေးတရားတော်မှ ကောက်နုတ်ချက်များ		စာအုပ်ငယ်
၈	ဂိရိမာနန္ဒသုတ္တန်ပါဠိတော်ဟောစဉ်		စာအုပ်ကြီး
၉	မေဃိယသုတ္တန်ပါဠိတော်ဟောစဉ်		စာအုပ်ကြီး

မဟာအဿပုရသုတ္တန်ပါဠိတော်ဟောစဉ် ဝိပဿနာရှုနည်းကျမ်း

(မကြာမီထွက်မည်)

ဟံသာဝတီ စာအုပ်တိုက်
၃၅၇၊ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့